http://www.dhammadownload.com



အရှင်ကုမာရ

၏

ဝိနယသင်္ဂဟပန်းကုံး

(ပထမတွဲ)

သာသနာ ၂၅၄၆ ကောဇာ ၁၃၆၄ ၂၀၀၂

http://www.dhammadownload.com

http://www.dhammadownload.com

မြောင်းမြမြို့
တိုက်သစ်ပဒေသာတာရုံစာသင်တိုက်

မော်ဘီမြို့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်များ၏
နာယက
အရှင်ကုမာရ
၏

ဝိနယသင်္ဂဟပန်းကုံး

(ပထမတွဲ)



သာသနာ-၂၅၄၆ ကောဇာ-၁၃၆၄ ၂၀၀၂

http://www.dhammadownload.com

ပထမအကြိမ်၊ ၂၀၀၂ ခုနှစ် အောက်တိုဘာလ၊ အုပ်ရေ ၁၀၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၇၅/ ၂၀၀၂(၁၀) နှင့် စာမူခွင့်ပြုချက်အမှတ်
၄၉၈/ ၂၀၀၂(၉)တို့အရ ဦးတင်ရိန်(၀၃၇၆၃)စန်းရောင်ရိန်စာပေ၊ ၄/၁၇၇၊
မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ ဦးရိန်ဘီး(၀၆၇၅၉)၊
၀၄်းလိုက်မီတ်အော့ဖ်ဆက်၊ ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ
က ပုံနှိပ်သည်။

တန်ဖိုး ၃၅၀၀ ကျပ်

1B

http://www.dhammadownload.com

နိဒါန်း

လောကသားတို့၏ အားထားကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် လောကသားအားလုံးတို့၏ စီးပွားချမ်းသာ အရာရာဖြစ်ထွန်းဖို့ အတွက် တရားဒေသနာတော်များကို ၄၅ ဝါပတ်လုံး မနားမနေ ဟောကြားတော် မူခဲ့ပေသည်၊ ယင်းတရားဒေသနာတော်များကို သဘောတူရာ စုစည်းလိုက်သည့်အခါ သုတ္တ, အဘိဓမ္မ, ဝိနယ ဟု ၃ မျိုးဖြစ်သွားပေသည်။ ထို ၃ မျိုးတို့တွင် "ဝိနယ"ဟူသည် ရဟန်းတော်များ လိုက်နာရမည့် ဥပဒေစည်းကမ်းပင် ဖြစ်၏၊ ယင်းဥပဒေစည်းကမ်းများကို "ဝိနည်းပါဠိတော်"ဟု သတ်မှတ်မှည့်ခေါ်ခဲ့ကြ၏၊ ဘုရားဟောဖော် ယင်းဝိနည်းပါဠိတော်ကို အရှင်ဗုဒ္ဓဃောသ မထေရ်က ရှေးအဋ္ဌကထာဟောင်းများကို အမှီပြုကာ ဖွင့်ပြတော်မူ၏၊ "ဝိနယအဋ္ဌကထာ"ဟု ခေါ်၏၊ ပုံနှိပ်စာအုပ်အနေဖြင့် ၄ အုပ်ရှိ၏၊ သဒ္ဒါရေးဝိဂြိုဟ်ဝစနတ်အဖွင့်, အဓိပ္ပာယ်အဖွင့်, အဆုံးအဖြတ်အဖွင့်တို့ဖြင့် တင့်တယ်ခန့်ညားလှပေသည်။

အရှင်ဗုဒ္ဓဃောသမထေရ်၏ ယင်းအဋ္ဌကထာကြီး ၄ အုပ်ကို တစ်အုပ်တည်းဖြင့် စုစည်းပြထားသည့် အဋ္ဌကထာကား "ဝိနယသင်္ဂဟအဋ္ဌကထာ" ဖြစ်၏၊ ပြုစုသည့် မထေရ်ကား လင်္ကာရဲအဂ္ဂမဟာသာဝကကြီးနှင့် နာမည်တူ အရှင်သာရိပုတ္တရာ မထေရ်ဖြစ်၏၊ အချိန်အားဖြင့် သီဟိုဠ်ကျွန်း (ပထမ) ပရက္ကမဗာဟုမင်း လက်ထက်၌ ဖြစ်၏၊ မြန်မာနိုင်ငံ ပုဂံ၌ နရပတိစည်သူမင်းနန်းစံချိန်ဖြစ်ပေသည်။ ပရက္ကမဗာဟုမင်းသည် သာသနာ ၁၇၀၃ (၁၇၀၈) ခု၊ မြန်မာသက္ကရာဇ် ၅၂၁-ခုနှစ်၌ နန်းတက်၏၊ သာသနာတော်ကို သန့်ရှင်းစင်ကြယ်စေ၏၊ ညီညွတ်အောင် ပြုလုပ်၏၊ အစွမ်းကုန်လည်း ချီးမြှောက်ထောက်ပံ့၏၊ ကြာမြင့်စွာသော ကာလက ကွဲလာခဲ့သော မဟာဝိဟာရ, အဘယဂိရိ, ဇေတဝန ဟူသော ဂိုဏ်းကြီး ၃ ဂိုဏ်းကို ညီညွတ်အောင် ဆောင်ရွက်၏၊ သုံးပိုင်းကွဲနေသော နိုင်ငံတော်ကိုလည်း တစ်စုတစ်စည်းတည်းဖြစ်အောင် ကြိုးစားအားထုတ်၏၊ ယင်းသို့ ညီညွတ်အောင်, တစ်စုတစ်စည်းတည်းဖြစ်အောင် ဆောင်ရွက်ကြောင်းကို ထိုမင်း၏ လက်ထက်၌ ရေးသားအပ်သည့် ကျမ်းစာများ၏ ဂန္ထာရမ္ဘကထာ၌လည်းကောင်း, နိဂုံး၌လည်းကောင်း---

http://www.dhammadownload.com

နိဿာယ သီဟဠိန္နေန၊ ယံ ပရက္ကမတာဟုနာ။
ကတ္တာ နိကာယ သာမဂ္ဂိ၊ သာသနံ သုဝိသောဓိတံ။[၁]

လင်္ကာသရော ယော ဝိဇိတာရိရာဇော၊
ရာဇာ ပရက္ကန္တဘုဇော ယသသီ။
တိဓာဂတံ သီဟဠမေကရဇ္ဇံ၊
အကာ နိကာယဉ္စ တထာ သမဂ္ဂံ။[၂]

ဤသို့ပါရှိသော စကားများအရ သိရပေသည်။

ထို့ပြင် ဤဝိနယသင်္ဂဟအဋ္ဌကထာကို ရေးသားသည့် အရှင်သာရိပုတ္တရာသည် ဇေတဝနဝါသီဖြစ်၏၊ အရှင်သာရိပုတ္တရာ၏ တပည့် အရှင်ဗုဒ္ဓနာဂသည် မဟာဝိဟာရဝါသီဖြစ်၏၊ မဟာဝိဟာရဝါသီဖြစ်ကြောင်းကို မိမိရေးသားအပ်သည့် ကခ်ီဋ္ဌကာသစ်နိဂုံး၌ ပြဆိုထား၏၊ သုဗောဓာလင်္ကာရ စသောကျမ်းပြု တပည့် အရှင်သံဃရက္ခိတသည်လည်း မဟာဝိဟာရဝါသီပင်ဖြစ်၏၊ ဆရာတပည့်တို့၏ အနေအထား ဤအချက်များကို ထောက်ဆ၍လည်း ဂိုဏ်းကြီး ၃ ဂိုဏ်း ညီညွတ်ကြောင်း သိရပေသည်။

ဤသို့ ဂိုဏ်းကြီး ၃ ဂိုဏ်း ညီညွတ်သည့်အတွက် သာသနာတော်ထွန်းလင်းတောက်ပခဲ့၏၊ ကျမ်းပြုပုဂ္ဂိုလ်နှင့် ကျမ်းစာများလည်း မြောက်မြားစွာပေါ်ထွက်ခဲ့၏၊ ဤဝိနယသင်္ဂဟအဋ္ဌကထာသည် ထိုခေတ် ထိုအချိန်ကပေါ်ထွက်ခဲ့သည့် ကျမ်းစာဖြစ်ပေသည်။ "ဝိနယသင်္ဂဟ"ဟူသော အမည်နှင့် လျော်ညီစွာ ဝိနည်းပါဠိတော်နှင့် အဋ္ဌကထာလာ အဓိပ္ပာယ်များကို အကျဉ်းချုံးထား၏၊ အကျဉ်းချုံးထားရုံသာမက နှီးနှယ်သက်ဆိုင်သည့် အနက်အဓိပ္ပာယ်များကို တစ်စုတစ်ဝေးတည်းဖြစ်အောင် ၃၄ ခန်းဖွဲ့ကာ သူ့အခန်းနှင့်သူ စုရုံး၍လည်း ပြထား၏၊ ဤသို့ စုရုံး၍ ပြထားသောကြောင့်လည်း "ဝိနယသင်္ဂဟ"မည်ရပေသည်။

ထို့ပြင် ဤဝိနယသင်္ဂဟအဋ္ဌကထာကို "ပါဠိမုတ္တကဝိနိစ္ဆယ"ဟုလည်း ကျမ်းပြုဆရာကိုယ်တိုင် ဝိသေသနပြုထား၏၊ သင်္ဂဆိုင်ရာ အခန်းတစ်ခန်းတည်းမှာပင် ပါဠိတော်လည်းပါမည်၊ အဋ္ဌကထာလည်းပါမည်၊ ပါဠိတော်သင်္ဂသင်္ဂ အဋ္ဌကထာသင်္ဂသင်္ဂမဟုတ်၊ ပါဠိတော်ကိုမဖွင့်၊ အဋ္ဌကထာကိုလည်း

၁။ သာရတ္ထ၊ ၁၊ ၁။ ၂။ ကခ်ီဋ္ဌသစ်၊ ၄၈၇။

http://www.dhammadownload.com

ထပ်ဆင့်မဖွင့်။ သက်ဆိုင်လာပါက ပါဠိတော်ကို ယူပြမည်၊ အဋ္ဌကထာကို ထုတ်ပြမည်။ ဤသို့ ပါဠိတော်နှင့် အဋ္ဌကထာလာ အနက် အဓိပ္ပာယ်များကို ရောနှောပြခြင်းသည်ပင် "ပါဠိမုတ္တကဝိနိစ္ဆယ" ဖြစ်ပေသည်။ မှန်၏၊ ရောပြွမ်းကာ ဟော်ကြားတော်မူအပ်သည့် ပကိဏ္ဏက ဒေသနာတော်များကို "ပါဠိမုတ္တ"ဟု ကျမ်းစာများ၌ သုံးလေ့ရှိ၏၊ ထိုပကိဏ္ဏက ဒေသနာတော်များကို သင်္ဂီယနာတင်လေ့မရှိပေ။ [ပကိဏ္ဏကဒေသနာ ဟိ သင်္ဂဟံ န အာရောဟတိ။ ဝုတ္တမေဝတ္ထံ ပကာသေန္တော အာဟ "ပါဠိဝိနိမုတ္တ"န္တိ။ (သာရတ္ထ၊ ဒု၊ ၃၁။)]

ဋီကာများ

ဝိနယသင်္ဂဟအဋ္ဌကထာ၏အဖွင့် ဋီကာဟောင်းကို ဤအဋ္ဌကထာ ကျမ်းပြု အရှင်သာရိပုတ္တရာ မထေရ်ပင် ပြုစီရင်ကြောင်း ပဋ္ဌကတ်တော်သမိုင်း၌ ပြဆိုထား၏၊ ဋီကာသစ်ကိုကား ညောင်ရမ်း ၁၀ ဆက် သာလွန်မင်းတရားလက်ထက် တိပိဋကာလင်္ကာရတံဆိပ်တော်ရ တောင်ဖီလာပုဂ္ဂိုလ်ကျော် အရှင်မုနိန္ဒယောသထေရ် ပြုစီရင်တော်မူ၏၊ "ဝိနယာလင်္ကာရဋီကာ"ဟု အမည်ပေးထား၏၊ ကျမ်းပြီးနှစ်ကို ယင်းကျမ်း၏ နိဂုံး၌-

ရူပဆိဒ္ဒနာသကဏ္ဏော၊ သမွတ္တေ ဇိနသာသနေ။
ဆိဒ္ဒသုညသုညရူပေ၊ ကလိယုဂမ္ဗိ အာဂတေ။

ဤသို့ မိန့်ဆိုထားသောကြောင့် သာသနာတော်သက္ကရာဇ် ၂၁၉၁-ခု၊ ကောဇာသက္ကရာဇ် ၁၀၀၉-ခု ဟု သိရပေသည်၊ ယခု ရောက်ဆဲ ၁၃၆၄-ခုနှစ်မှ ထောက်သော် ၃၅၅ နှစ် ရှိပေပြီ။

မြန်မာနိဿယများ

"ဝိနယသင်္ဂဟအဋ္ဌကထာနိဿယမှာ မည်သည့်သက္ကရာဇ်တွင် မည်သည့် မင်းလက်ထက် မည်သည့်ဆရာတော် စီရင်ကြောင်းနှင့် နိဂုံး၌ အသေအချာ မဆို"ဟု ပဋ္ဌကတ်တော်သမိုင်း၌ မှတ်တမ်းတင်ထား၏၊ မိမိတို့ တွေ့ရှိရသည့် ပေမူ၌ကား "ငသရောက် ကျေးတမာခါးအရပ်၌ သီတင်းသုံးသော သုဝဏ္ဏဝိဟာရဝါသီ ပရမခေမာထေရ်"ရေးသားကြောင်း တွေ့ရှိရ၏၊ "သက္ကရာဇ် ၁၀၄၇ ခု, ပထမဝါဆိုလပြည့်ကျော် ရှစ်ရက်, စနေနေ့, နေဝန်းပေါ်လျှင် ပြီးပြည့်စုံ၏"ဟု

http://www.dhammadownload.com

မှတ်တမ်းတင်ထားသည်ကိုလည်း တွေ့ရ၏။ (ငါ့သရောက်ရွာသည် ပုဂံ ညောင်ဦးမြို့နယ်၌ရှိ၏။) ဤသို့ဆိုလျှင် ဤနိဿယ၏ သက်တမ်းသည် ယခုရောက်ဆဲ ၁၃၆၄-ခုနှစ်မှထောက်သော် ၃၁၇ နှစ်ရှိပေပြီ၊ လွန်ခဲ့သည့် နှစ်ပေါင်း သုံးရာကျော် အင်းဝခေတ်၌ ရေးသားခဲ့သည့် ပေမူဖြစ်၏၊ နိဿယ သက်သက် မဟုတ်ဘဲ အဓိပ္ပာယ်အမှာအထားများပါ ရေးသားထား၏၊ ဘန္တေပုဒ်ကို ယခုပေးရိုး "အရှင်ဘုရား" အနက်မဟုတ်ဘဲ "ဘန္တေ- သခင်"ဟု အနက်ပေးထား၏၊ ဝိနယာလင်္ကာရဋ္ဌီကာ ပေါ်ပြီးနောက် ၃၈ နှစ်အကြာတွင် ငါ့သရောက် အဋ္ဌကထာနိဿယ ပေါ်လာခြင်း ဖြစ်ပေသည်။

ယင်းပရမခေမာထေရ် ရေးသားပြုစုအပ်သည့် နိဿယတစ်မျိုးတည်းကိုပင် ရေးကူးထားသည့် ပေထုပ် ၃ မူတွေ့ရ၏၊ တစ်မူနှင့်တစ်မူ လက်ရေးချင်း, သတ်ပုံချင်း မတူသည်ကိုလည်း တွေ့ရ၏၊ ယင်းသို့ မတူသောကြောင့်ပင် ၃ မူတွေ့ရ၏ဟု ဆိုနိုင်ခြင်းဖြစ်၏။

(၁) ပထမတစ်မူ၌ "ငသယောက်၊ ကြေးတမာခါး၊ သက္ကရာဇ် ၁၀၄၇"ဟု စာလုံးပေါင်းထား၏။ ကူးပြီးခုနှစ်မှာ ၁၂၄၁-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄-ရက်။

(၂) ဒုတိယတစ်မူ၌ "ငသရောက်၊ ကျေတမာခါ၊ သကြရာဇ် ၁၀၄၇"ဟု စာလုံးပေါင်းထား၏။ ကူးပြီးခုနှစ်မှာ ၁၂၆၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၅ ရက်။

(၃) တတိယတစ်မူ၌ "ငသရောက်၊ ကျော်တမာခါး၊ သကြရာဇ် ၁၀၄၇"ဟု စာလုံးပေါင်းထား၏။ ကူးပြီးခုနှစ် မပါ။

ဤသို့ စာလုံးပေါင်းမတူခြင်း, ကူးပြီးခုနှစ် မတူခြင်းသည် ပေကူးစာရေး တစ်ယောက်စီ ဖြစ်သောကြောင့်ဟု ဆိုနိုင်၏၊ ယင်းစာလုံးပေါင်းတို့တွင် "ငါ့သရောက်၊ ကျေးတမာခါး"သာ အမှန်ဖြစ်နိုင်စရာရှိပါသည်။

ဝိနယသင်္ဂဟပန်းကုံး

ဝိနယသင်္ဂဟပန်းကုံးကျမ်းကို ပြုစုသည့်မထေရ်ကား မော်ဘီမြို့ သာသနာ့ ဝန်ဆောင် ဆရာတော်ဖြစ်ပါသည်၊ ဆရာတော်သည် ဤဝိနယသင်္ဂဟပန်းကုံး ကျမ်းကို မြောင်းမြမြို့ တိုက်သစ်ပဇ္ဇောတာရုံ ကျောင်းတိုက်၌ သီတင်းသုံးစဉ် ၁၃၄၅-ခုနှစ်ကပင် စတင်ရေးသား ပြုစုခဲ့ပါသည်၊ ပဗ္ဗဇ္ဇာဝိနိစ္ဆယကထာအပြီး

http://www.dhammadownload.com

တွင် အခြားကိစ္စများ ဝင်လာသောကြောင့် ရှေ့ဆက်မရေးဖြစ်ခဲ့ပါ၊ အခြားကိစ္စများဟူသည်မှာ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းစာအုပ် (ပ, ဒု)၊ ဗုဒ္ဓအလိုတော်ကျ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးစာအုပ်၊ ဓမ္မပဒပန်းကုံးစာအုပ်၊ ကိုယ်ကျင့်မင်္ဂလာစာအုပ်၊ ဓာတ္တတ္ထပန်းကုံးစာအုပ်၊ အဘိဓာန်စာအုပ်ကိစ္စများ, ရှေးဟောင်း စာပေထိန်းသိမ်းရေး ကိစ္စများ ဖြစ်ပါသည်။

ဤကိစ္စများကြောင့် ဆက်လက်မရေးသားနိုင်ဘဲရှိခဲ့ရာ ရေးပြီးခဲ့သမျှ အပိုင်းများကို ယခုဆရာတော်ပျံလွန်တော်မူပြီးနောက် ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပါသည်၊ ဆရာတော်သည် ဤဝိနယသင်္ဂဟပန်းကုံးကျမ်းကို ရေးသားရာ၌ ဝိနယသင်္ဂဟအဋ္ဌကထာ ကျမ်းပြုဆရာ အရှင်သာရိပုတ္တရာသည် မိမိ၏ ကျမ်းကို ပါဠိတော်နှင့်တကွ အရှင်ဗုဒ္ဓယောသ၏ ဝိနည်းအဋ္ဌကထာများမှ ထုတ်နုတ်စုစည်းကာ ပြုစုသကဲ့သို့ နိဿယနက်များကို တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရား၏ ပါရာဇိကဏ်ဘာသာဋီကာစသည်မှ ထုတ်နုတ်ပြုစုထားပါသည်၊ တချို့နေရာများ၌ မိမိသဘောကျ အနက်ပေးထားသည်များလည်း ရှိပါသည်။ အဓိပ္ပာယ်များကိုလည်း ဘာသာဋီကာမှ ထုတ်ပြသင့်သည်တို့ကို ထုတ်ပြ၍ သက္ကဋအဘိဓာန်, ဟိန္ဒီအဘိဓာန်, အင်္ဂလိပ် အဘိဓာန်တို့နှင့် တိုက်ဆိုင်ကာ သုတေသန ပြုသင့်သည်တို့ကိုလည်း သုတေ သနပြုထားပါသည်၊ ယင်းသုတေသနပြုချက်များကို ဤကျမ်းစာအတွင်း၌ တွေ့ကြရမည် ဖြစ်၍ ဤနိဒါန်း၌ ထုတ်မပြတော့ပါ။

ဤသို့လျှင် ဆရာတော်ပြုစုခဲ့သည့် ဤဝိနယသင်္ဂဟပန်းကုံးကျမ်းကို ဆရာတော်ပျံလွန်တော်မူပြီးနောက် တပည့်များက တာဝန်ယူကာ ပုံနှိပ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသည်။

အရှင်ဂုဏာသရ

မြောင်းမြ

၁၃၆၄-ခု၊ ဝါခေါင်လပြည့်ကျော် (၇) ရက်၊ သောကြာနေ့။

(၃၀၊ ၈၊ ၂၀၀၂)

http://www.dhammadownload.com

http://www.dhammadownload.com

ဝိနယသင်္ဂဟပန်းကုံး

ပထမတွဲ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဝိနယသင်္ဂဟပန်းကုံး	၁
	ဂန္ထာရမ္ဘကထာ	၁
၁။	ဒီဝါသေယျဝိနိစ္ဆယကထာ	၁၁
၂။	ပရိက္ခာရဝိနိစ္ဆယကထာ	၂၈
၃။	ဘေသဇ္ဇာဒိကရဏဝိနိစ္ဆယကထာ	၅၇
၄။	ဝိညတ္တိဝိနိစ္ဆယကထာ	၈၄
၅။	ကုလသင်္ဂဟဝိနိစ္ဆယကထာ	၉၈
၆။	မစ္ဆမံသဝိနိစ္ဆယကထာ	၁၃၀
၇။	အနာမာသဝိနိစ္ဆယကထာ	၁၃၉
၈။	အဓိဋ္ဌာနဝိကပ္ပနဝိနိစ္ဆယကထာ	၁၅၅
၉။	စီဝရဝိပ္ပဝါသဝိနိစ္ဆယကထာ	၁၉၃
၁၀။	ဘဏ္ဍပဋိသာမနဝိနိစ္ဆယကထာ	၂၁၀
၁၁။	ကယဝိက္ကယသမာပတ္တိဝိနိစ္ဆယကထာ	၂၂၉
၁၂။	ရူပိယာဒိပဋိဂ္ဂဟဏဝိနိစ္ဆယကထာ	၂၄၃
၁၃။	ဒါနလက္ခဏာဒိဝိနိစ္ဆယကထာ	၃၀၃
၁၄။	ပထဝီခဏနဝိနိစ္ဆယကထာ	၃၁၈
၁၅။	ဘူတဂါမဝိနိစ္ဆယကထာ	၃၃၂
၁၆။	သဟသေယျဝိနိစ္ဆယကထာ	၃၅၃
၁၇။	မဒ္ဓပီဌာဒိသံယိကသေနာသနေသု ပဋိပဇ္ဇိတဗ္ဗဝိနိစ္ဆယကထာ	၃၆၉
၁၈။	ကာလိကဝိနိစ္ဆယကထာ	၃၉၆
၁၉။	ကပ္ပိယဘူမိဝိနိစ္ဆယကထာ။	၄၅၈
၂၀။	ပဋိဂ္ဂဟဏဝိနိစ္ဆယကထာ	၄၇၅
၂၁။	ပဝါရဏာဝိနိစ္ဆယကထာ	၅၂၁
၂၂။	ပဗ္ဗဇ္ဇာဝိနိစ္ဆယကထာ	၅၅၃

မာတိကာ ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

ဝိနယသင်္ဂဟပန်းကုံး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဂန္ဆာရမ္ဘကထာ

အဟံ- ငါသည်၊ သဗ္ဗပါဏိနံ- (ယုံကြည်လေးမြတ် ဆည်းကပ်ကြည်ဖြူ) အလုံးစုံသောသူတို့၏၊ သရဏံ- ထိတ်လန့်ရွံ့ကြောက် ဆင်းရဲဒုက္ခကို ပယ်ဖျောက်တတ်သော၊ ဝါ- ကိုးကွယ်ရာ ဖြစ်တော်မူသော၊ ဝတ္ထုတ္တယံ- (ယုံကြည်လေးစားပုဂ္ဂိုလ်များက ကိုးစားလောက်လုံ ဂုဏ်ပေါင်းစုံကို အာရုံပြုလျက် မခွာရက်အောင် သက်ဝင်တည်နေစရာ) ရတနာသုံးပါးအပေါင်းကို၊ နမဿာမိ- ဦးညွတ်ရိုကျိုး ရှိခိုးပါ၏။

ဂန္ဆာရမ္ဘ။ ။ ကျမ်းဂန်ကို စတင်အားထုတ်ရာအခန်းကို "ဂန္ဆာရမ္ဘ"ဟု ခေါ်ပါသည်။

ဤကျမ်း၏ဂုဏ်ရည်။ ။ စာရှုသူတို့၏ ထံမှောက်သို့ ဆိုက်ရောက်လာသော ဤဝိနယသင်္ဂဟအဋ္ဌကထာကျမ်းစာသည် သာမန်ကျမ်းစာမျိုးမဟုတ်ပါ။ ထူးထွေခြားနား များပြားသော နည်းအမျိုးမျိုး အစားစား ထူးခြားသော နည်းတို့နှင့် ပြည့်ဝစုံလင်နေသော ကျမ်းစာမျိုးသာဖြစ်ပါသည်။ ဤကျမ်းစာသည် ကိုယ်နှုတ်တို့ကို (ကိုယ်၌လွန်ကျူးမှု မဖြစ်အောင်၊ နှုတ်၌လွန်ကျူးမှု မဖြစ်အောင်) ဆုံးမ တားမြစ်နိုင်ပါသည်။ သီလချစ်ခင်သူတော်စင်ရဟန်းတို့၏ (ဝိနည်းဆိုင်ရာ) ယုံမှားသံသယကိုလည်း ပယ်ဖျောက်နိုင်ပါသည်။ ကမ္မဋ္ဌာန်းအလုပ် ကြိုးစားအားထုတ်သော ရဟန်းတော်တို့၏ စတုပါရိသုဒ္ဓိသီလ ပြည့်ဝလုံခြုံအောင်လည်း လမ်းညွှန်နိုင်ပါသည်။ ဗုဒ္ဓမြတ်စွာ သာသနာတော် စည်ပင်ဖြိုးကြောက် ထွန်းတောက်တည်တံ့ရန်လည်း တစ်ဖက်တစ်လမ်းမှ ကူညီနိုင်ပါသည်။

အနုသန္ဓေ။ ။ ယင်းသို့ဂုဏ်ထူးဝိသေသတို့နှင့် ပြည့်ဝစုံလင်သော ဤဝိနယသင်္ဂဟအဋ္ဌကထာကို စီရင်ရေးသားလိုသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ကျမ်းမရေးသားခင် ကြိုတင်၍ (၁) ရတနတ္တယပဏာမ- ရတနာသုံးပါးကို ရှိခိုးခြင်း၊ (၂) ပဏာမာရဟဘာဝ- ရှိခိုးထိုက်သောဂုဏ်၊ (၃) အဘိဓေယျ- ကျမ်း၏အနက်၊ (၄) ကရဏဟေတု- ကျမ်းပြုရခြင်း၏အကြောင်း၊ (၅) ကရဏပကာရ- ကျမ်းပြုပုံအခြင်းအရာ၊ (၆) ပကရဏာဘိဓာန- ကျမ်း၏အမည်၊ (၇) နိဓိတ္တ- အကြောင်းအာရုံ၊ (၈) ပယောဇန- အကျိုးတို့ကို စုပေါင်းပြလိုသောကြောင့် – ဝတ္ထုတ္တယံ နမဿိတွာ- အစရှိသော နှစ်ဂါထာကို မိန့်တော်မူသည်။

http://www.dhammadownload.com

နမဿိတွာ- ဦးညွတ်ရိုကျိုး ရှိခိုးပြီး၍၊ ယောဂါဝစရဘိက္ခုနံ- ကမ္မဋ္ဌာန်းအလုပ် အားထုတ်ကြိုးစား ရဟန်းတော်များတို့၏၊ ဝိနယေ- (ကိုယ်နှုတ်နှစ်ပါး မြစ်တားဆုံးမ) ဝိနည်းပိဋကဋ္ဌ၊ ပါဠဝတ္ထာယ- ထက်မြက်လိမ္မာ ကျွမ်းကျင်သော သူ၏ဖြစ်ကြောင်း ဉာဏ်အကျိုးငှာ၊

ထိုတွင် –

၁။ ဝတ္ထုတ္တယံ နမဿိတွာ-ဟူသော ပါဠိဖြင့် ရတနတ္တယပဏာမ-ကို ပြသည်။

၂။ သရဏံ သတ္ထုပါဏိနံ-ဟူသော ပါဠိဖြင့် ပဏာမာရဟဘော-ဂုဏ်ကို ပြသည်။

၃။ ပါဠိမုတ္တဝိနိစ္ဆယံ-ဟူသော ပါဠိဖြင့် ကျမ်း၏အနက်ကို ပြသည်။

၄။ ဝိပွကိဏ္ဏာ မနေကတ္ထ-ဟူသော ပါဠိဖြင့် ကျမ်းပြုရခြင်း၏ အကြောင်းကို ပြသည်။

၅။ သမာဟရိတွာ ဧကတ္ထ ဒဿယိဿမနာကုလံ-ဟူသော ပါဠိဖြင့် ကျမ်းပြုပုံ အခြင်းအရာကို ပြသည်။

၆။ သမာဟရိတွာ-သဒ္ဒါ၏ ပြစွမ်းနိုင်သောနည်းဖြင့် "ဝိနယသင်္ဂဟ"ဟူသော ကျမ်း၏အမည်ကို ပြသည်။ (ဋီကာ။)

[ဋီကာဆရာက ယင်းသို့ ဆိုထားစေကာမူ ကျမ်းဆရာကိုယ်တိုင်က ကထာတိုင်းကထာတိုင်း၏ အဆုံးမှာ "ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ"ဟု ဆိုထားပါသည်။ နိဂမကထာတစ်ခုတည်းမှာသာ ဂါထာဗန္ဓအရာ စာနေစာထားကျဉ်းစေရန် ရည်သန်၍ "ဝိနယသင်္ဂဟံ"ဟု ဆိုထားပါသည်။ ဤအချက်ကို ထောက်ထားပါက "ပါဠိမုတ္တက-ဝိနယဝိနိစ္ဆယသင်္ဂဟ"ဟူသော အမည်ကသာ ဤကျမ်း၏ အမည်အပြည့်အစုံဖြစ်သည်။ ဝိနယသင်္ဂဟ-ဟူသော အမည်မှာ ခေါ်ဝေါ်လွယ်ရုံ ရွေးကောက်ခေါ်ဝေါ်ထားသော အမည်မျှသာ ဖြစ်သည်ဟူသော သဘောမှာ ထင်ရှားသိသာပါသည်။ ထို့ကြောင့် ပါဠိမုတ္တဝိနိစ္ဆယံ-ဟူသော ပါဠိဖြင့် သမာဟရိတွာ သဒ္ဒါ၏ ဟောစွမ်းနိုင်သော နည်းဖြင့် ပါဠိမုတ္တကဝိနယဝိနိစ္ဆယ-ဟူသော ကျမ်း၏အမည်ကို ပြသည်ဟုသာ ဆိုသင့်မည်ထင်ပါသည်။]

၇။ ဒဿယိဿံဝယ် – ဒဿနကြိယာ၏ ပြစွမ်းနိုင်သောနည်းဖြင့် ကရုဏာ-ဟူသော အဖျတ်တိကအကြောင်းကို ပြသည်၊ ယောဂါဝစရဘိက္ခုနံ-ဟူသော ပါဠိဖြင့် စာသင်သားအပေါင်းဟု ဆိုအပ်သော အပြင်အပအာရုံကို ပြသည်။

၈။ သရဏံ သတ္ထုပါဏိနံ – ဟူသော ပုဒ်၏ ပြစွမ်းနိုင်သောနည်းဖြင့် အန္တရာယ်ကင်းခြင်း ကျမ်းပြီးခြင်းဟု ဆိုအပ်သော ပဏာမအကျိုးကိုပြသည်၊ ဝိနယေ ပါဠဝတ္ထာယ- ဟူသော ပါဠိဖြင့် ကျမ်း၏ မုချအကျိုးကို ပြသည်၊ သမာဟရိတွာ ဧကတ္ထ ဒဿယိဿံ-ဟူသော ပါဠိ၏ ပြစွမ်းနိုင်သောနည်းဖြင့် သီလအစ အနုပါဒါနိဗ္ဗာန်အဆုံးရှိသော အကျိုးအဆက်ဆက်ကို ပြသည်။ ရတနတ္တယ ပဏာမ စသည်ကို ပြရခြင်း၏ အကျိုးကိုမူ ထိုထိုအဋ္ဌကထာ, ဋီကာများမှာရှုပါ။

http://www.dhammadownload.com

အနေကတ္ထ- (ပါရာဇိကကဏ္ဍ စသည်စုံပြွမ်း) များပြားသော အဋ္ဌကထာ ကျမ်းတို့၌၊ ဝိပ္ပကိဏ္ဏ- ကစဉ့်ကရဲ ပြန့်ကျဲနေသော၊ ပါဠိမုတ္တဝိနိစ္ဆယ်- ပါဠိတော်မှ လွတ်သော သဒ္ဒနယ, အတ္ထနယဟူသော အဆုံးအဖြတ်ကို၊ ဧကတ္ထ- တစ်ခု တည်းသော (ဝိနယသင်္ဂဟ) ကျမ်း၌၊ သမာဟရိတွာ- လိုရာကျဉ်းချုံး စုရုံး ဆောင်ယူ၍၊ အနာကုလံ- ရှုပ်ထွေးခြင်းကင်း ရှင်းလင်းပြတ်သားစွာ၊ ဒဿယိဿံ- ပြရပေတော့အုံ။

သဒ္ဓပါဏိနံ။ ။ ပါဏာန္တိ ဇီဝန္တိ သတ္တာ + ဧတေန (ဤဇီဝိတိန္ဒြေဖြင့်) ဣတိ ပါဏော၊ (ပ-ပုဗ္ဗ အန-ဓာတ်၊ န-ကို ဏ-ပြု) ပါဏော ဧတေသံ + အတ္ထိတိ- ပါဏိနော၊ သဒ္ဓေ + ပါဏိနော- သဒ္ဓပါဏိနော၊ တေသံ သဒ္ဓပါဏိနံ။

သရဏံ။ ။ သရတိ ဟိံသတိတိ- သရဏံ၊ ယုံကြည်လေးမြတ် ဆည်းကပ်ကြည်ဖြူ ကိုးကွယ်သူတို့၏ ထိတ်လန့်ကြောက်ရွံ့မှု, ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရမှု, ဆင်းရဲပူပန်မှု တို့ကို ဖျက်ဆီးတတ်သောကြောင့် ဘုရား တရား သံဃာ ရတနာသုံးပါးကိုပင် "သရဏ" ဟု ခေါ်ဆိုရပေသည်။

ဝတ္ထုဇ္ဇောယံ။ ။ ဝသန္တိ ဧတ္ထာတိ- ဝတ္ထု၊ သရဏဂုံတည်သူ (ဗုဒ္ဓဘာသာဝင် သူတော်စင်) တို့သည် ဘုရား တရား သံဃာ ရတနာသုံးပါး (၏ဂုဏ်) ကို အာရုံပြု၍ ယင်းအာရုံမှာ သက်ဝင်တည်နေကြရပေသည်၊ ယင်းသို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ၏ အာရုံပြုကာ သက်ဝင်တည်နေရာ ဖြစ်သောကြောင့် ဘုရား တရား သံဃာ ရတနာ သုံးပါးကိုပင် "ဝတ္ထု"ဟုလည်း ခေါ်ဆိုရပေသည်။

တိဏ္ဏံ+သမူဟော- တယ်၊ ဝတ္ထူနံ+တယံ- ဝတ္ထုတ္တယံ၊ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အာရုံပြုသောအားဖြင့် သက်ဝင်တည်နေရာ ရတနာသုံးပါး အပေါင်းဟု ဆိုလိုသည်။

နမဿိတ္ဝာ။ ။ ဤ၌ တွာ-ပစ္စည်းသည် အတိတ်ပုဗ္ဗကာလကြိယာဝိသေသန အနက်မှာ ဖြစ်သည်၊ ယင်းအတိတ်ဟူသည်မှာလည်း ပစ္စုပ္ပန်ကို လွန်လာသော သဘော ပင် ဖြစ်သည်၊ ရှိခိုးပြီး၍ဟု အတိတ်ကြိယာကို ဆိုလိုက်သဖြင့် ရှိခိုးဆဲ ပစ္စုပ္ပန်ကြိယာ လည်း အတွင်းဝင်ပြီး ဖြစ်နေသည်၊ ရှိခိုးဆဲ ပစ္စုပ္ပန်ကြိယာကို လွန်မလာဘဲ ရှိခိုးပြီး အတိတ်ကြိယာဟူ၍ပင် မဖြစ်နိုင်တော့ပါ၊ ထို့ကြောင့် နိဿယမှာ "နမဿာမိ"ဟူ သော ပစ္စုပ္ပန်ကြိယာတစ်ပုဒ် ထည့်ထားပါသည်။

ယောဂါဝစရဘိက္ခုနံ။ ။ ယုဉ္ဇနံ - ယောဂေါ၊ ကမ္မဋ္ဌာနမနသိကာရော၊ အဝစ-ရန္တိ- အဝစရာ၊ ယောဂေ + အဝစရာ- ယောဂါဝစရာ၊ သံသာရေ ဘယံ ဣက္ခန္တိတိ ဘိက္ခူ၊ ယောဂါဝစရာ စ + တေ + ဘိက္ခူစာတိ- ယောဂါဝစရဘိက္ခူ၊ တေသံ ယောဂါဝစရဘိက္ခူနံ။ ဤဝစနတ္ထအရ ကမ္မဋ္ဌာန်းအလုပ် ကြိုးပမ်းအားထုတ်မှုမှာ

http://www.dhammadownload.com

(တစ်နည်းကား) အနေကတ္ထ- တစ်ပါးမဟုတ် များသော သိက္ခာပုဒ်တို့၌၊ ဝိပ္ပကိဏ္ဏ- သော၊ ပါဠိမုတ္တဝိနိစ္ဆယ်- ကို၊ ဧကတ္ထ (ဧကတော)- တစ်ပေါင်းတည်း၊ သမာဟရိတွာ- ၍၊ အနာကုလ်- စွာ၊ ဒဿယိဿံ- အံ့။

စိတ်ပါဝင်စားသော သံသရာဘေးကို ရှုမြင်တတ်သူ အကုန်လုံးကိုပင် ယောဂါဝစရဘိက္ခုဟု ဆိုသင့်ပါသည်၊ သို့သော် ဤနေရာ၌ ဝိနယေ ပါဠိဝတ္ထာယ-ပုဒ်များနှင့် ယှဉ်တွဲထားသောကြောင့် ဧကဒေသျှုပစာ (အပေါင်းကိုဆို အစိတ်သာရသော) နည်းအားဖြင့် ဘိက္ခု၊ ဘိက္ခုနီ၊ သာမဏေရ၊ သာမဏေရီတို့ကိုသာ ယောဂါဝစရဘိက္ခု-ဟု ဆိုသင့်ပါတော့သည်။

(တစ်နည်း) ဘိက္ခု-ဟူသော သဒ္ဒါသည် ရဟန်းယောကျ်ားကိုသာ ဟောသော အထင် ရှိ၌ သဒ္ဒါဖြစ်ပါသည်။ ထိုသို့ပင်ဖြစ်စေကာမူ ပဓာန (ပဓာနကိုဆို အပ္ပဓာန-ကိုပါ ရသော) နည်းအားဖြင့် (ဘိက္ခု၊ ဘိက္ခုနီ၊ သာမဏေရ၊ သာမဏေရီ) ဝိနည်းနှင့် မကင်းသူ အကုန်လုံးကိုပင် ယောဂါဝစရဘိက္ခု-အရ ယူသင့်ပါသည်။

ဝိနယေ။ ။ နီယန္တေတိ- နယာ၊ သိအပ်သော အနက်, သိအပ်သော အကြောင်းအရာ၊ ဝိ (ဝိဝိဓာ) နယာ ဧတ္ထာတိ- ဝိနယော၊ ပါတိမောက်နှစ်မျိုး, ဝိဘင်းနှစ်မျိုး, ပါတိမောက္ခုဒ္ဒေသငါးမျိုး, အာပတ်အစုငါးပါး, ခုနစ်ပါး – စသောအားဖြင့် အမျိုးမျိုး အစားစား ကွဲပြားသော နည်းရှိသောကြောင့် "ဝိနယ"မည်သည်။

ဝိ (ဝိသေသာ) နယာ ဧတ္ထာတိ- ဝိနယော၊ မူလပညတ်ကို ခိုင်မြဲစေခြင်း လျော့စေခြင်း အကျိုးရှိကုန်သော ထူးခြားသော အနုပညတ်နည်း စသည်ရှိသောကြောင့် "ဝိနယ"မည်သည်။

ကာယဉ္စ ဝါစဉ္စ ဝိနေတီတိ- ဝိနယော၊ ကိုယ်နှုတ် (ကိုယ်၌ဖြစ်မည့် လွန်ကျူးမှု နှုတ်၌ဖြစ်မည့် လွန်ကျူးမှု) ကို ဆုံးမ,တားမြစ်တတ်သောကြောင့် "ဝိနယ"မည်သည်။

ပါဠိဝတ္ထာယ။ ။ ပဋိတိ ဝိယတ္တဘာဝံ ဂစ္ဆတီတိ- ပဋ္ဌ။ ထက်မြက် လိမ္မာကျွမ်းကျင်သူ၊ ပဋ္ဌနော ဘာဝေါ- ပါဋ္ဌဝံ၊ ဉာဏ်၊ အသတိ ကာရဏာနုရူပံ ဘဝတီတိ- အတ္ထော၊ ပယောဇနံ၊ ပါဋ္ဌဝမေဝ+အတ္ထော- ပါဋ္ဌဝတ္ထော၊ တဿ ပါဋ္ဌဝတ္ထာယ၊ ထက်မြက် လိမ္မာ ကျွမ်းကျင်သူ၏ ဖြစ်ကြောင်းဖြစ်ရာ အသိဉာဏ်သာလျှင်ဖြစ်သော အကျိုးကိုပင် "ပါဋ္ဌဝတ္ထ"ဟု ဆိုပါသည်။

ပဋိမတ်အလုပ်နှင့် ဝိနည်း။ ။ ကမ္မဋ္ဌာန်းအလုပ် ကြိုးပမ်း အားထုတ်သော ယောဂီပုဂ္ဂိုလ်များအတွက် သီလဝိသုဒ္ဓိဖြစ်မှုသည် အခြေခံဖြစ်ပေသည်၊ လိုရင်းပဓာန အရေးကြီးလှပေသည်။

http://www.dhammadownload.com

၁။ စောင့်ရှောက်သူကို ဘေးဒုက္ခအမျိုးမျိုးတို့မှ လွတ်စေတတ်သော ကိုယ်နှုတ် စောင့်စည်းမှု ပါတိမောက္ခသံဝရသီလ။

၂။ ဒွါရခြောက်ပါးတို့ကို အကုသိုလ်မဖြစ်အောင် စောင့်စည်းမှု ဣန္ဒြိယသံဝရသီလ။

၃။ အပ်စပ်သောနည်း, တရားသောနည်းဖြင့် ပစ္စည်းလေးပါးကို ဖြစ်စေမှု အာဇီဝ ပါရိသုဒ္ဓိသီလ။

၄။ တရားနည်းလမ်းဖြင့် ရှာဖွေရရှိလာသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင် သုံးစွဲမှု ပစ္စယသန္နိဿိတသီလ။

ဤသီလလေးမျိုးလုံး လုံခြုံမှုသာ ရဟန်းတော်များမှာ သီလဝိသုဒ္ဓိ ဖြစ်နိုင်ပါသည်။ ဤလေးပါးကိုပင် "စတုပါရိသုဒ္ဓိသီလ"ဟု ခေါ်ပါသည်။ ထက်ဝန်းကျင်မှ စင်ကြယ်သော သီလလေးမျိုးဟု ဆိုလိုပါသည်။

ပါတိမောက္ခသံဝရသီလ ပျက်ပြီးသောသူသည် ကြွင်းသုံးပါးသော သီလတို့ကို စောင့်ရှောက်နိုင်စရာ မရှိတော့ချေ။ ဦးခေါင်းပြတ်ပြီးသော သူတစ်ယောက်က ကြွင်းသော လက်ခြေစသည်တို့ကို မစောင့်ရှောက်နိုင်သကဲ့သို့ပင် ဖြစ်ပေသည်။ ပါတိမောက္ခသံဝရသီလ စင်ကြယ်သောသူမူကား ကြွင်းသော သီလသုံးပါးတို့ကို ပြန်လည်စင်ကြယ်အောင် စောင့်ရှောက် နိုင်စရာရှိပါသည်၊ ဦးခေါင်းမပြတ်သေးသော ယောကျ်ားသည် မိမိ၏ အသက်ကို စောင့်ရှောက်နိုင်သကဲ့သို့ပင် ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားရှင်၏ အာဏာ ပညတ်တော်ဖြစ်သော ဝိနည်းသိက္ခာပုဒ်တော်ကို မလွန်ကျူးမိအောင် ကိုယ်နှုတ် စောင့်စည်းမှု ပါတိမောက္ခသံဝရသီလ-က, သာ မုချအားဖြင့် သီလမည်သည်၊ အရင်းခံမူလ ပဓာနဖြစ်သည်။ ကြွင်းသုံးပါးတို့ကို "သီလ"ဟု ဟောထားသော ပါဠိရပ်မရှိ၊ ပရိယာယ် အားဖြင့်သာ"သီလ"ဟု ခေါ်ဆိုရပေသည်။

ဤသို့ (သံယုတ်အဋ္ဌကထာ၃၊၂၆၂။) မှာ တိပိဋကစူဠနာဂထေရ်၏ ဝါဒကို တင်ပြထားပါသည်။

နိဗ္ဗာန်မျှော်မှန်း၍ ကမ္မဋ္ဌာန်းအလုပ် ကြိုးစားအားထုတ်လိုသော ရဟန်းသည် ပါတိမောက္ခသံဝရသီလ-ကို စောင့်စည်းနေထိုင်ရမည်၊ ရဟန်းတို့ လိုက်နာကျင့်သုံးရမည့်အကျင့်ကို လိုက်နာကျင့်သုံးရမည်၊ ရဟန်းတို့ ချဉ်းကပ်သွားလာသင့်သော အရပ်သို့သာ ချဉ်းကပ် သွားလာ ဝင်ထွက်ရမည်၊ အသေးအမွှား အကုသိုလ်များမှာပင် ဘေးကြီးတစ်ခုအနေဖြင့် ရှုနေရမည်၊ ငါဘုရား ပညတ်ထားသမျှ သိက္ခာပုဒ်ကို လိုက်နာကျင့်သုံးရမည်၊ (ဤသို့လျှင်) ကုသိုလ်တရားတို့၌ အဦးအစ ပဓာနဖြစ်သော ပါတိမောက္ခသံဝရသီလ-ကို ဦးစွာသုတ်သင်ရမည်၊ ထို့နောက် သီလပေါ်မှာ အခြေတည်၍ သတိပဋ္ဌာန်တရားလေးပါးကို ပွားများရမည်၊ သတိပဋ္ဌာန်အလုပ်ကို ကြိုးပမ်းအားထုတ်ရမည်။

ဤသို့ (သံယုတ်ပါဠိတော်၃၊၁၁၆၄။) မှာ ဘုရားရှင်၏ နည်းပေးညွှန်ကြားချက်ကိုလည်း တွေ့ရှိရပါသည်။

http://www.dhammadownload.com

ယင်းသို့ ဘုရားရှင်၏ နည်းပေးညွှန်ကြားချက်အရ ကမ္မဋ္ဌာန်းအားထုတ်မည့် ရဟန်းတော်များသည် ဦးစွာပါတိမောက္ခသံဝရသီလကို စောင့်ထိန်းရပါမည်။ ယင်း ပါတိမောက္ခသံဝရသီလ-ကို စောင့်ထိန်းမှုသည် ဝိနည်းကို မကျွမ်းကျင် နားမလည်ပါက မဖြစ်နိုင်ပါ။ ဝိနည်းကို ကျွမ်းကျင်နားလည်မှသာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဝိနည်းပညတ်တော်ကို ကျွမ်းကျင် နားလည်အောင် ဦးစွာ သင်ယူထားသင့်ပါသည်။ ဝိနည်းကို နားလည်လာသည့်အခါ သီလကို ဖြည့်ကျင့်လိုသော ဆန္ဒလည်း ဖြစ်ပေါ်လာနိုင်ပါသည်။ ဝိနည်းကို သင်ယူနားလည်မှုက သီလလေးပါးအား ပကတူပနိဿယသတ္တိ-ဖြင့် ကျေးဇူးပြုနိုင်သည်။ သီလဝိသုဒ္ဓိ-ကို ဖြစ်စေနိုင်ပါသည်။ ယင်း သီလဝိသုဒ္ဓိမှ အဆင့်ဆင့် တိုးတက်၍ အရဟတ္တမဂ် အရဟတ္တဖိုလ် အနုပါဒါနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်ကို ဖြစ်စေနိုင်ပါသည်။

၁။ ဝိနည်းပညတ်တော် (ကို သင်ယူခြင်း နားလည်ခြင်း) သည် ကာယဒွါရ ဝစီဒွါရ-တို့ကို စောင့်စည်းခြင်း (ပါတိမောက္ခသံဝရသီလ-လုံခြုံခြင်း) ဟူသော အကျိုးငှာ ဖြစ်သည်။

၂။ ကာယဒွါရ ဝစီဒွါရ-တို့ကို စောင့်စည်းခြင်းသည် ဝိပ္ပဋိသာရ (နှလုံးမသာမယာ) မဖြစ်ခြင်း (စိတ်နှလုံး ကြည်လင်အေးမြခြင်း) အကျိုးငှာ ဖြစ်သည်။

၃။ စိတ်နှလုံး ကြည်လင်အေးမြခြင်းသည် ဝမ်းမြောက်ဝမ်းသာဖြစ်မှု နုသော ပီတိ အကျိုးငှာ ဖြစ်သည်။

၄။ နုသော ပီတိသည်ရွှင်ပျနှစ်ထောင်း အားကောင်းသော ပီတိအကျိုးငှာ ဖြစ်သည်။

၅။ အားကောင်းသော ပီတိသည် ကိုယ်စိတ်လန်းဆန်း ငြိမ်းချမ်းခြင်း အကျိုးငှာ ဖြစ်သည်။

၆။ ကိုယ်စိတ်ငြိမ်းချမ်းခြင်းသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း အကျိုးငှာ ဖြစ်သည်။

၇။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည် ပျံ့လွင့်ခြင်းကင်း တည်ကြည်ခြင်း သမာဓိ (စိတ္တဝိသုဒ္ဓိ) အကျိုးငှာ ဖြစ်သည်။

၈။ စိတ်တည်ကြည်မှု သမာဓိသည် ဖောက်ပြန်မရှိ ဟုတ်တိုင်းသိမှု နုသောဝိပဿနာ (ဉဒယဗ္ဗယဉာဏ်) အကျိုးငှာ ဖြစ်သည်။

၉။ နုသော ဝိပဿနာဉာဏ်သည် ဝဋ်ဆင်းရဲ၌ ငြီးငွေ့နိုင်ကြောင်း အကောင်းဆုံး ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ် အကျိုးငှာ ဖြစ်သည်။

၁၀။ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်သည် တပ်ခြင်းကင်းကြောင်း အရိယာမဂ် အကျိုးငှာ ဖြစ်သည်။

၁၁။ အရိယာမဂ်သည် ကိလေသာအပေါင်းမှ ကောင်းကောင်းကင်းလွတ် အရဟတ္တဖိုလ်အကျိုးငှာ ဖြစ်သည်။

၁၂။ အရဟတ္တဖိုလ်သည် ယင်းအရဟတ္တဖိုလ်ကို သိမြင်ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်အကျိုးငှာ ဖြစ်သည်။

http://www.dhammadownload.com

၁၃။ အရဟတ္တဖိုလ်ကို သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်သည် ဒုက္ခခပ်သိမ်းအေးငြိမ်းရာမှန် အနုပါဒါနိဗ္ဗာန်အကျိုးငှာ ဖြစ်သည်။

ဝိနည်းစကား ပြောကြားခြင်း, ဝိနည်းအရေးဆွေးနွေးတိုင်ပင်ခြင်း, အကြောင်းအဆက်ဆက်, အကြောင်းအဆက်ဆက်ကို သိနားလည်ခြင်း, အရဟတ္တဖိုလ် – ဤသဘောတရား အကုန်လုံးသည် အနုပါဒါနိဗ္ဗာန်ဟူသော အကျိုးငှာ ဖြစ်ပေသည်။

ဤသည်မှာ (ပရိဝါပါဠိတော်၊ ၂၈၈။) လာ ဘုရားရှင်ကိုယ်တိုင် ဟောကြားချက် ဖြစ်ပါသည်။

ဤသို့လျှင် ဝိနည်းကို သင်ယူနားလည်ခြင်းက အနုပါဒါနိဗ္ဗာန်တိုင်အောင် အကျိုးဖြစ်ထွန်းစေနိုင်သောကြောင့် နိဗ္ဗာန်လိုလား ယောဂီရဟန်းတော်များသည် သီလဝိသုဒ္ဓိအား ကျေးဇူးပြုနိုင်သော ဝိနည်းပိဋကတ်ကို တတ်ကျွမ်းနားလည်သင့်သည်။ ဝိနည်းငါးကျမ်းပါဠိတော် အဋ္ဌကထာအကုန်လုံးကို သင်ယူနေပြန်လျှင်လည်း အချိန်ကုန် လူပန်းဖြစ်တော့မည်၊ ဤအခက်အခဲကို ဘယ်လို ကျော်လွန်ရပါမည်နည်းဟု ကြံစည်နေမော တွေးတောပူပန်မနေပါနှင့်၊ ယင်းအခက်အခဲကို ကျော်လွန်နိုင်အောင် ဤဝိနယသင်္ဂဟကျမ်းက သင်တို့ကို အကူအညီပေးပါလိမ့်မည်၊ ဤဝိနယသင်္ဂဟကျမ်းကို သင်ယူရုံမျှဖြင့် အချိန်ကုန်ခန်း လူနွမ်းစရာလည်း မရှိပါ၊ ဝိနည်းတော်လာ ကျင့်စရာများကိုလည်း အကုန်အစင် သိမြင်နားလည်သွားပါလိမ့်မည်ဟု ယောဂီရဟန်းတော်တို့အား သွယ်ဝိုက်သောနည်းဖြင့် အားပေးလိုသောကြောင့် "ဝိနယေ ပါဠဝတ္ထာယ ယောဂါဝစရဘိက္ခုနံ"ဟူသော ပါဠိကို မိန့်ဆိုထားပါသည်။

အနေကဿ။ ။ န+ဧကော- အနေကေ။ ဧက- သဒ္ဒါသည် သင်္ချာဝါစက ဧက ဝစနန္တဖြစ်သော်လည်း၊ 'နဲ'ဟူသော နိပါတ်ပုဒ်နှင့် တွဲစပ်လိုက်သည့်အခါ ဗဟုဝစနန္တ ဖြစ်လာရပါသည်။ တေသု အနေကေသု ဗဟူသု-ဟု ဆိုလိုပါသည်။

ဝိပ္ပကိဏ္ဏေ။ ။ ကိရတိတိ- ကိဏ္ဏော။ (ကိရ+တ၊) ပကာရေန+ကိဏ္ဏော- ပကိဏ္ဏော၊ ဝိဝိဓေန+ပကိဏ္ဏော- ဝိပ္ပကိဏ္ဏော။ အမျိုးမျိုးသော အပြားအားဖြင့် ကျဲပြန့်နေသော ကစဉ့်ကဲ့ပြန့်ကျဲနေသောဟု ဆိုလိုပါသည်။ ဝိသေသ့ဖြစ်သော ပါဠိမုတ္တဝိနိစ္ဆယနှင့် လိင်, ဝုစ် တူရသည်။

ပါဠိမုတ္တဝိနိစ္ဆယံ။ ။ ပကဋ္ဌာနံ အာဠိတိ- ပါဠိ၊ မြတ်သော စကားတော်အစဉ်၊ (တစ်နည်းကား) အတ္ထတ္ထပရတ္ထာဒိဘေဒံ အတ္ထံ ပါလေတိ ရက္ခတီတိ- ပါဠိ၊ ဝိနယတန္တိ- ဝိနည်းပါဠိတော်၊ မုစ္စတိတိ- မုတ္တော၊ ပါဠိတော+မုတ္တော- ပါဠိမုတ္တော၊ နိစ္ဆယတိ ဧတေနာတိ- နိစ္ဆယော၊ ဝိသေသေန+နိစ္ဆယော- ဝိနိစ္ဆယော၊ ခီလမဒ္ဒနာကာရေန ပဝတ္တော (ဆူးငြောင့်ခလုတ်သဖွယ်ဖြစ်သော ယုံမှားသံသယကို နှိပ်နင်းခြေဖျက်သော အခြင်းအရာအားဖြင့်ဖြစ်သော) သဒ္ဒနယော အတ္ထနယော စ၊ ပါဠိမုတ္တော စ+ သော +ဝိနိစ္ဆယောစာတိ- ပါဠိမုတ္တဝိနိစ္ဆယော၊ ပါဠိတော်မှ လွတ်နေသည့် အထူးအားဖြင့်၊ (ဂဏ္ဌိပဒတို့ကို) ဆုံးဖြတ်ကြောင်းဖြစ်သော သဒ္ဒါနည်း, အနက်နည်း။

http://www.dhammadownload.com

တတြ- ထိုပါဠိမုတ္တဝိနိစ္ဆယ၌၊ အယံ- ဤဆိုအပ်လတ္တံ့သော၊ မာတိကာ- မာတိကာသည်၊ ဝါ- သားကို မွေးဖွား မိခင်လားသို့ ကျယ်ပွားနိဒ္ဒေ ဖြစ်စေခြင်းရာ ဥဒ္ဒေသာဟု ဆိုအပ်သော မာတိကာသည်၊ ဟောတိ- ဖြစ်၏။ (ကာ- အဘယ် မာတိကာသည်၊ ဟောတိ- ဖြစ်သနည်း။)

"ပါဠိမုတ္တဝိနိစ္ဆယ"ဟူသည် ပါဠိတော်မှ လွတ်နေသည့် အဆုံးအဖြတ်ဟူသော အဋ္ဌကထာပင်တည်းဟု ဆိုလိုသည်၊ သို့သော် အချို့အချို့သော နေရာဌာနများမှာ ပါဠိတော်အဆုံးအဖြတ်များလည်း ပါဝင်နေပါသည်၊ ထို့ကြောင့် ပါဠိမုတ္တဝိနိစ္ဆယဟူသော စကားသည် ယေဘုယျနည်း (အများကိုဆို အနည်းကိုလည်း ရသောနည်း) ဖြင့် ဆိုထားသော စကားဖြစ်သည်၊ မုချအားဖြင့် ဆိုထားသော စကားမဟုတ်ဟု မှတ်သင့်၏။ ခဒိရဝနံ (ရှားတော) ဟု ဆိုရာ၌ ယင်းတောထဲမှာ ရှားပင်တစ်မျိုးတည်းသာ ရှိနေသည်မဟုတ်ပါ၊ ဆီးဖြူ သျှစ်သျှားစသော အခြားအပင်များလည်း အနည်းငယ် ရောနှောပါဝင်နေသကဲ့သို့ပင် ဖြစ်ပေသည်။

(တစ်နည်း) ပါဠိဝိနိစ္ဆယော စ + ပါဠိမုတ္တဝိနိစ္ဆယော စ- ပါဠိမုတ္တဝိနိစ္ဆယော-ဟူသော ဧကဒေသသရူပေကသေသနည်းအားဖြင့် ပါဠိတော်အဆုံးအဖြတ်နှင့် ပါဠိတော်မှ လွတ်သော (အဋ္ဌကထာ) အဆုံးအဖြတ်သည်ပင် ပါဠိမုတ္တဝိနိစ္ဆယမည်သည်ဟု ဆိုလိုသည်။ ပါဠိဝိနိစ္ဆယ, ပါဠိမုတ္တဝိနိစ္ဆယတို့မှတစ်ပါး အခြားဝိနိစ္ဆယဟူ၍ မရှိတော့သည့်အတွက် "ပါဠိမုတ္တ" ဟူသော ဝိသေသန-ထည့်သွင်းရန်ပင် မလိုတော့ပါဟု အကြောင်းပြ၍ ဤနည်းကို ဋီကာသစ်ဆရာက ပယ်ထားပါသည်။

ယင်းသို့ ဋီကာသစ်ဆရာက ပယ်ထားပါသော်လည်း ပါဠိတော်အဆုံးအဖြတ် အဋ္ဌအထာအဆုံးအဖြတ်များအပြင် အတ္တနောမတိဟု ဆိုအပ်သော (ဋီကာ စသော) အဆုံးအဖြတ်များ, ထေရဝါဒများ, သုတ္တန်နည်းများလည်း ရှိသေးသည်သာ ဖြစ်သောကြောင့် ဤနည်းကိုလည်း အသင့်ဟုပင် မှတ်သားသင့်ပါသည်၊ ရှေ့နည်းထက်ပင် သဘာဝကျမည် ထင်ပါသည်။

အနာကုလံ။ ။ အာကုလတိ ဗျာကုလတီတိ- အာကုလော၊ (အာ-ကုလ+အ) န + အာကုလော- အနာကုလော၊ ရှေ့ဘက်နောက်ဘက် မရောယှက် မရှုပ်ထွေးသော။ ဤ၌ အနာကုလံဟူသော ပုဒ်သည် ကြိယာဝိသေသနပုဒ် ဖြစ်သည်၊ ထို့ကြောင့် ကတွာ-ပုဒ် ပိုထည့်၍ ဒဿနကြိယာမှာ စပ်ရမည်ဟု ဋီကာသစ်ဆရာဆိုထားသည်၊ ကတွာ-မထည့်ဘဲလည်း ဒဿနကြိယာမှာ စပ်နိုင်သည်သာဖြစ်သောကြောင့် ကတွာ-ထည့်သည့်အတွက် အကျိုးရှိမည် မထင်ပါ။

မာတိကာ။ ။ မာတာ ဝိယာတိ- မာတိကာ (မာတု+ကွက) အမိက သားသမီးကို မွေးဖွားတတ်သည်၊ အကျဉ်းဥဒ္ဒေသက အကျယ်နိဒ္ဒေသကို ဖြစ်စေတတ်သည်၊ ယင်းသို့ဖြစ်စေပုံချင်းတူသောကြောင့် အကျဉ်းဥဒ္ဒေသကိုပင် မာတိကာဟု ဆိုရပါသည်။

http://www.dhammadownload.com

၁။ ဒိဝါသေယျာ- ဒိဝါသေယျဝိနိစ္ဆယကထာလည်းကောင်း၊
၂။ ပရိက္ခာရော- ပရိက္ခာရဝိနိစ္ဆယကထာလည်းကောင်း၊
၃။ ဘေသဇ္ဇကရဏမွိ စ- ဆေးကုခြင်းလည်းကောင်း၊ ပရိတ္တံ- ပရိတ်လည်းကောင်း၊ ပဋိသန္ဓာရော စ- ပျူဇာ လောကဝတ် အစေ့အစပ်ပြုခြင်းလည်းကောင်း၊ (တစ်နည်းကား) ဘေသဇ္ဇကရဏမွိ စ ပရိတ္တံ ပဋိသန္ဓာရော- ဘေသဇ္ဇာဒိကရဏဝိနိစ္ဆယကထာလည်းကောင်း၊
၄။ ဝိညတ္တိ- ဝိညတ္တိဝိနိစ္ဆယကထာလည်းကောင်း၊
၅။ ကုလသင်္ဂဟော- ကုလသင်္ဂဟဝိနိစ္ဆယကထာလည်းကောင်း၊
၆။ မစ္ဆမံသံ- မစ္ဆမံသဝိနိစ္ဆယကထာလည်းကောင်း၊
၇။ အနာမာသံ- အနာမာသဝိနိစ္ဆယကထာလည်းကောင်း၊
၈။ အဓိဋ္ဌာနဝိကပ္ပနံ- အဓိဋ္ဌာနဝိကပ္ပနဝိနိစ္ဆယကထာလည်းကောင်း၊
၉။ စီဝရေနဝိနာဝါသော- စီဝရေနဝိပ္ပဝါသဝိနိစ္ဆယကထာလည်းကောင်း၊
၁၀။ ဘဏ္ဍသ ပဋိသာမနံ- ဘဏ္ဍသ ပဋိသာမနဝိနိစ္ဆယကထာလည်းကောင်း၊
၁၁။ ကယဝိက္ကယသမာပတ္တိ- ကယဝိက္ကယသမာပတ္တိဝိနိစ္ဆယကထာလည်းကောင်း၊
၁၂။ ရူပိယာဒိပဋိဂ္ဂဟော- ရူပိယာဒိပဋိဂ္ဂဟဝိနိစ္ဆယကထာလည်းကောင်း၊
၁၃။ ဒါနဝိဿာသဂ္ဂါဟေဟိ- ဒါနဝိဿာသဂ္ဂါဟတို့နှင့်တကွ၊ လာဘသလာဘ်ကို၊ ပရိဏာမနံ- ညွှတ်စေခြင်းလည်းကောင်း (တစ်နည်းကား) ဒါနဝိဿာသဂ္ဂါဟေဟိ လာဘသ ပရိဏာမနံ- ဒါနလက္ခဏာဒိဝိနိစ္ဆယကထာလည်းကောင်း၊
၁၄။ ပထဝီ- ပထဝီခဏနဝိနိစ္ဆယကထာလည်းကောင်း၊
၁၅။ ဘူတဂါမော စ- ဘူတဂါမဝိနိစ္ဆယကထာလည်းကောင်း၊
၁၆။ ဒုဝိဓံ- နှစ်ပါးအပြားရှိသော၊ သဟသေယျံ- သဟသေယျလည်းကောင်း၊ (တစ်နည်းကား) ဒုဝိဓံ သဟသေယျံ- သဟသေယျဝိနိစ္ဆယကထာလည်းကောင်း၊
၁၇။ သံယိကေ ဝိဟာရေ- သံယိကကျောင်း၌၊ သေယျံ- အိပ်ရာနေရာအခင်းကို၊ သန္ထရိတွာန- ခင်းပြီး၍၊ ပက္ကမော- အရပ်တစ်ပါး ထွက်သွားခြင်းလည်းကောင်း၊ (တစ်နည်းကား) ဝိဟာရေ သံယိကေ သေယျံ သန္ထရိတွာန ပက္ကမော- မဋ္ဌပီဌာဒိသံယိကသေနာသနေသု ပဋိပဇ္ဇိတဗ္ဗဝိနိစ္ဆယကထာလည်းကောင်း၊

http://www.dhammadownload.com

၁၈။ ကာလိကာနိပိ စတ္တာရိ- ကာလိကဝိနိစ္ဆယကထာလည်းကောင်း၊
၁၉။ ကပ္ပိယာ စတုဘူမိယော- ကပ္ပိယဘူမိဝိနိစ္ဆယကထာလည်းကောင်း၊
၂၀။ ခါဒနီယာဒိ ပဋိဂ္ဂါဟော- ပဋိဂ္ဂဟဏဝိနိစ္ဆယကထာလည်းကောင်း၊
၂၁။ ပဋိက္ခေပပဝါရဏာ- ပဝါရဏာဝိနိစ္ဆယကထာလည်းကောင်း၊
၂၂။ ပဗ္ဗဇ္ဇာ- ပဗ္ဗဇ္ဇာဒိဝိနိစ္ဆယကထာလည်းကောင်း၊
၂၃။ နိဿယော- နိဿယဝိနိစ္ဆယကထာလည်းကောင်း၊
၂၄။ သီမာ- သီမာဝိနိစ္ဆယကထာလည်းကောင်း၊
၂၅။ ဥပေါသထပဝါရဏာ- ဥပေါသထပဝါရဏာဝိနိစ္ဆယကထာလည်းကောင်း၊
၂၆။ ဝဿူပနာယိကာ- ဝဿူပနာယိကဝိနိစ္ဆယကထာလည်းကောင်း၊
၂၇။ ဝတ္တံ- ဥပဇ္ဈာယာဒိဝတ္တဝိနိစ္ဆယကထာလည်းကောင်း၊
၂၈။ စတုပစ္စယဘာဇနံ- စတုပစ္စယဘာဇနီယဝိနိစ္ဆယကထာလည်းကောင်း၊
၂၉။ ကထိနံ- ကထိနတ္ထာရဝိနိစ္ဆယကထာလည်းကောင်း၊
၃၀။ ဂရုဘဏ္ဍာနိ- ဂရုဘဏ္ဍဝိနိစ္ဆယကထာလည်းကောင်း၊
၃၁။ စောဒနာဒိဝိနိစ္ဆယော- စောဒနာဒိဝိနိစ္ဆယကထာလည်းကောင်း၊
၃၂။ ဂရုကာပတ္တိဝုဋ္ဌာနံ- ဂရုကာပတ္တိဝုဋ္ဌာနဝိနိစ္ဆယကထာလည်းကောင်း၊
၃၃။ ကမ္မာကမ္မံ- ကမ္မာကမ္မဝိနိစ္ဆယကထာလည်းကောင်း၊
၃၄။ ပကိဏ္ဏကံ- ပကိဏ္ဏကဝိနိစ္ဆယကထာလည်းကောင်း၊

ဣတိ အယံ- ဤ ၃၄ ပါးသော ကထာအပေါင်းဟု ဆိုအပ်သော၊ မာတိကာ- မာတိကာသည်၊ ဟောတိ- ဖြစ်၏။ (ဣတိသဒ္ဒါ ဣဒမတ္ထ။)

သာ- ထိုမာတိကာကို၊ ကထံ ဒဋ္ဌဗ္ဗာ- အဘယ်သို့ မှတ်ထိုက်သနည်း၊ ဒိဝါသေယျာ- ဒိဝါသေယျဝိနိစ္ဆယကထာလည်းကောင်း။ပ။ ပကိဏ္ဏကံ- ပကိဏ္ဏကဝိနိစ္ဆယကထာလည်းကောင်း၊ သာ- ထိုမာတိကာကို၊ ဣတိ- ဤသို့၊ ဒဋ္ဌဗ္ဗာ- မှတ်ထိုက်၏။ (ဣတိသဒ္ဒါ နိဒဿနတ္ထ။)

ဒိဝါသေယျာ- ဒိဝါသေယျဝိနိစ္ဆယကထာလည်းကောင်း။ပ။ ပကိဏ္ဏကံ- ပကိဏ္ဏကဝိနိစ္ဆယကထာလည်းကောင်း၊ ဣတိ- မာတိကာအပြီးတည်း။ (ဣတိသဒ္ဒါ ပရိသမာပနတ္ထ။)

ဂန္ထာရမ္ဘကထာပြီး၏။

http://www.dhammadownload.com

၁။ ဒိဝါသေယျဝိနိစ္ဆယကထာ

၁။ တတ္ထ- ထိုမာတိကာပုဒ်တို့တွင်၊ **ဒိဝါသေယျာတိ** (ပဒဿ)- ဒိဝါသေယျာဟူသော ပုဒ်၏၊ ဒိဝါနိပဇ္ဇနံ- နေ့အခါ၌ အိပ်ခြင်း၊ (ဣတိ အယံ- ဤအနက်ကို၊ ဒဋ္ဌဗ္ဗော- မှတ်ထိုက်၏၊) (တစ်နည်းကား၊) ဒိဝါသေယျာတိ- ဒိဝါသေယျာဟူသည်ကား၊ ဒိဝါနိပဇ္ဇနံ- နေ့အခါ၌ အိပ်ခြင်းတည်း။

တတြ- ထိုနေ့အခါ၌ အိပ်ခြင်း၌၊ အယံ- ဤဆိုအပ်လတ္တံ့သော၊ ဝိနိစ္ဆယော- အဆုံးအဖြတ်ကို၊ (ဝေဒိတဗ္ဗော- သိအပ်၏၊) "အနုဇာနာမိ။ပ။ ပဋိသလ္လိယိတုန္တိ- အနုဇာနာမိ။ပ။ ပဋိသလ္လိယိတုံဟူ၍၊" ဝစနတော- ရှင်တော်ဘုရားဟောကြားတော်မူခြင်းကြောင့်၊ ဒိဝါ- နေ့အခါ၌၊ နိပဇ္ဇန္တေန- အိပ်သောရဟန်းသည်၊ ဒွါရံ- တံခါးကို၊ သံဝရိတွာ- ပိတ်၍၊ နိပဇ္ဇိတဗ္ဗံ- အိပ်ရမည်။

[ဘိက္ခဝေ- ဘိက္ခုတို့၊ ဒိဝါ- နေ့အခါ၌၊ ပဋိသလ္လိယန္တေန- အိပ်သောရဟန်းသည်၊ ဒွါရံ- တံခါးကို၊ သံဝရိတွာ- ပိတ်၍၊ ပဋိသလ္လိယိတုံ- အိပ်ခြင်းငှာ၊ အနုဇာနာမိ- ခွင့်ပြုပေ၏။ ပါဠိတော်အနက်။]

စ- ဆက်ဦးအံ့၊ ဧတ္ထ- ဤသိက္ခာပုဒ်၌၊ ဝါ- ဤနေ့အခါအိပ်ခြင်း၌၊ ပါဠိယံ- ပါဠိတော်၌၊ "အယံ နာမ အာပတ္တီ"တိ- ဤမည်သော အာပတ်ဟူ၍၊ (ဘဂဝတာ- မြတ်စွာဘုရားသည်) ကိဉ္စာပိ န ဝုတ္တာ- အကယ်၍ကား ဟောတော်မမူအပ်ပါပေ၊ ပန- ထိုသို့ပင် ဟောတော်မမူအပ်ပါသော်လည်း၊ ဝိဝရိတွာ- တံခါးဖွင့်၍၊ နိပန္နဒေါသေန- အိပ်ခြင်းဟူသော အပြစ်ကြောင့်၊ ဝတ္ထုသ္မိ-

---

ဒိဝါသေယျ။ ။ သယနံ- သေယျာ၊ ဒိဝါ (ဒိဝသဘာဂေ) + သေယျာ- ဒိဝါသေယျာ၊ ဒိဝါ-သဒ္ဒါသည် အဟ- နေ့ဟူသော အနက်ကိုဟောသည့် အာကာရန္တနိပါတ်ဖြစ်သည်၊ ယင်းနေ့ဟူသည်မှာလည်း အရုဏ်တက်သည်မှစ၍ နေဝင်သည်တိုင်အောင် အချိန်အခါပင်ဖြစ်သည်၊ ယင်းအချိန်အတွင်းမှာ လဲလျောင်းအိပ်နေခြင်းကိုပင် ဒိဝါသေယျ-ဟု ဆိုလိုပါသည်။

ကိဉ္စာပိ။ပ။ သီဒ္ဓံ။ ။ ပါဠိတော်၌ ဤပညတ်သော အာပတ်ဟု မဟောစေကာမူ တံခါးမပိတ်ဘဲ အိပ်သောရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်သည်ဟု အဋ္ဌကထာမှာ ပြဆိုထားသောကြောင့် ဒုက္ကဋ်အာပတ်သင့်ကြောင်း သိနိုင်သည်၊ ထို့ပြင် နေ့အခါမှာသာသင့်၍ ညအခါမှာ မသင့်သော အာပတ်ရှိသည်ဟူသော ပရိဝါပါဠိတော်ကို အထောက်အထားပြု၍လည်း ဒုက္ကဋ်အာပတ်သင့်ကြောင်းကို သိနိုင်ပါသေးသည်ဟု ဆိုလိုသည်။

http://www.dhammadownload.com

မေထုနဝတ္ထုသည်၊ ဝါ- မိန်းမက လွန်ကျူးမှုဝတ္ထုသည်၊ ဥပ္ပန္ဓေ- ဖြစ်ပေါ်လတ်သော်၊ ဒွါရံ- တံခါးကို၊ သံဝရိတွာ- ပိတ်၍၊ နိပဇ္ဇိတုံ- အိပ်ခြင်းငှာ၊ (ဘဂဝတာ- မြတ်စွာဘုရားသည်၊) အနုညာတတ္တာ- ခွင့်ပြုတော်မူအပ်ပြီးသည်၏ အဖြစ်ကြောင့်၊ အသံဝရိတွာ- တံခါးမပိတ်ဘဲ၊ ပဋိသလ္လီယန္တဿ- အိပ်သောရဟန်း၏၊ ဒုက္ကဋံ- ဒုက္ကဋ်အာပတ်ကို၊ အဋ္ဌကထာယံ- အဋ္ဌကထာ၌၊ (အာစရိယေဟိ- အဋ္ဌကထာဆရာတို့သည်၊) ဝုတ္တံ- မိန့်ဆိုအပ်ပြီ၊ ဟိ- မှန်၏၊ ဘဂဝတော- မြတ်စွာဘုရား၏၊ အဓိပ္ပါယံ- အလိုတော်ကို၊ ဥတွာ- သိနားလည်ကြကုန်၍၊ ဥပါလိတ္ထေရာဒီဟိ- ဥပါလိထေရ် အစရှိသော ထေရ်တို့သည်၊ အဋ္ဌကထာ- အဋ္ဌကထာကို၊ ဌပိတာ- ထားအပ်ပြီ၊ စ- သည်သာမကသေး၊ "အတ္ထာပတ္တိ။ပ။ ရတ္တိ"နွှဲ- အတ္ထာပတ္တိ။ပ။ ရတ္တိံ- ဟူသော၊ ဣမိနာပိ- ဤပရိဝါပါဠိတော်ကြောင့်လည်း၊ ဧတံ- ဤဒုက္ကဋ် အာပတ်သည်၊ သိဒ္ဓံပြီး၏။

[ယံ အာပတ္တိံ- အကြင်အာပတ်သို့၊ ဒိဝါ- နေ့အခါ၌၊ အာပဇ္ဇတိ- ရောက်၏၊ ရတ္တိံ- ညဉ့်အခါ၌၊ နော အာပဇ္ဇတိ- မရောက်၊ သာ အာပတ္တိ- ထိုအာပတ်သည်၊ အတ္ထိ- ရှိ၏။ ပါဠိတော်အနက်။]

အဋ္ဌကထာ။ ။ အတ္ထော ကထီယတိ ဧတာယာတိ- အဋ္ဌကထာ၊ (အတ္ထ+ကထ+အ၊တ္ထ-ကို ဌ-ပြု၊) အနက်ကို ဖွင့်ဆိုကြောင်းဖြစ်သော စကားအစဉ် (ပါဠိတော်အဖွင့်) ကို အဋ္ဌကထာခေါ်သည်၊ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားဖွင့်ဆိုထားသည်ကို နည်းယူ၍ ဥပါလိထေရ်အစရှိသော ထေရ်အဆက်ဆက်က ဘုရားရှင်၏ အလိုတော်နှင့် အညီ ယင်းအဋ္ဌကထာကို ထားခဲ့သည်။ ထို့ကြောင့်ပင် –

"ဘဂဝတော ဟိ အဓိပ္ပါယံ ဥတွာ ဥပါလိတ္ထေရာဒီဟိ အဋ္ဌကထာ ဌပိတာ"။ ဟူ၍ ကျမ်းဆရာကိုယ်တိုင် မိန့်ဆိုထားခဲ့ပေသည်။

မြတ်စွာဘုရားထင်စွာ မပြုခဲ့သော (ဖွင့်မပြခဲ့သော) ပါဠိတော်ပုဒ် (ဝါကျ) မည်သည် မရှိ၊ ပုဒ်, ဝါကျ အကုန်လုံးတို့၏ အနက်ကိုပင် ဘုရားရှင်ဟောကြားဖွင့်ဆိုခဲ့ပြီး ဖြစ်ပေသည်။ (မဇ်၊ပဏ်၊၌၊၃၊၆၉။)

ထို့ကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင်ပင် ပိဋကတ်သုံးပုံ၏ အနက်ကို ဖွင့်ဆိုကြောင်း၊ (သဒ္ဒနယ အတ္ထနယ) အစဉ်ကိုလည်း ဟောကြားခဲ့ပြီးဖြစ်သည်ဟု မှတ်ယူသင့်သည်။ မှန်၏။ မြတ်စွာဘုရားက ထိုထိုသိက္ခာပုဒ် ထိုထိုသုတ်တို့၌ ဟောကြားခဲ့သော ပကိဏ္ဏကဒေသနာ-သည်ပင်လျှင် အဋ္ဌကထာမည်သည်။ (ဋီ။)

http://www.dhammadownload.com

၂။ ပန- ဆက်ဦးအံ့၊ ဝါ- ထင်ရှားစေဦးအံ့၊ ကီဒိသံ- အဘယ်သို့ ရှုအပ်သော၊ ဒွါရံ- တံခါးကို၊ သံဝရိတဗ္ဗံ- ပိတ်ထိုက်သနည်း၊ ကီဒိသံ- သော၊ ဒွါရံ- ကို၊ န သံဝရိတဗ္ဗံ- မပိတ်ထိုက်သနည်း။ (ကွတိ- ဤကားအမေးတည်း။)

ရုက္ခပဒရဝေဠုပဒရကိလဉ္ဇပဏ္ဏာဒီနံ- ပျဉ်ပြား, ဝါးပြား, ဖျာ, သစ်ရွက်အစရှိသည်တို့တွင်၊ ယေန ကေနစိ- အမှတ်မပြု တစ်စုံတစ်ခုသော ဝတ္ထုဖြင့်၊ ကဝါဋံ- တံခါးရွက်ကို၊ ကတွာ- ပြုလုပ်၍၊ ဟေဋ္ဌာ- အောက်၌၊ ဥဒုက္ခလေ- ဆုံငယ်၌

ထိုတွင် "ပကိဏ္ဏက"ဟူသော ပုဒ်သည် ပ-ပုဗ္ဗ, ကိရ-ဓာတ်, တ-ပစ္စည်းဖြင့် ပြီးသော ပုဒ်ဖြစ်သည်။ကိရ ဝိက္ခေပဝိကိရေ၊ နေကတ္ထော-ဗျယပုဗ္ဗကော၊ ဟူသော ဓာတ္တွတ္ထသင်္ဂဟ အဆိုအမိန့်အရ ဤ၌ ကိရ-ဓာတ်သည် ခွဲ့,ဖွင့်ခြင်းအနက်ကို ဟောသည်။ ထို့ကြောင့် ထိုထိုသိက္ခာပုဒ် ထိုထိုသုတ်စသည်တို့၌ အနက်အဓိပ္ပါယ်ချပ်၍ လှပ်၍ အကျယ်ဖွင့်ဆို ဟောကြားအပ်သော (ဘုရားရှင်၏) စကားအစဉ်ကို ပကိဏ္ဏကဒေသနာခေါ်သည်ဟု မှတ်ယူသင့်ပါသည်။ ထို့ကြောင့် –

၁။ ဗုဒ္ဓသံဝဏ္ဏိတအဋ္ဌကထာ- ဘုရားရှင်ကိုယ်တိုင်ဖွင့်ဆိုအပ်သော အဋ္ဌကထာ၊
၂။ သာဝကသံဝဏ္ဏိတအဋ္ဌကထာ- ဘုရားရှင်အလိုနှင့် လျော်ညီသော နည်းဖြင့် ဥပါလိစသော သာဝကများ ဖွင့်ဆိုအပ်သော အဋ္ဌကထာ။

ဤအဋ္ဌကထာနှစ်မျိုး ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် (ဘုရားလက်ထက်တော်) ကပင် ရှိခဲ့ကြောင်း သိနိုင်ပါသည်၊ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် ယင်း အဋ္ဌကထာများကို သင့်ရာစုပေါင်း၍ ဓမ္မသင်္ဂါဟက မထေရ်များက သင်္ဂါယနာ သုံးတန် တင်ထားခဲ့ကြသည်၊ တတိယသင်္ဂါယနာတင်ပြီးသည့်နောက် ကိုးတိုင်း ကိုးဌာန သို့ သာသနာပြုမထေရ်များကြွသွားချိန်မှာ သီဟိုဠ်ကျွန်းသား မထေရ်များက ယင်း အဋ္ဌကထာ-ကိုပင် သီဟိုဠ်ကျွန်းသားများအတွက် သီဟိုဠ်ဘာသာ ပြန်ဆိုထားကြသည်၊ ဤသီဟိုဠ်ဘာသာပြန် အဋ္ဌကထာကိုပင် မဟာအဋ္ဌကထာ-ဟု ခေါ်သည်။

ထို့နောက် – မဟာပစ္စရီအဋ္ဌကထာ (ပစ္စရီ-သဒ္ဒါသည် ဖောင်ဟူသောအနက်ကို ဟောသည်၊ ဖောင်ပေါ်၌ ရေးသားပြုစုအပ်သောကြောင့် ပစ္စရီအဋ္ဌကထာ-ဟု ခေါ်ကြသည်၊ သို့သော် နောက်,စူဠပစ္စရီအဋ္ဌကထာကို ထောက်၍ မဟာပစ္စရီအဋ္ဌကထာ-ဟု တွင်လာသည်။)

ကုရုန္ဒီအဋ္ဌကထာ- (ကုရုန္ဒီဝတ္ထုကျောင်း၌ ရေးသားစီရင်သည့်အတွက် ကုရုန္ဒီအဋ္ဌကထာမည်သည်၊ စူဠပစ္စရီအဋ္ဌကထာ, အန္ဓကအဋ္ဌကထာ-စသော အဋ္ဌကထာ အများအပြားပေါ်ထွက်လာသည်၊ အရှင်ဗုဒ္ဓဃောသစသော အဋ္ဌကထာကျမ်းပြုဆရာများက မဂဓဘာသာဖြင့် အဋ္ဌကထာသစ်ကို ပြုစုကြသည့်အခါမှာ မဟာအဋ္ဌကထာ-ကိုပင် ကိုယ်ထည်အရင်းခံထား၍ ပြုစုရေးသားကြသည်။)

http://www.dhammadownload.com

လည်းကောင်း၊ ဥပရိ- အထက်၌၊ ဥတ္တရပါသကေ စ- အထက်ကွင်းငယ်၌ လည်းကောင်း၊ ပဝေသေတွာ- သွင်း၍၊ ကတံ- ပြုအပ်သော၊ ပရိဝတ္တက ဒွါရမေဝ- လည်သော တံခါးကိုသာ၊ သံဝရိတဗ္ဗံ- ပိတ်ထိုက်၏။

အည်- အခြားသော၊ (ဧဝရူပံ ဒွါရံ-မှာ လှမ်းစပ်ပါ။) ဂေါရူပါနံ- နွားအပေါင်းတို့၏၊ ဝဇေသု ဝိယ- ခြံတို့၌ကဲ့သို့၊ ရုက္ခသူစိကကဏ္ဏကဒွါရံ- သစ်ကျည်လျှို တံခါး ဆူးတံခါးလည်းကောင်း၊ ဂါမထကနကံ- ရွာကို ပိတ်ကြောင်းဖြစ်သော၊

ပရိဝတ္တကဒွါရ။ ။ တံခါးတိုင်နှင့် ယှဉ်တွဲတပ်ဆင်မည့် တံခါးရွက်၏ ဘေး အထက်အောက် နှစ်ဘက်လုံးမှာ သစ်သားစွန်းများ (ငုတ်များ) လုံးချော ချန်ထား၍ အောက်အစွန်းကို တံခါးတိုင်နား၌ ဆုံငယ်သဏ္ဌာန် ခိုင်မြဲအောင် အသင့်လုပ်ထား သော အပေါက်မှာ သွင်းရသည်။ အထက်စွန်းကို လက်ကောက်ကွင်းသဏ္ဌာန် လုပ်ထား သောသံကွင်း သို့မဟုတ် သစ်သားကွင်းမှာ သွင်းထားရသည်။ ထို့နောက် ယင်းလက် ကောက်ကွင်းကို ခိုင်မြဲအောင်တိုင်နှင့် တွဲစပ်တပ်ထားလိုက်ရသည်။ ယင်းသို့ လုပ်လိုက် သည့်အတွက် တံခါးရွက်သည် ပတ္တာတပ်ထားသော ဟံခါးရွက်ကဲ့သို့ ဖွင့်မှု ပိတ်မှုကို ပြုသောအခါမှာ လည်နေသည်။ ယင်းကိုပင် "ပရိဝတ္တကဒွါရ"ခေါ်သည်၊ ဤတံခါး မျိုးကို ရှေးခေတ်က ပြုလုပ်သုံးစွဲခဲ့ရှိသည်။ ယခုတိုင် အချို့ကျေးရွာကျောင်း ဝစ္စကုဋိ စသည်တို့မှာ ရှိနေသေးသည်၊ ယခုခေတ် ပတ္တာတပ်၍ သုံးစွဲနေကြသော တံခါးရွက်များ လည်း ပရိဝတ္တကဒွါရချည်းပင်ဖြစ်သည်။ နေ့အချိန်ကျိန်းစက်လျှင် တံခါးပိတ်ပြီးမှ ကျိန်းစက်ရမည်၊ ပြတင်းပေါက်တံခါးကိုကား မပိတ်သော်လည်း အပြစ်မရှိပါ။

ဝင်ထွက်သွားလာမှုအတွက် ပြုလုပ်ထားသော တံခါးမကိုသာ ဒွါရဟု ခေါ်သည်။ ပြတင်းပေါက်များကို ဒွါရ-ဟု မခေါ်ရပါ၊ ဝါတပါန-ဟုသာ ခေါ်ပါသည်၊ ဒွါရ-တံခါး ပေါက်ဆိုစေကာမူ ဤ၌ ဌာနူပစာ (တည်ရာကို ဆိုစေကာမူ တည်တတ်ကိုသာ ယူရ သောနည်း) အားဖြင့် ဝင်ပေါက်ထွက်ပေါက် တံခါးမကြီးမှာ တပ်ထားသော တံခါးရွက် ကိုပင် "ဒွါရ"ဟု ဆိုထားပါသည်။

ရုက္ခသူစိကကဏ္ဏကဒွါရံ။ ။ 'ဒွန်၏နောက်၌, ရှိသောပိုဒ်, ယှဉ်လိုက်, ပုဒ်တိုင်းသာ' ဟူသောနိယံအရ ရုက္ခသူစိဒွါရကဏ္ဏကဒွါရ-ဟု ဒွါရ-သဒ္ဒါကို ရှေ့နှစ်ပုဒ်လုံးနှင့် တွဲစပ် ထားရမည်၊ တံခါးပေါက်ဘေးနှစ်ဘက်မှာ ခြံစည်းရိုးနားကပ်၍ တစ်ဖက်တစ်တိုင်စီ တိုင်နှစ်တိုင်စိုက်ထားရသည်။ ယင်းတိုင်တို့ကို သုံးပေါက် လေးပေါက်စသည် အလိုရှိ သလောက် ထက်အောက်ဖောက်ထားရသည်၊ ယင်းအပေါက်များမှာ သစ်သားချောင်း များကိုဖြစ်စေ ဝါးလုံးများကို ဖြစ်စေ လျှိုသွင်း၍ ပိတ်ရသည်။ ယင်းတံခါးမျိုးကိုပင် "ရုက္ခသူစိဒွါရ (သစ်ကျည်လျှိုတံခါး)"ဟု ခေါ်သည်။

http://www.dhammadownload.com

စက္ကလကယုတ္တဒွါရံ- စက်ဘီးတစ်ခုတပ်အပ်သော တံခါးလည်းကောင်း၊ ဖလကေသု ဝါ- ပျဉ်ချပ်တို့၌သော်လည်းကောင်း၊ ကိဋ္ဌကာသု ဝါ- ဝါးခြမ်း ဆူးခက် တံခါးရွက်တို့၌ သော်လည်းကောင်း၊ ဒွေ တီဏိ စက္ကလကာနိ- နှစ်ခု သုံးခုကုန်သော စက်ဘီးတို့ကို၊ ယောဇေတွာ- တပ်၍၊ ကတံ- ပြုအပ်သော၊ (တံခါးရွက်ကကြီးသောကြောင့် ဘီးနှစ်ခုသုံးခုတပ်ရသည်၊) သံသရဏကိဋ္ဌကဒွါရံ- ဝဲဘက်ယာဘက် ရွှေ့ရှားသော ပျဉ်ချပ်စသော တံခါးလည်းကောင်း၊ အာပဏေသု ဝိယ- စျေးဆိုင်တို့၌ကဲ့သို့၊ ကတံ- ပြုအပ်သော၊ ဥဂ္ဃါဋနကိဋ္ဌကဒွါရံ- ခွါလှုပ်၍ ရကောင်းသော ပျဉ်ချပ်တံခါးလည်းကောင်း၊ (ပျဉ်ချပ်တို့ကို တစ်ခုချင်း ခွါ၍ ဖွင့်သော စျေးတံခါး၊) ဒွီသု တီသု ဌာနေသု- နှစ်ခုသုံးခုသော နေရာတို့၌၊ ဝေဠုသလာကာ- ဝါးခြမ်းစိတ်တို့ကို၊ ဂေါပ္ပေတွာ- ဖွဲ့သီ၍၊ ပဏ္ဏကုဋိသုသစ်ရွက်မိုးကျောင်းတို့၌၊ ကတံ- ပြုအပ်သော၊ သလာကဟတ္ထကဒွါရံ- ဝါးခြမ်းစိတ်အပေါင်းတံခါးလည်းကောင်း၊ ဝါ- ယင်းလိပ်တံခါးလည်းကောင်း၊

ဆူးခက်တစ်ခက်ဖြင့်ဖြစ်စေ အများဖြင့်ဖြစ်စေ အဖွင့်အပိတ်လွယ်ကူအောင် ပြုလုပ်ထားသောတံခါးမျိုးကို "ကဏ္ဏကဒွါရ (ဆူးတံခါး)"ဟု ခေါ်သည်၊ ဤတံခါးမျိုးကား တံခါးပေါက်မှာ ကပ်၍ ပိတ်ဆို့ရုံမျှသာ ဖြစ်ဖွယ်ရာရှိသည်။

စက္ကလကယုတ္တဒွါရံ။ ။ စက္ကမေဝ လာတဗ္ဗန္တိ စက္ကလံ၊ ဖွင့်ပိတ်ရန်အလို့ငှာ တပ်အပ်သောစက်ဘီး၊ စက္ကလမေဝ- စက္ကလကံ၊ (က-ပစ္စည်း သွတ္ထာ၊) စက္ကလကေန+ယုတ္တံ- စက္ကလကယုတ္တံ (ဒွါရံ)၊ ဆုံငယ်တွင်း လက်ကောက်ကွင်း မပါသောကြောင့် တစ်ယောက်တည်း ဖွင့်ပိတ်ရန် မလွယ်ကူသည့်အတွက် အောက်ဘက်အလယ်၌ ဘီးတစ်ခုသာ တပ်၍ ဖွင့်ပိတ်ရသော တံခါးမျိုးကိုပင် "စက္ကလကယုတ္တဒွါရ (ဘီးတပ်တံခါး)"ဟု ခေါ်သည်။ ဘီးတပ်လိုက်သည့်အခါမှာ တံခါးရွက်က ကြီးနေသော်လည်း ဘီးက လည်ပေးသည့်အတွက် အဖွင့်ရ အပိတ်ရ လွယ်ကူသွားသည်။

သံသရဏကိဋ္ဌကဒွါရံ။ ။ အောက်မှာ ဘီးငယ်များ တပ်ထားသဖြင့် ဝဲဘက်ယာဘက် ရွှေ့ရှားသွားလာသော ပျဉ်ချပ် ဝါးခြမ်းပြား ဆူးခက်စသည်တို့ဖြင့် ပြုလုပ်ထားသော တံခါးမျိုးကိုပင် "သံသရဏကိဋ္ဌကဒွါရ (ရွှေ့ရှားတံခါး)"ဟု ခေါ်သည်။

သလာကဟတ္ထကဒွါရံ။ ။ ဤ၌ ဟတ္ထက-သဒ္ဒါ အပေါင်းဟူသော အနက်ကို ဟောသည်၊ ဝါးခြမ်းပြားတို့ကို အထက်အောက် နှစ်နေရာသုံးနေရာတို့၌ အပေါက်ဖောက်ပြီး ကြိုးတို့ဖြင့် သိကုံး၍ဖြစ်စေ ယခုကာလ "ယင်း"များကဲ့သို့ ကြိုးတို့ဖြင့် ချည်နှောင်တုပ်ဖွဲ့၍ဖြစ်စေ ပြုလုပ်အပ်သော တံခါးကို "သလာကဟတ္ထကဒွါရ (ယင်းလိပ်တံခါး)"ဟု ခေါ်သည်။

ဂေါပ္ပေတွာတိ- အာဝုဏိတွာ ရဇ္ဇုဟိ ဂန္ထေတွာ ဝါ။ (ဋီ။)

http://www.dhammadownload.com

ဒုဿသာဏိဒွါရံ- ချည်ထည်အဝတ်တံခါး ပိုက်ဆံလျှော်ထည် အဝတ်တံခါး လည်းကောင်း၊ ဣတိ- ဤသို့၊ ဧဝရူပံ- ဤသို့သဘောရှိသော၊ ဒွါရံ- တံခါးကို၊ နသံဝရိတဗ္ဗံ- မပိတ်ထိုက်၊ ဝါ- ပိတ်ဖွယ်မလို၊ (ဣတိ- ဤကား အဖြေတည်း။) ပန- ဆက်၊ ပတ္တဟတ္ထဿ- လက်၌ သပိတ်ရှိသော ရဟန်း၏၊ ကဝါဋပ္ပဏာ- မဏော- တံခါးရွက်ကို တွန်းခြင်း၌၊ ဧကံ- တစ်မျိုးသော၊ ဒုဿသာဏိဒွါရမေဝ- ချည်ထည်အဝတ်တံခါး ပိုက်ဆံလျှော်ထည်အဝတ်တံခါးသည်သာ၊ အနာ- ပတ္တိကရံ- အာပတ်မသင့်အောင်ပြု၏၊ အဝသေသာနိ- ကြွင်းသော တံခါးတို့ကို၊ ပဏာမေန္တဿ- တွန်းသော ရဟန်း၏၊ အာပတ္တိ- အာပတ်သည်၊ ဟောတိ- ဖြစ်၏၊ ပန- ဆက်၊ ဒိဝါ- ၌၊ ပဋိသလ္လီယန္တဿ- အိပ်သော ရဟန်း၏၊ ပရိဝတ္တကဒွါရမေဝ- လည်သော တံခါးသည်သာ၊ အာပတ္တိကရံ- အာပတ်ကို ပြု၏၊ ဝါ- အာပတ်သင့်စေ၏၊ သေသာနိ- ကြွင်းသော တံခါးတို့ကို၊ သံဝရိတွာ ဝါ- ပိတ်၍သော်လည်းကောင်း၊ အသံဝရိတွာ ဝါ- မပိတ်ဘဲသော်လည်း ကောင်း၊ နိပဇ္ဇန္တဿ- အိပ်သောရဟန်း၏၊ အာပတ္တိ- အာပတ်သည်၊ နတ္ထိ- မရှိ၊ ပန- ထိုသို့ပင် အာပတ်မရှိပါသော်လည်း၊ သံဝရိတွာ- ပိတ်၍၊ နိပဇ္ဇိတဗ္ဗံ- အိပ်ရာ၏၊ ဧတံ- ဤသို့ တံခါးပိတ်၍အိပ်ခြင်းသည်၊ ဝတ္တံ- ကျင့်ဝတ်တည်း။

၃။ ပရိဝတ္တကဒွါရံ- လည်သော တံခါးသည်၊ ဝါ- ကို၊ ကိတ္တကေန- အဘယ်မျှသော အတိုင်းအရှည်ဖြင့်၊ သံဝုတံ- ပိတ်အပ်သည်၊ ဟောတိ- ဖြစ်သနည်း၊ (ဣတိ- ဤကားအမေးတည်း။)

သူစိယဋ္ဌိကာသု- ကျည်ငယ်ကျည်မ အစရှိသည်တို့ကို၊ ဒိန္နာသု- ပေးအပ်ကုန်ပြီးသော်၊ သံဝုတမေဝ- ပိတ်အပ်ပြီးသည်သာ၊ ဟောတိ- ဖြစ်၏၊ အပိ စ ခေါ- ထိုသို့ပင် ပိတ်အပ်ပြီးဖြစ်ပါသော်လည်း၊ သူစိမတ္တေပိ- ကျည်ငယ်မျှကို

ဒုဿသာဏိဒွါရ။ ။ ဒုဿဒွါရံ+သာဏိဒွါရဥ- ဒုဿသာဏိဒွါရံ၊ ဤသို့ (ဝဇီရ- ဗုဒ္ဓိဋီကာ၊၁၁၇။) ၌ နှစ်မျိုးခွဲဖွင့်ထားသည်၊ သာဏိ-သဒ္ဒါ ပိုက်ဆံလျှော်အဝတ်ကို ဟောသည်၊ (သံ+အံ-ဓာန်။)၊ ထို့ကြောင့် ချည်အဝတ်ဖြင့် လုပ်ထားသော တံခါးကို 'ဒုဿဒွါရ'၊ ပိုက်ဆံလျှော်အဝတ်ဖြင့် လုပ်ထားသော တံခါးကို 'သာဏိဒွါရ' ခေါ်သည်ဟု မှတ်ယူသင့်ပါသည်။

ထို့ပြင် သပိတ်ကို ကိုင်ထားသော ရဟန်းက တံခါးကို တွန်းဖွင့်ရာ၌ ကိလဥသာဏိ- ဒွါရ-သည်လည်း ပေါ့ပါးပုံချင်းတူသောကြောင့် ဒုဿသာဏိဒွါရ-မှာ ပါဝင်သည်။ အာပတ်မသင့်စေပါဟု ဋီကာဆရာများ ပြဆိုထားပြန်သည်။

http://www.dhammadownload.com

လည်း၊ ဝါ- မင်းတုပ်မျှကိုလည်း၊ ဒိန္နေ- ပေးအပ်ပြီးသော်၊ (မင်းတုပ်ထိုးပြီးလို့ ရှိရင်၊) ဝဋ္ဋတိ- အပ်၏၊ ယဋ္ဌိကာမတ္တေ- ကျည်မ, မျှကို၊ ဝါ- ကန့်လန့် (ဂလန့်) မျှကို၊ ဒိန္နေပိ- ပေးအပ်ပြီးသော်လည်း၊ ဝါ- လျှိုအပ်ပြီးသော်လည်း၊ ဝဋ္ဋတိ- ၏၊ ဒွါရဗာဟံ- တံခါးဘောင်ကို၊ ဖုသိတ္တာ- ထိ၍၊ ဌပိတမတ္တေပိ- ထားအပ်ကာ မျှဖြစ်သော်လည်း၊ ဝဋ္ဋတိ- ၏၊ ဤသက်- အနည်းငယ်၊ အဖုသိတေပိ- မထိအပ်ပါသော်လည်း၊ ဝဋ္ဋတိ- ၏၊ သဗ္ဗန္တိမေန- အလုံးစုံတို့၏ အဆုံး၌ဖြစ်သော၊ ဝိဓိနာ- အစီအရင်ဖြင့်၊ ယာဝတာ- အကြင်မျှအတိုင်းအရှည်ဖြင့်၊ သီသံ- ဦးခေါင်းသည်၊ နပ္ပဝိသတိ- မဝင်နိုင်၊ တာဝတာ- ထိုဦးခေါင်း မဝင်နိုင်လောက်အောင်သော အတိုင်းအရှည်ဖြင့်၊ အဖုသိတေပိ- မထိပါသော်လည်း၊ ဝဋ္ဋတိ- အပ်၏။

ဗဟူနံ- ရဟန်းအများတို့၏၊ ဝဋ္ဋဂုဏ္ဍာနံ- သုံးစွဲအပ်သော အရပ်သည်၊ သစေ ဟောတိ- အကယ်၍ဖြစ်အံ့၊ (ဧဝံ သတိ- ဤသို့ဖြစ်လတ်သော်၊) ဘိက္ခု ဝါ- ရဟန်းကိုသော်လည်းကောင်း၊ သာမဏေရံ ဝါ- သာမဏေကိုသော်လည်းကောင်း၊ "အာဝုသော- ငါ့ရှင်၊ ဒွါရံ- တံခါးကို၊ ဇဂ္ဂါဟိ- စောင့်ရှောက်လော့၊" ဣတိ- ဤသို့ ဝတ္တာပိ- ပြောဆိုမှာထား၍လည်း၊ နိပဇ္ဇိတုံ- အိပ်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏။

[အများသုံးနေရာ မဟုတ်စေကာမူ တစ်ယောက်ယောက်ကို အစောင့်ခိုင်း၍ အိပ်ကောင်းသည်။ ဋီ။]

ဘိက္ခူ- ရဟန်းတို့သည်၊ စီဝရကမ္မံ ဝါ- သင်္ကန်းချုပ်ဆိုးမှုကိုသော်လည်းကောင်း၊ အညံ- အခြားသော၊ ကိဉ္စိ ဝါ- တစ်စုံတစ်ခုသော အလုပ်ကိုသော်လည်းကောင်း၊ ကရောန္တာ- ပြုကုန်လျက်၊ နိသိန္နာ- ထိုင်နေကုန်သည်၊ အထ

ထိုတွင် ကိလဉ္ဇသာဏ်ဒွါရ-ဟု အဘယ်ကို ခေါ်ပါသနည်း၊ ကိလဉ္ဇဒွါရ, သာဏ်ဒွါရ-ဟု နှစ်မျိုးခွဲရဦးမည်လော၊ ဤသို့မေးမြန်းစောဒနာခဲ့ပါလျှင် –

ကိလဉ္ဇဒွါရ, သာဏ်ဒွါရ-ဟု နှစ်မျိုးမခွဲရတော့ပါ၊ သာဏိသဒ္ဒါသည် လိုက်ကာခန်းဆီး ကန့်လန့်ကာဟူသော အနက်ကိုလည်း ဟောသေးသည်၊ (ပါ+အံ-ဓာန်၊) ယင်းအနက် အားလျော်စွာ နေရောင်စသည်တို့ကို တားဆီးကာကွယ်ရုံ ပြုလုပ်ထားသော ဖျာတံခါးမျိုးကို "ကိလဉ္ဇသာဏ်ဒွါရ"ခေါ်သည်ဟု ဖြေဆိုရပါမည်။ သစ်သားဘောင်ကွပ် ပတ္တာတပ်၍ လေးလေးပင်ပင်ပြုလုပ်ထားသော ဖျာတံခါးမျိုးမူကား အနာပတ္တိကို မပြုတတ်ဟု မှတ်သင့်ပါသည်။

http://www.dhammadownload.com

ဟောန္တိ- အကယ်၍ ဖြစ်ကုန်အံ့၊ (ဧဝံ သတိ- ဤသို့ဖြစ်လတ်သော်၊) "ဧတေ-ဤရဟန်းတို့သည်၊ ဒွါရံ- တံခါးကို၊ ဇဂ္ဂိဿန္တိ- စောင့်ရှောက်ကုန်လိမ့်မည်၊" ဣတိ- ဤသို့၊ အာဘောဂံ- နှလုံးသွင်းမှုကို၊ ကတ္တာပိ- ပြု၍လည်း၊ နိပဇ္ဇိတုံ- အိပ်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏။

ပန- ဝါဒန္တရကား၊ **ကုဂ္ဂန္ဒကထာယံ**- ကုရုန္ဒီအဋ္ဌကထာ၌"ဥပါသကမိဉ်-ဥပါသကာကိုသော်လည်း၊ အာပုစ္ဆိတွာ ဝါ- ပန်ပြော၍သော်လည်းကောင်း၊ 'ဧသ- ဤဥပါသကာသည်၊ ဇဂ္ဂိဿတိ- စောင့်ရှောက် လတ္တံ့'၊ ဣတိ- ဤသို့၊ အာဘောဂံ ကတ္တာ ဝါ- နှလုံးသွင်း၍သော်လည်းကောင်း၊ နိပဇ္ဇိတုံ- အိပ်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ ကေဝလံ- သက်သက်၊ ဘိက္ခုနိံ ဝါ- ရဟန်းမကိုသော်လည်းကောင်း၊ မာတုဂါမံ ဝါ- မာတုဂါမကိုသော်လည်းကောင်း၊ အာပုစ္ဆိတုံ-ပန်ပြောခြင်းငှာ၊ န ဝဋ္ဋတိ- မအပ်။" ဣတိ- ဤသို့၊ ဝုတ္တံ- ဆိုအပ်ပြီ၊ တံ-ထိုစကားသည်၊ ယုတ္တံ- သင့်၏။

ဧဝံ- ဤအတူ၊ သဗ္ဗတ္ထာပိ- အလုံးစုံသော အဆုံးအဖြတ်တို့၌လည်း၊ ယော ယော ထေရဝါဒေါ ဝါ- အကြင်အကြင် ထေရဝါဒကိုသော်လည်း-ကောင်း၊ ယော ယော အဋ္ဌကထာဝါဒေါ ဝါ- အကြင်အကြင် အဋ္ဌကထာဝါဒကို သော်လည်းကောင်း၊ ပစ္ဆာ- နောက်၌၊ ဝုစ္စတိ- ဆိုအပ်၏၊ သော သော၀-ထိုထို နောက်၌ ဆိုထားသော ဝါဒသည်သာလျှင်၊ ပမာဏံ- ပမာဏတည်း၊ ဣတိ- ဤသို့၊ ဂဟေတဗ္ဗံ- (မှတ်) ယူထိုက်၏။

အထ ဘိက္ခူူပမ။ နိသိန္နာ ဟောန္တိ ။ ။ "အထ ဘိက္ခူ နိသိန္နာ ဟောန္တိ"ပါဠိဖြင့် မိမိအိပ်နေစဉ် အခြားရဟန်းများ အနီးအနားမှာရှိနေကြောင်းကိုပြ၏၊ ထို့ကြောင့်နိသိန္နဟု (ထိုင်နေသည်) မဟုတ်ဘဲ လဲလျောင်းနေနေ, သွားနေနေ, ရပ်နေနေ, အခြားရဟန်း-တစ်ပါးပါး အနီးအနားမှာ ရှိနေလျှင် ထိုသူက မာတုဂါမတို့ နှောက်ယှက်မည်မှ စောင့်ရှောက်လိမ့်မည်ဟု နှလုံးသွင်း၍ အိပ်ကောင်း၏၊ သို့သော် ထိုသူပါ အိပ်ပျော်နေလျှင်ကား မရှိသည်နှင့် အလားတူသောကြောင့် ယင်းသို့ အာဘောဂ-မပြုသင့်။ ဋီ။

ကေဝလံ ဘိက္ခုနိံ ဝါ။ပ။ နော ဝဋ္ဋတိ ။ ။ မာတုဂါမများ ဝင်လာမှုကို တားမြစ်ရန် တံခါးပိတ်မှုကို ခွင့်ပြုထားသောကြောင့် ဘိက္ခုနီနှင့် မာတုဂါမများကို "တံခါး-စောင့်ရှောက်လိုက်ပါ"ဟု ပြော၍မအိပ်သင့်၊ ထို့ကြောင့် မိမိအိပ်မည့်အချိန်ဝယ် အခြား-သူနှင့် စကားပြောနေသော မာတုဂါမရှိလျှင် ပြဋ္ဌေသော (ယောကျ်ား တစ်ယောက်-ယောက်ကို စောင့်ရှောက်ခိုင်းခြင်း, စောင့်ရှောက်လိမ့်မည်ဟု နှလုံးသွင်းခြင်း စသော) အစီအစဉ်ကို ပြု၍အိပ်မှ အာပတ်လွတ်သည်။ (ပါ။ဘာ။ဋီ။၂၄၇၅။)

http://www.dhammadownload.com

[ဤစကားရပ်ကို ဤနေရာ၌ မဆိုသင့်၊ အထက် "ကော မုစ္စတိ"စသော ပြဿနာ၏အဖြေနောက်၌သာ ဆိုသင့်သည်၊ ထိုကြောင့် ကျမ်းဆရာ ကိုယ်တိုင်က "မဟာပဒုမတ္ထေရေန ဝုတ္တံ"ဟူသော စကားရပ်၏ နောက်နား (မဟာအဋ္ဌကထာဝါဒ-အဆုံး) ၌ ဆိုထားခဲ့သည်ကို နောက်မှ စာရေးများက ဤနေရာသို့ ပြောင်းရွှေ့ရေးသားထားခဲ့ဟန်တူသည်။ ဋီ။]

၄။ ဒွါရသ- တံခါး၏၊ ဥဒုက္ခလံ ဝါ- ဆုံငယ်သည်သော်လည်းကောင်း၊ ဥတ္တရပါသကော ဝါ- အထက်ကွင်းငယ်သည်သော်လည်းကောင်း၊ ဘိန္နော ဝါ- ပျက်သည်သော်လည်းကောင်း၊ အဋ္ဌပိတော ဝါ- မထားအပ်သည်သော်လည်းကောင်း၊ အထ ဟောတိ- အကယ်၍ဖြစ်အံ့၊ (ဤသို့ပျက်နေခြင်း မတပ်ရသေးခြင်းကြောင့်) သံဝရိတုံ- ပိတ်ခြင်းငှာ၊ အထ နံ သက္ကောတိ- အကယ်၍ မစွမ်းနိုင်အံ့၊ ပန- သည်သာမကသေး၊ နဝကမ္မတ္ထံ ဝါ- နဝကမ္မအကျိုးငှာသော်လည်း၊ ကဋ္ဌကပုဋ္ဌော ဝါ- အုတ်ပုံသည်သော်လည်းကောင်း၊ ဝါ- ကိုသော်လည်းကောင်း၊ မတ္တိကာဒီနံ- မြေညက် အစရှိသည်တို့၏၊ ရာသိ ဝါ- အစုသည်သော်လည်းကောင်း၊ ဝါ- ကိုသော်လည်းကောင်း၊ အန္တောဒွါရေ- တံခါးတွင်း၌၊ ကတော- ပြုအပ်သည်၊ ဝါ- ထားအပ်သည်၊ အထ ဟောတိ- အကယ်၍ဖြစ်အံ့၊ ယထာ- အကြင်အခြင်းအရာအားဖြင့် ဖွဲ့အပ်သော်၊ သံဝရိတုံ- တံခါးပိတ်ခြင်းငှာ၊ နံ သက္ကောတိ- မစွမ်းနိုင်၊ (တထာ- ထိုအခြင်းအရာအားဖြင့်၊) အင်္ဂံ ဝါ- ငြမ်းကိုသော်လည်း၊ အထ ဗန္ဓန္တိ- အကယ်၍ ဖွဲ့ကုန်အံ့၊ ဧဝရူပေ- ဤသို့ သဘောရှိသော၊ အန္တရာယေ- အန္တရာယ်သည်၊ သတိ- ရှိလတ်သော်၊ အသံဝရိတွာပိ- မပိတ်ဘဲလည်း၊ နိပဇ္ဇိတုံ- အိပ်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ ပန- ဆက်၊ ကဝါဋံ- တံခါးရွက်သည်၊ ယဒိ နတ္ထိ- အကယ်၍ မရှိအံ့၊ (ဧဝံ သတိ- ဤသို့ တံခါးရွက် မရှိလတ်သော်၊) လဒ္ဓကပွမေဝ- ရအပ်သော အပ်မှုရှိသည်သာလျှင်၊ ဟောတိ- ဖြစ်၏၊ [အထ ဒွါရသ။ပ။ လဒ္ဓကပွမေဝ-ဟူသော ဤစကားရပ်ဖြင့် တံခါးပိတ်၍ မဖြစ်နိုင်သော အန္တရာယ်ရှိခဲ့ပါလျှင် တံခါးမပိတ်ဘဲ အိပ်သင့်ကြောင်းကို ပြသည်။ ဋီ။]

၎ပရိ- အထက်ထပ်၌၊ သယန္တေန- အိပ်သော ရဟန်းသည်၊ နိဿေဏိ- လှေကားကို၊ အာရောပေတွာ- အထက်သို့တင်၍၊ နိပဇ္ဇိတဗ္ဗံ- အိပ်ရာ၏၊ (လှေကားကို ဖျက်၍ဖြစ်စေ အောက်သို့ချ၍ဖြစ်စေ စွန့်ပယ်၍ဖြစ်စေ အိပ်ကောင်းသည်။ ဋီ။) နိဿေဏိမတ္ထကေ- လှေကားထိပ်၌၊ ထကနကံ- အပိတ်သည်၊ သစေ ဟောတိ- အကယ်၍ရှိအံ့၊ (ဧဝံ သတိ- ဤသို့ရှိလတ်သော်၊) ထကေတွာပိ- ပိတ်၍လည်း၊ နိပဇ္ဇိတဗ္ဗံ- အိပ်ရာ၏။

http://www.dhammadownload.com

ဂဗ္ဘေ- အခန်း၌၊ နိပဇ္ဇန္တေန- အိပ်သော ရဟန်းသည်၊ ဂဗ္ဘဒွါရံ ဝါ- အခန်းတံခါးကိုသော်လည်းကောင်း၊ ပမုခဒွါရံ ဝါ- အဝင်ဝတံခါးကိုသော်လည်းကောင်း၊ ယံ ကိဉ္စိ- အမှတ်မထား တစ်ပါးပါးသော တံခါးကို၊ သံဝရိတွာ- ပိတ်၍၊ နိပဇ္ဇိတုံ- အိပ်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ ဧကကုဋ္ဌကေ- တစ်ခုသော နံရံရှိသော၊ ဂေဟေ- ကျောင်း၌၊ ဒွီသု- နှစ်ဖက်ကုန်သော၊ ပဿေသု- နံပါးတို့၌၊ ဒွါရာနိ- တံခါးတို့ကို၊ ကတွာ- ပြု၍၊ သစေ ဝဋ္ဌဥ္ဇန္တိ- အကယ်၍သုံးစွဲကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဒွေပိ ဒွါရာနိ- တံခါးနှစ်ပေါက်လုံးတို့ကိုလည်း၊ ဇဂ္ဂိတဗ္ဗာနိ- စောင့်ရှောက်ထိုက်ကုန်၏၊ တိဘူမကေပိ- ဘုံသုံးဆင့်ရှိသည်လည်း ဖြစ်သော၊ ဝါ- သုံးထပ်ရှိသည်လည်းဖြစ်သော၊ ပါသာဒေ- ပြာသာဒ်၌၊ ဒွါရံ- တံခါးကို၊ ဇဂ္ဂိတဗ္ဗမေဝ- စောင့်ရှောက်ထိုက်သည်သာ။

ဘိက္ခာစာရာ- ဆွမ်းခံရွာမှ၊ ပဋိက္ကမ္မ- ဖဲခဲ့၍၊ ဝါ- ပြန်လာ၍၊ လောဟပါသာဒ သဒိသံ- လောဟပါသာဒနှင့် အလားတူသော၊ ပါသာဒံ- ပြသာဒ်သို့၊ ဗဟူ- များစွာကုန်သော၊ ဘိက္ခူ- ရဟန်းတို့သည်၊ ဒိဝါဝိဟာရတ္ထံ- နေ့၌နေခြင်း အကျိုးငှာ၊ သစေ ပဝိသန္တိ- အကယ်၍ ဝင်ကုန်အံ့၊ (ဧဝံ သတိ- သော်၊) သံယ- တ္ထေရေန- သံယာ့ထေရ်သည်၊ ဒွါရပါလဿ- တံခါးစောင့်အား၊ (တံခါး မုခ်၌ရှိ တံခါးမကြီး၌ဖြစ်စေ လှေကားရင်း၌ဖြစ်စေ နေရာတစ်ခုခုမှာ နေ၍ တံခါးကို စောင့်ရှောက်ရသူ။ ဋီ။) "ဒွါရံ- တံခါးကို၊ ဇဂ္ဂါဟိ- စောင့်ရှောက်လိုက်လော့၊"

ဧကကုဋ္ဌကဂေဟ။ ။ နံရံလေးဘက်ကို တစ်ဆက်တည်း ကာရံထား၍ အလယ်ခန်းနံရံ မပါရှိသော ကျောင်းမျိုးကိုပင် "ဧကကုဋ္ဌကဂေဟ (နံရံတစ်ခုသာရှိသော ကျောင်း)"ဟု ဆိုရပါသည်။ ရှေ့က "ဂဗ္ဘေ နိပဇ္ဇန္တေန"စသည်ဖြင့် အခန်းရှိသော ကျောင်းကို ဆိုထားခဲ့သည်ကို ထောက်ပါ။

ဒွေပိ ဒွါရာနိ ဇဂ္ဂိတဗ္ဗာနိ။ ။ ယင်း အတွင်းခန်း မပါရှိသော ကျောင်းမျိုးမှာ အဝင်အထွက် (ဒီဘက်ဘေးတစ်ခု, ဟိုဘက်ဘေးတစ်ခု) တံခါးနှစ်ခုရှိလျှင် နှစ်ခုလုံးကို ပိတ်ရမည်။

တံခါးပေါက်တစ်ခုမှာ တံခါးရွက်မရှိခဲ့ပါလျှင် သို့မဟုတ် ဆိုခဲ့ပြီးသော ပိတ်မဖြစ်နိုင်သည့် အန္တရာယ်ရှိခဲ့လျှင် ပိတ်၍ဖြစ်သော အခြားတံခါးပေါက် (တို့) ကို မပိတ်ဘဲလည်း အိပ်ကောင်းသည်။ ဋီ။

ဤ ဋီကာဆရာစကားသည် "ယတ္ထ ဒွါရံ သံဝုတမ္ပိ သံဝုတဌာနေ နတိဌတိ။ပ။ တတ္ထ သံဝရဏကိစ္စံ နတ္ထိ"ဟူသော နောက်လာ အဌကထာစကားနှင့် ညီညွတ်သော ကြောင့် အသင့်ပင် ဖြစ်ပါသည်။

http://www.dhammadownload.com

ဣတိ- ဤသို့၊ ဝတ္တာ ဝါ- ပြောခြင်းသော်လည်းကောင်း၊ "ဒွါရဇဂ္ဂနံ နာမ- တံခါးစောင့်ရှောက်ရခြင်းမည်သည်၊ ဧတဿ- ဤတံခါးစောင့်၏၊ ဘာရော- တာဝန်တည်း၊" ဣတိ- ဤသို့၊ အာဘောဂံ- နှလုံးသွင်းမှုကို၊ ကတ္တာ ဝါ- ပြု၍သော်လည်းကောင်း၊ ပဝိသိတ္တာ- ဝင်၍၊ နိပဇ္ဇိတဗ္ဗံ- အိပ်ရာ၏၊ ယာဝ သဲယနဝကေန- သဲယာတွင် အငယ်ဆုံးရဟန်းတိုင်အောင်၊ ဧဝမေဝ- ဤ အတိုင်းသာ၊ ကာတဗ္ဗံ- ပြုထိုက်၏။

ပုရေ- ရှေ့၌၊ ပဝိသန္တာနံ- ဝင်ကုန်သော ရဟန်းတို့၏၊ (အာဘောဂံ-၌ စပ်ပါ၊) "ဒွါရဇဂ္ဂနံ နာမ- တံခါးကို စောင့်ရှောက်ခြင်းမည်သည်၊ ပစ္ဆိမာနံ- နောက်မှ ဝင်လာကုန်သော ရဟန်းတို့၏၊ ဘာရော- တာဝန်တည်း၊" ဣတိ ဧဝံ- ဤသို့၊ အာဘောဂံ- နှလုံးသွင်းခြင်းကို၊ ကာတုမွိ- ပြုခြင်းငှာလည်း၊ ဝဋ္ဋတိ- အပ်၏၊ (အဆက်မပြတ် တစ်စပ်တည်းလာသူတို့ကို ရည်၍ဆိုသည်။ ဋီ။) အနာပုစ္ဆာ ဝါ- မပန်ပြောမူ၍သော်လည်းကောင်း၊ အာဘောဂံ- နှလုံးသွင်းမှုကို၊ အကတ္တာ ဝါ- မပြုမူ၍သော်လည်းကောင်း၊ အသံဝုတဒွါရေ- မပိတ်အပ်သော တံခါးရှိသော၊ အန္တောဂဿေ ဝါ- အခန်းတွင်း၌သော်လည်းကောင်း၊ ဗဟိ ဝါ- အခန်းပြင်ဘက်၌သော်လည်းကောင်း၊ နိပဇ္ဇန်တာနံ- အိပ်သော ရဟန်းတို့၏၊ အာပတ္တိ- အာပတ်သည်၊ ဟောတိ- ဖြစ်၏၊ ဂဿေ ဝါ- အခန်း၌သော်လည်းကောင်း၊ ဗဟိ ဝါ- အပြင်ဘက်၌သော်လည်းကောင်း၊ နိပဇ္ဇနကာလေပိ- အိပ်ခါနီး၌လည်း၊ "ဒွါရဇဂ္ဂနံ နာမ- တံခါးကို စောင့်ရှောက်ခြင်း မည်သည်၊ မဟာဒွါရေ- တံခါးမကြီး၌ (ရှိနေသော)၊ ဒွါရပါလဿ- တံခါးစောင့်၏၊ ဘာရော- တာဝန်တည်း၊" ဣတိ- ဤသို့၊ အာဘောဂံ ကတ္တာ- နှလုံးသွင်း၍၊ နိပဇ္ဇိတုံ- အိပ်ခြင်းငှာ၊ ဝဋ္ဋတိယေဝ- အပ်သည်သာ၊ (တံခါးစောင့်ရှောက်ခြင်းသည်၊ တံခါးစောင့်၏ အလုပ်ဖြစ်သည့်အတွက် တံခါးစောင့်ရှိမှု မရှိမှုကို မစူးစမ်း မဆင်ခြင်ဘဲနှင့် သော်မှလည်း နှလုံးသွင်းခြင်းငှာ အပ်သည်သာဟု ဆရာတို့ဆိုကြသည်။ ဋီ။) ဧဝံ- ဤနည်းအတိုင်း၊ လောဟပါသာဒါဒီသု- လောဟပါသာဒ အစရှိသော ကျောင်းတို့၌၊ အာကာသတလေ- အလယ်ခေါင် ဟင်းလင်းအပြင်၌၊ နိပဇ္ဇန္တေနာပိ- အိပ်သော ရဟန်းသည်လည်း၊ ဒွါရံ- တံခါးကို၊ သံဝရိတဗ္ဗမေဝ- ပိတ်သင့်သည်သာ၊ (လောဟပါသာဒ-မည်သော သံကျောင်း ကြီး၌ ပတ်ပတ်လည် အခန်းရှိ၍ အလယ်ခေါင်၌ အမိုးမရှိဘဲ ကြမ်းပြင်သာ ရှိသည်။ ပါ။ဘာ။ဋီ။ ၂။၄၇၈။)

http://www.dhammadownload.com

ဟိ- ဆက်၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဇေဋ္ဌ- ဤတံခါးဖွင့်အိပ်ခြင်းနှင့် စပ်သောဝတ္ထု၌၊ သဒ္ဓေပေါ- အကျဉ်းချုပ်တည်း၊ ဣဒံ ဒိဝါပဋိသလ္လီယနံ- ဤနေ့၌အိပ်ခြင်းကို၊ ယေန ကေနစိ- အမှတ်မထား တစ်ပါးပါးသော အကာဖြင့်၊ ပရိကို့တ္တေ- ကာရံအပ်သော၊ (အကာ၏ အမြင့်ပမာဏကို သဟသေယျသိက္ခာပုဒ်မှာ လာသည့်အတိုင်း အနည်းဆုံး တစ်တောင့်တစ်ထွာ ရှိရမည်ဟု ဋီကာများ သတ်မှတ်ကြသည်၊) သဒ္ဓါရဗ္ဘန္ဓေ- ဖွဲ့တပ်အပ်သော တံခါးနှင့်တကွဖြစ်သော၊ ဌာနေ- အရပ်၌၊ ကထိတံ- ဆိုအပ်ပြီ၊ တသ္မာ- ထို့ကြောင့်၊ အဇ္ဈောကာသေ ဝါ- လွင်တီးခေါင်၌ သော်လည်းကောင်း၊ ရုက္ခမူလေ ဝါ- သစ်ပင်၏ အနီးအောက်၌သော်လည်းကောင်း၊ မဏ္ဍပေ ဝါ- မဏ္ဍပ်၌သော်လည်းကောင်း၊ ယတ္ထ ကတ္ထစိ- အမှတ်မထား တစ်ပါးပါးသော၊ သဒ္ဓါရဗ္ဘန္ဓေ- ဖွဲ့တပ်အပ်သော တံခါးနှင့်တကွဖြစ်သော အရပ်၌၊ နိပဇ္ဇန္တေန- အိပ်သော ရဟန်းသည်၊ ဒွါရံ သံဝရိတွာဝ- တံခါးပိတ်ပြီးမှသာ၊ နိပဇ္ဇိတဗ္ဗံ- အိပ်ရမည်၊ မဟာပရိဝေဏံ- ပရိဝုဏ်ကြီးသည်၊ ဝါ- ကျောင်းဝိုင်းကြီးသည်၊ မဟာဇောဓိယင်္ဂဏလောဟပါသာဒင်္ဂဏသဒိသံ- မဟာဇောဓိယင်ပြင် လောဟပါသာဒယင်ပြင်နှင့် အလားတူသော၊ (အများလှည့်လည်ရာဖြစ်ပုံကို ပြသော စကားရပ်၊) ဗဟူနံ- များစွာသော ရဟန်းရှင်လူတို့၏၊ ဩသရဏဋ္ဌာနံ- သက်ရောက်ရာအရပ်သည်၊ သစေ ဟောတိ- အကယ်၍ဖြစ်အံ့၊ (ဧဝံ သတိ- သော်၊ သံဝရဏကိစ္စံနတ္ထိ-၌စပ်၊) ယတ္ထ- ယင်းပရိဝုဏ်ကြီး၌၊ ဝါ- ယင်းကျောင်းဝိုင်းကြီး၌၊ ဒွါရံ- တံခါးသည်၊

ပရိဝေဏ။ ။ ပရိစ္ဆေဒဝသေန ဝေဏိယတိ ဒိဿတိတိ ပရိဝေဏံ။ (ပရိ-ပုဗ္ဗ ဝေဏ-ဓာတ် ကြည့်ရှုခြင်း, မြင်ခြင်းအနက်။)

ကျောင်းတိုက်ကြီးတစ်ခုအတွင်း၌ ကျောင်းတစ်လုံး သို့မဟုတ် နှစ်လုံးစသည်ကို တံတိုင်းစသော အကာအရံဖြင့် ပိုင်းခြားကာရံထားအပ်သော အပိုင်းအခြားကို "ပရိဝုဏ်" ဟု ခေါ်သည်။ (ဥပစာရသိမ်ဟု ခေါ်အပ်သော ကျောင်းတိုက်ကြီးတစ်ခုလုံးကို "ဝိဟာရ"၊ တံတိုင်းအကာအရံမရှိသော ကျောင်းတစ်ကျောင်းစီကို "အာဝသထ"ဟု ဋီကာများ ဖွင့်ကြ၏။)

နေ့အခါအိပ်ခြင်းသည် တံတိုင်းစသော အကာအရံရှိ တံခါးလည်းရှိပါက အမိုးမရှိသည့်လွင်တီးခေါင်၌ပင် အာပတ်သင့်စေ၏၊ ထို့ကြောင့် သေးငယ်သော ပရိဝုဏ်ဖြစ်ပါက ပရိဝုဏ်တံခါးကို ပိတ်ထားရမည်၊ မပိတ်ဘဲအိပ်က အာပတ်သင့်၏၊ ကျယ်ဝန်းသည့် မဟာပရိဝုဏ်ဖြစ်၍ လူသူအဝင်အထွက်များက ပိတ်ဖွယ်မလို၊ မပိတ်သော်လည်း အာပတ်မသင့်။

http://www.dhammadownload.com

ဝါ- ကို၊ သံဝုတံ- ပိတ်အပ်သည်၊ သမာနံပိ- ဖြစ်ပါသော်လည်း၊ သံဝုတဌာနေ- ပိတ်အပ်သောအရာ၌၊ န တိဋ္ဌတိ- မတည်၊ (ပိတ်သော်လည်း ပိတ်ရာမရောက်ဟူလို၊) ဒွါရံ- တံခါးကို၊ အလဘန္တာ- မရသူတို့သည်၊ ပါကာရံ- တံတိုင်းကို၊ အာရုဟ်တွာပိ- ကျော်တက်၍လည်း၊ ဝိစရန္တိ- လှည့်လည်တတ်ကုန်၏၊ တတ္ထ- ထိုပရိဝုဏ်ကြီး၌၊ ဝါ- ထိုကျောင်းဝိုင်းကြီး၌၊ သံဝရဏကိစ္စံ- တံခါးပိတ်ဖွယ်ကိစ္စသည်၊ နတ္ထိ- မရှိ။

ရတ္တိ- ည၌အခါ၌၊ ဒွါရံ- တံခါးကို၊ ဝိဝရိတွာ- ဖွင့်၍၊ နိပန္နော- အိပ်သောရဟန်းသည်၊ အရုဏော- အရုဏ်သည်၊ ဥဂ္ဂတော- တက်ပြီးလတ်သော်၊ ဝါ- တက်ပြီးခါမှ၊ ဝုဋ္ဌာတိ- ထအံ့၊ အနာပတ္တိ (ဟောတိ)- အာပတ်မသင့်။

ပန- ဆက်ဦးအံ့၊ ပဗုဇ္ဈိတွာ- နိုးပြီး၍၊ ပုန- တစ်ဖန်၊ ဝါ- ထပ်၍၊ သစေ သုပတိ- အကယ်၍အိပ်အံ့၊ (ဧဝံ သတိ- သော်၊) အာပတ္တိ ဟောတိ- အာပတ်သင့်၏၊ ပန- ဆက်၊ ယော- အကြင်ရဟန်းသည်၊ "အရုဏော- အရုဏ်သည်၊

အရုဏောပေါ။ အနာပတ္တိ။ ။ အနာပတ္တိဖြစ်သော ည၌အခါမှာ အိပ်စဉ်က (အရုဏ်တက်သော်လည်း မထဘူးဟူသော အသုဒ္ဓစိတ်မပါဘဲ) အိပ်ရိုးအိပ်စဉ် သုဒ္ဓစိတ်ဖြင့် အိပ်သောကြောင့် အရုဏ်တက်ပြီးသည်တိုင်အောင် အိပ်ပျော်နေသော်လည်း အနာပတ္တိ၊ အာပတ်သင့်ခြင်းမှ ကင်းလွတ်ခွင့်ရသည်။

ပဗုဇ္ဈိတွာပေါ။ အာပတ္တိ။ ။ အရုဏ်တက်ပြီးမှ နိုး၍ အရုဏ်တက်သည်ကို သိလျက်သားနှင့်ဖြစ်စေ မသိဘဲနှင့်ဖြစ်စေ အိပ်မြဲတိုင်း ဆက်လက်အိပ်နေပါလျှင် ထ၍လုပ်သင့်သော တံခါးပိတ်မှုစသည်ကို မလုပ်ခြင်းကြောင့် အကိရိယသမုဋ္ဌာန အာပတ်သင့်သည်၊ အနာပတ္တိခေတ်ဖြစ်သော ည၌အခါမှာ အိပ်ခြင်းကြိယာက အာပတ်၏အကြောင်းအင်္ဂါ မဖြစ်သောကြောင့်ပင်တည်း။ အရုဏ်မတက်မီ နိုး၍ အရုဏ်တက်သည်တိုင်အောင် ထပ်အိပ်သော ရဟန်းမှာလည်း အလားတူပင် အကိရိယသမုဋ္ဌာန-အာပတ် သင့်သည်သာတည်း။ ဋီ။

အရုဏော ဥဂ္ဂတောပေါ။ အာပတ္တိယေဝ။ ။ အရုဏ်တက်ပြီးမှ ထမည်ဟု ကြံ၍ ည၌အိပ်စဉ်က တံခါးမပိတ်ဘဲအိပ်၏၊ ကြံစည်ထားသည့်အတိုင်း အရုဏ်တက်ပြီးမှ ထ၏၊ အရုဏ်တက်ပြီးမှ ထမည်ဟု အသုဒ္ဓစိတ်ဖြင့် အိပ်ခဲ့သောကြောင့် ထိုရဟန်းမှာ အရုဏ်တက်ပြီးသည်နှင့် တစ်ပြိုင်နက် ဒိဝါသေယျဒုက္ကဋ်အာပတ်သင့်သည်၊ ယင်းစိတ်မျိုးဖြင့်အိပ်သူမှာ သိက္ခာပုဒ်တော်ကို မလေးစားမှုလည်း ပါဝင်နေသောကြောင့် အနာဒရိယဒုက္ကဋ်အာပတ်မှလည်း မလွတ်ဟု မဟာပစ္စရီအဋ္ဌကထာ-ဆိုသည်။ ယင်းအနာဒရိယဒုက္ကဋ်အာပတ်ကား ပထမအိပ်တုန်းကပင် သင့်ခဲ့ပြီးဖြစ်သည်။

http://www.dhammadownload.com

ဥဂ္ဂတေ- တက်ပြီးလတ်သော်၊ဝုဋ္ဌဟိဿာမိ- ထအံ့၊" ဣတိ- ဤသို့၊ ပရိစ္ဆိန္နိ- တွာဝ- အခြိန်ကို ပိုင်းခြားပြီး၍ သာ၊ ဒွါရံ အသံဝရိတွာ- တံခါးမပိတ်မူ၍၊ ရတ္တိ-ည၌၌၊ နိပဇ္ဇတိ- အိပ်၏၊ ယထာပရိစ္ဆေဒမေဝ- ပိုင်းခြားအပ်သော အတိုင်းသာလျှင်၊ (အရုဏ်တက်ပြီးမှသာ) ဝုဋ္ဌာတိ- ထအံ့၊ တဿ- ထိုရဟန်း၏၊ အာပတ္တိယေဝ ဟောတိ- အာပတ်သင့်သည်သာ၊ ပန- ဝါဒန္တရကား၊ **မဟာပစ္စရိယံ**- မဟာပစ္စရီအဋ္ဌကထာ၌၊ ဧဝံ- ဤသို့၊ (အရုဏ်တက်မှ ထအံ့ဟု ပိုင်းခြား၍) နိပဇ္ဇန္တော- အိပ်သော ရဟန်းသည်၊ အနာဒရိယဒုက္ကဋေပိ- အနာဒရိယဒုက္ကဋ်မှလည်း၊ န မုစ္စတိ- မလွတ်၊ ဣတိ- ဤသို့၊ ဝုတ္တံ- မိန့်ဆို အပ်ပြီ။

၅။ ပန- ဆက်၊ ယော- အကြင်ရဟန်းသည်၊ ဗဟုဒေဝရတ္တိံ- များစွာသော ညဉ့်ပတ်လုံး၊ ဇဂ္ဂိတွာ ဝါ- တံခါးကို စောင့်ရှောက်ရ၍သော်လည်းကောင်း၊ အဒ္ဓါနံ- ခရီးရှည်ကို၊ ဂန္တွာ ဝါ- သွား၍သော်လည်းကောင်း၊ ဒိဝါ- နေ့အခါ၌၊ ကိလန္တရူပေါ- ပင်ပန်းသူ၏အဖြစ်ဟူသော သဘောရှိသည်၊ (ဟုတွာ- ၍၊) မဉ္စေ- ခုတင်၌၊ နိသိန္နော- ထိုင်လျက်၊ ပါဒေ- ခြေတို့ကို၊ ဘူမိတော- မြေမှ၊ ဝါ- တည်ရာအရပ်မှ၊ အမောစေတွာဝ- မလွတ်စေမူ၍ သာလျှင်၊ နိဒ္ဒါဝသေန- အိပ်ပျော်ခြင်း၏အစွမ်းဖြင့်၊ နိပဇ္ဇတိ- လျောင်း၏၊ တဿ- ထိုရဟန်း၏၊ အနာပတ္တိ ဟောတိ- အာပတ်မသင့်၊ ဩက္ကန္တနိဒ္ဒေါ- သက်ရောက်အပ်သော အိပ်ပျော်ခြင်းရှိသည်၊ ဝါ- နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်၊ (ဟုတွာ- ၍၊) အဇာနန္တော်ပိ- မသိဘဲလျက်လည်း၊ ပါဒေ- ခြေတို့ကို၊ မဉ္စကံ- ခုတင် (ငယ်) သို့၊ သစေ အာရောပေတိ- အကယ်၍ တင်အံ့၊ (ဧဝံ သတိ- သော်၊) အာပတ္တိယေဝ ဟောတိ- အာပတ်သင့်သည်သာတည်း၊ နိသီဒိတွာ- ထိုင်၍၊ အပဿာယ- တိုင်စသည်ကို မှီ၍၊ သုပန္တဿ- အိပ်သော ရဟန်း၏၊ အနာပတ္တိ

ထိုရဟန်းသည်၊ အရုဏ်မတက်မီထ၍ ဒိဝါသေယျ ဒုက္ကဋ်အာပတ်မှ လွတ်သော်လည်း အနာဒရိယဒုက္ကဋ်အာပတ်မှ မူကား မလွတ်တော့ချေ။ ဋီ။

နိဒ္ဒါဝသေန နိပဇ္ဇတိ။ ။ အိပ်ပျော်လဲလျောင်း၏ ဟူသော ဤစကားကို လောကပြောရိုးဆိုစဉ်အားဖြင့်သာ ပြောဆိုရပေသည်၊ အမှန်မှာမူ ခြေတို့ကို တည်ရာမြေ (ကြမ်းပြင်) မှ မလွတ်စေသောကြောင့် ဤရဟန်းသည် အိပ်သည်ပင် မမည်ချေ၊ ထိုကြောင့် အာပတ်မသင့်ဟု အဋ္ဌကထာဆရာ မိန့်ဆိုထားသည်။ ဋီ။

အပဿာယ သုပန္တဿ။ ။ ခါးရိုးမှအထက် ကျောရိုးကို တည်ရာမြေ (ကြမ်းပြင်) မှာ အနည်းငယ်မျှ မထိစေဘဲ တိုင်စသည်ကိုမှီ၍ အိပ်သော ရဟန်းမှာ အာပတ်မသင့်၊

http://www.dhammadownload.com

ဟောတိ- အာပတ်မသင့်၊ စ- ဆက်၊ ယောပိ- အကြင်ရဟန်းသည်လည်း၊ "နိဒ္ဒံ- အိပ်ငိုက်ခြင်းကို၊ ဝိနောဒေဿာမိ- ပယ်ဖျောက်အံ့၊" ဣတိ- ဤသို့ကြံ၍၊ စင်္ကမန္တော- စင်္ကြံသွားစဉ်၊ ပတိတ္တာ- လဲကျ၍၊ သဟသာ- အဆောတလျင်၊ ဝုဋ္ဌာတိ- ထအံ့၊ တဿာပိ- ထိုရဟန်း၏လည်း၊ အနာပတ္တိ ဟောတိ- အာပတ်မသင့်၊ ယော ပန- အကြင်ရဟန်းသည်ကား၊ ပတိတ္တာ- လဲကျ၍၊ တတ္ထေဝ- ထိုလဲကျရာ အရပ်၌ပင်၊ သယတိ- အိပ်အံ့၊ န ဝုဋ္ဌာတိ- မထအံ့၊ တဿ- ထိုရဟန်း၏၊ အာပတ္တိ ဟောတိ- အာပတ်သင့်၏။

"ကော- အဘာယ်ရဟန်းသည်၊ မုစ္စတိ- အာပတ်မှ လွတ်သနည်း၊ ကော- အဘာယ်ရဟန်းသည်၊ န မုစ္စတိ- အာပတ်မှ မလွတ်သနည်း၊" ဣတိ- ဤကား အမေးတည်း၊ တာဝ- ရှေးဦးစွာ၊ **မဟာပစ္စရိယံ**- မဟာပစ္စရီအဋ္ဌကထာ၌၊ "ဧကာဘင်္ဂေန- တစ်ဖက်သောနံပါးကို ချိုးခြင်းဖြင့်၊ ဝါ- တစ်ဖက်စောင်း၊ နိပန္နကော ဧဝ- အိပ်သော ရဟန်းသည်သာ၊ မုစ္စတိ- အာပတ်မှ လွတ်၏၊

ခါးရိုးကို တည်ရာမြေ (ကြမ်းပြင်) အရပ် ထိစေသူမှာ အိပ်ခြင်းဖြစ်သည်၊ ယင်းပုဂ္ဂိုလ်မျိုးကို အိပ်သူဟုပင် ဆိုရသည်၊ အဘယ်ကြောင့်နည်း၊ အိပ်ခြင်းမည်သည်မှာ ကျောကို ဆန့်ခြင်း လက္ခဏာ ရှိသောကြောင့်တည်း။

ရှိခိုးရတော့အံ့ဟု ခြေရင်းမှာ ဝပ်စင်းခဲ့လေပြီ စသည်တို့၌ (ဝန္ဒာမီတိ ပါဒမူလေ နိပဇ္ဇိတိအာဒီသု) ဝပ်စင်းခြင်း (အိပ်ခြင်း) ကိုပင် ရှိခိုးသည်ဟု ဆိုထားသောကြောင့် ကြာရှည်လေးမြင့် ရှိခိုးမှု စသည်တို့၌လည်း (ဒီဃဝန္ဒနာဒီသုပိ) ကျောရိုးကို ဖီလာဆန့်ထားအပ်သည်၏ အဖြစ်ကြောင့် အိပ်ရာရောက်ပေသည်၊ ထို့ကြောင့် အာပတ်သင့်မှုကို ရှောင်လွဲသင့်သည်။ [တံခါးပိတ်မှုစသည်ကို ပြုပြီးမှ ရှိခိုးပါဟု ဆိုလိုသည်။]

ဤသို့ (ဝိမတိ၊၁၊၁၆၂။) ၌ ဆိုထားသောကြောင့် ပက်လက်ဖြစ်စေ ဘေးစောင်းလိုက်ဖြစ်စေ မှောက်လျက်ဖြစ်စေ ကျောဆန့်လဲလျောင်းမှုမှန်သမျှ "အိပ်ခြင်းမည်သည်ချည်း" ဟု မှတ်သင့်သည်။

တဿပိ အနာပတ္တီ။ ။ ချော်လဲသလို အိပ်ငိုက်လဲသွားရကား မစောင့်စည်းနိုင်သောအရာ ဖြစ်သောကြောင့်လည်းကောင်း၊ အငိုက်ပြေ၍ စောင့်စည်းနိုင်မှု ရှိသည့် အခါမှာလည်း အဆောတလျင် ထသောကြောင့်လည်းကောင်း ထိုရဟန်းမှာ အာပတ်မသင့်ဟု အဋ္ဌကထာဆိုသည်။

လဲသွားပြီးနောက် မူးမေ့နေသည့်အတွက် ချက်ချင်းပြန်မထနိုင်သော ရဟန်းအားလည်း လဲကျဆဲခဏမှာကဲ့သို့ပင် အာပတ်မသင့်။ ဋီ။

ဧကာဘင်္ဂေန နိပန္နကော။ ။ ခြေနှစ်ချောင်းတို့ကို တည်ရာမြေ (ကြမ်းပြင်) မှ မလွတ်စေဘဲ တစ်ဖက်စောင်းအားဖြင့် ကိုယ်ကိုချိုး၍ ခုတင်ပေါ် (ကုလားထိုင်ပေါ်) ၌ အိပ်နေသော ရဟန်းကို "ဧကာဘင်္ဂေန နိပန္နက"ဟု ခေါ်သည်။ ဋီ။

http://www.dhammadownload.com

ပန- ဆက်၊ ပါဒေ- ခြေတို့ကို၊ ဘူမိတော- တည်ရာမြေ (ကြမ်းပြင်) မှ၊ မောစေတွာ- လွတ်စေ၍၊ နိပန္နော- အိပ်သည်၊ သမာနော- ဖြစ်လတ်သော်၊ (ဤ၌ နိပန္နောပိ-ဟု ရှိနေသည်။ ပိ-သဒ္ဒါ မလိုပါ၊ ပါရာဇိကဏ် အဋ္ဌကထာ မှာလည်း ပိ-သဒ္ဒါပါသည်ကို မတွေ့ရ။) ယက္ခဂဟိတကောပိ- ဘီလူးဖမ်းယူ အပ်သော ရဟန်းသည်လည်းကောင်း၊ ဝိသညီဘူတောပိ- ကင်းသော သညာရှိသည်ဖြစ်၍ဖြစ်သော ရဟန်းသည်လည်းကောင်း၊ န မုစ္စတိ- အာပတ်မှ မလွတ်၊ ဣတိ- ဤသို့၊ ဝုတ္တံ- မိန့်ဆိုအပ်ပြီ။

ပန- ဝါဒန္တရကား၊ **ကုရုန္ဒဋ္ဌကထာယံ**- ကုရုန္ဒီအဋ္ဌကထာ၌၊ "ဗန္ဓိတွာ- ဖွဲ့တုပ်၍၊ နိပဇ္ဇာပိတောဝ- အိပ်စေအပ်သော ရဟန်းသည်သာ၊ မုစ္စတိ- အာပတ်မှ လွတ်၏။" ဣတိ- ဤသို့၊ ဝုတ္တံ- မိန့်ဆိုအပ်ပြီ။

ပန- ဝါဒန္တရကား၊ **မဟာအဋ္ဌကထာယံ**- မဟာအဋ္ဌကထာ၌၊ (မဟာပဒုမတ္ထေရေန ဝုတ္တံ-၌ စပ်ပါ။) "ယော- အကြင်ရဟန်းသည်၊ စက်မန္တော- စကြိုသွားစဉ်၊ မုစ္ဆိတွာ- မိန်းမောတွေဝေ၍၊ ပတိတော- လဲကျသည်၊ ဟုတ္ဝာ-

---

တစ်ဖက်စောင်းအိပ်သူအတွက်သာ အနာပတ်ဟု ဆိုထားသောကြောင့် တစ်ဖက်စောင်းမဟုတ်ဘဲ ခြေကို ကြမ်းပြင်ပေါ်၌ ချ၍ ပက်လက်ကုလားထိုင်၌ အိပ်လျှင် ပိဋ္ဌပသာရဏာဖြစ်ရကား အာပတ်မှ မလွတ်။ ဤကား ဘာသာဋ္ဌကာ၏ အလိုတည်း။

တစ်ဖက်စောင်းပဲဖြစ်ဖြစ် ပက်လက်ပဲဖြစ်ဖြစ် မှောက်လျက်ပဲဖြစ်ဖြစ် ခြေကို တည်ရာမြေ (ကြမ်းပြင်) ၌ချ၍ ပက်လက်ကုလားထိုင်စသည်၌ အိပ်သည့်အခါမျိုးမှာ ခြေကသာ တည်ရာမြေ (ကြမ်းပြင်) မှာ ရောက်နေသည်၊ ကိုယ်က ကြမ်းပြင်မှာ ရောက်နေသည် မဟုတ်၊ ထို့ကြောင့် ပိဋ္ဌပသာရဏာ မဖြစ်၊ အာပတ်မှ လွတ်သည်။

ခြေကို မ,လိုက် ကြွ,လိုက်သည့်အခါမှာမူကား ခြေကမူလတည်ရာမြေ (ကြမ်းပြင်) မှာ မရှိတော့ချေ။ အပေါ်ကို ရောက်လာသည်၊ သို့ဖြင့် တစ်ကိုယ်လုံး၏တည်ရာမှာ ကုလားထိုင် စသည်သာ ဖြစ်နေပေတော့သည်၊ ထိုအခါမျိုးမှာ ပိဋ္ဌပသာရဏာ ဖြစ်သည်။ အာပတ်မှ မလွတ်။ ဤကား မြောင်းမြဆရာတော်ဘုရား၏ အဆိုအမိန့်တည်း။

စက်မန္တော မုစ္ဆိတွာ ပတိတော။ ။ လဲကျရာအရပ်၌ အိပ်နေသော ရဟန်းမှာ မစောင့်စည်းနိုင်သော သဘောရှိနေသည်၊ ထို့ကြောင့် အပိသယတာယ အာပတ္တိ နဒိဿတိ-ဟု မဟာပဒုမထေရ် မိန့်ဆိုသည်၊ လဲကျရာအရပ်၌ အိပ်နေသော ယင်းရဟန်းမှာ သညာကင်းလွတ်နိုင်သော သဘောမရှိသဖြင့် စောင့်စည်းနိုင်သော သဘောရှိသောကြောင့် ဆရာများက အနာပတ်ဟု မဆိုကြ၊ သညာကင်းလွတ်မှု ရှိနေပါမူကား အနာပတ်သာတည်း။ (ဝိမတိ၊၁၊၁၆၂။)

http://www.dhammadownload.com

ဖြစ်၍၊ တတ္ထေဝ- ထိုလဲကျရာအရပ်၌ပင်၊ သုပတိ- အိပ်၏၊ တဿာပိ- ထိုရဟန်း၏လည်း၊ အဝိသယတာယ- အရာမဟုတ်သည်၏အဖြစ်ကြောင့်၊ အာပတ္တိ- အာပတ်သည်၊ န ဒိဿတိ- မထင်ရှား၊ ပန- ထိုသို့ပင် မထင်ရှားပါသော်လည်း၊ အာစရိယာ- ဆရာတို့သည်၊ ဧဝံ- ဤသို့ အာပတ်မသင့်ဟု၊ န ကထယန္တိ- မဆိုကြကုန်၊ တသ္မာ- ထို့ကြောင့်၊ အာပတ္တိယေဝ ဟောတိ- အာပတ်သင့်သည်သာတည်း။ ဣတိ- ဤသို့၊ မဟာပဒုမတ္ထေရေန- မဟာပဒုမထေရ်သည်၊ ဝုတ္တံ- မိန့်ဆိုအပ်ပြီ။

ပန- ဆက်၊ ယော- အကြင်ရဟန်းကို၊ ယက္ခဂဟီတကော- ဘီလူးဖမ်းယူအပ်ပြီ၊ သော စ- ထိုရဟန်းလည်းကောင်း၊ (ဤ၌ သညာကင်းလွတ်နေသော ရဟန်းကိုလည်း သွင်းယူပါ။ ဦ။) ယော- အကြင်ရဟန်းကို၊ ဗန္ဓိတွာ- ဖွဲ့တုပ်၍၊ နိပဇ္ဇာပိတော- အိပ်စေအပ်ပြီ၊ သော စ- ထိုရဟန်းလည်းကောင်း၊ ဣတိ- ဤသို့၊ ဒွေ ဇနာ- ရဟန်းနှစ်ပါးတို့သည်၊ အာပတ္တိတော- အာပတ်မှ၊ မုစ္စန္တိယေဝ- လွတ်ကုန်သည်သာ။

[ဤစကားရပ်အကုန်လုံးသည် မဟာအဋ္ဌကထာဝါဒဖြစ်သည်၊ နောက်ဆုံးမှာ ပြထားသည့်အတွက် ဤမဟာအဋ္ဌကထာဝါဒကိုသာ လက်ခံအတည်ပြုရမည်၊ နောက်လည်း ဤနည်းချည်းမှတ်ပါ။]

ဣတိ- ဤကား အဖြေတည်း၊ ဣတိ- ဤကား အကျဉ်းချုပ်တည်း၊ (ဣတိ- တစ်လုံးအကျေကြံပါ။)

ဣတိ- ဤဆိုအပ်ပြီးသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်၊ ပါဠိမုတ္တကဝိနယ-ဝိနိစ္ဆယသင်္ဂဟော- ပါဠိတော်မှ လွတ်သော ဝိနည်းအဆုံးအဖြတ်ကို အကျဉ်းချုံးပေါင်းယူရာ ဖြစ်သောကြောင့် ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟ အမည်ရှိသော ကျမ်း၌၊ ဝါ- ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟကျမ်း၌၊ ဒိဝါသေယျဝိနိစ္ဆယကထာ-နေ့အခါအိပ်ခြင်းနှင့်စပ်သော အဆုံးအဖြတ်စကားရပ်သည်၊ ဝါ- ဒိဝါသေယျဝိနိစ္ဆယကထာသည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

http://www.dhammadownload.com

၂။ ပရိက္ခာရဝိနိစ္ဆယကထာ

၆။ **ပရိက္ခာရော**တိ- ပရိက္ခာရဟူသည်ကား၊ သမဏပရိက္ခာရော- ရဟန်းတို့၏ ပရိက္ခရာတည်း၊ တတြ- ထိုရဟန်းတို့၏ ပရိက္ခရာ၌၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ကပ္ပိယာကပ္ပိယပရိက္ခာရဝိနိစ္ဆယော- အပ်, မအပ် ပရိက္ခရာကို ဆုံးဖြတ်ကြောင်း စကားတည်း။

ကေစိ- အချို့သော ရဟန်းတို့သည်၊ တာလပဏ္ဏစ္ဆတ္တံ- ထန်းရွက်ထီးကို၊ အန္တော ဝါ- အတွင်း၌သော်လည်းကောင်း၊ ဗဟိ ဝါ- အပြင်၌သော်လည်းကောင်း၊ ပဉ္စဝဏ္ဏေန- (နီလစသား) ငါးပါးသော အဆင်းရှိသော၊ သုတ္တေန- (ရောင်စုံ) ချည်ဖြင့်၊ သိဗ္ဗိတွာ- ချုပ်စပ်ကုန်၍၊ ဝဏ္ဏမဋ္ဌံ- ပြေပြစ်ညက်ညောသော အဆင်းရှိသည်ကို၊ ကရောန္တိ- ပြုကြကုန်၏၊ တံ- ထိုသို့ပြုခြင်းသည်၊ န ဝဋ္ဋတိ- မအပ်၊ ပန- အလျော်ကား၊ ဧကဝဏ္ဏေန- တစ်မျိုးသော အဆင်းရှိသော၊ နီလေန ဝါ- အညိုမှူလည်းဖြစ်သော၊ ပီတကေန ဝါ- အဝါမှူလည်းဖြစ်သော၊ (အညိုစသော ဂုဏ်ကို ဆိုသော်လည်း ယင်းဂုဏ်နှင့် ပြည့်စုံသော ချည်ကို ယူရသည်၊ ဂုဏ္ဍုပစာတည်း။) ယေန ကေနစိ- အမှတ်မထား တစ်ပါးပါးသော၊ သုတ္တေန- ချည်ဖြင့်၊ အန္တော ဝါ- အတွင်း၌သော်လည်းကောင်း၊ ဗဟိ ဝါ- အပ၌သော်လည်းကောင်း၊ သိဗ္ဗိတုံ- ချုပ်စပ်ခြင်းငှာလည်းကောင်း၊ ဆတ္တဒဏ္ဍဂ္ဂါဟကံ- ထီးရိုးကို ယူတတ်သော၊ ဝါ- ထီးရိုး၌ မှီတွယ်သော၊

ပရိက္ခာရ။ ။ ပရိသမန္တတော ကရီယတေတိ- ပရိက္ခာရော၊ ခန္ဓာကိုယ်၏ ထက်ဝန်းကျင်မှာ (အရံအတား အကာအကွယ်အလို့ငှာ) ထားအပ်သော ထီးစသော အရာဝတ္ထုကို "ပရိက္ခာရ"ဟု ခေါ်သည်။

ပရိကရောတီတိ- ပရိက္ခာရော၊ ခန္ဓာကိုယ်၏ ထက်ဝန်းကျင် စောင့်ရှောက်မှုကို ပြုတတ်သော အသက်၏ အရံအတား အဆောက်အဦဖြစ်သော အသုံးအဆောင် ပစ္စည်းများကို "ပရိက္ခရာ"ဟု ခေါ်သည်။

တာလပဏ္ဏစ္ဆတ္တ။ ။ ရှေးခေတ်က ထီးလုပ်သည့်အခါမှာ ထန်းရွက်ကို အများဆုံး အသုံးပြုလေ့ရှိသည်၊ ယင်းထန်းရွက်ဖြင့် လုပ်သော ထီးကိုလည်း "တာလပဏ္ဏစ္ဆတ္တ" ဟုပင် ခေါ်ဝေါ်သုံးစွဲကြသည်၊ နောက်ပိုင်းမှာ မည်သည့်အရာဝတ္ထုဖြင့်ပင် လုပ်စေကာမူ တာလပဏ္ဏစ္ဆတ္တ-ဟူသော အမည်ကား မပျက်တော့ပါ၊ အကုန်လုံးကို သိမ်းရုံး၍ အတွင်ရုဋ္ဌ (ရှေးကတွင်နေပြီးသောအမည်) အားဖြင့် "တာလပဏ္ဏစ္ဆတ္တ"ဟုပင် ခေါ်နေကြပါသည်။

http://www.dhammadownload.com

သလာကပဋ္ဌဲ- ဝါးခြမ်း (ထီးလက်) ချိုင့်အုံကို၊ (တစ်နည်းကား) ဆတ္တဒဏ္ဍဂ္ဂါ-ဟကံ သလာကပဋ္ဌဲ- ထီးခရိုင်ကို၊ ဝိနန္ဓိတုံ ဝါ- ဖွဲ့ခြင်းငှာလည်းကောင်း၊ ဝဋ္ဋတိ- အပ်၏၊ တဋ္ဌ- ထိုထီးခရိုင်ကိုလည်း၊ ခေါ- စင်စစ်၊ ဝါ- အမှန်အားဖြင့်၊ ထိရကရဏတ္ထံ- ခိုင်မြဲအောင် ပြုခြင်းအကျိုးငှာ၊ (ဝိနန္ဓိတုံ- ဖွဲ့ခြင်းသည်၊)

ဆတ္တဒဏ္ဍဂ္ဂါဟကသလာကပဋ္ဌရ။ ။ ဘုရားရှင်လက်ထက်တော်က 'အဝတ်မိုးထီး, ဖျာမိုးထီး, ထန်းရွက်မိုးထီး'ဟု ခရိုင်ဖွဲ့ထီး သုံးမျိုးရှိနေသည်။ (ဝိ၊၂၊၂၆၂။) ယခုကာလထီးများကဲ့သို့ ဖွင့်၍ ပိတ်၍ရသော ထီးမျိုးကား ဟုတ်သေးဟန်မတူပါ။

ယင်းထီးများသည်လည်း ယခုခေတ်ရွှေထီး, ထီးဖြူတို့ကဲ့သို့ အရိုးနှစ်ဆင့်တပ်ထီး, အရိုးတစ်ဆက်တည်း တပ်သောထီးဟု နှစ်မျိုးရှိပြန်သည်။ အရိုးနှစ်ဆင့်တပ် ထီးများ၏ အပေါ်ဆင့်အရိုးသည် အရင်း (ထီးခေါင်း) တုပ်၍ မို့သဏ္ဌာန်ရှိသည်။ အဖျားဘက်၌ အပေါက်ပါသည်။ ယင်းအပေါက်ထဲ၌ အခြားလက်ကိုင်အရိုးတစ်ချောင်းကို စွပ်လိုက်မှ ဆောင်းဖြစ်သည်။ အရိုးတစ်ဆက်တည်းတပ်သော ထီးမျိုး၏ အရိုးမူကား ရှည်သည့်အတွက် သူ့အလိုအလျောက် လက်ကိုင်အရိုးဖြစ်နေသည်။ ယင်းထီးရိုးနှစ်မျိုးလုံးပင် ခရိုင်ထီးလက်များ၏ အလယ်မှာ တည်ရှိနေသည်။

ထီးရိုးလျှောထွက်မသွားစေရန် ထီးလက်ဝါးခြမ်းရင်းတို့၏ စုဝေးတည်နေရာ ထီးရိုးပတ်လည်မှာ ခိုင်မြဲသော ချိုင့်ဖြစ်လာအောင် (ထီးလက်နှင့် ထီးရိုးကို) ကြိုးဖြင့် တုပ်နှောင်ရသည်။ ထိုတုပ်နှောင်ထားရာအရပ်သည်ပင် "ဆတ္တဒဏ္ဍဂ္ဂါဟကသလာကပဋ္ဌရ (ထီးရိုးမှာ ဖမ်းချုပ်ထားသော ထီးလက်ဝါးခြမ်းချိုင့်အုံ)" မည်သည်။ ယင်းကိုပင် "ထီးခရိုင်"ဟုလည်း ခေါ်ကြသည်။ (ဝိမတိ၊၁၊၁၆၆။)

(အတွင်းဘက်မှ) ထီးလက်ဝါးခြမ်းရှည်များအပေါ်မှာ ကန့်လန့်ဖြတ် လက်ကောက်ကွင်းပုံသဏ္ဌာန် ဝါးခြမ်းများကို ထား၍ ကြိုးတို့ဖြင့် ဖွဲ့ချည်ရသည်၊ ယင်းသို့ ဖွဲ့ချည်သည်ကိုပင် "မဏ္ဍလဗဒ္ဓ (အိမ်ဝန်းဖွဲ့သည်)"ဟု ခေါ်သည်၊ အလျားအနံဖြောင့်ဖြောင့် ဝါးခြမ်းစိတ်များ (လေးချောင်း) ကိုထား၍ ခိုင်မြဲစွာ ဖွဲ့ချည်ရသည်။ (ယင်းသို့ ဖွဲ့ချည်လိုက်သည့်အခါမှာ ထီးရိုးပတ်ပတ်လည်၌ ဝါးချောင်းကလေးများ လေးထောင့်ကွက် ဖြစ်နေပေလိမ့်မည်၊) တစ်ဖန် ကန့်လန့်ဖြတ် (ထောင့်တန်း) ဝါးခြမ်းများ (လေးချောင်း) ကိုထား၍ ချည်ရဦးမည်၊ ယင်းသို့ ချည်လိုက်သည့်အခါ ထီးရိုး၏ပတ်လည်မှာ ကြိမ်ထိုးကုလားထိုင်ကွက်ကဲ့သို့ ရှစ်ထောင့်ကွက်ဖြစ်နေပေလိမ့်မည်။ ယင်းဝါးခြမ်းများ တွန့်မသွားအောင် ထီးရိုးနှင့် တုပ်နှောင်ရပြန်သည်။ ဤသို့ တုပ်နှောင်ဖွဲ့ချည်သည်ကို "သလာကဗဒ္ဓ (ဝါးခြမ်းအိမ်ဖွဲ့သည်)"ဟု ခေါ်သည်။ (ဝိမတိ၊၂၆၄။)

ဤသည်ပင်လျှင် ထီးခရိုင်ဖွဲ့ပုံဖြစ်သည်။ ယင်းထီးခရိုင်ကို အရောင်တစ်မျိုးသာ ရှိသောချည်ဖြင့် တုပ်နှောင်ခြင်းငှာ အပ်သည်။

[ပဋ္ဌရသဒ္ဒါသည် – ၁- လျှောင်အိမ်၊ ၂- ကမ္မဋ္ဌာန်းရုပ် အရိုးစုပုံကြမ်း၊ ၃- ထီးကိုင်းထီးလက်၊ ၄- ဝိုင်းကာထားခြင်းဟူသော အနက်များကို ဟောသည်ဟု နိုင်ငံခြား

http://www.dhammadownload.com

ဝဋ္ဌတိ- အပ်၏၊ ဝဏ္ဏမဋ္ဌတ္ထာယ- အဆင်းပြေပြစ် ညက်ညောသည်၏ အဖြစ် အကျိုးငှာ၊ (ဝိနန္ဓိတုံ- ဖွဲ့ခြင်းသည်၊) နဝဋ္ဌတိ- မအပ်။

ဆတ္တပဏ္ဏေသု- ထီးရွက်တို့၌၊ မကရဒန္တကံ ဝါ- မကရ်းသွား ပုံသဏ္ဌာန်ကို သော်လည်းကောင်း၊ ဝါ- ခွေးသွားစိတ် ပုံသဏ္ဌာန်ကိုသော်လည်းကောင်း၊ (ယခုကာလ အမျိုးသမီးဆောင်း ပုသိမ်ထီးများ၏ အနားပုံမျိုး၊) အမုစန္ဒကံ ဝါ- လထက်ဝက် ပုံသဏ္ဌာန်ကိုသော်လည်းကောင်း၊ (ယခုကာလ ဖဲထီးများ၌ ဝိုက်ထားသော ပုံမျိုး၊) ဆိန္ဒိတုံ- ဖြတ်ခြင်းငှာ၊ နဝဋ္ဌတိ- မအပ်၊ ဆတ္တဒဏ္ဍေ- ထီးရိုး၌၊ ဂေဟတ္ထမ္ဘေသု ဝိယ- အိမ်တိုင်တို့၌ကဲ့သို့၊ ဃဋ္ဌကော ဝါ- ညောင်ရေအိုးငယ်ပုံသည်လည်းကောင်း၊ (ယခုခေတ် ပွတ်ခံလုပ်ထားသော ကုလားထိုင်ခြေ စသည်မှာ တွေ့ရသော ပုံမျိုး၊) ဝါဋ္ဌရူပကံ ဝါ- (ခြသေ့်ရုပ် ကျားရုပ်စသော) သားရဲ ရုပ်သည်လည်းကောင်း၊ (ဥပလက္ခဏနည်းအားဖြင့်သာ ဆိုထားသည်၊ မည်သည့်အရုပ်မျှ အပ်ဖွယ်မရှိပါ၊) နဝဋ္ဌတိ- မအပ်၊ သဗ္ဗတ္ထ- (ထီးရိုး၏) အလုံးစုံသော အရပ်၌၊ အာရဂ္ဂေန- ပွတ်ဆောက်ဖျားဖြင့်၊ လေခါ- အရေးသည်၊ ဝါ- ကို၊ ဒိန္နာ- ပေးအပ်သည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်အံ့၊ (ဧဝံ သတိ- သော်၊) သာပိ- ထိုအရေးသည်လည်း၊ နဝဋ္ဌတိ- မအပ်၊ ဃဋ္ဌကံ ဝါ- ညောင်ရေအိုးငယ် ပုံကိုလည်းကောင်း၊ ဝါဋ္ဌရူပကံ ဝါ- သားရဲရုပ်ကို

အဘိဓာန်များမှာ ပြဆိုထားသည်။ ဓာတွတ္ထသင်္ဂဟ၌ သကုဏပဋ္ဌရ သကဋ္ဌပဋ္ဌရ ဆတ္တပဋ္ဌရ- ထီးခရိုင်ဟူသော အနက်ကို ပဇိ-ဓာတ်နေရာမှာ ထုတ်ပြထားသည်။ ထို့ကြောင့် ဤ၌ "ပဋ္ဌရ"အရ ထီးလက် ဝိုင်းကာထားခြင်း ထီးခရိုင် ထီးချိုင့်ဟူသော အနက်များကို အရာဌာနအားလျော်စွာ ယူသင့်သည်။|

နဝဏ္ဏမဋ္ဌတာယ။ ။ ခိုင်မြဲစေရန်အတွက်သာ အရောင်းအဆင်း တစ်မျိုးသာ ရှိသော ချည်ဖြင့် တုပ်နှောင်ပါလျက် အဆင်းပြေပြစ် ညက်ညောချောမောသွားပါလျှင် အပြစ်မရှိဟူသော သဘောကို "နဝဏ္ဏမဋ္ဌတာယ" ဟူသော ပါဌ်ဖြင့်ပင် ပြသည်။ (ဝိမတိ၊၁၊၁၆၆။)

ဃဋ္ဌကံ ဝါ။ပ။ ဝေဌေတဗ္ဗော။ ။ ရှေးခေတ်က တိုင်များမှာ ညောင်ရေအိုးငယ် ပုံနှင့် ခြသေ့်ရုပ်စသည်တို့ကို ပြုလုပ်ထားတတ်ကြ၏။ ထီးရိုးမှာ ထိုသို့ပြုလုပ်ပါက မအပ်ပါ၊ ညောင်ရေအိုးငယ်ပုံနှင့် ခြသေ့်ရုပ်စသည်တို့ကို ဖျက်ပြီးမှ ထီးကို အသုံးပြုရမည်။ ထို့ပြင် ထီးရိုး၌ ဆောက်ဦးဖြင့် အရေးအကြောင်းများကိုလည်း ပြုလုပ်ထားတတ်ကြသည်၊ ယင်းအရေးအကြောင်းများလည်း မအပ်၊ ဓားစသည်ဖြင့် ရွှေချောပစ်၍ ဖြစ်စေ အရေးအကြောင်း မထင်ရအောင် ကြိုးငယ်ဖြင့် ရစ်ပတ်၍ဖြစ်စေ ထီးကို သုံးစွဲရမည်။

http://www.dhammadownload.com

လည်းကောင်း၊ ဘိန္ဒိတွာ- ဖျက်၍၊ ဓာရေတဗ္ဗံ- ဆောင်ရာ (ဆောင်းရာ) ၏၊ လေခါပိ- အရေးကိုလည်း၊ ယဲသိတွာ ဝါ- ပွတ်တိုက် (ရွှေချော) ၍မူလည်း၊ အပနေတဗ္ဗာ- ပယ်ရှားထိုက်၏၊ သုတ္တကေန ဝါ- ကြိုးငယ်ဖြင့်မူလည်း၊ ဒဏ္ဍော- ထီးရိုးကို၊ ဝေဒေတဗ္ဗော- ရစ်ပတ်ထိုက်၏၊ ဒဏ္ဍာဗုန္ဒေ ပန- ထီးရိုးရင်း၌ကား၊ (လက်ကိုင်အရင်း) အဟိစ္ဆတ္တကသဏ္ဌာနံ- မြွေသဏ္ဌာန်သည်၊ ဝဋ္ဋတိ- အပ်၏။

ဝါတပ္ပဟာရေန- လေတိုက်ခတ်ခြင်းကြောင့်၊ အစလနတ္ထံ- မလှုပ်ရှားစေခြင်းအကျိုးငှာ၊ ဆတ္တမဏ္ဍလိကံ- ထီးလက်၌ ဖွဲ့အပ်သော ခွေကို၊ ဝါ- ထီးအတွင်းခွေငယ်ကို၊ ရဇ္ဇုကေဟိ- ကြိုးငယ်တို့ကို၊ ဂါဟေတွာ- ယူစေ၍၊ (တနည်းကား) ရဇ္ဇုကေဟိ ဂါဟေတွာ- ကြိုးငယ်တို့ဖြင့် ချည်၍၊ ဒဏ္ဍော- ထီးရိုး၌၊ ဗန္ဓန္တိ- ဖွဲ့ချည်ကြကုန်၏၊ တသ္မိံ ဗန္ဓနဋ္ဌာနေ- ထိုဖွဲ့ချည်ရာအရပ်၌၊ ဝလယမိဝ-

---

ဆတ္တမဏ္ဍလိကံ။ ။ ထီးခရိုင် (ထီးလက်) ၌ စက်ဝိုင်းပုံဖွဲ့ချည်ထားသော သစ်သားခွေ (ဝါးခွေ) ကို "ဆတ္တမဏ္ဍလိက" ခေါ်သည်။ (ဝိမတိ၊၁၊၁၆၆။) ထီး၏ အတွင်းဘက်ခွေငယ်သည် "ဆတ္တမဏ္ဍလိက" မည်သည်။ (သာရတ္ထ၊၂၊၁၁၉။) ယင်းဆတ္တမဏ္ဍလိကဟူသည် ဆိုခဲ့ပြီးသော ထီးခရိုင်ဖွဲ့ပုံ၌ ပါသည်၊ မဏ္ဍလဗဒ္ဓ-ပင်ဖြစ်သည်။ လေတိုက်ခတ်ခြင်းကြောင့် ထီးရွက်မလှုပ်ယိုင်ရအောင် ယင်းခွေနှင့် ထီးရိုးတို့ကို (လေးဘက်လေးတန်) တုပ်နှောင်ချည်ထားရသည်။ ထီးရိုး၌ ကြိုးချည်မည့်နေရာမှာ ကြိုးနေရာမရွေ့ရအောင် အထစ်ကလေး လုပ်ထားရသည်။ ထီးရိုး၌ အရေးအကြောင်းမအပ်ဟု ဆိုခဲ့သော်လည်း ဤအရေးအကြောင်းမျိုးမူကား အပ်၏ဟု ဆိုလိုသည်။

နှိုင်းယှဉ်ချက်။ ။ ပြဆိုခဲ့သော ထီးမျိုးမှာ ဖွင့်၍ပိတ်၍ မရသော ထီးမျိုးဖြစ်သည်။ အကြောင်းမှာ- ခရိုင်ထီးလက်မှာ ခွေတပ်၍ အရိုးမှာ ချည်နှောင်ထားသောကြောင့်ပင် ဖြစ်ပါသည်။ ယခုခေတ်ပေါ်ထီးမျိုးမူကား ဖွင့်၍ပိတ်၍ရသော ထီးမျိုးဖြစ်သည်၊ အတွင်းခွေအစား အဖွင့်အပိတ် လွယ်ကူအောင် ထီးခရိုင်ကို သီးသန့်ထည့်ထားသည်၊ ထို့ပြင် –

ယခုခေတ် ဘုန်းကြီးဆောင်းထီးများ၏ လက်ကိုင်ရိုးအရင်းမှာ တပ်ထားသော သစ်သားပွတ်လုံးအချို့မှာ အရစ်ကလေးများ ပါတတ်သည်။ ယင်းအရစ်ကလေးများကို ရွှေချော၍ဖြစ်စေ မပေါ်လွင်မထင်ရှားအောင် ကြိုးစသည်ဖြင့် ရစ်ပတ်၍ဖြစ်စေ အရစ်ကလေးများကုန်သွားအောင် လွှဖြင့်ဖြတ်၍ဖြစ်စေ သုံးစွဲသင့်သည်၊ ဆရာများကား လွှဖြင့်ဖြတ်၍သုံးစွဲတော်မူကြသည်၊ ထို့ပြင် –

အချို့ထီးများ၏ ခရိုင်ထီးလက်ကို ရောင်စုံချည်ဖြင့် လှပအောင်ပြုပြင်ထားကြပြန်သည်။ ယင်းချည်များကို အရောင်တစ်မျိုးတည်းဖြစ်သွားအောင် ဆိုးရည်တစ်မျိုးမျိုးဖြင့်

http://www.dhammadownload.com

ဆိုးပြီးမှဖြစ်စေ, ယင်းသို့ ဆိုးစေကာမူ မူလအရောင်များ မပျက်ပါက ယင်းကြိုးများကို ဖြတ်တောက်ပယ်ရှား၍ဖြစ်စေ အသုံးပြုသင့်သည်။

သာသနာတော်ကို ကြည်ညိုလေးစားနေကြသော ဒကာဒကာမများကလည်း ယင်းမအပ်စပ်သောထီးမျိုးကို ဝယ်ယူ၍ သံဃာတော်များအား မလှူဒါန်းမိအောင် သတိပြုသင့်ပါသည်။

သိင်္ခာပုဒ်တော်များ။ ။ ဤ၌ (စူဠဝါပါဠိတော်၊ ၂၆၉။) မှ ထီးဆောင်းမှုနှင့် ပတ်သက်၍ ပညတ်ထားသော သိင်္ခာပုဒ်တော်များကို ထုတ်နုတ်ပြပါဦးမည်။ (ပင်္ကိုဏ္ဏကဝိနိစ္ဆယကထာ၊ ၄၄၅။ ကိုလည်း ရှုပါ။)

၁။ ရဟန်းတို့ ထီးကို ခွင့်ပြုသည်။
၂။ ရဟန်းတို့ ထီးမဆောင်းရ၊ ဆောင်းသောရဟန်း ဒုက္ကဋ်အာပတ်သင့်စေ။
၃။ ရဟန်းတို့ ဂိလာနအား ထီးဆောင်းခွင့်ပြုသည်။
၄။ ရဟန်းတို့ ကျန်းမာသောရဟန်းသည်လည်း အာရာမ်တွင်းနှင့် အာရာမ်၏ဥပစာရမှာ ထီးဆောင်းရန် ခွင့်ပြုသည်။

ဤသို့ ထီးဆောင်းခြင်းနှင့် ပတ်သက်၍ သိင်္ခာပုဒ်တော်လေးခုကို ဘုရားရှင် ပညတ်တော်မူခဲ့ပေသည်။

၁-နံပါတ် သိင်္ခာပုဒ်ဖြင့် ထီးကို ခွင့်ပြုလိုက်သည့်အခါ ဆင်ဖွဂိုရဟန်းများ နေရာဌာနမရွေး ထီးဆောင်းနေကြသည်။ ယင်းအကြောင်းကို ကြားသိတော်မူရသည့်အတွက် ၂-နံပါတ်သိင်္ခာပုဒ်ဖြင့် မူလသိင်္ခာပုဒ်ကို ရုပ်သိမ်းပယ်ဖျက်တော်မူသည်။

ထီးမဆောင်းလျှင် ဘယ်နည်းနှင့်မှ မဖြစ်နိုင်သည့် ဂိလာနရဟန်းတစ်ပါး ရှိနေကြောင်း သိရသည့်အခါမှာ ၃-နံပါတ်သိင်္ခာပုဒ်ဖြင့် ခွင့်ပြုတော်မူသည်။ ထို့နောက် ထီးဆောင်းရန် ခွင့်ပြုသည်မှာ ဂိလာနအတွက်သာဖြစ်သည်၊ ကျန်းမာသော ရဟန်းများ မဟုတ်ဟု နှလုံးသွင်း၍ ရဟန်းတော်များ ကျောင်းအာရာမ်အတွင်းမှာပင် ထီးမဆောင်းဘဲ နေကြကြောင်း ကြားသိတော်မူရသည့်အတွက် ၄-နံပါတ်သိင်္ခာပုဒ်ဖြင့် ခွင့်ပြုတော်မူပြန်သည်။

ဤသိင်္ခာပုဒ်များအရ ဂိလာနရဟန်းသည် ကျောင်းဝင်းကျောင်းပြင် ရွာထဲ တောထဲမှာပါ နေရာမရွေး ရာသီမရွေး ထီးဆောင်းကောင်းသည်။ ကျန်းမာသော ရဟန်းမူကား ကျောင်းဝင်းထဲမှာသာ ထီးဆောင်းကောင်းသည်။ သို့သော် မိုးတွင်း၌ သင်္ကန်းကို စောင့်ရှောက်ခြင်း- စီဝရဂုတ္တ၊ ကိုယ်ကိုစောင့်ရှောက်ခြင်း- အတ္တဂုတ္တ အလို့ငှာ ရွာထဲတောထဲမှာ ထီးဆောင်းကောင်းပါသေးသည်။

ဧကပဏ္ဏစ္ဆတ္တ-ခေါ်သော ယပ်တောင်မူကား ကာလဒေသမရွေး အကုန်လုံးမှာပင် အပ်သည်။

http://www.dhammadownload.com

လက်ကောက်ကဲ့သို့၊ ဥက္ကိရိတွာ- အနိမ့်အမြင့်ပေါ်တက်စေ၍၊ လေခံ-အရေးကို၊ ထပေန္တိ- ထားကြကုန်၏၊ သာ- ထိုအရေးသည်၊ ဝဋ္ဋတိ- အပ်၏။

၇။ စီဝရမဏ္ဍနတ္ထာယ- သင်္ကန်းကို တန်ဆာဆင်ခြင်းအကျိုးငှာ၊ နာနာသုတ္တကေဟိ- အမျိုးမျိုးသော အဆင်းရှိသော ချည်တို့ဖြင့်၊ သတပဒိသဒိသံ-ကင်းခြေများနှင့်တူစွာ၊ ဝါ- ကင်းခြေများသဏ္ဌာန်၊ သိဗ္ဗန္တာ- ချုပ်ကုန်လျက်၊ အာဂန္တုကပဋ္ဌံ- အာဂန္တုကအလွှာကို၊ ဝါ- သလင်းတောင်ကို၊ ဌပေန္တိ- ထားကုန်၏၊ (သင်္ကန်းပေါ်၌ နောက်ထပ် ထပ်အပ်သောအလွှာကို၊ "အာဂန္တုကပဋ္ဌ အန္ဓာဓိက"ဟု ခေါ်သည်၊) အညမ္ပိ- (ကင်းခြေများသဏ္ဌာန်မှ) အခြားလည်းဖြစ်သော၊ ယံ ကိဉ္စိ- တစ်မျိုးမျိုးသော၊ သူစိကမ္မဝိကာရံ- အပ်ချုပ်မှု၏ ထူးခြားသောအမူအရာကို၊ ကရောန္တိ- ပြုလုပ်ကုန်၏၊ ပဋ္ဌမုခေ ဝါ- အလွှာ၏ အဦးအစ၌သော်လည်းကောင်း၊ ပရိယန္တေ ဝါ- သင်္ကန်းအဆုံး၌သော်လည်းကောင်း၊ (သင်္ကန်း၏ အလျားအနားပတ်ကို ရည်၍၊ ပရိယန္တေ- ဟု ဆိုသည်။ ဋီ။) ဝေဏိ ဝါ- ပြောင်းနှံသဏ္ဌာန် ချုပ်ခြင်းကိုလည်းကောင်း၊ သခ်လိကံ ဝါ-သံကြိုး ကွင်းဆက် သဏ္ဌာန်ချုပ်ခြင်းကိုလည်းကောင်း၊ မုဂ္ဂရံ ဝါ- ဝါးရင်းတုတ်သဏ္ဌာန် ချုပ်ခြင်းကိုလည်းကောင်း၊ (ကရောန္တိ- ပြုလုပ်ကြကုန်၏၊) ဧဝမာဒိ-သဗ္ဗံ- ဤသို့ အစရှိသော အလုံးစုံသော ချုပ်မှုသည်၊ န ဝဋ္ဋတိ- မအပ်၊ ပကတိသူစိကမ္မမေဝ- ပကတိအပ်ချုပ်မှုသည်သာ၊ (ရိုးရိုးအပ်ချုပ်မှုသည်သာ၊) ဝဋ္ဋတိ- အပ်၏။

ကိုယ်ပူရောဂါ သည်းခြေပျက်ရောဂါရှိသော ရဟန်း၊ မျက်စိအားနည်းသော ရဟန်း၊ ထီးမဆောင်းခဲ့ပါလျှင် အခြားရောဂါ တစ်စုံတစ်ရာရောဂါဖြစ်နိုင်သည့် ရဟန်းများကို ဂိလာန-ဟု ခေါ်သည်။

နာနာသုတ္တကေဟိ။ ။ အရောင်အမျိုးမျိုးရှိသော ချည်ကို နာနာသုတ္တက-ဟု ဆိုလိုသည်၊ ဤစကားကိုလည်း ထိုကဲ့သို့ ပြုလုပ်သူတို့၏ လုပ်ပုံလုပ်နည်းကို ပြရန်အလို့ငှာသာ ဆိုသည်၊ အရောင်တစ်မျိုးတည်းသာရှိသော ချည်ဖြင့်လည်း အဌကထာ၌ ပြဆိုထားသည့် ကင်းခြေများသဏ္ဌာန်စသောနည်းဖြင့် ချုပ်ခြင်းငှာ မအပ်သည်သာ၊ ထို့ကြောင့် "ပကတိသူစိကမ္မမေဝ ဝဋ္ဋတိ"ဟု အဌကထာ၌ မိန့်ဆိုထားပေသည်။

(ဋီ-များ။)

ပဋ္ဌမုခေ။ ။ ပဋ္ဌ-အလွှာ + မုခ-အဦးအစ = သင်္ကန်းလျာအဝတ်ကို ငါးခန်းစသည် ဖြတ်ပြီးနောက် ဖြတ်စနှစ်ခုတို့၏ (ဖြတ်စချင်း) ဆက်စပ်ရာဌာနကို ရည်၍ "ပဋ္ဌမုခေ"ဟူသော စကားကို ဆိုသည်။ (ဋီ-များ။)

http://www.dhammadownload.com

ဂဏ္ဌိကပဋ္ဌကဋ္ဌ- ကမ္မတ်သီးတပ်ရာ အပေါ်လွှာကိုလည်းကောင်း၊ (အနားပတ်သီးတပ်ရာအိမ်ဟု ဆိုလိုသည်၊) ပါသကပဋ္ဌကဋ္ဌ- ကမ္မတ်ကွင်းတပ်ရာအပေါ်လွှာကိုလည်းကောင်း၊ (အနားပတ်ကွင်းတပ်ရာအိမ်ဟု ဆိုလိုသည်၊) အဋ္ဌကောဏမ်ပိ- ရှစ်ထောင့်ကိုလည်းကောင်း၊ သောဋ္ဌသကောဏမ်ပိ- တစ်ဆယ့်ခြောက်ထောင့်ကိုလည်းကောင်း၊ ကရောန္တိ- ပြုလုပ်ကြကုန်၏၊ တတ္ထ- ထိုအလွှာတို့၌၊ အဂ္ဂိယဂယမုဂ္ဂရာဒီနိ- စေတီပုံ, တင်းပုတ်ပုံ, ဝါးရင်းတုတ်ပုံ အစရှိသည်တို့ကို၊ ဒဿေန္တိ- ထင်စေကြကုန်၏၊ ကက္ကဋ္ဌကွိနိ- ပုစွန်မျက်လုံးပုံတို့ကို၊ ဥက္ကိရန္တိ- ပေါ်ထွက်စေကြကုန်၏၊ သဗ္ဗံ- အလုံးစုံသည်၊ နု ဝဋ္ဋတိ- မအပ်၊ စတုကောဏမေဝ- လေးထောင့်သည်သာ၊ ဝဋ္ဋတိ- အပ်၏။

အဂ္ဂိယဂယမုဂ္ဂရာဒီနိ။ ။ အဂ္ဂိယဟူသည် အရင်းကြီး၍ အဖျားသေးသော စေတီပုံသဏ္ဌာန်ချပ်ခြင်းမျိုးတည်း၊ ဂယာဟူသည် အရင်းသေး၍ အဖျားကြီးသော တင်းပုတ်ပုံစံ (*ဂဒါကာရေန) ချပ်ခြင်းမျိုးဖြစ်သည်၊ မုဂ္ဂရဟူသည် အရင်းနှင့်အဖျား (ပုံစံ) တူအောင်ဝါးရင်းတုတ် (ငရုတ်ကျည်ပွေ့) သဏ္ဌာန်ချပ်ခြင်းမျိုးဖြစ်သည်၊ "မူလေ စ အဂ္ဂေ စ ဧကသဒိသံ ကတ္တာ"ဟူသော စကားရပ်ဖြင့် ဋီကာဆရာက အသေးအကြီးတူသည်ကို ပြလိုရင်းမဟုတ်၊ ပုံစံအသွင်အပြင်တူသည်ကိုသာ ပြလိုရင်းဖြစ်သည်။ ထင်ရှားစေပါဦးမည်၊ –

ဂယာအရ တင်းပုတ်ဟူသည်မှာ (ဘုရားစောင်းတန်းမှာ ဆိုင်တင်ရောင်းချနေကြသည့်) ကြေးစည်ထုရာ၌ အသုံးပြုရသော လက်ကိုင်တပ် လက်ရိုက်မျိုး ဖြစ်သည်၊ နိုင်ငံခြားအဘိဓာန်များမှာ ပုံစံနှင့် တွဲဖက်ပြထားပါသည်။

မုဂ္ဂရ-သဒ္ဒါ၏ အနက်ကို တူ, တင်းပုတ်, တူနှင့်တူသော ရွှေးခေတ်သုံး လက်နက်တစ်မျိုးဟု သက္ကဋအဘိဓာန်များမှာ ပြဆိုထားသည်။ ထို့ပြင် သစ်သားကို ပြုလုပ်ထားသော အားကစားတုတ်ရှည်ကိုလည်း "မုဂ္ဂရ"ဟု ခေါ်သည်။ အရင်း (လက်ကိုင်) ဘက်မှ သေး၍ အဖျားဘက်၌ ကြီးသွားသည်၊ ယင်းကို ဒေ့ယမ်းလှည့်ပတ် ကစားခြင်းဖြင့် လက်ကို အားရှိစေသည်။ တောင့်တင်းသန်မာစေသည်ဟု သဒ္ဒတ္ထကောတ္ထုဘ (သက္ကဋဟိန္ဒီ) အဘိဓာန်နှင့် ဟိန္ဒီအဘိဓာန်များမှာ ပြဆိုထားပါသေးသည်၊ မုဂ္ဂရ-အရ ဤနောက်ဆုံးအနက်ကိုသာ ယူသင့်ပါသည်။

ကက္ကဋ္ဌကွိနိ ဥက္ကိရန္တိ။ ။ ကမ္မတ်သီးအိမ်နှင့် ကမ္မတ်ကွင်းအိမ်တို့၏ အဆုံး၌ အစဉ်အတန်းအားဖြင့်ဖွဲ့လျက် ပုစွန်မျက်စိသဏ္ဌာန် (အပေါ်သို့ ပြူးထွက်နေသော အသီးကလေး) ပြုလုပ်ထားသည်ကို "ကက္ကဋ္ဌကွိနိ ဥက္ကိရန္တိ"ဟု ဆိုလိုသည်။

http://www.dhammadownload.com

ကောဏသုတ္တပိဋကာ စ- ကမ္ပတ်သီးအိမ် ကမ္ပတ်ကွင်းအိမ်ထောင့်တို့မှ ထွက်သော ချည်ဖုတို့သည်လည်း၊ ဝါ- ကမ္ပတ်သီးအိမ် ကမ္ပတ်ကွင်းအိမ်ထောင့်တို့မှ ထွက်သောချည်နှင့် အဖုတို့သည်လည်း၊ စီဝရေ- ကို၊ ရတ္တေ- ဆိုးအပ်ပြီးသော်၊ ဒုဝိညေယျရူပါ- မသိအပ်သော သဘောရှိကုန်သည်၊ (သမာနာ-ဖြစ်ကုန်လတ်သော်၊) ဝဋ္ဌန္တိ- အပ်ကုန်၏၊ ကဠိကပိဋခလိအလ္လိကာဒီသု-ပအုံးရည် (နှင့်တူသော ပျစ်ချဲသော ကစီရည် ထမင်းရည်) မုန့်ညက်ရည် (ကော်ရည်) သစ်စေးအစရှိသည်တို့၌၊ စီဝရံ- သင်္ကန်းကို၊ ပက္ခိပိတုံ-ထည့်ခြင်းငှာ၊ နဝဋ္ဌတိ- မအပ်။ (သင်္ကန်း မာတောင့်တောင့်ကလေး ဖြစ်လာအောင် မထည့်ရဟု ဆိုလိုသည်။)

ပန- အလျော်ကို ပြဦးအုံ၊ စီဝရကမ္မကာလေ- သင်္ကန်းချုပ်မှုကို ပြုရာအခါ၌၊ ဟတ္ထမလသူစိမလာဒီနံ- လက်အညစ်အကြေး အပ်အညစ်အကြေး စသည်တို့ကို၊ ဓောဝနတ္ထံ- ဖွပ်လျှော်ခြင်းငှာလည်းကောင်း၊ ကိလိဋကာလေ- ညစ်နွမ်းရာအခါ၌၊ ဓောဝနတ္ထံ စ- ဖွပ်လျှော်ခြင်းငှာလည်းကောင်း၊ စီဝရံ- သင်္ကန်းကို၊ ပက္ခိပိတုံ- ထည့်ခြင်းငှာ၊ ဝဋ္ဌတိ- အပ်၏၊ ဂန္ဓံ ဝါ- နံ့သာကိုလည်းကောင်း၊ လာခံ ဝါ- ချိပ်ရည်ကိုလည်းကောင်း၊ တေလံ ဝါ- ဆီကိုလည်းကောင်း၊ ရဇနေ-ဆိုးရည်၌၊ ပက္ခိပိတုံ- ထည့်ခြင်းငှာ၊ နဝဋ္ဌတိ- မအပ်။

(သင်္ကန်းမွှေးလာအောင် နီရဲရဲရှိလာအောင် အရောင်စိုလာအောင် ဆိုးရည်၌ နံ့သာ စသည်တို့ကို မထည့်ရ။)

ကောဏပိဋကာ။ ။ ကမ္ပတ်သီးအိမ်နှင့် ကမ္ပတ်ကွင်းအိမ်တို့၏ ထောင့်တို့မှ ထုတ်ဆောင်အပ်သော ချည်စွန်း (ချည်စ) များကို၊ "ကောဏသုတ္တပိဋက"ခေါ်သည်ဟု ဂဏ္ဌိပဒ သုံးစောင်လုံး၌ မိန့်ဆိုထားသည်။ ယင်းချည်စွန်း (ချည်စ) များကို အဆုံး၌ တစ်ကြိမ်တစ်ပတ်မျှ ထုံး၍သော်လည်းထားပါ၊ သို့မဟုတ် ပြန်လှည့်၍သော်လည်းချုပ်ပါ၊ ပြီးမှ ချည်စွန်း (ချည်စ) များကို ဖြတ်ပစ်လိုက်ပါ၊ ဤသို့ပြုလုပ်၍ မထင်ရှားမှ အပ်သည်။

ကောဏသုတ္တာ စ ပိဋကာ၊ ဒုဝိညေယျာဝ ကပ္ပရေ။

ဤသို့ ဓမ္မသိရီထေရ်က ခုဒ္ဒသိက္ခာမှာ မိန့်ဆိုထားသည်။ ထို့ပြင်–

သုတ္တာ စ ပိဋကာ တတ္ထ၊ ဒုဝိညေယျာဝ ဒီပိတာ။

ဤသို့လည်း ဗုဒ္ဓဒတ္တထေရ်က ဝိနယဝိနိစ္ဆယ၌ မိန့်ဆိုထားပြန်သည်၊ ထို့ကြောင့် ထိုဆရာများ၏အယူဖြင့် ကောဏသုတ္တ-တစ်မျိုး, ပိဋက-တစ်မျိုး နှစ်မျိုးခွဲ၍ မှတ်သားသင့်သည်။

http://www.dhammadownload.com

စ- ဆက်ဦးအံ့၊ ရဇနေသု- ဆိုးရည်တို့တွင်၊ ဟလိဒ္ဒိ- နန္ဒင်းကို၊ ဌပေတွာ- ချန်ထား၍၊ သဗ္ဗံ- အလုံးစုံသော၊ **မူလရဇနံ**- အမြစ်ဆိုးရည်သည်၊ ဝဋ္ဋတိ- အပ်၏၊ မဋ္ဌိဋ္ဌဉ္စ- နီပါးဆေးပင်ကိုလည်းကောင်း၊ တုဂ်ဟာရဉ္စ- ပိန္နဲနွယ်ပင်ကိုလည်းကောင်း၊ ဌပေတွာ- ထား၍၊ သဗ္ဗံ- သော၊ **ခန္ဓရဇနံ**- ပင်စည်ဆိုးရည်သည်၊ ဝဋ္ဋတိ- အပ်၏၊ တုဂ်ဟာရော နာမ- တုဂ်ဟာရမည်သည်၊ ဧကော- တစ်မျိုးသော၊ သကဏ္ဏကရုက္ခော- ဆူးရှိသော သစ်ပင်တည်း၊ တဿ- ထို သစ်ပင်၏၊ ဟရိတာလဝဏ္ဏော- ဆေးဒန်းမြင်းသီလာ အဆင်းရှိသော၊ **ခန္ဓရဇနံ**- ပင်စည်ဆိုးရည်သည်၊ ဟောတိ- ဖြစ်၏၊ လောဒ္ဓဉ္စ- တောက်ရပ်ကိုလည်းကောင်း၊ ကဏ္ဏုလဉ္စ- ကြာပိုင်ခေါက်ကိုလည်းကောင်း (မဓမလည်းဟူ၏၊) ဌပေတွာ- ထား၍၊ သဗ္ဗံ- သော၊ **တစရဇနံ**- အခေါက်ဆိုးရည်သည်၊ ဝဋ္ဋတိ- အပ်၏၊ အလ္လိပတ္တဉ္စ- ဒန်းရွက်ကိုလည်းကောင်း၊ နီလိပတ္တဉ္စ- မဲရွက်ကိုလည်း

***မဋ္ဌိဋ္ဌာ။** ။ နီပါးဆေးပင်၊ ယင်းအပင်သည် နွယ်အမျိုးအစားထဲကဖြစ်သည်၊ ခြောက်သွေ့နေသော ယင်းနွယ်ကို အချောင်းလိုက် ရေထဲမှာထည့်၍ ဆူပွက်အောင် ကျိုချက်ပါက အဖိုးနည်းဝန်ပါ အနီရောင် (သလဲပွင့်ကဲ့သို့ နီသောအရောင်) ဆိုးရည်ကို အဆင်သင့် ရနိုင်သည်၊ ယင်းအရောင်သည် ကြာရှည်ခိုင်သည်၊ နှစ်လိုဖွယ်ကောင်းသည်ဟု သင်္ဂဋ္ဌ+ဟိန္ဒီ- အဘိဓာန်များမှာ ပြဆိုထားသည်၊ "ထန်းကျင့်, တိန်းညက်" ဟုလည်း ဆရာတို့ ဆိုကြသေးသည်။

တုဂ်ဟာရ။ ။ တုဂ်ဟာရကို ပိန္နဲနွယ်ဟု အနက်မြန်မာ ပြန်ဆိုကြသည်၊ တုဂ်-ဟာရဟူသည် ဆူးရှိသော အပင်တစ်မျိုးဖြစ်သည်၊ ယင်းအပင်၏ ပင်စည်ဆိုးရည်သည် ဆေးဒန်းမြင်းသီလာ အဆင်းရှိသည်ဟု အဋ္ဌကထာဆရာကိုယ်တိုင် ဖွင့်ဆိုထားသည်။

လောဒ္ဓ။ ။ လောဒ္ဓဟူသည် သစ်ပင်တစ်မျိုး၏ အမည်ဖြစ်သည်၊ အခေါက်နှင့် အသားကို ဆေးဝါးဖော်စပ်ရာ၌ အသုံးပြုရသည်။ အနီ သို့မဟုတ် အဖြူပွင့်သည်ဟု (ကောတ္ထုဘ) အဘိဓာန်မှာ ပြဆိုထားသည်။ "တောက်ရပ်"ဟု မြန်မာမှုပြုထားသည်နှင့် ညီနှိုင်းပါ။ အရွက်နှင့် အခေါက်ကို ဆိုးဆေးပြုလုပ်သော နေရာတွင် အသုံးပြုကြ၏။ [ပုံပြ]

အလ္လိပတ္တ။ ။ အရွက်နှင့် အညွှန့်ကို လက်သည်းနီ ခြေသည်းနီဆိုးရာတွင် မိန်းကလေးများ သုံးလေ့ရှိသော အသားမာ အပင်ငယ်မျိုးဖြစ်သည်။ အရွက်မှာ စက္ကူပန်းရွက်အသေးပုံသဏ္ဌာန် ရှိသည်၊ ဒန်းကြီးပင် ဖြစ်သည်၊ အပင်ပွ၍ ရောင်စုံပွင့်သော ဒန်းပန်းမျိုး မဟုတ်။

နီလိပတ္တ။ ။ အရွက်မှ မဲနယ်ဆိုးဆေး ထုတ်ရသောအပင်ဖြစ်သည်၊ "မဲကို မုံထင်၊ မုံပင်လည်း မဲ"ဟူသော သာဓိနုပ္ပိလာစကားနှင့် နှိုင်းညှိစဉ်းစားပါ။

http://www.dhammadownload.com

ကောင်း၊ ဌပေတွာ- ၍၊ သဗ္ဗံ- သော၊ **ပတ္တာရဏံ**- အရွက်ဆိုးရည်သည်၊ ဝဋ္ဋတိ- အပ်၏၊ ပန- သို့ဖြစ်ပါသော်လည်း၊ ဂိဟိပရိဘုတ္တကံ- လူတို့သုံးစွဲအပ်ပြီးသော အဝတ်ဟောင်းကို၊ အလ္လိပတ္တေန- ဒန်းရွက်ဖြင့်၊ ဧကဝါရံ- တစ်ကြိမ်၊ ရဇိတုံ- ဆိုးခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ (လူတို့သုံးစွဲထားသည့်အတွက် အရောင်ကွက်တိကွက်ကြားဖြစ်နေသော အဝတ်ဟောင်းများကို ဒန်းရွက်ဖြင့် တစ်ကြိမ်ဆိုးကောင်းသည်၊ ယင်းသို့ ဆိုးပြီး၍ အသွေးအရောင်ညီလာမှ အခြားအပ်သော ဆိုးရည်များဖြင့် ထပ်ဆိုးနိုင်သည်၊) ကိံသုကပုပ္ဖဉ္စ- ပေါက်ပွင့်ကိုလည်းကောင်း၊ ကုသုမ္ဘပုပ္ဖဉ္စ- ဆူးပန်းပွင့်ကိုလည်းကောင်း၊ ဌပေတွာ- ချန်ထား၍၊ သဗ္ဗံ- သော၊ **ပုပ္ဖရဏံ**- အပွင့်ဆိုးရည်သည်၊ ဝဋ္ဋတိ- အပ်၏။

ပန- ဆက်၊ **ပလရဏေန**- အသီးဆိုးရည်၌၊ ကိဉ္စိ- တစ်စုံတစ်ခုသော ဆိုးရည်သည်၊ န ဝဋ္ဋတိ- မအပ်သည်ကား၊ န- မဟုတ်၊ (ဝဋ္ဋတိ ဧဝ- အပ်သည်သာ၊) (တစ်နည်းကား) န န ဝဋ္ဋတိ- မအပ်သည်မရှိ၊ အပ်သည်ချည်းသာ။

၈။ စီဝရံ- သင်္ကန်းကို၊ ရဇိတွာ- ဆိုးပြီး၍၊ သခေ်န ဝါ- ခရုသင်းဖြင့်သော်လည်းကောင်း၊ မဏိနာ ဝါ- မဿာရဂလ် အစရှိသော ကျောက်ဖြင့်သော်လည်းကောင်း (မဏိနာ မဿာရဂလ္လာဒိပါသာဏေန)၊ ယေန ကေနစိ- အမှတ်မထား တစ်ပါးပါးသော ဝတ္ထုဖြင့်၊ န ဃဋ္ဋေတဗ္ဗံ- မပွတ်တိုက်ရာ၊ ဘူမိယံ- မြေ၌၊ ဇာဏုကာနိ- ပုဆစ်ဒူးဝန်းတို့ကို၊ နိဟန္တွာ- ထောက်၍၊ (တစ်နည်းကား) ဇာဏုကာနိ နိဟန္တွာ- ဒူးထောက်၍၊ ဟတ္ထေဟိ- လက်တို့ဖြင့်၊ ဂဟေတွာ- ကိုင်၍၊ ဒေါဏိယမိွ- ဆိုးရည်ကျင်း၌လည်း၊ ဝါ- ဆိုးရည်ဇလား၌လည်း၊

ကုသုမ္ဘ။ ။ *ဆူးပန်းပင်၊ ယင်းသည် အနည်းငယ်နီ၍ ဝါသော (လိမ္မော်ရောင်) သို့မဟုတ် ခြင်းခြင်းနီသော ဆိုးဆေးတို့၏ အရင်းအမြစ် (အခြေခံ) ဖြစ်သည်ဟု သက္ကဋ+ဟိန္ဒီ+အင်္ဂလိပ်အဘိဓာန်၌ ပြဆိုထားသည်၊ ဝတ်ပန်းဟုလည်း ဆိုကြပါသေးသည်။

ယေန ကေနစိ။ ။ သင်္ကန်းအရောင် တက်လာအောင် ခရုသင်း စသော မည်သည့် အရာဝတ္ထုနှင့်မျှ ပွတ်တိုက်မှုကို မပြုရဟု ဆိုသဖြင့် ယခုကာလ လူများအဝတ်ကို မီးပူတိုက်သကဲ့သို့ သင်္ကန်းကို မီးပူတိုက်မှု စသည်ကို မပြုရဟု တားမြစ်ပြီးပင် ဖြစ်ပါသည်၊ မျက်နှာသုတ်ပုဝါ စသည်တို့ကိုကား သင်္ကန်းမဟုတ်သောကြောင့် မီးပူတိုက်သော်လည်း အပြစ်မရှိနိုင်ပါ။

ဒေါဏီ။ ။ ကျိုးပြီးသောဆိုးရည်များကို ထည့်ထားသည့်ဇလားကို "ဒေါဏီ"ဟု ခေါ်သည်။ ရှေးခေတ်က သစ်သားတုံးများကို ထွင်း၍ ယင်းဇလားမျိုးပြုလုပ်ခဲ့ကြဟန်

http://www.dhammadownload.com

နဲ့ ယဲသိတဗ္ဗံ- မပုတ်ခတ်ရာ၊ ဝါ- မဆောင့်ရာ၊ ပန- အလျော်ကား၊ ဒေါဏိယံ ဝါ- ဆိုးရည်ကျင်းဌ်သော်လည်းကောင်း၊ ဖလကေ ဝါ- သင်္ကန်းဆိုးရာပျဉ်ချပ်ဌ် သော်လည်းကောင်း၊ ဌပေတွာ- ထား၍၊ အန္တေ- အစွန်တို့ကို၊ ဂါဟာပေတွာ- (တစ်ယောက်ယောက်ကို) ကိုင်စေ၍၊ ဟတ္ထေန- လက်ဖြင့်၊ ပဟရိတုံ- ပုတ်ခတ်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ (ဆိုးရည် အတွင်းဝင်အောင် ထိုသို့ ပုတ်ခတ် ခြင်းကား အပ်သည်၊) တမွိ- ထိုပုတ်ခတ်ခြင်းကိုလည်း၊ မုဋ္ဌိနာ- လက်ဆုပ်ဖြင့်၊ န ကာတဗ္ဗံ- မပြုသင့်။

ပန- ဆက်၊ ပေါရာဏာကတ္ထေရာ- ရှေးဌဖြစ်သော ထေရ်တို့သည်၊ ဒေါဏိ-ယမ္ပိ- ဆိုးရည်ကျင်းဌ်သော်မှလည်း၊ န ဌပေသုံ- မထားကြကုန်၊ ဧကော-တစ်ပါးသည်၊ ဝါ- တစ်ပါးက၊ စီဝရံ- သင်္ကန်းကို၊ ဂဟေတွာ- ကိုင်၍၊ တိဋ္ဌတိ-ရပ်၏၊ အပရော- အခြားတစ်ပါးသည်၊ ဝါ- တစ်ပါးက၊ ဟတ္ထေ- လက်ပေါ်ဌ်၊ ကတွာ- ထား၍၊ (အာဓာရ-နောက်ရှိ ကရ-ဓာတ်က, ထပန-အနက်ကို ဟောသည်၊) ဟတ္ထေန- အခြားလက်တစ်ဖက်ဖြင့်၊ ပဟရတိ- ပုတ်ခတ်၏၊ စီဝရဿ- သင်္ကန်း၏၊ ကဏ္ဏသုတ္တကံ- သင်္ကန်းအနားချည်သည်၊ န ဝဋ္ဋတိ-မအပ်၊ ရဇိတကာလေ- ဆိုးပြီးရာအခါဌ်၊ ဆိန္နိတဗ္ဗံ- ဖြတ်ရာ၏၊ ပန- ဆက်၊ "အနုဇာနာမိ ဘိက္ခဝေ ကဏ္ဏသုတ္တကန္တိ- ဟူ၍၊" ဧဝံ- ဤသို့၊ ယံ ကဏ္ဏသုတ္တကံ- အကြင် သင်္ကန်းအနားချည်ကို၊ အနုညာတံ- ခွင့်ပြုတော်မူအပ်ပြီ၊ တံ- ထိုသင်္ကန်းအနား ချည်ကို၊ ရဇနကာလေ- ဆိုးရာအခါဌ်၊

တူသည်၊ ယခုခေတ်ဌ်မူ ကျိုပြီးဆိုးရည်များကို အင်တုံ, ဒန်အိုးစသည်တို့ဌ် ထည့်နေကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ယင်းအင်တုံစသည်တို့ကိုလည်း ဤအရာဌ် ဒေါဏိ-ဟုပင် ယူသင့်သည်။ သင်္ကန်းရိသွား နာသွားခြင်းမှ ကာကွယ်လိုသောကြောင့် ယင်း ဒေါဏိဌ် ပြင်းထန်စွာ မပုတ်ခတ်ရဟု မြစ်တားတော်မူသည်။

ကဏ္ဏသုတ္တ ။ ။ ၁- သင်္ကန်းအနားမှ ထွက်သော ချည်စွန်းချည်စ၊ ၂- သင်္ကန်းဆိုးသည့်အခါ ကြိုးတန်း, သစ်ကိုင်း စသည်ဌ်ခိုက်ဆွဲ၍ သင်္ကန်းလှန်းရန် အလျားအနားပတ်ဌ် တပ်ထားသောကြိုးကွင်း၊ ဤသို့ ကဏ္ဏသုတ္တနှစ်မျိုးရှိကြောင်းကို သတိပြုပါ။

ရှေးခေတ်က သင်္ကန်းလှန်းသည့်အခါ အလျားအနားဌ် တပ်ထားသောကြိုး, ထောင့်မှာ တပ်ထားသောကြိုးတို့ဖြင့် ကြိုးတန်း ဝါးတန်း သို့မဟုတ် သစ်ကိုင်းများမှာ ချည်၍ သင်္ကန်းတစ်ထည်လုံးကို အောက်သို့ ဖြန့်ချလျက် လှန်းလေ့ရှိသည်။ သင်္ကန်းဆိုးမှုပြီးသည့်အခါ အဆိုပါကြိုးနှစ်မျိုးလုံးကိုပင် ဖြတ်ပစ်ရမည်။

http://www.dhammadownload.com

လဂ္ဂနတ္ထာယ- ချိတ်ဆွဲခြင်းအကျိုးငှာ၊ အနုဝါတေ- အလျားအနားပတ်၌၊ ပါသကံ- ကွင်းကို၊ ကတွာ- ပြု၍၊ ဗန္ဓိတဗ္ဗံ- ဖွဲ့ချည်ရာ၏။

ဂဏ္ဌိကေပိ- ကမ္မတ်ကွင်း၌လည်း၊ သောဘာကရဏတ္ထံ- တင့်တယ်မှုကို ပြုခြင်းအကျိုးငှာ၊ လေခါ ဝါ- အရေးသည်လည်းကောင်း၊ ပိဋ္ဌကာ ဝါ- အဖုသည်လည်းကောင်း၊ န ဝဋ္ဋတိ- မအပ်၊ နာသေတွာ- ဖျက်ဆီး၍၊ ပရိဘုဉ္ဇိတဗ္ဗံ- (သက်နှံးကို) သုံးစွဲရာ၏။

၉။ ပတ္တေ ဝါ- သပိတ်၌သော်လည်းကောင်း၊ ထာလကေ ဝါ- ခွက်၌သော်လည်းကောင်း၊ အာရဂ္ဃန- ပွတ်ဆောက်ဖျားဖြင့်၊ လေခံ- အရေးကို၊ အန္တော ဝါ- အတွင်း၌သော်လည်းကောင်း၊ ဗဟိ ဝါ- အပ၌သော်လည်းကောင်း၊ ကရောန္တိ- ပြုကြကုန်၏။ န ဝဋ္ဋတိ- မအပ်၊ "မဏိဝဏ္ဏံ- မြည်းအဆင်းရှိသည်ကို၊ (ပြောင်လက်သော အဆင်းရှိသည်ကို၊) ကရိဿာမ- ပြုရကုန်လိမ့်အံ့၊" ဣတိ-ဤသို့ ကြံ၍၊ ပတ္တံ- သပိတ်ကို၊ ဘမံ- ပွတ်သို့၊ အာရောပေတွာ- တင်၍၊ မဇ္ဈိတွာ- ပွတ်တိုက်၍၊ (ပွတ်ခံ၍၊) ပစန္တိ- ဖုတ်ကြကုန်၏။ န ဝဋ္ဋတိ- မအပ်၊ ပန- အလျော်ကား၊ တေလဝဏ္ဏော- မဲနက်ညိုမှောင် ဆီရောင်အဆင်းရှိသော သပိတ်သည်၊ ဝဋ္ဋတိ- အပ်၏။

ဂဏ္ဌိက ။ ။ သင်္ကန်းရုံသည့်အခါ ကမ္မတ်ကွင်းမှာတပ်ရန် ကမ္မတ်သီးကို ဝါး, ဆင်စွယ်, သားချိ စသည်တို့ဖြင့် ပြုလုပ်ကြသည်၊ ယင်းကမ္မတ်သီးမှာ တင့်တယ်လှပအောင် ပြုလုပ်သော အရေးအကြောင်းနှင့် အပြောက်အပြောက်ထအောင် ပြုလုပ်ထားသော အဖုများ မအပ်။

မဏိဝဏ္ဏတေလဝဏ္ဏ ။ ။ သပိတ်ကို ပွတ်ခံပြီးနောက် ဆီမသုတ်ဘဲ ဖုတ်ကင့်ခါးတောင်၏ အရောင်ကဲ့သို့ အစိမ်းရောင်မျိုး ဖြစ်ပေါ်လာတတ်သည်၊ ယင်းကိုပင် မဏိဝဏ္ဏဖြစ်အောင် လုပ်သည်ဟု ဆိုလိုဟန်တူပါသည်။ သူများလုပ်ပြီး အဆင်သင့်ရလျှင် သုံးဆောင်ကောင်းသည်။ ဋီ။

ဆီ၏မူလပင်ကိုယ်ရောင်ကို တေလဝဏ္ဏ-ဟု ဆိုလိုသည် မဟုတ်၊ ဆီကို အကြိမ်ကြိမ် ချက်ပြီး ချောပြောင်အောင် ပွတ်တိုက်ထားသော သံသပိတ်မှာသုတ်၍ သပိတ်ကို မီးဖုတ်ရသည်။ ကောင်းစွာ ဖုတ်ပြီးသည့်အခါ သပိတ်မှာ ညိုမှောင်သော အရောင်ဖြစ်ပေါ်လာသည်၊ ယင်းကိုပင် "တေလဝဏ္ဏ- မည်းနက်ညိုမှောင် ဆီရောင်အဆင်း"ဟု ဆိုလိုသည်၊ ဤသပိတ်သည် သမဏသာရုပ္ပ-ဖြစ်သည်။ ရဟန်းတော်များ သုံးဆောင်ကောင်းသော သပိတ်ဖြစ်သည်။

http://www.dhammadownload.com

ပတ္တမဏ္ဍလေ- သပိတ်အောက်ခံ အဝိုင်း၌၊ ဝါ- သပိတ်ခြေ၌၊ ဘိတ္တိကမ္မံ- နံရံ၌ အပြေအပြစ်ပြုမှုသည်၊ န ဝဋ္ဋတိ- မအပ်၊ ပန- အလျော်ကား၊ မကရ- ဒဏ္ဍကံ- မကရ်းသွားသဏ္ဌာန်သည်၊ ဝဋ္ဋတိ- အပ်၏။

ဓမကရဏဆတ္တဿ- ဓမကရိဏ်၏ ထီးနှင့်တူသော လက်ကိုင်၏၊ ဥပရိ ဝါ- အထက်၌လည်းကောင်း၊ ဟေဋ္ဌာ ဝါ- အောက်၌လည်းကောင်း၊ ဓမကရဏ-ကုစ္ဆိယံ ဝါ- ဓမကရိဏ်၏ (ဝမ်းသဖွယ်ဖြစ်သော) ကိုယ်ထည်၌လည်းကောင်း၊ လေခါ- အရေးသည်၊ န ဝဋ္ဋတိ- မအပ်၊ ပန- အလျော်ကား၊ အဿ- ထိုဓမကရိဏ်၏၊ ဆတ္တမုခဝဋ္ဋိယံ- ထီး၏ မျက်နှာရစ်၌၊ လေခါ- အရေးသည်၊ ဝဋ္ဋတိ- အပ်၏။

ပတ္တမဏ္ဍလေ ။ ။ ရွေးခေတ်က ခဲမဖြူ, ခဲပုပ်တို့ဖြင့် သပိတ်ခြေဝိုင်းကို ပြုကြသည်။ ယခုခေတ်၌ကား ထန်းလက်, ဝါး, ကြိမ်, ဒန်, ပလတ်စတစ် စသည်တို့ဖြင့် ပြုလုပ်သုံးစွဲကြသည်။ ယင်းသပိတ်ခြေဝိုင်း၌ အရုပ်အမျိုးမျိုးနှင့် ပန်းပြောက်စသည် မလုပ်ရ၊ အထက်နှုတ်ခမ်း, အောက်နှုတ်ခမ်းကို မကရ်းသွားသဏ္ဌာန် (ခွေးသွားစိပ်) ပြုလုပ်ကောင်းသည်။

ဓမကရဏ ။ ။ ဓမဏ္ဍတိ သဒ္ဒံ ကရောတီတိ- ဓမကရဏံ၊ ဓူ-ဟူသောအသံကို ပြုတတ်သော (ယခုခေတ်သုံး သွပ်) ရေစစ်မျိုးသည် "ဓမကရိဏ်"မည်၏၊ ရှေးကျင်ဂိုဏ်း၏အစဉ်အလာကို လိုက်နာစောင့်ထိန်းနေကြသော အချို့အချို့သော ကျောင်းများမှာ သုံးဆောင်နေကြသည်ကို တွေ့နိုင်ပါသေးသည်၊ ယင်းရေစစ်၏ အထက်ပိုင်းတွင် ထီးသဏ္ဌာန်ရှိသော လက်ကိုင်ကို "ဓမကရဏဆတ္တ"ဟု ခေါ်သည်၊ ထိုဓမကရဏဆတ္တ၏ အထက်ထိပ်၌ဖြစ်စေ အောက်ဘက်၌ဖြစ်စေ ဓမကရိဏ်ဝမ်း (ကိုယ်ထည်)၌ဖြစ်စေ ပွတ်ဆောက်ဖြင့် ပြုအပ်သော အရေးအကြောင်း မအပ်၊ ဆေးခြယ်ထားသော အရေးအကြောင်းမူ အပ်၏။ ထီးပုံသဏ္ဌာန် လက်ကိုင်နှင့် ကိုယ်ထည်၏အကြားလည်တိုင်သဖွယ် တည်ရှိနေသော အရပ်ကို "ဆတ္တမုခဝဋ္ဋိ" ခေါ်သည်။ ယင်း ဆတ္တမုခဝဋ္ဋိ၌ အရေးအကြောင်း အပ်သည်၊ ရေစစ်အဝတ်ဖွဲ့ချည်ရာအရပ်သည် ဆတ္တမုခဝဋ္ဋိမည်၏ဟု အချို့ဆရာများ ဆိုသေးသည်။ (ဝိမတိ၊၁၊၁၆၈။)

> န ဓမကရဏစ္ဆတ္တေ၊ လေခါ ကာစိပိ ဝဋ္ဋတိ။
> ကုစ္ဆိယံ ဝါ ဌပေတွာ တံ၊ လေခံ တု မုခဝဋ္ဋိယံ။
> (ဝိ၊ဝိနိစ္ဆယ၊၃၀၄၉။)

ဤသို့ ဝိနယဝိနိစ္ဆယ-၌ ဆိုထားသည်ကို ဋီကာဆရာက မျက်နှာရစ်၌ ရေစစ်အဝတ်ကို ဖွဲ့ချည်ရန် ခွင့်ပြုတော်မူအပ်သော အရေးအကြောင်းမှတစ်ပါး ဓမကရိဏ်

http://www.dhammadownload.com

၁၀။ ကာယဗန္ဓနသ- ခါးပန်းကြိုး၏။ သောဘနတ္ထံ- တင့်တယ်ခြင်း အကျိုး၄၁၊ တဟိံ တဟိံ- ထိုထိုအရပ်၌၊ ဒိဂုဏံ- နှစ်ထပ်သော၊ သုတ္တံ- ချည်ကို၊ ကောဋ္ဌေန္တိ- ခတ်ကြကုန်၏။ ဝါ- ရက်ကြကုန်၏။ ကက္ကဋ္ဌကိုနိ- ပုစွန်မျက်လုံးသဏ္ဌာန်တို့ကို၊ ဥဋ္ဌာပေန္တိ- ထစေကြကုန်၏။ ဝါ- ပေါ်ထွက်စေကြကုန်၏၊

ရေစစ်၏ ထီးပုံသဏ္ဌာန် လက်ကိုင်၌သော်လည်းကောင်း၊ ဝမ်း (ကိုယ်ထည်) ၌သော်လည်းကောင်း တစ်စုံတစ်ခုသော အရေးသည် မအပ်၊ ဤသို့ အနက်ယောဇနာရမည်ဟု ဖွင့်ပြထားသည်။

[မြောင်းမြဆရာတော်ဘုရားက ဤဝါဒကို ပို၍သဘောကျကြောင်း ဝိနည်းပို့ချစဉ်က မိန့်တော်မူဖူးသည်။]

ကာယဗန္ဓန။ ။ ကာယဿ ဗန္ဓနံ- ကာယဗန္ဓနံ၊ ကိုယ်ကိုဖွဲ့ချည်ကြောင်း ခါးပန်းကြိုးသည် "ကာယဗန္ဓန"မည်၏။ ကိုယ်ကိုဟု ဆိုထားသော်လည်း တစ်ကိုယ်လုံးကို ယူရမည် မဟုတ်ပါ၊ သင်းပိုင်ဝတ်ထားရာ ခါးအရပ်ကိုသာ ကာယအရ ယူရသည်၊ ဧကဒေသဗျူပစာ (အပေါင်းကိုဆိုသော်လည်း အစိတ်ကိုသာယူရသော) စကားမျိုးဖြစ်သည်။

ဤခါးပန်းကြိုးသည် ရဟန်း (သာမဏေ) များအတွက် မရှိလျှင်မဖြစ်သော ပစ္စည်းတစ်ခု ဖြစ်နေပါသည်။ နေ့စဉ်သုံးပစ္စည်းဖြစ်နေသည့်အတွက် အရေးတကြီး သိနားလည်ရန်လည်း လိုအပ်လှပါသည်၊ ဤဝိနယသင်္ဂဟစာကိုယ်ရှိ စကားရပ်မျှဖြင့် လုံလောက်မည် မထင်ပါ၊ ထို့ကြောင့် (စူဠဝဂ္ဂပါဠိတော်၊ ၂၇၆။) မှ ခါးပန်းကြိုးနှင့်စပ်သော သိက္ခာပုဒ်များကို ထုတ်နုတ်၍ အဋ္ဌကထာ ဋီကာများနှင့် ညှိနှိုင်းရှင်းပြပါမည်။ ယင်းရှင်းလင်းချက်များကို အပေါ်နိဿယပါ စာသားနှင့်တွဲဖက်လေ့လာရန် ဖြစ်ပါသည်။

> ရဟန်းတို့ ခါးပန်းကြိုး မပန်းမဖွဲ့ဘဲ ရွာထဲမဝင်ရ၊ ဝင်သောရဟန်း ဒုက္ကဋ်အာပတ်သင့်စေ၊ သင်တို့အတွက် ခါးပန်းကြိုးကို ငါဘုရား ခွင့်ပြုတော်မူသည်။ (ဝိ၊၄၊ ၂၇၆။)

"ခါးပန်းကြိုး မပန်းတော့ပါဘူး"ဟူသော စိတ်စေတနာမပါရှိဘဲ အမှတ်မဲ့ ရွာထဲကို ဝင်မိသော ရဟန်းမှာ အာပတ်မသင့်ပါ၊ သတိရရာအရပ်၌ ကြိုး, နွယ်, ကြိမ်အဆင်သင့်ရရာ တစ်ခုခုဖြင့် ခါးပန်းကြိုး ဖွဲ့ရပန်းရမည်။ ခါးပန်းကြိုးပန်းစရာ မည်သည့်အရာဝတ္ထုကိုမျှ အဆင်သင့်မရရှိခဲ့ပါလျှင် ရွာပြင်သို့ ပြန်ထွက်၍ ခါးပန်းကြိုး ဖွဲ့စရာအရာဝတ္ထုတစ်ခုခုကို ရှာဖွေဖွဲ့ပြီးမှ ရွာထဲသို့ ပြန်ဝင်ရမည်။ ရွာတွင်း ဆွမ်းစားဇရပ်ကို သွားမည်ဟု နှလုံးသွင်း၍လည်း သွားကောင်းသည်။ အမှတ်ရပါလျက် ခါးပန်းကြိုး မဖွဲ့သေး မပန်းသေးသမျှ ဆွမ်းခံမဝင်သင့်။

(ပကိဏ္ဏကဝိနိစ္ဆယကထာ၊၄၄၆။)

http://www.dhammadownload.com

နဝင္ရတိ- မအပ်၊ ပန- အလျော်ကား၊ ဥဘောသု- နှစ်ဖက်ကုန်သော၊ အန္တေသု- အစွန်းတို့၌၊ (ခါးပန်းကြိုးပြား၏ အစွန်းတို့၌၊) ဒသာမုဒသ- အမြိတ်အဆာ၏ အစ၏၊ ထိရဘာဝါယ- ခိုင်မြဲသည်၏ အဖြစ်အကျိုးငှာ၊ ဒိဂုဏံ- နှစ်ထပ်၊ ကောဋ္ဌေတုံ- ခတ်ခြင်းငှာ၊ ဝါ- ရက်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ [ခါးပန်းကြိုးတင့်တယ်ခြင်းအကျိုးငှာ ထိုထိုနေရာ၌ ချည်နှစ်ထပ်ရက်ခြင်း, ပုစွန်မျက်လုံးပုံဖော်ခြင်းတို့ မအပ်၊ ခါးပန်းကြိုးပြား၏ အဆုံးနှစ်ဖက်မှာ အမြိတ်အဆာ၏အစ (အရင်း) ပိုင်း ခိုင်ခဲ့အောင် နှစ်ထပ်ခတ်ကောင်းသည်။] ပန- ထိုမှ ပြန်လှန်မသင့်ဟန်ကား၊ ဒသာမုခေ- အမြိတ်အဆာ၏အစ (အရင်း) ပိုင်း၌၊ ယဋ္ဌကံ ဝါ- အိုးငယ်သဏ္ဌာန်မူလည်းဖြစ်သော၊ မကရမုခံ ဝါ- မကရ်းပါးစပ်သဏ္ဌာန်မူလည်းဖြစ်သော၊ ဒေဓုဘာသီသံ ဝါ- ရေမြွေဦးခေါင်းသဏ္ဌာန်မူလည်းဖြစ်သော၊ ယံ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ဝိကာရရူပံ- ထူးခြားစွာပြုအပ်သောအရုပ်ကို၊

ရဟန်းတို့ ကလာဗုက, ဒေဓုဘာက, မုရဇ, မဒ္ဒဝီဏာ ခါးပန်းကြိုးများကို မသုံးစွဲရ၊ သုံးစွဲသော ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်စေ။ ပဋိက, သူကရန္တက ခါးပန်းကြိုးနှစ်မျိုးကို ငါဘုရားခွင့်ပြုတော်မူသည်။ (ဝိ၊၄၊၂၇၆။)

ကလာဗုက ။ ။ များသောကြိုးရှိသော ခါးပန်းကြိုး (ကြိုးကလေးများကို စုပေါင်းပြုလုပ်ထားသော ခါးပန်းကြိုး) မျိုးကို "ကလာဗုက"ဟု ခေါ်သည်၊ ကြိုးငယ်အများအပြားတို့ကို တစ်ပေါင်းတည်းထား၍ ကြိုးတစ်ချောင်းဖြင့် ကွက်လပ်မရှိအောင် ရစ်ပတ် ပြုလုပ်ထားသော ခါးပန်းကြိုးကို "များသောကြိုးရှိသောခါးပန်းကြိုး=ကလာဗုက" ဟု မဆိုထိုက်၊ ထိုခါးပန်းမျိုးကား အပ်သော ခါးပန်းကြိုးမျိုးဖြစ်သည်။

ဒေဓုဘာက ။ ။ ရေမြွေဦးခေါင်း (ရေမြွေပါးစပ်) သဏ္ဌာန် ပြုလုပ်ထားသော ခါးပန်းကြိုးကို "ဒေဓုဘာက"ဟု ခေါ်သည်။

မုရဇ ။ ။ မုရိုးစည်လုံးသဏ္ဌာန်ရှိအောင် ကြိုးတို့ဖြင့် ရစ်ပတ်ပြုလုပ်အပ်သော ခါးပန်းကြိုးသည် "မုရဇ" မည်၏။

မုရိုးစည်ဟူသည် မင်းထွက်သောအခါ တီးသော စည်ဖြစ်သည်ဟု (ကဗျာဗန္ဓသာရ ကျမ်း၊၅၂၂။) ၌ ဆိုထားသည်။ မုရားစည်, မုရိုးစည် အမည်ကွဲ စည်တစ်မျိုးတည်းဟု (ရွှေဘုံနိဒါန်း၊၅၂။) ၌ ဆိုထားပြန်သည်။ နိုင်ငံခြားအဘိဓာန်များ၌မူ မုရဇ (ပေလ)-မျက်နှာဝန့်စဖက်ကို သားရေကြက်ထားသော အလျားရှည်သည့် တူရိယာပစ္စည်းတစ်မျိုး (စည်တော့်, ဗျော, ဗုံရှည်) ဟုလည်းကောင်း၊ *မုရဇ- အိုးစည်, စည်ပုတ်, အိုးဗုံ, ပလုတ်တုတ်ဟူသော စည်မျိုးဟုလည်းကောင်း ပြဆိုထားသည်။ ထိုကြောင့် ဗုံရှည် ဗုံတို ဗုံအမျိုးအစား အကုန်လုံးကိုပင် မုရဇ-အရ ယူသင့်မည် ထင်ပါသည်။

http://www.dhammadownload.com

ကာတုံ- ပြုခြင်းငှာ၊ နဝဋ္ဋတိ- မအပ်၊ တတ္ထ တတ္ထ- ခါးပန်းကြိုး၏ ထိုထိုအရပ်၌၊ အစ္ဆိန- ဆင်မျက်စိသဏ္ဌာန် စသည်တို့ကို၊ ဒဿေတွာ- ပြ၍လည်းကောင်း၊ မာလာကမ္မာဒီနိ- ပန်းပြောက်ပြုမှု အစရှိသည်တို့ကို၊ ကတွာ ဝါ- ပြု၍လည်းကောင်း၊ ကောဋ္ဌိတကာယဗန္ဓနမ္ပိ- ခတ်အပ်သော ခါးပန်းကြိုးသည်လည်း၊ နဝဋ္ဋတိ- မအပ်။

[ယခုကာလ အဆန်းတကြယ် ရောင်စုံအကွက်ဖော်ရက်၍ ရောင်းချနေကြသော ခါးပန်းကြိုးများကား မအပ်သည်သာတည်း။]

ပန- အလျော်ကား၊ ဥဇုကမေဝ- ဖြောင့်ဖြောင့်သာလျှင်ဖြစ်သော၊ (ခါးပန်းကြိုးကို ရက်သည့်အခါမှာ ယက်ကန်းလက်ခတ်ကဲ့သို့ လှိုင်းထနေအောင် မရက်ရ၊

ထို့ကြောင့် – ကြိုးယေအများကို စုပေါင်းပြီးလျှင် အဖျားနှစ်ဖက်၌ ချည်တို့ဖြင့် တင်းကြပ်စွာ ရစ်ပတ်ထားသောအခါ အလယ်၌ ဖောင်းနေသောကြောင့် မုရိုးစည် (ဗုံရှည်) သဏ္ဌာန်ဖြစ်လာသည်၊ ယင်းသို့ ပြုလုပ်ထားသော ခါးပန်းကြိုးမျိုးသည် "မုရဇ" မည်သည်။

ကြိုးကလေးများကို စုပေါင်းပြီး လက်လေးလုံး ငါးလုံးလောက် တစ်ခါ, လက်လေးလုံး ငါးလုံးလောက်မှာ တစ်ခါစသည်ဖြင့် ချည်တို့ဖြင့် တင်းကြပ်စွာ ရစ်ပတ်ချည်ထားသော အခါမှာလည်း မုရိုးစည် (ဗုံတို) သဏ္ဌာန်ဖြစ်လာသည်၊ ယင်းသို့ပြုလုပ်ထားသော ခါးပန်းကြိုးမျိုးလည်း "မုရဇ"မည်သည်။

ကြိုးကလေးများကို စုပေါင်းပြီး ကွက်လပ်မရှိအောင် ရစ်ပတ်ထားသော ကြိုးမျိုးကိုကား "ဧကရဇ္ဇုက"ခေါ်ကြောင်း ပြဆိုခဲ့ပြီးပါပြီ။

မဒ္ဒဝိဇ ။ ။ ဆောက်လုံးသဏ္ဌာန်ပြုလုပ်ထားသော ခါးပန်းကြိုးသည် "မဒ္ဒဝိဇ" မည်သည်။ ဖွတ်မြီးထိုးထားသော ကြိုးတစ်မျိုးကို "ဆောက်လုံး"ဟု ခေါ်သည်။ ယင်းကြိုးမျိုးကို ရှေးက စလွယ်လုပ်ရာမှာ အသုံးပြုသည်၊ ယင်းဆောက်လုံးသဏ္ဌာန် ပြုလုပ်ထားသော ကြိုးမျိုးဖြစ်လျှင် တစ်ချောင်းတည်း၊ ငင် မအပ်၊ အများဖြစ်က ဆိုဖွယ်မရှိပြီ။

ဤသည်တို့ကား ဘုရားရှင်ပယ်မြစ်ထားသော ရဟန်း (သာမဏေ) များ အသုံးမပြုကောင်းသော ခါးပန်းကြိုးဘို့ပေတည်း။

ပဒ္မိက ။ ။ ၁- ရက်ခိုးရက်စဉ်အတိုင်း ဘေးအနား (နခမ်းသား) ညီညာချောမောပြေပြစ်အောင် ရက်အပ်သော မဋ္ဌပဋ္ဋကခါးပန်းပြား၊ ၂- ဘေးအနားနှစ်ဖက်၌ ငါးကျော်ရိုးသဏ္ဌာန် အနိမ့်အမြင့်ရက်ထားသော မစ္ဆကဏ္ဍကခါးပန်းပြား၊ ၃- ဘေးအနားနှစ်ဖက်တို့၌ စွန်ပလွန်ရွက်သဏ္ဌာန် အနိမ့်အမြင့် အတက်ကလေးများပေါ်အောင် ရက်ထားသော ခဇ္ဇုရီပဋ္ဋကခါးပန်းပြား။ (ဝိ၊ဝိနိစ္ဆယဋီ၊ ၂၃၅၆။)

http://www.dhammadownload.com

ဖြောင့်တန်းနေအောင် ရက်ရမည်ဟု ဆိုလိုပါသည်၊) မစ္ဆကဏ္ဍကံ ဝါ- ငါး ကျောရိုးသဏ္ဌာန်ကိုသော်လည်းကောင်း၊ *ခဇ္ဇုရီပတ္တကံ ဝါ- စွန်ပလွန်ရွက် သဏ္ဌာန်ကိုသော်လည်းကောင်း၊ မဒ္ဒကပဋ္ဌိကံ ဝါ- (နခမ်းသား) ချောမောသော အပြားကိုသော်လည်းကောင်း၊ ကတွာ- ပြု၍၊ ကောဋ္ဌေတုံ- ခတ်ခြင်းငှာ၊ ဝါ- ရက်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏။

ဤခါးပန်းပြား သုံးမျိုးလုံးပင် အပ်သည်။ အဝတ်ပြားသက်သက်သည် ဤပဋိက ခါးပန်းအားလျော်၏၊ အဝတ်ပြားသက်သက်ကို ခါးပန်းကြိုးလုပ်ကောင်းသည်။

သူကရန္တက။ ။ ဝက်အူကဲ့သို့ အတွင်း၌ အခေါင်းပါသော ခါးပန်းလုံးမျိုးသည် 'သူကရန္တက'မည်၏၊ ဤခါးပန်းကြိုးကား သံကောက်အိတ်ပုံသဏ္ဌာန်ရှိသည်။ ကြိုးနွယ်ကြိမ်နွယ်များနှင့် *မုဒ္ဓိကကာယဗန္ဓန-စပျစ်နွယ် (သဏ္ဌာန်) ခါးပန်းကြိုးများသည် ဤသူကရန္တက ခါးပန်းကြိုးအားလျော်သည်၊ ယင်းတို့ကို ခါးပန်းကြိုးလုပ်ကောင်းသည်။ သို့သော် ကြိုးခါးပန်းကြိုးကို ဖွဲ့လျှင် တစ်ချောင်းတည်း (တစ်ပင်တိုင်) သာ ပြုလုပ်ဖွဲ့ရမည်၊ တစ်ချောင်းတည်းပင် ဖြစ်စေကာမူ နှစ်ခါက်သုံးခါက်စသည် ခါက်၍ ဖွဲ့ခြင်းငှာ မအပ်၊ မခါက်ဘဲ တစ်ချောင်းတည်းဖြင့်ကား အပတ်တစ်ရာအထိ ကိုယ်ကို ပတ်၍ ဖွဲ့သော်လည်း အပ်သည်သာ။ (ဋီ။)

မကျစ်ရသေးသော ကြိုးလွန်းများနှင့် နှစ်ပင်လိမ်ကြိုး, သုံးပင်လိမ်ကြိုးစသော ကြိုးများ အကုန်လုံးပင် ဤကြိုးခါးပန်းအရာ၌ အပ်သည်။ (ဝိ၊ဝိနိစ္ဆယ၊ဋီ၊၂၃၅၇။)

ခါးပန်းကြိုး၏ အမြိတ်အဆာများ ဆွေးရိုကြောင်း သိတော်မူသည့်အခါမှာ – "အနုဇာနာမိ ဘိက္ခဝေ မုရဇံ မဒ္ဒဝိဏ်"ဟု မုရဇ-မုရိုးစည်သဏ္ဌာန်, မဒ္ဒဝိဏ-ဆောက်လုံးသဏ္ဌာန်နှစ်မျိုးကို ခွင့်ပြုတော်မူသည်။ ထိုနှစ်မျိုးတို့တွင် ဆောက်လုံးသဏ္ဌာန် အမြိတ်အဆာသည် လေးချောင်းထက်အလွန် မအပ်။ (ဝိ၊ဋ္ဌ၊၄၅၄။)

ခါးပန်းကြိုး၏ နခမ်းသား (အနား) ဆွေးရိုကြောင်း သိတော်မူရသည့် အခါမှာ "အနုဇာနာမိ ဘိက္ခဝေ သောဘဏ်ံ ဂုဏကံ"ဟု ချုပ်လုပ်ပုံနှစ်မျိုးကို ခွင့်ပြုတော်မူသည်။ သောဘဏ- ရစ်ပတ်၍ နခမ်းကို ချုပ်ခြင်းမျိုး၊ နခမ်းလုံးချုပ်ခြင်းမျိုး၊ ပြောင်းနှံသဏ္ဌာန်ချုပ်ခြင်းမျိုးဟု ဋီကာများ ဖွင့်ကြသည်၊ ဂုဏက- မုရိုးစည်သဏ္ဌာန်ချုပ်ခြင်းမျိုး၊ ဤနှစ်မျိုးတို့တွင် တစ်မျိုးမျိုးဖြင့်ချုပ်လျှင် ခါးပန်းကြိုး နခမ်းသားများ ခိုင်မြဲနိုင်သည်။

ခါးပန်းကြိုးကွင်း အစွန် (ကာယဗန္ဓနဿ ပဝနန္တော) ဆွေးရိုကြောင်း သိရှိတော်မူသည့်အခါမှာ "အနုဇာနာမိ ဘိက္ခဝေ ဝိဓံ"ဟု ခါးပန်းသီးကို ခွင့်ပြုတော်မူသည်။

http://www.dhammadownload.com

ကာယဗန္ဓနသ- ခါးပန်းကြိုး၏၊ ဒသာ- အမြီတ်အဆာသည်၊ ဧကာ- တစ်ချောင်းသည်၊ ဝဋ္ဋတိ- အပ်၏။ ဒွေ- နှစ်ချောင်းတို့သည်လည်းကောင်း၊ တီဏိ- သုံးချောင်းတို့သည်လည်းကောင်း၊ စတ္တာရိပိ- လေးချောင်းတို့သည်လည်းကောင်း၊ ဝဋ္ဋန္တိ- အပ်ကုန်၏၊ တတော- ထိုလေးချောင်းထက်၊ ပရံ- အလွန် (ဖြစ်သောအဆာတို့သည်)၊ န ဝဋ္ဋန္တိ- မအပ်ကုန်။

[စူဠဝဂ္ဂအဋ္ဌကထာ၌ကား ဆောက်လုံးသဏ္ဌာန် အမြီတ်အဆာသည် လေးချောင်းထက် အလွန် မအပ်ဟု ခွဲခြား၍ ဆိုထားသည်။]

ရဇ္ဇုကကာယဗန္ဓနံ- ကြိုးခါးပန်းကြိုးသည်၊ ဧကမေဝ- တစ်ချောင်းတည်းသာလျှင်၊ ဝဋ္ဋတိ- အပ်၏၊ ပန- ဆက်၊ ပါမင်္ကသဏ္ဌာနံ- ဆောက်လုံးသဏ္ဌာန်ကြိုးသည်၊ ကေမို- တစ်ချောင်းသည်လည်း၊ န ဝဋ္ဋတိ- မအပ်၊ ဒသာ ပန- အမြီတ်အဆာသည်ကား၊ ပါမင်္ကသဏ္ဌာနာ- ဆောက်လုံးသဏ္ဌာန်ရှိသည်၊ သမာနာပိ- ဖြစ်ပါသော်လည်း၊ ဝဋ္ဋတိ- အပ်၏၊ ဗဟုရဇ္ဇုကေ- များစွာသော ကြိုးငယ်တို့ကို၊ ဧကတော- တစ်ပေါင်းတည်း၊ ကတ္ဝာ- ပြု၍၊ ဧကေန- ကြိုးတစ်ချောင်းဖြင့်၊ နိရန္တရံ- အကြားမရှိအောင်၊ ဝေဌေတွာ- ရစ်ပတ်၍၊ ကတံ- ပြုအပ်သော ခါးပန်းကြိုးကို၊ ဗဟုရဇ္ဇုကန္တိ- ဗဟုရဇ္ဇုကခါးပန်းကြိုးဟူ၍၊ ဝါ- များသောကြိုးရှိသော ခါးပန်းကြိုးဟူ၍၊ န ဝတ္တဗ္ဗံ- မဆိုထိုက်၊ တံ- ထိုခါးပန်းကြိုးသည်၊ ဝဋ္ဋတိ- အပ်၏။

ကွင်း၏အစွန်ကို ပဝနန္တ-ခေါ်သည်၊ ယင်းကွင်း၏ အစွန်ဟူသည်မှာလည်း အမြီတ်အဆာ၏ အရင်းပင်တည်း။ (သာရတ္ထအလို၊) အမြီတ်အဆာတို့၏ အဆုံးပင်တည်း။ (ဝိမတိအလို။)

ရှေးခေတ်ခါးပန်းကြိုးများမှာ ယခုခေတ်သုံး ခါးပန်းကြိုးများမှာကဲ့သို့ တစ်ဖက်ကွင်း တစ်ဖက်ကြိုးရှည်, သို့မဟုတ် နှစ်ဖက်ကြိုးရှည်များ ပါဟန်မတူပါ။ ခါးပန်းကြိုး၏ ဟိဘာက်ထိပ် ဒီဘာက်ထိပ်မှာ တစ်ထွာခန့်ရှည်သော အမြီတ်အဆာများသာ ပါဟန်တူပါသည်။ ယင်းခါးပန်းကြိုး၏ တစ်ဖက်မှာ အမြီတ်အဆာကို ကွင်းကဲ့သို့ဖြစ်အောင် အဖျားခုင်း ချည်ထား၍ ခါးပန်းကြိုးပန်းသောအခါ ယင်းကွင်းထဲမှာ အခြားတစ်ဖက် အမြီတ်အဆာကို သွင်း၍ ချည်နှောင်အသုံးပြုကြဟန်တူပါသည်။ ချည်ဖန်များသည့် အခါမှာ ယင်းကွင်းအဖျားများ ပွန်းရိပြတ်သွားပေလိမ့်မည်၊ ထိုသို့ မပြတ်ရအောင် ယင်းကွင်းထဲမှာ ထည့်သွင်း အသုံးပြုရန် ခါးပန်းသီးကို ခွင့်ပြုတော်မူသည်။ ယင်းခါးပန်းသီးကိုလည်း အလယ်၌ ထွင်းဖောက်ထားအပ်သောကြောင့် အလယ်၌အပေါက်ပါသောကြောင့် "ဝိဓာ"ဟုခေါ်သည်။ ယင်းအပေါက်၌ အခြားတစ်ဖက် အမြီတ်အဆာများကို သွင်းချည်ရန်ဖြစ်သည်။

http://www.dhammadownload.com

[ကြိုးတစ်ချောင်းဖြင့် ကွက်လပ်မရှိ စေ့နေအောင် ရစ်ပတ်ထားသော ကြောင့် ကြိုးတစ်ချောင်းတည်း ဖြစ်သွားသည်။]

ကာယဗန္ဓနဝိဓေ- ခါးပန်းသီး၌၊ အဋ္ဌမင်္ဂလာဒိကံ- အဋ္ဌမင်္ဂလအစရှိသော၊ ယံ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ဝိကာရရူပံ- ထူးခြားစွာပြုအပ်သော အရုပ်သည်၊ နု ဝဋ္ဋတိ- မအပ်၊ ပရိစ္ဆေဒလေခါမတ္တံ- အပိုင်းအခြားအရေးမျှသည်၊ ဝဋ္ဋတိ- အပ်၏၊ ဝိဓကဿ- ခါးပန်းသီး၏၊ ဥဘောသု- နှစ်ဖက်ကုန်သော၊ အန္တေသု- အစွန်းတို့၌၊ ထိရကရဏတ္ထာယ- ခိုင်မြဲအောင်ပြုခြင်းအကျိုးငှာ၊ ယဋ္ဌကံ- အိုးငယ် သဏ္ဌာန်ကို၊ ကရောန္တိ- ပြုကြကုန်၏၊ အယမ္ပိ- ဤအိုးငယ် သဏ္ဌာန်သည်လည်း၊ ဝဋ္ဋတိ- အပ်၏။

၁၁။ အဠနိယံ- မျက်စဉ်းပူး၌၊ ဣတ္ထိပုရိသစတုပ္ပဒသကုဏရူပံ ဝါ- မိန်းမရုပ်, ယောကျ်ားရုပ်, အခြေလေးချောင်းရှိသော သားကောင်ရုပ် ငှက်ရုပ်သည် မူလည်းဖြစ်သော၊ မာလာကမ္မလတာကမ္မမကရဒန္တကဂေါမုတ္တကအမုစန္ဒကာဒိ-ဘေဒံ ဝါ- ပြုအပ်သော ပန်းပြောက် ပြုအပ်သော ပန်းနွယ် မကရ်နှုသွားသဏ္ဌာန်, နွားကျင်ကောက်သဏ္ဌာန်, လထက်ဝက်သဏ္ဌာန် အစရှိသော အပြားရှိသည်

ယခုခေတ်၌ကား ဝက်အူရစ်အဖို့အမဖြင့် ပြုလုပ်ထားသော နှစ်လွှာစပ် ခါးပန်းသီးများကို တွေ့နေရပါသည်။ အလယ်၌ ထည့်လိုရာထည့်ရန် ကြုတ်သဘောမျိုးလည်း ပါရှိနေပါသည်၊ ယင်းနှစ်လွှာ (နှစ်ခြမ်း) ကို ဝက်အူရစ်တင်း၍ စပ်ဟပ်လိုက်သည့် အခါမှာ အပေါက်မပါသော လုံးချောခါးပန်းသီး ဖြစ်လာသည်။ ယင်း ခါးပန်းသီးမျိုးအပ် မအပ်ကိုမူ မစိစစ် မဝေဖန်လိုတော့ပါ၊ သို့သော် ဘုရားရှင်၏ မူလရည်ရွယ်ချက် နှင့်ကား ကိုက်ညီမည် မထင်ပါ။

ဆင်စွယ်, သစ်သား, သားချို, အရိုး, ကြေး, သံ, ဝါး, ကျွဲ, ချိတ်, ခရုသင်းချက်ချည် (အခွန်မာ အဆန်မာ) သစ်သီးတို့သည် ခါးပန်းသီးလုပ်ရာ၌ အသုံးပြုကောင်းသော ဝတ္ထုပစ္စည်းများဖြစ်သည်။

ထို့ကြောင့် (ဝိ၊ဝိနိစ္ဆယ၊ဋီ၊၂၊၂၉၃။) ၌ –

ဒန္တကဋ္ဌဝိသာဏဋ္ဌိ- လောဟဝေဏုနဋ္ဌဝါ။
ဇတုသင်္ခမယာသုတ္တာ- ဖလဇာ ဝိဓကာ မတာ။ – ဟု

ဝုဋ္ဌဒတ္တထေရ် မိန့်ဆိုထားပေသည်။

အဋ္ဌမင်္ဂလ ။ ။ သင်္- ခရုသင်း၊ စက္က- လှည်းဘီး၊ ပုဏ္ဏကုမ္ဘ- ရေပြည့်အိုး၊ ဂယာ-ခွန်းဖြောင့်၊ သိရီဝစ္ဆ- အသရေရှိသော နွားငယ်၊ အက်သ- ခွန်းကောက်၊ ဓေ- အလံ၊ သောဝတ္တိက- လည်ရေးသုံးဆင့်၊ ဤရှစ်ပါးကို "အဋ္ဌမင်္ဂလ"ဟု ခေါ်သည်။

http://www.dhammadownload.com

မူလည်းဖြစ်သော၊ ဝိကာရရှုပ်- အထူးအထွေပြုအပ်သော အရုပ်သည်၊ နဝဋ္ဌတိ- မအပ်၊ ယံသိတ္တာ ဝါ- ပွတ်တိုက်၍သော်လည်းကောင်း၊ ဘိန္နိတ္တာ ဝါ- ဖျက်၍သော်လည်းကောင်း၊ ယထာ- အကြောင်းအခြင်းအရာအားဖြင့် ရစ်အပ်သော်၊ နပညာယတိ- မထင်ရှား၊ တထာ- ထိုမထင်ရှားနိုင်လောက်အောင်သော အခြင်းအရာအားဖြင့်၊ သုတ္တကေန- ကြိုးငယ်ဖြင့်၊ ဝေဌေတွာ ဝါ- ရစ်ပတ်၍သော်လည်းကောင်း၊ ဝဋ္ဌဠေတဗ္ဗာ- သုံးစွဲထိုက်၏၊ ပန- ဆက်၊ ဥဇုကမေဝ- ဖြောင့်မတ်စွာသာလျှင်၊ စတုရံသာ ဝါ- လေးမြောင့်ရှိသည်မူလည်းဖြစ်သော၊ အဋ္ဌံသာ ဝါ- ရှစ်မြောင့်ရှိသည်မူလည်းဖြစ်သော၊ သောဠသံသာ ဝါ- တစ်ဆယ့်ခြောက်မြောင့်ရှိသည်မူလည်းဖြစ်သော၊ အဋ္ဌနီ- မျက်စဉ်းကျည်သည်၊ ဝဋ္ဌတိ- အပ်၏၊ အဿာ- ထိုမျက်စဉ်းကျည်၏၊ ဟေဋ္ဌတောပိ- အောက်၌လည်း၊ ဒွေ ဝါ- နှစ်ခုသော်လည်း ဖြစ်ကုန်သော၊ တိဿော ဝါ- သုံးခုသော်လည်း ဖြစ်ကုန်သော၊ ဝဋ္ဋလေခါယော- လုံးသော အရေးတို့သည်၊ ဝဋ္ဋန္တိ- အပ်ကုန်၏၊ အဿာ- ထိုမျက်စဉ်းကျည်၏၊ ဂီဝါယမ္ပိ- လည်ပင်း၌လည်း၊ ပိဓာနကဗန္ဓနတ္ထံ- ဗူးပိတ်ကို ဖွဲ့ချည်ခြင်းအကျိုးငှာ၊ ဧကော- တစ်ခုသော၊ ဝဋ္ဋလေခါ- လုံးသော အရေးသည်၊ ဝဋ္ဋတိ- အပ်၏။

အဋ္ဌနီသလာကာယပိ- မျက်စဉ်းတံ၌လည်း၊ ဝဏ္ဏမဋ္ဌကမ္ပံ- အဆင်း၏ပြေပြစ်ညက်ညော ချောမောအောင် ပြုမူသည်၊ နဝဋ္ဋတိ- မအပ်၊ အဋ္ဌနီထဝိကာယပိ- မျက်စဉ်းကျည်အိတ်၌လည်း၊ ယံ ကိဉ္စိ- တစ်စုံတစ်ခုသော၊ နံနာဝဏ္ဏေန- အမျိုးမျိုးသော အဆင်းရှိသော၊ သုတ္တေန- ချည်ဖြင့်၊ ဝဏ္ဏမဋ္ဌကမ္ပံ- အဆင်း၏ပြေပြစ်ညက်ညော ချောမောအောင် ပြုမူသည်၊ နဝဋ္ဋတိ- မအပ်၊ ကုဉ္စိကကောသကေပိ- သံကောက်အိတ်၌လည်း၊ *ဧသေဝ နယော- ဤနည်းပင်တည်း၊ ကုဉ္စိကာယ- သံကောက်၌၊ ဝဏ္ဏမဋ္ဌကမ္ပံ- သည်၊ နဝဋ္ဋတိ- မအပ်။

အဋ္ဌနီ ။ ။ အဋ္ဌေတိ စက္ခုံ ဧတေနာတိ- အဋ္ဌနံ၊ မျက်စိအေးအောင် မျက်လုံး၏ ဝန်းကျင် သုတ်လိမ်းကြောင်းမျက်စဉ်းကို "အဋ္ဌန"ဟု ခေါ်သည်။ ယင်းမျက်စဉ်းထည့်စရာဖြစ်သောဗူးကို "အဋ္ဌနီ"ဟု ခေါ်သည်။

*ဧသေဝ နယော။ ။ ဧသေဝ ဧသော ဧဝ- ဤဆိုအပ်ပြီးသော အစိအရင်းသည်ပင်၊ နယော- သိကြောင်းအစီအရင်တည်း၊ (နီယတိ ဉာယတိ အတ္ထော ဧတေနာတိ နယော၊ ရှေး။) နယော- အနက်ကိုဆောင်ကြောင်း အစီအရင်တည်း၊ [အတ္ထော ဒုန္နယော-ကို ဒုန္နီဟာရော-ဟု ဖွင့်ထားသည်ကို အထောက်အထားပြု၍ ဘာသာဋီကာ၌ ပြင်ထားသောအနက်။]

http://www.dhammadownload.com

သိပါဋိကာယ- ပဲခွပ်ဓားငယ်စသော ဘဏ္ဍာထည့်စရာအိတ်၌၊ တထာ- ထို့အတူတည်း၊ ပန- ဆက်၊ ယေန ကေနစိ- အမှတ်မထား တစ်ပါးပါးသော၊ ဧကဝဏ္ဏသုတ္တေန- တစ်မျိုးတည်းသာ အဆင်းရှိသော ချည်ဖြင့်၊ ယံ ကိဉ္စိ- အမှတ်မပြု တစ်ခုခုသော အိတ်ကို၊ သိဝ္ဍိတုံ- ချုပ်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏။

၁၂။ အာရကဏ္ဋကေပိ- ပေရွက်ထိုး ဦးရှည်ဓားငယ်၌လည်း၊ ဝဋ္ဋမဏိကံ ဝါ- ရွဲလုံးသဏ္ဌာန်မူလည်းဖြစ်သော၊ အညံ ဝါ- ထိုမှတစ်ပါး အခြားမူလည်းဖြစ်သော၊ ဝဏ္ဏမဋ္ဌံ- အဆင်းပြေပြစ် (အောင်ပြ) မှုသည်၊ န ဝဋ္ဋတိ- မအပ်၊ ပန- အလျော်ကား၊ ဂီဝါယံ- လည်တိုင်၌၊ ပရိစ္ဆေဒလေခါ- ပိုင်းခြားကြောင်း အရေးသည်၊ ဝဋ္ဋတိ- အပ်၏၊ ပိပ္ပလိကေပိ- တစ်စုံတစ်ခုကို ဖြတ်ကြောင်းဓားငယ်၌လည်း၊ မဏိကံ ဝါ- ရွဲလုံးသဏ္ဌာန်မူလည်းဖြစ်သော၊ ပိဋ္ဌကံ ဝါ- အဖုမူလည်းဖြစ်သော၊ [မုံညင်းစေ့ပမာဏရှိ၍ ပုလဲအရေး (ပုလဲသွယ်) နှင့်တူသော အလုံးကလေးများ၏အရေး (အစဉ်အတန်း) သည် ပိဋ္ဌကမည်သည်။] ယံ ကိဉ္စိ- အမှတ်မထား တစ်ပါးပါးသော ပုံသဏ္ဌာန်ကို၊ ဥဒ္ဒါပေတုံ- ထစေခြင်းငှာ၊ န ဝဋ္ဋတိ- မအပ်၊ ဒဏ္ဍကေ ပန- အရိုးဥကား၊ ပရိစ္ဆေဒလေခါ- ပိုင်းခြားကြောင်း အရေးသည်၊ ဝဋ္ဋတိ- အပ်၏။

နခစ္ဆေဒနံ- လက်သည်းဖြတ်ကြောင်း ဓားကို၊ ဝါ- လက်သည်းလှီး ဓားကို၊ ဝလိတက်ယေဝ- အတွန့်ရှိအောင်သာလျှင်၊ ကရောန္တိ- ပြုကြကုန်၏၊ တသ္မာ- ထို့ကြောင့်၊ တံ- ထိုအတွန့်ရှိသော ဓားငယ်သည်၊ ဝဋ္ဋတိ- အပ်၏။

နခစ္ဆေဒန။ ။ လက်သည်းလှီးဓားလုပ်မည့် လေးမြွှောင့်သံချောင်းကို မီးပူပေးပြီး အစန္ဒစ်ဖက်ကို ညှပ်ဖြင့်ကိုင်လျက် လိမ်လိုက်သည့်အခါမှာ အတွန့်ကလေးများဖြစ်ပေါ်လာသည်။ ပြီးမှ ဟိုဘက်အစွန်း ဒီဘက်အစွန်းကို လက်သည်းစောင်းဓားငယ်လုပ်ကြသည်။ သို့မဟုတ် တစ်ဖက်မှအချွန် တစ်ဖက်မှလက်သည်းစောင်း လုပ်ကြသည်။ ယင်းသို့ လုပ်ပြီးသည့်အခါမှာ အလယ်၌ အတွန့်ကလေးများပါသော လက်သည်းလှီးဓားငယ် ဖြစ်လာပါတော့သည်။ ယင်းအလယ်က အတွန့်ကို လက်သည်းလှီးသည့်အခါ လက်ကိုင် မြှုရန်အလို့ငှာသာ တမင်လုပ်ထားခြင်းဖြစ်သည်။

ယင်းဓားငယ် အပ်သည်ဟု ဆိုသဖြင့် လှပချောမောအောင် မရည်ရွယ်ဘဲ ခိုင်မြဲရန်ရည်ရွယ်ချက်ဖြင့် အခြားအထွေအထူးပြုလုပ်မှုသည်လည်း အပ်၏ဟု ပြဆိုပြီး ဖြစ်တော့သည်။ (ဝိမတိ၊၁၊၁၆၈။)

http://www.dhammadownload.com

ဥတ္တရာရဏီယံ ဝါပိ- အပေါ်ပွတ်ကျည်၌လည်းကောင်း၊ အရဏီနေုကေ ဝါ- ပွတ်နှိပ်လေးငယ်၌လည်းကောင်း၊ ဥပရိပေလ္လနဒဏ္ဍကေ ဝါ- အထက်၌ နှိပ်ကြောင်းတုတ်၌လည်းကောင်း၊ မာလာကမ္မာဒိကံ- ပြုအပ်သောပန်းပြောက် အစရှိသော၊ ယံ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ဝဏ္ဏမဋ္ဌံ- ပြေပြစ်ညက်ညောသော ပုံသဏ္ဌာန်သည်၊ န ဝဋ္ဋတိ- မအပ်၊ (ဤ၌ ဥတ္တရာရဏီယံနောက်၌ အဓရာရဏီယံ ဝါ- ပွတ်ခုံ၌လည်းကောင်း ဟူသော ပုဒ်တစ်ခုကျနေဟန်တူသည်။) ပေလ္လနဒဏ္ဍကဿ- နှိပ်ကြောင်းတုတ်၏၊ ဝေမဇ္ဈေ- အလယ်၌၊ မဏ္ဍလံ- အပေါက်ဝိုင်းသည်၊ ဟောတိ- ရှိ၏၊ (အပေါ်ပွတ်ကျည်ကို သွင်းရအောင် ဖောက်ထားသောအပေါက်၊) တတ္ထ- ထိုအပေါက်ဝိုင်း၌၊ ပရိစ္ဆေဒလေခါမတ္တံ- အပိုင်းအခြားအရေးမျှသည်၊ ဝဋ္ဋတိ- အပ်၏၊ သူစိသဏ္ဌာသံ- အပ်ည့်ပ်ကို၊ ကရောန္တိ-ပြုလုပ်ကြကုန်၏၊ ယေန- အကြောင်အပ်ည့်ပ်ဖြင့်၊ သူစီ- အပ်ကို၊ ဒုံသာပေတွာ- ကိုက်စေ၍၊ ဝါ- ည့်ပ်၍၊ ယံသန္တိ- ပွတ်ကြကုန်၏၊ တတ္ထ- ထိုအပ်ည့်ပ်၌၊ မကရမုခါဒိကံ- မကရ်းနှုတ်ခမ်းသဏ္ဌာန်အစရှိသော၊ ယံ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ဝဏ္ဏမဋ္ဌံ- ပြေပြစ်ညက်ညောသော ပုံသဏ္ဌာန်သည်၊ န ဝဋ္ဋတိ- မအပ်၊ ပန- အလျော်ကား၊ သူစိဒုံသနတ္ထံ- အပ်ကို ကိုက်ခြင်းအကျိုးငှာ၊ မုခမတ္တံ- ပါးစပ်မျှသည်၊ ဟောတိ- ရှိအံ့၊ တံ- ထိုပါးစပ်မျှသည်၊ဝဋ္ဋတိ- အပ်၏။

ဒန္တကဋ္ဌေဒနဝါသိယမ္ပိ- ဒန်ပူဖြတ်ကြောင်း ဓားငယ်၌လည်း၊ ယံ ကိဉ္စိ- တစ်စုံ တစ်ခုသော၊ ဝဏ္ဏမဋ္ဌံ- သည်၊ န ဝဋ္ဋတိ- မအပ်၊ ဥဇုကမေဝ- ဖြောင့်စွာသာလျှင်၊ ကပ္ပိယလောဟေန- အပ်သော ကြေးနီဖြင့်၊ (ကပ္ပိယပုဒ်ပါသောကြောင့်

ဝါသီ။ ။ ဝါသေတိ ဆိန္ဒတိ ဟိံသတိ ဝါ တောယာတိ- ဝါသိ၊ ဖြတ်ကြောင်း (ညှင်းဆဲကြောင်း) လက်နက်ကို "ဝါသိ"ဟု ခေါ်သည်၊ သဒ္ဒတ္ထကောတ္ထုဘ သက္ကဋ+ ဟိန္ဒီအဘိဓာန်နှင့် နာလန္ဒ, ဘာရတီယ, ဟိန္ဒီအဘိဓာန်များမှာ ဝါသိသဒ္ဒါ၏ ပဲခွပ် ဟူသော အနက်တစ်မျိုးတည်းကို ပြဆိုထားသည်။ အခြား သက္ကဋ, ဟိန္ဒီ, အင်္ဂလိပ်, သက္ကဋ+အင်္ဂလိပ်, ပါဠိ+အင်္ဂလိပ် အဘိဓာန်များမှာမူကား ပဲခွပ်အပြင် သင်ဓုန်းဓား, ပုဆိန်, ရဲတင်း, စို့, ဆောက်, (အသွားထက်သောဓား) ဟူသော အနက်များကိုလည်း ပြဆိုထားပါသေးသည်။

ထို့ကြောင့် ဝါသိသဒ္ဒါ၏ အနက်ကို "တိစီဝရဿ ပတ္တော စ၊ ဝါသိ သူစိ စ ဗန္ဓနံ" စသည်ဖြင့် ပရိက္ခာရာရှစ်ပါးကို ပြရာ၌ သင်ဓုန်းဓားဟူသောအနက်, ဤနေရာ၌ ဒန်ပူဖြတ်စရာဓားငယ် ဟူသောအနက် စသည်ဖြင့် အရာဌာနအားလျော်စွာ ယူသင့်ပါသည်။

http://www.dhammadownload.com

သံဘဏ္ဍာဌ် အပ်, မအပ် စဉ်းစားဖို့မလို၊ ကြေးဘဏ္ဍာအတွက်သာ စဉ်းစားဖို့ရှိ၏၊ ထို့ကြောင့် ကြေးနီဟု ပေးသည်၊ ပါ။ဘာဋ္ဌီ၊ ၂၅၁ ၂။) ဥဘောသု- နှစ်ဖက်ကုန်သော၊ ပဿေသု ဝါ- နံဘေးတို့၌သော်လည်းကောင်း၊ (ဧကပဿေ ဝါ- နံဘေး တစ်ဖက်၌သော်လည်းကောင်း၊) စတုရံသဲ ဝါ- လေးထောင့်ကိုသော်လည်းကောင်း၊ အဋ္ဌသဲ ဝါ- ရှစ်ထောင့်ကိုသော်လည်းကောင်း၊ ဗဟွိတုံ- တုပ်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ ကတ္တရဒဏ္ဍေပိ- တောင်ဝှေး၌လည်း၊ ယဲ ကိဉ္စိ- သော၊ ဝဏ္ဏမဋ္ဌံ- သည်၊ န ဝဋ္ဋတိ- မအပ်၊ ဟေဋ္ဌာ- အောက်၌၊ ဧကာ ဝါ- တစ်ခုသော်လည်းဖြစ်သော၊ ဒွေ ဝါ- နှစ်ခုသော်လည်းဖြစ်ကုန်သော၊ ဝဋ္ဋလေခါ- လုံးသော အရေးတို့သည်လည်းကောင်း၊ ဥပရိ- အထက်၌၊ အဟိစ္ဆတ္တက- မကုဋမတ္တဉ္စ- မှိုငုံသဏ္ဌာန်မျှသည်လည်းကောင်း၊ ဝဋ္ဋတိ- အပ်၏။

၁၃။ တေလဘာဇနေသု- ဆီအိုး ဆီဗူးတို့တွင်၊ ဝိသာဏေ ဝါ- ဦးချိုဆီဗူး၌လည်းကောင်း၊ နာဠိယံ ဝါ- ဆီကျည်တောက်၌လည်းကောင်း၊ အလာဗုကေ ဝါ- ဘူးသီးဆီဗူး၌လည်းကောင်း၊ အာမဏ္ဍသာရကေ ဝါ- သျှစ်သျှားသီးမှုန့်ဖြင့် ပြုအပ်သော ဆီဗူး၌လည်းကောင်း၊ ဂ္ဂတ္ထိရူပံ- မိန်းမရုပ်ကိုလည်းကောင်း၊ ပုရိသရူပဉ္စ- ယောကျ်ားရုပ်ကိုလည်းကောင်း၊ ဌပေတွာ- ထား၍၊ အဝသေသံ- ကြွင်းသော၊ သဗ္ဗမ္ပိ- အလုံးစုံလည်းဖြစ်သော၊ ဝဏ္ဏမဋ္ဌကမ္ပံ- ပြေပြစ်ညက်ညောအောင်ပြုအပ်သော ပုံသဏ္ဌာန်သည်၊ ဝဋ္ဋတိ- အပ်၏။

"ဥဘောသု ပဿေသု"၌ ဧကပဿေဝါ-ဟူသော စကားကျန်နေသည်။ ပဲခွပ်ရိုး နှစ်ဖက်စွန်းတို့၌ အရိုးစွန်းများ မလှုပ်ရအောင် ဖွဲ့ချည်ရန်အပ်သည်ဟူလို။

ကတ္တရယဋ္ဌိ။ ။ တောင်ဝှေး၏အစွန်း (အဖျားနား) မှာ အချင်းချင်း ထိခိုက်ခြင်းဖြင့် အသံထွက်အောင် သံကွင်းများကိုလည်း တပ်ထားကောင်းသည်။ (သာရတ္ထ။) ယင်းသံကွင်းတို့ ထိခိုက်သံသည် မြွေဘေးရန်စသည်တို့ကို ပယ်ဖျောက်ခြင်းအကျိုးရှိသည်။ ထို့ကြောင့် တောင်ဝှေးအဖျား၌ သံကွင်းတပ်ထားခြင်းသည် အပ်၏။

(ဝိနယာလင်္ကာရဋီ၊ ၁၊၄၇။)

အာမဏ္ဍသာရကေ။ ။ သျှစ်သျှားသီးတို့ကို အမှုန့်ကြိတ်၍ ယင်းအမှုန့်တို့ဖြင့် ပြုလုပ်ထားသော ဆီဗူးကို "အာမဏ္ဍသာရက"ဟု ခေါ်သည်၊ ယင်းဗူးမျိုး၌ ထည့်ထားသော ဆီသည် အေးအေးမြမြရှိသည်ဟူ၏။ (ဝိမတိ၊၁၊၁၆၉။)

http://www.dhammadownload.com

မဋ္ဌပီဋ္ဌေ- ညောင်စောင်းအင်းပျဉ်လည်းကောင်း၊ ဘိသိဗိမ္ဗောဟနေ- ဘုံလျှို ခေါင်းအုံးလည်းကောင်း၊ ဘူမတ္ထရဏေ- မြေအခင်းလည်းကောင်း၊ ပါဒပုဉ္ဆနေ- ခြေသုတ်ပုဝါလည်းကောင်း၊ စက်မနဘိသိယာ- စကြံလမ်း၌ ခင်းအပ်သော ဘုံလျှိုလည်းကောင်း၊ သမ္မဉ္ဇနိယံ- တံမြက်စည်းလည်းကောင်း၊ ကစဝရဆဋ္ဌနကေ- အမှိုက်စွန့်ကြောင်းတောင်းလည်းကောင်း၊ ရဇနဒေါဏိကာယ- ဆိုးရည်ထည့်စရာဇလားလည်းကောင်း၊ ပါနီယဇလုကေ်- သောက်ရေမှုတ်လည်းကောင်း၊ ပါနီယယဇ္ဇေ- သောက်ရေအိုးလည်းကောင်း၊ ပါဒကထလိကာယ- ခြေပွတ်အိုးခြမ်းလည်းကောင်း၊ ဖလကပီဌကေ- ပျဉ်ချပ်အင်းပျဉ်လည်းကောင်း၊ ဝလယာဓာရကေ- လက်ကောက် သပိတ်ခြေလည်းကောင်း၊ ဒဏ္ဍာဓာရကေ- လှံတံသပိတ်ခြေလည်းကောင်း၊ ပတ္တပိဓာနေ- သပိတ်ဖုံးလည်းကောင်း၊ တာလဝဏ္ဏေ- ထန်းရွက်ယပ်ဝန်းလည်းကောင်း၊ ဗီဇနေ- လေးထောင့်ယပ်လည်းကောင်း၊ ဣတိ- ဤသို့၊ ဧတေသု- ဤဘဏ္ဍာတို့၌၊ သဒ္ဓံ- အလုံးစုံသော၊ မာလာကမ္မာဒိဝဏ္ဏာမဋ္ဌကမဏ္ဍံ- ပန်းပြောက် အစရှိသော အပြေအပြစ်ပြုအပ်သော ပုံသဏ္ဌာန်သည်၊ ဝဋ္ဋတိ- အပ်၏။

ဘူမတ္ထရဏေ။ ။ အပြေအပြစ်ပြုအပ်သော မြေ (သမံတလင်း) ပေါ် ခင်းစရာ ဆန်းကြယ်သောသင်ဖြူး, ဆန်းကြယ်သောအခင်းစသည်တို့ကို "ဘူမတ္ထရဏ"ဟု ခေါ်သည်။ (သာရတ္ထ။) ဤဋီကာစကားကို အထောက်အထားပြု၍ ကြမ်းပြင်ပေါ်၌ ခင်းစရာအခင်းကိုလည်း "ဘူမတ္ထရဏ"ဟုပင် ယူသင့်သည်။ (ပါ။ဘာဋီ၊ ၂၅၁၃။)

တာလဝဏ္ဏော ဗီဇနေ။ ။ ထန်းရွက်ယပ်ဝန်း လေးထောင့်ယပ် စသည်တို့သည် သံကောက်ကဲ့သို့ သွားလေရာရာ ယူသွားရမည့်ပစ္စည်းများ ဖြစ်ကြပါသော်လည်း အမျိုးမျိုးသော ထန်းရွက်ယပ်ဝန်း လေးထောင့်ယပ်တို့ကို မကိုင်ဆောင်ရဟု တားမြစ်ချက်မရှိသောကြောင့် အဆင်းပြေပြစ်ညာ ချောမောအောင်ပြုမှု အပ်သည်ဟု အဋ္ဌကထာဆရာမိန့်ဆိုထားသည်။ မှန်၏၊ ထိုထန်းရွက်ယပ်ဝန်း လေးထောင့်ယပ်တို့ကို "ရဟန်းတို့ လေးထောင့်ယပ်ဝန်းနှင့် ထန်းရွက်ယပ်ဝန်းတို့ကို ငါဘုရားခွင့်ပြုသည်"ဟု ခွင့်ပြုရုံသာ ခွင့်ပြုထားပေသည်။ (ဝဇိရ၊ဋီ၊၁၂၃။)

ယင်းတာလဝဏ္ဏာ-ကို ထန်းရွက်, ဝါး, ဆင်စွယ်, နှီး, ဥဒေါင်းမြီးစည်း, သားရေ စသည်တို့တွင် မည်သည့်အရာဖြင့်မဆို လုပ်ကောင်းသည်။ (ဝိ၊၅၊၄၊၅၂။)

သမ္ဗံ။ပ။ ဝဋ္ဋတိ ။ ။ ဆီအိုး ဆီဗူးတို့၌သာ မိန်းမရှဉ့် ယောကျ်ားရှဉ့်တို့ကို ပယ်မြစ်ထားသောကြောင့်လည်းကောင်း၊ ဆီအိုး ဆီဗူးစသည်တို့နှင့် အတူတကွ ပေါင်းမဆိုဘဲ (ညောင်စောင်း အင်းပျဉ် စသည်တို့ကို) သီးသန့်ခွဲခြား ပြဆိုထားသောကြောင့်လည်း

http://www.dhammadownload.com

၁၄။ ပန- အထူးကား၊ သေနာသနေ- ကျောင်း၌၊ ဒွါရကဝါဋ္ဌဝါတပါနက-ဝါဋ္ဌာဒီသု- တံခါးမတံခါးရွက်, လေသောက်ပြူတင်းတံခါးရွက် အစရှိသည်တို့၌၊ သဗ္ဗရတနမယံ- အလုံးစုံသော ရတနာတို့ဖြင့် ပြုအပ်သည်၊ သမာနံပိ- ဖြစ်ပါသော်လည်း၊ ဝဏ္ဏမဋ္ဌကမံ- အပြေအပြစ်ပြုအပ်သော ပုံသဏ္ဌာန်သည်၊ ဝဋ္ဋတိ- အပ်၏၊ သေနာသနေ- ကျောင်း၌၊ ဝိရုဒ္ဓသေနာသနာ- ဆန့်ကျင်ဘက် ကျောင်းကို၊ အညတြ- ကြဉ်ထား၍၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ပဋိသေဓကမံ- တားမြစ်ဖွယ်သည်၊ နတ္ထိ- မရှိ။

ကောင်း အထက်အဆိုပါ ညောင်စောင်းအင်းပျဉ် စသည်တို့၌ မိန်းမရုပ် ယောကျ်ားရုပ် အပ်သည်ဟု ဆရာများ ဆိုကြသည်။

ယင်းသို့ ဆိုကြစေကာမူ ထိုညောင်စောင်းအင်းပျဉ်တို့သည် လက်ဖြင့် ကိုင်တွယ်တွေ့ထိရမည့် ပစ္စည်းများဖြစ်နေသောကြောင့် ညောင်စောင်းအင်းပျဉ် စသည်တို့၌ (ယောကျ်ားရုပ်သာအပ်သည်) မိန်းမရုပ်မအပ်ဟု ယူသင့်သည်။ (ဝိမတိ၊၁၊၁၆၉။)

သေနာသနေ။ပ။ ဝဋ္ဋတိ။ ။ ကျောင်းအသုံးအဆောင်သည် အကုန်လုံး အပ်၏။ (ဝိ၊၆၊၂၊၁၃၀။) အလုံးစုံအပ်၏ဟူသည်မှာ ရွှေငွေစသည်ဖြင့် ပြုလုပ်ထားသော ကျောင်းပရိက္ခရာတို့ကို သုံးသပ်ကိုင်တွယ်ခြင်း, ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည်ဖြင့် သုံးဆောင်မှုသည် အပ်၏ဟု ဆိုလို၏၊ ထို့ကြောင့်ပင် အဋ္ဌကထာဆရာကိုယ်တိုင် ရွှေငွေဖြင့် ပြုလုပ်ထားသည့် အလုံးစုံသော ကျောင်း (သုံး) ပရိက္ခရာတို့ကို သုံးသပ်အပ်ကုန်၏ဟု ဆက်လက် မိန့်ဆိုထားပေသည်။ (ဝိမတိ၊၁၊၂၆၂။)

ရဟန်းတို့၏ သုတ် အဘိဓမ္မာ ဝိနည်းကို ဖွင့်ဆိုရာဌာန၌ ဖန်တိုင်ရှိကုန်၊ ရတနာပန်းဆိုင်းတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော ရတနာမဏ္ဍပ်တို့ကို ပြုလုပ်ကုန်အံ့၊ ထို ရတနာမဏ္ဍပ်၌ အလုံးစုံသော အဆောင်အယောင်တို့ကို ရဟန်းတို့ သုတ်သင် (ရှင်းလင်း) ခြင်းငှာအပ်၏။ (ဝိ၊၆၊၂၊၁၃၀။)

ဤစကားရပ်၌လည်း ရဟန်းတို့၏ သုတ် အဘိဓမ္မာ ဝိနည်းကို ဖွင့်ဆိုရာဌာန၌ဟု ဆိုထားသောကြောင့် ရွှေငွေဖြင့် ပြုလုပ်သော ကျောင်းနှင့် ကျောင်းသုံးပရိက္ခရာများသည် သံယိကဖြစ်မှသာ အပ်သည်၊ ပုဂ္ဂလိက မအပ်ဟု မှတ်ယူသင့်သည်။
(ဝိမတိ၊၁၊၂၆၃။)

ရွှေငွေ အစရှိသော ရတနာတို့ဖြင့် အဆန်းတကြယ် စီခြယ်ပြုလုပ်ထားသည့် တံခါးရွက် ညောင်စောင်းအင်းပျဉ် ထန်းရွက်ယပ်ဝန်း ရွှေငွေတို့ဖြင့် ပြုလုပ်ထားသော သောက်ရေအိုး သောက်ရေခွက်များနှင့် ရွှေငွေဖြင့် ပြုလုပ်ထားသော ပန်းချိပန်းပုမျိုးစုံ (စသည်) တို့သည် ကျောင်းအသုံးအဆောင်များ ဖြစ်သည်၊ အကုန်လုံးအပ်သည်၊ ခံယူကောင်းသည်။ (ဝိ၊၆၊၇၊၇၆)

http://www.dhammadownload.com

အညေသံ- အခြားသော ရဟန်းတို့၏၊ သီမာယ- မဟာသိမ်၌၊ ရာဇဝလ္လဘေ-ဟိ- မင်းနှင့် အကျွမ်းဝင်ကုန်သော အလဇ္ဇီ ရဟန်းတို့သည်၊ ကတသေနာသနံ-

---

ဤစကားရပ်၌ ရွှေဥဒေအစရှိသော ရတနာတို့ဖြင့် အဆန်းတကြယ် စီခြယ်ပြုလုပ်ထားသည်ဟူသော စကားသည် သံယိကကျောင်းကို ရည်ရွယ်သော စကားဖြစ်သည်။ ရွှေဥဒေစသည်တို့ဖြင့် အဆန်းတကြယ်ပြုလုပ်ထားသော ကျောင်းမျိုးကို ပဂ္ဂလိကလက်ခံခြင်းငှာ မအပ်၊ ယင်းသို့ မအပ်ခြင်းမှာလည်း မဟာဝါပါဠိတော် (၃၄၂) လာ "ရဟန်းတို့ မည်သည့်နည်း ပရိယာယ်နှင့်ပဲဖြစ်ဖြစ် ရွှေဥဒေကို မသာယာထိုက်"ဟူသော ဘုရားဟောစကား ထင်ရှားရှိနေသောကြောင့်ပင် ဖြစ်သည်။ (ဝိမတိ၊၂၊၂၄၄။)

မင်းအမတ်စသူတို့က တစ်ချိန်တည်းမှာ ညောင်စောင်းတစ်ရာ တစ်ထောင်ကို လာရောက်လှူဒါန်းပါလျှင် အပ်သော ညောင်စောင်းအကုန်လုံးကို လက်ခံထိုက်သည်။ (ဝိ၊၆၊၄၊၅၉။)

အပ်သော ညောင်စောင်းအကုန်လုံးကို လက်ခံထိုက်သည်ဟူသော ဤစကားဖြင့် ရွှေဥဒေစသည်ဖြင့် အဆန်းတကြယ် မွမ်းမံပြုလုပ်ထားသော အကပ်ပိုယညောင်စောင်းမျိုးကို သံယသ ဒေမ- (သံယာအား လှူပါကုန်၏။) ဟု ပြောဆိုလှူဒါန်းပါသော်လည်း လက်ခံခြင်းငှာ မအပ်ဟူသော အနက်အဓိပ္ပါယ်ကို ဖော်ညွှန်းနေသည်၊ ဝိဟာရသဒေမ (ကျောင်းအားလှူဒါန်းပါကုန်၏။) ဟု ပြောဆိုလှူဒါန်းခဲ့သော် လယ်ယာစသည်တို့ကဲ့သို့ သံယိကသာ အပ်သည်၊ ပဂ္ဂလိက မအပ်ဟု မှတ်သင့်၏။ (ဝိမတိ၊၂၊၂၄၄။)

ထိုကြောင့် ဗုဒ္ဓမြတ်စွာ၏ အာဏာစက်ဖြစ်သော ဝိနည်းတော်ကို ဦးထိပ်ရွက်ပန်ဆင်ကြကုန်သော လဇ္ဇီပေသလ ဗဟုသုတ သိက္ခာကာမ ရဟန်းတော်များသည် ဤအကြောင်းအရာ အချက်အလက်ကို ကောင်းစွာနှလုံးသွင်းသင့်လှပေသည်။ (ဝိနယာလင်္ကာရဋီ၊၁၊၅၂-၅၃။)

အညေသံ သီမာယ။ ။ ဤအဋ္ဌကထာမှာပင် နောက်နား၌ "မာ အမှာကံ ဥပေါသထပဝါရဏာနံ အန္တရာယမကတ္ထ"ဟု ဆိုထားသည်ကို ထောက်၍ ဥပုသ်စသော ဝိနည်းကံ၏ ခေတ်ဖြစ်သည့် သိမ်မျိုးကိုသာ ယူသင့်သည်၊ ထိုဝိနည်းကံ၏ ခေတ်ဖြစ်သော သိမ်တို့တွင်လည်း ဂါမသိမ်၌ အခြားရဟန်းတို့၏ ကျောင်းဆောက်မှုကို တားမြစ်ရန် မသင့်တော် မလျော်ပတ်သောကြောင့်လည်းကောင်း၊ သတ္တဿန္တရသိမ် ဥဒကုက္ခေပသိမ်တို့မည်သည်မှာလည်း အမြဲတန်းတည်ရှိနေသော သိမ်မျိုးမဟုတ်သောကြောင့်လည်းကောင်း၊ ဤနေရာ၌ သီမာအရ ဗဒ္ဓသိမ်ကိုသာ ယူရတော့သည်။ (ဝိနယာလင်္ကာရဋီ၊၁၊၅၂-၅၃။)

ရာဇဝလ္လဘေဟိ။ ။ လဇ္ဇီပေသလ ရဟန်းတော်တို့၏ ဥပုသ် စသည်တို့၏ အန္တရာယ်ကို ပြုတတ်ကုန်သော အလဇ္ဇီလည်းဖြစ် အယူလည်းမတူသည့် ရဟန်းများကို ရာဇဝလ္လဘ-အရ ယူရမည်၊ ထိုရဟန်းမျိုးတို့နှင့်အတူ ဥပုသ်စသည်တို့ကို ပြုခြင်းငှာ မသင့်တော် မလျော်ပတ်သောကြောင့် ဖြစ်သည်၊ ထိုကြောင့်ပင် "သီမာယ"ဟု အဋ္ဌကထာဆရာ မိန့်ဆိုထားပေသည်။ (ဝိမတိ၊၁၊၁၆၉။ ဝိနယာလင်္ကာရ၊၁၊၅၂။)

http://www.dhammadownload.com

ပြုလုပ်အပ်သော ကျောင်းကို၊ ဝိရုဠ္ဟသေနာသနံ နာမ- ဆန့်ကျင်ဘက်ကျောင်း မည်၏ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

တသ္မာ- ထို့ကြောင့်၊ ယေ- အကြင် အလဇ္ဇီရဟန်းတို့သည်၊ တာဒိသံ- ထိုသို့ ရှုအပ်သော၊ သေနာသနံ- ကျောင်းကို၊ ကရောန္တိ- ပြုလုပ်ကုန်အံ့၊ တေ- ထို ရဟန်းတို့ကို၊ "အမှာကံ- တပည့်တော်တို့၏၊ သီမာယ- မဟာသိမ်၌၊ သေနာသနံ- ကျောင်းကို၊ မာ ကရောထ- မဆောက်လုပ်ကြပါကုန်လင့်၊" ဣတိ- ဤသို့၊ ဝတ္တဗ္ဗာ- ပြောဆိုထိုက်ကုန်၏၊ အနာဒိယိတ္တာ- စကားကို မနာယူမူ၍၊ ကရောန္တိယေဝ- ပြုမြဲပြုကုန်အံ့၊ (ဧဝံ သတိ- ဤသို့ဖြစ်လတ်သော်၊) ပုနပိ- နောက်ထပ် တစ်ဖန်လည်း၊ "ဧဝံ- ဤသို့၊ မာ အကတ္ထ- မပြုပါကုန်လင့်၊ အမှာကံ- ငါတို့၏၊ ဥပေါသထပဝါရဏာနံ- ဥပုသ်ပဝါရဏာတို့၏၊ အန္တရာယံ- အန္တရာယ်ကို၊ မာ အကတ္ထ- မပြုပါကုန်လင့်၊ သာမဂ္ဂိ- သံဃာ၏ ညီညွတ်မှုကို၊ မာ ဘိန္ဒိတ္ထ- မဖျက်ဆီးပါကုန်လင့်၊ တုမှာကံ- သင်တို့၏၊ သေနာသနံ- ကျောင်းသည်၊ ဝါ- ကျောင်းကို၊ ကတံ- ပြုအပ်ပြီးသည်၊ သမာနံပိ- ဖြစ်ပါသော်လည်း၊ ကတဋ္ဌာနေ- ပြုအပ်ပြီးအရာ၌၊ (ပြုထားသည့်အတိုင်း၊) နု ဌဿတိ- တည်လိမ့်မည် မဟုတ်ပါ၊" ဣတိ- ဤသို့၊ ဝတ္တဗ္ဗာ- ပြောဆိုထိုက်ကုန်၏။

ဗလက္ကာရေန- အားကို အသုံးပြုသဖြင့်၊ ဝါ- နိုင်ထက်စီးနင်း၊ သစေ ကရောန္တိယေဝ- အကယ်၍ ပြုမြဲပြုကုန်အံ့၊ (ဧဝံ သတိ- ဤသို့ဖြစ်လတ်သော်၊) ယဒါ- အကြင်အခါ၌၊ တေသံ- ထိုမဟာသိမ်၌ နေကုန်သော ရဟန်းတို့၏၊ လဇ္ဇီပရိသာ- လဇ္ဇီပရိသတ်သည်၊ ဥဿန္နာ- များလာသည်၊ ဟောတိ- ဖြစ်အံ့၊ စ- များလာရုံသာ မကသေး၊ ဓမ္မိကော- တရားရှိသော၊ ဝိနိစ္ဆယော-အဆုံးအဖြတ်သည်၊ဝါ- အဆုံးအဖြတ်ကို၊ လဒ္ဓုံ- ရခြင်းငှာ၊ သက္ကာ- တတ်ကောင်းသည်၊ ဟောတိ- ဖြစ်အံ့၊ တဒါ- ထိုအခါ၌၊ တေသံ- ထိုရဟန်းတို့၏ အထံသို့၊ "တုမှာကံ- သင်တို့၏၊ အာဝါသံ- ကျောင်းကို၊ ဟရထ- ဆောင်လှည့်ကြပါကုန်၊" ဣတိ- ဤသို့ ပြောဆိုမှာကြား၍၊ ပေသေတဗ္ဗံ- စေလွှတ်ရာ၏၊ ယာဝတတိယံ- သုံးကြိမ်တိုင်အောင်၊ ပေသိတေ- စေလွှတ်အပ်သော်၊ သစေ ဟရန္တိ- အကယ်၍ ဆောင်ကုန်အံ့၊ (ဧဝံ သတိ- သော်၊) သာဓု- ကောင်း၏၊ နော စေ ဟရန္တိ- အကယ်၍ မဆောင်ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဗောဓိဋ္ဌ- ဗောဓိပင်ကိုလည်း ကောင်း၊ စေတိယဋ္ဌ- စေတီကိုလည်းကောင်း၊ ဌပေတွာ- ထား၍၊ အဝသေသ သေနာသနာနိ- ကြွင်းသောကျောင်းတို့ကို၊ ဘိန္ဒိတဗ္ဗာနိ- ဖျက်ထိုက်ကုန်၏၊

http://www.dhammadownload.com

စ ခေါ- ထိုသို့ပင် ဖျက်နိုင်ပါသော်လည်း၊ အပရိဘောဂံ- သုံးဆောင်ဖွယ် မဟုတ်သည်ကို၊ ဝါ- သုံးမဖြစ်အောင်၊ ကရောန္တေဟိ- ပြုကုန်လျက်၊ နော ဘိန္ဒိတဗ္ဗာနိ- မဖျက်ထိုက်ကုန်၊ ပန- အလျော်အသင့်ကား၊ ပဋိပါဋိယာ- အစဉ်အားဖြင့်၊ ဆဒနဂေါပါနသိင်္ဂဠကာဒီနိ- အမိုး, အခြင်, ရနယ်, အုတ် အစရှိသည်တို့ကို၊ အပနေတွာ- ဖယ်ရှား၍၊ တေသံ- ထိုအလဇ္ဇီရဟန်းတို့၏ အထံသို့၊ "တုမှာကံ- အရှင်ဘုရားတို့၏၊ ဒဗ္ဗသမ္ဘာရေ- သစ်ဝါးစသောအဆောက်အဦးတို့ကို၊ ဟရထ- ဆောင်လှည့်ကြကုန်၊" ဣတိ- ဤသို့ ပြောဆိုမှာကြား၍၊ ပေသေတဗ္ဗံ- စေလွှတ်ထိုက်၏၊ သစေ ဟရန္တိ- အကယ်၍ဆောင်ကုန်အံ့၊ (ဧဝံ သတိ- သော်၊) သာဓုကောင်း၏၊ နော စေ ဟရန္တိ- အကယ်၍ မဆောင်ကုန်အံ့၊ အထ- ထိုသို့ မဆောင်ကုန်လတ်သော်၊ တေသု ဒဗ္ဗသမ္ဘာရေသု- ထိုသစ်ဝါးစသော အဆောက်အဦတို့သည်၊ ဝါ- တို့ကို၊ ဟိမဝဿဝါတာတပါဒီဟိ- ဆီးနှင်းမိုးလေနေပူ အစရှိသည်တို့ကြောင့်၊ ပူတိဘူတေသု ဝါ- ပုပ်ဆွေးကုန်သည်ဖြစ်၍ ဖြစ်ကုန်သော်လည်းကောင်း၊ စောရေဟိ- ခိုးသူတို့သည်၊ ဟဋ္ဌေသု ဝါ- ဆောင်အပ်ကုန်သော်လည်းကောင်း၊ အဂ္ဂိနာ- မီးသည်၊ ဒဍ္ဎေသု ဝါ- လောင်အပ်ကုန်သော်လည်းကောင်း၊ သီမသာမိကာ- သိမ့်ရှင်ဖြစ်ကုန်သော၊ ဘိက္ခူ- ရဟန်းတို့သည်၊ အနုပဝဇ္ဇာ- ကဲ့ရဲ့ထိုက်သောအပြစ်မရှိကုန်၊ "တုမ္ဟေဟိ- သင်တို့သည်၊ အမှာကံ- ငါတို့၏၊ ဒဗ္ဗသမ္ဘာရာ- သစ်ဝါးစသော အဆောက်အဦတို့ကို၊ နာသိတာ- ဖျက်ဆီးအပ်ကုန်ပြီ၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ "တုမှာကံ- သင်တို့၏၊ ဂိဝါ- ဘဏ္ဍာစားသည်၊ ဟောတိ- ဖြစ်၏၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ စောဒေတုံ- စောဒနာခြင်းငှာ၊ နု လဇ္ဇာ- မရအပ်ကုန်၊ ပန- ဆက်၊ သီမသာမိကေဟိ- သိမ့်ရှင်ဖြစ်ကုန်သော၊ ဘိက္ခူဟိ- ရဟန်းတို့သည်၊ ယံ- အကြင်ဖျက်မှုကို၊ ကတံ- ပြုအပ်ပြီ၊ တံ- ထိုဖျက်မှုသည်၊ သုကတမေဝ- ကောင်းစွာပြုအပ်သည်သာ၊ ဟောတိ- ဖြစ်၏။

ဗဟုသုတော- များသောသုတရှိသော၊ ဝိနယညူ- ဝိနည်းကို တတ်သိ နားလည်သော၊ ယောပိ ဘိက္ခု- အကြင် ရဟန်းသည်လည်း၊ အညံ- အခြားသော၊

သုကတမေဝ။ ။ လဇ္ဇီရဟန်းတို့က အလဇ္ဇီတို့၏ ကျောင်းကို ဖျက်ဆီးခြင်းအစရှိသော လုပ်ဆောင်ချက်အကုန်လုံးသည် အလဇ္ဇီတို့ကို နှိပ်ကွပ်ရန် ဖြစ်စေအပ်သော လုပ်ဆောင်ချက် ဖြစ်သောကြောင့် ကောင်းစွာပြုလုပ်ရာ ရောက်ပေသည်။

(ဝိမတိ၊၁၊၁၆၉။)

http://www.dhammadownload.com

ဘိက္ခု- ရဟန်းကို၊ အကပ္ပိယံ- မအပ်သော၊ ပရိက္ခာရံ- ပရိက္ခာရာကို၊ ဂဟေတ္ဝာ- ကိုင်၍၊ ဝိစရန္တံ- လှည့်လည်နေသည်ကို၊ ဒိသ္ဝာ- တွေ့၍၊ တံ- ထိုပရိက္ခာရာကို၊ ဆိန္နာပေယျ ဝါ- ဖြတ်မူလည်း ဖြတ်စေအံ့၊ ဘိန္နာပေယျ ဝါ- ခွဲမူလည်း ခွဲစေအံ့၊ သော- ထိုရဟန်းသည်၊ ဝါ- ကို၊ အနုပဝဇ္ဇော- ကဲ့ရဲ့ထိုက်သောအပြစ်မရှိ၊ [နတ္ထိ ဥပဝဇ္ဇံ ယဿာတိ- အနုပဝဇ္ဇော၊ အနုပဝဇ္ဇောတိ ဒေါသံ အာရောပေတ္ဝာ နာ ဝတ္တဗ္ဗော-ဟု သာရတ္ထ-ဖွင့်ဆိုထားသည်မှာ အဓိပ္ပါယ်ဖွင့်မျှသာဖြစ်သည်၊ နေဝ စောဒေတဗ္ဗော-စသည်ဖြင့် အဓိပ္ပါယ်ကို ဖော်သည်။] သော - ထိုရဟန်းကို၊ နေဝ စောဒေတဗ္ဗော- မစောဒနာထိုက်၊ နာ သာရေတဗ္ဗော- အပြစ်ကို အမှတ်မရစေထိုက်၊ တံ- ထိုရဟန်းကို၊ "တယာ- သင်သည်၊ မမ- ငါ၏၊ အယံ နာမ ပရိက္ခာရော- ဤမည်သော ပရိက္ခာရာကို၊ နာသိတော- ဖျက်ဆီးအပ်ပြီ၊ တံ- ထိုပရိက္ခာရာကို၊ ဝါ- ထိုပရိက္ခာရာတန်ဖိုးကို၊ ဒေဟိ- ပေးလော၊" ဣတိ- ဤသို့၊ ဝတ္တုံ- ပြောဆိုခြင်းငှာ၊ နာ လဗ္ဘာ- မရအပ်။

ဣတိ- ဤဆိုအပ်ပြီးသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်၊ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟော- ပါဠိတော်မှ လွတ်သော (အဋ္ဌကထာလာ) ဝိနည်းအဆုံးအဖြတ်ကို အကျဉ်းချုံး၍ ပေါင်းယူရာဖြစ်သောကြောင့် ဝိနယသင်္ဂဟမည်သော ကျမ်း၌၊ ပရိက္ခာရဝိနိစ္ဆယကထာ- သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

အနုပဝဇ္ဇော ။ ။ အကုန်လုံး မြေညက်ဖြင့် ပြုလုပ်ထားသော (ရှင်ဓနိယ၏) ကျောင်းငယ်ကဲ့သို့ အဘယ်နည်းနှင့်ပဲဖြစ်ဖြစ် အသုံးမပြုထိုက်သည်ကို ရည်ရွယ်၍ ခွဲဖျက်ခိုင်းလျှင် အပြစ်မရှိဟု ဆိုထားပေသည်။ ဥပမာအားဖြင့် ဆိုရပါမူ အဆင်းငါးမျိုး ရှိသောချည်တို့ဖြင့် မြွေးယှက်ဖွဲ့ကြက်ထားသော ထီးစသည်တို့မှာ မအပ်သော အစိတ်အပိုင်းကိုသာ ဖြတ်တောက် ဖျက်ဆီးပစ်ရမည်၊ ကြွင်းသော အစိတ်အပိုင်းကိုကား အပ်စပ်နေသောကြောင့် မဖြတ်တောက် မဖျက်ဆီးရ၊ ဖျက်ဆီးခဲ့ပါလျှင် အပြစ်တင်ထိုက်သည်သာ၊ ထို့ကြောင့်ပင် "ဃဋကမ္မိ ဝါဠုရုမ္မိ ဆိန္နိတ္ဝာ ဓာရေတဗ္ဗံ" (ညောင်ရေအိုး ကလေးနှင့် သားရဲရုပ်ကို ဖြတ်တောက်၍ ဆောင်းထိုက်၏) စသော စကားကို မိန့်ဆိုထားခဲ့ပေသည်။ (ဝိမတိ၊၁၊၁၆၆။)

http://www.dhammadownload.com

၃။ ဘေသဇ္ဇာဒိကရဏဝိနိစ္ဆယကထာ

၁၅။ ပန- အဖို့တစ်ပါးကား၊ **ဘေသဇ္ဇာကရဏပရိဇ္ဇာပဋိသန္ဓာရေသု**- ဆေးကုသမှုကို ပြုလုပ်ခြင်း, ဘေးရန်မဝင်အောင် ထက်ဝန်းကျင်မှ ကာကွယ်တတ်သော အစောင့်အရှောက် (ပရိတ်), ပျိုဌာလောကဝတ် အစေ့အစပ်ပြမှု (ပဋိသန္ဓာရ) တို့တွင်၊ တာဝ- ရှေးဦးစွာ၊ **ဘေသဇ္ဇကရဏေ**- ဆေးကုသမှုကို ပြုလုပ်ခြင်း၌၊ အယံ- ဤဆိုအပ်လတ္တံ့သော၊ ဝိနိစ္ဆယော- အဆုံးအဖြတ်ကို၊ (ဝေဒိတဗ္ဗော- သိထိုက်၏၊)

အာဂတာဂတဿ- ရောက်လာ ရောက်လာသော၊ ပရဇနဿ- တစ်ပါးသော လူတို့အတွက်၊ ဘေသဇ္ဇံ- ဆေးကို၊ န ကာတဗ္ဗံ- မပြုထိုက်၊ ဝါ- မပြုရ၊ ကရောန္တော- ပြုသောရဟန်းသည်၊ ဒုက္ကဋံ- ဒုက္ကဋ်အာပတ်သို့၊ အာပဇ္ဇတိ- ရောက်၏၊ ပန- ဆက်၊ ဘိက္ခုဿ- ရဟန်းလည်းကောင်း၊ ဘိက္ခုနိယာ- ရဟန်းမလည်းကောင်း၊ သိက္ခမာနာယ- သိက္ခမာန်လည်းကောင်း၊ သာမဏေရဿ- သာမဏေလည်းကောင်း၊ သာမဏေရိယာ- သာမဏေမလည်းကောင်း၊ ဣတိ- ဤသို့၊ ပဋ္ဌန်- ငါးယောက်ကုန်သော၊ သဟဓမ္မိကာနံ- သီတင်းသုံးဖော်တို့အတွက်၊ (ဘေသဇ္ဇံ- ဆေးကို၊) ကာတဗ္ဗံ- ပြုထိုက်၏။ ဟိ- မှန်၏၊ သမသီလ-

---

ဘေသဇ္ဇကရဏ။ ။ ဘိသက္ကာသ ဣဒံ ကမ္မံ- ဘေသဇ္ဇံ၊ ကရီယတေ- ကရဏံ၊ ဘေသဇ္ဇဿ ကရဏံ- ဘေသဇ္ဇကရဏံ။ ဆေးဆရာ၏ အလုပ်ဖြစ်သော ဆေးကုသမှုကို ပြုလုပ်ခြင်းသည်၊ "ဘေသဇ္ဇကရဏ"မည်၏။

ပရိတ္တ။ ။ ပရိသမန္တတော တာယတိ ရက္ခတီတိ- ပရိတ္တံ။ ဘေးရန်မဝင်အောင် ထက်ဝန်းကျင်မှ ကာကွယ်တတ်သော အစောင့်အရှောက်သည်၊ "ပရိတ္တ"မည်၏။

ပဋိသန္ဓာရ။ ။ ပဋိသန္ဓရဏံ- ပဋိသန္ဓာရော။ ပျိုဌာလောကဝတ် အစေ့အစပ်ပြုခြင်းသည် "ပဋိသန္ဓာရ"မည်၏။

သဟဓမ္မိကာနံ။ ။ သဟဓမ္မော ဧတေသံ အတ္ထီတိ- သဟဓမ္မိကာ၊ တစ်ဆူတည်းသော ဘုရားရှင်၏သာသနာတော်မှာ အတူကျင့်အပ်သော တရားရှိသူများကို "သဟဓမ္မိက"ဟု ခေါ်သည်။

သဟဓမ္မေ နိယုတ္တာ- သဟဓမ္မိကာ၊ သဟဓမ္မ-အမည်ရသော သိက္ခာပုဒ်တော်၌ ယှဉ်နေသူများ (သိက္ခာပုဒ်တော်ကို ကျင့်ကြံကြိုးကုတ် အားထုတ်နေသူများ) ကို "သဟဓမ္မိက"ဟု ခေါ်သည်။

သမသီလသဒ္ဓါပညာနံ။ ။ ဤသမသီလသဒ္ဓါပညာနံ စသော စကားရပ်ဖြင့်

http://www.dhammadownload.com

သဒ္ဓါပညာနံ- ညီမျှသော သီလသဒ္ဓါပညာရှိကုန်သော၊ တီသု သိက္ခာသု-သုံးပါးကုန်သော သိက္ခာတို့၌၊ ယုတ္တာနံ- ယှဉ်ကုန်သော၊ ဧတေသံ- ဤသီတင်းသုံးဖော်တို့အတွက်၊ ဘေသဇ္ဇံ- ဆေးကို၊ အကာတုံ- မပြုဘဲနေခြင်းငှာ၊ နလဿတိ- မရအပ်၊ စ- ဆက်၊ ကရောန္တေန- ပြုလတ်သော်၊ တေသံ- ထိုသီတင်းသုံးဖော်တို့၏၊ (ဘေသဇ္ဇံ- ဆေးသည်၊) သစေ အတ္ထိ- အကယ်၍ ရှိအံ့၊ (ဧဝံ သတိ- သော်၊) တေသံ- ထိုသီတင်းသုံးဖော်တို့၏၊ သန္တကံ- ဥစ္စာဖြစ်သော ဆေးကို၊ ဂဟေတ္ဝာ- ယူ၍၊ ယောဇေတ္ဝာ- ယှဉ်စေ၍၊ ဝါ- ဖော်စပ်၍၊ ဒါတဗ္ဗံ- ပေးထိုက်၏၊ (ဘေသဇ္ဇံ- ဆေးသည်၊) သစေ နတ္ထိ- အကယ်၍ မရှိအံ့၊ ဧဝံ သတိ- သော်၊ အတ္တနော- မိမိ၏၊ သန္တကံ- ဥစ္စာကို၊ ကာတဗ္ဗံ- ပြုထိုက်၏၊ အတ္တနောပိ- မိမိ၏လည်း၊ (ဘေသဇ္ဇံ- ဆေးသည်၊) သစေ နတ္ထိ- အကယ်၍ မရှိအံ့၊ (ဧဝံ သတိ- သော်၊) ဘိက္ခာစာရဝတ္တေန ဝါ- ဆွမ်းခံလှည့်လည်ခြင်းဟူသော ကျင့်ဝတ်ဖြင့်သော်လည်းကောင်း၊ ဉာတကပဝါရိတဋ္ဌာနတော ဝါ- ဆွေမျိုးတော်သူ ဖိတ်မံသူတို့၏ အထံမှသော်လည်းကောင်း၊ ပရိယေသိတဗ္ဗံ- ရှာမှီးထိုက်၏၊ [မိမိနှင့် ဂိလာနတို့၏ ဆွေမျိုးတော်သူ ဖိတ်မံသူတို့ထံမှဟု ဆိုလိုသည်။] အလဘန္တေန- ရှာ၍မရသော ရဟန်းသည်၊ ဂိလာနဿ-ဂိလာန၏၊ အတ္ထာယ- အကျိုးငှာ၊ အကတဝိညတ္တိယာပိ- အရိယာပုဂ္ဂိုလ်တို့

ဒုဿီလပုဂ္ဂိုလ်နှင့် အယူသီလမတူသော ပုဂ္ဂိုလ်တို့အား ဆေးမကုဘဲနေခြင်းငှာ အပ်သည်ဟူသော အနက်သဘောကို ပြသည်။ (ဝိမတိ၊၁၊၂၃၄။)

အကတဝိညတ္တိယာ။ ။ နကရိယိတ္ထာတိ- အကတာ၊ အကတာ ဝိညတ္တိ-အကတဝိညတ္တိ။ ဝိနည်းသဘောအားဖြင့် အပ်သော်လည်း မသင့်တော်သည့်အတွက် အရိယာပုဂ္ဂိုလ်တို့ မပြုလုပ်ဘူးသော တောင်းခြင်းသည် "အကတဝိညတ္တိ"မည်၏။ (ဝိမတိ၊၁၊၂၃၅။)

ကတာပိ အကတာ ဝိယာတိ-အကတာ၊ အကတာ ဝိညတ္တိ-အကတဝိညတ္တိ။ ဂိလာန အတွက် ဆွေမျိုးမတော်သူ, ဖိတ်မံမထားသူတို့ထံမှလည်း ဆွမ်းဆေးတို့ကို (ဆွမ်းရပ်သလို မရပ်ဘဲ) တိုက်ရိုက်တောင်းမှုကို ခွင့်ပြုပြီးဖြစ်သောကြောင့် တောင်းမှုကို ပြုသော်လည်း မပြုသကဲ့သို့ဖြစ်သော တောင်းခြင်းမျိုးသည် "အကတဝိညတ္တိ"မည်၏။ (သာရတ္ထ။)

အကတေ ဝိညတ္တိ- အကတဝိညတ္တိ- ဖိတ်မံမှုကို မပြုအပ်သော ဌာန၌ တောင်းခြင်းသည် "အကတဝိညတ္တိ"မည်၏။ (သာရတ္ထ၊၂၊၂၇၄။)

ဂိလာနအတွက်ဖြစ်လျှင် ဆွေမျိုးမတော်သူ, ပစ္စည်းလေးပါး ဖိတ်မထားသူတို့ အထံ၌လည်း တောင်းကောင်းသည်၊ ထိုသို့ တောင်းသည့်အတွက် ဝိနည်းပြစ်မရှိ၊ အာပတ်မသင့်ဟု ဆိုလိုသည်။

http://www.dhammadownload.com

မပြုလုပ်ဖူးသော တောင်းခြင်းဖြင့်လည်း၊ ဝါ- ပြုသော်လည်း ပြုရာမရောက်သော တောင်းခြင်းဖြင့်လည်း၊ ဝါ- ဖိတ်မံမှုကို မပြုသူတို့ထံ၌ တောင်းခြင်းဖြင့်လည်း၊ အာဟရိတွာ- ဆောင်ယူ၍၊ ဝါ- တောင်း၍၊ ကာတဗ္ဗံ- ပြုထိုက်၏။

၁၆။ အပရေသမ္ပိ- သီတင်းသုံးဖော်ငါးဦးမှ တစ်ပါးလည်းဖြစ်ကုန်သော၊ မာတု- အမိလည်းကောင်း၊ ပိတု- အဖလည်းကောင်း၊ တဒုပဋ္ဌာကာနံ- ထိုမိဘကို လုပ်ကျွေးသူတို့လည်းကောင်း၊ အတ္တနော- မိမိ၏၊ ဝေယျာဝစ္စကရဿ- ဝေယျာဝစ္စကို ပြုသူလည်းကောင်း၊ **ပဏ္ဍုပလာသဿ ခ-** ရှင်လောင်းလည်းကောင်း၊ ဣတိ- ဤသို့၊ ပဥ္စန္နံ- ငါးဦးသော သူတို့အတွက်၊ ဘေသဇ္ဇံ- ဆေးကို၊ ကာတုံ- ပြုခြင်းငှာ၊ ဝဋ္ဌတိ- အပ်၏။ ယော- အကြင်သူသည်၊ ပဗ္ဗဇ္ဇာပေက္ခော- ရှင့်အဖြစ်ကို ရှုင့်သည်၊ (ဟုတွာ- ဖြစ်၍၊) ယာဝ- အကြင်မျှလောက်၊ ပတ္တစီဝရံ- သပိတ်သင်္ကန်းကို၊ ပဋိယာဒိယတိ- စီစဉ်အပ်၏၊ (ဆရာက စီစဉ်နေသည်ဟု ဆိုလိုသည်၊) တာဝ- ထိုသပိတ်သင်္ကန်းကို စီစဉ်နေသမျှ၊ ဝိဟာရေ- ကျောင်း၌၊ ဝသတိ- နေ၏၊ သော- ထိုသူသည်၊ **ပဏ္ဍုပလာသော** နာမ- ပဏ္ဍုပလာသမည်၏၊ ဝါ- ရှင်လောင်းမည်၏။

တေသု- ထိုမိဘစသူတို့တွင်၊ မာတာပိတရော- အမိအဖတို့သည်၊ ဣဿရာ- အစိုးရမင်းတို့သည်၊ သစေ ဟောန္တိ- အကယ်၍ ဖြစ်ကုန်အံ့၊ (ဘေသဇ္ဇံ- ဆေးကို၊) သစေ နပစ္စာသီသန္တိ- အကယ်၍ မတောင့်တကုန်အံ့၊ (ဧဝံ သတိ- သော်) အကာတုံ- မပြု (မကု) ဘဲ နေခြင်းငှာ၊ ဝဋ္ဌတိ- အပ်၏၊ ပန- ဆက်၊ ရဇ္ဇေ- မင်းအဖြစ်၌၊ ဌိတာ- တည်ကုန်သည်၊ သမာနာပိ- ဖြစ်ပါကုန်သော်လည်း၊ (ဘေသဇ္ဇံ- သားရဟန်း၏ ဆေးကို၊) သစေ ပစ္စာသီသန္တိ- အကယ်၍ တောင့်တကုန်အံ့၊ (ဧဝံ သတိ- သော်၊) အကာတုံ- ဆေးမကုဘဲ နေခြင်းငှာ၊ နဝဋ္ဌတိ-

---

ပဏ္ဍုပလာသ ။ ။ ဖျော့တော့ဝါဝင်း၍ ကြွေလုနေသော သစ်ရွက်ကို ပဏ္ဍုပလာသ-ဟု ခေါ်ရသကဲ့သို့ ထို့အတူ လူအဖြစ်မှ ရှင်သာမဏေအဖြစ်သို့ ရောက်လုနေသော ရှင်လောင်းကိုလည်း "ပဏ္ဍုပလာသ"ဟု ခေါ်ရ၏၊ ယခုခေတ် ဘုန်းတော်ကြီး ကျောင်းသားများသည်၊ ကျောင်း၏အမှုကိစ္စကို ပြုကြရသောကြောင့် ဝေယျာဝစ္စကရဏနှင့်လည်း လျော်၏။ ပဏ္ဍုပလာသနှင့်လည်းလျော်၏။ ထို့ကြောင့် ကျောင်းသားများကို ဆေးကုပေးကောင်းသည်။ (ပါ၊ဘာဋီ၊၃၊၃၇၃။)

အကာတုံ နဝဋ္ဌတိ။ ။ ဤအရာ၌ ဒုက္ကဋ်အာပတ်ဟုဆိုကြကုန်၏။ (သာရတ္ထ၊ ၂၊၂၇၄။) မသင့်တော် မလျောက်ပတ်သည်နှင့် စပ်လျဉ်း၍သာ ဆေးမကုဘဲ နေခြင်းငှာ

http://www.dhammadownload.com

မအပ်၊ ဘေသဇ္ဇ- ဆေးကို၊ ပစ္စာသီသန္တာန်- တောင့်တကြကုန်သော မိဘတို့အား၊ ဘေသဇ္ဇ- ဆေးကို၊ ဒါတဗ္ဗံ- ပေးထိုက်၏။ ယောဇေတုံ- ဆေးဝါးဖော်စပ်ခြင်းငှာ၊ အဇာနန္တာနံ- မသိနားမလည်ကုန်သော မိဘတို့အား၊ ယောဇေတွာ- ဆေးဝါးဖော်စပ်၍၊ ဒါတဗ္ဗံ- ပေးထိုက်၏။ သဗ္ဗေသံ- အလုံးစုံသော မိဘတို့၏၊ အတ္ထာယ- အကျိုးငှာ၊ သဟဓမ္မိကေသု- သီတင်းသုံးဖော်တို့၌၊ ဝုတ္တာနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်ပင်လျှင်၊ ပရိယေသိတဗ္ဗံ- ရှာမှီးထိုက်၏၊ ဝါ- ရှာမှီးကောင်း၏။

ပန- ဆက်၊ မာတရံ- မယ်တော်ကို၊ ဝိဟာရံ- ကျောင်းသို့၊ အာနေတွာ- ဆောင်၍၊ သစေ ဇဂ္ဂတိ- အကယ်၍ ပြုစုလုပ်ကျွေးအံ့၊ (ဧဝံ သတိ- သော်၊) သဗ္ဗံ- အလုံးစုံသော၊ ပရိကမ္မံ- အဖန်ဖန်ပြုထိုက်သော အမှုကို၊ အနာမသန္တေန- မသုံးသပ်ဘဲ၊ ကာတဗ္ဗံ- ပြုရာ၏၊ (မိန်းမ၏ကိုယ်စသည်တို့က အနာမာသ ဖြစ်သောကြောင့် ဤစကားကို ဆိုသည်၊) ခါဒနီယဘောဇနီယံ- ခဲဖွယ် ဘောဇဉ်ကို၊ သဟတ္ထာ- မိမိလက်ဖြင့်၊ ဒါတဗ္ဗံ- ပေးကောင်း၏၊ ပန- ဆက်၊ ပိတာ- အဖကို၊ သာမဏေရော- သာမဏေကို၊ ဥပဇ္ဈာတဗ္ဗော ယထာ- ပြုစုလုပ်ကျွေးထိုက်သကဲ့သို့၊ ဧဝံ- ဤအတူ၊ သဟတ္ထေန- မိမိလက်ဖြင့်၊ နှာပန သမ္မာဟနာဒီနိ- ရေချိုးပေးခြင်း, ဆုပ်နယ်ပေးခြင်း အစရှိသော အမှုတို့ကို၊ ကတွာ- ပြု၍၊ ဥပဇ္ဈာတဗ္ဗော- ပြုစုလုပ်ကျွေးထိုက်၏၊ စ- အဖို့တစ်ပါးကား၊ ယေ- အကြင်သူတို့သည်၊ မာတာပိတရော- မိမိ၏ မယ်တော်ခမည်းတော်တို့ကို၊ ဥပဇ္ဈာန္တိ- ပြုစုကြကုန်၏၊ ပဋိဇဂ္ဂန္တိ- လုပ်ကျွေးကြကုန်၏၊ တေသမ္ပိ- ထိုသူတို့အတွက်လည်း၊ ဧဝမေဝ- ဤမယ်တော်ခမည်းတော်တို့ကို ပြုစုလုပ်ကျွေးသည့် အတိုင်းသာလျှင်၊ ကာတဗ္ဗံ- ပြုသင့်၏၊ ယော- အကြင်သူသည်၊ ဝေတန်- သံယာ၏ လစာရိက္ခာကို၊ ဂဟေတွာ- ယူ၍၊ အရညေ- တောင်၌၊ ဒါရူနိ ဝါ- သစ်သားတို့ကိုသော်လည်း၊ ဆိန္ဒတိ- ဖြတ်၏၊ အညံ- အခြားသော၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ကမ္မံ ဝါ- အလုပ်ကိုသော်လည်း၊ ကရောတိ- လုပ်၏၊ သော- ထိုသူသည်၊ **ဝေယျာဝစ္စကရော** နာမ- ဝေယျာဝစ္စကရမည်၏၊

မအပ်ဟု ဆိုထားသည်၊ အာပတ်နှင့် စပ်၍ ဆိုထားသည်မဟုတ် ဤသို့ ယူသင့်သည်။ (ဝိမတိ၊၁၊၂၃၅။)

သဟတ္ထာ ဒါတဗ္ဗံ။ ။ တိတ္ထိယဖြစ်သော (မိစ္ဆာအယူရှိသော) အမိအဖတို့အား၊ မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်ကို မပေးကောင်း၊ (ဝဇိရ၁၆၈။)

http://www.dhammadownload.com

တဿ- ထိုဝေယျာဝစ္စကရ၏၊ ရောဂေ- ရောဂါသည်၊ ဥပ္ပန္နေ- ဖြစ်လတ်သော်၊ ယာဝ- အကြင်မျှလောက်၊ ဉာတကာ- (သူ၏) ဆွေမျိုးတို့သည်၊ နာ ပဿန္တိ- မတွေ့ မြင်ကုန်သေး၊ တာဝ- ထိုမတွေ့မမြင်ကုန်သေးသမျှ၊ ဘေသဇ္ဇံ ကာတဗ္ဗံ- ဆေးကုကောင်း၏၊ ပန- ဆက်၊ ယော- ကြင်သူသည်၊ ဘိက္ခုနိဿိတကော ဝရဟန်းကို မှီသည်သာလျှင်၊ ဟုတ္ဝာ- ဖြစ်၍၊ သတ္ထကမ္မာနိ- အလုံးစုံသော အလုပ်တို့ကို၊ ကရောတိ- လုပ်၏၊ တဿ- ထိုသူအပေါ်၌၊ ဘေသဇ္ဇံ- ဆေးကို၊ ကာတုမေဝ- ဧကန်ပြုထိုက်တော့သည်သာ၊ ပဏ္ဏုပလာသေပိ- ရှင်လောင်း၌လည်း၊ သာမဏေရေပိယ- သာမဏေ၌ကဲ့သို့၊ ပဋိပတ္တိတဗ္ဗံ- ပြုကျင့်ရမည်။

၁၇။ ဇေဋ္ဌဘာတု- အစ်ကိုလည်းကောင်း၊ ကနိဋ္ဌဘာတု- ညီလည်းကောင်း၊ ဇေဋ္ဌဘဂိနိယာ- အစ်မလည်းကောင်း၊ ကနိဋ္ဌဘဂိနိယာ- ညီမလည်းကောင်း၊ စူဠမာတုယာ- ဒေါ်လေးလည်းကောင်း၊ မဟာမာတုယာ- ဒေါ်ကြီးလည်းကောင်း၊ စူဠပိတုနော- ဘထွေးလည်းကောင်း၊ မဟာပိတုနော- ဘကြီးလည်းကောင်း၊ ပိတုစ္ဆာယ- အဖ၏အစ်မလည်းကောင်း၊ ဝါ- အရီးလည်းကောင်း၊ မာတုလဿ- အမိ၏ မောင်ကြီး, မောင်လေးလည်းကောင်း၊ ဝါ- ဦးကြီး ဦးလေးလည်းကောင်း၊ ဣတိ- ဤသို့၊ အပရေသမွိ- တစ်ပါးလည်းဖြစ်ကုန်သော၊ ဒသန္နံ- ဆယ်ဦးသော ဆွေမျိုးတို့၏အပေါ်၌၊ ဘေသဇ္ဇံ- ဆေးကို၊ ကာတုံ- ပြုခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏။ ပန- ဆက်၊ သတ္ထေသမွိ- အလုံးစုံလည်းဖြစ်ကုန်သော၊ တေသံ- ထိုဆွေမျိုးတို့အတွက်၊ ကရောန္တေန- ပြုသောရဟန်းသည်၊ တေသံ ယေဝ- ထိုသူတို့၏သာလျှင်၊ သန္တကံ- ဥစ္စာဖြစ်သော၊ ဘေသဇ္ဇံ- ဆေးကို၊ ဂဟေတ္ဝာ- ယူ၍၊ ကေဝလံ- မိမိဆေးနှင့်မဖက် သက်သက်၊ ယောဇေတ္ဝာ- ယှဉ်စေ၍၊ ဝါ- ဖော်စပ်၍၊ ဒါတဗ္ဗံ- ပေးရမည်၊ စ- ဆက်၊ (ဘေသဇ္ဇံ- ဆေးသည်၊) သစေ နပ္ပဟောန္တိ- အကယ်၍ လောက်လည်း မလောက်ကုန်အံ့၊ "ဘန္တေ- အရှင်ဘုရား၊ နော- တပည့်တော်တို့အား၊ (ဘေသဇ္ဇံ- ဆေးကို၊) ဒေထ- ပေးတော်မူကြပါကုန်၊ တုမှာကံ- အရှင်ဘုရားတို့အား၊ ပဋိဒဿာမ- အစားပြန်

နပ္ပဟောန္တိ။ ။ ဤပုဒ်ကို ကာတုံ နာ သက္ကောန္တိ-ဟု (သာရတ္ထ၊ ၂၊ ၂၇၄။)၌ ဖွင့်ဆိုထားသော်လည်း၊ အဋ္ဌကထာလာ ရှေ့နောက်စကားနှစ်ရပ်ကို စပ်ဟပ်ကြည့်ပါက ထိုဆွေမျိုးတို့မှာ ဆေးလုံလုံလောက်လောက်မရှိသောကြောင့် ဆေးကိုတောင်းကြသည်ဟု ဆိုလိုရင်းအဓိပ္ပါယ်ကို တွေ့ရသည်၊ စဉ်းစားဆင်ခြင်သင့်၏။

(ဝိနယာလင်္ကာရ၊၁၅၅။)

http://www.dhammadownload.com

ပေးပါကုန်အံ့၊" ဣတိ- ဤသို့၊ သစေ ယာစန္တိ စ- အကယ်၍ တောင်းလည်း တောင်းကုန်အံ့၊ (ဧဝံ သတိ- သော်၊) တာဝကာလိကံ- အခိုက်အတန့်မျှ၊ ဒါတဗ္ဗံ- ပေးသင့်၏၊ သစေပိ နံ ယာစန္တိ- အကယ်၍မူလည်း မတောင်းကုန်အံ့၊ (ဧဝံ သတိပိ- သော်လည်း၊) "အမှာကံ- ငါတို့၏၊ ဘောဇ္ဇံ- ဆေးသည်၊ အတ္ထိ- ရှိ၏၊ တာဝကာလိကံ- အခိုက်အတန့်မျှ၊ ဂဏှထ- ယူကြကုန်၊" ဣတိ- ဤသို့၊ ဝတ္တာ ဝါ- ပြောဆို၍သော်လည်းကောင်း၊ "ယဒါ- အကြင်အခါ၌၊ တေသံ- ထိုဆွေမျိုးတို့၏၊ ဘောဇ္ဇံ- ဆေးသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ တဒါ- ထိုအခါ၌၊ ဒဿန္တိ- (အစား) ပေးကုန်လတ္တံ့၊" ဣတိ- ဤသို့၊ အာဘောဂံ- နှလုံးသွင်းမှုကို၊ ကတ္တာ ဝါ- ပြု၍သော်လည်းကောင်း၊ ဒါတဗ္ဗံ- ပေးသင့်၏၊ သစေ ပဋိဒေန္တိ- အကယ်၍ အစားပေးကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဂဟေတဗ္ဗံ- ယူသင့်၏၊ နော စေ ဒေန္တိ- အကယ်၍ မပေးကုန်အံ့၊ (ဧဝံ သတိ- သော်၊) န စောဒေတဗ္ဘာ- မတောင်းထိုက်ကုန်၊ ဧတေ ဉာတကေ- ဤဆွေမျိုးတို့ကို၊ ဌပေတွာ- ထား၍၊ အညေသံ- အခြားသူတို့၏အပေါ်၌၊ ဘောဇ္ဇံ နာမ ကာတဗ္ဗံ- ဆေးမကုကောင်း။

ပန- ဆက်၊ ဧတေသံ- ထိုဆွေမျိုးဆယ်ဦးတို့၏၊ ပုတ္တပရမ္မရာယ- သားသမီးအဆက်ဆက်၏အပေါ်၌၊ ယာဝ- အကြင်မျှလောက်၊ သတ္တမော- ခုနစ်ဆက်တို့၏ ပြည့်ကြောင်းဖြစ်သော၊ ကုလပရိဝဋ္ဋော- အဖန်ဖန်လည်သော ဆွေမျိုးသည်၊ ဝါ- ဆွေမျိုးဆက်ဆက်သည်၊ အတ္ထိ- ရှိ၏၊ တာဝ- ထိုဆွေခုနစ်ဆက်

အာဘောဂံ ကတ္တာ။ ။ လုပ်သင့်သော အလုပ်ကို ပြုလိုသည့်အတွက်သာ ဆိုထားသည်၊ အမှန်မှာမူ နှလုံးသွင်းမှုကို မပြုဘဲလည်း ပေးကောင်းသည်ဟု ဂဏ္ဌိသုံးစောင်လုံးမှာ ရေးသားထားသည်။ (သာရတ္ထ၊ ၂၊၂၇၄။)

အာဘောဂံ ကတ္တာ-ဟု ဆိုထားသောကြောင့် နှလုံးသွင်းမှုကို မပြုဘဲပေးသော ရဟန်းမှာ အာပတ်သင့်သည်သာ၊ အချို့ဆရာတို့မူကား နှလုံးသွင်းမှုကို မပြုဘဲလည်း ပေးကောင်းသည်ဟု ဆိုကြကုန်၏။ ထိုစကားမသင့်၊ အဘယ်ကြောင့်နည်းဟူမူ ဆေးကုမှုကို (ပါရာဇိကဏ်ပါဠိတော်၊၁၀၈။) ၌ အာနာပတ္တိ ဘိက္ခု ပါရာဇိကဿ၊ အာပတ္တိ ဒုက္ကဋဿ၊ (ရဟန်း ပါရာဇိကမက္ခ၊ ဒုက္ကဋ်အာပတ်သင့်သည်။) ဟု အန္တရာပတ္တိ (ကြားမှာ ပညတ်သော အာပတ်) အနေဖြင့်၊ သာမန်ပယ်ထားသောကြောင့်ပင် ဖြစ်ပေသည်။ အဋ္ဌကထာမှာ မဆိုထားပါဘူးဟူသော သဘောဖြင့် ပြုလုပ်သော ရဟန်းမှာ ပါဠိတော်ဖြင့်ပင် အာပတ်ပြီးစီးရ၊ ထင်ရှားရပါတော့သည်။ ထို့ကြောင့် အဋ္ဌကထာ၌လည်း "တေသညေဝ သန္တကံ"ဟူသော စကားကို မိန့်ဆိုထားပေသည်။ (ဝိမတိ၊၁၊၂၃၅။)

http://www.dhammadownload.com

မျိုးခုနစ်ဆက်တိုင်အောင်၊ [စာကိုယ်၌ "သတ္တမာ ကုလပရိဝဋ္ဋာ"ဟု ရှိ၊ တာဝ ပါသောကြောင့် မသင့်။] စတ္တာရော- လေးပါးကုန်သော၊ ပစ္စယေ- ပစ္စည်းတို့ကို၊ အာဟာရာပေန္တသေ- ဆောင်စေသောရဟန်း၏၊ အကတဝိညတ္တိ ဝါ- ပြုသော်လည်း ပြုအပ်ရာမရောက်သော ဝိညတ်သည်လည်းကောင်း၊ ဘေသဇ္ဇေ- ဆေးကို၊ ကရောန္တသေ- ပြုသောရဟန်း၏၊ ဝဇ္ဇကမ္မံ ဝါ- ဆေးကုမှုသည်လည်းကောင်း၊ ကုလဒူသကာပတ္တိ ဝါ- ကုလဒူသက အာပတ်သည်လည်းကောင်း၊ န ဟောတိ- မဖြစ်၊ ဘာတု- အစ်ကို, ညီ၏၊ ဇာယာ- မယားသည်လည်းကောင်း၊ ဝါ- မရီး, ခယ်မသည်လည်းကောင်း၊ ဘဂိနိယာ- အစ်မ, ညီမ၏၊ သာမိကော ဝါ- လင်သည်လည်းကောင်း၊ ဝါ- ယောက်ဖသည်လည်းကောင်း၊ ဂိလာနော- နာသည်၊ သစေ ဟောတိ- အကယ်၍ ဖြစ်အံ့၊ ဉာတကာ- ဆွေမျိုးတို့သည်၊ စေ ဟောန္တိ- အကယ်၍ ဖြစ်ကုန်အံ့၊ (ဧဝံ သတိ- ဤသို့ နဂိုကပင် ဆွေမျိုးဖြစ်နေခဲ့သော်၊) တေသမ္ပိ- ထိုမရီး, ခယ်မ, ယောက်ဖတို့အတွက်လည်း၊ ဝဋ္ဋတိ- ဆေးကုခြင်းငှာ အပ်၏၊ အညာတကာ- နဂိုက ဆွေမျိုးမတော်ကုန်သည်၊ စေ ဟောန္တိ- အကယ်၍ ဖြစ်ကုန်အံ့၊ (ဧဝံ သတိ- သော်၊) "တုမှာကံ- သင်တို့၏၊ ဇဂ္ဂနဋ္ဌာနေ- လုပ်ကျွေးရာဌာန၌၊ ဒေထ- ပေးလိုက်ကြကုန်လော၊" ဣတိ- ဤသို့ ပြော၍၊ ဘာတု စ- အစ်ကို, ညီ၏ ဥစ္စာကိုလည်းကောင်း၊ ဘဂိနိယာ- အစ်မ, ညီမ၏ ဥစ္စာကိုလည်းကောင်း၊ ကတွာ- ပြု၍၊ ဒါတဗ္ဗံ- ပေးထိုက်၏၊ အထ ဝါ- သို့မဟုတ်၊ "တုမှာကံ- သင်တို့၏၊ မာတာပိတူနံ- မိဘတို့အား၊ ဒေထ- ပေးကုန်လော၊" ဣတိ- ဤသို့ ပြောဆိုမှာကြား၍၊ တေသံ- ထိုမရီး, ခယ်မ, ယောက်ဖတို့၏၊ ပုတ္တာနံ- သားသမီးတို့၏ ဥစ္စာကို၊ ကတွာ- ပြု၍၊ ဒါတဗ္ဗံ- ပေးရမည်၊ ဧတေနုပါယေန- ဤနည်းဖြင့်၊ သဗ္ဗပဒေသု- (စူဠဋ္ဌ မာတုယာ-အစရှိသော၊) အလုံးစုံသောပုဒ်တို့၌၊ ဝိနိစ္ဆယော- အဆုံးအဖြတ်ကို၊ ဝေဒိတဗ္ဗော- သိထိုက်၏၊ (စူဠဋ္ဌမာတု၏လင် မမာလျှင် စသည်ဖြင့်ယှဉ်စပ်ပါ။)

ဘေသဇ္ဇံကရောန္တသေ။ ။ ဆွေမျိုးဆယ်ဦးနှင့် စပ်လျဉ်း၍ ပြဆိုခဲ့သော်နည်းဖြင့် ဆေးကုသမှုကို ပြုသောရဟန်းမှာ ဆေးကုမှုလည်းမဖြစ် ကုလဒူသနအာပတ်လည်း မသင့်၊ အခိုက်အတန့်မျှ ပေးမည်ဟု နှလုံးသွင်းမှုကို မပြုဘဲ မိမိ၏ဆေးကို ပေးသောရဟန်းမှာသော်မှ အန္တရာပတ္တိဒုက္ကဋ်မှတစ်ပါး မိစ္ဆာဇီဝကုလဒူသန ကောန်ပင် မဖြစ်နိုင်တော့ချေ၊ အကြောင်းမူကား - ဆွေမျိုးတို့၏ ဥစ္စာကို တောင်းကောင်းသောကြောင့်ပင် တည်း။ (ဝိမတိ၊၁၊၂၃၅။)

http://www.dhammadownload.com

စ- ဆက်၊ တေသံ- ထိုမိဘ စသူတို့၏၊ အတ္ထာယ- အကျိုးငှာ၊ သာမဏေ-ရေဟိ- သာမဏေတို့ကို၊ အရညတော- တောမှ၊ ဘေသဇ္ဇ- ဆေးကို၊ အာဟရာ-ပေန္တေန- ဆောင်ယူစေသော ဆရာသည်၊ ဉာတိသာမဏေရေဟိ ဝါ- ဆွေမျိုး သာမဏေတို့ကိုသော်လည်း၊ အာဟရာပေတဗ္ဗံ- ဆောင်ယူစေထိုက်၏၊ အညာတကေဟိ- ဆွေမျိုးမတော်သော သာမဏေတို့ကို၊ အတ္တနော- မိမိ၏၊ အတ္ထာယ ဝါ- အကျိုးငှာသော်လည်း၊ အာဟရာပေတွာ- ဆောင်ယူစေ၍၊ ဒါတဗ္ဗံ- ပေးထိုက်၏၊ [ဆွေမျိုးမတော်သော သာမဏေတို့ကိုခိုင်းလျှင် မိမိ အတွက်ဟုမှန်း၍ ဆရာကခိုင်းပါဟု ဆိုလိုသည်။] တေဟိပိ- ထိုဆွေမျိုးမတော်သော သာမဏေတို့သည်လည်း၊ "ဥပဇ္ဈာယဿ- ဥပဇ္ဈာယ်ဖို့၊ အာဟရာမ-ဆောင်ကုန်အံ့၊"ဣတိ- ဤသို့ နှလုံးသွင်း၍၊ ဝတ္တသီသေန- ဝတ္တရားကို အဦးပြု သဖြင့်၊ အာဟရိတဗ္ဗံ- ဆောင်ယူရာ၏၊ ဥပဇ္ဈာယဿ- ဥပဇ္ဈာယ်၏၊ မာတာ-ပိတရော- မိဘတို့သည်၊ ဂိလာနာ- နာကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ ဝိဟာရံ-ကျောင်းသို့၊ အာဂစ္ဆန္တိ- လာကုန်အံ့၊ ဥပဇ္ဈာယော စ- ဥပဇ္ဈာယ်သည်လည်း၊ ဒိသာပက္ကန္တော- အရပ်တစ်ပါးသို့ ဖဲသွားသည်၊ ဟောတိ- ဖြစ်အံ့၊ သဒ္ဓိ-ဝိဟာရိကေန- အတူနေ တပည့်သည်၊ ဥပဇ္ဈာယဿ- ဥပဇ္ဈာယ်၏၊ သန္တကံ-ဥစ္စာဖြစ်သော၊ ဘေသဇ္ဇံ- ဆေးကို၊ ဒါတဗ္ဗံ- ပေးရာ၏၊ (ဥပဇ္ဈာယဿ- ၏၊ သန္တကံ- သော၊ ဘေသဇ္ဇံ-သည်၊) နော စေ အတ္ထိ- အကယ်၍ မရှိအံ့၊ (ဧဝံ သတိ- သော်၊) အတ္တနော- မိမိ၏၊ ဘေသဇ္ဇံ- ဆေးကို၊ ဥပဇ္ဈာယဿ-ဥပဇ္ဈာယ်အား၊ ပရိစ္စဇိတွာ- စွန့်၍၊ ဒါတဗ္ဗံ- ပေးရာ၏၊ အတ္တနောပိ-မိမိ၏လည်း၊ (ဘေသဇ္ဇေ- ဆေးသည်) အသန္တေ- မရှိလတ်သော်၊ ဝုတ္ထ-နယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ (ဘိက္ခာ စာရဝတ္တ-နည်း၊ ဉာ-တိသာမဏေရေဟိ ဝါ-စသော နည်းဖြင့်၊) ပရိယေသိတွာ- ရှာဖွေ၍၊ ဥပဇ္ဈာ-ယဿ- ဥပဇ္ဈာယ်၏၊ သန္တကံ- ဥစ္စာကို၊ ကတွာ- ပြု၍၊ ဒါတဗ္ဗံ- ပေးရာ၏၊

ဥပဇ္ဈာယဿ အာဟရာမ။ ။ "ငါ့ ဆွေမျိုးသားချင်းများအတွက် ဆေးယူပေးကြရမယ်"ဟု ဆရာ၏ ခိုင်းစေမှုကို ခံရသည့် ဆွေမျိုးမတော်သော သာမဏေများ ပြုလုပ်ရမည့်နည်းလမ်းကို ပြဖို့ရန် "ဥပဇ္ဈာယဿ အာဟရာမ"ဟူသော စကားကို ဆိုထားသည်၊ ဤစကားသည်ပင်လျှင် လာဘ်ကို မမျှော်လင့်မတောင့်တသော်လည်း သာမဏေ စသူတို့က သူစိမ်းပြင်ပဖြစ်သူအား ဆေးမကုသကောင်းဟု ညွှန်ပြနေပေသည်။

(ဝိမတိ၊၁၊၂၃၅။)

http://www.dhammadownload.com

ဥပဇ္ဈာယေနပိ- ဥပဇ္ဈာယ်သည်လည်း၊ သဒ္ဓိဝိဟာရိကဿ- အတူနေ တပည့်၏၊ မာတာပိတူသု- အမိအဘတို့၌၊ ဧဝမေဝ- ဤအတိုင်းသာလျှင်၊ ပဋိပဇ္ဇိတဗ္ဗ-ကျင့်ရာ၏၊ အာစရိယန္တေဝါသိကေသုပိ- အာစရိယ အန္တေဝါသိကတို့၌လည်း၊ ဧသေဝနယော- ဤနည်းအတိုင်းပင်တည်း။

အညောပိ- အခြားလည်းဖြစ်သော၊ ယော- အကြင်သူသည်၊ အာဂန္တုကော-ဧည့်သည်သည်၊ ဟုတ္ဝာ ဝါ- ဖြစ်၍သော်လည်းကောင်း၊ စောရော- သူခိုးသူပုန်ဓားပြသည်၊ ဟုတ္ဝာ ဝါ- သော်လည်းကောင်း၊ ယုဒ္ဓပရာဇိတော- စစ်ထိုးရာ၌ရှုံးသော၊ ဂ္ဂဿရော- အစိုးရသူသည်၊ ဟုတ္ဝာ ဝါ- သော်လည်းကောင်း၊ ဉာတကေဟိ- ဆွေမျိုးတို့သည်၊ ပရိစ္စတ္တော- စွန့်အပ်သော၊ ကပဏော- အထီးကျန်မဲ့လူဆင်းရဲသည်၊ ဟုတ္ဝာ ဝါ- သော်လည်းကောင်း၊ ဂမိယမနုဿော- ခရီးသွားလူသည်၊ ဟုတ္ဝာ ဝါ- သော်လည်းကောင်း၊ ဂိဟာနော- နာသည်၊ ဟုတ္ဝာ-ဖြစ်၍၊ ဝိဟာရံ- ကျောင်းသို့၊ ပဝိသတိ- ဝင်လာအံ့၊ သတ္ထေသံ- အလုံးစုံကုန်သော၊ တေသံ- ထိုအာဂန္တုက စသူတို့အပေါ်၌၊ အပစ္စာသိသန္တေန- ပစ္စည်းလာဘ်ကို မတောင့်တသည်၊ ဟုတ္ဝာ- ဖြစ်၍၊ ဘေသဇ္ဇံ- ဆေးကို၊ ကာတဗ္ဗံ- ပြုအပ်၏။

အပစ္စာသိသန္တေန။ ။ ဧည့်သည်ခိုးသား စသူတို့အား ဆေးကုသော ရဟန်းသည်လည်း "လူတို့မည်သည် ကျေးဇူးတုံ့ပြန်တတ်ကုန်၏"ဟု ထိုသူတို့မှ မိမိအတွက် လာဘ်ရခြင်းကို မတောင့်တဘဲ ဆေးကုရမည်၊ လာဘ်ကို မျှော်လင့်တောင့်တ၍ ဆေးကုပေးသော ရဟန်းမှာ ဆေးကုခြင်း ကုလဒူသနပြုခြင်း စသောအပြစ်ဖြစ်သည်။

ဤသို့ကျေးဇူးပြုခံရပါလျှင် သာသနာ၏ ဂုဏ်ကျေးဇူးကို နားလည်ကြည်ညိုလာစရာရှိသည်၊ သံဃာအား ကျေးဇူးများနိုင်သည်ဟု နှလုံးသွင်း၍ ဆေးကုသမှုကို ပြုရာ၌ အပြစ်မရှိပါ။

လာဘ်ကို မမျှော်လင့်မတောင့်တဘဲ ဧည့်သည် စသူမဟုတ်သော တားမြစ်ထားသည့် ပုဂ္ဂိုလ်တို့အားလည်း ဆေးပေးခြင်းငှာ အပ်သည်ဟု အချို့ဆရာများဆိုကြသေး၏၊ ထိုစကား မသင့်ပေ၊ အဘယ်ကြောင့်နည်း၊ ဆေးကုသင့်ရာဌာန မကုသင့်ရာဌာနကို ခွဲစိတ်ဝေဖန်ပြဆိုမှု၏ အကျိုးမရှိရာရောက်သောကြောင့်လည်းကောင်း၊ "အပစ္စာသိသန္တေန သတ္ထေသံ ဒါတုံ ကာတုဉ္စ ဝဋ္ဋတိ"မျှကိုသာ ဆိုထားသောကြောင့်လည်းကောင်းတည်း။

မမျှော်လင့် မတောင့်တခြင်းကိုလည်း မိစ္ဆာဇီဝကုလဒူသန စသောအပြစ်ကို တားမြစ်ခြင်းငှာသာ ဆိုအပ်သည်၊ ဆေးကုသမှုဟု ဆိုအပ်သော ဤအန္တရာယတ်မှ လွတ်မြောက်ရန် ဆိုအပ်သည်မဟုတ်၊ အဘယ်ကြောင့်နည်း၊ ဧည့်သည် စားပြ စသော

http://www.dhammadownload.com

၁၈။ သဒ္ဓံ- သဒ္ဓါရှိသော၊ ကုလံ- အမျိုးသည်၊ စတူဟိ ပစ္စယေဟိ- ပစ္စည်းလေးပါးတို့ဖြင့်၊ ဥပဋ္ဌာကံ- လုပ်ကျွေးတတ်သည်၊ ဘိက္ခုသံဃဿ- ရဟန်းသံဃာ၏၊ မာတာပိတုဋ္ဌာနိယံ- မိဘအရာ၌တည်သည်၊ ဟောတိ- ဖြစ်၏၊ တတြ- ထိုအမျိုး၌၊ ကောစိ- တစ်စုံတစ်ယောက်သော၊ ဂိလာနော- ဂိလာနသည်၊ စေ ဟောတိ- အကယ်၍ရှိအံ့၊ (ဧဝံ သတိ- သော်၊) တဿ- ထိုဂိလာန၏၊ အတ္ထာယ- အကျိုးငှာ၊ ဝိဿာသေန- အကျွမ်းဝင်သဖြင့်၊ "ဘန္တေ- အရှင်ဘုရား၊ ဘေသဇ္ဇေ- ဆေးကို၊ ကတွာ- ဖော်စပ်၍၊ ဒေထ- ပေးပါကုန်၊" ဣတိ- ဤသို့၊ ဝဒန္တိ- လျှောက်ထားကြကုန်အံ့၊ နေဝ ဒါတဗ္ဗံ- ပေးလည်း မပေးကောင်း၊ န ကာတဗ္ဗံ- ကုလည်း မကုကောင်း၊ ပန- အလျော်ကား၊ ကပ္ပိယံ- အပ်သောနည်းကို၊ ဥတ္တာ- သိ၍၊ "ဘန္တေ- အရှင်ဘုရား၊ အသုကဿ နာမ- ထိုမည်သော၊ ရောဂဿ- ရောဂါအတွက်၊ ကိံ ဘေသဇ္ဇံ- အဘယ်ဆေးကို၊ ကရောန္တိ- ပြုလုပ်ကြကုန်သနည်း၊" ဣတိ ဧဝံ- ဤသို့၊ အထ ပုစ္ဆန္တိ- အကယ်၍ မေးလျှောက်ကုန်အံ့၊ (ဧဝံ သတိ- သော်၊) "ဣဒဉ္စိဒဉ္စ- ဤမည် ဤမည်သော ဆေးကိုလည်း၊ ဂဟေတွာ- ယူကုန်၍၊ ကရောန္တိ- ပြုလုပ်ကြကုန်၏၊" ဣတိ- ဤသို့၊ ဝတ္တုံ- ပြောခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ ပန- ဆက်၊ "ဘန္တေ- အရှင်ဘုရား၊ မယှံ- တပည့်တော်၏၊ မာတာ- အမိသည်၊ ဂိလာနာ- မကျန်းမမာဖြစ်နေပါ၏၊ ဘေသဇ္ဇေ- ဆေးကို၊ တာဝ အာစိက္ခထ- ပြောတော်မူပါကုန်ဦးလော၊" ဣတိ ဧဝံ- ဤသို့၊ ပုစ္ဆိတေ- တိုက်ရိုက်မေးအပ်သော်၊ န အာစိက္ခိတဗ္ဗံ- မပြောကောင်းပေ၊ ပန- ထိုသို့ပင် မပြောကောင်းပါသော်လည်း၊ အညမညံ- သီဟင်းသုံးဖော်အချင်းချင်း၊ "အာဝုသော- ငါ့ရှင်၊ အသုကဿ နာမ- ထိုမည်သော၊ ဘိက္ခုနော- ရဟန်း၏၊ ဣမသ္မိံ ရောဂေ- ဤရောဂါ၌၊ ကိံ ဘေသဇ္ဇံ- အဘယ်ဆေးကို၊ ကရိသု- ပြုကြကုန်သနည်း၊" ဣတိ- ဤသို့လည်းကောင်း၊ "ဘန္တေ- အရှင်ဘုရား၊ ဣဒဉ္စိဒဉ္စ-

---

ခွင့်ပြုအပ်သော သူတို့အား၊ ပေးခြင်းဖြင့်ပင်လျှင် ထိုအန္တရာပတ်မှ လွတ်မြောက်ခြင်းကြောင့်တည်း။ ထိုကြောင့်ပင် မတောင့်တဘဲလည်း မပြုသင့်သော ဌာနကိုပြရန် "သဒ္ဓံ ကုလံ"စသော စကားကို မိန့်ဆိုထားပေသည်။ (ဝိမတိ၊၁၊၂၃၅။)

ပုစ္ဆန္တိ။ ။ တွေ့သမျှ မြင်သမျှ ရောဂါသည်တို့အား ပရိယာယ်ဖြင့်ပင် ပြောဆိုစီမံမှုကို မပြုသင့်၊ မေးမြန်းလျှောက်ထားမှ ပြုသင့်သည်၊ မေးမြန်းလျှောက်ထားပါသော်လည်း ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တသော ရဟန်းအား ပရိယာယ်ပြောခြင်းသော်မှလည်း မအပ်။ (ဝိမတိ၊၁၊၂၃၆။)

http://www.dhammadownload.com

ဤမည် ဤမည်သော ဆေးကိုလည်း၊ ကရိ်သု- ပြုခဲ့ကြပါကုန်၏။" ဣတိ- ဤသို့လည်းကောင်း၊ ကထာ- စကားကို၊ ကာတဗ္ဗာ- ပြုထိုက်၏၊ တံ- ထို စကားကို၊ သုတ္ဝာ- ကြား၍၊ ဣတရော- ရဟန်းမှတစ်ပါး မေးလာသူသည်၊ မာတု- အမိဖို့၊ ဘေသဇ်ံ- ဆေးကို၊ ကရောတိ- ပြုအံ့၊ (သူတို့ဘာသာဆေး ကိုရှာ၍ ကုအံ့၊) ဝဋ္ဋတိ- အပ်၏၊ မဟာပဒုမတ္ထေရော- မဟာပဒုမထေရ်သည်၊ ဝသဘရညောပိ- ဝသဘမင်း၏သော်လည်း၊ ဒေဝိယာ- မိဖုရား၏၊ ရောဂေ- ရောဂါသည်၊ ဥပ္ပန္နေ- ဖြစ်လတ်သော်၊ ဧကာယ ဣတ္ထိယာ- မိန်းမတစ်ယောက် သည်၊ အာဂန္တွာ လာ၍၊ ပုစ္ဆိတော- မေးလျှောက်အပ်သည်၊ ဟုတ္ဝာ- ဖြစ်၍၊ "န ဇာနာမိတိ- ငါမသိဘူးဟူ၍၊" အဝတ္ဝာ- မပြောမူ၍၊ ဧဝမေဝ- ဤ (အာဝုသော အသုကဿ နာမ စသည်ဖြင့် ဆိုအပ်သည့်) အတိုင်းသာလျှင်၊ ဘိက္ခူဟိ- ရဟန်းတို့နှင့်၊ သဒ္ဓိ- အတူ၊ သမုလ္လပေသိ ကိရ- ကောင်းစွာပြောဆို ဖူးသတတ်၊ [ပစ္စည်းလာဘ်လာဘကို မမျှော်လင့်မတောင့်တဘဲ ပြောဆိုသည်၊ ဝိမတိ။] တံ- ထိုစကားကို၊ သုတ္ဝာ- ကြား၍၊ တဿာ- ထိုမိဖုရားအတွက်၊ ဘေသဇ်ံ- ဆေးကို၊ အကံသု- ပြုလုပ်ကုန်ပြီ၊ စ- ဆက်၊ ရောဂေ- ရောဂါသည်၊ ဝူပသန္တေ- ငြိမ်းပျောက်လတ်သော်၊ တိစီဝရေန- တိစီဝရိတ်နှင့်လည်းကောင်း၊ တီဟိ- ကဟာပဏသတေဟိ စ- အသပြာသုံးရာတို့နှင့်လည်းကောင်း၊ သဒ္ဓိ- အတူ တကွ၊ ဘေသဇ္ဇစင်္ကောဋကံ- ဆေးကလပ်ကို၊ ပူရေတွာ- ပန်းတိုဖြင့် ပြည့်စေ၍၊ အာဟရိတွာ- ဆောင်ယူလာ၍၊ ထေရဿ- မဟာပဒုမထေရ်၏၊ ပါဒမူလေ- ခြေတော်ရင်း၌၊ ဌပေတွာ- ထား၍၊ "ဘန္တေ- အရှင်ဘုရား၊ ပုပ္ဖပူဇံ- ပန်းပူဇော်မှု ကို၊ ကရောထ- ပြုတော်မူပါကုန်၊" ဣတိ- ဤသို့၊ အာဟံသု- လျှောက်ထား ကုန်ပြီ၊ ထေရော- ထေရ်သည်၊ "အယံ- ဤအဖို့သည်၊ အာစရိယဘာဂေါ နာမ- ဆရာ၏အဖို့မည်၏၊" ဣတိ- ဤသို့ ပြော၍၊ ကပ္ပိယဝသေန- အပ်သော

အာစရိယဘာဂေါ။ ။ ဝိနည်းကို နားမလည်သူမှာ ထိုမေးစဉ်အခါက ဝိနည်းနှင့် လျော်အောင် မစီမံနိုင်ရကား ဤကဲ့သို့ လာဘ်မျိုး မရနိုင်၊ ယခုသော်ကား ဝိနည်း နားလည်၍ လျော်အောင်စီစဉ်တတ်သည့်အတွက် ဤလာဘ်ကို ရသည်၊ ယခုရအပ် သော လာဘ်သည် အပ်စပ်သော လာဘ်ဖြစ်၍ ဆရာ၏အဖို့ (ဆရာသုံးထိုက်သော လာဘ်) ဖြစ်သည်ဟူလို။ (ပါ။ဘာဋီ၊၃၊၃၇၈။)

ကပ္ပိယဝသေန။ ။ "ပန်းပူဇော်ပါဘုရား"ဟု လျှောက်၍ ငွေသုံးရာကို လှူခြင်း ဖြစ်ရကား မအပ်သော စီမံခြင်း၏ မသင့်သောကြောင့် "ကပ္ပိယဝသေန"ဟု ဆိုသည်၊ ငွေတွေကို ယူလိုက်ကြဟု မဆိုဘဲ ပန်းကို ယူထားလိုက်ကြဟု ဆိုခြင်းသည်ပင် ကပ္ပိယ ဝေါဟာရဖြစ်၏၊ သို့သော် ငွေကား ကပ္ပိယကာရကတို့ကယူ၍ မဟာပဒုမထေရ်အား

http://www.dhammadownload.com

အသုံးအနှုန်း၏ အစွမ်းဖြင့်၊ ဂါဟာပေတွာ- ယူစေ၍၊ ပုပ္ပပူဇ- ပန်းပူဇော်မှုကို၊ အကာသိ - ပြုဖူးပြီ၊ ဧဝံ- ဤသို့၊ တာဝ- ပရိတ်မှ ရှေးဦးစွာ၊ ဘေသဇ္ဇေ- ဆေး၌၊ ပဋိပဇ္ဇိတဗ္ဗံ- ကျင့်ရမည်။

၁၉။ ပန- အဖို့တစ်ပါးကား၊ **ပရိဇ္ဇော**- ပရိတ်၌၊ (ဧဝံ- ဤသို့၊ ပဋိပဇ္ဇိတဗ္ဗံ- ကျင့်ရာ၏။) "ဘန္တေ- အရှင်ဘုရား၊ ဂိလာနဿ- ဂိလာနအတွက်၊ ပရိတ္တံ- ပရိတ်ကို၊ ကရောထ- ပြုပေးပါကုန်၊" ဣတိ- ဤသို့၊ ဝုတ္တေ- လျှောက်ထားအပ်သော်၊ န ကာတဗ္ဗံ- မပြုသင့်၊ ပန - အလျော်ကား၊ "ပရိတ္တံ- ပရိတ်ကို၊ ဘဏထ- ရွတ်တော်မူပါကုန်၊" ဣတိ- ဤသို့၊ ဝုတ္တေ- လျှောက်ထားအပ်သော်၊ ဘဏိတဗ္ဗံ- ရွတ်ဆိုရာ၏၊ အဿ- ထိုပရိတ်ရွတ်မည့် ရဟန်း၏၊ "မနုဿာ နာမ-လူတို့မည်သည်၊ န ဇာနန္တိ- (အပ်သော အသုံးအနှုန်းကို) နားမလည်ကြကုန်၊ အကရိယမာနေ- (ပရိတ်ရွတ်မှုကို) မပြုအပ်သော်၊ ဝိပဇ္ဇိသာရိနော-နှလုံးမသာယာခြင်း ရှိကုန်သည်၊ ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့၊" ဣတိ ဧဝံ-ဤသို့သောအကြံသည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်အံ့၊ (ဧဝံ သတိ- သော်၊) ကာတဗ္ဗံ- ပြုရာ၏။ ပန- ဆက်၊ "ပရိတ္တောဒကံ- ပရိတ်ရေကိုလည်းကောင်း၊ ပရိတ္တသုတ္တံ- ပရိတ်ချည်ကိုလည်းကောင်း၊ ကတ္တာ- ပြုလုပ်၍၊ ဒေထ- ပေးတော်မူပါကုန်၊" ဣတိ- ဤသို့၊ ဝုတ္တေ- လျှောက်ထားအပ်သော်၊ တေသံ ယေဝ- ထိုလူတို့၏သာလျှင်၊ ဥဒကံ- ရေကို၊ ဟတ္ထေန- လက်ဖြင့်၊ စာလေတွာ- လှုပ်စေ၍၊ သုတ္တံ- ချည်ကို၊ ပရိမဇ္ဈိတွာ- ဆုပ်နယ်၌၊ ဒါတဗ္ဗံ- ပေး

"သုံးရာတန်အပ်သော ပစ္စည်းကို အလိုရှိသောအခါ တောင်းတော်မူပါ"ဟု လျှောက်ထားမှသာ အပ်သောပစ္စည်းကို သုံးစွဲကောင်းပေလိမ့်မည်။ (ပါ။ဘာဋီ၊၃၊၃၇၈။)

နာ ကာတဗ္ဗံ ဘဏိတဗ္ဗံ။ ။ ပရိတ်ကို ပြုပေးပါကုန်ဟု လျှောက်ထားခဲ့ပါလျှင် ဆေးကုခိုင်းသကဲ့သို့လည်း ဖြစ်သည်။ လူ့အလုပ်ကို ပြုလုပ်ခိုင်းသကဲ့သို့လည်း ဖြစ်သည်၊ ထို့ကြောင့် ပြုလုပ်မပေးရ၊ ပရိတ်ရွတ်တော်မူပါဟု လျှောက်ထားလျှင်ကား တရားကို တိုက်တွန်းရာ ရောက်သည်၊ တရားကို မတိုက်တွန်းဘဲနှင့်သော်မှ ဟောကောင်းသည်၊ တိုက်တွန်းခဲ့လျှင် ဆိုဖွယ်ပင် မရှိတော့ချေ၊ ထို့ကြောင့် ရွတ်ပေးကောင်းသည်။ (ဝိမတိ၊၁၊၂၃၆။)

စာလေတွာ သုတ္တံ ပရိမဇ္ဈိတွာ။ ။ ပရိတ်တော်၏ အာဏာ (တန်ခိုး) ကို ဤပရိတ်ရေ ပရိတ်ချည်သို့ သွင်းပေးမည်ဟု ပရိတ်ရွတ်နေတုန်းမှာ ရေကိုလက်ဖြင့် လှုပ်ပေးပါ၊ ချည်ကို ဆုပ်နယ်ပေးပါ၊ ယင်းသို့ ပြုလုပ်ပေးလျှင် ပရိတ်တော်၏ အာဏာ (တန်ခိုး) သည် ရေထဲ ချည်ထဲသို့ ဝင်သွားသည်။ (ဝိမတိ၊၁၊၂၃၆။)

http://www.dhammadownload.com

ရာ၏၊ ဝိဟာရတော- ကျောင်းမှ၊ ဥဒက်- ရေကိုလည်းကောင်း၊ အတ္တနော- မိမိ၏၊ သန္တက်- ဥစ္စာဖြစ်သော၊ သုတ္တံ ဝါ- ချည်ကိုလည်းကောင်း၊ သစေ ဒေတိ- အကယ်၍ ပေးအံ့၊ (ဧဝံ သတိ- သော်၊) ဒုက္ကဋ်- ဒုက္ကဋ်အာပတ်သည်၊ ဟောတိ- ဖြစ်၏၊ (ဆွေမျိုးမတော်သူတို့အား ပေးခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်သည်၊) မနုဿာ- လူတို့သည်၊ ဥဒကဋ္ဌ- ရေကိုလည်းကောင်း၊ သုတ္တဋ္ဌ- ချည်ကိုလည်းကောင်း၊ ဂဟေတွာ- ယူ၍၊ နိသီဒိတွာ- ထိုင်၍၊ "ပရိတ္တံ- ပရိတ်ကို၊ ဘဏထ- ရွတ်ပေးပါကုန်၊" ဣတိ- ဤသို့၊ ဝဒန္တိ- လျှောက်ကုန်အံ့၊ ကာတဗ္ဗံ- ပြုပေးရာ၏၊ နော စေ ဇာနန္တိ- အကယ်၍ လျှောက်နည်းကို မသိကုန်အံ့၊ (ဧဝံ သတိ- သော်၊) အာစိက္ခိတဗ္ဗံ- ပြောပြရာ၏၊ နိသိန္နာနံ- ထိုင်နေကုန်သော၊ ဘိက္ခူနံ- ရဟန်းတို့၏၊ ပါဒေသု- ခြေတို့၌၊ ဥဒက်- ရေကို၊ အာကိရိတွာ- လောင်းကုန်၍ လည်းကောင်း၊ သုတ္တံ- ချည်ကို၊ ဌပေတွာ စ- ထားကုန်၍လည်းကောင်း၊ "ပရိတ္တံ- ပရိတ်ကို၊ ကရောထ- ပြုတော်မူပါကုန်၊ ပရိတ္တံ- ပရိတ်ကို၊ ဘဏထ- ရွတ်တော်မူပါကုန်၊" ဣတိ- ဤသို့ လျှောက်ထား၍၊ ဂစ္ဆန္တိ- သွားတတ်ကုန်၏၊ ပါဒါ- ခြေတို့ကို၊ န အပနေတဗ္ဗာ- မဖယ်ထိုက်ကုန်၊ (ကသ္မာ- အဘယ့်ကြောင့်၊ န အပနေတဗ္ဗာ- သနည်း၊) ဟိ ယသ္မာ- အကြင့်ကြောင့်၊ မနုဿာ- လူတို့သည်၊ ဝိပ္ပဋိသာရိနော- နှလုံးမသာယာခြင်းရှိကုန်သည်၊ ဟောန္တိ- ဖြစ်တတ်ကုန်၏၊ (တသ္မာ- ထို့ကြောင့်၊ ပါဒါ- တို့ကို၊ န အပနေတဗ္ဗာ- ကုန်။)

အန္တောဂါမေပိ- မြို့တွင်းရွာတွင်း၌လည်း၊ ဂိလာနဿ- ဂိလာန၏၊ အတ္ထာယ- အကျိုးငှာ၊ "ပရိတ္တံ- ပရိတ်ကို၊ ဘဏန္တု- ရွတ်တော်မူလှည့်ပါကုန်၊" ဣတိ- ဤသို့ ပြောဆိုမှာကြား၍၊ ဝိဟာရံ- ကျောင်းသို့၊ ပေသေန္တိ- အပင့်လွှတ်ကုန်အံ့၊ ဘဏိတဗ္ဗံ- သွား၍ ရွတ်ရာ၏၊ အန္တောဂါမေ- ၌၊ ရာဇဂေဟာဒီသု- မင်းနန်းတော် အစရှိသော အရပ်တို့၌၊ ရောဂေ ဝါ- အနာရောဂါသည်သော်လည်းကောင်း၊

ပါဒေသု ဥဒကံ အာကိရိတွာ။ ။ ဤစကားကို အချို့အချို့သော အရပ်ဒေသ၌ လုပ်ရိုးလုပ်စဉ်အနေဖြင့် ဆိုထားသည်။ ရေဖြင့်လောင်းခိုက် ခြေကိုရုတ်သိမ်းလိုက်လျှင် ယင်းသို့ ခြေကိုရုတ်သိမ်း ဖယ်ရှားခြင်းသည် မင်္ဂလာမရှိ၊ ရောဂါလည်း ပျောက်ကင်းတော့မည်မဟုတ်ဟု စိတ်မချမ်းမသာ ဖြစ်တတ်ကြသည်။ ထို့ကြောင့် ခြေမျှားကို မဖယ်ရှား မရုတ်သိမ်းလိုက်ပါနှင့်ဟု ဆိုထားရပေသည်။ (ဝိမတိ၊၁၊၃၂၆။)

http://www.dhammadownload.com

ဥပဒ္ဒဝေ ဝါ- ဘီလူးသားရဲစသော ဘေးဥပဒ်သည်သော်လည်းကောင်း၊ ဥပ္ပန္နေ- ဖြစ်လတ်သော်၊ ပက္ကောသာပေတွာ- ပင့်ခေါ်စေ၍၊ ဘဏာပေန္တိ- ရွတ်စေကုန်အံ့၊ **အာဋာနာဋိယသုတ္တာဒိနိ**- အာဋာနာဋိယသုတ် အစရှိသည်တို့ကို၊ ဘဏိတဗ္ဗာနိ- ရွတ်ဆိုထိုက်ကုန်၏၊ "အာဂန္တွာ- ကြွလာ၍၊ ဂိလာနဿ- ဂိလာနအား၊ သိက္ခာပဒါနိ- သိက္ခာပုဒ်တို့ကို၊ ဒေန္တု- ပေးတော်မူလျှည့်ပါကုန်၊ ဓမ္မံ- တရားကို၊ ကထေန္တု- ဟောတော်မူလျှည့်ပါကုန်၊ ရာဇန္တေ ပုရေ ဝါ- မင်းနန်းတော်၌သော်လည်းကောင်း၊ အမစ္စဂေဟေ ဝါ- အမတ်ကြီးအိမ်၌သော်လည်းကောင်း၊ အာဂန္တွာ- ၍၊ သိက္ခာပဒါနိ- တို့ကို၊ ဒေန္တု- ကုန်၊ ဓမ္မံ- ကို၊ ကထေန္တု- ကုန်၊" ဣတိ- ဤသို့ မှာကြား၍၊ ပေသိတေပိ- စေလွှတ်အပ်ရာ၌လည်း၊ ဂန္တွာ- ၍၊ သိက္ခာပဒါနိ- တို့ကို၊ ဒါတဗ္ဗာနိ- ကုန်၏၊ ဓမ္မောကို၊ ကထေတဗ္ဗော- ဟောထိုက်၏၊ "မတာနံ- သေသူတို့၏၊ ပရိဝါရတ္ထံ- အခြံအရံအကျိုးငှာ၊ အာဂစ္ဆန္တု- ကြွလာတော်မူပါကုန်၊" ဣတိ- ဤသို့၊ ပက္ကောသန္တိ- ပင့်ကုန်အံ့၊ နံ ဂန္တ္ဗံ- မသွားသင့်၊ (အလောင်း၏ အခြံအရံလုပ်၍ မလိုက်ရ၊) "သိဝထိကဒဿနေ- သင်းချိုင်းကို မြင်ရခြင်း၌လည်းကောင်း၊ အသုဘဒဿနေ စ- အသုဘကို ရှုမြင်ရခြင်း၌လည်းကောင်း၊ မရဏဿတိ- မရဏဿတိကို၊ ပဋိလဘိဿာမ- ရကုန်လိမ့်အံ့၊" ဣတိ- ဤသို့ နှလုံးသွင်း၍၊ ကမ္မဋ္ဌာနသီသေန- ကမ္မဋ္ဌာန်းကို အဦးပြုသဖြင့်၊ ဂန္တုံ- သွားခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏။

ကမ္မဋ္ဌာနသီသေန ဂန္တုံ ဝဋ္ဋတိ။ ။ ယခုခေတ်၌ "အသုဘရှုကြွတော်မူပါ"ဟု အပ်သောနည်းဖြင့် ပင့်လျှောက်တတ်ကြသည်၊ ထိုသို့ပင့်လျှင် အလောင်းနှင့် အတူပင် လိုက်ကောင်းစရာရှိသည်။ "အခြံအရံအလို့ငှာ ကြွတော်မူပါ"ဟု ပင့်လျှောက်လျှင်လည်း "မရဏဿတိကို ရလိမ့်မည်"ဟု နှလုံးသွင်း၍ သွားကောင်းသည်။

ဤ "သိဝလိကဒဿနေ အသုဘဒဿနေ စ" ဟူသော စကားဖြင့် အမြွက်ထောင်၍ "ဤသို့လိုက်သွားလျှင် သေသူ၏ ဆွေမျိုးများက ကြည်ညိုကြလိမ့်မည်၊ လှူကြ တန်းကြလိမ့်မည်၊ ငါတို့ လာဘ်လာဘရကြလိမ့်မည်၊ အလုပ်အကျွေးဒကာ ရလိမ့်မည်"ဟု မစင်ကြယ်သော စိတ်ဖြင့်လိုက်ခြင်းငှာ မအပ်။

ကမ္မဋ္ဌာန်းကို ဦးစားပေးသဖြင့် "သုသာန်ဟူသည် မွေးဖွားလာသူ လူသားတို့၏ နောက်ဆုံးရောက်ရမည့် အရပ်ဖြစ်သည်၊ ဤသူကဲ့သို့ ငါလည်းတစ်နေ့ကျလျှင် သေရဦးမည်၊ ဤသူသေကောင်ကို သုသာန်မှာ စွန့်ပစ်သကဲ့သို့ ငါလည်း သုသာန်မှာ စွန့်ပစ်ခံရဦးမည်၊ ဤသို့ မရဏဿတိကို ရလိမ့်မည်" စသော စင်ကြယ်သော စိတ်ဖြင့်မူကား ပင့်သည်ဖြစ်စေ မပင့်သည်ဖြစ်စေ သွားခြင်းငှာအပ်သည်။ (ဝိနယာလင်္ကာရ၅၉။)

http://www.dhammadownload.com

"ပဟာရေ- (သူရဲပူးသော ရဟန်းအား) ရိုက်နှက်ခြင်းကို၊ ဒိန္နေ- ပေးအပ်သော်၊ (တသ္မိံ- ထိုသူရဲပူးသော ရဟန်းသည်၊) မတေပိ- သေသွားပါသော်လည်း၊ အမရဏာဓိပ္ပါယဿ- သေခြင်း၌ အလိုမရှိသော ရဟန်း၏၊ အနာပတ္တိ- အနာပတ်ကို၊ ဝုတ္တာ- ဟောတော်မူအပ်ပြီ" (ဝိ၊၁၊၁၁၀။) ဣတိ တေ္တကေ နေဝ-ဤမျှဖြင့်ပင်လျှင်၊ အမနုဿဂဟိတဿ- သူရဲပူးသော ရဟန်းအား၊ ပဟာရော-ရိုက်နှက်ခြင်းကို၊ န ဒါတဗ္ဗော- မပေးသင့်၊ ပန- အလျော်ကား၊ တာလပဏ္ဏံ-ထန်းရွက်ကိုလည်းကောင်း၊ ပရိတ္တသုတ္တံ ဝါ- ပရိတ်ချည်ကိုလည်းကောင်း၊ (တဿ- ထိုသူရဲပူးသော ရဟန်း၏၊) ဟတ္ထေ ဝါ- လက်၌သော်လည်းကောင်း၊ ပါဒေ ဝါ- ခြေ၌သော်လည်းကောင်း၊ ဗန္ဓိတဗ္ဗံ- ဖွဲ့ချည်ပေးသင့်၏၊ ရတန-သုတ္တာဒီနိ- ရတနသုတ်အစရှိကုန်သော၊ ပရိတ္တာနိ- ပရိတ်တို့ကို၊ ဘဏိ-တဗ္ဗာနိ- ရွတ်ထိုက်ကုန်၏၊ "သီလဝန္တေ- သီလရှိသော၊ ဘိက္ခဲ့- ရဟန်းကို၊ မာ ဝိဟေဋ္ဌေဟိ- မညှဉ်းပန်း မနှိပ်စက်ပါနှင့်၊" ဣတိ- ဤသို့၊ ဓမ္မကထာ- တရားစကားကို၊ ကာတဗ္ဗာ- ပြုထိုက်၏၊ အာဠာနာဠိယပရိတ္တံ ဝါ- အာဠာနာဠိယပရိတ်ကိုသော်လည်း၊ ဘဏိတဗ္ဗံ- ၏။

ပန- ဆက်၊ ဣဓ- ဤ "အာဠာနာဠိယသုတ္တံ ဝါ ဘဏိတဗ္ဗံ"ဟူသော စကားရပ်၌၊ အာဠာနာဠိယပရိတ္တဿ- အာဠာနာဠိယပရိတ်၏၊ ပရိကမ္မံ- ရှေးဦးကြိုတင် ထက်ဝန်းကျင်ပြုအပ်သော အမှုကို၊ [ပရိကမ္မန္တိ ပဋ္ဌာပစာရံ။ ဒီ၊ဋ္ဌ၊၁၅၉။] ဝေဒိတဗ္ဗံ- သိထိုက်၏၊ ဟိ- ချဲ့၊ ပဌမမေဝ- အစပကတူး ရှေးဦးကပင်လျှင်၊ **အာဠာနာဠိယသုတ္တံ**- အာဠာနာဠိယသုတ်ကို၊ န ဘဏိတဗ္ဗံ- ထိုက်၊ **မေတ္တာ-သုတ္တံ**- မေတ္တာသုတ်လည်းကောင်း၊ **ခန္ဓသုတ္တံ**- သုတ်လည်းကောင်း၊ **ရတန-သုတ္တံ**- သုတ်လည်းကောင်း၊ ဣတိ (ဣမာနိ)- ဤသုတ်တို့ကို၊ သတ္တာဟံ-

---

ဗန္ဓိတဗ္ဗံ။ ။ ထန်းရွက်သည် ပရိတ်ကို ရေးသားရာ ဌာနဖြစ်သည်၊ ပရိတ်ချည်သည် အရံအတားပြုလုပ်မှု၏ အမှတ်အသားဖြစ်သည်၊ ထို့ကြောင့် ယင်းထန်းရွက်နှင့် ပရိတ်ချည်ကို တွေ့ရသည့်အခါ အစိမ်းသူရဲများက အရံအတားဟူသော အမှတ်ဖြင့် ဖဲခွာထွက်သွားတတ်ကြသည်။ (ဝိနယာလင်္ကာရဋီ၂။)

သတ္တာဟံ ဘဏိတဗ္ဗာနိ။ ။ မေတ္တာသုတ် စသည်တို့ကို၊ ခုနစ်ရက်ကြာတင် ရွတ်ထားခဲ့ပါလျှင် အာသေဝနအထုံရလာသည့်အတွက် (ယင်းမေတ္တာသုတ် စသည်တို့က အားပေးကူညီလိုက်သည့်အတွက်) အာဠာနာဠိယပရိတ်လည်း ပိုမို အစွမ်းထက်မြက်လာသည်။ (ဝိနယာလင်္ကာရဋီ၂။)

http://www.dhammadownload.com

ခုနစ်ရက်၊ ဘဏိတဗွာနိ- ကုန်၏၊ သစေ မုဉ္စတိ- အကယ်၍ လွှတ်အံ့၊ (၉ဝံ သတိ- သော်၊) သုန္ဒရံ- ကောင်း၏၊ နော စေ မုဉ္စ တိ- အကယ်၍ မလွှတ်အံ့၊ (၉ဝံ သတိ- သော်၊) အာဠာနာဠိယသုတ္တံ- ကို၊ ဘဏိတဗ္ဗံ- ရွတ်ရမည်၊ စ-ဆက်၊ တံ- ထိုအာဠာနာဠိယသုတ်ကို၊ ဘဏာန္တေန- ရွတ်သော၊ ဘိက္ခုနာ-သည်၊ ပိဋ္ဌ ဝါ- မုန့်ညက်ကိုလည်းကောင်း၊ မံသံ ဝါ- အသားကိုလည်းကောင်း၊ (ဝါ-သဒ္ဒါဖြင့် ငါး, မုန့်, ခဲဖွယ် စသည်ကိုပေါင်း၊) နံ ခါဒိတဗ္ဗံ- မစားထိုက်၊ သုသာနေ- သုသာန်၌၊ နံ ဝသိတဗ္ဗံ- မနေသင့်၊ ကသ္မာ- အဘယ်ကြောင့်နည်း၊ အမနုဿာ- အစိမ်းသူရဲတို့သည်၊ ဩတာရံ- အခွင့်အရေးကို၊ လဘန္တိ- ရကုန်၏၊ (တသ္မာ- ထို့ကြောင့်တည်း၊) ပရိတ္တကရဏဋ္ဌာနံ- ပရိတ်ရွတ်ရာအရပ်ကို၊ ဟရိ-တူပလိတ္တံ- နွားချေးစိုတို့ဖြင့် လိမ်းကျံသည်ကို၊ ကာရေတွာ- ပြုစေ၍၊ တတ္ထ-ထိုပရိတ်ရွတ်ရာအရပ်၌၊ ပရိသုဒ္ဓံ- သန့်ရှင်း စင်ကြယ်သော၊ အာသနံ- နေရာကို၊ ပညပေတွာ- ခင်းစေ၍၊ နိသီဒိတဗ္ဗံ- ထိုင်နေရာ၏၊ ပရိတ္တကာရကော-ပရိတ်ရွတ်လတ္တံ့သော၊ ဘိက္ခု- ရဟန်းကို၊ ဝိဟာရတော- ကျောင်းမှ၊ ဃရံ-အိမ်သို့၊ နေန္တေဟိ- ပင့်ဆောင်သော သူတို့သည်၊ ဖလကာဝုဓေဟိ- ကာလက်နက်တို့ဖြင့်၊ ပရိဝါရေတွာ- ခြံရံကုန်၍၊ နေတဗ္ဗော- ပင့်ဆောင်ထိုက်၏၊ အတ္တောကာသေ- ကွင်းပြင်၌၊ နိသီဒိတွာ- ထိုင်၍၊ နံ ဝတ္ထဗ္ဗံ- မနေသင့်၊ (စာကိုယ်၌ နံ ဝတ္တဗ္ဗံ-ဟုရှိ၏။) ဒွါရဝါတပါနာဒီနိ- တံခါးမ, လေသောက်တံခါးတို့ကို၊ ပိဒဟိတွာ- ပိတ်၍၊ နိသိန္နေန- ထိုင်နေလျက်၊ အာဝုဓဟတ္ထေဟိ- လက်၌လက်နက်ရှိသူတို့သည်၊ ဝါ- လက်နက်ကိုင်စွဲထားသော သူတို့သည်၊ သမ္မရိ-ဝါရိတေန- ခြံရံအပ်သည်ဖြစ်၍၊ မေတ္တာစိတ္တံ- မေတ္တာနှင့်ယှဉ်သောစိတ်ကို၊

ဟရိတူပလိတ္တံ။ ။ နွားချေးစိုဖြင့် မြေကိုလိမ်းကျံခြင်းသည် မြေကိုသန့်ရှင်းအောင် ပြုလုပ်သော ရှေးဟောင်း ထုံးတမ်းစဉ်လာတစ်ခု ဖြစ်ပေသည်။

(ဝိနယာလင်္ကာရ၊၆၀။)

ပရိတ္တကာရကော။ပ။ ဝတ္ထဗ္ဗံ။ ။ အစိမ်းသူရဲပူးသူအတွက် ပရိတ်ရွတ်ရာ၌ ပြင်ပအစောင့်အရှောက်ကို စိမ်မှု, အတွင်းအစောင့်အရှောက်ကို စိမ်မှု နှစ်မျိုးလုံးကိုပင် လိုအပ်ပေသည်၊ ယင်းအစောင့်အရှောက်နှစ်မျိုးလုံးနှင့် ပြည့်စုံနေခဲ့ပါလျှင်၊ ပရိတ်ရွတ်သောရဟန်းအပေါ်၌ အစိမ်းသူရဲများက ဘေးအန္တရာယ်ကို မပြုဝံ့တော့ချေ၊ ထို့ကြောင့် "ပရိတ္တကာရကော။ပ။ သမ္မရိဝါရိတေန"ဖြင့် ပြင်ပအစောင့်အရှောက်စိမ်မှုကို ပြသည်။ "မေတ္တာစိတ္တံ။ပ။ ဝတ္ထဗ္ဗံ"ဖြင့် အတွင်းအစောင့်အရှောက်စိမ်မှုကို ပြသည်။

(ဝိနယာလင်္ကာရ၊၆၀။)

http://www.dhammadownload.com

ပုရေစာရိကံ- ရှေ့သွားကို၊ ကတွာ- ပြု၍၊ ဝတ္ထုဗ္ဗံ- နေရာ၏၊ (ဝတ္တဗ္ဗံ-မဟုတ်၊) ပဌမံ- ရှေးဦးစွာ၊ သိက္ခာပဒါနိ- တို့ကို၊ ဂါဟာပေတွာ- ၍၊ သီလေ- ၌၊ ပတိဋ္ဌတဿ- တည်နေသူအတွက်၊ ပရိတ္တံ- ပရိတ်ကို၊ ကာတဗ္ဗံ- ပြုရမည်၊ ဝါ- ရွတ်ရမည်၊ ဧဝမ်ပိ- ဤသို့ ပြုလုပ်ပါသော်လည်း၊ မောစေတုံ- လွတ်စေခြင်းငှာ၊ အသက္ကောန္တေန- မစွမ်းနိုင်သော ရဟန်းသည်၊ ဝိဟာရံ- ကျောင်းသို့၊ နေတွာ- ခေါ်ဆောင်သွား၍၊ စေတိယင်္ဂဏေ- စေတီရင်ပြင်၌၊ နိပဇ္ဇာပေတွာ- အိပ်စေ၍၊ အာသနပူဇံ- (စေတီ၌) ဘုရားနေရာအား ပူဇော်ခြင်းကို၊ ကာရေတွာ- ပြုစေ၍၊ ဒီပေ- ဆီမီးတို့ကို၊ ဇာလာပေတွာ- ထွန်းညှိစေ၍၊ စေတိယင်္ဂဏံ- ကို၊ သမ္မဇ္ဇိတွာ- တံမြက်လှည်း၍၊ မဂ်လကထာ- မင်္ဂလာတရားစကားကို၊ ဝတ္တဗ္ဗာ- ပြောဆိုသင့်၏၊ သဗ္ဗသန္နိပါတော- အလုံးစုံသော ရဟန်းတို့၏ စည်းဝေးခြင်းကို၊ ယောသေတဗ္ဗော- ကြွေးကြော်အပ်၏၊ ဝိဟာရသ- ၏၊ ဥပဝနေ- အနီးဖြစ်သော တောင်၌၊ ဇေဋ္ဌကရုက္ခော နာမ- အကြီးဆုံးသော သစ်ပင်မည်သည်၊ ဝါ- တောစိုးသစ်ပင် မည်သည်၊ ဟောတိ- ရှိတတ်၏၊ တတ္ထ- ထိုတောစိုးသစ်ပင်သို့၊ "တုမှာကံ- သင်နတ်ဘီလူးတို့၏၊ အာဂမနံ- လာခြင်းကို၊ ဘိက္ခုသံဃော- ရဟန်းအပေါင်းသည်၊ ပတိမာနေတိ- မျှော်လင့်တောင့်တ၏၊" ဣတိ- ဤသို့၊ ပဟိဏိတဗ္ဗံ- စေလွှတ်အပ်၏၊ သဗ္ဗသန္နိပါတဋ္ဌာနေ- ရဟန်းအကုန်လုံးတို့၏ စည်းဝေးရာဌာန၌၊ အနာဂန္တုံ နာမ- မလာခြင်းမည်သည်ကို၊ န လဇ္ဇတိ- မရအပ်၊ [ပါထိကအဋ္ဌကထာလာ အတိုင်း "န လဇ္ဇတိ" ဟု ကမ္မရုပ်ရှိခြင်းက သဒ္ဒါအနေအထား ကောင်း၏။]

မဂ်လာကထာ ဝတ္တဗ္ဗာ။ ။ အစိမ်းသူရဲများ နှစ်သက်ကျေနပ်အောင် လက်ဆောင်အနေဖြင့် ကြီးကျယ်မြင့်မြတ်သော မင်္ဂလာဝတ္ထုကိုပြောဆိုသင့်သည်။ နောက်၌ "တုယ္ဟံ ပဏ္ဏာကာရတ္ထာယ မဟာမင်္ဂလကထာ ဝုတ္တာ"ဟု ဆိုထားသည်ကိုလည်း ရှုပါ။ (ဒီ၊ဋ္ဌ၊၃၊၁၆၁။) ၌ကား ကြိုတင်ပြင်ဆင်မှုအနေဖြင့် မင်္ဂလာစကား ပြောကြားရမည်ဟု ဆိုထားသည်။ (ဝိနယာလင်္ကာရ၊၆၀-၆၁။)

သန္နိပါတော။ ။ ထိုကျောင်းနှင့် ထိုဂါမခေတ်အတွင်းမှာ ရှိနေသမျှ ရဟန်းအကုန်လုံးကို "အညီအညွတ်ကြွလာတော်မူကြပါ"ဟု ကြွေးကြော်ပင့်ခေါ်ရမည်။ စေတီရင်ပြင်၌ ရဟန်းအကုန်လုံး စည်းဝေးရမည်။ (ဝိနယာလင်္ကာရ၊၆၀-၆၁။)

အနာဂန္တုံ နု လဇ္ဇတိ။ ။ နတ်မင်းလေးယောက်တို့၏ အာဏာပြန့်နှံ့ရာ ဌာနဖြစ်ရကား ဘုရားရှင်အာဏာတော်နှင့် နတ်မင်းကြီးများ၏ အာဏာကို ကျော်ဖျံခြင်းကြောင့် အစိမ်းသူရဲများမလာဘဲ မနေနိုင်ပေ။ (ဝိနယာလင်္ကာရ၊၆၁။)

http://www.dhammadownload.com

တတော- ထို့နောက်၊ အမနုဿဂဟိတကော- သူရဲဘီလူးဝင်ပူးခံရသူကို၊ "တံ့-သင်သည်၊ ကော နာမော- အဘယ်အမည်ရှိသူသည်၊ အသိ- ဖြစ်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိတတ္ထော- မေးအပ်၏၊ နာမေ- အမည်ကို၊ ကထိတေ-ပြောအပ်သော်၊ နာမေနေဝ- အမည်ဖြင့်သာလျှင်၊ အာလပိတတ္ထော- ခေါ်ဝေါ်ပြောဆိုသင့်၏၊ "ဣတ္ထန္နာမ- ဤမည်သောအစိမ်းသူရဲ၊ တုယ္ဟံ- သင့်အား၊ မာလာ ဂန္ဓာဒီသု- ပန်းနံသာစသည်တို့ကို ပူဇော်ခြင်းတို့၌၊ ပတ္တိ- အမျှပေးဝေခြင်းကို၊ (ကတာ- ပြုအပ်ပြီ၊) အာသနပူဇာယံ- (စေတီတော်ဝယ်) ဘုရားရှင်၏ နေရာတော်ကို ပူဇော်ခြင်း၌၊ ပတ္တိ- အမျှပေးဝေခြင်းကို၊ (ကတာ- ပြီ၊) ပိဏ္ဍပါတေ- ဘိက္ချသံဃာအား ဆွမ်းလှူဒါန်းခြင်း၌၊ ပတ္တိ- အမျှပေးဝေခြင်းကို၊ (ကတာ- ပြီ၊) ဘိက္ချသံယေန- ဘိက္ချသံဃာသည်၊ တုယ္ဟံ- သင့်အတွက်၊ ပဏ္ဏာကာရတ္ထာယ- လက်ဆောင်အလို့ငှာ၊ မဟာမင်္ဂလကထာ- မြတ်သောမင်္ဂလာစကားကို၊ ဝုတ္တာ- ပြောဆိုအပ်ခဲ့ပြီ၊ ဘိက္ချသံယေ- ဘိက္ချသံဃာ၌၊ ဂါရဝေန-ရိုသေလေးစားသောအားဖြင့်၊ ဧတံ- ဤသူကို၊ မုဉ္စာဟိ- လွှတ်လော၊" ဣတိ- ဤသို့၊ မောစေတတ္ထော- လွှတ်စေအပ်၏၊ သစေ နံ မုဉ္စတိ- အကယ်၍ မလွှတ်အံ့၊ (ဧဝံ သတိ- သော်၊) "ဒေဝတာနံ- နတ်စစ်ဗိုလ်ချုပ်တို့အား၊ "တုမ္ဟေ-သင်တို့သည်၊ ဇာနာထ- သိကြကုန်လော၊ အယံ အမနုဿော- ဤအစိမ်းသူရဲသည်၊ အမှာကံ- ငါတို့၏၊ ဝစနံ- စကားကို၊ နံ ကရောတိ- မလိုက်နာ၊ မယံ-ငါတို့သည်၊ ဗုဒ္ဓအာဏံ- ဘုရားရှင်၏ အာဏာတော်ကို၊ ကရိဿာမ- ပြုကုန်အံ့၊" ဣတိ- ဤသို့၊ အာရောစေတဝ္ဖော- ပြောကြားထိုက်၏၊ (ဣတိ- ဤသို့ ပြောကြား၍) ပရိတ္တံ- ပရိတ်ကို၊ ကာတဗ္ဗော- ပြုထိုက်၏၊ ဧတံ- ဤဆိုအပ်ခဲ့

အာဋာနာဋိယသုတ်စိစစ်ချက်။ ။ အာဋာတိ-ဒဠ်မုခသကုဏာ၊ ယောက်မကဲ့သို့ နှုတ်သီးရှိသော ဌက်တို့ကို "အာဋာ" ဟုခေါ်သည်။ နဒန္တိ ဧတ္ထာတိ နာဒံ၊ အာဋာနံ နာဒံ- အာဋာနာဒံ၊ ယောက်မကဲ့သို့ နှုတ်သီးရှိသော ဌက်တို့၏ တွန်မြူးရာ နတ်မြို့၊ အာဋာနာဒေ ကတံ- အာဋာနာဒိယံ၊ (ဒ-ကို ဋ-ပြု အာဋာနာဋိယ-ဖြစ်သည်၊) ယောက်မကဲ့သို့ နှုတ်သီးရှိသော ဌက်တို့၏ တွန်မြူးရာ နတ်မြို့၌ ပြုစီရင်အပ်သော သုတ်သည် "အာဋာနာဋိယသုတ်" မည်သည်။

ဤနေရာဝယ် အဋ္ဌကထာဆရာကပြဆိုထားသော အာဋာနာဋိယသုတ်၏ ပရိကမ်ကို ကြားနာရ၍ ဤသုတ်ကို အစိမ်းသူရဲတို့က မနှစ်သက်၊ ဤသုတ်ကို ရွတ်သောရဟန်း, အရံအတားကို ပြုလုပ်သော ရဟန်းများအပေါ်၌ အစိမ်းသူရဲများက အန္တရာယ်ကို ပြုကုန်ရာ၏ ဟူသော တွေးတောထင်မြင်ချက်ဖြင့် ဆရာတို့သည် ဤအာဋာနာဋိယ

http://www.dhammadownload.com

ပြီးသော အစီအရင်သည်၊ တာဝ- ရွေးဦးစွာ၊ ဂိဟီနံ- လူတို့အတွက်၊ ပရိကမ္မံ- ရွေးအဖို့၌ ပြုစီရင်အပ်သော အမှုပေတည်း။

ပန- ဆက်၊ ဘိက္ခု- ရဟန်းသည်၊ ဝါ- ကို၊ အမနုဿေန- အစိမ်းသူရဲသည်၊ ဂဟိတော- ဖမ်းစားအပ်သည်၊ သစေ ဟောတိ- အကယ်၍ ဖြစ်အံ့၊ (၈၀ သတိသော်၊) အာသနာနိ- နေရာတို့ကို၊ ဓောဝိတွာ- ဆေး၍၊ သဗ္ဗသန္ထိပါတံ- ရဟန်းအကုန်လုံးတို့၏ စည်းဝေးခြင်းကို၊ ယောသာပေတွာ- ကြွေးကြော်စေ၍၊ ဂန္ဓမာလာဒီသု- နံ့သာပန်းပူဇော်မှုစသည်တို့၌၊ ပတ္တိ- ကုသိုလ်၏အဖို့ကို၊ ဒတ္ဝာ- ပေး၍၊ ပရိတ္တံ- ကို၊ ဘဏိတဗ္ဗံ- ရွတ်ထိုက်၏။ ဣဒံ- ဤအစီအရင်သည်၊

သုတ်ကိုပယ်၍ မူလသုတ်ရင်းမှ ခြောက်ဂါထာမျှကိုသာယူလျက် အခြားဂါထာများကို ထည့်သွင်း၍ "အာဋာနာဋိယပရိတ်" ဟုထားခဲ့ကြပေသည်။

ယင်းပရိတ်သည် မူလမဟုတ်သည့်အတွက် မူမပျက်တည်တံ့ခြင်းငှာ မစွမ်းနိုင်ပေ၊ အချို့က အကျဉ်းဆောင်ကြသည်၊ အချို့က အကျယ်ဆောင်ကြသည်၊ အချို့က ဖြည့်စွက်ကြသည်၊ အချို့က ပယ်နုတ်ကြသည်။ အချို့ရဟန်းတော်များမူကား မင်္ဂလာအခမ်းအနားစသည်တို့၌ ယင်းမိဿကပရိတ်ကိုသော်မှ မရွတ်ရဲသည့်အတွက် အခြားသုတ်များကို ရွတ်ဆိုကြသည်။ ဤအပြုအမူအားလုံးပင် သင့်အံ့ မထင်ပေ။

ဤအာဋာနာဋိယအစောင့်အရှောက်ကို စီစဉ်ကြသော နတ်မင်းကြီးလေးဦးတို့က အစိမ်းသူရဲများ ဗုဒ္ဓမြတ်စွာသာသနာတော်၌ ကြည်ညိုကြစေရန် ပရိသတ်လေးပါးကို မည်ဉီးဆဲစေရန် အလို့ငှာသာ စီစဉ်ခဲ့ကြပေသည်။

ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်ကလည်း ဤအာဋာနာဋိယသုတ်၏ နိဂုံး၌ ဤသုတ်ကို ဆောင်ရန် တိုက်တွန်းနှိုးဆော်ထားသည့်အပြင် အကျိုးအာနိသင်များကိုလည်း ထင်စွာပြထားခဲ့ပေသည်။

အဋ္ဌကထာဆရာများကလည်း ဘုရားဟောပါဠိတော်မှာ တစ်လုံးတစ်ပါဒမျှ ပယ်ဖွယ်မရှိဟု (ဒီ၊ဋ္ဌ၊၁၊၁၂၂) မိန့်ဆိုထားခဲ့ပေသည်။

ထို့ကြောင့် နတ်မင်းလေးဦးတို့က စီစဉ်၍ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားထားအပ်သော အာဋာနာဋိယသုတ်ရင်းကိုသာ ဆောင်သင့် ရွတ်သင့်ပါသည်။ မြတ်စွာဘုရား မဟောကြားအပ်သော မိဿကသုတ်ကို မဆောင်သင့် မရွတ်သင့်ပါ။

အဋ္ဌကထာဆရာက အာဋာနာဋိယသုတ်၏ ပရိကမ်ကို အလိုအလျောက် ရွတ်အံ့မူ ပို၍မူ စသည်ကိုရည်ရွယ်၍ ဆိုထားသည် မဟုတ်ပါ။ အမှန်မှာ လူကိုဖြစ်စေ, ရဟန်းကို ဖြစ်စေ အစိမ်းသူရဲများ ပူးရာအခါ၌ လွတ်မြောက်စေရန် လူများက ဂါထာမန္တရားမန်းမှုတ်သကဲ့သို့ ရဟန်းတော်များ ရွတ်ဆိုမှုကို ရည်ရွယ်၍ သာဆိုထားပေသည်။

http://www.dhammadownload.com

ဘိက္ခူနံ- ရဟန်းတို့အတွက်၊ ပရိကမ္မံ- တည်း။ ဧဝံ- ဤသို့၊ ပရိတ္တေ- ၌၊ ပဋိပဇ္ဇိ- တဗ္ဗံ- ပြုကျင့်ထိုက်၏။

၂၀။ ပန- ကား၊ **ပဋိသန္ထာရေ-** ပဋိသန္ထာရ၌၊ အယံ- ဤဆိုအပ်လတ္တံ့သည်ကား၊ ဝိနိစ္ဆယော- အဆုံးအဖြတ်တည်း၊ အနာမဋ္ဌပိဏ္ဍပါတော- မသုံးသပ်အပ်သေးသောဆွမ်းကို၊ ဝါ- ဆွမ်းဦးဆွမ်းဖျားကို၊ ကဿ- အဘယ်သူအား၊ ဒါတဗ္ဗော- ပေးသင့်သနည်း၊ ကဿ- အား၊ န ဒါတဗ္ဗော- မပေးသင့်သနည်း၊ တာဝ- ဝေယျာဝစ္စကရစသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာနံ- ညွှန်ပြအပ်ကုန်သော၊) မာတာပိတူနံ- မိဘတို့အား၊ ဒါတဗ္ဗော- ပေးသင့်၏၊ ကဟာပဏဂ္ဃနကော- တစ်ကျပ်တန်ဆွမ်းသည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဦးတော့၊

ထို့ကြောင့်ပင် အစိမ်းသူရဲပူးနေသူကို "သင်ဘယ်သူလဲ"ဟု မေးရမည်စသည်ဖြင့် ဆိုထားခဲ့ပေသည်။

အာဋ္ဌာနာဋိယအစောင့်အရှောက်ဟူသည်မှာလည်း တစ်သုတ်လုံး မဟုတ်ချေ၊ ဝိပဿိဿစနမတ္ထု-မှစ၍ နတ်မင်းကြီးလေးယောက်နှင့် စပ်ကာ လေးကြိမ်လာရှိသည့် "ဇိနံ ဝန္ဒာမ ဂေါတမံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။"အဆုံးရှိသော သုတ်တစ်စိတ်တစ်ဒေသမျှသာ ဖြစ်ပေသည်။

ကျားစသော သားရဲတိရစ္ဆာန်တို့သည် မိမိ၏အစာကို လုယက်သူတို့အား အမျက်ဒေါသ ဟုန်းဟုန်းထကြသကဲ့သို့ မိမိဖမ်းစားထားသောသူကို လွတ်မြောက်စေသော ရဟန်းအား အစိမ်းသူရဲများက အမျက်ဒေါသထွက်တတ်ကြသည်။ ထို့ကြောင့် ယင်းသို့ လွတ်မြောက်အောင် အားထုတ်နေဆဲ အခိုက်အတန့်မှာ ရဟန်းတို့၏ဘေးရန်ကို ပယ်ဖျောက်ရန် ဤအာဋ္ဌာနာဋိယပရိတ္တပရိကမ်ကို အဋ္ဌကထာဆရာများက မိန့်ဆိုထားခဲ့ပေသည်။ (ဝိနယာလင်္ကာရ၊၁၊၆၁။)

အနာမဋ္ဌပိဏ္ဍပါတ ။ ။ အာမသီယိတ္ထာတိ- အာမဋ္ဌော၊ န အာမဋ္ဌော- အနာမဋ္ဌော၊ ပိဏ္ဍံ ပိဏ္ဍံ ဟုတွာ ပတတီတိ- ပိဏ္ဍပါတော၊ အနာမဋ္ဌော စ + သော + ပိဏ္ဍပါတော စာတိ- အနာမဋ္ဌပိဏ္ဍပါတော။ လူများထံမှ အလှူခံပြီးနောက် မိမိနှင့် အခြားရဟန်းတို့ မစားရသေးသော ဦးဦးဖျားဖျားဆွမ်းမျိုးကို "အနာမဋ္ဌပိဏ္ဍပါတ" ခေါ်သည်။

ကဟာပဏဂ္ဃနကော။ ။ ဒါယကာများက ဟင်းလျာအများအပြားဖြင့် စီမံ၍ ရိုရိုသေသေ လေးလေးစားစားပေးလှူအပ်သော အဖိုးတန်ဆွမ်းမျိုးကိုသော်မှ မိဘတို့အား ပေးစွန့်သည့်အတွက် သဒ္ဓါဒေယျဝိနိပါတ-မဖြစ်တုံဘဲ ရှိချေသေး၏၊ တန်ဖိုးနည်းသောဆွမ်းကို ပေးစွန့်ရာ၌ ဆိုဖွယ်ပင် မရှိတော့ချေ။

http://www.dhammadownload.com

(ဧဝံ သတိပိ- သော်လည်း၊) သဒ္ဓါဒေယျဝိနိပါတနံ- သဒ္ဓါတရားဖြင့် ပေးလှူအပ်သော ဆွမ်းကို ဖောက်ပြန်ပျက်စီး၍ ကျစေခြင်းသည်၊ ဝါ- သဒ္ဓါဒေယျဝိနိပါတဒုက္ကဋ်သည်၊ နတ္ထိ- မရှိ၊ မာတာပိတု ဥပဋ္ဌာကာနံ- မိဘ၏ အလုပ်အကျွေးတို့လည်းကောင်း၊ ဝေယျာဝစ္စကရဏေ- မိမိ၏ ဝေယျာဝစ္စပြုသူလည်းကောင်း၊ ပဏ္ဏူပလာသဿ စ- ရှင်လောင်းလည်းကောင်း၊ ဣတိ- ဤသို့၊ ဧတေသမ္မိ- ဤသူတို့အားလည်း၊ ဒါတဗ္ဗော- ပေးသင့်၏၊ တတ္ထ- ထိုပုဂ္ဂိုလ်တို့တွင်၊ ပဏ္ဏူပလာသဿ- အား၊ ထာလကေ- ရဟန်းတို့၏ စားခွက်၌၊ ပက္ခိပိတွာပိ- ထည့်၍လည်း၊ ဒါတုံ- ၄၁၊ ဝဋ္ဋတိ- အပ်၏၊ တံ- ထိုရှင်လောင်းကို၊ ဌပေတွာ- ထား၍၊ အညေသံ- တစ်ပါးကုန်သော၊ အဂါရိကာနံ- အိမ်၌တည်သူ လူဝတ် ကြောင်တို့အား၊ မာတာပိတူနမ္ပိ- မိဘတို့အားသော်မှလည်း၊ (ထာလကေ- ၌၊ ပက္ခိပိတွာ- ၍၊ ဒါတုံ- ၄၁၊) န ဝဋ္ဋတိ- မအပ်၊ **ဟိ**- မှန်၏၊ **ပဗ္ဗဇိတပရိဘောဂေါ**- ရဟန်းတော်တို့၏ အသုံးအဆောင်သည်၊ **အဂါရိကာနံ**- တို့၏၊ **စေတိယင်္ဂဏနိယော**- စေတီအရာ၌တည်သည်၊ ဟောတိ- ဖြစ်၏။

အပိစ- သည်သာမကသေး၊ ဧသ အနာမဋ္ဌပိဏ္ဍပါတော နာမ- ဤဆွမ်းဦးဆွမ်းဖျားမည်သည်ကို၊ သမ္မတ္တသ- ရောက်လာသော၊ ဒါမရိကစောရဿပိ- ဓားပြသူပုန်အားလည်းကောင်း၊ ဣဿရိယဿပိ- အစိုးရသူအားလည်း

ဆွမျိုးဆယ်ဦး။ ။ မိဘစသော ငါးယောက်တို့ကိုသာဆို၍ ဆေးကုသမှုခံကဲ့သို့ အခြားဆွေမျိုးဆယ်ဦးတို့အား ပေးကောင်းသည်ဟု မဆိုသောကြောင့် အခြားဆွေမျိုးဆယ်ဦးတို့အား အိမ်တိုင်ရာရောက်အပို့ခိုင်း၍ မပေးကောင်းဟူသော အနက်သဘောသက်ရောက်ပြီးဖြစ်သည်။ ထို့ပြင် ကျောင်းသို့ရောက်လာသည့် ဧည့်သည်တစ်ဦးဦးအပေါ်မှာလည်း အာမိသပဋိသန္ထာရကို ပြုကောင်းသည်ဟု နောက်၌ ဆိုထားပြန်သောကြောင့် ကျောင်းသို့ရောက်လာသော ဆွေမျိုးတို့အားမူ ဧည့်သည်အနေဖြင့် ပေးကောင်းသည်ဟူသော အနက်သဘောလည်း သက်ရောက်ပြီးပင် ဖြစ်တော့သည်။

ထာလကေပိ။ ။ ဤ၌ ကြေးစသည်ဖြင့် ပြုလုပ်ထားသော သံယိကခွက်များနှင့် သပိတ်ကိုပါ သိမ်းကျုံး၍ "ထာလက" ဟု ဆိုထားသည်၊ ရှင်လောင်းမှတစ်ပါး အခြားအိမ်နေသူ လူဝတ်ကြောင်တို့အား မိဘတို့အားသော်မှ အဆိုပါခွက်မျိုးမှာ ထည့်မပေးကောင်း၊ ပေးက ဒုက္ကဋ်အာပတ်သင့်သည်။

စေတိယင်္ဂဏနိယော။ ။ ရဟန်းတို့၏ အသုံးအဆောင်သည် အိမ်နေသူ လူဝတ်ကြောင်များ၏ စေတီအရာမှာ တည်သည်။ ရိုသေလေးစားရာဖြစ်သည်၊ ထို့ကြောင့် လူဝတ်ကြောင်များသည် ရဟန်းတို့၏ အသုံးအဆောင်များကို မသုံးဆောင်ကောင်း၊ ရဟန်းတို့ကလည်း သုံးစွဲခွင့်မပြုကောင်း။

http://www.dhammadownload.com

ကောင်း၊ ဒါတဗ္ဗော- ပေးသင့်၏၊ ကသ္မာ- အဘယ်ကြောင့်နည်း၊ ဟိ (ယသ္မာ)- အကြင့်ကြောင့်၊ တေ- ထို သူပုန်ဓားပြ အစိုးရတို့သည်၊ အဒီယမာနေပိ- မပေးအပ်သော်လည်း၊ "နု ဒေန္တိ- ပေးဖော်မရ ကြကုန်၊" ဣတိ- ဤသို့၊ ကုဗ္ဗန္တိ- အမျက်ထွက်တတ်ကုန်၏၊ အာမသိတ္တာ- သုံးသပ်ပြီး၍၊ ဝါ- ဦးဦးဖျားဖျား ယူထားပြီး၍၊ ဒီယမာနေပိ- ပေးအပ်ပြန်ပါသော်လည်း၊ "ဥစ္စိဋ္ဌက်- စားကြွင်းကို၊ ဒေန္တိ- ပေးကုန်၏၊" ဣတိ- ဤသို့၊ ကုဗ္ဗန္တိ- ကုန်၏၊ ကုဒ္ဓါ- အမျက်ထွက်ကုန်သည်၊ သမာနာ- ဖြစ်ကုန်လတ်သော်၊ ဇီဝိတာပိ- အသက်မှလည်း၊ ဝေါရောပေန္တိ- ခွင်းတတ်ကြကုန်၏၊ သာသနဿပိ- သာသနာတော်၏လည်း၊ အန္တရာယံ- အန္တရာယ်ကို၊ ကရောန္တိ- ပြုတတ်ကြကုန်၏၊ (တသ္မာ- ထို့ကြောင့်တည်း၊) စ- ဆက်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ပတ္ထယမာနဿ- တောင့်တလျက်၊ ဝိစရတော- လှည့်လည်သော၊ စောရနာဂဿ- သူပုန်ဖြစ်သောနာဂ၏၊ ဝတ္ထု- ဝတ္ထုကို၊ ဧတ္ထ- ဤဦးဦးဖျားဖျားပေးရာ၌၊ ကထေတဗ္ဗံ- ပြောဆိုထိုက်၏၊ ဧဝံ- ဤသို့လျှင်၊ အနာမဋ္ဌပိဏ္ဍပါတေ- ၌၊ ပဋိပဇ္ဇိတဗ္ဗံ- ပြုကျင့်သင့်၏။

စ- ကား၊ အယံ ပဋိသန္ဓာရော နာမ- ဤအာမိသပဋိသန္ဓာရမည်သည်ကို၊ ကဿ- အဘယ်သူ၏အပေါ်၌၊ ကာတဗ္ဗော- ပြုထိုက်သနည်း၊ ကဿ- ၌၊ နကာတဗ္ဗော- သနည်း၊ ပဋိသန္ဓာရော နာမ- အာမိသပဋိသန္ဓာရမည်သည်ကို၊ ဝိဟာရံ- သို့၊ သမ္ပတ္တဿ- သော၊ ယဿ ကဿစိ- တစ်စုံတစ်ယောက်သော၊ အာဂန္တုကဿ ဝါ- ဧည့်သည်အပေါ်၌သော်လည်းကောင်း၊ ဒလိဒ္ဒဿ ဝါ- ဆင်းရဲသူအပေါ်၌ သော်လည်းကောင်း၊ စောရဿ ဝါ- သူပုန်ဓားပြအပေါ်၌ သော်လည်းကောင်း၊ဣဿရဿ ဝါ- အစိုးရသူ၏အပေါ်၌သော်လည်းကောင်း၊

စောရနာဂဝတ္ထု ။ ။ အကြွင်းအကျန်ကို ပေးလျှင် စိတ်ဆိုးလိမ့်မည်။ ဦးဦးဖျားဖျားကိုလည်း မပေးကောင်းဟု နှလုံးသွင်းလျက် မထေရ်ကသပိတ်ကို ကိုင်သောလက်ဖြင့်ပင် အဦးအဖျားကိုယူထားပြီးမှ သူပုန်ခေါင်းဆောင်နာဂအား သပိတ်မှာရှိသမျှဆွမ်းအကုန်လုံးကို ပေးလိုက်သည်။ နာဂသည် ဤမျှဖြင့်ပင် ကျေနပ်သွားသည်ဟူ၏။ (သာရတ္ထ၊ ၂၊ ၂၇၆။)

ယူသင့်သော ပဋိသန္ဓာရ ။ ။ အာမိသကိုဖြစ်စေ ဓမ္မကိုဖြစ်စေ မရခြင်းကြောင့် မိမိနှင့်သူတစ်ပါးတို့၏အကြားမှာ ဖြစ်ပေါ်လာတတ်သော အပေါက်အကြားကို ပိတ်ဆို့မှုသည် "ပဋိသန္ဓာရ"မည်၏၊ အာမိသဓမ္မတို့ဖြင့် ပျူငှာလောကဝတ် အစေ့အစပ်ပြုမှုဟု ဆိုလိုသည်။ ဤသို့လျှင် ပဋိသန္ဓာရ-သည် အာမိသပဋိသန္ဓာရ၊ ဓမ္မပဋိသန္ဓာရ-ဟု နှစ်မျိုးကွဲပြားလာပါသည်။ ထိုတွင် ဓမ္မပဋိသန္ဓာရ-ကို မပြုကောင်းသောသူဟူ၍ မရှိ။

http://www.dhammadownload.com

ကာတဗ္ဗောယေဝ- ပြုထိုက်သည်သာ၊ ကထံ- အဘယ်သို့ ပြုထိုက်သနည်း၊ တာဝ- ဒလိဒ္ဒစသူတို့မှ ရွှေဦးစွာ၊ (နိဒ္ဒိဋ္ဌံ- ညွှန်ပြအပ်သော၊) အာဂန္ဆကံ- ဧည့်သည်ကို၊ ခီဏာပရိဗ္ဗယံ- ကုန်သော ရိက္ခာရှိသည်ဖြစ်၍၊ ဝိဟာရံ- သို့၊ သမ္မတ္တံ- ရောက်လာသည်ကို၊ ဒိသွာ- တွေ့မြင်၍၊ "ပါနီယံ- ရေကို၊ ပိဝ- သောက်ဦးလော့၊" ဣတိ- ဤသို့ ပြော၍၊ ဒါတဗ္ဗံ- ပေးထိုက်၏၊ ပါဒမက္ခနတေလံ- ခြေကို သုတ်လိမ်းကြောင်းဆီကို၊ ဝါ- ခြေနယ်ဆီကို၊ ဒါတဗ္ဗံ- ပေးထိုက်၏၊ ကာလေ- နံနက်အခါ၌၊ အာဂတဿ- ရောက်လာသော ဧည့်သည်အား၊ ယာဂုဘတ္တံ- ယာဂုထမင်းကို၊ ဒါတဗ္ဗံ- ၏၊ ဝိကာလေ- မွန်းလွဲပြီးသောအချိန်၌၊ အာဂတဿ- အား၊ တဏ္ဍုလာ- ဆန်တို့သည်၊ သစေ အတ္ထိ- အကယ်၍ ရှိကုန်အံ့၊ (ဧဝံ သတိ- သော်၊) တဏ္ဍုလာ- ဆန်တို့ကို၊ ဒါတဗ္ဗာ- ကုန်၏၊ အဝေလာယ- အချိန်အခါမဲ့၌၊ ဝါ- ညဉ့်အချိန်၌၊ သမ္ပတ္တောပိ- ရောက်လာသော ဧည့်သည်ကိုလည်း၊ "ဂစ္ဆာဟိ- ပြန်သွားလော့၊" ဣတိ- ဤသို့၊ န ဝတ္တဗ္ဗော- မပြောထိုက်၊ သယနဋ္ဌာနံ- အိပ်ရာအရပ်ကို၊ ဒါတဗ္ဗံ- ၏၊ အပစ္စာသီသန္တေန- နေဝ- တစ်စုံတစ်ခုကို မတောင့်တဘဲသာလျှင်၊ သဗ္ဗံ- အလုံးစုံသော အမှုကို၊ ကာတဗ္ဗံ- ၏၊ (မျှော်လင့်တောင့်တပုံကို ပြရန် "မနုဿာ နာမ" စသည်ကို မိန့်ဆိုသည်၊) "မနုဿာ နာမ- လူတို့မည်သည်၊ စတုပစ္စယဒါယကာပစ္စည်းလေးပါးကို ပေးလှူတတ်ကုန်၏၊ ဧဝံ- ဤသို့၊ သဂ်ဟေ- ခွီးမြှောက်မှုကို၊ ကရိယမာနေ- ပြုအပ်သော်၊ ပုနပ္ပုနံ- အထပ်ထပ်၊ ပသီဒိတ္ဝာ- ကြည်ညိုကုန်၍၊ ဥပကာရံ- လျော်သောကျေးဇူးကို၊ ကရိဿန္တိ- ပြုကုန်လိမ့်မည်၊" ဣတိ- ဤသို့၊ စိတ္တံ- စိတ်ကို၊ န ဥပ္ပါဒေတဗ္ဗံ- မဖြစ်စေထိုက်။

လူဝတ်ကြောင်များအပေါ်၌လည်း ပြုကောင်းသည်။ ရဟန်းတော်များအပေါ်၌လည်း ပြုကောင်းသည်၊ ထို့ကြောင့် ဤနေရာ၌ အာမိသပဋိသန္ထာရ-ကိုသာ ယူသင့်သည်။

ခီဏာပရိဗ္ဗယံ။ ။ ဧည့်သည်များအပေါ်၌ အာမိသပဋိသန္ထာရ ပြုကောင်းပါသော်လည်း အဂတိလေးပါးကို လိုက်စား၍ မပြုလုပ်ရ၊ သနားစရာဖြစ်လာသူ၏ အပေါ်မှာသာပြုရမည်။ ခီဏာပရိဗ္ဗယ၏ ဆန့်ကျင်ဘက်ဖြစ်သော ပြည့်စုံကြွယ်ဝသည့်ဒါယကာစသူတို့အပေါ်၌မူ ဧည့်သည်ပင် ဖြစ်နေသော်လည်း မပြုလုပ်ရ။ (ဝိမတိ၊၁၊၂၃၇။)

အပစ္စာသီသန္တေန။ ။ ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တမှု မရှိစေကာမူ ခွင့်ပြုအပ်သော သူတို့မှတစ်ပါး အခြားသူများအပေါ်၌ (အာမိသပဋိသန္ထာရ) မပြုကောင်း၊ သဒ္ဓါဒေယျဝိနိပါတ-ဖြစ်သည်။ လာဘ်လာဘကို မျှော်လင့်တောင့်တမှု ရှိခဲ့ပါလျှင် ကုလဒူသန-လည်း ဖြစ်သည်။ (ဝိမတိ၊၁၊၂၃၇။)

http://www.dhammadownload.com

ပန- အထူးကား၊ စောရာနံ- ဓားပြသူပုန်တို့အား၊ သံယိကမ္မိ- သံယာ့ဥစ္စာကိုလည်း၊ ဒါတဗ္ဗံ- ပေးကောင်း၏၊ စ- ဆက်၊ ပဋိသန္ဓာရာနိသံသဒိပနတ္ထံ- ပဋိသန္ဓာရ၏ အာနိသင်ကို ပြရခြင်း အကျိုးငှာ၊ စောရနာဂဝတ္ထု- စောရနာဂဝတ္ထုလည်းကောင်း၊ ဘာတရာ- နောင်တော်နှင့်၊ သဒ္ဓိံ- တကွ၊ ဇမ္ဗုဒီပဂတဿ- ဇမ္ဗူဒီပ်သို့ရောက်သော၊ မဟာနာဂရညော- မဟာနာဂမင်း၏၊ ဝတ္ထု- ဝတ္ထုလည်းကောင်း၊ ပိတုရာဇဿ- ပိတုမင်း၏၊ ရဇ္ဇေ- မင်းအဖြစ်၌၊ စတုန္နံ- လေးယောက်ကုန်သော၊ အမစ္စာနံ- အမတ်တို့၏၊ ဝတ္ထု- ဝတ္ထုလည်းကောင်း၊ အဘာယစောရဝတ္ထု- အဘာယစောရဝတ္ထုလည်းကောင်း၊ ဣတိ ဧဝမာဒိနိ- ဤသို့အစရှိကုန်သော၊ ဗဟူနိ- များစွာကုန်သော၊ ဝတ္ထူနိ- ဝတ္ထုတို့ကို၊ **မဟာအဋ္ဌကထာယံ**- မဟာအဋ္ဌကထာ၌၊ ဝိတ္ထာရတော- အကျယ်အားဖြင့်၊ ဝုတ္တာနိ- မိန့်ဆိုအပ်ကုန်ပြီ။

တတြ- ထိုဝတ္ထုတို့တွင်၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဧကဝတ္ထုဒီပနာ- တစ်ခုသော ဝတ္ထုကို ပြခြင်းတည်း၊ ကိရ- ချဲ့၊ သီဟဠဒီပေ- သီဟိုဠ်ကျွန်း၌၊ အဘယော နာမ- အဘယ မည်သော၊ စောရော- သူပုန်သည်၊ ပဗ္ဗသတပရိဝါရော- ငါးရာအခြံအရံရှိသည်၊ ဟုတ္ဝာ- ဖြစ်၍၊ ဧကသ္မိံ ဌာနေ- တစ်နေရာ၌၊ ခန္ဓာဝါရံ- သစ်တုံးခံတပ်ကို၊ (ခန္ဓ- သစ်တုံးတို့ဖြင့်+အာဝါရ- တစ်ဖက်ရန်ကို တားမြစ်ကြောင်းခံတပ်) ဗန္ဓိတ္ဝာ- ဖွဲ့၍၊ သမန္တာ- ပတ်ဝန်းကျင်၌၊ တိယောဇနံ- သုံးယူဇနာရှိသော အရပ်ကို၊ ဥဇ္ဈာသေတ္ဝာ- (ဥ+ဝါသေတ္ဝာ)- အခြားသူများမနေနိုင်အောင် လုပ်၍၊ ဝါ- ထွက်သွားစေ၍၊ ဝသတိ- နေ၏၊ အနုရာဓပုရဝါသိနော- အနုရာဓမြို့၌ နေသူတို့သည်၊ ကဒမ္ဗနဒီ- ကဒမ္ဗမြစ်ကို၊ နံ ဥတ္တရန္တိ- မကူးဝံ့ကြကုန်၊ စေတိယဂိရိမဂ္ဂေ- စေတိယတောင်ပေါ် ကျောင်းသွားလမ်း၌၊ ဇနသဉ္စာရော- လူအပေါင်း၏ လှည့်ပတ်သွားလာခြင်းသည်၊ ဝါ- လူသွားလူလာသည်၊ ဥပစ္ဆိန္နော- ပြတ်စဲပြီ၊ အထ- ထိုမှနောက်၌၊ ဧကဒိဝသံ- တစ်နေ့၌၊ စောရော- သူပုန်သည်၊ "စေတိယဂိရိံ- စေတိယဂိရိကျောင်းကို၊ ဝိလုမ္ပိဿာမိ- လုယက်အံ့၊" ဣတိ- ဤသို့ကြံ၍၊ အဂမာသိ- သွားပြီ၊ အာရာမိကာ- အာရာမ်စောင့်တို့သည်၊ ဒိသွာ- မြင်ကုန်၍၊ ဒီဃဘာဏကအဘာယတ္ထေရဿ- ဒီဃနိကာယ်ဆောင် အဘာယထေရ်အား၊ အာရောစေသုံ- လျှောက်ထားကြကုန်ပြီ၊ ထေရော- ထေရ်သည်၊ "သပ္ပိဖာဏိတာဒိနိ- ထောပတ် တင်လဲ အစရှိသည်တို့သည်၊ အတ္ထိ- ရှိကုန်သလော၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ၊ "ဘန္တေ- အရှင်ဘုရား၊

http://www.dhammadownload.com

အတ္ထိ- ရှိပါကုန်၏။" ဣတိ- ဤသို့လျှောက်ကုန်ပြီ၊ "စောရာနံ- သူပုန်တို့အား၊ ဒေထ- ပေးလိုက်ကုန်၊ တဏ္ဍုလာ- ဆန်တို့သည်၊ အတ္ထိ- လော၊" ဣတိ- ဤသို့ မေးပြီ၊ "ဘန္တေ- အရှင်ဘုရား၊ သံဃသ- သံဃာတော်၏၊ အတ္ထာယ- ၌၊ အာဟဋာ- ဆောင်ယူအပ်ကုန်သော၊ တဏ္ဍုလာ စ- ဆန်တို့သည်လည်းကောင်း၊ ပက္ကသာကဉ္စ- ကျက်ပြီးသော ဟင်းရွက်သည်လည်းကောင်း၊ ဂေါရသော စ- နွားမှဖြစ်သော အရသာသည်လည်းကောင်း၊ ဝါ- နို့ဒိန်, ထောပတ်, ရက်တက်, မသကာ နွားမှဖြစ်သော အရသာသည်လည်းကောင်း၊ အတ္ထိ- ကုန်၏။" ဣတိ- ဤသို့လျှောက်ကုန်ပြီ၊ "ဘတ္တံ- ထမင်းကို၊ သမ္မာဒေတွာ- ပြီးစေ၍၊ စောရာနံ- တို့အား၊ ဒေထ- ပေးလိုက်ကုန်၊" ဣတိ- ဤသို့ပြောပြီ၊ အာရာမိကာ- တို့သည်၊ တထာ- ထိုပြောသည့်အတိုင်း၊ ကရိံသု- ပြုကုန်ပြီ၊ စောရာ- တို့သည်၊ ဘတ္တံ- ထမင်းကို၊ ဘုဉ္ဇိတွာ- စားပြီး၍၊ "ကေန- အဘယ်ပုဂ္ဂိုလ်သည်၊ အယံ ပဋိသန္ထာရော- ကို၊ ကတော- ပြုအပ်သနည်း၊" ဣတိ- ဤသို့ ပုစ္ဆိံသု- ကုန်ပြီ၊ "အမှာကံ- အကျွန်ုပ်တို့၏၊ အယျေန- အရှင်ဖြစ်သော၊ အဘယတ္ထေရေန- သည်၊ (ကတော- ပြီ)" ဣတိ- ဤသို့ပြောကုန်ပြီ၊ စောရာ- တို့သည်၊ ထေရဿ- ၏၊ သန္တိကံ- အနီးသို့၊ ဂန္တွာ- ၍၊ ဝန္ဒိတွာ- ၍၊ "မယံ- တပည့်တော်တို့သည်၊ သံဃသ စ- သံဃာ၏လည်းကောင်း၊ စေတိယဿ စ- ကောင်း၊ သန္တကံ- ဥစ္စာကို၊ အစ္ဆိန္ဒိတွာ- လုယက်၍၊ ဂဟေဿာမ- ယူကုန်အံ့၊ ဣတိ- ဤသို့ကြံ၍၊ အာဂတာ- လာကုန်ပြီ၊ ပန- ထိုသို့ပင် လာခဲ့ပါကုန်သော်လည်း၊ တုမှာကံ- အရှင်ဘုရားတို့၏၊ ဣမိနာ ပဋိသန္ထာရေန- ဤအာမိသပဋိသန္ထာရကြောင့်၊ မယံ- တို့သည်၊ ပသန္နာ- ကြည်ညိုကြပါကုန်၏၊ အဇ္ဇတ္တာယ- ယနေ့မှ စ၍၊ ဝိဟာရေ- ၌၊ ဓမ္မိကာ- တရားရှိသော၊ ဝါ- တရားနှင့် လျော်သော၊ ရက္ခာ- အစောင့်အရှောက်သည်၊ အမှာကံ- တို့၏၊ ဝါ- တို့နှင့်၊ အာယတ္တာ- စပ်ဆိုင်သည်၊ ဟောတု- ဖြစ်ပါစေ၊ နာဂရာ- မြို့သူမြို့သားတို့သည်၊ အာဂန္တွာ- လာကြကုန်၍၊ ဒါနံ- ကို၊ ဒေန္တု- လှူကြပါစေကုန်၊ စေတိယံ- ကို၊ ဝန္ဒန္တု- ရှိခိုးကြပါစေကုန်၊" ဣတိ- ဤသို့၊ အာဟံသု- လျှောက်ထားကုန်ပြီ။

စ- ဆက်၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ နာဂရေ- မြို့၌နေသူ လူအပေါင်းသည်၊ ဒါနံ- ကို၊ ဒါတုံ- ၌၊ အာဂစ္ဆန္တေ- လာလတ်သော်၊ နဒီတီရေ- ယေဝ- ကဒမ္ဗမြစ်ကမ်း၌ပင်၊ပစ္ဆုဂ္ဂန္တွာ- ခရီးဦးကြိုဆိုကုန်၍၊ ရက္ခန္တာ- စောင့်ရှောက်ကုန်လျက်၊ ဝိဟာရံ- သို့၊ နေန္တိ- ပို့ဆောင်ကြကုန်၏၊ ဝိဟာရေပိ- ၌လည်း၊

http://www.dhammadownload.com

ဒါနံ- ကို၊ ဒေန္တာနံ- ပေးလှူကြသူတို့၏၊ ရက္ခံ- အစောင့်အရှောက်ကို၊ ကတွာ- ပြုကုန်၍၊ တိဋ္ဌန္တိ- တည်ကြကုန်၏၊ တေပိ- ထိုအလှူဒါန ပြုလုပ်ကြသူတို့သည်လည်း၊ ဘိက္ခူနံ- တို့၏၊ ဘုတ္တာဝသေသံ- စားအပ်ပြီးသည်မှ ကြွင်းကျန်သော ခဲဖွယ်ဘောဇဉ်ကို၊ စောရာနံ- တို့အား၊ ဒေန္တိ- ကုန်၏၊ ဂမနကာလေပိ- ပြန်သွားရာအခါ၌လည်း၊ တေ စောရာ- တို့သည်၊ နဒီတီရံ- မြစ်ကမ်းနားသို့၊ ပါပေတွာ- ရောက်စေ၍၊ ဝါ- ရောက်အောင်ပို့၍၊ နိဝတ္တန္တိ- ပြန်နစ်ကြကုန်၏။

အထ- ထိုမှနောက်၌၊ ဧကဒိဝသံ- တစ်နေ့၌၊ ဘိက္ခုသံဃေ- ၌၊ ခီယနက- ကထာ- ရှုတ်ချကြောင်းစကားသည်၊ ဥပ္ပန္နာ- ဖြစ်ပေါ်ခဲ့ပြီ၊ (ကိံ- အဘယ်နည်း၊) "ထေရော- အဘယထေရ်သည်၊ ဣဿရဝတာယ- အစိုးရခြင်း ရှိသူ၏ အဖြစ်ဖြင့်၊ (ဣဿရ ဝတာယဖြင့် ဘဏ္ဍာစားပေးသင့်သည်ဟု ဆိုလိုကြသည်၊) (ပါ၊ဘာဋ္ဌ၊၃၊၃၈၄။) သံယဿ- ၏၊ သန္တကံ- ကို၊ စောရာနံ- တို့အား၊ အဒါသိ- ပေးခဲ့ပြီ၊" ဣတိ- ဤသို့ဖြစ်ပေါ်ခဲ့ပြီ၊ ထေရော- အဘယထေရ်သည်၊ သန္နိပါတံ- သံယာအစည်း အဝေးကို၊ ကာရာပေတွာ- ပြုစေ၍၊ အာဟ- ပြောပြီ၊ (ကိံ- နည်း၊) "စောရာ- တို့သည်၊ သံယဿ- ၏၊ ပကတိဝဇ္ဇ- ပြကတ္တေ့ရိကွာကို လည်းကောင်း၊ စေတိယသန္တကဿ- စေတီတော်၏ ဥစ္စာကိုလည်းကောင်း၊ အဋ္ဌန္နံတွာ- လုယက်၍၊ ဂဏှိဿာမ- ယူကုန်အံ့၊ ဣတိ- ဤသို့ကြံ၍၊ အာဂမ်'သု- လာကြကုန်ပြီ၊ အထ- ထိုအခါ၌၊ တေသံ- တို့အား၊ မယာ- သည်၊ ဧတံ- ဤပကတိဝဇ္ဇံနှင့် စေတိယသန္တကကို၊ နဟရိဿန္တိ- ဆောင်ယူကြလိမ့်မည်မဟုတ်၊ ဣတိ- ဤသို့ကြံ၍၊ ဧတ္တကော- ဤမျှလောက်သော၊ ပဋိသန္ထာရော နာမ- ကို၊ ကတော- ပြုအပ်ပါပြီ၊ တံ သဗ္ဗမ်ပိ- ထိုအလုံးစုံကိုလည်း၊ ဧကတော- တစ်ပေါင်းတည်း၊ သမ်ဂဏှော့တွာ- ပေါင်း၍၊ အဂ္ဃပေထ- တန်ဖိုးဖြတ်စေကြပါကုန်၊ တေနကာရဏေန- ထိုအာမိသပဋိသန္ထာရကို ပြုခြင်းဟူသော အကြောင်းကြောင့်၊ အဝိလုတ္တံ- မလုယူအပ်သော၊ ဘဏ္ဍံ- ကို၊ ဧကတော- တည်း၊ သမ်ဂဏှော့တွာ- ၍၊ အဂ္ဃပေထ- တန်ဖိုးဖြတ်စေကြပါကုန်၊" ဣတိ- ဤသို့ပြောပြီ၊ တတော- ထိုအခါ၌၊ သဗ္ဗမ်ပိ- သော၊ ထေရေန- သည်၊ ဒိန္နကံ- ပေးအပ်သော ဥစ္စာသည်၊ စေတိယဿရေ- စေတီတော် ကျောင်းဆောင်၌၊ ဧကံ- တစ်ခုသော၊ ဝရပေါတ္ထကစိတ္တတ္ထရဏံ- ကောင်းမြတ်သော ဆေးရေးရုပ်တို့ ပါရှိရာ ဆန်းကြယ်စွာသော အခင်းကို၊ ဝါ- အခင်းလောက်၊ နံ အဂ္ဃတိ- မထိုက်တန်၊ တတော- ထို့ကြောင့်၊ (တတော- ထိုအခါ၌၊) အာဟံသု-

http://www.dhammadownload.com

ပြောဆိုကြကုန်ပြီ၊ (ကိ- နည်း၊) "ထေရေန- သည်၊ ကတော- ပြုအပ်ပြီးသော၊ ပဋိသန္ဓာရော- အာမိသပဋိသန္ဓာရသည်၊ သုကတော- ကောင်းစွာ ပြုအပ်ပြီးသည်၊ (ဟောတိ- ဖြစ်ပါ၏၊) စောဒေတုံ ဝါ- အပြစ်တင်ခြင်းငှာလည်းကောင်း၊ သာရေတုံ ဝါ- အပြစ်ကို အမှတ်ရစေခြင်းငှာလည်းကောင်း၊ န လဗ္ဘတိ- မရအပ်၊ ဂိဝါ ဝါ- ဘဏ္ဍာစားသည်လည်းကောင်း၊ အဝဟာရော ဝါ- ခိုးခြင်းသည်လည်းကောင်း၊ နတ္ထိ- မရှိ၊" ဣတိ- ဤသို့ပြောဆိုကြကုန်ပြီ၊ ဣတိ- ဤကား တစ်ခုသော ဝတ္ထုကို ထင်စွာ ပြခြင်းတည်း။

၉၀- ဤသို့လျှင်၊ ပဋိသန္ဓာရော- ပဋိသန္ဓာရသည်၊ မဟာနိသံသော- ကြီးသော အကျိုးရှိ၏၊ ဣတိ- ဤသို့၊ သလ္လက္ခေတွာ- မှတ်သား၍၊ ပဏ္ဍိတေန- ဝိနည်းအရာ လိမ်မာမြင်သိ ပညာရှိသော၊ ဘိက္ခုနာ- သည်၊ (ပဋိသန္ဓာရော- အာမိသပဋိသန္ဓာရကို၊) ကတ္တုဗ္ဗော- ပြုသင့်ပြုထိုက်၏၊ ဝါ- ပြုရမည်၊ ဣတိ- ဘေသဇ္ဇာဒိကရဏဝိနိစ္ဆယကထာကို ဆိုရာစကားရပ် ပြီးဆုံးလတ်၍ လက်စသတ်လိုက်ပြီ။

[ဤအာမိသပဋိသန္ဓာရကို ဝိနည်းကျွမ်းကျင်သော ရဟန်းများသာ ပြုသင့်သည်၊ ဝိနည်းကို မကျွမ်းကျင်သော ရဟန်းများပြုက ကုလဒူသန ဖြစ်တတ်သည်။]

ဣတိ- ဤဆိုအပ်ပြီးသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်၊ ပါဠိမုတ္တကဝိနယ-ဝိနိစ္ဆယသင်္ဂဟေ- ၌၊ ဘေသဇ္ဇာဒိကရဏဝိနိစ္ဆယကထာ- ဆေးကုမှုစသည်ကို ပြုလုပ်ခြင်း၌ အဆုံးအဖြတ်စကားရပ်သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

http://www.dhammadownload.com

၄။ ဝိညတ္တိဝိနိစ္ဆယကထာ

၂၁။ **ဝိညတ္တိ**တိ- ဝိညတ္တိဟူသည်ကား၊ ယာစနာ- တောင်းခြင်းတည်း၊ တတြ-ထိုဝိညတ္တိ၌၊ အယံ- ဤဆိုအပ်လတ္တံ့သော၊ ဝိနိစ္ဆယော- အဆုံးအဖြတ်ကို၊ ဝေဒိတဗ္ဗော- သိထိုက်၏။

မူလစ္ဆေဇ္ဇာယ- အရင်းမူလကို ဖြတ်ခြင်းအားဖြင့်၊ ပုရိသံ- ယောကျ်ားကို၊ ယာစိတုံ- တောင်းခြင်းငှာ၊ န ဝဋ္ဋတိ- မအပ်၊ "သဟာယတ္ထာယ- အဖော်အကျိုးငှာလည်းကောင်း၊ ကမ္မကရဏတ္ထာယ- အလုပ်လုပ်ခြင်းအကျိုးငှာလည်းကောင်း၊ ပုရိသံ- ကို၊ ဒေထ- ပေးကြကုန်၊" ဣတိ- ဤသို့၊ ယာစိတုံ-ငှာ၊ ဝဋ္ဋတိ- ၏။

ပုရိသေန- သည်၊ ကတ္တဗ္ဗံ- ပြုထိုက်သော၊ ဟတ္ထကမ္မသခီတံ- ဟတ္ထကမ်ဟုဆိုအပ်သော၊ ပုရိသတ္တကရံ- ယောကျ်ားသည် ပြုအပ်သောအမှုကို၊ ယာစိတုံ-ငှာ၊ ဝဋ္ဋတိယေဝ- အပ်သည်သာ၊ ဟိ- မှန်၏၊ ဟတ္ထကမ္မံ- ဟတ္ထကမ်သည်၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ဝတ္ထုံ- အထည်ကိုယ်ဝတ္ထုသည်၊ န ဟောတိ- မဟုတ်၊

ဝိညတ္တိ။ ။ ဝိညာပနာ- ဝိညတ္တိ၊ သိစေခြင်းသည် "ဝိညတ္တိ" မည်၏။ ယင်းသိစေခြင်းဟူသည်မှာလည်း "ဦးပဉ္စင်းက ဒီပစ္စည်းလေးကို လိုချင်တယ်၊ ဦးပဉ္စင်းအား ဒီပစ္စည်းလေးကို ပေးပါ"ဟု တောင်းခြင်းပင် ဖြစ်သည်၊ ထို့ကြောင့်ပင် "ဝိညတ္တိတိ-ယာစနာ"ဟု မိန့်ဆိုထားပေသည်။

မူလစ္ဆေဇ္ဇာယ ။ ။ ဥစ္စာရှင်၏ ပိုင်ဆိုင်မှုမှ ကင်းလွတ်စေ၍ လုံးဝကိုယ်ပိုင်ဥစ္စာဖြစ်လာအောင် တောင်းယူခြင်းကို "မူလစ္ဆေဇ္ဇာ"ဟု ခေါ်သည်။ ဤသို့ ယောကျ်ားကို တောင်းသော ရဟန်းမှာ အညာတကဝိညတ္တိဒုက္ကဋ်လည်း သင့်သည်၊ ဒါသပွဋိဂ္ဂဟဏဒုက္ကဋ်အာပတ်လည်း သင့်သည်၊ ဆွေမျိုးတော်သူ ဖိတ်မံထားသူတို့ထံမှ ကျွန်ကို အပြီးအပိုင်ဥစ္စာဖြစ်လာအောင် တောင်းယူသော ရဟန်းမှာ သာယာခြင်းနှင့် စပ်လျဉ်း၍ ဒုက္ကဋ်အာပတ်သင့်သည်။ (ဋီကာများ။)

ပုရိသတ္တကရ။ ။ ပုရိသော ယေဝ- ပုရိသတ္တံ၊ ကာတဗ္ဗန္တိ- ကရံ၊ ပုရိသတ္တေန ကရံ- ပုရိသတ္တကရံ။ ယောကျ်ားလုပ်ထိုက်သော အလုပ်ကို "ပုရိသတ္တကရ"ဟု ခေါ်သည်၊ ထို့ကြောင့်ပင် ပုရိသေန ကတ္တဗ္ဗံ-ဟု မိန့်ဆိုထားပေသည်၊ ယင်းပုရိသတ္တကရကိုပင် (ဟတ္ထေဟိ ကတ္တဗ္ဗံ ကမ္မံ- ဟတ္ထကမ္မံ) လက်တို့ဖြင့် ပြုလုပ်ထိုက်သော ကိစ္စဖြစ်သောကြောင့် "ဟတ္ထကမ္မ (ဟတ္ထကမ်- လက်အလုပ်)"ဟုလည်း ခေါ်သည်။ ယင်းဟတ္ထကမ်ကို တောင်း၍ အပ်သောနည်းဖြင့် ခိုင်းလိုရာခိုင်းကောင်းသည်။

http://www.dhammadownload.com

တသ္မာ- ထို့ကြောင့်၊ မိဂလုဒ္ဒကမစ္ဆဗန္ဓကာဒီနံ- သားမုဆိုးတံငါ စသူတို့၏၊ သကကမ္မံ- မိမိတို့၏ ဥစ္စာဖြစ်သောအလုပ်ကို၊ ဌပေတွာ- ထား၍၊ အဝသေသံ- ကြွင်းသော၊ သဗ္ဗံ- အလုံးစုံသော၊ တံ- ထိုဟတ္ထကမ်သည်၊ ကပ္ပိယံ- အပ်၏။

"ဘန္တေ- အရှင်ဘုရား၊ ကိံ- အဘယ်အကျိုးငှာ၊ အာဂတာ- ကြွလာကုန်သည်၊ အတ္ထ- ဖြစ်ပါကုန်သနည်း၊ ကေန ကမ္မေန- အဘယ်ကိစ္စဖြင့်၊ (အာဂတာ- ကုန်သည်၊ အတ္ထ- ကုန်သနည်း၊)" ဣတိ- ဤသို့၊ ပုစ္ဆိတေ ဝါ- မေးအပ်သော်လည်းကောင်း၊ အပုစ္ဆိတေ ဝါ- မမေးအပ်သော်လည်းကောင်း၊ ယာစိတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ ဝိညတ္တိပစ္စယာ- မိမိအလိုရှိသည်၏ အဖြစ်ကို သိစေခြင်းဟူသော အကြောင်းကြောင့်၊ ဝါ- တောင်းခြင်းဟူသော အကြောင်းကြောင့်၊ ဒေါသော- (သုပေါဒနဝိညတ္တိဒုက္ကဋ်) အပြစ်သည်၊ နတ္ထိ- မရှိ။

ပန- ဆက်၊မိဂလုဒ္ဒကာဒယော- သားမုဆိုး စသူတို့ကို၊ သကကမ္မံ- မိမိတို့၏ ဥစ္စာဖြစ်သော အလုပ်ကို၊ န ယာစိတဗ္ဗာ- မတောင်းထိုက်ကုန်၊ "ဟတ္ထကမ္မံ- ကို၊ ဒေထ- ကုန်၊" ဣတိ- သို့၊ အနိယမေတွာပိ- မည်သည့် ဟတ္ထကမ်ဟု မသတ်မှတ်မူ၍လည်း၊ န ယာစိတဗ္ဗာ- ကုန်၊ ဟိ- အပြစ်ကို ပြဦးအံ့၊ ဧဝံ- ဤသို့ (မည်သည့် ဟတ္ထကမ်ဟု မသတ်မှတ်ဘဲ)၊ ယာစိတာ- တောင်းအပ်ကုန်သော၊ တေ- ထိုသားမုဆိုး စသူတို့သည်၊ "ဘန္တေ- အရှင်ဘုရား၊ သာဓု- ကောင်းပါပြီ၊" ဣတိ- ဤသို့လျှောက်၍၊ ဘိက္ခူ- တို့ကို၊ ဥယျောဇေတွာ- ပြန်လွှတ်လိုက်၍၊ မိဂေပိ- သားကောင်တို့ကိုလည်း၊ မာရေတွာ- သတ်ဖြတ်၍၊ အာဟရေယ္ယု- ဆောင်ယူလာကုန်ရာ၏၊ ပန- အလျော်ကား၊ နိယမေတွာ- ပိုင်းခြားသတ်မှတ်၍၊ "ဝိဟာရေ- ၌၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ကတ္တဗ္ဗံ- ပြုဖွယ်ကိစ္စသည်၊ အတ္ထိ- ၏၊ တတ္ထ- ထိုကျောင်း၌၊ ဟတ္ထကမ္မံ- ဟတ္ထကမ်ကို၊ ဒေထ- ပေးကြကုန်၊" ဣတိ- ဤသို့၊ ယာစိတဗ္ဗာ- တောင်းထိုက်ကုန်၏။

မုဆိုးတံငါနှင့် ဟတ္ထကမ် ။ ။ (သက- မိမိဥစ္စာဖြစ်သော+ကမ္မ- အလုပ်၊) ဤ၌ သကကမ္မ-ဟူသည် မုဆိုးတံငါ စသူတို့၏ ကိုယ်ပိုင်လုပ်ငန်းဖြစ်သော သတ်ဖြတ်မှုပင် ဖြစ်သည်။ ဤ "သကကမ္မံ န ယာစိတဗ္ဗံ" ဟူသော စကားကိုလည်း ပါဏာတိပါတ အပြစ် (ဟုဆိုအပ်သောဒုက္ကဋ်) ကို ရှောင်လွှဲရန်သာ ဆိုထားသည်။ တောင်းခြင်းကို ရှောင်လွှဲရန် ဆိုထားသည်မဟုတ်။

ထို့ပြင် "အနိယမေတွာပိ န ယာစိတဗ္ဗာ"ဟူ သော စကားကိုလည်း ရဟန်းတို့ ရိုသေ လေးစားရမည့် ကျင့်ဝတ်ကို ပြရန်အကျိုးငှာသာ ဆိုထားသည်။ အမှန်မှာ

http://www.dhammadownload.com

ဖာလနဂ်လာဒီနိ- ထယ်ထွန်အစရှိကုန်သော၊ ဥပကရဏာနိ- အဆောက်အဦတို့ကို၊ ဂဟေတွာ- ယူ၍၊ ကသိတုံ ဝါ- လယ်ထွန်ခြင်းငှာသော်လည်းကောင်း၊ ဝပိတုံ ဝါ- စိုက်ပျိုးခြင်းငှာသော်လည်းကောင်း၊ လာယိတုံ ဝါ- ရိတ်ခြင်းငှာသော်လည်းကောင်း၊ ဂစ္ဆန္တံ - သွားသော၊ သကိစ္စပသုတမ်မိ- မိမိကိစ္စ၌အားထုတ်သည်လည်းဖြစ်သော၊ ကဿက ဝါ- လယ်သမားကိုသော်လည်းကောင်း၊ အညံ ဝါ- အခြားသူကိုသော်လည်းကောင်း၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ဟတ္ထကမ္မံ- ကို၊ ယာစိတုံ- ငှာ၊ ဝဋ္ဋတေဝ- အပ်သည်သာ၊ ပန- ဆက်၊ ယော- အကြင်သူသည်၊ ဝိယာသာဒေါ- စားကြွင်းစားသည်၊ ဟုတ္ဝာ ဝါ- ဖြစ်၍သော်လည်းကောင်း၊ အညော- တစ်ခြားသော၊ ကောစိ- တစ်စုံတစ်ယောက်သော၊ နိက္ကမ္မော- အလုပ်မရှိသူသည်၊ ဟုတ္ဝာ ဝါ- ကောင်း၊ နိရတ္ထကကထံ- အကျိုးမရှိသော စကားကို၊ ကထေန္တော- ပြောလျက်လည်းကောင်း၊ နိဒ္ဒါယန္တော ဝါ- အိပ်လျက်လည်းကောင်း၊ ဝိဟရတိ- နေ၏၊ ဧဝရူပံ- ဤသို့သဘောရှိသူကို၊ အယာစိတ္ဝာပိ- မတောင်းဘဲလည်း၊ ရေ- ဟေ့ ဒကာ၊ ဧဟိ- လာလော၊ ဣဒံ ဝါ ဣဒံ ဝါ- ဤအလုပ် ဤအလုပ်ကိုလည်း၊ ကရောဟိ- လုပ်ပေးလော့၊ ဣတိ- ဤသို့၊ ယဒိစ္ဆကံ- အလိုရှိတိုင်း၊ ကာရာပေတုံ- လုပ်စေခြင်းငှာ၊ ဝဋ္ဋတိ- ၏။

ပန- ဆက်၊ ဟတ္ထကမ္မဿ- ၏၊ သဗ္ဗကပ္ပိယဘာဝဒီပနတ္ထံ- အလုံးစုံအပ်သည်၏အဖြစ်ကို ပြခြင်းအကျိုးငှာ၊ ဣမံ နယံ- ဤနည်းကို၊ ကထေန္တိ- ပြောဆိုကြကုန်၏၊ ဟိ- ချဲ့ဦးအံ့၊ ဘိက္ခု- သည်၊ ပါသာဒံ- ပြာသာဒ်ကို၊ ကာရေတု- ကာမော-ပြုစေလိုသည်၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ- သော်၊) ထမ္ဘတ္ထာယ-တိုင်အကျိုးငှာ၊ ပါသာဏကောဋ္ဌကာနံ- ကျောက်ဆစ်သမားတို့၏၊ ဃရံ- အိမ်သို့၊ ဂန္တွာ- ၍၊ "ဥပါသကာ- ဒကာတို့၊ ဟတ္ထကမ္မံ- ကို၊ လဒ္ဓုံ- ရခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊" ဣတိ- ဤသို့၊ ဝတ္တဗ္ဗံ- ပြောသင့်၏။ "ဘန္တေ- ရား၊ ကိံ- အဘယ်ကို၊

စင်ကြယ်သော စိတ်ဖြင့် ဟတ္ထကမ်ကို တောင်းသော ရဟန်းအား အာပတ်သင့်မှုမည်သည် မရှိချေ။ (ဝိမတိ၊၁၊၂၇၂။)

ဖာလ။ပ။ ဝဋ္ဋတိ ။ ။ အလုပ်လက်ရှိဖြစ်သူကို ဟတ္ထကမ်တောင်းပြီးမှ ခိုင်းပါ၊ အလုပ်လက်မဲ့သူကို ဟတ္ထကမ် မတောင်းဘဲ အလိုရှိတိုင်း ခိုင်းကောင်းသည်။ အလုပ်လက်ရှိသူကို ဟတ္ထကမ် မတောင်းဘဲ ခိုင်းသော ရဟန်းမှာ ဝိညတ္တိ မရှိသည်သာ၊ သို့သော် ရိုသေလေးစားရမည့် ကျင့်ဝတ်ကို ပြုရန်အလို့ငှာ အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့ကို ခွဲခြားပြဆိုထားသည်။ (ဝိမတိ၊၁၊၂၇၂။)

http://www.dhammadownload.com

ကာတဗ္ဗံ- ပြုသင့်ပါသနည်း၊" ဣတိ- ဤသို့ လျှောက်အံ့၊ "ပါသာဏတ္ထမ္ဘာ-ကျောက်တိုင်တို့ကို၊ ဥဒ္ဓရိတွာ- (ကျောက်တိုင် ထွက်ရာအရပ်မှ) ထုတ်ဆောင်၍၊ ဒါတဗ္ဗာ- ပေးသင့်ကုန်၏။" ဣတိ- ဤသို့ ပြောဆိုထိုက်၏။ တေ- ထိုဒကာတို့သည်၊ ဥဒ္ဓရိတွာ- ၍၊ သစေ ဒေန္တိ ဝါ- ကုန်အံ့၊ ဥဒ္ဓရိတွာ- ၍၊ နိက္ခိတ္တေ-ထားအပ်ကုန်သော၊ အတ္တနော- မိမိ၏၊ ထမ္ဘေ- တို့ကို၊ သစေ ဒေန္တိ ဝါ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ- ၏။

[မူလက တောမှ ထုတ်ဆောင်ပေးစေလိုသော စိတ်၏စင်ကြယ်မှုကြောင့် သူတို့ပိုင်ဆိုင်သော နဂိုရှိနှင့်ပြီး တိုင်တို့ကို ပေးသော်လည်း အပ်ပါ၏။]

"ဘန္တေ- ရား၊ အမှာကံ- တို့၏၊ ဟတ္ထကမ္မံ- ကို၊ ကာတုံ- ငှာ၊ ခဏော-အခွင့်အခါသည်၊ နတ္ထိ- မရှိပါ၊ အည်- အခြားဒကာကို၊ ဥဒ္ဓရာပေထ- ထုတ်ဆောင်စေပါကုန်၊ တဿ- ထိုသူ့အား၊ မူလံ- အဖိုးအခကို၊ ဒဿာမ၊" ဣတိ- ဤသို့၊ အထာပိ ဝဒန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဥဒ္ဓရာပေတွာ- စေ၍၊ "ပါသာဏတ္ထမ္ဘေ- ကျောက်တိုင်တို့ကို၊ ဥဒ္ဓတ မနုဿာနံ- ထုတ်ဆောင်သော လူတို့အား၊ မူလံ- အဖိုးအခကို၊ ဒေထ- ပေးကြကုန်၊" ဣတိ- သို့၊ ဝတ္တုံ-ပြောခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏။

ဧတေနေဝ ဥပါယေန- ဤနည်းဖြင့်ပင်လျှင်၊ ပါသာဒဒါရူနံ- ပြာသာဒ်အလို့ငှာ သစ်သားတို့၏၊ အတ္ထာယ- ငှာ၊ ဝမ္ဗကီနံ- လက်သမားတို့၏၊ သန္တိကံ- အထံသို့ လည်းကောင်း၊ ဣဋ္ဌကာယ- အုတ်အကျိုးငှာ၊ ဣဋ္ဌကဝမ္ဗကီနံ- ပန်းရံသမားတို့၏၊ သန္တိကံ- ကောင်း၊ ဆဒနတ္ထာယ- အမိုးအကျိုးငှာ၊ ဧဟာရကာဒကာနံ-အိမ်မိုးတတ်သူတို့၏၊ သန္တိကံ- ကောင်း၊ စိတ္တကမ္မတ္ထာယ- ပန်းချီဆေးရေးမှုအကျိုးငှာ၊ စိတ္တကာရာနံ- ပန်းချီဆရာတို့၏၊ သန္တိကံ- ကောင်း၊ ဣတိ- ဤသို့၊ ယေန ယေန- အကြင် အကြင်အလုပ်ဖြင့်၊ အတ္ထော- အလိုသည်၊ ဟောတိ- ရှိအံ့၊

မူလံ ဒေထာတိ ဝတ္တုံ ဝဋ္ဋတိ ။ ။ အဖိုးအခကို ပေးပါမည်ဟု ရှေးဦးအလျှင်ကြိုတင် ပြောဆိုထားသောကြောင့် ဝိညတ္တိ-လည်းမဖြစ်။ ထို့ပြင် အဖိုးအခဟူသော စကားသည် ကပ္ပိယဝတ္ထု၊ အကပ္ပိယဝတ္ထု-နှစ်ခုလုံးနှင့် သက်ဆိုင်နေပါသော်လည်း လက်ခစားအလုပ်ကို လုပ်ပြီးသူတို့အား အပေးခိုင်းသောကြောင့် အကပ္ပိယဝတ္ထု-ကို သာယာခြင်းလည်းမဖြစ်၊ ထို့ကြောင့် အဖိုးအခကို ပေးလိုက်ကြပါဟု ပြောကောင်းသည်။ (ဝိမတိ၊၁၊၂၇၂။)

http://www.dhammadownload.com

တဿ တဿ- ထို ထို အလုပ်၏၊ အတ္ထာယ- ငှာ၊ တေသံ တေသံ သိပ္ပကာရ-ကာနံ- ထိုထိုအတတ်သည်တို့၏၊ သန္တိကံ- သို့၊ ဂန္တွာ- ၍၊ ဟတ္ထကမ္မံ- ကို၊ ယာစိတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ စ- ဆက်၊ ဟတ္ထကမ္မယာစနဝသေန- ဟတ္ထကမ်ကို တောင်းခြင်း၏အစွမ်းဖြင့်၊ မူလစ္ဆေဇ္ဇာယ ဝါ- အမြစ်အရင်း၏ ပြတ်ခြင်းဖြင့် သော်လည်းကောင်း၊ ဘတ္တဝေတနာနုပ္ပဒါနေန ဝါ- ထမင်းရိက္ခာကို ပေးခြင်းဖြင့် သော်လည်းကောင်း၊ [မူလအတောင်းခံရသူတို့က သူတို့ မအား၍ အခြားသူကို ခိုင်းပါ၊ အဖိုးအခပေးလိုက်ပါမည်ဟု လျှောက်၏၊ ပြီးသောအခါ သူတို့က ထမင်းရိက္ခာပေးခြင်းတည်း။]

လဒ္ဓမ္မိ- ရအပ်သည်လည်းဖြစ်သော၊ သဗ္ဗံ- အလုံးစုံသော အဆောက်အဦကို၊ ဂဟေတုံ- ယူခြင်းငှာ၊ ဝဋ္ဋတိ- ၏၊ စ- ဆက်၊ အရညတော- တောမှ၊ အာဟရာပေန္တေန- ဆောင်ယူစေသော ရဟန်းသည်၊ သဗ္ဗံ- သော၊ အနဏ္ဏာဝုတ္ထကံ- သူတစ်ပါးတို့ မစိုးအုပ် မသိမ်းပိုက်အပ်သော သစ်ဝါးစသည်ကို၊ အာဟရာပေတဗ္ဗံ- ဆောင်ယူစေထိုက်၏။ [အနဏ္ဏာဝုတ္ထကန္တိ အပရိဂ္ဂဟိတံ- သူတစ်ပါးတို့ မသိမ်းပိုက်အပ်သော သစ်ဝါး စသည်။]

၂၂။ စ- ဆက်၊ ကေဝလံ- မဉ္စပီဌ စသည်မဖက် သက်သက်၊ ပါသာဒံ- ကို၊ ကာရေတုကာမေန- ပြုစေလိုသော ရဟန်းသည်သာ၊ (ဟတ္ထကမ္မံ- ကို၊ ယာစိတဗ္ဗံ- တောင်းထိုက်သည်ကား၊) န- မဟုတ်သေး၊ မဉ္စပီဌပတ္တပရိယာဝနဓမ-ကရဏာစီဝရာဒီနိ- ညောင်စောင်းအင်းပျဉ် သပိတ် ပုဝါရေစစ် ဓမကရိဏ်ရေစစ် သင်္ကန်းအစရှိသည်တို့ကို၊ ကာရာပေတုကာမေနာပိ- ပြုစေလိုသော ရဟန်းသည်လည်း၊ ဒါရုလောဟသုတ္တာဒီနိ- သစ်သား သံချည်အစရှိသည်တို့ကို၊ လဘိတွာ- ရ၍၊ တေတေသိပ္ပကာရကေ- ထိုထို အတတ်သည်တို့သို့၊ ဥပ-သင်္ကမိတွာ- ချဉ်းကပ်၍၊ ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ ဟတ္ထကမ္မံ- ကို၊ ယာစိတဗ္ဗံ- တောင်းသင့်၏၊ စ- ဆက်၊ ဟတ္ထကမ္မယာစန-ဝသေန- ဟတ္ထကမ်ကို တောင်းခြင်း၏အစွမ်းဖြင့်၊ မူလစ္ဆေဇ္ဇာယ ဝါ- အမြစ်အရင်း၏ ပြတ်ခြင်းဖြင့်သော်လည်းကောင်း၊ ဘတ္တဝေတနာနုပ္ပဒါနေန ဝါ-

---

မဉ္စ။ပ။ ကာရာပေတုကာမေန ။ ။ ဆွေမျိုးလည်းမတော် ဖိတ်မဲ့၍လည်း မထားဘူးသော ရက်ကန်းသည်တို့ကို ဟတ္ထကမ်အမှုတောင်းခြင်းဖြင့် သင်္ကန်းအရက်ခိုင်းခဲ့ပါလျှင် ခိုင်းသောရဟန်းမှာ တောင်းခြင်းဟူသော အကြောင်းကြောင့် ဒုက္ကဋ်အာပတ်မသင့်ပါသော်လည်း စီဝရဝါယာပန သိက္ခာပုဒ်ကြောင့် ထိုက်သည့်အားလျော်စွာ ပါစိတ်ဒုက္ကဋ်သင့်နိုင်ပေသည်။ (ဝိမတိ၊၁၊၂၇၂။)

http://www.dhammadownload.com

ထမင်းရိက္ခာကို ပေးခြင်းဖြင့်သော်လည်းကောင်း၊ လဒ္ဓမ္မိ- ရအပ်သည်လည်းဖြစ်သော၊ သဇ္ဇံ- အလုံးစုံသော အဆောက်အဦကို၊ ဂဟေတဗ္ဗံ- ခံယူသင့်၏။ ပန- ဆက်၊ ကာတုံ- ပြုခြင်းငှာ၊ သစေ နံ ဣစ္ဆန္တိ- အကယ်၍ အလိုမရှိကုန်အံ့၊ ဘတ္တဝေတနံ- ထမင်းရိက္ခာကို၊ ဝါ- ထမင်းဖိုးကို၊ သစေ ပစ္စာသီသန္တိ- အကယ်၍ တောင့်တကြကုန်အံ့၊ (ဧဝံ သတိ- သော်၊) အကပ္ပိယကဟာပဏာဒိ- အကပ္ပိယ၊ ငွေအစရှိသည်ကို၊ နံ ဒါတဗ္ဗံ- မပေးရာ၊ ဝါ- မပေးကောင်း၊ ဘိက္ခာစာရဝတ္တေန- တောင်းခံလှည့်လည်ခြင်းဟူသော ကျင့်ဝတ်ဖြင့်၊ (ဆွမ်းခံသလို အိမ်ပေါက်စေ့သွား၍ ရပ်ခြင်းဟူသော ကျင့်ဝတ်ဖြင့်၊) တဏ္ဍုလာဒီနိ- ဆန်စသည်တို့ကို၊ ပရိယေသိတွာ- ရှာ၍၊ ဒါတုံ- ငှာ၊ ဝဋ္ဋတိ- ၏။

ဟတ္ထကမ္မဝသေန- ဟတ္ထကမ်၏ အစွမ်းဖြင့်၊ ပတ္တံ- သပိတ်ကို၊ ကာရေတွာ- ပြုစေ၍၊ တထေဝ- ထိုဟတ္ထကမ်၏ အစွမ်းဖြင့်သာလျှင်၊ ပါစေတွာ- ဖုတ်စေပြီး၍၊ နဝပက္ကဿ- ကျက်ပြီးခါစဖြစ်သော၊ ပတ္တဿ- သပိတ်ကို၊ ပုဉ္ဆနတေလတ္ထာယ- သုတ်ကြောင်းဆီအကျိုးငှာ၊ အန္တောဂါမံ- ရွာတွင်းသို့၊ ပဝိဋ္ဌေန- ဝင်သော ရဟန်းသည်၊ ဘိက္ခာယ- ဆွမ်းအလို့ငှာ၊ အာဂတော- ကြွလာ၏၊ ဣတိ- သို့၊ သလ္လက္ခေတွာ- မှတ်ထင်၍၊ ယာဂုယာ ဝါ- ယာဂုကိုသော်လည်းကောင်း၊

အကပ္ပိယကဟာပဏာဒီ နံ ဒါတဗ္ဗံ။ ။ အပ်စပ်သောနည်းဖြင့် ရထား (သော ငွေဖြစ်) ပါသော်လည်း လက်အမှုကို ပြုလုပ်ရန်အကျိုးငှာ ဤသူအား ငွေကိုပေးပါဟု ပြောဆိုခြင်းသည် မအပ်၊ ထို့ကြောင့် မအပ်သော ငွေစသည်ကို မပေးရဟု ဆိုထားသည်။

ဟတ္ထကမ်လုပ်ပြီးသော ပုဂ္ဂိုလ်အား အပေးခိုင်းရာ၌ အပြစ်မရှိသော်လည်း (ရဟန်းတို့အား) သင့်လျော်လျောက်ပတ်မှုကား မဖြစ်ချေ၊ ထို့ကြောင့် မအပ်သော ငွေစသည်ကို မပေးရဟုလည်း ဆိုကြသည်။

လုပ်ပြီးသော အလုပ်အတွက်ပဲဖြစ်ဖြစ် လုပ်မည့်အလုပ်အတွက်ပဲဖြစ်ဖြစ် ကပ္ပိယဝေါဟာရ နည်းပရိယာယ်အားဖြင့် အခအပေးခိုင်းသော ရဟန်းမှာ အပြစ်မရှိပါ။ (ဝိမတိ၊၁၊၂၇၂-၂၇၃။)

မအပ်သောကြေးငွေ စသည်ကို သာယာမှုမရှိဘဲ ကပ္ပိယဝေါဟာရဖြင့် ပေးခြင်းငှာ အပ်ပါသော်လည်း ရဟန်းတို့အား သင့်လျော်လျောက်ပတ်မှု (သာရုပ္ပ) ကား မဖြစ်တော့ချေ၊ ထို့ပြင် ဤရဟန်းမှာ ပစ္စည်းဥစ္စာရှိသည်ဟု ထင်မှတ်၍ လူအများ၏ ညှဉ်းဆဲမှုကိုလည်း ခံရတတ်သည်။ ထို့ကြောင့် မအပ်သောကြေးငွေ စသည်ကို မပေးသင့်ဟု ပယ်မြစ်ထားပေသည်။ (သာရတ္ထ၊၂၃၃၁။)

http://www.dhammadownload.com

ဘတ္တော ဝါ- ထမင်းကိုသော်လည်းကောင်း၊ အာနိတေ- အနီးသို့ ဆောင်အပ်သော်၊ ဟတ္ထေန- လက်ဖြင့်၊ ပတ္တော- သပိတ်ကို၊ ပိဓာတဇ္ဇော- ပိတ်ထားထိုက်၏။ (ရှေးကသပိတ်ဖုံး မရှိသောကြောင့် လက်ဖြင့်ပိတ်သည်၊) ဥပါသိကာ- ဆွမ်းလောင်းမည့် ဥပါသိကာမသည်၊ "ဘန္တေ- ရား၊ ကိံ- အဘယ်ပါနည်း၊" ဣတိ- သို့၊ သစေ ပုစ္ဆတိ- အကယ်၍ မေးအံ့၊ (ဧဝံ သတိ- သော်၊) "ပတ္တော- သပိတ်သည်၊ ဝါ- သပိတ်က၊ နဝပက္ကော- ကျက်ပြီးခါစတည်း၊ ပုဉ္ဇနတေလေန- သုတ်လိမ်းကြောင်းဆီဖြင့်၊ အတ္ထော- အလိုရှိ၏၊" ဣတိ- ဤသို့၊ ဝတ္တဗ္ဗံ- ပြောသင့်၏၊ သာ- ထိုဥပါသိကာမသည်၊ "ဘန္တေ- ရား၊ ဒေဟိ- ပေးလော့၊" ဣတိ- ဤသို့လျှောက်ထား၍၊ ပတ္တံ- သပိတ်ကို၊ ဂဟေတွာ- ယူ၍၊ တေလေန- ဆီဖြင့်၊ ပုဉ္ဆိတွာ- သုတ်၍၊ ယာဂုယာ ဝါ- ယာဂုဖြင့်သော်လည်းကောင်း၊ ဘတ္တသ ဝါ- ထမင်းဖြင့် သော်လည်းကောင်း၊ ပူရေတွာ- ပြည့်စေ၍၊ သစေ ဒေတိ- အကယ်၍ ပေးအံ့၊ (ဧဝံ သတိ- သော်၊) ဝိညတ္တိ နာမ- တောင်းခြင်းမည်သည်၊ န ဟောတိ- မဖြစ်၊ ဂဟေတုံ- ယူခြင်းငှာ၊ ဝဋ္ဋတိ- ၏၊ ဣတိ- ဤသို့၊ ဣမံ- နယံ- ဤနည်းကို၊ ကထေန္တိ- ဆိုကြကုန်၏။

၂၃။ ဘိက္ခူ- တို့သည်၊ ပဂေဝ- စောစော၌ပင်လျှင်၊ ပိဏ္ဍာယ- ဆွမ်းအလို့ငှာ၊ စရိတွာ- လှည့်လည်ပြီး၍၊ အာသနသာလံ- (ရွာတွင်း) ဆွမ်းစားဇရပ်သို့၊ ဂန္ဓာ- သွားကုန်၍၊ အာသနံ- နေရာထိုင်ခုံကို၊ အပဿန္တာ- မမြင်ကုန်လတ်သော်၊ တိဋ္ဌန္တိ- ရပ်နေကုန်အံ့၊ တတြ- ထိုသို့ရပ်နေကြရာ၌၊ ဥပါသကာ- ဒကာတို့သည်၊ ဌိတေ- ရပ်နေကုန်သော၊ ဘိက္ခူ- ရဟန်းတို့ကို၊ ဒိသွာ- တွေ့ကုန်၍၊ သယမေဝ- အလိုလိုသာလျှင်၊ ဝါ- သူတို့အလိုအလျောက်သာလျှင်၊ (ရဟန်းတို့က အယူမခိုင်းဘဲ၊) အာသနာနိ- နေရာထိုင်ခုံတို့ကို၊ စေ အာဟရာပေန္တိ- အကယ်၍ ဆောင်စေကုန်အံ့၊ (အခြားသူတစ်ဦးကို ခိုင်းလိုက်သည်၊) ဧဝံ သတိ- သော်၊ နိသီဒိတွာ- ထိုင်ပြီး၍၊ ဂစ္ဆန္တေဟိ- ပြန်သွားကုန်သော ရဟန်းတို့သည်၊ အာပုစ္ဆိတွာ- ပန်ပြော၍၊ ဂန္တဗ္ဗံ- သွားသင့်၏၊ အနာပုစ္ဆာ- မပန်ပြောမူ၍၊ ဂတာနမိဿ- သွားကုန်သော ရဟန်းတို့၏လည်း၊ နဋ္ဌ- ပျောက်သောနေရာထိုင်ခုံသည်၊ ဂီဝါ-

---

ကိံ ဘန္တေ။ ။ "အရှင်ဘုရား ဘာကိစ္စပါနည်း၊" ဤမျှသာ မေးသော်လည်း ယင်းသို့ အမေးခံရသည့်အတွက်ကြောင့် (ပင်) ရွာတွင်းသို့ ဝင်လာစဉ်က ရည်မှန်းထားသော အရာဝတ္ထုကို ပြောဆိုကောင်းသည်။ (သာရတ္ထ၊ ၂၃၃၁။)

ဂီဝါ နု ဖောဇေါ။ ။ ရဟန်းက မခိုင်းရဘဲ ယူ၍ ပေးသောကြောင့် ရဟန်းမှာ တာဝန်မရှိရကား အစားပေးဖွယ်မလို၊ သို့သော် ပန်ပြော၍ သွားခြင်းကိုမူ ထုံးတမ်းစဉ်လာအရ လုပ်သင့်သည်။ မလုပ်သည့်အတွက် အာပတ်သင့်မှုကား မဖြစ်နိုင်ပါ။

http://www.dhammadownload.com

အစားသည်၊ နု ဟောတိ- မဖြစ်၊ ပန- ထိုသို့ပင် အစားပေးဖွယ် မလိုပါသော်လည်း၊ အာပုစ္ဆိတွာ- ပန်ပြော၍၊ ဂမနံ- သွားခြင်းသည်၊ ဝတ္တံ- ကျင့်ဝတ်တည်း၊ ဘိက္ခူဟိ- တို့သည်၊ "အာသနာနိ- တို့ကို၊ အာဟရထ- ဆောင်ခဲ့ကြကုန်၊" ဣတိ- သို့၊ ဝုတ္တေဟိ- ပြောဆိုအပ်သော ဒါယကာတို့သည်၊ အာဟဋာနိ- ဆောင်အပ်ကုန်သည်၊ သစေ ဟောန္တိ- ကုန်အံ့၊ (ဧဝံ သန္တေ- သော်၊) အာပုစ္ဆိတွာဝ- ပန်ပြော၍သာ၊ ဂန္တုံ- သွားရမည်၊ အနာပုစ္ဆာ- မပန်ပြောဘဲ၊ ဂတာနံ- သွားကုန်သော ရဟန်းတို့၏၊ ဝတ္တာဘေဒေါ စ- ကျင့်ဝတ်ပျက်ခြင်းသည်လည်းကောင်း၊ နဋ္ဌံ- ပျောက်သော ထိုင်ခုံသည်၊ ဂိဝါ စ- အစားသည်လည်းကောင်း၊ ဟောတိ- ၏၊ အတ္ထရဏကောဇဝကာဒီသုပိ- အခင်းကော်ဇောအစရှိသည်တို့၌လည်း၊ ဧသေဝ- ဤဆိုအပ်ပြီးသော အစီအရင်သည်ပင်၊ နယော- သိကြောင်းဖြစ်သောနည်းတည်း၊ ဝါ- အနက်ကို ဆောင်ကြောင်းအစီအရင်တည်း။

မင်္ဂိကာ- ယင်တို့သည်၊ ဗဟုကာ- များကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ "မင်္ဂိကာဗိဇနိံ- ယင်နှင်ယပ်ကို၊ အာဟရထ- ဆောင်ယူခဲ့ကြကုန်၊" ဣတိ- ဤသို့၊ ဝတ္တဗ္ဗံ- ပြောကောင်း၏၊ ပုစိမန္ဒသာခါဒိနိ- တမာခက်အစရှိသည်တို့ကို၊ အာဟရန္တိ- ကုန်အံ့၊ (ယပ်အဆင်သင့် မရှိသည့်အတွက်၊) ကပ္ပိယံ- အပ်စပ်သည်ကို၊ ကာရာပေတွာ- ပြုစေ၍ (တစ်နည်းကား) ကပ္ပိယံကာရာပေတွာ- ကပ္ပိခိုင်း၍၊ ပဋိဂ္ဂဟေတဗ္ဗာနိ- အကပ်ခံထိုက်ကုန်၏။

အာသနသာလာယံ- ဆွမ်းစားဇရုပ်၌၊ ဥဒကဘာဇနံ- ရေအိုးသည်၊ ရိတ္တံ- အချည်းနှီးသည်၊ ဝါ- ရေမရှိသည်၊ ဟောတိ- အံ့၊ "ဓမကရဏံ- ဓမကရိဏ်ကို၊

ကပ္ပိယံ ကာရေတ္ဗာ ပဋိဂ္ဂဟေတဗ္ဗာနိ။ ။ သစ်ကိုင်းမှာ မြူမှုန်များ ငြိကပ်ပါလာ၍ သပိတ်ထဲသို့ ကျသွားလျှင် အကပ်မပျက်ရအောင် သစ်ခက်မှ အညွှန့်ကို ဖြတ်တောက်စားလိုပါက ပြန်စိုက်၍ရမည့် သစ်ခက်မျိုးဖြစ်လျှင် ကပ္ပိပြီးဖြစ်သည့်အပြင် အကပ်ခံပြီးလည်း ဖြစ်သည့်အတွက် အဆင်သင့် ဘုဉ်းပေးသုံးဆောင်နိုင်အောင် ကပ္ပိခိုင်း၍ အကပ်ခံရမည်ဟု ဆိုလိုသည်။ (သာရတ္ထ၊၃၃၁။)

ရေကို တောင်းကောင်းသလား။ ။ ရေကို အလိုရှိသော ရဟန်းသည် "မြစ်ကို သွား၍ ရေခပ်ချေ၊ ကန်ကို သွား၍ ရေခပ်ချေ၊ တွင်းကို သွား၍ ရေခပ်ချေ"ဟု ခိုင်းကောင်းသည်။ ယင်းမြစ်ရေ စသည်တို့သည် သိမ်းပိုက်ထားသော ရေမျိုး မဟုတ်သောကြောင့် အပြစ်မရှိ၊ အာပတ်မသင့်၊ "အိမ်ကရေကို သွား၍ ယူချေ"ဟုကား မပြောကောင်း၊ ယူလာသောရေကိုလည်း မသုံးဆောင်ကောင်း၊ သိမ်းပိုက်ထားသောရေ ဖြစ်သောကြောင့် (တောင်းသည့်အတွက်) ဝိညတ္တိဒုက္ကဋ်အာပတ်သင့်သည်။

http://www.dhammadownload.com

ဂဏ္ဌာဟိ- ယူခဲ့လော့၊" ဣတိ- ဤသို့၊ နှ ဝတ္တွဗ္ဗံ- မပြောသင့်၊ (ကသ္မာ- နည်း၊) ဟိ ယသ္မာ- အကြောင့်ကြောင့်၊ ဓမကရကာ- ကို၊ ရိတ္တဘာဇနေ- ရေမရှိသော အိုး၌၊ ပက္ခိပန္တော- ထည့်လတ်သော်၊ ဝါ- ထည့်သောဒါယကာသည်၊ ဘိန္နေယျ- အိုးကို ခွဲမိရာ၏၊ (တသ္မာ- ထို့ကြောင့်တည်း၊)

ပန- အလျော်အသင့်ကား၊ "နဒီ" ဝါ- မြစ်သို့သော်လည်းကောင်း၊ တဠာကံ ဝါ- တစ်ဖက်ဆည်ကန်သို့သော်လည်းကောင်း၊ ဂန္တွာ- သွား၍၊ ဥဒကံ- ရေကို၊ အာဟရ- ဆောင်ယူခဲ့လော့၊" ဣတိ- သို့၊ ဝတ္တုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ "ဂေဟတော- အိမ်မှ၊ အာဟရ- လော့၊" ဣတိ- ဤသို့၊ ဝတ္တုံ- ငှာ၊ နေဝ ဝဋ္ဋတိ- မအပ်၊ အာဟဋ္ဌံ- ဆောင်ယူအပ်ပြီးသော ရေကို၊ ပရိဘုဉ္ဇိတုံ- ငှာ၊ န- မအပ်။

အာသနသာလာယ ဝါ- ရွာတွင်း ဆွမ်းစားဇရပ်၌သော်လည်းကောင်း၊ အရညေ ဝါ- တောခ၌သော်လည်းကောင်း၊ ဘတ္တကိစ္စံ- ဆွမ်းကိစ္စကို၊ ကရောန္တေဟိ- ပြုကုန်သော ရဟန်းတို့သည်၊ တတ္ထဇာတကံ- ထိုအရပ်၌ ပေါက်သော၊ အနဇ္ဈာဝုတ္ထကံ- တစ်စုံတစ်ယောက်သည် မစိုးအုပ် မသိမ်းပိုက်အပ်သော၊ ယံ- ကိဉ္စိ- တစ်စုံတစ်ခုသော၊ ဥတ္တရိဘင်္ဂိရဟံ- လက်သုတ်ဟင်းလျာလုပ်ထိုက်သော၊ ပတ္တံ ဝါ- သစ်ရွက်ကိုသော်လည်းကောင်း၊ ဖလံ ဝါ- သစ်သီးကိုသော်လည်းကောင်း၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ကမ္မံ- အလုပ်ကို၊ ကရောန္တံ- ပြုလုပ်နေသူကို၊ သစေ အာဟရာပေတိ- အကယ်၍ ဆောင်ယူစေအံ့၊ (ဧဝံ သတိ- သော်၊) ဟတ္ထကမ္မဝသေန- ဟတ္ထကမ်၏အစွမ်းဖြင့်၊ အာဟရာပေတွာ- ၍၊ ပရိဘုဉ္ဇိတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ ပန- ဆက်၊ အလဇ္ဇီဟိ- အလဇ္ဇီဖြစ်ကုန်သော၊ ဘိက္ခူဟိ ဝါ- တို့ကိုလည်းကောင်း၊ သာမဏေရေဟိ ဝါ- တို့ကိုလည်းကောင်း၊ ဟတ္ထကမ္မံ-

---

ယင်းဝိဉ်တိက္ကြောင့်သင့်သော အာပတ်ကို ဒေသနာကြားပြီးလျှင် ယင်းတောင်းထားသော ဝတ္ထုကို သုံးဆောင်သော ရဟန်းမှာ တစ်ဖန်သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဒုက္ကဋ်အာပတ်သင့်ပြန်သည်၊ သိတင်းသုံးဖော်ငါးဦးတို့ မအပ်၊ ထို့ကြောင့်ပင် "နအာဟဋ္ဌံ ပရိဘုဉ္ဇိတုံ"ဟု မိန့်ဆိုထားပေသည်။ (ဝိမတိ၊၁၊၂၇၃။)

ဤစကားကို ထောက်၍ ဉာတိပဝါရိတ-မဟုတ်သူ၏ ပစ္စည်းမှန်လျှင် ရေကိုပင် တောင်း မသောက်ကောင်းဟု မှတ်။ (ပါ။ဘာဋီ၊၄၊၈။)

အလဇ္ဇီဟီ။ပေ။ နု **ကာရေတဗ္ဗံ**။ ။ လက်သုတ်ဟင်းလျာနှင့် စပ်နေသောကြောင့် အလဇ္ဇီတို့ကို မခိုင်းကောင်းဟူသော စကားကို အတွင်းအသုံးအဆောင်ကို ရည်ရွယ်၍ ဆိုထားသည်။ အပအသုံးအဆောင်တို့၌ အလဇ္ဇီများကိုလည်း ဟတ္ထကမ်ကို ခိုင်းကောင်းသည်ဟု မှတ်သင့်၏။ (သာရတ္ထ၊၂၊၃၃၁။)

http://www.dhammadownload.com

ဟတ္ထကမ်ကို၊ နှ ကာရေတဗ္ဗံ- မပြုစေသင့်၊ အယံ- ဤသည်ကား၊ တာဝ-ဂေါဏာ ဒေထ စသည်တို့မှ ရှေးဦးစွာ၊ ပုရိသတ္တကရေ- ယောက်ျားသည် ပြုအပ်သော ကိစ္စ၌၊ နယော- သိကြောင်းဖြစ်သော နည်းတည်း၊ [ပါဠိတော်၌ ပုရိသတ္တကရံ ဒေထ, ဂေါဏာ ဒေထ, သကဋံ ဒေထ စသည်ဖြင့်လာသည်။]

၂၄။ ပန- ကား၊ ဂေါဏာ- နွားကို၊ အညာတကအပ္ပဝါရိတဋ္ဌာနတော- ဆွေမျိုးမတော်သူ မဖိတ်မံသူတို့အထံမှ၊ အာဟရာပေတုံ- ငှာ၊ နှ ဝဋ္ဋတိ- မအပ်၊ အာဟရာပေန္တသ- ဆောင်ယူစေသော ရဟန်း၏၊ ဒုက္ကဋံ- သည်၊ ဟောတိ- ၏၊ ဉာတကပဝါရိတဋ္ဌာနတောပိ- ဆွေမျိုးတော်သူ ဖိတ်မံသူတို့၏ အထံမှသော်လည်း၊ မူလစ္ဆေဇ္ဇာယ- အရင်းအမြစ်ပြတ်ခြင်းအားဖြင့်၊ ဝါ- အပိုင်၊ ယာစိတုံ- ငှာ၊ နှ ဝဋ္ဋတိ- မအပ်၊ တာဝကာလိကနယေန- တာဝကာလိကနည်းဖြင့်၊ ဝါ- ခေတ္တခဏတောင်းသောနည်းဖြင့်၊ သတ္ထတ္ထ- အလုံးစုံသော တောင်းမှုဆိုင်ရာဌာန၌၊ ယာစိတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ စ- ဆက်၊ ဧဝံ- ဤသို့၊ အာဟရာပိတံ- ဆောင်ယူစေအပ်ပြီးသော၊ ဂေါဏာ- နွားကို၊ ရက္ခိတွာ- (ခိုးသားစသော ဘေးရန်မှ) စောင့်ရှောက်၍၊ ဇဂ္ဂိတွာ- (မြက်စသည်ဖြင့်) ကျွေးမွေး၍၊

အလဇ္ဇီ ရဟန်းသာမဏေများကို ဟတ္ထကမ်မှု အပြုမခိုင်းရဟု သာမန်ဆိုထားသောကြောင့် မိမိအတွက် ဘယ်ဟတ္ထကမ်မျိုးကိုမှ မခိုင်းကောင်း၊ (အတွင်းစားဖို့လည်း မခိုင်းကောင်း ပြင်ပသုံးဖို့လည်း မခိုင်းကောင်း၊) မိမိကို ပြုလုပ်မပေးဖို့ရန် တားမြစ် ပါလျက် အလဇ္ဇီက ယပ်ခတ်မှုစသည်ကို ပြုလုပ်ပေးခဲ့ပါလျှင် အပြစ်မရှိပေ၊ စေတီအမှု အစရှိသည်တို့ကိုမူ အလဇ္ဇီရဟန်းသာမဏေတို့ကို အလုပ်ခိုင်းကောင်း၏။

(ဝိမတိ၊၁၊၂၃၇။)

ဤစကားကို ထောက်၍ ဝိနည်းခိုရိပုဂ္ဂိုလ်များသည် အလဇ္ဇီသာမဏေတို့ကို ခိုင်းလေ့မရှိကြ။ (ပါ။ဘာဋီ၊၄၊၈။)

အလဇ္ဇီလက္ခဏာ ။ ။ သဗ္ဗိစ္စ အာပတ္တိ အာပဇ္ဇတိ- စသော အလဇ္ဇီလက္ခဏာကို အဓိကအားဖြင့် ရဟန်းများအတွက် ဆိုထားသည်၊ သာမဏေများ, ရဟန်းဟု ဝန်ခံနေကြသော ဒုဿီလ (ရဟန်းတု ရဟန်းယောင်) များအတွက်မူကား –

> ဘုရားရှင် ပညတ်ထားခဲ့သော ကျင့်ဝတ်ပဋိပတ်၌ စိတ်စေတနာနှင့်တကွ မတည်ခြင်းသည်ပင်လျှင် အလဇ္ဇီလက္ခဏာဖြစ်သည်။ –
> ဟု ယူသင့်သည်။ (ဝိမတိ၊၁၊၂၇၃။)

အာဟရာပေတုံ နှ ဝဋ္ဋတိ ။ ။ တောင်းဆဲခဏ၌ တောင်းခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်သည်။ ရဆဲခဏ၌ နွားတို့ကို သာယာခြင်း (အလျူခံခြင်း) ဟူသော

http://www.dhammadownload.com

သာမိကာ- ပိုင်ရှင်တို့ကို၊ ပဋိစ္ဆာပေတဗ္ဗာ- လက်ခံစေထိုက်ကုန်၏၊ ဝါ- ပြန်အပ်ထိုက်ကုန်၏၊ အသ- ထိုနွားဧ၏၊ ပါဒေါ- ခြေသည်သော်လည်းကောင်း၊ သိင်္ဂီဝါ- ဦးချိုသည်သော်လည်းကောင်း၊ သစေ ဘိဇ္ဇတိ ဝါ- အကယ်၍မူလည်း ကျိုးအံ့၊ သစေ နဿတိ ဝါ- အကယ်၍မူလည်း ပျက်စီးအံ့၊ သာမိကာ- နွားရှင်တို့သည်၊ စေ သမ္မဒ္ဒိ စ္ဆန္တိ- အကယ်၍ လက်ခံကုန်အံ့၊ [ခြေကျိုး ချိုပျက်နေသော နွားကို ပိုင်ရှင်တို့က ကျေကျေနပ်နပ် လက်ခံကြပါလျှင်] ကုစ္ဆေတံ- ဤသို့လက်ခံခြင်းသည်၊ ကုသလံ- ကောင်း၏၊ နော စေ သမ္မဒ္ဒိ စ္ဆန္တိ- အကယ်၍ လက်မခံကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဂိဝါ- ဘဏ္ဍာစားသည်၊ ဟောတိ- ၏၊ "တုမှာကံ- ယေဝ- အရှင်ဘုရားတို့အားသာလျှင်၊ ဒေမ- လှူပါကုန်၏၊" ဣတိ- သို့၊ သစေ ဝဒန္တိ- အကယ်၍ ပြောကုန်အံ့၊ (ဧဝံ သတိ- သော်၊) န သမ္မဒ္ဒိ စ္ဆိတဗ္ဗံ- လက်မခံထိုက်၊ ပန- အလျော်အသင့်ကား၊ "ဝိဟာရဿ- အား၊ ဒေမ- ကုန်၏၊" ဣတိ- သို့၊ ဝုတ္တေ- သော်၊ "အာရာမိကာနံ- တို့အား၊ ဇဂ္ဂနတ္ထာယ- ကျွေးမွေးခြင်းအကျိုးငှာ၊ အာစိက္ခထ- ပြောလိုက်ကြကုန်၊" ဣကိ- ဤသို့၊ ဝတ္တာဗ္ဗာ- ပြောထိုက်ကုန်၏။

၂၅။ "သကဋံ- လှည်းကို၊ ဒေထ- ပေးပါကုန်၊" ဣတိပိ- ဤသို့လည်း၊ အညာတကအပ္ပဝါရိတေ- တို့ကို၊ ဝတ္တုံ- ငှာ၊ န ဝဋ္ဋတိ- မအပ်၊ ဝိညတ္တိယေဝ-

---

အကြောင်းကြောင့် ဒုက္ကဋ်အာပတ်သင့်သည်။ "ဟတ္ထိဂဝဿဝဠဝပဋိဂ္ဂဟဏာ ပဋိဝိရတော"ဟု ဟောထားသောကြောင့် မိမိအတွက် မတောင်းဘဲရစေကာမူ နွားကို မသာယာကောင်း၊ (အလှူမခံကောင်း၊) ထို့ကြောင့်ပင် "ဉာတိပဝါရိတဋ္ဌာနတောပိ မူလစ္ဆေဒါယ ယာစိတုံ န ဝဋ္ဋတိ"ဟု မိန့်ဆိုထားပေသည်။

ဉာတိပဝါရိတ-မှာ ဝိညတ္တိဒုက္ကဋ် မရှိသော်လည်း အကပ္ပိယဝတ္ထုကို တောင်းခြင်းကြောင့်လည်းကောင်း, ခံယူခြင်းကြောင့်လည်းကောင်း ဒုက္ကဋ်သာတည်း။

သကဋံ ဒေထ။ပ။ ဝဋ္ဋတိ။ ။ ကိုယ်ပိုင်ဖြစ်အောင် တောင်းခြင်းဖြင့် လှည်းကို မတောင်းကောင်း၊ (သာရတ္ထ။)

လှည်းသည် အလှူခံကောင်းသော သစ်ဘဏ္ဍာဖြစ်ခြင်းကြောင့် ဆွေမျိုးတော်သူဖိတ်မံသူတို့ထံမှ ကိုယ်ပိုင်ဖြစ်အောင် တောင်းယူကောင်းသည်။ (ဝိမတိ။)

အခိုက်အတန့်မူကား ဉာတိပဝါရိတ-တို့ထံမှလည်း တောင်းကောင်းသည်၊ အဉာတိ-အပဝါရိတ-တို့ထံမှလည်း တောင်းကောင်းသည်၊ မည်သူ့ထံမှမဆို ငှားရမ်း အသုံးပြုနိုင်သည်ဟု ဆိုလိုသည်။

http://www.dhammadownload.com

သာလျှင်၊ ဟောတိ- ၏၊ ဒုက္ကဋ်- သို့၊ အာပဇ္ဇတိ- ၏၊ ပန- အလျော်အသင့်ကား၊ ဉာတိပဝါရိတဋ္ဌာနေ- သူတို့ထံ၌၊ ဝတ္တုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ တာဝကာလိကံ- အခိုက်အတန့်မျှ၊ (ယာစိတုံ- ငှာ၊) ဝဋ္ဋတိ- ၏၊ ကမ္မံ- အလုပ်ကို၊ ကတွာ ပန- လုပ်ပြီး၍ကား၊ ပုန- တစ်ဖန်၊ ဒါတဗ္ဗံ- ပြန်ပေးရာ၏၊ နေမိအာဒီနိ- လှည်း၏ အကွပ် အစရှိသော အဆောက်အဦတို့သည်၊ သစေ ဘိဇ္ဇန္တိ- ကုန်အံ့၊ ပါကတိကာနိ- ပင် ကိုယ်အတိုင်း ရှိသည်တို့ကို၊ ကတွာ- ၍၊ ဒါတဗ္ဗံ- ရာ၏၊ နဋ္ဌေ- လှည်းတစ်စီးလုံး ပျောက်လတ်သော်၊ ဂီဝါ- အစားသည်၊ ဟောတိ- ၏၊ "(သကဋ်- ကို၊) တုမှာကမေဝ- အရှင်ဘုရားတို့အားသာလျှင်၊ ဒေမ- လှူပါကုန်၏၊" ဣတိ- သို့၊ ဝုတ္တေ- သော်၊ ဒါရုဘဏ္ဍံ နာမ- သစ်သားဘဏ္ဍာ မည်သည်ကို၊ သမ္ပဋိစ္ဆိတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ ဝါသိဖရသုကုဋ္ဌာရီကုဒါလ- နိခါဒနေသု- ပဲကွပ် ပုဆိန် ဓားမ ပေါက်တူး ဆောက်တို့၌၊ ဧသ နယော- တည်း၊ ပရပရိဂ္ဂဟိတေသု- သူတစ်ပါးတို့ သိမ်းပိုက်အပ်ကုန်သော၊ ဝလ္လိအာဒီသု စ- နွယ်အစရှိသည်တို့၌လည်း၊ ဧသ နယော- တည်း။ ဂရုဘဏ္ဍာပဟောနကေသု ယေဝ- ဂရုဘဏ်လောက်သည်သာလျှင် ဖြစ်ကုန်သော၊ ဝလ္လိအာဒီသု- တို့၌၊ ဝိညတ္တိ- သည်၊ ဟောတိ- ၏၊ တတော- ထိုဂရုဘဏ်လောက်သော နွယ်

ဧသ နယော။ ။ ဧသ နယော ဝါသိ။ပ။ နိခါဒနေသု၊ ဧသ နယော ဝလ္လိအာဒီသု စ ပရပရိဂ္ဂဟိတေသု ဤသို့နှစ်ဝါကျခွဲပါ၊ မခွဲလျှင် ပရပရိဂ္ဂဟိတေသု-ပုဒ်ကို မစပ်သင့်သော ဝါသိ။ပ။ နိခါဒနေသု-ပုဒ်၌လည်း လိုက်စပ်ရပေလိမ့်မည်။ လှည်း၌ ဆိုခဲ့သည့်အတိုင်း ပဲကွပ် ပုဆိန်စသည်တို့ကို ငှားရမ်းအသုံးပြုလျှင် အလုပ်ပြီးက ပြန်ပေးရမည်။ အပိုင်လှူလျှင် လက်ခံကောင်းသည်။

နွယ်ဝါးစသော ဝတ္ထုတို့၌ ဂရုဘဏ်လောက်မှသာ ဝိညတ်ဖြစ်သည်။ ဂရုဘဏ် မလောက်က ဝိညတ်မဖြစ်၊ တောင်းကောင်းသည်။

ပစ္စည်းလေးပါးနှင့် တောင်းနည်းလေးမျိုး။ ။ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့တွင် ဆွမ်း သင်္ကန်း ပစ္စည်းနှစ်ပါး၌ ဝိညတ် ပရိကထာ ဩဘာသ နိမိတ္တကမှလေးမျိုးလုံး မအပ်၊ ကျောင်းပစ္စည်း၌ကား ဝိညတ်သာ မအပ်၊ ပရိကထာ ဩဘာသနိမိတ် သုံးမျိုးအပ်သည်။ ဆေးပစ္စည်း၌မူကား လေးမျိုးလုံးအပ်သည်။

"ရဟန်းသံဃာများမှာ နေစရာကျောင်း ကျဉ်းလှတယ်" စသော ပရိယာယ်ဖြင့် ပြောကြားသော စကားမျိုးသည် "ပရိကထာ" မည်သည်။

တိုက်ရိုက်မပြောဘဲ မိမိအလို ထင်ရှားလာမည့်နည်းအားဖြင့် ရဟန်းတို့အား ပြောသာဒ် မအပ်ဘူးလားစသော အယောင်ပြစကားမျိုးသည် "ဩဘာသ"မည်၏၊ ပစ္စည်းကို

http://www.dhammadownload.com

စသည်တို့မှ၊ ဩရံ- အတွင်းဖြစ်သော နွယ်စသည်၌၊ ဝိညတ္တိ- သည်၊ န ဟောတိ- မဖြစ်။

၂၆။ ပန- ဆက်၊ အနဇ္ဈာဝုတ္ထက်- သူတစ်ပါးတို့ မစိုးအုပ် မသိမ်းပိုက်အပ်သော၊ ယံ ကိဉ္စိ- တစ်စုံတစ်ခုသော နွယ်စသည်ကို၊ အာဟရာပေတုံ- ဌာ၊ ဝဋ္ဋတိ- ၏၊ ဟိ- မှန်၏၊ ရက္ခိတဂေါပိတဋ္ဌာနေယေဝ- စောင့်ရှောက်အပ် လုံခြုံစေအပ်သော ဌာန၌သာ၊ ဝိညတ္တိ နာမ- ဝိညတ်မည်သည်ကို၊ ဝုစ္စတိ- ဆိုအပ်၏။

သာ- ထိုဝိညတ်သည်၊ ဒွိသု- နှစ်ပါးကုန်သော၊ ပစ္စယေသု- ဆွမ်းသင်္ကန်း ပစ္စည်းတို့၌၊ သဗ္ဗေန- အလုံးစုံသော အခြင်းအရာအားဖြင့်၊ သဗ္ဗံ- အလုံးစုံ အကုန်အစင်၊ (တစ်နည်းကား) သဗ္ဗေန သဗ္ဗံ- အချင်းခပ်သိမ်း၊ န ဝဋ္ဋတိ- မအပ်၊ သေနာသနပစ္စယေ ပန- ကျောင်းပစ္စည်း၌ကား၊ "အာဟရ- ဆောင်ခဲ့လော့၊ ဒေဟိ- ပေးစမ်းလော့၊" ဣတိ- သို့၊ ဝိညတ္တိမတ္တမေဝ- မိမိအလိုရှိကြောင်းကို သိစေခြင်းမျှသည်သာ၊ ဝါ- တိုက်ရိုက်တောင်းခြင်းမျှသည်သာ၊ န ဝဋ္ဋတိ- မအပ်၊ ပရိကထောဘာသနိမိတ္တကမ္မာနိ- ပရိယာယ်ပြောမှု, အယောင်ပြမှု, အရိပ်နိမိတ်ပြုမှုတို့သည်၊ ဝဋ္ဋန္တိ- ကုန်၏။ တတ္ထ- ထိုသုံးမျိုး တို့တွင်၊ ဥပေါသထာဂါရံ ဝါ- ဥပုသ်ကျောင်းဆောင်ကိုသော်လည်းကောင်း၊ ဘောဇနသာလံ

ရည်ညွှန်း၍ မိမိအလိုကို သူများနားလည်နိုင်လောက်သောနည်းဖြင့် ကျောင်းစသည်၏ အကျိုးငှာ မြေပြုပြင်မှုစသည်ကို ပြုခြင်းသည်၊ "နိမိတ္တကမ္မ (အရိပ်နိမိတ်ပြုမှု)" မည်သည်။

ဝိညတ် ပရိကထာ ဩဘာသ နိမိတ္တကမ္မ-တို့ဖြင့် ဖြစ်ပေါ်လာသော ဆေးပစ္စည်းကို ရောဂါကင်းပျောက်သွားသည့်အခါမှာ သုံးဆောင်ခြင်းငှာ အပ်သလား မအပ်ဘူးလား၊ ဤသည်မှာ ရှေးခေတ်က ရဟန်းသံဃာများ၏အလယ်မှာ ဖြစ်ပေါ်ခဲ့ဖူးသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။

မြတ်စွာဘုရားက ရောဂါကို အဓိကထား၍ သုံးဆောင်မှုလမ်းစကို ဖွင့်ပေးခဲ့သည်။ ထို့ကြောင့် ရောဂါကင်းပျောက်သွားသည့် အခါမှာလည်း သုံးဆောင်ကောင်းသည်၊ အာပတ်မသင့်၊ ဤသည်မှာ ဝိနယဓရ-ပုဂ္ဂိုလ်များ၏ ယူဆချက်ဖြစ်ပေသည်။

အာပတ်မသင့်စေကာမူ အသက်မွေးမှု အာဇီဝပျက်သည်။ ထို့ကြောင့် သလ္လေခ အကျင့်၌ တည်သူအတွက် မအပ်၊ သလ္လေခ- ကို ပျက်စီးစေနိုင်သည်။ ဤကား သုတ္တန္တိက-ပုဂ္ဂိုလ်တို့၏ ယူဆချက်ပေတည်း။ (သာရတ္ထ၊ ၂၃၃၂၂။)

http://www.dhammadownload.com

ဝါ- ဆွမ်းစားကျောင်းကိုသော်လည်းကောင်း၊ အည်- တစ်ပါးသော၊ ကိုစ္စ- သော၊ သေနာသနံ ဝါ- ကျောင်းကိုသော်လည်းကောင်း၊ ဣစ္ဆတော- အလို ရှိသော ရဟန်းသည်၊ "ဝတ- စင်စစ်၊ ဣမသ္မိံ ဩကာသေ- ဤအရပ်၌၊ ဧဝရူပံ- ဤသို့သဘောရှိသော၊ သေနာသနံ- ကို၊ ကာတုံ- ငှာ၊ ဝဋ္ဋတိ- ၏။" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ "ယုတ္တံ- သင့်၏။" ဣတိ ဝါ- ကောင်း၊ "အနုရူပံ- လျောက်ပတ်၏။" ဣတိ ဝါ- ကောင်း၊ ဣတိ အာဒိနာ နယေန- ဤသို့အစ ရှိသောနည်းဖြင့်၊ ဝစနံ- ပရိယာယ်ပြောခြင်းသည်၊ ပရိကထာ နာမ- ပရိကထာမည်၏။

"ဥပါသကာ- ဒါယကာတို့၊ တုမ္ဟေ- သင်တို့သည်၊ ကုဟိံ- အဘယ်၌၊ ဝသထ- နေကုန်သနည်း၊" ဣတိ- ဤသို့မေးအံ့၊ "ဘန္တေ- ရား၊ ပါသာဒေ- ပြာသာဒ်၌၊ ဝါ- အုတ်တိုက်၌၊ ဝသာမ- နေပါကုန်၏။" ဣတိ- ဤသို့လျှောက်ကုန်အံ့၊ "ဥပါသကာ- တို့၊ ဘိက္ခူနံ ပန- ရဟန်းတို့အားကား၊ ပါသာဒေါ- ပြာသာဒ်သည်၊ န ဝဋ္ဋတိ ဣံ- မအပ်သလော၊" ဣတိ ဧဝမာဒိ ဝစနံ- ဤသို့အစရှိသော ပြောခြင်းမျိုးသည်၊ ဩဘာသော နာမ- ဩဘာသမည်၏။

မနုဿေ- (ကျောင်းဆောက်နိုင်မည့်) လူတို့ကို၊ ဒိသွာ- တွေ့၍၊ ရဇ္ဇုံ- ပန္နက်ကြိုးကို၊ ပသာရေတိ- ဆန့်တန်းပြအံ့၊ ခီလေ- ပန္နက်ငုတ်တို့ကို၊ အာကောဋေတိ- ရိုက်နှက်စေအံ့၊ "ဘန္တေ- ရား၊ ဣဒံ- ဤကြိုးတန်းခြင်း သစ်ငုတ်ရိုက်ခြင်းသည်၊ ဣံ- အဘယ်ပါနည်း၊" ဣတိ- ဤသို့၊ ဝုတ္တေ- သော်၊ "ဣဓ- ဤနေရာ၌၊ အာဝါသံ- ကျောင်းကို၊ ကရိဿာမ- ပြုကြကုန်အံ့၊" ဣတိ ဧဝမာဒိ ကရဏံ ပန- ဤသို့အစရှိသော အရိပ်နိမိတ်ကို ပြုခြင်းသည်ကား၊ နိမိတ္တကမ္မံ နာမ- နိမိတ္တကမ္မမည်၏။

ဂိလာနုပစ္စယေ ပန- ဂိလာနအတွက် ဆေးပစ္စည်း၌ကား၊ ဝိညတ္တိပိ- ဝိညတ်သည်လည်း၊ ဝဋ္ဋတိ- အပ်၏၊ ပရိကထာဒီနိ- ပရိကထာ အစရှိသည်တို့သည်၊ ပဂေဝ- ရှေးဦးမဆွ အစကပင်၊ ဝဋ္ဋန္တိ- အပ်ကုန်၏။

ဣတိ- ဖြင့်၊ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ- ၌၊ ဝိညတ္တိဝိနိစ္ဆယကထာ- ဝိညတ်နှင့်စပ် အဆုံးအဖြတ် စကားရပ်သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

http://www.dhammadownload.com

၅။ ကုလသင်္ဂဟဝိနိစ္ဆယကထာ

၂၇။ **ကုလသင်္ဂဟော**တိ ဧတ္ထ- ကုလသင်္ဂဟောဟူသော ဤပါဠိဌ်၌၊ အတ္ထော- အနက်ကို၊ ဧဝံ- ဤသို့၊ ဝေဒိတဗ္ဗော- သိထိုက်၏၊ ပုပ္ဖဖလာဒီဟိ- အပွင့်အသီး အစရှိသည်တို့ဖြင့်၊ ကုလာနံ- အလုပ်အကျွေးဒကာ ဒကာမတို့ကို၊ သင်္ဂဟော- ချီးမြှောက်ခြင်းသည်၊ ကုလသင်္ဂဟော- ကုလသင်္ဂဟမည်၏။

တတြ- ထိုကုလသင်္ဂဟ၌၊ အယံ- ဤဆိုအပ်လတ္တံ့သော၊ ဝိနိစ္ဆယော- အဆုံးအဖြတ်ကို၊ ဝေဒိတဗ္ဗော- သိထိုက်၏၊ ကုလသင်္ဂဟတ္ထာယ- အလုပ်အကျွေးဒကာ ဒကာမတို့ကို ချီးမြှောက်ခြင်းအကျိုးငှာ၊ မာလာဝစ္ဆာဒီနိ- ပန်းပင်ငယ်စသည်တို့ကို၊ ရောပေတုံ ဝါ- ပေါက်စေခြင်းငှာလည်းကောင်း၊ ဝါ- စိုက်ခြင်းငှာလည်းကောင်း၊ (ရုဟ-ဓာတ်+ကာရိတ် ဏာပေ-ပစ္စည်း၊ ဟ-ချေ၊ ဝုဒ္ဓိပြု၊) ရောပါပေတုံ ဝါ- ပေါက်ပစေဟု စေခိုင်းခြင်းငှာလည်းကောင်း၊ ဝါ- အစိုက်ခိုင်းခြင်းငှာလည်းကောင်း၊ (ကာရိတ် ဏာပေ-ပစ္စည်း နှစ်ချက်ဆင့်၊) သိဋ္ဌိတုံ ဝါ- ရေလောင်းခြင်းငှာလည်းကောင်း၊ သိဉ္စာပေတုံ ဝါ- ရေလောင်းခိုင်းခြင်းငှာလည်းကောင်း၊ ပုပ္ဖာနိ- ပန်းတို့ကို၊ ဩစိနိတုံ ဝါ- ခူးခြင်းငှာလည်းကောင်း၊ ဩစိနာပေတုံ ဝါ- အခူးခိုင်းခြင်းငှာလည်းကောင်း၊ ဂန္ဆိတုံ ဝါ- ကုံးခြင်းငှာလည်းကောင်း၊ ဂန္ဆာပေတုံ ဝါ- အကုံးခိုင်းခြင်းငှာလည်းကောင်း၊ နဝဋ္ဋတိ- မအပ်။

တတ္ထ- ထိုမာလာဝစ္ဆံ ရောပေတုံစသော စကားရပ်၌၊ အကပ္ပိယဝေါဟာရော- အကပ္ပိယဝေါဟာရလည်းကောင်း၊ ကပ္ပိယဝေါဟာရော- လည်းကောင်း၊ ပရိယာယော- ပရိယာယ်လည်းကောင်း၊ ဩဘာသော- အရိပ်အရောင်လည်းကောင်း၊ နိမိတ္တကမ္မံ- အမှတ်နိမိတ်ပြုခြင်းလည်းကောင်း၊ ဣတိ- ဤသို့၊ ဣမာနိပဒဿ- ဤငါးပါးတို့ကို၊ ဇာနိတဗ္ဗာနိ- သိထိုက်ကုန်၏။

ကုလသင်္ဂဟော။ ။ သင်္ဂဏှံ- သင်္ဂဟော၊ ကုလာနံ+သင်္ဂဟော- ကုလသင်္ဂဟော။ ပန်းပေးခြင်း စသည်တို့ဖြင့် လူဒကာ ဒကာမတို့ကို ချီးမြှောက်ခြင်း (သိမ်းသွင်းခြင်း, စည်းရုံးခြင်း) သည် "ကုလသင်္ဂဟ"မည်သည်။

အကပ္ပိယဝေါဟာရော ။ ။ ဝေါဟရီယတီတိ- ဝေါဟာရော၊ အကပ္ပိယံ ဣတိ ဝေါဟာရော အကပ္ပိယဝေါဟာရော။ မအပ်ဟု ခေါ်ဝေါ်ပြောဆိုအပ်သော ကိုယ်မှု နှုတ်မှု အကုန်လုံးကိုပင် "အကပ္ပိယဝေါဟာရ"ဟု ခေါ်သည်။ မအပ်သော စကားမျှကိုသာ အကပ္ပိယဝေါဟာရ ခေါ်သည်မဟုတ်၊ ကပ္ပိယဝေါဟာရ-ကိုလည်း အလားတူပင် မှတ်သင့်သည်။ (သာရတ္ထ၊ ၂၊၃၆၀။)

http://www.dhammadownload.com

၂၈။ တတ္ထ- ထိုငါးပါးတို့တွင်၊ **အကပ္ပိယဝေါဟာရော** နာမ- အကပ္ပိယဝေါဟာရမည်သည်၊ ဝါ- မအပ်ဟူ၍ ခေါ်ဝေါ်အပ်သော ကိုယ်မှုန္နတ်မှုမည်သည်၊ အလ္လဟရိတာနံ- စိမ်းစိုသော သစ်ပင် မြက်ပင်တို့ကို၊ ကောဋ္ဋနံ- ကိုယ်တိုင် ဖြတ်ခြင်းလည်းကောင်း၊ ကောဋ္ဋာပနံ- သူတစ်ပါးကို ဖြတ်စေခြင်းလည်းကောင်း၊ အာဝါဎဿ- တွင်းကို၊ ဝါ- ကျင်းကို၊ ခဏနံ- ကိုယ်တိုင် တူးခြင်းလည်းကောင်း၊ ခဏာပနံ- တူးစေခြင်းလည်းကောင်း၊ မာလာဝစ္ဆဿ- ပန်းပင်ငယ်ကို၊ ရောပနံ- ကိုယ်တိုင် စိုက်ခြင်းလည်းကောင်း၊ ရောပါပနံ- အစိုက်ခိုင်းခြင်းလည်းကောင်း၊ အာဠိယာ- ကန်သင်းကို၊ ဗန္ဓနံ- ကိုယ်တိုင် ဖွဲ့ခြင်းလည်းကောင်း၊ ဗန္ဓာပနံ- အဖွဲ့ခိုင်းခြင်းလည်းကောင်း၊ ဥဒကဿ- မအပ်သော ရေကို၊ သေစနံ- ကိုယ်တိုင် လောင်းခြင်းလည်းကောင်း၊ သေစာပနံ- အလောင်းခိုင်းခြင်းလည်းကောင်း၊ မာတိကာယ- ရေမြောင်းကို၊ သမ္မုခကရဏံ- သစ်ပင်သို့ ရှေးရှု ပြုပေးခြင်းလည်းကောင်း၊ ကပ္ပိယဥဒကသိဉ္စနံ- အပ်သော ရေကို သွန်းလောင်းခြင်း (သွန်းလောင်းစေခြင်း) လည်းကောင်း၊ ဟတ္ထပါဒမုခဓောဝနနဟာနောဒက-သိဉ္စနံ- လက်ဆေးရေ ခြေဆေးရေ မျက်နှာသစ်ရေ ချိုးရေတို့ကို သွန်းလောင်းခြင်းလည်းကောင်း၊ ဣတိ- ဤသည်တို့ပင်တည်း။

ကပ္ပိယဝေါဟာရော နာမ- ကပ္ပိယဝေါဟာရမည်သည်၊ ဝါ- အပ်၏ဟု ခေါ်ဝေါ်အပ်သော ကိုယ်မှုန္နတ်မှုမည်သည်၊ "ဣမံ ရုက္ခံ- ဤသစ်ပင်ကို၊ ဇာန-

---

အာဠိဗန္ဓနံ။ ။ သစ်ပင်ငယ်အရင်းမှာ ရေတည်နေအောင် သစ်ပင်အရင်းပတ်လည်မှာ ဘောင်ဖွဲ့ထားခြင်းကို "အာဠိဗန္ဓန"ဟု ဆိုထားသည်။

ဥဒကဿ။ ။ ကပ္ပိယဥဒက-ကို နောက်၌ ခွဲခြားပြဆိုထားသောကြောင့် ဤ၌ ပါရိသေသ-နည်းအားဖြင့် အကပ္ပိယဥဒက-ကိုသာ ယူရတော့သည်။ ထိုတွင်အကပ္ပိယ-ဥဒက (မအပ်သောရေ) ဟူသည်မှာ ပိုးရှိသော ရေဖြစ်၍ ကပ္ပိယဥဒက (အပ်သောရေ) ဟူသည်မှာ ပိုးမရှိသော ရေဖြစ်သည်။

ကပ္ပိယဥဒကသိဉ္စနံ။ ။ ကိုယ်တိုင်လောင်းခြင်း၊ အလောင်းခိုင်းခြင်း နှစ်မျိုးကိုပင် ကပ္ပိယဥဒကသိဉ္စန်-ဟု ဆိုထားသည်၊ ဥဒကဿ သေစနံ-ဟူသော ရှေ့သာမည စကားဖြင့်ပင် အပ်သောရေ မအပ်သောရေတို့ကို ပေါင်းယူနိုင်ပါသော်လည်း အာရာမ်စသည်တို့၏ အကျိုးငှာ စိုက်ပျိုးရာ၌ မအပ်သော ကိုယ်မှုန္နတ်မှုများ ပါဝင်နေစေကာမူ အပ်သောရေကို လောင်းကောင်းသည်ဟု နောက်မှာ ခွဲခြားပြဆိုမည် ဖြစ်သောကြောင့် ဤအကပ္ပိယဝေါဟာရ-နေရာကပင် ခွဲစိတ်ဝေဖန်၍ ကပ္ပိယဥဒကသိဉ္စန-စသည်ကို အသီးအခြား ပြဆိုထားသည်။ (သာရတ္ထ၊ ၂၃၆၈။)

http://www.dhammadownload.com

သိလော့၊ ကျွမ် အာဝါဠံ- ဤတွင်းကို၊ ဇာန- လော့၊ ကျွမ် မာလာဝစ္ဆံ- ဤပန်းပင်ငယ်ကို၊ ဇာန- လော့၊ ဧတ္ထ- ဤသစ်ပင်၌၊ ဥဒကံ- ရေကို၊ ဇာန- လော့၊"ကျွတိ အာဒိဝစနံ- ဤသို့အစရှိသော စကားမျိုးသည်လည်းကောင်း၊ သုက္ခမာတိကာ-ယ- ခြောက်သော ရေမြောင်းကို၊ ဥဇုကရဏဗ္ဗ- ဖြောင့်အောင်ပြုခြင်းသည်လည်းကောင်းတည်း။ [ရေမရှိသေးသောမြောင်းမှ သစ်ရွက်ဟောင်းများကိုလည်း ဖယ်ရှားကောင်းသည်။]

ပရိယာဧယော နာမ- ပရိယာယ်ပြုခြင်းမည်သည်၊ "ပဏ္ဍိတေန- ပညာရှိသူသည်၊ မာလာဝစ္ဆာဒယော- ပန်းပင်ငယ်အစရှိသည်တို့ကို၊ ရောပါပေတဗ္ဗာ-စိုက်ပျိုးထိုက်ကုန်၏၊ (ရောပိတာ- စိုက်ပျိုးအပ်ပြီးကုန်သော၊ မာလာဝစ္ဆာ-ဒယော- တို့သည်၊) နံ စိရသေဝ- မကြာမြင့်မီသာလျှင်၊ ဥပကာရာယ- လျော်သောကျေးဇူးကို ပြုခြင်းငှာ၊ သံဝတ္တန္တိ- ဖြစ်ကုန်၏၊" ကျွတိ အာဒိဝစနံ- ဤသို့အစရှိသော စကားတည်း။

ဩဘာသော နာမ- ဩဘာသမည်သည်၊ ကုဒါလဓာတိတ္တာဒီနိ- ပေါက်တူးတူးရွင်း အစရှိသည်တို့ကိုလည်းကောင်း၊ မာလာဝစ္ဆေ စ- ကောင်း၊ ဂဟေတ္ဝာ-ကိုင်၍၊ ဌာနံ- ရပ်ခြင်းတည်း၊ ဟိ- မှန်၏၊ ဧဝံ- ဤသို့၊ ဌိတံ- ရပ်နေသော ထေရ်ကို၊ သာမဏေရာဒယော- သာမဏေစသူတို့သည်၊ ဒိသွာ- တွေ့ရ၍၊ "ထေရော- ထေရ်သည်၊ ကာရာပေတုကာမော- ပြုစေခြင်းငှာ အလိုရှိ၏၊ ဝါ-ခိုင်းလို၏၊" ကျွတိ- ဤသို့ သိနားလည်၍၊ ဂန္ဓာ- သွား၍၊ ကရောန္တိ- ပြုပေးတတ်ကြကုန်၏။

နိမိတ္တကမ္မံ နာမ- နိမိတ္တကမ္မမည်သည်၊ ကုဒါလဓာတိတ္တိဝါသိဖရသုဥဒက-ဘာဇနာနိ- ပေါက်တူး, တူးရွင်း, ဓား, ပုဆိန်, ရေပုံးတို့ကို၊ အာဟရိတ္ဝာ-ဆောင်ယူ၍၊ သမီပေ- မိမိအနီး၌၊ ဌပနံ- ချထားခြင်းတည်း။

၂၉။ ကျွမာနိ- ဤအကပ္ပိယဝေါဟာရ စသည်တို့သည်၊ ပဗ္ဗပိ- ငါးပါးလုံးတို့သည်လည်း၊ ကုလသင်္ဂဟတ္ထာယ- အမျိုးလေးပါးတို့ကို ချီးမြှောက်ခြင်း

ဩဘာသနှင့် နိမိတ္တကမ္မ။ ။ နိမိတ္တကမ္မထက် ဩဘာသသည် သာ၍ထင်ရှား၏၊ ထို့ကြောင့် ကုဒါလ-စသည်ကို လက်ဖြင့်ကိုင်၍ ရပ်နေခြင်းသည် မိမိအနီး၌ချထားခြင်းထက် (ပြုလုပ်စေလိုကြောင်း) ထင်ရှားရကား ကုဒါလ-စသည်ကို ကိုင်၍ရပ်ခြင်းကို "ဩဘာသ"၊ မကိုင်ဘဲ မိမိအနီး၌ ချထားခြင်းကို "နိမိတ္တကမ္မ"ဟု ဆိုသည်။

http://www.dhammadownload.com

အကျိုးငှာ၊ ရောပနရောပါပနာဒီသု- စိုက်ပျိုးခြင်း စိုက်ပျိုးစေခြင်း အစရှိသည်တို့၌၊ နှ ဝဋ္ဋန္တိ- မအပ်ကုန်၊ ဖလပရိဘောဂတ္ထာယ- အသီးကို သုံးဆောင်ခြင်း အကျိုးငှာ၊ ကပ္ပိယာကပ္ပိယဝေါဟာရဒွယမေဝ- ကပ္ပိယဝေါဟာရ အကပ္ပိယဝေါဟာရ နှစ်ပါးအပေါင်းသည်သာ၊ နှ ဝဋ္ဋတိ- မအပ်၊ ဣတရတ္တယံ- ဆိုအပ်ပြီး နှစ်ပါးမှတစ်ပါး အခြားသုံးပါးအဂေါင်းသည်၊ ဝဋ္ဋတိ- အပ်၏၊ ပန- ဝါဒအထူးပြဆိုဦးအံ့၊ **မဟာပစ္စရိယံ**- မဟာပစ္စရီအဋ္ဌကထာ၌၊ –

> ကပ္ပိယဝေါဟာရောပိ- သည်လည်း၊ ဝဋ္ဋတိ- အပ်၏၊ စ- ဆက်၊ ယံ- အကြောင်ကပ္ပိယဝေါဟာရ အစရှိသော လေးပါးအပေါင်းသည်၊ အတ္တနော- မိမိ၏၊ ပရိဘောဂတ္ထာယ- သုံးဆောင်ခြင်း အကျိုးငှာ၊ ဝဋ္ဋတိ- အပ်၏၊ တံ- ထိုလေးပါးအပေါင်းသည်၊ အညပုဂ္ဂလဿ ဝါ- မိမိမှတစ်ပါး အခြားပုဂ္ဂိုလ်၏လည်းကောင်း၊ သံယဿ ဝါ- လည်းကောင်း၊ စေတိယဿ ဝါ- လည်းကောင်း၊ အတ္ထာယပိ- အကျိုးငှာလည်း၊ ဝဋ္ဋတိ- အပ်၏၊

ဣတိ- ဤသို့၊ ဝုတ္တံ- ပြီ။ [ဤမဟာပစ္စရီဝါဒကို အတည်ပြုလိုသောကြောင့် နောက်မှာထားသည်။]

ပန- ဆက်၊ အာရာမတ္ထာယ- အာရာမ် (ဥယျာဉ်) အလို့ငှာလည်းကောင်း၊ ဝနတ္ထာယ- တောအလို့ငှာလည်းကောင်း၊ ဆာယတ္ထာယ စ- အရိပ်အလို့ငှာလည်းကောင်း၊ အကပ္ပိယဝေါဟာရမတ္တမေဝ- အကပ္ပိယကိုယ်မှုန့်တ်မှုမျှသည်သာ၊ နှ ဝဋ္ဋတိ- မအပ်၊ သေသံ- ကြွင်းသော ကပ္ပိယဝေါဟာရ-စသော လေးပါးအပေါင်းသည်၊ ဝဋ္ဋတိ- အပ်၏။

ကေဝလံ- မြောင်းကို ဖြောင့်ခြင်းစသည်နှင့် မရောမယှက်သက်သက်၊ သေသံ- ကြွင်းသော ကပ္ပိယဝေါဟာရစသော လေးပါးအပေါင်းသည် (သာ)၊ ဝဋ္ဋတိ- အပ်သည်ကား၊ နှ- မဟုတ်သေး၊ ယံ ကိဉ္စိ- အလုံးစုံသော၊ မာတိကမ္ပိ- မြောင်းကိုလည်း၊ [ရေရှိ, ရေမရှိ မြောင်းနှစ်မျိုးလုံးကို ယူစေလိုသောကြောင့် 'ယံ ကိဉ္စိ'ကို ဆိုသည်။] ဥဇုံ- ဖြောင့်အောင်၊ ကာတုံ စ- ပြုခြင်းသည်လည်းကောင်း၊ ကပ္ပိယဥဒကံ- ပိုးမရှိသောရေကို၊ သိဉ္စိတုံ- လောင်းခြင်း (လောင်းစေခြင်း) သည်လည်းကောင်း၊ နဟာနကောဋ္ဌကံ- ရေချိုးအိမ်ကို၊ ကတွာ- ပြု၍၊ နဟာယိတုံ- ရေချိုးခြင်းသည်လည်းကောင်း၊ ဟတ္ထပါဒမုခဓောဝနဥဒကာနိ စ- လက်ဆေးရေခြေဆေးရေ မျက်နှာသစ်ရေတို့ကိုလည်း၊ တတ္ထ- ထိုအာရာမ်အကျိုးငှာ စိုက်အပ်သော သစ်ပင်စသည်တို့၌၊ ဆဋ္ဌေတုမ္ပိ- စွန့်ခြင်းသည်လည်းကောင်း၊

http://www.dhammadownload.com

ဝဋ္ဋတိ- အပ်၏၊ ပန- ဝါဒန္တရကား၊ **မဟာပစ္စရိယံ**- မဟာပစ္စရီအဋ္ဌကထာ၌ လည်းကောင်း၊ **ကုရုန္ဒိယဉ္စ**- ကောင်း၊ –

ကပ္ပိယပထဝိယံ- အပ်သောမြေ၌၊ သယံ- ကိုယ်တိုင်၊ ရောပေတုမိ- စိုက်ခြင်းသည်လည်း၊ ဝဋ္ဋတိ- ၏၊ (အစိုက်လည်း ခိုင်းကောင်းသည်၊) ဣတိ- သို့၊ ဝုတ္တံ- ပြီ၊

ပန- ဆက်၊ အာရာမာဒိအတ္ထာယ- အာရာမ် အစရှိသည်တို့၏ အကျိုးငှာ၊ ရောပိတဿ ဝါ- ကိုယ်တိုင် စိုက်အပ်သော သစ်ပင်၏လည်းကောင်း၊ ရောပါပိတဿ ဝါ- သူတစ်ပါးကို စိုက်စေအပ်သော သစ်ပင်၏လည်းကောင်း၊ ဖလံ- အသီးကို၊ ပရိဘုဉ္ဇိတုမိ- စားသုံးခြင်းငှာလည်း၊ ဝဋ္ဋတိ- ၏။

၃၀။ ပန- ဆက်၊ အယံ- ဤဆိုအပ်လတ္တံ့သည်ကား၊ အာဒိတော- အစမှ၊ ပဋ္ဌာယ- စ၍၊ ဝိတ္ထာရေန- အကျယ်အားဖြင့်၊ အာပတ္တိဝိနိစ္ဆယော- အာပတ်ကို ဆုံးဖြတ်ကြောင်းစကားတည်း။

ကုလဒူသနတ္ထာယ- အမျိုးလေးပါး၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းအကျိုးငှာ၊ အကပ္ပိယပထဝိယံ- မအပ်သောမြေ၌၊ မာလာဝစ္ဆံ- ပန်းပင်ငယ်ကို၊ ရောပေန္တဿ- စိုက်သောရဟန်း၏၊ ပါစိတ္တိယဋ္ဌေဝ- ပါစိတ်သည်လည်းကောင်း၊ ဒုက္ကဋဋ္ဌေ- ဒုက္ကဋ်သည်လည်းကောင်း၊ ဟောတိ- ၏၊ အကပ္ပိယဝေါဟာရေန- မအပ်သော ပြောဆိုခြင်းမျိုးဖြင့်၊ ရောပါပေန္တဿ- အစိုက်ခိုင်းသော ရဟန်း၏၊ တထာထိုပါစိတ် ဒုက္ကဋ်အာပတ်သည်၊ ဟောတိ- ၏၊ ကပ္ပိယပထဝိယံ- အပ်သောမြေ၌၊ ရောပနေပိ- ကိုယ်တိုင်စိုက်ခြင်း၌လည်းကောင်း၊ ရောပါပနေပိ- သူ့ကို အစိုက်ခိုင်းခြင်း၌လည်းကောင်း၊ ဒုက္ကဋမေဝ- ဒုက္ကဋ်သည်သာ၊ ဟောတိ- ၏။

ကုလဒူသနတ္ထာယ။ပ။ ဒုက္ကဋမေဝ။ ။ မြေမှုန့်သန့်သန့်, မြေသားသန့်သန့်, စသော ဇာတပထဝီမျိုးကို အကပ္ပိယပထဝိ-ရဟန်းတို့ မတူးဆွကောင်းသောမြေဟု ဆိုသည်၊ မီးလောင်မြေစသော အဇာတပထဝီမျိုးကို ကပ္ပိယပထဝိ-ရဟန်းတို့ တူးဆွကောင်းသောမြေဟု ဆိုသည်။ ပထဝီခဏနာဒိဝိနိစ္ဆယကထာ (၇၄) ၌ အကျယ်ဝေဖန်ပြပါလိမ့်မည်။

အကပ္ပိယမြေကို တူးခြင်းကြောင့် ပါစိတ်၊ အမျိုးကို ခိုးမြှောက်ခြင်းကြောင့် ဒုက္ကဋ်သင့်သည်၊ "ဒီနေရာမှာ ကျင်းတူးပါ၊ ဒီအပင်ကို စိုက်ပါ" စသည်ဖြင့် ပြောဆိုခြင်းမျိုးကို အကပ္ပိယဝေါဟာရ-ဟု ခေါ်သည်။ ကပ္ပိယပထဝိ-၌မူ ကုလသင်္ဂဟ-ကြောင့် ဒုက္ကဋ်မျှသာ သင့်သည်၊ ပါစိတ် မသင့်တော့ပါ။

http://www.dhammadownload.com

ဥဘယတြာပိ- နှစ်ပါးစုံသော ကပ္ပိယပထဝီ အကပ္ပိယပထဝီ၌လည်း၊ သကိ- တစ်ကြိမ်၊ အာဏာတ္တိယာ- စေခိုင်းခြင်းကြောင့်၊ ဗဟူနမ္ပိ- များစွာသော သစ်ပင်ကို့ကိုလည်း၊ ရောပနေ- စိုက်ပျိုးခြင်း၌၊ ဧကမေဝ- တစ်ကြိမ်သာလျှင်ဖြစ်သော၊ သပါစိတ္တိယဒုက္ကဋ်ံ ဝါ- ပါစိတ်နှင့်တကွသော ဒုက္ကဋ်အာပတ်သည်သော်လည်းကောင်း၊ (အကပ္ပိယပထဝီအတွက်၊) သုဒ္ဓဒုက္ကဋ်ံ ဝါ- ပါစိတ်မဖက် သက်သက်သော ဒုက္ကဋ်အာပတ်သည်သော်လည်းကောင်း၊ (ကပ္ပိယပထဝီအတွက်၊) ဟောတိ- ၏၊ ပရိဘောဂတ္ထာယ- ငှာ၊ ကပ္ပိယဘူမိယံ ဝါ- အပ်သောမြေ၌သော်လည်းကောင်း၊ အကပ္ပိယ ဘူမိယံ ဝါ- မအပ်သောမြေ၌သော်လည်းကောင်း၊ ကပ္ပိယဝေါဟာရေန- အပ်စပ်သော ခေါ်ဝေါ်ပြောဆိုခြင်းမျိုးဖြင့်၊ ရောပါပနေ- အစိုက်ခိုင်းခြင်း၌၊ အနာပတ္တိ- အနာပတ်သည်၊ ဝါ- အာပတ်မသင့်သည်၊ ဟောတိ- ၏။

အာရာမာဒိအတ္ထာယပိ- အာရာမ်အစရှိသည်တို့၏ အကျိုးငှာလည်း၊ အကပ္ပိယပထဝိယံ- မအပ်သောမြေ၌၊ ရောပေန္တဿ ဝါ- ကိုယ်တိုင်စိုက်သော ရဟန်း၏လည်းကောင်း၊ အကပ္ပိယဝစနေန- မအပ်သော ပြောဆိုခြင်းမျိုးဖြင့်၊ ရောပါပေန္တဿ ဝါ- သူ့ကိုအစိုက်ခိုင်းသော ရဟန်း၏လည်းကောင်း၊ ပါစိတ္တိယံ- သည်၊ ဟောတိ- ၏၊ ပန- ဆက်၊ အယံ နယော- ဤ (ကပ္ပိယဘူမိ, အကပ္ပိယဘူမိ, ကပ္ပိယဝေါဟာရ, အကပ္ပိယဝေါဟာရ ဟူသော) နည်းကို၊ **မဟာအဋ္ဌကထာယံ**- ၌၊ သုဋ္ဌု- ကောင်းစွာ၊ ဝါ- သေသေချာချာ၊ န ဝိဘတ္တော- မဝေဖန်အပ်၊ **မဟာပစ္စရိယံ** ပန- ၌ကား၊ သုဋ္ဌု- စွာ၊ ဝိဘတ္တော- ဝေဖန်အပ်ပြီ၊ ဣတိ- ဤသို့၊ ဒဋ္ဌဗ္ဗံ- မှတ်ထိုက်၏။

ပန- ကား၊ သိဉ္စနသိဉ္စာပနေ- ကိုယ်တိုင်ရေလောင်းခြင်း သူတစ်ပါးကို ရေလောင်းစေခြင်း၌၊ အကပ္ပိယဥဒကေန- မအပ်သောရေဖြင့် (ပိုးပါသောရေဖြင့်)၊ သဒ္ဓတ္ထာ- (ကုလသင်္ဂဟပရိဘောဂ အာရာမ်စသည်တို့အတွက် စိုက်ရာ) အလုံးစုံသော အရာ၌၊ ပါစိတ္တိယံ- သည်၊ ဟောတိ- ၏၊ ကုလဒူသနပရိဘောဂတ္ထာယ- ကုလဒူသနပရိဘောဂအကျိုးငှာ၊ (သိဉ္စနသိဉ္စာပနေ- ၌၊) ဒုက္ကဋ်မ္ပိ- သည်လည်း၊ ဟောတိ- ဖြစ်၏၊ [ပါစိတ်မျှသာမဟုတ်၊ ဒုက္ကဋ်လည်းသင့်သည်ဟု ဆိုလိုသည်၊] ကပ္ပိယေန- အပ်သောရေဖြင့်၊ တေသံယေဝ ဒ္ဝိန္နံ- ထိုကုလသင်္ဂဟပရိဘောဂ-ဟူသော နှစ်ပါးတို့၏သာလျှင်၊ အတ္ထာယ- အကျိုးငှာ၊ (သိဉ္စနသိဉ္စာပနေ- ၌) ဒုက္ကဋ်ံ- သည်၊ ဟောတိ- ဖြစ်၏၊ စ- ဆက်၊ ဧတ္ထ- ဤကုလဒူသနပရိဘောဂ

http://www.dhammadownload.com

နှစ်ပါးတို့တွင်၊ ပရိဘောဂတ္ထာယ- ငှာ၊ ကပ္ပိယဝေါဟာရေန- ဖြင့်၊ သိဋ္ဌာပနေ-ဌ၌၊ အနာပတ္တိ- သည်၊ ဟောတိ- ၏။ ပန- ဆက်၊ အာပတ္တိဋ္ဌာနေ- အာပတ်သင့်ရာဌာန၌၊ ဓရာဝဏ္ဏေဒဝသေန- ရေအလျဉ်ကို ဖြတ်ခြင်း၏ အစွမ်းဖြင့်၊ ပယောဂဗဟုလတာယ စ- ပယောဂများသည်၏ အဖြစ်ကြောင့်လည်း၊ အာပတ္တိ-ဗဟုလတာ- အာပတ်များသည်၏ အဖြစ်ကို၊ ဝေဒိတဗ္ဗာ- သိထိုက်၏။

ကုလဒူသနတ္ထာယ- ငှာ၊ ဩစိနနေ- ဆွတ်ခူးခြင်း၌၊ ပုပ္ဖဂဏာနာယ- ပန်းအရေအတွက်အား ဖြင့်၊ ဒုက္ကဋပါစိတ္တိယာနိ- တို့သည်၊ ဟောန္တိ- ကုန်၏။[ကုလ-ဒူသနကြောင့် ဒုက္ကဋ်၊ ဩစိနနကြောင့် ပါစိတ်၊] အညတ္ထ- ကုလဒူသနမှ တစ်ပါး ဝတ္ထုပူဇာ စသောအကျိုးငှာ ဆွတ်ခူးခြင်း၌၊ ပါစိတ္တိယာနေဝ- သာလျှင်၊ ဟောန္တိ- ကုန်၏၊ ပန- ဆက်၊ ဗဟူနိ- ကုန်သော၊ ပုပ္ဖာနိ- ပန်းတို့ကို၊ ဧကပယောဂေန-တစ်ခုသော ပယောဂဖြင့်၊ ဩစိနန္တော- ခူးသောရဟန်းကို၊ ပယောဂဝသေန-ပယောဂ၏ အစွမ်းဖြင့်၊ ကာရေတဗ္ဗော- ပြုစေထိုက်၏၊ ဝါ- ဆုံးဖြတ်ထိုက်၏၊ [ပယောဂတစ်ကြိမ်ကြောင့် ပါစိတ်တစ်ချက်သာ သင့်သည်၊] ဩစိနာပနေ-ဆွတ်ခူးစေခြင်း၌၊ ကုလဒူသနတ္ထာယ- ငှာ၊ သကိံ- တစ်ကြိမ်၊ အာဏာတ္တော- စေခိုင်းအပ်သူသည်၊ ဗဟုမ္ပိ- များစွာသော ပန်းကိုလည်း၊ ဩစိနာတိ-ဆွတ်ခူးအံ့၊ ဧကမေဝ- တစ်ချက်သာလျှင်ဖြစ်သော၊ သပါစိတ္တိယဒုက္ကဋ်-ပါစိတ်နှင့်တကွသော ဒုက္ကဋ်အာပတ်သည်၊ ဟောတိ- ၏၊ အညတြ-ကုလဒူသနမှတစ်ပါး ဝတ္ထုပူဇာ စသောအကျိုးငှာ ဆွတ်ခူးစေခြင်း၌၊ ပါစိတ္တိယမေဝ- ပါစိတ်အာပတ်သည်သာ၊ ဟောတိ- ဖြစ်၏။

ပရိဘောဂတ္ထာယ ။ ။ ပရိဘောဂအတွက် ပိုးမပါသောရေဖြင့် ကိုယ်တိုင်လောင်းလှူလည်း ဒုက္ကဋ်၊ မအပ်သော ဝေါဟာရဖြင့် အခြားသူကို အလောင်းခိုင်းလှူလည်း ဒုက္ကဋ်အာပတ်သင့်သည်။

အာပတ္တိဗဟုလတာ ။ ။ ကိုယ်တိုင်လောင်းရာ၌ ရေအလျဉ်တစ်ခါပြတ်လှူ အာပတ်တစ်ချက်၊ ရေအလျဉ်ပြတ်စဲမှုများသလောက် အာပတ်အရေအတွက် များသည်၊ သူတစ်ပါးကို ခိုင်းရာ၌မူ ထပ်ကာထပ်ကာ ခိုင်းသောရဟန်းမှာ စကားခွန်းတိုင်း ခွန်းတိုင်း အာပတ်သင့်သည်။ တစ်ကြိမ်ခိုင်းအပ်ပါလျက် အခိုင်းခံရသူက အကြိမ်များစွာ လောင်းစေကာမူ အာပတ်တစ်ချက်သာ သင့်သည်။

ပါစိတ္တိယမေဝ ။ ။ မအပ်သောစကားဖြင့် ခိုင်းသည့်အတွက် ဩစိနန-ကြောင့် ပါစိတ်အာပတ် သင့်ရသည်။ အမှန်မှာ အပ်သောစကားဖြင့် ဝတ္ထုပူဇာ စသည်တို့အကျိုးငှာ အခူးခိုင်းသောရဟန်းမှာ အာပတ်မသင့်ပါ။

http://www.dhammadownload.com

၃၁။ ပန- ဆက်၊ ဂန္ဆနဂန္ဆာပနေသု- သီကုံးခြင်း သီကုံးစေခြင်းတို့၌၊ ဂန္ဆိမံ- ဂန္ဆိမပန်းလည်းကောင်း၊ ဂေါပ္ပိမံ- ကောင်း၊ ဝေဓိမံ- ကောင်း၊ ဝေဠိမံ- ကောင်း၊ ပူရိမံ- ကောင်း၊ ဝါယိမံ- ကောင်း၊ ဣတိ- သို့၊ သဗ္ဗာပိ- အလုံးစုံလည်း ဖြစ်ကုန် သော၊ ဆ- ခြောက်ပါးကုန်သော၊ ပုပ္ဖဝိကတိယော- အထူးတလည် ပြုအပ် သော ပန်းတို့ကို၊ ဝေဒိတဗ္ဗာ- ကုန်၏။

တတ္ထ- ထိုခြောက်မျိုးသော ပန်းတို့တွင်၊ ဂန္ထိမံ နာမ- သီကုံးထုံးဖွဲ့ခြင်းဖြင့် ဖြစ်စေအပ်သော ပန်းမည်သည်ကို၊ [ဂန္ထနံ- ဂန္ထော၊ ဂန္ထေန+နိဗ္ဗတ္တံ- ဂန္ထိမံ။] သဒဏ္ဍကေသု- ရိုးတံရှိကုန်သော၊ ဥပ္ပလပဒုမာဒီသု- ဥပ္ပလကြာပန်း ပဒုမ္မာကြာပန်း အစရှိကုန်သော၊ ပုပ္ဖေသု ဝါ- ပန်းတို့၌သော်လည်းကောင်း၊ အညေသု- တစ်ပါးကုန်သော၊ ဒီဃဝဏ္ဏေသု- ရှည်သောအညာ ရှိကုန်သော၊ ပုပ္ဖေသု ဝါ- ကောင်း၊ ဒဠ္ဍံ- မှတ်အပ်၏၊ ဟိ- မှန်၏၊ ဒဏ္ဍကေန- ရိုးတံတစ်ခုဖြင့်၊ ဒဏ္ဍကံ- ရိုးတံတစ်ခုကို၊ (တစ်နည်း) ဒဏ္ဍကေန ဒဏ္ဍကံ- ရိုးတံအချင်းချင်း၊ ဂန္ထေတွာ ဝါ- ထုံးဖွဲ့၍သော်လည်းကောင်း၊ ဝဏ္ဏေန- အညာတစ်ခုဖြင့်၊ ဝဏ္ဏံ- အညာတစ်ခုကို၊ (တစ်နည်း) ဝဏ္ဏေန ဝဏ္ဏံ- ညာတံအချင်းချင်း၊ ဂန္ထေတွာ ဝါ- ကောင်း၊ ကတမေဝ- ပြုအပ်သော ပန်း စသည်သာ၊ ဂန္ထိမံ- ဂန္ထိမပန်းမည်၏၊ တံ- ထိုဂန္ထိမပန်းကို၊ ဘိက္ခုဿ ဝါ- ၏လည်းကောင်း၊ ဘိက္ခုနိယာ ဝါ- ၏လည်းကောင်း၊ ကာတုမ္မိ- ပြုခြင်းငှာလည်းကောင်း၊ အကပ္ပိယဝစနေန- သီကုံးလော့ စသော မအပ်သော စကားဖြင့်၊ ကာရာပေတုမ္မိ- ပြုစေခြင်းငှာလည်းကောင်း၊ နံ ဝဋ္ဋတိ- မအပ်၊ ပန- အလျော်အသင့်ကား၊ "ဧဝံ- ဤသို့၊ ဝါ- ဒီနည်းဒီပုံ (သီကုံးပုံကို ပြသည်) ဇာန- သိလော့၊ ဧဝံ- ဒီလို၊ ကတေ- ပြုအပ်သော်၊ သောဘေယျ- တင့်တယ်ရာ၏၊ ယထာ- အကြင်အခြင်းအရာအားဖြင့် ပြုအပ်သော်၊ ဧတာနိ ပုပ္ဖာနိ- တို့ကို၊ နံ ဝိကိရိယန္တိ- ဖရိုဖရဲ မဖြန့်ကြဲအပ်ကုန်၊ တထာ- ထိုအခြင်းအရာအားဖြင့်၊ ကရောဟိ- ပြုလော့၊" ဣတိ အာဒိနာ- ဤသို့ အစရှိသည်ဖြင့်၊ ကပ္ပိယဝစနေန- အပ်သောစကားဖြင့်၊ ကာရာပေတုံ- ပြုစေခြင်းငှာ၊ ဝဋ္ဋတိ- ၏။

နံ ဝဋ္ဋတိ။ ။ ကုလသင်္ဂဟ-အတွက်ပဲဖြစ်ဖြစ် ဝတ္ထုပူဇာ-စသည်တို့ အတွက်ပဲဖြစ်ဖြစ် အဆိုပါနည်းအတိုင်း ကိုယ်တိုင်လုပ်သောရဟန်း သူတစ်ပါးကို အလုပ်ခိုင်းသော ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်သည်။

ကာရာပေတုံ ဝဋ္ဋတိ။ ။ ဝတ္ထုပူဇာ-စသည်တို့အတွက် အပ်စပ်သောပြောဆိုခြင်းဖြင့် အလုပ်ခိုင်းကောင်းသည်။ ကုလသင်္ဂဟအတွက်မူကား ကပ္ပိယဝေါဟာရ-

http://www.dhammadownload.com

ဂေါပ္ပိမံ နာမ- ဂေါပ္ပိမပန်းမည်သည်၊ သုတ္တေန- ချည်ဖြင့်သော်လည်းကောင်း၊ ဝါကာဒီဟိ ဝါ- လျှော်အစရှိသည်တို့ဖြင့် သော်လည်းကောင်း၊ ဝဿိကပုပ္ဖာဒီနံ- မိုးစွေပန်းအစရှိသည်တို့၏၊ ဧကတောဝဏ္ဏိကဉာတောဝဏ္ဏိကမာလာဝသေန- တစ်ဖက်အညာရှိသောပန်းကုံး, နှစ်ဖက်အညာရှိသောပန်းကုံးတို့၏ အဖြစ်ဖြင့်၊ ဂေါပ္ပနံ- ထိုးသီခြင်းတည်း၊ ဝါကံ ဝါ- လျှော်ကိုသော်လည်းကောင်း၊ ရဇ္ဇုံ ဝါ- ကြိုးကိုသော်လည်းကောင်း၊ ဒိဂုဏံ- နှစ်ထပ်၊ ကတွာ- ၍၊ တတ္ထ- ထိုနှစ်ထပ်ကြိုး၌၊ အဝဏ္ဏကာနိ- အညာမရှိကုန်သော၊ နီပပုပ္ဖာဒီနိ- မအူပန်းအစရှိသည်တို့ကို၊ [ထိန်ပန်းဟုလည်း ဆိုကြသည်၊] ပဝေသေတွာ- သွင်း၍၊ ပဋိပါဋိယာ- အစဉ်အားဖြင့်၊ ဝါ- စီတန်း၍၊ ဗန္ဓန္တိ- ဖွဲ့တတ်ကြကုန်၏၊ ဧတမ္မိ- ဤဖွဲ့အပ်သော ပန်းသည်လည်း၊ ဂေါပ္ပိမမေဝ- ဂေါပ္ပိမမည်သည်သာ၊ သဗ္ဗံ- အလုံးစုံသော ဂေါပ္ပိမပန်းသည်၊ ပုရိမနယေနေဝ- (“တံ ဘိက္ခဝေ ဝါ ဘိက္ခုနိယာ ဝါ” စသော) ရှေးနည်းအားဖြင့်သာလျှင်၊ န ဝဋ္ဋတိ- မအပ်။

ဝေဓိမံ နာမ- ဝေဓိမပန်းမည်သည်ကို၊ ဝါ- ထိုးဖောက်ခြင်းဖြင့် ဖြစ်စေအပ်သော ပန်းမည်သည်ကို၊ (ဧဝံ- သို့၊ ဝေဒိတဗ္ဗံ- ၏၊) သဝဏ္ဏကာနိ- အညာရှိကုန်သော၊ ဝဿိကပုပ္ဖာဒီနိ- မိုးစွေပန်းအစရှိသည်တို့ကို၊ ဝဏ္ဏေ- အညာ၌လည်းကောင်း၊ အဝဏ္ဏကာနိ- အညာမရှိကုန်သော၊ ဝကုလပုပ္ဖာဒီနိ- ခရေပန်းအစရှိသည်တို့ကို၊ အတ္တနော- မိမိ၏၊ ဆိဒ္ဒေသု- အပေါက်တို့၌လည်းကောင်း၊ သူစိတာလဟီရာဒီဟိ- အပ်, ထန်းစစ်အမျှင် စသည်တို့ဖြင့်၊ ဝိနိဝိဈိတွာ- ထိုးဖောက်၍၊ အာဝုနန္တိ- သိကုံးကြကုန်၏။ ဧတံ- ဤသို့သိကုံးအပ်သော ပန်းသည်၊ ဝေဓိမံ နာမ- ဝေဓိမပန်းမည်၏၊ [ဝိဈနံ- ဝေဓော၊ ဝေဓေန+နိဗ္ဗတ္တံ- ဝေဓိမံ။] တံ- ထိုသိကုံးအပ်သော ပန်းသည်၊ ပုရိမနယေနေဝ- ရှေးနည်းဖြင့်သာ၊ န ဝဋ္ဋတိ- မအပ်၊ ပန- ပြုလုပ်ပုံ တစ်နည်းကား၊ ကေစိ- အချို့ပုဂ္ဂိုလ်တို့သည်၊ ကဒလိက္ခန္ဓမှိ- ငှက်ပျောတုံး၌၊ ကဏ္ဏကေ ဝါ- ဆူးတို့ကို သော်လည်းကောင်း၊

ဖြင့်ခိုင်းသော ရဟန်းမှာသော်မှ ဒုက္ကဋ်အာပတ်သင့်သေးသည်သာ။

ဂေါပ္ပိမံ ။ ။ ဂုပ္ပဓာတ်သည် ဂန္ထနအနက်ကို ဟောအံ့၏၊ သို့သော် ထုံးဖွဲ့ခြင်းမဟုတ်၊ ထိုးသီခြင်း, စီတန်းခြင်းတည်း။ သုတ္တေန ဝါ။ပ။ ဂေါပ္ပနံ-ဟူသော ဤဝါကျအရ“ဂုပ္ပနံ- ထိုးသီခြင်း၊ ဂုပ္ပေါ- ထိုးသီခြင်း၊ ဂုပ္ပေဟိ+နိဗ္ဗတ္တံ- ဂေါပ္ပိမံ” ဟုပြု။ ဝါကံ ဝါ။ပ။ ဗန္ဓန္တိ ဟူသော ဤဝါကျအရ “ဂုပ္ပနံ- စီတန်း၍ ဖွဲ့ခြင်း၊ ဂုပ္ပော- ခြင်း၊ ဂုပ္ပေန + နိဗ္ဗတ္တံ- ဂေါပ္ပိမံ”ဟုပြု။ (ပါ။ဘာဋ္ဌ၊၄၊၁၆၇။)

http://www.dhammadownload.com

တာလဟီရာဒီနိ ဝါ- ထန်းစစ်အမျှင် အစရှိသည်တို့ကို သော်လည်းကောင်း၊ ပဝေသေတွာ- သွင်း၍၊ တတ္ထ- ထိုဆူး, ထန်းမျှင် စသည်တို့၌၊ ပုဗ္ဗာနိ- ပန်းတို့ကို၊ ဝိနိဝိဗ္ဗိတွာ- ဖောက်ထွင်းထိုးသီ၍၊ ဌပေန္တိ- ထားတတ်ကြကုန်၏၊ ကေစိ- တို့သည်၊ ကဏ္ဏကသာခါသု- ဆူးခက်တို့၌၊ (ပုဗ္ဗာနိ- တို့ကို၊ ဝိနိဝိဗ္ဗိတွာ- ၍၊ ဌပေန္တိ- ကုန်၏။) ကေစိ- တို့သည်၊ ပုဗ္ဗဆတ္တပုပ္ဖကူဠာဂါရကရဏ္ဍတ္ထံ- ပန်းထီး, ပန်းစုလစ်မွန်းခွန်အထွတ် ပြုခြင်းအကျိုးငှာ၊ ဆတ္တေ စ- ထီး၌လည်းကောင်း၊ ဘိတ္တိယံ စ- နံရံ၌လည်းကောင်း၊ ပဝေသေတွာ- ၍၊ ဌပိတကဏ္ဏကေသု- ထားအပ်သောဆူးတို့၌၊ (ပုဗ္ဗာနိ- တို့ကို၊ ဝိနိဝိဗ္ဗိတွာ-၍၊ ဌပေန္တိ- ကုန်၏၊) ကေစိ- တို့သည်၊ ဓမ္မာသနဝိတာနေ- တရားဟောပလ္လင်၏ မျက်နှာကြက်၌၊ ဗဒ္ဓကဏ္ဏကေသု- ဖွဲ့အပ်သောဆူးတို့၌၊ (ပုဗ္ဗာနိ- တို့ကို၊ ဝိနိဝိဗ္ဗိတွာ- ၍၊ ဌပေန္တိ- ကုန်၏။) ကေစိ- တို့သည်၊ ကဏိကာရပုဗ္ဗာဒီနိ- မဟာလှေကားပန်း အစရှိသည်တို့ကို၊ သလာကာဟိ- ဝါးခြမ်းတို့ဖြင့်၊ ဝိဗ္ဗန္တိ- ထိုးသီတတ်ကုန်၏၊ ဆတ္တာဓိဆတ္တံဝိယ- ထီးကိုလွန်သော ထီးကိုကဲ့သို့၊ ဝါ- ထီးအဆင့်ဆင့်ကို ကဲ့သို့၊ ကရောန္တိ- ပြုတတ်ကြကုန်၏၊ တံ- ထိုပြုမှုအားလုံးသည်၊ အတိသြဋ္ဌာရိကမေဝ- အလွန်ကြွမ်းတမ်းသည်သာ။ [ရဟန်းများနှင့် မလျော်အောင် ကြမ်းတမ်းသည်။ ဒုက္ကဋ်အာပတ် သင့်သည်။]

ပန- ဆက်၊ ပုဗ္ဗဝိဗ္ဗနတ္ထံ- ပန်းကို ထိုးသီခြင်းအကျိုးငှာ၊ ဓမ္မာသနဝိတာနေ- တရားဟောပလ္လင်၏ မျက်နှာကြက်၌၊ ကဏ္ဏကမိဉ- ဆူးကိုသော်မှလည်း၊ ဗန္ဓိတုံ- ဖွဲ့ခြင်းငှာလည်းကောင်း၊ ကဏ္ဏကာဒီဟိ- ဆူးအစရှိသည်တို့ဖြင့်၊ ဧကပုပ္ဖမ္ပိ- ပန်းတစ်ပွင့်ကိုလည်း၊ ဝိဗ္ဗိတုံ ဝါ- ထိုးသီခြင်းငှာလည်းကောင်း၊ ပုပ္ဖေယေဝ- ပန်း၌ပင်၊ ပုပ္ဖံ- ပန်းတစ်ပွင့်ကို၊ ပဝေသေတုံ ဝါ- သွင်းခြင်းငှာလည်းကောင်း၊ န ဝဋ္ဋတိ- မအပ်၊ ပန-ဆက်၊ ဇာလဝိတာနဝေဒိကနာဂဒန္တကပုပ္ဖပဋ္ဋိစ္ဆက-

---

ဆတ္တာဓိဆတ္တံဝိယ ။ ။ အဆင့်ဆင့်ထိုးဖောက်၍ ထီးနှင့်တူအောင် ကုံးသီထားသောကြောင့်၊ ဆတ္တာဓိဆတ္တံဝိယ-ဟု ဆိုသည်။

ပုပ္ဖဝိဗ္ဗနတ္ထံ ။ ။ ပန်းတို့ကို ထိုးဖောက်သီကုံးရန်သာ ဆူးတို့ကို ဖွဲ့ခြင်းငှာ မအပ်၊ ပန်းကုံးစသည်တို့ကို ဖွဲ့ခြင်းငှာမူကား ဆူးတို့ကိုဖွဲ့ခြင်းငှာ အပ်သည်၊ သံတို့ကိုရိုက်ကောင်းသည်။ ထို့ကြောင့် "ပုပ္ဖဝိဗ္ဗနတ္ထံ" ဟုဆိုထားသည်။ ဆူးကို ဖွဲ့ခြင်းငှာ မအပ်ဟူသော စကားကိုလည်း အဋ္ဌကထာကို ပမာဏပြုသောအားဖြင့်သာ ယူသင့်သည်၊ (သာရတ္ထ၊ ၂၃၇၁။) ဝိမတိက-မူ စူးစမ်းဆင်ခြင်၍ ယူသင့်သည်ဟု မှတ်ချက်ချသွားသည်။

http://www.dhammadownload.com

တာလပဏ္ဍဂုဋ္ဌကာဒီနံ- ဇာပေါက်ရှိသော ဗိတာန်မျက်နှာကြက်, အပေါက်ရှိသော ပွတ်လုံး ပွတ်တိုင်, အပေါက်ရှိသော ဆင်စွယ်ကောက်, အပေါက်ရှိအောင်တုတ်ချောင်း စသည်ဖြင့်ပြုလုပ်အပ်သော ပန်းကလပ်, အပေါက်ရှိသော ထန်းရွက်, အပေါက်ရှိသောအလုံး အစရှိသည်တို့၏၊ ဆိဒ္ဒေသု- အပေါက်တို့၌လည်းကောင်း၊ အသောကပိဏ္ဍိယာ- သော်ကပန်းခိုင်၏၊ အန္တရေသု ဝါ- အကြားတို့၌လည်းကောင်း၊ ပုပ္ဖာနိ- တို့ကို၊ ပဝေသေတုံ- ငှာ၊ ဒေါသော- အပြစ်သည်၊ နဿ- မရှိ။ (အာပတ်မသင့်။) ဟိ- မှန်၏၊ ဧတံ- ဤသို့သွင်းအပ်သော ပန်းသည်၊ ဝေဓိမံ- ဝေဓိမသည်၊ နဟောတိ- မဖြစ်၊ ဓမ္မရဇ္ဇု- ယမ္ပိ- တရားရှိသော ကြိုး၌လည်း၊ ဧသေဝ နယော- ဤနည်းပင်တည်း။

ဝေဌိမံ နာမ- ဝေဌိမပန်းမည်သည်ကို၊ ဝါ- ရစ်ပတ်ခြင်းဖြင့် ဖြစ်စေအပ်သော ပန်းမည်သည်ကို၊ ပုပ္ဖဒါမပုပ္ဖဟတ္ထကေသု- ပန်းကုံး ပန်းစည်းတို့၌၊ ဒဋ္ဌဗ္ဗံ- မှတ်အပ်၏။ ဟိ- ချဲ့၊ ကေစိ- အချို့ပုဂ္ဂိုလ်တို့သည်၊ မတ္ထကဒါမံ- တရားဟောပလ္လင် အထက်၌ တွဲလျားကျသောပန်းကုံးကို၊ ကရောန္တာ- ပြုကုန်လတ်သော်၊ ဟေဌာ- အောက်၌၊ (အောက်အဖျား၌၊) ယဋ္ဌကာကာရံ- အိုးငယ်သဏ္ဌာန်ကို၊ ဝါ- သစ်တုံးငယ်ပုံသဏ္ဌာန်ကို၊ ဒဿေတုံ- ပြခြင်းငှာ၊ ပုပ္ဖေဟိ- ပန်းတို့ဖြင့်၊ ဝေဌေန္တိ- ရစ်ပတ်ကြကုန်၏။ ကေစိ- တို့သည်၊ အဋ္ဌ အဋ္ဌ ဝါ- ရှစ်ခုရှစ်ခု

ဓမ္မရဇ္ဇုယံ။ ။ ပန်းများကိုသွင်းညှပ်ရန် စေတီတော်ကို ဖြစ်စေ, ဗောဓိပင်ကို ဖြစ်စေ လှည့်ပတ်ဖွဲ့ထားအပ်သောကြိုးကို "ဓမ္မရဇ္ဇု" ခေါ်သည်ဟု မဟာဂဏ္ဌိပုဒ်နှင့် မဇ္ဇိမဂဏ္ဌိပုဒ်တို့၌ ဆိုထားသည်။ ထို့ကြောင့် ယင်းကြိုးနှင့် စေတီကြားမှာ ပန်းတို့ကို သွင်းညှပ်ပူဇော်ခြင်းငှာ အပ်သည်။

ကြိုးလွန်းအကြား၌ ပန်းသွင်း၍ရအောင် ကြိုးကိုခတ်လျော့လျော့ (ခပ်ပွပွ) ကျစ်၍ ဗောဓိပင်ကို သော်လည်းကောင်း၊ စေတီကို သော်လည်းကောင်း လှည့်ပတ်ထားတတ်သည်၊ တရားဟောပလ္လင်၌ သော်လည်း တွဲလျားချထားတတ်ကြသည်၊ ယင်းကြိုးမျိုးကို "ဓမ္မရဇ္ဇု" ခေါ်သည်ဟု ဂဏ္ဌိပုဒ်၌ဆိုသည်၊ ထို့ကြောင့် လျော့ရဲရဲဖြစ်နေသော ကြိုးလွန်းများ၏ကြားမှာ ပန်းတို့ကို သွင်းညှပ်ခြင်းငှာ အပ်သည်။ စဉ်းစားဆင်ခြင်၍ အသင့်ဆုံးကို ယူသင့်သည်။ သို့သော် ဤနေရာ၌ ဝါဒနှစ်မျိုးလုံးပင် အချင်းချင်း ဆန့်ကျင်မှုမရှိချေ။ ဤကား ငါတို့၏ယူဆချက်ဖြစ်ပေသည်။ (သာရတ္ထ၊ ၂။၃၇၁။)

ယဋ္ဌကာကာရံ။ပ။ ဝေဌေန္တိ။ ။ ပန်းဆိုင်း၏ အောက်ပိုင်းအဖျား၌ အိုးကလေးပုံသဏ္ဌာန်ပေါ်အောင် သို့မဟုတ် သစ်တုံးကလေးပုံသဏ္ဌာန်ပေါ်အောင် ပန်းကုံးကို ထပ်ကာ ထပ်ကာ ရစ်ထားခြင်းတည်း။ (ပါ၊ဘာဋီ၊၄၊၁၆၉။)

http://www.dhammadownload.com

သော်လည်း ဖြစ်ကုန်သော၊ ဒသ ဒသ ဝါ- ဆယ်ခုဆယ်ခုသော်လည်း ဖြစ်ကုန်သော၊ ဥပ္ပလ ပုပ္ဖာဒီနိ- ဥပ္ပလပန်းအစရှိသည်တို့ကို၊ သုတ္တေန ဝါ- ချည်မျှင်ဖြင့် သော်လည်းကောင်း၊ ဝါကေန ဝါ- လျှော်မျှင်ဖြင့်သော်လည်းကောင်း၊ ဒဏ္ဍာကေသု- ကြာရိုးတို့၌၊ ဗန္ဓိတွာ- ၍၊ ဥပ္ပလဟတ္ထကေ ဝါ- ဥပ္ပလကြာစည်းတို့ကိုသော်လည်းကောင်း၊ ပဒုမဟတ္ထကေ ဝါ- ပဒုမ္မာကြာစည်းတို့ကို သော်လည်းကောင်း၊ ကရောန္တိ- ကုန်၏၊ တံ သဗ္ဗံ- ထို (မတ္ထကဒါမစသော) အလုံးစုံသည်၊ ပုရိမနယေ နေဝ- ရှေးနည်းဖြင့်သာ၊ န ဝဋ္ဋတိ- မအပ်။

သာမဏေရေဟိ- သာမဏေတို့သည်၊ (ဌပိတဋ္ဌ စပ်ပါ။) ဥပ္ပါဒေတွာ- နုတ်၍၊ ထလေ-ကုန်း၌၊ ဌပိတဥပ္ပလာဒီနိ- ထားအပ်သော ဥပ္ပလကြာအစရှိသည်တို့ကို၊ ကာသာဝေန- သင်္ကန်းဖြင့်၊ ဘဏ္ဍိကမွိ- ဘဏ္ဍာထုပ်ကိုလည်း၊ ဗန္ဓိတုံ- ငှာ၊ န ဝဋ္ဋတိ- မအပ်။ |ဝေဠိမပန်းဖြစ်သွားသောကြောင့်တည်း။| ပန- ဆက်၊ တေသံ-ယေဝ- ထိုဥပ္ပလကြာစသည်တို့၏ပင်၊ ဝါကေန ဝါ- ကောင်း၊ ဒဏ္ဍာကေန ဝါ- ရိုးတံဖြင့်သော်လည်းကောင်း၊ ဗန္ဓိတုံ- ငှာလည်းကောင်း၊ အံသဘဏ္ဍိကံ-အံသဘဏ္ဍိကအထုပ်ကို၊ ကာတုံ ဝါ- ကောင်း၊ ဝဋ္ဋတိ- အပ်၏။

ဝါကေန ဝါ ဒဏ္ဍာကေန ဝါ။ ။ ပန်းရိုးကိုခွဲ၍ ပန်းနှင့် အဆက်မပြတ်သေးသော လျှော်, အဆက်မပြတ်သေးသော အရိုးတို့ဖြင့် ဖွဲ့ကောင်းသည်၊ အပွင့်သည် အရွက်ကဲ့သို့ မျိုးစေ့ငါးပါးတွင် မပါဝင်သောကြောင့် ဗီဇဂါမ် မဟုတ်ချေ။ ထို့ကြောင့် ကပ္ပိမှုကို မပြုဘဲ ဖျက်ဆီးခြင်းကြောင့် အပြစ်မရှိ။

ခူးပြီးသောပန်းငုံတို့၏ ပွင့်ခြင်းသည်လည်း ပန်းငုံကနုလွန်းလျှင် ပွင့်ခြင်းသဘော မရှိသောကြောင့် ကြီးပွားခြင်း၏လက္ခဏာမဟုတ်၊ အမှန်မှာ ရင့်ပြီးသော ပန်းငုံ၏ ပွင့်ချပ်များမှာရှိနေသည့် အစေးများခန်းခြောက်လာသည့်အခါမှာ ပွင့်ချပ်ချင်း သီးခြားဖြစ်ပေါ်လာမှု (ကွဲကွာလာမှု) ကိုပင် "ပွင့်သည်"ဟု ဆိုရသည်။ ထို့ကြောင့်ပင် ခူးပြီးသော ပန်းငုံ၏ပွင့်ခြင်းသည် မခူးရသေးသော ပန်းငုံ၏ပွင့်ခြင်းထက် အားနည်းသည်၊ လန်းလန်းဆန်းဆန်းလည်း မရှိတော့ချေ၊ ညှိုးနေသောပန်းကို ရေဖြန်းလိုက်သည့်အခါ လန်းဆန်းလာမှုသည်လည်း ညှိုးနွမ်းနေသော ကွမ်းရွက် စသည်ကို ရေဖြန်းလိုက်သည့် အခါမှာ လန်းဆန်းလာသည်နှင့် မထူးခြားလှပေ၊ ထို့ကြောင့် ကြီးပွားမှု၏လက္ခဏာ မဟုတ်၊ ပါဠိအဋ္ဌကထာ-စသည်တို့မှာလည်း ဘယ်နေရာမှာမှ ပန်းများကို ကပ္ပိရမည်ဟု မဆို၊ ထို့ကြောင့် ပန်းသည် ဘယ်နည်းနှင့်မျှ ဗီဇဂါမ်မဖြစ်နိုင်။

ဤသဘောကိုလည်း "ဝါကေန ဝါ ဒဏ္ဍာကေန ဝါ" စသော ပါဠိဖြင့်ပင် သိမြင်နားလည်နိုင်ပါသည်။ စုံစမ်းဆင်ခြင်၍ ယူပါ။ (ဝိမတိ၊၁၊၃၀၁။)

http://www.dhammadownload.com

အံ့သဘင်္ကွိက် နာမ- အံ့သဘင်္ကွိကမည်သည်ကို၊ (ဧဝံ- သို့၊ ဝေဒိတဗ္ဗံ- ၏၊) ခန္ဓေ- ပခုံး၌၊ ဌပိတကာသာဝဿ- ထားအပ်သော သင်္ကန်းကြီး၏၊ ဥဘော- နှစ်ဖက်ကုန်သော၊ အန္တေ- အစွန်းတို့ကို၊ အာဟရိတွာ- ပြန်ဆောင်၍၊ (ပခုံးပေါ်၌ တင်ထားအပ်သော သင်္ကန်းကြီး၏အစွန်းနှစ်ဖက်ကို အထက်သို့ အိတ်သဖွယ်ဖြစ်အောင် ပြန်တင်၍၊) ဘင်္ကွိက်- ဘင်္ကွာထုပ်ကို၊ ကတွာ- ၍၊ တသ္မိံ- ထိုအထုပ်အတွင်း၌၊ ပသိဗ္ဗကေဝိယ- အိတ်၌ကဲ့သို့၊ ပုဗ္ဗာနံ- ပန်းတို့ကို၊ ပက္ခိပန္တိ- ထည့်ကြကုန်၏၊ အယံ- ဤပခုံးပေါ်၌ ဘင်္ကွာထုပ်ကို၊ အံ့သ- ဘင်္ကွိကာ- ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။ ဧတံ- ဤပခုံးပေါ်၌ ဘင်္ကွာထုပ်ကို၊ ကာတုံ- ငှာ၊ ဝဋ္ဋတိ- ၏။ ဒင်္ဃကေဟိ- တုတ်ချောင်းငယ်တို့ဖြင့်၊ ပဒုမိနိယံ- ပဒုမ္မာကြာရွက်ကို၊ ဝိဇ္ဈိတွာ- ထိုး၍လည်းကောင်း၊ (ကြာရွက်အချင်းချင်း တုတ်တံငယ်ဖြင့် စပ်၍လည်းကောင်း၊) ဥပ္ပလာဒီနိ- ဥပ္ပလ်ကြာအစရှိသည်တို့ကို၊ ပဏ္ဏေန- ပဒုမ္မာကြာရွက်ဖြင့်၊ ဝေဌေတွာ- ရစ်ပတ်၍လည်းကောင်း၊ ဂဏ္ဌန္တိ- ကုန်၏၊ တတြာပိ- ထိုသို့ ယူရာ၌လည်း၊ ပုဗ္ဗာနံ- တို့၏၊ ဥပရိ- အပေါ်၌၊ ပဒုမိနိပဏ္ဏမေဝ- ပဒုမ္မာကြာရွက်ကိုသာ၊ ဗန္ဓိတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ ဟေဋ္ဌာ- အောက်၌၊ ဒဏ္ဍကံ ပန- ရိုးတံကိုကား၊ (ကြာဖက်ထုပ်၏ အောက်ဖက်၌ လွတ်ထွက်နေသော ကြာရိုးများကို၊) ဗန္ဓိတုံ- ငှာ၊ န ဝဋ္ဋတိ- မအပ်။

ခန္ဓေ ဌပိတကာသာဝဿ။ ။ အဋ္ဌကထာဆရာက ညွှန်ပြထားသည့်အတိုင်း ထုပ်ဖွဲ့နိုင်စရာရှိသောကြောင့် ပခုံးပေါ်မှာတင်ထားသော သင်္ကန်းကြီးကို ရည်ရွယ်၍ "ခန္ဓေ ဌပိတကာသာဝဿ"ဟူသော စကားကိုဆိုထားသည်။ ထိုစကားသည်ပင်လျှင် သင်္ကန်းကြီးနှင့်အလားတူ အခြားသင်္ကန်းကိုဖြစ်စေ, အဝတ်ကိုဖြစ်စေ အဋ္ဌကထာမှာ ညွှန်ပြထားသောနည်းအတိုင်း ဖွဲ့၍ ပန်းများကိုထည့်ကောင်းသည်ဟူသော အနက်သဘောကို ဖော်ညွှန်းပြီးဖြစ်သည်၊ ပခုံးပေါ်၌ ဘင်္ကွာထုပ်အိတ်မှာ ထည့်ထားသည်နှင့် တူသောကြောင့် "ဝေဌိမ"မည်သော ပန်းစည်းမျိုးမဖြစ်တော့ချေ၊ ထို့ကြောင့် လျော့ရဲရဲဖွဲ့ထားသော အထုပ်၏အကြားမှာ ပန်းများကိုထည့်ကောင်းသည်ဟု ဆိုကြသေးသည်။ (သာရတ္ထ၊ ၂၊၃၇၁။)

"ပသိဗ္ဗကေဝိယ"ဟု ဆိုထားသောကြောင့် ပန်းထည့်ရန်အိတ်၌ဖြစ်စေ, အိတ်နှင့်တူအောင် ဖွဲ့ချည်ထားအပ်သော သင်္ကန်းတစ်ထည်ထည်မှာဖြစ်စေ ထည့်ကောင်းသည်ဟူသော အနက်သဘော သက်ရောက်ပြီးဖြစ်သည်။ (ဝိမတိ၊၁၊၃၀၁။)

http://www.dhammadownload.com

ပူရိမံ နာမ- ပူရိမမည်သည်ကို၊ ဝါ- နောက်ထပ်ဖြည့်ခြင်းဖြင့် ဖြစ်စေအပ်သောပန်းမည်သည်ကို၊ မာလာဂုဏော စ- ပန်းကုံး၌လည်းကောင်း၊ ပုပ္ဖပဋေ္ဌ စ- ပန်းအဝတ်၌ လည်းကောင်း၊ ဒဋ္ဌဗ္ဗံ- မှတ်အပ်၏။ ဟိ- ခဲ့ဦးအံ့၊ ယော- အကြင် ရဟန်းသည်၊ မာလာဂုဏေန- ဖြင့်၊ စေတိယံ ဝါ- ကိုသော်လည်းကောင်း၊ ဗောဓိ ဝါ- ကောင်း၊ ဝေဒိကံ ဝါ- ပွတ်တိုင်ကိုသော်လည်းကောင်း၊ ပရိက္ခိပန္တော- ငန်းရံရစ်ပတ်လတ်သော်၊ ပုန- တစ်ဖန်၊ အာနေတွာ- ဆောင်၍၊ ပုရိမဋ္ဌာနံ- ရှေးဝန်းရံအပ်ပြီးရာဌာနကို၊ အတိက္ကာမေတိ- လွန်စေ၏၊ ဧတ္တာဝတာ- ဤမျှ အတိုင်းအရှည်ရှိသော လွန်စေခြင်းဖြင့်၊ ပူရိမံ နာမ- ပူရိမပန်းမည်သည်၊ ဟောတိ- ၏။ ပန- ကဲ့ရဲ့ဖွယ်ရာ ဂရဟာကား၊ အနေကက္ခတ္တုံ- အကြိမ်များစွာ၊ ဝါ- အပတ်ပေါင်းများစွာ၊ ပရိက္ခိပန္တဿ- ဝန်းရံသော ရဟန်း၏၊ (ပုရိမဋ္ဌာန-တိက္ကာမေ- ရှေးရစ်ပတ်အပ်ပြီးအရပ်ကို လွန်စေရာ၌)၊ ဝါဒေါ- ပူရိမပန်းဟုပြောဆိုဖွယ်သည်၊ ကော- အဘယ်မှာ ရှိပါတော့အံ့နည်း၊ နာဂဒန္တကန္တရေဟိ- ဆင်ဝယ်ကောက်အကြားတို့မှ၊ (နှစ်ချောင်းသုံးချောင်းသော ဆင်စွယ်ကောက်တို့ကို နီးကပ်စွာ ပြုထားအပ်သောအကြားတို့မှ၊) ပဝေသေတွာ- ၍၊ ဟရန္တော- ဆောင်ယူလျက်၊ သြလမွက်- တွဲလျားချအပ်သည်ကို၊ ကတွာ- ၍၊ ပုန- တစ်ဖန်၊ နာဂဒန္တကံ- ဆင်စွယ်ကောက်ပေါ်သို့ ပရိက္ခိပတိ- ရစ်ပတ်တင်လိုက်အံ့၊ ဧတမ္မိ- ဤရစ်ပတ်အပ်သော ပန်းသည်လည်း၊ ပူရိမံ နာမ- မည်၏၊ ပန- ဆက်၊ နာဂ-ဒန္တကေ- ၌၊ ပုပ္ဖဝလယံ- ပန်းကွင်းကို၊ (ပန်းခွေကို၊) ပဝေသေတုံ- ငှာ၊ ဝဋ္ဋတိ-အပ်၏။

ပုပ္ဖပဋေ္ဌ စ ဒဋ္ဌဗ္ဗံ။ ။ ပန်းအဝတ်ကိုပြုလုပ်သော ရဟန်း၏အလျားမှ ပန်းကုံးကိုဆောင်ခြင်း ပြန်ဆောင်ခြင်းဖြင့် ပြည့်စေခြင်း (အလျားလိုက် ခေါက်တုန့်ခေါက်ပြန်ဆောင်ခြင်း) သည် "ပူရိမ"မည်သည်။ အနံအားဖြင့် ဆောင်ခြင်းသည်ကား "ဝါယိမ" သာ မည်သည်၊ "ပူရိမ"မမည်ပေ။

ပုရိမဋ္ဌာနံ အတိက္ကာမေတိ။ ။ စေတီစသည်ကို ရစ်ပတ်သည့်အခါ ပထမစခဲ့ရာ အရပ်ကို လွန်ရုံမျှဖြင့် ပထမ စတင်ရစ်ပတ်ရာအရပ်ကို ပြည့်စေရာရောက်သောကြောင့် "ပူရိမပန်း"မည်သည်။

"ပုရိမဋ္ဌာနံ အတိက္ကာမေတိ"ဟု သာမန်အားဖြင့် ဆိုထားသောကြောင့် ရှေး (စခဲ့သော) အစွန်းကို ထိသည်ဖြစ်စေ, မထိသည်ဖြစ်စေ ဝန်းရံရစ်ပတ်ခြင်းဖြင့် လွန်စေသော ရဟန်းမှာ အာပတ်သင့်သည်။

http://www.dhammadownload.com

မာလာဂုဏောဟိ- ပန်းကုံးအများတို့ဖြင့်၊ ပုပ္ပပဋ္ဌံ- ပန်းပုဆိုးကို၊ ကရောန္တိ- ကုန်၏။ တတြာပိ- ထိုသို့ပြုရာ၌လည်း၊ ဧကမေဝ- တစ်ခေါက်သာ၊ မာလာဂုဏံ- ပန်းကုံးကို၊ ဟရိတုံ- ဆောင်ခြင်းငှာ၊ (ရက်ကန်းရှည်သလို အလျားတစ်ခေါက်တည်းဆောင်ရန်၊) ဝဋ္ဋတိ- ၏။ ပုန- တစ်ဖန်၊ ပဘ္ဘာဟရတော- ပြန်ဆောင်သော ရဟန်း၏။ ပူရိမမေဝ- ပူရိမပန်းသည်သာ၊ ဟောတိ- ၏၊ တံ သဗ္ဗံ- ထို (မာလာဂုဏောဟိ စေတိယံ ဝါ ဗောဓိံ ဝါ စသော) အလုံးစုံသည်၊ ပုရိမနယေနေဝ- ဖြင့်ပင်၊ န ဝဋ္ဋတိ- မအပ်၊ ပန- ဆက်၊ ဗဟူဟိပိ- များကုန်သော၊ မာလာဂုဏောဟိ- တို့ဖြင့်၊ ကတံ- ပြုအပ်သော၊ ပုပ္ပဒါမံ- ပန်းဆိုင်းကို၊ လဘိတွာ- ရ၍၊ အာသနမတ္ထကာဒီသု- တရားဟောပလ္လင်၏အထက် အစရှိသည်တို့၌၊ ဗန္ဓိတုံ- ငှာ၊ ဝဋ္ဋတိ- ၏။ ပန- ဆက်၊ အတိဒီဃံ- အလွန်ရှည်သော၊ မာလာဂုဏံ- ကို၊ ဧကဝါရံ- တစ်ကြိမ်၊ (တစ်ပတ်တစ်ခေါက်၊) ဟရိတွာ- ဆောင်ပြီး၍ (သော်လည်းကောင်း) ပရိက္ခိပိတွာ- စေတီစသည်ကို ဝန်းရံရစ်ပတ်ပြီး၍ (သော်လည်းကောင်း)၊ ပုန- တစ်ဖန် (နောက်တစ်ကြိမ်အတွက်)၊ ဣတရသ္မိံ- တစ်ပါးသော၊ ဘိက္ခုနော- အား၊ ဒါတုံ ဝဋ္ဋတိ- ပေးသင့်၏။ တေနာပိ- ထိုနောက် ရဟန်းသည်လည်း၊ တထေဝ- ထို့အတူသာလျှင်၊ ကာတုံ ဝဋ္ဋတိ- ပြုသင့်၏။

ဝါယိမံ နာမ- ဝါယိမပန်းမည်သည်ကို၊ ပုပ္ပဇာလပုပ္ပပဋ္ဋပုပ္ပရူပေသု- ပန်းဇာ, ပန်းအဝတ်, ပန်းအရုပ်တို့၌၊ ဒဋ္ဌဗ္ဗံ- မှတ်ထိုက်၏။ စေတိယေ- စေတီ၌၊ ပုပ္ပဇာလံ- ပန်းဇာကို၊ ကရောန္တသ- ပြုသောရဟန်း၏။ ဧကမေကမှိ- တစ်ခုတစ်ခုသော၊ ဇာလဆိဒ္ဒကေ- ဇာပေါက်ငယ်၌၊ ဒုက္ကဋံ- တစ်ချက် တစ်ချက်သော ဒုက္ကဋ်အာပတ်သည်၊ ဟောတိ- ၏။ ဘိတ္တိဆတ္တဓောဓိတ္ထမ္ဘာဒီသုပိ- နံရံ, ထီး, ဗောဓိပင်, တိုင်အစရှိသည်တို့၌လည်း၊ ဧသေဝ နယော- ဤနည်းပင်တည်း၊

အတိဒီဃံ။ပေ။ ဝဋ္ဋတိ။ ။ စေတီစသည်ကို ဝန်းရံရစ်ပတ်သော ရဟန်းသည် တစ်ကြိမ်ရစ်ပတ်၍ ရွေးတည်ရာအရပ်ကို ရောက်ရှိသည့်အခါ အခြားရဟန်းတစ်ပါးအား ပေးရမည်၊ ထိုရဟန်းကလည်း တစ်ကြိမ်ရစ်ပတ်ပြီးနောက် အလားတူပင် ရွေးတည်ရာအရပ်ကို ရောက်သည့်အခါ အခြားရဟန်းတစ်ပါးကို ပေးရမည်။

ပန်းပုဆိုးကို ပြုလုပ်သော ရဟန်းသည်လည်း တစ်ကြိမ်ဆောင်ပြီးလျှင် အခြားရဟန်းတစ်ပါးကိုပေးရမည်၊ ထိုရဟန်းသည်လည်း ပထမရဟန်းနည်းတူ တစ်ကြိမ်ဆောင်ပြီးလျှင် အခြားရဟန်းတစ်ပါးအား ပေးရမည်၊ ရဟန်းနှစ်ပါးတို့သည် ဘေးတစ်ဖက်တစ်ချက်မှာရပ်၍ အလှည့်အားဖြင့် ဆောင်သော်လည်း အပ်သည်သာ။

http://www.dhammadownload.com

ပန- ကား၊ (ပုပ္ဖဇာလာမ့္ဖတစ်ပါး ပုပ္ဖပဋ္ဋကား၊) ပုပ္ဖပဋ္ဋ- ပန်းအဝတ်ကို၊ ပရေဟိ- တစ်ပါးသူတို့သည်၊ ပူရိတမ္မိ- ပူရိမပန်းဖြစ်အောင် အလျားရှည်အပ်ပြီးသော ပန်းကိုလည်း၊ ဝါယိတုံ- အနံ့အားဖြင့် ရက်ခြင်းငှာ၊ န လဇ္ဇတိ- မရအပ်၊ (ပုပ္ဖပဋ္ဋမ့္ဖတစ်ပါး ပုပ္ဖရူပကိုပြုရန် ဂေါပ္ပိမ စသည်ကိုမိန့်၊) ဂေါပ္ပိမပုပ္ပဟေဝ- ဂေါပ္ပိမပန်းတို့ဖြင့် ပင်လျှင်၊ ဟတ္ထိအဿာဒိရူပကာနိ- ဆင်မြင်းအစရှိသည်တို့၏ အရုပ်တို့ကို၊ ကရောန္တိ- ကုန်၏၊ တာနိပိ- ထိုအရုပ်တို့သည်လည်း၊ ဝါယိမဌာနေ- ဝါယိမပန်း အရာ၌၊ တိဋ္ဌန္တိ- တည်ကုန်၏၊ ပုရိမနယေနေဝ- ပင်လျှင်၊ သဇ္ဇ- အကုန်လုံးသည်၊ န ဝဋ္ဋတိ- မအပ်။ ပန- ဆက်၊ အညေဟိ- အခြားသူတို့သည်၊ ကတပရိစ္ဆေဒေ- ပြုအပ်သော အပိုင်းအခြား၌၊ ပုပ္ဖာနိ- မကုံးရသေးသော ပန်းတို့ကို၊ ဌပေန္တေန- ထားသောရဟန်းသည်၊ ဟတ္ထိအဿာဒိ ရူပ- ကမ္မိ- ဆင်မြင်းအစရှိသည်တို့၏ အရုပ်ကိုလည်း၊ ကာတုံ- ငှာ၊ ဝဋ္ဋတိ- ၏။

ပန- ဝါဒန္တရကား၊ **မဟာပစ္စရိယံ**- ၌၊ ကဋ္ဌမ္မကေန- ကဋ္ဌမ္မကပန်းအထူးနှင့်လည်းကောင်း၊ အမ့ုစန္ဒကေန စ- အမ့ုစန္ဒကပန်းအထူးနှင့်လည်းကောင်း၊ သဒ္ဓိံ- တကွ၊ အဋ္ဌ- ရှစ်မျိုးကုန်သော၊ ပုပ္ဖဝိကတိယော- ပန်းအထူးတို့ကို၊ ဝုတ္တာ- ဆိုအပ်ကုန်ပြီ၊ [ဤအဋ္ဌကထာ၌လာသော ပန်းခြောက်မျိုးတွင် ကဋ္ဌမ္မကပန်း အမ့ုစန္ဒကပန်း ဤပန်းနှစ်မျိုးကိုထည့်၍ ပန်းရှစ်မျိုးဆိုထားသည်။]

၃၂။ တတ္ထ- ထိုပန်းနှစ်မျိုးတို့တွင်၊ အမ့ုစန္ဒကန္တရေ- လထက်ဝက် သဏ္ဌာန်၏ အကြား၌၊ ယဋ္ဌိကဒါမဩလမ္ဗကော- အောက်၌ ကြာသွတ်အိုးသဏ္ဌာန်

ဝါယိတုံ။ ။ သူတစ်ပါးတို့က အလျားရှည်ထားပြီး (အလျားတိုင်ထားပြီး) ပန်းကို အနံ့အားဖြင့် တစ်ခေါက်မျှပင် မဆောင်ကောင်း၊ မရက်ကောင်း၊ ရက်လျှင် ဝါယိမပန်း ဖြစ်သွားသည်။

ပုပ္ဖာနိ ဌပေန္တေန။ ။ ခေါင်းတခြားကိုယ်တခြား တစ်ပိုင်းစီ အကြမ်းပြုလုပ်ထားသော အပိုင်းအခြားတို့၌ မကုံးမသီရသေးသော ပန်းပွင့်တို့ကို အချင်းချင်းထိစပ်၍ သော်မှ ထားကောင်းသည်။ ပန်းဆိုင်းကိုမူကား စေတီတော်စသည်ကို ပူဇော်ရန် ပန်းတင်ခုံပေါ်မှာထားသော ရဟန်းသည် (အချင်းချင်း) ထိ၍ဖြစ်စေ မထိဘဲဖြစ်စေ နှစ်ခေါက်ပြုလုပ်၍ မထားကောင်းဟုလည်း ဆိုကြသည်။ (သာရတ္ထ၊ ၂၊၃၇၇။)

ယဋ္ဌိကဒါမဩလမ္ဗကော။ ။အောက်၌ ကြာသွတ်အိုးသဏ္ဌာန် တွဲလျားကျနေသောပန်းကုံးမျိုး၊ သို့မဟုတ် အောက်၌တုံးငယ်သဏ္ဌာန် တွဲလျားကျနေသော ပန်းကုံးမျိုးကို "ယဋ္ဌိကဒါမဩလမ္ဗက"ဟု ခေါ်သည်။ (ဝိမတိ၊၁၊၃၀၂။)

http://www.dhammadownload.com

ရှိသော တွဲလျားကျသော ပန်းကုံးကို၊ ဝါ- အောက်တုံးငယ်သဏ္ဌာန်ရှိသော တွဲလျားကျသော ပန်းကုံးကို၊ **ကဋ္ဌမ္ဗကောတိ**- ကဋ္ဌမ္ဗကဟူ၍၊ ဝုတ္တော- ဆိုအပ်ပြီ။ အမုစန္ဒာကာရေန- လထက်ဝက်သဏ္ဌာန်ဖြင့်၊ မာလာဂုဏပရိက္ခေပေါ- ထက်ဝန်းကျင် ရစ်ပတ်အပ်သော ပန်းကုံးကို၊ **အမုစန္ဒကောတိ**- ဟူ၍၊ ဝုတ္တော- ပြီ။ တဒုဘယမ္ပိ- ထိုနှစ်ပါးစုံသော ပန်းသည်လည်း၊ ပူရိမေယေဝ- ပူရိမပန်း၌ သာလျှင်၊ ပဝိဋ္ဌံ- (အတွင်း) ဝင်လေပြီ။

ပန- ဝါဒန္တရကား၊ **ကုရုန္ဒိယံ**- ၌၊ "ဒွေ တယော- နှစ်ကုံး သုံးကုံးကုန်သော၊ မာလာဂုဏေ- တို့ကို၊ ဧကတော- တစ်ပေါင်းတည်း၊ ကတွာ- ပြုလုပ်၍၊ ပုပ္ပဒါမ- ကရဏမ္ပိ- ပန်းဆိုင်း ပြုလုပ်ခြင်းကိုလည်း၊ ဝါယိမံယေဝါတိ- ဝါယိမပန်းဟူ၍ သာလျှင်၊" ဝုတ္တံ- ပြီ၊ တမ္ပိ- ထိုပန်းဆိုင်းပြုခြင်းသည်လည်း၊ ဣဓ- ဤမဟာ အဋ္ဌကထာ၌၊ ပူရိမဋ္ဌာနေယေဝ- ပူရိမပန်းအရာ၌သာလျှင်၊ ပဝိဋ္ဌံ- ဝင်လေပြီ၊ စ- ဆက်၊ ကေဝလံ- ပိဋ္ဌမယပန်းဆိုင်းနှင့်မဖက် သက်သက်၊ ပုပ္ပဒါမမေဝေ- ပန်းကုံးတို့ဖြင့် ပြုအပ်သော ပန်းဆိုင်းသည်သာလျှင်၊ (ပူရိမဋ္ဌာနေ- ၌၊ ပဝိဋ္ဌံ- ဝင်သည်ကား) န- မဟုတ်သေး၊ ပိဋ္ဌမယဒါမမ္ပိ- မုန့်ညက်တို့ဖြင့်ပြုအပ်သော

အဆုံး၌ ကြာသွတ်အိုးသဏ္ဌာန်ရှိသော ပန်းဆိုင်းအစုံကို ဆွဲခြင်းသည် "ဃဋိကသြ- လမ္ဗက"မည်သည်။ (သာရတ္ထ၊၂၊၃၇၂။)

တစ်ခုတစ်ခုသော ပန်းဆိုင်းကို အစထွက်နေသော ချည်စွန်းဖြင့်သာ ဖွဲ့ချည်ချိတ် ဆွဲကောင်းသည်။ ပန်းဆိုင်းနှစ်ခုကို ဆက်စပ်လိုသော ရဟန်းသည်လည်း အစထွက်နေ သော ချည်စွန်းချင်းသာ ဆက်စပ်ကောင်းသည်။ (သာရတ္ထ၊၂၊၃၇၂။)

အမုစန္ဒာကာရေန မာလာဂုဏပရိက္ခေပေါ ။ ။ လထက်ဝက် သဏ္ဌာန်ဖြင့် ခေါက်တုံ့ခေါက်ပြန် အဖန်ဖန်ဆောင်ယူခြင်းဖြင့် ပြည့်စေ၍ ရစ်ပတ်အပ်သော ပန်းကုံး ကို "အမုစန္ဒက"ခေါ်သည်။ ထို့ကြောင့် ယင်းပန်းကုံးသည် ပူရိမပန်းကုံးထဲမှာ ပါဝင်ရ ပေသည်။

ထို့ကြောင့် ဤလထက်ဝက်ပုံသဏ္ဌာန်ကိုလည်း ခေါက်တုံ့ခေါက်ပြန် အဖန်ဖန်ဆောင် ခြင်းဖြင့် ပြည့်စေလျှင် မအပ်၊ တစ်ကြိမ် လထက်ဝက် သဏ္ဌာန်ဖြင့် ပန်းကုံးကို ဆောင်ယူ ရန် အပ်၏ဟု ဆိုကြသည်။

ပုပ္ပဒါမကရဏမ္ပိ ။ ။ ချည်စွန်းကို ကိုင်၍သော်မှ တစ်ပေါင်းတည်း ပြုခြင်းငှာ မအပ်ဟု ဆိုကြသည်။

http://www.dhammadownload.com

ပန်းဆိုင်းသည်လည်းကောင်း၊ ဂေဏ္ဍုကပုပ္ပဒါမမို့- ချည်တို့ဖြင့် ဘောလုံးသဏ္ဌာန်ပြုအပ်သော ပန်းဆိုင်းသည်လည်းကောင်း၊ **ကုရုန္ဒိယံ**- ၌၊ ဝုတ္တံ- ဆိုအပ်သော၊ ခရပတ္တဒါမမို့- ကုလားရွှေဖြင့် ပြုအပ်သော ပန်းဆိုင်းသည်လည်းကောင်း၊ (ပူရိမဋ္ဌာနေယေဝ- ပူရိမပန်း အရာ၌သာလျှင်၊ ပဝိဋ္ဌံ- ဝင်လေပြီ။) [ကုရုန္ဒိယံ ဝုတ္တံ- နောက်၌ ပုဒ်ခတ်မရှိသင့်၊ ခရပတ္တဒါမမို့- နောက်၌သာ ပုဒ်ခတ်ရှိသင့်၏။]

သိက္ခာပဒဿ- သိက္ခာပုဒ်၏၊ သာဓာရဏတ္တာ- ဘိက္ခုနီတို့နှင့်လည်း ဆက်ဆံသည်၏ အဖြစ်ကြောင့်၊ ဘိက္ခုနော့မို့- ရဟန်းတို့၏လည်းကောင်း၊ ဘိက္ခုနီနော့မို့- ရဟန်းမတို့၏လည်းကောင်း၊ ကာတုံ- ငှာ၊ နေဝ ဝဋ္ဋတိ- မအပ်၊ ကာရာပေတုံ- အကပ်ပိုယဝေါဟာရဖြင့် သူတစ်ပါးကိုပြုစေခြင်းငှာ၊ န ဝဋ္ဋတိ- မအပ်၊ ပန-အလျော်ကား၊ ပူဇာနိမိတ္တံ- ပူဇော်ခြင်းဟူသော အကြောင်းကြောင့်၊ ကပ္ပိယ-ဝစနံ- အပ်သောစကားကို၊ သဗ္ဗတ္ထ- အလုံးစုံသော ဂန္ဓိမ စသောပန်းတို့၌၊ ဝတ္တုံ-ပြောခြင်းငှာ၊ ဝဋ္ဋတိ- ၏၊ ပရိယာယသြဘာသနိမိတ္တကမ္မာနိ- ပရိယာယ်ပြုမှု အရိပ်အယောင်ပြုမှု နိမိတ်ပြုမှုတို့သည်၊ ဝဋ္ဋန္တိယေဝ- အပ်ကုန်သည်သာ။

ယော- အကြင်ရဟန်းသည်၊ ဟရိတွာ ဝါ- ကိုယ်တိုင်ဆောင်ယူ၍သော်လည်းကောင်း၊ ဟရာပေတွာ ဝါ- သူတစ်ပါးကို ဆောင်ယူစေ၍သော်လည်းကောင်း၊ ပက္ကောသိတွာ ဝါ- ကိုယ်တိုင်ခေါ်၍သော်လည်းကောင်း၊ ပက္ကောသာ

ဂေဏ္ဍုကပုပ္ပဒါမမို့ ။ ။ သုတ္တမယဲ ဂေဏ္ဍုကံ နာမ၊ (ဋီ။) ဘောလုံး (ဂျင်) ကို "ဂေဏ္ဍုက"ဟု ခေါ်သည်၊ ယင်းဘောလုံး (ဂျင်) နှင့် သဏ္ဌာန်တူအောင် ချည်တို့ကို အထပ်ထပ် ဖြည့်စွက် ပြုလုပ်ထားသော အလုံးကလေးတို့ဖြင့် ကုံးအပ်သော ပန်းကုံးကို "ဂေဏ္ဍုက ပုပ္ပဒါမ"ဟု ခေါ်သည်၊ ထို့ကြောင့် ယင်းအလုံးသည် ပူရိမပန်းကုံး၌ ပါဝင်ရသည်။

ခရပတ္တဒါမ ။ ။ ခရပတ္တန္တိ ခရသဒိါတံ သုဝဏ္ဏပဋိရူပကံ ဝဋ္ဋာ၊ (ဝိမတိ၊၁၊၃၄၂။) ကုလားရွှေ (ရွှေတု) ဖြင့်ပြုအပ်သော ပန်းဆိုင်းကို "ခရပတ္တဒါမ"ဟု ခေါ်သည်။ ယင်းကုလားရွှေဟုသည်မှာပါးလွှာစွာ ပြုလုပ်ထားသော သတ္တုပြားတစ်မျိုးပင်ဖြစ်သည်။ အရောင်မျိုးစုံရှိ၍ ထီးတံခွန်တလားပြာသာဒ် စသည်လုပ်ရာတွင်သုံးသည်။ (မြန်၊ဘိ။)

ဘောလုံးသဏ္ဌာန် ချည်လုံးကလေးတို့ဖြင့် ပြုအပ်သော ပန်းကုံး၊ ကုလားရွှေဖြင့် ပြုအပ်သော ပန်းကုံးတို့ကို ပယ်မြစ်ထားရကား အဝတ်စသည်ဖြင့် ပြုအပ်သော ပန်းကုံး ပန်းဆိုင်းသည်လည်း အကပ်ပိုယအားလျော်သောကြောင့် မအပ်ဟု ဆိုကြသည်။ (သာရတ္ထ၊၂၊၃၇၂။)

http://www.dhammadownload.com

ပေတ္တာ ဝါ- သူတစ်ပါးကို ခေါ်စေ၍သော်လည်းကောင်း၊ သယံ ဝါ- အလိုလို သော်လည်းကောင်း၊ ဥပဂတာနံ- ကပ်ရောက် လာသူတို့အား၊ ယံ ကိဉ္စိ- သော၊ အတ္တနော- မိမိ၏၊ သန္တကံ- သော၊ ပုပ္ပံ- ကို၊ ကုလသင်္ဂဟတ္ထာယ- အမျိုးတို့ကို ခိုးမြှောက်ခြင်း (သိမ်းသွင်းခြင်း) အကျိုးငှာ၊ ဒေတိ- ပေးအံ့၊ တဿ- ၏၊ ဒုက္ကဋ်- သည်၊ ဟောတိ- ၏၊ ပရသန္တကံ- သူတစ်ပါး၏ဥစ္စာကို၊ ဒေတိ- အံ့၊ ဒုက္ကဋမေဝ- ပင်တည်း၊ (ဝိဿသဂ္ဂါဟဖြင့် ယူပေးလျှင် ဒုက္ကဋ်၊) ထေယျစိတ္တေန- ခိုးသူ၏ ဖြစ်ကြောင်းစိတ်ဖြင့်၊ ဒေတိ- အံ့၊ ဘဏ္ဍဂ္ဃေန- ဘဏ္ဍာတန်ဖိုးဖြင့်၊ ကာရေ- တဗ္ဗော- ဆုံးဖြတ်ထိုက်၏၊ သံယိကေပိ- သံယာပိုင်ဥစ္စာ၌လည်း၊ ဧသနယော- တည်း၊ ပန- ဆက်၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဝိသေသော- အထူးတည်း။ သေနာသနတ္ထာယ- ကျောင်းအကျိုးငှာ၊ နိယမိတံ- သတ်မှတ်အပ်သော ပန်းကို၊ ဂ္ဂဿရဝတာယ- အစိုးရသူ၏ အဖြစ်ဖြင့်၊ ဒဒတော- ပေးသော ရဟန်း၏၊ ထုလ္လစ္စယံ- သည်၊ ဟောတိ- ၏။

၃၃။ ပုပ္ဖံ နာမ- ပန်းမည်သည်ကို၊ ကဿ- အဘယ်သူအား၊ ဒါတုံ- ပေးခြင်းငှာ၊ ဝဋ္ဋတိ- အပ်သနည်း၊ ကဿ- အား၊ ဒါတုံ- ငှာ၊ န ဝဋ္ဋတိ- နည်း၊ ဂ္ဂတိ- ဤကားအမေးတည်း။ တာဝ- ကြွင်းသော ဆွေမျိုးစသူတို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာနံ- ညွှန်ပြအပ်ကုန်သော) မာတာပိတူနံ- မိဘတို့အား၊ ဟရိတွာပိ- ကိုယ်တိုင်

သေနာသနတ္ထာယ။ပ။ ထုလ္လစ္စယံ။ ။ ကျောင်း၌ဖြစ်သော ပန်းတို့ကို ကပ္ပိယ-စသူတို့က ရောင်းချ၍ ထိုမှရအပ်သောငွေဖြင့် ကပ္ပိယ-စသူတို့က ပြင်၍ပေးလျှင် ထို ပန်းသည် ကျောင်း၌အကျိုးရှိ၏။ ထိုသို့ သေနာသနအကျိုးငှာ သတ်မှတ်အပ်သော ပန်းကို မိမိက ပိုင်စိုးပိုင်နင်းသဘောထား၍ လူတို့အားပေးလျှင် ထုလ္လစ္စဉ်းအာပတ် သင့်သည်၊ သံယိကကို ကိုယ်ပိုင်သဘောထား၍ ပေးသောကြောင့် ဘဏ္ဍာစားလည်း ထိုက်သည်။ (ဝိမတိ၊၁၊၃၀၃။)

ယခုခေတ် ကျောင်းထိုင်ဘုန်းကြီးအချို့သည် သံယိကကျောင်းကို မိမိအုပ်ချုပ်ရသောအခါ ထိုကျောင်း၌ ဖြစ်သမျှရသမျှကို မိမိပိုင်သည်ဟု ယူဆ၍ သစ်သီးစသည်ကို မိမိပိုင်အနေအားဖြင့် သုံးစွဲလည်း သုံးစွဲကြ, လူတို့အားလည်း ပေးတတ်ကြ၏၊ ထိုကဲ့သို့ မပြုကောင်းကြောင်းကို သတိပြုသင့်ကြပေသည်။ (ပါ။ဘာဋ္ဌ၊၄၊၁၉၁။)

ခြွင်းချက် ။ ။ မဏ္ဍနတ္ထာယ ပန သိဝလိဂိဒိပူဇနတ္ထာယ-ဟုသာ ဆိုထားသောကြောင့် မိဘတို့အား ရောင်းချစားသောက်ရန် ပေးကောင်းသည်၊ မိဘမှတစ်ပါး အခြားဆွေမျိုးတို့အား အခိုက်အတန့်မျှသာ ပေးကောင်းသည်။

http://www.dhammadownload.com

ဆောင်ယူ၍လည်းကောင်း၊ ဟရာပေတွာပိ- သူတစ်ပါးကို ဆောင်ယူစေ၍ လည်းကောင်း၊ ပက္ကောသိတွာပိ- ခေါ်ယူ၍လည်းကောင်း၊ ပက္ကောသာပေတွာပိ- ခေါ်ယူစေ၍လည်းကောင်း၊ ဒါတုံ- ဌာ၊ ဝဋ္ဋတိ- ၏၊ သေသဉာတကာနံ- မိဘတို့မှ ကြွင်းသော ဆွေမျိုးတို့အား၊ ပက္ကောသာပေတွာဝ- ခေါ်စေ၍သာလျှင်၊ ဒါတုံ- ဌာ၊ ဝဋ္ဋတိ- ၏၊ တဒ္ဓ- ထိုပန်းကိုလည်း၊ ဝတ္ထုပူဇနတ္ထာယ- ရတနာသုံးပါးအား ပူဇော်ခြင်းအကျိုးငှာ (သာလျှင်)၊ ဒါတုံ- ဌာ၊ ဝဋ္ဋတိ- ၏၊ ပန- ထိုမှ ပြန်လှန် မသင့်ဟန်ကား၊ မဏ္ဍနတ္ထာယ- တန်ဆာဆင်ခြင်း အကျိုးငှာလည်းကောင်း၊ သိဝလိဂ်ါဒိပူဇနတ္ထာယ ဝါ- မဟာဒေဝနတ်၏ လိင်စသည်ကို ပူဇော်ခြင်း အကျိုးငှာလည်းကောင်း၊ ကဿစိပိ- မည်သူ့အားမျှလည်း၊ ဒါတုံ- ဌာ၊ န ဝဋ္ဋတိ- မအပ်။ စ- ဆက်၊ မာတာပိတူနံ- မိဘတို့ဖို့၊ ဟရာပေန္တေန- ဆောင်ယူစေသော ရဟန်းသည်၊ ဉာတိသာမဏေရေဟေဝ- ဆွေမျိုးသာမဏေတို့ကိုသာလျှင်၊ ဟရာပေတဗ္ဗံ- ဆောင်ယူစေသင့်၏၊ ပန- ဆက်၊ ဣတရေ- ဆွေမျိုးတော်သော သာမဏေမှ အခြားသော သာမဏေတို့သည်၊ သယမေဝ- သူတို့ကိုယ်တိုင်သာလျှင်၊ ယဒိ ဣစ္ဆန္တိ- အကယ်၍ ဆောင်ပို့လိုကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ- ၏၊ သမ္မတေန- သမုတ်အပ်သော၊ ပုပ္ဖဘာဇကေန- ပန်းဝေသော ရဟန်းသည်၊ (ပုပ္ဖဘာဇကသမ္မုတိရပြီးသော ရဟန်းသည်၊) ပုပ္ဖဘာဇနကာလေ- ပန်းဝေရာအခါ၌၊ သမ္မတ္တာနံ- ဥပစာရသိမ်အတွင်း၌ ရောက်နေကုန်သော၊ သာမဏေရာနံ- တို့အား၊ ဥပဓုဘာဂံ- ထက်ဝက်သော အဖို့ကို၊ ဒါတုံ- ဌာ၊ ဝဋ္ဋတိ- ၏၊ **ကုဂ္ဃန္ဒိယံ** ပန- ၌ကား၊ "သမ္မတ္တဂိဟီနံ- ရောက်လာသော လူတို့အား၊ ဥပဓုဘာဂံ- ထက်ဝက်သော အဖို့ကို၊ ဒါတုံ- ဌာ၊ ဝဋ္ဋတိ- ၏။" **မဟာပစ္စရိယံ**- ၌၊ "စူဠကံ- အနည်းငယ်ကို၊ ဝါ- လေးဖို့

ဉာတိသာမဏေရေဟေဝ။ ။ မိဘအတွက်ခိုင်းရာ၌ ဆွေမျိုးသာမဏေတို့ကို ခိုင်းခြင်းကသာ သင့်လျော်သောကြောင့် ဉာတိသမဏေရေဟေဝ-ဟု ဆိုသည်။ ဆွေမျိုးမတော်သော အခြားသာမဏေများကို မခိုင်းကောင်း၍ ဆိုသည်မဟုတ်၊ အခြားသာမဏေများကိုလည်း ခိုင်းကောင်းသည်သာ။ (သာရတ္ထ၊၂၊၃၇၆။)

သာမဏေများ၏ လူတို့အလုပ်ကို လုပ်ပေးခြင်းမှ လွတ်စေခြင်းငှာ ဆွေမျိုးသာမဏေတို့ကိုသာ အပို့ခိုင်းရမည်ဟု ဆိုထားသည်။ (ဝိမတိ၊၁၊၃၀၃။)

ဥပဓုဘာဂံ ဒါတုံ။ ။ သံဃိကလာဘ်လာဘကို ဥပစာရသိမ်အတွင်း၌ ရှိသော သာမဏေများလည်း ပိုင်ဆိုင်သောကြောင့် ထက်ဝက် (နှစ်ပုံတစ်ပုံ) ရသင့်သည်။ စူဠက-ဟူသည်မှာ လေးပုံတစ်ပုံဖြစ်သည်။

http://www.dhammadownload.com

တစ်ဖို့ကို၊ ဒါတုံ- ဌာ၊ ဝင္ရတိ- ၏။" ဣတိ- သို့၊ ဝုတ္တံ- ပြီ၊ အသမ္မတေန- မသမုတ်အပ်သော ရဟန်းသည်၊ ဝါ- သမ္မုတိမရသော ရဟန်းသည်၊ အပလောကေတွာ- ပန်ပြော၍၊ ဒါတဗ္ဗံ- ပေးထိုက်၏။ [ပန်ပြောပြီးမှ သံဃာ့အပေးဖြင့် ရောက်လာသော သာမဏေ လူဝတ်ကြောင်တို့အား ပေးပါ။]

အာစရိယုပဇ္ဈာယေသု- ဆရာဥပဇ္ဈာယ်တို့၌၊ သဂါရဝါ- ကုန်သော၊ သာမဏေရာ- တို့သည်၊ ဗဟူနိ- ကုန်သော၊ ပုပ္ဖာနိ- တို့ကို၊ အာဟရိတွာ- ကုန်၍၊ ရာသိ- အစုအပုံကို၊ ကတွာ- ၍၊ ဌပေန္တိ- ထားတတ်ကြကုန်၏။ ထေရာ- ထေရ်တို့သည်၊ ပါတောဝ- နံနက်စောစော၌ပင်၊ သမ္မတ္တာနံ- ရောက်လာကုန်သော၊ သဒ္ဓိဝိဟာရိကာဒီနံ- အတူနေတပည့် အစရှိသူတို့အားလည်းကောင်း၊ ဥပါသကာဒီနံ ဝါ- (ဘုရားရှိခိုးရန် ရောက်လာကုန်သော) ဥပါသကာတို့အားလည်းကောင်း၊ "တုံ- သင်သည်၊ ဣဒံ- ဤပန်းကို၊ ဂဏှ- ယူလော့၊ တုံ- သည်၊ ဣဒံ- ကို၊ ဂဏှ- လော့၊" ဣတိ- သို့၊ ဒေန္တိ- ပေးဝေတတ်ကြကုန်၏၊ ပုပ္ဖဒါနံ နာမ- ပန်းပေးခြင်းမည်သည်၊ န ဟောတိ- မဖြစ်။

[ဘုရားပူဇော်ရန် ပေးဝေခြင်း ဖြစ်သောကြောင့် လူတို့အား ပန်းပေးရာ မရောက်။]

စေတိယံ- ကို၊ ပူဇေဿာမ- ပူဇော်ကြကုန်အံ့၊ ဣတိ- သို့၊ ဂဟေတွာ- ပန်းတို့ကို ယူ၍၊ ဂစ္ဆန္တာပိ- သွားကုန်စဉ်လည်းကောင်း၊ ပူဇံ- ပူဇော်မှုကို၊ ကရောန္တာပိ- ပြုကုန်စဉ်လည်းကောင်း၊ တတ္ထ တတ္ထ- ထိုထို အရပ်သို့၊ (လမ်းမှာပဲဖြစ်ဖြစ် စေတီရင်ပြင်မှာပဲဖြစ်ဖြစ်) သမ္မတ္တာနံ- ရောက်လာကုန်သော သာမဏေ, ဥပါသကာ စသူတို့အား၊ စေတိယပူဇနတ္ထာယ- စေတီတော်ကို ပူဇော်ခြင်းအကျိုးငှာ၊ ဒေန္တိ- ဘုံ၊ ဧတမ္ပိ- ဤပေးခြင်းသည်လည်း၊ ပုပ္ဖဒါနံ နာမ- မည်သည်၊ န ဟောတိ- မဖြစ်၊ ဥပါသကေ- ဒကာတို့ကို၊ အက္ကမပုပ္ဖာဒီဟိ- မရိုးပန်းအစရှိသည်တို့ဖြင့်၊ ပူဇေန္တေ- ပူဇော်နေကြသည်တို့ကို၊ ဒိသွာ- တွေ့ရ၍၊ "ဥပါသကာ- ဒကာတို့၊ ဝိဟာရေ- ၌၊ ကဏိကာရပုပ္ဖာဒီနိ- မဟာလှေကားပန်း အစရှိသည်တို့သည်၊ အတ္ထိ- ကုန်၏။ တာနိ- ထိုမဟာလှေကား

သာမဏေရာပေ။ ဌပေန္တိ။ ။ သံဃာ၏ ရက္ခိတ ဂေါပိတ-မဟုတ်သော ပန်းများကို ခူးယူစုပုံထားကြသည်ဟု ဆိုလိုသည်။ ရက္ခိတ ဂေါပိတ-ဖြစ်လျှင် ထိုကဲ့သို့ ဥပဇ္ဈာယ် ဆရာအတွက် သက်သက်မပြုကောင်း။

http://www.dhammadownload.com

ပန်း အစရှိသည်တို့ကို၊ ဂဟေတွာ-ယူကြကုန်၍၊ ပူဇေထ- ပူဇော်ကြကုန်၊" ဣတိ- သို့၊ ဝတ္တုမိ့- ပြောခြင်းငှာလည်း၊ ဝဋ္ဋတိ- ၏။ ဘိက္ခူ- တို့သည်၊ ပုပ္ဖပူဇ-ပန်းပူဇော်မှုကို၊ ကတွာ- ပြုပြီး၍၊ ဒိဝါတရံ- အတော်နေမြင့်မှ၊ ဂါမံ- ရွာသို့၊ ပဝိဋ္ဌေ- ဆွမ်းခံဝင်လာသည်တို့ကို၊ (ပုစ္ဆန္တိဒ္ဒ စပ်ပါ။) "ဘန္တေ- အရှင်ဘုရားတို့၊ ကိံ- အဘယ့်ကြောင့်၊ အတိဒိဝါ- အလွန်နေမြင့်မှ၊ ပဝိဋ္ဌာ- ဝင်လာကြကုန်သည်၊ အတ္ထ- ဖြစ်ပါကုန်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆန္တိ- မေးလျှောက်ကုန်အံ့၊ "ဝိဟာရေ- ၌၊ ပုပ္ဖာနိ- တို့သည်၊ ဗဟူနိ- ကုန်သည်၊ ဟောန္တိ- ကုန်၏၊ ပူဇ-ပူဇော်မှုကို၊ အကရိမှ- ပြုနေရကုန်ပြီ၊" ဣတိ- သို့၊ ဝဒန္တိ- ကုန်အံ့၊ မနုဿာ-တို့သည်၊ ဝိဟာရေ- ၌၊ ပုပ္ဖာနိ- တို့သည်၊ ဗဟူနိ- ကုန်သည်၊ ဟောန္တိ ကိရ-ဖြစ်ကုန်သတတ်၊ ဣတိ- ဤသို့ကြံ၍၊ ပုနဒိဝသေ- နောက်တစ်နေ့၌၊ ပဟူတံ-များစွာသော၊ ခါဒနီယံ- ခဲဖွယ်ကို၊ ဘောဇနီယံ- ဘောဇဉ်ကို၊ ဂဟေတွာ-ကုန်၍၊ ဝိဟာရံ- သို့၊ ဂန္တွာ- ကုန်၍၊ ပုပ္ဖပူဇဉ္စ- ပန်းပူဇော်မှုကိုလည်း၊ ကရောန္တိ-ကုန်အံ့၊ ဒါနဉ္စ- အလှူကိုလည်း၊ ဒေန္တိ- ပေးလှူကုန်အံ့၊ ဝဋ္ဋတိ- ၏။

၃၄။ မနုဿာ- တို့သည်၊ ဘန္တေ- တို့၊ မယံ- တို့သည်၊ အသုကဒိဝသံ နာမ-ထိုမည်သော နေ့၌၊ ပူဇေဿာမ - ပူဇော်လာပါကုန်အံ့၊ ဣတိ- ဤသို့လျှောက်၍၊ ပုပ္ဖဝါရံ- ပန်းပူဇော်လှည့်ကို၊ ယာစိတွာ- တောင်း၍၊ အနုညာတဒိဝသေ- ခွင့်ပြု အပ်ရာနေ့၌၊ အာဂစ္ဆန္တိ- လာကုန်အံ့၊ သာမဏေရေဟိ စ- တို့သည်လည်း၊ ပဂေဝ- စောစော၌ပင်လျှင်၊ ပုပ္ဖာနိ- တို့ကို၊ ဩစိနိတွာ- ခူးကြကုန်၍၊ ဌပိတာနိ-ထားအပ်ကုန်သည်၊ဟောန္တိ- ကုန်အံ့၊ တေ- ထိုလူတို့သည်၊ ရုက္ခေသု- သစ်ပင်တို့၌၊ ပုပ္ဖာနိ- တို့ကို၊ အပဿန္တာ- မတွေ့ကြကုန်သည်၊ ဟုတွာ- ၍၊ "ဘန္တေ-တို့၊ ပုပ္ဖာနိ- တို့သည်၊ ကုဟိံ- အဘယ်မှာပါနည်း၊" ဣတိ- သို့၊ ဝဒန္တိ- လျှောက်ကုန်အံ့၊ သာမဏေရေဟိ- တို့သည်၊ ဩစိနိတွာ- ၍၊ ဌပိတာနိ- ထားအပ်ကုန်ပြီ၊ တုမ္ဟေ ပန- သင်တို့သည်ကား၊ ပူဇေတွာ- ၍၊ ဂစ္ဆထ- ကုန်၊ သံယော- သံယောတော်သည်၊ အညံ- တစ်ပါးသော၊ ဒိဝသံ- နေ့၌၊ ပူဇေဿတိ- ပူဇော်ရလိမ့်မည်၊ ဣတိ- ဤသို့ပြောကုန်အံ့၊ တေ- ထိုလူတို့သည်၊ ပူဇေတွာ- ၍၊ ဒါနံ- ကို၊ ဒတွာ-၍၊ ဂစ္ဆန္တိ- ကုန်အံ့၊ ဝဋ္ဋတိ- ၏။

ပန- ဝါဒန္တရကား၊ **မဟာပစ္စရိယံ**- ၌လည်းကောင်း၊ **ကုရုန္ဒိယဋ္ဌ**- ၌လည်းကောင်း၊

http://www.dhammadownload.com

ထေရာ- တို့သည်၊ သာမဏေရေဟိ- တို့ကို၊ ဒါပေတုံ- ပေးစေခြင်းငှာ၊ န လဘန္တိ- မရကုန်၊ သယမေဝ- သာမဏေများ ကိုယ်တိုင်သာလျှင်၊ တာနိ- ပုဗ္ဗာနိ- တို့ကို၊ တေသံ- ထိုလူတို့အား၊ သစေ ဒေန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ- ၏။ [ဝတ္ထုပူဇာအတွက်ဖြစ်၍ ပေးကောင်းသည်။] ပန- ဆက်၊ ထေရေဟိ- တို့သည်၊ (ဝတ္တဗ္ဗံ၌ စပ်) သာမဏေရေဟိ- တို့သည်၊ ဩစိနိတွာ- ခူး၍၊ ဌပိတာနိ- ကုန်ပြီ၊ ဣတိ- သို့၊ ဧတ္တကမေဝ- ဤမျှလောက်ကိုသာ၊ ဝတ္တဗ္ဗံ- ပြောသင့်၏၊ ဣတိ- ဤသို့၊ ဝုတ္တံ- ဆိုအပ်ပြီ။

ပန- ဆက်၊ ပုပ္ဖဝါရံ- ပန်းပူဇော်လှည့်ကို၊ ယာစိတွာ- တောင်း၍၊ ပုပ္ဖေသု- တို့ကို၊ အနောစိတေသု- မဆွတ်ခူးအပ်ကုန်သေးမီ၊ ယာဂုဘတ္တာဒီနိ- ယာဂုထမင်းအစရှိသည်တို့ကို၊ အာဒါယ- ယူ၍၊ အာဂန္တွာ- လာ၍၊ သာမဏေရေ- တို့ကို၊ "ဩစိနိတွာ- ခူး၍၊ ဒေထ- ပေးပါကုန်၊" ဣတိ- သို့၊ သစေ ဝဒန္တိ- အကယ်၍ လူတို့က ပြောကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဉာတိသာမဏေရာနံ- ယေဝ- ဆွေမျိုးတော်သော သာမဏေတို့အားသာလျှင်၊ (ဝဋ္ဋတိ၌ စပ်၊) ဩစိနိ- တွာ- ခူး၍၊ ဒါတုံ- လူတို့အားပေးခြင်းငှာ၊ ဝဋ္ဋတိ- ၏။ အညာတကေ- ဆွေမျိုးမတော်သော သာမဏေတို့ကို၊ ဥက္ခိပိတွာ- လူတို့ကမြှောက်တင်၍၊ ရုက္ခသာခါ- ယ- သစ်ကိုင်းပေါ်၌၊ ဌပေန္တိ- ထားကုန်အံ့၊ ဩရောဟိတွာ- ဆင်း၍၊ န ပလာယိ- တဗ္ဗံ- မပြေးရာ၊ ဩစိနိတွာ- ခူး၍၊ ဒါတုံ- ငှာ၊ ဝဋ္ဋတိ- ၏။

ပန- ဆက်၊ ကောစိ- တစ်ပါးပါးသော၊ ဓမ္မကထိကော- သည်၊ ဥပါ- သကာ- တို့၊ ဝိဟာရေ- ၌၊ ပုပ္ဖာနိ- ပန်းတို့သည်၊ ဗဟူနိ- များလှကုန်၏၊ ယာဂုဘတ္တာဒီနိ- တို့ကို၊ အာဒါယ- ယူ၍၊ ဂန္တွာ- ၍၊ ပုပ္ဖပူဇံ- ပန်းပူဇော်မှုကို၊ ကရော ထ- ကုန်၊ ဣတိ- သို့၊ သစေ ဝဒတိ- အံ့၊ (ဧဝံ သတိ- သော်၊) တဿေဝ- ထို ဓမ္မကထိကအားသာ၊ န ကပ္ပတိ- မအပ်၊

ဣတိ- သို့၊ **မဟာပစ္စရိယဋ္ဌ**- ဋ္ဌလည်းကောင်း၊ **ကုဏ္ဍဓာနိယဋ္ဌ**- ဋ္ဌလည်းကောင်း၊ ဝုတ္တံ- ပြီ၊ ပန- ဝါဒန္တရကား၊ **မဟာအဋ္ဌကထာယံ**- ဋ္ဌ၊ –

သာမဏေရေဟိ။ပေ။ နလဘန္တိ။ ။ လူတို့၏အလုပ်ကို အလုပ်ခိုင်းသကဲ့သို့ ဖြစ်နေသောကြောင့်သာ "သာမဏေရေဟိ ဒါပေတုံ နလဘန္တိ (သာမဏေတို့ကို အပေးမခိုင်းကောင်း)"ဟူသော စကားကိုဆိုသည်။ ပန်းပေးခြင်းဖြစ်သောကြောင့် ဆိုသည်မဟုတ်၊ ဤသို့ယူမှသာ "သစေ သယမေဝ" စသော နောက်စကားရပ်နှင့် ညီညွတ်မည်။

http://www.dhammadownload.com

ဧတံ- ဤယာဂုဆွမ်း အစရှိသည်လည်း၊ အကပ္ပိယံ- အကပ္ပိယတည်း၊ န ဝဋ္ဋတိ- မအပ်၊

ဣတိ- ဤသို့၊ အဝိသေသေန- အထူးမမ သာမညအားဖြင့်၊ ဝုတ္တံ- ဆိုအပ်ပြီ။

၃၅။ ဖလပ္ပိ- သစ်သီးကိုလည်း၊ အတ္တနော- မိမိ၏၊ သန္တကံ- ဥစ္စာဖြစ်သော သစ်သီးကို၊ ဝုတ္တနယေနေဝ- ပန်း၌ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ မာတာ-ပိတူနဉ္စ- မိဘတို့အားလည်းကောင်း၊ သေသဉာတီနဉ္စ- ကြွင်းသော ဆွေမျိုးတို့အားလည်းကောင်း၊ ဒါတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ ပန- ဆက်၊ ကုလသင်္ဂဟတ္ထာယ- အမျိုးကိုခွဲမြှောက် (သိမ်းသွင်း) ခြင်းအကျိုးငှာ၊ ဒေန္တသ- ပေးသောရဟန်း၏၊ ဝုတ္တနယေနေဝ- ဖြင့်သာလျှင်၊ အတ္တနော- မိမိ၏၊ သန္တကေ- ဥစ္စာ၌လည်းကောင်း၊ ပရသန္တကေ- သူတစ်ပါး၏ ဥစ္စာ၌လည်းကောင်း၊ သံယိကေ- သံယုဉ်ဥစ္စာ၌လည်းကောင်း၊ သေနာသနတ္ထာယ- ကျောင်း အကျိုးငှာ၊ နိယမိတေ စ- သတ်မှတ်အပ်သော အသီး၌လည်းကောင်း၊ ဒုက္ကဋာဒီနိ- ဒုက္ကဋ် အစရှိသည်တို့ကို၊ ဝေဒိတဗ္ဗာနိ- ကုန်၏၊ အတ္တနော- မိမိ၏၊ သန္တကံယေဝ- ဥစ္စာဖြစ်သော အသီးကိုသာ၊ ဂိလာနမနုဿာနံ ဝါ- ဂိလာနဖြစ်သူ လူတို့အားလည်းကောင်း၊ သမ္မတ္တကုဿရာနံ ဝါ- ရောက်လာသော အစိုးရတို့အားလည်းကောင်း၊ ခီဏာပရိဇ္ဇယာနံ ဝါ- ကုန်ခမ်းသော ရိက္ခာရှိသူတို့အားလည်းကောင်း၊ (ခရီးသွား ဧည့်သည်တို့ကို ရည်ရွယ်သည်) ဒါတုံ- ငှာ၊ ဝဋ္ဋတိ- အပ်၏။ ဖလဒါနံ- သစ်သီး ပေးခြင်းသည်၊ န ဟောတိ- မဖြစ်၊ သမ္မတေန-

---

အဝိသေသေန ဝုတ္တံ။ ။ ယာဂုဆွမ်းစသည်ကို ယူလာကြဟူသော စကားသည် ယင်းခမ္မကထိကအတွက်သာ မဟုတ်၊ အခြားရဟန်းများအတွက်ပါ ရည်ညွှန်းပြောဆိုသော စကားဖြစ်နေသည်၊ ထို့ကြောင့် သာမန်အားဖြင့် မအပ်ဟု မဟာအဋ္ဌကထာမှာ ဆိုထားသည်။ ထိုကြောင့် ခမ္မကထိကအတွက်လည်း မအပ်၊ အခြားရဟန်းတော်များအတွက်လည်း မအပ်၊ သီတင်းသုံးဖော်အားလုံးအတွက်ပင် မအပ်တော့ပါ။

ဝုတ္တနယေနေဝ ။ ။ "မာတာပိတူနံ တာဝ ဟရိတ္တာပိ။ပ။ ပက္ကောသာပေတွာဝ၊ မာတာပိတူနံ စ ဟရာပေန္တေန ဉာတိသာမဏေရေဟေဝ ဟရာပေတဗ္ဗံ၊ ဣတရေ ပန ယဒိ သယမေဝ ဣစ္ဆန္တိ၊ ဝဋ္ဋတိ"ဟု ပုပ္ဖဒါန၌ ဆိုအပ်ပြီးသောနည်းကို ပြန်ညွှန်းသည်။

ကုလသင်္ဂဟတ္ထာယ။ပ။ ဒုက္ကဋာဒီနိ ။ ။ ဤစကားသည်လည်း ပုပ္ဖဒါန-အခန်း၌ ဆိုအပ်ပြီးသော "ယော ဟရိတ္တာ ဝါ။ပ။ဣဿရဝတာယ ဒဒတော ထုလ္လစ္စယံ"ကို ချဲ့ထွင်ပြအပ်သော စကားဖြစ်သည်။ အကျယ်ကို ပုပ္ဖဒါန-ခန်း၌ ပြန်ရှုပါ။

ဖလဒါနံ နဟောတိ။ ။ မိမိကိုယ်ပိုင်ဖြစ်သော သစ်သီးကို တစ်စုံတစ်ရာလာဘ်လာဘကို မမျှော်လင့်ဘဲ ဂိလာနအတွက် တောင်းလာလျှင် ပေးကောင်းသည်။ ကျောင်း

http://www.dhammadownload.com

သမုတ်အပ်ပြီးသော၊ ဖလဘာဇကေနပိ- သစ်သီးဝေသော ရဟန်းသည်လည်း၊ သံယဿ- ၏၊ ဖလဘာဇနကာလေ- သစ်သီးဝေရာအခါ၌၊ သမ္ဗတ္တမနုဿာနံ- ရောက်လာကြသူ လူပုဂ္ဂိုလ်တို့အား၊ ဥပနာဘာဝံ- ထက်ဝက်သောအဖို့ကို၊ ဒါတုံ- ဌာ၊ ဝဋ္ဋတိ- ၏၊ အသမ္မတေန- မသမုတ်အပ်သော ရဟန်းသည်၊ အပလောကေတွာ- သံယာအား ပန်ပြော၍၊ ဒါတဗ္ဗံ- ပေးထိုက်၏၊ သံယာရာမေပိ- သံယာ့အာရာမ်၌လည်း၊ ဖလပရိစ္ဆေဒေန ဝါ- သစ်သီးအပိုင်းအခြားဖြင့် သော်လည်းကောင်း၊ ရုက္ခပရိစ္ဆေဒေန ဝါ- သစ်ပင်အပိုင်းအခြားဖြင့် သော်လည်းကောင်း၊ ကတိကာ- ကတိကဝတ်ကို၊ ကာတဗ္ဗာ- ပြုထိုက်၏၊ တတော- ထိုအသီးအပင်တို့မှ၊ ဂိလာန မနုဿာနံ ဝါ- တို့အားလည်းကောင်း၊ အညေသံ ဝါ- အခြားသူတို့အားလည်းကောင်း၊ ဖလံ- သစ်သီးကို၊ ယာစန္တာနံ- တောင်းလာကုန်လတ်သော်၊ ယထာပရိစ္ဆေဒေန- အပိုင်းအခြားအား လျော်သောအားဖြင့်၊ စတ္တာရိဖလာနိ- လေးလုံးတို့ကိုသော်လည်းကောင်း၊ ပဉ္စဖလာနိ- ငါးလုံးတို့ကိုသော်လည်းကောင်း၊ ဒါတဗ္ဗာနိ- ပေးထိုက်ကုန်၏၊ "ကွတော- ဤသစ်ပင်မှ၊ ဂဟေတုံ- ယူခြင်းငှာ၊ လဒ္ဓတိ- ရအပ်၏၊" ကွတိ- သို့၊ ရုက္ခာ ဝါ- သစ်ပင်တို့ကိုသော်လည်း၊ ဒဿေတဗ္ဗာ- ညွှန်ပြထိုက်ကုန်၏၊ ပန- ထိုမှ ပြန်လှန်မသင့်ဟန်ကား၊ "ကွဓ- ဤသစ်ပင်၌၊ ဖလာနိ- တို့သည်၊ သုန္ဒရာနိ- ကောင်းကုန်၏၊ ကွတော- ဤသစ်ပင်မှ၊ ဂဏှထ- ယူကြကုန်၊" ကွတိ ဧဝံ- ဤသို့၊ နှ ဝတ္တဗ္ဗံ- မပြောရာ။

အတ္တနော- မိမိ၏၊ သန္တကံ- ဥစ္စာဖြစ်သော၊ သိရီသစုဏ္ဏံ ဝါ- ကုက္ကိုမှုန့်ကို သော်လည်းကောင်း၊ အညံ- တစ်ပါးသော၊ ယံ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ကသာဝံ ဝါ- ဖန်သောအမှုန့်ကိုသော်လည်းကောင်း၊ ကုလသင်္ဂဟတ္ထာယ- အကျိုးငှာ၊ ဒေတိ- ပေးအံ့၊ ဒုက္ကဋ်- သည်၊ ဟောတိ- ဖြစ်၏၊ ပရသန္တကာဒီသုပိ- သူတစ်ပါး၏ဥစ္စာ အစရှိသည်တို့၌လည်း၊ ဝုတ္တနယေနေဝ- ဖြင့်သာလျှင်၊

ကိုရောက်လာသော အစိုးရတို့အားလည်း ပေးကောင်းသည်။ ရိက္ခာကုန်လာသော ခရီးသွားဧည့်သည်တို့အားလည်း ပေးကောင်းသည်။ ယင်းသို့ပေးသည့်အတွက် ကုလ-ဒူသနဒုက္ကဋ်အာပတ်မသင့်။

သံယာရာမေပိ။ ။ ဂိလာနမဖြစ်သူ, လူပုဂ္ဂိုလ်, အခြားအသီးစားလိုသော ပုဂ္ဂိုလ်တို့က တောင်းလာလျှင် (မပေးဘဲနေ၍ မသင့်လျော်သောကြောင့်) သံယိကကျောင်း၌လည်း ဤမျှလောက်သော အသီးကို ပေးနိုင်သည်ဟု အသီးကို ပိုင်းခြား၍သော်လည်း

http://www.dhammadownload.com

ဝိနိစ္ဆယော- အဆုံးအဖြတ်ကို၊ ဝေဒိတဗ္ဗော- သိထိုက်၏။ [ပုပ္ဖဒါနကိုပင် ပြန်ညွှန်းသည်။] အယံ ပန- ဤဆိုအပ်လတ္တံ့ကား၊ ဝိသေသော- အထူးတည်း၊ သဲ့ယသ- သဲ့ယာတော်၏၊ ဝါ- သည်၊ ရက္ခိတဂေါပိတာ- စောင့်ရှောက်အပ်လုံခြုံစေအပ်သော၊ ရုက္ခဆလ္လိပိ- သစ်ခေါက်သည်လည်း၊ ဂရုဘဏ္ဍမေဝ- ဂရုဘဏ်ပင်တည်း၊ ဣတိ- ဤကားထူးခြားချက်တည်း။ (မဝေဖန်ကောင်း၊) မတ္တိကဒန္တကဋ္ဌဝေဋ္ဌပဏ္ဏေသုပိ- မြေညက်, တံပူ, ဝါး, သစ်ရွက်တို့၌လည်း၊ ဂရုဘဏ္ဍုပဂံ- ဂရုဘဏ်အဖြစ်သို့ ကပ်ရောက်သည်ကို၊ ဝါ- ဂရုဘဏ်လောက်သည်ကို၊ ဥတ္တာ- သိ၍၊ စုဏ္ဏေ- အမှုန့်၌၊ ဝုတ္တနယေနေဝ- ဖြင့်ပင်လျှင်၊ ဝိနိစ္ဆယော- ကို၊ ဝေဒိတဗ္ဗော- ၏။

၃၆။ ဂိဟီနံ- လူတို့၏၊ ဒုတေယျံ- တမန်သည်တို့၏ အလုပ်ဖြစ်သော၊ သာသနဟရဏကမ္မံ- သဝဏ်စာလွှာ နှုတ်မှာစကားကို ဆောင်ယူခြင်းအမှုကို၊ **ဇယ်ပေသနိယန္တိ**- ဇယ်ပေသနိယဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ တံ- ထိုအမှုကို၊ နကာတုံ- မပြုအပ်၊ ဟိ- ချဲ့ဦးအံ့၊ ဂိဟီနံ- လူတို့၏၊ သာသနံ- နှုတ်မှာစကားကို၊ ဂဟေတွာ- ယူ၍၊ ဂစ္ဆန္တသ- သွားသောရဟန်း၏၊ ပဒေ ပဒေ- ခြေလှမ်းတိုင်းခြေလှမ်းတိုင်း၌၊ ဒုက္ကဋံ- သည်၊ ဟောတိ- ၏၊ တံ ကမ္မံ- ထိုအမှုကို၊ နိဿာယ- အမှီပြု၍၊ လဒ္ဓဘောဇနံ- ရအပ်သော ဘောဇဉ်ကို၊ ဘုဉ္ဇန္တသပိ- စားသော ရဟန်း၏လည်း၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ- စားမျိုတိုင်း စားမျိုတိုင်း၌၊

ကတိကဝတ်ပြုထားရမည်၊ သို့မဟုတ် မည်သည့်သစ်ပင်၏ အသီးကို ပေးနိုင်သည်ဟု သစ်ပင်ကို သတ်မှတ်၍သော်လည်း ကတိကဝတ်ပြုထားရမည်၊ တောင်းလာသောအခါ ထိုအပိုင်းအခြားအတိုင်း ပေးကောင်းသည်၊ သို့မဟုတ် မည်သည့်သစ်ပင်က ဆွတ်ခူးနိုင်သည်ဟု သစ်ပင်ကို ညွှန်ပြနိုင်သည်၊ ဒီသစ်ပင်ကကောင်းသည် ဒီသစ်ပင်ကယူကြဟု လောကဝတ်စကား မပြောကောင်း၊ ပြောလျှင် ကုလဒူသန-ဒုက္ကဋ်အာပတ် သင့်သည်။

အဖန်မှန့်။ ။ မျက်နှာစသည်မှာ အဖုအပိန့်စသည်မရှိအောင် ရှေးက ကုက်ကြိမ်မှန့်စသော အဖန်မှန့်များဖြင့် မျက်နှာစသည်ကို နှိပ်နယ် ချေမှုန်းပေးလေ့ရှိသည်။

ဇယ်ပေသနိယ။ ။ ပေသနေ+နိယုတ္တံ- ပေသနိယ်၊ ခစားခြင်း၌ ယှဉ်သောအမှု၊ ဇယ်ယ+ပေသနိယ်- ဇယ်ပေသနိယ်၊ ခြေသလုံးဖြင့် ခစားခြင်း၌ ယှဉ်သောအမှု၊ ဒူတဿ+ကမ္မံ- ဒူတေယျံ၊ တမန်၏အလုပ်၊ စာကိုဖြစ်စေ, နှုတ်မှာစကားကိုဖြစ်စေ ယူဆောင်သွားမှု၊

http://www.dhammadownload.com

ဒုက္ကဋ်- သည်၊ ဟောတိ- ၏။ ပဌမံ- ရှေးဦးစွာ၊ သာသနံ- နှုတ်မှာစကားကို၊ အဂ္ဂဟေတွာပိ- မယူခဲ့မူ၍လည်း၊ ပစ္ဆာ- နောက်၌၊ "အယံ- ဤရွာသည်၊ ဒါနိ- ယခုအခါ၌၊ သော ဂါမော- ထိုရွာတည်း။ [ဒကာ ဒကာမတို့မှာလိုက်သော ရွာဖြစ်သည်ဟု ဆိုလိုသည်။] ဟန္ဒ- ယခု၊ နံ သာသနံ- ထိုနှုတ်မှာစကားကို၊ အာရောစေမိ- ပြောဦးအံ့၊" ဣတိ- ဤသို့ကြံ၍၊ မဂ္ဂါ- လမ်းမှ၊ သြက္ကမန္တသပိ- ဖဲသော ရဟန်း၏လည်း၊ ပဒေ ပဒေ- ၌၊ ဒုက္ကဋ်- သည်၊ ဟောတိ- ၏၊ သာသနံ- ကို၊ အာရောစေတွာ- ပြော၍၊ ဝါ- ပြောခြင်းကြောင့်၊ လဒ္ဓဘောဇနံ- ကို၊ ဘုဉ္ဇတော- စားသော ရဟန်း၏၊ ပုရိမနယေနေဝ- ဖြင့်ပင်၊ ဒုက္ကဋ်- သည်၊ ဟောတိ- ၏။ (စားမျိုတိုင်း စားမျိုတိုင်း သင့်သည်။) ပန- ဆက်၊ သာသနံ- ကို၊ အဂ္ဂဟေတွာ- မယူဘဲ၊ အာဂတေန- ရောက်လာသော ရဟန်းသည်၊ "ဘန္တေ- ရား၊ တသ္မိံ ဂါမေ- ထိုရွာ၌၊ ဣတ္ထန္နာမဿ- ဤအမည်ရှိသူ၏၊ ပဝတ္တိ- ဖြစ်ပုံသည်၊ ကာ- အဘယ်သို့ပါနည်း၊" ဣတိ- သို့၊ ပုစ္ဆိယမာနေန- မေးအပ်သော်၊ ကထေတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ ပုစ္ဆိတပဥ္ဉေ- မေးအပ်သော ပြဿနာ၌၊ ဒေါသော- အပြစ်သည်၊ နတ္ထိ- မရှိ။

[ဤခွင့်ပြုချက်ကိုထောက်၍ အချို့ဝိနည်းဝိုရိများပင် "အရှင်ဘုရား အရှင်ဘုရားကြွလာခဲ့သော အရပ်ကမည်သူမည်ဝါတို့ ကျန်းမာချမ်းသာကြပါရဲ့လား" ဟု မေးလျှင် ကျန်းမာချမ်းသာကြောင်းကို ပြောဆိုကြသည်။ (ပါ။ဘာဋ္ဌ။၄၊၁၉၇။)]

ပန- ဆက်၊ ပဉ္စန္နံ- ငါးဦးကုန်သော၊ သဟဓမ္မိကာနံ- သီတင်းသုံးဖော်တို့၏ လည်းကောင်း၊ မာတာပိတူနံ- လည်းကောင်း၊ ပဏ္ဏုပလာသဿ- ရှင်လောင်း၏လည်းကောင်း၊ အတ္တနော- ၏၊ ဝေယျာဝစ္စကရဿ- ဝေယျာဝစ္စပြုသူ၏ လည်းကောင်း၊ သာသနံ- ကို၊ ဟရိတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ ဂိဟီနံ- မည်သူမဆို လူပုဂ္ဂိုလ်တို့၏၊ ကပ္ပိယသာသနံ စ- အပ်သော သတင်းစကားကိုလည်း၊ ဟရိတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ တသ္မာ- ထို့ကြောင့်၊ "မမ- ဘုရားတပည့်တော်၏၊ ဝစနေန-

---

ပဌမံ သာသနံ။ပေ။ ဒုက္ကဋံ။ ။ ပထမပြောစဉ်က လက်မခံသော်လည်း ဤသူ၏ နှုတ်မှာစကားကို ပြောပေးမည်ဟူသော အလိုဆန္ဒဖြင့်လာခဲ့သောကြောင့်သာ ဒုက္ကဋ် အာပတ်သင့်ရသည်။ ပထမပြောစဉ်က စိတ်စေတနာသန့်သန့်ဖြင့်ပယ်၍ နောက်မှ သနားစိတ်ဝင်လာသည့်အတွက် ရဟန်းနှင့်သင့်လျော်သော နှုတ်မှာစကားကို သွားပြောလျှင်ကား အာပတ်မသင့်။ (သာရတ္ထ၊၂၊၃၇၇။)

http://www.dhammadownload.com

စကားဖြင့်၊ ဘဂဝတော- မြတ်စွာဘုရား၏၊ ပါဒေ- ခြေတော်တို့ကို၊ ဝန္ဒထ- ရှိခိုးကြပါကုန်၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ "စေတိယံ- စေတီကို၊ ပဋိမံ- ဆင်းတုတော်ကို၊ ဗောဓိံ- ဗောဓိပင်ကို၊ သံဃတ္ထေရံ- သံဃထေရ်ကို၊ ဝန္ဒထ- ပါကုန်၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ "စေတိယေ- စေတီ၌၊ ဂန္ဓပူဇံ- နံ့သာဖြင့်ပူဇော်မှုကို၊ ကရောထ- ပြုတော်မူကြပါကုန်၊" ဣတိ ဝါ- ကောင်း၊ "ပုပ္ဖပူဇံ- ပန်းပူဇော်မှုကို၊ ကရောထ- ပါကုန်၊" ဣတိ ဝါ- ကောင်း၊ "ဘိက္ခူ- တို့ကို၊ သန္နိပါတေထ- စည်းဝေးစေတော်မူကြပါကုန်၊ ဒါနံ- ကို၊ ဒဿာမ- ကုန်အံ့၊ ဓမ္မံ- ကို၊ ဒေသာပယိဿာမ- ဟောကြားစေကြပါကုန်အံ့၊" ဣတိ ဝါ- ကောင်း၊ ဤဒိသေသု- ဤသို့သဘောရှိကုန်သော၊ သာသနေသု- နှုတ်မှာစကားတို့၌၊ ကုက္ကုစ္စံ- ကုက္ကုစ္စကို၊ န ကာတဗ္ဗံ- မပြုသင့်၊ ဟိ- မှန်၏၊ ဧတာနိ- ဤနှုတ်မှာစကားတို့သည်၊ ကပ္ပိယသာသနာနိ- အပ်သော နှုတ်မှာစကား တို့ပေတည်း၊ ဂိဟီနံ- လူတို့၏၊ ဂိဟိကမ္မပဋိသံယုတ္တံ- လူတို့၏ လုပ်ငန်းကိစ္စနှင့် စပ်ယှဉ်သော နှုတ်မှာစကားတို့သည်၊ န- မဟုတ်ကုန်၊ ဣတိ- ဤသို့မှတ်အပ်၏။

ပန- ဆက်၊ အဋ္ဌဟိ- ရှစ်ပါးကုန်သော၊ ဣမေဟိ ကုလဒူသကကမ္မေဟိ- ဤကုသဒူသကအမှုတို့ကြောင့်၊ ဥပ္ပန္နပစ္စယာ- ဖြစ်သောပစ္စည်းတို့သည်၊ ပဋ္ဌန္ဓမ္မိ- ကုန်သော၊ သဟဓမ္မိကာနံ- တို့အား၊ န ကပ္ပန္တိ- မအပ်ကုန်၊ အဘူတာရောစန- ရှုပိယသံဝေါဟာရေဟိ- မဟုတ်မမှန်သော ဥတ္တရိမနုဿဓမ္မကို ပြောဆိုခြင်း, ရွှေငွေတို့ဖြင့် ရောင်းဝယ်ခြင်းတို့ကြောင့်၊ ဥပ္ပန္နပစ္စယသဒိသာဝ- ဖြစ်သော ပစ္စည်းတို့နှင့် တူကုန်သည်သာလျှင်၊ ဟောန္တိ- ဖြစ်ကုန်၏။

[ဤစကားကိုထောက်၍ ဝိနည်းဓိရ်ပုဂ္ဂိုလ်များသည် ဓာတ်သီ မဟုတ်သော ပုဂ္ဂိုလ်များ၏ ပစ္စည်းများကို မသုံးစွဲလိုကြ။ (ပါ။ဘာဋီ၊၄၊၁၉၈။)]

ပန- ဆက်၊ ပဗ္ဗာဇနီယကမ္မကတော- ပြုအပ်ပြီးသော ပဗ္ဗာဇနီယကံရှိသော ရဟန်းသည်၊ ဝါ- ပဗ္ဗာဇနီယကံအပြုခံရသော ရဟန်းသည်၊ ယသ္မိံ ဂါမေ ဝါ- အကြင်ရွာ၌သော်လည်းကောင်း၊ ယသ္မိံ နိဂမေ ဝါ- အကြင်နိဂုံး၌သော်လည်းကောင်း၊ ကုလဒူသကကမ္မံ- ကုလဒူသနအမှုကို၊ ကတံ- ပြုအပ်ပြီ၊ ယသ္မိဉ္စ ဝိဟာရေ- ၌လည်း၊ ဝသတိ- နေ၏၊ တသ္မိံ ဂါမေ ဝါ- ထိုရွာ၌သော်လည်းကောင်း၊ တသ္မိံ နိဂမေ ဝါ- ထိုနိဂုံး၌သော်လည်းကောင်း၊ စရိတုံ- လှည့်လည်ခြင်းငှာ၊ နေဝ လဘတိ- မရ၊ တသ္မိံ ဝိဟာရေ- ထိုကျောင်း၌၊

http://www.dhammadownload.com

ဝသိတုံ- ဌာ၊ နာ လဘတိ- မရ၊ စ- ဆက်၊ ပဋိပ္ပဿဒ္ဓကမ္မေနပိ- ငြိမ်းစေအပ်ပြီးသော ကံရှိသည်လည်းဖြစ်သော၊ တေန- ထိုရဟန်းသည်၊ ယေသု ကုလေသု- အကြင်အမျိုးတို့၌၊ ပုဗ္ဗေ- ရှေး၌၊ ကုလဒူသကကမ္မံ- ကို၊ ကတံ- ပြုအပ်ပြီ၊ တတော- ထိုအမျိုးတို့မှ၊ ဥပ္ပန္နပစ္စယာ- ဖြစ်သော ပစ္စည်းတို့ကို၊ နာ ဂဟေတဗ္ဗာ- မခံယူထိုက်ကုန်၊ အာသဝက္ခယပတ္တေနပိ- အာသဝက္ခယဉာဏ်သို့ ရောက်သော ရဟန္တာသည်သော်မှလည်း၊ နာ ဂဟေတဗ္ဗာ- ကုန်၊ အကပ္ပိယာဝ- သီတင်းသုံးဖော် အားလုံးတို့အား မအပ်ကုန်သည်သာလျှင်၊ ဟောန္တိ- ကုန်၏၊ "ကသ္မာ- အဘယ့်ကြောင့်၊ နာ ဂဏှထ- မခံယူပါကုန်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိတေန- မေးအပ်သော ရဟန်းသည်၊ "ပုဗ္ဗေ- ရှေး၌၊ ဧဝံ- ဤသို့ ကုလဒူသနအမှုကို၊ ကတတ္တာ- ပြုအပ်သည်၏ အဖြစ်ကြောင့်၊ နာ ဂဏှာမ- မခံယူကုန်၊" ဣတိ- သို့၊ ဝုတ္တေ- ရဟန်းက ပြောအပ်သော်၊ "မယံ- တပည့်တော်တို့သည်၊ တေန- ကာရဏေန- ထိုသစ်သီးပေးခြင်းစသော အကြောင်းကြောင့်၊ နာ ဒေမ- လှူကြသည် မဟုတ်ပါ၊ ဣဒါနိ- ယခုအခါ၌၊ သီလဝန္တတာယ- သီလရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဒေမ- လှူကြပါကုန်၏၊" ဣတိ- သို့၊ သစေ ဝဒန္တိ- အကယ်၍ လျှောက်ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဂဟေတဗ္ဗာ- ခံယူထိုက်ကုန်၏၊ ပကတိယာ- ပင်ကိုယ်အားဖြင့်၊ ဒါနဋ္ဌာနေယေဝ- လှူရာဌာန၌ပင်၊ (ဉာတိ ပဝါရိတနှင့် အမြဲဆွမ်းဝတ်တည်သူတို့၌) ကုလဒူသကကမ္မံ- သည်၊ ဝါ- ကို၊ ကတံ- ပြုအပ်ပြီးသည်၊ ဟောတိ- ဖြစ်အံ့၊ တတော- ထိုလှူနေကျအရပ်မှ၊ ပကတိဒါနမေဝ- ပကတိအလှူကိုသာ၊ ဂဟေတုံ- ခံယူခြင်းငှာ၊ ဝဋ္ဋတိ- ၏၊ ယံ- အကြင်ဝတ္ထုကို၊ ဝမောတွာ- တိုးချဲ့၍၊ ဒေန္တိ- ကုန်အံ့၊ တံ- ထိုတိုးချဲ့၍ လှူအပ်သော ဝတ္ထုသည်၊ နာ ဝဋ္ဋတိ- မအပ်။

[ဥပမာ- ဆွမ်းဟင်းတစ်ခွက် လှူနေကျအမျိုးမှ နှစ်ခွက်တိုး၍ လှူလျှင် နောက်ထပ်တိုး၍ လှူအပ်သော ဟင်းခွက်သည် မအပ်။ ရိုးရာလှူနေကျတစ်ခွက်ကား အပ်ပါ၏၊ သို့သော် ကုလဒူသနပြုမူကြောင့်ကား ဒုက္ကဋ်သင့်သည်။ (ပါ။ဘာဋ္ဌ၊၄၊၁၈၈။)]

စ- ဆက်၊ ယသ္မာ- အကြင့်ကြောင့်၊ ပုစ္ဆိတပဉ္ဉေ- မေးအပ်သော ပြဿနာ၌၊ ဒေါသော- အပြစ်သည်၊ နတ္ထိ- မရှိ၊ တသ္မာ- ထို့ကြောင့်၊ အညမ္ပိ- အခြားတစ်ပါးလည်းဖြစ်သော၊ ဘိက္ခုံ- ရဟန်းကို၊ ပုဗ္ဗဏ္ဟေဝါ- နံနက်ပိုင်း၌သော်လည်းကောင်း၊ သာယန္ဟေဝါ- ညနေပိုင်း၌သော်လည်းကောင်း၊ အန္တရဃရံ- ရွာတွင်းသို့၊ ပဝိဋ္ဌ-

http://www.dhammadownload.com

ဝင်လာသည်ကို၊ (တစ်နည်း၊ ပဝိဋ္ဌံ- ဝင်လာသော၊ အညမ်ဘိက္ခုံ- အခြားရဟန်းကိုလည်း၊) ကောစိ- သည်၊ "ဘန္တေ- ရား၊ ကသ္မာ- အဘယ့်ကြောင့်၊ စရထ - လှည့်လည်ပါကုန်သနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆေယျ- မေးအံ့၊ ယေန အတ္ထေန- အကြောင်းကိစ္စကြောင့်၊ စရတိ- လှည့်လည်၏၊ တံ- ထိုကိစ္စကို၊ အာစိက္ခိတွာ- ပြော၍၊ လဒ္ဓံ- ရအပ်ပါပြီလော၊ "နု လဒ္ဓံ- မရအပ်ပါသေးသလော၊" ဣတိ- ဤသို့၊ ဝုတ္တေ- မေးလျှောက်အပ်သော်၊ လဒ္ဓံ- ရအပ်သည်၊ သစေ နု ဟောတိ- အကယ်၍ မဖြစ်အံ့၊ (ဧဝံ သတိ- သော်၊) နု လဒ္ဓံ- မရအပ်သေး၊ ဣတိ- ဤသို့၊ ဝတ္တာ- ပြော၍၊ ယံ- အကြောင်ပစ္စည်းကို၊ သော- ထိုဥပါသကာသည်၊ ဒေတိ- ပေးလှူ၏။ တံ- ထိုပစ္စည်းကို၊ ဂဟေတုံ- ငှာ၊ ဝဋ္ဋတိ- အပ်၏။ (ပယုတ္တ-ဝါစာ မဖြစ်။)

၃၇။ "ဘိက္ခဝေ- ဘိက္ခုတို့၊ ပဏိဓာယ- နှေးရှူထား၍၊ (သဒ္ဒတ္ထ)၊ ဝါ- မျှော်လင့်တောင့်တ၍၊ (အဓိပ္ပါယတ္ထ။ပ, နိ-ပုဗ္ဗ ဓာ-ဓာတ်၊ တွာ ပစ္စည်း)၊ အရညေ- တော၌၊ နု စ ဝတ္ထုဗ္ဗံ- မနေရာ၊ ယော- အကြင်ရဟန်းသည်၊ ဝသေယျ- နေအံ့၊ တဿ- ထိုရဟန်း၏၊ ဒုက္ကဋသ- ဒုက္ကဋ်သို့၊ အာပတ္တိ- ရောက်ခြင်းသည်၊ ဟောတိ- ၏။ ဘိက္ခဝေ- တို့၊ ပဏိဓာယ- ၍၊ ပိဏ္ဍာယ- ဆွမ်းအလို့ငှာ၊ နု စ စရိတဗ္ဗံ- မလှည့်လည်သင့်။ပ။ ဘိက္ခဝေ- တို့၊ ပဏိဓာယ- ၍၊ နု စ စက်မိတဗ္ဗံ- စကြံမသွားသင့်။ပ။ ဘိက္ခဝေ- တို့၊ ပဏိဓာယ- ၍၊ နု စ ဌာတဗ္ဗံ- မရပ်သင့်။ပ။ ဘိက္ခဝေ- တို့၊ ပဏိဓာယ- ၍၊ နု စ နိသီဒိတဗ္ဗံ- မထိုင်သင့်။ပ။ ဘိက္ခဝေ- တို့၊ ပဏိဓာယ- ၍၊ သေယျာ- အိပ်ခြင်းကို၊ နု စ ကပ္ပေတဗ္ဗာ- မပြုသင့်၊ ယော- အကြင်ရဟန်းသည်၊ ကပ္ပေယျ- ပြုအံ့၊ အဿ- ထိုရဟန်း၏၊ ဒုက္ကဋ္ဌာ-ဒုက္ကဋ်ဟူသော၊ အာပတ္တိ- အာပတ်သည်၊ ဟောတိ- ၏၊" ဣတိ- ဤသို့၊ ဝုတ္တတ္တာ- ဟောတော်မူအပ်ပြီးသည်၏ အဖြစ်ကြောင့်၊ "ဧဝံ- ဤသို့၊ အရညေ- တော၌၊ ဝသန္တေ- နေသော၊ မံ- ငါ့ကို၊ ဇနော- လူအပေါင်းသည်၊ အရဟတ္တေ ဝါ- အရဟတ္တဖိုလ်၌သော်လည်းကောင်း၊ သေက္ခဘူမိယံ ဝါ- သေက္ခဖြစ်ရာအဆို့က် အတန့်၌သော်လည်းကောင်း၊ [ဈာန်၏ဖြစ်ရာ အဆို့က်အတန့်ကိုသော်လည်း ယူပါ။] သမ္ဘာဝေဿတိ- ခြီးမွမ်းလတ္တံ့၊ တတော- ထိုသို့ခြီးမွမ်းခြင်းကြောင့်၊ လောကဿ- လူအပေါင်းသည်၊ သဂ္ဂတော- ကောင်းစွာပြုအပ်သည်၊ ဂရု-ကတော- အလေးဂရုပြုအပ်သည်၊ မာနိတော- မြတ်နိုးအပ်သည်၊ ပူဇိတော- ပူဇော်အပ်သည်၊ ဘဝိဿာမိ- ဖြစ်လိမ့်အံ့၊"ဣတိ ဧဝံ- ဤသို့၊ ပတ္ထနံ-

http://www.dhammadownload.com

တောင့်တမှုကို၊ ကတွာ- ၍၊ အရညေ- ၌၊ နဝသိတဗ္ဗံ- မနေရာ၊ ဧဝံ- သို့၊ ပဏိဓာယ- စိတ်ကို ရှေးရှုထား၍၊ ဝါ- တောင့်တ၍၊ "အရညေ- ၌၊ ဝသိဿာမိ- နေရလိမ့်အံ့၊" ဣတိ- ဤသို့ကြံ၍၊ ဂစ္ဆန္တဿ- သွားသောရဟန်း၏၊ ပဒဝါရေ ပဒဝါရေ- ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌၊ ဒုက္ကဋ္ဌံ- သည်၊ ဟောတိ- ၏။ တထာ ထိုမှတစ်ပါး၊ အရညေ- တော၌၊ ကုဋ္ဌိကရဏစင်္ကမနနိသီဒနနိဝါသန ပါရုပနာဒီသု- ကျောင်းငယ်ကို ဆောက်ခြင်း, စင်္ကြံသွားခြင်း, ထိုင်ခြင်း, ရုံခြင်း အစရှိကုန်သော၊ သဗ္ဗကိစ္စေသု- အလုံးစုံသော ကိစ္စတို့၌၊ ပယောဂေ ပယောဂေ- ပယောဂတိုင်း ပယောဂတိုင်း၌၊ ဒုက္ကဋ္ဌံ- သည်၊ ဟောတိ- ၏၊ တသ္မာ- ထို့ကြောင့်၊ ဧဝံ- ဤ ဆိုအပ်ပြီးသော ရည်ရွယ်ချက်ဖြင့်၊ အရညေ- ၌၊ နဝသိ- တဗ္ဗံ- မနေအပ်၊ ဟိ- မှန်၏၊ ဧဝံ- ဤဆိုအပ်ပြီးသော ရည်ရွယ်ချက်ဖြင့်၊ ဝသန္တော- နေသော ရဟန်းသည်၊ သမ္ဘာဝနံ- ချီးမွမ်းမှုကို၊ လဘတု ဝါ- ရမူလည်း ရပစေ၊ မာ လဘတု ဝါ- မရမူလည်း မရပစေ၊ (တစ်နည်း) လဘတု ဝါ မာ ဝါ- ရရ မရရ၊ ဒုက္ကဋ္ဌံ- သို့၊ အာပဇ္ဇတိ- ရောက်၏။

ပန- အလျော်ကား၊ ယော- အကြင်ရဟန်းသည်၊ သမာဒိန္နဓုတင်္ဂေါ- ဆောက်တည်အပ်သော ဓုတင်ရှိသည်၊ ဟုတွာ- ၍၊ "ဓုတင်္ဂံ- ဓုတင်ကို၊ ရက္ခိဿာမိ- စောင့်ရှောက်ရလိမ့်အံ့၊" ဣတိ ဝါ- ဤသို့ကြံ၍သော်လည်းကောင်း၊ "ဂါမန္တေ- ရွာအနီးကျောင်း၌၊ ဝသတော- နေသော၊ မေ- ငါ၏၊ စိတ္တံ- စိတ်သည်၊ ဝိက္ခိပတိ- ပျံ့လွင့်၏၊ အရညံ- တောသည်၊ သပ္ပါယံ- လျောက်ပတ်၏၊" ဣတိ စိန္တေတွာ ဝါ- ဤသို့ကြံ၍သော်လည်းကောင်း၊ "အဒ္ဓါ- ဧကန်၊ အရညေ- တော၌၊ တိဏ္ဏံ- သုံးပါးကုန်သော၊ ဝိဝေကာနံ- ဝိဝေကတို့တွင်၊ အညတရံ- တစ်ပါးပါး သော ဝိဝေကသို့၊ ပါပုဏိဿာမိ- ရောက်ရလိမ့်အံ့၊" ဣတိ ဝါ- ဤသို့ကြံ၍ သော်လည်းကောင်း၊ "အရညံ- သို့၊ ပဝိသိတွာ- ဝင်ပြီး၍၊ အရဟတ္တံ- အရဟတ္တဖိုလ်သို့၊ အပါပုဏိတွာ- မရောက်သေးမူ၍၊ ဝါ- မရောက်မချင်း၊ နနိက္ခမိဿာမိ- မထွက်အံ့၊" ဣတိ ဝါ- ကောင်း၊ "အရညဝါသော နာမ- တော၌ နေခြင်းမည်သည်ကို၊ ဘဂဝတာ- မြတ်စွာဘုရားသည်၊ ပသတ္ထော- ချီးမွမ်းတော်မူအပ်၏။ မယိ စ- ငါသည်လည်း၊ အရညေ- တော၌၊ ဝသန္တေ- နေလသော်၊ ဗဟူ- များစွာကုန်သော၊ သဗြဟ္မစာရီ- အတူတကွ မြတ်သော အကျင့်ကို ကျင့်လေ့ရှိသူတို့သည်၊ ဝါ- သီတင်းသုံးဖော်တို့သည်၊ ဂါမန္တံ- ရွာနီးကျောင်းကို၊ ဟိတွာ- စွန့်ကုန်၍၊ အာရညကာ- တော၌နေကုန်သည်၊

http://www.dhammadownload.com

ဘဝိဿန္တိ- ဖြစ်ကုန်လတ္တံ့၊" ဣတိ ဝါ- ဤသို့ကြ၍ သော်လည်းကောင်း၊ ဧဝံ- သို့၊ အနဝဇ္ဇဝါသံ- အပြစ်မရှိသော နေခြင်းကို၊ ဝသိတုကာမော- နေလိုသည်၊ ဟောတိ- ၏။ တေနေဝ- ထိုရဟန်းသည်သာ၊ ဝသိတဗ္ဗံ- နေထိုက်၏၊ ဝါ- နေသင့်၏။ (အဘေဒူပစာ။)

ပိဏ္ဍာယ စရန္တသပိ- ဆွမ်းခံရဟန်း၏လည်း၊ "အဘိက္ကန္တာဒိနိ- သွားခြင်း အစရှိသည်တို့ကို၊ သဏ္ဌာပေတွာ- ကောင်းစွာတည်စေ၍၊ ဝါ- ငြိမ်သက်စွာ ထား၍၊ ပိဏ္ဍာယ- ဆွမ်းအလို့ငှာ၊ စရိဿာမိ- လှည့်လည်ရတော့အံ့၊" ဣတိ- ဤသို့ကြ၍၊ နိဝါသနပါရုပနကိစ္စတော- သင်းပိုင်ဝတ်ခြင်း သင်္ကန်းရုံခြင်း ကိစ္စမှ၊ ပဘုတိ- စ၍၊ ယာဝ- အကြင်မျှလောက်၊ ဘောဇနပရိယောသာနံ- ဆွမ်းစားခြင်း၏ အဆုံးသည်၊ အတ္ထိ- ရှိ၏၊ တာဝ- ထိုမျှလောက်၊ ပယောဂေ ပယောဂေ- တိုင်း၌၊ ဒုက္ကဋံ- သည်၊ ဟောတိ- ၏၊ သမ္ဘာဝနံ- ချီးမွမ်းမှုကို၊ လဘတု ဝါ- ရမူလည်း ရပစေ၊ မာ လဘတု ဝါ- မရမူလည်း မရပစေ။ (တစ်နည်း။) လဘတု ဝါ မာ ဝါ- ရရ မရရ၊ ဒုက္ကဋမေဝ- သာလျှင်၊ ဟောတိ- ၏၊ ပန- အလျော် အသင့်ကား၊ ခန္ဓကဝတ္တသေခိယဝတ္တပရိပူရဏတ္ထံ- ခန္ဓကဝတ် သေခိယဝတ် တို့ကို ဖြည့်ကျင့်ခြင်းအကျိုးငှာသော်လည်းကောင်း၊ သပြဟ္မစာရီနံ- သီတင်း သုံးဖော်တို့၏၊ ဒိဋ္ဌာနုဂတိအာပဇ္ဇနတ္ထံ ဝါ- ဒိဋ္ဌာနုဂတိသို့ ရောက်ခြင်း အကျိုးငှာ သော်လည်းကောင်း၊ ဝါ- မြင်အပ်သော အမှုကို အတုလိုက်ခြင်းသို့ ရောက် စေခြင်း အကျိုးငှာ သော်လည်းကောင်း၊ ပါသာဒိကေဟိ- ကြည်ညိုဖွယ်ကို ဆောင်ကုန်သော၊ အဘိက္ကမပဋိက္ကမာဒီဟိ- သွားခြင်း ပြန်ခြင်း အစရှိသည်တို့ဖြင့်၊ ပိဏ္ဍာယ- ငှာ၊ ပဝိသန္တော- ဝင်သောရဟန်းကို၊ ဝိညူနံ- ပညာရှိ သူတော်ကောင်းတို့သည်၊ အနုပဝဇ္ဇော- မကဲ့ရဲ့အပ်၊ စက်မာဒီသုပိ- စက်ဆိုသွားခြင်း အစရှိသည်တို့၌လည်း၊ ဧသေဝနယော- တည်း။

ဣတိ- ဖြင့်၊ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ- ၌၊ ကုလသင်္ဂဟဝိနိစ္ဆယ ကထာ- အမျိုးတို့ကို ချီးမြှောက်ခြင်း (သိမ်းသွင်းခြင်း, စည်းရုံးခြင်း) ၌ ဆုံးဖြတ်ကြောင်းစကားရပ်သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

http://www.dhammadownload.com

၆။ မစ္ဆမံသဝိနိစ္ဆယကထာ

၃၈။ ပန- ကား၊ **မစ္ဆမံသေသု**- ငါး, အသားတို့၌၊ ဝိနိစ္ဆယော- အဆုံးအဖြတ်ကို၊ ဧဝံ- ဤသို့၊ ဝါ- ဤဆိုအပ်လတ္တံ့သောနည်းဖြင့်၊ ဝေဒိတဗ္ဗော- ထိုက်၏၊ မစ္ဆဂ္ဂဟဏေန- မစ္ဆသဒ္ဒါဖြင့်၊ သဗ္ဗမိ- အလုံးစုံလည်းဖြစ်သော၊ ဇလဇ- ရေ၌ပေါက်ပွား သတ္တဝါများ၏ အသားကို၊ ဝုတ္တံ- ဆိုအပ်ပြီ၊ တတ္ထ- ထိုရေနေသတ္တဝါတို့၏ အသား၌၊ အကပ္ပိယံ နာမ- မအပ်သော အသားမည်သည်၊ နတ္ထိ- မရှိ၊ ပန- ကား၊ မံသေသု- (ကုန်းသတ္တဝါ၏) အသားတို့တွင်၊ မနုဿ-ဟတ္ထိအဿသုနခအဟိသီဟဗျဂ္ဃဒီပိအစ္ဆတရစ္ဆာနံ- လူသား, ဆင်သား, မြင်းသား, ခွေးသား, မြွေသား, ခြင်္သေ့သား, ကျားသား, ကျားသစ်သား, ဝက်ဝံသား, ကျားကျွတ်သားတို့၏၊ ဝသေန- အပြားအားဖြင့်၊ [တရစ္ဆကို အောင်းဟုလည်း အနက်ပြန်ဆိုကြသည်။] ဒသ- ဆယ်မျိုးကုန်သော၊ မံသာနိ- အသားတို့သည်၊ အကပ္ပိယာနိ- မအပ်ကုန်။ တတ္ထ- ထိုဆယ်မျိုးသော အသားတို့တွင်၊ မနုဿ-မံသေ- လူသား၌၊ ထုလ္လစ္စယံ- ထုလ္လစဉ်းအာပတ်သည်၊ ဟောတိ- ၏၊ သေသေသု- ကြွင်းသော အသားတို့၌၊ ဒုက္ကဋံ- ဒုက္ကဋ်အာပတ်သည်၊ ဟောတိ- ၏၊ ဣတိ- သို့၊ မနုဿာဒီနံ- လူအစရှိကုန်သော၊ ဣမေသံ ဒသန္နံ- ဤဆယ်မျိုးတို့၏၊ မံသမိ- အသားသည်လည်းကောင်း၊ အဋ္ဌိပိ- အရိုးသည်လည်းကောင်း၊

မစ္ဆမံသ။ ။ မစ္ဆသ+ ဣဒံ- မစ္ဆံ၊ ရေနေသတ္တဝါများ၏ အသား၊ မသီယတေ အာမသီယတေတိ- မံသံ၊ မစ္ဆဉ္စ+မံသဉ္စ- မစ္ဆမံသာနိ။ ရေနေသတ္တဝါများ၏ အသားနှင့် ကုန်းသတ္တဝါများ၏ အသား။

သုနခ။ ။ ဝံပုလွေ (တောခွေး) တို့မည်သည် ခွေးနှင့်တူကုန်၏၊ ယင်းဝံပုလွေ (တောခွေး) တို့၏ အသား အပ်သည်။ ခွေးနှင့် ပေါင်းဖော်ခြင်းကြောင့် မွေးဖွားလာသော အစပ် (ကပြား) ဝံပုလွေသားသည် မအပ်။ (ဝိ၊ဋ္ဌ၊၃၊၃၇၆။)

အဟိမံသ။ ။ ခြေမရှိသော ကျောရိုးရှည်မျိုး မြွေ (နဂါး) ၏ အသားမှန်သမျှသည် မအပ်။

တရစ္ဆ။ ။ ပါဠို+အင်္ဂလိပ်အဘိဓာန်များနှင့် သင်္သကၠဋ+အင်္ဂလိပ်+မရာထီ+ဂူဇရာထီအဘိဓာန်များမှာ တရစ္ဆ- ခွေးအ အကြီးမျိုး၊ ဝံပုလွေထက် အနည်းငယ်ကြီးသော သားစားတိရစ္ဆာန်ဟု ဆိုသည်။ သဒ္ဒတ္ထကောတ္ထုဘ- သင်္သကၠဋ+ဟိန္ဒီအဘိဓာန်နှင့်၊ နာလန္ဒဟိန္ဒီ+ဟိန္ဒီအဘိဓာန်များမှာ တရစ္ဆ- ခွေးအ အကြီးမျိုး၊ ကျားကလေးမျိုးဟု ဆိုသည်၊ သူရယကာန္တ၏ သင်္သကၠဋ+ဟိန္ဒီ+အင်္ဂလိပ် အဘိဓာန်၌မူ တရစ္ဆ- ဝံပုလွေ၊ ကျားဟု ဆိုသည်၊ အမရကောသ အဘိဓာန်နိဿယ၌မူ "သစ်"ဟု ဆိုသည်၊ ထို့ပြင်

http://www.dhammadownload.com

လောဟိတမ္ပိ- သွေးသည်လည်းကောင်း၊ စမ္ပမ္ပိ- အရေသည်လည်းကောင်း၊ လောမမ္ပိ- အမွေးသည်လည်းကောင်း၊ သဇ္ဇံ- အလုံးစုံသည်၊ နာ ဝဋ္ဋတိ- မအပ်၊ ပန- ဆက်၊ ဝဿသု- အဆီတို့တွင်၊ ဧကော- တစ်ခုသော၊ မနုဿဝသာဝ-လူသားဆီသည်သာ၊ နာ ဝဋ္ဋတိ- မအပ်၊ ခီရာဒီသု- နို့စသည်တို့တွင်၊ အကပ္ပိယံ-နာမ- မအပ်သော နို့မည်သည်၊ နတ္ထိ- မရှိ၊ ပန- ဆက်၊ ဣမေသု အကပ္ပိယ-မံသေသု- ဤမအပ်သော အသားတို့တွင်လည်းကောင်း၊ ဣမေသု အဋ္ဌအာဒီသု ဝါ- ဤအရိုးစသည်တို့တွင်လည်းကောင်း၊ ယံ ကိဉ္စိ- အမှတ်မရှိ တစ်စုံတစ်ခုကို၊ ဥတ္တာ ဝါ- သိ၍သော်လည်းကောင်း၊ အဥတ္တာ ဝါ- မသိမူ၍သော်လည်းကောင်း ၊ ခါဒန္တသ- ခဲစားသော ရဟန်း၏၊ အာပတ္တိ ယေဝ- အာပတ်သည်သာ၊ ဟောတိ- ဖြစ်၏။ ယဒါ- အကြင်အခါ၌၊ ဇာနာတိ- သိ၏၊ တဒါ- ထိုအခါ၌၊ ဒေသေတဗ္ဗာ- ဒေသနာပြောထိုက်၏၊ "အပုစ္ဆိတ္ထာဝ- မမေးမူ၍သာလျှင်၊ ခါဒိဿာမိ- စားအံ့၊" ဣတိ- ဤသို့ကြံ၍၊ ဂဏ္ဟတော- ခံယူသော ရဟန်း၏၊ ပဋိဂ္ဂဟဏေပိ- ခံယူခြင်းကြောင့်လည်း၊ ဒုက္ကဋံ- သည်၊ ဟောတိ- ၏၊ "ပုစ္ဆိတ္ထာ-မေး၍၊ ခါဒိဿာမိ- စားအံ့၊" ဣတိ- ဤသို့ကြံ၍၊ ဂဏ္ဟတော- ခံယူသော ရဟန်း၏၊ အနာပတ္တိ- အနာပတ်သည်၊ ဟောတိ- ၏၊ ပန- ဆက်၊ ဥဒ္ဒိဿ-ရည်စူး၍၊ ကတံ- ပြုအပ်သော အသားကို၊ ဇာနိတ္ထာ- သိ၍၊ [သီတင်းသုံးဖော်တစ်ပါးပါးကို ရည်စူး၍ သတ်အပ်သော အသားဖြစ်ကြောင်းသိသည်။] ခါဒန္တသ္သေဝ- စားသော ရဟန်း၏သာလျှင်၊ အာပတ္တိ- သည်၊ ဟောတိ- ၏၊ ပစ္ဆာ- နောက်၌၊ ဝါ- နောက်မှ၊ ဇာနန္တော- သိသော ရဟန်းကို၊ အာပတ္တိယာ-ဖြင့်၊ နာ ကာရေတဗ္ဗော- မပြုစေထိုက်၊ ဝါ- မဆုံးဖြတ်ထိုက်။

"ကောက"ဟူသောပုဒ်၏အနက်ကို အဘိဓာန်အကုန်လုံးလိုလိုကပင် "ဝံပုလွေ"ဟု ဖွင့်ဆိုထားကြသည်၊ ယင်းဝံပုလွေ (တောခွေး) ၏ အသား အပ်ကြောင်းကိုလည်း မဟာဝါ-အဋ္ဌကထာ၌ ပြဆိုထားပြန်သည်။

ထိုကြောင့် ဤနေရာ၌ တရစ္ဆသဒ္ဒါ၏ အနက်ကို ကျားကလေးမျိုး (ကျားကျူတ်) ဟု ယူက သင့်မည်ထင်ပါသည်။

ဘာ့ကြောင့်ပယ်သလဲ။ ။ အသားကြီးဆယ်မျိုးတို့တွင် လူသားကို ဇာတ်တူသားဖြစ်သောကြောင့် ပယ်သည်၊ ဆင်သားမြင်းသားကို မင်း၏အဂါဖြစ်သောကြောင့် ပယ်သည်၊ ခွေးသားနှင့် မြွေသားကို ရွံစရာကောင်းသောကြောင့် ပယ်သည်၊ ခြင်္သေ့သားစသော ကျန်အသားငါးမျိုးကို ရဟန်းတို့မှာ ဘေးရန်ကင်းမှဟူသော အကျိုးကိုမျှော်ကိုး၍ ပယ်သည်။

http://www.dhammadownload.com

တတြ- ထိုနှုတ်ဖြင့် အဓိဋ္ဌာန်တင်ရာ၌၊ အဓိဋ္ဌာနံ- အဓိဋ္ဌာန်သည်၊ ဒုဝိဓံ- နှစ်ပါးအပြားရှိပြန်၏၊ ဟတ္ထပါသေ- ဟတ္ထပါသ်၌၊ သစေ ဟောတိ- အကယ်၍ ရှိအံ့၊ (ဧဝံ သတိ- သော်၊) "ဣမံ သယ်ာဋိုံ အဓိဋ္ဌာမီ"တိ- မိဟူ၍၊ ဝါစာယ- နှုတ်ကို၊ ဘိန္ဒိတဗ္ဗာ- မြွက်ဆိုထိုက်၏၊ အန္တောဂဗ္ဘေ ဝါ- အခန်းတွင်း၌သော်လည်းကောင်း၊ ဥပရိပါသာဒေ ဝါ- ပြာသာဒ်ထက်၌သော်လည်းကောင်း၊ သာမန္တဝိဟာရေ ဝါ- အနီးကျောင်း၌သော်လည်းကောင်း၊ အထ ဟောတိ- အကယ်၍ ရှိအံ့၊ (ဧဝံ သတိ- သော်၊) ၎ပိတဋ္ဌာနံ- ထားအပ်ရာ အရပ်ကို၊ သလ္လက္ခေတွာ- မှတ်သား၍၊ "ဧတံ သယ်ာဋိုံ အဓိဋ္ဌာမီ"တိ- မိဟူ၍၊ ဝါစာ- ဘိန္ဒိတဗ္ဗာ- နှုတ်မြွက်ထိုက်၏၊ ဥတ္တရာသင်္ဂေ- ၌လည်းကောင်း၊ အန္တရဝါသ- ကေ စ- ၌လည်းကောင်း၊ ဧသ နယော- တည်း၊ ဟိ- မှန်၏၊ နာမမတ္တမေဝ- နာမည်မျှသည်သာ၊ ဝိသေသော- ထူးခြား၏၊ တသ္မာ- ထို့ကြောင့်၊ သဗ္ဗာနိ- အလုံးစုံသော သင်္ကန်းသုံးထည်တို့ကို၊ သယ်ာဋိနွိ- သယ်ာဋိဟူ၍လည်း ကောင်း၊ ဥတ္တရာသင်္ဂနွိ- ဥတ္တရာသင်္ဂဟူ၍လည်းကောင်း၊ အန္တရဝါသကနွိ- အန္တရဝါသကံဟူ၍လည်းကောင်း၊ ဧဝံ- သို့၊ အတ္တနော- မိမိ၏၊ နာမေနေဝ- အမည်ဖြင့်သာလျှင်၊ အဓိဋ္ဌာတဗ္ဗာနိ- ကုန်၏။

ဒုဝိဓံ ။ ။ ဟတ္ထပါသ်အတွင်းမှာ ရှိနေသော သင်္ကန်း, ဟတ္ထပါသ်အပြင်ဘက်မှာ ရှိနေသောသင်္ကန်းအားဖြင့် နှစ်မျိုးကွဲပြားသည်။ ဟတ္ထပါသ်ဟူသည်မှာလည်း နှစ်တောင့် တစ်ထွာကိုပင်ဆိုလိုသည်၊ ၁၂ တောင်ဟု အချို့ဆရာများက ဆိုကြပါသေးသည်၊ ယင်း စကားသည် ပါဠိတော်, အဋ္ဌကထာများနှင့် မညီညွတ်ချေ။ (ဝိမတိ၊၁၊၃၁၂-၃၁၃။)

ထို့ကြောင့် နှစ်ထောင့်တစ်ထွာ ဟတ္ထပါသ်အတွင်း၌ရှိသော သင်္ကန်းကို "ဣမံ"ဟု ဆို၍ အဓိဋ္ဌာန်တင်ရမည်။ ဟတ္ထပါသ်အပြင်ဘက်မှာ ရှိနေသော သင်္ကန်းကို "ဧတံ"ဟု ဆို၍ အဓိဋ္ဌာန်တင်ရမည်။

သာမန္တဝိဟာရေ ။ ။ ထားရာအရပ်ကို အတိအကျ မှတ်မိနိုင်လောက်သော အရပ်မှာ တည်ရှိသော သင်္ကန်းကို ပြလို၍သာ "သာမန္တဝိဟာရေ (အနီးကျောင်း၌)"ဟူ သော စကားကို ဆိုထားသည်။ သာမန္တဝိဟာရ-ထက် ဝေးကွာသော နေရာဌာနမှာ တည်ရှိနေသည့် သင်္ကန်းကိုလည်း ထားရာဌာနကို မှတ်မိသိရှိလျှင် အဓိဋ္ဌာန်တင် ကောင်းသည်။ ဝေးဝေးနီးနီး မည်သည့်နေရာဌာနမဆို သင်္ကန်းရှိနေကြောင်းကို မှတ်မိ သိရှိမူကသာ လိုရင်းပမာဏဖြစ်ပေသည်။ မှန်၏၊ သင်္ကန်းထားရာအရပ်ကို အယေးစိတ် မှတ်မိသိရှိရန်မှာ မဖြစ်နိုင်ပေ၊ ကျောင်းတစ်ကျောင်းမှာ ထားသော သင်္ကန်းကို အခြား တစ်ကျောင်းမှာ ထားသည်ဟု နေရာလွဲမှား၍ အဓိဋ္ဌာန်တင်ခြင်းသည် မအပ်။ အချို့က ယင်းသို့ နေရာလွဲမှား၍ အဓိဋ္ဌာန်တင်စေကာမူ အပြစ်မရှိဟု ဆိုကြသေးသည်၊ အဋ္ဌကထာနှင့် မညီ၊ စူးစမ်းဆင်ခြင်သင့်ပေသည်။ (ဝိမတိ၊၁၊၃၁၃။)

http://www.dhammadownload.com

အဓိဋ္ဌဟိတ္တာ- ပရိက္ခာရစောဋ္ဌအဓိဋ္ဌာန်တင်ပြီး၍၊ ဌပိတဝတ္ထေဟိ- ထားအပ်သောအဝတ်တို့ဖြင့်၊ သင်္ကိုဋ္ဌိအာဒီနိ- သင်္ကန်းကြီး အစရှိသည်တို့ကို၊ သစေ ကရောတိ- အကယ်၍ ပြုအံ့၊ (ဧဝံ သတိ- သော်၊) ရဇနေ စ- ဆိုးခြင်းကိစ္စသည်လည်းကောင်း၊ ကပ္ပေ စ- ကပ္ပဗိန္ဒုဆိုးခြင်းကိစ္စသည်လည်းကောင်း၊ နိဋ္ဌိတေ- ပြီးဆုံးလသော်၊ "ကျွမ် ပစ္စုဒ္ဓရာမိ"တိ- မိဟူ၍၊ ပစ္စုဒ္ဓရိတ္တာ- ပစ္စုဒ္ဓိရ်ပြုပြီး၍၊ ပုန- တစ်ဖန်၊ အဓိဋ္ဌာတဗ္ဗာနိ- ကုန်၏၊ ပန- ဆက်၊ အဓိဋ္ဌိတေန- တိစီဝရိတ် အဓိဋ္ဌာန်တင်အပ်ပြီးသော သင်္ကန်းနှင့်၊ သဒ္ဓိ- တကွ၊ မဟန္တတရမေဝ- အထူးသဖြင့် ကြီးသည်သာလျှင်ဖြစ်သော၊ ဒုတိယပဋ္ဌ ဝါ- နှစ်ခုမြောက်ဖြစ်သော အလွှာကိုသော်လည်းကောင်း၊ ခဏ္ဍံ ဝါ- အခန်းကိုသော်လည်းကောင်း၊ သိဗ္ဗ- နွေ့နေ- ဆက်စပ်၍ချုပ်သော ရဟန်းသည်၊ ပုန- တစ်ဖန်၊ အဓိဋ္ဌာတဗ္ဗမေဝ- အဓိဋ္ဌာန်တင်ထိုက်သည်သာ၊ [နောက်ထပ် ဖြည့်စွက်၍ ချုပ်အပ်သော အဝတ်က ကြီးသောကြောင့် ထပ်၍ အဓိဋ္ဌာန်တင်ရသည်။] သမေ ဝါ- ညီမျှသော အထပ်အလွှာ အခန်း၌သော်လည်းကောင်း၊ ခုဒ္ဒကေ ဝါ- သေးငယ်သော အထပ်အလွှာ အခန်း၌သော်လည်းကောင်း၊ အဓိဋ္ဌာနကိစ္စံ- ထပ်၍ အဓိဋ္ဌာန်တင်ဖွယ်ကိစ္စသည်၊ နတ္ထိ- မရှိ။

အဓိဋ္ဌဟိတ္တာ ဌပိတဝတ္ထေဟိ ။ ။ ပရိက္ခာရစောဋ္ဌ-အဓိဋ္ဌာန်တင်ထားသော အဝတ်တို့ဖြင့် သင်္ကန်းကြီး စသည်ကို ပြုလုပ်ခဲ့လျှင် ဆိုးမှု, ကပ္ပဗိန္ဒု-ထိုးမှုပြီးသည့်အခါ "ကျွမ် ပစ္စုဒ္ဓရာမိ (ကျွမ် ပရိက္ခာရစောဋ္ဌံ ပစ္စုဒ္ဓရာမိ)"ဟု ပရိက္ခာရစောဋ္ဌ-အဓိဋ္ဌာန်ကို ရုပ်သိမ်းပြီးမှ နောက်ထပ် (တိစီဝရိတ်) အဓိဋ္ဌာန်တင်ရမည်။ [တိစီဝရိတ်ဆောင်သူ အတွက်သာ။]

ဤစကားရပ်ကပင် တိစီဝရိတ်ခုတင်ဆောင်သော ရဟန်းသည် ပံသုကူကောက်ယူမှု စသည်ဖြင့် ရလာသော အဝတ်ကို ဆယ်ရက်အတွင်းမှာ ချုပ်ဆိုးမှုကိုပြု၍ မဝတ်ရုံနိုင်ခဲ့ပါလျှင် ပရိက္ခာရစောဋ္ဌ-အဓိဋ္ဌာန်တင်၍ ဆယ်ရက်လွန်အောင် ထားနိုင်သည်။ ပရိက္ခာရစောဋ္ဌ-အဓိဋ္ဌာန်မတင်ဘဲ ဆယ်ရက်လွန်စေက နိဿဂ်ိ-ဖြစ်သည်ဟူသော အဓိပ္ပာယ်ကိုလည်း ဖော်ညွှန်းပြီးဖြစ်သည်။ (ဝိမတိ၊၁၊၃၁၃၊)

ပုန အဓိဋ္ဌာတဗ္ဗာနိ ။ ။ တိစီဝရိတ် အဓိဋ္ဌာန်တင်၍ သုံးစွဲလိုသော ရဟန်း အတွက်သာ နောက်ထပ် အဓိဋ္ဌာန်တင်ရမည်ဟု ဆိုထားသည်၊ ပရိက္ခာရစောဋ္ဌ-အဓိဋ္ဌာန်တင်၍ သုံးစွဲလိုသော ရဟန်းအတွက်မူ ရှေးအဓိဋ္ဌာန်ကပင် ပြည့်စုံလုံလောက်ပြီးဖြစ်သည်။ [ပစ္စုဒ္ဓိရ်ပြုရန် နောက်ထပ်အဓိဋ္ဌာန်တင်ရန် မလိုတော့ချေ။]

http://www.dhammadownload.com

ပန- ဆက်၊ တိစီဝရံ- တိစီဝရိတ်ကို၊ ပရိက္ခာရစောင်္ဂံ- ပရိက္ခာရစောင်္ဂဟူ၍၊ အဓိဋ္ဌာတုံ- ဌာ၊ ဝါ- သည်၊ ဝဋ္ဋတိ- အပ်သလော၊ န ဝဋ္ဋတိ- မအပ်သလော၊ ဣတိ- ဤကားအမေးတည်း၊ မဟာပဒုမတ္ထေရော- သည်၊ –

"တိစီဝရံ- ကို၊ တိစီဝရမေဝ- တိစီဝရဟူ၍သာ၊ အဓိဋ္ဌာတဗ္ဗံ- အဓိဋ္ဌာန်တင်ရာ၏၊ ပရိက္ခာရစောင်္ဂါဓိဋ္ဌာနံ- ပရိက္ခာရစောင်္ဂအဓိဋ္ဌာန်တင်မှုကို၊ သစေ လဘေထျ- အကယ်၍ ရအံ့၊ (ဧဝံ သတိ- သော်၊) ဥဒေါသိတ-သိက္ခာပဒေ- ပုဒ်၌၊ ပရိဟာရော- အစောင့်အရှောက်သည်၊ နိရတ္ထ-ကော- အကျိုးမရှိသည်၊ ဘဝေထျ- ဖြစ်ရာ၏။" ဣတိ- သို့၊ အာဟ ကိရ-မိန့်သတတ်၊ ဧဝံ- ဤသို့၊ ဝုတ္တေ- မိန့်အပ်သော်၊ အဝသေသာ- ကြွင်းကုန်သော၊ ဘိက္ခူ- တို့သည်၊ "ပရိက္ခာရစောင်္ဂမွိ- ကိုလည်း၊ ဘဂဝတာဝ-သည်ပင်၊ အဓိဋ္ဌာတဗ္ဗန္တိ- ထိုက်၏ဟူ၍၊ ဝုတ္တံ- ပြီ၊ တသ္မာ- ထို့ကြောင့်၊ ဝဋ္ဋတိ- ၏။"

ဣတိ- သို့၊ အာဟံသု ကိရ- ပြောဆိုကြကုန်သတတ်၊ **မဟာပစ္စရိယမွိ-** ၌လည်း၊ –

မဟာပဒုမတ္ထေရော အာဟ။ ။ သင်္ကန်းသုံးထည်ကို အသီးသီး ကိုယ့်အမည်ဖြင့်သာ (တိစီဝရိတ်) အဓိဋ္ဌာန်တင်ရမည်။ ပရိက္ခာရစောင်္ဂ အဓိဋ္ဌာန်မတင်ရ။

[တိစီဝရိတ် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကို မိမိနှင့် ခွဲခွာ၍ မထားရ၊ ကိုယ်နှင့်ထက်ကြပ်မကွာ ယူဆောင်ရမည်၊ ဥဒေါသိတ (ဒုတိယကထိန) သိက္ခာပုဒ်၌ကား ခွဲခွာထားနိုင်သော ရွာ, အိမ်စသော အစောင့်အရှောက်များကို ပြဆိုထားသည်။]

သင်္ကန်းသုံးထည်ကို ပရိက္ခာရစောင်္ဂ-အဓိဋ္ဌာန် တင်ခွင့်ရပါလျှင် နဂိုကပင် မိမိနှင့်ဝေးသော အရပ်မှာ ထားကောင်းသောကြောင့် အစောင့်အရှောက်များ အကျိုးမရှိဘဲ ဖြစ်ခဲ့ရာ၏။

တသ္မာ ဝဋ္ဋတိ။ ။ အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ နဝိကပ္ပေတုံ-ဟု ဟောသကဲ့သို့ ပရိက္ခာရစောင်္ဂ-ကိုလည်း ဟောထားသည်။ ပရိက္ခာရစောင်္ဂ-၏ အလွန်ဆုံးအပိုင်းအခြား, အရေအတွက် အပိုင်းအခြားများကိုမူ မဟောကြားခဲ့ပေ၊ ထို့ကြောင့် သင်္ကန်းသုံးထည်တို့ကို အဓိဋ္ဌာန်ရုပ်သိမ်း၍ (ပစ္စုဒ္ဓိရ်ပြု၍) ဣမာနိ စီဝရာနိ ပရိက္ခာရစောင်္ဂါနိတိ အဓိဋ္ဌာမိ-ဟု အဓိဋ္ဌာန်တင် သုံးဆောင်ကောင်းသည်။

http://www.dhammadownload.com

"ဧတံ ပရိက္ခာရစောဋ္ဌံ နာမ- ဤပရိက္ခာရစောဋ္ဌမည်သည်၊ ပါဠေက္ကံ- အသီးအခြား တစ်မျိုးသော၊ နိဓာနမုခံ- သင်္ကန်းသိုမှီးခြင်း၏ အကြောင်းတည်း၊ တိစီဝရံ- ကို၊ ပရိက္ခာရစောဋ္ဌန္တိ- ဋ္ဌဟူ၍၊ အဓိဋ္ဌဟိတွာ- ၍၊ ပရိဘုဉ္ဇိတုံ- ငှာ၊ ဝဋ္ဋတိ- ၏။ ဟန- ထိုသို့ပင်အပ်ပါသော်လည်း၊ ဥဒေါသိတသိက္ခာပဒေ- ၌၊ တိစီဝရံ- ကို၊ အဓိဋ္ဌဟိတွာ- ၍၊ (တစ်နည်း) တိစီဝရံ အဓိဋ္ဌဟိတွာ- တိစီဝရိတ်အဓိဋ္ဌာန်တင်၍၊ ပရိဟာရန္တသ- သွားလေရာရာ ဆောင်သော ရဟန်း၏၊ ပရိဟာရော- အစောင့်အရှောက်ကို၊ ဝုတ္တောပြီ၊"

ဣတိ- သို့၊ ဝုတ္တံ- မိန့်ဆိုထားအပ်ခဲ့လေပြီ၊ ဥဘတောဝိဘင်္ဂဘာဏကော- ဥဘတောဝိဘင်းကို ရွတ်အံသော၊ ပုဏ္ဏဝါလိကဝါသီ- ပုဏ္ဏဝါလိကအရပ်၌ နေလေ့ရှိသော၊ မဟာတိဿထ္ထေရောပိ- သည်လည်း၊ –

"အရညဝါသိနော- တောင်္ခနေကုန်သော၊ ဘိက္ခူ- တို့သည်၊ ရုက္ခသုသိရာဒီသု- သစ်ခေါင်းအစရှိသည်တို့၌၊ စီဝရံ- ကို၊ ဌပေတွာ- ထားကြကုန်၍၊ ပဓာနံ- ကမ္မဋ္ဌာန်းကို၊ ပဒဟာနတ္ထာယ- အားထုတ်ခြင်းအကျိုးငှာ၊ ဂစ္ဆန္တိ- ကုန်၏၊ သာမန္တဝိဟာရေ- ၌၊ ဓမ္မသဝနတ္ထာယ- ငှာ၊ ဂတာနံ- သွားကြကုန်သော၊ တေသံ စ- ထိုရဟန်းတို့၏လည်း၊ သူရိယေ- နေအရုဏ်သည်၊ ဥဋ္ဌိတေ- တက်လတ်သော်၊ သာမဏေရာ ဝါ- တို့သည်သော်လည်းကောင်း၊ ဒဟရဘိက္ခူ ဝါ- ရဟန်းငယ်တို့သည်သော်လည်းကောင်း၊ ပတ္တစီဝရံ- ကို၊ ဂဟေတွာ- ၍၊ ဂစ္ဆန္တိ- လိုက်သွားကြကုန်၏၊ တသ္မာ- ထို (သို့ရှေးခေတ် ထေရ်ကြီးတို့ တိစီဝရိတ်နှင့် အရုဏ်တက်ချိန်မှာ ကင်းကွာနေခြင်း) ကြောင့်၊ သုခပရိဘောဂတ္ထံ- ချမ်းချမ်းသာသာသုံးဆောင်ခြင်း

နိဓာနမုခမေတံ။ ။ ပရိက္ခာရစောဋ္ဌ-အဓိဋ္ဌာန်သည် သင်္ကန်းတို့ကို သိုမှီးသိမ်းဆည်းခြင်း၏ (အပိုအလွန်သင်္ကန်းကို သိမ်းထားရခြင်း၏၊) သီးခြားအကြောင်းတစ်မျိုးဖြစ်သည်၊ ထို့ကြောင့် သင်္ကန်းသုံးထည်ကို ပရိက္ခာရစောဋ္ဌအမည်ဖြင့် အဓိဋ္ဌာန်တင်၍ သုံးဆောင်ကောင်းသည်။

သို့သော် ဆရာအဆက်ဆက်ကား လေးစားရာရောက်အောင် (သင်းပိုင် ဇကသိန္ဒ့် နှစ်ထပ်သင်္ကန်းကြီးဟူသော) သင်္ကန်းသုံးထည်ကို တိစီဝရိတ်အဓိဋ္ဌာန်တင်၍ ကျန်အဝတ်များကိုသာ ဝိကပ္ပနာပြု၍ သုံးစွဲတော်မူကြသည်။ (ပါ။ဘာဋီ၊၄၊၂၂၈။)

သုခပရိဘောဂတ္ထံ။ ။ သံယာဋိ စသော နာမည်ဖြင့် အဓိဋ္ဌာန်တင်ထားလျှင် အရုဏ်တက်ချိန်၌ ကင်း၍မနေရ၊ ဝိပ္ပဝါသ-သိက္ခာပုဒ်အရ နိဿဂ္ဂိ-ဖြစ်သည်။ ဤမံ

http://www.dhammadownload.com

အကျိုးငှာ၊ တိစီဝရံ- ကို၊ ပရိက္ခာရစောဠန္တိ- ဠံဟူ၍၊ အဓိဋ္ဌာတုံ- ငှာ၊ ဝဋ္ဋတိ- ၏။

ဣတိ- သို့၊ မယံ- ငါတို့သည်၊ ပုဗ္ဗေ- ရှေး၌၊ မဟာထေရာနံ- မထေရ်ကြီးတို့၏ စကားကို၊ အဿုမှာ- ကြားလိုက်ရကုန်ပြီ" ဣတိ- သို့၊ အာဟ ကိရ- ပြော သတတ်၊ **မဟာပစ္စရိယမ္ပိ** - ၌လည်း၊

"ပုဗ္ဗေ- ၌၊ အာရညိကာ- ကုန်သော၊ ဘိက္ခူ- တို့သည်၊ အဗဒ္ဓသီမာယံ- ဗဒ္ဓသီမ်မရှိသော အရပ်၌၊ ဒုပ္ပရိဟာရံ- ခဲယဉ်းသဖြင့် စောင့်ရှောက် အပ်၏၊ ဝါ- စောင့်ရှောက်နိုင်ခဲ၏၊ ဣတိ- ဤသို့ကြံ၍၊ တိစီဝရံ- ကို၊ ပရိက္ခာရစောဠမေဝ- ပရိက္ခာရစောဠဟူ၍သာလျှင်၊ အဓိဋ္ဌဟိတွာ- ၍၊ ပရိဘုဉ်သု- ကုန်ပြီ၊" ဣတိ- သို့၊ ဝုတ္တံ- ပြီ။

၄၅။ **ဝဿိကသာဋိကာ**- မိုးအခါ၌ ဝတ်အပ်သော အဝတ်ကို၊ ဝါ- မိုးရေခံ သင်္ကန်းကို၊ အနတိရိတ္တပမာဏာ- (ဝဿိကသာဋိကာသိက္ခာပုဒ်၌ လာသော ပမာဏထက်) မလွန်သော ပမာဏရှိသော သင်္ကန်းကို၊ နာမံ- ဝဿိကသာဋိ-ကာဟူသော အမည်ကို၊ ဂဟေတွာ- ယူ၍၊ ဝုတ္ထနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ စတ္တာရော- လေးပါးကုန်သော၊ ဝဿိကေ- မိုးအခါ၌ ဖြစ် ကုန်သော၊ မာသေ- လတို့ပတ်လုံး၊ အဓိဋ္ဌာတဗ္ဗာ- ထိုက်၏၊ တတော- ထိုမိုး လေးလမှ၊ ပရံ- နောက်၌၊ ပစ္စုဒ္ဓရိတွာ- ၍၊ ဝိကပ္ပေတဗ္ဗာ- ဝိကပ္ပနာပြုထိုက်၏၊

စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ-ဟု ပရိက္ခာရစောဠအဓိဋ္ဌာန် တင်ထားလျှင် ထိုဝိပ္ပဝါသ အပြစ်မရှိ၊ ဝတ်ရုံသုံးဆောင်ခြင်းငှာအပ်သည်။ ထို့ကြောင့် အသုံးအစွဲရ လွယ်ကူသည်။

အဗဒ္ဓသီမာယံ ဒုပ္ပရိဟာရိယံ။ ။ သမာနသံဝါသသီမ်အပြင် အဝိပ္ပဝါသသီမ်ကို လည်း ထပ်သမုတ်ရိုးရှိသောကြောင့် ဗဒ္ဓသီမ်၌ တိစီဝရိတ်အဓိဋ္ဌာန်တင်ထားသော သင်္ကန်းနှင့် ဟတ္ထပါသ်ကင်းနေသော်လည်း အပြစ်မရှိ၊ ထို့ကြောင့် ဗဒ္ဓသီမ်၌ အဆောင် ခက်သောသဘောမရှိချေ၊ ဗဒ္ဓသီမ်မရှိရာ၌သာ အဆောင်ခက်သောသဘော ရှိပေသည်၊ ဆောင်ဖို့ရန် မလွယ်လှပါ။

တတော ပရံ ပစ္စုဒ္ဓရိတွာ။ ။ မိုးရေခံသင်္ကန်းသည် လလွန်၍ ဆောင်းလ ရောက်လာလျှင် သူ့အလိုအလျောက် အဓိဋ္ဌာန်ပျက်သွားသည်။ "ဣမံ ဝဿိကသာဋိကံ ပစ္စုဒ္ဓရာမိ"ဟုဆို၍ အဓိဋ္ဌာန်ချစရာမလို၊ ယင်းသို့ သူ့အလိုအလျောက် အဓိဋ္ဌာန် ပျက်သွားခြင်းကိုပင် "ပစ္စုဒ္ဓရိတွာ"ဟု ဆိုထားသည်၊ ဆောင်းဥတုကို ရောက်လာသည့် အခါ "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ" စသည်ဖြင့် ဝိကပ္ပနာ-ပြုထားရမည်။

http://www.dhammadownload.com

စ- ဆက်၊ ဧသော- ဤဝဿိကသာဋိကာသည်၊ ဝဏ္ဏဘေဒမတ္တရတ္တာပိ- အဆင်းပျက်ရုံမျှ ဆိုးအပ်သော သင်္ကန်းသည်လည်း၊ ဝဋ္ဋတိ- ၏၊ ဒွေ ပန- နှစ်ထည်တို့သည်ကား၊ န ဝဋ္ဋန္တိ- မအပ်ကုန်၊ **နိသီဒနံ**- ကို၊ ဝုတ္တနယေန- ဖြင့်၊ အဓိဋ္ဌာတဗ္ဗမေဝ- သည်သာ၊ တဉ္စ ခေါ- ထိုနိသီဒိုင်သည်လည်း၊ ပမာဏယုတ္တံ- (နိသီဒနသိက္ခာပုဒ်လာ) ပမာဏနှင့် ယှဉ်သော၊ ဧကမေဝ- တစ်ထည်တည်းသာ၊ ဝဋ္ဋတိ- ၏၊ ဒွေ- နှစ်ထည်တို့သည်၊ န ဝဋ္ဋန္တိ- ကုန်။

ပစ္ဆတ္ထရဏမ္ပိ- အပေါ်လွှမ်း အိပ်ရာခင်းကိုလည်း၊ အဓိဋ္ဌာတဗ္ဗမေဝ- သာ၊ ပန- ဆက်၊ တံ- ထိုအပေါ်လွှမ်းအခင်းသည်၊ မဟန္တမ္ပိ- အကြီးသည်လည်း၊ ဝဋ္ဋတိ- ၏၊ ဧကမ္ပိ- တစ်ထည်သည်လည်း၊ ဝဋ္ဋတိ- ၏၊ ဗဟူနိပိ- အများတို့သည်လည်း၊ ဝဋ္ဋန္တိ- ကုန်၏၊ နီလမ္ပိ- ညိုသော အခင်းလည်းကောင်း၊ ပီတကမ္ပိ- ရွှေသော အခင်းလည်းကောင်း၊ သဒသမ္ပိ- အမြိတ်အဆာရှိသော အခင်းလည်းကောင်း၊ ပုပ္ဖဒသမ္ပိ- ပန်းပွင့်အမြိတ်အဆာရှိသော အခင်းလည်းကောင်း၊ ဣတိ- သို့၊ သဗ္ဗပကာရံ- အလုံးစုံ အပြားရှိသော အခင်းသည်၊ ဝဋ္ဋတိ- ၏၊ **ကဏ္ဏေ့ပဋ္ဋိစ္ဆာဒိ**- ကို၊ ယာဝ- အကြင်မျှလောက်၊ အာဗာဓော- အနာသည်၊ အတ္ထိ- ရှိ၏၊ တာဝ- ထိုအနာရှိသေးသမျှ၊ ပမာဏိကာ- (ကဏ္ဏေ့ပဋ္ဋိစ္ဆာဒိ သိက္ခာပုဒ်လာ) ပမာဏနှင့်ယှဉ်သော အနာလွှမ်းသင်္ကန်းကို၊ အဓိဋ္ဌာတဗ္ဗာ- ၏၊ အာဗာဓေ- အနာသည်၊ ဝူပသန္တေ- ငြိမ်းလသော်၊ ပစ္ဆာဒေ- ရိတ္တာ- ၍၊ ဝိကပ္ပေတဗ္ဗာ- ၏၊ ဧကာဝ- တစ်ထည်သည်သာ၊ ဝဋ္ဋတိ- ၏၊ **မုခပုဉ္ဆနဧာဠေ**- မျက်နှာသုတ်ပုဝါ အဝတ်ကို၊ အဓိဋ္ဌာတဗ္ဗမေဝ- သာ၊ ယာဝ- အကြင်မျှလောက်၊ ဧကံ- တစ်ထည်ကို၊ ဓောဝီယတိ- ဖွပ်လျှော်အပ်၏၊ တာဝ- ထိုဖွပ်လျှော်ရာ ကာလ၌၊ အညံ- အခြားတစ်ထည်ကို၊ ပရိဘောဂတ္ထာယ- သုံးဆောင်ခြင်းအကျိုးငှာ၊ ဂ္ဂဏှိတဗ္ဗံ- အလိုရှိအပ်၏၊ ဣတိ- ထို့ကြောင့်၊ ဒွေ- နှစ်ထည်တို့သည်၊ ဝဋ္ဋန္တိ- ကုန်၏၊ ပန- ဝါဒန္တရကား၊ အပရေ- တစ်ပါးကုန်သော၊ ထေရာ- တို့သည်၊ "ဧတံ- ဤမျက်နှာသုတ်ပုဝါကို အဓိဋ္ဌာန်တင်ခြင်းသည်၊ နိဓာနမုခံ- သိုမှီးခြင်း၏ အကြောင်းတည်း၊ ဗဟူနိပိ- အများတို့သည်လည်း၊ ဝဋ္ဋန္တိ-ကုန်၏၊" ဣတိ- သို့၊ ဝဒန္တိ- ကုန်၏။

ရေချိုးသောအခါ ခေတ္တအတွက် ဝတ်ရန်ဖြစ်၍ တစ်ကြိမ်မျှ အဖြူရောင်အဆင်းပျက်ရုံ ဆိုးလျှင်ပင် အပ်သည်၊ အဓိဋ္ဌာန် နှစ်ထည်မတင်ကောင်းသောကြောင့် နှစ်ထည်မထားအပ်။

http://www.dhammadownload.com

ပရိက္ခာရစောဋ္ဌေ- ၌၊ ဂဏာနာ- အရေအတွက်သည်၊ နတ္ထိ- မရှိ၊ ယတ္တကံ- အကြင်မျှ အတိုင်းအရှည်ရှိသော ပရိက္ခာရစောဋ္ဌကို၊ (အဓိဌာတုံ- ၄၁၊) ကုစ္ဆတိ- အလိုရှိ၏၊ တတ္တကံ- ထိုမျှအတိုင်းအရှည်ရှိသော ပရိက္ခာရစောဋ္ဌကို၊ အဓိဌာတဗ္ဗမေဝ- သည်သာ၊ **ဆဒိကာပိ-** အိတ်ကိုလည်းကောင်း၊ **ပရိဿာဝနပွိ-** ပုဝါ ရေစစ်ကိုလည်းကောင်း၊ ဝိကပ္ပနူပဂပစ္ဆိမစီဝရပ္ပမာဏံ- ဝိကပ္ပနာလောက်သော နောက်ဆုံး၌ဖြစ်သော သင်္ကန်းပမာဏရှိသော အိတ်ရေစစ်ကို၊ **ပရိက္ခာရစောဋ္ဌန္တိ-** ဋ္ဌဟူ၍၊ အဓိဌာတဗ္ဗမေဝ- သည်သာ၊ တဿ- ထိုဝိကပ္ပနာလောက်သော နောက်ဆုံးသင်္ကန်း၏၊ ပမာဏံ- ပမာဏကား၊ ဒီယတော- အလျားအားဖြင့်၊ ဒွေ ဝိဒတ္ထိယော- နှစ်ထွာတို့လည်းကောင်း၊ တိရိယံ- အနံအားဖြင့်၊ ဝိဒတ္ထိ- တစ်ထွာလည်းကောင်းတည်း။ ပန- ဆက်၊ တံ- ထိုပမာဏသည်၊ ဒီယတော- အလျားအားဖြင့်၊ ဝမုကီဟတ္ထပ္ပမာဏံ- လက်သမားတောင် တစ်တောင် အတိုင်းအရှည်ရှိသည်၊ ဟောတိ- ၏၊ ဝိတ္ထာရတော- အနံအားဖြင့်၊ တတော- ထိုအလျားမှ၊ ဥပနုပ္ပမာဏံ- ထက်ဝက် အတိုင်းအရှည်ရှိသည်၊ ဟောတိ- ၏၊ တတြ- ထို "ဝိကပ္ပနူပဂပစ္ဆိမစီဝရပ္ပမာဏံ"ဟူသော စကားရပ်၌၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ပါဠိ- ပါဠိတော်တည်း၊ "ဘိက္ခဝေ- တို့၊ သုဂတဂုံလေန- မြတ်စွာဘုရား၏ လက်သစ်တော်ဖြင့်၊ အာယာမေန- အလျားအားဖြင့်၊ အဋ္ဌင်္ဂုလံ- လက်ရှစ်သစ်ရှိသော၊ စတုရင်္ဂုလဝိတ္ထတံ- လက်လေးသစ် အပြန့်ရှိသော၊ ဝါ- လက်လေးသစ် အနံရှိသော၊ ပစ္ဆိမံ- နောက်ဆုံး၌ဖြစ်သော၊ စီဝရံ- ကို၊ ဝိကပ္ပေတုံ- ၄၁၊ အနုဇာနာမိ- ၏၊" ဣတိ- ဤကား ပါဠိတော်တည်း။ ဗဟူနိပိ- များသော အဝတ်တို့ကိုလည်း၊

ပရိက္ခာရ။ပ။ နတ္ထိ။ ။ ပရိက္ခာရစောဋ္ဌ-ဟူသည်မှာ နိဿဂ္ဂိ-မထိုက်အောင် သိုမှီး သိမ်းဆည်းထားနိုင်ဖို့ရန် ခွင့်ပြုတော်မူအပ်သော အဓိဌာန်တစ်မျိုးဖြစ်သည်။ ထို့ကြောင့် မည်သည့်အဝတ်သင်္ကန်းပဲဖြစ်ဖြစ် မည်မျှလောက်ပဲများများ ပရိက္ခာရစောဋ္ဌ အဓိဌာန်တင်၍ သိုမှီးသိမ်းထားနိုင်သည်။

တဿ ပမာဏံ။ ။ ဘုရားရှင်၏ လက်သစ်တော်ဖြင့် အလျား လက်ရှစ်သစ်, အနံ လက်လေးသစ်ရှိသော အငယ်ဆုံး အဝတ်သင်္ကန်းကို ဝိကပ္ပနာ-ပြုရမည်ဟု ပါဠိတော်၌ ပြထားသည်။ ရှင်စောတစ်ထွာ မဇ်သုံးထွာ ဟူသော အဆိုအမိန့်အရ ယင်းကို သုံးဆတက်က မဇ္ဈိမပုရိသ-အတိုင်းအတာဖြင့် အလျား (၈×၃)=၂၄ လက်သစ် (တစ်တောင်)၊ အနံ (၄×၃)=၁၂ လက်သစ် (တစ်ထွာ) ဖြစ်လာရသည်။ ယင်းကိုပင် "ဝမုကီဟတ္ထ"ဟုလည်း ခေါ်သည်။ ထို့ကြောင့် –

http://www.dhammadownload.com

ဧကတော- တစ်ပေါင်းတည်း၊ ကတွာ- ၍၊ "ဣမာနိ စီဝရာနိ ပရိက္ခာရစောဋ္ဌာနိ အဓိဋ္ဌာမီ"တိ- မိဟူ၍၊ အဓိဋ္ဌာတုမွိ- ငှာလည်း၊ ဝဋ္ဌတိယေဝ- သည်သာ၊ ဘေသဇ္ဇနဝကမ္မမာတာပိတုအာဒီနံ- ဆေး, အမှုသစ်, မယ်တော်, ခမည်းတော် အစရှိသူတို့၏၊ အတ္ထာယ- ငှာ၊ ဌပေန္တေန- ထားသော ရဟန်းသည်၊ အန- ဓိဋ္ဌိတေပိ- အဓိဋ္ဌာန် မတင်အပ်ပါသော်လည်း၊ အာပတ္တိ- သည်၊ နတ္ထိ- မရှိ၊ ပန- ဆက်၊ မဥ္စဘိသိ- ညောင်စောင်း၌ခင်းအပ်သော ဘုံလျှိုလည်းကောင်း၊ (ယခုခေတ် မွေ့ရာမျိုး၊) ပီဌဘိသိ- အင်းပျဉ်၌ ခင်းအပ်သော ဘုံလျှိုလည်း ကောင်း၊ ဗိမ္ဗောဟနံ- ခေါင်းအုံးလည်းကောင်း၊ ပါဝါရော- ခြုံထည်လည်း ကောင်း၊ ကောဇဝေါ- ကော်ဇောလည်းကောင်း၊ ဣတိ- ဤသို့၊ ဧတေသု- ဤမဥ္စဘိသိစသည်တို့၌လည်းကောင်း၊ သေနာသနပရိက္ခာရတ္ထာယ- ကျောင်း၏ အသုံးအဆောင်အကျိုးငှာ၊ ဒိန္နပစ္စတ္ထရဏေ စ- လျှုအပ်သော အခင်း၌လည်း ကောင်း၊ အဓိဋ္ဌာနကိစ္စံ- အဓိဋ္ဌာန်တင်ဖွယ်ကိစ္စသည်၊ နတ္ထိယေဝ- သည်သာ။

ပန- ဆက်၊ ဉာတကပဝါရိတဋ္ဌာနတော- ဆွေမျိုးတော်သူ ဖိတ်မန်ဖူးသူတို့ထံမှ၊ သုတ္တံ-ချည်ကို၊ လဘိတွာ- ၍၊ ဉာတကပဝါရိတေနေဝ- ဆွေမျိုးတော်သူ ဖိတ်မန်ဖူးသူသာလျှင်ဖြစ်သော၊ တန္တဝါယေန- ရက်ကန်းသည်ကိုသော်လည်း ကောင်း၊ အညေန ဝါ- အခြားသော ရက်ကန်းသည်ကိုသော်လည်းကောင်း၊ မူလံ- အဖိုးအခကို၊ ဒတွာ- ၍၊ စီဝရံ- ကို၊ သစေ ဝါယာပေတိ- အကယ်၍ ရက်စေအံ့၊ (ဧဝံ သတိ- သော်၊) ဝါယာပနပစ္စယာ- ရက်စေခြင်းဟူသော

"အလျားတောင်မှန်၊ ထွာအနံ၊ ဓိဋ္ဌာန်ဝိကပ်လောက်"ဟု ရှေးဆရာများ မိန့်ဆိုထားခဲ့ ပေသည်။

ဘေသဇ္ဇ။ပ။ နတ္ထိ အာပတ္တိ ။ ။ ဤအဝတ်သည် ဆေးအတွက်ဖြစ်သည်၊ ဤအဝတ်သည် မယ်တော်အတွက်ဖြစ်သည် စသည်ဖြင့် ခွဲစိတ်ဝေဖန်၍ ကိုယ်ပိုင် ပစ္စည်းအဖြစ်မှ စွန့်လွှတ်ထားပြီးဖြစ်လျှင် အဓိဋ္ဌာန်တင်ဖွယ်မလို၊ အာပတ်မသင့်၊ ဤအဝတ်ဖြင့် ဆေးလဲလှယ်ခိုင်းမည်၊ ဤအဝတ်ကို မယ်တော်အားပေးမည်ဟု ရည်မှန်း ထားသော ရဟန်းမူကား ဧကန်ပင် အဓိဋ္ဌာန်တင်ရမည်၊ မတင်ဘဲ ဆယ်ရက်လွန်လျှင် နိဿဂ္ဂိပါစိတ် သင့်နိုင်သည်။

ဒိန္နပစ္စတ္ထရဏေ စ ။ ။ သင်္ကန်းကိုးမျိုးတို့၌ ပါဝင်နေသောကြောင့် အိပ်ရာခင်း ကို ကျောင်းအကျိုးငှာသာလျှင် လျှုထားသည် ဟု တစ်ထစ်ချသတ်မှတ်၍ မဖြစ်နိုင်ပေ။ ထို့ကြောင့် ပစ္စတ္ထရဏဟူသော သူ့အမည်ဖြင့် အဓိဋ္ဌာန်တင်သိမ်းထား၍ ပရိက္ခာရ- စောဋ္ဌ-အဝတ်ကဲ့သို့ အလိုရှိသလို သုံးစွဲနိုင်ခွင့်ရှိသည်။ (ဝိမတိ၊၁၊၃၁၄။)

http://www.dhammadownload.com

အက္ကြောင်းက္ကြောင့်၊ အနာပတ္တိ- အာပတ်မသင့်၊ ပန- ထိုသို့ပင် အာပတ်မသင့်ပါသော်လည်း၊ ဒသာဟာတိက္ကမနပစ္စယာ- ဆက်ရက်လွန်ခြင်းဟူသော အက္ကြောင်းက္ကြောင့်၊ အာပတ္တိ- အာပတ်ကို၊ ရက္ခန္တေန- စောင့်ရှောက်လိုသော ရဟန်းသည်၊ ဝိကပ္ပနူပဂပမာဏမတ္တေ- ဝိကပ္ပနာပြုလောက်သော ပမာဏ အတိုင်းအရှည်ရှိသော အရပ်မျှကို၊ ဝီတေ- ရက်အပ်ပြီးသော်၊ တန္တေ- ရက်ကန်းစင်ပေါ်၌၊ ဌိတံယေဝ- တည်သော သင်္ကန်းလျာအဝတ်ကိုပင်၊ အဓိဋ္ဌာတဗ္ဗံ- အဓိဋ္ဌာန်တင်ရမည်၊ ကသ္မာ- နည်း၊ ဟိ ယသ္မာ- အကြင့်ကြောင့်၊ ဒသာဟာတိက္ကမေန- ဆယ်ရက်လွန်သဖြင့်၊ ဝါ- လွန်မှ၊ နိဋ္ဌာပိယမာနံ- ပြီးစေအပ်သော သင်္ကန်းလျာအဝတ်သည်၊ နိဿဂ္ဂိယံ- နိဿဂ္ဂိထိုက်သည်၊ ဘဝေယျ- ဖြစ်ရာ၏၊ က္ကတိ တသ္မာ- ထို့ကြောင့်တည်း။ ဉာတကာဒီဟိ- ဆွေမျိုးစသူတို့သည်၊ တန္တံ- ရက်ကန်းစင်သို့၊ အာရောပေတွာ- တင်ပြီး၍၊ "ဘန္တေ- ရား၊ တုမှာကံ- အရှင်ဘုရားတို့ဖို့၊ က္ကဒံ စီဝရံ- ကို၊ ဂဏှောယျာထ- (ပြီးလျှင်) ခံယူပါကုန်၊" က္ကတိ-ဤသို့လျှောက်၍၊ နိယျာတိတေပိ- အပ်နှင်းအပ်သော သင်္ကန်းလျာအဝတ်၌လည်း၊ ဧသေဝ နယော- တည်း။

တန္တဝါယော- ရက်ကန်းသည်သည်၊ ဧဝံ- ဤဆိုအပ်ပြီးသောနည်းဖြင့်၊ ပယောဇေတော- စေခိုင်းအပ်သည်၊ ဟုတွာ ဝါ- ဖြစ်၍လည်းကောင်း၊ သယံ- (ရက်ကန်းသည်) ကိုယ်တိုင်၊ ဒါတုကာမော- လှူလိုသည်၊ ဟုတွာ ဝါ- ကောင်း၊ "ဘန္တေ- ရား၊ အဟံ- သည်၊ တုမှာကံ- တို့ဖို့၊ စီဝရံ- ကို၊ အသုကဒိဝသေ နာမ- ထိုမည်သောနေ့၌၊ ဝါယိတွာ- ရက်၍၊ ဒ္ဌပေဿာမိ- ထားလိုက်ပါအံ့၊" က္ကတိ- သို့ သစေ ဝဒတိ- အံ့၊ ဘိက္ခု စ- သည်လည်း၊ တေန- ထိုရက်ကန်းသည်သည်၊ ပရိစ္ဆိန္နဒိဝသတော- ပိုင်းခြားအပ်ရာနေ့မှ၊ ပဋ္ဌာယ- စ၍၊ ဒသာဟံ- ဆယ်ရက်ကို၊ သစေ အတိက္ကာမေတိ- အကယ်၍ လွန်စေအံ့၊ (ဧဝံ သတိ-

---

တန္တေ ဌိတံယေဝ အဓိဋ္ဌာတဗ္ဗံ။ ။ ရက်ကန်းစင်ပေါ်မှာ တည်နေသော်လည်း မိမိချည်ဖြင့် ရက်အပ်သော မိမိပိုင်သင်္ကန်းလျာအဝတ်ပင် ဖြစ်သည်၊ ထို့ကြောင့် ဆယ်ရက်မလွန်မီ ပရိက္ခာရစောဠ-အဓိဋ္ဌာန်တင်ရမည်၊ တစ်ကြိမ် အဓိဋ္ဌာန်တင်ပြီးနောက် ထပ်၍ရက်အပ်သမျှ အဝတ်သည်လည်း တစ်ဆက်တည်းဖြစ်မူ ပထမအဓိဋ္ဌာန်တင်ပြီးနှင့် အလားတူပင်ဖြစ်သောကြောင့် နောက်ထပ်အဓိဋ္ဌာန်တင်ရန် မလို၊ အကယ်၍ အကြားအကြား၌ အသားချင်းမဆက်ဘဲ အမြှီတ်အဆာခြား၍ ရက်ထားမူကား ထိုအမြှီတ်အဆာ၏ အတွင်းပိုင်းများကို တကန့်စီ တစ်ကန့်စီ အဓိဋ္ဌာန်တင်ရမည်၊ ဝိကပ္ပနာလည်းပြုနိုင်သည်။ (ဝိမတိ၊၁၊၃၅၉။)

12A

http://www.dhammadownload.com

သော်၊) နိဿဂ္ဂိယံ- စွန့်ခြင်းရှိသော၊ ပါစိတ္တိယံ- သည်၊ ဟောတိ- ၏၊ ပန- ဆက်၊ တန္တဝါယော- သည်၊ "အဟံ- သည်၊ တုမှာကံ- တို့ဖို့၊ စီဝရံ- ကို၊ ဝါယိတွာ- ရက်၍၊ သာသနံ- နှုတ်မှာစကားကို၊ ပေသေဿာမိ- ပို့လိုက်ပါအံ့၊" ဣတိ- သို့၊ ဝတွာ- ၍၊ တထေဝ- ထိုလျှောက်ထားလိုက်သည့် အတိုင်း သာလျှင်၊ သစေ ကရောတိ- ပြုအံ့၊ ပန- ထိုသို့ပင် ပြုပါသော်လည်း၊ တေန- ထိုရက်ကန်းသည်သည်၊ ပေသိတဘိက္ခု- စေလွှတ်အပ်သော ရဟန်းသည်၊ တဿ ဘိက္ခုနော- ထိုသင်္ဃန်းရှင် ရဟန်းအား၊ သစေ နာ အာရောစေတိ- အကယ်၍ မပြောအံ့၊ အညော- အခြားပုဂ္ဂိုလ်သည်၊ ဒိသွာ ဝါ- မြင်၍သော်လည်းကောင်း၊ သုတွာ ဝါ- ကြား၍သော်လည်းကောင်း၊ "ဘန္တေ- ရာ၊ တုမှာကံ- တို့၏၊ စီဝရံ- သည်၊ နိဋ္ဌိတံ- ပြီးနေပါပြီ၊" ဣတိ- သို့၊ သစေ အာရောစေတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဧတဿ- ဤအခြားပုဂ္ဂိုလ်၏၊ အာရောစနံ- ပြောကြားခြင်းသည်၊ နာ ပမာဏံ- လိုရင်းမဟုတ်၊ ပန- အဟုတ်ကား၊ ယဒါ- အကြင်အခါ၌၊ တေန- ထိုရက်ကန်းသည်သည်၊ ပေသိတောယေဝ- စေလွှတ်အပ်သော ရဟန်းသည်သာ၊ အာရောစေတိ- အံ့၊ တဿ- ထိုစေလွှတ်သော ရဟန်း၏၊ ဝစနံ- ကို၊ သုတဒိဝသတော- ကြားအပ်ရာနေ့မှ၊ ပဋ္ဌာယ- စ၍၊ ဒသာဟံ- ဆယ်ရက်ကို၊ အတိက္ကာမယတော- လွန်စေသော ရဟန်း၏၊ နိဿဂ္ဂိယံ- သော၊ ပါစိတ္တိယံ- သည်၊ ဟောတိ- ၏၊ တန္တဝါယော- သည်၊ "အဟံ- သည်၊ တုမှာကံ- တို့ဖို့၊ စီဝရံ- ကို၊ ဝါယိတွာ- ၍၊ ကဿစိ- တစ်စုံ တစ်ယောက်၏၊ ဟတ္ထေ- လက်၌ (ထား၍)၊ ပဟိဏိဿာမိ- ပို့လိုက်ပါအံ့၊" ဣတိ- သို့၊ ဝတွာ- ၍၊ တထေဝ- ထိုလျှောက်ထားသည့် အတိုင်းသာလျှင်၊ သစေ ကရောတိ- အံ့၊ ပန- ထိုသို့ပင် ပြုပါသော်လည်း၊ စီဝရံ- ကို၊ ဂဟေတွာ- ၍၊ ဂတဘိက္ခု- သွားသော ရဟန်းသည်၊ အတ္တနော- မိမိ၏၊ ပရိဝေဏေ- ကျောင်း၌၊ ဌပေတွာ- ထား၍၊ တဿ- ထိုသင်္ဃန်းရှင် ရဟန်းအား၊ နာ အာရောစေတိ- မပြောအံ့၊ အညော- ယူလာသော ရဟန်းမှအခြားသော၊ ကောစိ- တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည်၊ "ဘန္တေ- ရာ၊ အဓုနာ- ဤအခါ၌၊ ဝါ- ခုနက၊ အာဘတံ- ဆောင်ယူအပ်သော၊ စီဝရံ- သည်၊ သုန္ဒရံ အပိ- ကောင်းပါ၏လော၊" ဣတိ- သို့၊ ဘဏတိ- ပြောအံ့၊ အာဝုသော- ငါ့ရှင်၊ စီဝရံ- သည်၊ ကုတော- အဘယ်မှာနည်း၊ ဣတိ- ဤသို့မေးအံ့၊ ဣတ္ထန္နာမဿ- ဤအမည် ရှိသော ရဟန်း၏၊ ဟတ္ထေ- လက်၌၊ ပေသိတံ- ပို့အပ်ပါပြီ၊ ဣတိ- ဤသို့ လျှောက်အံ့၊

http://www.dhammadownload.com

ဧတဿပိ- ဤအခြားပုဂ္ဂိုလ်၏လည်း၊ ဝစနံ- သည်၊ နု ပမာဏံ- လိုရင်းမဟုတ်၊ ပန- အဟုတ်ကား၊ ယဒါ- ၌၊ သော ဘိက္ခု- ထိုသင်္ဃန်းယူလာသော ရဟန်း သည်၊ စီဝရံ- ကို၊ ဒေတိ- ပေးအံ့၊ တဒါ- ထိုအခါ၌၊ လဒ္ဓဒိဝသတော- ရအပ်ရာ နေ့မှ၊ ပဋ္ဌာယ- စ၍၊ ဒသာဟံ- ကို၊ အတိက္ကာမယတော- ၏၊ နိဿဂ္ဂိယံ- သော၊ ပါစိတ္တိယံ- သည်၊ ဟောတိ- ၏၊ ပန- ဆက်၊ ဝါယာပနမူလံ- ရက်စေ ကြောင်းအဖိုးသည်၊ (ဝါယာပေတိ အနေနာတိ- ဝါယာပနံ၊) အဒိန္နံ- မပေး အပ်သေးသည်၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ- သော်) ယာဝ- အကြင်မျှ လောက်၊ ကာကဏိကမတ္တမ္ပိ- တစ်ချင်ရွေးမျှသည်လည်း၊ အဝသိဋ္ဌံ- ကြွင်း သေး၏၊ တာဝ- ထိုလက်ခ မကျေသေးသမျှ၊ ရက္ခတိ- အာပတ်မှစောင့်၏ [ကိုယ်ပိုင်မဖြစ်သေးသောကြောင့် အာပတ်မသင့်သေး။]

၄၆။ ပန- ဆက်၊ အဓိဋ္ဌိတစီဝရံ- အဓိဋ္ဌာန်တင်အပ်ပြီးသော သင်္ဃန်းကို၊ ပရိဘုဉ္ဇတော- သုံးစွဲသော ရဟန်း၏၊ အဓိဋ္ဌိတစီဝရံ- အဓိဋ္ဌာန်တင်အပ်ပြီး သော သင်္ဃန်းသည်၊ ကထံ- အဘယ့်ကြောင့်၊ အဓိဋ္ဌာနံ- အဓိဋ္ဌာန်ကို၊ ဝိဇဟတိ- စွန့်သနည်း၊ ဣတိ- ဤကား အမေးတည်း။ အညဿ- အခြားသူ အား၊ ဒါနေန- ပေးခြင်းကြောင့်လည်းကောင်း၊ အစ္ဆိန္ဒိတ္ဝာ- လုယက်၍၊ ဂဟဏေန- ယူခြင်းကြောင့်လည်းကောင်း၊ ဝိဿာသဂ္ဂါဟေန- အကျွမ်းဝင်သဖြင့် ယူခြင်းကြောင့်လည်းကောင်း၊ ဟီနာယ- ယုတ်ညံ့သော လူ့အဖြစ်အကျိုးငှာ၊ အာဝတ္တနေန- လည်ခြင်းကြောင့်လည်းကောင်း၊ (တစ်နည်း၊) ဟီနာယာဝတ္တ- နေန- သိက္ခာမချဘဲ လူဝတ် လဲခြင်းကြောင့်လည်းကောင်း၊ သိက္ခာပစ္စက္ခာ- နေန- သိက္ခာချခြင်းကြောင့်လည်းကောင်း၊ ကာလကိရိယာ- သေခြင်းကြောင့် လည်းကောင်း၊ လိင်္ဂပရိဝတ္တနေန- လိင်ပြန်ခြင်းကြောင့်လည်းကောင်း၊ ပစ္စု- ဒ္ဓရဏေန- ပစ္စုဒ္ဓိရ်ပြုခြင်းကြောင့်လည်းကောင်း၊ ဆိဒ္ဒဘာဝေန- ပေါက်သည်

ဟီနာယာဝတ္တနေန။ ။ သိက္ခာမချဘဲ လူဝတ်လဲသွားခြင်းကို "ဟီနာယာဝတ္တန" ခေါ်သည်။ ယင်းသို့ လူဝတ်လဲသွားသူသည် မိမိသင်္ဃန်းအပေါ်မှာ တွယ်တာမှု လုံးဝ မရှိတော့ချေ။ (တွယ်တာမှုရှိနေက လူဝတ်ပင် လဲမည်မဟုတ်ပါ။) အပြီးအပိုင် စွန့်လွှတ် ပြီးဖြစ်ပေသည်။ သို့ဖြစ်၍ ယင်းသင်္ဃန်းသည် သူတစ်ပါးအား ပေးကမ်းလှူဒါန်းလိုက် သော သင်္ဃန်းနှင့် မထူးတော့ချေ၊ အဓိဋ္ဌာန်ကျရပေတော့သည်။

သိက္ခာပစ္စက္ခာနေန။ ။ ရဟန်းတစ်ပါးသည် လူဝတ်မလဲဘဲ သင်္ဃန်းဝတ်ဖြင့်ပင် သိက္ခာချခဲ့ပါလျှင် ထိုသူ၏ကိုယ်ပေါ်မှာ ဝတ်ထားသော သင်္ဃန်းသော်မှ အဓိဋ္ဌာန်ကျရ တော့သည်။ ကိုယ်နှင့်ကင်းကွာနေသော သင်္ဃန်းများအတွက်မူ ဆိုဖွယ်ရာပင် မရှိ တော့ပါ။

http://www.dhammadownload.com

၏ အဖြစ်ကြောင့်လည်းကောင်း၊ နဝဟိ- ကိုးပါးကုန်သော၊ ဣတိ ဣမေဟိ ကာရဏေဟိ- ဤအကြောင်းတို့ကြောင့်၊ အဓိဋ္ဌာနံ- ကို၊ ဝိဇဟတိ- စွန့်၏။

တတ္ထ- ထိုအကြောင်းတို့တွင်၊ ပုရိမေဟိ- ရှေ့၌ဖြစ်ကုန်သော၊ အဋ္ဌဟိ- ရှစ်ပါးသော အကြောင်းတို့ကြောင့်၊ သဗ္ဗစီဝရာနိ- အလုံးစုံသော သင်္ဃန်းတို့သည်၊ အဓိဋ္ဌာနံ- ကို၊ ဝိဇဟန္တိ- ကုန်၏၊ ပန- အထူးကား၊ ဆိဒ္ဒဘာဝေန- ကြောင့်၊ တိစီဝရဿေဝ- ၏သာလျှင်၊ သဗ္ဗအဋ္ဌကထာသု- တို့၌၊ အဓိဋ္ဌာနဝိဇဟနံ- အဓိဋ္ဌာန်စွန့်ခြင်းကို၊ ဝုတ္တံ- ပြီ၊ တဉ္စ- ထိုအဓိဋ္ဌာန်စွန့်ခြင်းကိုလည်း၊ နခပိဋ္ဌပ္ပမာဏေန- လက်သည်းခွံပမာဏရှိသော၊ ဆိဒ္ဒေန- အပေါက်ကြောင့်၊ (ဝေဒိတဗ္ဗံ- သိထိုက်၏၊) တတ္ထ- ထိုနခပိဋ္ဌပ္ပမာဏေနဟူသော ပါဠိ၌၊ နခပိဋ္ဌပ္ပမာဏံ- ကို၊ ကနိဋ္ဌင်္ဂုလိနခဝသေန- လက်သန်းလက်သည်း၏ အစွမ်းဖြင့်၊ ဝေဒိတဗ္ဗံ- ၏၊ ဆိဒ္ဒဉ္စ- အပေါက်ကိုလည်း၊ ဝိနိဝိဒ္ဓဆိဒ္ဒမေဝ- ထုတ်ချင်းထွင်းအပ်သော အပေါက်ကိုသာ၊ ဝေဒိတဗ္ဗံ- ၏၊ ဟိ- မှန်၏၊ ဆိဒ္ဒဿ- ၏၊ အဘ္ဘန္တရေ- အတွင်း၌၊ ဧကတန္တေ- ချည်မျှင်တစ်ချောင်းသည်၊ အစ္ဆိန္နော- မပြတ်သေးသည်၊ စေပိ ဟောတိ- အကယ်၍မူလည်းဖြစ်အံ့၊ ဧဝံ သတိပိ- သော်လည်း၊ ရက္ခတိ- အဓိဋ္ဌာန်မှ စောင့်သေး၏။

တတ္ထ- ထိုသင်္ဃန်းသုံးထည်တို့တွင်၊ သဃ်ာဋိယာ စ- ၏လည်းကောင်း၊ ဥတ္တရာသင်္ဃ စ- ၏လည်းကောင်း၊ ဒီဃန္တတော- အလျားအစွန်းမှ၊ ဝိဒတ္ထိပ္ပမာဏာဃ- တစ်ထွာပမာဏရှိသော၊ ပဒေသဿ- အရပ်၏လည်းကောင်း၊ တိရိယန္တတော- အနံအစွန်းမှ၊ အဋ္ဌင်္ဂုလပ္ပမာဏာဃ- လက်ရှစ်သစ် ပမာဏ

စဉ်းစားဖွယ်။ ။ ဟီနာယာဝတ္တန-နှင့် သိက္ခာပစ္စက္ခာန-ကို ခွဲခြားပြဆိုထားသောကြောင့် လူဝတ်လဲလျှင် သိက္ခာမချသော်လည်း သင်္ဃန်းအဓိဋ္ဌာန်ကျသည်။ (လိင်္ဂ-ပရိဝတ္တန-နှင့် နှိုင်းညှိစဉ်းစားပါ။) သိက္ခာချလျှင် လူဝတ်မလဲသော်လည်း သင်္ဃန်းအဓိဋ္ဌာန်ကျသည်။ (ပစ္စုဒ္ဓါရ-နှင့် နှိုင်းညှိစဉ်းစားပါ။) ဤအနက်သဘော သင်္ကြောက်ပါဝင်ပြီး ဖြစ်ပေသည်။

ထို့ပြင်ပါရာဇိကကျသော ရဟန်း, တိတ္ထိဘောင်သို့ပြောင်းသွားသော ရဟန်း, လူဝတ်လဲသော ဘိက္ခုနီတို့သည် ရဟန်းမဟုတ်ကြတော့ပါ။ ရဟန်းဘဝမှ စုတေရွှေ့လျောပြီးသူများသာ ဖြစ်ကြသည်၊ သူတို့၏ သင်္ဃန်းလည်း အဓိဋ္ဌာန်ကျပြီးပင် ဖြစ်တော့သည်၊ ထို့ကြောင့် (သာရတ္ထ၊ ၂၊၃၉၁။) ၌ "ဘိက္ခုနီယာ ဟိ ဂိဟိဘာဝူပဂမနေ ဝိသုံ ဝတ္ထုဗ္ဗံ နတ္ထိ တဿာ ဝိဗ္ဘမနေနေဝ အဿမဏိဘာဝတော"ဟု မိန့်ဆိုထားပေသည်။

http://www.dhammadownload.com

ရှိသော၊ ပဒေသဿ- ကောင်း၊ ဩရတော- ဤမှာဘက်၌၊ ဝါ- အတွင်းဘက်၌၊ ဆိဒ္ဒံ- သည်၊ အဓိဋ္ဌာနံ- ကို၊ ဘိန္ဒတိ- ဖျက်နိုင်၏၊ (ပရတော- ဟိုမှာဘက်၌၊ ဝါ- အပြင်ဘက်၌၊ ဆိဒ္ဒံ- သည်၊ အဓိဋ္ဌာနံ- ကို၊ န ဘိန္ဒတိ- မဖျက်နိုင်၊) ပန- ကား၊ အန္တရဝါသကဿ- ၏၊ ဒီဃန္တတော- မှ၊ ဝိဒတ္ထိပ္ပမာဏဿ- သော၊ ပဒေသဿ ဧဝ- အရပ်၏ပင်လျှင်လည်းကောင်း၊ တိရိယန္တတော- မှ၊ စတုရဂ်ိုလပ္ပမာဏဿ- သော၊ ပဒေသဿ ဧဝ- ကောင်း၊ ဩရတော- ၌၊ ဆိဒ္ဒံ- သည်၊ အဓိဋ္ဌာနံ- ကို၊ ဘိန္ဒတိ- ၏၊ ပရတော- ၌၊ ဆိဒ္ဒံ- သည်၊ အဓိဋ္ဌာနံ- ကို၊ န ဘိန္ဒတိ- နိုင်၊ တသ္မာ- ထို့ကြောင့်၊ ဆိဒ္ဒေ- သည်၊ ဇာတေ- ဖြစ်လသော်၊ တိစီဝရံ- သည်၊ အတိရေကစီဝရဋ္ဌာနေ- (အဓိဋ္ဌာန်ဝိကပ္ပနာ ပြုအပ်သော သင်္ကန်းမှ၊) အပိုအလွန် သင်္ကန်းအရာ၌၊ တိဋ္ဌတိ- တည်၏၊ သူစိကမ္မံ- အပ်အမှုကို၊ ကတ္ဝာ- ၍၊ ပုန- တစ်ဖန်၊ အဓိဋ္ဌာတဗ္ဗံ- အဓိဋ္ဌာန်တင်ရမည်။

ပန- ဆက်၊ ယော- အကြင်ရဟန်းသည်၊ ဒုပ္ပလဋ္ဌာနေ- အားမရှိရာအရပ်၌၊ ဝါ- သင်္ကန်းရိနေသော နေရာ၌၊ ပဌမံ- ရှေးဦးစွာ၊ အဂ္ဃဋ္ဌံ- အဖာကို၊ ဒတ္ဝာ- ပေး၍၊ ပစ္ဆာ- နောက်မှ၊ ဒုပ္ပလဋ္ဌာနံ- အားမရှိရာ အရပ်ကို၊ ဆိန္ဒိတ္ဝာ- ဖြတ်၍၊ အပနေတိ- ဖယ်ရှားအံ့၊ တဿ- ၏၊ အဓိဋ္ဌာနံ- သည်၊ န ဘိဇ္ဇတိ- မပျက်၊ မဏ္ဍလပရိဝတ္တနေပိ- အိမ်ဝန်းကြီး အိမ်ဝန်းငယ်ကို လဲလှယ်ခြင်း၌လည်း၊ ဧသေဝနယော- တည်း။ ဒုပဋ္ဌဿ- နှစ်ထပ်ရှိသော သင်္ကန်း၏၊ ဧကသ္မိံ- တစ်ခုသော၊ ပဋ္ဌလေ- အလွှာ၌၊ ဆိဒ္ဒေ- သည်၊ ဇာတေ ဝါ- ဖြစ်သော်လည်းကောင်း၊ ဂဠိတေ ဝါ- လျှော်ကျသော်လည်းကောင်း၊ အဓိဋ္ဌာနံ- သည်၊ န ဘိဇ္ဇတိ- မပျက်၊ ခုဒ္ဒကံ- ငယ်သော၊ စီဝရံ- ကို၊ မဟန္တံ- ကြီးအောင်၊ ကရောတိ- အံ့၊ မဟန္တံ ဝါ- ကြီးသောသင်္ကန်းကိုမူလည်း၊ ခုဒ္ဒကံ- ငယ်အောင်၊ ကရောတိ- အံ့၊

ခုဒ္ဒကံ စီဝရံ။ ။ လေးတောင်နှင့် ဒတောင်ဆုပ်စသည်ဖြင့် ခွဲခြားသတ်မှတ်ပြဆိုအပ်သော ပမာဏထက် မယုတ်လျော့သော သင်္ကန်းမျိုးကိုသာ "ခုဒ္ဒကစီဝရ"ဟု ခေါ်သည်။

မဟန္တံ ဝါ ခုဒ္ဒကံ ကရောတိ။ ။ သင်္ကန်းသုံးထည်၏ အနားလေးဘက်တို့၌ အပေါက်ပေါက်သော်လည်း အဓိဋ္ဌာန်မပျက်ဟု သတ်မှတ်ပြဆိုထားသော ဌာန၏ ပတ်ဝန်းကျင် (ပတ်ပတ်လည်) မှ ဖြတ်၍ ငယ်အောင်ပြုလုပ်သော ရဟန်း၏ သင်္ကန်းသည် အဓိဋ္ဌာန်ကို မစွန့်။ (သာရတ္ထ၊ ၂၊၃၉၂။)

http://www.dhammadownload.com

အဓိဋ္ဌာန်- သည်၊ နု ဘိဇ္ဇတိ- မပျက်၊ ဥဘော- နှစ်ဖက်ကုန်သော၊ ကောဋိ-ယော- အစွန်းတို့ကို၊ မဇ္ဈေ- အလယ်၌၊ ကရောန္တော- ပြုလသော်၊ ပဌမံ-ရှေးဦးစွာ၊ ဆိန္ဒိတွာ- ဖြတ်ပြီး၍၊ ပစ္ဆာ- နောက်၌၊ သစေ ယဇ္ဈေတိ- အကယ်၍ ဆက်စပ်အံ့၊ (ဧဝံ သတိ- သော်၊) အဓိဋ္ဌာန်- သည်၊ ဘိဇ္ဇတိ- ၏၊ ယဇ္ဈေတွာ-ဆက်စပ်ပြီးမှ၊ အထ ဆိန္နတိ- အကယ်၍ ဖြတ်အံ့၊ (ဧဝံ သတိ- သော်၊) နု ဘိဇ္ဇတိ- မပျက်၊ ရဇကေဟိ- ခဝါသည်တို့ကို၊ ဓောဝါပေတွာ- ဖွပ်လျှော်စေ၍၊ သေတံ- ဖြူအောင်၊ ကာရာပေန္တသပိ- ပြုစေသော ရဟန်း၏လည်း၊ အဓိဋ္ဌာန်-သည်၊ အဓိဋ္ဌာနမေဝ- တည်မြဲတိုင်းသာလျှင်၊ ဟောတိ- ၏၊ အယံ- ဤသို့ အပ်ပြီးသည်ကား၊ တာဝ- ဝိကပ္ပနာမှ ရှေးဦးစွာ၊ အဓိဋ္ဌာနေ- အဓိဋ္ဌာန်၌၊ ဝိနိစ္ဆယော- ဆုံးဖြတ်ကြောင်း စကားရပ်ပေတည်း၊ ဝါ- အဆုံးအဖြတ်တည်း။

၄၇။ ပန- ကား၊ **ဝိကပ္ပနေ-** ဝိကပ္ပနာပြုခြင်း၌၊ (လဇ္ဇမာနာ- ရအပ်ကုန်သော၊) ဝိကပ္ပနာ- တို့သည်၊ သမ္မုခါဝိကပ္ပနာ- မိမိနှုတ်ဖြင့် ဝိကပ္ပနာပြုခြင်းလည်းကောင်း၊ ပရမ္မုခါဝိကပ္ပနာ- သူတစ်ပါးနှုတ်ဖြင့် ဝိကပ္ပနာပြုခြင်းလည်းကောင်း၊ ဣတိ- ဤသို့၊ ဒွေ- နှစ်ပါးတို့တည်း၊ ကထံ- အဘယ်သို့လျှင်၊ သမ္မုခါ-ဝိကပ္ပနာ- သမ္မုခါ ဝိကပ္ပနာသည်၊ ဟောတိ- ဖြစ်သနည်း၊ (ဣတိ- ဤကား အမေးတည်း၊) စီဝရာနံ- တို့၏၊ ဧကဗဟုဘာဝံ- တစ်ထည်တည်း၏အဖြစ်, အများတို့၏အဖြစ်ကိုလည်းကောင်း၊ သန္ဓိဟိတာသန္ဓိဟိတဘာဝဥ္စ- အနီး၌ထားအပ်ကုန်သည်၏အဖြစ်, အနီး၌ မထားအပ်ကုန်သည်၏အဖြစ်ကိုလည်းကောင်း၊ ဥတွာ- သိပြီး၍၊ ဣမံ စီဝရန္တိ ဝါ- စီဝရံဟူ၍သော်လည်းကောင်း၊ (အနီးတစ်ထည်အတွက်၊) ဣမာနိ စီဝရာနိတိ ဝါ- စီဝရာနိဟူ၍သော်လည်းကောင်း၊ (အနီးအများအတွက်၊) ဧတံ စီဝရန္တိ ဝါ- စီဝရံဟူ၍သော်လည်း

ဥဘော ကောဋိယော။ ။ ယခုခေတ် သင်းပိုင်ဟောင်းကို အလယ်ကဖြတ်၍ အဖျားနှစ်ဖက်ကို စပ်ကာ (ကုန်းပြန်သောအားဖြင့်) ချုပ်လေ့ရှိကြသည်၊ ထိုသို့ ချုပ်ရာ၌ အဖျားနှစ်ဖက်ကို ပထမစပ်ချုပ်ပြီးမှ အလယ်ကိုဖြတ်လျှင် အဓိဋ္ဌာန်မပျက်၊ အလယ်ကို ဖြတ်ပြီးမှ ချုပ်လျှင်ကား ဖြတ်တုန်းကပင် အဓိဋ္ဌာန်ပျက်၏။ (ကခ်ီ။ဘာဋီ၊၁၊၃၂၉။)

သင်္ကန်းသုံးထည်မှတစ်ပါး အခြားသင်္ကန်းများ၌ အပေါက်ပေါက်ခြင်းကြောင့် အဓိဋ္ဌာန်ကျခြင်း မည်သည်မရှိ။ ထို့ကြောင့် အဓိဋ္ဌာန်တင်ထားသော အခြားသင်္ကန်းများကို "အလျားတောင်မှန်၊ ထွာအနုံ၊ ဓိဋ္ဌာန်ဝိကပ်လောက်"ဟု ဆိုအပ်ခဲ့သည့် အသေးငယ်ဆုံးပမာဏမျှ မရှိအောင် အပိုင်းအပိုင်း ဖြတ်အပ်စေကာမူ အဓိဋ္ဌာန်မပျက်တော့ပေ၊ အဓိဋ္ဌာန်မတင်ခင်က ယင်းသို့ ပိုင်းဖြတ်ထားပါမူကား သင်္ကန်းမမည်သောကြောင့် အဓိဋ္ဌာန်တင်ရန် မလိုပါ။ (သာရတ္ထ၊၂၊၃၉၂။)

http://www.dhammadownload.com

ကောင်း၊ (အဝေးတစ်ထည်အတွက်၊) ဧတာနိ စီဝရာနိတိ ဝါ- စီဝရာနိဟူ၍ သော်လည်းကောင်း၊ (အဝေးအများအတွက်၊) ဝတ္ဝာ- ဆိုပြီး၍၊ တုယ္ဟံ ဝိကပ္ပေ-မိတိ- ဝိကပ္ပေမိဟူ၍၊ ဝတ္တုံ- ဆိုရာ၏၊ (ကွမံ စီဝရံ- ဤသင်္ကန်းကို၊ တုယ္ဟံ-သင့်အား၊ ဝိကပ္ပေမိ- ကိုယ့်ဟာစွန့်ကာ ပြုလုပ်ပါ၏၊ ဝါ- ပေးပါ၏။) အယံ-ဤဆိုအပ်ပြီးသည်ကား၊ ဧကော- တစ်ခုသော၊ သမ္မုခါဝိကပ္ပနာ- နာတည်း၊ ဧတ္တာဝတာ- ဤမျှအတိုင်းအရှည်ရှိသော ဝိကပ္ပနာပြုခြင်းဖြင့်၊ နိဓေတုံ-သိုမှီးသိမ်းထားခြင်းငှာ၊ ဝဋ္ဋတိ- ၏၊ ပန- ထိုသို့ပင် အပ်ပါသော်လည်း၊ ပရိဘုဉ္ဇိ-တုံ ဝါ- သုံးစွဲခြင်းငှာလည်းကောင်း၊ ဝိဿဇ္ဇေတုံ ဝါ- စွန့်ခြင်းငှာလည်းကောင်း၊ အဓိဋ္ဌာတုံ ဝါ- အဓိဋ္ဌာန်တင်ခြင်းငှာလည်းကောင်း၊ န ဝဋ္ဋတိ- မအပ်သေး၊ [သူတစ်ပါးဥစ္စာဖြစ်အောင် ပြုလုပ်ထား၍ သူတစ်ပါး၏ ခွင့်ပြုမှုကို မရသေးသောကြောင့် မအပ်သေး။] ပန- အလျော် အသင့်ကား၊ မယ္ဟံ သန္တကံ- (မယ့် သန္တကာနိ) ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟီတိ- ဟိဟူ၍၊ ဧဝံ- ဤသို့၊ ဝုတ္တေ- ဆိုအပ်သော်၊ ပစ္စုဒ္ဓါရော နာမ- ပစ္စုဒ္ဓိရ်ပြုခြင်းမည်သည်၊ ဝါ- ပြန်၍ထုတ်ခြင်းမည်သည်၊ ဟောတိ- ဖြစ်၏။

[မယ့်- ငါ၏၊ သန္တကံ- ဥစ္စာကို၊ (သန္တကာနိ- ဥစ္စာတို့ကို၊) ပရိဘုဉ္ဇ ဝါ- သုံးဆောင်လိုမူလည်း သုံးဆောင်ပါလော၊ ဝိဿဇ္ဇေဟိ ဝါ- စွန့်မူလည်း စွန့်ပါလော၊ ယထာပစ္စယံ- အကြောင်းအားလျော်စွာ၊ ကရောဟိ ဝါ- ပြုလိုမူလည်း ပြုပါလော။]

တတော- ထိုပစ္စုဒ္ဓိရ်ပြုပြီးရာအခါမှ၊ ပဘုတိ- စ၍၊ ပရိဘောဂါဒယောပိ-သုံးစွဲခြင်း အစရှိသည်တို့သည်လည်း၊ ဝဋ္ဋန္တိ- ကုန်၏။

ဧတ္တာဝတာ နိဓေတုံ ကပ္ပတိ။ ။ "ကွမံ စီဝရံ တုယ္ဟံ ဝိကပ္ပေမိ"ဟု ပြောဆိုရုံမျှဖြင့်ပင် ဝိကပ္ပနာ-ကိစ္စ ပြီးနေပြီဖြစ်သောကြောင့် အတိရေက-သင်္ကန်းမဟုတ်တော့ပါ။ နိဿဂ္ဂိ-လည်း ဖြစ်စရာမရှိတော့ပါ။ ထိုကြောင့် သိမ်းထားကောင်းသည်။

ပစ္စုဒ္ဓိရ် မပြုရသေးသော (ပြန်မရုပ်သိမ်းရသေးသော) သင်္ကန်းကို ကိုယ်တိုင် သုံးဆောင်လျှင် ပါစိတ်အာပတ်သင့်၏။ အဓိဋ္ဌာန်တင်မှု, သူတစ်ပါးအားစွန့်မှုကိုပြုလျှင် ဒုက္ကဋ်အာပတ်သင့်သည်၊ ထိုကြောင့်ပင် သုံးဆောင်ခြင်းစသည် မအပ်ဟု ဆိုထားသည်။ [ဤပစ္စုဒ္ဓိရ်မှာ အဓိဋ္ဌာန်ရုပ်သိမ်းသော ပစ္စုဒ္ဓိရ်နှင့် တစ်မျိုးစီဖြစ်ကြောင်း သတိပြုစေလိုသည်။]

ပရိဘောဂါဒယောပိ ဝဋ္ဋန္တိ။ ။ ဝိကပ္ပနာ-ပြုထားသော သင်္ကန်းကို ပစ္စုဒ္ဓိရ်ပြုအပ် (ပြန်လည်ရုပ်သိမ်းအပ်) ပါသော်လည်း ယင်းသင်္ကန်းသည် ဝိကပ္ပနာ-ပြုပြီးပင်ဖြစ်

http://www.dhammadownload.com

အပရော- အခြားတစ်မျိုးသော၊ နယော- နည်းကား၊ တထေဝ- ထို့အတူပင်၊ စီဝရာနံ- တို့၏၊ ဧကဗဟုဘာဝံ- ကိုလည်းကောင်း၊ သန္ဓိဟိတာသန္ဓိဟိတ-ဘာဝဥ္စ- ကိုလည်းကောင်း၊ ဥတွာ- ၍၊ တသေဝ ဘိက္ခုနော- ၏ပင်၊ သန္တိကေ-အနီး၌၊ ဣမံ စီဝရန္တိ ဝါ- သော်လည်းကောင်း၊ ဣမာနိ စီဝရာနီတိ ဝါ- ကောင်း၊ ဧတံ စီဝရန္တိ ဝါ- ကောင်း၊ ဧတာနိ စီဝရာနီတိ ဝါ- ကောင်း၊ ဝတွာ- ၍၊ ပဥ္စသု- ငါးဦးကုန်သော၊ သဟဓမ္မိကေသု- သီတင်းသုံးဖော်တို့တွင်၊ အညတ-ရဿ- အမှတ်မထား တစ်ပါးပါး၏၊ အတ္တနာ- မိမိသည်၊ အဘိရုစိတဿ-အလိုရှိအပ်သော၊ ယဿ ကဿစိ- အမှတ်မထား တစ်ပါးပါး၏၊ နာမံ- ကို၊ ဂဟေတွာ- ၍၊ "တိဿဿ ဘိက္ခုနော ဝိကပ္ပေမီ"တိ ဝါ- မိဟူ၍သော်လည်း ကောင်း၊ "တိဿာယ ဘိက္ခုနိယာ ဝိကပ္ပေမီ"တိ ဝါ- ကောင်း၊ "တိဿာယ သိက္ခာမာနာယ ဝိကပ္ပေမီ"တိ ဝါ- ကောင်း၊ "တိဿဿ သာမဏေရဿ ဝိကပ္ပေမီ"တိ ဝါ- ကောင်း၊ "တိဿာယ သာမဏေရိယာ ဝိကပ္ပေမီ"တိ ဝါ-ကောင်း၊ ဝတ္တဗ္ဗံ- ဆိုရာ၏၊ အယံ- ဤဆိုအပ်ပြီးကား၊ အပရာပိ- တစ်ပါး လည်းဖြစ်သော၊ သမ္မုခါဝိကပ္ပနာ- တည်း၊ ဧတ္တာဝတာ- ဤမျှအတိုင်းအရှည် ရှိသော ဝိကပ္ပနာပြုခြင်းဖြင့်၊ နိဓေတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ ပန- ထိုသို့ပင်အပ်ပါ သော်လည်း၊ ပရိဘောဂါဒီသု- သုံးစွဲခြင်းအစရှိသည်တို့တွင်၊ ဧကမ္ပိ- တစ်ခု မျှလည်း၊ နဝဋ္ဋတိ- သေး၊ ပန- အလျော်အသင့်ကား၊ တေန ဘိက္ခုနာ- သည်၊ "တိဿဿ ဘိက္ခုနော သန္တကံ။ပ။ တိဿာယ သာမဏေရိယာ သန္တကံ ပရိဘုဥ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟီ"တိ- ဟိဟူ၍၊ ဝုတ္တေ-ဆိုအပ်သော်၊ ပစ္စုဒ္ဓါရော နာမ- ပစ္စုဒ္ဓိုရ်ပြုခြင်းမည်သည်၊ ဝါ- ပြန်၍ ရုပ်သိမ်းခြင်းမည်သည်၊ ဟောတိ- ၏၊ တတော- ထိုပစ္စုဒ္ဓိုရ်ပြုပြီးရာအခါမှ၊ ပဘုတိ- အစပြု၍၊ ပရိဘောဂါဒယောပိ- တို့သည်လည်း၊ ဝဋ္ဋန္တိ- ကုန်၏၊ (ဣတိ- ဤသို့လျှင်၊ သမ္မုခါဝိကပ္ပနာ- သည်၊ ဟောတိ- ဖြစ်၏၊)

ကထံ- အဘယ်သို့လျှင်၊ ပရမ္မုခါဝိကပ္ပနာ- သူတစ်ပါးနှုတ်ဖြင့် ဝိကပ္ပနာ ပြုခြင်းသည်၊ ဟောတိ- နည်း၊ ဣတိ- ဤကား အမေးတည်း၊ စီဝရာနံ- တို့၏၊

သည်။ (ပစ္စုဒ္ဓိုရ်ပြုလိုက်သည့်အတွက် ပြုပြီး ဝိကပ္ပနာ-ပျက်မသွားပါ။) အတိရေက သင်္ကန်းလည်း မဖြစ်တော့ပေ၊ ထို့အပြင် ယင်းသင်္ကန်းကို တိစီဝရိတ်အဓိဋ္ဌာန်တင်လိုက တင်နိုင်သည်။ မတင်လိုက ဝိကပ္ပနာ-ပြုထားသည့်အတိုင်း ဝတ်ရုံသုံးဆောင်နိုင်သည်၊ စွန့်လိုက စွန့်နိုင်သည်၊ သိမ်းထားလိုက သိမ်းထားနိုင်သည်။ (ဝိမတိ၊၁၊၃၁၅။)

http://www.dhammadownload.com

တထေဝ- ထို့အတူပင်၊ ဧကဗဟုဘာဝံ- ကိုလည်းကောင်း၊ သန္ဓိဟိတာသန္ဓိဟိ-တဘာဝဥ္စ- ကိုလည်းကောင်း၊ ဥတ္တာ- သိ၍၊ ဣမံ စီဝရန္တိ ဝါ- သော်လည်းကောင်း၊ ဣမာနိ စီဝရာနိတိ ဝါ- ကောင်း၊ ဧတံ စီဝရန္တိ ဝါ- ကောင်း၊ ဧတာနိ စီဝရာနိတိ ဝါ- ကောင်း၊ ဝတ္ဝာ- ၍၊ တုယ္ဟံ ဝိကပ္ပနတ္ထာယ ဒမ္မီတိ- မိဟူ၍၊ ဝတ္တဗ္ဗံ- ဆိုရာ၏၊ (တုယ္ဟံ- အား၊ ဝိကပ္ပနတ္ထာယ- ဝိကပ္ပနာပြုဖို့ရန်၊ ဒမ္မိ- ပေးပါ၏၊) တေန- ထိုရဟန်းသည်၊ (ကိုယ်စားလှယ်လုပ်၍ ဝိကပ္ပနာပြုပေးမည့် ရဟန်း၊) "တေ- အရှင်ဘုရား၏၊ မိတ္တော ဝါ- ခိုင်မြဲသော မိတ်ဆွေသည်သော်လည်းကောင်း၊ သန္ဒိဋ္ဌော ဝါ- ထိုက္ဏအရပ် ပေါင်းဆုံလတ်၍ မြင်အပ်ကာမှ ဖြစ်သော မိတ်ဆွေသည်သော်လည်းကောင်း၊ ကော- အဘယ်သူနည်း၊" ဣတိ- သို့၊ ဝတ္တဗ္ဗော- ပြောဆိုထိုက်၏၊ တတော- ထိုမှ နောက်၌၊ ဣတရေန- အခြားသော သင်္ဃန်းရှင်ရဟန်းသည်၊ ပုရိမနယေနေဝ- ပင်လျှင်၊ တိဿော ဘိက္ခူတိ ဝါ- တိဿရဟန်း ဟူ၍သော်လည်းကောင်း။ပ။ တိဿာ သာမဏေရီတိ ဝါ- တိဿာ သာမဏေမ ဟူ၍သော်လည်းကောင်း၊ ဝတ္တဗ္ဗံ- ၏၊ ပုနတစ်ဖန်၊ တေန ဘိက္ခုနာ- ထို (ဝိကပ္ပနာအစားပြုပေးမည့်) ရဟန်းသည်၊ အဟံ တိဿဿ ဘိက္ခုနော ဒမ္မီတိ ဝါ- မိဟူ၍သော်လည်းကောင်း။ပ။ အဟံ တိဿာယ သာမဏေရိယာ ဒမ္မီတိ ဝါ- မိဟူ၍သော်လည်းကောင်း၊ [ဝိကပ္ပေမိ အစား ဒမ္မိဟု သုံးထားသည်။] ဝတ္တဗ္ဗံ- မည်၊ အယံ- ကား၊ ပရမ္မုခါဝိကပ္ပနာတည်း၊ ဧတ္တဝတာ- ဖြင့်၊ နိဓေတုံ- ငှာ၊ ဝဋ္ဋတိ- ၏။ ပန- သော်လည်း၊ ပရိဘောဂါဒိသု- တို့တွင်၊ ဧကမ္မိ- မျှလည်း၊ န ဝဋ္ဋတိ- မအပ်၊ ပန- အလျော်အသင့်ကား၊ တေန ဘိက္ခုနာ- သည်၊ ဒုတိယသမ္မုခါဝိကပ္ပနာယံ- ၌၊ ဝုတ္တနယေနေဝ- ဖြင့်ပင်၊ ဣတ္ထန္နာမဿ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိတိ- ဟိဟူ၍၊ ဝုတ္တေ- သော်၊ ပစ္စုဒ္ဓါရော နာမ- မည်သည်၊ ဟောတိ- ၏၊ တတော- မှ၊ ပဘုတိ- ၍၊ ပရိဘောဂါဒယောပိ- တို့သည်လည်း၊ ဝဋ္ဋန္တိ-ကုန်၏၊ (ဣတိ- သို့၊ ပရမ္မုခါဝိကပ္ပနာ- သည်၊ ဟောတိ- ၏၊)

ဒ္ဝိန္နံ- နှစ်ပါးကုန်သော ဝိကပ္ပနာတို့၏၊ နာနာကရဏေ- အသီးအခြားပြုကြောင်း အထူးသည်၊ ကိ- အဘယ်နည်း၊ သမ္မုခါဝိကပ္ပနာယံ- ၌၊ သယံ- ကိုယ်တိုင်၊ ဝိကပ္ပေတွာ- ၍၊ ပရေန- သူတစ်ပါးကို၊ ပစ္စုဒ္ဓရာပေတိ- ပစ္စုဒ္ဓိရ်ပြုစေ၏၊ ပရမ္မုခါဝိကပ္ပနာယံ- ၌၊ ပရေနေဝ- သူတစ်ပါးကိုပင်၊ ဝိကပ္ပါပေတွာ- ဝိကပ္ပနာပြုစေ၍၊ ပရေနေဝ- သူတစ်ပါးကိုပင်လျှင်၊ ပစ္စုဒ္ဓရာပေတိ- စေ၏၊ ဣဒံ-

http://www.dhammadownload.com

ဤဆိုအပ်ပြီး ကား၊ ဧတ္ထ- ဤဝိကပ္ပနာနှစ်မျိုးကို ပြရာ၌၊ (ဒွိန္နံ- ကုန်သော၊ ဝိကပ္ပနာနံ- တို့၏၊) နာနာကရဏ- အထူးတည်း၊ ပန- ဆက်၊ ယဿ- အကြင် ရဟန်းထံ၌၊ ဝိကပ္ပေတိ- ဝိကပ္ပနာပြု၏၊ သော- ထိုရဟန်းသည်၊ ပညတ္တိ- ကောဝိဒေါ- ဝိနည်းပညတ်တော်၌ ကျွမ်းကျင်သည်၊ သစေ နော ဟောတိ- အံ့၊ ပစ္စုဒ္ဓရိတုံ- ငှာ၊ သစေ နော ဇာနာတိ- အကယ်၍ နားမလည်အံ့၊ (ဧဝံ သတိ- သော်၊) တံ စီဝရံ- ထိုဝိကပ္ပနာပြုအပ်ပြီးသော သင်္ကန်းကို၊ ဂဟေတ္ဝာ- ၍၊ အညဿ- သော၊ ဗျတ္တဿ- ဝိနည်းပညတ်တော်၌ ကျွမ်းကျင်သော ရဟန်း၏၊ သန္တိကံ- အထံသို့၊ ဂန္တွာ- ၍၊ ပုန- တစ်ဖန်၊ ဝိကပ္ပေတွာ- ၍၊ ပရေန- တစ်ပါး သော ရဟန်းကို၊ ပစ္စုဒ္ဓရာပေတဗ္ဗံ- ပစ္စုဒ္ဓိရိုပြုစေရာ၏၊ ဧသော ဝိကပ္ပိတဝိကပ္ပ- နာ နာမ- ဤဝိကပ္ပနာပြုအပ်ပြီး သင်္ကန်းကို ထပ်၍ ဝိကပ္ပနာပြုခြင်းမည်သည်၊ ဝဋ္ဋတိ- ၏၊ ဧဝံ- ဤသို့၊ တာဝ- သပိတ်မှ ရွှေးဦးစွာ၊ စီဝရေ- သင်္ကန်း၌၊ အဓိဋ္ဌာနဝိကပ္ပနာနယော- အဓိဋ္ဌာန်တင်နည်း ဝိကပ္ပနာပြုနည်းကို၊ ဝေဒိ- တဗ္ဗော- သိထိုက်၏။

၄၈။ ပန- ကား၊ **ပတ္တော**- သပိတ်၌၊ အယံ- ဤဆိုအပ်လတ္တံ့သော၊ နယော- နည်းကို၊ (ဝေဒိတဗ္ဗော- ၏။) ပတ္တံ- သပိတ်ကို၊ အဓိဋ္ဌဟန္တေန- အဓိဋ္ဌာန်တင်လိုသော ရဟန်းသည်၊ ဥက္ကဋ္ဌမဇ္ဈိမောမကာနံ- ဥက္ကဋ္ဌ, မဇ္ဈိမ, ဩမက သပိတ်တို့တွင်၊ အညတရော- တစ်လုံးလုံးသော၊ ပမာဏယုတ္တော၀- ပမာဏနှင့် ယှဉ်သော သပိတ်ကိုသာ၊ အဓိဋ္ဌာတဗ္ဗော- အဓိဋ္ဌာန်တင်ထိုက်၏၊ တဿ- ထို ဥက္ကဋ္ဌ, မဇ္ဈိမ, ဩမက သပိတ်၏၊ ပမာဏံ- ပမဏကို၊ "အမှာဥ္စကောဒနံ ဂဏှာတိ"တိ အာဒိနာ- ဤသို့အစရှိသော၊ နယေန- နည်းဖြင့်၊ ပါဠိယံ- ပါဠိတော်၌၊ ဝုတ္တံ- ဟောတော်မူအပ်ပြီ၊ (အမှာဥ္စကောဒနံ- တစ်ပြည်ထက်ဝက် တစ်ခွက်ချက် ထမင်းကို၊ ဂဏှာတိ- ယူနိုင်၏၊ ဝါ- ဆို၏၊) တတြ- ထိုအမှာ ဥ္စကောဒနံ ဂဏှာတိ အစရှိသော ပါဠိရပ်၌၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဝိနိစ္ဆယော- တည်း။ သုကောဋ္ဌိတပရိသုဒ္ဓါနံ- ကောင်းစွာ ဖွပ်အပ်ပြီးသည်ဖြစ်၍ သန့်ရှင်းစင်ကြယ်ကုန်သော၊ အနုပဟတပုရာဏသာလိတဏ္ဍုလာနံ- မကျိုး (မကြေ) သော သလေးဆန်ဟောင်းတို့၏၊ ဒွေ မဂဓနာဠိယော- မဂဓတိုင်းသုံး နှစ်ကွမ်းစားတို့ကို၊ ဂဟေတွာ- ယူ၍၊ တေဟိ တဏ္ဍုလေဟိ- ထိုသလေးဆန်

ဒွေ မဂဓနာဠိယော။ ။ (ဝိ၌၊၂၊၂၈၂။) ၌ မဂဓသုံးကွမ်းစားမည်သည် ၁၂ ပိုလ်ခွဲ (၁၂½ ပိုလ်) ရှိသည်ဟု ဆိုသည်၊ ယင်းကိုပင် ပဲ ၁၂ ပိုလ်ခွဲ ဝင်ဆန့်သည်ဟု

http://www.dhammadownload.com

သာရတ္ထက ထပ်ဆင့်ဖွင့်ဆိုပြန်သည်။ ၁ ပိုလ်မှာ ၄ ကျပ် ရှိကြောင်းကိုလည်း အမရကောသနှင့် အဘယာရာမ အဘိဓာန်နိဿယတို့၌ ပြဆိုထားသည်။ ထို့ကြောင့် ၁၂ ပိုလ်ခွဲဟူသည်မှာ ကျပ်ခြိန် ၅၀ သားပင် ဖြစ်သည်။ ပဲကျပ်ခြိန် ၅၀ သားကို နို့ဆီပူးခွဲဖြင့် ချင့်ကြည့်သည့်အခါမှာ ၃ လုံးနှင့် ၁ ဆုပ် ရှိနေသည်ကို တွေ့ရပါသည်။

ရှေးဆရာအချို့ကား ၁ ပိုလ်လျှင် ၁ ပိဿာ ရှိ၏ဟု ယူကြသေး၏။ ထိုအလိုအားဖြင့် ၁၂ ပိုလ်ခွဲ သည် ၁၂ ပိဿာခွဲ ရှိ၍ ဒွိန္နံ တဏ္ဍုလနာဠိန် အတွက် ၂၅ ပိဿာ ရှိရမည်ဖြစ်သောကြောင့် မည်သည့်သပိတ်မျှ ထိုမျှလောက်ဆန်ကို ချက်သော ထမင်းကို မဆံ့နိုင်။ ထို့ကြောင့် ဤနေရာနှင့်တကွ သိမ်သမုတ်ရာ၌ ကျောက်နိမိတ်အတွက်ပါ ၁ ပိုလ် လျှင် ၁ ပိဿာ ယူနည်းကို စဉ်းစားကြပါလေ။ (ပါ။ဘာဋ္ဌ။၄၊၃၆၂။)

၄ ဆုပ် ၁ ကုဉ်၊ ၄ ကုဉ် ၁ ကွမ်းစား၊ ၁၆ ကွမ်းစား ၁ စိတ်၊ ယင်း ၁ စိတ်သည် မဂဓကွမ်းစားဖြင့် ၁၂ ကွမ်းစားရှိသည်။ ဤသို့ ဋီကာများမှာ ပြဆိုထားသော ဆရာဓမ္မပါလထေရ်၏ အဆိုအမိန့်အရမူ မဂဓသုံးကွမ်းစားသည် နို့ဆီပူး ၄ လုံးနှင့် ၁ခွဲ ဆုပ် ဝင်ဆံ့သည်ဟု မှတ်ယူရပါမည်။ [နို့ဆီ ၁ လုံး ၅ ဆုပ်ဆံ့သည်။]

လျှားနံတစ်မိုက်၊ အစောက်၌၊ မှတ်ပိုက် နှစ်သစ်ခန့်။
တိုင်းမဂဓ၊ ခေါ်ပတ္တ၊ မှတ်ကြ လူအဝှန့်။

ဤသို့လည်း တောင်ပေါက်အဘိဓာန်နိဿယ၌ ဆိုထားပြန်သည်၊ ယင်းအဆိုအမိန့်အရ အလျားအနံ ၆ လက်မ၊ ထူ ၁ လက်မခွဲ ပုံစံလုပ်၍ ချင့်ကြည့်သည့်အခါမှာ နို့ဆီ ၂ လုံးခွဲ ရှိနေသည်ကို တွေ့ရပါသည်၊ သို့သော် ဩမက-သပိတ်ပမာဏကို ပြဆိုရာ၌ ဤဝိနယသင်္ဂဟအဋ္ဌကထာ-မှာ "သစေ မဂဓနာဠိယာ ဥပမုနာဠိကောဒနာဒိ-သဒ္ဓမ္မိ" စသည်ဖြင့် ဆိုထားသောစကားရပ်နှင့် (ဝိ၊ဋ္ဌ၊၂၊၂၈၂။) မှာ "သစေ ပတ္ထော-ဒနာဒိသဒ္ဓမ္မိ" စသည်ဖြင့် ဆိုထားသော စကားရပ်နှစ်ခုကို ညှိနှိုင်းဆင်ခြင်ပါက မဂဓနာဠိထက်ဝက်နှင့် ပတ္တတို့ ညီမျှကြောင်းမှာ သိသာထင်ရှားလှပါသည်၊ ထို့ကြောင့် တောင်ပေါက် အဘိဓာန်နိဿယ အလိုဖြင့် မဂဓနာဠိ (တစ်ကွမ်းစား) သည် နို့ဆီ ၅ လုံး ဆံ့သည်ဟု သဘောသက်ရောက်လာသည်။

ဤသို့လျှင် မဂဓနာဠိ (မဂဓသုံးကွမ်းစား) ဟူသည် –

၁။ နို့ဆီ ၃ လုံးနှင့် ၁ ဆုပ်ဆံ့သော ချင့်ခွက်မျိုးဖြစ်သည်၊
၂။ နို့ဆီ ၄ လုံးနှင့် ၁ခွဲ ဆုပ်ဆံ့သော ချင့်ခွက်မျိုးဖြစ်သည်၊
၃။ နို့ဆီ ၅ လုံးဆံ့သော ချင့်ခွက်မျိုးဖြစ်သည်၊
ဤသို့ ဝါဒသုံးရပ် ကွဲပြားနေပါသည်။ ယင်း ဝါဒသုံးရပ်ကို-
သုံးပြည်သုံးခွက်၊ သုံးစလယ်တွက်၊ ဆွမ်းကျက် ဟင်းစုံခပ်။
ဥက္ကဋ္ဌ မဇ္ဈ၊ ဩမက၊ ဝင်ကြ စဉ်တိုင်းမှတ်။

http://www.dhammadownload.com

ဟောင်းတို့ဖြင့်၊ အနုတ္တဏ္ဏုလဲ- မနပ်တနပ် မာဆတ်ဆတ်လည်း မဟုတ်သော၊ အကိလိန္ဒ- စိုစိုစွတ်စွတ် ပျော့ဖတ်ဖတ်လည်း မဟုတ်သော၊ အပိဏ္ဍိတံ- ပိညှပ်သိပ်သည်း လုံးခဲသည်လည်း မဟုတ်သော၊ သုဝိသဒံ- အလွန်သန့်ရှင်း စင်ကြယ်သော၊ ကုန္ဒမကုဋ္ဌရာသိသဒိသံ- သင်းခွေပန်းငုံအစုနှင့်တူသော၊ အဝဿာဝိတောဒနံ- ငှဲ့အပ်သော ထမင်းရည်ရှိသော ထမင်းကို၊ ဝါ- ချိုးမကပ်သော ထမင်းကို၊ [အဝ- အောက်သို့၊ သာဝိတ- ယိုစေအပ်သော ထမင်းရည်၊ ထမင်းချိုးဟုလည်း ပေးကြ၏။] ပစိတွာ- ချက်၍၊ နိရုဝသေသံ- အကြွင်းအကျန် မရှိအောင်၊ ပတ္တေ- ၌၊ ပက္ခိပိတွာ- ထည့်၍၊ တဿ သြဒနဿ- ထိုထမင်း၏၊ စတုတ္ထဘာဂပူမာဏော- လေးခုမြောက်အဖို့ ပမာဏရှိသော၊ ဝါ- လေးဖို့တစ်ဖို့ပမာဏရှိသော၊ နာတိဃနော- ပျစ်လည်း မပျစ်လွန်းသော၊ နာတိတနုကော- ကဲလည်း မကဲလွန်းသော၊ ဟတ္ထဟာရိယော- လက်ဖြင့် ဆောင်ယူအပ် ဆောင်ယူနိုင်သော၊ ဝါ- လက်ကော်ရလောက်သော၊ သဗ္ဗသမ္ဘာရသန်္ဓတော- ဇီယာကရဝေး အစရှိသော အလုံးစုံသော အဆောက်အဦတို့ဖြင့် စီရင်အပ်သော၊ မုဂ္ဂသူပေါ- ပဲနောက်ဟင်းကို၊ ပက္ခိပိတဇ္ဇော- ထည့်ထိုက်၏၊ တတော- ထိုမှနောက်၌၊ အာလောပဿ အာလောပဿ- ဆွမ်းလုတ်တိုင်း ဆွမ်းလုတ်တိုင်းအား၊ အနုရူပံ- လျော်သော၊ ယာဝဓရိမာလောပပူဟောနကံ- နောက်ဆုံး ဆွမ်းလုတ်တိုင်အောင်လောက်သော၊ မစ္ဆမံသာဒိဗျဉ္ဇနံ- ငါး, အမဲအစရှိသော ဟင်းလျာကို၊ ပက္ခိပိတဗ္ဗံ- ထည့်ထိုက်၏၊ ပန- ဆက်၊ သပ္ပိတေလတက္ကရသကဋိကာဒီနိ- ထောပတ်, ဆီ, ရက်တက်ရည်, ပအုံးရည် အစရှိသည်တို့သည်၊ ဂဏှနူပဂါနိ- ရေတွက်အပ်သည်၏အဖြစ်သို့ ရောက်ကုန်သည်၊ ဝါ- ရေတွက်လောက်ကုန်သည်၊ န ဟောန္တိ- မဖြစ်ကုန်၊ ဟိ- မှန်၏၊ တာနိ- ထိုထောပတ် စသော ဝတ္ထုတို့သည်၊ သြဒနဂတိကာနိ- ထမင်း၏ဖြစ်ခြင်းနှင့် တူသောဖြစ်ခြင်း ရှိကုန်သည်၊ ဝါ- ထမင်းနှင့် အလားတူကုန်သည်၊ ဟောန္တိ-

---

ဤသို့ပြဆိုထားသော ဆရာများ၏ အဆိုအမိန့်နှင့် ချိန်ထိုးညှိနှိုင်းသည့်အခါမှာ ဥက္ကဋ္ဌ သပိတ်သည် မြန်မာသုံး ချင့်တောင်း ချင့်ခွက်မျိုးဖြင့် –

၁။ ပထမဝါဒအရ ၂ ပြည် ၁ စလယ် နှီဆီ ၁ လုံး ၁ ဆုပ် ဝင်ကြောင်း၊
၂။ ဒုတိယဝါဒအရ ၃ ပြည် နှီဆီ ၁ လုံး ၃ ဆုပ် ဝင်ကြောင်း၊
၃။ တတိယဝါဒအရ ၃ ပြည် ၃ စလယ် ဝင်ကြောင်း အသီးသီး တွေ့ရှိရပါသည်၊
စဉ်းစားဆင်ခြင်၍ မိမိတို့ သဘောကျရာ ဝါဒကို လက်ခံအတည်ပြုရန်မျှသာ ဖြစ်ပေသည်။

http://www.dhammadownload.com

ဖြစ်ကုန်၏၊ ဟာပေတုံ- ယုတ်လျော့စေခြင်းငှာ၊ နေဝ သက္ကောန္တိ- မစွမ်းနိုင်ကုန်၊ ဝမေတုံ- တိုးပွားစေခြင်းငှာ၊ န သက္ကောန္တိ- ကုန်၊ [ထမင်း၌ ထောပတ်စသည်ကို ထည့်လိုက်လျှင် ထမင်းသဘောအတိုင်း ဖြစ်သွားသည့်အတွက် အတိုးအဆုတ်မရှိ။] ဧဝံ- ဤသို့လျှင်၊ သဗ္ဗမ္မိ- အလုံးစုံလည်းဖြစ်သော၊ ပက္ခိတ္တ- ထည့်အပ်သော၊ ဧတံ- ဤဆွမ်း, ပဲဟင်း, ဟင်းလျာသည်၊ ပတ္တဿ- ၏၊ မုခ- ဝင်ရိယာ- နှုတ်ခမ်းရစ်၏၊ ဟေဋ္ဌိမရာဇိသမံ- အောက်အရေးနှင့် ညီမျှသည်၊ ဟုတ္တာ- ၍၊ သစေ တိဋ္ဌတိ- အကယ်၍ တည်အံ့။ သုတ္တေန ဝါ- ချည်မျှင်ဖြင့်သော်လည်းကောင်း၊ ဟီရေန ဝါ- လျှော်မျှင်ဖြင့်သော်လည်းကောင်း၊ ဆိန္နန္တဿ- ဖြတ်လသော်၊ (ကတုတ်တိုက်သကဲ့သို့ တိုက်ကြည့်လသော်၊) သုတ္တဿ ဝါ- ၏သော်လည်းကောင်း၊ ဟီရဿ ဝါ- ၏ သော်လည်းကောင်း၊ ဟေဋ္ဌိမန္တိ- အောက်အစွန်းကို၊ သစေ ဖုသတိ- အကယ်၍ ထိအံ့၊ (ဧဝံ သတိ- သော်၊) အယံ- ဤသပိတ်သည်၊ **ဥက္ကဋ္ဌော** နာမ- ဥက္ကဋ္ဌမည်သော၊ ဝါ- အကြီးမည်သော၊ ပတ္တော- သပိတ်တည်း၊ တံ ရာဇိ- ထိုအရေးကို၊ အတိက္ကမ္မ- လွန်၍၊ ထူပီကတံ- ထူပကဲ့သို့ ပြုအပ်လျက်၊ (မို့မောက်လျက်၊ စုံစုံတက်လျက်၊) သစေ တိဋ္ဌတိ- အံ့၊ (ဧဝံ သတိ- သော်၊) အယံ- ဤသပိတ်သည်၊ **ဥက္ကဋ္ဌောမကော** နာမ- ဥက္ကဋ္ဌောမကမည်သော၊ ဝါ- ဥက္ကဋ္ဌသပိတ်အောက် ငယ်သည်မည်သော၊ ပတ္တော- တည်း။ တံ ရာဇိ- ထိုအောက်အရေးသို့၊ သစေ န သမ္မာပုဏာတိ- အကယ်၍ မရောက်အံ့၊ အန္တောဂဓမေဝ- အတွင်းဝင်သည်သာ၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ- သော်၊) အယံ- ဤသပိတ်သည်၊ **ဥက္ကဋ္ဌုက္ကဋ္ဌော** နာမ- ဥက္ကဋ္ဌုက္ကဋ္ဌမည်သော၊ ဝါ- ဥက္ကဋ္ဌသပိတ်ထက် ကြီးသည်မည်သော၊ ပတ္တော- တည်း။

ဥက္ကဋ္ဌတော- ဥက္ကဋ္ဌသပိတ်မှ၊ ဥပနုပမာဏော- ထက်ဝက်ပမာဏရှိသော သပိတ်သည်၊ မဇ္ဈိမော နာမ- မဇ္ဈိမမည်သော၊ ဝါ- အလတ်မည်သော၊ ပတ္တော- တည်း၊ မဇ္ဈိမတော- မဇ္ဈိမသပိတ်မှ၊ ဥပနုပမာဏော- သည်၊ ဩမကော- ဩမကသပိတ်မည်၏၊ ဝါ- သပိတ်ငယ်မည်၏၊ တသ္မာ- ထို့ကြောင့်၊ မဂဓနာဠိယာ- မဂဓသုံးကွမ်းစားဖြင့်၊ နာဠိကောဒနာဒိ- တစ်ကွမ်းစားချက် ထမင်းအစရှိသော၊ သဗ္ဗမ္မိ- အလုံးစုံလည်းဖြစ်သော ထမင်း, ပဲဟင်း, ဟင်းလျာသည်၊ ပက္ခိတ္တ- ထည့်အပ်သည်၊ သမာနံ- ဖြစ်လသော်၊ ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာ၊ ဟေဋ္ဌိမရာဇိသမံ- အောက်အရေးနှင့် ညီမျှသည်၊ ဟုတ္တာ- ၍၊ သစေ

http://www.dhammadownload.com

တိဋ္ဌတိ- အံ့၊ အယံ- ဤသပိတ်သည်၊ **မဒ္ဒိမော** နာမ- မမည်သော၊ ပတ္တော- တည်း၊ တံ ရာဇိ- ကို၊ အတိက္ကမ္မ- ၍၊ ထူပီကတံ- မို့မောက်လျက်၊ သစေ တိဋ္ဌတိ- အံ့၊ (ဧဝံ သတိ- သော်၊) အယံ- သည်၊ **မဒ္ဒိမောမကော** နာမ- ကမည်သော၊ ဝါ- သပိတ်လတ်အောက် ငယ်သည်မည်သော၊ ပတ္တော- တည်း၊ တံ ရာဇိ- သို့၊ သစေ နံ သမ္မာပုဏာတိ- အံ့၊ အန္တောဂဓမေဝ- အတွင်း ဝင်သည်သာ၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ- သော်၊) အယံ- သည်၊ **မဒ္ဒိမုက္ကဋ္ဌော** နာမ- ဋ္ဌမည်သော၊ ဝါ- သပိတ်လတ်ထက် ကြီးသည်မည်သော၊ ပတ္တော- တည်း၊ မဂဓနာဠိယာ- ဖြင့်၊ ဥပနှနာဠိကောဒနာဒိ- ကွမ်းစားဝက်ချက် ထမင်း အစရှိသော၊ သဗ္ဗမိဿိ- အလုံးစုံလည်းဖြစ်သော ထမင်း, ပဲဟင်း, ဟင်းလျာသည်၊ ပက္ခိတ္တံ- သည်၊ သမာနံ- သော်၊ ဟေဋ္ဌိမရာဇိသမံ- အောက်အရေးနှင့် ညီမျှ သည်၊ ဟုတ္ဝာ- ၍၊ သစေ တိဋ္ဌတိ- အံ့၊ (ဧဝံ သတိ- သော်၊) အယံ- သည်၊ **ဩမကော** နာမ- ဩမကမည်သော၊ ပတ္တော- တည်း၊ တံ ရာဇိ- ကို၊ အတိက္ကမ္မ- ၍၊ ထူပီကတံ- မို့မောက်လျက်၊ သစေ တိဋ္ဌတိ- အံ့၊ (ဧဝံ သတိ- သော်၊) အယံ- သည်၊ **ဩမကောမကော** နာမ- ကမည်သော၊ ဝါ- သပိတ်ငယ်ထက် ငယ်သည်မည်သော၊ ပတ္တော- တည်း၊ တံ ရာဇိ- သို့၊ သစေ နံ သမ္မာပုဏာတိ- အံ့၊ အန္တောဂဓမေဝ- အတွင်းဝင်သည်သာ၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ- သော်၊) အယံ- သည်၊ **ဩမကုက္ကဋ္ဌော** နာမ- ဋ္ဌမည်သော၊ ဝါ- သပိတ်ငယ်ထက် ကြီးသည်မည်သော၊ ပတ္တော- တည်း၊ ဧဝံ- ဤသို့၊ ဧတေ ပတ္တာ- ဤသပိတ်တို့ သည်၊ နဝ- ကိုးလုံးတို့တည်း၊ တေသု- ထိုသပိတ်ကိုးလုံးတို့တွင်၊ ဥက္ကဋ္ဌုက္ကဋ္ဌော စ- ဋ္ဌသပိတ်လည်းကောင်း၊ ဝါ- ဥက္ကဋ္ဌသပိတ်ထက် ကြီးသောသပိတ်လည်း ကောင်း၊ ဩမကောမကော စ- ကသပိတ်လည်းကောင်း၊ ဝါ- ဩမကသပိတ် ထက် ငယ်သောသပိတ်လည်းကောင်း၊ ဣတိ- ဤသို့၊ ဒွေ- နှစ်လုံးသော သပိတ် တို့သည်၊ အပတ္တာ- အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သပိတ်မဟုတ်ကြကုန်၊ တသ္မာ- ထို့ကြောင့်၊ ဧတေ- ဤဥက္ကဋ္ဌုက္ကဋ္ဌ, ဩမကောမကသပိတ်တို့ကို၊ ဘာဇနပရိဘောဂေန- ခွက်ကို သုံးစွဲနည်းဖြင့်၊ ပရိဘုဉ္ဇိတဗ္ဗာ- သုံးစွဲထိုက်ကုန်၏၊ နံ အဓိဋ္ဌာနူပဂါ- အဓိဋ္ဌာန်သို့လည်း မကပ်ရောက်ကုန်၊ နံ ဝိကပ္ပနူပဂါ- ဝိကပ္ပ နာ သို့လည်း မကပ်ရောက်ကုန်။

[ဆွမ်းခံရာ၌ အပြစ်မရှိသော်လည်း ဤသပိတ်နှစ်လုံးကို အဓိဋ္ဌာန် ဝိကပ္ပနာပြု၍ မသုံးစွဲရ။]

ပန- အလျော်အသင့်ကား၊ ဣတရေ- ဤသပိတ်နှစ်လုံးမှ အခြားကုန်သော၊ သတ္တ- ခုနစ်လုံးသော သပိတ်တို့ကို၊ အဓိဋ္ဌဟိတ္ဝာ ဝါ- အဓိဋ္ဌာန်တင်၍သော်

http://www.dhammadownload.com

လည်းကောင်း၊ ဝိကပ္ပေတွာ ဝါ- ဝိကပ္ပနာပြု၍သော်လည်းကောင်း၊ ပရိဘုဉ္ဇိ-တဗ္ဗာ- သုံးစွဲထိုက်ကုန်၏၊

ပမာဏယုတ္တာနမ်ိ- ပမာဏနှင့် ယှဉ်သည်လည်းဖြစ်ကုန်သော၊ ဧတေသံ-ဤသပိတ်တို့၏၊ အဓိဋ္ဌာနဝိကပ္ပနူပဂတ္တဲ- အဓိဋ္ဌာန်လောက်ကုန်သည်၏အဖြစ် ဝိကပ္ပနာလောက်ကုန်သည်၏အဖြစ်ကို၊ ဧဝံ- သို့၊ ဝေဒိတဗ္ဗံ- ၏၊ အယော-ပတ္တော- သံသပိတ်သည်၊ ပဉ္စဟိ- ငါးကြိမ်ကုန်သော၊ ပါကေဟိ- ဖုတ်ခြင်းတို့ဖြင့်၊ ပက္ကော- ဖုတ်အပ်ပြီးသည်၊ သမာနော- သော်၊ ဝါ- မှ၊ အဓိဋ္ဌာနူပဂေါ- အဓိဋ္ဌာန်သို့ ကပ်ရောက်သည်၊ ဝါ- အဓိဋ္ဌာန်လောက်သည်၊ ဟောတိ- ၏၊ မတ္တိကာ-ပတ္တော- မြေသပိတ်သည်၊ ဒွီဟိ- နှစ်ကြိမ်ကုန်သော၊ ပါကေဟိ- တို့ဖြင့်၊ ပက္ကော-သည်၊ သမာနော- သော်၊ ဝါ- မှ၊ အဓိဋ္ဌာနူပဂါ- တို့သည်၊ ဟောန္တိ- ကုန်၏၊ ဥဘောပိ- နှစ်မျိုးသော သပိတ်တို့သည်လည်း၊ ယံ မူလံ- အကြင်အဖိုးကို၊ ဒါတဗ္ဗံ- ပေးထိုက်၏၊ တသ္မိ- ထိုအဖိုးကို၊ (သပိတ်သည်အား ပေးရမည့် အဖိုးကို၊) ဒိန္နေ- ပေးအပ်ပြီးသော်သာ၊ ဝါ- မှသာ၊ အဓိဋ္ဌာနူပဂေါ- သည်၊ ဟောတိ- ဖြစ်၏၊ ဧကောပိ- တစ်ကြိမ်လည်းဖြစ်သော၊ ပါကော- ဖုတ်ခြင်းသည်၊ ဥနော- ယုတ်လျော့သည်၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ ဝါ- သော်လည်းကောင်း၊) ကာကဏိကမတ္တမ်ိ- တစ်ချင်ရွေးမျှလည်း၊ ဝါ- တစ်ပြားမျှလည်း၊ မူလံ- အဖိုးသည်၊ အဒိန္နံ- မပေးအပ်သေးသည်၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ ဝါ- သော်လည်းကောင်း၊) အဓိဋ္ဌာနူပဂေါ- သည်၊ န ဟောတိ-မဖြစ်၊ [ပါဠိရှိတိုင်းအနက်ပေးထားသည်၊ ဥဘော- ကိုထောက်၍ အဓိဋ္ဌာနူပဂါ ဟု ရှိသင့်သည်။] ပတ္တသာမိကော- သပိတ်ရှင်သည်၊ ဝါ- သပိတ်သည်သည်၊ "ယဒါ- အကြင်အခါ၌၊ တုမှာကံ- အရှင်ဘုရားတို့၏၊ မူလံ- အဖိုးသည်၊ ဘဝိဿတိ- ရှိလတ္တံ့၊ တဒါ- ထိုအခါ၌၊ ဒဿထ- ပေးရပါကုန်လတ္တံ့၊ (ရှိတဲ့အခါမှ ပေးပါ၊) အဓိဋ္ဌဟိတ္တာ- အဓိဋ္ဌာန်တင်၍၊ ပရိဘုဉ္ဇထ- သုံးစွဲကြပါကုန်၊" ဣတိ- ဤသို့၊ သစေ ဝဒတိ- အံ့၊ ဧဝမ်ိ- ဤသို့ပင် လျှောက်ပါသော်လည်း၊ အဓိဋ္ဌာနူပဂေါ- သည်၊ နေဝ ဟောတိ- မဖြစ်၊ ဟိ- မှန်၏၊ ပါကဿ- ဖုတ်ခြင်း၏၊ ဥနတ္တာ- ယုတ်သည်၏အဖြစ်ကြောင့်၊ ပတ္တသခ္မိ- သပိတ်ဟု ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ န ဂစ္ဆတိ- မရောက်၊ မူလဿ- ၏၊ သကလဿ ဝါ-အလုံးစုံ၏သော်လည်းကောင်း၊ ဧကဒေသဿ ဝါ- တစ်စိတ်တစ်ဖို့၏သော်လည်းကောင်း၊ အဒိန္နတ္တာ- မပေးအပ်သည်၏ အဖြစ်ကြောင့်၊ သကဘာဝံ-

http://www.dhammadownload.com

မိမိဥစ္စာ၏ အဖြစ်သို့ နဉပေတိ- မကပ်ရောက်၊ အညဿေဝ- အခြားသော ဈေးသည်၏သာ၊ သန္တကော- ဥစ္စာသည်၊ ဟောတိ- ဖြစ်နေသေး၏၊ တသ္မာ- ထိုကြောင့်၊ ပါကေ စ- ဖုတ်ခြင်းသည်လည်းကောင်း၊ မူလေ စ- အဖိုးသည်လည်းကောင်း၊ သုနိဋ္ဌတေယေဝ- အပြည့်အဝပြီးသော်သာ၊ (ပြီးမှသာ၊) အဓိဋ္ဌာနူပဂေါ- သည်၊ ဟောတိ- ၏။

ယော- အကြင်သပိတ်သည်၊ အဓိဋ္ဌာနူပဂေါ- အဓိဋ္ဌာန်သို့ ကပ်ရောက်၏၊ ဝါ- အဓိဋ္ဌာန်လောက်၏၊ သွေဝ- ထိုအဓိဋ္ဌာန်လောက်သော သပိတ်သည်ပင်၊ ဝိကပ္ပနူပဂေါ- ၏၊ သော- ထိုအဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သပိတ်ကို၊ ဟတ္ထံ- လက်သို့၊ အာဂတောပိ- ရောက်သော သပိတ်ကိုလည်းကောင်း၊ အနာဂတောပိ- မရောက်သော သပိတ်ကိုလည်းကောင်း၊ (အဝေးကလှမ်းလျှ၍ မိမိထံသို့ မရောက်သေးသော သပိတ်၊) အဓိဋ္ဌာတဗ္ဗော ဝါ- အဓိဋ္ဌာန်သော်လည်း တင်ထိုက်၏၊ ဝိကပ္ပေတဗ္ဗော ဝါ- ဝိကပ္ပနာသော်လည်း ပြုထိုက်၏၊ ဟိ- ချဲ့ဦးအံ့၊ ပတ္တကာရကော- သပိတ်ကို ပြုလုပ်သူသည်၊ ဝါ- သပိတ်သည်သည်၊ မူလံ- ကို၊ လဘိတ္ထာ ဝါ- ရ၍သော်လည်းကောင်း၊ သယံ- မိမိကိုယ်တိုင်၊ ဒါတုကာမော- လှူလိုသည်၊ ဟုတ္ထာ ဝါ- ဖြစ်၍သော်လည်းကောင်း၊ "ဘန္တေ- ရား၊ အဟံ- သည်၊ တုမှာကံ- တို့ဖို့၊ ပတ္တံ- ကို၊ ကတ္ထာ- ၍၊ အသုက-ဒိဝသေ နာမ- ထိုမည်သော နေ့၌၊ ပစိတ္ထာ- ဖုတ်၍၊ ဌပေဿာမိ- ထားလိုက်ပါအံ့၊" ဣတိ- သို့၊ ယဒိ ဝဒတိ- အံ့၊ ဘိက္ခု စ- သည်လည်း၊ တေန- ထိုသပိတ်သည်သည်၊ ပရိစ္ဆိန္နဒိဝသတော- ပိုင်းခြားအပ်သော နေ့မှ၊ ပဋ္ဌာယ- စ၍၊ ဒသာဟံ- ဆယ့်ရက်ကို၊ ယဒိ အတိက္ကာမေတိ- အကယ်၍ လွန်စေအံ့၊ (ဧဝံ သတိ- သော်၊) နိဿဂ္ဂိယံ- သော၊ ပါစိတ္တိယံ- သည်၊ ဟောတိ- ၏။

ပန- ဆက်၊ ပတ္တကာရကော- သည်၊ "အဟံ- သည်၊ တုမှာကံ- တို့ဖို့၊ ပတ္တံ- ကို၊ ကတ္ထာ- ၍၊ ပစိတ္ထာ- ၍၊ သာသနံ- သတင်းစကားကို၊ ပေသေဿာမိ- ပို့လိုက်ပါအံ့၊" ဣတိ- ဘို့၊ ဝတ္ထာ- ၍၊ တထေဝ- ထိုလျှောက်သည့် အတိုင်းပင် လျှင်၊ သစေ ကရောတိ- အံ့၊ ပန- ဆက်၊ တေန- ထိုသပိတ်သည်သည်၊ ပေသိတဘိက္ခု- စေလွှတ်အပ်သော ရဟန်းသည်၊ တဿ ဘိက္ခုနော- ထိုသပိတ်ရှင် ရဟန်းအား၊ သစေ န အာရောစေတိ- အံ့၊ အညော- စေလွှတ်အပ်သော ရဟန်းမှ အခြားသော ရဟန်းသည်၊ ဒိသွာ ဝါ- မြင်၍သော်လည်းကောင်း၊ သုတ္ဝာ ဝါ- ကြား၍သော်လည်းကောင်း၊ "ဘန္တေ- ရား၊ တုမှာကံ- တို့၏၊ ပတ္တော-

http://www.dhammadownload.com

သည်၊ နိဋ္ဌိတော- ပြီးပါပြီ" ကျတိ- ဤသို့၊ သစေ အာရောစေတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဧတဿ- ဤအခြားရဟန်း၏၊ အာရောစနံ- တစ်ဆင့်လျှောက်ခြင်းသည်၊ န ပမာဏံ- လိုရင်းပမာဏမဟုတ်၊ ပန- အဟုတ်ကား၊ ယဒါ- အကြင်အခါ၌၊ တေန- ထိုဈေးသည်သည်၊ ပေသိတောယေဝ- စေလွှတ်အပ်သော ရဟန်းသည်သာ၊ အာရောစေတိ- ၏၊ တဿ- ထိုစေလွှတ်အပ်သော ရဟန်း၏၊ ဝစနံ- စကားကို၊ တတော သုတဒိဝသတော- ထိုကြားရာနေ့မှ၊ ပဋ္ဌာယ- စ၍၊ ဒသာဟံ- ကို၊ အတိက္ကာမယတော- လွန်စေသော ရဟန်း၏၊ နိဿဂ္ဂိယံ- သော၊ ပါစိတ္တိယံ- သည်၊ ဟောတိ- ဖြစ်၏၊ ပန- ဆက်၊ ပတ္တကာရကော- သည်၊ "အဟံ- သည်၊ တုမ္ဟာကံ- တို့ဖို့၊ ပတ္တံ- ကို၊ ကတ္တာ- ၍၊ ပစိတ္တာ- ၍၊ ကဿစိ- တစ်စုံတစ်ယောက်၏၊ ဟတ္ထေ- ၌၊ ပဟိဏိဿာမိ- ပို့လိုက်ပါအံ့၊" ကျတိ- သို့၊ ဝတ္တာ- ၍၊ တထေဝ- ပင်လျှင်၊ သစေ ကရောတိ- အံ့၊ ပန- ထိုသို့ပင် ပြုပါသော်လည်း၊ ပတ္တံ- ကို၊ ဂဟေတ္တာ- ၍၊ အာဂတဘိက္ခု- လာသောရဟန်းသည်၊ အတ္တနော- မိမိ၏၊ ပရိဝေဏေ- နေရာကျောင်းခန်း၌၊ ဌပေတ္တာ- ထား၍၊ တဿ- ထိုသပိတ်ရှင် ရဟန်းအား၊ န အာရောစေတိ- မပြောအံ့၊ အညော- သော၊ ကောစိ- တစ်စုံ တစ်ယောက်သည်၊ "ဘန္တေ- ရား၊ အဓုနာ- ယခုအခါ၌၊ ဝါ- မကြာမီက၊ အာဘတော- ဆောင်ယူအပ်သော၊ ပတ္တော- သည်၊ သုန္ဒရော အပိ- ကောင်းပါ၏လော၊" ကျတိ- သို့၊ ဘဏတိ- ပြောအံ့၊ အာဝုသော- ငါ့ရှင်၊ ပတ္တော- သည်၊ ကုဟိံ- အဘယ်မှာနည်း၊ ကျတိ- ဤသို့မေးအံ့၊ ကျတ္ထန္နာမဿ- ဤအမည်ရှိသော ရဟန်း၏၊ ဟတ္ထေ- လက်၌၊ ပေသိတော- ပို့အပ်ပြီ၊ ကျတိ- ဤသို့ပြောအံ့၊ ဧတဿပိ- ဤအခြားရဟန်း၏လည်း၊ ဝစနံ- တစ်ဆင့်ပြောအပ်သော စကားသည်၊ န ပမာဏံ- မဟုတ်၊ ပန- အဟုတ်ကား၊ ယဒါ- ၌၊ သော ဘိက္ခု- ထိုသပိတ်ယူလာသော ရဟန်းသည်၊ ပတ္တံ- ကို၊ ဒေတိ- ပေး၏၊ တတော လဒ္ဓဒိဝသတော- ထိုရအပ်ရာနေ့အခါမှ၊ ပဋ္ဌာယ- ၍၊ ဒသာဟံ- ကို၊ အတိက္ကာမယတော- ၏၊ နိဿဂ္ဂိယံ- သော၊ ပါစိတ္တိယံ- သည်၊ ဟောတိ- ၏၊ တသ္မာ- ကြောင့်၊ ဒသာဟံ- ကို၊ အနတိက္ကာမေတွာဝ- မလွန်စေမူ၍သာလျှင်၊ အဓိဋ္ဌာတဗ္ဗော ဝါ- အဓိဋ္ဌာန်သော်လည်း တင်ထိုက်၏၊ ဝိကပ္ပေတဗ္ဗော ဝါ- ဝိကပ္ပနာသော်လည်း ပြုထိုက်၏။

တတ္ထ- ထိုအဓိဋ္ဌာန်ဝိကပ္ပနာပြုရာ၌၊ ပတ္တဿ- ၏၊ အဓိဋ္ဌာနာ- တို့သည်၊ ဒွေ- နှစ်ပါးတို့တည်း၊ ကာယေန ဝါ- ကိုယ်ဖြင့်မူလည်း၊ အဓိဋ္ဌာတိ- ၏၊ ဝါစာယ ဝါ- နှုတ်ဖြင့်မူလည်း၊ အဓိဋ္ဌာတိ- ၏၊ တေသံ- ထိုအဓိဋ္ဌာန်တင်ခြင်းတို့၏၊

http://www.dhammadownload.com

ဝသေန- အစွမ်းအားဖြင့်၊ အဓိဋ္ဌဟန္တေန- အဓိဋ္ဌာန်တင်သော ရဟန်းသည်၊ "ကျွမ် ပတ္တံ- ဤသပိတ်ဟောင်းကို၊ ပစ္စုဒ္ဓရာမိ- ပစ္စုဒ္ဓိရ်ပြုပါ၏၊ ဝါ- တစ်ဖန် ထုတ်ပယ်ပါ၏၊" ကျွတိ ဝါ- ဤသို့သော်လည်းကောင်း၊ (အနီး) "ဧတံ ပတ္တံ- ထိုသပိတ်ကို၊ ပစ္စုဒ္ဓရာမိ- ၏၊" ကျွတိ ဝါ- ကောင်း၊ (အဝေး) ဝတ္ဝာ- ဆို၍၊ ဧဝံ- သို့၊ သမ္မုခေ ဝါ- မျက်မှောက်၌သော်လည်းကောင်း၊ ပရမ္မုခေ ဝါ- မျက်ကွယ်၌သော်လည်းကောင်း၊ ဌိတံ- တည်သော၊ ပုရာဏပတ္တံ- သပိတ်ဟောင်းကို၊ ပစ္စုဒ္ဓရိတွာ ဝါ- ပစ္စုဒ္ဓိရ်ပြုပြီး၍သော်လည်းကောင်း၊ အညဿ- အား၊ ဒတွာ ဝါ- ပေးပြီး၍သော်လည်းကောင်း၊ ယတ္ထ ကတ္ထစိ- ၌၊ ဌိတံ- သော၊ နဝံ- အသစ်ဖြစ်သော၊ ပတ္တံ- ကို၊ ဟတ္ထေန- လက်ဖြင့်၊ ပရာမသိတွာ- သုံးသပ်ကိုင်တွယ်၍၊ ကျွဒံ ပတ္တံ အဓိဋ္ဌာမီတိ- မိဟူ၍၊ စိတ္တေန- ဖြင့်၊ အာဘောဂံ- နှလုံးသွင်းမှုကို၊ ကတွာ- ၍၊ ကာယဝိကာရံ- ကိုယ်၏ ထူးခြားသော အမူအရာကို၊ ကရောန္တေန- ပြုလျက်၊ ကာယေန ဝါ- ကိုယ်ဖြင့်မူလည်း၊ အဓိဋ္ဌာတဗ္ဗော- ထိုက်၏၊ ဝစီဘေဒံ- နှုတ်မြွက်ခြင်းကို၊ ကတွာ- ၍၊ ဝါစာယ ဝါ- နှုတ်ဖြင့်မူလည်း၊ အဓိဋ္ဌာတဗ္ဗော- ထိုက်၏။

တတြ- ထိုနှုတ်ဖြင့် အဓိဋ္ဌာန်တင်ရာ၌၊ အဓိဋ္ဌာနံ- သည်၊ ဒုဝိဓံ- မျက်မှောက်မျက်ကွယ်အားဖြင့် နှစ်ပါးရှိ၏၊ ပတ္တော- သည်၊ ဟတ္ထပါသေ- ၌၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ- သော်၊) ကျွမ် ပတ္တံ အဓိဋ္ဌာမီတိ- မိဟူ၍၊ (ဤသပိတ်ကို မိမိဥစ္စာဟု စွဲမြဲစွာ ဆောက်တည်ပါ၏ဟု၊) ဝါစာ ဘိန္ဒိတဗ္ဗာ- နှုတ်မြွက်ထိုက်၏၊ အထ- သို့မဟုတ်၊ အန္တောဂဗ္ဘေ ဝါ- အခန်းတွင်း၌သော်လည်းကောင်း၊ ဥပရိပါသာဒေ ဝါ- ပြာသာဒ်၏ အထက်ထပ်၌သော်လည်းကောင်း၊ သာမန္တဝိဟာရေ ဝါ- အနီးကျောင်း၌သော်လည်းကောင်း၊ သစေ ဟောတိ- အံ့၊ [သာမန္တဝိဟာရေသည် ဥပလက္ခဏစကားမျှသာ၊ အဝေး၌လည်း မှန်း၍ အဓိဋ္ဌာန်တင်ကောင်းသည်၊] (ဧဝံ သတိ- သော်၊) ဌပိတဋ္ဌာနံ- ထားအပ်ရာအရပ်ကို၊ သလ္လက္ခေတွာ- မှတ်၍၊ ဧတံ ပတ္တံ အဓိဋ္ဌာမီတိ- မိဟူ၍၊ ဝါစာ- စကားလုံးကို၊ ဘိန္ဒိတဗ္ဗာ- ကွဲပြားစေထိုက်၏၊ ပန- ဆက်၊ အဓိဋ္ဌဟန္တေန- အဓိဋ္ဌာန်တင်သော ရဟန်းသည်၊ ဧကေကန- တစ်ယောက်တည်းသည်၊ ဟုတွာ- ၍၊ အဓိဋ္ဌာတုမိွ- ငှာလည်း၊ ဝဋ္ဋတိ- ၏၊ အညဿ- အခြားပုဂ္ဂိုလ်၏၊ သန္တိကေ- အနီး၌၊ အဓိဋ္ဌာတုမိွ- ငှာလည်း၊ ဝဋ္ဋတိ- ၏။

အညဿ- ၏၊ သန္တိကေ- ၌၊ (အဓိဋ္ဌာနဿ- အဓိဋ္ဌာန်တင်ခြင်း၏၊) အယံ- ဤသည်ကား၊ အာနိသံသော- အကျိုးတည်း၊ အဿ- ထိုရဟန်း၏၊ "မေ- ငါ

http://www.dhammadownload.com

သည်၊ အဓိဋ္ဌိတော နု ခေါ- အဓိဋ္ဌာန်တင်အပ်ပြီးလေလော၊ နော အဓိဋ္ဌိတော နု ခေါ- အဓိဋ္ဌာန်မတင်အပ်သေးသလော၊" ဣတိ- သို့ ဝိမတိ- တွေးတောယုံမှားခြင်းသည်၊ သစေ ဥပ္ပဇ္ဇတိ- အကယ်၍ ဖြစ်အံ့၊ (ဧဝံ သတိ- သော်၊) ဣတရော- အခြားရဟန်းသည်၊ (အဓိဋ္ဌာန်တင်စဉ်က အနားမှာရှိသော ရဟန်းသည်၊) သာရေတွာ- အမှတ်ရစေ၍၊ ဝိမတိ- ကို၊ ဆိန္ဒိဿတိ- ဖြတ်လတ္တံ့၊ ဣတိ- ဤကားအကျိုးတည်း၊ ကောစိ- အချို့သော ရဟန်းသည်၊ ဒသ- ကုန်သော၊ ပတ္တေ- တို့ကို၊ လဘိတွာ- ၍၊ သတ္ထေ- အလုံးစုံသော သပိတ်တို့ကို၊ အတ္တနာဝ- မိမိချည်းသာ၊ ပရိဘုဉ္ဇိတုကာမော- သုံးစွဲလိုသည်၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ- သော်၊) သတ္ထေ- အလုံးစုံသော သပိတ်တို့ကို၊ နု အဓိဋ္ဌာတဗ္ဗာ- အဓိဋ္ဌာန်မတင်ထိုက်ကုန်၊ ဧကံ- တစ်လုံးသော၊ ပတ္တံ- ကို၊ အဓိဋ္ဌာယ- ၍၊ ပုနဒိဝသေ- နောက်တစ်နေ့၌၊ တံ- ထိုအဓိဋ္ဌာန်တင်ထားအပ်သော သပိတ်ကို၊ ပစ္စုဒ္ဓရိတွာ- ၍၊ အညော- အခြားသပိတ်တစ်လုံးကို၊ အဓိဋ္ဌာတဗ္ဗော- ၏၊ ဧတေနေဝ ဥပါ- ယေန- ဤနည်းဖြင့်ပင်၊ ဝဿသတမ္ပိ- အနှစ်တစ်ရာပတ်လုံးလည်း၊ ပရိဟရိတုံ- သွားလေရာရာ ဆောင်ယူခြင်းငှာ၊ သက္ကာ- တတ်ကောင်း၏။

ဧဝံ- ဤသို့၊ အပ္ပမတ္တဿ- အဓိဋ္ဌာန်တင်မှု၌ မမေ့လျော့သော၊ ဘိက္ခုနော- ၏၊ အဓိဋ္ဌာနဝိဇဟန်- အဓိဋ္ဌာန်ကို စွန့်ခြင်းသည်၊ သိယာ- ဖြစ်ရာသေးသလော၊ ဣတိ- ဤကားအမေးတည်း၊ သိယာ- ဖြစ်သေး၏၊ ဟိ- ခဲ့ဦးအံ့၊ အယံ- ဤရဟန်းသည်၊ ပတ္တံ- ကို၊ အညဿ ဝါ- အားသော်လည်း၊ သစေ ဒေတိ- အံ့၊ သစေ ဝိဿမတိ ဝါ- အကယ်၍ လူသော်လည်း ထွက်အံ့၊ သိက္ခံ ဝါ- သိက္ခာကို သော်လည်း၊ သစေ ပစ္စက္ခာတိ- အကယ်၍ ချအံ့၊ ကာလံ ဝါ- သေခြင်းကို သော်လည်း၊ သစေ ကရောတိ- အကယ်၍ ပြုအံ့၊ အဿ- ထိုရဟန်း၏၊ လိင်္ဂံ ဝါ- လိင်သည်သော်လည်း၊ သစေ ပရိဝတ္တတိ- အကယ်၍ ပြောင်းလဲအံ့၊ (အကယ်၍ ပြန်အံ့၊) သစေ ပစ္စုဒ္ဓရတိ ဝါ- အကယ်၍ ပစ္စုဒ္ဓိရ်သော်လည်းပြုအံ့၊ ပတ္တော- ၌၊ ဆိဒ္ဒံ ဝါ- အပေါက်သည်သော်လည်း၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ- သော်၊) အဓိဋ္ဌာနံ- ကို၊ ဝိဇဟတိ- စွန့်၏၊ စ- သာဓကကား၊ ဝါ- မှန်၏၊ ဒိန္နဝိဿဇ္ဇနပစ္စက္ခာ။ပ။ ဘဝတိ သတ္တမန္တိ- မံဟူသော၊ ဧတံ- ဤစကားကို၊ ဝုတ္တံ- ရှေးဆရာတို့ ဆိုအပ်ပြီ။

ယဒိ မုခေန ဒဿာမိတိ ဝဒတိ။ပ။ ပါရာဇိကံ။ ။ ဤ၌အာပတ်သင့်ကြောင်း ပယောဂ-ကို စိစစ်ကြည့်သင့်ပါသည်။ ဘဏ္ဍာသိမ်းဆည်းစဉ်က ခိုးလိုသော စိတ်မရှိသေးသောကြောင့် ဘဏ္ဍာသိမ်းဆည်းခြင်း ပယောဂကြောင့် အာပတ်မသင့်နိုင်၊ ပေးမည်ဟု ပြောရာအခါ၌ ခိုးလိုသောစိတ် ရှိနေစေကာမူ အပ်စပ်သော ပယောဂမျိုး ဖြစ်နေသောကြောင့် ပြောဆိုခြင်း ပယောဂကြောင့်လည်း အာပတ်မသင့်နိုင်ပါ၊ အမှန်မှာ ဥစ္စာရှင်က အကြိမ်ကြိမ်တောင်းစေကာမူ မပေးဘဲ မိမိမပေးလိုကြောင်းကို ဥစ္စာရှင် အား သိစေလိုသော ပယောဂ, ဒီရဟန်းဟာ မပေးလိုတဲ့အတွက် လှီးလွှဲပြောဆိုနေတာပဲဟု သိနားလည်၍ ဝန်ချကြောင်းဖြစ်သော ပယောဂတို့ကြောင့်သာ အာပတ်သင့်ရသည်။ အပ်နှံထားအပ်သော ဘဏ္ဍာ၌ ပရိယာယ်စကားဖြင့် အာပတ်မှ လွတ်မြောက်ခွင့်မရှိသည်သာ။ မှန်၏၊ မပေးလိုသည့်အတွက် ဘယ်အခါက သင်ပေးခဲ့သလဲ၊ ဘယ်နေရာမှာ သင်ပေးခဲ့သလဲစသော ပရိယာယ်စကားမျိုးဖြင့်သော်မှလည်း ဥစ္စာရှင်၏ ဝန်ချမှုကို ဖြစ်စေခဲ့ပါလျှင် အာပတ်သင့်သည်သာ။ ထို့ကြောင့်ပင် အဋ္ဌကထာ၌ "ကိံ တုမ္ဟေ ဘဏထ။ပ။ ဧဝံ ဥဘိန္နံ ဓုရနိက္ခေပေန ဘိက္ခုနော ပါရာဇိကံ"ဟု မိန့်ဆိုထားပေသည်။ သူတစ်ပါးတို့၏ ဥစ္စာကို သူတစ်ပါးတို့ကို ယူစေရာ၌သာ ပရိယာယ်ဖြင့် လွတ်သည်။ နေရာတိုင်းမှာ မလွတ်ဟု ခြွင်းချက်ဖြင့် ယူသင့်သည်။ (ဝိမတိ၊၁၊၁၈၈-၁၈၉။)

http://www.dhammadownload.com

အရပ်မှ၊ ဌာနာ- တည်ရာမှ၊ စာဝေတွာ- ရွှေ့လျောစေ၍၊ ဂုတ္တဌာနေ- လုံခြုံသော အရပ်၌၊ ဌပနတ္ထာယ- ထားခြင်းအကျိုးငှာ၊ ဟရတော- ဆောင်ယူသော ရဟန်း၏၊ အနာပတ္တိ- သည်၊ ဟောတိ- ၏၊ ထေယျစိတ္တေနပိ- ခိုးလိုသော စိတ်ဖြင့်လည်း၊ ဌာနာ- မှ၊ စာဝေန္တသ- ရွှေ့လျောစေသော ရဟန်း၏၊ အဝဟာရော- သည်၊ နတ္ထိ- မရှိ၊ ကသ္မာ- နည်း၊ အတ္တနော- ၏၊ ဟတ္ထေ- ၌၊ နိက္ခိတ္တတ္တာ- အပ်နှံထားအပ်သည်၏ အဖြစ်ကြောင့်တည်း၊ ပန- ထိုသို့ပင် အဝဟာရ မရှိပါသော်လည်း၊ ဘဏ္ဍဒေယျံ- သည်၊ ဟောတိ- ၏၊ ထေယျစိတ္တေန- ဖြင့်၊ ပရိဘုဥ္ဇတောပိ- သုံးစွဲသော ရဟန်း၏လည်း၊ ဧသေဝ နယော- တည်း၊ (ဘဏ္ဍဒေယျပင်။)

၅၄။ ပန- ဆက်၊ ပဥ္စန္နံ- ကုန်သော၊ သဟဓမ္မိကာနံ- တို့၏၊ သန္တကံ- ဥစ္စာဖြစ်သော၊ ယံ ကိဉ္စိ- တစ်စုံ တစ်ခုသော၊ ပရိက္ခာရံ- ကို၊ ပဋိသာမေတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ အာဂန္တုကော- အာဂန္တုဖြစ်သော၊ ဘိက္ခု- သည်၊ အာဝါသိကာနံ- ကျောင်းနေရဟန်းတို့သည်၊ စီဝရကမ္မံ- သင်္ကန်းချုပ်မှုကို၊ ကရောန္တာနံ- ပြုကုန်စဉ်၊ သမီပေ- အနီး၌၊ ပတ္တစီဝရံ- ကို၊ ဌပေတွာ- ၍၊ ဧတေ- ဤအာဝါသိက ရဟန်းတို့သည်၊ သင်္ဂေါပေဿန္တိ- လုံခြုံစေကုန်လတ္တံ့၊ ဝါ- စောင့်ရှောက်ကုန်လတ္တံ့၊ ဣတိ- သို့၊ မညမာနော- မှတ်ထင်သည်၊ ဟုတွာ- ၍၊ နဟာယိတုံ- ရေချိုးခြင်းငှာသော်လည်းကောင်း၊ အညတြ ဝါ- အမှတ်မထား တစ်ပါးပါးသော အရပ်သို့သော်လည်းကောင်း၊ ဂစ္ဆတိ- အံ့၊ တံ- ထိုသပိတ်သင်္ကန်းကို၊ အာဝါသိကာ- တို့သည်၊ သစေ သင်္ဂေါပေန္တိ- ကုန်အံ့၊ ဣစ္စေတံ- ဤသို့ စောင့်ရှောက်ခြင်းသည်၊ ကုသလံ- ကောင်း၏၊ နော စေ သင်္ဂေါပေန္တိ- ကုန်အံ့၊

အတ္တနော ဟတ္ထေ နိက္ခိတ္တတ္တာ။ ။ မိမိအား ဥစ္စာရှင်က ကိုယ်ထိလက်ရောက် ပေးထားသောကြောင့်လည်းကောင်း၊ ဘဏ္ဍာထိန်းအရာမှာ တည်နေသောကြောင့်လည်းကောင်း တည်ရာမှ ရွှေ့လျောစေခြင်းကြောင့်လည်း ခိုးမှုမမြောက်ချေ။ ခိုးလိုသော စိတ်ဖြင့် ယူခြင်းကြောင့် ဒုက္ကဋ်အာပတ်မှ မူကား မလွတ်မြောက်တော့ပေ။

ပဥ္စန္နံ သဟဓမ္မိကာနံ။ ။ ရဟန်း, ရဟန်းမ, သိက္ခမာန်, သာမဏေ, သာမဏေမ ဟူသော သီတင်းသုံးဖော် ငါးဦးတို့၏ ဥစ္စာကို သိမ်းပေးကောင်းသည်ဟု ဆိုသဖြင့် လူတို့၏ ဥစ္စာမျှသာမဟုတ်၊ ရသေ့, ပရိဗိုဇ် စသူတို့၏ ဥစ္စာကိုလည်း သိမ်းမပေးကောင်းဟု ပြပြီးဖြစ်တော့သည်။

http://www.dhammadownload.com

နဒ္ဒေ- ပျောက်ပျက်လသော်၊ ဂီဝါ- ကြွေးသည်၊ ဝါ- ဘဏ္ဍာစားသည်၊ နဟောတိ- မဖြစ်၊ သော- ထိုအာဂန္တုရဟန်းသည်၊ "ဘန္တေ- တို့၊ ဣဒံ- ဤသပိတ်သင်္ကန်းကို၊ ဒုပေထ- သိမ်းထားလိုက်ပါကုန်၊" ဣတိ- သို့၊ ဝတ္တွာ- ပြောဆိုမှာထား၍၊ သစေပိ ဂစ္ဆတိ- အံ့၊ (ဧဝံ သတိပိ- သော်လည်း၊) ဣတရေ စ- အခြားသော အာဝါသိက ရဟန်းတို့သည်လည်း၊ ကိစ္စပသုတတ္တာ- ကိစ္စ၌ လေ့ကျက်နေကုန်သည်၏ အဖြစ်ကြောင့်၊ နဇာနန္တိ- မသိလိုက်ကုန်အံ့၊ ဧသေဝ နယော- တည်း၊ "ဘန္တေ- တို့၊ ဣဒံ- ဤသပိတ် သင်္ကန်းကို၊ ဒုပေထ- ကုန်၊" ဣတိ- သို့၊ ဝုတ္တာ- ပြောဆိုအပ်ကုန်သော၊ တေ- ထိုအာဝါသိက ရဟန်းတို့သည်၊ "မယံ- ငါတို့သည်၊ ဗျာဝဋာ- အလုပ်ကိစ္စ၌ ကြောင့်ကြစိုက်နေကြရပါကုန်၏၊" ဣတိ- ဤသို့ပြော၍၊ အထာပိ ပဋိက္ခိပန္တိ- အကယ်၍လည်း ပယ်ကုန်အံ့၊ "ဣတရော စ- အခြားသော အာဂန္တုကရဟန်းသည်လည်း၊ အဝဿံ- မချုတ်ဧကန်၊ ဒုပေဿန္တိ- သိမ်းထားကုန်လတ္တံ့၊" ဣတိ- ဤသို့ကြံ၍၊ အနာဒိယိတ္တာ- ပယ်အပ်သော စကားကို မနာယူမူ၍၊ ဂစ္ဆတိ- အံ့၊ ဧသေဝ နယော- တည်း၊ ပန- ဆက်၊ တေ- ထိုအာဝါသိကရဟန်းတို့သည်၊ တေန- ထိုအာဂန္တုကရဟန်းသည်၊ ယာစိတာ- တောင်းပန်အပ်ကုန်သည်၊ ဟုတ္ဝာ ဝါ- ၍သော်လည်းကောင်း၊ အယာစိတာ- မတောင်းပန်အပ်ကုန်သည်၊ ဟုတ္ဝာ ဝါ- ကောင်း၊ "မယံ- တို့သည်၊ ဒုပေဿာမ- သိမ်းထားလိုက်ပါကုန်အံ့၊ တွံ- အရှင်ဘုရားသည်၊ ဂစ္ဆ- ကြွလိုရာ ကြွလော၊" ဣတိ- သို့၊ သစေ ဝဒန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်) တံ- ထိုသပိတ်သင်္ကန်းကို၊ သဂေါပိတဋ္ဌံ- လုံခြုံစေထိုက်၏၊ ဝါ- စောင့်ရှောက်ထိုက်၏၊ နော စေ သဂေါပေန္တိ- ကုန်အံ့၊ နဒ္ဒေ- ပျောက်ပျက်လသော်၊ ဂီဝါ- ကြွေးသည်၊ ဝါ- ဘဏ္ဍာစားသည်၊ ဟောတိ- ၏၊ ကသ္မာ- နည်း၊ သမ္မဋ္ဌိစ္ဆိတတ္တာ- လက်ခံထားအပ်သည်၏ အဖြစ်ကြောင့်တည်း။

ယော ဘိက္ခု- အကြင်ရဟန်းသည်၊ ဘဏ္ဍာဂါရိကော- ဘဏ္ဍာစိုးသည်၊ ဟုတ္ဝာ- ၍၊ ပစ္စူသသမယေ ဧဝ- အရုဏ်တက်ခါနီးအချိန်၌ပင်၊ ဘိက္ခုနံ-

---

ဂီဝါ နဟောတီ။ပ။ ဧသေဝ နယော။ ။ မစောင့်ရှောက်သည့်အတွက် ပျောက်ပျက်သွားသော်လည်း လက်မခံသောကြောင့် ဘဏ္ဍာစားမထိုက်၊ ပထမ ဧသေဝ နယော-အရ မသိသောကြောင့် ဘဏ္ဍာစားမထိုက်၊ ဒုတိယ ဧသေဝ နယော-အရ ပယ်အပ်သောကြောင့် ဘဏ္ဍာစားမထိုက်၊ ဤနေရာမျိုး၌ ကိုယ်, နှုတ်, စိတ် တစ်ခုခု ဖြင့် ပယ်လျှင် ပယ်ရာရောက်သည်ပင်။

http://www.dhammadownload.com

တို့၏၊ ပတ္တစီဝရာနိ- တို့ကို၊ ဟေဋ္ဌာပါသာဒံ- ပြာသာဒ်၏ အောက်ထပ်သို့၊ ဩရောပေတွာ- ချ၍၊ ဒွါရံ- တံခါးကို၊ အပိဒဟိတွာ- မပိတ်မူ၍၊ တေသမ္မိ- ထိုသပိတ်သင်္ကန်းရှင် ရဟန်းတို့အား လည်း၊ အနာရောစေတွာဝ- မလျှောက်ထား မပြောကြားခဲ့ဘဲသာ၊ ဒုရေ- အဝေး၌၊ ဘိက္ခာစာရံ- ဆွမ်းအလို့ငှာ လှည့်လည်အပ်သော အရပ်သို့၊ ဂစ္ဆတိ- အံ့၊ တာနိ- ထိုသပိတ်သင်္ကန်းတို့ကို၊ စောရာ- တို့သည်၊ စေ ဟရန္တိ- အကယ်၍ ဆောင်ယူကုန်အံ့၊ (ဧဝံ သတိ- သော်၊) တသ္မေဝ- ထိုဘဏ္ဍာစိုးရဟန်း၏သာလျှင်၊ ဂီဝါ- သည်၊ ဟောတိ-၏၊

[ဘဏ္ဍာစိုးရဟန်းကသာ ဘဏ္ဍာတိုက်မှာ စိုးရိပိုင်ဆိုင်မှု ရှိသောကြောင့် ဘဏ္ဍာစိုးရဟန်းမှာသာ ဘဏ္ဍာစားထိုက်သည်၊ ကြွင်းသော ရဟန်းများမှာ မထိုက်၊]

ပန- ဆက်၊ ယော ဘိက္ခု- အကြင်ဘဏ္ဍာစိုးရဟန်းသည်၊ ဘိက္ခုဟိ- တို့သည်၊ "ဘန္တေ- ရား၊ ပတ္တစီဝရာနိ- တို့ကို၊ ဩရောပေထ- အောက်သို့ ချပါကုန်၊ သလာကဂ္ဂဟဏာသ- စာရေးတံမဲယူခြင်း၏၊ ကာလော- အချိန်တန်ပါပြီ" ဣတိ- သို့၊ ဝုတ္တော- သည်၊ သမာနော- သော်၊ "သမဂတာ- အညီအညွတ် ရောက်လာကြကုန်သည်၊ အတ္ထ- ဖြစ်ကုန်၏လော၊" ဣတိ- သို့၊ ပုစ္ဆိတွာ- မေးပြီး၍၊ "အာမ- မှန်ပါ၊ သမာဂတာ- ကုန်သည်၊ အမှ- ဖြစ်ပါကုန်၏၊" ဣတိ- သို့၊ ဝုတ္တေ- ပြောဆိုအပ်သော်၊ ပတ္တစီဝရာနိ- တို့ကို၊ နီဟရိတွာ- ထုတ်ပြီး၍၊ နိက္ခမိတွာ- ထွက်၍၊ ဘဏ္ဍာဂါရဒွါရံ- ဘဏ္ဍာတိုက် အထက်ထပ်တံခါးကို၊ ဗန္ဓိတွာ- ဖွဲ့ပိတ်ပြီး၍၊ "တုမှေ- တို့သည်၊ ပတ္တစီဝရာနိ- တို့ကို၊ ဂဟေတွာ- ၍၊ ဟေဋ္ဌာပါသာဒဒွါရံ- ပြာသာဒ်၏ အောက်ထပ်တံခါးကို၊ ပဋိဇဂ္ဂိတွာ- စောင့်ရှောက်ပြီး၍၊ ဂစ္ဆေယျာထ- သွားကြကုန်၊" ဣတိ- သို့၊ ဝတွာ- ၍၊ ဂစ္ဆတိ- အံ့၊ တတြ စ- ထိုရဟန်းတို့တွင်လည်း၊ ဧကော- တစ်ပါးသော၊ အလသဇာတိကော- ပျင်းရိသူ၏ အဖြစ်ဟူသော သဘောရှိသော၊ ဘိက္ခု- သည်၊ ဘိက္ခူသု- တို့သည်၊ ဂတေသု- သွားကုန်လသော်၊ ပစ္ဆာ- နောက်မှ၊ အက္ခီနိ- မျက်လုံးတို့ကို၊ ပုဥ္ဆန္တော- သုတ်လျက်၊ ဥဋ္ဌဟိတွာ- ထ၍၊ ဥဒကဋ္ဌာနံ- ရေရှိရာအရပ်သို့၊ မုခ- ဓောဝနတ္ထံ- မျက်နှာသစ်ခြင်းငှာ၊ ဂစ္ဆတိ- အံ့၊ တံ ခဏံ- ထိုခဏကို၊ ဝါ- ထိုအခွင့်ကောင်းကို၊ ဒိသွာ- ၍၊ စောရာ- (ချောင်းနေသော) ခိုးသူတို့သည်၊ တသ- ထိုရဟန်း၏၊ ပတ္တစီဝရံ- ကို၊ ဟရန္တိ- ကုန်အံ့၊ သုဟဋ္ဌံ- ကောင်းစွာ ဆောင်အပ်ပြီ၊ (ဆောင်ယူသွားတာပဲ ကောင်းတယ်၊) ဘဏ္ဍာဂါရိကသ- ၏၊

http://www.dhammadownload.com

ဂိဝါ- သည်၊ နှ ဟောတိ- မဖြစ်။ [အပျင်းထူသော ရဟန်း၏ မေ့လျော့ ပေါ့ဆမှုကြောင့် အခိုးခံရကား ဘဏ္ဍာစိုးရဟန်းမှာ ဘဏ္ဍာစားမထိုက်။]

ကောစိ- တစ်စုံတစ်ယောက်သော ရဟန်းသည်၊ ဘဏ္ဍာဂါရိကဿ- အား၊ အနာရောစေတွာဝ- မပြောမူ၍သာ၊ ဘဏ္ဍာဂါရေ- ဘဏ္ဍာတိုက်၌၊ အတ္တနော- ၏၊ ပရိက္ခာရံ- ကို၊ သစေပိ ဌပေတိ- အံ့၊ (ဧဝံ သတိ- သော်၊) တသ္မိမ္ပိ- ထိုပရိက္ခရာသည်လည်း၊ နဋ္ဌေ- ပျောက်ပျက်လသော်၊ ဘဏ္ဍာဂါရိကဿ- ၏၊ ဂိဝါ- သည်၊ နှ ဟောတိ- မဖြစ်၊ (ဘဏ္ဍာစိုးရဟန်းအား မပြောကြားသောကြောင့်၊) ပန- ဆက်၊ ဘဏ္ဍာဂါရိကော- သည်၊ တံ- ထိုပရိက္ခရာကို၊ ဒိသွာ- ၍၊ "အဋ္ဌာနေ- မသင့်လျော်သောအရပ်၌၊ ဌပိတံ- ထားအပ်ပြီ၊" ဣတိ- ဤသို့ကြံ၍၊ ဂဟေတွာ- ၍၊ သစေ ဌပေတိ- အကယ်၍ ရွှေ့ထားငြားအံ့၊ နဋ္ဌေ- သော်၊ တဿေဝ- ထိုဘဏ္ဍာစိုးရဟန်း၏သာ၊ ဂိဝါ- သည်၊ ဟောတိ- ၏၊ ဌပိတဘိက္ခုနော- ထားအပ်သော ပရိက္ခရာရှိသော ရဟန်းသည်၊ ဝါ- ပရိက္ခရာကို ထားသွားသော ရဟန်းသည်၊ "ဘန္တေ- ရား၊ မယာ- သည်၊ ဣဒံ သော နာမ- ဤသို့ရှုအပ်သည်မည်သော၊ ဝါ- ဤသို့သဘောရှိသည်မည်သော၊ ပရိက္ခာရော- ကို၊ ဌပိတော- ပြီ၊ ဥပဓာရေယျာထ- စူးစမ်းလိုက်ပါကုန်၊ ဝါ- သတိ ထားလိုက်ပါကုန်၊" ဣတိ- သို့၊ ဝုတ္တော- သည်၊ သမာနော- သော်၊ သာဓူတိ- ကောင်းပြီဟူ၍၊ သစေပိ သမ္မဋ္ဌိ ဟုတိ- အံ့၊ ဧဝံ သတိ ဝါ- သော်လည်းကောင်း၊ ဒုန္နိက္ခိတ္တံ- မကောင်းသဖြင့် ထားအပ်၏ဟု၊ မညမာနော- မှတ်ထင်သည်၊ ဟုတွာ- ၍၊ အညသ္မိံ- အခြားသော၊ ဌာနေ- ၌၊ သစေပိ ဌပေတိ- အံ့၊ ဧဝံ သတိ ဝါ- သော်လည်းကောင်း၊ နဋ္ဌေ- သော်၊ တဿေဝ- ထိုဘဏ္ဍာစိုးရဟန်း၏သာ၊ ဂိဝါ- သည်၊ ဟောတိ- ၏၊ "အဟံ- ငါသည်၊ နှ ဇာနာမိ- နားမလည်၊" ဣတိ- သို့၊ ပဋိက္ခိပန္တသ္သ ပန- ပယ်မြစ်သော ရဟန်း၏ကား၊ (သတိထားလိုက်စမ်းပါဟု လျှောက်သောအခါ နားမလည်ဟု ပယ်မြစ်သော ရဟန်း၏ကား၊) ဂိဝါ- သည်၊ နတ္ထိ- မရှိ၊ ယောပိ- အကြင်ရဟန်းသည်လည်း၊ တဿ- ထိုဘဏ္ဍာစိုးရဟန်းသည်၊ ပဿန္တသ္သေဝ- ကြည့်နေစဉ်ပင်၊ ဌပေတိ- အံ့၊ ဘဏ္ဍာဂါရိကစ္စ- ကိုလည်း၊ နှ သမ္မဋ္ဌိစ္စာပေတိ- လက်မခံစေအံ့၊ ဝါ- မအပ်နှံအံ့၊ နဋ္ဌံ- ပျောက်သောဘဏ္ဍာသည်၊ သုနဋ္ဌမေဝ- ကောင်းစွာ ပျောက်သည်သာ၊ ဟောတိ- ၏၊ ပန- ဆက်၊ နံ- ထိုပရိက္ခရာကို၊ ဘဏ္ဍာဂါရိကော- သည်၊ အညတြ- ၌၊ သစေ ဌပေတိ- အံ့၊ (ဧဝံ သတိ- သော်၊) နဋ္ဌေ- သော်၊ ဂိဝါ- သည်၊ ဟောတိ- ၏၊

http://www.dhammadownload.com

ဘဏ္ဍာဂါရံ- ဘဏ္ဍာတိုက်သည်၊ သုဂုတ္တံ- ကောင်းစွာ စောင့်ရှောက်အပ်သည်၊ ဝါ- လုံခြုံသည်၊ သစေ ဟောတိ- အံ့၊ သံဃသ စ- သံဃာ၏လည်းကောင်း၊ စေတိယသ စ- စေတီ၏လည်းကောင်း၊ သတ္ထော- သော၊ ပရိက္ခာရော- ကို၊ တတ္ထေဝ- ထိုဘဏ္ဍာတိုက်၌ပင်၊ သစေ ဌပီယတိ- အကယ်၍ ထားအပ်သည် ဖြစ်အံ့၊ ဘဏ္ဍာဂါရိကော စ- သည်ကား၊ ဗာလော- နားမလည်သည်၊ အဗျတ္တော- မထက်မြက်သည်၊ ဟုတ္ဝာ- ၍၊ ဒွါရံ- ကို၊ ဝိဝရိတ္ဝာ- ဖွင့်၍၊ ဓမ္မကထံ- တရားစကားကို၊ သောတုံ ဝါ- နာခြင်းငှာသော်လည်းကောင်း၊ အညံ- သော၊ ကိဉ္စိ- တစ်စုံတစ်ခုကို၊ ကာတုံ ဝါ- ပြုခြင်းငှာသော်လည်းကောင်း၊ ကတ္ထစိ- တစ်စုံတစ်ခုသော အရပ်သို့၊ ဂစ္ဆတိ- အံ့၊ တံ ခဏံ- ထိုအခွင့်ကို၊ ဒိသွာ- ၍၊ စောရာ- တို့သည်၊ ယတ္ထကံ- အကြင်မျှအတိုင်းအရှည်ရှိသော ပရိက္ခာရကို၊ ဟရန္တိ- ဆောင်ကုန်အံ့၊ သဗ္ဗံ- အလုံးစုံသော၊ တတ္ထကံ- ထိုမျှအတိုင်းအရှည်ရှိသော ပရိက္ခာရသည်၊ တဿ- ထိုဘဏ္ဍာစိုးရဟန်း၏၊ ဂီဝါ- သည်၊ ဟောတိ- ၏။

(ဘဏ္ဍာဂါရိကဿ- သည်၊) ဘဏ္ဍာဂါရတော- မှ၊ နိက္ခမိတ္ဝာ- ထွက်၍၊ ဗဟိ- ပြင်ဘက်၌၊ စက်မန္တဿ- စကြီသွားစဉ်သော်လည်းကောင်း၊ ဒွါရံ- ကို၊ ဝိဝရိတ္ဝာ- ၍၊ သရီရံ- ကိုယ်ကို၊ ဥတုံ- အအေးငွေ့ကို၊ ဂါဟာပေန္တဿ ဝါ- ယူနေစဉ်သော်လည်းကောင်း၊ (တစ်နည်း) ဥတုံ ဂါဟာပေန္တဿ ဝါ- လေညှင်းခံနေစဉ်သော်လည်းကောင်း၊ တတ္ထေဝ- ထိုဘဏ္ဍာတိုက်၌ပင်၊ သမဏမဟာ- နုယောဂေန- ရဟန်းတရားကို အားထုတ်ခြင်းဖြင့်၊ နိသိန္နဿ ဝါ- ထိုင်နေစဉ်သော်လည်းကောင်း၊ တတ္ထေဝ- ထိုဘဏ္ဍာတိုက်၌ပင်၊ နိသီဒိတ္ဝာ- ၍၊ ကေနစိ- တစ်စုံတစ်ခုသော၊ ကမ္မေန- အလုပ်ဖြင့်၊ ဗျာဝဋဿ ဝါ- ကြောင့်ကြစိုက်နေစဉ်သော်လည်းကောင်း၊ ဥစ္စာရပဿာဝဝိဋ္ဌတဿပိ- ကျင်ကြီးကျင်ငယ်သည် နှိပ်စက်အပ်သည် ဖြစ်၍လည်း၊ သတောာ- ဖြစ်စဉ်၊ တတ္ထေဝ- ထိုဘဏ္ဍာတိုက်၌ပင်၊ ဥပစာရေ- အနီး၌၊ ဝိဇ္ဇမာနေ- ကျင်ကြီးကျင်ငယ်စွန့်ရာအရပ် ထင်ရှားပါလျက်၊ ဗဟိ- အပသို့၊ ဂစ္ဆတော ဝါ- သွားစဉ်သော်လည်းကောင်း၊ အညေန- အခြားသော၊ ကေနစိ- တစ်စုံတစ်ခုသော၊ အာကာရေန- အကြောင်းကြောင့်၊ ပမတ္တဿ- မေ့လျော့သည်ဖြစ်၍၊ သတောာ ဝါ- ဖြစ်စဉ်သော်လည်းကောင်း၊ ဒွါရံ- ကို၊ ဝိဝရိတ္ဝာ ဝါ- ဖွင့်၍သော်လည်းကောင်း၊ ဝိဝဋမေဝ- ဖွင့်အပ်ပြီးသည်သာလျှင်ဖြစ်သော၊ ဒွါရံ- သို့၊ ပဝိသိတ္ဝာ ဝါ- ဝင်၍သော်လည်းကောင်း၊ သန္ဓိ- ဘဏ္ဍာတိုက်၏ အစပ်ကို၊ ဆိန္ဒိတ္ဝာ ဝါ- ဖောက်ဖြတ်၍သော်လည်းကောင်း၊

http://www.dhammadownload.com

ယတ္တကံ- အကြင်မျှအတိုင်းအရှည်ရှိသော ပရိက္ခရာကို၊ တသ- ထိုဘဏ္ဍာစိုး ရဟန်း၏၊ ပမာဒပစ္စယာ- မေ့လျော့ခြင်းဟူသော အကြောင်းကြောင့်၊ စောရာ- တို့သည်၊ ဟရန္တိ- ကုန်၏၊ သဗ္ဗံ- သော၊ တတ္တကံ- ထိုမျှအတိုင်းအရှည်ရှိသော ပရိက္ခရာသည်၊ တဿေဝ- ထိုဘဏ္ဍာစိုးရဟန်း၏သာလျှင်၊ ဂီဝါ- သည်၊ ဟောတိ- ၏၊ [ဂီဝါ-ဟု လာသော နေရာများ၌ ပျက်စီးစေလိုသောစိတ် မပါရကား အစားမပေးနိုင်သော်လည်း အပြစ်ဖြစ်စရာ မရှိဟုထင်သည်။ ပါ။ဘာဋ္ဌ။၃၊၅၅။]

ပန- ဆက်၊ ဥဏ္ဏသမယေ- ပူရာအခါ၌၊ ဝါတပါနံ- လေသောက်ပြူတင်းကို၊ ဝိဝရိတွာ- ၍၊ နိပဇ္ဇိတုံ- အိပ်ခြင်းငှာ၊ ဝဋ္ဋတိ- ၏၊ ဣတိ- သို့၊ ဝဒန္တိ- ကုန်၏၊ ပန- ဆက်၊ ဥစ္စာရပိဋိတသ- ကျင်ကြီးသည် နှိပ်စက်အပ်သည်ဖြစ်၍၊ တသ္မိ- ထိုဘဏ္ဍာတိုက်၌၊ ဥပစာရေ- အနီး၌၊ အသတိ- ကျင်ကြီးစွန့်ရာအရပ် မရှိလတ်သော်၊ အညတ္ထ- အခြားအရပ်သို့၊ ဂစ္ဆန္တသ- သွားသော ဘဏ္ဍာစိုးရဟန်း၏၊ ဂိလာနပက္ခေ- ဂိလာနအဖို့၌၊ ဌိတတ္တာ- တည်သည်၏အဖြစ်ကြောင့်၊ အဝိသယော- အရာမဟုတ်၊ တသ္မာ- ကြောင့်၊ ဂီဝါ- သည်၊ န ဟောတိ- မဖြစ်။

၅၅။ ပန- ဆက်၊ ယော- အကြင်ရဟန်းသည်၊ အန္တော- ဘဏ္ဍာတိုက်အတွင်း၌၊ ဥဏ္ဏာပိဋိတော- အပူသည် နှိပ်စက်အပ်သည်၊ ဟုတ္တာ- ၍၊ ဒွါရံ- ကို၊ သုဂုတ္တံ- လုံခြုံသည်ကို၊ ကတ္တာ- ၍၊ ဗဟိ- အပြင်သို့၊ နိက္ခမတိ- ထွက်အံ့၊ စောရာ- တို့သည်၊ တံ- ထိုရဟန်းကို၊ ဂဟေတ္တာ- ဖမ်း၍၊ "ဒွါရံ- ကို၊ ဝိဝရ- ဖွင့်လော၊" ဣတိ- သို့၊ ဝဒန္တိ- ကုန်အံ့၊ ယာဝတတိယံ- သုံးကြိမ်တိုင်အောင်၊ န ဝိဝရိတဗ္ဗံ- မဖွင့်ရာ၊ ပန- ဆက်၊ တေ စောရာ- တို့သည်၊ "သစေ န ဝိဝရသိ- အကယ်၍ မဖွင့်အံ့၊ (ဧဝံ သတိ- သော်၊) တဉ္စ- အရှင်ဘုရားကိုလည်း၊ မာရေဿာမ- သတ်ကုန်အံ့၊ ဒွါရဉ္စ- ကိုလည်း၊ ဘိန္ဒိတ္တာ- ခဲ့ဖျက်၍၊ ပရိက္ခာရံ- ကို၊ ဟရိဿာမ- ယူကုန်အံ့၊" ဣတိ- ဤသို့ပြော၍၊ ဖရသုအာဒီနိ- ပုဆိန်အစရှိသည်တို့ကို၊ ယဒိ ဥက္ခိပန္တိ- အကယ်၍ မြှောက်ကုန်အံ့၊ (ဧဝံ သတိ- သော်၊) "မယိ- ငါသည်၊ မတေ စ- သေသော်လည်းကောင်း၊ သံယသ- သံယာ၏၊ သေနာသနေ- ကျောင်းသည်၊ ဝိနဋ္ဌေ စ- ပျက်စီးသော်လည်းကောင်း၊ ဂုဏော- အကျိုးကျေးဇူး

မယိ စ မတေ။ ။ မိမိ သေဘေးကို မငဲ့စေကာမူ သံဃာ့ကျောင်းအဆောက်အဦ မပျက်ပါစေနှင့်ဟု နှလုံးသွင်း၍လည်း ဖွင့်ပေးကောင်းသည်။ (သာရတ္ထ၊၂၊၁၅၁။) သင့်ကို သတ်မည်မျှကိုသာ ဆိုသော်လည်း ဂိလာနအရာ၌ တည်သောကြောင့်လည်း ကောင်း၊ စွမ်းနိုင်သောအရာ မဟုတ်သောကြောင့်လည်းကောင်း ဖွင့်ပေးကောင်းသည်။

http://www.dhammadownload.com

သည်၊ နတ္ထိ- မရှိ၊" ဣတိ- ဤသို့ကြံ၍၊ ဝိဝရိတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ ဣဓာပိ- ဤသို့ ဖွင့်ပေးရာ၌လည်း၊ အဝိသယတ္တာ- အရာမဟုတ်သည်၏ အဖြစ်ကြောင့်၊ ဂီဝါ- သည်၊ နတ္ထိ- မရှိ၊ ဣတိ- သို့၊ ဝဒန္တိ- ကုန်၏၊ ကောစိ- တစ်စုံတစ်ယောက်သော၊ အာဂန္တုကော- အာဂန္တုကရဟန်းသည်၊ ကုဋ္ဌိကံ ဝါ- သော့ကောက်ကို သော်လည်း၊ ဝါ- သော့ကိုသော်လည်း၊ သစေ ဒေတိ- အံ့၊ ဒွါရံ ဝါ- ကိုသော်လည်း၊ သစေ ဝိဝရတိ- အကယ်၍ ဖွင့်ပေးအံ့၊ ဧဝံ သတိ- သော်၊ (ဘဏ္ဍာစိုးရဟန်း အဖမ်းခံရသည်ကိုတွေ့သောကြောင့် အာဂန္တုကရဟန်းတစ်ပါးပါးက သူခိုးတို့အား သော့ကို ပေးခဲ့လျှင်၊ သို့မဟုတ်၊ တံခါးကို ဖွင့်ပေးခဲ့လျှင်၊) ယတ္ထကံ- အကြောင်မျှလောက်သော ဘဏ္ဍာကို၊ စောရာ- တို့သည်၊ ဟရန္တိ- ကုန်၏၊ သဗ္ဗံ- သော၊ တတ္တကံ- ထိုမျှလောက်သော ဘဏ္ဍာသည်၊ တဿ- ထိုအာဂန္တုကရဟန်း၏၊ ဂီဝါ- သည်၊ ဟောတိ- ၏၊ သံယေန- သည်၊ ဘဏ္ဍာဂါရံ- ဘဏ္ဍာတိုက်ကို၊ ဂုတ္တတ္ထာယ- စောင့်ရှောက်ခြင်းအကျိုးငှာ၊ သူစိယန္တကဉ္စ- ကျည်ငယ်ယန္တရားသည်လည်းကောင်း၊ (ဟောတိ-၌ စပ်)၊ ဝါ- ကိုလည်းကောင်း (ဒိန္နာ ၌ စပ်) ကုဋ္ဌိကမုဒ္ဒိကာ စ- သံကောက်မင်းတုတ်သည်လည်းကောင်း၊ ဝါ- ကိုလည်းကောင်း၊ ယောဇေတွာ- ယှဉ်တပ်၍၊ ဒိန္နာ- ပေးအပ်သည်၊ ဟောတိ- အံ့၊ ဘဏ္ဍာဂါရိကော- သည်၊ ယဒိကမတ္တံ- အထက်ကျည်ငယ်မျှကို၊ ဒတ္ဝာ- ပေး၍၊ ဝါ- လျှို၍၊ နိပဇ္ဇတိ- အိပ်အံ့၊ စောရာ- တို့သည်၊ ဝိဝရိတ္ဝာ- ၍၊ ပရိက္ခာရံ- ကို၊ ဟရန္တိ- ကုန်အံ့၊ တဿေဝ- ထိုဘဏ္ဍာစိုးရဟန်း၏သာ၊ ဂီဝါ- သည်၊ ဟောတိ- ၏၊ ပန- ဆက်၊ သူစိယန္တကဉ္စ- ကျည်ငယ်ယန္တရားကိုလည်းကောင်း၊ ကုဋ္ဌိကမုဒ္ဒိကဉ္စ- သံကောက်မင်းတုတ်ကိုလည်းကောင်း၊ ယောဇေတွာ- ၍၊ နိပန္နံ- သော၊ ဧတံ- ဤဘဏ္ဍာစိုးရဟန်းကို၊ စောရာ- တို့သည်၊ အာဂန္တွာ- ၍၊ "ဒွါရံ- ကို၊ ဝိဝရ- ဖွင့်လော၊" ဣတိ- သို့၊ သစေ ဝဒန္တိ- ကုန်အံ့၊ တတ္ထ- ထိုသို့ ပြောရာ၌၊ ပုရိမနယေနေဝ- သာလျှင်၊ (ယာဝတတိယကံ နှ ဝိဝရိတဗ္ဗံ-စသော နည်းဖြင့်၊) ပဋိပဇ္ဇိတဗ္ဗံ- ကျင့်ရာ၏၊ ပန- ဆက်၊ ဧဝံ- သို့၊ သုဂုတ္တံ- လုံခြုံအောင်၊ ကတ္ဝာ- ၍၊ နိပန္နေ- အိပ်လသော်၊ ဝါ- အိပ်ပါလျက်၊ ဘိတ္တိံ- နံရံကို၊ ဘိန္ဒိတ္ဝာ ဝါ- ဖောက်ဖျက်၍သော်လည်းကောင်း၊ ဆဒနံ- အမိုးကို၊ ဘိန္ဒိတ္ဝာ ဝါ- ကောင်း၊

မှန်၏၊ သေခြင်းထက်ကြီးကျယ်သော နာမှု မစွမ်းနိုင်မှုဟူ၍ မရှိတော့ချေ။ တံခါးကို ဖျက်ဆီး၍ ပရိက္ခာရကို ယူမည်ဟူသော စကားမျှကိုသာ ဆိုသော်လည်း ဖွင့်ပေးခြင်းငှာ အပ်သည်။ (ဝိမတိ၊၁၊၁၉၁။)

http://www.dhammadownload.com

ဥမင်္ဂနံ- ဥမင်္ဂလိုဏ်ဖြင့်၊ ပဝိသိတွာ ဝါ- ဝင်၍သော်လည်းကောင်း၊ သစေ ဟရန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) တဿ- ထိုဘဏ္ဍာစိုးရဟန်း၏၊ ဂီဝါ- သည်၊ နု ဟောတိ- မဖြစ်။

ဘဏ္ဍာဂါရေ- ၌၊ အညေပိ- ဘဏ္ဍာစိုးရဟန်းမှ တစ်ပါးလည်း ဖြစ်ကုန်သော၊ ထေရာ- တို့သည်၊ သစေ ဝသန္တိ- ကုန်အံ့၊ ဒွါရေ- ကို၊ ဝိဝဋ္ဋေ- ဖွင့်အပ်သော်၊ အတ္တနော အတ္တနော- မိမိ မိမိ၏၊ ပရိက္ခာရံ- ကို၊ ဂဟေတွာ- ၍၊ သစေ ဂစ္ဆန္တိ- ကုန်အံ့၊ ဘဏ္ဍာဂါရိကော- သည်၊ တေသု- ထိုထေရ်တို့သည်၊ ဂတေသု- သွားကုန်လသော်၊ ဒွါရံ- ကို၊ သစေ နု ဇဂ္ဂတိ- အကယ်၍ မစောင့်ရှောက်အံ့၊ တတ္ထ- ထိုသို့မစောင့်ရှောက်ရာ၌၊ ကိဉ္စိ- တစ်စုံတစ်ခုသော ဘဏ္ဍာကို၊ သစေ အဝဟာရိယတိ- အကယ်၍ ခိုးအပ်သည်ဖြစ်အံ့၊ (ဧဝံ သတိ- သော်၊) ဘဏ္ဍာဂါရိကဿ- ၏၊ ဣဿရဝတာယ- စိုးရပိုင်ဆိုင်မှု ရှိသည်၏ အဖြစ်ကြောင့်၊ ဝါ- တာဝန်ခံ၏အဖြစ်ကြောင့်၊ ဘဏ္ဍာဂါရိကဿေဝ- ၏ သာလျှင်၊ ဂီဝါ- သည်၊ ဟောတိ- ၏၊ ပန- ထိုသို့ ဘဏ္ဍာစိုးရဟန်းမှာသာ ကြွေးဖြစ်ပါသော်လည်း၊ ထေရေဟိ- ဘဏ္ဍာတိုက်၌နေသော ထေရ်တို့သည်၊ သဟာယေဟိ- အဖော်တို့သည်၊ ဘဝိတဗ္ဗံ- ဖြစ်ရာ၏၊ [ဘဏ္ဍာစိုးရဟန်းက ကြွေးမြီကို အစားပေးရာမှာ တတ်နိုင်သမျှ ပါဝင်ကူညီကြရမည်။] ဟိ- မှန်၏၊ အယံ- ဤအဖော်ဖြစ်ရခြင်းသည်၊ သာမီစိ- (ဘဏ္ဍာတိုက်၌ နေသော ရဟန်းတို့၏) ကျင့်ဝတ်တည်း၊ ဘဏ္ဍာဂါရိကော- သည်၊ "တုမ္ဟေ- အရှင်ဘုရားတို့သည်၊ ဗဟိ- အပြင်၌၊ ဌတွာ- တည်၍၊ တုမှာကံ- တို့၏၊ ပရိက္ခာရံ- ကို၊ ဂဏှထ- ယူကုန်လော၊ မာ ပဝိသိတ္ထ- မဝင်ခဲ့ကုန်လင့်၊" ဣတိ- သို့၊ ယဒိ ဝဒတိ- အံ့၊ တေသဉ္စ- ထိုရဟန်းတို့တွင်လည်း၊ ဧကော- တစ်ပါးသော၊ လောလမဟာထေရော- လော်လီသော မဟာထေရ်သည်၊ သာမဏေရေဟိ စေဝတို့နှင့်လည်းကောင်း၊ ဥပဋ္ဌာကေဟိ စ- အလုပ်အကျွေး ဒါယကာတို့နှင့်လည်းကောင်း၊ သဒ္ဓိံ- တကွ၊ ဘဏ္ဍာဂါရံ- သို့၊ ပဝိသိတွာ- ၍၊ နိသီဒတိ စေဝ- ထိုင်လည်းထိုင်အံ့၊ နိပဇ္ဇတိ စ- အိပ်လည်းအိပ်အံ့၊ ယတ္တကံ- သော၊ ဘဏ္ဍံ- သည်၊ နဿတိ- အံ့၊ သဗ္ဗံ- သော၊ တတ္တကံ- သည်၊ တဿ- ထိုလော်လီသော မဟာထေရ်၏၊ ဂီဝါ- သည်၊ ဟောတိ- ၏၊ ပန- ထိုသို့ပင် လော်လီသော မဟာထေရ်မှာ ကြွေးမြီဖြစ်ပါသော်လည်း၊ ဘဏ္ဍာဂါရိကေနသည်လည်းကောင်း၊ အဝသေသထေရေဟိ စ- ကြွင်းသော ထေရ်တို့သည်

http://www.dhammadownload.com

လည်းကောင်း၊ သဟာယေဟိ- အဖော်တို့သည်၊ ဘဝိတဗ္ဗံ- ဖြစ်ရာ၏၊ အထ-သို့မဟုတ်၊ ဘဏ္ဍာဂါရိကောဝ- သည်ပင်၊ လောလသာမဏေရေ စ- လျှပ်ပေါ်လော်လီသော သာမဏေတို့ကိုလည်းကောင်း၊ ဥပဋ္ဌာကေ စ- အလုပ်အကျွေးဒါယကာတို့ကိုလည်းကောင်း၊ ဂဟေတွာ- ခေါ်၍၊ ဘဏ္ဍာဂါရေ- ၌၊ နိသီဒတိ စေဝ- အံ့၊ နိပဇ္ဇတိ စ- အံ့၊ ယတ္တကံ- သည်၊ နဿတိ- အံ့၊ သဗ္ဗံ- သော၊ တတ္တကံ- သည်၊ တဿေဝ- ထိုဘဏ္ဍာစိုး ရဟန်း၏သာ၊ ဂီဝါ- သည်၊ ဟောတိ- ၏၊ တသ္မာ- ကြောင့်၊ ဘဏ္ဍာဂါရိကေနေဝ- သည်သာ၊ တတ္ထ- ထိုဘဏ္ဍာတိုက်၌၊ ဝသိတဗ္ဗံ- နေရာ၏၊ အဝသေသေဟိ- ကြွင်းသော ရဟန်းတို့သည်၊ ရုက္ခမူလေ- သစ်ပင်၏ အနီးအောက်၌၊ အပ္ပေဝ ဝသိတဗ္ဗံ- နေသော်လည်း နေရာ၏၊ ဘဏ္ဍာဂါရေ စ- ၌ကား၊ န ဝသိတဗ္ဗံ- မနေရာ၊ ဣတိ- ဤသို့ မှတ်အပ်၏။

၅၆။ ပန- ဆက်၊ ယေ- အကြင်ရဟန်းတို့သည်၊ အတ္တနော အတ္တနော- မိမိမိမိ၏၊ ဝါ- မိမိတို့၏၊ ဝသနဂဋ္ဌေသု- နေရာအခန်းတို့၌၊ သဘာဂဘိက္ခူနံ- သဘောတူသော ရဟန်းတို့၏၊ ပရိက္ခာရံ- ကို၊ ဌပေန္တိ- ထားတတ်ကြကုန်၏၊ [အတ္တနော အတ္တနော ဝသနဂဋ္ဌေသု သဘာဂဘိက္ခူနံ ပရိက္ခာရံ ဌပေန္တိတိ ယောဇနာ။ဇီ။] ပရိက္ခာရေ- သည်၊ နဋ္ဌေ- သော်၊ ယေဟိ- အကြင်ရဟန်းတို့သည်၊ ဌပိတော- ထားအပ်ပြီ၊ တေသံယေဝ- ထိုထားသော ရဟန်းတို့၏သာ၊ ဂီဝါ- သည်၊ ဟောတိ- ၏၊ ပန- ထိုသို့ပင် ထားသော ရဟန်းတို့မှာသာ ကြွေးမြီဖြစ်ပါသော်လည်း၊ ဣတရေဟိ- အခြားရဟန်းတို့သည်၊ (ထိုအခန်း၌ နေကြသော အခြားရဟန်းများ၊) သဟာယေဟိ- တို့သည်၊ ဘဝိတဗ္ဗံ- ဖြစ်ရာ၏။

ပန- ဆက်၊ သံယော- သည်၊ ဘဏ္ဍာဂါရိကဿ- အား၊ ဝိဟာရေယေဝ- ကျောင်း၌သာ၊ ယာဂုဘတ္တံ- ယာဂုထမင်းကို၊ ယဒိ ဒါပေတိ- အကယ်၍ပေးစေအံ့၊ သော စ- ထိုဘဏ္ဍာစိုးရဟန်းသည်လည်း၊ ဘိက္ခာစာရတ္ထာယ- ဆွမ်းခံလှည့်လည်ခြင်း အကျိုးငှာ၊ ဂါမံ- သို့၊ ယဒိ ဂစ္ဆတိ- အံ့၊ (ဧဝံ သတိ- သော်၊) နဋ္ဌ-ပျောက်သော ဘဏ္ဍာသည်၊ တဿေဝ- ထိုဘဏ္ဍာစိုးရဟန်း၏သာ၊ ဂီဝါ- သည်၊ ဟောတိ- ၏၊ ဘိက္ခာစာရံ- သို့၊ ပဝိသန္တေဟိ- ဝင်ကုန်သော ရဟန်းတို့သည်၊ အတိရေကစီဝရံ- အပိုအလွန်သင်္ကန်းကို၊ ရက္ခဏတ္ထာယ- စောင့်ရှောက်ခြင်းအကျိုးငှာ၊ ဌပိတဝိဟာရဝါရိကဿပိ- ထားအပ်သော ကျောင်းစောင့်အလှည့်၌ယှဉ်သော ရဟန်း၏လည်း၊ ဝါ- ထားအပ်သော ကျောင်းစောင့်အလှည့်ကျ

http://www.dhammadownload.com

သော ရဟန်း၏လည်း၊ ဝါ- သည်လည်း၊ ယာဂုဘတ္တံ ဝါ- ယာဂုထမင်းကိုသော်
လည်းကောင်း၊ နိဝါပံ ဝါ- ရိက္ခာကိုသော်လည်းကောင်း၊ လဘမာနဿေဝ-
ရလျက်သာလျှင်၊ ဘိက္ခာစာရံ- သို့၊ ဂစ္ဆတော- သွားလသော်၊ ဝါ- သွားသော၊
(ဌပိတဝိဟာရဝါရိကဿပိ- ၏လည်း၊) ယံ- အကြင်အတိရေကသင်္ဃနံသည်၊
တတ္ထ- ထိုကျောင်း၌၊ နဿတိ- ပျောက်ပျက်၏၊ သဗ္ဗံ- သော၊ တံ- ထိုအတိ
ရေကသင်္ဃနံသည်၊ ဂိဝါ- သည်၊ ဟောတိ- ၏၊ စ- ဆက်၊ ကေဝလံ- အခြား
သော ပရိက္ခာရာတို့နှင့်မဖက် သက်သက်၊ ဧတ္တကမေဝ- ဤမျှအတိုင်းအရှည်ရှိ
သော အတိရေကသင်္ဃနံသည်သာ၊ ဂိဝါ- သည်၊ န- မဟုတ်သေး၊ ဘဏ္ဍာ-
ဂါရိကဿ ဝိယ- ၏ကဲ့သို့၊ ယံ- အကြင်ဘဏ္ဍာသည်၊ တဿ- ထိုကျောင်းစောင့်
အလှည့်ကျသော ရဟန်း၏၊ ပမာဒပစ္စယာ- မေ့လျော့ပေါ့ဆခြင်းဟူသော
အကြောင်းကြောင့်၊ နဿတိ- ၏၊ သဗ္ဗံ- သော၊ တံ- ထိုဘဏ္ဍာသည်၊ ဂိဝါ-
သည်၊ ဟောတိ- ၏။

ဝိဟာရော- ကျောင်းတိုက်သည်၊ မဟာ- ကျယ်ဝန်းသည်၊ သစေ ဟောတိ-
အံ့၊ အညံ ပဒေသံ- အခြားအရပ်ကို၊ ရက္ခိတုံ- ငှာ၊ ဂစ္ဆန္တသ- သွားစဉ်၊ အညသ္မိံ
ပဒေသေ- အခြားအရပ်၌၊ နိက္ခိတ္တံ- ထားအပ်သော ဘဏ္ဍာကို၊ သစေ ဟရန္တိ-
ကုန်အံ့၊ (ဧဝံ သတိ- သော်၊) အဝိသယတ္တာ- မစွမ်းနိုင်သောအရာ၏ အဖြစ်
ကြောင့်၊ ဂိဝါ- သည်၊ န ဟောတိ- မဖြစ်၊ ပန- ဆက်၊ ဤဒိသေ- ဤကဲ့သို့ ရှု
အပ်သော၊ ဝါ- ဤကဲ့သို့ ကျယ်ဝန်းသော၊ ဝိဟာရေ- ၌၊ ဝေမဇ္ဈေ- အလယ်၌၊
သဗ္ဗေသံ- အလုံးစုံသော ရဟန်းတို့၏၊ ဩသရဏဋ္ဌာနေ- သက်ရောက်ရာ
အရပ်၌၊ ပရိက္ခာရေ- တို့ကို၊ ဌပေတွာ- စုထား၍၊ နိသီဒိတဗ္ဗံ- နေရာ၏၊
ဝိဟာရဝါရိကာ ဝါ- ကျောင်းစောင့်အလှည့်၌ ယှဉ်သော ရဟန်းတို့ကိုသော်
လည်း၊ ဝါ- ကျောင်းစောင့်အလှည့်ကျသော ရဟန်းတို့ကိုသော်လည်း၊ ဒွေ
တယော- နှစ်ပါး သုံးပါးတို့ကို၊ ဌပေတွာ- ထားထိုက်ကုန်၏၊ တေသမ္ပိ- ထို
ကျောင်းစောင့်အလှည့်ကျသော ရဟန်းတို့သည်လည်း၊ အပ္ပမတ္တာနံ- မမေ့
မလျော့ကုန်သည်ဖြစ်၍၊ ဣတော စ- ဤအရပ်၌လည်းကောင်း၊ ဣတော စ-
ဤအရပ်၌လည်းကောင်း၊ (တစ်နည်း) ဣတောစိတော စ- ဟိုနေရာ ဒီနေရာ၌၊
ရက္ခတဲ့ယော- စောင့်ရှောက်ကုန်စဉ်ပင်၊ ကိဉ္စိ- တစ်စုံတစ်ခုသော ဘဏ္ဍာသည်၊
သစေ နဿတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဂိဝါ- သည်၊ န ဟောတိ- မဖြစ်၊
ဝိဟာရဝါရိကေ- ကျောင်းစောင့်ရဟန်းတို့ကို၊ ဗန္ဓိတွာ- တုပ်နှောင်၍၊ ဟရိတ-

http://www.dhammadownload.com

ဘဏ္ဍာမို့- ဆောင်ယူအပ်သော ဘဏ္ဍာသည်လည်းကောင်း၊ စောရာနံ- တို့၏၊ ပဋိပထံ- လမ်း၏ ရှေ့ရှုသို့ ဝါ- ခရီးရင်ဆိုင်၊ ဂတေသု- သွားကုန်စဉ်၊ အညေန မဂ္ဂေန- အခြားလမ်းဖြင့်၊ ဟရိတဘဏ္ဍာမို့- သည်လည်းကောင်း၊ တေသံ- ထို ကျောင်းစောင့်ရဟန်းတို့၏၊ ဂီဝါ- သည်၊ န ဟောတိ- မဖြစ်။

ဝိဟာရဝါရိကာနံ- တို့အား၊ ဝိဟာရေ- ၌၊ ဒါတဗ္ဗံ- ပေးအပ်သော၊ ယာဂုဘတ္တံ ဝါ- သည်လည်းကောင်း၊ နိဝါပေါ ဝါ- ရိက္ခာသည်လည်းကောင်း၊ သစေ န ဟောတိ- အံ့၊ (ဧဝံ သတိ- သော်၊) တေဟိ- ထိုကျောင်းစောင့်ရဟန်းတို့သည်၊ ပတ္တဗ္ဗလာဘတော- ရောက်ထိုက် ရထိုက်သော လာဘ်ထက်၊ အတိရေကာ- အပိုအလွန် ဖြစ်ကုန်သော၊ ဒွေ တိဿော- နှစ်ခု သုံးခုကုန်သော၊ ယာဂု- သလာကာ- ယာဂု စာရေးတံတို့ကိုလည်းကောင်း၊ တေသံ- ထိုကျောင်းစောင့် ရဟန်းတို့၏၊ ပဟောနကဘတ္တသလာကာ စ- လောက်သောဆွမ်း စာရေးတံတို့ ကိုလည်းကောင်း၊ ဌပေတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ ပန- ထိုသို့ပင် အပ်ပါသော်လည်း၊ နိဗဒ္ဓံ- အမြဲမပြတ်၊ ကတွာ- ပြု၍၊ န ဌပေတဗ္ဗာ- အပ်ကုန်၊ [တစ်အိမ်တည်း၌ သလာကဘတ်ကို ကျောင်းစောင့်ကိုယ်တော်များအတွက်ချည်း မထားပါနှင့်၊] (ကသ္မာ- နည်း၊) ဟိ ယသ္မာ- အကြင့်ကြောင့်၊ မနုဿာ- တို့သည်၊ "ဝိဟာရ- ဝါရိကာယေဝ- ကျောင်းစောင့် အလှည့်ကျသော ကိုယ်တော်တို့ချည်းသာ၊ အမှာကံ- ငါတို့၏၊ ဘတ္တံ- ကို၊ ဘုဥ္ဇန္တိ- စားနေကြကုန်၏၊" ဣတိ- သို့၊ ဝိပ္ပဋိ- သာရိနော- နှလုံးမသာယာခြင်းရှိကုန်သည်၊ ဟောန္တိ- ဖြစ်တတ်ကုန်၏၊ (ဣတိ တသ္မာ- ထို့ကြောင့်၊ နိဗဒ္ဓံ- အမြဲ၊ ကတွာ- ၍၊ န ဌပေတဗ္ဗာ- ကုန်၊) တသ္မာ- ထိုသို့ အမြဲမထားထိုက်ကုန်သည်၏ အဖြစ်ကြောင့်၊ ပရိဝတ္တေတွာ ပရိဝတ္တေ- တွာ- အခြားသူကိုဖြစ်စေ, အိမ်ကိုဖြစ်စေ ပြောင်းလွဲ၍၊ ဌပေတဗ္ဗာ- ကုန်၏၊ တေသံ- ထိုကျောင်းစောင့် အလှည့်ကျသော ရဟန်းတို့၏၊ သဘာဂါ- သဘော တူရဟန်းတို့သည်၊ သလာကဘတ္တာဒီနိ- တို့ကို၊ အာဟရိတွာ- ကိုယ်စားဆောင်၍၊ သစေ ဒေန္တိ- ကုန်အံ့၊ ဣစ္ဆေတံ- ဤသို့ပေးခြင်းသည်၊ ကုသလံ- ကောင်း၏၊ နော စေ ဒေန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဝါရံ- အလှည့်ကို၊ ဂါဟာပေတွာ-

---

စောရာနံ ပဋိပထံ ဂတေသု။ ။ ခိုးသူများ လာမှန်းသိသောကြောင့် တင်ကြိုသွား၍ အသံပြုမည်ဟု ရှေ့ရှု ရင်ဆိုင်သွားနေကြစဉ်၊ အခြားလမ်းမှ ဝင်၍ အခိုးခံရသော ဘဏ္ဍာအပြင် ခိုးသူများ ခိုးယူသွားသော ဘဏ္ဍာကို ပြန်ယူမည်ဟု ခိုးသူများနောက်ကို လိုက်နေစဉ် အခိုးခံရသော ဘဏ္ဍာသည်လည်း ကျောင်းစောင့်ရဟန်းများအတွက် ကြွေးမြီ မဟုတ်ပါ။

http://www.dhammadownload.com

ယူစေ၍၊ နီဟရာပေတဗ္ဗာနိ- ဆောင်ယူစေထိုက်ကုန်၏၊ [ကျောင်းစောင့် မဟုတ်သော ရဟန်းတို့က တစ်လှည့်စီ ယူပေးကြရမည်။]

ဝိဟာရဝါရိကော- သည်၊ ဒွေ တိဿော- ကုန်သော၊ ယာဂုသလာကာ စ- တို့ကိုလည်းကောင်း၊ စတ္တာရိ ပဉ္စ- လေးခု ငါးခုကုန်သော၊ သလာကဘတ္တာနိ စ- တို့ကိုလည်းကောင်း၊ [နိဒဿနနည်းဖြင့် ဆိုထားရုံမျှသာဖြစ်သည်၊ ထိုထက် လျော့သည်ဖြစ်စေ ပိုသည်ဖြစ်စေ မိမိနှင့် ဝေယျာဝစ္စအတွက် မျှတရုံရခြင်းသာ အဓိက ဖြစ်ပေသည်။] လဘမာနော၁- ရလျက်သာလျှင်၊ ဘိက္ခာစာရံ- သို့၊ သစေ ဂစ္ဆတိ- အံ့၊ (ဧ၀ံ သတိ- သော်၊) ဘဏ္ဍာဂါရိကဿ ဝိယ- ၏ကဲ့သို့၊ သဗ္ဗံ- သော၊ နဠံ- ပျော်သော ဘဏ္ဍာသည်၊ ဂီ၀ါ- သည်၊ ဟောတိ- ၏၊ သံယဿ- ၏။ ၀ါ- မှာ၊ ဝိဟာရပါလာနံ- ကျောင်းစောင့်ရဟန်းတို့အား၊ ဒါတဗ္ဗံ- သော၊ ဘတ္တံ ၀ါ- သည်လည်းကောင်း၊ နိ၀ါပေါ ၀ါ- သည်လည်းကောင်း၊ သစေ နတ္ထိ- အံ့၊ (ဧ၀ံ သတိ- သော်၊) ဘိက္ခူ- တို့သည်၊ ဝိဟာရဝါရံ- ကျောင်းစောင့်လှည့်ကို၊ ဂဟေတွာ- ၍၊ အတ္တနော အတ္တနော- မိမိ မိမိ၏၊ နိဿိတကေ- တပည့်ငယ်တို့ကို၊ ဝိဟာရံ- ကို၊ သစေ ဇဂ္ဂါပေန္တိ- အကယ်၍ စောင့်စေကုန်အံ့၊ (ဧ၀ံ သတိ- သော်၊) သမ္ပတ္တ၀ါရံ- ရောက်လာသော အလှည့်ကို၊ အဂ္ဂဟေတုံ- မယူခြင်းငှာ၊ (မယူဘဲနေခြင်းငှာ၊) န လဘတိ- မရ၊ [သမ္ပတ္တ၀ါရော အဂ္ဂဟေတုံ န လဘတိ-ဟုရှိက သာ၍ကောင်း၏။] အညေ- ကုန်သော၊ ဘိက္ခူ- တို့သည်၊ ကရောန္တိ ယထာ- ပြုကုန်သကဲ့သို့၊ တထေ၀- ထို့အတူသာလျှင်၊ ကာတဗ္ဗံ- ပြုသင့်၏၊ ပန- ထိုသို့ပင် သူများနည်းတူ ပြုရမည် ဖြစ်ပါသော်လည်း၊ ဘိက္ခူဟိ- တို့သည်၊ အသဟာယဿ ၀ါ- အဖော်မရှိသည်မူလည်းဖြစ်သော၊ အတ္တ-ဒုတိယဿ ၀ါ- နှစ်ယောက်မြောက် မရှိသည်မူလည်းဖြစ်သော၊ ယဿ-ယင်းရဟန်း၏၊ ၀ါ- မှာ၊ သဘာဂေါ- သော၊ ဘတ္တံ- ကို၊ အာနေတွာ- ၍၊

နိဿိတကေ။ ။ မိမိတပည့်များကို ဆွမ်းခံကျွေးလျက် မိမိတပည့်များကို ကျောင်းစောင့်ခိုင်းထားသည်။

အသဟာယဿ ၀ါ အတ္တဒုတိယဿ ၀ါ။ ။ အပေါင်းအဖော်မရှိသော ရဟန်းကို "အသဟာယ"ဟု ခေါ်သည်။ "အတ္တာ သရီရမေ၀ ဒုတိယော အဿာတိ-အတ္တဒုတိယော၊" အလိုနည်းသည်ဖြစ်၍ မိမိကိုယ်မှတစ်ပါး အခြားအဖော် မရှိသော ရဟန်းမျိုးသည် "အတ္တဒုတိယ"မည်သည်။ ယဿ သဘာဂေါ-စသော နောက်စကား

http://www.dhammadownload.com

ဒါတာ- ပေးတတ်သော၊ ဘိက္ခု- သည်၊ နတ္ထိ- မရှိ၊ ဧဝရူပဿ- ဤသို့သဘော ရှိသော ရဟန်း၏ အပေါ်၌၊ ဝါရော- ကို၊ န ပါပေတဗ္ဗော- မရောက်စေထိုက်။

ယမ္ပိ- အကြင်ပစ္စည်းကိုလည်း၊ ပါကဝဋ္ဋထ္ထာယ- ချက်အပ်သော ဆွမ်းဝတ် အကျိုးငှာ၊ ဝိဟာရေ- ၌၊ ဌပေန္တိ- ကုန်၏၊ တံ- ထိုပစ္စည်းကို၊ ဂဟေတ္ဝာ- ဝေစု ယူ၍၊ ဥပဇီဝန္တေန- မှီ၍အသက်မွေးသော ရဟန်းသည်၊ ဌာတဗ္ဗံ- စောင့်ရှောက် လှည့်၌ တည်ရာ၏၊ ယော- အကြင်ရဟန်းသည်၊ တံ- ထိုပစ္စည်းကို၊ န ဥပဇီ- ဝတိ- မှီ၍ အသက်မမွေး၊ သော- ထိုရဟန်းကို၊ ဝါရံ- ကို၊ န ဂါဟာပေတဗ္ဗော- မယူစေထိုက်၊ ဖလာဖလတ္ထာယပိ- သစ်သီးငယ် သစ်သီးကြီးကို စောင့်ရှောက် ခြင်း အကျိုးငှာလည်း၊ ဝိဟာရေ- ၌၊ ဘိက္ခု- ကို၊ ဌပေန္တိ- ကုန်၏၊ ဇဂ္ဂိတ္ဝာ- စောင့်ရှောက်၍၊ ဂေါပေတ္ဝာ- လုံခြုံစေ၍၊ ဖလဝါရေန- သစ်သီးလှည့်အားဖြင့်၊ ဘာဇေတ္ဝာ- ဝေဖန်၍၊ ခါဒန္တိ- စားကုန်အံ့၊ ယော- အကြင် ရဟန်းသည်၊ တာနိ- ထိုသစ်သီးတို့ကို၊ ခါဒတိ- အံ့၊ တေန- ထိုရဟန်းသည်၊ ဌာတဗ္ဗံ- စောင့်ရှောက်သော အလှည့်၌ တည်ရာ၏၊ အနုပဇီဝန္တော- မှီ၍ အသက်မမွေး သော ရဟန်းကို၊ န ဂါဟာပေတဗ္ဗော- မယူစေထိုက်၊ သေနာသနမဉ္စပီဌ- ပစ္စတ္ထရဏရက္ခဏတ္ထာယပိ- ကျောင်း၌ ထားအပ်သော ညောင်းစောင်း အင်းပျဉ် အမင်းတို့ကို စောင့်ရှောက်ခြင်း အကျိုးငှာလည်း၊ ဌပေန္တိ- ကုန်အံ့၊ အာဝါသေ- ကျောင်း၌၊ ဝသန္တေန- နေသော ရဟန်းသည်၊ ဌာတဗ္ဗံ- စောင့် ရှောက်လှည့်၌ တည်ရာ၏၊ ပန- ဆက်၊ အဇ္ဈောကာသိကော- လွင်တီးခေါင်၌ နေသည်မူလည်းဖြစ်သော၊ ရုက္ခမူလိကော ဝါ- သစ်ပင်၏ အနီးအောက်၌ နေသည်မူလည်းဖြစ်သော၊ (ဘိက္ခု- ကို၊ ဝါရံ- ကို၊) န ဂါဟာပေတဗ္ဗော- ထိုက်။

ဧကော- တစ်ပါးသည်၊ နဝကော- ရဟန်းငယ်သည်၊ ဟောတိ- ၏၊ ပန- ထိုသို့ပင် ဿီတင်းငယ်ဖြစ်ပါသော်လည်း၊ ဗဟုသုတော- များစွာကြားနာအပ် ပြီးသော ပရိယတ်ရှိသည်၊ ဟုတ္ဝာ- ၍၊ ဗဟူနံ- များစွာသော ရဟန်းတို့အား၊

ရပ်သည် ယင်း"အသဟာယ အတ္ထဒုတိယ"ဟူသော နှစ်ပုဒ်၏ အနက်ကို ပြသော စကားရပ် ဖြစ်သည်၊ (ဝိမတိ၊၁၊၁၉၂။)

ဥပဇီဝန္တေန ဌာတဗ္ဗံ။ ။ ဆွမ်းချက်ရန် ထားအပ်သော ဆန်, ဆီစသည်ကို ဝေစု ယူသောအားဖြင့် မှီ၍ အသက်မွေးသော ရဟန်းသည် သပိတ် သင်္ကန်း စောင့်ရှောက် လှည့်ကျလာလျှင် ထိုအလှည့်၌ တည်ရမည်။ အဇ္ဈောကာသိက-ပုဂ္ဂိုလ်, ရုက္ခမူလိက-ပုဂ္ဂိုလ်ပင် ဖြစ်သော်လည်း အလှည့်မယူဘဲ မနေရ။

http://www.dhammadownload.com

ဓမ္မံ- ပါဠိုအဋ္ဌကထာတရားကို၊ ဝါစေတိ- ဆိုစေ၏၊ ဝါ- ပို့ချ၏၊ ပရိပုစ္ဆံ- အဖန်ဖန် မေးအပ်သော ပြဿနာ၏ အဖြေကို၊ ဝါ- အဋ္ဌကထာကို၊ ဒေတိ- ပေး၏၊ ပါဠိံ- ပါဠိတော်ကို၊ ဝဏ္ဏေတိ- အဋ္ဌကထာဖွင့်သကဲ့သို့ ဖွင့်လှစ်၏၊ ဓမ္မကထံ- တရားစကားကို၊ ကထေတိ- ပြောဟော၏၊ သံယသ- ၏၊ ဘာရံ- ဝန်ကို၊ နိတ္ထရတိ- ထုတ်ဆောင်၏၊ ဝါ- ဆောင်ရွက်၏၊ အယံ- ဤသီတင်းငယ် ရဟန်းကို၊ လာဘံ- လာဘ်ကို၊ ပရိဘုဉ္ဇန္တော်ပိ- သုံးဆောင်သော်လည်းကောင်း၊ အာဝါသေ- ကျောင်း၌၊ ဝသန္တော်ပိ- နေသော်လည်းကောင်း၊ ဝါရံ- ကို၊ နကါဟာပေတဗ္ဗော- မယူစေထိုက်၊ ပုရိသဝိသေသော နာမ- ယောကျ်ားအထူးမည်သည်ကို၊ ဉာတဗ္ဗော- အလိုက်သိထိုက်၏၊ ဣတိ- သို့၊ ဝဒန္တိ- ဆရာတို့ ဆိုကြကုန်၏။

ပန- ဆက်၊ ဥပေါသထာဂါရပဋိမာယရဇဂ္ဂနကဿ- ဥပုသ်ကျောင်းဆောင်ဆင်းတုတော်တိုက်ကို စောင့်ရှောက်သော ရဟန်းအား၊ ဒိဂုဏံ- နှစ်ဆတက် ဖြစ်သော၊ (ဝါစဉ်အားဖြင့် ရအပ်သော အဖို့ထက် နှစ်ဆတက် အဖို့ဖြစ်သော၊) ယာဂုဘတ္တံ- ကိုလည်းကောင်း၊ ဒေဝသိကံ- နေ့တိုင်း၊ တဏ္ဍုလနာ၌- တစ်ကွမ်းစားသော ဆန်ကိုလည်းကောင်း၊ သံဝစ္ဆရေ- တစ်နှစ်၌၊ တိစီဝရံ- ကိုလည်းကောင်း၊ ဒသဒိသ္ဝဂနကံ- တစ်ဆယ်, နှစ်ဆယ်ထိုက်တန်သော၊ ကပ္ပိယဘဏ္ဍဥ္စ- ကိုလည်းကောင်း၊ ဒါတဗ္ဗံ- ပေးရာ၏၊ ပန- ဆက်၊ တဿ- ထိုရဟန်း၏၊ ဝါ- သည်၊ တံ- ထိုယာဂုဆွမ်းအစရှိသည်ကို၊ လဘမာနဿေဝ- ရလျက်သာလျှင်၊ ပမာဒေန- မေ့လျော့ခြင်းကြောင့်၊ (အမှုမဲ့ အမှတ်မဲ့ နေခြင်းကြောင့်၊) တတ္ထ- ထိုကျောင်းတိုက်၌၊ ကိဉ္စိ- တစ်စုံတစ်ခုသော ဘဏ္ဍာသည်၊ သစေ နဿတိ-

---

ပုရိသဝိသေသော ။ ။ ဗဟုဿုတရှိ၍ သံယာကို စာချသောပုဂ္ဂိုလ်, မေးလျှောက်အပ်သော ပြဿနာကို ဖြေသောပုဂ္ဂိုလ်, ပါဠိတော်ကို အဋ္ဌကထာဖွင့်သလို ဖွင့်သောပုဂ္ဂိုလ်, ဤပုဂ္ဂိုလ်မျိုးသည် ဝါကြီးသူကို မဆိုထားဘိ ဝါငယ်သူပင် ဖြစ်သော်လည်း "ပုရိသဝိသေသ" ဖြစ်၏။ သံယာအား ကျေးဇူးများသောကြောင့် အများသံယာကိုကဲ့သို့ တာဝန်ဝတ္တရားကို မပေးပါနှင့်၊ ဗဟုဿုတရှိသော်လည်း ကိုယ့်တပည့် တစ်ပါး, နှစ်ပါးစသည်ကိုသာ စာချ၍ အများသံယာအား ကျေးဇူးမများလျှင်ကား အများထုံးစံအတိုင်းပင် တာဝန်ပေးရမည်။ ရဟန်းသံယာများ၏ ဆွမ်းစားကျောင်းတာဝန် စသည်ကို ယူထားသော ပုဂ္ဂိုလ်သည်လည်း ပုရိသဝိသေသ-ပင်၊ ဓမ္မကထိကပုဂ္ဂိုလ်လည်း သူ၏ လာဘ်က အများသံယာအား ကျေးဇူးများမှ တာဝန်မပေးဘဲ ထားနိုင်သည်။ သူ့လာဘ်ကို သူ့အတွက်နှင့် သူ့ဆိုင်ရာအတွက်သာ သုံးစွဲလျှင် တိုက်တာ၏ တာဝန်ကို ပေးရမည်သာ။ (ပါ။ဘာဋီ၊၃၊၆၂။)

http://www.dhammadownload.com

အံ့၊ (ဧဝံ သတိ- သော်၊) သဗ္ဗံ- အလုံးစုံသော ဘဏ္ဍာသည်၊ ဂီဝါ- သည်၊ ဟောတိ- ၏၊ ဗန္ဓိတ္ဝာ- တုပ်နှောင်၍၊ ပလက္ကာရေန- အားကိုပြုသဖြင့်၊ ဝါ- အနိုင်အထက်၊ အစ္ဆိန္နံ- လုယူအပ်သော ဘဏ္ဍာသည်၊ ဂီဝါ- သည်၊ န ဟောတိ- မဖြစ်။

တတ္ထ- ထိုသို့ စောင့်ရှောက်စေရာ၌၊ စေတိယဿ ဝါ- ၏သော်လည်း ကောင်း၊ သံဃဿ ဝါ- ၏သော်လည်းကောင်း၊ သန္တကေန- ဥစ္စာဖြင့်၊ စေတိယဿ- ၏၊ သန္တကံ- ကို၊ ရက္ခာပေတုံ- စောင့်စေခြင်းငှာ၊ ဝဋ္ဋတိ- ၏၊ စေတိယဿ- ၏၊ သန္တကေန- ဖြင့်၊ သံဃဿ- ၏၊ သန္တကံ- ကို၊ ရက္ခာပေတုံ- ငှာ၊ န ဝဋ္ဋတိ- မအပ်၊ ပန- ဆက်၊ စေတိယဿ- ၏၊ သန္တကေန- နှင့်၊ သဒ္ဓိ-ံ တက္ခ၊ ဝါ- ရောနှော၍၊ သံဃဿ- ၏၊ သန္တကံ- သည်၊ ဝါ- ကို၊ ဒ္ဗပိတံ- ထားအပ်သည်၊ ဟောတိ- အံ့၊ တံ- ထိုဥစ္စာသည်၊ ဝါ- ကို၊ စေတိယသန္တကေ- စေတီ၏ ဥစ္စာကို၊ ရက္ခာပိတေ- စောင့်ရှောက်စေအပ်သော်၊ ရက္ခိတမေဝ- စောင့်ရှောက်အပ်ပြီး သည်သာလျှင်၊ ဟောတိ- ၏၊ ဣတိ- ကြောင့်၊ ဧဝံ- ဤသို့ စောင့်ရှောက်ခြင်းငှာ၊ ဝဋ္ဋတိ- ၏၊ [ဤနည်း၌ စေတီတော်၏ ဥစ္စာဖြင့် သံဃာ့ဥစ္စာကို စောင့်ရှောက်ရာ ရောက်သော်လည်း အပ်၏ဟု ဆိုလိုသည်။] ပက္ခဝါရေန- ဆယ့်ငါးရက် တစ်ကြိမ်အားဖြင့်၊ ဥပေါသထာဂါရာဒီနိ- ဥပုသ်ကျောင်းဆောင်စသည်တို့ကို၊ ရက္ခတောပိ- စောင့်ရှောက်သော ရဟန်း၏လည်း၊ ပမာဒဝသေန- မေ့လျော့ပေါ့ဆခြင်း၏ အစွမ်းဖြင့်၊ နဋ္ဌံ- ပျောက်သော ဘဏ္ဍာသည်၊ ဂီဝါယေဝ- ကြွေးမြီသည်သာလျှင်၊ ဝါ- အစားပေးထိုက်သည်သာလျှင်၊ ဟောတိ- ၏၊ ဣတိ- ဤသို့ မှတ်အပ်၏။

ဣတိ- ဖြင့်၊ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ- ၌၊ ဘဏ္ဍပဋိသာမန- ဝိနိစ္ဆယကထာ- ဘဏ္ဍာကို သိုမှီးသိမ်းဆည်းခြင်း၌ ဆုံးဖြတ်ကြောင်း စကား ရပ်သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

http://www.dhammadownload.com

၁၁။ ကယဝိကွယသမာပတ္တိဝိနိစ္ဆယကထာ

၅၇။ **ကယဝိကွယသမာပတ္တိ**တိ- တို့ ဟူသည်ကား၊ ကယဝိကွယသမာပဇ္ဇန်- ဝယ်မှုရောင်းမှုသို့ ရောက်ခြင်းတည်း၊ ဝါ- ဝယ်မှုရောင်းမှုကို ပြုလုပ်ခြင်းတည်း၊ ဟိ- ခဲ့ဦးအံ့၊ "ကွမိနာ- ဤဝတ္ထုဖြင့်၊ ကွမံ- ဤဝတ္ထုကို၊ ဒေဟိ- ပေးလော့၊" ကွတိ အာဒိနာ- ဤသို့အစရှိသော၊ နယေန- နည်းဖြင့်၊ ပရဿ- သူတစ်ပါး၏၊ ကပ္ပိယဘဏ္ဍံ- အပ်သော ဘဏ္ဍာကို၊ ဂဏှန္တော- ယူသောရဟန်းသည်၊ ကယ်- ဝယ်ခြင်းသို့၊ သမာပဇ္ဇတိ- ရောက်၏၊ အတ္တနော- မိမိ၏၊ ကပ္ပိယဘဏ္ဍံ- ကို၊ ဒေန္တော- ပေးသော ရဟန်းသည်၊ ဝိက္ကယံ- ရောင်းခြင်းသို့၊ သမာပဇ္ဇတိ- ၏၊ ပန- ဆက်၊ အယံ ကယဝိက္ကယော- ဤဝယ်ခြင်း ရောင်းခြင်းသည်၊ ပဒ္ဓ- ကုန်သော၊ သဟဓမ္မိကေ- တို့ကို၊ ဌပေတွာ- ၍၊ အဝသေသေဟိ- ကြွင်းကုန်သော၊ ဂိဟိပဗ္ဗဇိတေဟိ- လူဝတ်ကြောင်, ရသေ့, ပရိဗိုဇ်တို့နှင့်၊ အန္တမသော- အားဖြင့်၊ မာတာပိတူဟိပိ- မိဘတို့နှင့်သော်မှလည်း၊ သဒ္ဓိ- တကွ၊ န ဝဋ္ဋတိ- မအပ်။

တတြ- ထိုသို့လဲလှယ်ရာ၌၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဝိနိစ္ဆယော- တည်း။ ဝတ္ထေန ဝါ- အဝတ်ဖြင့်မူလည်း၊ ဝတ္ထံ- အဝတ်သည်၊ (ကယဝိက္ကယိတံ- ဝယ်အပ် ရောင်းအပ်သည်၊ ဝါ- လဲလှယ်အပ်သည်၊) ဟောတု- ဖြစ်ပါစေ၊ ဘတ္တေန ဝါ- ဆွမ်းဖြင့်မူလည်း၊ ဘတ္တံ- သည်၊ (ကယဝိက္ကယိတံ- သည်၊) ဟောတု- ဖြစ်ပါစေ၊ ယံ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ကပ္ပိယံ- အပ်သော ဝတ္ထုကို၊ " ကွမိနာ- ဤဝတ္ထုဖြင့်၊ ကွမံ- ဤဝတ္ထုကို၊ ဒေဟိ- ပေးလော၊ " ကွတိ- သို့၊ ဝဒတိ- ပြောအံ့၊ (ဒါယကာထံ ရဟန်းကိုယ်တိုင်လဲရန် ပြောအံ့၊) ဒုက္ကဋံ- သည်၊ ဟောတိ- ၏။ ဧဝံ- သို့၊ ဝတ္တာ- ၍၊ မာတုယာပိ- အမိအားသော်လည်း၊ အတ္တနော- မိမိ၏၊ ဘဏ္ဍံ- ကို၊ ဒေတိ- အံ့၊ ဒုက္ကဋံ- သည်၊ ဟောတိ- ဖြစ်၏၊ ကွမိနာ ကွမံ ဒေဟီတိ- ဟိဟူ၍၊ ဝုတ္တော- ပြောအပ်သည်၊ ဟုတ္တာ ဝါ- ဖြစ်၍သော်လည်းကောင်း၊ [ဒါယကာက မိမိထံလာ၍ လဲပုံကို ပြသောစကား၊] "ကွမံ- ဤဝတ္ထုကို၊ ဒေဟိ- ပေးလော၊ ကွမံ- ဤဝတ္ထုကို၊ တေ- သင့်အား၊ ဒဿာမိ-

---

ကယဝိကွယသမာပတ္တိ ။ ။ ကယနံ- ကယော၊ ဝယ်ခြင်း။ ဝိက္ကယနံ- ဝိက္ကယော၊ ရောင်းခြင်း။ ကယော စ + ဝိက္ကယော စ- ကယဝိက္ကယံ။ သမာပဇ္ဇန်- သမာပတ္တိ၊ ကယဝိက္ကယဿ + သမာပတ္တိ- ကယဝိက္ကယသမာပတ္တိ၊ ဝယ်ခြင်း ရောင်းခြင်းသို့ ရောက်ခြင်း၊ ဝယ်မှု ရောင်းမှုကို ပြုလုပ်ခြင်း။

http://www.dhammadownload.com

အံ့၊" ဣတိ- သို့၊ ဝတ္တာ ဝါ- ပြော၍သော်လည်းကောင်း၊ [ရဟန်းက ဒါယကာထံသွား၍ လဲလှယ်ပုံကို ပြသောစကား။] မာတုယာပိ- အမိ၏ သော်လည်း၊ ဘဏ္ဍံ- ကို၊ အတ္တနာ- မိမိသည်၊ ဝါ- က၊ ဂဏှာတိ- ယူအံ့၊ ဒုက္ကဋံ- သည်၊ ဟောတိ- ၏၊ အတ္တနော- ၏၊ ဘဏ္ဍေ- သည်၊ ပရဟတ္ထံ- သူတစ်ပါးလက်သို့၊ သမ္ပတ္တေ- ရောက်သော်လည်းကောင်း၊ ပရဘဏ္ဍေ- သူတစ်ပါး ဘဏ္ဍာသည်၊ အတ္တနော- ၏၊ ဟတ္ထံ- လက်သို့၊ သမ္ပတ္တေ စ- ရောက်သော် လည်းကောင်း၊ နိဿဂ္ဂိယံ- သော၊ ပါစိတ္တိယံ- သည်၊ ဟောတိ- ၏။ [လဲဖို့ ပြောတုန်းက ဒုက္ကဋ်၊ လဲပြီးလျှင် နိဿဂ္ဂိယပါစိတ်၊]

ပန- ဆက်၊ မာတရံ ဝါ- အမိကိုလည်းကောင်း၊ ပိတရံ ဝါ- အဖကိုလည်းကောင်း၊ ဣမံ ဒေဟီတိ- ဟိဟူ၍၊ ဝါ- ဒါကို ပေးပါဟူ၍၊ ဝဒတော- ပြောသော ရဟန်း၏၊ ဝိညတ္တိ- တောင်းခြင်းသည်၊ န ဟောတိ- မဖြစ်၊ (ဝိညတ္တိဒုက္ကဋ်မသင့်၊) ဣမံ ဂဏှာဟီတိ- ဟိ-ဟူ၍၊ ဝါ- ဒါကို ယူပါဟူ၍၊ ဒဒတော- ပေးသော ရဟန်း၏၊ သဒ္ဓါဒေယျဝိနိပါတနံ- သဒ္ဓါဒေယျဝိနိပါတနဒုက္ကဋ်သည်၊ န ဟောတိ- မဖြစ်၊ (ဣမိနာ ဣမံ ဒေဟီတိ- ဟိ-ဟူ၍၊ ကယဝိက္ကယံ- သို့၊ အာပဇ္ဇတော- ရောက်သော ရဟန်း၏၊ နိဿဂ္ဂိယံ- သည်၊ ဟောတိ- ၏။) အညာတကံ- ဆွေမျိုးမဟုတ်သူကို၊ ဣမံ ဒေဟီတိ- ဟိ-ဟူ၍၊ ဝဒတော- ပြောသော ရဟန်း၏၊ ဝိညတ္တိ- ဝိညတ်သည်၊ ဟောတိ- ၏၊ ဣမံ ဂဏှာဟီတိ- ဟိ-ဟူ၍၊ ဒဒတော- ၏၊ သဒ္ဓါဒေယျဝိနိပါတနံ- သည်၊ ဟောတိ- ၏၊ ဣမိနာ ဣမံ ဒေဟီတိ- ဟိ ဟူ၍၊ ကယဝိက္ကယံ- သို့၊ အာပဇ္ဇတော- ၏၊ နိဿဂ္ဂိယံ- သည်၊ ဟောတိ- ၏၊ တသ္မာ- ကြောင့်၊ ကပ္ပိယဘဏ္ဍံ- ကို၊ ပရိဝတ္တန္တေန- လဲလှယ်သော ရဟန်းသည်၊ မာတာပိတူဟိပိ- တို့နှင့်လည်း၊ သဒ္ဓိံ- တကွ၊ ကယဝိက္ကယံ- ကယဝိက္ကယ အာပတ်ကိုလည်းကောင်း၊ အညာတကေဟိ- ဆွေမျိုးမဟုတ် သူတို့နှင့်၊ သဒ္ဓိံ- တကွ၊ တိဿော- သုံးပါးကုန်သော၊ အာပတ္တိယော- အာပတ် တို့ကိုလည်းကောင်း၊ မောစေန္တေန- လွတ်စေလျက်၊ ပရိဝတ္တေတဗ္ဗံ- လဲလှယ်ရာ၏။

တဿာ။ပေ။ ပရိဝတ္တေတဗ္ဗံ ။ ။ လဲလှယ်မှုနှင့်စပ်၍ ယူခြင်း, ပေးခြင်း, လဲလှယ်ခြင်းဟူသော ကြိယာသုံးမျိုး၊ မိဘ, ကြွင်းသောဆွေမျိုး, ဆွေမျိုးမဟုတ်သူဟူသော ပုဂ္ဂိုလ်သုံးမျိုးတို့ကို ဦးစွာမှတ်သားသင့်သည်၊ ထိုတွင် မိဘပစ္စည်းကို တောင်းယူခြင်းကြောင့် ဝိညတ္တိဒုက္ကဋ်မသင့်၊ ကိုယ့်ပစ္စည်းကို ပေးခြင်းကြောင့်လည်း သဒ္ဓါဒေယျဝိနိပါတနဒုက္ကဋ် မသင့်၊ ကိုယ့်ပစ္စည်းနှင့် မိဘပစ္စည်းကို မအပ်သောနည်းဖြင့် လဲလှယ်လျှင် နိဿဂ္ဂိယပါစိတ်သင့်သည်။

http://www.dhammadownload.com

တတြ- ထိုသို့လဲလှယ်ရာ၌၊ အယံ- ကား၊ ပရိဝတ္တနဝိဓိ- လဲလှယ်ပုံအစီအစဉ်တည်း၊ ဘိက္ခုဿ- ၏၊ ဝါ- မှာ၊ ပါထေယျတဏ္ဍုလာ- လမ်းစာရိက္ခာ ဆန်တို့သည်၊ ဟောန္တိ- ရှိကုန်၏၊ သော- ထိုရဟန်းသည်၊ အန္တရာမဂ္ဂေ- လမ်းခရီးအကြား၌၊ ဘတ္တဟတ္ထံ- လက်၌ ထမင်းရှိသော၊ ပုရိသံ- ကို၊ ဒိသွာ- ၍၊ "အမှာကံ- တို့၏၊ ဝါ- တို့မှာ၊ တဏ္ဍုလာ- တို့သည်၊ အတ္ထိ- ကုန်၏၊ နော- ငါတို့အား၊ ဣမေဟိ စ- ဤဆန်တို့ဖြင့်လည်း၊ အတ္ထော- အလိုသည်၊ န အတ္ထိ- မရှိ၊ ဘတ္တေန ပန- ထမင်းဖြင့်ကား၊ အတ္ထော- သည်၊ အတ္ထိ- ရှိ၏၊" ဣတိ- သို့၊ ဝဒတိ- ပြောအံ့၊ ပုရိသော- သည်၊ တဏ္ဍုလေ- တို့ကို၊ ဂဟေတွာ- ယူ၍၊ ဘတ္တံ- ကို၊ ဒေတိ- အံ့၊ ဝဋ္ဋတိ- ၏၊ တိသ္သောပိ- သုံးပါးလည်း ဖြစ်ကုန်သော၊ အာပတ္တိယော- တို့သည်၊ န ဟောန္တိ- မဖြစ်ကုန်၊ [အညာတကဝိညတ္တိဒုက္ကဋ်, သဒ္ဒါဒေယျဝိနိပါတနဒုက္ကဋ်, ကယဝိက္ကယနိဿဂ္ဂိယပါစိတ်အာပတ်များ မသင့်။] အန္တမသော- အားဖြင့်၊ နိမိတ္တကမ္မမတ္တမ္ပိ- နိမိတ်ပြုခြင်းမျှသည်လည်း၊ န ဟောတိ- မဖြစ်၊ ကသ္မာ- နည်း၊ မူလဿ- အရင်းခံဖြစ်သော ဆန်၏၊ အတ္ထိတာယ- ရှိသည်၏ အဖြစ်ကြောင့်တည်း။

ပန- ဆက်၊ ယော- အကြင်ရဟန်းသည်၊ ဧဝံ- သို့ အကတ္တာ- မပြုမူ၍၊ "ဣမိနာ-ဤဝတ္ထုဖြင့်၊ ဣမံ- ဤဝတ္ထုကို၊ ဒေဟိ- ပေးလော၊" ဣတိ- ဤသို့ပြော၍၊ ပရိဝတ္တေတိ- လဲလှယ်အံ့၊ ယထာဝတ္ထုကမေဝ- အကြင်အကြင်ဝတ္ထု အတိုင်းသာတည်း၊ ဝါ- ဝတ္ထုအားလျော်သော နိဿဂ္ဂိယပါစိတ်သာတည်း၊ ဝိယာသာဒံ- စားကြွင်းစားကို၊ [ဝိရူပေါ+ ယာသော- ဝိယာသော၊ ဝိယာသံ အဒတိ ဘက္ခတီတိ- ဝိယာသာဒေါ] ဒိသွာ- ၍၊ "ဣမံ သြဒနံ- ဤထမင်းကို၊ ဘုဉ္ဇိတွာ- စားပြီး၍၊ ရဇနံ- ဆိုးရည် (ခေါက်) ကို၊ အာဟရ- ဆောင်ယူခဲ့လော၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ "ဒါရူနိ- ထင်းတို့ကို၊ အာဟရ- လော၊" ဣတိ ဝါ- ကောင်း၊ ဝဒတိ- ပြောအံ့၊ ရဇနဆလ္လိဂဏာယ- ဆိုးရည်ခေါက်တို့၏ အရေအတွက်အားဖြင့်လည်းကောင်း၊ ဒါရုဂဏာယ စ- ထင်းတို့၏ အရေအတွက်အားဖြင့်လည်းကောင်း၊ နိဿဂ္ဂိယာနိ- နိဿဂ္ဂိယပါစိတ်အာပတ်တို့သည်၊ ဟောန္တိ- ကုန်၏၊ "ဣမံ သြဒနံ- ကို၊ ဘုဉ္ဇိတွာ- ၍၊ ဣမံ နာမ- ဤ မည်သော အမှူကို၊ ကရောထ- ပြုကုန်လော၊" ဣတိ- ဤသို့ပြော၍၊ ဒန္တကာရာဒီဟိ- ဆင်စွယ်ပွတ်သမား အစရှိကုန်သော၊ သိပ္ပိကေဟိ- အတတ်သည်တို့ကို၊ ဓမက-ရဏာဒီသု- ဓမကရိဏ်အစရှိသည်တို့တွင်၊ တံ တံ ပရိက္ခာရံ- ထိုထိုပရိက္ခရာကို၊

http://www.dhammadownload.com

ကာရေတိ- ပြုစေအံ့၊ ရဇကေဟိ ဝါ- ခဝါသည်တို့ကိုသော်လည်း၊ ဝတ္ထံ- အဝတ်ကို၊ ဓောဝါပေတိ- ဖွပ်စေအံ့၊ ယထာဝတ္ထုကမေဝ- ဝတ္ထုအားလျော်သော နိဿဂ္ဂိပါစိတ်အာပတ်သာတည်း၊ နဟာပိတေန- ဆတ္တာသည်ကို၊ ကေသေ- ဆံတို့ကို၊ ဆိန္ဒာပေတိ- ဖြတ်စေအံ့၊ (တစ်နည်း) ကေသေ ဆိန္ဒာပေတိ- ခေါင်းရိတ်ခိုင်းအံ့၊ ကမ္မကာရေဟိ- အလုပ်သမားတို့ကို၊ နဝကမ္မံ- အမှုသစ်ကို၊ ကာရေတိ- အံ့၊ ယထာဝတ္ထုကမေဝ- ဝတ္ထုအားလျော်သော နိဿဂ္ဂိပါစိတ်အာပတ်သာတည်း။

["ဣမံ ဩဒနံ ဘုဥ္ဇိတွာ"စသည်ကို နောက်ဝါကျများနှင့်လည်း ယှဉ်စပ်ပေးပါ၊ "ဤထမင်းကို စားပြီး၍ ဆိုးရည်ခေါက် ယူခဲ့စမ်းပါ"စသည်ဖြင့် စကားတစ်ဆက်တည်းခိုင်းလျှင် ကယဝိက္ကယဖြစ်သည်၊ ယင်းကယဝိက္ကယအားလျော်စွာ နိဿဂ္ဂိပါစိတ်သင့်ရသည်၊]

ပန- ဆက်၊ "ဣဒံ ဘတ္တံ- ကို၊ ဘုဥ္ဇိတွာ- ၍၊ ဣဒံ- ဤအလုပ်ကို၊ ကရောထ- ပြုကြကုန်လော၊" ဣတိ- သို့၊ သစေ န ဝဒတိ- အကယ်၍ စကားတစ်ဆက်တည်း မပြောအံ့၊ "ဣဒံ ဘတ္တံ- ကို၊ ဘုဥ္ဇ- လော၊ ဘုတ္တော- စားပြီးသည်၊ အသိ- ဖြစ်၏၊ ဘုဥ္ဇိဿသိ- စားရလတ္တံ့၊ ဣဒံ နာမ- ဤမည်သော အလုပ်ကို၊ ကရောဟိ- လုပ်လော၊" ဣတိ- သို့၊ သစေ ဝဒတိ- အကယ်၍ စကားတစ်ရပ်စီ ဖြတ်လျက် ပြောအံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဌတိ- ၏။

ကြွင်းသော ဆွေမျိုး (ပဝါရိတပုဂ္ဂိုလ်) တို့၏ပစ္စည်းကို တောင်းယူခြင်းကြောင့် ဝိညတ္တိဒုက္ကဋ်မသင့်၊ ကိုယ့်ပစ္စည်းကို ပေးခြင်းကြောင့် သဒ္ဓါဒေယျဝိနိပါတနဒုက္ကဋ်သင့်သည်၊ လဲလှယ်လျှင် နိဿဂ္ဂိပါစိတ်သင့်သည်။ (အာပတ် ၂-ချက်။)

ဆွေမျိုးမတော်သူ (အပ္ပဝါရိတ) တို့၏ ပစ္စည်းကို တောင်းယူလျှင် ဒုက္ကဋ်၊ ကိုယ့်ပစ္စည်းကို ပေးလျှင်လည်း ဒုက္ကဋ်၊ လဲလှယ်လျှင် နိဿဂ္ဂိပါစိတ်သင့်သည်၊ (အာပတ် ၃-ချက်။) အဌကထာ၌ကား မိဂပဒဝလဥ္ဇနနည်းအရ ကြွင်းသော ဆွေမျိုးများကို မပြဘဲ ချန်ထားခဲ့သည်။

ဣဒံ ဘတ္တံ ဘုဥ္ဇ။ပ။ ဝဋ္ဌတိ။ ။ "ဤထမင်းကို စားလော"ဟု စကားတစ်ရပ်ဖြတ်ပြီးမှ ဤအလုပ်ကို လုပ်ပေးလော-ဟု စကားတစ်ရပ်ဖြင့်ခိုင်းလျှင် ထမင်းဖြင့် အလုပ်ကို လဲရာမရောက်၊ ထို့ကြောင့် အပ်သည်ဟု ဆိုထားသည်၊ "မင်း ထမင်းစားပြီးမှ ပဲ အလုပ်လုပ်ပါတော့လား၊ ဘာ့ကြောင့် မလုပ်သေးသလဲ"ဟု ပြောသော်မှ အပြစ်မရှိဟု ဋီကာဆရာ မိန့်ဆိုထားသည်။

http://www.dhammadownload.com

စ- ဆက်၊ ဧတ္ထ- ဤသို့ခိုင်းရာ၌၊ ဝတ္ထုဓောဝနေ ဝါ- အဝတ်ကို ဖွပ်ခြင်း၌ သော်လည်းကောင်း၊ ကေသစ္ဆေဒနေ ဝါ- ဆံပင်ကို ဖြတ်ခြင်း၌သော်လည်း ကောင်း၊ ဘူမိသောဓနာဒိနဝကမ္မေ ဝါ- မြေကို သုတ်သင်ခြင်းအစရှိသော အမှုသစ်၌သော်လည်းကောင်း၊ အတ္တနော- ၏၊ ဟတ္ထဂတံ- လက်သို့ရောက်လာသော၊ နိဿဇ္ဇိတဗ္ဗံ နာမ- စွန့်ထိုက်သည်မည်သော၊ ပရဘဏ္ဍံ- သူတစ်ပါး၏ ဘဏ္ဍာသည်၊ ကိဉ္စာပိ နတ္ထိ- အကယ်၍ကား မရှိပါပေ၊ ပန- ထိုသို့ပင် မရှိပါသော်လည်း၊ **မဟာအဋ္ဌကထာယံ**- ၌၊ ဒဋ္ဌံ- ခိုင်မြဲစွာ၊ ကတွာ- ၍၊ ဝုတ္တတ္တာ- ဆိုအပ်ကုန်သည်၏ အဖြစ်ကြောင့်၊ ဧတံ- ဤမဟာအဋ္ဌကထာစကားကို၊ ပဋိက္ခိပိတုံ- ပယ်ခြင်းငှာ၊ န သက္ကာ- မတတ်ကောင်း၊ တသ္မာ- ကြောင့်၊ နိဿဂ္ဂိယဝတ္ထုမှိ- နိဿဂ္ဂိယဝတ္ထုသည်၊ ဝါ- ကို၊ ပရိဘုတ္တေ ဝါ- သုံးစွဲအပ်ပြီးသော်လည်းကောင်း၊ နဒ္ဒေ ဝါ- ပျောက်သော်လည်းကောင်း၊ ပါစိတ္တိယံ- ပါစိတ်အာပတ်ကို၊ ဒေသေတိ ယထာ- ဒေသနာပြောရသကဲ့သို့၊ ဧဝံ- ဤအတူ၊ ဣဓာပိ- ဤအဝတ်ဖွပ်ခြင်းစသည်တို့၌လည်း၊ ဒေသေတဗ္ဗံ- ဒေသနာပြောရာ၏။

ယံ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ကပ္ပိယဘဏ္ဍံ- ကို၊ ဂဏှိတုကာမတာယ- ယူလိုသည်၏ အဖြစ်ကြောင့်၊ အဋ္ဌံ- တန်ဖိုးကို၊ ပုစ္ဆိတုံ- မေးခြင်းငှာ၊ ဝဋ္ဋတိ- ၏၊ တသ္မာ- ကြောင့်၊ "တဝ- သင်ဒါယကာ၏၊ အယံ ပတ္တော- ဤသပိတ်သည်၊ ကိံ- အဘယ်ကို၊ အဋ္ဌတိ- ထိုက်တန်သနည်း၊ (တစ်နည်း) ကိံ အဋ္ဌတိ- ဘယ်လောက်တန်သနည်း၊" ဣတိ- သို့၊ ပုစ္ဆိတေ- မေးအပ်သော်၊ (ပုစ္ဆိတောမေးအပ်သော ဒါယကာသည်) "ဣဒံ နာမ- ဤမည်သော အဖိုးကို၊ အဋ္ဌတိထိုက်တန်၏၊" ဣတိ- သို့၊ ဝဒတိ- အံ့၊ အတ္တနော- ၏၊ ကပ္ပိယဘဏ္ဍံ- သင်္ဃန်းစသော ကပ္ပိယဘဏ္ဍာသည်၊ မဟဋ္ဌံ- များသော အဖိုးရှိသည်၊ သစေ ဟောတိ- အံ့၊ "ဥပါသက- ဒါယကာ၊ မမ- ငါ၏၊ ဣဒံ ဝတ္ထုံ- သည်၊ မဟဋ္ဌံ- များသော အဖိုးရှိ၏။ တဝ- သင်၏၊ ပတ္တံ- ကို၊ အညဿ- အား၊ ဒေဟိ- ပေးလိုက်လော၊"

ဧတ္ထ စ။ပ။ ဒေသေတဗ္ဗံ။ ။ တစ်စုံတစ်ခုသော ကပ္ပိယဝတ္ထုကိုပေး၍ ကိုယ်တိုင် ခဝါသည်ကို အဖွပ်ခိုင်းခြင်း ဆတ္တာသည်ကို ခေါင်းရိတ်ခိုင်းခြင်းတို့၌ ကယဝိက္ကယ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်ဟု ဆိုရာ၌ စွန့်စရာဝတ္ထု မရှိပါသော်လည်း နိဿဂ္ဂိယပါစိတ်အာပတ်သင့်သည်ဟု အဋ္ဌကထာတို့၌ ခိုင်ခိုင်မြဲမြံ ဆိုထားသောကြောင့် ထိုစကားကို မပယ်သင့်၊ ထိုကြောင့် နိဿဂ္ဂိယပစ္စည်းကို စားသောက်ပြီး ပျောက်ပြီးဖြစ်၍ စွန့်စရာမရှိသော်လည်း နိဿဂ္ဂိယပါစိတ်အာပတ်ကို ဒေသနာပြောရသကဲ့သို့ အဝတ်ဖွပ်ခိုင်းခြင်း ခေါင်းရိတ်ခိုင်းခြင်းတို့၌လည်း နိဿဂ္ဂိယပါစိတ်အာပတ်ကို ဒေသနာပြောရမည်။

http://www.dhammadownload.com

ကျတိ ဧဝဉ္စ- ဤသို့လည်း၊ နံ- ထိုစျေးသည်ကို၊ ပဋိဝဒတိ- တစ်ဖန်ပြောအံ့၊ တံ- ထို စကားကို၊ သုတ္တာ- ၍၊ ကျတရော- ရဟန်းမှတစ်ပါးသော စျေးသည်သည်၊ "အည်- သပိတ်မှ အခြားသော၊ ထာလကမ္မိ- ခွက်ကိုလည်း၊ ဒဿာမိ- ပေးပါဦးအံ့၊" ကျတိ- သို့၊ သစေ ဝဒတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဂဏှိတုံ- ဌာ၊ ဝဋ္ဋတိ- ၏၊ သော ပတ္တော- ထိုစျေးသည်သပိတ်သည်၊ မဟဗ္ဘော- များသော တန်ဖိုးရှိသည်၊ သစေ ဟောတိ- အံ့၊ ဘိက္ခုနော- ၏၊ ဝတ္ထု- ထီး, ဖိနပ် စသော ဝတ္ထုသည်၊ အပ္ပဗ္ဘံ- နည်းသော အဖိုးရှိသည်၊ သစေ ဟောတိ- အံ့၊ ပတ္တ- သာမိကော စ- သပိတ်ရှင်သည်လည်း၊ အသ- ထိုဖိနပ်စသော ဝတ္ထု၏၊ အပ္ပဗ္ဘ- ဘာဝံ- နည်းသော အဖိုးရှိသည်၏အဖြစ်ကို၊ သစေ နံ ဇာနာတိ- အံ့၊ (ဧဝံ သတိ- သော်၊) ပတ္တော- ကို၊ နံ ဂဟေတဗ္ဗော- မယူထိုက်၊ (လှည့်ပတ်ယူရာ ကျသောကြောင့် မယူထိုက်၊) "မမ- ငါ၏၊ ဝတ္ထု-သည်၊ အပ္ပဗ္ဘံ- ရှိ၏၊" ကျတိ- သို့၊ အာစိက္ခိတဗ္ဗံ- ပြောရာ၏၊ ဟိ- အပြစ်ကို ပြဦးအံ့၊ မဟဗ္ဘဘာဝံ- စျေးသည်သပိတ်က များသော အဖိုးရှိသည်၏ အဖြစ်ကို၊ ဉတ္တာ- ၍၊ ဝဉ္စေတ္တာ- လှည့်ပတ်၍၊ ဂဏှန္တော်ပိ- ယူသော ရဟန်းသည်လည်း၊ ဘဏ္ဍံ- ယူအပ်သော ဘဏ္ဍာကို၊ အဂ္ဃါပေတ္တာ- တန်ဖိုးဖြတ်စေ၍၊ ကာရေတဗ္ဗတံ- ပြုစေထိုက်သူ၏ အဖြစ်သို့၊ အာပဇ္ဇတိ- ရောက်၏၊ ပတ္တသာမိကော- သည်၊ "ဘန္တေ- ရား၊ ဟောတု- ရှိပစေ၊ သေသံ- အကြွင်းအကျန်အပိုသည်၊ မမ- တပည့်တော်၏၊ ပုညံ- ကောင်းမှုသည်၊ ဘဝိဿတိ- ဖြစ်ပါလိမ့်မည်၊" ကျတိ- ဤသို့ပြော၍၊ သစေ ဒေတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ- ၏။

ပန- ဆက်၊ ကပ္ပိယကာရကဿ- ကပ္ပိယကာရကအား၊ "ကျမိနာ- ဤဝတ္ထု ဖြင့်၊ ကျမံ- ဤဝတ္ထုကို၊ ဂဟေတ္တာ- ၍၊ ဒေဟိ- ပေးလော၊" ကျတိ- သို့ အာစိက္ခိတုံ- ဌာ၊ ဝဋ္ဋတိ-၏၊ တသ္မာ- ကြောင့်၊ ယဿ- အကြင်စျေးသည်၏၊ ဟတ္ထတော-

---

ဂဏှိတုံ ဝဋ္ဋတိ။ ။ "မမ ကျဒံ ဝတ္ထု"စသော အဋ္ဌကထာစကားသည် "ကျဒံ အမှာကံ အတ္ထိ"ဟူသော ပါဠိတော်အနာပတ္တိဝါရစကားနှင့် သဘောလက္ခဏာတူညီ၏၊ ထို့ကြောင့် ယူခြင်းငှာ အပ်သည်။

ဘဏ္ဍံ အဂ္ဃါပေတ္တာ။ပ။ အာပဇ္ဇတိ ။ ။ ပုန်းလျှိုးကွယ်လျှိုး ကောက်ကျစ်သော အမှုဖြင့် ခိုးယူခြင်း (ထေယျာဝဟာရ) ဖြစ်သင့်သောကြောင့် ဘဏ္ဍာတန်ဖိုးအလိုက် အာပတ်တပ်၍ ဆုံးဖြတ်ရမည်။ ဘဏ္ဍာတန်ဖိုးက တစ်ပဲအောက် ယုတ်လျော့နေလျှင် ဒုက္ကဋ်အာပတ်သင့်သည်၊ တစ်ပဲ, တစ်ပဲမှအထက်, ငါးပဲအောက်ယုတ်လျော့နေလျှင် ထုလ္လစ္စဉ်းအာပတ်သင့်သည်၊ ငါးပဲ ငါးပဲထက်ပိုနေလျှင် ပါရာဇိကကျသည်။

http://www.dhammadownload.com

လက်မှ၊ ဘဏ္ဍံ- ကို၊ ဂဏှာတိ- ယူလို၏၊ တံ- ထိုဈေးသည်ကို၊ ဌပေတွာ- ထား၍၊ အညံ- အခြားသူကို၊ အန္တမသော- အားဖြင့်၊ တဿ- ထိုဈေးသည်၏၊ ပုတ္တဘာတိကမ္မိ- သား, ညီကိုသော်လည်း၊ ကပ္ပိယကာရကံ- ကို၊ ကတွာ- ၍၊ "ဣမိနာ- ဖြင့်၊ ဣမံ နာမ- ဤမည်သော ဝတ္ထုကို၊ ဂဟေတွာ- ၍၊ ဒေဟိ- လော၊" ဣတိ- သို့၊ အာစိက္ခတိ- ပြောအံ့၊ သော- ထိုကပ္ပိယကာရကသည်၊ ဆဧကော- ပါးနပ်သည်၊ စေ ဟောတိ- အံ့၊ ပုနပ္ပုနံ- အဖန်ဖန် အထပ်ထပ်၊ အပနေတွာ- ဖယ်ရှား၍၊ ဝိဝဒိတွာ- ဆန့်ကျင်ဘက် ပြောဆို၍၊ (ဈေးဆစ်၍) စေ ဂဏှာတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဘိက္ခုနာ- သည်၊ တုဏှီဘူတေန- ဆိတ်ဆိတ်ဖြစ်၍ဖြစ်သည်၊ ဟုတွာ- ၍၊ ဌာတဗ္ဗံ- တည်ရာ၏၊

[ကပ္ပိယက ပစ္စည်းကို ရွှေးချယ်ဈေးဆစ်၍ယူနေသောကြောင့် ရဟန်း က မိမိသဘောကျဖြစ်၍ ဘာမျှမပြောဘဲ တိတ်တိတ်နေရမည်။]

သော- ထိုကပ္ပိယကာရကသည်၊ ဆဧကော- သည်၊ နော စေ ဟောတိ- အံ့၊ ဂဟေတုံ- ငှာ၊ စေ နံ ဇာနာတိ- အကယ်၍ နားမလည်အံ့၊ ဝါဏိဇကော စ- ကုန်သည်သည်လည်း၊ တံ- ထိုကပ္ပိယကာရကကို၊ စေ ဝဉ္စေတိ- အကယ်၍ လှည့်ပတ်နေအံ့၊ ဝါ- ညာနေအံ့၊ (ဧဝံ သတိ- သော်၊) "မာ ဂဏှာဟိ- မယူနှင့်တော့၊" ဣတိ- သို့၊ ဝတ္တဗ္ဗော- ၏။

"အမှာကံ- တို့၏၊ ဝါ- တို့မှာ၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်ပြီးသော၊ ဣဒံ တေလံ ဝါ- ဤဆီသည်လည်းကောင်း၊ ဣဒံ သပ္ပိ ဝါ- ဤထောပတ်သည်လည်းကောင်း၊ အတ္ထိ-၏၊ အမှာကဉ္စ- ငါတို့အားလည်း၊ အညေန- အခြားသော၊ အပဋိဂ္ဂဟိတကေန- အကပ်မခံအပ်သေးသော ဆီဖြင့်၊ ဝါ- ထောပတ်ဖြင့်၊ အတ္ထော- အလိုသည်၊ အတ္ထိ- ရှိ၏၊" ဣတိ- သို့၊ ဝုတ္တေ ပန- ပြောအပ်သော်ကား၊ သော- ထိုဈေးသည်သည်၊ တံ- ထိုအကပ်ခံအပ်ပြီးသော ဝတ္ထုကို၊ ဂဟေတွာ- ၍၊ အညံ- အခြားဝတ္ထုကို၊ သစေ ဒေတိ- အံ့၊ (ဧဝံ သတိ- သော်၊) ပဌမံ- ရှေးဦးစွာ၊ အတ္တနော- ၏၊ တေလံ- အကပ်ခံအပ်ပြီးသော ဆီကို၊ နဓိနာပေတဗ္ဗံ- မချင့်စေထိုက်၊ ကသ္မာ- နည်း၊ ဟိ ယသ္မာ- အကြင့်ကြောင့်၊

ပဌမံ။ပေ။ ဒုဿေယျ။ ။ ရဟန်း၏ အကပ်ခံပြီးဆီနှင့် ဈေးသည်၏ဆီကို လဲသောအခါ ဆီဗူး (ချင့်ခွက်) မှာ ထည့်၍ ဆီကို ချင့်ရလိမ့်မည်၊ ထိုသို့ချင့်သောအခါ ရဟန်း၏ဆီကို အလျင် (ရှေးဦးစွာ) မချင့်ပါနှင့်၊ အဘယ့်ကြောင့်နည်း၊ ရဟန်း၏ဆီက အကပ်ခံပြီးဖြစ်၍ ဆီဗူး၌ ကပ်ကျန်ရစ်သော ယင်းအကပ်ခံပြီးဆီသည် နောက်မှချင့်သော

http://www.dhammadownload.com

နာဠိယ်- ဆီကျည်တောက်၌၊ အဝသိဋ္ဌတေလံ- ကြွင်းကျန်သော ဆီသည်၊ ဟောတိ- ဖြစ်၏။ တံ- ထိုကြွင်းကျန်သော ဆီသည်၊ ပစ္ဆာ- နောက်မှ၊ မိနန္တသ-ချင့်သော စျေးသည်၏၊ အပဂ္ဂိဏှတိတံ- အကပ်မခံအပ်သေးသော ဆီကို၊ ဒုသေယျ- ဖျက်ဆီးခဲ့လေရာ၏။ (ဣတိ- ထိုကြောင့်တည်း၊ စာကိုယ်၌ ဣတိ လိုနေသည်။)

အယဉ္စ ကယဝိက္ကယော နာမ- ဤကယဝိက္ကယ မည်သည်ကိုလည်း၊ ကပ္ပိယဘဏ္ဍဝသေန- ကပ္ပိယဘဏ္ဍာ၏ အစွမ်းအားဖြင့်၊ ဝုတ္တော- မိန့်ဆိုအပ်ပြီ၊ ဟိ-မှန်၏။ ကပ္ပိယေန- ဖြင့်၊ ကပ္ပိယံ- ကို၊ ပရိဝတ္တေန္တသ- လဲလှယ်သော ရဟန်း၏၊ ကယဝိက္ကယသိက္ခာပဒေန- ကယဝိက္ကယသိက္ခာ ပုဒ်ဖြင့်၊ နိဿဂ္ဂိယံ- ကို၊ ဝုတ္တံ-ပြီ၊ ပန- ဆက်၊ အကပ္ပိယေန- အကပ္ပိယ ဝတ္ထုဖြင့်၊ အကပ္ပိယံ- ကို၊ ပရိဝတ္တေန္တ-သ ဝါ- ၏လည်းကောင်း၊ ကပ္ပိယေန- ဖြင့်၊ အကပ္ပိယံ- ကို၊ ပရိဝတ္တေန္တသ ဝါ- ၏လည်းကောင်း၊ အကပ္ပိယေန- ဖြင့်၊ ကပ္ပိယံ- ကို၊ ပရိဝတ္တေန္တသ ဝါ-၏လည်းကောင်း၊ ရူပိယသံဝေါဟာရ သိက္ခာပဒေန- ရူပိယသံဝေါဟာရ သိက္ခာပုဒ်ဖြင့်၊ နိဿဂ္ဂိယံ- ကို၊ ဝုတ္တံ- ပြီ၊ တသ္မာ- ကြောင့်၊ ဥဘောသု ဝါ- ဝတ္ထုနှစ်မျိုးလုံးတို့သည်သော်လည်းကောင်း၊ ဧကသ္မိံ ဝါ- တစ်မျိုးသည်သော်လည်းကောင်း၊ အကပ္ပိယေ- အကပ္ပိယ ဝတ္ထုသည်၊ သတိ- ဖြစ်လတ်သော်၊ ရူပိယ-သံဝေါဟာရော နာမ- ရွှေငွေကို လဲလှယ်ခြင်းမည်သည်၊ ဟောတိ- ၏။

၅၈။ စ- ဆက်၊ ရူပိယသံဝေါဟာရဿ- ရွှေငွေကို လဲလှယ်ခြင်း၏၊ ဂရုဘာဝ-ဒီပနတ္ထံ- ကြီးလေးသည်၏အဖြစ်ကို ပြရခြင်းအကျိုးငှာ၊ ဣဒံ ပတ္တစတုက္ကံ-ဤပတ္တစတုက္ကကို၊ ဝေဒိတဗ္ဗံ- ၏။ ဟိ- ချဲ့ဦးအံ့၊ ယော- အကြင်ရဟန်းသည်၊ ရူပိယံ- ရွှေငွေကို၊ ဥဂ္ဂဏှိတွာ- လက်ခံပြီး၍၊ တေန- ထိုရွှေငွေဖြင့်၊ အယဝိဇ-သံမျိုးစေ့ကို၊ သမုဒ္ဒါပေတိ- ဖြစ်စေ၏၊ တံ- ထိုသံမျိုးစေ့ကို၊ ကောဋ္ဌာပေတွာ-ထုရိုက်စေ၍၊ တေန လောဟေန- ထိုသံဖြင့်၊ ပတ္တံ- ကို၊ ကာရေတိ- ပြုစေ၏၊ တဿ- ထိုရဟန်း၏၊ အယံ ပတ္တော- ဤသပိတ်သည်၊ မဟာအကပ္ပိယော

စျေးသည်က ရဟန်းကို ပေးမည့်ဆီထဲကို ရောနှောပါသွားခဲ့ပါလျှင် ငှားမှာကပ်ကျန်ရစ်သော အကပ်ခံပြီး ရဟန်း၏ဆီက စျေးသည်ထံမှရမည့် အကပ်မခံရသေးသောဆီကို ဖျက်ဆီးရာ ရောက်ပေလိမ့်မည်၊ ကပ်ပြီးဆီနှင့် မကပ်ရသေးသောဆီရောလျှင် မကပ်ရသေးသောဆီလည်း ကပ်ပြီးဆီကဲ့သို့ ဖြစ်သွားရကား လဲရကျိုးမနပ်ဘဲ ရှိလိမ့်မည်။

http://www.dhammadownload.com

နာမ- အကြီးအကျယ် မအပ်သော သပိတ်မည်၏၊ ကေနစိ- တစ်စုံတစ်ခုသော၊ ဥပါယေန- နည်းလမ်းဖြင့်၊ ကပ္ပိယော- အပ်သောသပိတ်သည်၊ ဝါ- ကို၊ ကာတုံ- ဌာ၊ န သက္ကာ- မတတ်ကောင်းတော့၊ တံ- ထိုသပိတ်ကို၊ ဝိနာသေတွာ- ဖျက်ဆီး၍၊ ထာလကံ- ခွက်ကို၊ သစေပိ ကာရေတိ- အကယ်၍မူလည်း ပြုစေဦးတော့၊ (ဧဝံ သတိပိ- သော်လည်း၊) တမ္ပိ- ထိုခွက်သည်လည်း၊ အကပ္ပိယံ- မအပ်၊ ဝါသိံ- ဓားကို၊ သစေပိ ကာရေတိ- တော့၊ (ဧဝံ သတိပိ- သော်လည်း၊) တာယ- ထိုဓားဖြင့်၊ ဆိန္နဒန္တကဋ္ဌမ္ပိ- ဖြတ်အပ်သော တံပူသည်လည်း၊ အကပ္ပိယံ- မအပ်၊ ဗဇ္ဈိသံ- ငါးမျှားချိတ်ကို၊ သစေပိ ကာရေတိ- တော့၊ (ဧဝံ သတိပိ- သော်လည်း၊) တေန- ထိုငါးမျှားချိတ်ဖြင့်၊ မာရိတာ- သေစေအပ်ကုန်သော၊ မစ္ဆာပိ- ငါးတို့သည်လည်း၊ အကပ္ပိယာ- မအပ်ကုန်၊ ဝါသိံ- ကို၊ တာပေတွာ- ပူစေ၍၊ ဝါ- မီးဖုတ်၍၊ ဥဒကံ ဝါ- ရေကိုသော်လည်းကောင်း၊ ခီရံ ဝါ- နို့ကိုသော်လည်းကောင်း၊ သစေပိ ဥဏ္ဍာပေတိ- အကယ်၍မူလည်း ပူစေဦးတော့၊ (ဧဝံ သတိပိ- သော်လည်း၊) တမ္ပိ- ထိုရေ, နို့ရည်သည်လည်း၊ အကပ္ပိယမေဝ- မအပ်သည်သာ။ [ဓားကို မီးဖုတ်၍ ရေထဲ နို့ထဲကို ထည့်သောအားဖြင့် ရေနှင့် နို့ကို ပူအောင်လုပ်သည်။]

မဟာအကပ္ပိယော။ ။ ရဟန်းကိုယ်တိုင် ရွှေငွေကို ခံယူသည်၊ ထိုရွှေငွေဖြင့် သံမျိုးစေ့ကို ဖြစ်စေသည်၊ အထုအရိုက်ခိုင်းသည်၊ ယင်းသံဖြင့်ပင် သပိတ်အလုပ်ခိုင်းသည်၊ ဤသို့ မျိုးစေ့မှစ၍ ဖျက်ဆီးထားရကား အခြားသော မူလသပိတ်ပိုင်ရှင် မရှိသောကြောင့် အကြီးအကျယ် မအပ်သော သပိတ်ဖြစ်ရလေတော့သည်။

မျိုးစေ့မှစ၍ မအပ်မစပ်ပြုလုပ်ထားသောကြောင့်ပင် ထိုသပိတ်၌သံတိုသံစ အကြွင်းအကျန် တစ်စုံတစ်ခုမျှပင် အပ်စပ်စရာ မရှိတော့ချေ။ ထို့ကြောင့် "သစေပိ တံ ဝိနာသေတွာ။ပ။ အကပ္ပိယံ"စသော စကားကို မိန့်ဆိုထားပေသည်။ (ဋီ။)

နု သက္ကာ။ပ။ အကပ္ပိယော ကာတုံ။ ။ ထင်ရှားသိသာအောင် ဒုတိယသပိတ်နှင့် နှိုင်းယှဉ်ပြပါမည်။ ဒုတိယသပိတ်သည် ရွှေငွေကို ခံယူ၍ လူတို့ အပြီးအစီးလုပ်ထားသည်ကို ဝယ်ယူအပ်သော သပိတ်ဖြစ်သည်၊ ပြန်ပေးစရာ သပိတ်ရှင်ရှိသည်၊ မျိုးစေ့မှစ၍ ဖျက်ဆီးထားသော သပိတ်မဟုတ်၊ ထို့ကြောင့် ဒုတိယသပိတ်ကို အပ်အောင် လုပ်နိုင်သည်။

မျိုးစေ့မှစ၍ ဖျက်ဆီးထားရကား ထိုရဟန်းသည် ဤသပိတ်ကို သံမျိုးစေ့ဖြစ်အောင်လည်း ပြန်မလုပ်နိုင်၊ ခံယူထားသော ရွှေငွေကို သုံးစွဲပြီးဖြစ်သည့်အတွက် ပိုင်ရှင်တို့အား ပြန်ပေးရန်လည်း မတတ်နိုင်၊ ထို့ကြောင့် မည်သည့်နည်းနှင့်မျှ အပ်စပ်အောင် မလုပ်နိုင်တော့ချေ။ (ဋီ။)

http://www.dhammadownload.com

ပန- ကား၊ ယော- အကြင်ရဟန်းသည်၊ ရူပိယ- ကို၊ ဥဂ္ဂဏှိတွာ- လက်ခံပြီး၍၊ တေန- ထိုရွှေငွေဖြင့်၊ ပတ္တံ- ကို၊ ကိဏာတိ- ဝယ်၏၊ အဿ- ထိုရဟန်း၏၊ အယမ္ပိ ပတ္တော- သည်လည်း၊ အကပ္ပိယော- မအပ်၊ "ပဉ္စန္နံမြို- ငါးဦးလည်း ဖြစ်ကုန်သော၊ သဟဓမ္မိကာနံ- တို့အား၊ န ကပ္ပတိ- မအပ်၊" ဣတိ- ဤသို့၊ **မဟာပစ္စရိယံ**- ၌၊ ဝုတ္တံ- ပြီ။

ပန- သို့သော်လည်း၊ ကပ္ပိယော- အပ်သော သပိတ်သည်၊ ဝါ- ကို၊ ကာတုံ- ငှာ၊ သဏ္ဌာ- တတ်ကောင်းသေး၏၊ ဟိ- မှန်၏၊ သော- ထိုသပိတ်သည်၊ မူလေ- အဖိုးကို၊ မူလသာမိကာနံ- အဖိုးရှင်တို့အားလည်းကောင်း၊ ပတ္တော- ကို၊ ပတ္တသာမိကာနံ- သပိတ်ရှင်တို့အားလည်းကောင်း၊ ဒိန္နေ- ပြန်ပေးအပ်သော်၊ ကပ္ပိယော- အပ်သည်၊ ဟောတိ- ၏၊ ကပ္ပိယဘဏ္ဍံ- ကို၊ ဒတ္ဝာ- ၍၊ ဂဟေတ္ဝာ- ၍၊ ပရိဘုဉ္ဇိတုံ- ငှာ၊ ဝဋ္ဋတိ- ၏။

ယောပိ- အကြင်ရဟန်းသည်လည်း၊ ရူပိယံ- ကို၊ ဥဂ္ဂဏှာပေတွာ- ခံယူစေ၍၊ ဝါ- ကပ္ပိယကို အခံယူခိုင်း၍၊ (ဥဂ္ဂဏှာပန ဖြစ်ကြောင်းကို ပြသည်၊) ကပ္ပိယကာရကေန- နှင့်၊ သဒ္ဓိံ- အတူတကွ၊ ကမ္မာရကုလံ- ပန်းပဲသမားအိမ်သို့၊ ဂန္တွာ- ၍၊ ပတ္တံ- ကို၊ ဒိသွာ- ၍၊ "အယံ- ဤသပိတ်သည်၊ မယှံ- ငါ့အား၊ ရုစ္စတိ- နှစ်သက်၏၊" ဣတိ- သို့၊ ဝဒတိ- အံ့၊ (ဒီသပိတ်ကို ငါကြိုက်တယ်ဟု ပြောသည်၊) ကပ္ပိယကာရကော စ- သည်လည်း၊ တံ ရူပိယံ- ထိုခံယူအပ်ခဲ့သော

သို့သော် သီတင်းသုံးဖော်များအတွင်း လဲလှယ်ခြင်းကို ရည်၍သာ "မည်သည့်နည်းနှင့်မျှ အပ်အောင် မလုပ်နိုင်"ဟူသော စကားကို ဆိုသည်၊ ဒါယကာ တစ်ဦးတစ်ယောက်က ယူ၍ မိမိဥစ္စာပြုလုပ်ပြီးလျှင်လျှင် အလုံးစုံသော သူတို့အား အပ်ဟု (သာရတ္ထ၊ ၂၊ ၄၂၃။) ၌ ဆိုထားသေးသည်။

ပဉ္စန္နမ္ပိ သဟဓမ္မိကာနံ န ကပ္ပတိ။ ။ ရွှေငွေကို အလှူခံခြင်းကြောင့်လည်းကောင်း၊ ရွှေငွေဖြင့် လဲလှယ်မှုကို ပြုအပ်သောကြောင့်လည်းကောင်း၊ ဤဒုတိယသပိတ်သည် သီတင်းသုံးဖော်ငါးဦးလုံးတို့အားလည်း မအပ်တော့ပေ။

သဏ္ဌာ ပန ကပ္ပိယော ကာတုံ။ ။ လူတို့လုပ်ပြီးသပိတ်ကို ဝယ်ယူထားရကား မျိုးစေ့မှစ၍ မဖျက်ဆီးအပ်သောကြောင့်လည်းကောင်း၊ အဖိုးနှင့် အဖိုးရှင်များ၊ သပိတ်နှင့် သပိတ်ပိုင်ရှင်များရှိနေသောကြောင့်လည်းကောင်း၊ အပ်စပ်အောင် လုပ်နိုင်သေးသည်၊ အပ်စပ်အောင် လုပ်နည်းကို "သော ဟိ မူလေ မူလသာမိကာနံ"စသည်ဖြင့် ပြထားသည်။ (ဋီ။)

http://www.dhammadownload.com

ဌေကို၊ ဒတွာ- ၍၊ ကမ္မာရဲ- ပန်းပဲသမားကို၊ သညာပေတိ- နားလည်စေအံ့၊ (တစ်နည်း) ကမ္မာရဲ သညာပေတိ- ပန်းပဲသမားထံမှ ဝယ်ယူအံ့၊ တဿ- ထို ရဟန်း၏၊ အယမ္မိ ပတ္ထော- သည်လည်း၊ ကပ္ပိယဝေါဟာရေန- အပ်သော အသုံးအနှုန်းဖြင့်၊ ဂဟိတော- ယူအပ်သည်၊ သမာနောပိ- သော်လည်း၊ ဒုတိယ- ပတ္တသဒိသော ယေဝ- ဒုတိယသပိတ်နှင့် တူသည်သာတည်း၊ မူလဿ- အဖိုး၏၊ ဝါ- ကို၊ သမ္မဋ္ဌိ စ္ဆိတတ္တာ- လက်ခံအပ်ခဲ့သည်၏ အဖြစ်ကြောင့်၊ အကပ္ပိ- ယော- မအပ်၊ ကသ္မာ- ကြောင့်၊ သေသာနံ- ကြွင်းသော ရဟန်းတို့အား၊ နကပ္ပတိ- နည်း၊ ဣတိ- ဤကား အမေးတည်း၊ မူလဿ- ၏၊ ဝါ- ကို၊ အနိဿဋ္ဌတ္တာ- မစွန့်အပ်သည်၏ အဖြစ်ကြောင့်တည်း၊ (ဣတိ- ဤကား အဖြေတည်း။)

ပန- ကား၊ ယေန- အကြောင်ရဟန်းသည်၊ (စာကိုယ်၌ "ယော"ဟု ရှိနေသည်၊ "ဂဟိတော"၏ ကတ္တားဖြစ်သင့်သောကြောင့် "ယေန"ဟု ပြင်ပေးသည်၊) ရူပိယံ- ကို၊ အသမ္မဋ္ဌိ စ္ဆိတ္တာ- လက်မခံမူ၍၊ "ထေရဿ- အား၊ ပတ္တံ- ကို၊ ကိဏိတွာ- ဝယ်၍၊ ဒေဟိ- လော၊" ဣတိ- သို့၊ ပဟိတကပ္ပိယကာရကေန- စေလွှတ်အပ်သော ကပ္ပိယကာရနှင့်၊ သဒ္ဓိံ- ကွ၊ ကမ္မာရကုလံ- ပန်းပဲသမားအိမ်သို့၊ ဂန္ဆာ- ၍၊ ပတ္တံ- ကို၊ ဒိသွာ- ၍၊ ဣမေ ကဟာပဏော- ဤအသပြာငွေတို့ကို၊ ဂဟေတွာ- ၍၊ ဣမံ- ဤသပိတ်ကို၊ ဒေဟိ- လော၊ ဣတိ- သို့၊ ကဟာပဏော- တို့ကို၊

ဒုတိယပတ္တသဒိသောယေဝ။ ။ ဒုတိယသပိတ်နှင့် အလားတူပင်ဖြစ်သည်ဟူသော စကားဖြင့် သီတင်းသုံးဖော်ငါးဦးလုံးအား မအပ်၊ သို့သော် အပ်အောင်ကား လုပ်နိုင်သေးသည်ဟူသော သဘောကို ရည်ညွှန်းသည်၊ ထို့ကြောင့် ဤတတိယသပိတ်သည်လည်း အဖိုးကို အဖိုးပိုင်ရှင်အားလည်းကောင်း, သပိတ်ကို သပိတ်ပိုင်ရှင်အားလည်းကောင်း ပြန်ပေးလိုက်လျှင် အပ်သောသပိတ်ဖြစ်နိုင်သည်၊ ကပ္ပိယဘဏ္ဍာကို ပေးယူ၍ သုံးစွဲခြင်းငှာ အပ်သည်။

မူလဿ အနိဿဋ္ဌတ္တာ ။ ။ သပိတ်ဝယ်ရန် ခံယူသော အဖိုး (ရွှေငွေ) ကို သံဃာ့ အလယ်မှာ မစွန့်ခဲ့သောကြောင့် ကြွင်းသော ရဟန်းများအတွက်လည်း မအပ်ဘဲ ဖြစ်ရသည်၊ ထို့ပြင် ဤ "မူလဿ အနိဿဋ္ဌတ္တာ"ဟူသော စကားကပင် ရွှေငွေကိုသာ စွန့်သင့်သည်၊ ရွှေငွေဖြင့် ဝယ်ယူထားသော ကပ္ပိယဝတ္ထု ဒုက္ကဋ်ဝတ္ထုကို မစွန့်သင့်ဟူသော သဘောကို ဖော်ညွှန်းပြီး ဖြစ်သည်၊ ရဟန်းက လက်ခံထားသော ရွှေငွေဖြင့် အာရာမ်စောင့်စသူတို့က ယူပေးအပ်သော သပိတ်သည် ရွှေငွေကို အလှူခံသော ရဟန်းမှတပါး အခြားရဟန်းများအတွက် အပ်စရာရှိသေးသည်။ (ဋီ။)

http://www.dhammadownload.com

ဒါပေတွာ- ပေးစေ၍၊ ဂဟိတော- ယူအပ်ခဲ့ပြီ၊ တသ- ထိုရဟန်း၏၊ အယံ ပတ္တော- သည်၊ ဧတသ္မေ ဘိက္ခုနော- ထိုရဟန်းအား သာ၊ န ဝဋ္ဋတိ- မအပ်၊ ကသ္မာ- နည်း၊ ဒုဗ္ဘိစာရိတတ္တာ- မကောင်းသဖြင့် စီမံအပ်သည်၏ အဖြစ်ကြောင့်တည်း၊ အညေသံ ပန- အခြားသော ရဟန်းတို့အား ကား၊ ဝဋ္ဋတိ- ၏၊ ကသ္မာ- နည်း၊ မူလသ- အဖိုး၏၊ ဝါ- ကို၊ အသမ္ပဋိစ္ဆိတတ္တာ- လက်မခံအပ်သည်၏အဖြစ်ကြောင့်တည်း၊ ကိရ- ချဲ့ဦးအံ့၊ မဟာသုမတ္ထေရသ- ၏၊ ဥပဇ္ဈာယော- ဖြစ်သော၊ အနုရုဒ္ဓတ္ထေရော နာမ- ထေရ်မည်သည်၊ အဟောသိ- ရှိပြီ၊ သော- ထိုအနုရုဒ္ဓထေရ်သည်၊ အတ္တနော- ၏၊ ဧဝရူပံ- ဤသို့သဘောရှိသော၊ ပတ္တံ- ကို၊ သပ္ပိသ- ထောပတ်ဖြင့်၊ ပူရေတွာ- ပြည့်စေ၍၊ သံယသ- အား၊ နိဿဇ္ဇိ- စွန့်ပြီ၊ တိပိဋကစူဠနာဂတ္ထေရသ- ထေရ်၏၊ သဒ္ဓိဝိဟာရိကာနံ- အတူနေတပည့်တို့၏၊ ဧဝရူပေါ- သော၊ ပတ္တော- သည်၊ အဟောသိ- ရှိပြီ၊ တံ- ထို

ဒုဗ္ဘိစာရိတတ္တာ။ ။ "ဤဒွေဖြင့် သပိတ်ဝယ်၍ လှူလိုက်ပါ"ဟု ကပ္ပိယဖြင့် ပို့လိုက်သော ဒွေသည် ရဟန်း၏ဥစ္စာ မဟုတ်သေး၊ လူတို့၏ဥစ္စာမျှသာ ဖြစ်ပေသည်၊ ယင်း လူ့ဥစ္စာဖြစ်သော ဒွေတို့ကို မအပ်သောနည်းဖြင့် စီမံသောကြောင့် ယင်းစီမံသော ရဟန်းအတွက်သာ မအပ်ပေ။

[ဒု- မကောင်းသဖြင့်၊ ဝါ- ဝိနည်းတော်အား မလေးစားသဖြင့်၊ "ဝိစာရိတ"စီမံအပ်သော ဒွေ။] "ဤဒွေကိုယူ၍ ဤသပိတ်ကို ပေးလော"ဟု ပြောဆိုခြင်းသည် ဒွေကို စီမံရာရောက်၏၊ ဤသို့ဒွေကို စီမံမှုကို "ဒုဗ္ဘိစာရိတ"ဟု ခေါ်သည်၊ ဤစကားကို ထောက်၍ ဒွေကို အလှူမခံသော်လည်း ထိုကဲ့သို့ မစီမံဖို့ရန် ဝိနည်းခိုရိပုဂ္ဂိုလ်များကသတိထားလေ့ ရှိကြသည်။ (ပါ။ဘာဋီ၊၄၊၃၅၃။)

မူလဿ အသမ္ပဋိစ္ဆိတတ္တာ။ ။ "အဖိုးကို လက်မခံအပ်"ဟူသော စကားကပင် ယင်းအဖိုး၏ လူ့ဥစ္စာဖြစ်ကြောင်းကို ဖော်ညွှန်းနေပေသည်၊ ယင်းသို့ အဖိုးက လူ့ဥစ္စာဖြစ်နေသည့်အတွက်ကြောင့်ပင် ရွှေဒွေကို လဲလှယ်ရာမရောက်ကြောင်း, ယင်းသို့ လဲလှယ်ရာ မရောက်သည့်အတွက် သပိတ်လည်း စွန့်ထိုက်သော သပိတ်မဟုတ်ကြောင်း, ရဟန်းမှာလည်း ပါစိတ်အာပတ်ပသင့်ကြောင်း, မအပ်သော စီမံမှုပြုသည့်အတွက် ဒုက္ကဋ်မျှသာသင့်ကြောင်းကိုလည်း ဖော်ညွှန်းနေပေသည်။ (ဋီ။)

သီတင်းသုံးဖော်ငါးဦးတို့၏ ဥစ္စာဖြင့်သာ ရွှေဒွေကို လဲလှယ်မှုဌ အပြစ်ရှိသည်၊ ထိုသီတင်းဖော်ငါးဦးတို့တွင်လည်း မိမိ၏ဥစ္စာမှာ ပါစိတ်အာပတ်သင့်သည်၊ အခြားသူတို့၏ ဥစ္စာမှာ ဒုက္ကဋ်အာပတ်သင့်သည်။ (ဝိမတိ၊၁၊၃၄၆။)

http://www.dhammadownload.com

သပိတ်ကို၊ ထေရောပိ- တိပိဋကစူဠနာဂထေရ်သည်လည်း၊ သပ္ပိဿ- ဖြင့်၊ ပူရေတွာ- ပြည့်ပစေဟု စေခိုင်း၍၊ သံယဿ- အား၊ နိဿဇ္ဇာပေသိ- စွန့်စေပြီ၊ ဣတိ- ဤကား အကျယ်တည်း၊ ဣဒံ- ဤဆိုအပ်ပြီးကား၊ အကပွိယ-ပတ္တစတုက္ကံ- အကပွိယသပိတ်လေးလုံး အပေါင်းတည်း။

ပန- ဆက်၊ ရူပိယံ- ရွှေငွေကို၊ အသမ္ပဋိစ္ဆိတွာ- မခံယူမူ၍၊ "ထေရဿ-အား၊ ပတ္တံ- ကို၊ ကိဏိတွာ- ဝယ်၍၊ ဒေဟိ- ပေးလျှုပါလော၊" ဣတိ- ဤသို့မှာ၍၊ ပဟိတကပွိယကာရကေန- စေလွှတ်အပ်သော ကပွိယကာရကနှင့်၊ သဒ္ဓိ-တက္ခဏ၊ ကမ္မာရကုလံ- သို့၊ ဂန္ဒာ- ၍၊ ပတ္တံ- ကို၊ ဒိသွာ- ၍၊ "အယံ- ဤသပိတ်သည်၊ မယ္ဟံ- ငါ့အား၊ ရုစ္စတိ- နှစ်သက်၏။" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ "အဟံ- သည်၊ ဣမံ ပတ္တံ- ကို၊ ဂဟေဿာမိ- ယူအံ့၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ သစေ ဝဒတိ- အံ့၊ ကပွိယကာရကော စ- သည်လည်း၊ တံ ရူပိယံ- ထိုငွေကို၊ ဒတွာ- ၍၊ ကမ္မာရံ- ကို၊ သညာပေတိ- နားလည်စေအံ့၊ (ဝယ်အံ့၊) အယံ ပတ္တော- သည်၊ သဗ္ဗကပွိယော- အလုံးစုံသော ရဟန်းတို့အား အပ်၏၊ ဗုဒ္ဓါနမ္ပိ- ဘုရားတို့၏သော်လည်း၊ ပရိဘောဂါရဟော- သုံးစွဲတော်မူခြင်းကို ထိုက်၏၊ ပန- ဆက်၊ ဣမံ ရူပိယသံဝေါဟာရံ- ဤရွှေငွေဖြင့်လဲလှယ်ခြင်းကို၊ ကရောန္တေန- ပြုလုပ်သော ရဟန်းသည်၊ "ဣမိနာ- ဤရွှေငွေဖြင့်၊ ဣမံ- ဤဝတ္ထုကို၊ ဂဟေတွာ- ၍၊ ဒေဟိ- လော၊" ဣတိ- ဤသို့၊ ကပွိယကာရကမ္ပိ- ကပွိယကာရကကိုပင်သော်မှလည်း၊ အာစိက္ခိတုံ- ပြောကြားခြင်းငှာ၊ န ဝဋ္ဋတိ- မအပ်။

ဣတိ- ဖြင့်၊ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ- ၌၊ ကယဝိက္ကယသမာပတ္တိ-ဝိနိစ္ဆယကထာ- ဝယ်ခြင်း ရောင်းခြင်းသို့ ရောက်ခြင်း၌ ဆုံးဖြတ်ကြောင်း စကား

နိဿဇ္ဇိ ။ ။ ဤ၌ စွန့်၏ဟူသည်မှာ ပေးလှူသောအနေဖြင့် စွန့်ခြင်းမျိုးသာဖြစ်သည်၊ ဝိနည်းကံအနေဖြင့် စွန့်ခြင်းမျိုး မဟုတ်ပါ၊ ထို့ကြောင့်ပင် "သပ္ပိဿ ပူရေတွာ" ဟု ဆိုထားပေသည်။

ဗုဒ္ဓါနမ္ပိ ပရိဘောဂါရဟော ။ ။ ဘုရားရှင်များသော်မှ သုံးစွဲခြင်းငှာထိုက်သည်ဟု ဆိုသဖြင့် အခြားပစ္စေကဗုဒ္ဓါများနှင့် သီတင်းသုံးဖော်ငါးဦးတို့ အတွက်မှာမူ ဆိုဖွယ်ရာပင် မရှိ၊ သာ၍သုံးစွဲထိုက်တော့သည်သာဟူသော အနက်သဘောကို ပိ-သဒ္ဒါက ညွှန်ပြနေသည်။

http://www.dhammadownload.com

ရပ်သည်၊ ဝါ- ဝယ်မှု ရောင်းမှုကို ပြုလုပ်ခြင်း၌ ဆုံးဖြတ်ကြောင်း စကားရပ်သည်၊
သမတ္တာ- ပြီးပြည့်စုံပြီ။

http://www.dhammadownload.com

၁၂။ ရူပိယာဒိပဋိဂ္ဂဟဏဝိနိစ္ဆယကထာ

၅၉။ **ရူပိယာဒိပဋိဂ္ဂဟော**တိ- ဟူသည်ကား၊ ဇာတရူပါဒိပဋိဂ္ဂဏှန်- ရွှေစသည်ကို ခံယူခြင်းတည်း၊ တတ္ထ- ထိုရွှေစသည်ကို ခံယူရာ၌၊ ဇာတရူပံ- ရွှေလည်းကောင်း၊ ရဇတံ- ငွေလည်းကောင်း၊ ဇာတရူပမာသကော- ရွှေပဲလည်းကောင်း၊ ရဇတမာသကော- ငွေပဲလည်းကောင်း၊ ဣတိ- သို့၊ စတုဋ္ဌံ- လေးပါးအပြားရှိသော ဝတ္ထုသည်၊ နိဿဂ္ဂိယဝတ္ထု- နိဿဂ္ဂိယပါစိတ်အာပတ်၏ တည်ရာဝတ္ထု တည်း။

တမ္မလောဟာဒီဟိ- ကြေးနီအစရှိသည်တို့ဖြင့်၊ ကတော- ပြုအပ်သော၊ **လောဟမာသကော**- လောဟမာသကလည်းကောင်း၊ သာရဒါရုနာ ဝါ- အနှစ်ရှိသောသစ်သားဖြင့်သော်လည်းကောင်း၊ ဝါ- သစ်သားနှစ်ဖြင့်သော်လည်းကောင်း၊ ဝေဠုပေသိကာယ ဝါ- ဝါးခြမ်းစိပ်ဖြင့်သော်လည်းကောင်း၊ အန္တမသော- အားဖြင့်၊ တာလပဏ္ဏောနပိ- ထန်းရွက်ဖြင့်လည်း၊ ရူပံ- အရူပ်ကို၊ ဆိန္နိတ္တာ- ဖြတ်ထွင်း၍၊ ကတော- ပြုအပ်သော၊ **ဒါရုမာသကော**- ကလည်းကောင်း၊ လာခါယ ဝါ- ချိုတ်ဖြင့်သော်လည်းကောင်း၊ နိယျာသေန ဝါ- သစ်စေးဖြင့်သော်လည်းကောင်း၊ ရူပံ- အရူပ်ကို၊ သမုဋ္ဌာပေတွာ- ထွက်ပေါ်စေ၍၊ ကတော- သော၊ **ဇတုမာသကော**- ကလည်းကောင်း၊ ယော ယော- အကြင်အကြင်မာသကသည်၊ ယတ္ထ ယတ္ထ ဇနပဒေ- အကြင်အကြင် ဇနပုဒ်၌၊ ယဒါ ယဒါ- အကြင်အကြင်အခါ၌၊ ဝေါဟာရံ- ရောင်းဝယ်ခြင်းသို့၊ ဂစ္ဆတိ- ရောက်၏၊ တဒါ တဒါ- ရောင်းဝယ်ခြင်းသို့ ရောက်ရာ ထိုထိုအခါ၌၊ တတ္ထ တတ္ထ- ထိုထိုဇနပုဒ်၌၊ အန္တမသော- အားဖြင့်၊ အဋ္ဌမယောပိ- အရိုးဖြင့် ပြုအပ်သည်လည်းဖြစ်သော၊ စမ္မမယောပိ- သားရေဖြင့် ပြုအပ်သည်လည်းဖြစ်သော၊ ရုက္ခဖလဓီဇမယောပိ- သစ်သီး၏အစေ့ဖြင့် ပြုအပ်သည်လည်းဖြစ်သော၊ သမုဋ္ဌာပိတရူပေါပိ- ထွက်

ရူပိယာဒိပဋိဂ္ဂဟော။ ။ သညာဏတ္ထာယ ကတံ ရူပံ ဧတ္ထ အတ္ထီတိ- ရူပိယံ၊ အမှတ်တံဆိပ် ခတ်နှိပ်ပါရှိသော ရောင်းဝယ်ရာ၌ အသုံးပြု၍ဖြစ်သမျှ အသပြာကို "ရူပိယ"ဟု ခေါ်သည်။ ပထမံ အာဒိယတီတိ- အာဒိ၊ ရူပိယံ အာဒိ ယေသန္တိ- ရူပိယာဒယော၊ ပဋိဂ္ဂဟဏံ- ပဋိဂ္ဂဟော၊ ရူပိယာဒီနံ ပဋိဂ္ဂဟော- ရူပိယာဒိပဋိဂ္ဂဟော၊ အမှတ်တံဆိပ် ခတ်နှိပ်ပါရှိသော ရောင်းဝယ်ရာ၌ အသုံးပြု၍ဖြစ်သမျှ အသပြာအစ (လယ်ယာ, ဥယျာဉ်, ခြံမြေ အဆုံး) ရှိသော ဝတ္ထုများကို ခံယူခြင်းသည် "ရူပိယာဒိပဋိဂ္ဂဟ" မည်သည်။

http://www.dhammadownload.com

ပေါ်စေအပ်သော အရုပ်ရှိသည်လည်း ဖြစ်သော၊ အသမုဋ္ဌာပိတရူပေါပိ- မထွက်ပေါ်စေအပ်သော အရုပ်ရှိသည်လည်း ဖြစ်သော၊ သော သော- ထိုထို မာသကလည်းကောင်း၊ ဣတိ- သို့၊ သဒ္ဒေါပိ- အလုံးစုံလည်းဖြစ်သော၊ အယံ- ဤမာသကကို၊ ရဇတမာသကေနေဝ- ရဇတမာသကဖြင့်ပင်၊ သင်္ဂဟိတော- သိမ်းယူအပ်ပြီ။

မုတ္တာ- ပုလဲလည်းကောင်း၊ မဏိ- ပတ္တမြားလည်းကောင်း၊ ဝေဠုရိယော- ကြောင်မျက်ရွဲလည်းကောင်း၊ သင်္ခ- ခရုသင်းလည်းကောင်း၊ သိလာ- ကျောက်သလင်းလည်းကောင်း၊ ပဝါဠ- သန္ဓာလည်းကောင်း၊ လောဟိတင်္ကော- ပတ္တမြားနီလည်းကောင်း၊ မသာရဂလ္လ- ပတ္တမြားပြောက်လည်းကောင်း၊ သတ္တ- ဓညာနိ- စပါးမျိုး ခုနစ်မျိုးတို့လည်းကောင်း၊ ဒါသိဒါသခေတ္တဝတ္ထုပုပ္ဖာရာမ- ဖလာရာမာဒယော- ကျွန်မိန်းမ, ကျွန်ယောကျ်ား, လယ်, ယာ, ပန်းခြံ, သစ်သီးခြံ အစရှိသည်တို့လည်းကောင်း၊ ဣတိ- သို့၊ ဣဒံ- ဤဝတ္ထုသည်၊ ဒုက္ကဋဝတ္ထု- ဒုက္ကဋ်အာပတ်၏ တည်ရာဝတ္ထုတည်း။

တတ္ထ- ထိုဝတ္ထုတို့တွင်၊ နိဿဂ္ဂိယဝတ္ထုံ- ကို၊ အတ္တနော ဝါ- မိမိ၏သော်လည်းကောင်း၊ သံဃဂဏပုဂ္ဂလစေတိယာနံ ဝါ- သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, စေတီတို့၏ သော်လည်းကောင်း၊ အတ္ထာယ- အကျိုးငှာ၊ သမ္မဒ္ဒိစ္ဆိတုံ- ငှာ၊ နံ ဝဋ္ဋတိ- မအပ်၊ အတ္တနော- ၏၊ အတ္ထာယ- ငှာ၊ သမ္မဒ္ဒိစ္ဆတော- ခံယူသော ရဟန်း၏၊ နိဿဂ္ဂိယံ- သော၊ ပါစိတ္တိယံ- သည်၊ ဟောတိ- ၏၊ သေသာနံ- ကြွင်းသော သံဃာစသည်တို့၏၊ အတ္ထာယ- ငှာ၊ သမ္မဒ္ဒိစ္ဆတော- ၏၊ ဒုက္ကဋံ- သည်၊ ဟောတိ- ၏၊ ဒုက္ကဋ- ဝတ္ထုံ- ကို၊ သဒ္ဒေသမ္ပိ- အလုံးစုံသော မိမိသံဃာအစရှိသည်တို့၏လည်း၊ အတ္ထာယ- ငှာ၊ သမ္မဒ္ဒိစ္ဆတော- ၏၊ ဒုက္ကဋမေဝ- သည်သာ၊ ဟောတိ- ၏။

တတြ- ထိုသို့အလျှခံရာ၌၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဝိနိစ္ဆယော- တည်း၊ ကောစိ- တစ်စုံတစ်ယောက်သည်၊ ဇာတရူပရဇတံ- ရွှေငွေကို၊ အာဟရိတွာ-

---

သံဃာပေ။ စေတိယာနံ ။ ။ နိဿဂ္ဂိအာပတ်၏ တည်ရာဖြစ်သော ရွှေငွေကို မိမိအတွက်ဖြစ်စေ, သံဃာ ဂိုဏ်း အခြားပုဂ္ဂိုလ်နှင့် စေတီ (ဘုရား) အတွက်ဖြစ်စေ လူတို့က လျှူလာ၍ လက်ခံသော ရဟန်းကိုယ်တိုင် အလျှူခံယူသော ရဟန်းတို့မှာ ရှုပိယသိက္ခာပုဒ်တော်အရ အာပတ်သင့်သည်။ ထို့ကြောင့် ဘုရားအတွက်ဖြစ်စေကာမူ ငွေကို ရဟန်းကိုယ်တိုင်လည်း မခံကောင်း, သူတစ်ပါးကိုလည်း အခံမခိုင်းကောင်းဟု မှတ်ပါ။ (ပါ။ဘာဋီ။၄၊၃၂၂။)

http://www.dhammadownload.com

ဆောင်ယူလာ၍၊ "ဣဒံ- ဤရွှေငွေကို၊ သံယဿ- အား၊ ဒမ္မိ- လှူပါ၏၊ အာရာမံ ဝါ- အာရာမ်ကိုမူလည်း၊ ကရောထ- ပြုတော်မူပါကုန်၊ စေတိယံ ဝါ- စေတီကိုမူလည်း၊ ကရောထ- ကုန်၊ ဘောဇနသာလာဒီနံ- ဆွမ်းစားဇရပ် စသည်တို့တွင်၊ အညတရံ ဝါ- တစ်ခုခုကိုမူလည်း၊ ကရောထ- ကုန်၊" ဣတိ- သို့၊ သစေ ဝဒတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဣဒံ- ဤရွှေငွေကို၊ သမ္မဋ္ဌိဿိတုံ- ငှာ၊ နံ ဝဋ္ဋတိ- မအပ်၊ ပန- ဆက်၊ "ဣဒံ- ဤရွှေငွေသည်၊ ဘိက္ခူနံ- တို့အား၊ သမ္မဋ္ဌိဿိတုံ- ငှာ၊ နံ ဝဋ္ဋတိ- မအပ်၊" ဣတိ- ဤသို့၊ ပဋိက္ခိတ္တေ- ပယ်အပ်သော်၊ "ဝမ္ဟကိနံ ဝါ- လက်သမားတို့၏သော်လည်းကောင်း၊ ကမ္မကာရာနံ ဝါ- အလုပ်သမားတို့၏ သော်လည်းကောင်း၊ ဟတ္ထေ- လက်၌၊ ဘဝိဿတိ- ဖြစ်ပါလတ္တံ့၊ ကေဝလံ- လက်ခံမှုမဖက်သက်သက်၊ တုမ္ဟေ- တို့သည်၊ သုကတဒုက္ကဋ်- ကောင်းစွာပြုအပ် မကောင်းသဖြင့် ပြုအပ်သည်ကို၊ ဇာနာထ- သိပါကုန်၊" [အရှင်ဘုရား တို့က အလုပ်လုပ်ရာ၌ ကောင်းမကောင်းကိုသာ ကြည့်ရှုစီမံပေး ကြပါ။] ဣတိ- သို့၊ ဝတွာ- လျှောက်၍၊ တေသံ- ထိုလက်သမား အလုပ်သမားတို့ (တွင် တစ်ဦးဦး) ၏၊ ဟတ္ထေ- ၌၊ ဒတွာ- ၍၊ သစေ ပက္ကမတိ- အကယ်၍ ဖဲသွားအံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ- ၏၊ "မမ- ၏၊ မနုဿာနံ- တို့၏၊ (အလုပ်သမား အိမ်သားစသူတို့၏) ဟတ္ထေ- ၌၊ ဘဝိဿတိ- ဖြစ်ပါ လတ္တံ့၊ ဝါ- တစ်နည်းကား၊ မယှမေဝ- ၏သာလျှင်၊ ဟတ္ထေ- ၌၊ ဘဝိဿတိ- လတ္တံ့၊ ကေဝလံ- လက်ခံမှုမဖက် သက်သက်၊ တုမ္ဟေ- တို့သည်၊ ယံ- အကြောင်း အရာကို၊ ယဿ- အကြောင်းသူ အား၊ ဒါတဗ္ဗံ- ပေးသင့်၏၊ တဒတ္ထာယ- ထိုသူ၏ ထိုအရာ အကျိုးငှာ၊ ပေသေထ- စေလွှတ်ရုံသာ စေလွှတ်ကြပါကုန်၊" ဣတိ- သို့၊ အထာပိ ဝဒတိ- အံ့၊ (ဧဝံ သတိပိ- သော်လည်း။) ဝဋ္ဋတိ- ၏။

ပန- ဆက်၊ သံယံ ဝါ- သံယာကိုသော်လည်းကောင်း၊ ဂဏံ ဝါ- ဂိုဏ်းကို သော်လည်းကောင်း၊ ပုဂ္ဂလံ ဝါ- ပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ အနာမသိတွာ- မသုံးသပ်မူ၍၊ "ဣဒံ ဟိရညသုဝဏ္ဏံ- ဤရွှေငွေကို၊ စေတိယဿ- အား၊ ဒေမ- ကုန်၏၊ ဝိဟာရဿ- ကျောင်းအား၊ ဒေမ- ကုန်၏၊ နဝကမ္မဿ- အသစ်အသစ် ပြုအပ်သော အမှုအား၊ ဒေမ- ကုန်၏၊" ဣတိ- သို့၊ သစေ ဝဒန္တိ- ကုန်အံ့၊

အနာမသိတွာ။ ။ သံဃာကိုဖြစ်စေ, ဂိုဏ်းကိုဖြစ်စေ, ပုဂ္ဂိုလ်ကိုဖြစ်စေ မသုံးသပ်ဘဲ လှူမှသာ မပယ်ဧကောင်းဟု ဆိုသဖြင့် "သံယဿ ဝိဟာရတ္ထာယ ဒေမ"စသည်ဖြင့် သုံးသပ်၍ လှူခဲ့မသော် ပယ်လင့်သည်သာ။

http://www.dhammadownload.com

(ဧဝံ သတိ- သော်၊) ပဋိကွိပိတုံ- ၄၁၊ နဝဋ္ဌတိ- မအပ်၊ "ကျမေ- ဤဒါယကာ တို့သည်၊ ကျဒံ- ဤစကားကို၊ ဘဏန္တိ- ပြောဆိုကြကုန်၏၊" ကျတိ- သို့၊ ကပ္ပိယ-ကာရကာနံ- တို့အား၊ အာစိကွိတဗ္ဗံ- ပြောရာ၏၊ "စေတိယာဒီနံ- စေတီအစရှိသည်တို့၏၊ အတ္ထာယ- ၄၁၊ တုမှေ- တို့သည်၊ ဂဟေတွာ- ယူ၍၊ ၎ပေထ-ထားလိုက်ပါကုန်၊" ကျတိ- သို့၊ ဝုတ္တေန ပန- လျှောက်အပ်သော ရဟန်းသည်ကား၊ [စာ၌ ဝုတ္တေ-မျှသာရှိသော်လည်း အဋ္ဌကထာကြီး၌ ဝုတ္တေန-ဟု ရှိပြီး ပဋိကွိပိတဗ္ဗံ-၏ ကတ္တားလည်းဖြစ်သင့်သောကြောင့် ဝုတ္တေန-ဟု ပြင်လိုက်သည်။] "အမှာကံ- တို့အား၊ ဂဟေတုံ- ၄၁၊ နဝဋ္ဌတိ- မအပ်၊" ကျတိ- ဤသို့၊ ပဋိကွိပိတဗ္ဗံ- ပယ်ရာ၏။

ပန- ဆက်၊ ကောစိ- တစ်စုံတစ်ယောက်သော ဒါယကာသည်၊ ဗဟုံ- များစွာသော၊ ဟိရညသုဝဏ္ဏံ- ငွေရွှေကို၊ အာနေတွာ- ဆောင်ယူလာ၍၊ "ကျဒံ- ဤငွေကို၊ ဝါ- ဤရွှေကို၊ သံဃဿ- အား၊ ဒမ္မိ- ၏၊ စတ္တာရော- ကုန်သော၊ ပစ္စယေ-တို့ကို၊ ပရိဘုဥ္ဇထ- သုံးစွဲကြပါကုန်၊" ကျတိ- သို့၊ သစေ ဝဒတိ- အံ့၊ တံ- ထိုငွေကို၊ ဝါ- ဤရွှေကို၊ သံဃော- သည်၊ စေ သမ္ပဋိစ္ဆတိ- အံ့၊ (ဧဝံ သတိ-သော်၊) ပဋိဂ္ဂဟဏေပိ- ခံယူခြင်း၌လည်းကောင်း၊ ပရိဘောဂေပိ- သုံးစွဲခြင်း၌လည်းကောင်း၊ အာပတ္တိ- (ဒုက္ကဋ်) အာပတ်သည်၊ ဟောတိ- ၏၊ တတြ-ထိုသို့သံဃာအား လျှုရာ၌၊ ဧကော ဘိက္ခု- သည်၊ "ကျဒံ- ဤရွှေငွေသည်၊ နကပ္ပတိ- မအပ်၊" ကျတိ- ဤသို့၊ စေ ပဋိကွိပတိ- အံ့၊ ဥပါသကော စ- သည်လည်း၊ "ယဒိ နကပ္ပတိ- အကယ်၍ မအပ်သည်ဖြစ်အံ့၊ (ဧဝံ သတိ- သော်) မယှမေဝ- တပည့်တော်၏ ဥစ္စာသည်သာလျှင်၊ ဘဝိဿတိ- ဖြစ်ပါလတ္တံ့၊" ကျတိ- ဤသို့ ပြော၍၊ တံ- ထိုရွှေ ငွေကို၊ အာဒါယ- ပြန်ယူ၍၊ စေ ဂစ္ဆတိ- အံ့၊ (ဧဝံ သတိ- သော်၊) သော ဘိက္ခု- ကို၊ "တယာ- သင်သည်၊ သံဃဿ-၏၊ လာဘန္တရာယော- လာဘ်၏အန္တရာယ်ကို၊ ကတော- ပြုအပ်ပြီ၊" ကျတိ- သို့၊ ကေနစိ- တစ်စုံတစ်ယောက်သော ရဟန်းသည်၊ ကိဉ္စိ- ဘာကိုမျှ၊ နဝတ္တဗ္ဗော- မပြောထိုက်၊ ဟိ- မှန်၏၊ ယော- အကြင်ရဟန်းသည်၊ တံ- ထိုရွှေ

သံဃော သမ္ပဋိစ္ဆတိ။ ။ ဥက္ကဋ္ဌနည်းအားဖြင့် ဆိုထားသော စကားမျှသာ ဖြစ်သည်။ ဂိုဏ်းစသည်တို့က သံဃာအတွက်ခံယူလျှင်လည်း ခံယူခြင်း၌ ဒုက္ကဋ်၊ သုံးဆောင်ခြင်း၌လည်း ဒုက္ကဋ်သင့်သည်။ (ဝိမတိ၊၁၊၃၃၀။)

(သာရတ္ထ၊၂၊၄၁၀။) ၌ ခံယူခြင်းမှ ပါစိတ်အာပတ်သင့်၏ဟူသော စကားသည် "သေသာနံ အတ္ထာယ ဒုက္ကဋ်"ဟူသော အဋ္ဌကထာစကားနှင့် ဆန့်ကျင်သည်။

http://www.dhammadownload.com

ငွေပယ်သော ရဟန်းကို၊ စောဒေတိ- စောဒနာ၏၊ ဝါ- အပြစ်တင်၏၊ သွေဝ- ထိုစောဒနာသော ရဟန်းသည်သာ၊ သာပတ္တိကော- အာပတ်နှင့်တကွ ဖြစ်သည်၊ ဟောတိ- ၏၊ (ဒုက္ကင်္ဍု) ပန- စင်စစ်သော်ကား၊ တေန ဧကေန- ထိုပယ်မြစ်သော ရဟန်းတစ်ပါးသည်၊ ဝါ- က၊ ဗဟူ- များစွာသော ရဟန်းတို့ကို၊ အနာပတ္တိကာ- အာပတ် မရှိသည်တို့ကို၊ ကတာ- ပြုအပ်ကုန်ပြီ၊ [ထိုရဟန်း တစ်ပါးက မပယ်လိုက်လျှင် ရဟန်းအများမှာ အာပတ်သင့်ဖွယ်ရာ ရှိသည်။] ပန- ဆက်၊ ဘိက္ခူဟိ- တို့သည်၊ "န ဝဋ္ဋတိ- မအပ်၊" ဣတိ- သို့၊ ပဋိက္ခိတ္တေ- ပယ်မြစ်အပ်သော်၊ "ကပ္ပိယကာရကာနံ ဝါ- တို့၏သော်လည်း၊ ဟတ္ထေ- ၌၊ ဘဝိဿတိ- ဖြစ်ပါလတ္တံ့၊ မမ- တပည့်တော်၏၊ ပုရိသာနံ ဝါ- ယောကျ်ားတို့၏သော်လည်း၊ ဟတ္ထေ- ၌၊ ဘဝိဿတိ- တတ္တံ့၊ မယှံ ဝါ- တပည့်တော်၏သော်လည်း၊ ဟတ္ထေ- ၌၊ ဘဝိဿတိ- တတ္တံ့၊ ကေဝလံ- လက်ခံခြင်းမဖက်သက်သက်၊ တုမ္ဟေ- အရှင်ဘုရားတို့သည်၊ ပစ္စယေ- တို့ကို၊ ပရိဘုဉ္ဇထ- သုံးစွဲရုံသာ သုံးစွဲတော်မူပါကုန်၊" ဣတိ- သို့၊ သစေ ဝဒတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ- ၏။

စ- ဆက်၊ စတုပစ္စယတ္ထာယ- ပစ္စည်းလေးပါးအကျိုးငှာ၊ ဒိန္နံ- ပေးလှူအပ်သော ပစ္စည်းကို၊ ယေန ယေန ပစ္စယေန- အကြင်အကြင်ပစ္စည်းဖြင့်၊ အတ္ထော- အလိုသည်၊ ဟောတိ- ရှိအံ့၊ တံ တဒတ္ထံ- ထိုထိုပစ္စည်းအကျိုးငှာ၊ ဥပနေတဗ္ဗံ- ကပ်ဆောင်နိုင်၏၊ **စီဝရတ္ထာယ**- သင်္ကန်းအကျိုးငှာ၊ ဒိန္နံ- ပေးလှူအပ်သော ပစ္စည်းကို၊ စီဝရေယေဝ- သင်္ကန်း၌သာ၊ ဥပနေတဗ္ဗံ- ၏၊ စီဝရေန- ဖြင့်၊ တာဒိသော- ထိုသို့ ရှုအပ်သော၊ အတ္ထော- အလိုသည်၊ သစေ နတ္ထိ- အံ့၊ ပိဏ္ဍပါတာဒီဟိ- ဆွမ်းစသည်တို့ဖြင့်၊ သံယော- သည်၊ သစေ ကိလမတိ- အကယ်၍ ပင်ပန်းအံ့၊ (ဧဝံ သတိ- သော်၊) သံဃသုဋ္ဌုတာယ- သံဃာ၏ ကောင်းပါပေသည်ဟု ဝန်ခံနိုင်သည်၏ အဖြစ်ဟူသော အကျိုးငှာ၊ အပလောကေတွာ- ပန်ပြော၍၊ တာဒတ္ထာယပိ- ထိုဆွမ်းစသည်တို့၏ အကျိုးငှာလည်း၊ (ရှားပါးသော

စောဒေတိ ။ ။ သံဃာအား လှူလာသော ရွှေငွေကို ပယ်လိုက်သော ရဟန်းမှာ အပြစ်မရှိကြောင်းကို သိပါလျက် အမျက်ဒေါသကြောင့်ဖြစ်စေ, တပ်မက်မှုလောဘကြောင့်ဖြစ်စေ ဘဏ္ဍာစားပေးထိုက်သည်-ဟု စောဒနာခဲ့ပါလျှင် ထိုစောဒနာသော ရဟန်းသည်သာ မုသားဆိုခြင်းစသော အကြောင်းကြောင့် ပါစိတ်, ဒုက္ကဋ်စသော အာပတ်သင့်သည်။ "အစားပေးထိုက်သည်"ဟု မှတ်ထင်ပြောဆိုပြီးမှ အပြစ်မရှိကြောင်းကိုသိ၍ ရှောင်ကြဉ်သော ရဟန်းမှာမူ အာပတ်မသင့်ချေ။ (ဝိမတိ၊၁၊၃၃၀။)

(သာရတ္ထ ၊၂၊၄၁၀။) ၌ကား ဒုက္ကဋ်ဟုသာ ဆိုသည်။

http://www.dhammadownload.com

ပစ္စည်းအတွက်၊) ဥပနေတဗ္ဗံ- ၏၊ **ပိဏ္ဍပါတဂိလာနပစ္စယဘေသဇ္ဇာယ**- ဆွမ်း လူနာ ၏ဆေးပစ္စည်း အကျိုးငှာ၊ ဒိန္နေပိ- လျှာအပ်သောပစ္စည်း၌လည်း၊ ဧသနယော- တည်း၊ ပန- ကား၊ **သေနာသနဘေသဇ္ဇာယ**- ကျောင်းအကျိုးငှာ၊ ဒိန္နံ- လျှာအပ်သော ပစ္စည်းကို၊ သေနာသနသ- ၏၊ ဂရုဘဏ္ဍတ္တာ- ဂရုဘဏ်၏အဖြစ်ကြောင့်၊ သေနာသနေယေဝ- ၌သာ၊ ဥပနေတဗ္ဗံ- ၏၊ ပန- ဆက်၊ ဘိက္ခူသု- တို့သည်၊ သေနာသနံ- ကို၊ ဆဋ္ဌေတွာ- စွန့်၍၊ ဂတေသု- သွားကုန်လသော်၊ သေနာသနံ- သည်၊ သစေ ဝိနဿတိ- အကယ်၍ ပျက်စီးအံ့၊ ဤဒိသေ- ဤသို့ရှုအပ်သော၊ ကာလေ- အခါမျိုး၌၊ သေနာသနံ- ကို၊ ဝိဿဇ္ဇေတွာပိ- စွန့်၍လည်း၊ ဘိက္ခူနံ- တို့အား၊ ပရိဘောဂေါ- ဆွမ်းအစရှိသည်ကို သုံးဆောင်ခြင်းကို၊ အနုညာတော- ခွင့်ပြုတော်မူအပ်ပြီ၊ တသ္မာ- ကြောင့်၊ သေနာသနဇဂ္ဂနတ္ထံ- ကျောင်းကို စောင့်ရှောက်ခြင်းအကျိုးငှာ၊ မူလစ္ဆေဇ္ဇံ- အမြစ်အရင်းပြတ်ခြင်းကို၊ အကတွာ- မပြု မူ၍၊ (လျှထားသော ဝတ္ထုကုန်မသွားအောင်၊) ယာပနမတ္တံ- မျှတလောက်ရုံ၊ ပရိဘုဉ္ဇိတဗ္ဗံ- သုံးစွဲထိုက်၏။

၆၀။ ကောစိ- တစ်စုံတစ်ယောက်သော ဒါယကာသည်၊ "မယ့်- ၏၊ ဝါ- မှာ၊ တိသဿသမွာဒနကံ- သုံးမျိုးသော ကောက်ကို ပြီးစေနိုင်သော၊ မဟာ- တဠာကံ- ကြီးစွာသော တစ်ဖက်ဆည်ကန်သည်၊ အတ္ထိ- ရှိပါ၏၊ တံ- ထိုတစ်ဖက်ဆည်ကန်ကြီးကို၊ သံယဿ- အား၊ ဒမ္မိ- ၏၊" ဣတိ- သို့၊ သစေ ဝဒတိ- အံ့၊ တံ- ထို တစ်ဖက်ဆည်ကန်ကြီးကို၊ သံယော- သည်၊ စေ သမ္မုဋ္ဌဘိ- အကယ်၍ လက်ခံအံ့၊ (စေဝံ သတိ- သော်၊) ပဋိဂ္ဂဟဏေပိ- ခံယူခြင်းကြောင့်လည်းကောင်း၊ ပရိဘောဂေပိ- သုံးဆောင်ခြင်းကြောင့်လည်းကောင်း၊ အာပတ္တိ ယေဝ- ဒုက္ကဋ် အာပတ်ချည်းသာလျှင်၊ ဟောတိ- ၏၊ ပန- ဆက်၊ ယော- အကြင် ရဟန်းသည်၊ တံ- ထိုတစ်ဖက်ဆည်ကန်ကြီးကို၊ ပဋိက္ခိပတိ- အံ့၊ သော- ကို၊ ပုရိမနယေနေဝ- သာလျှင်၊ ကေနစိ- သည်၊ ကိဉ္စိ- ဘာကိုမျှ၊ န ဝတ္တဗ္ဗော- မပြောထိုက်၊ ဟိ- မှန်၏၊ ယော- အကြင်ရဟန်းသည်၊ တံ- ထိုပယ်သော ရဟန်းကို၊ စောဒေတိ- စောဒနာ၏၊ ဝါ- အပြစ်တင်၏၊ သွေဝ- ထိုရဟန်းသည်သာ၊ သာပတ္တိကော- အာပတ်နှင့်တကွ ဖြစ်သည်၊ ဟောတိ- ၏၊ ပန- ဆက်၊ တေန ဧကေန- သည်၊ ဗဟူ- တို့ကို၊ အနာပတ္တိကာ- အာပတ်မရှိသည်တို့ကို၊ ကတာ- ပြုအပ်ကုန်ပြီ။

http://www.dhammadownload.com

ပန- ဆက်၊ ယော- အကြင်ဒါယကာသည်၊ "တာဒိသံယေဝ- ထိုသို့ ရှုအပ်သည်သာ ဖြစ်သော၊ တဋ္ဌာက်- တစ်ဖက်ဆည်ကန်ကို၊ ဒမ္မိ- ပေးလှူပါ၏၊" ဣတိ- သို့၊ ဝတွာ- ၍၊ ဘိက္ခူဟိ- တို့သည်၊ နံ ဝဋ္ဋတီတိ- မအပ်ဟူ၍၊ ပဋိက္ခိတ္တော- ပယ်အပ်သည်၊ သမာနော- ဖြစ်လသော်၊ သံယဿ- ၏၊ "အသုကဿ တဋ္ဌာက်- ထိုတစ်ဖက်ဆည်ကန်သည်လည်းကောင်း၊ အသုကဿ တဋ္ဌာက်- ထိုတစ်ဖက်ဆည်ကန်သည်လည်းကောင်း၊ အတ္ထိ- ရှိနေပါ၏၊ တံ- ထိုတစ်ဖက်ဆည်ကန်သည်၊ ကထံ- အဘယ်နည်းဖြင့်၊ ဝဋ္ဋတိ- အပ်ပါသနည်း၊" ဣတိ- သို့၊ ဝဒတိ- ပြောဆိုလျှောက်ထားအံ့၊ "ကပ္ပိယံ- အပ်သည်ကို၊ ဝါ- အပ်အောင်၊ ကတွာ- ၍၊ ဒိန္နံ- လှူအပ်သည်၊ ဘဝိဿတိ- တတ်၊" ဣတိ- သို့၊ သော- ထို ဒါယကာကို၊ ဝတ္တဗ္ဗော- ပြောထိုက်၏၊ ကထံ- အဘယ်နည်းဖြင့်၊ ဒိန္နံ- လှူအပ်သည်၊ သမာနံ- သော်၊ ကပ္ပိယံ- အပ်သည်၊ ဟောတိ- ဖြစ်ပါသနည်း၊ ဣတိ- သို့၊ (ဝဒတိ- ပြန်လျှောက်အံ့၊) "စတ္တာရောပစ္စယေ- ပစ္စည်းလေးပါးတို့ကို၊ ပရိဘုဉ္ဇထ- သုံးစွဲတော်မူပါကုန်၊" ဣတိ- သို့၊ ဝတွာ- ၍၊ ဒိန္နံ- သည်၊ သမာနံ- သော်၊ ကပ္ပိယံ- သည်၊ ဟောတိ- ၏၊ ဣတိ- သို့၊ ဝတ္တဗ္ဗော- ထိုက်၏၊ သော- ထိုဒါယကာသည်၊ "ဘန္တေ- ရာ၊ သာဓု- ကောင်းပါပြီ၊ စတ္တာရော ပစ္စယေ- တို့ကို၊ ပရိဘုဉ္ဇထ- ပါကုန်၊" ဣတိ- ဤသို့လျှောက်၏၊ သစေ ဒေတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ- ၏။

တဋ္ဌာက် ဒမ္မိ ။ ။ လယ်ထဲမှာ အပါအဝင်ဖြစ်သောကြောင့် တစ်ဖက်ဆည်ကန်ကို လက်မခံကောင်း။ သို့သော် ၁။ "ဘိက္ခသံယော စတ္တာရော ပစ္စယေ ပရိဘုဉ္ဇတု၊ တဋ္ဌာက် ဒမ္မိ၊" ၂။ "ဘိက္ခသံယဿ စတုပစ္စယပရိဘောဂတ္ထာယ တဋ္ဌာက် ဒမ္မိ၊" ဤနည်းနှစ်နည်းတို့တွင် တစ်နည်းနည်းဖြင့် ပြောဆိုလျှဒါန်းလျှင်ပင် အပ်သည်။ "ဣတော တဋ္ဌာကတော ဥပဋ္ဌေန စတ္တာရော ပစ္စယေ ဒမ္မိ"ဟု ပြောဆိုလျှဒါန်းပါမူ ဆိုဖွယ်ပင် မရှိတော့ချေ။ အကောင်းဆုံးသော လှူနည်းဖြစ်သည်။ (သာရတ္ထ၊၂၄၁၀-၄၁၁။)

ဤစကားသည်လည်း ပစ္စည်းလေးပါးသုံးဆောင်ရန် သံဃာအား လှူဒါန်းသည်ကိုသာ ရည်ရွယ်သော စကားဖြစ်သည်။ ပုဂ္ဂိုလ်အားမူကား ဤသို့ ပြောဆိုလျှဒါန်းပါသော်လည်း တစ်ဖက်ဆည်ကန်, လယ်ယာစသည်တို့ မအပ်သည်သာ၊ သို့သော် စိတ်စင်ကြယ်သော ရဟန်းအား ရေကို သုံးဆောင်ရန် ရေတွင်းရေကန်စသည်တို့ အပ်ကုန်၏။ မှန်၏၊ "သံဃဿ တဋ္ဌာက် အတ္ထိ၊ တံ ကထံ"စသည်ဖြင့် နေရာတိုင်းမှာ သံဃာနှင့် စပ်၍သာ ဆိုထားပေသည်။ (ဝိမတိ၊၁၃၃၁။)

http://www.dhammadownload.com

တဋ္ဌာက်- ကို၊ ဂဏ္ဌထ- ကုန်၊ ကွတိ- သို့၊ ဝတ္တာ- ၍၊ နဝဋ္ဌတိ- မအပ်၊ ကွတိ- သို့၊ ပဋိက္ခိတ္တောာ- သည်၊ သမာနော- သော်၊ "ကပ္ပိယကာရကော- သည်၊ အတ္ထိ- ရှိပါသလော၊" ကွတိ- သို့၊ ပုစ္ဆိတ္တာ- ၍၊ "နတ္ထိ- မရှိ၊" ကွတိ- သို့၊ ဝုတ္တေ- ပြောအပ်သော်၊ "ကွဒံ- ဤရေကန်ကို၊ အသုကော နာမ- ထိုမည်သူသည်၊ ဝိစာရေဿတိ- စီမံပါလတ္တံ့၊ ဝါ- သို့မဟုတ်၊ အသုကဿ- ထိုသူ၏၊ ဟတ္ထေ- ၌၊ ဘဝိဿတိ- လတ္တံ့၊ ဝါ- သို့မဟုတ်၊ မယ္ပံ- ၏၊ ဟတ္ထေ- ၌၊ ဘဝိဿတိ- လတ္တံ့၊ သံယော- သည်၊ကပ္ပိယဘဏ္ဍံ- ကို၊ ပရိဘုဉ္ဇတု- မူပါ၊"ကွတိ- သို့၊ အထာပိ ဝဒတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဌတိ- ၏၊ "နဝဋ္ဌတိ- မအပ်၊" ကွတိ- သို့၊ ပဋိက္ခိတ္တောာ- သည်၊ သမာနော- သော်၊ "ဥဒကံ- ရေကို၊ ပရိဘုဉ္ဇိဿတိ- သုံးဆောင်ရပါလိမ့်မည်၊ ဘဏ္ဍကံ- သင်္ကန်းစသော ဘဏ္ဍာကို၊ ဓောဝိဿတိ- ဖွပ်လျှော်ရပါလိမ့်မည်၊ မိဂပက္ခိနော- သားငှက်တို့သည်၊ ပိဝိဿန္တိ- သောက်ကြရပါကုန်လိမ့်မည်၊" ကွတိ- သို့၊ သစေပိ ဝဒတိ- အံ့၊ (ဧဝမ္ပိ- သော်လည်း၊) ဝဋ္ဌတိ- ၏၊ "နဝဋ္ဌတိ- မအပ်၊" ကွတိ- သို့၊ ပဋိက္ခိတ္တောာ- သည်၊ သမာနော- သော်၊ "ကပ္ပိယသီသေန- အပ်သောနည်းကို အဦးပြုသဖြင့်၊ ဂဏ္ဌထ- ခံယူပါကုန်၊" ကွတိ- သို့၊ အထာပိ ဝဒတိ- အံ့၊ (ဧဝံ သတိ- သော်၊) "ဥပါသက- ဒါယကာ၊ သာဓု- ကောင်းပြီ၊ သံယော-သည်၊ ပါနီယံ- ရေကို၊ ပိဝိဿတိ- လတ္တံ့၊ ဘဏ္ဍကံ- ကို၊ ဓောဝိဿတိ- လတ္တံ့၊ မိဂပက္ခိနော- တို့သည်၊ ပိဝိဿန္တိ- ကုန်လတ္တံ့၊" ကွတိ- သို့၊ ဝတ္တာ- ပြောဆိုခံယူ၍၊ ပရိဘုဉ္ဇိတုံ- ၌၊ ဝဋ္ဌတိ- ၏၊ "မမ- တပည့်တော်၏၊ တဋ္ဌာက်- ကို၊ သံယဿ- အား၊ ဒမ္မိ- ၏၊" ကွတိ ဝါ- ဤသို့သော်လည်းကောင်း၊ "မမ- ၏၊ ပေါက္ခရဏိ- လေးထောင့်ကန်ကို၊ သံယဿ- အား၊ ဒမ္မိ- ၏၊" ကွတိ ဝါ- သော်လည်းကောင်း၊ ဝုတ္တေ- ပြောဆိုအပ်သော်၊ "ဥပါသက- ဒါယကာ၊ သာဓု- ပြီ၊ သံယော- သည်၊ ပါနီယံ- ကို၊ ပိဝိဿတိ- လတ္တံ့၊ "ကွတိအာဒီနိ- ဤသို့အစရှိသော စကားတို့ကို၊ ဝတ္တာ- ပြောဆိုခံယူ၍၊ ပရိဘုဉ္ဇိတုံ- ၌၊ ဝဋ္ဌတိယေဝ- သည်သာ။

ပန- ဆက်၊ ဘိက္ခူဟိ- တို့သည်၊ ဟတ္ထကမ္မံ- ဟတ္ထကမ်ကို၊ ဝါ- လက်ဖြင့် ပြုအပ်သော အမှုကို၊ ယာစိတ္တာ- တောင်း၍လည်းကောင်း၊ သဟတ္ထေန- မိမိလက်ဖြင့်၊ ကပ္ပိယပထဝိ- အပ်သော မြေကို၊ ခဏိတ္တာ စ- တူး၍လည်းကောင်း၊ ဥဒကပရိဘောဂတ္ထာယ- ရေကို သုံးဆောင်ရခြင်းအကျိုးငှာ၊ တဋ္ဌာက်- သည်၊ ဝါ- ကို၊ ကာရိတံ- ပြုစေအပ်သည်၊ ယဒိ ဟောတိ- အံ့၊ တံ- ထိုတစ်ဖက်ဆည်ကန်ကို၊ နိဿာယ- မှီ၍၊ သဿံ- ကောက်ကို၊ နိပ္ပါဒေတ္တာ- ပြီးစေ၍၊ မနုဿာ-

http://www.dhammadownload.com

တို့သည်၊ ဝိဟာရေ-၌၊ ကပ္ပိယဘဏ္ဍံ- ကို၊ စေ ဒေန္တိ- အာဏာယ်၍ ပေးလျှက်၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ- ၏။ အထ- သို့မဟုတ်၊ မနုဿာ ဧဝ- တို့သည်သာ၊ သံယဿ- အား၊ ဥပကာရတ္ထာယ- လျော်သောကျေးဇူးကို ပြုရခြင်းအကျိုးငှာ၊ သံယိကဘူမိ- သံယိကမြေကို၊ ခဏိတွာ- တူး၍၊ တံ- ထိုရေကန်ကို၊ နိဿာယ-၍၊ နိပ္ပန္နသဿတော- ပြီးစီးသော ကောက်မှ၊ ကပ္ပိယဘဏ္ဍံ- ကို၊ သစေ ဒေန္တိ-ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဧတမ္ပိ- ဤသို့လျှောအပ်သော ကပ္ပိယဘဏ္ဍာသည်လည်း၊ ဝဋ္ဋတိ- ၏။ စ- သည်သာမကသေး၊ "အမှာကံ- တပည့်တော်တို့အတွက်၊ ဧကံ- သော၊ ကပ္ပိယကာရကံ- ကို၊ ဌပေထ- ထားပါကုန်၊" ဣတိ- သို့၊ ဝုတ္တေ-သော်၊ ဌပေတုမ္ပိ- ငှာလည်း၊ လဗ္ဘတိ- ရအပ်၏။

တေ မနုဿာ- တို့သည်၊ ရာဇဗလိနာ- မင်း၏ အခွန်အတုပ်သည်၊ ဥပဋ္ဌာတာ-နှိပ်စက်အပ်ကုန်သည်၊ ဟုတွာ- ၍၊ အထ ပဏ္ဏမန္တိ- အကယ်၍ အရပ်တပါးသို့ဖဲသွားကုန်အံ့၊ အညေ- အခြားလူတို့သည်၊ ပဋိပဇ္ဇန္တိ- ပြုလုပ်ကုန်အံ့၊ စ- ထိုသို့ပင် ပြုလုပ်ပါကုန်သော်လည်း၊ ဘိက္ခူနံ- တို့အား၊ ကိဉ္စိ- ဘာကိုမျှ၊ န ဒေန္တိ-မပေးကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဥဒကံ- ကို၊ ဝါရေတုံ- တားမြစ်ခြင်းငှာ၊ လဗ္ဘတိ-ရအပ်၏၊ (ကျောင်းနှင့်ဆိုင်သော ရေကန်မှ ရေကို မယူကြနှင့်ဟု တားမြစ်ပိုင်ခွင့်ရှိသည်၊) တဿ- ထိုရေကိုလည်း၊ ကသိကမ္မကာလေယေဝ- လယ်ထွန်မှုကို ပြုရာအခါ၌သာ၊ ဝါရေတုံ- ငှာ၊ လဗ္ဘတိ- ၏၊ သဿကာလေ- ကောက်ပင်ဖြစ်ရာအခါ၌၊ ဝါရေတုံ- ငှာ၊ န လဗ္ဘတိ- အပ်၊ "ဘန္တေ- အရှင်ဘုရားတို့၊ ပုဗ္ဗေပိ- ရှေး၌လည်း၊ မနုဿာ- တို့သည်၊ ဣမံ- ဤရေကန်ကို၊ နိဿာယ-၍၊ သဿံ- ကို၊ အကံသု နနု- ပြုကုန်ပြီမဟုတ်ပါလော၊" ဣတိ- သို့၊ တေ-ထိုလူတို့သည်၊ သစေ ဝဒန္တိ- ကုန်အံ့၊ တတော- ထိုသို့ လျှောက်ခြင်းကြောင့်၊

ကဋ္ဌိယကာရကံ ဌပေထ ။ ။ "တပည့်တော်တို့အား ကပ္ပိယကာရကတစ်ဦးထားပေးပါ"ဟူသော စကားသည် ထုံးတမ်းစဉ်လာ အနေအားဖြင့်သာ လျှောက်ထားအပ်သော စကားမျိုး ဖြစ်သည်။ ယင်းသို့ မပြောဆို မလျှောက်ထားသော်လည်း ကပ္ပိယကာရက ထားပေးသည့်အတွက် အပြစ်မရှိပါ။ ထို့ကြောင့်ပင် "ဥဒကံ ဝါရေတုံ လဗ္ဘတိ" ဟု ဆိုထားပေသည်။ (ဝိမတိ၁၊၃၃၁။)

န သဿကာလေ။ ။ ရဟန်းတို့အား သူတစ်ပါးဥစ္စာကို ဖျက်ခြင်းငှာ မအပ်သောကြောင့် ကောက်စိုက်ပြီးချိန်မှာ မတားမြစ်ရဟု ဆိုသည်။ ကောက်စိုက်ပြီးချိန်ပင် ဖြစ်သော်လည်း ခြိမ်းခြောက်ပြီးမှ ရေလွှတ်ပေးခြင်းငှာ အပ်သည်။ ရေလွှတ်မပေးလျှင် ဘဏ္ဍာစားထိုက်သည်။ (ဋီ။)

http://www.dhammadownload.com

"တေ- ထိုရွေးလူတို့သည်၊ သံဃသ- အား၊ ဣမဉ္စ ဣမဉ္စ ဥပကာရံ- ဤမည်ဤမည်သော လျော်သော ကျေးဇူးကို၊ အကံသု- ပြုကုန်ပြီ၊ ဣဒဉ္စိဒဉ္စ ကပ္ပိယဘဏ္ဍကံ- ဤမည် ဤမည်သော ကပ္ပိယဘဏ္ဍာကို၊ အဒံသု- ပေးကုန်ပြီ" ဣတိ- သို့၊ ဝတ္တာဗ္ဗာ- ပြောဆိုထိုက်ကုန်၏၊ တေ- ထိုဒါယကာတို့သည်၊ "မယမ္ပိ- တပည့်တော်တို့ကလည်း၊ ဒဿာမ- ပေးပါကုန်အံ့၊" ဣတိ- သို့၊ သစေ ဝဒန္တိ- ကုန်အံ့၊ ဧဝမ္ပိ- ဤသို့ လျှောက်ပြန်သော်လည်း၊ ဝဋ္ဋတိ- ၏။

ပန- ဆက်၊ ကောစိ- တစ်စုံတစ်ယောက်သော၊ အဗျတ္တော- ဝိနည်း၌ မကျွမ်းကျင်သော ရဟန်းသည်၊ အကပ္ပိယဝေါဟာရေန- မအပ်ဟု ဆိုအပ်သော အသုံးအနှုန်းဖြင့်၊ တဇ္ဇာကံ- ကို၊ သစေ ပဋိဂ္ဂဏှာတိ ဝါ- အကယ်၍မူလည်း လက်ခံအံ့၊ သစေ ကာရေတိ ဝါ- အကယ်၍မူလည်း ပြုစေအံ့၊ (ဧဝံ သတိ- သော်၊) တံ- ထိုတစ်ဖက်ဆည်ကန်ကို၊ ဘိက္ခူဟိ- တို့သည်၊ န ပရိဘုဉ္ဇိတဗ္ဗံ- မသုံးစွဲထိုက်၊ တံ- ထိုကန်ကို၊ နိဿာယ- ၍၊ လဒ္ဓကပ္ပိယဘဏ္ဍမ္ပိ- ရအပ်သော ကပ္ပိယဘဏ္ဍာသည်လည်း၊ အကပ္ပိယမေဝ- မအပ်သည်သာလျှင်၊ ဟောတိ- ၏၊ ဘိက္ခူဟိ- တို့သည်၊ ပရိစ္စတ္တဘာဝံ- စွန့်ပစ်အပ်သည်၏အဖြစ်ကို၊ ဉတ္တာ-၍၊ သာမိကော ဝါ- မူလဥစ္စာရှင်သည်သော်လည်းကောင်း၊ တဿ- ထိုမူလဥစ္စာရှင်၏၊ ပုတ္တ- ဓီတရော ဝါ- သားသမီးတို့သည်သော်လည်းကောင်း၊ အညော- သော၊ ကောစိ- သော၊ ဝံသေ- အနွယ်၌၊ ဥပ္ပန္နော ဝါ- ဖြစ်သူသည်သော်လည်းကောင်း၊ ပုန- တစ်ဖန်၊ ကပ္ပိယဝေါဟာရေန- ဖြင့်၊ (ဤကန်မှ ဖြစ်ပွားလာသော အပ်သော ပစ္စည်းကို လှူပါ၏စသော အသုံးအနှုန်းဖြင့်) သစေ ဒေတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ- ၏၊ ကုလဝံသေ- အမျိုးအနွယ်သည်၊ ပစ္ဆိန္နေ- ပြတ်စဲလသော်၊ စိတ္တလပဋ္ဌတေ- စိတ္တလတောင်၌၊ ဘိက္ခုနော- သည်၊ နီဟဋ္ဌဥဒကဝါဟကံ- သွယ်

သစေ ပန ကောစိ။ပေ။ ဝဋ္ဋတိ။ ။ ဝိနည်းမကျွမ်းကျင်သော (ကျွမ်းကျင်သော်လည်း ဂရုမစိုက်သော) ရဟန်းတစ်ပါးပါးက မအပ်သောနည်းဖြင့် လယ်ယာကို အလှူခံထားလျှင် ထိုလယ်ယာမှ ဖြစ်ပေါ်လာသမျှသော ပစ္စည်းများကို အသုံးမပြုကောင်းတော့ပေ။ ယင်းသို့ မအပ်မစပ်အလှူခံထားသဖြင့် အသုံးမပြုကောင်း၍ ထိုလယ်ယာကို လဇီရဟန်းများက စွန့်ပစ်ထားမှန်းသိသောကြောင့် မူလအလှူရှင်ကဖြစ်စေ သူ၏ သားသမီးများကဖြစ်စေ ဆွေမျိုးများကဖြစ်စေ အပ်သောနည်းဖြင့် ပြန်လှူလျှင် အပ်သေးသည်။ ယခုခေတ်၌ ငွေကို အလှူခံ၍ ကျောင်းဆောက်ထားသည့်အတွက် မအပ်သောကြောင့် လဇီရဟန်းတို့က ထိုကျောင်းကို စွန့်ပစ်ထားလျှင် ဆိုင်ရာအဆက် အနွယ်တို့က ကိုယ်ပိုင်အဖြစ်ယူ၍ ထပ်မံလှူမူ သုံးစွဲကောင်းစရာရှိ၏။ (ပါ။ဘာဋီ၊၄၊၃၀၇။)

http://www.dhammadownload.com

ဆောင်အပ်သော ရေမြောင်းကို၊ **အဋ္ဌနာဂရာဇမဟေသိ-** အဋ္ဌနာဂမင်း၏ မိဖုရားသည်၊ အစ္ဆိန္နိတ္တာ- သိမ်းယူ၍၊ ကပ္ပိယဝေါဟာရေန- ဖြင့်၊ ပုန- တစ်ဖန်၊ ဒေတိဝိယ- ပေးလျှုသကဲ့သို့ တထာ- ထိုအတူ၊ တဿ ဇနပဒဿ- ထိုဇနပုဒ်၏၊ ယော သာမိကော- အကြင် ပိုင်ရှင်သည်၊ အတ္ထိ- ၏၊ သော- သည်၊ အစ္ဆိန္နိတ္တာ- ကိုယ်ပိုင်အဖြစ် သိမ်းယူ၍၊ ကပ္ပိယဝေါဟာရေန- ဖြင့်၊ ပုန- တစ်ဖန်၊ ဒေတိ- အံ့၊ ဧဝမ္ပိ- ဤသို့ လျှုပြန်သော်လည်း၊ ဝဋ္ဋတိ- ၏။

ကပ္ပိယဝေါဟာရေပိ- ၌လည်း၊ (ဝိနိစ္ဆယံ- အဆုံးအဖြတ်ကို၊ ဝက္ခာမ- ဆိုကုန်အံ့၊) ဥဒကဝသေန- ရေကို အလိုရှိသဖြင့်၊ (ဝသ- နက်ကား, စွမ်းပြား, စပ်လို, အထူးဆိုလေ ဟူသော အနက်တို့တွင် ဤနေရာ၌ "အလို"ဟူသော အနက်ကို ဟောသည်၊ ထိုကြောင့် ဋီကာများက "ဥဒကပရိဘောဂတ္ထံ"ဟု ဖွင့်သည်။) ပဋိဂ္ဂဟိတတဋ္ဌာကေ- ခံယူအပ်သော တစ်ဖက်ဆည်ကန်၌၊ သုဒ္ဓစိတ္တာနံ- စင်ကြယ်သော စိတ်ရှိသော ရဟန်းတို့၏၊ မတ္တိကုဒ္ဓရဏပါဠိဗန္ဓနာဒီနိ စ- မြေညက်ကို ထုတ်ဆောင်ခြင်း, ကန်သင်းဖွဲ့ခြင်းအစရှိသည်တို့ကိုလည်း၊ ကာတုံ- ဌာ၊ ဝဋ္ဋတိ- ၏၊ ပန- ဆက်၊ တံ- ထိုတစ်ဖက်ဆည်ကန်ကို၊ နိဿာယ- ၍၊ သဿံ- ကို၊ ကရောန္တေ- ပြုလုပ်နေသူတို့ကို၊ ဒိသွာ- ၍၊ ကပ္ပိယကာရကံ- ကို၊ ဌပေတုံ- ဌာ၊ န ဝဋ္ဋတိ- မအပ်၊ တေ- ထိုကောက်ကို ပြုသူတို့သည်၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ ကပ္ပိယဘဏ္ဍံ- ကို၊ ယဒိ ဒေန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဂဟေတဗ္ဗံ- ခံယူထိုက်၏၊ နော စေ ဒေန္တိ- အကယ်၍

ဇနပဒဿ သာမိကော။ ။ ယခုခေတ်၌ အစိုးရအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ကို ဇနပဒသာမိက-အရ ယူနိုင်စရာရှိသည်။ သို့ဖြစ်၍ သက်ဆိုင်ရာအစိုးရအုပ်ချုပ်ရေးအဖွဲ့က ဤကျောင်း, လယ်ယာစသည်ကို ရဟန်းတော်များ စွန့်လွှတ်ထားပြီ၊ ပိုင်ရှင်မရှိတော့ဘူးဟူသော အမှတ်သညာဖြင့် သိမ်းယူ၍ ပြန်လှူလျှင် နဂိုက မအပ်သော ကျောင်းစသည်ပင် အပ်စရာရှိသည်။

ကပ္ပိယကာရကံ ဌပေတုံ န ဝဋ္ဋတိ။ ။ ကပ္ပိယကာရကကို မထားကောင်းဟူသော ဤစကားသည် ကိုယ်တိုင်ပါဝင်လုပ်ကိုင်မှုစသည်ဖြင့် ပြုလုပ်ထားသည့် တစ်ဖက်ဆည်ကန်ဖြစ်သောကြောင့် ကပ္ပိယကာရကထားခြင်းငှာ မသင့်တော် မလျောက်ပတ်ဟု နှလုံးသွင်း၍ ဆိုထားသော စကားမျှသာ ဖြစ်ဖွယ်ရာရှိသည်။ ကပ္ပိယကာရကထားသော သံဃာ, ထိုမှဖြစ်ပွားလာသော ပစ္စည်းကို သုံးစွဲသောသံဃာမှာ အာပတ်သင့်သည်ဟူသော သဘောကို နားမလည်နိုင်စရာ ဖြစ်ပါသည်။ အဋ္ဌကထာကို ပမာဏပြုသဖြင့်သာ ဤကပ္ပိယကာရကထားရာ၌ အာပတ်သင့်သည်ဟု ယူထိုက်သည်။

(ဝိမတိ၊၁၊၃၃၁။)

http://www.dhammadownload.com

မပေးကုန်အံ့၊ (ဧဝံ သတိ- သော်၊) နဲ စောဒေတဗ္ဗံ- မတောင်းထိုက်၊ ပစ္စယ-ဝသေန- ပစ္စည်းကို လိုသဖြင့်၊ ပဋိဂ္ဂဟိတတာဌာကေ- ၌၊ ကပ္ပိယကာရကံ- ကို၊ ဌပေတုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ မတ္တိကုဒ္ဓရဏာပါဠိဗန္ဓနာဒီနိ- တို့ကို၊ ကာတုံ- ငှာ၊ နဝဋ္ဋတိ- မအပ်၊ ကပ္ပိယကာရကာ- တို့သည်၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ သစေ ကရောန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ- ၏။

ပန- ဆက်၊ အဗျတ္တေန- ဝိနည်း၌ မကျွမ်းကျင်သော၊ လဇ္ဇိဘိက္ခုနာ- လဇ္ဇီရဟန်းသည်၊ မတ္တိကုဒ္ဓရဏာပါဠိဗန္ဓနာဒီသု- တို့ကို၊ ကာရာပိတေသု- ပြုစေအပ်ကုန်လသော်၊ ပဋိဂ္ဂဟဏံ- ခံယူခြင်းသည်၊ ကပ္ပိယံ- အပ်သည်၊ ကိစ္စာပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဦးတော့၊ ပန- ထိုသို့ပင် ဖြစ်ပါသော်လည်း၊ ဘိက္ခုသဒ္ဒေါ၊ ပယောဂပစ္စယာ- စေခိုင်းခြင်းပယောဂဟူသော အကြောင်းကြောင့်၊ ဥပ္ပန္နေန- ဖြစ်သော ရေနှင့်၊ မိဿတ္တာ- ရောနှောသည်၏ အဖြစ်ကြောင့်၊ ဝိသဂတပိဏ္ဍပါတော ဝိယ- အဆိပ်သည် ရောက်အပ်သော ဆွမ်းကဲ့သို့လည်းကောင်း၊ အကပ္ပိယမံသရသမိဿဘောဇနံ ဝိယ စ- မအပ်သော အသားရည်ဖြင့် ရောသော ဘောဇဉ်ကဲ့သို့လည်းကောင်း၊ ဒုဗ္ဘိနိဘောဂံ- မခွဲခြားအပ် မခွဲခြားနိုင်သည်၊ ဟောတိ- ဖြစ်၏၊ (တသ္မာ- ထို့ကြောင့်၊) သဗ္ဗေသံ- အလုံးစုံသော ရဟန်းတို့အား၊ အကပ္ပိယမေဝ- မအပ်သည်သာလျှင်၊ ဟောတိ- ဖြစ်ရလေတော့၏။

၆၁။ ပန- ဆက်၊ ဥဒကဿ- ရေ၏၊ ဩကာသော- တည်ရာအရပ်သည်၊ အတ္ထိ- ရှိသေး၏၊ တဋ္ဌာကဿ- ၏၊ ပါဠိ- ကန်ဘောင်ကန်ရိုးသည်၊ ထိရာ-ခိုင်မြဲသည်၊ ဟောတိ- ၏၊ "ယထာ- အကြောင်အခြင်းအရာအားဖြင့် ပြုလတ်သော်၊ ဗဟုံ- များသော၊ ဥဒကံ- ကို၊ ဂဏှာတိ- ယူနိုင်၏၊ ဧဝံ- ဤသို့ များသောရေကို ယူနိုင်လောက်သော အခြင်းအရာအားဖြင့်၊ ကရောဟိ- လော၊ တီရသမီပေ-ကမ်းနား၌၊ ဥဒကံ- ကို၊ ဝါ- ရေရောက်အောင်၊ ကရောဟိ- လော၊" ဣတိ ဧဝံ- ဤသို့၊ ဥဒကမေဝ- ရေကိုသာ၊ သစေ ဝိစာရေတိ- အကယ်၍ စီမံအံ့၊

ဒုဗ္ဘိနိဘောဂံ။ ။ အဆိပ်နှင့် ရောနှောနေသော ဆွမ်းကို အဆိပ်တခြား ဆွမ်းတခြား ခွဲခြား၍ မရနိုင်သကဲ့သို့လည်းကောင်း၊ မအပ်သော အသားရည်နှင့် ရောနှောနေသော ဘောဇဉ်ကို အသားရည်တခြား ဘောဇဉ်တခြား ခွဲခြား၍ မရနိုင်သကဲ့သို့လည်းကောင်း၊ ပင်ကိုယ် အပ်စပ်သော ရေနှင့် ရဟန်း၏ ပယောဂကြောင့် ဖြစ်ရသည့် မအပ်သော ရေတို့ကို ခွဲခြား၍ မရနိုင်တော့သည့်အတွက် သောက်သုံး၍ မဖြစ်တော့ချေ၊ ရဟန်းအကုန်လုံးအတွက်ပင် မအပ်ဘဲ ဖြစ်ရပေတော့သည်။

http://www.dhammadownload.com

(ဧဝံ သတိ- သော်) ဝဋ္ဋတိ- ၏။ "ဥပါသက- ဥပါသကာ၊ ဥဒ္ဓနေ- ဖိုခနောက်၌၊ အင်္ဂိ- မီးကို၊ န ပါတေန္တိ- မကျစေကြရကုန်၊ ဝါ- မချကြရကုန်၊ ဥဒကကမ္မံ- ရေဖြင့်ပြုအပ်သော အမှုကို၊ လဇ္ဇတု- ရအပ်ပါစေလော၊" ဣတိ- သို့၊ ဝတ္တုံ- ငှာ၊ ဝဋ္ဋတိ- ၏၊ ပန- ထိုမှပြန်လှန် မသင့်ဟန်ကား၊ သဿံ- ကို၊ ကတ္တာ- ၍၊ အာဟရဏ- ဆောင်ကုန်လော၊ ဣတိ- သို့၊ ဝတ္တုံ- ငှာ၊ န ဝဋ္ဋတိ- မအပ်။

ပန- ဆက်၊ တဋ္ဌာကေ- ၌၊ အတိဗဟုံ- အလွန်များသော၊ ဥဒကံ- ကို၊ ဒိသွာ- ၍၊ ပဿတော ဝါ- ဘေးမှသော်လည်းကောင်း၊ ပိဋ္ဌတော ဝါ- နောက်ဖေးမှသော်လည်းကောင်း၊ မာတိကံ- ရေမြောင်းကို၊ သစေ နီဟရာပေတိ- အကယ်၍ ထုတ်ဆောင်စေအံ့၊ ဝနံ- တောကို၊ ဆိန္နာပေတွာ- ခုတ်ဖြတ်စေ၍၊ ကေဒါရေ- လယ်တို့ကို၊ သစေ ကာရာပေတိ- အံ့၊ ဝါ- သို့မဟုတ်၊ ပေါရာဏ-ကေဒါရေသု- ရှေးလယ်တို့၌၊ ပကတိဘာဝံ- ပကတိအဖို့ကို၊ ဝါ- ယူရိုးယူစဉ်အဖို့ကို၊ အဂ္ဂဟေတွာ- မယူမူ၍၊ အတိရေကံ- အပိုအလွန်ဖြစ်သော အဖို့ကို၊ သစေ ဂဏှာတိ- အံ့၊ ဝါ- သို့မဟုတ်၊ အပရိစ္ဆိန္နဘာဂေ- မည်၍မည်မျှ ပေးရမည်ဟု မပိုင်းဖြတ်အပ်သော အဖို့ရှိသော၊ နဝသဿေ- အသစ်ဖြစ်သော ကောက်ရိုးလယ်၌၊ (ရှေးက မထွန်ဘူး မစိုက်ပျိုးဘူးသော လယ်သစ်၊) "ဧတ္တကေ-ဤမျှအတိုင်းအရှည်ရှိကုန်သော၊ ကဟာပဏေ- တို့ကို၊ ဒေထ- ပေးကြကုန်၊" ဣတိ- သို့၊ ကဟာပဏေ- တို့ကို၊ သစေ ဥဋ္ဌာပေတိ- အကယ်၍ စတည်စေအံ့၊ (ဧဝံ သတိ- သော်) သဗ္ဗေသံ- တို့အား၊ အကပ္ပိယံ- မအပ်သည်၊ ဟောတိ- ၏။

ဥဒ္ဓနေ။ပ။ ဝဋ္ဋတိ။ ။ "ဒကာတို့ရေ. . ဆွမ်းချက်ရာမှာ နေနေသာသာ၊ ဆန်မရှိသည့်အတွက် တို့ကျောင်းကမီးဖိုမှာ မီးတောင်မှ မမွေးရတော့ဘူး၊ ဒီတော့ ဒကာတို့က ရေရတုန်း ကောက်လည်းစိုက်ကြ၊ တို့ကျောင်းကိုလည်း ပို့လိုက်ကြတာပေါ့"ဟု သဘောအဓိပ္ပါယ် သက်ရောက်နေသော်လည်း သွယ်ဝိုက်၍ပြောသော ပရိယာယ်စကားမျိုး အရိပ်နိမိတ်စကားမျိုး ဖြစ်သည့်အတွက် အပ်သည်။

ကဟာပဏေ။ ။ ငွေအသပြာတို့ကို အဖိုးအခနေဖြင့် သတ်မှတ်ပေးလျှင် ရဟန်းအကုန်လုံးအတွက် မအပ်ဟု ဆိုသဖြင့် စပါးကို သတ်မှတ်ပေးလျှင် ထိုသတ်မှတ်ပေးသော ရဟန်းအတွက်သာ မအပ်ဟူသော သဘောအဓိပ္ပာယ် သက်ရောက်သည်။ (ဋီ။)

http://www.dhammadownload.com

ပန- ဆက်၊ ယော- အကြင်ရဟန်းသည်၊ "ကသထ- ထွန်ကြကုန်၊ ဝပထ- စိုက်ပျိုးကြကုန်၊" ဣတိ- သို့၊ အဝတွာ- တိုက်ရိုက်မပြောဘဲ၊ "ဧတ္တကာယ- သော၊ ဘူမိယာ- မြေ၌၊ ဧတ္တကော နာမ- မည်သော၊ ဘာဂေါ- အဖို့သည်၊ ဟောတိ- ၏၊" ဣတိ ဧဝံ- ဤသို့ပြော၍၊ ဘူမိံ ဝါ- မြေကိုသော်လည်း၊ ပတိဋ္ဌာပေကိ- တည်စေအံ့၊ "ဧတ္တကေ- သော၊ ဘူမိဘာဂေ- မြေအဖို့၌၊ အမှေဟိ- တို့သည်၊ သဿံ- ကို၊ ကတံ- ပြုအပ်ပါပြီ၊ ဧတ္တကံ နာမ- မည်သော၊ ဘာဂံ- ကို၊ ဂဏ္ဍထ- ယူကြပါကုန်၊" ဣတိ- ဤသို့၊ ကဿကေသု- လယ်သမား တို့သည်၊ ဝဒန္တေသု- လျှောက်ကုန်လသော်၊ ဘူမိပ္ပမာဏဂဟဏတ္ထံ- မြေ၏ ပမာဏကို ယူခြင်းအကျိုးငှာ၊ ဝါ- မြေတိုင်းတာခြင်းငှာ၊ ရဇ္ဇုယာ ဝါ- ကြိုးဖြင့် သော်လည်းကောင်း၊ ဒဏ္ဍေန ဝါ- တုတ်ဖြင့်သော်လည်းကောင်း၊ မိနာတိ- တိုင်းအံ့၊ ခလေ ဝါ- ကောက်နယ်တလင်း၌သော်လည်း၊ ဌတွာ- ရပ်၍၊ ရက္ခတိ- စောင့်အံ့။ (တခြားသို့ ထုတ်ယူမသွားအောင် စောင့်နေအံ့၊) ခလတော ဝါ- ကောက်နယ်တလင်းမှမူလည်း၊ နီဟရာပေတိ- ထုတ်ဆောင်စေအံ့၊ ကောဋ္ဌာဂါ- ရေ ဝါ- ကျီ၌သော်လည်း၊ ပဋိသာမေတိ- သိမ်းဆည်းအံ့၊ တံ- ထိုကောက်သည်၊ တဿေဝ- ထိုရဟန်း၏သာလျှင်၊ အကပ္ပိယံ- မအပ်သည်၊ ဟောတိ- ၏။

ဧတ္တကော နာမ ဘာဂေါ။ ။ "ဤမျှသောအဖို့အခ"ဟူသော စကားသည် ကောက်စပါးအပြင် ငွေကိုလည်း ရည်ညွှန်းပြောဆိုသော စကားဖြစ်သည်။ ယင်းသို့ ငွေကို ရည်ညွှန်းပြောဆိုသောစကား ဖြစ်သော်လည်း ပြောဆိုနေသည့်အချိန်မှာ ငွေများ မရှိသေးသောကြောင့် နောက်၌ဖြစ်ပေါ်လာသော ပစ္စည်းသည် အခြားရဟန်းတော်များ အား အပ်သည်သာ၊ ထို့ကြောင့် "တဿေဝ တံ အကပ္ပိယံ"ဟု ဆိုထားသည်။ ဤမျှသော အဖို့အခကို ပေးရမည် ဟု သတ်မှတ်ပြောဆိုသော ရဟန်းအား ပယောဂတိုင်း ပယောဂ တိုင်း၌လည်းကောင်း, သုံးဆောင်ခြင်း၌လည်းကောင်း ဒုက္ကဋ္ဌ်အာပတ်သင့်သည်။

ပရိယာယ်စကား ပြောကြားခြင်းကြောင့်ကား အကုန်လုံးမှာပင် အာပတ်မသင့်၊ ထို့ကြောင့်ပင် "ဧတ္တကေဟိ ဝီဟီဟိ ဣဒဥ္စိဒဥ္စ အာဟရထ (ဤမျှလောက်သော ကောက်တို့ဖြင့် ဤမည်ဤမည်သော ပစ္စည်းကို ယူခဲ့)"ဟု သတ်မှတ်ပြောဆိုရာ၌ မအပ် ကြောင်းကို ဆိုထားပေသည်။ ငွေကို စီမံရာ၌လည်း ဤနည်းအတိုင်းပင် ဖြစ်ပေသည်။ "ဝတ္ထု စ ဧဝရူပံ နာမ သံဝိဇ္ဇတိ၊ ကပ္ပိယကာရကော နတ္ထိတိ ဝတ္တဗ္ဗံ"စသော စကားရပ် သည်ပင် ဤပရိယာယ်စကားပြောကြားရာ၌ စံနမူနာဖြစ်ပေသည်။ (ဝိမတိ၊၁၊၃၃၂။)

ခလေ ဌတွာ ရက္ခတိ။ ။ ခိုးယူနေကြသူတို့ကို တွေ့ရ၍ မယူကြနှင့်ဟု တားမြစ် သောရဟန်းသည် စောင့်ရှောက်ရာရောက်သည်။ ဘာကိုမျှ မပြောဆိုမစီမံဘဲ တိတ် ဆိတ်ငြိမ်သက်စွာပင် စောင့်ရှောက်ရန် ကြည့်ရှုနေခဲ့သော် အပ်သည်။ ယင်းသို့ ကြည့်ရှု

http://www.dhammadownload.com

ကဿကာ- လယ်သမားတို့သည်၊ ကဟာပဏော- ငွေအသပြာတို့ကို၊ အာ-
ဟရိတွာ- ၍၊ "ကွမေ- ဤငွေတို့ကို၊ သံဃဿ- သံဃာဖို့ အာဟဋ္ဌာ- ဆောင်ယူ
အပ်ပါကုန်ပြီ" ကွတိ- သို့၊ သစေ ဝဒန္တိ- ကုန်အံ့၊ အညတရော- အမှတ်မထား
တစ်ပါးပါးသော၊ ဘိက္ခု စ- သည်လည်း၊ "သံဃော- သည်၊ ကဟာပဏော-
တို့ကို၊ နု ခါဒတိ- မခဲစား၊" ကွတိ သညာယ- ဤသို့သောအမှတ်ဖြင့်၊ "ဧတ္တကေ-
ဟိ- ကုန်သော၊ ကဟာပဏေဟိ- တို့ဖြင့်၊ သာဋကေ- အဝတ်တို့ကို၊ အာဟရထ-
ဆောင်ခဲ့ကုန်လော၊ ဧတ္တကေဟိ- ကုန်သော၊ ကဟာပဏေဟိ- တို့ဖြင့်၊ ယာဂု-
အာဒီနိ- ယာဂုအစရှိသည်တို့ကို၊ သမ္မာဒေထ- ပြီးစေကြကုန်လော၊" ကွတိ-
ဤသို့၊ သစေ ဝဒတိ- အံ့၊ (ဧဝံ သတိ- သော်၊) တေ- ထိုလယ်သမားတို့သည်၊
ယံ- အကြင်အဝတ်စသည်ကို၊ အာဟရန္တိ- ကုန်အံ့၊ တံ- ထို အဝတ်စသည်
သည်၊ သဗ္ဗေသံ- အလုံးစုံသော ရဟန်းတို့အား၊ အကပ္ပိယံ- သည်၊ ဟောတိ-
၏၊ ကသ္မာ- နည်း၊ ကဟာပဏာနံ- တို့၏၊ ဝါ- တို့ကို၊ ဝိစာရိတတ္တာ- စီမံ
အပ်ကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ကဿကာ- တို့သည်၊ ဓညံ- စပါးကို၊
အာဟရိတွာ- ၍၊ "ကွဒံ- ဤစပါးကို၊ သံဃဿ- ဖို့၊ အာဟဋ္ဌံ- ပြီ" ကွတိ- သို့၊
သစေ ဝဒန္တိ- ကုန်အံ့၊ အညတရော- သော၊ ဘိက္ခု စ- သည်လည်း၊ ပုရိမ-
နယေနေဝ- ရှေးနည်းဖြင့်သာ၊ (နု သံဃော ကဟာပဏော ခါဒတိ-စသောနည်း၊)
"ဧတ္တကေဟိ- ကုန်သော၊ ဝီဟီဟိ- ကောက်တို့ဖြင့်၊ ကွဒဒ္ဓိဒဒ္ဓ- ဤမည် ဤမည်
သော ပစ္စည်းကိုလည်း၊ အာဟရထ- ကုန်လော၊" ကွတိ- သို့၊ သစေ ဝဒတိ-
အံ့၊ (ဧဝံ သတိ- သော်၊) တေ- ထိုလယ်သမားတို့သည်၊ ယံ- အကြင်အဝတ်
စသည်ကို၊ အာဟရန္တိ- ကုန်အံ့၊ တံ- ထိုအဝတ်စသည် သည်၊ တသ္သေဝ- ထို
ရဟန်းအား သာ၊ အကပ္ပိယံ- သည်၊ ဟောတိ- ၏၊ ကသ္မာ- နည်း၊ ဓညဿ-
၏၊ ဝါ- ကို၊ ဝိစာရိတတ္တာ- တည်း၊ [အာမကဓညပဋိဂ္ဂဟဏာပဋိဝိရတော-ဟု
ဟောတော်မူသောကြောင့် စပါးကိုလည်း မစီမံကောင်း။]

နေတုန်း ခိုးယူသွားကြပါလျှင် "တို့က ရဟန်းသံဃာကို လျှောက်ထားရတော့မည်"ဟု
ပြောဆိုခြင်းငှာလည်း အပ်သည်။ (ဋီ။)

ကဟာပဏာနံ ဝိစာရိတတ္တာ ။ ။ ဤငွေအသပြာကို စီမံရာ၌ ပြဆိုခဲ့သော
"အကပ္ပိယပတ္တစတုက္က"လာ စတုတ္ထသပိတ်နှင့် ချိန်ထိုးစဉ်စားသင့်သည်။ လူ့ဥစ္စာဖြစ်
သော ငွေအသပြာတို့ကို စီမံအပ်သောကြောင့် ယင်းစတုတ္ထသပိတ်သည် အခြားရဟန်း
တို့အား အပ်သေးသည်။ ဤအရာ၌မူကား သံဃာ့ဥစ္စာဖြစ်သော ငွေအသပြာတို့ကို
စီမံအပ်သောကြောင့် ရဟန်းအကုန်လုံးတို့အား မအပ်ဘဲ ဖြစ်ရပေတော့သည်။
(သာရတ္ထ၊ ၂၊၄၁၂။)

http://www.dhammadownload.com

ကဿကာ- တို့သည်၊ တဏ္ဍုလံ ဝါ- ဆန်ကိုသော်လည်းကောင်း၊ အပရဏ္ဏံ ဝါ- ပဲကိုသော်လည်းကောင်း၊ အာဟရိတွာ- ၍၊ "ဣဒံ- ဤဆန်ကို၊ ဝါ- ဤပဲကို၊ သံယဿ- ဖို့၊ အာဟဋံ- ပြီ၊" ဣတိ- သို့၊ သစေ ဝဒန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) အညတရော- သော၊ ဘိက္ခု စ- သည်လည်း၊ ပုရိမနယေနေဝ- သာလျှင်၊ "ဧတ္တကေဟိ- ကုန်သော၊ တဏ္ဍုလေဟိ- တို့ဖြင့်၊ ဣဒဉ္စိဒဉ္စ- ကိုလည်း၊ အာဟရထ- ကုန်လော၊" ဣတိ- သို့၊ သစေ ဝဒတိ- အံ့၊ (ဧဝံ သတိ- သော်၊) တေ- ထိုလယ်သမားတို့သည်၊ ယံ- အကြင်အဝတ်စသည်ကို၊ အာဟရန္တိ- ကုန်အံ့၊ တံ- သည်၊ သတ္ထေသံ- အလုံးစုံသော ရဟန်းတို့အား၊ ကပ္ပိယံ- သည်၊ ဟောတိ- ၏၊ ကဿဝ- နည်း၊ ကပ္ပိယာနံ- အပ်ကုန်သော၊ တဏ္ဍုလာဒီနံ- ဆန်အစရှိသည်တို့၏၊ ဝါ- တို့ကို၊ ဝိစာရိတတ္တာ- တည်း၊ ကပ္ပိယကာရကဿ- ၏၊ ဝါ- ကို၊ အာစိက္ခိတတ္တာ- ပြောအပ်သည်၏အဖြစ်ကြောင့်၊ ကယဝိက္ကယေပိ- ကယဝိက္ကယသိက္ခာပုဒ်ကြောင့်လည်း၊ အနာပတ္တိ- အာပတ်မသင့်သည်၊ ဟောတိ- ၏၊ [ရဟန်းကိုယ်တိုင် မလဲဘဲ ကပ္ပိယကာရကကို အလဲခိုင်းသောကြောင့် အာပတ်မသင့်။]

၆၂။ ပန- ဆက်၊ ပုတ္ထေ- ရှေးအခါ၌၊ စိတ္တလပဗ္ဗတေ- စိတ္တလတောင်၌၊ ဧကော- တစ်ပါးသော၊ ဘိက္ခု- သည်၊ စတုသာလဒ္ဓါရေ- မုခ်ထွက်တံခါး လေးဖက်ရှိသော ဆွမ်းစားကျောင်း၌၊ "သွေ- နက်ဖြန်ခါ၌၊ သံယဿ- ဖို့၊ ဧတ္တကပ္ပမာဏော- ဤမျှလောက်ပမာဏ ရှိကုန်သော၊ ပူဝေ- မုန့်တို့ကို၊ ပစေယ္ယု- ကြော်ပါကုန်မူကား၊ အဟောဝတ- ကောင်းလေစွ၊" ဣတိ- ဤသို့ကြံ၍၊ အာရာမိကာနံ- အာရာမ်စောင့်တို့၏၊ သညာဇနနတ္ထံ- အမှတ်အသားကို ဖြစ်စေခြင်းအကျိုးငှာ၊ ဘူမိယံ- မြေ၌၊ မဏ္ဍလံ- မုန့်ဝိုင်းသဏ္ဌာန်ကို၊ အကာသိ- ပြုထားပြီ၊ တံ- ထိုမုန့်ဝိုင်းသဏ္ဌာန်ကို၊ ဒိသွာ- ၍၊ ဆဧကော- ပါးနပ်သော၊ အာရာမိကော- သည်၊ တထေဝ- ထိုပုံသဏ္ဌာန်အတိုင်းပင်၊ ကတွာ- ၍၊ ဒုတိယဒိဝသေ- ဒုတိယနေ့၌၊ ဘေရိယာ- သံယာစည်းဝေးကြောင်း စည်ကို၊ အာကောဋိတာယ- တီးအပ်သော်၊ သံယေ- သည်၊ သန္နိပတိတေ- စည်းဝေးလသော်၊ ပူဝံ- ကို၊ ဂဟေတွာ- ၍၊ သံယတ္ထေရံ- သံယာထေရ်ကို၊ "ဘန္တေ- ရား၊ အမှေဟိ- တပည့်တော်တို့သည်၊ ဣတော- ဤနေ့မှ၊ ပုတ္ထေ- ရှေး၌၊ ပိတူနံ- မိဘတို့၏၊ သန္တိကေ- အထံ၌၊ ဧဝရူပံ- ဤသို့သဘောရှိသော စကားကို၊ နေဝ သုတပုဗ္ဗံ- မကြားအပ်ဘူးပါ၊ ပိတာမဟာနံ- အဖိုးအဖွားတို့၏၊ သန္တိကေ- ၌၊ ဧဝရူပံ- ကို၊ န သုတပုဗ္ဗံ- မကြားအပ်ဘူးပါ၊

http://www.dhammadownload.com

ဧကေန- တစ်ပါးသော၊ အယျေန- အရှင်သည်၊ စတုသာလဒ္ဓါရေ- ၌၊ ပူဝတ္ထာ-ယ- မုန့်အကျိုးငှာ၊ သညာ- အမှတ်အသားကို၊ ကတာ- ပြုအပ်ပါပြီ၊ ဒါနိ- ယခုအခါ၌၊ ဣတော- ဤနေ့မှ၊ ပဘုတိ- စ၍၊ အယျာ- အရှင်တို့သည်၊ အတ္တနော အတ္တနော- မိမိ မိမိ၏၊ စိတ္တာနုရူပံ- စိတ်ကြိုက်ကို၊ ဝဒန္တု- ပြောကြပါကုန်၊ အမှာကမွိ- တပည့်တော်တို့၏လည်း၊ ဖာသုဝိဟာရော- ချမ်းသာသော နေခြင်းသည်၊ ဘဝိဿတိ- ဖြစ်ပါလိမ့်မည်၊" ဣတိ- ဤသို့၊ အာဟ- ဆိုပြီ၊ (သံဃာတော်များ စိတ်ကြိုက် လုပ်ပေးရသည့်အတွက် တပည့်တော်တို့မှာ ချမ်းသာမှုဖြစ်ပါလိမ့်မည်။) မဟာထေရော- သည်၊ တတော၀- ထိုအရပ်မှပင်၊ နိ၀တ္တိ-ပြန်နစ်ပြီ၊ ဧကဘိက္ခုနာပိ- ရဟန်းတစ်ပါးမျှလည်း၊ ပူ၀ေါ- မုန့်ကို၊ နာဂဟိတော-မခံယူအပ်၊ ဧ၀ံ- ဤသို့လျှင်၊ ပုဗ္ဗေ- ရှေး၌၊ တတြုပ္ပါဒံ- ထိုကျောင်းတိုက်၌ဖြစ်သော ပစ္စည်းကို၊ နာ ပရိဘုဉ်သုံ- မသုံးဆောင်ကြကုန်ပြီ။

[ပစ္စည်းက မအပ်သောကြောင့် မသုံးဆောင်ကြသည်မဟုတ်။ ရဟန်းက ပရိယာယ်ပြု၍ စီမံထားသဖြင့် အစားအတွက် ထိုသို့ပရိယာယ်ပြုမှုကို မနှစ်သက်သောကြောင့် ဆရာတော်ကြီးပြန်ကြွတော်မူသည်။ ဆရာတော်က မခံသောကြောင့် သံဃာအားလုံးလည်း မခံယူကြ။]

တသ္မာ- ထို့ကြောင့်၊ (ထို့သို့ရှေးက ထိုကျောင်းတိုက်၌ဖြစ်သော အပ်သော ပစ္စည်းကိုသော်မှ ရဟန်း၏စီမံမှုပါနေလျှင် မသုံးဆောင်ကြခြင်းကြောင့်။) –

သလ္လေခ- ပစ္စည်းလေးပါးတို့၌ နည်းပါးအောင် ခြစ်ပစ်ကြောင်း သလ္လေခအကျင့်ကို၊ အစ္ဆဇ္ဇေန- မစွန့်သော၊ အပွမတ္တေန- မမေ့မလျော့ မပေါ့မဆသော၊ ဘိက္ခုနာ- လဇ္ဇီသူမွန် သီလ၀န်ရဟန်းတော်သည်၊ ကပွိယေပိ-အပ်သောအရာ၌သော်လည်း၊ (ပိ-သဒ္ဒါဖြင့် "မအပ်သော အရာကို မဆိုထားဘိ"ဟု ဂရဟာပြု) အာမိသတ္ထာယ- အ၀တ်အစားဟူသော အာမိသအကျိုးငှာ၊ လောလတာ- လျှပ်ပေါ်လောလီသူ၏အဖြစ်ကို၊ ဝါ-မငြိမ်မသက် ယောက်ယက်ခတ်ခြင်းကို၊ နာ ကာတဗ္ဗာ- မပြုထိုက်။

ဣတိ- ဤကား အနုသာသနီတည်း၊ တဋ္ဌာကေ- တစ်ဖက်ဆည်ကန်၌၊ ယောအယံ- အကြင်အဆုံးအဖြတ်ကို၊ ဝုတ္တော- ဆိုအပ်ပြီ၊ ဧသေ၀- ဤဆိုအပ်ပြီးသော အဆုံးအဖြတ်သည်ပင်၊ ပေါက္ခရဏီဥဒကဝါဟကမာတိကာဒိသုပိ- လေးထောင့်ကန်, ရေပြွန်, ရေမြောင်းအစရှိသည်တို့၌လည်း၊ နယော- သိကြောင်းဆုံးဖြတ်နည်းတည်း။

http://www.dhammadownload.com

၆၃။ ပုဗ္ဗဏ္ဏာပရဏ္ဏဥ္စဖလာဖလာဒီနံ- ကောက်ပဲ, ကြံ, သစ်သီးငယ်, သစ်သီးကြီးအစရှိသည်တို့၏၊ ဝိရုဟနဋ္ဌာနံ- စည်ပင်ပေါက်ရောက်ရာ အရပ်ဖြစ်သော၊ ယံကိဉ္စိ- တစ်စုံတစ်ခုသော၊ ခေတ္တံ ဝါ- လယ်ကိုသော်လည်းကောင်း၊ ဝတ္ထုံ ဝါ- ယာကိုသော်လည်းကောင်း၊ "ဒမ္မိ- လှူပါ၏၊" ဣတိ- သို့၊ ဝုတ္တေပိ- ဆိုအပ်ပါသော်လည်း၊ ဝါ- လျှောက်အပ်ရာ၌လည်း၊ "နဂ္ဃတိ- မအပ်၊" ဣတိ- သို့၊ ပဋိက္ခိပိတွာ- ၍၊ တဉ္စာကေ- ၌၊ ဝုတ္တနယေနေဝ- ဖြင့်သာ၊ ယဒါ- အကြင်အခါ၌၊ ကပ္ပိယဝေါဟာရေန- ဖြင့်၊ "စတုပစ္စယပရိဘောဂတ္ထာယ- ပစ္စည်းလေးပါးကို သုံးစွဲရခြင်းအကျိုးငှာ၊ ဒမ္မိ- ၏၊" ဣတိ- သို့၊ ဝဒတိ- ၏၊ တဒါ- ထို အခါ၌၊ သမ္မဋ္ဌိစ္ဆိတပ္ပံ- လက်ခံထိုက်၏၊ "ဝနံ- သစ်ပင်ဟူသော တောကို၊ ဒမ္မိ- ၏၊ အရညံ- တောအားလုံးကို၊ ဒမ္မိ- ၏၊" ဣတိ- သို့၊ ဝုတ္တေ ပန- သော်ကား၊ ဝဋ္ဋတိ- ၏၊ မနုဿာ- တို့သည်၊ ဘိက္ခူဟိ- တို့သည်၊ အနာဏတ္တာယေဝ- မစေခိုင်းအပ်ကုန်ဘဲသာလျှင်၊ တတ္ထ- ထိုတောင်၌၊ ရုက္ခေ- သစ်ပင်တို့ကို၊ ဆိန္ဒိတ္တွာ- ခုတ်ဖြတ်ကြကုန်၍၊ အပရဏ္ဏာဒီနိ- ပဲစသည်တို့ကို၊ သမ္မာဒေတ္တွာ- ၍၊ ဘိက္ခူနံ- တို့အား၊ ဘာဂံ- အဖို့ကို၊ သစေ ဒေန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ- ၏၊ အဒေန္တာ- မပေးကုန်လသော်၊ ဝါ- မပေးသူတို့ကို၊ နံ စောဒေတဗ္ဗာ- မတောင်းထိုက်ကုန်၊ ကေနစိဒေဝ- တစ်စုံတစ်ခုသာလျှင်ဖြစ်သော၊ အန္တရာယေန- ကြောင့်၊ တေသု- ထိုလူတို့သည်၊ ပက္ကန္တေသု- ဖဲသွားကုန်သော်၊ အညေ- အခြားလူတို့သည်၊ သစေ ကရောန္တိ- ကုန်အံ့၊ စ- ထိုသို့ပြုပါကုန်သော်လည်း၊ ဘိက္ခူနံ- တို့အား၊ ကိဉ္စိ- ကို၊ သစေ နဒေန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) တေ- ထိုလူတို့ကို၊ ဝါရေတဗ္ဗာ- တားမြစ်ထိုက်ကုန်၏၊ တေ- ထိုလူတို့သည်၊ "ဘန္တေ- တို့၊ ပုဗ္ဗေ- ရှေး၌၊ မနုဿာ- တို့သည်၊ ဣဓ- ဤနေရာ၌၊ သဿာနိ- တို့ကို၊ အကံသုနု- ပြုခဲ့ကြသည် မဟုတ်ပါလော၊" ဣတိ- သို့၊ သစေ ဝဒန္တိ- ကုန်အံ့၊ တတော- ထိုသို့လျှောက်ခြင်းကြောင့်၊ တေ- ထိုလူတို့ကို၊ "တေ- ထိုရှေးကလုပ်သောသူတို့သည်၊ သံယဿ- အား၊ ဣဒဉ္စိဒဉ္စ- ဤမည်ဤမည်သော၊ ကပ္ပိယဘဏ္ဍ- ကို၊ အဒံသု- ပေးခဲ့ကြကုန်ပြီ" ဣတိ- သို့၊ ဝတ္တဗ္ဗာ- ကုန်၏၊ တေ- ထိုလူတို့သည်၊ "မယမ္ပိ- တပည့်တော်တို့ကလည်း၊ ဒဿာမ- ပေးပါကုန်မည်၊" ဣတိ- သို့၊ သစေ ဝဒန္တိ- ကုန်အံ့၊ ဧဝံ- ဤသို့ လျှောက်ကုန်လသော်၊ ဝဋ္ဋတိ- ၏။

ဝနံ ဒမ္မိ ။ပ။ ဝဋ္ဋတိ။ ။ နေရာဌာနဖြစ်သောကြောင့် စင်ကြယ်သောစိတ်ဖြင့် ပုဂ္ဂလိကလည်း ခံယူကောင်းသည်။ "သီမံ ဒေမ"ဟု လှူလျှင် ဝိဟာရသီမစသည်တို့နှင့် ဆက်ဆံသော စကားမျိုးဖြင့် ပြောဆိုအပ်သောကြောင့် အပ်သည်။ (ဝိမတိ၊ဋ၊၃၃၂။)

http://www.dhammadownload.com

ကိစ္စ- တစ်စုံတစ်ခုသော၊ သဿုဠာနကံ- ကောက်စပါးတို့၏ ဖြစ်ပေါ် ရာဖြစ်သော၊ ဘူမိပ္ပဒေသံ- မြေအရပ်ကို၊ သန္ဓာယ- ရည်ရွယ်၍၊ "သီမံ- သိမ်ကို၊ ဒေမ- လှူပါကုန်၏။" ဣတိ- သို့၊ ဝဒန္တိ- ကုန်အံ့၊ ဝဋ္ဋတိ- ၏၊ ပန- ထိုသို့ပင် အပ်ပါသော်လည်း၊ သီမာပရိစ္ဆေဒနတ္ထံ- သိမ်ကို ပိုင်းခြားခြင်းအကျိုးငှာ၊ ထမ္ဘာဝါ- တိုင်တို့ကို သော်လည်းကောင်း၊ ပါသာဏာ ဝါ- ကျောက်တို့ကိုသော်လည်းကောင်း၊ သယံ- ကိုယ်တိုင်၊ န ဌပေတဗ္ဗာ- မထားထိုက်ကုန်၊ (ကသ္မာ-နည်း၊) ဘူမိ နာမ- မြေမည်သည်၊ အနုဂ္ဂါ- မပိုင်းဖြတ်အပ်သော အဖိုးရှိ၏၊ ဝါ- အဖိုးများစွာ ထိုက်၏၊ အပ္ပကေနပိ- အနည်းငယ်သော မြေဖြင့်လည်း၊ ပါရာဇိကော- သည်၊ ဘဝေယျ- ဖြစ်ရာ၏။ (တသ္မာ- ထို့ကြောင့်တည်း၊) ပန- အလျော်အသင့်ကား၊ အာရာမိကာနံ- တို့အား၊ "ဣမိနာ ဌာနေန- ဤအရပ်ဖြင့်၊ အမှာကံ- တို့၏၊ သီမာ- သည်၊ ဂတာ- သွားပြီ၊" ဣတိ- သို့၊ ဝတ္တုဗ္ဗံ- ၏၊ ဟိ-မှန်၏၊ တေ- ထို အာရာမ်စောင့်တို့သည်၊ အဓိကံ- အပိုအလွန်ကို၊ သစေပိ ဂဏှန္တိ- ကုန်အံ့၊ (ဧဝံ သတိပိ- သော်လည်း၊) ပရိယာယေန- ဖြင့်၊ ကထိတတ္တာ-ပြောအပ်သည်၏အဖြစ်ကြောင့်၊ အနာပတ္တိ- သည်၊ ဟောတိ- ၏၊ ပန- ဆက်၊ ရာဇရာဇမဟာမတ္တာဒယော- မင်း, မင်း၏အမတ်ကြီးစသူတို့သည်၊ သယမေဝ-သူတို့ကိုယ်တိုင် သာလျှင်၊ ထမ္ဘေ- တိုင်တို့ကို၊ ဌပါပေတွာ- ထားစေ၍၊ "စတ္တာရော ပစ္စယေ- တို့ကို၊ ပရိဘုဉ္ဇထ- ပါကုန်၊" ဣတိ- ဤသို့လျှောက်၍၊ ယဒိ ဒေန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ ယေဝ- အပ်သည်သာ။

ကောစိ- တစ်စုံတစ်ယောက်သော ဒါယကာသည်၊ အန္တောသီမာယ- သိမ်တွင်း၌၊ တဋ္ဌာကံ ဝါ- ကိုမူလည်း၊ သစေ ခဏတိ- အကယ်၍ တူးအံ့၊ ဝိဟာရမဇ္ဈေန- ကျောင်းတိုက်အလယ်ဖြင့်၊ မာတိကံ ဝါ- ရေမြောင်းကိုမူလည်း၊ သစေ နေတိ- အကယ်၍ သွယ်ဆောင်အံ့၊ စေတိယင်္ဂဏဘောဓိယင်္ဂဏဒီန-စေတီရင်ပြင် ဘောဓိရင်ပြင် အစရှိသည်တို့ကို၊ သစေ ဒူသေတိ- အကယ်၍ ဖျက်ဆီးအံ့၊ [စာကိုယ်၌ ဒုဿန္တိ- ဟုရှိ၏၊ ဖျက်ဆီးအပ်ကုန်အံ့ ဟုပေးပါ။] (ဧဝံ သတိ- သော်၊) ဝါရေတဗ္ဗော- တားမြစ်ထိုက်၏၊ သံယော- သည်၊ ကိစ္စ-

---

ပရိယာယေန ကထိတတ္တာ။ ။ ယူပါ, သို့မဟုတ် ဤနေရာမှာ တိုင်စိုက်ပါစသည်ဖြင့် မပြောဘဲ အပိုင်းအခြားရောက်သည်ဟူသော ပရိယာယ်စကားမျိုးကိုသာ ပြောသည်။ ထို့ကြောင့် အာရာမ်စောင့်တို့က ပိုယူစေကာမူ အာပတ်မသင့်။

http://www.dhammadownload.com

တစ်စုံတစ်ခုကို၊ လဘိတွာ- ၍၊ အာမိသဂရုကတာယ- အာမိသ၌ အလေး ပြုသည်၏အဖြစ်ကြောင့်၊ သစေ နဝါရေတိ- အံ့၊ ဧကော- သော၊ ဘိက္ခု- သည်၊ သစေ ဝါရေတိ- အံ့၊ (ဧဝံ သတိ- သော်၊) သော ဘိက္ခု- ထိုတားမြစ်သော ရဟန်းသည်သာ၊ ဣဿရော- အစိုးရ၏၊ ဧကော- သော၊ ဘိက္ခု- သည်၊ သစေ နဝါရေတိ- အံ့၊ "တုမ္ဟေ- တို့သည်၊ နေထ- သွယ်ဆောင်ကြကုန်၊" ဣတိ- သို့၊ တေသံယေဝ- ထိုကန်တူးသူ မြောင်းတူးသူတို့၏သာလျှင်၊ ပက္ခော- ဘက် သားသည်၊ သစေ ဟောတိ- အံ့၊ သံယော- သည်၊ ဝါရေတိ- အံ့၊ သံယောဝ- သည်သာ၊ ဣဿရော- ၏၊ ဟိ- မှန်၏၊ သံယိကေသု- သံယာဥစ္စာဖြစ်ကုန် သော၊ ကမ္မေသု- အလုပ်တို့၌၊ ယော- အကြင်ရဟန်းသည်၊ ဓမ္မကမ္မံ- တရားနှင့် လျော်သော အမှုကို၊ ကရောတိ- ၏၊ သောဝ- ထိုတရားနှင့် လျော်သောအမှုကို ပြုသော ရဟန်းသည်သာ၊ ဣဿရော- ၏၊ ဝါရိယမာနောပိ- တားမြစ်အပ်ပါ သော်လည်း၊ သစေ ကရောတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဟေဋ္ဌာ- အောက်၌၊ ဂဟိတံ- ယူအပ်ပြီးသော၊ ပံသုံ- မြေကို၊ ဟေဋ္ဌာ- ၌၊ ပက္ခိပိတွာ- ပြန်ထည့်၍ လည်းကောင်း၊ ဥပရိ- အထက်၌၊ ဂဟိတံ- သော၊ ပံသုံ- ကို၊ ဥပရိ- ၌၊ ပက္ခိ- ပိတွာ- လည်းကောင်း၊ ပူရေတဗ္ဗာ- ဖြည့်ထိုက်ကုန်၏။ [သူ့နဂိုအတိုင်း ပြန်ဖြစ်စေလို၍ ယင်းသို့ ဖြည့်ရသည်။] ကောစိ- တစ်စုံတစ်ယောက်သော ဒါယကာသည်၊ ယထာဇာတမေဝ- ယာခင်း၌ ဖြစ်မြဲတိုင်းသာလျှင် ဖြစ်သော၊ (မခုတ်ရ မခူးရသေးသည့်အတွက် ဖြစ်မြဲတိုင်းသော၊) ဥစ္ဆုံ ဝါ- ကြဲကိုသော်လည်း ကောင်း၊ အပရဏ္ဏေ ဝါ- ပဲကိုသော်လည်းကောင်း၊ အလာဗုကုမ္ဘဏ္ဍာဒိကံ- ဝူးသီး ဖရုံသီးအစရှိသော၊ ဝလ္လိဖလံ ဝါ- နွယ်၌ဖြစ်သော အသီးကိုသော်လည်းကောင်း၊ ဒါတုကာမော- လှူလိုသည်၊ ဟုတွာ- ၍၊ "သဗ္ဗံ- သော၊ ဧတံ ဥစ္ဆုခေတ္တံ- ဤ ကြံခင်းကို၊ ဒမ္မိ- ၏၊" ဣတိ- ဤသို့လည်းကောင်း၊ "သဗ္ဗံ- သော၊ ဧတံ အပရဏ္ဏဝတ္ထုံ- ဤပဲခင်းကို၊ ဒမ္မိ- ၏၊" ဣတိ- ကောင်း၊ "သဗ္ဗံ- သော၊ ဧတံ ဝလ္လိဖလာဝါဋံ- ဤနွယ်သီးစင်ကို၊ [အဝတိ ရက္ခတီတိ- အာဝါဋံ၊ နွယ်သီးကို စောင့်ရှောက်တတ်သော စင်။] ဝါ- ဤနွယ်သီးတွင်းကို၊ ဒမ္မိ- ၏၊" ဣတိ- ကောင်း၊ သစေ ဝဒတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဝတ္ထုနာ- လယ်ယာဟူသော ဝတ္ထုနှင့်၊ သဟ- တကွ၊ ပရာမဋ္ဌတ္တာ- သုံးသပ်အပ်သည်၏အဖြစ်ကြောင့်၊ န ဝဋ္ဋတိ- မအပ်၊ ဣတိ- သို့၊ မဟာသုမတ္ထေရော- သည်၊ အာဟ- ဆိုပြီ၊ ပန- ဝါဒန္တရကား၊ မဟာပဒုမတ္ထေရော- သည်၊ "ဧတံ- ဤစကားသည်၊ အဘိလာ- ပမတ္တံ- ပြောရိုးဆိုစဉ် စကားမျှသာတည်း၊ ဟိ ယသ္မာ- အကြောင်းကြောင့်၊ သော

http://www.dhammadownload.com

ဘူမိဘာဂေါ- ထိုလယ်ယာဟူသော မြေအဖို့သည်၊ သာမိကာနံယေဝ- ဥစ္စာရှင်တို့၏သာ၊ ဘူမိဘာဂေါ- မြေအဖို့တည်း၊ တသ္မာ- ကြောင့်၊ ဝဋ္ဋတိ- ၏။" ဣတိ- သို့၊ အာဟ- ဆိုပြီ။

"ဒါသံ- ကျွန်ကို၊ ဒမ္မိ- ၏။" ဣတိ- သို့၊ ဝဒတိ- အံ့၊ န ဝဋ္ဋတိ- မအပ်၊ "အာရာမိကံ- အာရာမ်စောင့်ကို၊ ဒမ္မိ- ၏။ ဝေယျာဝစ္စကရံ- ကို၊ (ဝေယျာဝစ္စကရောတိ ကိစ္စကရော၊ ကပ္ပိယကာရကောတိ အတ္ထော။ဋီ။) ဒမ္မိ- ၏။ ကပ္ပိယကာရကံ- ကို၊ ဒမ္မိ- ၏။" ဣတိ- သို့၊ ဝုတ္တေ- ဆိုအပ်သော်၊ ဝဋ္ဋတိ- ၏။ အာရာမိကော- သည်၊ ပုရေဘတ္တမ္ပိ- နံနက်အခါ၌လည်းကောင်း၊ ပစ္ဆာဘတ္တမ္ပိ- နေလွဲအခါ၌လည်းကောင်း၊ သံယဿေဝ- ၏သာ၊ ကမ္မံ- အလုပ်ကို၊ သစေ ကရောတိ- အံ့၊ (ဧဝံ သတိ- သော်) သာမဏေရဿ ဝိယ- သာမဏေကိုကဲ့သို့၊ တဿ- ထိုအာရာမ်စောင့်ကို၊ သဗ္ဗံ- သော၊ ဘေသဇ္ဇပဋိဇဂ္ဂနမ္ပိ- ဆေးဖြင့်စောင့်ရှောက်ခြင်းကိုလည်း၊ ကာတဗ္ဗံ- ပြုနိုင်၏၊ ဝါ- ပြုကောင်း၏၊ ပုရေဘတ္တ- မေဝ- ၌သာ၊ သံယဿ- ၏၊ ကမ္မံ- ကို၊ သစေ ကရောတိ- အံ့၊ ပစ္ဆာဘတ္တံ- ၌၊ အတ္တနော- ၏၊ ကမ္မံ- ကို၊ သစေ ကရောတိ- အံ့၊ (ဧဝံ သတိ- သော်) သာယံ နိဝါပေါ- ညနေစာရိက္ခာကို၊ န ဒါတဗ္ဗော- မပေးထိုက်၊ ယေပိ- အကြင် အာရာမ်စောင့်တို့သည်လည်း၊ ပဗ္ဗဇိဝသဝါရေနဝါ- ငါးရက် အလှည့်အကြိမ် အားဖြင့်သော်လည်းကောင်း၊ ပက္ခဝါရေနဝါ- တစ်ပက္ခ အလှည့်အကြိမ်အားဖြင့်သော်လည်းကောင်း၊ သံယဿ- ၏၊ ကမ္မံ- ကို၊ ကတ္ဝာ- ၍၊ သေသကာလေ- ကြွင်းသောအခါ၌၊ အတ္တနော- ၏၊ ကမ္မံ- ကို၊ ကရောန္တိ- ကုန်အံ့၊ တေသမ္ပိ- ထိုသူတို့အားလည်း၊ ကရဏကာလေယေဝ- ပြုရာအခါ၌သာလျှင်၊ ဘတ္တဗ္ဗ- ထမင်းကိုလည်းကောင်း၊ နိဝါပေါ စ- ရိက္ခာကိုလည်းကောင်း၊ ဒါတဗ္ဗော- ၏၊

အာရာမိကံ ဒမ္မိ။ပ။ ဝဋ္ဋတိ။ ။ "အာရာမိက"စသော အမည်ဖြင့် ပြောဆို၍ ကျွန်ကို လျှဒါန်းခဲ့ပါလျှင် "အနုဇာနာမိ ဘိက္ခဝေ အာရာမိကံ"ဟု အာရာမ်စောင့်ကို အထူးပြု၍ ခွင့်ပြုထားသောကြောင့် ပဂ္ဂလိကအတွက်လည်း အလှူခံခြင်းငှာ အပ်သည်။ သို့သော် "အာရာမိက"စသော အမည်ဖြင့် ကျွန်ကို အလှူခံမှုသည် အရှင်ပိလိန္ဒဝစ္ဆထေရ် ခံယူသုံးဆောင်သော အစဉ် (နည်းလမ်း) ဖြင့်သာ အပ်သည်။ လူတို့၏ ကျွန်ကို သုံးဆောင်စဉ် သုံးဆောင်နည်းဖြင့် မအပ်။

ပါဠိတော်၌ ပုဂ္ဂလိကအနေဖြင့်ခံယူရန် ခွင့်ပြုချက်မရှိသောကြောင့် လယ်စသော အကုန်လုံးသည် သံယိကသာ အပ်သည်။ (ဝိမတိ၊၁၊၃၃ ၂။)

http://www.dhammadownload.com

သံယ[illegible]- ၏၊ ဝါ- မှာ၊ ကမ္ပံ- သည်၊ သစေ နတ္ထိ- အံ့၊ အတ္တနောယေဝ- မိမိတို့၏သာလျှင်၊ ကမ္ပံ- ကို၊ ကတ္တာ- ၍၊ ဇီဝန္တိ- အသက်မွေးကုန်အံ့၊ တေ- ထို အာရာမ်စောင့်တို့သည်၊ ဟတ္ထကမ္မမူလံ- လက်ဖြင့်ပြုအပ်သော အလုပ်၏ အခကို၊ (အခြားနေရာမှ လုပ်ခကို၊) အာနေတွာ- ဆောင်ယူ၏၊ စေ ဒေန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်) ဂဟေတဗ္ဗံ- ယူထိုက်၏၊ နော စေ ဒေန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) တေ- ထိုသူတို့ကို၊ ကိဉ္စိ- ဘာကိုမျှ၊ န ဝတ္တဗ္ဗာ- မပြောထိုက်ကုန်၊ ယံကိဉ္စိ- သော၊ ရဇကဒါသမိုဂ- ခဝါသည်ကျွန်ကိုလည်းကောင်း၊ ပေသကာရ-ဒါသမိုဂ- ယက်ကန်းသည်ကျွန်ကိုလည်းကောင်း၊ အာရာမိကနာမေန- အာရာမ်စောင့်ဟူသော နာမည်ဖြင့်၊ သမွဋ္ဌိ စ္ဆိတုံ- လက်ခံခြင်းငှာ၊ ဝဋ္ဋတိ- ၏။

"ဂါဝေါ- နွားမတို့ကို၊ ဒေမ- လှူပါကုန်၏။" ဣတိ- သို့၊ သစေ ဝဒန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) "န ဝဋ္ဋတိ- မအပ်၊" ဣတိ- သို့၊ ပဋိက္ခိပိတဗ္ဗာ- ပယ်ထိုက်ကုန်၏၊ ဣမာ ဂါဝေါ- ဤနွားမတို့ကို၊ ကုတော- အဘယ်မှ၊ (လဒ္ဓါ- ရအပ်ပါကုန်သနည်း၊) ဣတိ- ဤသို့ မေးကုန်အံ့၊ ပဏ္ဍိတေဟိ- ဉာဏ်ရှိသူတို့သည်၊ "ပဗ္ဗဂေါ-ရသပရိဘောဂတ္ထာယ- နွားမှဖြစ်သော ငါးမျိုးသောအရသာကို သုံးဆောင်ခြင်းအကျိုးငှာ၊ ဒိန္နာ-လှူအပ်ပါကုန်ပြီ" ဣတိ-ဤသို့ပြောထိုက်၏၊ "မယမ္ပိ- တပည့်တော်တို့သည်လည်း၊ ပဗ္ဗဂေါရသပရိဘောဂတ္ထာယ- ငှာ၊ ဒေမ- ကုန်၏။" ဣတိ- သို့၊ ဝုတ္တေ- သော်၊ ဝဋ္ဋန္တိ- ကုန်၏၊ အဇိကာဒီသုပိ- ဆိတ်မ အစရှိသည်တို့၌လည်း၊ ဧသေဝ နယော- တည်း၊ "ဟတ္ထိ- ဆင်ကို၊ ဒေမ- ကုန်၏၊ အဿ-မြင်းကို၊ ဒေမ- ကုန်၏၊ မဟိံသံ- ကျွဲကို၊ ဒေမ- ကုန်၏၊ ကုက္ကုဋ္ဆံ- ကြက်ကို၊ ဒေမ- ကုန်၏၊ သူကရံ- ဝက်ကို၊ ဒေမ- ကုန်၏။" ဣတိ- သို့၊ ဝဒန္တိ- ကုန်အံ့၊ သမွဋ္ဌိ စ္ဆိတုံ- ငှာ၊ န ဝဋ္ဋတိ- မအပ်၊ ကေစိ- အချို့ကုန်သော၊ မနုဿာ- တို့သည်၊ ဘန္တေ- တို့၊ တုမှေ- တို့သည်၊ "အပ္ပေါသုက္ကာ- အားထုတ်ခြင်း မရှိကုန်သည်၊ ဝါ- ကြောင့်ကြမဲ့တို့သည်၊ ဟောထ- ဖြစ်ပါကုန်၊ မယံ- တို့သည်၊ ဣမေ- ဤနွားစသည်တို့ကို၊ ဂဟေတွာ- ၍၊ တုမှာကံ- တို့အား၊ ကပ္ပိယဘဏ္ဍံ- ကို၊ ဒဿာမ-ကုန်အံ့၊" ဣတိ- ဤသို့ လျှောက်၍၊ သစေ ဂဏှန္တိ- ကုန်အံ့၊ (ဧဝံ သတိ-သော်၊) ဝဋ္ဋတိ- ၏၊ ကုက္ကုဋ္ဆသူကရေ- ကြက်ဝက်တို့ကို၊ "သုခံ- ချမ်းသာစွာ၊

ကုက္ကုဋ္ဆေ။ပ။ ဝဋ္ဋတိ။ ။ "ကြက်ဝက်တို့ကို လာလှူလျှင် ဒီကြက်ဝက်တို့က တို့အတွက် အသုံးမကျပါဘူး။ ချမ်းချမ်းသာသာ အသက်ရှည်ကြပါစေ၊ တောထဲမှာ ဘေးမဲ့ လွတ်လိုက်ကြတာပေါ့"ဟု ပြောကောင်းသည်။

http://www.dhammadownload.com

ဇီဝန္တွ- အသက်ရှင်ပါစေကုန်၊" ဣတိ- ဤသို့ပြော၍၊ အရညေ- ၌၊ ဝိဿဇ္ဇာ-ပေတုံ- လွှတ်စေခြင်းငှာ၊ ဝဋ္ဋတိ- ၏။ "ဣမံ တဠာကံ- ကို၊ ဝိဟာရဿ- အား၊ (သံယိကကျောင်းကို ရည်ရွယ်သည်) ဒေမ- ကုန်၏၊ ဣမံ ခေတ္တံ- ကို၊ ဝိဟာရဿ- အား၊ ဒေမ- ကုန်၏၊ ဣမံ ဝတ္ထုံ- ဤယာကို၊ ဝိဟာရဿ- အား၊ ဒေမ-ကုန်၏၊" ဣတိ- သို့၊ ဝုတ္တေ- သော်၊ ပဋိဂ္ဂဳပိတုံ- ပယ်ခြင်းငှာ၊ န လဇ္ဇတိ-မရအပ်။

ဣမံ တဠာကံ။ပ။ န လဇ္ဇတိ။ ။ ဤစကားကို အထောက်အထားပြု၍ လယ်များကို (သံယိက) ကျောင်းတိုက်၏ ဝတ္ထုကံအဖြစ်ဖြင့်လာလျှုလျှင် မပယ်ကြဘဲ ပုဂံခေတ်မှစ၍ ယခုခေတ်ထိ မြန်မာနိုင်ငံအတွင်းမှာ အလျှုခံနေကြသည်။

သုတ္တန်လာဝိနည်း။ ။ "ခေတ္တဝတ္ထုပဋိဂ္ဂဟာ ပဋိဝိရတော ဟောတိ"စသည်ဖြင့် သုတ္တန်ပါဠိတော်လာသော ပယ်မြစ်မှုကို ဘုရားရှင်က အာပတ်၏အကြောင်းအင်္ဂါအဖြစ်ဖြင့် ပြုတော်မူခဲ့သည်ဟု ဘုရားရှင်၏အလိုကို သိကုန်သော သင်္ဃိယနာတင် မဟာထေရ်တို့သည် လယ်ကိုခံယူခြင်းစသည်ကို မှီသော ဤပါဠိမုတ္တကဝိနိစ္ဆယ အကုန်လုံးကိုပင် ဆိုထားခဲ့ပေသည်။ (ဝိမတိ၊၁၊၃၃၂။)

သိမ့တ်ထားမွယ်နည်းလေးသွယ် ။ ။ ကိုယ်စားလှယ်လွှတ်၍ ပစ္စည်းလေးပါး အတွက် အကပ်ိုယဝတ္ထုကို အလှျှခိုင်းရာ၌ အခြေခံစင်ကြယ်မှု (အပ်စပ်မှု), မစင်ကြယ်မှု (မအပ်စပ်မှု) ကိုယ်စားလှယ်၏ လျှောက်ထားချက် စင်ကြယ်မှု မစင်ကြယ်မှုဟူသော အခြေခံမူလေးချက်နှင့်စပ်၍ နားလည်ထားသင့်ပေသည်။

၁။ "ဤသက်နှံးဖိုးဖြင့် ဝယ်ယူ၍ သက်နှံးလှျှလိုက်ပါ"ဟု အလှျှရှင်က မှာလိုက်သော စကားသည် အခြေခံအနေဖြင့် စင်ကြယ်သည်။ "အရှင်ဘုရား သက်နှံးဖိုးကို အလှျှခံပါ"ဟု လျှောက်ထားသော ကိုယ်စားလှယ်၏စကားမူကား မစင်ကြယ်ပေ။ ဤသို့အခြေခံကစင်ကြယ်၍ ကိုယ်စားလှယ်၏စကားက မစင်ကြယ်ပါသော်လည်း ဤ(သိက္ခာပုဒ်) ၌ ညွှန်ပြထားသည့်အတိုင်း အကုန်လုံးကိုပင် ပြုလုပ်ပိုင်ခွင့်ရှိသည်။

၂။ အလှျှရှင်က "ဤသက်နှံးဖိုးကို လှျှလိုက်ပါ"ဟု မှာလိုက်ပါလျှင် အခြေခံ မစင်ကြယ်တော့ပေ။ ကိုယ်စားလှယ်က "အရှင်ဘုရား သက်နှံးပစ္စည်းအတွက် ကပ်ိုယကာရက ညွှန်းတော်မူပါ"ဟု လျှောက်လျှင် ကိုယ်စားလှယ်၏စကား စင်ကြယ်သည်။ ဤသို့ အခြေခံက မစင်ကြယ်ဘဲ ကိုယ်စားလှယ်စကားက စင်ကြယ်လျှင်လည်း ကပ်ိုယကာရက ညွှန်းကောင်းသည်။

၃။ အခြေခံကလည်း စင်ကြယ် ကိုယ်စားလှယ်စကားကလည်း စင်ကြယ်ပါမူ ပြောဖွယ်ပင် မရှိတော့ပါ။ အကောင်းဆုံးပင် ဖြစ်ပါတော့သည်။ ကပ်ိုယကာရက ညွှန်းကောင်းသည်။

http://www.dhammadownload.com

၆၄။ ကောစိ- တစ်စုံတစ်ယောက်သော ဒါယကာသည်၊ ဘိက္ခုံ- ကို၊ ဥဒ္ဒိသ-ရည်စူး၍၊ ဝါ- ညွှန်ပြ၍၊ ဒူတေန- တမန်ဖြင့်၊ ဟိရညသုဝဏ္ဏာဒိစီဝရစေတာ-ပန်း- ငွေရွှေအစရှိသော သင်္ဃန်းဖိုးကို၊ "ဣမိနာ စီဝရစေတာပန္နေန- ဤသင်္ဃန်း-ဖိုးဖြင့်၊ စီဝရံ- ကို၊ စေတာပေတွာ- လဲလှယ်၍၊ ဣတ္ထန္နာမံ- ဤအမည်ရှိသော၊ ဘိက္ခုံ- ကို၊ စီဝရေန- ဖြင့်၊ အစ္ဆာဒေဟိ- ဖုံးလွှမ်းချေလော့၊" ဣတိ- ဤသို့မှာ၍၊ သစေ ပဟိဏေယျ- ပို့အံ့၊ သော ဒူတော- ထိုတမန်သည်၊ တံ ဘိက္ခုံ- ကို၊ ဥပသင်္ကမိတွာ- ချဉ်းကပ်၍၊ ဧဝံ- ဤသို့၊ စေ ဝဒေယျ- အကယ်၍လျှောက်အံ့၊ (ကိံ- အဘယ်သို့ လျှောက်သနည်း၊) "ဘန္တေ- ရား၊ အာယသ္မန္တံ- အရှင်ဘုရားကို၊ ဥဒ္ဒိသ- ရည်စူး၍၊ ဣဒံ စီဝရစေတာပန္နံ- ဤသင်္ဃန်းဖိုးကို၊ အာဘတံ- ဆောင်-ယူအပ်ပါပြီ၊ အာယသ္မာ- အရှင်ဘုရားသည်၊ စီဝရစေတာပန္နံ- ကို၊ ပဋိဂ္ဂဏှတု-လက်ခံတော်မူပါ။" ဣတိ- ဤသို့လျှောက်အံ့၊ တေန ဘိက္ခုနာ- သည်၊ သော ဒူတော- သည်၊ ဝါ- ကို၊ ဧဝံ- ဤသို့၊ ဝစနီယော- ပြောဆိုထိုက်သည်၊ အဿ-ဖြစ်၏၊ (ကိံ- အဘယ်သို့ ပြောထိုက်သနည်း) "အာဝုသော- ဒါယကာ၊ မယံ-တို့သည်၊ စီဝရစေတာပန္နံ- ကို၊ န ခေါ ပဋိဂ္ဂဏှာမ- မခံယူကုန်၊ မယံ- တို့သည်၊ ကာလေန- သင့်လျော်ရာအခါ၌၊ ကပ္ပိယံ- အပ်စပ်သော၊ စီဝရဉ္စ- ကိုသာ၊ ပဋိဂ္ဂဏှာမ- ခံယူကုန်၏။" ဣတိ- ဤသို့ပြောဆိုထိုက်၏။

သော ဒူတော- ထိုတမန်သည်၊ တံ ဘိက္ခုံ- ကို၊ ဧဝံ- သို့၊ စေ ဝဒေယျ- အံ့၊ (ကိံ- အဘယ်သို့လျှောက်သနည်း။) "အာယသ္မတော- အရှင်၏၊ ဝေယျာဝစ္စ-ကရော- ကိစ္စကြီးငယ်ကို ပြုလုပ်တတ်သော၊ ကောစိ- တစ်စုံတစ်ယောက်သည်၊ အတ္ထိ ပန- ရှိပါသလော၊" ဣတိ- ဤသို့လျှောက်အံ့၊ စီဝရတ္ထိကေန- သင်္ဃန်းဖြင့် အလိုရှိသော၊ ဘိက္ခုနာ- သည်၊ ဝေယျာဝစ္စကရော- ကိစ္စကြီးငယ်ကို ပြုလုပ်

၄။ အခြေခံကလည်း မစင်ကြယ် ကိုယ်စားလှယ်စကားကလည်း မစင်ကြယ်လျှင်ကား ခြွင်းချက်မရှိ ပယ်သင့်သည်။ ကပ္ပိယကာရကိုပင် မညွှန်းထိုက်တော့ချေ၊ ထို့ကြောင့်ပင် (ကခ်ီ။၁၆၉။) ၌ "ကပ္ပိယကာရကောပိ နိဒ္ဒိသိတဗ္ဗော န ဘဝေယျ"ဟု မိန့်ဆိုထားပေသည်။

နံ ဧဓေါ မယံ။ပ။ကပ္ပိယံ ။ ။ ကိုယ်စားလှယ်၏ လျှောက်ထားချက်က မအပ်ပါသော်လည်း အခြေခံကစင်ကြယ်လာခဲ့လျှင် ကျင့်ရမည့်အစီအစဉ်ကို "နံ ဧဓေါ မယံ" စသော စကားရပ်ဖြင့် ညွှန်ပြတော်မူသည်။ (ဝိမတိ။၁၃၃၂၉။)

ဝေယျာဝစ္စကရော နိဒ္ဒိသိတဗ္ဗော။ ။ "အရှင်ဘုရားမှာ ဝေယျဝစ္စကို ဆောင်ရွက်ပေးသူ (ကပ္ပိယကာရက) ရှိပါရဲ့လား"ဟု အပ်စပ်သော စကားဖြင့် ကိုယ်စား

http://www.dhammadownload.com

တတ်သူကို၊ အာရာမိကော ဝါ- အာရာမ်စောင့်ကိုသော်လည်းကောင်း၊ ဥပါ-သကော ဝါ- သီတင်းသည်ကိုသော်လည်းကောင်း၊ နိဒ္ဒိသိတဗ္ဗော- ညွှန်ပြနိုင်၏၊ (ကိ်- အဘယ်သို့ ညွှန်ပြရမည်နည်း၊) "အာဝုသော- ဒါယကာ၊ ဧသော- ဤသူသည်၊ ဘိက္ခူနံ- တို့၏၊ ဝေယျာဝစ္စကရော- ကိစ္စကြီးငယ်ကို ပြုလုပ်တတ်သူတည်း၊" ဣတိ- ဤသို့ညွှန်ပြနိုင်၏၊ "တဿ- ထိုသူ့အား၊ ဒေဟိ- ပေးထားခဲ့လော၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ "သော- ထိုသူသည်၊ နိက္ခိပိဿတိ- သိမ်းထားပါလိမ့်မည်၊ ဣတိ ဝါ- ကောင်း၊ သော- ထိုသူသည်၊ ပရိဝတ္တေဿတိ- လဲလှယ်ပေးပါလိမ့်မည်၊ ဣတိ ဝါ- ကောင်း၊ သော- ထိုသူသည်၊ စေတာပေဿတိ- ဝယ်ပေးပါလိမ့်မည်၊ ဣတိ ဝါ- ကောင်း၊" န ဝတ္တဗ္ဗော- မပြောထိုက်၊ သော ဒူတော- သည်၊ တံ ဝေယျာဝစ္စကရံ- ကို၊ သညာပေတွာ- နားလည်စေပြီး၍၊ တံ ဘိက္ခုံ- ကို၊ ဥပသင်္ကမိတွာ- ၍၊ ဧဝံ- သို့၊ စေ ဝဒေယျ-အံ့၊ (ကိ်- အဘယ်သို့ လျှောက်သနည်း၊) "ဘန္တေ- ရှား၊ အာယသ္မာ- သည်၊ ယံ ဝေယျာဝစ္စကရံ- အကြင်ကိစ္စကြီးငယ်ကို ပြုလုပ်တတ်သူကို၊ နိဒ္ဒိသိ-ညွှန်ပြပြီ၊ သော- ထိုကိစ္စကြီးငယ်ကို ပြုလုပ်တတ်သူကို၊ မယာ- တပည့်တော်သည်၊ အာဏတ္တော- စေခိုင်းအပ်ပါပြီ၊ အာယသ္မာ- အရှင်သည်၊ ကာလေန- သင့်

လှယ်တမန်က လျှောက်ထားသည့်အတွက် ကပ္ပိယကာရကညွှန်ပြရန် ခွင့်ပြုတော်မူသည်၊ ကိုယ်စားလှယ်က "ဒီသင်္ကန်းဖိုးကို ဘယ်သူကလက်ခံထားမလဲ။ သို့မဟုတ် ဘယ်သူ့ကို ပေးခဲ့ရမလဲ"ဟု လျှောက်ထားလာပါလျှင် ကပ္ပိယကာရကပင် မည္ဆန်းထိုက်တော့ချေ။ "အာရာမ်စောင့်ကိုဖြစ်စေ, သီတင်းသည်ကိုဖြစ်စေ ညွှန်ပြနိုင်သည်"ဟူသော စကားကိုလည်း အနီးနေသူများဖြစ်၍ လျှောက်ပတ်သည့်အတွက်သာ ဆိုထားသည်။ အမှန်မှာ သီတင်းသုံးဖော်ငါးဦးမှတစ်ပါး အခြားမည်သူ့ကိုမဆို ကပ္ပိယကာရက ညွှန်ပြနိုင်သည်။

အကပ္ပိယဝတ္ထုကို သာယာခြင်းမှ လွတ်မြောက်စေရန် "သူ့ကိုပေးထားခဲ့ပါ"စသော စကားမျိုးကို မပြောသင့်ဟု တားမြစ်တော်မူသည်။ (ဝိမတိ၊၁၊၃၂၉။)

ပါဠိတော်မှာလာသည့်အတိုင်း "ဤသူပင်ဝေယျာဝစ္စဖြစ်သည်၊ ဤသူပင်ကပ္ပိယကာရကဖြစ်သည်၊ ကပ္ပိယကာရကဆိုတာ သူပါပဲ"စသည်ဖြင့်သာ ပြောသင့်သည်။

အာဏတ္တော သော မယာ။ ။ အလှူရှင်ကိုယ်တိုင်ဖြစ်စေ အလှူရှင်၏ကိုယ်စား တစ်ယောက်ယောက်ကဖြစ်စေ ပစ္စည်းလေးပါး အတွက်ငွေများကို ကပ္ပိယတစ်ဦးဦးထံ အပ်နှံထားခဲ့ပြီးနောက် "အရှင်ဘုရားအလိုရှိသည့် ဘယ်နှစ်ကျပ်တန်မှ ဖြစ်ပွားလာသော ပစ္စည်းလေးပါးကို မည်သူထံမှာ အလှူခံတော်မူပါ"ဟု လာရောက်လျှောက်

http://www.dhammadownload.com

လျော်သော အခါ၌၊ ဥပသက်မတု- ချဉ်းကပ်တော်မူပါ၊ တံ- အရှင်ဘုရားကို၊ စီဝရေန- ဖြင့်၊ အစ္ဆာဒေဿတိ- ဖုံးလွှမ်းပါလိမ့်မည်၊" ဣတိ- ဤသို့လျှောက်အံ့၊ စီဝရတ္ထိကေန- သော၊ ဘိက္ခုနာ- သည်၊ ဝေယျာဝစ္စကရော- ကို၊ ဥပသက်မိတ္တာ- ၍၊ ဒ္ဝိတ္တိက္ခတ္တုံ- နှစ်ကြိမ်သုံးကြိမ်၊ စောဒေတဗ္ဗော- တောင်းအပ် တောင်းနိုင်၏၊ သာရေတဗ္ဗော- သတိပေးအပ် သတိပေးနိုင်၏၊ (ကိံ- အဘယ်သို့ ပြော၍ တောင်းနိုင်သနည်း၊) "အာဝုသော- ဒါယကာ၊ မေ- ငါ့အား၊ စီဝရေန- ဖြင့်၊ အတ္ထော- အလိုရှိ၏၊" ဣတိ- ဤသို့ပြော၍ တောင်းနိုင်၏၊ "မေ- ငါ့အား၊ စီဝရံ- ကို၊ ဒေဟိ- ပေးလော၊ မေ- ငါ့ဖို့၊ စီဝရံ- ကို၊ အာဟရ- ယူခဲ့လော၊ မေ- ငါ့ဖို့၊ စီဝရံ- ကို၊ ပရိဝတ္တေဟိ- လဲလှယ်လော၊ မေ- ငါ့ဖို့၊ စီဝရံ- ကို၊ စေတာပေဟိ- ဝယ်ခဲ့လော၊" ဣတိ- သို့၊ န ဝတ္တဗ္ဗော- မပြောထိုက်။

ဒ္ဝိတ္တိက္ခတ္တုံ- နှစ်ကြိမ်သုံးကြိမ်၊ စောဒယမာနော- တောင်းလသော်၊ သာရယမာနော- သတိပေးလသော်၊ တံ စီဝရံ- ကို၊ သစေ အဘိနိပ္ဖာဒေတိ- အကယ်၍

ထားသွားမှသာ ပစ္စည်းလေးပါးအနက် အလိုရှိရာပစ္စည်းကို တောင်းကောင်းသည်။ အပ်ထားခဲ့ရုံမျှဖြင့် မတောင်းကောင်း၊ ဤသဘောကို "အာဏတ္တော သော မယာ" စသော စကားရပ်က ဖော်ညွှန်းသိစေသည်။

အတ္ထော မေ အာဝုသော စီဝရေန ။ ။ "ဒါယကာ ဦးပဉ္စင်း သင်္ကန်းအလိုရှိနေပြီ"ဟု မြန်မာစကားဖြင့်ဖြစ်စေ, ပါဠိတော်မှာလာသည့်အတိုင်း ပါဠိစကားဖြင့်ဖြစ်စေ, ယင်းသဘောအဓိပ္ပာယ်သင်္ကောက်သည့် အခြားဘာသာစကား တစ်မျိုးမျိုးဖြင့်ဖြစ်စေ တောင်းကောင်းသည်။ အကြိမ်ကန့်သန့်ချက်ကိုမူ နောက်၌ ပြဆိုပါလိမ့်မည်။

ဒေဟိ မေ စီဝရံ။ ။ "ဦးပဉ္စင်းအား သင်္ကန်းပေးပါ၊ သင်္ကန်းယူခဲ့ပါ၊ သင်္ကန်းဖလှယ်ပေးပါ၊ သင်္ကန်းဝယ်ပေးပါ"ဟူသော စကားမျိုးသည် မအပ်သော စကားမျိုးဖြစ်သည်။ ယင်းသဘောအဓိပ္ပာယ်သင်္ကောက်သော စကားမျိုးကို မည်သည့် ဘာသာစကားမျိုးဖြင့်မဆို မပြောကောင်းပေ။ ပြောဆိုသောရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်သည်။ (ဝိမတိ၊၁၊၃ ၂၉။) ၌မူ တစ်မျိုးတစ်ဖုံ သုံးသပ် ပြဆိုထားသည်။ အလိုရှိက ဆက်ရှုလော့။

တမန်ကယူလာသော ဌေကို လက်ခံရန် မိမိကိုယ်တိုင်ညွှန်ပြအပ်သော ကပ္ပိယဖြစ်နေသည့်အတွက်ကြောင့်ပင် "သင်္ကန်းပေးပါ"စသော စကားကို ပြောဆိုသော ရဟန်းသည် ဌေဖြင့် ပြုလုပ်စီမံရမည်ဖြစ်သောကြောင့် (ဌေက မိမိဥစ္စာဖြစ်နေသောကြောင့်) "ထို့ဌေဖြင့် လဲလှယ်ပေးလော၊ ဝယ်ပေးလော"ဟု တိုက်ရိုက်မဆိုသော်လည်း ဆိုဘိသကဲ့သို့ ဌေဖြင့် လဲလှယ်ရောင်းဝယ်ခြင်းသို့ ရောက်သည်။ ထို့ကြောင့် ယင်းအပြစ်မှ လွတ်

http://www.dhammadownload.com

ပြီးစေနိုင်အံ့၊ ဣစ္စေတံ- ဤသို့ပြီးစေနိုင်ခြင်းသည်၊ ကုသလံ- ကောင်း၏၊ နော စေ အဘိနိပ္ဖာဒေတိ- အကယ်၍ မပြီးစေနိုင်အံ့၊ (ဧဝံ သတိ- သော်၊) တတ္ထ- ထိုကပ္ပိယကာရကရှိရာသို့၊ ဂန္တွာ- သွား၍၊ စတုက္ခတ္တုံ- လေးကြိမ်သော်လည်း ကောင်း၊ ပဉ္စက္ခတ္တုံ- ငါးကြိမ်သော်လည်းကောင်း၊ ဆက္ခတ္တုပရမံ- ခြောက်ကြိမ် အလွန် အပိုင်းအခြားရှိအောင်သော်လည်းကောင်း၊ တုဏ္ဟီဘူတေန- ဆိတ်ဆိတ် ဖြစ်သည်ဖြစ်လျက်၊ ဥဒ္ဒိဿ- သက်နှံးကို ရည်မှန်း၍၊ ဌာတဗ္ဗံ- ရပ်ရာ၏၊ အာသနေ- နေရာ၌၊ နံ နိသီဒိတဗ္ဗံ- မထိုင်ရာ၊ အာမိသံ- ယာဂုခဲဖွယ်စသော အာမိသကို၊ နံ ပဋိဂ္ဂဟေတဗ္ဗံ- မခံယူရာ၊ ဓမ္မော- တရားကို၊ နံ ဘာသိတဗ္ဗော- မဟောထိုက်၊ "ကိံ ကာရဏာ- အဘယ်အကြောင်းကြောင့်၊ အာဂတော- ကြွလာသည်၊ အသိ- ဖြစ်ပါသနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိယမာနေန- မေးအပ်သည်ရှိသော်၊ ဝါ- မေးအပ်သော ရဟန်းသည်၊ ဇာနာဟိ အာဝုသောတိ- ဟူ၍၊ ဝါ- ဒါယကာ အသိသားပဲဟူ၍၊ ဧတ္တကမေဝ- ဤမျှလောက်သော စကားကိုသာ၊ ဝတ္တဗ္ဗံ- ပြောဆိုနိုင်၏။

အာသနေ ဝါ- နေရာ၌သော်လည်း၊ သစေ နိသီဒတိ- အကယ်၍ ထိုင်အံ့၊ အာမိသံ ဝါ- အာမိသကိုသော်လည်း၊ သစေ ပဋိဂ္ဂဏှာတိ- အကယ်၍ ခံယူအံ့၊ ဓမ္မံ ဝါ- တရားကိုသော်လည်း၊ သစေ ဘာသတိ- အကယ်၍ ဟောအံ့၊ (ဧဝံ သတိ- သော်၊) ဌာနံ- လာခြင်း၏ အကြောင်းကို၊ ဝါ- ရပ်ခြင်းကို၊ ဘဉ္ဇတိ- ဖျက်ဆီးရာရောက်၏၊ စတုက္ခတ္တုံ- လေးကြိမ်၊ သစေ စောဒေတိ- အကယ်၍ တောင်းအံ့၊ (ဧဝံ သတိ- သော်၊) စတုက္ခတ္တုံ- လေးကြိမ်၊ ဌာတဗ္ဗံ- ရပ်ရာ၏၊

အောင် သက်နှံးပေးလောစသော စကားကို မပြောရဟု ဆိုထားသည်။ ဝိညတ် (တောင်းခြင်း) ၌ အပြစ်ကို ရှောင်ကြဉ်ရန် ဆိုထားသည်မဟုတ်၊ ထို့ကြောင့်ပင် တမန်ညွှန်းအပ်သော ကပ္ပိယကာရကတို့၌ "ရူပိယသံဝေါဟာရ ဖြစ်လိမ့်မည်လား"ဟု တွေးတောယုံမှားဖွယ် မရှိသောကြောင့် အခြားကပ္ပိယကာရကထား၍လည်း ဆောင်ယူစေထိုက်သည်ဟု မိန့်ဆိုထားသည်။ သို့သော် အခြားကပ္ပိယထား၍ ဆောင်ယူစေရာ၌ "တမန်ကအပ်နှံထားသောငွေဖြင့် ဝယ်၍ သက်နှံးယူလာစေလော"ဟု မပြောဘဲ "သက်နှံးယူလာစေလော"ဟုသာ ငွေကိုသုံးသပ်မှု လုံးဝမပါစေဘဲ ပြောဆိုဆောင်ယူစေသင့်သည်။

ဌာနံ ဘဉ္ဇတိ ။ ။ "ဘာအကျိုးငှာ လာသနည်း"ဟု မေးလျှင် "ရပ်ရအောင်လာသည်"ဟု ဖြေရလိမ့်မည်။ ထို့ကြောင့် လာခြင်း၏အကြောင်းကား ရပ်ခြင်းတည်း။ "မထိုင်ရ၊ မခံယူရ၊ တရားမဟောရ"ဟု မိန့်တော်မူထားပါလျက် ထိုင်ခြင်းစသည်ကို ပြုခြင်းကြောင့် တစ်ကြိမ်ရပ်ခြင်း ပျက်သွားပြီးဖြစ်သည်။

http://www.dhammadownload.com

ပဉ္စက္ခတ္တုံ- ငါးကြိမ်၊ သစေ စောဒေတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဒွိက္ခတ္တုံ- နှစ်ကြိမ်၊ ဌာတဗ္ဗံ- ၏၊ ဆက္ခတ္တုံ- ခြောက်ကြိမ်၊ သစေ စောဒေတိ- အံ့၊ န ဌာတဗ္ဗံ- မရပ်ရာ၊ ဟိ- မှန်၏၊ ဧကာယ စောဒနာယ- တစ်ကြိမ်တောင်းခြင်းဖြင့်၊ ဌာနဒွယံ- ရပ်ခြင်းတို့၏ နှစ်ခုအပေါင်းကို၊ ဝါ- နှစ်ကြိမ်ရပ်ခြင်းကို၊ ဘဉ္ဇတိ- ဖျက်ဆီး၏၊ ဆက္ခတ္တုံ- ခြောက်ကြိမ်၊ စောဒေတွာ- တောင်းပြီး၍၊ န ဌာတဗ္ဗံ ယထာ- မရပ်ရာသကဲ့သို့၊ ဧဝံ- ဤအတူ၊ ဒွါဒသက္ခတ္တုံ- ဆယ့်နှစ်ကြိမ်၊ ဌတွာ- ရပ်ပြီး၍၊ န စောဒေတဗ္ဗံ- မတောင်းရာ၊ တသ္မာ- ထို့ကြောင့်၊ သစေ စောဒေတိ ယေဝ- အကယ်၍ တောင်းရုံသာ တောင်းအံ့၊ သစေ န တိဋ္ဌတိ- အကယ်၍ မရပ်အံ့၊ (ဧဝံ သတိ- သော်၊) ဆ- ခြောက်ကြိမ်ကုန်သော၊ စောဒနာ- တောင်းခြင်းတို့ကို၊ လဿန္တိ- ရအပ်ကုန်၏၊ သစေ တိဋ္ဌတိယေဝ- အကယ်၍ ရပ်ရုံသာ ရပ်အံ့၊ သစေ န စောဒေတိ- အကယ်၍ မတောင်းအံ့၊ (ဧဝံ သတိ- သော်၊) ဒွါဒသ- တစ်ဆယ့်နှစ်ကြိမ်ကုန်သော၊ ဌာနာနိ- ရပ်ခြင်းတို့ကို၊ လဿန္တိ- ကုန်၏၊ သစေ စောဒေတိပိ- အကယ်၍ တောင်းလည်းတောင်းအံ့၊ သစေ တိဋ္ဌတိပိ- အကယ်၍ ရပ်လည်းရပ်အံ့၊ (ဧဝံ သတိ- သော်၊) ဧကာယ စောဒနာယ- တစ်ကြိမ်တောင်းခြင်းဖြင့်၊ ဒွေ ဌာနာနိ- နှစ်ကြိမ်ရပ်ခြင်းတို့ကို၊ ဟာပေတဗ္ဗာနိ- ယုတ်လျော့စေထိုက်ကုန်၏၊ တတ္ထ- ထိုတောင်းခြင်း ရပ်ခြင်းတို့၌၊ (ဝိနိစ္ဆယော- ကို၊ ဧဝံ- ဖြင့်၊ ဝေဒိတဗ္ဗော- ၏၊) ယော- အကြင်ရဟန်းသည်၊ ဧကဒိဝသမေဝ- တစ်နေ့တည်း၌သာလျှင်၊ ပုနပ္ပုနံ- အဖန်ဖန် အထပ်ထပ်၊ ဂန္တွာ- ၍၊ ဆက္ခတ္တုံ- ခြောက်ကြိမ်၊ စောဒေတိ- အံ့၊ ဝါ- သို့မဟုတ်၊ သကိံယေဝ- တစ်ကြိမ်သာလျှင်၊ ဂန္တွာ- ၍၊ အတ္တော မေ အာဝုသော စီဝရေနာတိ- နဟူ၍၊ ဆက္ခတ္တုံ- ခြောက်ကြိမ်၊ ဝဒတိ- ပြောအံ့၊ တထာ- ထိုမှတစ်ပါး၊ (ဤနေရာ၌ တတ္ထဟု ရှိနေသည်၊) ဧကဒိဝသမေဝ- တစ်နေ့တည်း၌ပင်၊ ပုနပ္ပုနံ- ထပ်ကာ ထပ်ကာ၊ ဂန္တွာ- ၍၊ ဒွါဒသက္ခတ္တုံ- ကြိမ်၊ တိဋ္ဌတိ- ရပ်အံ့၊ ဝါ- သို့မဟုတ်၊ သကိံယေဝ- တစ်ကြိမ်တည်းသာ၊ ဂန္တွာ- ၍၊ တတြ တတြ ဌာနေ- ထိုထိုအရပ်၌၊ တိဋ္ဌတိ- ရပ်အံ့၊ သောပိ- ထိုရဟန်းသည်လည်း၊ သဗ္ဗစောဒနာယော- အလုံးစုံသော တောင်းခြင်းတို့ကိုလည်းကောင်း၊ သဗ္ဗဌာနာနိ စ- အလုံးစုံသော ရပ်ခြင်းတို့ကိုလည်းကောင်း၊ ဘဉ္ဇတိ- ဖျက်ရာရောက်၏၊ နာနာဒိဝသေသု- အထူးထူးသော နေ့တို့၌၊ (ဧဝံ- ဤသို့ တောင်းခြင်း ရပ်ခြင်းကို၊ ကရောန္တသ- ပြုသော ရဟန်း၏၊ ဘဉ္ဇနကဘာဝေ- အလုံးစုံသော တောင်းခြင်း ရပ်ခြင်းတို့ကို ဖျက်ဆီးသည်၏၊

http://www.dhammadownload.com

အဖြစ်၌) ဝါဒေါ- ပြောဆိုဖွယ်သည်၊ ကော ပန- အဘယ်မှာ ရှိတော့အံ့နည်း၊ တတော- ထိုသုံးကြိမ်တောင်းခြင်း ခြောက်ကြိမ်ရပ်ခြင်းထက်၊ ဥတ္တရိ- အလွန်၊ ဝါယမမာနော- အားထုတ်လသော်၊ ဝါ- အားထုတ်မှ၊ တံ စီဝရံ- ကို၊ စေ အဘိနိပ္ဖါဒေတိ- အကယ်၍ ပြီးစေအံ့၊ (ဧဝံ သတိ- သော်၊) ပယောဂေ- အားထုတ်ခြင်း၌၊ ဒုက္ကဋံ- သည်၊ ဟောတိ- ၏။ ပဋိလာဘေန- ကြောင့်၊ နိဿဂ္ဂိယံ- သည်၊ ဟောတိ- ၏၊ တံ- ထိုသင်္ဃန်းကို၊ အဘိနိပ္ဖါဒေတုံ- ပြီးစေခြင်းငှာ၊ နော စေ သက္ကောတိ- အကယ်၍ မစွမ်းနိုင်အံ့၊ (ဧဝံ သတိ- သော်၊) ယတော ရာဇတော- အကြင်မင်းထံမှသော်လည်းကောင်း၊ ယတော ရာဇမဟာမတ္တတော ဝါ- အကြင်မင်း၏ အမတ်ကြီးထံမှသော်လည်းကောင်း၊ အဿ ဘိက္ခုနော- ဖို့၊ တံ စီဝရစေတာပန္နံ- ကို၊ အာနီတံ- ဆောင်ယူအပ်ခဲ့ပြီ၊ တဿ- ထိုအလှူရှင်၏၊ သန္တိကံ- သို့၊ သာမံ ဝါ- ကိုယ်တိုင်သော်လည်း၊ ဂန္တွာ- သွား၍မည်။ ဒူတော ဝါ- တမန်ကိုသော်လည်း၊ ပါဟေတဗ္ဗော- စေလွှတ်ရမည်၊ (ကိံ- အဘယ်သို့ ပြောဆိုဖို့ရာ သွား၍ စေလွှတ်ရမည်နည်း၊) "အာယသ္မန္တော- ဒါယကာတို့၊ တုမ္ဟေ- တို့သည်၊ ယံ ဘိက္ခုံ- ကို၊ ဥဒ္ဒိဿ- ၍၊ ဝါ- ညွှန်ပြ၍၊ ယံ စီဝရစေတာပန္နံ- ကို၊ ပဟိဏိတ္ထ- ပို့လိုက်ပါကုန်ပြီ၊ တံ- ထိုသင်္ဃန်းဖိုးသည်၊ တဿ ဘိက္ခုနော- ၏၊ ကိဉ္စိ အတ္ထံ- တစ်စုံတစ်ခုသော ကိစ္စကို၊ နု အနုဘောတိ- မပြီးစေ၊ အာယသ္မန္တော- ဒါယကာတို့သည်၊ သကံ- မိမိဥစ္စာကို၊ ယုဉ္ဇန္တု- ပြန်ရဖို့ရန် အားထုတ်ကြကုန်လော၊ တုမ္ဟာကံ- တို့၏၊ သန္တကံ- ဥစ္စာသည်၊ မာ ဝိနသ္သတု- သူများလက်၌ မပျောက်ပျက်စေလင့်၊" ဣတိ- ဤသို့ပြောဆိုဖို့ရာ သွား၍ စေလွှတ်ရမည်၊ အယံ- ဤသို့ ကိုယ်တိုင်ဖြစ်စေ စေလွှတ်၍ဖြစ်စေ

ယတောတေ။ပ။ ဝိနဿတု ။ ။ မိမိကိုယ်တိုင် ကပ္ပိယလည်းညွှန်းထား, သင်္ဃန်းကိုလည်းမပြီးစေနိုင်သော ရဟန်း၏ ပြုလုပ်ရမည့် အစီအစဉ်ကို "ယတော ရာဇတော" စသော စကားရပ်ဖြင့် ပြတားသည်။ ယင်းအစီအစဉ်အတိုင်း ရဟန်းက မူလဥစ္စာရှင်ကို အသိပေး၍ ဥစ္စာရှင်များက တောင်းပေးခဲ့ပါလျှင် "သာမိကာ စောဒေတွာ ဒေန္တိ" ဟု အနာပတ္တိဝါရ၌ ပြဆိုထားသောကြောင့် အပ်သည်။ ယင်း "သာမိကာ စောဒေတွာ ဒေန္တိ"ဟူသော စကားကပင် ရဟန်းကိုယ်တိုင်မတောင်းဘဲ ဥပါသကာစသူတို့ကို ပရိယာယ်စကားပြောကြား၍ အတောင်းခိုင်းခဲ့ပါလျှင် ယင်းဥပါသကာတို့က အကြိမ်အရာမကတောင်း၍ အလှူခိုင်းသော်လည်း သိက္ခာပုဒ်က အနာဏတ္တိကဖြစ်နေသောကြောင့် ရဟန်းမှာအာပတ်မသင့်ဟူသော သဘောကိုလည်း ဖော်ညွှန်းပြီးဖြစ်ပေသည်။

(ဝိမတိ၊၁၊၃၃၀။)

http://www.dhammadownload.com

ပြောရခြင်းသည်၊ တတ္ထ- ထိုသင်္ခန်းဖိုးက ကိစ္စကို မပြီးစေရာ၌၊ သာမီစိ- လောကုတ္တရာ တရားသို့ အစဉ်လိုက်သော ကျင့်ဝတ်တည်း၊ ပန- ဆက်၊ ယော- အကြင်ရဟန်းသည်၊ သာမံ- ကိုယ်တိုင်၊ နေဝ ဂစ္ဆတိ- မသွား၊ ဒူတံ- တမန်ကို၊ န ပါဟေတိ- မစေလွှတ်၊ သော- ထိုရဟန်းသည်၊ ဝတ္တဘေဒေ- ဝတ်ပျက်ခြင်းကြောင့်၊ ဒုက္ကဋ်- သို့၊ အာပဇ္ဇတိ- ရောက်၏။

၆၅။ ပန- ဆက်ဦးအံ့၊ ဝါ- ထင်ရှားစေဦးအံ့၊ သဗ္ဗကပ္ပိယကာရကေသု- အလုံးစုံသော ကပ္ပိယကာရကတို့၌၊ ဧဝံ- ဤသို့၊ ပဋိပဇ္ဇိတဗ္ဗံ ကိံ- ကျင့်ထိုက်သလော၊ ဣတိ- ဤကား အမေးတည်း၊ န ပဋိပဇ္ဇိတဗ္ဗံ- မကျင့်ထိုက်၊ (ဣတိ- ဤကား အဖြေတည်း၊) ဟိ- ချဲ့အံ့၊ အယံ ကပ္ပိယကာရကော နာမ- ကမည်သည်၊ သခ်ေပတော- အကျဉ်းအားဖြင့်၊ ဒုဝိဓော- နှစ်ပါးအပြားရှိ၏၊ နိဒ္ဒိဋ္ဌော စ- ညွှန်ပြအပ်သော ကပ္ပိယကာရကလည်းကောင်း၊ အနိဒ္ဒိဋ္ဌော စ- မညွှန်ပြအပ်သော ကပ္ပိယကာရကလည်းကောင်းတည်း၊ တတ္ထ- တို့တွင်၊ နိဒ္ဒိဋ္ဌော- သည်၊ ဘိက္ခုနော- သည်၊ နိဒ္ဒိဋ္ဌော- လည်းကောင်း၊ ဒူတေန- သည်၊ နိဒ္ဒိဋ္ဌော- လည်းကောင်း၊ ဣတိ- ဤသို့၊ ဒုဝိဓော- နှစ်ပါးအပြားရှိ၏၊ အနိဒ္ဒိဋ္ဌောပိ- သည်လည်း၊ မုခဝေဝဋ္ဋိကကပ္ပိယကာရကော- လည်းကောင်း၊ ပရမ္မုခကပ္ပိယကာရကော- လည်းကောင်း၊ ဣတိ- သို့၊ ဒုဝိဓော- ၏၊ တေသု- တို့တွင်၊ ဘိက္ခုနော- သည်၊ နိဒ္ဒိဋ္ဌော- ညွှန်ပြအပ်သော ကပ္ပိယကာရကသည်၊ သမ္မုခါသမ္မုခဝသေန- သမ္မုခအသမ္မုခတို့၏ အပြားအားဖြင့်၊ စတုဗ္ဗိဓော- လေးပါးအပြားရှိသည်၊ ဟောတိ- ဖြစ်၏၊ ဒူတေန- သည်၊ နိဒ္ဒိဋ္ဌောပိ- ညွှန်ပြအပ်သော ကပ္ပိယကာရကသည်လည်း၊ တထာ- ထို့အတူ လေးပါးအပြားရှိ၏၊ ကထံ- အဘယ်သို့ ပြားသနည်း။

ဣဓ- ဤလောက၌၊ ဧကစ္စော- အချို့သော ဒါယကာသည်၊ ဘိက္ခုဿ- ၏၊ စီဝရတ္ထာယ- ၎၊ ဒူတေန- ဖြင့်၊ အကပ္ပိယဝတ္ထုံ- မအပ်သော ဝတ္ထုကို၊ (ရွှေငွေစသည်ကို၊) ပဟိဏာတိ- ပို့၏၊ ဒူတော- သည်၊ တံ ဘိက္ခုံ- ကို၊ ဝါ- သို့၊

ဧဆာင် ။ ။ ၁။ ရဟန်းညွှန်ပြ၊ လေးယောက်မျှ၊ ဒူတ ညွှန်းလေးဖြာ။
၂။ အနိဒ္ဒိဋ္ဌ၊ ဒုဝိဓ၊ ပေါင်းက တစ်ကျိပ်သာ။
၃။ တစ်ဦးမျက်မှောက်၊ ကွယ်သုံးယောက်၊ ညွှန်မြောက် ရဟန်းမှာ။
၄။ ရှေ့အပ် ပြန်ကြား၊ စေ၍ ကြား၊ မှာထား သွားသည့်ခါ။
၅။ တမန်ညွှန်းလည်း၊ လေးပါးတည်း၊ ဤနည်း ယူလေပါ။
၆။ ရှေ့အပ်မကြား၊ ကွယ်အပ်သွား၊ နှစ်ပါး မညွှန်းရာ။
၇။ ရာဇမေဏ္ဍ၊ အညာတ၊ ကျင့်ရ စဉ်တိုင်းသာ။
အခြေခံအားဖြင့် ဤဆောင်ပုဒ်များကို ဦးစွာ လေ့လာသင့်ပါသည်။

http://www.dhammadownload.com

ဥပသင်္ကမိတွာ- ၍၊ "ဘန္တေ- ရား၊ ဣဒံ- ဤဝတ္ထုကို၊ ဣတ္ထန္နာမေန- ဤအမည်ရှိသော ဒါယကာသည်၊ တုမှာကံ- တို့၏၊ စိဝရတ္ထာယ- ငှာ၊ ပဟိတံ- ပို့အပ်ပါပြီ၊ တံ- ထိုဝတ္ထုကို၊ ဂဏှထ- ခံယူပါကုန်၊" ဣတိ- ဤသို့၊ ဝဒတိ- လျှောက်အံ့၊ ဘိက္ခူ- သည်၊ "ဣဒံ- ဤဝတ္ထုသည်၊ နော ကပ္ပတိ- မအပ်၊" ဣတိ- သို့၊ ပဋိက္ခိပတိ- ပယ်အံ့၊ ဒူတော- သည်၊ "ဘန္တေ- ရား၊ တေ- ၏၊ ဝါ- မှာ၊ ဝေယျာဝစ္စကရော- သည်၊ အတ္ထိ ပန- လော၊" ဣတိ- ဤသို့၊ ပုစ္ဆတိ- အံ့၊ စ-ဆက်၊ ပုညတ္ထိကေဟိ- ကုသိုလ်ကောင်းမှုဖြင့် အလိုရှိကုန်သော၊ ဥပါသကေဟိ- ဥပါသကာတို့သည်၊ ဝါ- တို့က၊ "တုမ္ဟေ- သင်တို့သည်၊ ဘိက္ခူနံ- တို့၏၊ ဝေယျာဝစ္စံ- ကို၊ ကရောထ- ကုန်၊" ဣတိ- သို့၊ အာဏတ္တာ ဝါ- စေခိုင်းအပ်သူသော်လည်း ဖြစ်ကုန်သော၊ ဘိက္ခူနံ- တို့၏၊ သန္နိဋ္ဌသမ္ဘတ္တာ ဝါ- မြင်အပ်ဖူးကာမျှမိတ်ဆွေ အတူတကွ ဆည်းကပ်နေသော မိတ်ဆွေသော်လည်း ဖြစ်ကုန်သော၊ ကေစိ- အချို့ကုန်သော၊ ဝေယျာဝစ္စကရာ- တို့သည်၊ ဟောန္တိ- ရှိတတ်ကုန်၏၊ တေသံ- ထိုဝေယျာဝစ္စကရ-စသူတို့တွင်၊ အညတရော- တစ်ယောက် ယောက်သည်၊ တသ္မိံ ခဏေ- ထိုခဏ၌၊ ဘိက္ခုသ- ၏၊ သန္တိကေ- အနီး၌၊ နိသိန္နော- ထိုင်နေသည်၊ ဟောတိ- အံ့၊ ဘိက္ခု- သည်၊ တံ- ထိုဝေယျာဝစ္စကရ ကို၊ "အယံ- ဤဒါယကာသည်၊ ဘိက္ခူနံ- တို့၏၊ ဝေယျာဝစ္စကရော- တည်း၊" ဣတိ- သို့၊ နိဒ္ဒိသတိ- အံ့၊ ဒူတော- သည်၊ တဿ- ထိုဝေယျာဝစ္စကရ ၏၊ ဟတ္ထေ- ၌၊ အကပ္ပိယဝတ္ထုံ- ကို၊ ဒတ္ဝာ- ၍၊ "ထေရဿ- အား၊ စီဝရံ- ကို၊ ကိဏိတွာ- ဝယ်၍၊ ဒေဟိ- လျှူရစ်ပါလော၊" ဣတိ- ဤသို့ ပြော၍၊ ဂစ္ဆတိ- ပြန်သွားအံ့၊ အယံ- ဤဝေယျာဝစ္စကရသည်၊ ဘိက္ခုနာ- သည်၊ သမ္မုခါ- ၌၊ နိဒ္ဒိဋ္ဌော- ညွှန်ပြအပ်သော ဝေယျာဝစ္စကရတည်း။

[ရဟန်း၏မျက်မှောက်၌ပင် ငွေအအပ်ခံရသော ကပ္ပိယကာရကတည်း၊ ဤကပ္ပိယကိုပင် ဆောင်ပုဒ်၌ "ရွှေအပ်"ဟု ဆိုထားသည်။]

ဘိက္ခုသ- ၏၊ သန္တိကေ- ၌၊ နိသိန္နော- ထိုင်နေသူသည်၊ နော စေ ဟောတိ- အကယ်၍ မရှိအံ့၊ အပိ စ ခေါ- သို့သော်လည်း၊ ဘိက္ခု- သည်၊ "အသုကသ္မိံ နာမ ဂါမေ- ထိုမည်သော ရွာ၌၊ ဣတ္ထန္နာမော- ဤအမည်ရှိသူသည်၊ ဘိက္ခူနံ- တို့၏၊ ဝေယျာဝစ္စကရော- တည်း၊" ဣတိ- သို့၊ နိဒ္ဒိသတိ- အံ့၊ သော- ထိုတမန်သည်၊ ဂန္တွာ- ၍၊ တဿ- ၏၊ ဟတ္ထေ- ၌၊ အကပ္ပိယဝတ္ထုံ- ကို၊ ဒတ္ဝာ- ၍၊ "ထေရဿ- အား၊ စီဝရံ- ကို၊ ကိဏိတွာ- ၍၊ ဒဒေယျာသိ- လျှူရစ်ပါလော၊"

http://www.dhammadownload.com

ဣတိ- ဤသို့ ပြော၍၊ အာဂန္တွာ- ပြန်လာ၍၊ ဘိက္ခုဿ- အား၊ အာရောစေ-တွာ- ၍၊ ဂစ္ဆတိ- ပြန်သွားအံ့၊ အယံ- ဤဝေယျာဝစ္စကရသည်၊ ဧကော- သော၊ ဘိက္ခုနာ- သည်၊ အသမ္မုခါ- ၌၊ နိဒ္ဒိဋ္ဌော- ညွှန်ပြအပ်သော ဝေယျာဝစ္စကရတည်း။

[အရှင်ဘုရား ညွှန်ကြားအပ်သူထံ ငွေကို အပ်ထားခဲ့ပါပြီ၊ သင်္ကန်းအလို ရှိသောအခါ ထိုကပ္ပိယထံမှာ တောင်းပါဟု ပြန်လည်လျှောက်ထားသူ ဤကပ္ပိယကိုပင် ဆောင်ပုဒ်၌ "ပြန်ကြား"ဟု ဆိုထားသည်။]

သော ဒူတော- သည်၊ အတ္တနာ- မိမိကိုယ်တိုင်၊ အာဂန္တွာ- ၍၊ နံ ဟေဝ ခေါ အာရောစေတိ- မလျှောက်အံ့၊ အပိ စ ခေါ- စင်စစ်ကား၊ အညံ- အခြားသူကို၊ ပဟိဏာတိ- အံ့၊ (ကိံ- အဘယ်သို့မှာ၍ စေလွှတ်သနည်း၊) "ဘန္တေ- ရား၊ မယာ- သည်၊ တဿ- ထိုညွှန်ပြအပ်သော ဝေယျာဝစ္စကရ၏၊ ဟတ္ထေ- ၌၊ စီဝရစေ-တာပန်္နံ- ကို၊ ဒိန္နံ- ပေးအပ်ခဲ့ပါပြီ၊ တုမ္ဟေ- တို့သည်၊ စီဝရံ- ကို၊ ဂဏှာထ-ကုန်၊" ဣတိ- ဤသို့မှာ၍ စေလွှတ်အံ့၊ အယံ- ဤဝေယျာဝစ္စကရသည်၊ ဒုတိယော- နှစ်ယောက်မြောက်သော၊ ဘိက္ခုနာ- ရဟန်းသည်၊ အသမ္မုခါ-၌၊ နိဒ္ဒိဋ္ဌော- ညွှန်ပြအပ်သော ဝေယျာဝစ္စကရတည်း။

[ဤကား ကွယ်သုံးယောက်တွင် တခြားသူကို ပြန်လည်လျှောက်ထားခိုင်းသော ဒုတိယကပ္ပိယကာရကပင်တည်း၊ ဤကပ္ပိယကို ဆောင်ပုဒ်၌ "စေ၍ကြား"ဟု ဆိုထားသည်။]

အညံ- အခြားသူကို၊ နံ ဟေဝ ခေါ ပဟိဏာတိ- မစေလွှတ်၊ အပိ စ- စင်စစ်ကား၊ ဂစ္ဆန္တောဝ- သွားခါနီးသော်သာ၊ ဘိက္ခု- ကို၊ ဝဒတိ- အံ့၊ (ကိံ- အဘယ်သို့လျှောက်သနည်း၊) "အဟံ- သည်၊ တဿ- ၏၊ ဟတ္ထေ- ၌၊ စီဝရစေတာပန်္နံ-ကို၊ ဒဿာမိ- ပေးခဲ့ပါအံ့၊ တုမ္ဟေ- တို့သည်၊ စီဝရံ- ကို၊ ဂဏှာထ- ပါကုန်၊" ဣတိ- ဤသို့ လျှောက်အံ့၊ အယံ- သည်၊ တတိယော- သုံးယောက်မြောက်ဖြစ်သော၊ ဘိက္ခုနာ- သည်၊ အသမ္မုခါ- ၌၊ နိဒ္ဒိဋ္ဌော- တည်း၊

[ကွယ်သုံးယောက်အနက် မသွားမီကပင် မှာကြားသွားသော ကပ္ပိယကာရကဖြစ်သည်၊ ဤကပ္ပိယကာရကကို ဆောင်ပုဒ်၌ "မှာထားသွားသည့်ခါ"ဟု ဆိုထားသည်။]

http://www.dhammadownload.com

ဣတိ ဧဝံ- ဤသို့၊ ဧကော- သော၊ သမ္မုခါ- ၌၊ နိဒ္ဒိဋ္ဌော- ညွှန်ပြအပ်သော ဝေယျာဝစ္စကရလည်းကောင်း၊ တယော- သုံးယောက်ကုန်သော၊ အသမ္မုခါ- ၌၊ နိဒ္ဒိဋ္ဌာ- ညွှန်ပြအပ်သော ဝေယျာဝစ္စကရတို့လည်းကောင်း၊ ဣတိ- ဤသို့၊ ဣမေ စတ္တာရော- ဤလေးယောက်တို့သည်၊ ဘိက္ခုနော- သည်၊ နိဒ္ဒိဋ္ဌဝေယျာဝစ္စကရာ နာမ- ညွှန်ပြအပ်သော ဝေယျာဝစ္စကရတို့မည်၏၊ ဧတေသု- ဤဝေယျာဝစ္စကရတို့၌၊ ဣဓ- ဤနေရာ၌၊ (ဝါ- ရာဇသိက္ခာပုဒ်၌၊) ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာ၊ ပဋိပဇ္ဇိတဗ္ဗံ- ကျင့်ရာ၏၊ [သုံးကြိမ်တောင်းခြင်း ခြောက်ကြိမ်ရပ်ခြင်းစသော နည်းအတိုင်း ကျင့်ရမည်။]

အပရော- တစ်ပါးသော၊ ဘိက္ခု- သည်၊ ပုရိမနယေနေဝ- ဖြင့်သာလျှင်၊ ဒူတေန- သည်၊ ပဏ္ဏိတော- မေးအပ်သည်၊ သမာနော- ဖြစ်လသော်၊ နတ္ထိတာယ ဝါ- ဝေယျာဝစ္စကရ၏ မရှိသည်၏အဖြစ်ကြောင့်သော်လည်းကောင်း၊ အဝိစာရေတုကာမတာယ ဝါ- မစီမံလိုသူ၏အဖြစ်ကြောင့်သော်လည်းကောင်း၊ "အမှာကံ- တို့၏၊ ဝါ- တို့မှာ၊ ကပ္ပိယကာရကော- သည်၊ နတ္ထိ- မရှိ၊" ဣတိ- သို့၊ ဝဒတိ- အံ့၊ တသ္မိံ ခဏေ- ထိုခဏ၌၊ ကောစိ- သော၊ မနုဿော- သည်၊ အာဂစ္ဆ တိ- အံ့၊ ဒူတော- သည်၊ တဿ- ထိုလူ၏၊ ဟတ္ထေ- ၌၊ အကပ္ပိယဝတ္ထုံ- ကို၊ ဒတ္ဝာ- ၍၊ "ဣမဿ- ဤလူ၏၊ ဟတ္ထတော- မှ၊ စီဝရံ- ကို၊ ဂဏှာဟိ- ပါကုန်၊" ဣတိ- သို့၊ ဝတ္ဝာ- ၍၊ ဂစ္ဆတိ- ပြန်သွား၏၊ အယံ- ဤဝေယျာဝစ္စကရသည်၊ ဒူတေန- သည်၊ သမ္မုခါ- ၌၊ နိဒ္ဒိဋ္ဌော- ညွှန်ပြအပ်သော ကပ္ပိယကာရကတည်း၊ ဣတိ ဧဝံ- သို့၊ ဧကော- သော၊ သမ္မုခါ- ၌၊ နိဒ္ဒိဋ္ဌော- တမန်က ညွှန်ပြအပ်သော ကပ္ပိယကာရကသည်၊ ဟောတိ- ၏။

["တမန်ညွှန်းလည်း လေးပါးတည်း"အရ တမန်ညွှန်းလေးယောက်တို့တွင် ရဟန်းမျက်မှောက်၌ တမန်ကညွှန်ပြအပ်သော ဝေယျာဝစ္စကရ ဖြစ်သည်။]

အပရော- သော၊ ဒူတော- သည်၊ ဂါမံ- သို့၊ ပဝိသိတွာ- ဝင်၍၊ အတ္တနာ- မိမိသည်၊ အဘိရူပိတဿ- နှစ်သက်အပ်သော၊ ကဿစိ- တစ်စုံတစ်ယောက်သော ဥပါသကာ၏၊ ဟတ္ထေ- ၌၊ အကပ္ပိယဝတ္ထုံ- ကို၊ ဒတ္ဝာ- ၍၊ ပုရိမနယေနေဝ- ဖြင့်သာလျှင်၊ (သော ဂန္တွာ။ပ။ အာရောစေတွာ ဂစ္ဆတိ- ဟူသော ရှေးနည်းဖြင့်သာလျှင်၊) အာဂန္တွာ ဝါ- ပြန်လာ၍မူလည်း၊ အာရောစေတိ- အံ့၊ (အယံ- ဤဝေယျာဝစ္စကရသည်၊ ဧကော- သော၊ ဒူတေန- သည်၊ အသမ္မုခါ- ၌၊ နိဒ္ဒိဋ္ဌော- တည်း၊) [ပြန်ကြား။] အည် ဝါ- ကိုမူလည်း၊ ပဟိဏာတိ- အံ့၊

http://www.dhammadownload.com

(အယံ- သည်၊ ဒုတိယော- သော၊ ဒူတေန- သည်၊ အသမ္မုခါ- ၌၊ နိဒ္ဒိဋ္ဌော- တည်း၊ စာကိုယ်၌ ပတိဏာတိ-နောင်ပုဒ်ခတ်ပါရမည်၊) [စေ၍ကြား။] "အဟံ- သည်၊ အသုကဿ နာမ- ထိုမည်သောသူ၏၊ ဟတ္ထေ- ၌၊ စီဝရစေတာပန္နံ- ကို၊ ဒဿာမိ- ပေးထားခဲ့ပါမည်၊ တုမ္ဟေ- တို့သည်၊ စီဝရံ- ကို၊ ဂဏှထ္ယာထ- ပါကုန်၊" ဣတိ- သို့၊ ဝတွာ- ၍၊ ဂစ္ဆတိ- အံ့၊ အယံ- သည်၊ တတိယော- သော၊ ဒူတေန- သည်၊ အသမ္မုခါ- ၌၊ နိဒ္ဒိဋ္ဌော- တည်း၊ [မှာထား သွားသည့်ခါ၊ ထို့ကြောင့် "တမန်ညွှန်းလည်း လေးပါးတည်း ဤနည်းယူလေပါ" ဟု ဆိုထား ပေသည်။] ဣတိ ဧဝံ- ဤသို့၊ ဧကော- သော၊ သမ္မုခါ- ၌၊ နိဒ္ဒိဋ္ဌော- ညွှန်ပြ အပ်သော ကပ္ပိယကာရကလည်းကောင်း၊ တယော- ကုန်သော၊ အသမ္မုခါ- ၌၊ နိဒ္ဒိဋ္ဌာ- ညွှန်ပြအပ်သော ဝေယျာဝစ္စကရတို့ လည်းကောင်း၊ ဣတိ- သို့၊ ဣမေ စတ္တာရော- ဤလေးယောက်တို့သည်၊ ဒူတေန- သည်၊ နိဒ္ဒိဋ္ဌဝေယျာ- ဝစ္စကရာ နာမ- ညွှန်ပြအပ်သော ဝေယျာဝစ္စကရတို့ မည်ကုန်၏၊ ဧတေသု- ဤဝေယျာဝစ္စကရတို့၌၊ မေဏ္ဍကသိက္ခာပဒေ- မေဏ္ဍကသိက္ခာပုဒ်၌၊ ဝုတ္တ- နယေနေဝ- ဟောအပ်သော နည်းဖြင့်သာလျှင်၊ ပဋိပဇ္ဇိတဗ္ဗံ- ကျင့်ရာ၏၊ ဟိ- မှန်၏၊ သန္တိ ဘိက္ခဝေ။ပ။ ဝဒါမီတိ- မိဟူသော၊ ဧတံ- ဤစကားကို၊ ဘဂဝတာ- မြတ်စွာဘုရားသည်၊ ဝုတ္တံ- ဟောတော်မူအပ်ပြီ။

"ဘိက္ခဝေ- တို့၊ သဒ္ဓါ- သဒ္ဓါရှိကုန်သော၊ ပသန္နာ- ကြည်ညိုကုန်သော၊ မနုဿာ- လူတို့သည်၊ သန္တိ- ရှိတတ်ကုန်၏၊ တေ- ထိုလူတို့သည်၊ ကပ္ပိယ- ကာရကာနံ- တို့၏၊ ဟတ္ထေ- ၌၊ ဟိရညံ- ငွေကို၊ ဥပနိက္ခိပန္တိ- အပ်နှံထား တတ်ကုန်၏၊ (ကိံ- အဘယ်သို့ပြော၍ အပ်နှံထားကြသနည်း၊) 'ကွမိနာ- ဤငွေဖြင့်၊ အယျဿ- အရှင်ဘုရားအား၊ ယံ- အကြင်အရာဝတ္ထုသည်၊ ကပ္ပတိ- အပ်၏၊ တံ- ထိုအရာဝတ္ထုကို၊ ဒေထ- ပေးလှူရစ်ကုန်လော၊" ဣတိ- ဤသို့ပြောဆိုမှာကြား အပ်နှံထားတတ်ကုန်၏၊ ဘိက္ခဝေ- တို့၊ ယံ- အကြင်ဝတ္ထုသည်၊ တတော- ထိုငွေမှ၊ ကပ္ပိယံ- အပ်၏၊ တံ- ထိုဝတ္ထု ကို၊ သာဒိတုံ- သာယာခြင်းငှာ၊ အနုဇာနာမိ- ခွင့်ပြု၏၊ ဘိက္ခဝေ- တို့၊

မေဏ္ဍကသိက္ခာပဒေ ။ ။ ဘေသဇ္ဇက္ခန္ဓက မေဏ္ဍကသူဋ္ဌေး ဝတ္ထုမှာ ဟောထား သော "သန္တိ ဘိက္ခဝေ"စသော စကားသည်ပင် မေဏ္ဍကသိက္ခာပုဒ်မည်သည်။ ဤ သိက္ခာပုဒ်အလိုအားဖြင့် လှူဒါန်းသူ ဒါယကာက မည်သူ့ထံမှာ (မည်ရွှေ့ မည်မျှတန်) အပ်သော ပစ္စည်းကို တောင်းတော်မူပါဟု လျှောက်ထားမှသာ တောင်းကောင်းသည်။ အပ်ရုံသာအပ်ထား၍ မလျှောက်ထားလျှင် အနိဒ္ဒိဋ္ဌကပ္ပိယသဘော သက်ရောက်သည်။ ထို့ကြောင့် မတောင်းကောင်း။ (သာရတ္ထ၊ ၂၊၄၁၀။)

http://www.dhammadownload.com

အဟံ- ငါဘုရားသည်၊ "ကေနစိ ပရိယာယေန- တစ်စုံတစ်ခုသော အကြောင်းဖြင့်၊ ဝါ- မည်သည်နည်းနှင့်မျှ၊ ဇာတရူပရဇတံ- ရွှေငွေကို၊ သာဒိတဗ္ဗန္တိ- သာယာကောင်း၏ ဟူ၍၊ ပရိယေသိတဗ္ဗန္တိ- ရှာဖွေကောင်း၏ဟူ၍၊" နတွေဝ ဝဒါမိ- မဟောပေ။" (ပါဋိတော် အနက်။)

ဧတ္ထ- ဤတမန်ညွှန်ပြအပ်သော ဝေယျာဝစ္စကရတို့၌၊ စောဒနာယ- တောင်းခြင်း၏၊ ပရိမာဏံ- အတိုင်းအရှည်ပမာဏသည်၊ နတ္ထိ- မရှိ၊ (ဘယ်နှစ်ကြိမ် တောင်းရမည်ဟု သတ်မှတ်ချက် မရှိ၊) မူလံ- အရင်းအမြစ်ဖြစ်သော ငွေကို၊ အသာဒိယန္တေန- မသာယာသော ရဟန်းသည်၊ သဟဿက္ခတ္တုမ္ပိ- အကြိမ် အထောင်လည်း၊ စောဒနာယ ဝါ- တောင်းခြင်းဖြင့်လည်းကောင်း၊ ဌာနေန ဝါ- ရပ်ခြင်းဖြင့်လည်းကောင်း၊ ကပ္ပိယဘဏ္ဍံ- အပ်သော ဘဏ္ဍာကို၊ သာဒိတုံ- သာယာခြင်းငှာ၊ ဝဋ္ဋတိ- ၏။ [ငွေကိုသာယာလျှင် ငွေကိုတောင်းရာ ရောက်မည်ဖြစ်သောကြောင့် "မူလံ အသာဒိယန္တေန"ဟု ဆိုသည်။] မူလပဋိဂ္ဂါဟကော- အဖိုးငွေကို လက်ခံသော ဒါယကာသည် (ထည့်)၊ နော စေ ဒေတိ- အကယ်၍ မလှူအံ့၊ (ဧဝံ သတိ- သော်၊) အညံ- သော၊ ကပ္ပိယကာရကံ- ကို၊ ဌပေတွာပိ- ထား၍လည်း၊ အာဟရာပေတဗ္ဗံ- ဆောင်ယူစေထိုက်၏၊ (မူလသာမိကာနံ- မူလသင်္ကန်းအဖိုးရှင် ဒါယကာတို့အား၊ ကထေတုံ- ပြောခြင်းငှာ၊) သစေ ဣစ္ဆတိ- အကယ်၍ အလိုရှိအံ့၊ (ဧဝံ သတိ- သော်) မူလသာမိကာနမ္ပိ- တို့အားလည်း၊ ကထေတဗ္ဗံ- ပြောကြားရာ၏၊ (ထိုငွေဖြင့် မိမိမှာ သင်္ကန်း မရကြောင်းစသည်ကို ပြောနိုင်သည်၊) ကထေတုံ- ငှာ၊ နော စေ ဣစ္ဆတိ- အံ့၊ (ဧဝံ သတိ- သော်၊) နကထေတဗ္ဗံ- မပြောရာ။ [မပြောဘဲလည်း နေနိုင်သည်၊ မပြောဘဲ နေခြင်းကြောင့် ဝတ္တဘေဒဒုက္ကဋ္ဌ မသင့်။]

အပရော- သော၊ ဘိက္ခု- သည်၊ ပုရိမနယေနေဝ- ဖြင့်သာလျှင်၊ (နတ္ထိတာယ ဝါ-စသည်ကို ညွှန်းသည်၊) ဒုတေန- သည်၊ ပုစ္ဆိတော- မေးအပ်သည်၊ သမာနော-

---

အညံ အာဟရာပေတဗ္ဗံ ။ ။ ငွေကို လက်ခံလိုက်သော ကပ္ပိယကာရသည် တောင်းသောအခါ အပ်သောပစ္စည်းကို မလှူဘဲနေလျှင် အခြားတစ်ယောက်ကို ကပ္ပိယကာရကအဖြစ်ဖြင့် လဲလှယ်ထား၍လည်း (အပ်သော ပစ္စည်းကို) တောင်းယူစေထိုက်၏ ဟူရာ၌ ငွေကို မူလကပ္ပိယကာရကထံမှ အပြောင်းခိုင်းရမည် မဟုတ်။ မည်သည့် အလှူရှင်က မည်သည့်ကပ္ပိယကာရကအထံ၌ ငွေကိုအပ်သွားသည်။ ငါ့မှာလည်း အပ်သောပစ္စည်း (မည်သည့်အရာဝတ္ထုကို) အလိုရှိသည် ဟူသော စကားမျိုးကိုသာ ပြောဆိုနိုင်သည်။

http://www.dhammadownload.com

သော်၊ "အမှာကံ- တို့၏၊ ဝါ- တို့မှာ၊ ကပ္ပိယကာရကော- သည်၊ နတ္ထိ- မရှိ၊" ဣတိ- သို့၊ ဝဒတိ- အံ့၊ တံ- ထိုစကားကို၊ အညော- တစ်ပါးသော၊ သမီပေ- အနီး၌၊ ဌိတော- တည်သူသည်၊ သုတ္တာ- ၍၊ "ဘော- အမောင်၊ အာဟရ- ယူခဲ့လော၊ အဟံ- သည်၊ အယျဿ- အား၊ စီဝရံ- ကို၊ စေတာပေတ္တာ- ၍၊ ဒဿာမိ- လှူပါမည်၊" ဣတိ- သို့၊ ဝဒတိ- အံ့၊ ဒူတော- သည်၊ "ဘော- အို အမောင်၊ ဟန္ဒ- ရော့၊ ဒဒေယျာသိ- လှူရစ်ပါလော၊" ဣတိ- ဤသို့ပြော၍၊ တဿ- ထိုပြောသူ၏၊ ဟတ္ထေ- ၌၊ ဒတ္တာ- ၍၊ ဘိက္ခုဿ- အား၊ အနာရောစေတ္တာဝ- (မည်သူ့အထံ အပ်သောပစ္စည်းကို တောင်းပါဟု) မလျှောက်မူ၍သာလျှင်၊ ဂစ္ဆတိ- အံ့၊ အယံ- ဤကပ္ပိယကာရကသည်၊ မုခဝေဝဋ္ဋိကကပ္ပိယကာရကော- ကမည်၏။

[မုခဿ- ပါးစပ်ကို၊ ဝိဝဋံ- ဖွင့်ခြင်း၊ မုခဝိဝဋေန- ပါးစပ်ကို ဖွင့်ခြင်းဖြင့်၊ ဝါ- ပါးစပ်ပြောဖြင့်၊ ကပ္ပိယကာရကတ္တာ- သို့၊ ဥပဂတော- မုခဝေဝဋ္ဋိကော၊ ဤသူ့ကိုပင် "ရှေ့အပ်မကြား"ဟု ဆိုထားသည်။]

အပရော- အခြားသောတမန်သည်၊ ဘိက္ခုနော- ၏၊ ဥပဋ္ဌာကဿ ဝါ- အလုပ်အကျွေး၏သော်လည်းကောင်း၊ အညဿ ဝါ- အခြားသူ၏သော်လည်းကောင်း၊ ဟတ္ထေ- ၌၊ အကပ္ပိယဝတ္ထုံ- ကို၊ ဒတ္တာ- ၍၊ "ထေရဿ- အား၊ စီဝရံ- ကို၊ ဒဒေယျာသိ- ပါလော၊" ဣတိ- ဤသို့ပြောဆိုမှာထား၍၊ ဧတ္တောဝ- ဤအရပ်မှပင်၊ ပက္ကမတိ- ဖဲသွား၏၊ အယံ- သည်၊ ပရမ္မုခကပ္ပိယကာရကော- တည်း၊ [ဤသူ့ကိုပင် "ကွယ်အပ်သွား"ဟု ဆောင်ပုဒ်ထဲမှာ ပြဆိုထားသည်။] ဣတိ- သို့၊ ဒွေ- ကုန်သော၊ ဣမေ- ဤကပ္ပိယကာရကတို့သည်၊ အနိဒ္ဒိဋ္ဌကပ္ပိယကာရကာ နာမ- က တို့မည်၏၊ (ရဟန်းရော တမန်ပါ မည်သူကမျှ မညွှန်ပြအပ်သော ကပ္ပိယကာရက၊) ဧတေသု- ဤကပ္ပိယကာရကနှစ်ယောက်တို့၌၊ အညာတကအပ္ပဝါရိတေသု ဝိယ- ဆွေမျိုးမတော်သူ မဖိတ်သူတို့၌ကဲ့သို့၊ ပဋိပဇ္ဇိတဗ္ဗံ- ကျင့်ရာ၏၊ [ထို့ကြောင့် "ရာဇ,မေဇ္ဈာ,အညာတာ၊ ကျင့်ရ စဉ်တိုင်းသာ"ဟု ဆိုထားသည်။] သယမေဝ- သူတို့ကိုယ်တိုင်သာလျှင်၊ စီဝရံ- ကို၊ အာနေတွာ- ဆောင်ယူလာကုန်၍၊ သစေ ဒဒန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ဂဟေတဗ္ဗံ- ခံယူထိုက်၏၊ နော စေ ဒဒန္တိ- ကုန်အံ့၊ (ဧဝံ သတိ- သော်၊) ကိဉ္စိ- ဘာကိုမျှ၊ န ဝတ္တဗ္ဗာ- မပြောထိုက်ကုန်။။

http://www.dhammadownload.com

စ- ဆက်၊ ဒူတသ- ၏၊ ဟတ္ထေ- ၌၊ စီဝရတ္ထာယ- ငှာ၊ ပေသိတေ- စေလွှတ်အပ်သော၊ ဝါ- ပို့အပ်သော၊ အကပ္ပိယဝတ္ထုမှိ- ၌၊ ဝုတ္တော- ဆိုအပ်ခဲ့ပြီးသော၊ ဝိနိစ္ဆယော- ကို၊ ဝေဒိတဗ္ဗော ယထာ- သိအပ်သကဲ့သို့၊ ဧဝံ- ဤအတူ၊ ပိဏ္ဍ-ပါတာဒိနမွိ- ဆွမ်းအစရှိသည်တို့၏လည်း၊ အတ္ထာယ- ငှာ၊ ပေသိတေ- ပို့အပ်သော အကပ္ပိယဝတ္ထု၌လည်းကောင်း၊ သယံ- အလျှုရှင်ကိုယ်တိုင်၊ အာဂန္တွာ-လာ၍၊ ဒီယမာနေ စ- ပေးလှူအပ်သော အကပ္ပိယဝတ္ထု၌လည်းကောင်း၊ ဝိနိစ္ဆယော- ကို၊ ဝေဒိတဗ္ဗော- သိထိုက်၏။

၆၆။ ပန- ဆက်၊ ဥပနိက္ခိတ္တသာဒိယနေ- အနီး၌ထားအပ်သော အကပ္ပိယဝတ္ထုကို သာယာခြင်း၌၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဝိနိစ္ဆယော- တည်း၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ အကပ္ပိယဝတ္ထုံ- ကို၊ ပါဒမူလေ- ခြေရင်း၌၊ ဌပေတွာ-ချထား၍၊ "ဣဒံ- ဤဝတ္ထုသည်၊ အယျဿ- အရှင်ဘုရားဖို့၊ ဟောတု- ဖြစ်ပါစေ၊" ဣတိ- သို့၊ ဝုတ္တော- သော်၊ စိတ္တေန- စိတ်ဖြင့်၊ သစေပိ သာဒိယတိ-အကယ်၍မူလည်း သာယာစေဦးတော့၊ ဂဏ္ဌိတုကာမော- ခံယူလိုသည်၊ သစေပိ ဟောတိ- အကယ်မူလည်း ဖြစ်စေဦးတော့၊ (ဧဝံ သတိပိ- သော်လည်း၊) ကာယေန ဝါ- ကိုယ်ဖြင့်သော်လည်းကောင်း၊ ဝါစာယ ဝါ- နှုတ်ဖြင့်သော်လည်းကောင်း၊ "ဣဒံ- ဤဝတ္ထုသည်၊ န ကပ္ပတိ- မအပ်၊" ဣတိ- သို့၊ ပဋိက္ခိပတိ-ပယ်အံ့၊ အနာပတ္တိ- အာပတ်မသင့်၊ ဝါ- သို့မဟုတ်၊ ကာယဝါစာဟိ- ကိုယ်နှုတ်တို့ဖြင့်၊ အပ္ပဋိက္ခိပိတ္တာပိ- မပယ်မူ၍လည်း၊ သုဒ္ဓစိတ္တော- စင်ကြယ်သော စိတ်ရှိသည်၊ ဟုတ္တာ- ၍၊ "ဣဒံ- ဤဝတ္ထုသည်၊ အမှာကံ- တို့အား၊ န ကပ္ပတိ-မအပ်၊" ဣတိ- ဤသို့ ကြံ၍၊ န သာဒိယတိ- မသာယာအံ့၊ အနာပတ္တိယေဝ-အာပတ်မသင့်သည်သာတည်း၊ ဟိ- မှန်၏၊ တီသု- သုံးပါးကုန်သော၊ ဒွါရေသု-ဒွါရတို့တွင်၊ ယေန ကေနစိ- အမှတ်မထား တစ်ပါးပါးသော ဒွါရဖြင့်၊ ပဋိက္ခိတ္တံ-ပယ်အပ်သည်၊ သမာနံ- သော်၊ ပဋိက္ခိတ္တမေဝ- ပယ်အပ်သည်သာ၊ ဟောတိ-၏၊ ပန- ဆက်၊ ကာယဝါစာဟိ- တို့ဖြင့်၊ အပ္ပဋိက္ခိပိတ္တာ- ၍၊ စိတ္တေန- ဖြင့်၊ သစေ အဓိဝါသေတိ- အကယ်၍ သာယာအံ့၊ (ဧဝံ သတိ- သော်) ကာယဝါ-

---

ယေန ကေနစိ ပဋိက္ခိတ္တံ ပဋိက္ခိတ္တမေဝ။ ။ ရွှေငွေကို စိတ်ဖြင့် သာယာသော်လည်း ကိုယ်နှုတ်တစ်ပါးပါးဖြင့် ပယ်လျှင် အနာပတ်ဖြစ်သကဲ့သို့ ရှင်ပြုအစရှိသော အလှူဒါနကိစ္စ၌ သံဃာအများရှိရာဝယ် ငွေကိုလှူလျှင် မိမိတစ်ပါးတည်းက ထူးချွန်၍ မပယ်သာ၊ ထို့အခါ တကယ်စင်ကြယ်သောစိတ်ဖြင့် "ဤရွှေငွေဟာ ငါ့မှာမအပ်"ဟု ကြံ၍ စိတ်ကမသာယာလျှင် အနာပတ်ပင်ဟု မှတ်ပါ။ (ပါ။ဘာဋီ၊၄၊၃၃၁။)

http://www.dhammadownload.com

စာဟိ- တို့ဖြင့်၊ ကတ္တဗ္ဗဿ- ပြုထိုက်သော၊ ပဋိကွေပဿ- ပယ်မြစ်ခြင်းကို၊ အကရဏတော- မပြုခြင်းကြောင့်၊ အကိရိယသမုဌာနံ- အကိရိယသမုဌာန်ရှိသော၊ (ကိုယ်နှုတ်တို့ဖြင့် ပြုထိုက်သော ပယ်မြစ်မှုကို မပြုခြင်းသမုဌာန်ရှိသော) ကာယဒွါရေ စ- ကာယဒွါရ၌လည်းကောင်း၊ ဝစီဒွါရေ စ- ဝစီဒွါရ၌လည်းကောင်း၊ အာပတ္တိံ- သို့၊ အာပဇ္ဇတိ- ၏၊ မနောဒွါရေ ပန- မနောဒွါ၌ကား၊ အာပတ္တိ နာမ- အာပတ်မည်သည်၊ နတ္ထိ- မရှိ။

ဧကော- တစ်ယောက်သော ဒါယကာသည်၊ သတံ ဝါ- တစ်ရာကိုသော်လည်းကောင်း၊ သဟဿံ ဝါ- တစ်ထောင်ကိုသော်လည်းကောင်း၊ ပါဒမူလေ- ခြေရင်း၌၊ ဌပေတိ- ထားအံ့၊ (ကိံ- အဘယ်သို့ပြော၍ ထားသနည်း၊) "ဣဒံ- ဤငွေသည်၊ တုယှံ- အရှင်ဘုရားဖို့၊ ဟောတု- ဖြစ်ပါစေ၊" ဣတိ- ဤသို့ပြော၍ ထားအံ့၊ ဘိက္ခု- သည်၊ "ဣဒံ- ဤငွေသည်၊ နကပ္ပတိ- မအပ်၊" ဣတိ- ဤသို့ပြော၍၊ ပဋိကွိပတိ- ပယ်မြစ်အံ့၊ ဥပါသကော- သည်၊ "မယာ- သည်၊ တုမှာကံ- တို့ဖို့၊ ပရိစ္စတ္တံ- စွန့်လှူအပ်ပါပြီ၊" ဣတိ- ဤသို့ လျှောက်ထား၍၊ ဂတော- သွားအံ့၊ အညော- သော၊ ဥပါသကော- သည်၊ တတ္ထ- ထိုအရပ်သို့၊ အာဂန္တာ- ရောက်လာ၍၊ "ဘန္တေ- ရား၊ ဣဒံ- ဤငွေသည်၊ ကိံ- ဘယ်လိုပါနည်း၊" ဣတိ- သို့၊ ပုစ္ဆတိ- အံ့၊ တေန စ- ထိုငွေရှင်သည်လည်းကောင်း၊ အတ္တနာ စ- မိမိသည်လည်းကောင်း၊ ယံ- အကြင်စကားကို၊ ဝုတ္တံ- ပြောအပ်ပြီ၊ တံ- ထိုစကားကို၊ အာစိက္ခိတဗ္ဗံ- ပြောပြရာ၏၊ သော- ထိုရောက်လာသော ဥပါသကာသည်၊ "ဘန္တေ- ရား၊ အဟံ- သည်၊ ဂေါပယိဿာမိ- လုံခြုံစေပါအံ့၊ ဂုတ္တဌာနံ- လုံခြုံရာအရပ်ကို၊ ဒဿေထ- ပြတော်မူပါကုန်၊" ဣတိ- ဤသို့၊ စေ ဝဒတိ- အံ့၊ (ဧဝံ သတိ- သော်၊) သတ္တဘူမိကမ္ပိ- ဘုံခုနစ်ဆင့်ရှိသည်လည်းဖြစ်သော၊ ပါသာဒံ- ပြာသာဒ်သို့၊ အဘိရုဟိတွာ- တက်၍၊ "ဣဒံ- ဤအရပ်သည်၊ ဂုတ္တဌာနံ- လုံခြုံရာအရပ်တည်း၊" ဣတိ- သို့၊ အာစိက္ခိတဗ္ဗံ- ပြောပြနိုင်၏၊ "ဣဓ- ဤအရပ်၌၊ နိက္ခိပါဟိ- ထားလော၊" ဣတိ- ဤသို့ကား၊ နဝတ္တဗ္ဗံ- မပြောရာ၊ [ဤနေရာမှာ ထားပါဟု ပြောလျှင် ခံယူစေခြင်းသဘော သက်ရောက်သောကြောင့် နိဿဂ္ဂိ ထိုက်သည်။] ဧတ္တာဝတာ- ဤမျှအတိုင်းအရှည်ရှိသော ဖြစ်ပုံအစဉ်ဖြင့်၊ ကပ္ပိယဥ္စ- အပ်သောအရာကိုလည်းကောင်း၊ အကပ္ပိ

ကပ္ပိယဥ္စ။ပ။ ဌိတံ ဟောတိ ။ ။ ငွေကို လာလှူသည်မှစ၍ ပြာသာဒ်ပေါ်၌ ထားသွားသည်တိုင်အောင် ဖြစ်ပုံအစဉ်ဖြင့် မသာယာခဲ့သည့်အတွတ် ထိုငွေမှဖြစ်သော ပစ္စည်းလေးပါးအပ်သောကြောင့် အပ်သောအရာကို မှီ၍တည်သည်။

http://www.dhammadownload.com

ယဉ္စ- မအပ်သော အရာကိုလည်းကောင်း၊ နိဿာယ- မှီ၍၊ ဌိတံ- တည်သည်၊ ဟောတိ- ၏၊ ဒွါရံ- ဘုံခုနစ်ဆင့်ပြာသာဒ်၏ တံခါးကို၊ ပိဒဟိတွာ- ပိတ်၍၊ ရက္ခန္တေန- စောင့်ရှောက်လျက်၊ ဝသိတဗ္ဗံ- နေနိုင်၏၊ ဝါ- နေကောင်း၏။

ကိဉ္စိ- တစ်စုံတစ်ခုသော၊ ဝိက္ကာယိကဘဏ္ဍံ- ရောင်းခြင်းခဲ့ယှဉ်သော ဘဏ္ဍာဖြစ်သော၊ ဝါ- ရောင်းထိုက်သော ဘဏ္ဍာဖြစ်သော၊ ပတ္တံ ဝါ- သပိတ်ကိုသော်လည်းကောင်း၊ စီဝရံ ဝါ- သင်္ကန်းကိုသော်လည်းကောင်း၊ ဂဟေတွာ- ယူ၍၊ သစေ အာဂစ္ဆတိ- အကယ်၍ ရောက်လာအံ့၊ "ဘန္တေ- ရား၊ ဣဒံ- ဤသပိတ်ကို၊ ဝါ- ဤသင်္ကန်းကို၊ ဂဟေဿထ- ယူကြမည်လော၊" ဣတိ- ဤသို့၊ ဝုတ္တေ- ပြောဆိုအပ်သော်၊ "ဥပါသက- ဒါယကာ၊ အမှာကံ- တို့၏၊ ဝါ- တို့မှာ၊ ဣမိနာ- ဤသပိတ်ဖြင့်၊ ဝါ- ဤသင်္ကန်းဖြင့်၊ အတ္ထော- အလိုသည်၊ အတ္ထိ- ရှိ၏၊ ဧဝရူပံ နာမ- ဤသို့သဘောရှိသည် မည်သော၊ ဝတ္ထု စ- ဝတ္ထုသည်လည်း၊ သံဝိဇ္ဇတိ- ရှိနေ၏၊ (ထားသွားအပ်သောငွေကို ဧဝရူပံ နာမ ဝတ္ထု-ဟု ဆိုသည်၊) ကပ္ပိယကာရကော- အပ်အောင်ပြုတတ်သော သူသည်၊ နတ္ထိ- မရှိ၊" ဣတိ- ဤသို့၊ ဝတ္တဗ္ဗံ- ပြောနိုင်၏၊ သော- ထိုစျေးသည်သည်၊ အဟံ- သည်၊ ကပ္ပိယကာရကော- သည်၊ ဘဝိဿာမိ- ဖြစ်ပါအံ့၊ ဒွါရံ- တံခါးကို၊ ဝိဝရိတွာ- ဖွင့်၍၊ ဒေထ- ပေးပါကုန်၊ ဣတိ- ဤသို့၊ သစေ ဝဒတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဒွါရံ-ကို၊ ဝိဝရိတွာ- ၍၊ "ဣမသ္မိံ ဩကာသေ- ဤအရပ်၌၊ ဌပိတံ- ထားအပ်ပြီ၊" ဣတိ- သို့၊ ဝတ္တဗ္ဗံ- ပြောနိုင်၏၊ "ဣမံ- ဤငွေကို၊ ဂဏှ- ယူလော၊" ဣတိ- သို့၊ န ဝတ္တဗ္ဗံ- မပြောရာ၊ (ဤသို့ပြောလျှင်လည်း ခံယူစေခြင်းသဘော သက်ရောက်သောကြောင့် နိဿဂ္ဂိယင်၊) ဧဝမ္ပိ- ဤသို့လည်း၊ ဝါ- ဤနည်းအားဖြင့်လည်း၊ ကပ္ပိယဘဏ္ဍံ- အပ်သောအရာကိုလည်းကောင်း၊ အကပ္ပိယဘဏ္ဍံ- ကိုလည်းကောင်း၊ နိဿာယ- ၍၊ ဌိတမေဝ- တည်သည်ပင်၊ ဟောတိ- ဖြစ်သေး၏၊ သော- ထိုစျေးသည်သည်၊ တံ- ထိုငွေကို၊ ဂဟေတွာ- ၍၊ တဿ- ထိုရဟန်းအား၊ ကပ္ပိယဘဏ္ဍံ- ကို၊ စေ ဒေတိ- အံ့၊ (ဧဝံ သတိ- သော်၊) ဝဋ္ဋတိ- ၏၊ အဓိကံ- အပိုအလွန် ငွေကို၊ သစေ ဂဏှာတိ- အံ့၊ (ဧဝံ သတိ- သော်၊

မစီမံတတ်လျှင် ထိုငွေမှဖြစ်ပွားလာမည့်ပစ္စည်းသော်မှ မအပ်နိုင်သောကြောင့် မအပ်သောအရာကို မှီ၍တည်သည်။ (ဝိမတိ၊၁၊၃၃၆။)

ထိုကြောင့် ငွေနှင့်ပတ်သက်၍ အလှူခံသည့်အခါမှာ အပ်စပ်အောင်အလှူခံရန် အရေးကြီးသလို သုံးစွဲသည့်အခါမှာလည်း အပ်စပ်အောင် စီမံခန့်ခွဲရန် အရေးကြီးလှပေသည်။

http://www.dhammadownload.com

ငါးကျပ်တန်စသည်အတွက် ခြောက်ကျပ်စသည် ပိုယူလျှင်၊) "မယ်- တို့သည်၊ တဝ- သင်၏၊ ဘဏ္ဍံ- ကို၊ နာ ဂဏှာမ- မယူလိုကုန်၊ နိက္ခမာဟိ- ထွက်သွားလော၊" ဣတိ- သို့၊ ဝတ္ထဗ္ဗော- ပြောနိုင်၏။

၆၇။ ပန- ဆက်၊ ယေန- အကြောင်းရဟန်းသည်၊ ဇာတရူပါဒိစတုဗ္ဗိဓံ- ရွှေအစရှိသော လေးပါးအပြားရှိသော၊ နိဿဂ္ဂိယဝတ္ထု- ကို၊ ပဋိဂ္ဂဟိတံ- ခံယူအပ်ပြီ၊ တေန- ထိုရဟန်းသည်၊ ကိံ- အဘယ်ကို၊ ကာတဗ္ဗံ- ပြုသင့်ပါနည်း၊ ဣတိ- ဤကား အမေးတည်း၊ သဲယမဿေ- သဲယာ့ အလယ်၌၊ နိဿဇ္ဇိတဗ္ဗံ- စွန့်သင့်၏၊ ဣတိ- ဤကား အဖြေတည်း၊ ကထံ- အဘယ်သို့ စွန့်သင့်သနည်း၊ တေန ဘိက္ခုနာ- သည်၊ သဲယံ- သို့၊ ဥပသင်္ကမိတွာ- ၍၊ ဧကံသံ- လက်ဝဲတစ်ဖက် ပခုံးထက်၌၊ ဥတ္တရာသင်္ဂံ- ကိုယ်ဝတ်ဧကသီကို၊ ကရိတွာ- တင်ထား၍၊ ဝုဍ္ဎာနံ- ကြီးကုန်သော၊ ဘိက္ခူနံ- တို့၏၊ ပါဒေ- ခြေတို့ကို၊ ဝန္ဒိတွာ- ရှိခိုး၍၊ ဥက္ကုဋိကံ- ဆောင့်ကြောင့်၊ နိသီဒိတွာ- ထိုင်၍၊ အဉ္ဇလိံ- လက်အုပ်ကို၊ ပဂ္ဂဟေတွာ- မြှောက်ခြီ၍၊ ဧဝံ- သို့၊ ဝစနီယော- ဆိုထိုက်သည်၊ အဿ- ဖြစ်၏၊ (ကိံ- အဘယ်သို့ ဆိုထိုက်သနည်း၊) "အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ နိဿဂ္ဂိယံ၊ ဣမာဟံ နိဿဇ္ဇာမီ"တိ- မိ-ဟူ၍ ဆိုထိုက်၏။

> "ဘန္တေ- အရှင်ဘုရားတို့၊ အဟံ- သည်၊ ရူပိယံ- ရွှေကို၊ ဝါ- ငွေကို၊ ပဋိဂ္ဂဟေသိံ- ခံယူမိပါပြီ၊ မေ- တပည့်တော်သည်၊ ဣဒံ- ဤရွှေကို၊ ဝါ- ဤငွေကို၊ နိဿဂ္ဂိယံ- စွန့်သင့်စွန့်ထိုက်ပါ၏၊ အဟံ- သည်၊ ဣမံ- ဤရွှေကို၊ ဝါ- ဤငွေကို၊ နိဿဇ္ဇာမိ- စွန့်ပါ၏။"

ဣတိ- ဤသို့ စွန့်ထိုက်၏၊ နိဿဇ္ဇိတွာ- စွန့်ပြီး၍၊ အာပတ္တိ- အာပတ်ကို၊ ဒေသေတဗ္ဗာ- ဒေသနာပြောကြားထိုက်၏။ ဗျတ္တေန- ဝိနည်းအရာ လိမ္မာထက်မြက်သော၊ ပဋိဗလေန- စွမ်းနိုင်သော၊ ဘိက္ခုနာ- သည်၊ အာပတ္တိ- ကို၊ ပဋိဂ္ဂဟေတဗ္ဗာ- လက်ခံထိုက်၏။ တတ္ထ- ထိုစွန့်ရာ အရပ်၌၊ ဝါ- သို့၊ အာရာမိကော

ကိံ ကာတဗ္ဗံ ။ ။ ရွှေငွေကို မခံကောင်းသော်လည်း ထိုရွှေငွေဖြင့် တစ်စုံတစ်ခုကို မဝယ်ရသေးသောကြောင့် ခံယူသောရဟန်းမှတစ်ပါး အခြားရဟန်းများအတွက် ထိုရွှေငွေမှဖြစ်သောပစ္စည်းကို အပ်စပ်သောနည်းဖြင့် သုံးစွဲခွင့်ရစေတော်မူလိုသောကြောင့် ဘုရားရှင်သည် ရွှေငွေစွန့်နည်းကိုလည်းကောင်း၊ ထိုရွှေငွေမှဖြစ်သော ပစ္စည်းသုံးစွဲနည်းကိုလည်းကောင်း ပြတော်မူသည်။ တစ်စုံတစ်ခုကို ဝယ်ပြီးလျှင်ကား သုံးစွဲရန် နည်းလမ်း မရှိတော့ချေ။

http://www.dhammadownload.com

ဝါ- သည်သော်လည်းကောင်း၊ ဥပါသကော ဝါ- သည်သော်လည်းကောင်း၊ သစေ အာဂစ္ဆတိ- အံ့၊ (ဧဝံ သတိ-သော်၊) သော- ထိုသူကို၊ "အာဝုသော- ဒါယကာ၊ ဣဒံ- ဤဟာကို၊ ဇာနာဟိ- သိလော၊" ဣတိ- သို့၊ ဝတ္တဗ္ဗော- ပြောထိုက်၏၊ သော- ထိုဒါယကာသည်၊ "ဣမိနာ- ဤရွှေဖြင့်၊ ဝါ- ဤငွေဖြင့်၊ ကိံ- အဘယ်ဝတ္ထုပစ္စည်းကို၊ အာဟရိဿာမိ- ဆောင်ယူခဲ့ရပါမည်နည်း၊" ဣတိ- သို့၊ သစေ ဘဏတိ- အကယ်၍ လျှောက်အံ့၊ (ဧဝံ သတိ- သော်၊) "ဣမံ ဝါ ဣမံ ဝါ- ဤမည်ဤမည်သော အရာဝတ္ထုကိုလည်း၊ အာဟရ- ဆောင်ယူခဲ့လော၊" ဣတိ- သို့၊ နဝတ္တဗ္ဗော- ထိုက်၊ ကပ္ပိယံ- အပ်သည်ကို၊ သပ္ပိံ ဝါ- ထောပတ်ကိုသော်လည်းကောင်း၊ တေလံ ဝါ- ဆီကိုသော်လည်းကောင်း၊ မဓုံ ဝါ- ပျားကိုသော်လည်းကောင်း၊ ဖာဏိတံ ဝါ- တင်လဲကိုသော်လည်းကောင်း၊ အာစိက္ခိတဗ္ဗံ- ပြောပြနိုင်၏၊ အာစိက္ခန္တေန စ- ပြောပြသော ရဟန်းသည်လည်း၊ "ဣမိနာ- ဤရွှေဖြင့်၊ ဝါ- ဤငွေဖြင့်၊ သပ္ပိံ ဝါ- ကိုသော်လည်းကောင်း၊ တေလံ ဝါ- ကိုသော်လည်းကောင်း၊ မဓုံ ဝါ- ကိုသော်လည်းကောင်း၊ ဖာဏိတံ ဝါ- ကိုသော်လည်းကောင်း၊ အာဟရ- ယူခဲ့လော၊" ဣတိ- သို့၊ နဝတ္တဗ္ဗံ- မပြောရာ၊ "ဣဒဥ္စိဒဥ္စ- ဤမည် ဤမည်သော ဝတ္ထုသည်လည်း၊ သံဃဿ- အား၊ ကပ္ပိယံ- အပ်၏၊" ဣတိ- သို့၊ ဧတ္တကမေဝ- ဤမျှကိုသာ၊ ဝတ္တဗ္ဗံ- ပြောရာ၏၊ သော- ထိုဒါယကာသည်၊ တေန- ထိုရွှေဖြင့်၊ ဝါ- ထိုငွေဖြင့်၊ ပရိဝတ္တေတွာ- လဲလှယ်၍၊ ကပ္ပိယံ- အပ်သော ဝတ္ထုကို၊ သစေ အာဟရတိ- အံ့၊ (ဧဝံ သတိ- သော်) ရူပိယပဋိဂ္ဂါဟကံ- ရွှေငွေခံယူသော ရဟန်းကို၊ ဌပေတွာ- ထား၍၊ သဗ္ဗေဟေဝ- အလုံးစုံသောရဟန်းတို့သည်သာ၊ ဘာဇေတွာ- ဝေဖန်၍၊ ပရိဘုဥ္ဇိတဗ္ဗံ- သုံးဆောင်ကောင်း၏၊ ရူပိယပဋိဂ္ဂါဟကေန- ရွှေငွေကို ခံယူသော ရဟန်းသည်၊ ဘာဂေါ- အဖို့ကို၊ ဝါ- ဝေစုကို၊ နဂဟေတဗ္ဗော- မယူထိုက်။

အညေသံ- တစ်ပါးကုန်သော၊ ဘိက္ခူနံ ဝါ- တို့၏သော်လည်းကောင်း၊ အာရာမိကာနံ ဝါ- တို့၏သော်လည်းကောင်း၊ ပတ္တဘာဂမ္ပိ- ရောက်အပ်ရအပ်သော အဖို့ကိုလည်း၊ လဘိတွာ- တစ်ဆင့်ရ၍၊ ပရိဘုဥ္ဇိတုံ- ဌာ၊ နဝဋ္ဋတိ- မအပ်၊ အန္တမသော- အားဖြင့်၊ မက္ကဋ္ဌာဒီဟိ- မျောက်အစရှိသော သတ္တဝါတို့သည်၊

အာရာမိကာနံ ပတ္တဘာဂမ္ပိ ။ ။ ပစ္စည်းကို ခွဲဝေသောအခါ အာရာမ်စောင့်များလည်း ဝေစုရ၏၊ ထိုအာရာမ်စောင့်တို့က ငွေကိုအလှုခံသော ရဟန်းအား တစ်ဆင့်လှူ၍ရသော်လည်း ထိုငွေအလှူခံသော ရဟန်းမှာ မအပ်တော့ချေ။ အဘယ့်ကြောင့်နည်း၊ လူတို့လက်သို့ ရောက်သွားသော်လည်း ထိုဝေစုရအပ်သော ပစ္စည်းပင် ဖြစ်သော

http://www.dhammadownload.com

တတော- ထိုအခြားသူတို့ရအပ်သော အဖို့မှ၊ ဟရိတ္တာ- ဆောင်ယူ၍၊ အရညေ-၌၊ ဌပိတံ ဝါ- ထားအပ်သည်မူလည်းဖြစ်သော၊ တေသံ- ထိုမျှော်က် အစရှိသော သတ္တဝါတို့၏၊ ဟတ္ထတော- မှ၊ ဂဠိတံ ဝါ- လျှောကျသည်မူလည်း ဖြစ်သော၊ တိရစ္ဆာနပဋိဂ္ဂဟိတမွိ- တိရစ္ဆာန်တို့သည် သိမ်းပိုက်အပ်သော ပစ္စည်းသည်လည်းကောင်း၊ (အရညေ ဌပိတံ-ကို ရည်သည်၊) ပံသုကူလမွိ- ပံသုကူပစ္စည်းသည်လည်းကောင်း၊ (ဟတ္ထတော ဂဠိတံ-ကို ရည်သည်၊) နဝဋ္ဋတိယေဝ-မအပ်သည်သာ၊ တတော- ထိုအခြားသူတို့ ရအပ်သော အဖို့မှ၊ အာဟဋေန-ဆောင်ယူအပ်သော၊ ဖာဏိတေန- တင်လဲဖြင့်၊ သေနာသနဓူပနမွိ- ကျောင်းကို ထုံစေခြင်းသည်လည်း၊ နဝဋ္ဋတိ- မအပ်၊ သပွိနာ ဝါ- ဖြင့်သော်လည်းကောင်း၊ တေလေန ဝါ- ဖြင့်သော်လည်းကောင်း၊ ပဒီပံ- မီးကို၊ ကတ္တာ- ၍၊ ဒီပါလော-ကေ- မီးရောင်၌၊ နိပဇ္ဇိတုံ- လျောင်းခြင်းငှာလည်းကောင်း၊ ကသိဏပရိကမ္မံ-ကသိုဏ်းပရိကမ်ကို၊ ကာတုံ- ပြုခြင်းငှာလည်းကောင်း၊ ပေါတ္ထကမွိ- ပေစာကို သော်မှလည်း၊ ဝါစေတုံ- ဆိုစေခြင်းငှာလည်းကောင်း၊ ဝါ- ဖတ်စေခြင်းငှာလည်းကောင်း၊ နဝဋ္ဋတိ- မအပ်။

[ပိသဒ္ဒသမ္ဘာဝနာဇောတက- ထိုကဲ့သို့ မွန်မြတ်သော အလုပ်၌မျှ မအပ်လျှင် အခြားအလုပ်များ၌ကား ပြောဖွယ်ပင် မလိုတော့ပါဟု ဂရဟာကိုဆည်း၊]

ပန- ဆက်၊ တေလမဓုဖာဏိတေဟိ- ဆီ, ပျား, တင်လဲတို့ဖြင့်၊ သရီရေ-ကိုယ်၌၊ ဝဏ်- အနာကို၊ မက္ခေတုံ- သုတ်လိမ်းခြင်းငှာ၊ နဝဋ္ဋတိယေဝ- ဧကန် မအပ်သည်သာ၊ [ခန္ဓာကိုယ်အတွက် သုံးခြင်းဖြစ်သောကြောင့် မအပ်ကြောင်း ခိုင်မြဲစေခြင်းငှာ ဧဝ- သဒ္ဒါဖြင့် ဆိုသည်။]

တေန ဝတ္ထုနာ- ထိုစွန့်အပ်ပြီးသော ငွေဟူသော ဝတ္ထုဖြင့်၊ မဋ္ဌပီဌာဒီနိ ဝါ-တို့ကိုသော်လည်း၊ ဂဏ္ဌန္တိ- ယူကုန်အံ့၊ ဥပေါသထာဂါရံ ဝါ- ဥပုသ်ကျောင်းဆောင်ကိုသော်လည်းကောင်း၊ ဘောဇနသာလံ ဝါ- ဆွမ်းစားဇရုပ်ကိုသော်လည်းကောင်း၊ ကရောန္တိ- ကုန်အံ့၊ ပရိဘုဉ္ဇိတုံ- ငှာ၊ နဝဋ္ဋတိ- (ငွေအလျှူခံသော ရဟန်းအား) မအပ်၊ ဆာယာပိ- အရိပ်သည်လည်း၊ ဂေဟပရိစ္ဆေဒေန- ကျောင်း

ကြောင့်တည်း။ အကယ်၍ အာရာမ်စောင့်တို့သည် ထိုဝေစုရအပ်သော ပစ္စည်းကို အခြားပစ္စည်းဖြင့် လဲလှယ်ပြီးမှ ထိုအခြားပစ္စည်းကိုလှူလျှင် အပ်၏ဟု မဇ္ဈိမစူဠဂဏ္ဌိပုဒ်များ၌ ဆိုသည်။ (သာရတ္ထ၊ ၂၊၄၁၈။)

http://www.dhammadownload.com

၏ အပိုင်းအခြားဖြင့်၊ ဋ္ဌိတာ- တည်သည်၊ သမာနာဝ- ဖြစ်လသော်သာ၊ နဝဋ္ဌတိ- မအပ်။

[ငွေအလှူခံသော ရဟန်းသည် ထိုငွေဖြင့် ဆောက်လုပ်ထားသော ဥပုသ်ကျောင်းဆောင်စသည်တို့၏ မွန်းတည့်အခါ အရိပ်၌သော်မှ နေရိပ်ခို၍ မနေကောင်း။]

ပရိစ္ဆေဒါတိက္ကန္တာ- အပိုင်းအခြားကို လွန်သော အရိပ်သည်၊ အာဂန္တုကတ္တာ- အာဂန္တုက၏ အဖြစ်ကြောင့်၊ ဝါ- အရိပ်အသစ်၏ အဖြစ်ကြောင့်၊ ဝဋ္ဌတိ- ၏၊ တံ ဝတ္ထုံ- ထိုစွန့်အပ်ပြီးသော ငွေဟူသော ဝတ္ထုကို၊ ဝိဿဇ္ဇေတွာ- စွန့်၍၊ ကတေန- ပြုအပ်သော၊ မဂ္ဂေနပိ- လမ်းဖြင့်လည်းကောင်း၊ သေတုနာပိ- တံတားဖြင့်လည်းကောင်း၊ နာဝါယပိ- လှေဖြင့်လည်းကောင်း၊ ဥဠုမ္ပေနပိ- ဖောင်ဖြင့်လည်းကောင်း၊ ဂန္တုံ- ငှာ၊ နဝဋ္ဌတိ- မအပ်၊ တေန ဝတ္ထုနာ- ဖြင့်၊ ခဏာပိတာယ- တူးစေအပ်သော၊ ပေါက္ခရဏိယာ- ရေကန်၏၊ ဥဒ္ဓိဒေါဒကံ- စိမ့်ထွက်သော ရေကို၊ [ဥ- မြေအတွင်းမှ အထက်သို့၊ ဘိဒ- စိမ့်၍ထွက်သော ဥဒကံ- ရေ] ပါတုံ ဝါ- သောက်ခြင်းငှာလည်းကောင်း၊ ပရိဘုဉ္ဇိတုံ ဝါ- သုံးစွဲခြင်းငှာလည်းကောင်း၊ နဝဋ္ဌတိ- မအပ်၊ ပန- ဆက်၊ အန္တော- ရေကန်အတွင်း၌၊ ဥဒကေ- ရေသည်၊ အသတိ- သော်၊ အညံ- သော၊ အာဂန္တုကံ- သော၊ ဥဒကံ ဝါ- ရေသည်သော်လည်းကောင်း၊ (အခြားမှယူ၍ ထည့်သွင်းအပ်သောရေ၊) ဝဿောဒကံ ဝါ- မိုးရေသည်သော်လည်းကောင်း၊ ပဝိဋ္ဌံ- ဝင်လာသည်၊ သမာနံ- သော်၊ ဝဋ္ဌတိ- ၏၊ (တေန ဝတ္ထုနာ- ဖြင့်၊ ပေါက္ခရဏိယာ- ကို၊) ကီတာယ- ဝယ်အပ်သော်၊ ယေန ဥဒကေန- နှင့်၊ သဒ္ဓိံ- တကွ၊ ကီတာ- ဝယ်အပ်ပြီ၊ တံ- ထိုရေသည်၊ အာဂန္တုကံ- သည်၊ သမာနမ္ပိ- သော်လည်း၊ နဝဋ္ဌတိ- မအပ်၊ [ဝယ်တုန်းက ရှိနေသောကြောင့် "အာဂန္တုကရေ" ဖြစ်သော်လည်း မအပ်၊]

တံ ဝတ္ထုံ- ထိုစွန့်အပ်ပြီးသော ငွေဟူသော ဝတ္ထုကို၊ ဥပနိက္ခေပံ- အနီး၌ ထားအပ်သည်မည်လောက်အောင်၊ ဌပေတွာ- ထား၍၊ (တစ်နည်း) ဥပနိက္ခေပံ ဌပေတွာ- (ကပ္ပိယကာရကတို့က) ငွေတိုးပေး၍၊ သံယော- သည်၊ ပစ္စယေ-

---

ဥပနိက္ခေပံ ဌပေတွာ ။ ။ "ဒီငွေတွေ များလွန်းနေပါတယ်၊ ဒီငွေကို ယနေ့တစ်နေ့တည်းဖြင့်သာ မဖျက်ဆီးသင့်ပါ"ဟု ပြော၍ ဥပါသကာကိုယ်တိုင် ထိန်းသိမ်းခိုင်းထားပါလျှင် ထိုငွေမှဖြစ်ပေါ်လာသော အတိုးအပွားဖြင့် အပ်သောပစ္စည်းကို ဝယ်၍ ဒကာက လှူလျှင် အခြားရဟန်းများအား အပ်၏။ ငွေကို အလှူခံသော ရဟန်းအား မအပ်။ (သာရတ္ထ၊ ၂၊၄၁၈။)

http://www.dhammadownload.com

ပစ္စည်းတို့ကို၊ ပရိဘုဉ္ဇတိ- သုံးစွဲနေ၏။ တေပိ ပစ္စယာ- တို့သည်လည်း၊ တဿ-ထိုငွေကို အလျှူခံသော ရဟန်းအား၊ နု ဝဋ္ဋတိ- မအပ်ကုန်၊ အာရာမော- ခြံသည်၊ ဝါ- ကို၊ ဂဟိတော- ဝယ်ယူအပ်သည်၊ ဟောတိ- ဒဲ့၊ သောပိ- ထိုခြံသည်လည်း၊ ပရိဘုဉ္ဇိတုံ- ငှာ၊ နု ဝဋ္ဋတိ- မအပ်၊ ဘူမိပိ- ခြံမြေသည်လည်းကောင်း၊ ဗီဇမွိ- မျိုးစေ့သည်လည်းကောင်း၊ အကပ္ပိယံ- (ထိုငွေဖြင့် ဝယ်ထားသည့်အတွက်) မအပ်သည်၊ ယဒိ ဟောတိ- ဒဲ့၊(ဧဝံ သတိ- သော်၊) ဘူမိ- ခြံမြေကို၊ ပရိဘုဉ္ဇိတုံ- ငှာ၊ နေဝ ဝဋ္ဋတိ- မအပ်၊ ဖလံ- သစ်သီးကို၊ ပရိဘုဉ္ဇိတုံ- ငှာ၊ နု ဝဋ္ဋတိ- မအပ်၊ ဘူမိယေဝ- မြေကိုသာလျှင်၊ ကိဏိတွာ- ဝယ်၍၊ အညာနိ- ကုန်သော၊ ဗီဇာနိ- အပ်သော မျိုးစေ့တို့သည်၊ ဝါ- တို့ကို၊ ရောပိတာနိ- စိုက်ပျိုးအပ်ကုန်သည်၊ သစေ ဟောန္တိ- ကုန်ဒဲ့၊ (ဧဝံ သတိ- သော်) ဖလံ- သည်၊ ဝဋ္ဋတိ- ၏။ ဗီဇာနိ- တို့ကို၊ ကိဏိတွာ- ၍၊ ကပ္ပိယဘူမိယံ- အပ်သော မြေ၌၊ ရောပိတာနိ- ကုန်သည်၊ အထ ဟောန္တိ- ကုန်ဒဲ့၊ (ဧဝံ သတိ- သော်၊) ဖလံ- သည်၊ နု ဝဋ္ဋတိ- မအပ်၊ ဘူမိယံ- အပ်သောမြေ၌၊ နိသီဒိတုံ ဝါ-ထိုင်ခြင်းငှာလည်းကောင်း၊ နိပဇ္ဇိတုံ ဝါ- အိပ်ခြင်းငှာလည်းကောင်း၊ ဝဋ္ဋတိ- အပ်၏။

ပန- ဆက်၊ တတ္ထ- ထိုရွှေငွေကို စွန့်ရာအရပ်၌၊ ဝါ- သို့၊ အာဂတော- ရောက်လာသော၊ ကပ္ပိယကာရကော- သည်၊ တံ- ထိုရွှေကို၊ ဝါ- ထိုငွေကို၊ ပရိဝတ္တေတွာ- လဲလှယ်၍၊ သံယဿ- ဖို့ ကပ္ပိယံ- အပ်သော၊ သပ္ပိတေလာဒီ- ထောပတ်ဆီအစရှိသည်ကို၊ အာဟရိတုံ- ဆောင်ယူရန်၊ သစေ နု ဇာနာတိ- အကယ်၍ မသိအံ့၊ သော- ထိုကပ္ပိယကာရကကို၊ "အာဝုသော- ဒါယကာ၊ ကွမံ- ဤဟာကို၊ ဆဋ္ဌေတိ- စွန့်ပစ်လိုက်တော့၊" ကွတိ- ဤသို့၊ ဝတ္တဗ္ဗော- ပြောထိုက်၏၊ သော- သည်၊ သစေ ဆဋ္ဌေတိ- အကယ်၍ စွန့်ပစ်အံ့၊ ကွစ္စေတံ- ဤသို့စွန့်

ကပ္ပိယကာရကတို့က ငွေတိုးပေးထားမှုကိုပင် "ဥပနိက္ခေပံ ဌပေတွာ"ဟု ဆိုသည်။ (ဝိမတိ၊၁၊၃၃၇။)

အဂတိလေးပါး မလိုက်စား။ ။ လောဘ၏အစွမ်းဖြင့် ယင်းစွန့်ရမည့် ဝတ္ထုပစ္စည်းကို ကိုယ်ပိုင်ပြုလုပ်လိုသူ ကိုယ့်ကိုမြှောက်ပင့်သူမျိုးသည် ဆန္ဒာဂတိသို့ လိုက်သည်မည်၏။ ဒေါသ၏အစွမ်းဖြင့် "ဒီကိုယ်တော်ဟာ ဒွေမာတိကာကို နားမလည်ပါဘူး၊ (ပဒဘာဇနီဆိုတဲ့) ဝိနည်းကို နားမလည်ပါဘူး"ဟု သူတစ်ပါးကို မောင်းမဲခြိမ်းခြောက်သော ရဟန်းမျိုးသည် ဒေါသာဂတိသို့ လိုက်သည်မည်၏။ မောဟ၏ အစွမ်းအားဖြင့် သတိယွင်းချွတ် အမှတ်သညာ နည်းပါးသူမျိုးသည် မောဟာဂတိသို့ လိုက်သည်မည်၏။

http://www.dhammadownload.com

ခြင်းသည်၊ ကုသလဲ- ကောင်း၏၊ နော စေ ဆဋ္ဌေတိ- အံ့၊ (ဧဝံ သတိ- သော်၊) ယော- အကြင်ရဟန်းသည်၊ ဆန္ဒာဂတိ- ဆန္ဒာဂတိသို့၊ န ဂစ္ဆေယျ- မလားရောက်ရာ၊ ဒေါသာဂတိ- ဒေါသာဂတိသို့၊ န ဂစ္ဆေယျ- ရာ၊ မောဟာဂတိ- သို့၊ န ဂစ္ဆေယျ- ရာ၊ ဘယာဂတိ- သို့၊ န ဂစ္ဆေယျ- ရာ၊ ဆဋ္ဌိတာဆဋ္ဌိတဉ္စ- စွန့်အပ်ပြီး မစွန့်ရသေးသည်ကိုလည်း၊ ဇာနေယျ- သိနားလည်ရာ၏၊ (ဣတိ- သို့) ပဉ္စဟိ- ငါးပါးကုန်သော၊ အင်္ဂေဟိ- အင်္ဂါတို့နှင့်၊ သမန္နာဂတော- ပြည့်စုံသော၊ ဘိက္ခု- ကို၊ ရူပိယဆဋ္ဌကော- ရွှေငွေကို စွန့်တတ်သော ရဟန်းဟူ၍၊ သမ္မန္နိ- တဗ္ဗော- သမုတ်ထိုက်၏၊ ပန- ဆက်၊ ဧဝဉ္စ- ဤသို့သာ၊ သမ္မန္နိတဗ္ဗော- ၏၊ ပဌမံ- ရှေးဦးစွာ၊ ဘိက္ခု- ကို၊ ယာစိတဗ္ဗော- တောင်းပန်ထိုက်၏၊ ယာစိတွာ- တောင်းပန်ပြီး၍၊ ဗျတ္တေန- ဝိနည်း၌ ကျွမ်းကျင်သော၊ ပဋိဗလေန- စွမ်းနိုင်သော၊ ဘိက္ခုနာ- သည်၊ သံယော- ကို၊ ဉာပေတဗ္ဗော- သိစေထိုက်၏၊ (ကိံ- အဘယ်သို့ သိစေရမည်နည်း၊) –

> သုဏာတု မေ ဘန္တေ သံယော၊ ယဒိ သံယဿ ပတ္တကလ္လံ သံယော ဣတ္ထန္နာမံ ဘိက္ခုံ ရူပိယဆဋ္ဌကံ သမ္မန္နေယျ၊ ဧသော ဉ တ္တိ။ ။ သုဏာတု မေ ဘန္တေ သံယော၊ သံယော ဣတ္ထန္နာမံ ဘိက္ခုံ ရူပိယ ဆဋ္ဌကံ သမ္မန္နတိ၊ ယဿာယသ္မတော ခမတိ ဣတ္ထန္နာမဿ ဘိက္ခုနော ရူပိယဆဋ္ဌကဿ သမ္မုတိ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ သမ္မတော သံယေန ဣတ္ထန္နာမော ဘိက္ခု ရူပိယဆဋ္ဌကော၊ ခမတိ သံယဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီတိ- မိဟူ၍၊ ဉာပေတဗ္ဗော- သိစေထိုက်၏။

၆၈။ သမ္မတေန- သမုတ်အပ်ပြီးသော၊ တေန ဘိက္ခုနာ- သည်၊ နိမိတ္တံ- အမှတ်အသားကို၊ အကတွာ- မပြုမူ၍၊ (မည်သည့်အရပ်၌ ကျစေဟု အမှတ်အသား မထားဘဲ၊) အက္ခီနိ- မျက်လုံးတို့ကို၊ နိမီလေတွာ- မှိတ်၍၊ နဒီယာ ဝါ- မြစ်၌သော်လည်းကောင်း၊ ပပါတေ ဝါ- ချောက်ကမ်းပါး၌သော်လည်း

ရွှေငွေခဲယူထားသော ရဟန်းကို ကြောက်သောကြောင့် စွန့်ပစ်ရန် မရဲဝံ့သော ရဟန်းမျိုးသည် ဘယာဂတိသို့ လိုက်သည်မည်၏။ ဤသို့ အဂတိလိုက်မှုကို မပြုသော ရဟန်းမျိုးကို ဆန္ဒာဂတိသို့ မလိုက်သူ ဒေါသာဂတိသို့ မလိုက်သူ မောဟာဂတိသို့ မလိုက်သူ ဘယာဂတိသို့ မလိုက်သူဟု မှတ်ယူသင့်သည်။ (ဝိ၊ဋ္ဌ၊၂၊၂၇၂။)

http://www.dhammadownload.com

ကောင်း၊ ဝနဂဟနေ ဝါ- တောရှုပ်၌သော်လည်းကောင်း၊ ဂူထံ ဝိယ- မစင်ကိုကဲ့သို့၊ အနပေက္ခေန- ငဲ့ကွက်ခြင်း မရှိသည်၊ ပတိတောကာသံ- ကျရာအရပ်ကို၊ အသမန္နာရဟန္တေန- နှလုံးမသွင်းသည်၊ ဟုတွာ- ၍၊ ဆဋ္ဌေတဗ္ဗံ- စွန့်ပစ်သင့်၏၊ နိမိတ္တံ- အမှတ်အသားကို၊ ကတွာ- ၍၊ သစေ ပါတေတိ- အကယ်၍ ကျစေအံ့၊ (ဧဝံ သတိ- သော်၊) ဒုက္ကဋ္ဌံ- သို့၊ အာပဇ္ဇတိ- ရောက်၏၊ ဧဝံ- သို့၊ ဝါ- သို့က လောက်၊ ဇိဂုစ္ဆိတဗ္ဗေပိ- စက်ဆုပ်စရာကောင်းသည်လည်း ဖြစ်သော၊ ရူပိယေ- ရွှေငွေ၌၊ ဘဂဝါ- သည်၊ ပရိယာယေန- ပရိယာယ်အားဖြင့်၊ ဘိက္ခူနံ- တို့အား၊ ဝါ- တို့အတွက်၊ ပရိဘောဂံ- သုံးစွဲနည်းကို၊ အာစိက္ခိ- ဟောပြတော်မူပြီ၊ ရူပိယ- ပဋိဂ္ဂါဟကဿ ပန- ရွှေငွေကို အလှူခံသော ရဟန်းအားကား၊ ကေနစိ ပရိယာ- ယေန- တစ်စုံတစ်ခုသော ပရိယာယ်ဖြင့်၊ တတော- ထိုအလှူခံထားသော ရွှေငွေ မှ၊ ဥပ္ပန္နပစ္စယပရိဘောဂေါ- ဖြစ်သော ပစ္စည်းကို သုံးစွဲခြင်းသည်၊ န ဝဋ္ဌတိ- မအပ်၊ စ- ဆက်၊ အယံ- ဤရွှေငွေမှ ဖြစ်သော ပစ္စည်းကို သုံးစွဲခြင်းသည်၊ ဧတဿ- ဤရူပိယပဋိဂ္ဂါဟကရဟန်းအား၊ န ဝဋ္ဌတိ ယထာ- မအပ်သကဲ့သို့၊ ဧဝံ- ဤအတူ၊ အသန္တသမ္ဘာဝနာယ ဝါ- မိမိ၌ထင်ရှားမရှိသော ဈာန်မဂ်ဖိုလ် တရားဖြင့် မိမိကို မိမိချီးမြှောက်ခြင်းကြောင့်သော်လည်းကောင်း၊ ဝါ- ဝါကြွားခြင်း ကြောင့်သော်လည်းကောင်း၊ ကုလဒူသကကမ္မေန ဝါ- ကုလဒူသကအမှုကြောင့် သော်လည်းကောင်း၊ ကုဟနာဒီဟိ ဝါ- အံ့ဩဖွယ်ကို ဖြစ်စေခြင်းအစရှိသည် တို့ကြောင့်သော်လည်းကောင်း၊ ဥပ္ပန္နပစ္စယာ- ဖြစ်သော ပစ္စည်းတို့သည်၊ တဿ- ထိုပြုသောရဟန်းအား၊ နေဝ ဝဋ္ဌန္တိ- မအပ်ကုန်၊ အညဿ- အခြားသော ရဟန်းအား၊ န ဝဋ္ဌန္တိ- မအပ်ကုန်။

ဓမ္မေန- တရားနှင့်၊ သမေန- ညီညွတ်သဖြင့်၊ ဥပ္ပန္နာပိ- ဖြစ်သော ပစ္စည်းတို့ သည်လည်း၊ အပစ္စဝေက္ခိတွာ- ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍၊ ပရိဘုဥ္ဇိတုံ- ငှာ၊ န ဝဋ္ဌန္တိ- မအပ်ကုန်၊ ဟိ- ချဲ့ဦးအံ့၊ ပရိဘောဂါ- သုံးစွဲခြင်းတို့သည်၊ ထေယျ- ပရိဘောဂေါ- ဂလည်းကောင်း၊ ဣဏပရိဘောဂေါ- ဂလည်းကောင်း၊ ဒါယဇ္ဇ- ပရိဘောဂေါ- ဂလည်းကောင်း၊ သာမိပရိဘောဂေါ- ဂလည်းကောင်း၊ ဣတိ- ဤသို့၊ စတ္တာရော- လေးပါးတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ တတ္ထ- ထိုလေးပါးတို့ တွင်၊ သံဃမဇ္ဈေပိ- သံဃာ့အလယ်၌လည်း၊ နိသီဒိတွာ- ထိုင်၍၊ ပရိဘုဥ္ဇန္တဿ- သုံးစွဲသော၊ ဒုဿီလဿ- သီလမရှိသော ရဟန်းသာမဏေ၏၊ ပရိဘောဂေါ-

http://www.dhammadownload.com

သည်၊ **ထေယျပရိဘောဂေါ** နာမ- ဂမည်၏၊ ဝါ- ခိုးသူ၏ ဖြစ်ကြောင်းဖြစ်ရာ ခိုးကြောင်ခိုးဝှက်ဖြင့် သုံးစွဲခြင်းမည်၏၊ သီလဝတော- သီလရှိသော ရဟန်းသာမဏေ၏၊ အပစ္စဝေက္ခိတပရိဘောဂေါ- ပစ္စဝေက္ခဏာ မဆင်ခြင်အပ်သော ပစ္စည်းကို သုံးစွဲခြင်းသည်၊ **ဿာမပရိဘောဂေါ** နာမ- ဂမည်၏၊ ဝါ- ကြွေးယူခြင်းဖြင့် ပစ္စည်းကို သုံးစွဲခြင်းမည်၏၊ တာသွာ- ထို့ကြောင့်၊ စီဝရံ- ကို၊ ပရိဘောဂေ ပရိဘောဂေ- (ကိုယ်မှ ခွာ၍) ဝတ်ရုံသုံးစွဲတိုင်း သုံးစွဲတိုင်း၌၊ ပစ္စဝေက္ခိတဗ္ဗံ- ဆင်ခြင်ထိုက်၏၊ ပိဏ္ဍပါတော- ဆွမ်းကို၊ အာလောပေ အာလောပေ- ဆွမ်းလုတ်တိုင်း ဆွမ်းလုတ်တိုင်း၌၊ ပစ္စဝေက္ခိတဗ္ဗော- ၏၊ တထာ- ထိုဆိုအပ်ပြီးသည့် အတိုင်း၊ အသက္ကောန္တေန- မစွမ်းနိုင်သော ရဟန်းသာမဏေသည်၊ ပုရေဘတ္တပစ္ဆာဘတ္တပုရိမယာမမဇ္ဈိမယာမပစ္ဆိမယာမေသု- နံနက်အခါ ညနေအခါ ပုရိမယာမ် မဇ္ဈိမယာမ် ပစ္ဆိမယာမ်တို့၌၊ ပစ္စဝေက္ခိတဗ္ဗံ- ၏၊ အသထိုရဟန်းသာမဏေသည်၊ အပစ္စဝေက္ခတော- မဆင်ခြင်ဘဲ၊ အရုဏော- အရုဏ်သည်၊ သစေ ဥဂ္ဂစ္ဆတိ- အကယ်၍ တက်အံ့၊ (ဧဝံ သတိ- သော်၊)

ထေယျပရိဘောဂေါ။ ။ မသုံးစွဲထိုက်သူ၏ သုံးစွဲခြင်းသည် 'ထေယျပရိဘောဂ' မည်၏။ မှန်၏၊ ဘုရားရှင်သည် မိမိသာသနာတော်၌ သီလရှိသော ရဟန်းသာမဏေအတွက်သာ ပစ္စည်းလေးပါးကို ခွင့်ပြုထားခဲ့ပေသည်။ သီလမရှိသော ရဟန်းသာမဏေအတွက် ခွင့်ပြုထားသည် မဟုတ်ပါ။ ဒါယကာတို့ ပစ္စည်းလေးပါးကို စွန့်လွှတ်လှူဒါန်းခြင်းသည်လည်း မိမိတို့ပြုလုပ်သော ကောင်းမှုကုသိုလ်တို့၏ အကျိုးကြီးမားမှုကို မျှော်လင့်တောင့်တသောကြောင့် သီလရှိသော ရဟန်းသာမဏေအတွက်သာ ဖြစ်ပေသည်။ သီလမရှိသော ဒုဿီလ ရဟန်းသာမဏေအတွက် မဟုတ်ချေ။ ဤသို့ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း ခွင့်မပြုအပ်၊ ဒါယကာတို့ကလည်း မစွန့်လွှတ်မလှူဒါန်းအပ်သောကြောင့် သီလမရှိသော ဒုဿီလရဟန်းသာမဏေ၏ သုံးစွဲခြင်းသည် "ထေယျပရိဘောဂ"မည်သည်။ (သာရတ္ထ၊ ၂၊၄၁၈။)

[ထေနသေ ဘာဝေါ- ထေယ်၌ ထေယျေန+ ပရိဘောဂေါ- ထေယျပရိဘောဂေါ၊ ခိုးသူ၏ဖြစ်ကြောင်းဖြစ်ရာ ခိုးကြောင်ခိုးဝှက်ဖြင့် သုံးစွဲခြင်း။]

ဿာမပရိဘောဂေါ ။ ။ (ဿာမဏပသေန ပရိဘောဂေါ- ဿာမဏပရိဘောဂေါ။) ကြွေးမြီနှင့်စပ်သဖြင့် သုံးစွဲခြင်းမျိုးသည် "ဿာမဏပရိဘောဂ"မည်၏၊ အလှူခံပုဂ္ဂိုလ် ဘက်မှ စင်ကြယ်ကြောင်း မရှိသောကြောင့် ကြွေးမြီယူ၍ သုံးစွဲခြင်းနှင့် အလားတူသည်ဟု ဆိုလိုသည်။ (သာရတ္ထ၊ ၂၊၄၁၈။)

ယမန်နေ့က သုံးဆောင်အပ်ပြီးသော သင်္ကန်းကို "အအေးကို ပယ်ဖျောက်ရန်သာ သုံးဆောင်ခဲ့ပါသည်"စသည်ဖြင့် အတိတ်ကို ပြန်ဆင်ခြင်ခြင်းသည်လည်း အပ်၏၊ (ဿာမဏပရိဘောဂမဖြစ်) ဟု ဆိုကြသည်။ (ဝိမတိ၊၁၊၃၃၇။)

http://www.dhammadownload.com

ဣဏပရိဘောဂဌာနေ- ဣဏပရိဘောဂအရာ၌၊ တိဌတိ- တည်၏၊ သေနာ-သနမ္ပိ- ကျောင်းကိုလည်း၊ ပရိဘောဂေ ပရိဘောဂေ- သုံးစွဲတိုင်း သုံးစွဲတိုင်း၌၊ ဝါ- ဝင်တိုင်း ဝင်တိုင်း၌၊ ပစ္စဝေက္ခိတဗ္ဗံ- ၏။

[ဝိမတိ၌ကား "ပရိဘောဂေ ပရိဘောဂေတိ ဥဒကပတနဌာနတော အန္တော ပဝေသနေသု နိသီဒနသယနေသု စ"ဟု ဆိုထားသည်။]

ဘေသဇ္ဇဿ- ဆေး၏၊ ဝါ- ဆေးကို၊ ပဋိဂ္ဂဟဏေပိ- အကပ်ခံရာအခါ၌လည်းကောင်း၊ ပရိဘောဂေပိ- သုံးဆောင်ရာအခါ၌လည်းကောင်း၊ သတိ-ပစ္စယတာ- ပစ္စဝေက္ခဏာသတိ၏ အကြောင်း၏အဖြစ်သည်၊ ဝဋ္ဋတိ- သင့်၏၊ ဧဝံ သန္တေပိ- အကပ်ခံရာအခါ, သုံးဆောင်ရာအခါ နှစ်ပါး၌ ပစ္စဝေက္ခဏာသတိ ရှိသင့်ပါသော်လည်း၊ ပဋိဂ္ဂဟဏေ- အကပ်ခံရာအခါ၌၊ သတိံ- ပစ္စဝေက္ခဏာသတိကို၊ ကတွာ- ၍၊ ပရိဘောဂေ- သုံးဆောင်ရာအခါ၌၊ အကရောန္တဿေဝ-(ပစ္စဝေက္ခဏာသတိကို) မပြုသော ရဟန်း၏သာလျှင်၊ အာပတ္တိ- သည်၊ ဟောတိ- ၏၊ ပဋိဂ္ဂဟဏေ- ၌၊ သတိံ- ကို၊ အကတွာ- မပြုမူ၍၊ ပရိဘောဂေ- ၌၊ ကရောန္တဿ ပန- ပြုသော ရဟန်း၏ကား၊ အနာပတ္တိ- သည်၊ ဟောတိ- ၏။

ဤဝါဒကို "သစဿ အပစ္စဝေက္ခတော အရုဏော ဥဂ္ဂစ္ဆတိ"စသော အဌကထာစကားကိုထောက်၍ ဆရာများက လက်မခံကြပေ၊ နေ့တိုင်းနေ့တိုင်း အနည်းဆုံးတစ်ကြိမ်မျှ ဆင်ခြင်မှသာ ဣဏပရိဘောဂမှ လွတ်မြောက်ဖွယ်ရာရှိသည်။ မဆင်ခြင်ဘဲ အရုဏ်တက်သွားလျှင် ဣဏပရိဘောဂဖြစ်သည်။ ဤအဌကထာကလည်း ဤသဘောကိုပင် ဖော်ညွှန်းနေသည်။

သတိပစ္စယတာ ဝဋ္ဋတိ။ ။ ပစ္စဝေက္ခဏာသတိ၏ အကြောင်း၏အဖြစ်ကို ရသင့်၏။ အကပ်ခံရာအခါ၌လည်းကောင်း၊ သုံးဆောင်ရာအခါ၌လည်းကောင်း ပစ္စဝေက္ခဏာသတိကို ဧကန်ရထိုက်သည်။ ပစ္စဝေက္ခဏာဆင်ခြင်ရမည်ဟု ပြလိုရင်းဖြစ်သည်။ ထို့ကြောင့်ပင် "သတိံ ကတွာ"စသော စကားကို ဆိုထားပေသည်။ (ဋီ။)

ပစ္စည်းလေးပါးတို့တွင် ဆေးပစ္စည်းသည် ဆွမ်းကဲ့သို့ အကပ်ခံပြီးမှသာ သုံးဆောင်ရသော ပစ္စည်းမျိုးဖြစ်သည်။ ထို့ပြင် ယာမကာလိက သတ္တာဟကာလိက (ဆေး) ယာဝ-ဇီဝိကကို ဝိကာလအခါ၌ အာဟာရအတွက် အကပ်ခံလျှင် ဒုက္ကဋ်၊ အာဟာရအတွတ် စားသောက်လျှင် မျိုတိုင်းမျိုတိုင်း ဒုက္ကဋ်ဟု ဝိကာလဘောဇနသိက္ခာပုဒ် ပဒဘာဇနီ-၌ ပညတ်ချက် ရှိနေသေးသည်။ ထို့ကြောင့် ယင်းအာပတ်တို့မှ လွတ်မြောက်အောင် အကပ်ခံရာအခါ၌လည်းကောင်း၊ သုံးဆောင်ရာအခါ၌လည်းကောင်း ပစ္စဝေက္ခဏာသတိ ရှိသင့်သည်ဟု မိန့်ဆိုထားပေသည်။

http://www.dhammadownload.com

ဟိ- မှန်၏၊ သုဒ္ဓိ- စင်ကြယ်ကြောင်းသည်၊ ဒေသနာသုဒ္ဓိ- ဒေသနာသုဒ္ဓိလည်းကောင်း၊ သံဝရသုဒ္ဓိ- ကောင်း၊ ပရိယေဋ္ဌိသုဒ္ဓိ- ကောင်း၊ ပစ္စဝေက္ခဏသုဒ္ဓိ- ကောင်း၊ ဣတိ- သို့၊ စတုဋ္ဌမာ- လေးပါးအပြားရှိ၏၊ တတ္ထ- ထိုလေးပါးတို့တွင်၊ **ဒေသနာသုဒ္ဓိ** နာမ- ဒွိမည်သည်၊ ပါတိမောက္ခသံဝရသီလံ- လတည်း၊ ဟိ- မှန်၏၊ တံ- ထိုပါတိမောက္ခသံဝရသီလကို၊ ဒေသနာယ- ဒေသနာပြောခြင်းဖြင့်၊ သုဇ္ဈနတော- စင်ကြယ်ခြင်းကြောင့်၊ ဒေသနာသုဒ္ဓိတိ- ဒွိဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ **သံဝရသုဒ္ဓိ** နာမ- ဒွိမည်သည်၊ ဣန္ဒြိယသံဝရသီလံ- လတည်း၊ ဟိ- မှန်၏၊ တံ- ထိုဣန္ဒြိယသံဝရသီလကို၊ "ပုန- တဖန်၊ ဧဝံ- ဤသို့ မစောင့်စည်းမူကို၊ န ကရိဿာမိ- မပြုလုပ်တော့အံ့၊" ဣတိ- သို့၊ စိတ္တာဓိဋ္ဌာနသံဝရေနေဝ- စိတ်ကို အဓိဋ္ဌာန်ခြင်းဟူသော စောင့်စည်းခြင်းဖြင့်သာလျှင်၊ သုဇ္ဈနတော-

---

ဝိကာလအခါ၌ အာဟာရအတွက် အကပ်ခံလျှင် ဒုက္ကဋ်ဟု ဆိုထားသောကြောင့် ဆေးအဖြစ်ဖြင့် သုံးစွဲလို၍ အကပ်ခံရာ၌ကား အာဟာရအတွက် မဟုတ်သောကြောင့် ပစ္စဝေက္ခဏာမဆင်ခြင်မိသော်လည်း အာပတ်မသင့်၊ ထို့ကြောင့်ပင် –

အကပ်ခံရာအခါ, သုံးဆောင်ရာအခါ နှစ်ပါး၌ ပစ္စဝေက္ခဏာသတိ ရှိရမည်ဖြစ်သော်လည်း အကပ်ခံရာအခါ၌ ဆင်ခြင်၍ သုံးဆောင်ရာအခါ၌ မဆင်ခြင်မှသာ အာပတ်သင့်သည်။ အကပ်ခံရာအခါ၌ မဆင်ခြင်မိသော်လည်း သုံးဆောင်ရာအခါ၌ ဆင်ခြင်ပါမူ အာပတ်မသင့်ဟု အဋ္ဌကထာဆရာ မိန့်ဆိုထားပေသည်။

သုံးဆောင်တုန်း ဆင်ခြင်ရကျိုး။ ။ သုံးဆောင်စားသောက်သောအခါ၌ မဆင်ခြင်မိလျှင် စားချင်၍ စားရာရောက်သောကြောင့် အာဟာရအတွက် ဖြစ်နေရကား ဝိကာလဘောဇနသိက္ခာပုဒ်ပဒဘာဇနီအရ ဒုက္ကဋ်အာပတ်သင့်ရသည်။ ဤသို့ ဒုက္ကဋ် အာပတ်သင့်၍ ပါတိမောက္ခသံဝရသီလပျက်သွားသော်လည်း ပစ္စယသန္နိဿိတသီလ မပျက်အောင်ကား အရုဏ်မတက်ခင် ပစ္စဝေက္ခဏာ ဆင်ခြင်နိုင်ပါသေးသည်။ သုံးဆောင်စားသောက်တုန်း၌ ပစ္စဝေက္ခဏာဆင်ခြင်လိုက်လျှင်မူကား ပစ္စယသန္နိဿိတသီလ လုံခြုံရုံမက ဝိကာလဘောဇနသိက္ခာပုဒ် ပဒဘာဇနီ၌ လာသော ဒုက္ကဋ်လည်း မသင့်တော့သဖြင့် ပါတိမောက္ခသံဝရသီလလည်း လုံခြုံပြီးဖြစ်တော့၏။ တစ်ချက်ခုတ် နှစ်ချက်ပြတ်သော နည်းမျိုးတည်း။ (ပါ။ဘာဋီ၊၄၊၃၄၀။)

သစ်ပင်တစ်ပင်လုံးကို လုံခြုံအောင် ခြံကာ စောင့်ရှောက်လိုက်လျှင် ထိုသစ်ပင်၌ ရှိသော အသီးတို့ကို စောင့်ရှောက်ပြီးဖြစ်သကဲ့သို့ပင်တည်း။ (သာရတ္ထ၊၂၊၄၁၉။)

စတုဋ္ဌိမာ ဟိ သုဒ္ဓိ။ ။ ပစ္စယသန္နိဿိတသီလ၏ စင်ကြယ်ကြောင်းနှင့်စပ်၍ တစ်နွယ်ငင် တစ်စင်ပါ မကင်းရာမကင်းကြောင်းသဘောဖြင့် သုဒ္ဓိလေးပါးကို "စတုဋ္ဌိမာ ဟိ သုဒ္ဓိ"စသည်ဖြင့် ပြဆိုထားသည်။

http://www.dhammadownload.com

ကြောင့်၊ သံဝရသုဒ္ဓိတိ- ဒွိဟူ၍၊ ဝုစ္စတိ- ၏၊ **ပရိယေဋ္ဌိသုဒ္ဓိ** နာမ- ဒွိမည်သည်၊ အာဇီဝပါသုဒ္ဓိသီလံ- တည်း၊ ဟိ- မှန်၏၊ တံ- ထိုအာဇီဝပါရိသုဒ္ဓိသီလကို၊ အနေသနံ- မသင့်သော ရှာမှီးခြင်းကို၊ ပဟာယ- ပယ်၍၊ ဓမ္မေန- တရားနှင့်၊ သမေန- ညီသဖြင့်၊ ပစ္စယေ- တို့ကို၊ ဥပ္ပါဒေန္တသ- ဖြစ်စေသော ရဟန်းသာမဏေ၏၊ ပရိယေသနာယ- ရှာမှီးခြင်းဖြင့်၊ သုဒ္ဓတ္တာ- စင်ကြယ်သည်၏ အဖြစ်ကြောင့်၊ ပရိယေဋ္ဌိသုဒ္ဓိတိ- ဒွိဟူ၍၊ ဝုစ္စတိ- ၏၊ **ပစ္စဝေက္ခဏသုဒ္ဓိ** နာမ- ဒွိမည်သည်၊ ပစ္စယပရိဘောဂသန္နိဿိတသီလံ- ပစ္စည်းကို သုံးစွဲခြင်း၌ မှီသော သီလတည်း၊ ဟိ- မှန်၏၊ တံ- ထိုပစ္စယသန္နိဿိတသီလကို၊ ပဋိသင်္ခါယောနိသော စီဝရံ ပဋိသေဝါမီတိအာဒိနာ- မိ ဤသို့အစရှိသော၊ နယေန- နည်းဖြင့်၊ ဝုတ္တေန- ဟောတော်မူအပ်သော၊ ပစ္စဝေက္ခဏေန- ပစ္စဝေက္ခဏာဆင်ခြင်ခြင်းဖြင့်၊ သုဇ္ဈနတော- ကြောင့်၊ ပစ္စဝေက္ခဏာသုဒ္ဓိတိ- ဒွိဟူ၍၊ ဝုစ္စတိ- ၏၊ တေန- ကြောင့်၊ ပဋိဂ္ဂဟဏေ ပန သတိ အကတ္တာ ပရိဘောဂေ ကရောန္တသ အနာပတ္တိတိ- ပတ္တိဟူ၍၊ မယာ- သည်၊ ဝုတ္တံ- ပြီ။

သုဇ္ဈတိ ဇောယာတိ- သုဒ္ဓိ၊ ပါတိမောက္ခသံဝရသီလ၏ စင်ကြယ်ကြောင်းဖြစ်သော ဒေသနာပြောမှုစသည်၊ ယထာဓမ္မံ ဒေသနာဝ သုဒ္ဓိ- ဒေသနာသုဒ္ဓိ၊ ဝိနည်းတရားတော်အားလျော်စွာ ဒေသနာပြောခြင်းသာလျှင်ဖြစ်သော စင်ကြယ်ကြောင်းသည် "ဒေသနာသုဒ္ဓိ"မည်၏၊ ပရိဝါသ်မာနတ်ဆောက်တည်၍ ဝုဋ္ဌာနကံ ပြုခြင်း ပါရာဇိက အာပတ်မှ စင်ကြယ်ရန် ရဟန်းအဖြစ်ကို စွန့်လွှတ်ခြင်းတို့ကိုလည်း ဒေသနာသုဒ္ဓိ၌ပင် သွင်းယူရသည်။ အဓိဋ္ဌာနဝိသိဋ္ဌော သံဝရောဝ သုဒ္ဓိ- သံဝရသုဒ္ဓိ၊ အဓိဋ္ဌာန်ခြင်းဖြင့် အထူးပြုအပ်သော စောင့်စည်းခြင်းသာဖြစ်သော စင်ကြယ်ကြောင်းသည် "သံဝရသုဒ္ဓိ"မည်သည်။

"ဓမ္မေန သမေန ပစ္စယာနံ ပရိယေဋ္ဌိ ဇဝ သုဒ္ဓိ- ပရိယေဋ္ဌိသုဒ္ဓိ" တရားနှင့်ညီညွတ်စွာ ပစ္စည်းလေးပါးတို့ကို ရှာမှီးခြင်းသာလျှင်ဖြစ်သော စင်ကြယ်ကြောင်းသည် "ပရိယေဋ္ဌိသုဒ္ဓိ"မည်၏။

"စတူသု ပစ္စယေသု ဝုတ္တဝိဓိနာ ပစ္စဝေက္ခဏာ ဇဝ သုဒ္ဓိ- ပစ္စဝေက္ခဏာသုဒ္ဓိ" ပစ္စည်းလေးပါးတို့၌ ဟောထားသော အစိအစဉ်နည်းလမ်းဖြင့် ပစ္စဝေက္ခဏာဆင်ခြင်ခြင်းသာလျှင်ဖြစ်သော စင်ကြယ်ကြောင်းသည် "ပစ္စဝေက္ခဏာသုဒ္ဓိ"မည်၏။

စင်ကြယ်ခြင်းရှိသောသီလကို အရကောက်ရာ၌ကား "ဒေသနာ သုဒ္ဓိ ဇောသာတိ- ဒေသနာသုဒ္ဓိ"ဒေသနာဟူသော စင်ကြယ်ကြောင်းရှိသော သီလစသည်။

http://www.dhammadownload.com

သတ္တန္နံ- ခုနစ်ယောက်ကုန်သော၊ သေက္ခာနံ- သေက္ခပုဂ္ဂိုလ်တို့၏၊ ပစ္ဆယပရိ-ဘောဂေါ- ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည်၊ **ဒါယဇ္ဇပရိဘောဂေါ** နာမ-ဂမည်၏၊ ဟိ- မှန်၏၊ တေ- ထိုသေက္ခပုဂ္ဂိုလ်တို့သည်၊ ဘဂဝတော- မြတ်စွာဘုရား၏၊ ပုတ္တာ- သားတော်တို့တည်း၊ တသ္မာ- ကြောင့်၊ ပိတုသန္တကာနံ- ဘဘုရား၏ဥစ္စာဖြစ်ကုန်သော၊ ပစ္စယာနံ- တို့၏၊ ဒါယာဒါ- ပေးအပ်သောအမွေကို ခံယူနိုင်သူတို့သည်၊ ဝါ- အမွေခံတို့သည်၊ ဟုတွာ- ၍၊ ဝါ- အဖြစ်ဖြင့်၊ တေ ပစ္စယေ- တို့ကို၊ ပရိဘုဉ္ဇန္တိ- သုံးစွဲကြကုန်၏၊ ပန- ထင်ရှားစေဦးအံ့၊ ဝါ-ဆက်၊ တေ- ထိုသေက္ခပုဂ္ဂိုလ်တို့သည်၊ ဘဂဝတော- ၏၊ ပစ္စယေ- တို့ကို၊ ပရိဘုဉ္ဇန္တိ ကိံ- သုံးစွဲကြကုန်သလော၊ ဂိဟီနံ- လူတို့၏၊ ပစ္စယေ- တို့ကို၊ ပရိဘုဉ္ဇန္တိ ကိံ- ကုန်သလော၊ ဣတိ- ဤကား အမေးတည်း၊ ဂိဟီဟိ- လူဒါယကာတို့သည်၊ ဒိန္နာပိ- ပေးလှူအပ်သော ပစ္စည်းလေးပါးတို့သည်လည်း၊ ဘဂဝတာ-သည်၊ အနုညာတတ္တာ- ခွင့်ပြုတော်မူအပ်ကုန်သည်၏၊ အဖြစ်ကြောင့်၊ ဘဂဝ-တော- ၏၊ သန္တကာ- ဥစ္စာတို့သည်၊ ဟောန္တိ- ကုန်၏၊ တသ္မာ- ကြောင့်၊ တေ-ထိုသေက္ခပုဂ္ဂိုလ်တို့သည်၊ ဘဂဝတော- ၏၊ ပစ္စယေ- တို့ကို၊ ပရိဘုဉ္ဇန္တိ- ကုန်၏၊

ဤလေးပါးတို့တွင် ဒေသနာပြောခြင်းဟူသည် ဝစီဘေဒသဒ္ဒဖြစ်သောကြောင့် နှုတ်မြွက်မှုကို မပြုနိုင်သော ရဟန်းအတွက်လည်းကောင်း၊ ဒေသနာခံယူမည့် ရဟန်းကို မရရှိနိုင်သော ရဟန်းအတွက်လည်းကောင်း မပြီးမြောက်နိုင်ပေ။ ကြွင်းသော သုဒ္ဓိများမူကား စိတ်ဖြစ်ရုံမျှ၏အဖြစ်ကြောင့် နှုတ်မြွက်မှုကို မပြုနိုင်သော ရဟန်းအတွက်လည်း ပြီးမြောက်နိုင်သည်။ အဖော်မရှိသော ရဟန်းအတွက်လည်း ပြီးမြောက်နိုင်သည်။ ထို့ကြောင့် မကျန်းမမာ ဖျားနာရာစသော အခါမျိုး၌ ပစ္စဝေက္ခဏာပါဠိကို နှုတ်မှမြွက်ဆို၍ မဆင်ခြင်နိုင်သော ရဟန်းသည်လည်း အနက်သဘော အဓိပ္ပါယ်ကို နှလုံးသွင်း၍ စိတ်ဖြင့်ပင် ဆင်ခြင်မှုကို ပြုနိုင်သည်။ (ဋီ။)

ဒါယဇ္ဇပရိဘောဂေါ။ ။ ဒါတဗ္ဗောတိ- ဒါယော၊ အမွေ။ ဒါယံ အာဒဒန္တိတိ-ဒါယာဒါ၊ အမွေခံယူသူတို့။ ဒါယာဒါနံ ဘာဝေါ- ဒါယဇ္ဇံ၊ ပေးထိုက်သော အမွေကို ခံယူသူတို့၏ ဖြစ်ကြောင်းဖြစ်ရာ (ဆွေမျိုးတော်စပ်ခြင်း)။ ဒါယဇ္ဇေန ပရိဘောဂေါ-ဒါယဇ္ဇပရိဘောဂေါ၊ အမွေခံဆွေမျိုးအဖြစ်ဖြင့် သုံးဆောင်ခြင်း။

ဘဂဝတော သန္တကာ။ ။ ခွင့်မပြုအပ်သော ပစ္စည်းတို့၌ လုံးဝသုံးစွဲမှု မရှိသောကြောင့်လည်းကောင်း၊ ခွင့်ပြုအပ်သော ပစ္စည်းတို့၌သာ သုံးစွဲထိုက်သောကြောင့်လည်းကောင်း ရဟန်းတို့ သုံးစွဲထိုက်သမျှ ပစ္စည်းအကုန်လုံးတို့သည် ဘုရားရှင်၏ ဥစ္စာများသာ ဖြစ်ကြရပါတော့သည်။ (သာရတ္ထ၊ ၂၊၄၂၀။)

http://www.dhammadownload.com

ကျကိ- သို့၊ ဝေဒိတဗ္ဗံ- ၏၊ စ- သာဓကကား၊ ဧတ္ထ- ဤဘဘုရား၏ ဥစ္စာဖြစ်သောပစ္စည်းကို သုံးဆောင်ကုန်သည်၏အဖြစ်၌၊ **ဓမ္မဒါယာဒသုတ္တံ**- (ဓမ္မဒါယာဒါ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ-စသော) ဓမ္မဒါယာဒသုတ်သည်၊ သာဓကံ- ပြီးစေတတ်သော သက်သေတည်း၊ ခီဏာသဝါနံ- ရဟန္တာပုဂ္ဂိုလ်တို့၏၊ ပရိဘောဂေါ- သည်၊ **သာမိပရိဘောဂေါ** နာမ- ဂမည်၏၊ ဟိ- မှန်၏၊

သာမိပရိဘောဂေါ ။ ။ ရာဂမကင်းသေးသော ပုဂ္ဂိုလ်တို့သည် တဏှာသခင်၏ကျေးကျွန်များဖြစ်နေကြသည်။ တဏှာ၏အလိုသို့ လိုက်ပါနေကြရသည်။ ထို့ကြောင့် ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ရာဂမကင်းသေးသော ပုဂ္ဂိုလ်များမှာ အရှင်သခင်၏အဖြစ်မျိုး မရှိချေ။ တဏှာသခင်၏ ဆွဲဆောင်ရာနောက်ကို ပါနေကြရသည်။ ရာဂကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်များမူကား တဏှာကျွန်အဖြစ်မှ လုံးဝလွတ်ပြီးဖြစ်သည်။ တဏှာအလိုသို့ လိုက်ပါရန် မလိုတော့ချေ။ ထို့ကြောင့် ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ရဟန္တာပုဂ္ဂိုလ်များမှာ မိမိစိတ်က အလိုရှိသလို သုံးဆောင်နိုင်သည်။ အရှင်သခင်အဖြစ်မျိုး ရှိနေသည်၊ သာမိပရိဘောဂဖြစ်သည်။ မှန်၏။ ထိုရဟန္တာအရှင်မြတ်များသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ပစ္စည်းကို ရွံရှာစက်ဆုပ်ဖွယ် မဟုတ်သော သဘောလက္ခဏာဖြင့်လည်း သုံးဆောင်နိုင်သည်။ ရွံရှာစက်ဆုပ်ဖွယ်မကောင်းသော ပစ္စည်းကို ရွံရှာစက်ဆုပ်ဖွယ် လက္ခဏာဖြင့်လည်း သုံးဆောင်နိုင်သည်။ ရွံရှာဖွယ် မရွံရှာဖွယ် နှစ်မျိုးလုံးကို ဖယ်ကြဉ်၍ လျစ်လျူရှုမှု (ကြားနေသဘော) လက္ခဏာဖြင့်လည်း သုံးဆောင်နိုင်သည်။ ဒါယကာတို့၏ စိတ်အလိုကိုလည်း ပြည့်ဝစေနိုင်သည်။ ထို့ကြောင့် တေဟိ။ပ။ ပရိဘုဥ္ဇန္တိ (တဏှာ၏ကျွန်အဖြစ်ကို ကျော်လွန်ပြီးဖြစ်သည့်အတွက် ရဟန္တာပုဂ္ဂိုလ်များသည် ပိုင်ရှင်အနေဖြင့် သုံးစွဲနိုင်ကြသည်) ဟု အဋ္ဌကထာဆရာ မိန့်ဆိုထားပေသည်။

အာဏာဏျပရိဘောဂ ။ ။ ကြွေးရှိနေသော (ကြွေးတင်ကျန်ဖြစ်နေသော) ပုဂ္ဂိုလ်တစ်ယောက်သည် မိမိသွားလိုရာအရပ်သို့ သွားခွင့်မရသကဲ့သို့ ထို့အတူ ဤဏာပရိဘောဂဖြင့် ပစ္စည်းလေးပါးကို သုံးဆောင်ထားသော ရဟန်းသာမဏေသည်လည်း လောကမှ ထွက်မြောက်ခွင့် မရနိုင်ချေ။

> [ကြွေးကင်းသော ပုဂ္ဂိုလ်သည် မိမိသွားလိုရာအရပ်သို့ သွားခွင့်ရသကဲ့သို့ ထို့အတူ ဤဏာပရိဘောဂမှ လွတ်ကင်းသန့်ရှင်းသော ရဟန်းသာမဏေသည်လည်း လောကမှ ထွက်မြောက်ခွင့်ကို ရနိုင်ပေသည်။]

ဤသို့လျှင် ဤဏာပရိဘောဂ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သီလရှိသော ပုထုဇဉ်ရဟန်း၏ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်သုံးဆောင်မှုသည် အာဏာဏျပရိဘောဂ (ကြွေးမြီကင်းသော သုံးဆောင်ခြင်း) မည်ပေသည်။ ထို့ကြောင့် မုချအားဖြင့် ဤအာဏာဏျပရိဘောဂသည် ဆိုခဲ့ပြီးသော ပရိဘောဂလေးမျိုးမှ အလွတ်ဖြစ်သော အသီးအခြား ပရိဘောဂတစ်မျိုးပင်ဖြစ်သည်။ ဤအာဏာဏျပရိဘောဂကို ဤနေရာ၌ သီးခြားမပြဆိုခဲ့ပေ။

http://www.dhammadownload.com

တေ- ထိုရဟန္တာပုဂ္ဂိုလ်တို့သည်၊ တဏှာယ- တဏှာ၏၊ ဒါသဗျ- ကျွန်၏အဖြစ်ကို၊ အတီတတ္တာ- လွန်ကုန်သည်၏ အဖြစ်ကြောင့်၊ သာမိနော- အရှင်တို့သည်၊ ဟုတွာ- ၍၊ ပရိဘုဉ္ဇန္တိ- ကုန်၏။ ဣတိ ဣမေသု ပရိဘောဂေသု- ဤပရိဘောဂတို့တွင်၊ သာမိပရိဘောဂေါ စ- ဂသည်လည်းကောင်း၊ ဒါယဇ္ဇပရိဘောဂေါ စ- ဂသည်လည်းကောင်း၊ သဗ္ဗေသမ္မိ- အလုံးစုံသော အရိယာပုထုဇဉ်ရဟန်းတို့ အတွက်လည်း၊ ဝဋ္ဋတိ- ၏၊ ဣဏာပရိဘောဂေါ- ဂသည်၊ န ဝဋ္ဋတိ- မအပ်၊ ထေယျပရိဘောဂေ- ဂ၌၊ ကထာယေဝ- မအပ်ဟု ပြောဆိုဖွယ်သည်ပင်၊ နတ္ထိ- မရှိတော့။

အပရေပိ- ဆိုအပ်ပြီးသော ပရိဘောဂမှ တခြားလည်းဖြစ်ကုန်သော၊ ပရိဘောဂါ- ပရိဘောဂတို့သည်၊ လဇ္ဇိပရိဘောဂေါ- ဂလည်းကောင်း၊ အလဇ္ဇိ-ပရိဘောဂေါ- ဂလည်းကောင်း၊ ဓမ္မိယပရိဘောဂေါ- ကောင်း၊ အဓမ္မိယပရိ-ဘောဂေါ- ကောင်း၊ ဣတိ- သို့၊ စတ္တာရော- လေးပါးတို့တည်း၊ တတ္ထ- ထိုလေး

သီလသိက္ခာနှင့် ပြည့်စုံသောကြောင့် သီလရှိသော ပုထုဇဉ်ရဟန်းကိုလည်း "သေက္ခ" ဟုပင် ခေါ်နိုင်ခွင့်ရှိရကား ဤအာဏာဏျပရိဘောဂကို ဒါယဇ္ဇပရိဘောဂ၌ ပေါင်းယူရေတွက်ထားသည်ဟု တစ်နည်းအားဖြင့် မှတ်သင့်ပေသည်။

သဗ္ဗေသမ္မိ ဝဋ္ဋတိ။ ။ သာမိပရိဘောဂနှင့် ဒါယဇ္ဇပရိဘောဂနှစ်ပါးတို့သည် အရိယာပုဂ္ဂိုလ် ပုထုဇဉ်ပုဂ္ဂိုလ် အကုန်လုံးတို့အား အပ်သည်ဟု ဆိုထားရာ ယင်းနှစ်ပါးလုံးကိုပင် အရိယာပုဂ္ဂိုလ်တို့နှင့် စပ်လျဉ်း၍သာ အဋ္ဌကထာမှာ ပြဆိုထားသည်။ ပုထုဇဉ်တို့နှင့် စပ်လျဉ်း၍ ပြဆိုချက်မရှိပေ။ သို့သော် ပုထုဇဉ်များအတွက်လည်း သဒိသူပစာအားဖြင့် ဖြစ်နိုင်သည်သာ။ မှန်၏ –

သလ္လေခ-အကျင့်၌ တည်သော ပုထုဇဉ်ရဟန်း၏လည်း ပစ္စည်း၌ တပ်မက်မှုကို ပယ်စွန့်၍ ပစ္စည်း၌မငြိကပ်သော စိတ်ဖြင့် သုံးဆောင်ခြင်းသည် သာမိပရိဘောဂနှင့် အလားတူပေသည်။

သီလရှိသော ပုထုဇဉ်ရဟန်း၏ ပစ္စဝေက္ခဏာဆင်ခြင်သုံးဆောင်မှုသည် ဒါယကာတို့၏စိတ်အလိုကို မချို့ယွင်း မပျက်ကွက်စေသောကြောင့် ဒါယဇ္ဇပရိဘောဂနှင့် အလားတူသည်၊ ထိုကြောင့် ဤအာဏာဏျပရိဘောဂကို ဒါယဇ္ဇပရိဘောဂ၌ ပေါင်းယူရေတွက်ထားသည်ဟု တစ်နည်းအားဖြင့် မှတ်သင့်ပေသည်ဟု ဆိုထားခဲ့ပေသည်။

ကလျာဏပုထုဇဉ်ရဟန်းကို သေက္ခပုဂ္ဂိုလ်၌ ပေါင်းယူရေတွက်အပ်သောကြောင့် ကလျာဏပုထုဇဉ်ရဟန်း၏ သုံးစွဲခြင်း၌ ဆိုဖွယ်ပင် မရှိတော့ပါ။

(သာရတ္ထ၊ ၂။၄၂၀-၄၂၁။)

http://www.dhammadownload.com

ပါးတို့တွင်၊ အလဇ္ဇိနော- အလဇ္ဇိပုဂ္ဂိုလ်၏၊ လဇ္ဇိနာ- လဇ္ဇိပုဂ္ဂိုလ်နှင့်၊ သဒ္ဒိ- အတူ၊ ပရိဘောဂေါ- သုံးစွဲခြင်းသည်၊ ဝဋ္ဋတိ- အပ်၏၊ အာပတ္တိယာ- ဖြင့်၊ နကာရေတဗ္ဗော- မဆုံးဖြတ်ထိုက်၊ လဇ္ဇိနော- ၏၊ အလဇ္ဇိနာ- နှင့်၊ သဒ္ဒိ- တကွ၊ ယာဝ- အကြင်မျှလောက်၊ န ဇာနာတိ-အလဇ္ဇိမှန်း မသိသေး၊ တာဝ- ထို အလဇ္ဇိမှန်း မသိသေးသမျှ၊ ဝဋ္ဋတိ- ၏၊ ဟိ ယသ္မာ- အကြင်ကြောင့်၊ အာဒိ- တော- အစမှ၊ ပဋ္ဌာယ- စ၍၊ အလဇ္ဇိ နာမ- မည်သည်၊ နတ္ထိ- မရှိ၊ တသ္မာ- ကြောင့်၊ ယဒါ- အကြင်အခါ၌၊ အဿ- ထိုပုဂ္ဂိုလ်၏၊ အလဇ္ဇိဘာဝံ- အလဇ္ဇိ၏ အဖြစ်ကို၊ ဇာနာတိ- သိ၏၊ တဒါ- ၌၊ ဝတ္တဗ္ဗော- ပြောရမည်၊ (ကိံ- အဘယ်သို့ ပြောရမည်နည်း၊) "တုမှေ- တို့သည်၊ ကာယဒွါရေ စ- ရုပ်လည်းကောင်း၊ ဝစီ- ဒွါရေ စ- ရုပ်လည်းကောင်း၊ ဝိတိက္ကမံ- လွန်ကျူးမှုကို၊ ကရောထ- ပြုပါကုန်၏၊ တံ- ထိုလွန်ကျူးမှုကို ပြုခြင်းသည်၊ အပ္ပတိရူပံ- မလျောက်ပတ်ပါ၊ ဧဝံ- သို့၊ မာ အကတ္ထ- မပြုပါကုန်လင့်၊" ဣတိ- ဤသို့ပြောထိုက်၏၊ အနာဒိယိတ္တာ- မနာယူမူ၍၊ သစေ ကရောတိယေဝ- အကယ်၍ ပြုမြဲပြုနေအံ့၊ တေန- ထို အလဇ္ဇိရဟန်းနှင့်၊ သဒ္ဒိံ- ကွ၊ ပရိဘောဂံ- သုံးစွဲခြင်းကို၊ ယဒိ ကရောတိ- အံ့၊

လဇ္ဇိနာ သဒ္ဒိံ ပရိဘောဂေါ။ ။ လဇ္ဇိနှင့်အတူ (အလဇ္ဇိပုဂ္ဂိုလ်၏) သုံးစွဲခြင်းဟူရာ၌ လဇ္ဇိပုဂ္ဂိုလ်၏ ဆွမ်းစသော ပစ္စည်းကို ယူ၍သုံးစွဲခြင်းကို ရည်ရွယ်၍ ဆိုသည်။ (သာရတ္ထ၊ ၂၊၄၂၁။)

လဇ္ဇိ, အလဇ္ဇိ ပုဂ္ဂိုလ်နှစ်ပါး၏ ဒါယကာအလှူတစ်ခုခု၌ ဆွမ်းအတူစားခြင်း သံဃာစင်အတူတက်ခြင်းကို မဆိုလို။ ဝိမတိ၌ အလဇ္ဇိအထံ စာတက်ခြင်းကိုပါ ရည်ရွယ်၍ ပရိဘောဂအရ ဓမ္မအာမိသ၏အစွမ်းအားဖြင့် ရောနှောခြင်းဟု ဖွင့်သည်ကို မနှစ်သက်ကြ။ (ပါ၊ဘာဋီ၊၄၊၃၄၂။)

အာဒိတော။ပ။ နတ္ထိ။ ။ ဤစကားဖြင့် တွေ့ရှာမြင်ရာပုဂ္ဂိုလ်တိုင်း၌ သံသယရှိမနေပါနှင့်။ သူ၏ကိုယ်မှု နှုတ်မှု ကျူးလွန်ခြင်းကို တွေ့၍ ပြောဆိုမရမှ သို့မဟုတ် ပြော၍နားထောင်မည့်သူ မဟုတ်မှ အလဇ္ဇိ-ဟု ဆုံးဖြတ်ပါဟု ပြသည်။

ဇာနိ အလဇ္ဇိ ဇာနိ လဇ္ဇိ။ ။ ရဟန်းတစ်ပါးသည် စေတနာနှင့်တကွ လွန်ကျူးလို စိတ်ဖြစ်ပေါ်၍ လွန်ကျူးမိလျှင် အလဇ္ဇိဖြစ်သွားသည်။ နောက်ထပ် ဤကဲ့သို့သော အလုပ်မျိုးကို မလုပ်တော့ပါဘူးဟု စိတ်ဆောက်တည်ပြုပြင်သွားလျှင် လဇ္ဇိပုဂ္ဂိုလ် ဖြစ်သွားပြန်သည်။ ထို့ကြောင့် အလဇ္ဇိဖြစ်ခြင်း လဇ္ဇိဖြစ်ခြင်းဟူသည် ပုထုဇဉ်ပုဂ္ဂိုလ်များမှာ စိတ္တက္ခဏနှင့် ဆက်စပ်နေပေသည်၊ အခါခပ်သိမ်း တည်မြဲနေသည် မဟုတ်ချေ။ (ဝိမတိ၊၁၊၃၄၂။)

http://www.dhammadownload.com

(ဧဝံ သတိ- သော်၊) သောပိ- ထိုလဇ်ပုဂ္ဂိုလ်သည်လည်း၊ အလဇ်ယေဝ- သည်ပင်၊ ဟောတိ- ဖြစ်တော့၏။

ယောပိ- အကြင်ရဟန်းသည်လည်း၊ အတ္တနော- မိမိ၏၊ ဘာရဘူတေန- တာဝန်ဖြစ်၍ ဖြစ်သော၊ အလဇ်နာ- နှင့်၊ သဒ္ဓိံ- ကွ၊ ပရိဘောဂံ- သုံးစွဲမှုကို၊ ကရောတိ- ၏၊ သောပိ- ထိုရဟန်းကိုလည်း၊ နိဝါရေတဗ္ဗော- (တွေ့မြင်သော ပုဂ္ဂိုလ်က) တားမြစ်ထိုက်၏၊ သစေ နော ဩရမတိ- အကယ်၍ မရှောင်ကြဉ်အံ့၊ (ဧဝံ သတိ- သော်၊ သူ့ကိုခိုးမြောက်သောအားဖြင့် ဆန္ဒာဂတိလိုက်၍ ထိုအလဇ်နှင့် အတူသုံးစွဲလျှင်၊) အယမွိ- ဤအလဇ်နှင့် အတူသုံးစွဲသော လဇ်ပုဂ္ဂိုလ်သည်လည်း၊ အလဇ်ယေဝ- အလဇ်သည်ပင်၊ ဟောတိ- ဖြစ်တော့၏၊ [အနာကြီးရောဂါရှိသူနှင့် အတူနေ၍ အနာရောဂါကူးစက်ခံရသည်နှင့် တူ၏။] ဧဝံ- ဤသို့လျှင်၊ ဧကော- သော၊ အလဇ်- သည်၊ (တစ်နည်း) ဧကော အလဇ်- အလဇ်တစ်ယောက်က၊ အလဇ်သတမွိ- အလဇ်တစ်ရာကိုလည်း၊ ဝါ- အလဇ် တစ်ရာပြည့်အောင်လည်း၊ ကရောတိ- ပြုနိုင်၏၊ ပန- ဆက်၊ အလဇ်နော- အလဇ်ပုဂ္ဂိုလ်၏၊

သောပိ အလဇ်ယေဝ။ ။ အလဇ်၏ ဥစ္စာကို ယူ၍ လဇ်က သုံးစွဲရာ၌ ပစ္စည်းက မအပ်မရာတွေ ဖြစ်နေသောကြောင့်လည်းကောင်း၊ ပစ္စည်းက အပ်သော်လည်း ပုဂ္ဂိုလ်က အလဇ်ဖြစ်၍ (နောက်လာမည့် "ပဂ္ဂလော အလဇ် ပိဏ္ဍပါတော ဓမ္မိယော"နှင့် အညီ အနူ၏လက်မှ ပစ္စည်းကဲ့သို့) စက်ဆုပ်ဖွယ်ကောင်းသောကြောင့်လည်းကောင်း၊ အလဇ်မှန်းသိလျှင် မသုံးစွဲအပ်၊ သုံးစွဲလျှင် ထိုလဇ်လည်း အလဇ်ပင်ဖြစ်တော့၏။
(ပါ။ဘာဋီ၊၄၊၃၄၃။)

အလဇ်မှန်းသိလျှင် အတူမသုံးစွဲအပ်ဟု သိလျက် သုံးဆောင်ပါက "သဒ္ဓိစ္စ အာပတ္တိံ အာပဇ္ဇတိ"ဟူသော အလဇ်လက္ခဏာနှင့် ငြိစွန်းသည်။ ရင်းနှီးခင်မင်၍ သုံးဆောင်က "အဂတိဂမနဉ္စ ဂစ္ဆတိ"ဟူသော အလဇ်လက္ခဏာနှင့် ငြိစွန်းသည်။ ထို့ကြောင့် အလဇ်နှင့်အတူ သုံးဆောင်မှုကိုပြုသော လဇ်ရဟန်းသည်လည်း အလဇ်ပင် ဖြစ်သွားရတော့သည်။ ထိုအလဇ်ဖြစ်သွားသော ရဟန်းများနှင့် အတူသုံးစွဲမှုကို ပြုသော ရဟန်းများလည်း အလဇ်ပင် ဖြစ်ရလိမ့်မည်။ ထို့ကြောင့် "ဧကော အလဇ် အလဇ်သတမွိ ကရောတိ"ဟု မိန့်ဆိုထားပေသည်။

ဘာရဘူတေန။ အလဇ်ယေဝ။ ။ ဆရာကြီးဖြစ်၍ မိမိတာဝန်ယူထားရသော (မိမိ၏တာဝန်ဖြစ်သော) တပည့်များကို "ဘာရဘူတ"ဟု ဆိုသည်။ ထိုတပည့်များ အလဇ်ဖြစ်ကြောင်း ထင်ရှားလျှင် ထိုတပည့်၏အာမိသကို လက်ခံ၍ မသုံးစွဲရ။ သုံးစွဲမိသော ဆရာကြီးကို မြင်သူတို့က တားမြစ်ရမည်။ တားမြစ်လျက် မရှောင်ကြဉ်လျှင်ကား ထိုဆရာကြီးလည်း အလဇ်ဖြစ်တော့၏။

http://www.dhammadownload.com

အလဇ္ဈိနာဝ- အလဇ္ဈိနှင့်သာလျှင်၊ သဒ္ဓိ- ကွ၊ ပရိဘောဂေ- ၌၊ အာပတ္တိ နာမ- အာပတ်မည်သည်၊ နတ္ထိ- မရှိ၊ လဇ္ဈိနော- ၏၊ လဇ္ဈိနာ- နှင့်၊ သဒ္ဓိ- အတူ၊ ပရိဘောဂေါ- သည်၊ ဒွိန္နံ- နှစ်ယောက်ကုန်သော၊ ခတ္တိယကုမာရာနံ- ခတ္တိယဇာတ်ရှိသော သတို့သားတို့၏၊ ဝါ- မင်းသားတို့၏၊ သုဝဏ္ဏပါတိယံ- ရွှေခွက်တစ်ခွက်တည်း၌၊ ဘောဇနသဒိသော- အတူစားခြင်းနှင့် တူ၏။

ဓမ္မိယာဓမ္မိယပရိဘောဂေါ- ဓမ္မိယပရိဘောဂ အဓမ္မိယပရိဘောဂကို၊ ပစ္စယ-ဝသေနေဝ- ပစ္စည်း၏ အစွမ်းအားဖြင့်သာ၊ ဝေဒိတဗ္ဗော- သိထိုက်၏၊ တတ္ထ-ထိုဓမ္မိယ အဓမ္မိယ နှစ်ပါးတို့တွင်၊ ပဂ္ဂလောပိ- ပုဂ္ဂိုလ်သည်လည်း၊ အလဇ္ဈီ-သည်၊ သစေ ဟောတိ- အံ့၊ ပိဏ္ဍပါတောပိ- ဆွမ်းသည်လည်း၊ အဓမ္မိယော-မတရားသဖြင့် ဖြစ်သောပစ္စည်းသည်၊ သစေ ဟောတိ- အံ့၊ (၈ဝ သတိ- သော်၊) ဥဘော- ပုဂ္ဂိုလ်, ပစ္စည်း နှစ်မျိုးလုံးတို့ကို၊ ဇေဋ္ဌာ- စက်ဆုပ်ထိုက်ကုန်၏၊ ပဂ္ဂလော - သည်၊ အလဇ္ဈီ- သည်၊ သစေ ဟောတိ- အံ့၊ ပိဏ္ဍပါတော- သည်၊ ဓမ္မိယော- သည်၊ သစေ ဟောတိ- အံ့၊ (၈ဝ သတိ- သော်၊) ပဂ္ဂလံ- ကို၊ ဇိဂုစ္ဆိတ္တာ- စက်ဆုပ်၍၊ ပိဏ္ဍပါတော- ကို၊ န ဂဟေတဗ္ဗော- မခံယူထိုက်၊ ပန-ဝါဒန္တရကား၊ **မဟာပစ္စရိယံ**- ၌၊ —

> ဒုဿီလော- ဒုဿီလပုဂ္ဂိုလ်သည်၊ သံယတော- သံယာ့အထံမှ၊ ဥဒ္ဒေသ ဘတ္တာဒိနိ- ဥဒ္ဒေသဘတ်အစရှိသည်တို့ကို၊ လဘိတ္တာ- ရ၍၊ သံယသေ-ဝ- သံယာအားသာလျှင်၊ ဒေတိ- လှူ၏၊ (ဆွမ်းကို မခံယူဘဲ မိမိရသော စာရေးတံကိုပင် လှူသည်၊) ဧတာနိ- ဤဥဒ္ဒေသဘတ်အစရှိသည်တို့

အာပတ္တိ နာမ နတ္ထိ။ ။ ဤစကားလည်း အလဇ္ဈီတစ်ပါး၏ ဓမ္မိယလဒ္ဓ (ဝိနည်းနှင့်အညီ ရအပ်သော) ပစ္စည်းကို သုံးစွဲခြင်းကို ရည်ရွယ်သော စကားတည်း။ အကယ်၍ အဓမ္မိယလဒ္ဓ၊ ကုလဒူသနအမှုစသည်ကြောင့် ရအပ်သော ပစ္စည်းဖြစ်လျှင် ထိုပစ္စည်းကို သုံးစွဲတိုင်း ဒုက္ကဋ်အာပတ်ကား ထိုအလဇ္ဈီမှာ သင့်ရိုးအတိုင်း သင့်ရမည်သာ။

> "အာပတ္တိ နာမ နတ္ထိတိ ဣဒံ အလဇ္ဈိနံ ဓမ္မေန ဥပ္ပန္နပစ္စယံ (ဓမ္မကမ္မံ) သန္ဓာယ ဝုတ္တံ၊ တေသံ ဟိ ကုလဒူသနာဒိ သမုပ္ပန္နပစ္စယံ ပရိဘုဉ္ဇန္တာနံ (ဝဂ္ဂကမ္မာဒိ' ကရောန္တာနဉ္စ) အာပတ္တိယေဝ။" (ဝိမတိ၊၁၃၃၈။)

> ဓမ္မကမ္မ,အဓမ္မကမ္မကို ထည့်ထားခြင်းကိုကား ဆရာတို့ မနှစ်သက်ကြ။ (ပါ၊ဘာဋ္ဌ၊၄၊၃၄၃။)

http://www.dhammadownload.com

သည်၊ ယထာဒါနမေဝ- ဒါယကာတို့ လှူအပ်သည့်အတိုင်းသာလျှင်၊ ဂဟိ-
တတ္တာ- သံယာကခံယူအပ်သည်၏အဖြစ်ကြောင့်၊ ဝဋ္ဋန္တိ- အပ်ကုန်၏။
ဣတိ- သို့၊ ဝုတ္တံ- ပြီ၊ ပဂ္ဂလော- သည်၊ လဇ္ဇီ- သည်၊ သစေ ဟောတိ- အံ့၊
ပိဏ္ဍပါတော- သည်၊ အဓမ္မိယော- သည်၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ-
သော်၊) ပိဏ္ဍပါတော- ကို၊ ဇေဂုစ္ဆော- စက်ဆုပ်ထိုက်၏၊ နော ဂဟေတဗ္ဗော-
မခံယူထိုက်၊ ပဂ္ဂလော- သည်၊ လဇ္ဇီ- သည်၊ သစေ ဟောတိ- အံ့၊ ပိဏ္ဍပါတော-
ပိ- သည်လည်း၊ အဓမ္မိယော- သည်၊ သစေ ဟောတိ- အံ့၊ (ဧဝံ သတိ- သော်၊)
ဝဋ္ဋတိ- ၏။

လဇ္ဇီပဂ္ဂဟော- ဟလည်းကောင်း၊ အလဇ္ဇီပဂ္ဂဟော- ဟလည်းကောင်း၊
ဓမ္မပရိဘောဂေါ- ကောင်း၊ အာမိသပရိဘောဂေါ- ကောင်း၊ ဣတိ- သို့၊
အပရေ- ဓမ္မိယ အဓမ္မိယပရိဘောဂမှ အခြားကုန်သော၊ ပဂ္ဂဟာ- ခြီးမြှောက်
ခြင်းတို့သည်၊ (ခြီးပင့်မြှောက်စားခြင်းတို့သည်၊) ဒွေ- နှစ်ပါးတို့တည်း၊ ပရိဘောဂါ
စ- ပရိဘောဂတို့သည်လည်း၊ ဒွေ- နှစ်ပါးတို့တည်း၊ တတ္ထ- ထိုနှစ်ပါးစီတို့တွင်၊
အလဇ္ဇီနော- အလဇ္ဇီဖို့၊ လဇ္ဇီ- လဇ္ဇီပုဂ္ဂိုလ်ကို၊ ပဂ္ဂဟေတုံ- ခြီးမြှောက်ခြင်းငှာ၊
ဝဋ္ဋတိ- ၏၊ သော- ထိုလဇ္ဇီကို ခြီးမြှောက်သော အလဇ္ဇီကို၊ အာပတ္တိယာ-
ဖြင့်၊ နော ကာရေတဗ္ဗော- ထိုက်၊ ပန- ကား၊ လဇ္ဇီ- သည်၊ အလဇ္ဇီ- ကို၊ သစေ
ပဂ္ဂဏှာတိ- အံ့၊ အနုမောဒနာယ- ဆွမ်းအနုမောဒနာ ပြုခြင်းငှာ၊ အဖ္ဖော်သတိ-
တိုက်တွန်းအံ့၊ ဓမ္မကထာယ- တရားစကား ဟောပြောခြင်းငှာ၊ အဖ္ဖော်သတိ-
အံ့၊ ကုလေသု- ဒကာ ဒကာမတို့၌၊ ဥပတ္ထမ္ဘေတိ- ထောက်ခံအံ့၊ (လဇ္ဇီကြီးက
အလဇ္ဇီငယ်ကို ခြီးမြှောက်ပုံတည်း၊) ဣတရောပိ- အခြားသော လဇ္ဇီသည်လည်း၊
(အလဇ္ဇီ- ကို) "အမှာကံ- ငါတို့၏၊ အာစရိယော- ဆရာကို၊ ဣဒိသော စ
ဣဒိသော စ- ဤသို့လည်းရှု၊ အပ် ဤသို့လည်းရှု၊ အပ်၏။" ဣတိ- သို့၊ တဿ-

---

ပဂ္ဂလော လဇ္ဇီ၊ ပိဏ္ဍပါတော အဓမ္မိယော။ ။ (ဓမ္မေန- ဝိနည်းတရားတော်
အားဖြင့်၊ ဝါ- ဝိနည်းတရားတော်နှင့်ညီစွာ၊ ဥပ္ပန္နော- ဖြစ်သော ပစ္စည်းတည်း၊ ဓမ္မိယော၊
နှ ဓမ္မိယော- အဓမ္မိယော၊) ဤပြဆိုခဲ့သော စကားအရပ်ရပ်ကို လေးစားသော ဝိနည်း
ဓိရ်ပုဂ္ဂိုလ်များသည် မအပ်မရာဆောက်လုပ်ထားအပ်သော အလဇ္ဇီတပည့်စသူတို့၏
ကျောင်းများ၌ မတည်းခို မသွားလာကြ၊ ထိုတပည့်တို့၏ ပစ္စည်းကိုလည်း လာရောက်
လှူစေကာမူ ကိုယ်တိုင်မသုံးစွဲဘဲ ကပ်ိုယစသူတို့အား စွန့်လိုက်တတ်ကြသည်။
(ပါ။ဘာဋ္ဌ၊၄၊၃၄၄။)

http://www.dhammadownload.com

ထိုအလဇ္ဇီ၏၊ ဝဏ္ဏံ- ချီးမွမ်းစကားကို၊ ပရိသတိ- ပရိသတ်ထဲ၌၊ ဘာသတိ- ပြောဆိုအံ့၊ (လဇ္ဇီငယ်က အလဇ္ဇီကြီးကို ချီးမြှောက်ပုံတည်း၊) အယံ- ဤလဇ္ဇီရဟန်းကို၊ သာသနံ- ကို၊ သြသက္ကာပေတီတိ- ဆုတ်နစ်စေ၏ဟူ၍ လည်းကောင်း၊ အန္တရဓာပေတီတိ- ကွယ်ပျောက်စေ၏ဟူ၍လည်းကောင်း၊ ဝေဒိတဗ္ဗော- သိထိုက်၏။

ပန- ကား၊ ဓမ္မပရိဘောဂအာမိသပရိဘောဂေသု- တို့တွင်၊ ယတ္ထ- အကြင် ပုဂ္ဂိုလ်၌၊ အာမိသပရိဘောဂေါ- သည်၊ ဝဋ္ဋတိ- ၏၊ တတ္ထ- ထိုပုဂ္ဂိုလ်၌၊ ဓမ္မပရိဘောဂေါပိ- သည်လည်း၊ ဝဋ္ဋတိ- ၏၊ [လဇ္ဇီပုဂ္ဂိုလ်၏ ပစ္စည်းကို သုံးစွဲကောင်း သကဲ့သို့ လဇ္ဇီပုဂ္ဂိုလ်အား စာချကောင်းသည်။ လဇ္ဇီပုဂ္ဂိုလ် အထံ၌ စာတက် ကောင်းသည်ဟု ဆိုလိုသည်။] ပန- ဆက်၊ ယော- အကြင်ကျမ်းစာသည်၊ ကောဋိယံ- ကွယ်လုနီးပါး အစွန်အဖျား၌၊ ဋ္ဌိတော- တည်သည်၊ ဟောတိ- ၏၊ သော ဂန္ထော- ထိုကျမ်းစာသည်၊ တဿ ပုဂ္ဂလဿ- ထိုအလဇ္ဇီပုဂ္ဂိုလ်၏၊ အစ္စယေန- သေလွန်ရာအခါ၌၊ နသိဿတိ- ကွယ်ပျောက်လတ္တံ့၊ တံ- ထိုကျမ်းစာကို၊ ဓမ္မာနုဂ္ဂဟေန- တရားကို ချီးမြှောက်ခြင်းအားဖြင့်၊ ဥဂ္ဂဏှိတုံ-

---

သဓေ ပန လဇ္ဇီ။ပ။ အန္တရာဓာပေတိ ။ ။ မိမိက လဇ္ဇီဖြစ်သော်လည်း အလဇ္ဇီကို ချီးပင့်မြှောက်စားလျှင် သာသနာကို ဆုတ်ယုတ်ကွယ်ပစေသူဟု အသိအမှတ်ပြုရသည်။ အလဇ္ဇီချီးမြှောက်ပုံကို "အနုမောဒနာယ အဿေသတိ"စသည်ဖြင့် ပြရာ၌ မထေရ်ကြီးက အလဇ္ဇီငယ်ကို ချီးမြှောက်ပုံမှာ ဆွမ်းအနုမောဒနာစသည်ပြုဖို့ရန် တိုက်တွန်းခြင်း, တရားဟောခိုင်းခြင်း ဒါယကာ ဒါယကာမတို့ရှေ့၌ ချီးမွမ်းစကား ပြောခြင်းတည်း၊ ထိုအပြုအမူဖြင့် ချီးမြှောက်သော မထေရ်ကြီးသည် သာသနာတော်ကို ဆုတ်ယုတ်အောင် ကွယ်အောင် ပြုရာရောက်၏၊ သီတင်းငယ်က အလဇ္ဇီသီတင်း ကြီးကို ချီးမြှောက်ပုံမှာ ဦးပဉ္ဇင်းတို့ ဆရာတော်က သိပ်စာတော်တာပဲ၊ သိပ်အပြောအဟော ကောင်းတာပဲစသည်ဖြင့်ပရိသတ်ထဲ၌ ဂုဏ်သတင်းပြောခြင်းတည်း။ (ပါ။ဘာဋီ၊၄၊၃၄၅။)

အလဇ္ဇီပုဂ္ဂိုလ်ကို ချီးမြှောက်ရုံသက်သက်ဖြင့်သာ ဤသို့ပြုလုပ်ခြင်းငှာ မအပ်ပေ။ တရားတော်ကို ချီးမြှောက်ရန်, သာသနာတော်ကို ချီးမြှောက်ရန်, တရားနာပုဂ္ဂိုလ်များကို ချီးမြှောက်ရန်ကား ပြုလုပ်ခြင်းငှာ အပ်ပေသည်။ (သာရတ္ထ၊၂၊၄၂၁။)

ဓမ္မပရိဘောဂ။ ။ စာပေသင်ယူခြင်း ပို့ချခြင်းစသည်ဖြင့် တရားကို သုံးစွဲမှုသည် "ဓမ္မပရိဘောဂ"မည်သည်။

ဓမ္မာနုဂ္ဂဟေန ဥဂ္ဂဏှိတုံ ဝဋ္ဋတိ ။ ။ တရားကို ချီးမြှောက်ခြင်းအားဖြင့် အလဇ္ဇီထံမှာ ကျမ်းစာကို သင်ခြင်းငှာ အပ်သည်ဟု ဆိုထားသောကြောင့် အလဇ္ဇီပေါများ၍

http://www.dhammadownload.com

သင်ယူခြင်းငှာ၊ ဝဠုတိ- ၏၊ ဣတိ- သို့၊ ဝုတ္တံ- ရှေးဆရာတို့ ဆိုအပ်ပြီ၊ တတြ- ထိုစကားရပ်၌၊ (ကွယ်လုနေသော ကျမ်းစာကို အလဇ္ဇီထဲ သင်ယူကောင်း၏၊ ဟူသော စကားရပ်၌၊) ဣဒံ- ဤဆိုအပ်လတ္တံ့ကား၊ ဝတ္ထု- တည်း၊ ကိရ- ချဲ့ဦးအံ့၊ မဟာဘယေ- ပြာဟဖဏတိဿ သူပုန်ဘေးကြီးဖြစ်ရာအခါ၌၊ ဧကသေဝ- တစ်ယောက်တည်းသာလျှင်ဖြစ်သော၊ ဘိက္ခုနော- သည်၊ မဟာနိဒ္ဒေသော- မဟာနိဒ္ဒေသသည်၊ ဝါ- ကို၊ ပဂုဏော- အဝါးဝစွာလေ့လာအပ်သည်၊ အဟော- သိ- ဖြစ်ပြီ၊ အထ- ထိုအခါ၌၊ စတုနိကာယိကတိဿတ္ထေရဿ- နိကာယ်လေးရပ်ကို ဆောင်သော တိဿထေရ်၏၊ ဥပဇ္ဈာယော- ဥပဇ္ဈာယ်ဖြစ်သော၊ မဟာတိပိဋကတ္ထောနာမ- မဟာတိပိဋကမည်သော ထေရ်သည်၊ မဟာရက္ခိတတ္ထေရံ- မဟာရက္ခိတထေရ်ကို၊ အာဟ- ပြောဆိုပြီ၊ ကိံ- အဘယ်သို့ ပြောသနည်း၊ "အာဝုသော မဟာရက္ခိတ- ငါ့ရှင် မဟာရက္ခိတ၊ ဧတဿ- ဤရဟန်း၏၊ သန္တိကေ- အထံ၌၊ မဟာနိဒ္ဒေသံ- ကို၊ ဂဏှာဟိ- သင်ယူပါလော၊" ဣတိ- ဤသို့ပြောပြီ၊ ဘန္တေ- ရား၊ အယံ- ဤရဟန်းသည်၊ ပါပေါ ကိရ- ယုတ်မာသူဆိုပါတကား၊ နံ ဂဏှာမိ- မသင်ယူလိုပါ၊ ဣတိ- ဤသို့ပြောပြီ၊ အာဝုသော- ငါ့ရှင်၊ ဂဏှ- သင်ယူပါလော၊ အဟံ- သည်၊ တေ- သင်၏၊ သန္တိကေ- အနီး၌၊ နိသီဒိဿာမိ- ထိုင်နေပါအံ့၊ ဣတိ- ဤသို့ ပြောပြန်ပြီ၊ "ဘန္တေ- ရား၊ သာဓု- ကောင်းပါပြီ၊ တုမှေသု- အရှင်ဘုရားတို့သည်၊ နိသိန္နေသု- အနီး၌ ထိုင်နေကုန်လသော်၊ အဟံ- သည်၊ ဂဏှိဿာမိ- သင်ယူပါအံ့၊" ဣတိ- ဤသို့လျှောက်၍၊ ပဋ္ဌပေတွာ- စတည်စေ၍၊ ရတ္တိန္ဒိဝံ- ညဉ့်ရော နေ့ပါ၊ နိရန္တရံ- မပြတ်၊ ပရိယာပုဏန္တော- သင်ယူလသော်၊ ဩသာနဒိဝသေ- နောက်ဆုံးနေ့၌၊

သာသနာဆုတ်ယုတ်လာချိန်မှာ လဇ္ဇီပုဂ္ဂိုလ်ချည်း ပြည့်စုံလုံလောက်အောင် မရနိုင်ခဲပါလျှင် အလဇ္ဇီ ပကတတ်ရဟန်းတို့ကိုလည်း ဂိုဏ်းပြည့်ပြုလုပ်၍ ရဟန်းခံမှုစသည်ကို ပြုခြင်းဖြင့်လည်း သာသနာတော်ကို ခိုးမြှောက်ခြင်းငှာ အပ်သည်။ အချို့ အလဇ္ဇီများကို အာမိသပရိဘောဂဖြင့်သိမ်းသွင်း၍ ကြွင်းသော အလဇ္ဇီဂိုဏ်းကို နှိပ်ကွပ် ခြင်းဖြင့်လည်း သာသနာတော်ကို ခိုးမြှောက်ခြင်းငှာ အပ်သည်။ (ဝိမတိ၊၁၊၃၃၉။)

ပါပေါ ကိရာယံ။ ။ တရားကို ခိုးမြှောက်ခြင်းဖြင့် အလဇ္ဇီထဲ၌ ကျမ်းစာသင်ယူသော ပုဂ္ဂိုလ်မှာ အာပတ်မသင့်သော်လည်း ထိုရဟန်း၏ အလဇ္ဇီဖြစ်ကြောင်းကို ရည်ရွယ်၍သာ အဲဒီရဟန်းဟာ ရဟန်းကောင်း မဟုတ်ဘူးဆိုပါလား၊ဘုရားဟူသော စကားကို ပြောဆိုသည်။

http://www.dhammadownload.com

ဟေဋ္ဌာမဠွေ- ညောင်စောင်းအောက်၌၊ ဝါ- ခုတင်အောက်၌၊ ဣတ္ထိ- မိန်းမကို၊ ဒိသွာ- တွေ့၍၊ "ဘန္တေ- ရား၊ မေ- တပည့်တော်သည်၊ ပုဗ္ဗေ- ရှေး၌၊ သုတံယေဝ- ကြားရုံသာ ကြားအပ်ဖူးပါ၏၊ အဟံ- သည်၊ ဧဝံ- ဤသို့ (မာတုဂါမရှိမှန်းကို)၊ သစေ ဇာနေယျ- အကယ်၍သိအံ့၊ (ဧဝံ သတိ- သော်၊) ဤဒိသဿ- ဤကဲ့သို့ ရှုအပ်သော အလဇ္ဇီ၏၊ သန္တိကေ- အထံ၌၊ ဓမ္မံ- တရားကို၊ န ပရိယာပုဏေယျ- မသင်ယူရာပါ၊ ဝါ- သင်ယူမည် မဟုတ်ပါ၊" ဣတိ- ဤသို့၊ အာဟ- လျှောက်ထားပြီ၊ ပန- ဆက်၊ တဿ- ထိုမဟာဓမ္မရက္ခိတထေရ်၏၊ သန္တိကေ- အထံ၌၊ ဗဟူ- များစွာကုန်သော၊ မဟာထေရာ- မဟာထေရ်တို့သည်၊ ဥဂ္ဂဏှိတွာ- သင်ယူကြကုန်၍၊ မဟာနိဒ္ဒေသံ- မဟာနိဒ္ဒေသကို၊ ပတိဋ္ဌာပေသုံ- တည်စေကြကုန်ပြီ၊ ဣတိ- ဤကားဝတ္ထုတည်း။

ဣတိ- ဖြင့်၊ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ- ၌၊ ရူပိယာဒိပဋိဂ္ဂဟဏ-ဝိနိစ္ဆယကထာ- ရှေ့, ငွေစသည်ကို ခံယူခြင်း၌ ဆုံးဖြတ်ကြောင်း စကားရပ်သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

http://www.dhammadownload.com

၁၃။ ဒါနလက္ခဏာဒီဝိနိစ္ဆယကထာ

၆၉။ **ဒါန။ပ။** **ပရိဏာမနန္တိ** ဧတ္ထ- နံဟူသော ဤဥဒ္ဒေသ၌၊ (သမဘိနိဝိဋ္ဌသ-ပါဝင်သော၊) ဒါနန္တိ (ပဒသ)- ဒါနဟူသော ပုဒ်၏၊ (အတ္ထဝိနိစ္ဆယော- အနက်အဆုံးအဖြတ်ကို၊) တာဝ- ရှေးဦးစွာ၊ (ဧဝံ- သို့၊ ဝေဒိတဗ္ဗော- ၏၊) အတ္တနော-မိမိ၏၊ သန္တကဿ- ဥစ္စာဖြစ်သော၊ စီဝရာဒိပရိက္ခာရဿ- သင်္ကန်းစသော ပရိက္ခရာကို၊ သဒ္ဓိဝိဟာရိကာဒီသု- စသည်တို့တွင်၊ ယဿ ကဿစိ- အား၊ ဒါနံ- ပေးခြင်းတည်း၊ တတြ- ထိုဒါန်-ဟူသော စကား၌၊ ဣဒံ- ဤဆိုလတ္တံ့. သည်ကား၊ ဒါနလက္ခဏံ- ပေးခြင်း၌ လက္ခဏာတည်း၊ "ဣဒံ- ဤဟာကို၊ တုယ္ဟံ- သင့်အား၊ ဒေမိ- ပေး၏။" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ "ဒဒါမိ" ဣတိ ဝါ၊ "ဒဇ္ဇာမိ" ဣတိ ဝါ- လည်းကောင်း၊ "ဩဏောဇေမိ- စွန့်၏။" ဣတိ ဝါ- လည်းကောင်း၊ "ပရိစ္စဇာမိ" ဣတိ ဝါ၊ "ဝိဿဇ္ဇာမိ- စွန့်၏။" ဣတိ ဝါ- လည်းကောင်း၊ (သမ္မုခါပိ-နှင့် စပ်၊) "ဣတ္ထန္နာမဿ- ဤအမည်ရှိသူအား၊ ဒေမိ" ဣတိ ဝါ-။ပ။ "ဝိဿဇ္ဇာမိ" ဣတိ ဝါ- (ပရမ္မုခါပိ-နှင့် စပ်၊) ဝဒတိ- ပြောအံ့၊ သမ္မုခါပိ- မျက်မှောက်၌လည်းကောင်း၊ ပရမ္မုခါပိ- မျက်ကွယ်၌လည်းကောင်း၊ ဒိန္နံယေဝ- ပေးအပ်ပြီးသည်သာလျှင်၊ ဟောတိ- ၏။

"တုယ္ဟံ- သင့်ဖို့၊ ဂဏှာဟိ- ယူလော့၊" ဣတိ- သို့၊ ဝုတ္တေ- ပြောအပ်သည်၊ သတိ- ဖြစ်လသော်၊ "မယ္ဟံ- ငါဖို့၊ ဂဏှာမိ- ယူပါ၏။" ဣတိ- သို့၊ ဝဒတိ- အံ့၊ သုဒိန္နံ- ကောင်းစွာ ပေးအပ်သည်လည်းကောင်း၊ သုဂ္ဂဟိတဉ္စ- ကောင်းစွာ ယူအပ်သည်လည်းကောင်း၊ ဟောတိ- ၏။

သုဒိန္နံ သုဂ္ဂဟိတံ။ ။ ပေးခြင်းကိစ္စ အထမြောက်သည်ကို "သုဒိန္နံ"ဟု ဆိုသည်။ ယူခြင်းကိစ္စ အထမြောက်သည်ကို "သုဂ္ဂဟိတ"ဟု ဆိုသည်။ မျက်မှောက်၌ ဒိသင်္ကန်းကို ငါ့ရှင်အား "ပေးပါတယ်"ဟု ဖြစ်စေ "စွန့်ပါတယ်"ဟု ဖြစ်စေ ပြောဆို၍ပေးပါလျှင် သုဒိန္နဖြစ်သည်။ အပေးမြောက်သည်။

မျက်ကွယ်၌ မိမိပေးလိုသော ပုဂ္ဂိုလ်၏ အမည်ကိုဖော်၍ ဒိသင်္ကန်းကို (ဦးတိဿ အား) "ပေးပါတယ်"ဟု ဖြစ်စေ သို့မဟုတ် "စွန့်ပါတယ်"ဟု ဖြစ်စေ ပြောဆိုပေးလျှင် သုဒိန္နဖြစ်သည်။ ပေးခြင်းကိစ္စ ထမြောက်အောင်မြင်သည်။

"ငါ့ရှင်အား ဒိသင်္ကန်းကို ပေးပါတယ်"စသည်ဖြင့် ပြောဆိုပေးကမ်းချိန်မှာ မယူလိုသော်လည်း ပယ်မြစ်မှုကို မပြုခဲ့ပါက နောက်တစ်ချိန်မှာ ယူလိုသောဆန္ဒ ဖြစ်ပေါ်လာခဲ့ပါလျှင် ယူခြင်းဌာနအပ်သည်ဟု (ဆရာများ) ဆိုကြသေးသည်။ (သာရတ္ထ၊ ၂၊၃၉၂။)

http://www.dhammadownload.com

"တဝ- သင်၏၊ သန္တကံ- ဥစ္စာကို၊ ကရောဟိ- ပြုလော၊ တဝ သန္တကံ- သည်၊ ဟောတု- ဖြစ်ပါစေ၊ တဝ သန္တကံ- ကို၊ ကရိဿသိ- ပြုလတ္တံ့လော၊" (ဤ၌ ဟောတိ-ဟု ရှိနေသည်။ (ဝိ၊၄၊၂၃၁။) နှင့် ညီ၍ပြင်ထားသည်၊) ဣတိ ဝုတ္တော- သော်၊ "မမ- တပည့်တော်၏၊ သန္တကံ- ကို၊ ကရောမိ- ပြုပါ၏၊ မမ သန္တကံ- သည်၊ ဟောတု- ဖြစ်ပါစေ၊ မမ သန္တကံ- ကို၊ ကရိဿာမိ- ပြုပါ့မယ်၊" ဣတိ- သို့၊ ဝဒတိ- အံ့၊ ဒုဒ္ဒိန္နံ- မကောင်းသဖြင့် ပေးအပ်သည်လည်းကောင်း၊ ဒုဂ္ဂဟိတဉ္စ- မကောင်းသဖြင့် ယူအပ်သည်လည်းကောင်း၊ ဟောတိ- ၏၊ ဒါတာ- ပေးသူသည်၊ ဒါတုံ- ပေးခြင်းငှာ၊ ဝါ- ပေးနည်းကို၊ နေဝ ဇာနာတိ- နားမလည်၊ ဣတရော- ပေးသူမှတစ်ပါးသော ယူသူသည်၊ ဂဟေတုံ- ယူခြင်းငှာ၊ ဝါ- ယူနည်းကို၊ နဲ ဇာနာတိ- နားမလည်။

ပန- ဆက်၊ "တဝ- ၏၊ သန္တကံ- ကို၊ ကရောဟိ- လော၊" ဣတိ ဝုတ္တော- သော်၊ "ဘန္တေ- အရှင်ဘုရား၊ သာဓု- ကောင်းပါ၏၊ မယ္ဟံ- တပည့်တော်ဖို့၊ ဂဏှာမိ- ယူပါ၏၊" ဣတိ- ဤသို့ပြော၍၊ သစေ ဂဏှာတိ- အံ့၊ (ဧဝံ သတိ၊) သုဂ္ဂဟိတံ- ကောင်းစွာယူအပ်ပြီ။

ဂဏှာဟိ- (ယူလော့) ဟူသော စကားသည်၊ ဒေမိ- (ပေးပါတယ်) ဟူသော စကား နှင့် သဘောအဓိပ္ပါယ် တူမျှပေသည်။ သို့ဖြစ်၍ မုချအားဖြင့် ပေးရာရောက်သည်၊ ထို့ကြောင့် သုဒိန္နဖြစ်သည်။

ဂဏှာမိ- (ယူပါတယ်) ဟူသော စကားသည်လည်း မုချအားဖြင့်ပင် ယူရာရောက် ပေသည်၊ ထို့ကြောင့် သုဂ္ဂဟိတဖြစ်သည်။ (ဋီ။)

"တဝ သန္တကံ ကရောဟိ"ဟု ပြောလျှင် ဒုဒ္ဒိန္နဖြစ်ပါသော်လည်း "သာဓု ဘန္တေ မယ္ဟံ ဂဏှာမိ"ဟု ပြောဆို၍ယူပါက သုဂ္ဂဟိတဖြစ်ကြောင်းကို နောက်၌ ပြဆိုထား သည်။

ထို့အတူ ဤ၌လည်း "တုယ္ဟံ ဂဏှာဟိ"ဟု ပြောဆိုလျှင် သုဒိန္နဖြစ်သောကြောင့် "မယ္ဟံ ဂဏှာမိ"ဟု မဆိုပါသော်လည်း သုဒိန္နဖြစ်သည်သာဟု ဆရာများ ဆိုကြသေး သည်။ (သာရတ္ထဋီ၊၂၊၃၉၂-၃။)

တဝ။ပ။ ကရိဿာမိ ။ ။ ဤစကားရပ်သည် ပရိယာယ်ဖြင့် ပေးခြင်း ယူခြင်း မျိုးဖြစ်သောကြောင့် ဒုဒ္ဒိန္န ဒုဂ္ဂဟိတဖြစ်သည်။ အပေးအယူမမြောက်ပေ။

သစေ ပန။ပ။ သုဂ္ဂဟိတံ ။ ။ ပေးသောပုဂ္ဂိုလ်က ဝိနည်းပညတ်တော်ကို နား မလည်သည့်အတွက် ပရိယာယ်စကား ပြောကြားပါသော်လည်း ခံယူသောပုဂ္ဂိုလ်က ဝိနည်းပညတ်တော်၌ လိမ်မာကျွမ်းကျင်သောကြောင့် မုချစကားဖြင့် ခံယူသည်။ ထို့ကြောင့် "သုဂ္ဂဟိတ"ဟု ဆိုထားသည်။

http://www.dhammadownload.com

ပန- ဆက်၊ ဧကော- သည်၊ "ကြဒံ စီဝရံ- ကို၊ ဂဏှာဟိ- လော၊" ကြတိ သစေ ဝဒတိ ဧဝံ သတိ၊ ကြတရော- ပေးသူမှတစ်ပါး ယူသူသည်၊ "နှ ဂဏှာမိ- မယူလိုပါ၊" ကြတိ- ဤသို့၊ ဝဒတိ- ပြောအံ့၊ ပုန- တစ်ဖန်၊ သော- ထိုပေးသော ရဟန်းသည်၊ "မယာ- ငါသည်၊ တုယှံ- သင့်အား၊ ဒိန္နံ- ပေးအပ်ပြီ၊ ဂဏှာဟိ- ယူလော့၊" ကြတိ ဝဒတိ- အံ့၊ ကြတရောပိ- ပေးသူမှတစ်ပါးသော ယူသူသည်လည်း၊ "မယှံ- ငါ့အား၊ ကြမိနာ- ဤသင်္ကန်းဖြင့်၊ နှ အတ္ထော- အလိုမရှိ၊" ကြတိ ဝဒတိ- အံ့၊ တတော- ထိုမှ နောက်၌၊ ပုရိမောပိ- ရှေးပေးသော ရဟန်းသည်လည်း၊ "မယာ- ငါသည်၊ ဒိန္နံ- ပေးအပ်ပြီ၊" ကြတိ- ဤသို့နှလုံးသွင်း၍၊ ဒသာဟံ- ဆယ်ရက်ကို၊ အတိက္ကာမေတိ- ကျော်လွန်စေအံ့၊ ပစ္ဆိမောပိ- နောက်ပေးရာ ရဟန်းသည်လည်း၊ "မယာ- ငါသည်၊ ပဋိက္ခိတ္တံ- ပယ်မြစ်အပ်ခဲ့ပြီ၊" ကြတိ- ဤသို့နှလုံးသွင်း၍၊ ဒသာဟံ အတိက္ကာမေတိ၊ ကဿ- အဘယ်သူ့မှာ၊ အာပတ္တိ- သည်၊ ဟောတိ- နည်း၊ ကြတိ- ဤကားအမေးတည်း၊

သစေ ပန။ပ။ ပဒီဘူဠ္ဂိတမ္ဗံ ။ ။ ပေးသောပုဂ္ဂိုလ်က မုချစကားဖြင့် ပေးသည်၊ အပေးခံပုဂ္ဂိုလ်ကလည်း မုချစကားဖြင့် ပယ်သည်။ ထို့ကြောင့် ပေးသောပုဂ္ဂိုလ်၏ ရှေးအဓိဋ္ဌာန်တင်ပြီးသက်နှံသည် ပေးလိုက်သဖြင့် အဓိဋ္ဌာန်စွန့်ပြီးဖြစ်သည်။ အဓိဋ္ဌာန်ကျသွားသည်၊ တစ်ပါးသောပုဂ္ဂိုလ်အား စွန့်ပြီးဖြစ်၍ မိမိဥစ္စာမဟုတ်တော့သည့်အတွက် အတိရေကသက်နှံးလည်း မဖြစ်တော့ပေ၊ ထို့ကြောင့် ဆယ်ရက်လွန်သွားပါသော်လည်း၊ အာပတ်မသင့်တော့ပါ။

ပေးရာပုဂ္ဂိုလ် (ခံယူမည့်ပုဂ္ဂိုလ်) ပယ်အပ်ပြီးဖြစ်သည့်အတွက် မိမိဥစ္စာမဖြစ်တော့ပါ၊ ထို့ကြောင့် အတိရေကသက်နှံးမဖြစ်သင့်သည့်အတွက် ဆယ်ရက်လွန်သော်လည်း အာပတ်သင့်ဖွယ် မရှိပါ။

ယင်းသက်နှံးသည် ပိုင်ရှင်မဲ့သက်နှံးဖြစ်နေသည်၊ သို့ဖြင့် ပံသုကူအရာမှာ တည်နေရကား အလိုရှိသောပုဂ္ဂိုလ်က ပံသုကူကောက်ယူ သုံးဆောင်နိုင်သည်။ ပေးသော ရဟန်းက သုံးစွဲလိုပါလျှင် ရှေးကအဓိဋ္ဌာန်တင်ဖူးစေကာမူ ပေးစွန့်ခြင်းဖြင့် အဓိဋ္ဌာန်ကျသွားပြီးသည်အတွက် နောက်ထပ်အဓိဋ္ဌာန်တင် သုံးစွဲရမည်၊ ပေးရာရဟန်း (လက်ခံရမည့်ရဟန်း) က သုံးစွဲလိုလျှင် ရှေးကအဓိဋ္ဌာန် မတင်ရသေးသည့်အတွက် အဓိဋ္ဌာန်တင်ပြီးမှ သုံးစွဲရမည်။ (ဋီ။)

ဂဏှာဟိ ။ ။ ယူလောဟူသော စေခိုင်းခြင်းက ယူခြင်းကြိယာကို ယူမည့်သူနှင့် ဆက်စပ်နေအောင် ပြုလုပ်ပေးရာရောက်သောကြောင့် ယင်းသို့ပေးချိန်၌ မယူလိုခဲ့ပါလျှင် နောက်၌ ယူပိုင်ခွင့်မရှိတော့ချေဟု ဆရာများဆိုကြသည်။ (သာရတ္ထ၊ဋီ၊ ၂၊၃၉၃။)

http://www.dhammadownload.com

ကဿစိ- တစ်စုံတစ်ယောက်သော ရဟန်းမှာ၊ အာပတ္တိ- သည်၊ န ဟောတိ၊ ပန- ဆက်၊ ယဿ- အကြင်ရဟန်အား၊ ရုစ္စတိ- နှစ်သက်၏၊ တေန- ထိုနှစ်သက်သော ရဟန်းသည်၊ အဓိဋ္ဌဟိတ္တာ- အဓိဋ္ဌာန် တင်၍၊ ပရိဘုဉ္ဇိတဗ္ဗံ- သုံးဆောင်ကောင်း၏။

"ဣတ္ထန္နာမဿ- ဤမည်သော သူအား၊ ဒေဟိ- ပေးလော၊" ဣတိ- ဤသို့ ပြော၍၊ ဒိန္နံ- ပေးလျှအပ်သော သင်္ဃန်းသည်၊ ယာဝ- အကြင်မျှလောက်၊ ပရဿ- တစ်ပါးသော ပေးရာပုဂ္ဂိုလ်၏၊ ဟတ္ထံ- လက်သို့၊ န ပါပုဏာတိ- မရောက်သေး၊ တာဝ- ထိုမျှလောက်၊ ယော- အကြင်ရဟန်းသည်၊ ပဟိဏာတိ- အပို့ခိုင်း၏၊ တဿေဝ- ထိုအပို့ခိုင်းသော ရဟန်း၏သာလျှင်၊ သန္တကံ- ဥစ္စာတည်း၊ "ဣတ္ထန္နာမဿ- အား၊ ဒမ္မိ- ပေးပါ၏၊" ဣတိ- ၍၊ ဒိန္နံ ပန- သည်ကား၊ ယဿ- အကြင်ရဟန်း၏ အထံသို့၊ ပဟီယတိ- ပို့အပ်၏၊ တဿ- ထိုပို့အပ်သော ရဟန်း၏ (ရည်ညွှန်းထားသော ရဟန်း၏) သန္တကံ- တည်း။

တသ္မာ- ထို့ကြောင့်၊ ဘိက္ခု- ရဟန်းတစ်ပါးသည်၊ ဘိက္ခုဿ- ရဟန်းတစ်ပါး၏၊ ဟတ္ထေ- လက်၌ (ထည့်လျက်)၊ "ဣဒံ စီဝရံ- ဤသင်္ဃန်းကို၊ ဣတ္ထန္နာမဿ- အား၊ ဒေဟိ- ပေးလော၊"ဣတိ- ဤသို့ပြော၍၊ စီဝရံ- ကို၊ ပဟိဏာတိ- ပို့လိုက်အံ့၊ သော- ထိုသင်္ဃန်းကို ယူလာသော ရဟန်းသည်၊ အန္တရာမဂ္ဂေ- ၌၊ ယော- အကြင်ရဟန်းသည်၊ ပဟိဏာတိ- စေခိုင်း၏၊ တဿ- ထိုစေခိုင်းလိုက်သော ရဟန်းနှင့်၊ ဝိဿာသာ- အကျွမ်းဝင်သောအားဖြင့်၊ ဂဏှာတိ- ယူအံ့၊ သုဂ္ဂဟိတံ- ကောင်းစွာယူအပ်ပြီ၊ ယဿ- အကြင်ရဟန်း၏ အထံသို့၊ ပဟီယတိ- ပို့အပ်၏၊ တဿ- ထိုပို့အပ်ရာ ရဟန်း (ခံယူမည့်ရဟန်း) နှင့်၊ ဝိဿာသာ- အကျွမ်းဝင်သဖြင့်၊ ဂဏှာတိ-အံ့၊ ဒုဂ္ဂဟိတံ- မကောင်းသဖြင့် ယူအပ်သည်၊ ဟောတိ-၏။

ဣတ္ထန္နာမဿ ဒေဟိ။ ။ ဤ၌ စေခိုင်းလိုက်သူ, အခိုင်းခံရသူ, ခံယူမည့်သူဟူသော ပုဂ္ဂိုလ်သုံးမျိုးကို ဦးစွာမှတ်ထားသင့်ပါသည်။ ဒေဟိ-ဟု စေခိုင်းခြင်းအနက်မှာ ဖြစ်သော ပဋိဓိဘတ်ဖြင့်ဆိုထားသောကြောင့် အခိုင်းခံရသည့်ပုဂ္ဂိုလ်က ခံယူမည့်သူအား ပေးပြီးသည့်အခါမှာသာ ခံယူမည့်သူ၏ ဥစ္စာဖြစ်သည်။ မပေးခင် (လက်ခံမရရှိခင်) ခံယူသူ၏ ဥစ္စာမဖြစ်ပေ။ မူလစေခိုင်းလိုက်သူ၏ဥစ္စာသာ ဖြစ်ပေသည်။ ထို့ကြောင့် "ယော ပဟိဏာတိ၊ တဿေဝ သန္တကံ"ဟု မိန့်ဆိုထားပေသည်။

ဣတ္ထန္နာမဿ ဒမ္မိ။ ။ ပစ္စုပ္ပန်အနက်မှာဖြစ်သော ဝတ္တမာန်ဝိဘတ်ဖြင့် ဆိုထားသောကြောင့် ပြောဆိုစေခိုင်းလိုက်ချိန်မှစ၍ လက်ခံမည့်သူ၏ဥစ္စာသာ ဖြစ်ပေသည်။ ထို့ကြောင့် "ယဿ ပဟီယတိ၊ တဿ သန္တကံ"ဟု မိန့်ဆိုထားပေသည်။

http://www.dhammadownload.com

ဘိက္ခု။ပ။ ပဟိဏာတိ- အံ့၊ သော- ထိုသင်္ကန်းကို ယူလာသော ရဟန်းသည်၊ အန္တရာမဂ္ဂေ- လမ်းခရီးအကြား၌၊ "ယော- အကြင်ရဟန်းသည်၊ ပဟိဏာတိ- စေခိုင်းလိုက်၏၊ သော- ထိုရဟန်းသည်၊ ကာလကတော- ပျံလွန်တော်မူပြီ" ဣတိ- သို့၊ သုဏာတိ- ကြား၏၊ တဿ- ထိုခိုင်းလိုက်သော ရဟန်း၏၊ မတက-စီဝရံ- မတကစီဝရ (သေသူ၏ ဥစ္စာဖြစ်သော သင်္ကန်း) ဟု၊ အဓိဋ္ဌာတိ- အဓိဋ္ဌာန်၏၊ သွာဓိဋ္ဌံ- ကောင်းစွာ အဓိဋ္ဌာန်အပ်၏၊ ယဿ- သို့၊ ပဟိယတိ-၏၊ တဿ- နှင့်၊ ဝိဿာသာ- သဖြင့်၊ ဂဏှာတိ- အံ့၊ ဒုဂ္ဂဟိတံ- မကောင်းသဖြင့် ယူအပ်၏။

ဘိက္ခု။ပ။ ပဟိဏာတိ- အံ့၊ သော- သည်၊ အန္တရာမဂ္ဂေ- ၌၊ "ယဿ- အကြင် ရဟန်း၏ အထံသို့၊ ပဟိယတိ- ပို့အပ်၏၊ သော- သည်၊ ကာလကတော- ပြီ" ဣတိ- သို့၊ သုဏာတိ- ၏၊ တဿ- ထိုပို့အပ်ရာ ရဟန်း၏၊ မတကစီဝရံ- ဟု၊ အဓိဋ္ဌာတိ- ၏၊ ဒွါဓိဋ္ဌံ- မကောင်းသဖြင့် အဓိဋ္ဌာန်အပ်၏၊ ယော- သည်၊ ပဟိဏာတိ- ၏၊ တဿ- နှင့်၊ ဝိဿာသာ- သဖြင့်၊ ဂဏှာတိ- ယူအံ့၊ သုဂ္ဂဟိတံ- ကောင်းစွာယူအပ်၏။

ဘိက္ခု။ပ။ ပဟိဏာတိ- အံ့၊ ယော- သည်၊ အန္တရာမဂ္ဂေ- ၌၊ "ဥဘော- နှစ်ပါး လုံးတို့သည်၊ ကာလကတာ- ပျံတော်မူကြပြီ၊" ဣတိ- သို့၊ သုဏာတိ- ၏။ပ။ ဒွါဓိဋ္ဌံ-၏။

ဘိက္ခု။ပ။ ဒမ္မိ- ပေးပါ၏၊ ဣတိ- ဤသို့ပြော၍၊ ပဟိဏာတိ- အံ့၊ သော- သည်၊ အန္တရာမဂ္ဂေ- ၌၊ ယော ပဟိဏာတိ၊ တဿ ဝိဿာသာ ဂဏှာတိ၊ ဒုဂ္ဂဟိတံ။ပ။ သွာဓိဋ္ဌံ။

ဒွါဓိဋ္ဌံ သွာဓိဋ္ဌံ။ ။ မကောင်းသော အဓိဋ္ဌာန်, ကောင်းသော အဓိဋ္ဌာန် ဟူသော စကားကို တိစီဝရိတ် အဓိဋ္ဌာန်ကိုရည်၍ ဆိုသည်မဟုတ်ပါ။ အမှန်မှာ ပိုင်ရှင် အသက်ရှင်နေစဉ် ဝိဿာသဂ္ဂါဟသင်္ကန်း အနေဖြင့်ယူခြင်း ပိုင်ရှင်သေသွားလျှင် မတကစီဝရ အနေဖြင့် ယူခြင်းကို ရည်ရွယ်၍သာ ဆိုထားပါသည်၊ ယင်းသို့ အဓိဋ္ဌာန် (ဆောက်တည်) ပြီးသည့်နောက် (ယူပြီးသည့်နောက်) ၌ကား ဆယ်ရက်မလွန်ခင် ပင်လျှင် တိစီဝရိတ်အဓိဋ္ဌာန်တင်မှကိုဖြစ်စေ, ပရိက္ခာရစောင္ဇအဓိဋ္ဌာန်တင်မှကိုဖြစ်စေ, ဝိကပ္ပနာကိုဖြစ်စေ ပြုလုပ်ရမည်။

"အဓိဋ္ဌာတိ- အဓိဋ္ဌာန်၏၊ ဝါ- စိတ်ကိုဖြစ်စေ၏"ဟု အနက်ပေးသင့်သည်။ "ဒွါဓိဋ္ဌံ- မကောင်းသဖြင့် စိတ်ကို ဖြစ်စေအပ်၏၊ သွာဓိဋ္ဌံ- ကောင်းစွာ စိတ်ကိုဖြစ်စေ အပ်၏"ဟု ပေးလိုက ပေးပါ။

http://www.dhammadownload.com

ပရိစ္ဆဒိတ္တာ- စွန့်ပြီး၍၊ ဒိန္နံ- ပေးအပ်ပြီးသော ဝတ္ထုကို၊ ပုန- တစ်ဖန်၊ ကေနစိ- တစ်စုံတစ်ခုသော၊ ကာရဏေန- အကြောင်းကြောင့်၊ ကုပိတော- စိတ်ဆိုး သည်ဖြစ်၍၊ အာဟရာပေတုံ- ပြန်၍ ဆောင်ယူစေခြင်းငှာ၊ ဝါ- ပြန်တောင်း ခြင်းငှာ၊ န လဘတိ- မရ။

(ဆောင်ယူစေသော ရဟန်းကို ဘဏ္ဍာတန်ဖိုးဖြင့် ဆုံးဖြတ်ရမည်။) (ဋ္ဌ။)

ဟိ- မှန်၏၊ အတ္တနာ- မိမိသည်၊ ဒိန္နမ္ပိ- ပေးအပ်ပြီးသည်လည်းဖြစ်သော၊ စီဝရံ- ကို၊ သကသညာယ- ကိုယ့်ဥစ္စာဟူသော အမှတ်ဖြင့်၊ အစ္ဆိန္ဒတော- လုယူသော ရဟန်း၏၊ နိဿဂ္ဂိယံ- နိဿဂ္ဂိယပါစိတ်သည်၊ ဟောတိ- ၏၊ အညံ- သင်္ခန်းမှတစ်ပါးသော၊ ပရိက္ခာရံ- ကို၊ အန္တမသော- အားဖြင့်၊ သူစိမွှ- အပ်ကို သော်မှလည်း၊ အစ္ဆိန္ဒတော- ၏၊ ဒုက္ကဋံ- သည်၊ ဟောတိ- ၏။

ပန- ဆက်၊ "ဘန္တေ၊ ဣဒံ- ဤဟာသည်၊ တုမှာကံ- အရှင်ဘုရားတို့အား၊ သာရုပ္ပံ- သင့်တော်ပါ၏။" ဣတိ- ဤသို့ပြော၍၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ သစေ ဒေတိ- အကယ်၍ ပြန်ပေးအံ့၊ (ဧဝံ သတိ- သော်၊) ဂဟေတုံ- ပြန်ယူခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ (ကျေကျေနပ်နပ် ပြန်ပေးပုံကို ပြသည်။) ပန- အဖို့တစ်ပါး ကား၊ "အာဝုသော- ငါ့ရှင်၊ မယံ- တို့သည်၊ တုယ္ဟံ- အား၊ 'ဝတ္ထုပဋိပတ္တိံ- ဝတ် အကျင့်ကို၊ (ဝိ၊ဋ္ဌ၊၂၊၃၀၂။) ကရိဿတိ- လတ္တံ့၊ (ဣတိ- ဤသို့ကြံ၍လည်း ကောင်း၊) အမှာကံ- တို့၏၊ သန္တိကေ- အထံ၌၊ ဥပဇ္ဈံ- ကို၊ ဂဏှိဿတိ- လတ္တံ့၊ (ဣတိ- လည်းကောင်း၊) ဓမ္မံ- ပါဠိ အဋ္ဌကထာကို၊ ပရိယာပုဏိဿတိ- သင်ယူ လတ္တံ့၊' ဣတိ- လည်းကောင်း၊ စီဝရံ- ကို၊ အဒမှာ- ပေးခဲ့ကုန်ပြီ၊ သော တွံ- ထိုသင်သည်၊ ဒါနိ- ယခုအခါ၌၊ ဝတ္တုံ- ကို၊ န ကရောသိ- မလုပ်၊ ဥပဇ္ဈံ- ကို၊ န ဂဏှာသိ- မယူ၊ ဓမ္မံ- ကို၊ န ပရိယာပုဏာသိ- မသင်၊" ဣတိ ဧဝမာဒီနိ- ဤသို့ အစရှိသော စကားတို့ကို၊ ဝုတ္တော- ပြောအပ်သည်၊ သမာနော- ဖြစ် လသော်၊ "ဘန္တေ- အရှင်ဘုရားတို့၊ တုမ္ဟေ- တို့သည်၊ စီဝရတ္ထာယ- ၌၊

အတ္တနာ။ပ။ နိဿဂ္ဂိယံ ။ ။ ဤစကားရပ်ဖြင့် သူတစ်ပါးဥစ္စာဖြစ်ကြောင်းကို သိပါလျက် ခိုးလိုသောစိတ်ဖြင့် အနိုင်အထက် (နိုင်ထက်စီးနင်း ပြုလုပ်လျက်) လုယူ သောရဟန်း ပါရာဇိကကျကြောင်းကို ပြသည်။

အဋ္ဌကထာဆရာကား သကသညာဖြင့် နိုင်ထက်စီးနင်းပြုလုပ်ခြင်းမျှကို ရည်၍ "နိဿဂ္ဂိယံ (နိဿဂ္ဂိယပါစိတ်)"ဟု ဆိုထားသည်။

http://www.dhammadownload.com

ဘဏထ မညေ- ပြောကုန်သည်ဟု ထင်ပါ၏၊ ကွဒံ- ဤသက်နှံးသည်၊ ဝေါ- အရှင်ဘုရားတို့၏၊ စိဝရံ- သင်္ကန်းတည်း၊" ကွတိ- ဤသို့ပြော၍၊ အထ ဒေတိ- အကယ်၍ ပြန်ပေးအံ့၊ ဧဝမွိ- ဤသို့ပြန်ပေးပြန်သော်လည်း၊ (ဂဟေတုံ- ငှာ၊) ဝဋ္ဋတိ- ၏၊ (စိတ်ဆိုး၍ ပြန်ပေးပုံကို ပြသည်။)

ဝါ ပန- သည်သာမကသေး၊ ဒိသာပက္ကမန္တံ- အရပ်တစ်ပါးသို့ ဖဲသွားသော၊ ဒဟရံ- ရဟန်းငယ်ကို၊ (ဘဏတိ-၌ စပ်ပါ၊) "နံ- ထိုရဟန်းငယ်ကို၊ နိဝတ္ထေထ- ပြန်နှစ်စေကြကုန်၊" ကွတိ- သို့၊ ဘဏတိ- ၏၊ သော- ထိုရဟန်းငယ်သည်၊ နနိဝတ္ထတိ- အံ့၊ စိဝရေ- တို့ကို၊ ဂဟေတွာ- ၍၊ နိရုန္ဓထ- တားမြစ်ကြကုန်၊ ကွတိ- ဤသို့ပြောအံ့၊ ဧဝံ- ဤသို့ တားမြစ်လသော်၊ စေ နိဝတ္ထတိ- အံ့၊ (ဧဝံ သတိ၊) သာဓု- ကောင်း၏၊ "ပတ္တစီဝရဏ္ဍာယ- ငှာ၊ တုမှေ- တို့သည်၊ ဘဏထ မညေ- ပြောကုန်သည်ဟု ထင်ပါ၏၊ နံ- ထိုသပိတ် သင်္ကန်းကို၊ ဂဏှထ- ယူတော်မူပါကုန်၊" ကွတိ- ဤသို့ပြော၍၊ သစေ ဒေတိ- အကယ်၍ ပြန်ပေးအံ့၊ ဧဝမွိ- သော်လည်း၊ (ဂဟေတုံ- ငှာ၊) ဝဋ္ဋတိ- ၏၊ (စိတ်ဆိုး၍ ပြန်ပေးပုံကိုပင် ပြသည်။)

ဝါ- တစ်နည်းကား၊ ဝိဇ္ဇမန္တံ- လူထွက်နေသော ရဟန်းငယ်ကို၊ ဒိသွာ၊ "မယံ၊ တုယှံ- အား၊ 'ဝတ္တံ- ကို၊ ကရိဿတိ- ပြုလတ္တံ့၊' ကွတိ- ၍၊ ပတ္တစီဝရံ- ကို၊ အဒမှာ- ကုန်ပြီ၊ သော တုံ- သည်၊ ဒါနိ- ၌၊ ဝိဇ္ဇမိတွာ- လူထွက်၍၊ စရသိ- လှည့်လည်ဘိ၏၊" ကွတိ- သို့၊ ဝဒတိ- အံ့၊ ကွတရော- အခြားသော ရဟန်းလူထွက်သည်၊ "တုမှာကံ- တို့၏၊ ပတ္တစီဝရံ- ကို၊ ဂဏှထ- ပြန်ယူကြပါကုန်၊" ကွတိ- ဤသို့လျှောက်ထား၍၊ ဒေတိ- အံ့၊ ဧဝမွိ- သော်လည်း၊ (ဂဟေတုံ- ငှာ၊) ဝဋ္ဋတိ- ၏။

(စိတ်ဆိုး၍ ပြန်ပေးပုံကိုပင် ပြသည်။ ကျေနပ်၍ ပေးသည်ပင် ဖြစ်စေ၊ စိတ်ဆိုး၍ ပေးသည်ပင် ဖြစ်စေ ဘယ်လိုပင် ပေးပေး ကိုယ်တိုင်ပေးသည့်အတွက် အပ်သည်၊ ယူခြင်းကြောင့် အာပတ်မသင့်။)

ပန- ဆက်၊ "မမ- ၏၊ သန္တိကေ- ၌၊ ဥပဇ္ဈံ- ကို၊ ဂဏှန္တသေဝ- ယူသူအား

မမ သန္တိကေ။ပ။ နံ ဝဋ္ဋတိ။ ။ ဒါနဟူသည် ဝတ္ထုကို စွန့်လွှတ်ခြင်း လက္ခဏာရှိသည့်အတွက် ဤသို့ပေးသော ရဟန်းမှာ ဝတ္ထုကို မစွန့်လွှတ်ဘဲ ပေးရာရောက်သောကြောင့် ပေးခြင်းမမြောက်၊ ထို့ကြောင့် မအပ်၊ ယင်းသို့ မအပ်သည့်အတွက်ကြောင့်ပင် ဒုက္ကဋ်အာပတ် သင့်ရသည်။

http://www.dhammadownload.com

သာလျှင်၊ ဒေမိ- (ဤသင်္ကန်းကို) ပေး၏၊ အညတ္ထ- အခြားဆရာထံ၌ (ဥပဇ္ဈာ-ကို) ဂဏှန္တသ- အား၊ န ဒေမိ- မပေး၊ (ဣတိ- ဤသို့ပြော၍လည်းကောင်း) ဝတ္တံ- ကို၊ ကရောန္တသ္သေဝ- အားသာလျှင်၊ ဒေမိ၊ အကရောန္တသ္သ န ဒေမိ (ဣတိ- လည်းကောင်း) ဓမ္မံ- ကို၊ ပရိယာပုဏန္တသ္သေဝ- အားသာလျှင်၊ ဒေမိ၊ အပရိယာပုဏန္တသ္သ န ဒေမိ၊ (ဣတိ- လည်းကောင်း) အဝိဇ္ဇမန္တသ္သေဝ-လူမထွက်သော ရဟန်းအားသာလျှင်၊ ဒေမိ၊ ဝိဇ္ဇမန္တသ္သ၊ န ဒေမိ၊" ဣတိ-ဤသို့ပြော၍လည်းကောင်း၊ ဧဝံ- ဤသို့၊ ဒါတုံ- ပေးခြင်းငှာ၊ န ဝဋ္ဋတိ- မအပ်၊ ဒဒတော- ပေးသော ရဟန်း၏၊ ဒုက္ကဋံ- သည်၊ ဟောတိ၊ ပန- ထိုသို့ ဒုက္ကဋ်အာပတ်သင့်ပါသော်လည်း၊ အာဟရာပေတုံ- ပြန်၍ ဆောင်ယူစေခြင်းငှာ၊ ဝါ-ပြန်တောင်းခြင်းငှာ၊ ဝဋ္ဋတိ- ၏၊ ဝိဿဇ္ဇေတွာ- စွန့်လွှတ်ပြီး၍၊ ဒိန္နံ- ပေးအပ်ပြီးသောသင်္ကန်းကို၊ အစ္ဆိန္ဒိတွာ- လု၍၊ ဂဏှန္တော- ကို၊ ဘဏ္ဍဂ္ဃေန- ဘဏ္ဍာတန်ဖိုးဖြင့်၊ ကာရေတဗ္ဗော- ၏၊ အယံ- ကား၊ တာဝ- စွာ၊ ဒါနေ- ၌၊ ဝိနိစ္ဆယော-တည်း။

၇၀။ ပန- အဖို့တစ်ပါးကား၊ **ဝိဿာသဂ္ဂါဟလက္ခဏေ-** ဝိဿာသဂ္ဂါဟလက္ခဏာကို၊ ဣမိနာ သုတ္တေန- ဤ (ဝိနည်း မဟာဝါ စိဝရက္ခန္ဓက) ပါဠိတော်ဖြင့်၊ ဇာနိတဗ္ဗံ- သိထိုက်၏။ –

"ဘိက္ခဝေ- တို့၊ သန္ဒိဋ္ဌော စ- ထိုဤအရပ် ပေါင်းဆုံလတ်၍မြင်အပ်ဖူး

အာဟရာပေတုံ ပန ဝဋ္ဋတိ။ ။ မလုပ်သော ပုဂ္ဂိုလ်အား မပေးဟု ကြိုတင်ပြောဆိုထားသည့်အတွက် ပြောထားသည့်အတိုင်း မပြုလုပ်ပါလျှင် ဆရာ၏ဥစ္စာသာဖြစ်သည်။ ထို့ကြောင့် ပြန်တောင်းကောင်းသည်၊ ပြုလုပ်ပါမူကား တပည့်၏ဥစ္စာ ဖြစ်ဖွယ်ရာရှိသည်။ အပြီးအပိုင်မစွန့်ဘဲ ပေးထားသည့်အတွက် သကသညာ ရှိနေသောကြောင့် ပြန်တောင်းကောင်းသည်ဟု ဆိုထားဟန်တူသည်။ (ဋီ။)

ဤထံမှာ ဥပဇ္ဈာယ်ယူသူကိုသာ ပေးမည်။ အခြားမှာ ဥပဇ္ဈာယ်ယူသူကို မပေးစသည်ဖြင့် ပြော၍ ပေးသောသင်္ကန်းသည် အလုပ်လုပ်ရန် ကြိုတင်ပေးထားသော အဖိုးအခနှင့် တူသောကြောင့် ပြန်တောင်းကောင်းသည်။

(သာရတ္ထ၊ ၂၊၄၄၁။ ဝိမတိ၊ ၁၊၃၅၅။)

ယင်းသို့ ပြောဆို၍ ပေးသောသင်္ကန်းသည် အစပထမကပင် အပေးမမြောက်သည့်အတွက် ပြန်တောင်းကောင်းသည်ဟု ယူက သင့်မည်ထင်ပေသည်။

ဥပဇ္ဈံ ဂဏှိဿတိ။ ။ ဤစကားရပ်ဖြင့် အစပထမ ပေးစဉ် သာမဏေအား

http://www.dhammadownload.com

ကာမျှ ဖြစ်သော မိတ်ဆွေသည်လည်း၊ (ဟောတိ- အံ့၊) သမ္ဘတ္တော စ- ကောင်းစွာ မိမိကို ဆည်းကပ်တတ်သော မိတ်ဆွေရင်းသည်လည်း၊ ဝါ- ကောင်းစွာ မိမိက ဆည်းကပ်အပ်သော မိတ်ဆွေရင်းသည်လည်း၊ (ဟောတိ- အံ့၊) အာလပိတော စ- ပြောဆိုအပ်ဖူးသည်လည်း၊ (ဟောတိ- အံ့၊) ဇိဝတိ စ- အသက်ရှင်ဆဲလည်း ဖြစ်အံ့၊ မေ- ငါသည်၊ ဂဟိတေ- ယူအပ်သော်၊ ဝါ- ယူအပ်သည်၏ အဖြစ်ကြောင့်၊ အတ္တာမနော- မိမိစိတ်ရှိသူသည်၊ ဝါ- နှစ်သက်ဝမ်းမြောက်သူသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဣတိ စ- သို့လည်း၊ ဇာနာတိ- သိအံ့၊ (ပါဠိတော်မူရင်းကို ကြည့်ပြင်ထားသည်၊) ဣတိ- သို့၊ ပဋိဟိ- ကုန်သော၊ အင်္ဂေဟိ- တို့နှင့်၊ သမန္နာဂတဿ- ပြည့်စုံသော ပုဂ္ဂိုလ်၏ဥစ္စာကို၊ ဝိဿာသံ- အကျွမ်းဝင်သဖြင့်၊ ဂဟေတုံ- ယူခြင်းငှာ၊ အနုဇာနာမိ- ခွင့်ပြုတော်မူ၏။"

တတ္ထ- ထိုအနုဇာနာမိ ဘိက္ခဝေ-အစရှိသော ပါဠိရပ်၌၊ သန္ဒိဋ္ဌောတိ- ကား၊ ဒိဋ္ဌမတ္တကမိတ္တော- ထိုဤအရပ် ပေါင်းဆုံလတ်၍ မြင်အပ်ဖူးကာမျှဖြစ်သော မိတ်ဆွေတည်း၊ သမ္ဘတ္တောတိ- ကား၊ ဒဠ္ဆမိတ္တော- ခိုင်မြဲသော မိတ်ဆွေတည်း၊ အာလပိတောတိ- ကား၊ "မမ- ငါ၏၊ သန္တကံ- ကို၊ (ဂဏှောယျာသိ-၌ စပ်ပါ၊) ယံ- အကြင်ဥစ္စာကို၊ ဣဿသိ- အလိုရှိ၏၊ တံ- ထိုဥစ္စာကို၊ ဂဏှောယျာသိ- ယူလော့၊ အာပုစ္ဆိတွာ- ပန်ပြော၍၊ ဂဟဏေ- ယူခြင်း၌၊ ကာရဏံ- အကြောင်းသည်၊ နတ္ထိ- မရှိ၊" (ပန်ပြော ခွင့်တောင်းနေစရာမလို၊) ဣတိ- သို့၊ ဝုတ္တော- ပြောဆိုအပ်ဖူးသည်၊ (ဟောတိ- အံ့၊) အနုဋ္ဌာနသေယျာယ- ထခြင်းမရှိသော အိပ်ခြင်းဖြင့်၊ သယိတော- အိပ်သည်၊ သမာနောပိ- ဖြစ်ပါသော်လည်း၊ ယာဝ-

---

ပေးကြောင်းကို ပြသည်။ ထို့ကြောင့် သာမဏေဖြစ်စဉ် သင်္ကန်းကို ပေး၍ ရဟန်းဖြစ်သည့်အခါမှာ ပြန်လုယူသော ရဟန်းမှာလည်း ပါစိတ်အာပတ်သင့်ကြောင်းကို ပြသည်။

စိုးရိပိုင်ဆိုင်သူများ ။ ။ ဂိလာနုပဋ္ဌာက (လူနာပြုစုသူ) လူပုဂ္ဂိုလ်တို့သည် သေသူ၏ ဥစ္စာ၌ ဂိလာနုပဋ္ဌာက အဖို့အစုမျှကို စိုးရိပိုင်ဆိုင်ကြသည်။ ကုန်သည် (စျေးသည်) တို့ထံ ကပ္ပိယကာရကကို သပိတ်စသော ပရိက္ခာရာကို အယူခိုင်းခဲ့ပါလျှင် အဖိုးအခ ပေးရန် ကျန်နေသေးပါက ယင်းကုန်သည်တို့သည်လည်း သေသူ၏ ဥစ္စာ၌ မိမိတို့ရရန် ရှိသလောက် စိုးရိပိုင်ဆိုင်ကြသည်။ မိဘတို့အတွက် သီးသန့်ပိုင်းခြား၍ အဝတ်တို့ကို ထားခဲ့ပါလျှင် ယင်းမိဘတို့ကလည်း သေသူ၏ ဥစ္စာ၌ မိမိတို့အတွက် ထားခဲ့သော အဝတ်ကို စိုးရိပိုင်ဆိုင်ကြသည်။ သာသနာ့ပြင်ပ ရသေ့, ရဟန်းတို့သည်လည်း လူပုဂ္ဂိုလ်များကဲ့သို့ အကြောင်းအားလျော်စွာ စိုးရိပိုင်ဆိုင်ကြသည်။

http://www.dhammadownload.com

အကြင်မျှလောက်၊ ဇီဝိတိန္ဒြိယုပစ္ဆေဒံ- ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းသို့၊ ဝါ- သေခြင်းသို့၊ နု ပါပုဏာတိ- မရောက်သေး၊ (တာဝ- ထိုမျှလောက်၊) ဇီဝတီတိ- ဇီဝတိမည်၏။ ဝါ- အသက်ရှင်ဆဲမည်၏။ ဂဟိတေ စ အတ္တမနောတိ- ကား၊ ဂဟိတေ- သော်၊ ဝါ- ကြောင့်၊ တုဋ္ဌစိတ္တော- နှစ်သက်ဝမ်းမြောက်သောစိတ်ရှိသူသည်၊ ဟောတိ-အံ့၊ "ဧဝရူပဿ- ဤသို့သဘောရှိသော ပုဂ္ဂိုလ်၏၊ (ရဟန်း, ရှင်, လူ အကုန်လုံးပါဝင်သည်၊) သန္တကံ- ကို၊ မေ- သည်၊ ဂဟိတေ- သော်၊ အတ္တမနော- သည်၊ ဘဝိဿတိ- လတ္တံ့၊" ဣတိ- သို့၊ ဇာနန္တေန- သိသောရဟန်းသည်၊ ဂဟေတုံ- ငှာ၊ ဝဋ္ဋတိ- ၏။

စ- ဆက်၊ အနဝသေသပရိယာဒါနဝသေန- အကြွင်းအကျန်မရှိသော အဂိါတို့ကို သိမ်းယူခြင်း၏ အစွမ်းဖြင့်၊ ပဋ္ဌ- ကုန်သော၊ ဧတာနိ အဂိါနိ- တို့ကို၊ ဝုတ္တာနိ- ဟောတော်မူအပ်ကုန်ပြီ၊ ပန- စင်စစ်ကား၊ ဝိဿာသဂ္ဂါဟော- သည်၊ သန္ဒိဋ္ဌော, ဇီဝတိ, ဂဟိတေ အတ္တမနော- သန္ဒိဋ္ဌော, ဇီဝတိ, ဂဟိတေ အတ္တမနော ဟူသော သုံးပါးတို့လည်းကောင်း၊ သမ္ဘတ္တော, ဇီဝတိ, ဂဟိတေ အတ္တမနော- သမ္ဘတ္တော, ဇီဝတိ, ဂဟိတေ အတ္တမနော-ဟူသော သုံးပါးတို့လည်းကောင်း၊ အာလပိတော, ဇီဝတိ, ဂဟိတေ အတ္တမနော- အာလပိတော, ဇီဝတိ, ဂဟိတေ အတ္တမနော-ဟူသော သုံးပါးတို့လည်းကောင်း၊ ဣတိ- သို့၊ တီဟိ- ကုန်သော၊ အင်္ဂေဟိ- တို့ဖြင့်၊ ရုဟတိ- တက်ရောက်၏၊ ဝါ- အထမြောက်၏။

ပန- ဆက်၊ ယော- အကြင်ဥစ္စာရှင်သည်၊ နု ဇီဝတိ- အသက်ရှင်ဆဲ မဟုတ်၊ တဿ- ထိုသူ၏၊ သန္တကံ စ- ကိုလည်းကောင်း၊ ယော- သည်၊ ဂဟိတေ- သော်၊ အတ္တမနော- သည်၊ နု ဟောတိ- မဖြစ်၊ တဿ- ထိုဥစ္စာရှင်၏၊ သန္တကံ စ- ကိုငင်း၊ ဝိဿာသဂ္ဂါဟေန- ဝိဿာသဂ္ဂါဟဖြင့်၊ ဂဟိတံ- ယူအပ်ပြီးသည်၊ သမာနမွိ- ဖြစ်ပါသော်လည်း၊ ပုန ဒါတဗ္ဗံ- ပြန်ပေးရမည်။

စ- ဆက်၊ ဒဒမာနေန- ပြန်ပေးသော ရဟန်းသည်၊ တာဝ- စွာ၊ မတကဓနံ- သေသူ၏ ဥစ္စာကို၊ ဂဟဋ္ဌာ ဝါ- အိမ်ရှင်တည်သူ လူသော်လည်းဖြစ်ကုန်သော၊ ပဗ္ဗဇိတာ ဝါ- ရသေ့, ရဟန်းသော်လည်းဖြစ်ကုန်သော၊ ယေ- အကြင်သူတို့သည်၊

သီတင်းသုံးဖော်ငါးဦးတို့တွင် ရဟန်းနှင့် သာမဏေတို့သည် သေသွား (ပျံတော်မူသွား) သော ရဟန်းသာမဏေတို့၏ ဥစ္စာကို အကြောင်းမရှိသော်လည်း အမွေစား အမွေခံအနေဖြင့် ရကြသည်။ အခြား ဘိက္ခုနီစသည်တို့ မရကြပေ။

http://www.dhammadownload.com

တသ- ထိုသေသူ၏၊ ဓနေ- ဥစ္စာ၌၊ ဣဿရာ- စိုးရပိုင်ဆိုင်ကုန်၏၊ တေသံ- ထိုသူတို့အား၊ ဒါတဗ္ဗံ- ပေးရမည်၊ အနတ္တမနသ- မိမိစိတ်မရှိသော ပုဂ္ဂိုလ်၏၊ ဝါ- မနှစ်သက်သော ပုဂ္ဂိုလ်၏၊ သန္တကံ- ကို၊ တဿေဝ- ထိုပုဂ္ဂိုလ်အားသာ၊ ဒါတဗ္ဗံ- ပေးရမည်။

ပန- ဆက်၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ ပဌမံယေဝ- ရှေးဦးစွာသာလျှင်၊ "မမ- ၏၊ သန္တကံ- ဥစ္စာကို၊ ဂဏှန္တေန- ယူသော၊ တယာ- သင်သည်၊ သုဋ္ဌု- ကောင်းစွာ၊ ကတံ- ပြုအပ်ပြီ" ဣတိ- သို့၊ ဝစီဘေဒေန ဝါ- နှုတ်မြွက်ခြင်းဖြင့် သော်လည်းကောင်း၊ စိတ္တုပ္ပါဒမတ္တေန ဝါ- စိတ်ဖြစ်ခြင်းမျှဖြင့်သော်လည်းကောင်း၊ အနုမောဒိတွာ- ဝမ်းမြောက်ပြီး၍၊ ပစ္ဆာ- နောက်၌၊ ကေနစိ- တစ်စုံတစ်ခုသော၊ ကာရဏေန- အကြောင်းကြောင့်၊ ကုပိတော- စိတ်ဆိုးသည်၊ ဟောတိ- ဖြစ်အံ့၊ သော- ထိုပုဂ္ဂိုလ်သည်၊ ပစ္စာဟရာပေတုံ- ပြန်တောင်းခြင်းငှာ၊ န လဘတိ- မရ၊ ယောပိ- အကြင်ပုဂ္ဂိုလ်သည်လည်း၊ အဒါတုကာမော- ပေးခြင်းငှာ အလိုမရှိသည်၊ ဟောတိ၊ ပန- သို့သော်လည်း၊ စိတ္တေန- စိတ်ဖြင့်၊ အဓိဝါသေတိ-လက်ခံ၏၊ ကိဉ္စိ- ဘာကိုမျှ၊ န ဝဒတိ - မပြောဆို၊ (ကန့်ကွက်စကား မပြောကြား၊) သောပိ- ထိုပုဂ္ဂိုလ်သည်လည်း၊ ပုန ပစ္စာဟရာပေတုံ န လဘတိ။

ပန- ကား၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ "မယာ- ငါသည်၊ တုမှာကံ- သင်တို့၏၊ သန္တကံ- ကို၊ ဂဟိတံ- ယူအပ်ပြီ၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ "ပရိဘုတ္တံ- သုံးစွဲအပ်ပြီ၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ ဝုတ္တေ- ပြောဆိုအပ်သော်၊ "ဂဟိတံ ဝါ- ယူအပ်ပြီးသည်သော်လည်း၊ ဟောတု- ဖြစ်စေ၊ ပရိဘုတ္တံ ဝါ- သုံးစွဲအပ်ပြီးသည်သော်လည်း၊ ဟောတု- ဖြစ်စေ၊ မယာ ပန- ငါသည်ကား၊ တံ- ထိုဥစ္စာကို၊ ကေနစိဒေဝ- တစ်စုံတစ်ခုသာလျှင် ဖြစ်သော၊ ကရဏီ-ယေန- ပြုဖွယ်ကိစ္စကြောင့်၊ ဒုပိတံ- ထားအပ်ပြီ၊ တံ- ထိုဥစ္စာကို၊ ပါကတိကံ-ပင်ကိုယ်အတိုင်းဖြစ်သည်ကို၊ ကာတုံ- ပြုခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏၊" (ယူသမျှ သုံးစွဲသမျှကို အစားပေးသင့်သည်၊) ဣတိ- သို့၊ ဝဒတိ- ပြော၏၊ အယံ- ဤ

ဘိက္ခုနီ, သိက္ခမာန်, သာမဏေရီတို့၏ ဥစ္စာကိုလည်း ယင်းဘိက္ခုနီ, သိက္ခမာန်, သာမဏေရီတို့သာ ရကြသည်။ ရဟန်းစသူတို့ မရကြပေ။

ဤအကြောင်းသည် "စတုပစ္စယဘာဇနဝိနိစ္ဆယ"၌ ထင်ရှားလာပါလိမ့်မည်။

http://www.dhammadownload.com

ပုဂ္ဂိုလ်သည်၊ ပစ္စာဟရာပေတုံ- ပြန်တောင်းခြင်းငှာ၊ လဘတိ- ရ၏၊ အယံ- ကား၊ ဝိဿာသဂ္ဂါဟော- ၌၊ ဝိနိစ္ဆယော- တည်း။

၇၁။ ပန- ကား၊ **လာဘာဿ ပရိဏာမနန္တိ** ဣဒံ- လာဘသ ပရိဏာမန် ဟူသော ဤစကားကို၊ အညေသံ- မိမိမှတစ်ပါး အခြားသူတို့၏၊ အတ္ထာယ- အကျိုးငှာ၊ ပရိဏတလာဘဿ- ညွတ်စေအပ်ပြီးသော လာဘ်ကို၊ အတ္တနော ဝါ- မိမိထံသို့သော်လည်းကောင်း၊ အညဿ ဝါ- သူတစ်ပါးထံသို့သော်လည်း ကောင်း၊ ပရိဏာမနံ- ညွတ်စေခြင်းကို၊ သန္ဓာယ- ရည်စူး၍၊ ဝုတ္တံ- မိန့်ဆိုအပ်ပြီ။

တတြ- ထိုစကားရပ်၌၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဝိနိစ္ဆယော- တည်း၊-

သံယဿ- သံယာ့အထံသို့၊ ပရိဏတံ- ညွတ်ပြီးသော လာဘ်ကို၊ (သာမညက်၊) သဟဓမ္မိကာနံ- တို့၏၊ သန္တကံ- ကိုသော်လည်းကောင်း၊ ဂိဟီနံ- လူတို့၏၊ သန္တကံ ဝါ- ကိုသော်လည်းကောင်း၊ အန္တမသော- အားဖြင့်၊ မာတု- အမိ၏၊ သန္တကမ္ပိ- ဥစ္စာကိုသော်လည်း၊ (ဝိသေသက်၊) "ဣဒံ- ဤဥစ္စာကို၊ မယှံ- ငါ့အား၊ ဒေဟိ- ပေးလော့၊" ဣတိ- သို့၊ သံယဿ- သံယာ၏ အထံသို့၊ ပရိဏာတဘာဝံ- ကို၊ ဉတ္ဝာ- သိ၍၊ အတ္တနော- မိမိ၏ အထံသို့၊ ပရိဏာမေတွာ- ၍၊ ဂဏှန္တသ- ယူသော ရဟန်း၏၊ နိဿဂ္ဂိယံ- သော၊ ပါစိတ္တိယံ- သည်၊ ဟောတိ၊ "ဣမဿ ဘိက္ခုနော- ဤရဟန်းအား၊ ဒေဟိ- ပေးလော၊" ဣတိ ဧဝံ- သို့ အညဿ- အခြားရဟန်း၏ အထံသို့၊ ပရိဏာမေန္တသ- ၏၊ သုဒ္ဓိကပါစိတ္တိယံ- နိဿဂ္ဂိယမဖက် ပါစိတ်အာပတ် သက်သက်သည်၊ ဟောတိ။

တသ္မာ- ထို့ကြောင့်၊ ယောပိ- အကြင် ရဟန်းသည်လည်း၊ ဝဿိကသာဋိက- သမယေ- မိုးရေခံသင်္ကန်း လျှဒါန်းခါနီး၌၊ မာတုယရေပိ- အမေ့အိမ်၌သော် လည်း၊ သံယဿ- ၏အထံသို့၊ ပရိဏတံ- ပြီးသော၊ ဝဿိကသာဋိကံ- ကို၊ ဉတ္ဝာ- ၍၊ အတ္တနော- မိမိ၏ အထံသို့၊ ပရိဏာမေတိ- ညွတ်စေ၏၊ (တဿ- ထိုရဟန်း၏၊) နိဿဂ္ဂိယံ ပါစိတ္တိယံ၊ ပရဿ- အခြားရဟန်း၏ အထံသို့၊ ပရိဏာမေတိ သုဒ္ဓိကပါစိတ္တိယံ။

မနုဿာ- လူတို့သည်၊ "သံယဘတ္တံ- ကို၊ ကရိဿာမ- ပြုကြရတော့အံ့၊" ဣတိ- ဤသို့ကြံ၍၊ သပ္ပိတေလာဒီနိ- ထောပတ်, ဆီစသည်တို့ကို၊ အာဟရန္တိ- ဆောင်ယူလာကြကုန်၏၊ ဂိလာနော- ဂိလာနဖြစ်သော၊ ဘိက္ခု- သည်၊ သံယ- ဿ- သို့၊ ပရိဏာတဘာဝံ- ညွတ်ပြီးသည်၏ အဖြစ်ကို၊ ဉတ္ဝာ- သိ၍၊ ကိဉ္စိ-

http://www.dhammadownload.com

တစ်စုံတစ်ခုကို၊ စေပိ ယာစတိ- အကယ်၍မူလည်း တောင်းအံ့၊ ဧဝံ သတိ၊ နိဿဂ္ဂိယံ၊ ပါစိတ္တိယမေဝ။

ပန- ဆက်၊ သော- ထိုဂိလာနရဟန်းသည်၊ "တုမှာကံ- သင်ဒကာတို့ဖို့၊ ဝါ- သင်ဒကာတို့၏၊ (အတ္ထာယ- အကျိုးငှာ၊) အာဘတာနိ- ဆောင်ယူအပ်ကုန်သော၊ သပ္ပိအာဒီနိ- တို့သည်၊ အတ္ထိ- ရှိကုန်သလော၊" ဣတိ- သို့၊ ပုစ္ဆိတ္ဝာ- မေး၍၊ "အာမ- မှန်ပါ၊ အတ္ထိ- ရှိပါ၏၊" ဣတိ- သို့၊ ဝုတ္တေ- သော်၊ "မယှမ္ပိ- ငါ့အားလည်း၊ ဒေထ- ပေးကြကုန်၊" ဣတိ- သို့၊ သစေ ဝဒတိ- အံ့၊ ဧဝံ သတိ၊ ဝဋ္ဌတိ၊ ကုက္ကုစ္စာယန္တံ- ဝိနယကုက္ကုစ္စဖြစ်နေသော၊ နံ- ထိုဂိလာနရဟန်းကို၊ ဥပါသကာ- ဒါယကာတို့သည်၊ "သံဃောပိ- သံဃာသည်လည်း၊ အမှေဟိ- ဟပည့်တော်တို့သည်၊ ဒိန္နမေဝ- ပေးလှူအပ်သော ထောပတ်စသည်ကိုသာ၊ လဘတိ- ရပါ၏၊ ဘန္တေ- အရှင်ဘုရား၊ ဂဏ္ဍထ- ခံယူတော်မူကြပါ၊" ဣတိ- သို့၊ အထာပိ ဝဒန္တိ- ကုန်အံ့၊ ဧဝမ္ပိ- (ဂဏ္ဍိတုံ) ဝဋ္ဌတိ။

ဧကသ္မိံ ဝိဟာရေ- တစ်ခုသော ကျောင်းတိုက်၌၊ သံဃဿ- သို့၊ ပရိဏတံ- ညွတ်ပြီးသော လာဘ်ကို၊ အညံ ဝိဟာရံ- ကို၊ ဥဒ္ဒိသိတ္ဝာ- ညွန်ပြ၍၊ "အသုကသ္မိံ နာမ ဝိဟာရေ- ထိုမည်သော ကျောင်းတိုက်၌၊ သံဃဿ- သံဃာအား၊ ဒေထ- ပေးလှူကြကုန်၊" ဣတိ- သို့၊ ပရိဏာမေတိ- ညွတ်စေအံ့၊ (ဒုက္ကဋ္ဌံ ဟောတိ၊) "သံဃဿ- အား၊ ဒါနေန- ပေးလှူခြင်းဖြင့်၊ ကိံ- အဘယ်အကျိုးရှိအံ့နည်း၊ စေတိယဿ- စေတီအား၊ ပူဇံ- ပူဇော်မှုကို၊ ကရောထ- ပြုကုန်လော၊" ဣတိ ဧဝံ- သို့၊ စေတိယဿ ဝါ- စေတီ၏ အထံသို့မူလည်း၊ ပရိဏာမေတိ- အံ့၊ ဒုက္ကဋ္ဌံ ဟောတိ။

စေတိယဿ- စေတီတစ်ဆူ၏ အထံသို့၊ ပရိဏတံ- ကို၊ အညစေတိယဿ ဝါ- အခြားစေတီ၏ အထံသို့သော်လည်းကောင်း၊ သံဃဿ ဝါ- သို့သော်လည်းကောင်း၊ ဂဏဿ ဝါ- သို့သော်လည်းကောင်း၊ ပုဂ္ဂလဿ ဝါ- ပုဂ္ဂိုလ်၏ အထံသို့သော်လည်းကောင်း၊ ပရိဏာမေတိ- ညွတ်စေအံ့၊ ဒုက္ကဋ္ဌမေဝ- ဒုက္ကဋ္ဌသည်သာလျှင်၊ ဟောတိ၊ နိယမေတ္ဝာ- မည်သည့်စေတီဟု သတ်မှတ်၍၊

မယှမ္ပိ ဒေထာတိ ဝဒတိ ဝဋ္ဌတိ ။ ။ သံဃာသို့ ညွတ်ပြီးကြောင်းကို သိပါသော်လည်း "ဒကာတို့ဖို့ ယူထားတဲ့ ထောပတ်များ ရှိသလား"စသည်ဖြင့် စုံစမ်းသည့်အခါ "မှန်ပါ ရှိပါတယ်ဘုရား"ဟု ဒကာများ၏ လျှောက်ထားချက်အရ "ငါ့ကိုလည်း ပေးကြ

http://www.dhammadownload.com

အညစေတိယသ- ၏၊ အတ္ထာယ- ငှာ၊ ရောပိတမာလာဝစ္ဆတော- စိုက်အပ်သော ပန်းပင်ငယ်မှ၊ အညစေတိယမို့- ၌၊ ပုပ္ဖမို့- ပန်းကိုသော်မှလည်း၊ အာရောပေတုံ- တင်ခြင်းငှာ၊ န ဝဋ္ဋတိ- မအပ်။

ပန- ဆက်၊ ဧကဿ- တစ်ဆူသော၊ စေတိယဿ- စေတီ၏ အပေါ်သို့၊ ဆတ္တံ ဝါ- ထီးကိုသော်လည်းကောင်း၊ ပဋာကံ ဝါ- ကုက္ကားကိုသော်လည်းကောင်း၊ ဝါ- မုလေးပွားကိုသော်လည်းကောင်း၊ အာရောပေတွာ- တင်ပြီး၍၊ ဌိတံ- ရပ်နေသူကို၊ ဒိသွာ- ၍၊ (ပိုနေ ကျန်နေသော ထီးစသည်ကို ကိုင်၍ ရပ်နေသူကို မြင်လျှင်၊) သေသံ- ကြွင်းသော ထီးစသည်ကို၊ အညစေတိယဿ- အခြားစေတီအား၊ ဒါပေတုံ- အလှူခိုင်းခြင်းငှာ၊ ဝဋ္ဋတိ။

အန္တမသော- အားဖြင့်၊ သုနခဿပိ- ခွေး၏ အထံသို့လည်း၊ ပရိဏာတံ- ညွတ်ပြီးသော အစာကို၊ "ဣမဿ သုနခဿ- ဤခွေးအား၊ မာ ဒေဟိ- မပေးနှင့်၊ ဧတဿ- ထိုခွေးအား၊ ဒေဟိ- ပေးလော၊" ဣတိ ဧဝံ- သို့၊ အညပုဂ္ဂလဿ- အခြားပုဂ္ဂိုလ်အထံသို့၊ ပရိဏာမေတိ၊ ဒုက္ကဋ်ံ ဟောတိ။

ပါဠိဦး"ဟု တောင်းသော ရဟန်းသည် ဒကာတို့၏ ဥစ္စာကိုသာ တောင်းရာ ရောက်သည်။ ထို့ကြောင့် အပ်သည်။ ဂိလာနဖြစ်နေသောကြောင့် သူပေါဒနဝိညတ္တိဒုက္ကဋ်လည်း မသင့်ပါ။

ရောပိတမာလာဝစ္ဆတော ။ ။ တစ်စုံတစ်ယောက်က သတ်မှတ်စိုက်ပျိုးထားခဲ့သည်ကို ရည်ရွယ်လျက် ဤစကားကို ဆိုထားသည်။ မခူးဘဲထားသည့်အတွက် ညှိုးနွမ်းနေသော ပန်းများကို ခူး၍ မည်သည့်စေတီမှာမဆို ပူဇော်ခြင်းငှာ အပ်ပါ၏။

(ဝိမတိ၊၁၊၃၆၂။)

ပုပ္ဖမို့ အာရောပေတုံ နဝဋ္ဋတိ ။ ။ ဤစကားကို သတ်မှတ်ရည်စူးထားသည့် (မတင်ရသေးသော) ပန်းကို ရည်ရွယ်၍ အဋ္ဌကထာဆရာ ဆိုထားသည်။ စေတီတစ်ဆူ၌ ပူဇော်ထားသော ပန်းကိုယူ၍ အခြားစေတီမှာ ပူဇော်လျှင် အပ်ပါသည်။

(သာရတ္ထ၊၂၊၄၄၈။)

ဣမဿ သုနခဿပေ ဒေဟိ ။ ။ ဤစကားကိုလည်း ညွတ်စေပြီးသော အစာကိုသာ ရည်ရွယ်၍ ဆိုထားသည်။ တိရစ္ဆာန်တစ်ကောင်အတွက် စွန့်လွှတ်ပေးထားပြီးဖြစ်လျှင် ထိုတိရစ္ဆာန်ကို မောင်းထုတ်၍ အခြားတစ်ကောင်ကို ကျွေးခြင်းငှာ အပ်သည်။ (သာရတ္ထ၊၂၊၄၄၈။)

http://www.dhammadownload.com

ပန- ဆက်၊ ဒါယကာ- အလှူရှင်တို့သည်၊ "မယံ- တို့သည်၊ သံယဘတ္တံ- ကို၊ ကာတုကာမာ- ပြုလိုပါကုန်၏၊ စေတိယပူဇံ- ပူဇော်မှုကို၊ ကာတုကာမာ- ပြုလိုပါကုန်၏၊ ဧကဿ- သော၊ ဘိက္ခုနော- အား၊ ပရိက္ခာရံ- ကို၊ ဒါတုကာမာ- ကုန်၏၊ တုမှာကံ- အရှင်ဘုရားတို့၏၊ ရုစိယာ- အလိုအားဖြင့်၊ ဒဿာမ- လှူပါကုန်အံ့၊ ဘဏထ- အမိန့်ရှိပါကုန်၊ ကတ္ထ- အဘယ်၌၊ ဝါ- အား၊ ဒေမ- လှူရပါကုန်မည်နည်း၊" ဣတိ- သို့၊ သစေ ဝဒန္တိ- အကယ်၍ လျှောက်ကုန်အံ့၊ ဧဝံ ဝုတ္တေ- ဤသို့လျှောက်အပ်သော်၊ တေန ဘိက္ခုနာ- ထိုရဟန်းသည်၊ "ယတ္ထ- အကြင်အရပ်၌၊ (ဒါတုံ- ငှာ၊) ဣစ္ဆထ- အလိုရှိကုန်၏၊ တတ္ထ- ထိုအလိုရှိရာ အရပ်၌၊ ဒေထ- လှူကြကုန်၊" ဣတိ- သို့၊ ဝတ္ထဗ္ဗာ- ပြောဆိုထိုက်ကုန်၏။

ပန- ဆက်၊ ကေဝလံ- လှူလိုရာကို ညွှန်ပြခြင်းမဖက် သက်သက်၊ "ကတ္ထ- ၌၊ ဝါ- အား၊ ဒေမ- လှူရကုန်မည်နည်း၊" ဣတိ- သို့၊ သစေ ပုစ္ဆန္တိ- ကုန်အံ့၊ (ဧဝံ သတိ၊) "ယတ္ထ- အကြင်အရပ်၌၊ တုမှာကံ- သင်ဒကာတို့၏၊ ဒေယျဓမ္မော- ပေးလှူထိုက်သော သဘောရှိသော ပစ္စည်းသည်၊ ပရိဘောဂံ ဝါ- သုံးစွဲမှုကို သော်လည်း၊ လဘေယျ- ရရာ၏၊ ပဋိသခိံရံ ဝါ- ပြုပြင်စိမ်မှုကိုသော်လည်း၊ လဘေယျ- ရရာ၏၊ စိရဋ္ဌိတိကော ဝါ- ကြာမြင့်စွာတည်သည်မူလည်း၊ အဿ- ဖြစ်ရာ၏၊ ဝါ ပန- သည်သာမကသေး၊ ယတ္ထ- အကြင်ဌာန၌၊ တုမှာကံ- ဒကာ တို့၏၊ စိတ္တံ- သည်၊ ပသီဒတိ- ကြည်ညိုရာ၏၊ တတ္ထ- ထိုဒကာတို့၏ စိတ်ကြည်ညိုရာ၌၊ ဒေထ- လှူကြကုန်၊" ဣတိ- သို့၊ ဝတ္တုံ- ပြောခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏။

ဣတိ- ဖြင့်၊ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ- ၌၊ ဒါနလက္ခဏာဒီဝိနိစ္ဆယ- ကထာ- ဒါနလက္ခဏာစသည်၌ ဆုံးဖြတ်ကြောင်း စကားရပ်သည်၊သမတ္တာ- ပြီ။

ယတ္ထ ဣစ္ဆထ၊ တတ္ထ ဒေထ။ ။ "အရှင်ဘုရားတို့၏ အလိုအားဖြင့် ပေးလှူပါ့မယ်"ဟု ပြောဆိုလျှောက်ထားသောကြောင့် မည်သူ့အားပေးပါဟု သတ်မှတ်ပြောဆိုသော်လည်း အပြစ်မရှိ။ (ဋီ။)

http://www.dhammadownload.com

၁၄။ ပထဝီဓာတုဝိနိစ္ဆယကထာ

၇၂။ **ပထဝီတိ-** ပထဝီ-ဟူသော ဥဒ္ဒေသဒ်၌ ဇာတာ စ ပထဝီ- မြေစစ်လည်းကောင်း၊ အဇာတာ စ ပထဝီ- အစစ်မဟုတ်သော မြေလည်းကောင်း၊ ဣတိ- သို့၊ ဒွေ- ကုန်သော၊ ပထဝီ- တို့သည်၊ ဟောန္တိ။

တတ္ထ- ထိုနှစ်မျိုးသော မြေတို့တွင်၊ သုဒ္ဓပံသုကာ- ကျောက်ခဲစသည်မဖက် မြေမှုန့်သက်သက်သည်လည်းကောင်း၊ သုဒ္ဓမတ္တိကာ- မြေညက်သက်သက်သည်လည်းကောင်း၊ အပပါသာဏာ- နည်းသော ကျောက်ခဲရှိသော မြေသည်လည်းကောင်း၊ အပပသက္ခရာ- နည်းသော ကျောက်စရစ်ရှိသော မြေသည်လည်းကောင်း၊ အပကဋ္ဌလာ- နည်းသော အိုးခြမ်းကွဲရှိသော မြေသည်လည်းကောင်း၊ အပမရုမ္မာ- နည်းသော ကျောက်ပြုတ်ရှိသော မြေသည်လည်းကောင်း၊ အပဝါလုကာ- နည်းသော သဲရှိသော မြေသည်လည်းကောင်း၊ ယေဘုယ္ယေနပံသုကာ- များသောအားဖြင့် မြေမှုန့်ရှိသော မြေသည်လည်းကောင်း၊ ယေဘုယ္ယေနမတ္တိကာ- များသောအားဖြင့် မြေညက်ရှိသော မြေသည်လည်းကောင်း၊ (အလုတ္တာသမာသ်၊) **ဇာတာ** နာမ **ပထဝီ-** မြေစစ် မည်သည်၊ ဟောတိ၊ အဒၶာပိ- မီးမလောင်အပ်သော မြေကိုလည်း၊ "ဇာတာ ပထဝီတိ- မြေစစ်ဟူ၍၊" ဝုစ္စတိ- ၏၊ အတိရေကစာတုမာသံ- လေးလထက် အလွန်၊ သြဝဋ္ဌော- မိုးစိုပြီးသော၊ ယောပိ ပံသုပုဉ္ဇော ဝါ- အကြင် မြေမှုန့်ပုံသည်လည်းကောင်း၊ ယောပိ မတ္တိကာပုဉ္ဇော ဝါ- အကြင်မြေညက်ပုံသည်လည်းကောင်း၊

ပါသာဏစသည်။ ။ လက်ဆုပ်ပမာဏထက်ကြီးသော ကျောက်ခဲကို "ပါသာဏ" ဟု ခေါ်သည်။ လက်ဆုပ်ပမာဏရှိသော ကျောက်ခဲကို "သက္ခရ"ဟု ခေါ်သည်။ အိုးခြမ်း၏အစိတ်အပိုင်း အိုးခြမ်းကွဲတို့ကိုပင် "ကဋ္ဌလ"ဟု ခေါ်သည်။ ဖုံမှုန့်များလို နုညံ့မနေဘဲ ကြမ်းတမ်းသော အတွေ့ရှိသော ကျောက်မှုန့်ကို "မရုမ္မ"ဟု ခေါ်သည်။ ဝါလုကာမှာ သိသာထင်ရှားပါပြီ။ (ဝိ၊ဋ္ဌ၊၃၊၂၁။)

ယေဘုယ္ယေနပံသုကာ။ ။ မြေမှုန့်သုံးပုံနှစ်ပုံ ကျောက်စသည် တစ်ပုံပါရှိသော မြေမျိုးကို "ယေဘုယ္ယေနပံသုကာ"ဟု ခေါ်သည်။

အဒၶု။ ။ ဖိုခနောက်တည်၍ ထမင်းဟင်းစသည် ချက်ပြုတ်ဖုတ်ကင်ခြင်း သပိတ်ဖုတ်ခြင်း, အိုးဖုတ်ခြင်းစသည်တို့ကို မပြုလုပ်ဖူးသည့်အတွက် မီးမလောင်အပ်သော မြေမျိုးကို "အဒၶု"ဟု ခေါ်သည်။ ယင်း အဒၶုမြေမျိုးကား သီးခြားမဟုတ်ပါ။ သုဒ္ဓပံသု-စသည်တို့တွင် တစ်မျိုးမျိုးမျှသာ ဖြစ်ပါသည်။

http://www.dhammadownload.com

အတ္ထိ- ၏၊ သောပိ- ထိုသို့သဘောရှိသော မြေမှုန့်ပုံ မြေညက်ပုံကိုလည်း၊ ဇာတာပထဝီတိ- ဟူ၍၊ ဝုစ္စတိ- ၏။

သုဒ္ဓပါသာဏာ- မြေမှုန့်မြေညက်မဖက် ကျောက်သက်သက်သည်လည်းကောင်း၊ သုဒ္ဓသက္ခရာ- ကျောက်စရစ်သက်သက်သည်လည်းကောင်း၊ သုဒ္ဓကဋ္ဌလာ- သက်သက်သော အိုးခြမ်းကွဲသည်လည်းကောင်း၊ သုဒ္ဓမရုမ္မာ- ကျောက်ပြုတ်သက်သက်သည်လည်းကောင်း၊ သုဒ္ဓဝါလုကာ- သက်သက်သော သဲသည်လည်းကောင်း၊ ဝါ- သဲသက်သက်သည်လည်းကောင်း၊ အပ္ပပံသုကာ- နည်းသောမြေမှုန့်ရှိသော မြေသည်လည်းကောင်း၊ အပ္ပမတ္တိကာ- နည်းသောမြေညက်ရှိသော မြေသည်လည်းကောင်း၊ ယေဘုယ္ယေနပါသာဏာ- များသောအားဖြင့် ကျောက်ရှိသော မြေသည်လည်းကောင်း၊ ယေဘုယ္ယေန-သက္ခရာ- သည်လည်းကောင်း၊ ယေဘုယ္ယေနကဋ္ဌလာ- သည်လည်းကောင်း၊ ယေဘုယ္ယေနမရုမ္မာ- သည်လည်းကောင်း၊ ယေဘုယ္ယေနဝါလုကာ- များသော

ယေဘုယ္ယေနသက္ခရာ။ ။ ကျောက်စရစ်များသော မြေမျိုးကို "ယေဘုယ္ယေနသက္ခရာ"ဟု ဆိုထားသည်။ (သီဟိုဠ်ကျွန်း) ဟတ္ထိကုစ္ဆိအရပ်ဝယ် မြေတစ်တောင်းကိုယူ၍ ရေစကျင်းထဲမှာ ထည့်ဆေးကြည့်ကြသည်။ မြေကနည်း၍ ကျန်နေသော ကျောက်စရစ်က များနေသည်။ သို့ဖြင့် ယေဘုယ္ယေနသက္ခရမြေဖြစ်ကြောင်း သိရှိနားလည်ကြသည်။ ယင်းသို့ သိနားလည်သည့်အတွက်ကြောင့်ပင် ရဟန်းတော်များကိုယ်တိုင် ထိုအရပ်မှာ ရောက်တူးဖူးသည်ဟု တစ်ဆင့်ကြားအနေဖြင့် အဋ္ဌကထာ၌ ပြဆိုထားသည်။ ဤသည်ကိုပင် အထောက်အထားပြု၍ ကျောက်တောင်များ သဲတောင်များကို ရဟန်းကိုယ်တိုင် တူးနိုင်ကြောင်း မှတ်သားသင့်သည်။

အပ္ပပံသု အပ္ပမတ္တိကာ ။ ။ အပ္ပပံသု (နည်းသောမြေမှုန့်ရှိသော မြေ) နှင့် အပ္ပမတ္တိကာ (နည်းသော မြေညက်ရှိသော မြေ) တို့သည် ယေဘုယ္ယေနပါသာဏာစသော ငါးမျိုးတို့တွင် တစ်မျိုးမျိုးပင် ဖြစ်ဖွယ်ရာရှိသည်။ ထို့ကြောင့် ယင်းအပ္ပပံသုကာ, အပ္ပမတ္တိကာ-ဟူသော နှစ်မျိုးတို့သည် ယေဘုယ္ယေနပါသာဏာ-စသော ငါးမျိုးတို့၏ အတွင်းမှာပင် ပါဝင်ပြီး ဖြစ်ပေသည်။

ဥပရုပံသုမတ္တိကာ ။ ။ နည်းသောမြေမှုန့်ရှိသော မြေ, နည်းသော မြေညက်ရှိသော မြေတို့ကို အနာပတ္တိ (အာပတ် မသင့်ခြင်း) ၏ အကြောင်းဝတ္ထုအနေဖြင့် မိန့်ဆို ထားသောကြောင့် မြေမှုန့်ထက်ဝက်ပါရှိသောမြေမျိုး, မြေညက်ထက်ဝက်ပါရှိသော မြေမျိုးဌ်လည်း ပါစိတ်အာပတ်ဟုပင် ယူသင့်သည်။

ဇာတပထဝီ, အဇာတပထဝီမှ အလွတ်ဖြစ်သော တတိယမြေတစ်မျိုး မရှိသင့်တော့သည့်အတွက် ဤဥပရုမြေမျိုးကို ဒုက္ကဋ်ဝတ္ထုဟု မဆိုနိုင်တော့ပါ။ (ဝိမတိ၊ ၂၉။)

http://www.dhammadownload.com

အားဖြင့် သဲရှိသော မြေသည်လည်းကောင်း၊ **အဇာတာ** နာမ **ပထဝီ**- မြေစစ် မဟုတ်သော မြေမည်၏။ ဒဿာပိ- မီးလောင်အပ်ပြီးသော မြေကိုလည်း၊ အဇာတ-ပထဝီတိ- မြေစစ်မဟုတ်ဟူ၍၊ ဝုစ္စတိ- ၏၊ သြမကစာတုမာသံ- လေးလ အောက်အယုတ်၊ သြဝဒ္ဒေါ- မိုးစိုပြီးသော၊ (တစ်နည်း) သြမကစာတုမာသံ သြဝဒ္ဒေါ- မိုးစိုပြီးသည့်နောက် လေးလမပြည့်သေးသော၊ ယောပိ ပံသုပုဋ္ဌော ဝါ- အကြင်မြေမှုန့်ပုံသည်လည်းကောင်း၊ ယောပိ မတ္တိကာပုဋ္ဌော ဝါ- အကြင် မြေညက်ပုံသည်လည်းကောင်း၊ အတ္ထိ- ရှိ၏၊ သောပိ- ကိုလည်း၊ "အဇာတာ ပထဝီတိ- မြေစစ်မဟုတ်ဟူ၍၊" ဝုစ္စတိ- ဆိုအပ်၏။

တတ္ထ- ထိုနှစ်မျိုးသော မြေတို့တွင်၊ ဇာတပထဝိ- ဇာတပထဝီကို၊ ဝါ- မြေစစ်ကို၊ ခဏ္ဍွသ ဝါ- ကိုယ်တိုင်တူးသော ရဟန်း၏လည်းကောင်း၊ ခဏာပေန္တ-သ ဝါ- သူတစ်ပါးကို အတူးခိုင်းသော ရဟန်း၏လည်းကောင်း၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ- ၏။

တတြ- ထိုစကားရပ်၌၊ အယံ- ဤသည်ကား၊ ဝိနိစ္ဆယော- တည်း၊ သယံ-ရဟန်းကိုယ်တိုင်၊ သစေ ခဏတိ- အကယ်၍ တူးအံ့၊ ဧဝံ သတိ၊ ပဟာရေ ပဟာရေ- ပုတ်ခတ်တိုင်း ပုတ်ခတ်တိုင်း၌၊ (ပေါက်တူးစသည်ဖြင့် ပေါက်တိုင်း တူးဆွတိုင်း၌၊) ပါစိတ္တိယံ၊ ဟောတိ၊ အညံ- အခြားသူကို၊ သစေ အာဏာပေတိ-အကယ်၍ စေခိုင်းအံ့၊ ဧဝံ သတိ၊ သကိ- တစ်ကြိမ်၊ အာဏတ္တော- စေခိုင်း အပ်သူသည်၊ သကလဒိဝသံ- တစ်နေ့ပတ်လုံး၊ သစေပိ ခဏတိ- အကယ်၍ မူလည်း တူးစေဦးတော့၊ ဧဝံ သတိပိ- ဤသို့ပင် တူးပါသော်လည်း၊ အာဏာ-ပကဿ- စေခိုင်းသော ရဟန်း၏၊ ဧကမေဝ- တစ်ချက်သာလျှင်ဖြစ်သော၊ ပါစိတ္တိယံ၊ ဟောတိ၊ ပန- ဆက်၊ (အာဏတ္တော- သည်၊) ကုသိတော- ပျင်းသည်၊ ပုနပ္ပုနံ- ထပ်ခါ ထပ်ခါ၊ အာဏာပေတဗ္ဗော- စေခိုင်းထိုက်သည်၊ သစေ ဟောတိ- အံ့၊ ဧဝံ သတိ၊ တံ- ထိုပျင်းသူကို၊ အာဏာပေတ္တာ- စေခိုင်း၍၊ ခဏာပေန္တသ- တူးစေသော ရဟန်း၏၊ ဝါစာယ ဝါစာယ- စကားခွန်းတိုင်း စကားခွန်းတိုင်း၌၊ ပါစိတ္တိယံ၊ ဟောတိ။

ခဏ္ဍွသ ခဏာပေန္တသ ဝါ။ ။ ပျက်စီးစေလိုသောစိတ်ဖြင့် ရေကို သွန်းလောင်းခြင်း၊ ကျင်ငယ်ကို ပြင်းထန်စွာစွန့်ခြင်း၊ ခြေဖြင့် ရေးခြစ်ကစားခြင်း၊ တံမြက်စည်းဖြင့် ပွတ်တိုက်ခြင်း၊ မီးတိုက်ခြင်း စသည်တို့ကိုသော်မှ ကိုယ်တိုင်လည်း မလုပ်ကောင်း၊ အခြားသူကိုလည်း မခိုင်းကောင်းပါ။

http://www.dhammadownload.com

"ပေါက္ခရဏီ- လေးထောင့်ကန်ကို၊ ခဏာဟိ- တူးလော့၊" ဣတိ- သို့၊ သစေ ဝဒတိ- အံ့၊ ဧဝံ သတိ၊ ဝဋ္ဋတိ- အပ်၏။ (ဒီနေရာမှာ တူးပါဟု နေရာကို မသတ်မှတ်ဘဲ ခိုင်းသောကြောင့် အပ်သည်။ ဋီ။) ဟိ- မှန်၊ ဝါ- ကြောင့်၊ ခတာယေဝ- တူးမှသာ၊ ပေါက္ခရဏီ နာမ- မည်သည်၊ ဟောတိ၊ တသ္မာ- ကြောင့်၊ အယံ- "ပေါက္ခရဏီ ခဏာဟိ"ဟူသော ဤအသုံးအနှုန်းသည်၊ ကပ္ပိယဝေါဟာရော- အပ်သော အသုံးအနှုန်းတည်း။ "ဝါပိ ခဏ- ရေကန်ကို တူးလော၊ တဠာကံ ခဏ- တစ်ဖက်ဆည်ကန်ကို တူးလော၊ အာဝါဠံ ခဏ- တွင်းကို တူးလော၊" ဣတိအာဒိသုပိ- ဤသို့အစရှိသော စေခိုင်းခြင်းတို့၌လည်း၊ ဧသ နယော- တည်း။

ပန- ထိုမှပြန်လှန် မသင့်ဟန်ကား၊ "ဣမံ ဩကာသံ- ဤအရပ်ကို၊ ခဏ- တူးလော၊ ဣမသ္မိံ ဩကာသေ- ဤအရပ်၌၊ ပေါက္ခရဏီ- ကို၊ ခဏ- လော၊" ဣတိ- သို့၊ ဝတ္တုံ- နေရာသတ်မှတ် ပြောဆိုခြင်းငှာ၊ န ဝဋ္ဋတိ- မအပ်၊ "ကန္ဒံ- သစ်ဥကို၊ ခဏ၊ မူလံ- သစ်မြစ်ကို၊ ခဏ၊" ဣတိ- သို့ အနိယမေတွာ- (မည်သည့်သစ်ဥသစ်မြစ်ဟု) မသတ်မှတ်မူ၍၊ ဝတ္တုံ ဝဋ္ဋတိ၊ "ဣမံ ဝလ္လိံ- ဤနွယ်ကို၊ ခဏ၊ ဣမသ္မိံ ဩကာသေ- ၌၊ ကန္ဒံ- ကို၊ ခဏ၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ မူလံ ခဏ၊ ဣတိ ဝါ၊ ဝတ္တုံ- သတ်မှတ်၍ ပြောဆိုခြင်းငှာ၊ န ဝဋ္ဋတိ။

၇၃။ ပေါက္ခရဏီ- ကို၊ သောဓေန္တေဟိ- သုတ်သင်ရှင်းလင်းသော၊ ရဟန်းတို့သည်၊ (အပနေတုံ ဝဋ္ဋတိ-မှာ စပ်ပါ၊) ယော တနုကကဒ္ဒမော- အကြင် ကျဲသော ညွန်သည်၊ ဝါ- ကို၊ ကုဋ္ဌေဟိ- အိုးတို့ဖြင့်၊ ဥဿိဉ္စိတုံ- အထက်သို့ ခပ်ယူခြင်းငှာ၊ သက္ကာ- တတ်ကောင်းသည်၊ ဟောတိ၊ တံ- ထိုကျဲသော ညွန်ကို၊ အပနေတုံ- ဖယ်ရှားခြင်းငှာ၊ ဝဋ္ဋတိ- ၏၊ ဗဟလော- ပြစ်သော ညွန်ကို၊ အပနေတုံ၊ န ဝဋ္ဋတိ။

ဣမံ ဝလ္လိံ ခဏာ။ ။ "ဒီနွယ်ကို တူးလော"ဟု မြေတူးခြင်းကိုသာ ရည်ရွယ်ပြောဆိုသည့်အတွက် ပထဝီခဏာနသိက္ခာပုဒ်ဖြင့်သာ အာပတ်သင့်ရသည်။ ဘူတဂါမသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ပါ။ (သာရတ္ထ၊၃၊၅။)

တနုကကဒ္ဒမော။ ။ ရေနှင့်ရောနှောနေသော ရွှံညွန်ကို "တနုကကဒ္ဒမ"ဟု ဆိုသည်။ ယင်းရွှံညွန်မျိုးကို ရေနှင့်အလားတူသည့်အတွက် ပယ်ရှားကောင်းသည်။ (သာရတ္ထ၊၃၊၅။)

http://www.dhammadownload.com

အာတပေန- နေပူကြောင့်၊ သုက္ခကဒ္ဒမော- ခြောက်သောညွှန်သည်၊ ဖလတိ- ကွဲအက်၏၊ တတြ- ထိုခြောက်သော ညွှန့်၌၊ ဝါ- တွင်၊ ယော- အကြင်ညွှန်သည်၊ ဟေဋ္ဌာ- အောက်၌၊ ပထဝိယာ- မြေကြီးနှင့်၊ အသမ္ဗန္ဓော- မဆက်စပ်သည်၊ ဟောတိ၊ တမေဝ- ထိုမြေကြီးနှင့် မဆက်စပ်သော ညွှန်ကိုသာ၊ အပနေတုံ ဝဋ္ဋတိ၊ ဥဒကေန- ရေသည်၊ ဂတဋ္ဌာနေ- ရောက်အပ်ရာ အရပ်၌၊ ဥဒကပပ္ပဋ္ဌ- ကော နာမ- ရေလွှာမည်သည်၊ ဟောတိ- ရှိတတ်၏၊ ဝါတပဟာရေန- လေ၏ တိုက်ခတ်ခြင်းကြောင့်၊ စလတိ- လှုပ်၏။ တံ- ထိုရေလွှာကို၊ အပနေတုံ ဝဋ္ဋတိ။

ပေါက္ခရဏီအာဒီနံ- လေးထောင့်ကန်စသည်တို့၏၊ တဋ္ဌံ- ကမ်းပါးသည်၊ ဘိဇ္ဇိတ္ထာ- ပြတ်၍၊ ဝါ- ပြို၍၊ ဥဒကသာမန္တာ- ရေ၏ အနီး၌၊ ပတတိ- ကျ၏၊ သြမကစာတုမာသံ- လေးလအောက် အယုတ်၊ သြဝဋ္ဌံ- မိုးစွတ်အပ်သည်၊ သစေ ဟောတိ- အကယ်၍ ဖြစ်အံ့၊ ဧဝံ သတိ၊ (တံ- ထိုမြေကို၊) ဆိန္နိတုံ ဝါ- ဖြတ်ခြင်းငှာလည်းကောင်း၊ ဘိန္ဒိတုံ ဝါ- ခွဲခြင်းငှာလည်းကောင်း၊ ဝဋ္ဋတိ၊ စာတု- မာသတော- လေးလမှ၊ ဥဒ္ဓံ- အထက်၌၊ နု ဝဋ္ဋတိ- (မိုးတစ်ကြိမ် စွတ်ပြီးသည့် နောက် လေးလကြာသွားလျှင် ဇာတပထဝီဖြစ်သွားသည်၊ ထို့ကြောင့် မခွဲဖြတ်ကောင်းတော့ပါ။) ပန- ဆက်၊ တဋ္ဌံ- သည်၊ ဘိဇ္ဇိတ္ထာ- ၍၊ ဥဒကယေဝ- ရေ၌သာ၊ သစေ ပတတိ- အကယ်၍ ကျအံ့၊ ဧဝံ သတိ၊ ဒဝေန- မိုးသည်၊ (ဥဒကယေဝ- ရေကိုပင်လျှင်၊) အတိရေကစာတုမာသံ- လေးလထက် လွန်သော ကာလ၌၊ (ဝါ- ကာလတုန်းက) သြဝဋ္ဌေပိ- စွတ်အပ်ပါသော်လည်း၊ ဥဒကဿ- မိုးရေ၏၊ ဥဒကယေဝ- ရေပြင်၌သာလျှင်၊ ပတိတတ္တာ- ကျသည်၏ အဖြစ်ကြောင့်၊ ဝဋ္ဋတိ- အပ်၏။

ပါသာဏပိဋ္ဌိယံ- ကျောက်အပြင်ပေါ်၌၊ သောဏ္ဍိံ- ရေကန်ကို၊ ခဏန္တိ- တူးကြကုန်၏၊ တတ္ထ- ထိုရေကန်၌၊ ပဌမမေဝ- မိုးမရွာခင် ရှေးဦးကပင်လျှင်၊ သုခုမရဇံ- သိမ်မွေ့သော မြူမှုန်သည်၊ သစေ ပတတိ- အံ့၊ တံ- ထိုမြူမှုန်သည်၊ ဝါ- ကို၊ ဒဝေန- မိုးသည်၊ သြဝဋ္ဌံ- စွတ်အပ်သည်၊ စေ ဟောတိ- အံ့၊ ဧဝံ

ဥဒကပပ္ပဋ္ဌကော။ ။ မြေ၏ချိုင့်ဝှမ်းရာအရပ်သို့ မြစ်ရေ ချောင်းရေစသည်တို့ စီးဝင်လာသည့်အခါ ရေ၏အပေါ်မျက်နှာပြင်ကို ဖုံးလွှမ်းလျက် ပါးသော မြေမှုန့်ဖြစ်စေ မြေသားဖြစ်စေ အချပ်အလွှာဖြစ်၍ ပေါလော ပေါ်နေတတ်သည်။ ယင်း အချပ်အလွှာသည် ရေခန်းသွားသည့်အခါမှာလည်း လေတိုက်တိုင်း လှုပ်ကာလှုပ်ကာ တည်နေပါတော့သည်။ ၎င်းကိုပင် "ဥဒကပပ္ပဋ္ဌက (ရေလွှာ)"ဟု ခေါ်ပါသည်။ (ဝိမတိ၊ ၂၁၀။)

http://www.dhammadownload.com

သတိ၊ စာတုမာသစ္ဆယေန- လေးလလွန်သဖြင့်၊ ဝါ- လေးလလွန်ရာအခါ၌၊ အကပ္ပိယပထဝီသ၌- အကပ္ပိယပထဝီဟူသော အရေအတွက်သို့၊ ဂစ္ဆတိ- ၏၊ (ဇာတပထဝီဖြစ်သွားသည်) ဥဒကေ- ရေသည်၊ ပရိယာဒိန္နေ- ကုန်ခန်းလသော်၊ သောဏ္ဍီ- ကို၊ သောဓေန္တေဟိ- သုတ်သင်သော ရဟန်းတို့သည်၊ တံ- ထိုမြူမှုန် (မြေ) ကို၊ ဝိကောပေတုံ- ဖျက်ဆီးခြင်းငှာ၊ န ဝဋ္ဋတိ- မအပ်၊ (ပန်းအိုးထဲ၌ ထည့်ထားသော်လည်း မိုးရေစိုစွတ်ထားသော မြေသည် လေးလကြာသွားလျှင် ဇာတပထဝီပင် ဖြစ်သည်ဟု မှတ်ပါ။)

ပဌမမေဝ- မိုးမရွာခင် ရှေးဦးကပင်လျှင်၊ ဥဒကေန- ရေဖြင့်၊ သစေ ပူရတိ- အကယ်၍ ပြည့်နေအံ့၊ ပစ္ဆာ- နောက်မှ၊ ရဇံ- မြူမှုန်သည်၊ သစေ ပတတိ- အံ့၊ ဧဝံ သတိ၊ တံ- ထိုမြူမှုန် (မြေ) ကို၊ ဝိကောပေတုံ ဝဋ္ဋတိ၊ (ကသ္မာ ဝိကောပေတုံ ဝဋ္ဋတိ- နည်း၊) ဟိ (ယသ္မာ)- ကြောင့်၊ တတ္ထ- ထိုရေပြည့်သော ရေကန်၌၊ ဒေဝေ- မိုးသည်၊ ဝဿန္တေပိ- ရွာသော်လည်း၊ ဥဒကေယေဝ- ရေ၌သာ၊ ဥဒကံ- မိုးရေသည်၊ ပတတိ- ကျ၏၊ (တသ္မာ ဝိကောပေတုံ ဝဋ္ဋတိ၊) (ရေပြည့်ပြီးမှ ကျလာသော မြူမှုန်က ရေအတွင်းသို့ ရောက်နေသည့်အခါ မိုးမစိုနိုင်သောကြောင့် ဇာတပထဝီ မဖြစ်နိုင်တော့ပါ။) ပိဋ္ဌိပါသာဏော- ကျောက်ဖျာအပြင်ပေါ်၌၊ သုခုမရဇံ- သိမ်မွေ့သော မြူမှုန်သည်၊ ဟောတိ၊ ဒေဝေ- မိုးသည်၊ ဖုသာယန္တေ- ထိလသော်၊ အလ္လီယတိ- ငြိကပ်၏၊ တမ္ပိ- ထိုမြူမှုန်ကိုလည်း၊ စာတုမာသစ္ဆယေန ဝိကောပေတုံ န ဝဋ္ဋတိ။

အကတပဘ္ဘာရေ- မပြုပြင်အပ်သော တောင်ဝှမ်း၌၊ ဝမ္မိကော- တောင်ပို့သည်၊ ဥဋ္ဌိတော- ပေါက်လာသည်၊ ဟောတိ- ဖြစ်အံ့၊ ယထာသုခံ- ချမ်းသာသည့်အားလျော်စွာ၊ ဝိကောပေတုံ ဝဋ္ဋတိ၊ အဇ္ဈောကာသေ- လွင်တီးခေါင်၌၊ (ဝမ္မိကော- သည်၊ သစေ ဥဋ္ဌဟတိ- အကယ်၍ ပေါက်အံ့၊ ဧဝံ သတိ၊ ဩမကစာတုမာသံ- လေးလအောက် အယုတ်၊ ဩဝဋ္ဌောယေဝ- မိုးစိုအပ်သော်သာ၊ (မိုးစိုပြီးသည့်နောက် လေးလမပြည့်မီသာ၊) ဝိကောပေတုံ ဝဋ္ဋတိ။

အကတပဘ္ဘာရေ။ ။ မည်သူတစ်ဦးတစ်ယောက်မျှ မပြုပြင်ဘဲ အသုံးမပြုဘဲ ထားသော တောင်ဝှမ်းကို "အကတပဘ္ဘာရ"ဟု ဆိုထားသည်။ ယင်းတောင်ဝှမ်းမျိုးမှာသာ တောင်ပို့ပေါက်တတ်သည့်အတွက်ကြောင့်ပင် ဖြစ်သည်။ အမှန်မှာမူ မည်သည့် တောင်ဝှမ်း တောင်ခေါင်းမှာ မဆို တောင်ပို့ပေါက်လျှင် မိုးရေ တိုက်ရိုက်မစိုသောကြောင့် ဖျက်ဆီးကောင်းသည်သာ။

http://www.dhammadownload.com

ရုက္ခာဒီသု- သစ်ပင်အစရှိသည်တို့၌၊ အာရုဇ္ဇဥပစိကမတ္တိကာယမွိ- တက်သော ခြမြေညက်၌လည်း၊ ဧသေဝ နယော- တည်း၊ (မိုးမစိုသေးသော ခြအိမ်, မိုးစိုပြီးသည့်နောက် လေးလမကြာသေးသော ခြအိမ်တို့ကို ဖျက်ကောင်းသည်၊ မိုးစိုပြီးနောက် လေးလကျော်လွန်သွားလျှင် မဖျက်ကောင်းတော့ပါ။) ဂဏ္ဌုပ္ပါဒ-ဂူထမူသိကုက္ကရဂေါကဏ္ဏကာဒီသုပိ- တီကျစ်စာ, ကြွက်ကျစ်စာ, နွားခွာဖြင့် ဖြတ်အပ်သော ဆူးညွန်အစရှိသည်တို့၌လည်း၊ ဧသေဝ နယော- တည်း၊ ဂါဝီန်-နွားတို့၏၊ ခုရစ္ဆိန္နကဒ္ဒမော- ခွာဖြင့်ဖြတ်အပ်သော ညွန်ကို၊ ဂေါကဏ္ဏကော နာမ- ဂေါကဏ္ဏကမည်၏ဟူ၍၊ ဝုစ္စတိ- ၏၊ ပန- ဆက်၊ (ဂေါကဏ္ဏကော-နွားခွာစာခဲသည်၊) ဟေဋ္ဌိမတလေန- အောက်အပြင်အားဖြင့်၊ ဘူမိသမ္ဗန္ဓော-မြေကြီးနှင့် ဆက်စပ်နေသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ဧကဒိဝသမွိ- တစ်ရက်မျှ၌လည်း၊ ဝါ- တစ်ရက်မျှရှိသော နွားခွာစာခဲကိုလည်း၊ ဝိကောပေတုံ၊ န ဝဋ္ဋတိ၊ (လေးလအောက် ယုတ်လျော့သည်ကို မဆိုထားဘိ၊ တစ်ရက်မျှရှိသော နွားခွာစာခဲကိုပင် မဖျက်ဆီးကောင်းဟူ၏။) ကသိတဋ္ဌာနေ- ထွန်အပ်သော အရပ်၌၊ နင်္ဂလစ္ဆိန္နမတ္တိကာပိဏ္ဍံ- ထွန်သွားဖြင့် ဖြတ်အပ်သော မြေစိုင်ခဲကို၊ ဂဏ္ဌန္တိသ- ယူသော ရဟန်း၏၊ ဧသေဝ နယော၊ (ထွန်စာခဲ ထယ်စာခဲက အောက်မြေနှင့် စပ်နေလျှင် မယူကောင်း၊ မစပ်လျှင် ယူကောင်းသည်။)

အစ္ဆဒနံ ဝါ- အမိုးမရှိသည်မူလည်းဖြစ်သော၊ ဝိနဋ္ဌစ္ဆဒနံ ဝါ- ပျက်သော အမိုးရှိသည်မူလည်းဖြစ်သော၊ ပုရာဏသေနာသနံ- ကျောင်းဟောင်းသည်၊

ဂေါကဏ္ဏက ။ ။ နွားခွာဖြင့်ဖြတ်အပ်သောညွန်ခဲ နွားခွာစာခဲသည် "ဂေါကဏ္ဏက"မည်သည်။ ယင်းနွားခွာစာခဲသည် အောက်မြေနှင့် ဆက်စပ်မှု မရှိအောင် ပြတ်ထွက်သွားပါက မိုးရေစိုစွတ်ပြီးသည့်နောက် လေးလမပြည့်မီ ဖျက်ဆီးကောင်းသည်။ လေးလပြည့်သွားက မဖျက်ဆီးကောင်းတော့ပါ။ ပြတ်ထွက်မသွားဘဲ အောက်မြေနှင့် ဆက်စပ်နေသော နွားခွာစာခဲကိုမူ လုံးဝမဖျက်ဆီးကောင်းပါ။ ဤသို့ယူသင့်မည်ထင်သည်။

သာရတ္ထဋီကာ၌မူကား နွားခွာစာခဲသည် အောက်မြေနှင့် ဆက်စပ်နေပါသော်လည်း မြေမှပြတ်၍ အထက်သို့မြင့်တက်နေသောကြောင့် မြင့်တက်နေသော ထိပ်ဖျားကယူကောင်းသည်ဟု ဆိုကြသည်။ ဤသို့ ပြဆိုထားပေသည်။

မူလနေရာမှကင်းကွာအောင် ခြေတို့ဖြင့် နင်းဖြတ်မွေနှောက်ထားသော ညွန်ကိုလည်း ယူကောင်းသည်။ (သာရတ္ထ၊၃၊၁၅။)

အစ္ဆဒနံ ဝါ ဝိနဋ္ဌစ္ဆဒနံ ဝါ ။ ။ အမိုးမရှိသော ကျောင်းဟောင်း အမိုးပျက်နေသော ကျောင်းဟောင်းသည် မိုးစိုပြီး၍ လေးလလွန်က ဇာတပထဝီဖြစ်သည်။ (ဟိန္နကုလားများ နေသော မြေညက်အိမ်ကဲ့သို့ ကျောင်းမျိုးကို ဆိုလိုပါသည်။)

http://www.dhammadownload.com

ဟောတိ- ရှိတတ်၏၊ စာတုမာသံ- လေးလပတ်လုံး၊ သြဝဋ္ဌံ- မိုးစွတ်အပ်ပြီးသည်၊ သမာနံ- ဖြစ်လသော်၊ ဇာတပထဝီသဒ္ဒံမေဝ- ဇာတပထဝီ ဟူသော အရေအတွက်သို့သာ၊ ဂစ္ဆတိ- ရောက်၏၊ တတော- ထိုကျောင်းဟောင်းမှ၊ အဝသေသံ- ကြွင်းကျန်သော၊ ဆဒနိဋ္ဌကံ ဝါ- အမိုးအုတ်ကိုသော်လည်းကောင်း၊ ဂေါပါနသီ- အာဒိကံ- အခြင် ဒိုင်းမြား အစရှိသော၊ ဥပကရဏံ ဝါ- အဆောက်အဦကို သော်လည်းကောင်း၊ (အာကာရ အပြင်ဘက် ဂဏှိတုံ-မှာစပ်၊) "ဣဋ္ဌကံ- အုတ်ကို၊ ဂဏှာမိ- ယူ၏၊ ဂေါပါနသီ- အခြင် ဒိုင်းမြား (သစ်ဝါး) ကို၊ ဂဏှာမိ၊ ဘိတ္တိပါဒံ- နံရံခြေကို၊ ဂဏှာမိ၊ ပဒရတ္ထရဏံ- ပျဉ်ချပ်အခင်းကို၊ ဂဏှာမိ၊ ပါသာဒတ္ထမ္ဘံ- ကျောင်းတိုင်ကို၊ (ပါသာဏထမ္ဘံ- ကျောက်တိုင်ကို၊ ဝိ၊ဋ္ဌ၊၃၊၂၂။) ဂဏှာမိ- ယူ၏။" ဣတိ- ဤသို့သော၊ သညာယ- အမှတ်သညာဖြင့်၊ ဂဏှိတုံ ဝဋ္ဋတိ၊ တေန- ထိုအုတ်အစရှိသည်နှင့်၊ သဒ္ဓိံ- တကွ၊ မတ္တိကာ- မြေသည်၊ ပတတိ- ပြိုကျလာအံ့၊ အနာပတ္တိ- (မြေကို ယူမည်ဟူသော အမှတ်သညာ မရှိသောကြောင့် မြေပြို ကျသော်လည်း အာပတ်မသင့်။) ပန- ထိုမှပြန်လှန် မသင့်ဟန်ကား၊ ဘိတ္တိမတ္တိကံ- နံရံမြေညက်ကို၊ ဂဏှန္တဿ အာပတ္တိ ဟောတိ၊ ယာ ယာ- အကြင် အကြင် မြေညက်ကို၊ အတိန္တာ- မိုးမစိုအပ်၊ တံ တံ- ထိုထို မိုးမစိုသော မြေညက်ကို၊ သစေ ဂဏှာတိ၊ ဧဝံ သတိ၊ အနာပတ္တိ ဟောတိ။

အန္တောဂေဟေ- အိမ်၏ အတွင်း၌၊ မတ္တိကာပုဉ္ဇော- မြေညက်ပုံသည်၊ ဟောတိ- ရှိတတ်၏၊ တသ္မိံ- ထိုမြေပုံကို၊ ဧကဒိဝသံ- တစ်နေ့၌၊ သြဝဋ္ဌေ- မိုးစွတ်အပ်ပြီးသော်၊ (မိုးစိုပြီးမှ) ဂေဟံ- အိမ်ကို၊ ဆာဒေန္တိ- မိုးကုန်အံ့၊ သတ္ထော- (တွင်းပြင်လွှမ်းခြုံ) အလုံးစုံသော မြေညက်ပုံသည်၊ တိန္တော- မိုးစိုအပ်သည်၊ သစေ ဟောတိ- အံ့၊ ဧဝံ သတိ၊ စာတုမာသစ္စယေန- ၌၊ ဇာတာပထဝီယေဝ- ပင်တည်း၊ အဿ- ထိုမြေညက်ပုံ၏၊ ဥပရိဘာဂေယေဝ- အထက်အဖို့ကိုသာ လျှင်၊ တိန္တော- မိုးစွတ်အပ်သည်၊ (ဟုတွာ၊) အန္တော- အတွင်းအဖို့သည်၊ အတိန္တော- မိုးမစိုစွတ်အပ်သည်၊ အထ ဟောတိ၊ ဧဝံ သတိ၊ ယတ္တက်- အကြင် မျှလောက်သော အရပ်ကို၊ တိန္တံ- မိုးစိုအပ်၏၊ တံ- ထိုမိုးစိုသမျှသော အရပ်ကို၊

ဤစကားရပ်၌ "အစ္ဆဒနံ (အမိုးမရှိသော), ဝိနဋ္ဌစ္ဆဒနံ (အမိုးပျက်နေသော)"ဟူသော ဝိသေသနပုဒ်များဖြင့် ဖြောင့်ဖြောင့် ကောင်းကင်ကျမိုးရေစိုမှသာ ဇာတပထဝီဖြစ်သည်။ အမိုးစသည်တို့၌ ထိခိုက်လွင့်စဉ်လာသော မိုးရေမျိုးစိုပါက ဇာတပထဝီပင် မဖြစ်ဟူသော သဘောကိုပြသည်။

http://www.dhammadownload.com

ကပ္ပိယကာရကေဟိ- တို့ကို၊ ကပ္ပိယဝေါဟာရေန- အပ်သော အသုံးအနှုန်းဖြင့်၊ (ဤမြေကိုသိစမ်းစသော အသုံးအနှုန်းမျိုးဖြင့်၊) အပနာမေတွာ- ပယ်ရှားစေပြီး၍၊ သေသံ- ကြွင်းသော မြေညက်ကို၊ ယထာသုခံ- ချမ်းသာသည်အားလျော်စွာ၊ ဝဋ္ဋဠေတုံ- သုံးစွဲခြင်းငှာ၊ ဝဋ္ဋတိ၊ (ကသ္မာ- နည်း၊) ဟိ (ယသ္မာ)- အကြောင့်ကြောင့်၊ ဥဒကေန- ရေဖြင့်၊ တေမေတွာ- စိုစေ၍၊ ဧကာဗဒ္ဓါယေဝ- တစ်စပ်တည်း ဖွဲ့စပ်အပ်သော မြေသည်သာ၊ ဇာတပထဝီ- သည်၊ ဟောတိ၊ ဂ္ဂတရာ- အခြားသော မြေသည်၊ ဇာတပထဝီ န ဟောတိ၊ ဂ္ဂတိ (တသ္မာ)- ထို့ကြောင့်တည်း။ [ဤအဋ္ဌကထာ၌ "သေသံ ယထာသုခံ ဝဋ္ဋဠေတုံ ဝဋ္ဋတိ ဥဒကေန တေမိတတ္တာ။ ဧကာဗဒ္ဓါယေဝ ဟိ ဇာတပထဝီ ဟောတိ န ဂ္ဂတရာ။"ဟု ရှိနေသည်၊ ဝဋ္ဋတိ-နောင် ပုဒ်မရှိဘဲ တေမိတတ္တာ-နောင် ပုဒ်ရှိနေသောကြောင့် အဓိပ္ပါယ်မရဖြစ်နေသည်။]

အဇ္ဈောကာသေ- လွင်တီးခေါင်၌၊ မတ္တိကာပါကာရော- မြေညက်တံတိုင်းသည်၊ ဟောတိ- ရှိတတ်၏၊ အတိရေကစာတုမာသံ- လေးလထက် အလွန်၊ သြဝဿော- မိုးစိုအပ်ပြီးသည်၊ သမာနော- သော်၊ ဇာတပထဝီသခ္ခိ- သို့၊ ဂစ္ဆတိ-၏၊ ပန- ဆက်၊ တတ္ထ- ထိုမြေညက်တံတိုင်း၌၊ လဂ္ဂပံသုံ- ငြိကပ်နေသော မြူမှုန့်ကို၊ အလ္လဟတ္ထေန- စိုသော လက်ဖြင့်၊ ဆုပိတွာ- တို့၍၊ ဂဟေတုံ ဝဋ္ဋတိ၊ (လက်ဖြင့် ကုပ်၍ ခြစ်၍ကား မယူကောင်း၊) ဂ္ဂဋ္ဌကပါကာရော- အုတ်တံတိုင်းသည်၊ သစေ ဟောတိ- အံ့၊ ဧဝံ သတိ၊ ယေဘုယ္ယေနကဋ္ဌလဋ္ဌာနေ- များသောအားဖြင့် အိုးခြမ်းကွဲ၏အရာ၌၊ တိဋ္ဌတိ- တည်၏၊ ယထာသုခံ ဝိကောပေတုံ ဝဋ္ဋတိ၊ အဇ္ဈောကာသေ- ၌၊ ဌိတမဏ္ဍူပတ္ထမ္ဘံ- တည်သော မဏ္ဍပ်တိုင်ကို၊ ဂ္ဂတော စိတော စ- ဤမှဤမှလည်း၊ သဉ္စာလေတွာ- လှုပ်စေ၍၊ ပထဝိ- ကို၊ ဝိကောပေန္တေန- ဖျက်ဆီးလျက်၊ ဂဟေတုံ န ဝဋ္ဋတိ၊ ဥဇုကမေဝ- ဖြောင့်ဖြောင့်သာလျှင်၊ ဥဒ္ဓရိတုံ- နုတ်ခြင်းငှာ၊ ဝဋ္ဋတိ၊ (ဟိုဖက်တွန်းလိုက် ဒီဖက်ဆွဲလိုက် လုပ်ပြီး နဲ့လျက်မနုတ်ရ၊ အထက်သို့ တည့်တည့်သာ ဆွဲနုတ်ကောင်းသည်။) အညမ္ပိ- မဏ္ဍပ်တိုင်မှ အခြားလည်းဖြစ်သော၊ သုက္ခရုက္ခံ ဝါ- သစ်ပင်ခြောက်ကို သော်လည်းကောင်း၊ သုက္ခဓါဏုကံ ဝါ- သစ်ငုတ်ခြောက်ကိုသော်လည်းကောင်း၊ ဂဏ္ဌန္တဿ- ယူသောရဟန်း၏၊ ဧသေဝ နယော- တည်း၊ (မနဲ့ဘဲ နုတ်ကောင်းသည်။)

ဥဒကေန ။ ။ ဖြောင့်ဖြောင့် ကောင်းကင်ကသာကျသော မိုးရေစိုမှ ဇာတပထဝီဖြစ်သည်။ တစ်ခုခုမှာ ထိခိုက်ပြီးမှ လွင့်စဉ်ကျလာသော မိုးရေစိုလျှင် ဇာတပထဝီပင်မဖြစ်၊ ဖျက်ဆီးကောင်းသည်ဟု ဆိုကြသည်။ (သာရတ္ထ၊၃၊၁၅။)

http://www.dhammadownload.com

၇၄။ နဝကမ္မတ္ထံ- အသစ်အသစ်ဖြစ်သော အမှုအကျိုးငှာ၊ ထမ္ဘံ ဝါ- တိုင်ကို သော်လည်းကောင်း၊ ပါသာဏံ ဝါ- ကျောက်တုံးကိုသော်လည်းကောင်း၊ ရုက္ခံ ဝါ- သစ်တုံးကိုသော်လည်းကောင်း၊ ဒဏ္ဍကေဟိ- တုတ်တို့ဖြင့်၊ ဥစ္စာလေတွာ- မြှောက်ကော်၍၊ (ကုတ်တို့ဖြင့် ကော်၍၊) ပဝဋ္ဋေန္တာ- လှိမ့်ကုန်လျက်၊ ဂစ္ဆန္တိ- သွားကြကုန်၏၊ တတ္ထ- ထိုသို့လှိမ့်သွားရာ၌၊ ဇာတပထဝီ- သည်၊ ဘိဇ္ဇတိ- ပျက်၏၊ သုဒ္ဓစိတ္တာ- စင်ကြယ်သော စိတ်ရှိကုန်သည်ဖြစ်၍၊ သစေ ပဝေဒ္ဓန္တိ- အကယ်၍ လှိမ့်ကုန်အံ့၊ ဧဝံ သတိ၊ အနာပတ္တိ၊ အထ ပန- သို့မဟုတ်၊ တေန အပဒေသေန- ထိုညွှန်ပြအပ်သော အမြွက်ဖြင့်၊ (တိုင်စသည်ကို လှိမ့်တာပဲ၊ မြေပျက်ချင်ပျက်ပစေပေါ့ဟု အမြွက်ထောင်သဖြင့်၊) ပထဝိံ- ကို၊ ဘိန္ဒိတုကာမာ- ယေဝ- ဖျက်ဆီးလိုကုန်သည်သာလျှင်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ အာပတ္တိ ဟောတိ၊ သာခါဒီနိ- သစ်ခက်အစရှိသည်တို့ကို၊ ကမ္မန္တာနမ္ပိ- ဆွဲငင်ကုန်သော ရဟန်းတို့၏ လည်းကောင်း၊ ပထဝိယံ- မြေပေါ်၌၊ ဒါရူနိ- ထင်းတို့ကို၊ ဖာလေန္တာနမ္ပိ- ခွဲကုန်သော ရဟန်းတို့၏လည်းကောင်း၊ ဧသေဝ နယော- ပင်တည်း။

ပထဝိယံ- မြေ၌၊ အဋ္ဌိသူစိကဏ္ဏကာဒီသုပိ- အရိုး, အပ်, ဆူးအစရှိသည်တို့တွင်လည်း၊ ယံ ကိဉ္စိ- အမှတ်မရှိ တစ်စုံတစ်ခုကို၊ အာကောဋ္ဌေတုံ ဝါ- စိုက်(ရိုက်)နှက်ခြင်းငှာလည်းကောင်း၊ ပဝေသေတုံ ဝါ- သွင်းခြင်းငှာလည်းကောင်း၊ န ဝဋ္ဋတိ၊ "ပဿာဝဓာရာယ- ကျင်ငယ်အလျဉ်၏၊ ဝေဂေန- အဟုန်ဖြင့်၊ (ကျင်ငယ်ကို တအားပြင်းပြင်းစွန့်သဖြင့်) ပထဝိ- မြေကို၊ ဘိန္ဒိဿာမိ- ဖျက်ဆီးအံ့၊" ဣတိ- ဤသို့ကြံ၍၊ ဧဝံ- ဤသို့ (အဟုန်ပြင်းထန်စွာ)၊ ပဿာဝမ္ပိ- ကျင်ငယ်ကို သော်မှလည်း၊ ကာတုံ န ဝဋ္ဋတိ၊ ကရောန္တဿ- ပြုစဉ်၊ ဘိဇ္ဇတိ- မြေပျက်အံ့၊ အာပတ္တိ ဟောတိ၊ "ဝိသမဘူမိ- မညီညွတ်သောမြေကို၊ သမံ- ညီညွတ်အောင်၊ ကရိဿာမိ- ပြုအံ့၊" ဣတိ- ဤသို့ကြံ၍၊ သမ္မဇ္ဇနိယာ- တံမြက်စည်းဖြင့်၊ ယံသိတုမ္ပိ- ပွတ်တိုက်ခြင်းငှာလည်း၊ န ဝဋ္ဋတိ၊ ဟိ- မှန်၊ ဝတ္တသီသေနေဝ- ကျင့်ဝတ်ကို အဦးပြုသဖြင့်သာလျှင်၊ သမ္မဇ္ဇိတဗ္ဗံ- တံမြက်လှည်းရမည်။

ကေစိ- အချို့ပုဂ္ဂိုလ်တို့သည်၊ ကတ္တရယဋ္ဌိယာ- မတောင့်ဖြင့်၊ ဘူမိ- မြေကို၊ ကောဋ္ဋေန္တိ- ရိုက်နှက်တတ်ကြကုန်၏၊ (ရိုက်နှက်သကဲ့သို့ နာနာထောက်တတ်ကြကုန်၏၊) ပါဒင်္ဂုဋ္ဌကေန- ခြေမဖြင့်၊ ဝိလိခန္တိ- ခြစ်တတ်ကြကုန်၏၊ "စက်မိ- တဋ္ဌာနံ- စကြံသွားအပ်သော အရပ်ကို၊ ဒဿေဿာမ- ပြကုန်အံ့၊" ဣတိ- ဤသို့ကြံ၍၊ ပုနပ္ပုနံ- ထပ်ကာ ထပ်ကာ၊ ဘူမိ- ကို၊ ဘိန္ဒန္တာ- ဖျက်ဆီးကုန်လျက်၊

http://www.dhammadownload.com

စင်္ကမန္တိ- စင်္ကြံသွားတတ်ကြကုန်၏၊ သဗ္ဗံ- အလုံးစုံသော အမှုသည်၊ (ဘူမိ-ကောဋ္ဌန-စသည် ဥသုံ အလုံးစုံသည်၊) န ဝဋ္ဌတိ၊ ပန- ဆက်၊ ဝီရိယသမ္ပဂ္ဂဟတ္ထံ- ဝီရိယကို ချီးမြှောက်ခြင်းအကျိုးငှာ၊ သမဏဓမ္မံ- ရဟန်းတရားကို၊ ကရောန္တေန- ပြုလျက်၊ သုဒ္ဓစိတ္တေန- သန့်ရှင်းသော စိတ်ဖြင့်၊ (ပထဝီခဏနစိတ် မပါဘဲ၊) စင်္ကမိတုံ ဝဋ္ဌတိ၊ (ထိုင်နေ လျောင်းနေလျှင် ဝီရိယလျော့သွားတတ်သည်၊ ထို့ကြောင့် ဝီရိယကို ချီးမြှောက်ခြင်းအကျိုးငှာ ရှေးကစင်္ကြံသွားလျက် တရားနှလုံးသွင်းလေ့ရှိကြသည်၊ "ဟတ္ထံ- လက်ကို၊ ဓောဝိဿာမ- ဆေးကုန်အံ့၊" ဣတိ- ဤသို့ ကြံ၍၊ ပထဝိယံ- ၌၊ ဃံသန္တိ- ပွတ်တိုက်ကြကုန်၏၊ န ဝဋ္ဌတိ၊ ပန- အလျော်အသင့်ကား၊ အဃံသန္တေန- မပွတ်တိုက်ဘဲ၊ အလ္လဟတ္ထံ- စိုသော လက်ကို၊ ပထဝိယံ- ၌၊ ဌပေတွာ- ၍၊ ရဇံ- မြူမှုန်ကို၊ ဂဟေတုံ ဝဋ္ဌတိ။

ကေစိ- အချို့ပုဂ္ဂိုလ်တို့သည်၊ ကဏ္ဍုကစ္ဆုအာဒီဟိ- ယားနာ ဝဲနာအစရှိသည်တို့ဖြင့်၊ အာဗာဓိကာ- အနာရှိကုန်သည်၊ ဟုတွာ၊ ဆိန္နတဋာဒီသု- ပြတ်သော ကမ်းပါးအစရှိသော အရပ်တို့၌၊ အင်္ဂပစ္စင်္ဂါနိ- အင်္ဂါကြီးငယ်တို့ကို၊ ဃံသန္တိ- ပွတ်တိုက်တတ်ကြကုန်၏၊ န ဝဋ္ဌတိ၊ ဇာတပထဝိံ- ကို၊ ဒဟတိ ဝါ- ကိုယ်တိုင်မူလည်း မီးတိုက်အံ့၊ ဒဟာပေတိ ဝါ- သူတစ်ပါးကိုသော်လည်း မီးတိုက်စေအံ့၊ (ဘိက္ခုနော- ရဟန်း၏၊) ပါစိတ္တိယံ၊ အန္တမသော- အားဖြင့်၊ ပတ္တမ္ပိ- သပိတ်ကိုသော်လည်း၊ ပစန္တော- ဖုတ်စဉ်၊ ယတ္တကေသု- အကြင်မျှ အတိုင်းအရှည်ရှိကုန်သော၊ ဌာနေသု- အရပ်တို့၌၊ အဂ္ဂိံ- မီးကို၊ ဒေတိ ဝါ- ကိုယ်တိုင်မူလည်း ပေးအံ့၊ ဒါပေတိ ဝါ- သူတစ်ပါးကိုမူလည်း ပေးစေအံ့၊ တတ္တကာနိ- ထိုမျှ အတိုင်းအရှည်ရှိကုန်သော၊ ပါစိတ္တိယာနိ၊ တသ္မာ- ကြောင့်၊ ပတ္တံ- ကို၊ ပစန္တေနပိ- ဖုတ်သော ရဟန်းသည်လည်း၊ ပုဗ္ဗေ- ရှေး၌၊ ပက္ကဌာနေယေဝ- ဖုတ်အပ် ဖူးရာ အရပ်၌သာလျှင်၊ ပစိတဗ္ဗော- ဖုတ်ထိုက်၏။

အဒဿာယ- မီးမလောင်အပ်ဖူးသော၊ ပထဝိယာ- ၌၊ အဂ္ဂိံ ဌပေတုံ န ဝဋ္ဌတိ၊ ပန- ဆက်၊ ပတ္တပစနကပါလဿ- သပိတ်ဖုတ်ရာ အိုးကင်း၏၊ ဥပရိ- အထက်၌၊ အဂ္ဂိံ ဌပေတုံ ဝဋ္ဌတိ၊ ဒါရူနံ- ထင်းတို့၏၊ ဥပရိ- ၌၊ (အဂ္ဂိံ- မီးကို၊ ဌပေတိ- ထားတတ်၏၊ သော အဂ္ဂိ- သည်၊ တာနိ- ထိုထင်းတို့ကို၊ ဒဟန္တော- လောင်လျက်၊ ဂန္တွာ- သွား၍၊ ပထဝိံ- ကို၊ ဒဟတိ၊ န ဝဋ္ဌတိ၊ (ထင်းများက လောင်စာဖြစ်နေသည့်အတွက်ကြောင့်ပင်၊) ဣဌကကပါလာဒီသုပိ- အုတ်ဖုတ်ရာကျင်း (အုတ်ကျင်း) စသည်တို့၌လည်း၊ ဧသေဝ နယော၊ ဟိ- မှန်၊ တတြာပိ- ထိုအုတ်

http://www.dhammadownload.com

ကျင်းအစရှိသည်တို့၌လည်း၊ ဣဋ္ဌကာဒီနံယေဝ- အုတ်အစရှိသည်တို့၏သာ၊ ဥပရိ (အဂ္ဂိ) ဌပေတုံ ဝဋ္ဋတိ၊ ကသ္မာ- အဘယ်ကြောင့်နည်း၊ တေသံ- ထိုအုတ်အစရှိသည်တို့၏၊ အနုပါဒါနတ္တာ- လောင်စာမဟုတ်ကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ဟိ- မှန်၏၊ တာနိ- ထိုအုတ်အစရှိသည်တို့သည်၊ အဂ္ဂိဿ- မီး၏၊ ဥပါဒါနသခ္ခိ- လောင်စာဟူသော အရေအတွက်သို့၊ န ဂစ္ဆန္တိ။

သုက္ခခါဏုသုက္ခရုက္ခာဒီသုပိ- သစ်ငုတ်ခြောက် သစ်ပင်ခြောက်အစရှိသည်တို့၌လည်း၊ အဂ္ဂိ ဒါတုံ နဝဋ္ဋတိ၊ (လောင်စာဖြစ်သော ကြောင့်ပင်တည်း၊)ပန-ဆက်၊ "ပထဝီ- မြေသို့၊ အပ္ပတ္တမေဝ- မရောက်သေးမီသာလျှင်၊ နိဗ္ဗာပေတွာ- ငြိမ်းစေ၍၊ ဂမိဿာမိ- သွားအံ့၊" ဣတိ- ဤသို့ကြံ၍၊ (အဂ္ဂိ- ကို၊) သစေ ဒေတိ- အံ့၊ ဧဝံ သတိ၊ ဝဋ္ဋတိ၊ ပစ္ဆာ- မီးပေးပြီးသည်မှ နောက်ကာလ၌၊ နိဗ္ဗာပေတုံ- ဌာ၊ န သက္ကောတိ- မတတ်နိုင်အံ့၊ အဝိသယတ္တာ- တတ်နိုင်သောအရာ မဟုတ်သည်၏အဖြစ်ကြောင့်၊ အနာပတ္တိ၊ တိဏာဒိဏ္ဍံ- မြက်မီးရှူးကို၊ ဂဟေတွာ- ကိုင်၍၊ ဂစ္ဆန္တော- သွားသော ရဟန်းသည်၊ ဟတ္ထေ- လက်ကို၊ ဒယ္ဟမာနေ- မီးလောင်အပ်သော်၊ ဘူမိယံ- မြေပေါ်၌၊ ပါတေတိ- ကျစေအံ့၊ အနာပတ္တိ၊ (ကိုင်ထားခြင်းဌာ တတ်နိုင်သောအရာ မဟုတ်တော့သည့်အတွက် အနာပတ္တိပင်။) ပတိတဋ္ဌာနေယေဝ- မီးကျရာအရပ်၌သာလျှင်၊ ဥပါဒါနံ- လောင်စာကို၊ ဒတ္ဝာ- ပေး၍၊ အဂ္ဂိ ကာတုံ ဝဋ္ဋတိ၊ စ- ဆက်၊ ဒမုပထဝိယာ- မီးလောင်အပ်ပြီးသော မြေ၏၊

အဝိသယတ္တာ အနာပတ္တိ။ ။ သုက္ခခါဏု-စသည်တို့က မြေပေါ်မှာ အတော်ရှည်လျားသည်ဖြစ်၍ အထက်ပိုင်းကိုသာ မီးရှို့ပြီးလျှင် မြေကြီးသို့ မရောက်မီငြိမ်းအံ့ဟု ကြံ၍ မီးရှို့ခြင်းဌာအပ်၏။ ရှို့ရင်း ရှို့ရင်း မီးက အားကောင်းလာသဖြင့် မြေကြီးမရောက်မီ မီးငြိမ်းခြင်းဌာ မစွမ်းနိုင်လျှင်လည်း အဝိသယဖြစ် (တတ်နိုင်သော အရာမဟုတ်) သောကြောင့် အနာပတ်တည်း။

မီးကို ငြိမ်းခြင်းဌာ စွမ်းနိုင်ပါလျက် မြေကြီးပါ လောင်ချင်လောင်ပစေတော့ဟူသော သဘောထားဖြင့် ကြည့်နေပါသော်လည်း မီးရှို့စဉ်က သုဒ္ဓစိတ်ဖြင့် ရှို့ခဲ့သောကြောင့် အနာပတ်ပင်။ (သာရတ္ထ၊၃၊၁၆။)

လောင်ချင်လောင်ပစေတော့ဟူသော သဘောထားဖြင့် ကြည့်နေချိန်မှာ ကာယပယောဂလည်းမဖြစ်၊ ဝစီပယောဂလည်းမဖြစ်၊ စိတ်သက်သက်သာ ဖြစ်နေသည်၊ ထို့ကြောင့် အနာပတ်ပင်ဖြစ်ရသည်။ မနောဒွါရေ အာပတ္တိ နာမ နတ္ထိ။

(ဤအဋ္ဌကထာ၊၆၅။) (ဝိ၊ဋ္ဌ၊၂၊၂၇၀။ ဝိ၊ဋ္ဌ၊၄၊၂၃၈။)

http://www.dhammadownload.com

ယတ္တကံ ဌာနံ- အကြောင်မျှလောက်သော အရပ်ကို၊ ဥသုမာယ- မီးငွေ့သည်၊ ဝါ- မီးရှိန်သည်၊ အနုဂတံ- အစဉ်လိုက်အပ်ပြီ၊ သဗ္ဗံ- သော၊ တတ္တကံ- ထိုမျှလောက်သော အရပ်ကို၊ ဝိကောပေတုံ ဝဋ္ဋတိ။

ပန- ဆက်၊ အဇာနနကော- မီးအသုံးပြုပုံကို နားမလည်သော၊ ယော ဘိက္ခု- အကြောင်ရဟန်းသည်၊ အရဏိသဟိတေန- ပွတ်ခုံနှင့်တကွဖြစ်သော ပွတ်ကျည်ဖြင့်၊ (ပွတ်ခုံ ပွတ်ကျည် အစုံဖြင့်) အဂ္ဂိံ- ကို၊ နိဗ္ဗတ္တေတွာ- ဖြစ်စေပြီး၍၊ ဟတ္ထေန- လက်ဖြင့်၊ ဥက္ခိပိတွာ- မြှောက်ယူ၍၊ "ကိံ- အဘယ်ကို၊ ကရောမိ- ပြုရမည်နည်း၊" ဣတိ- သို့၊ ဝဒတိ- ပြော၏၊ (သော- ထိုရဟန်းကို၊ အညေန- အခြားရဟန်းတစ်ပါးက၊) "ဇာလေဟိ- မီးကိုတောက်စေလော၊" ဣတိ- သို့၊ ဝတ္တဗ္ဗော- ပြောဆိုထိုက်၏၊ "ဟတ္ထော- လက်ကို၊ ဍယှတိ- လောင်အပ်၏၊ ဣတိ ဝဒတိ၊ "ယထာ- အကြောင်အခြင်းအရာအားဖြင့် ပြုအပ်သော်၊ (ဟတ္ထော-ကို၊) နံ ဍယှတိ- မီးမလောင်အပ်၊ တထာ- ထိုအခြင်းအရာအားဖြင့်၊ ကရောဟိ- ပြုလော၊" ဣတိ ဝတ္တဗ္ဗော၊ ပန- ထိုမှပြန်လှန် မသင့်ဟန်ကား၊ "ဘူမိယံ- ၌၊ ပါတေဟိ- ကျစေလော၊" ဣတိ နံ ဝတ္တဗ္ဗော၊ (ပြောလျှင် မြေကြီးကို မီးရှို့ခိုင်းရာ ရောက်သောကြောင့် အာပတ်သင့်သည်၊) ဟတ္ထော- လက်ကို၊ ဒယှမာနေ- မီးလောင်အပ်သော်၊ သစေ ပါတေတိ- အကယ်၍ မီးကို ကျစေအံ့၊ (မီးကို မြေကြီးပေါ်မှာ ပစ်ချလိုက်အံ့၊) ဇဝံ သတိ၊ "ပထဝိ- ကို၊ ဒဟိဿာမိ- မီးရှို့အံ့၊" ဣတိ- ဤသို့ကြံ၍၊ အပါတိတတ္တာ- မကျစေအပ်သည်၏ အဖြစ်ကြောင့်၊ အနာပတ္တိ၊ ပန- ဆက်၊ ပတိတဋ္ဌာနေ- မီးကျရာအရပ်၌၊ အဂ္ဂိံ ကာတုံ ဝဋ္ဋတိ။

"ဣမဿ ထမ္ဘဿ- ဤတိုင်၏၊ အာဝါဠံ- တွင်းကို၊ ဇာန- သိလော၊ မဟာမတ္တိကံ- မြေညက်စိုင်ကြီးကို၊ ဇာန၊ ထုသမတ္တိကံ- ဖွဲနှင့်ရောသော မြေညက်ကို၊ ဇာန၊ မဟာမတ္တိကံ- ကို၊ ဒေဟိ- ပေးလော၊ ထုသမတ္တိကံ ဒေဟိ၊ မတ္တိကံ- မြေညက်ကို၊ အာဟရ- ဆောင်ယူခဲ့လော၊ ပံသုံ- မြေမှုန့်ကို၊ အာဟရ၊ မတ္တိကာယ- မြေညက်ဖြင့်၊ အတ္ထော- အလိုရှိ၏၊ ပံသုနာ အတ္ထော၊ ဣမဿ ထမ္ဘဿ- ဤတိုင်၏၊ အာဝါဠံ- ကို၊ ကပ္ပိယံ- အပ်အောင်၊ ကရောဟိ- ပြုလော၊ (ကပ္ပိစမ်း၊) ဣမံ မတ္တိကံ- ကို၊ ကပ္ပိယံ ကရောဟိ၊ ဣမံ ပံသုံ ကပ္ပိယံ ကရောဟိ၊"

အာဝါဠံ ဇာန စဿဉ်။ ။ တွင်းတူးပေးစေလိုလျှင် "ဒီနေရာကို တူးစမ်း"ဟု မခိုင်းရ၊ "တွင်းကို သိပေးပါ၊ တွင်းကပ္ပိစမ်း၊ တွင်းအလိုရှိတယ်"စသော အသုံးအနှုန်းမျိုးဖြင့်သာ ခိုင်းစေရမည်။

http://www.dhammadownload.com

ဣတိ ဧဝံ- ဤသို့၊ ကပ္ပိယဝေါဟာရေန- အပ်သော အသုံးအနှုန်းဖြင့်၊ ယံ ကိဉ္စိ- တစ်စုံတစ်ခုကို၊ ကာရာပေတုံ- ပြုစေခြင်းငှာ၊ ဝဋ္ဋတိ။

အညဝိဟိတော- အခြားသော အာရုံ၌ ထားအပ်သော စိတ်ရှိသည်၊ ဟုတွာ၊ (တစ်ခုခုကို စဉ်းစားနေယင်း) ကေနစိ- တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်နှင့်၊ သဒ္ဓိံ- အတူ၊ ကိဉ္စိ- တစ်စုံတစ်ခုသော အကြောင်းအရာကို၊ ကထေန္တော- ပြောဆိုနေစဉ်၊ ပါဒဂ်ိုဋ္ဌကေန ဝါ- ခြေမဖြင့်သော်လည်းကောင်း၊ ကတ္တရယဋ္ဌိယာ ဝါ- တောင်ဝှေးဖြင့်သော်လည်းကောင်း၊ ပထဝိ- ကို၊ ဝိလိခန္တော- ခြစ်လျက်၊ တိဋ္ဌတိ- တည်အံ့၊ ဧဝံ- ဣသို့၊ အသတိယာ- သတိကင်းသဖြင့်၊ ဝိလိခန္တဿ ဝါ- ခြစ်သည်မူလည်းဖြစ်သော၊ ဘိန္ဒန္တဿ ဝါ- ဖျက်သည်မူလည်းဖြစ်သော၊ (ဘိက္ခုနော- ၏၊) အနာပတ္တိ။

ဣတိ- ဖြင့်၊ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ- ၌၊ ပထဝီခဏာနဝိနိစ္ဆယ-ကထာ- မြေတူးခြင်းနှင့်စပ်သော အဆုံးအဖြတ်စကားရပ်သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

http://www.dhammadownload.com

၁၅။ ဘူတဂါမဝိနိစ္ဆယကထာ

၇၅။ **ဘူတဂါမော**တိ ဧတံ- ဘူတဂါမဟူသော ဤအမည်သည်၊ ပဗ္ဗတိ-ကုန်သော၊ ဗီဇေဟိ- မျိုးစေ့တို့မှ၊ ဝါ- တို့ကြောင့်၊ ဇာတာနံ- ဖြစ်ကုန်သော၊ ရုက္ခလတာဒီနံ- သစ်ပင်နွယ်စသည်တို့၏၊ အဓိဝစနံ- အမည်တည်း။

တတြ- ထိုစကားရပ်၌၊ မူလဗီဇ- အမြစ်မျိုးစေ့လည်းကောင်း၊ ခန္ဓဗီဇ-ပင်စည်မျိုးစေ့လည်းကောင်း၊ ဖဠုဗီဇ- အဆစ်မျိုးစေ့လည်းကောင်း၊ အဂ္ဂဗီဇ-အညွန့်မျိုးစေ့လည်းကောင်း၊ ဗီဇဗီဇ- အစေ့မျိုးစေ့လည်းကောင်း၊ ဣတိ- သို့၊ ပဗ္ဗ- ကုန်သော၊ ဣမာနိ ဗီဇာနိ- ဤမျိုးစေ့တို့သည်၊ ဟောန္တိ။

တတ္ထ- ထိုငါးပါးသော မျိုးစေ့တို့တွင်၊ ဟလိဒ္ဒိ- နနွင်းသည်လည်းကောင်း၊ သိဂ်္ဂိဝေရံ- ချင်းစိမ်းသည်လည်းကောင်း၊ ဝစာ- လင်းလေသည်လည်းကောင်း၊ ဝစတ္တံ- ဆိတ်ဖူးသည်လည်းကောင်း၊ အတိဝိသံ- တိဝုတ်သည်လည်းကောင်း၊ ကဋုကရောဟိဏီ- ကုလားဆောင်းမေးခါးသည်လည်းကောင်း၊ ဥသိရံ- ပန်းရင်းသည်လည်းကောင်း၊ ဘဒ္ဒမုတ္တကံ- နွားမြေရင်းသည်လည်းကောင်း၊ မူလဗီဇံ နာမ- မူလဗီဇမည်၏၊ ဝါ- အမြစ်ဟူသော မျိုးစေ့မည်၏၊ ဝါ ပန- သည်သာမကသေး၊ အညာနိပိ- ဆိုခဲ့ပြီးသည်မှ အခြားလည်းဖြစ်ကုန်သော၊ ယာနိ (ဂန္ဆဝလ္လိ-ရုက္ခာဒီနိ)- အကြင်ခွေနွယ် သစ်ပင်အစရှိသည်တို့သည်၊ အတ္ထိ- ရှိကုန်၏၊ တာနိ-ထိုခွေနွယ်သစ်ပင်အစရှိသည်တို့သည်၊ (ယမှိ) မူလေ- အကြင်အမြစ်၌၊ ဇာယန္တိ-ပေါက်ကုန်၏၊ (ယမှိ) မူလေ- ၌၊ သဠာယန္တိ- ကောင်းစွာ ဖြစ်ထွန်းကြီးပွားကုန်၏၊ (တံ) ပိ- ထိုခွေနွယ်သစ်ပင်တို့၏ ပေါက်ရောက်ဖြစ်ထွန်းရာ အမြစ်သည်လည်း၊ မူလဗီဇံ နာမ၊ (အလိုက်ခံ၊) ဧတံ (သဗ္ဗံ)- ဤအလုံးစုံသည်၊ **မူလဗီဇံ** နာမ။

အဿတ္ထော- ညောင်ဗုဒ္ဓဟေပင်သည်လည်းကောင်း၊ နိဂ္ရောဓော- ပင်ညောင်ပင်သည်လည်းကောင်း၊ ပိလက္ခော- ညောင်ကြတ်ပင်သည်လည်းကောင်း၊ ဥဒုမ္ဗရော- သဖန်းပင်သည်လည်းကောင်း၊ ကစ္ဆကော- ခအောင်းပင်သည်လည်းကောင်း၊ ကပိတ္ထနော- ညောင်ချဉ်ပင်သည်လည်းကောင်း၊ ခန္ဓဗီဇံ နာမ။ ဝါ ပန- သည်သာမကသေး၊ အညာနိ ယာနိ အတ္ထိ၊ တာနိ ယမှိ ခန္ဓေ ဇာယန္တိ၊ ယမှိ ခန္ဓေ သဠာယန္တိ၊ တံပိ- ထိုခွေနွယ် သစ်ပင်တို့၏ ပေါက်ရောက်ဖြစ်ထွန်းရာ ပင်စည်သည်လည်း၊ ခန္ဓဗီဇံ နာမ၊ ဧတံ (သဗ္ဗံ)- သည်၊ **ခန္ဓဗီဇံ** နာမ။

http://www.dhammadownload.com

ဥစ္ဆု- ကြံသည်လည်းကောင်း၊ ဝေဠု- ဝါးသည်လည်းကောင်း၊ နဠော- ကျွဲသည်လည်းကောင်း၊ ဖဋ္ဌဗ္ဗံ နာမ- မည်၏၊ ဝါ ပန အညာနိ ယာနိ အတ္ထိ၊ တာနိ ယမ္ပိ ပတ္ထေ ဇာယန္တိ၊ ယမ္ပိ ပတ္ထေ သဏ္ဌာယန္တိ၊ တံပိ- ထိုချုံနွယ်သစ်ပင်တို့၏ ပေါက်ရောက် ဖြစ်ထွန်းရာ အဆစ်သည်လည်း၊ ဖဋ္ဌဗ္ဗံ နာမ၊ ဧတေ (သဒ္ဒါ)**ဖဋ္ဌဗ္ဗံ** နာမ။

အဇ္ဈက်- ကညို့သည်လည်းကောင်း၊ ဖဇ္ဈိဇ္ဈက်- ရုံးရိုင်း (ပင်စိမ်းရိုင်း) သည်လည်းကောင်း၊ ဟိရိဝေရံ- ပန်းမသည်လည်းကောင်း၊ အဂ္ဃံ နာမ၊ ဝါ ပန အညာနိ ယာနိ အတ္ထိ၊ တာနိ ယမ္ပိ အဂ္ဃေ- အကြောင်အည်ကန့်၌၊ ဇာယန္တိ၊ ယမ္ပိ အဂ္ဃေ သဏ္ဌာယန္တိ၊ တံပိ- ထိုချုံနွယ်သစ်ပင်တို့၏ ပေါက်ရောက်ဖြစ်ထွန်းရာ အည်ကန့်သည်လည်း၊ အဂ္ဃံ နာမ၊ ဧတေ (သဒ္ဒါ) **အဂ္ဃံ** နာမ။

ပုဗ္ဗဏ္ဏံ- ကောက်မျိုးသည်လည်းကောင်း၊ အပရဏ္ဏံ- ပဲမျိုးသည်လည်းကောင်း၊ ဗီဇဗီဇံ နာမ၊ ဝါ ပန- သည်သာမကသေး၊ အညာနိ- သရုပ်ထုတ်ပြခဲ့သည်မှ တစ်ပါးကုန်သော၊ ယာနိ- အကြောင်ချုံနွယ်သစ်ပင်အစရှိသည်တို့သည်၊ ယမ္ပိ ဗီဇေ- အကြောင်အစေ့၌၊ ဇာယန္တိ- ပေါက်ကုန်၏၊ ယမ္ပိ ဗီဇေ- ၌၊ သဏ္ဌာယန္တိ- ကောင်းစွာဖြစ်ထွန်း ကြီးပွားကုန်၏၊ တံပိ- ထိုချုံနွယ်သစ်ပင်တို့၏ ပေါက်ရောက်ဖြစ်ထွန်းရာ အစေ့သည်လည်း၊ ဗီဇဗီဇံ နာမ- မည်၏၊ ဧတေ (သဒ္ဒါ)- ဤအလုံးစုံသည်၊ **ဗီဇဗီဇံ** နာမ- အစေ့ဟူသော မျိုးစေ့မည်၏။

တတ္ထ ဘူတဂါမေ- ထိုမျိုးစေ့ငါးပါးမှ ပေါက်ပွားဖြစ်ထွန်းသော သစ်ပင်ချုံနွယ်စသော ဘူတဂါမ်၌၊ ဘူတဂါမသညီ- ဘူတဂါမ်ဟု အမှတ်ရှိသည်ဖြစ်၍၊ ဆိန္ဒတိ ဝါ- ကိုယ်တိုင်မူလည်းဖြတ်အံ့၊ ဆိန္ဒာပေတိ ဝါ- သူတစ်ပါးကိုမူလည်းဖြတ်စေအံ့၊ ဘိန္ဒတိ ဝါ- ကိုယ်တိုင်မူလည်း ထုခွဲအံ့၊ ဘိန္ဒာပေတိ ဝါ- သူတစ်ပါးကိုမူလည်း ထုခွဲစေအံ့၊ ပစတိ ဝါ- ကိုယ်တိုင်မူလည်း မီးတိုက်အံ့၊ ပစာပေတိ ဝါ- သူတစ်ပါးကိုမူလည်း မီးတိုက်စေအံ့၊ ပါစိတ္တိယံ၊ ဟိ- မှန်၏၊ ဘူတဂါမံ- မျိုးစေ့တို့မှ ပေါက်ရောက်စိမ်းရှင်နေသော သစ်ပင် နွယ်အစရှိသည်ကို၊ ဝိကောပေန္တဿ- ဖျက်ဆီးသော ရဟန်း၏၊ ပါစိတ္တိယံ၊ ဘူတဂါမပရိမောစိတံ- ဘူတဂါမ်မှ လွတ်ပြီးသော၊ ပဉ္စဝိဓမ္ပိ- ငါးပါးအပြားရှိသည်လည်းဖြစ်သော၊ ဗီဇဂါမံ- ဗီဇဂါမ်ကို၊ ဝါ- မျိုးစေ့အပေါင်းကို၊ ဝိကောပေန္တဿ- ဖျက်ဆီးသော ရဟန်း၏၊ ဒုက္ကဋံ။

http://www.dhammadownload.com

၇၆။ သေ ဗီဇဂါမဘူတဂါမော နာမ- ဤဗီဇဂါမ် ဘူတဂါမ်မည်သည်၊ ဥဒက-ဌော- ရေ၌တည်သော ဗီဇဂါမ်,ဘူတဂါမ်သည်၊ အတ္ထိ၊ ထလဌော- ကုန်း၌တည်သော ဗီဇဂါမ်,ဘူတဂါမ်သည်၊ အတ္ထိ။ တတ္ထ- ထိုနှစ်မျိုးတို့တွင်၊ ဥဒကဌော- ရေ၌တည်သော ဗီဇဂါမ်,ဘူတဂါမ်ဟူသည်၊ သာသပမတ္တိကတိလဗီဇကာ-ဒိဘေဒါ- မုန်ညင်းစေ့ပမာဏရှိသော မှော်ညှင်း, နှမ်းစေ့ပမာဏရှိသော မှော်သေးစသည် အပြားရှိသော၊ (ညှင်း၊ ညှက်- သေးငယ်၊) သပဏ္ဍိကာ စ- အရွက်ရှိသည်လည်းဖြစ်သော၊ အပဏ္ဍိကာ စ- အရွက်မရှိသည်လည်းဖြစ်သော၊ သဗ္ဗာ- အလုံးစုံသော၊ သေဝါလဇာတိ- မှော်မျိုးတည်း၊ အန္တမသော- အောက်ထစ်ဆုံးအားဖြင့်၊ ဥဒကပပ္ပဋ္ဌက်- ရေလွှာကို၊ (ရေညှိကိုလည်း ပေးကြ၏။) ဥပါဒါယ-အစပြု၍၊ ဘူတဂါမောတိ- ဟူ၍၊ ဝေဒိတဗ္ဗော။ ဥဒကပပ္ပဋ္ဌကော နာမ- ရေလွှာမည်သည်၊ ဥပရိ- အထက်၌၊ ဝါ- အပေါ် ရံက၊ ထဒ္ဓါ- ခက်မာသည်၊ ဖရုသ-ဝဏ္ဏော- ကြမ်းတမ်းသော အဆင်းရှိသည်၊ ဟေဌာ- အောက်၌၊ မုဒု- နုညံ့သည်၊ နီလဝဏ္ဏော- ညိုသော အဆင်းရှိသည်၊ ဟောတိ- ဖြစ်၏။

တတ္ထ- ထိုမှော်တို့တွင်၊ ယဿ သေဝါလဿ- အကြင်မှော်၏၊ မူလံ- အမြစ်သည်၊ ဩရုဟိတ္ဝာ- အောက်သို့ သက်ဆင်း၍၊ ပထဝိယံ- မြေ၌၊ ပတိဋ္ဌိတံ-တည်သည်၊ ဟောတိ၊ တဿ- ထိုမှော်၏၊ ပထဝီ- မြေသည်၊ ဌာနံ- တည်ရာတည်း၊ ယော- အကြင်မှော်သည်၊ ဥဒကေ- ရေပေါ်၌၊ သဏ္ဌရတိ- လှည့်လည်နေ၏၊ (လေတိုက်တိုင်း ရွေ့ရှားနေသည်၊) တဿ- ထိုမှော်၏၊ ဥဒကံ- ရေသည်၊

ဘူတဂါမ်+ ဗီဇဂါမ် ။ ။ (ဘဝန္တိ အဘဝုံ စာတိ- ဘူတာ၊) ဖြစ်ထွန်းကြီးပွားဆဲဖြစ်ထွန်းကြီးပွားပြီး မြက်သစ်ပင် ချုံနွယ်တို့သည် ဘူတမည်၏။ (ဘူတာနံ ဂါမော-ဘူတဂါမော)- ဖြစ်ထွန်းကြီးပွားဆဲ ဖြစ်ထွန်းကြီးပွားပြီး မြက်သစ်ပင် ချုံနွယ်တို့၏ အပေါင်းကို ဘူတဂါမ်ဟု ခေါ်သည်။ (အစွမ်းကုန်ကြီးပွားရမည့် အဆင့်အတန်းသို့ မရောက်သေးသည်ကို ကြီးပွားဆဲဟု ဆိုသည်။ အစွမ်းကုန်ကြီးပွားပြီး၍ ရှင်သန်နေသည်ကို ကြီးပွားပြီးဟု ဆိုသည်။

ဗီဇယတီတိ- ဗီဇံ ။ အညွှန့်စသည်ကို ဖြစ်စေတတ်သော မျိုးစေ့သည် ဗီဇမည်သည်။ ဗီဇာနံ ဂါမော- ဗီဇဂါမော၊ မျိုးစေ့အပေါင်းကို ဗီဇဂါမ်ဟုခေါ်သည်။

မြက်သစ်ပင် ချုံနွယ်တို့၏ အပေါင်းဆိုသော်လည်း အစိတ်မှလွတ်ကင်းသော အပေါင်းဟူ၍ မရှိကောင်းသောကြောင့် "ဘူတ"ဟု သတ်မှတ်ထားသော ယင်းမြက်သစ်ပင် ချုံနွယ်ကိုပင် ယူရပေသည်။ (သာရတ္ထ၊၃၊၁၉။) ဗီဇဂါမ်ကိုလည်း နည်းတူပင် မှတ်ပါ။

http://www.dhammadownload.com

ဌာနံ- တည်ရာတည်း၊ ပထဝိယံ- မြေ၌၊ ပတိဋ္ဌိတံ- တည်နေသော မှော်ကို၊ ယတ္ထ ကတ္ထစိ- အမှတ်မထား တစ်ပါးပါးသော အရပ်၌၊ [အရင်း၌ဖြစ်စေ အဖျား၌ဖြစ်စေ အလယ်၌ဖြစ်စေ။ (သာရတ္ထ၊ဋီ၊၃၊၂၀။)] ဝိကောပေန္တသ- ဖျက်ဆီးသော ရဟန်း၏လည်းကောင်း၊ ဥဒ္ဓရိတွာ- နုတ်၍၊ ဌာနန္တရံ- အရပ်တစ်ပါးသို့၊ သက်ာမေန္တသ ဝါ- ပြောင်းရွှေ့သော ရဟန်း၏လည်းကောင်း၊ ပါစိတ္တိယံ။ ဥဒကေ- ရေ၌၊ သဉ္စရန္တံ- လှည့်လည်နေသော မှော်ကို၊ ဝိကောပေန္တသ္သေဝ-၏သာလျှင်၊ ပါစိတ္တိယံ။ ပန- ဆက်၊ ဟတ္ထေဟိ- လက်တို့ဖြင့်၊ ဣတော စိတော စ- ဤမှဤမှလည်း၊ ဝိယူဟိတွာ- ယက်၍၊ (ဖယ်၍) နဟာယိတုံ- ရေချိုးခြင်းငှာ၊ ဝဋ္ဋတိ။ ဟိ- မှန်၊ (တစ်နည်း) ဟိ ယသ္မာ- ကြောင့်၊ သကလံ- အလုံးစုံသော၊ ဥဒကံ- ရေသည်၊ တသ- ထိုမှော်၏၊ ဌာနံ- တည်း၊ [တသ္မာ- ထို (သို့ အလုံးစုံသော ရေက ထိုမှော်၏ တည်ရာဖြစ်သော) ကြောင့်၊] ဟတ္ထေဟိ ဣတော စိတော စ ဝိယူဟိတွာ နှာယိတုံ ဝဋ္ဋတိ၊ တသ္မာ- ထို (သို့ လက်တို့ဖြင့် ဤမှထိုမှ ဖယ်၍ ရေချိုးခြင်းငှာ အပ်သည်၏အဖြစ်) ကြောင့်၊ သော- ထိုမှော်သည်၊ ဧတ္တာဝတာ- ဤမျှအတိုင်းအရှည် (ရှိသော လက်တို့ဖြင့် ဖယ်၍ ရေချိုးခြင်း) ဖြင့်၊ ဌာနန္တရံ- အရပ်တစ်ပါးသို့၊ သက်ာမိတော- ပြောင်းရွှေ့စေအပ်သည်၊ န ဟောတိ။ (ပြောင်းရွှေ့အောင် လုပ်အပ်ချာမရောက်။)

ပန- ထိုမှပြန်လှန် မသင့်ဟန်ကား၊ ဥဒကေန- ရေနှင့်၊ ဝိနာ- ခွဲ၍၊ သဉ္ဇိစ္စ-သညာနှင့်တကွ စေ့ဆော်၍၊ ဥဒကတော- ရေမှ၊ ဥက္ခိပိတုံ- မြှောက်ယူခြင်းငှာ၊ န ဝဋ္ဋတိ။ ဥဒကေန- ရေနှင့်၊ သဒ္ဓိံ- တကွ၊ ဥက္ခိပိတွာ- မြှောက်ယူ၍၊ ပုန-တစ်ဖန်၊ ဥဒကေ- အခြားရေ၌၊ ပက္ခိပိတုံ- ထည့်ခြင်းငှာ၊ ဝဋ္ဋတိ။ (ရေကန်တစ်ခုမှ ရေနှင့်တကွ ခပ်ယူ၍ အခြားရေကန်တစ်ခုမှာ ထည့်ကောင်းသည်။)

ဥပ္ပလိနိပဒုမိနိအာဒီနိ- ဥပ္ပလကြာရှိသောကြာရုံ၊ ပဒုမ္မာကြာရှိသော ကြာရုံ အစရှိကုန်သော၊ ဇလဇဝလ္လိတိဏာနိ- ရေ၌ဖြစ်သော နွယ်မြက်တို့ကို၊ ဥဒက-တော- မှ၊ ဥဒ္ဓရန္တသ ဝါ- ထုတ်ဆယ်သည်မူလည်းဖြစ်သော၊ ဟတ္ထေဝ- ထိုရေ၌

သဉ္ဇိစ္စ ဥက္ခိပိတုံ နဝဋ္ဋတိ။ ။ ကိုယ်၌ မှော်ငြိကပ်နေကြောင်းကို သိလျက်ပင် ရေမှတက်လာပါသော်လည်း ထိုမှော်ကို ထုတ်ဆယ်မည်ဟူသော သညာမရှိခြင်းကြောင့် ရေမှတက်လာခြင်းငှာ အပ်သည်။ (သာရတ္ထ၊၃၊၂၀။)

ဥပ္ပလိနိ ပဒုမိနိ။ ။ ဥပ္ပလကြာဟူသည် ကြာညို့ ကြာဖြူ ကြာနီတည်း။ ပဒုမ္မာကြာဟူသည်ကား အထပ်တစ်ရာရှိသော ကြာနီတစ်မျိုးတည်း။ အဿတ္ထိအနက်၌ ဤပစ္စည်း ဣတ္ထိဇောတက ဣနီ-ပစ္စည်း သက်၍ "ဥပ္ပလိနီ ပဒုမိနီ"ဟု ဖြစ်သည်။

http://www.dhammadownload.com

ပင်လျှင်၊ ဝိကောပေန္တသ ဝါ- ဖျက်ဆီးသည်မူလည်းဖြစ်သော၊ ဘိက္ခုနော-၏၊ ပါစိတ္တိယံ ဟောတိ။

ပရေဟိ- တစ်ပါးသူတို့သည်၊ ဥပ္ပါဒိတာနိ- နုတ်အပ်ကုန်ပြီးသော ဥပ္ပလကြာရုံ ပဒုမ္မာကြာရုံအစရှိသော ရေ၌ဖြစ်သော နွယ်မြက်တို့ကို၊ ဝိကောပေန္တသ-ဖျက်သော ရဟန်း၏၊ ဒုက္ကဋ်၊ ဟိ- မှန်၊ တာနိ- ထိုရေ၌ဖြစ်သော နွယ်မြက်တို့သည်၊ ဗီဇဂါမေ- ဗီဇဂါမ်၌၊ သင်္ဂဟံ- သိမ်းယူအပ်ကုန်သည်၏အဖြစ်သို့၊ ဂစ္ဆန္တိ-ကုန်၏၊ (သူတစ်ပါးတို့ နုတ်ထားပြီး ဖြစ်သည့်အတွက် ဘူတဂါမ် မဟုတ်တော့ပါ၊ ဗီဇဂါမ်သာဖြစ်နေပါတော့သည်။) တိလဗီဇကသာသပမတ္တိကသေဝါလောပိ-နှမ်းစေ့ပမာဏရှိသော မှော်သေး, မုန်ညင်းစေ့မျှပမာဏရှိသော မှော်ညှင်း (ဟူသောမှော်) သည်လည်း၊ ဥဒကတော- ရေမှ၊ ဥဒ္ဓဋ္ဌော- ထုတ်ဆယ်အပ်ပြီးသည်၊ ဟုတွာ၊ အမိလာတော- မညှိုးသည်၊ သမာနော- သော်၊ အဂ္ဂဗီဇသင်္ဂဟံ-အညွန့်မျိုးစေ့၌ သွင်းယူအပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ။

မဟာပစ္စရိယာဒီသု- တို့၌၊ –

"အနန္တကတိလဗီဇကဥဒကပပ္ပဋ္ဌကာဒီနိ- အနန္တကမည်သော မှော်ညှင်း, နှမ်းစေ့ပမာဏရှိသော မှော်သေး, ရေလွှာအစရှိသည်တို့သည်၊ ဒုက္ကဋ္ဌ ဝတ္ထူနိ- ဒုက္ကဋ်အာပတ်၏ တည်ရာအကြောင်းတို့တည်း၊" ဣတိ ဝုတ္တံ။

တတ္ထ- ထိုသို့ မိန့်ဆိုရာ၌၊ ကာရဏံ- အကြောင်းကို၊ န ဒိဿတိ- မတွေ့မြင်အပ်၊ **အန္တကဋ္ဌကထာယံ**- ၌၊ "သမ္ပုဏ္ဏဘူတဂါမံ- ပြည့်စုံသော ဘူတဂါမ်သည်၊ န ဟောတိ၊ တသ္မာ- ကြောင့်၊ ဒုက္ကဋ်၊ ဟောတိ" ဣတိ ဝုတ္တံ၊ တမ္ပိ- ထိုစကား သည်လည်း၊ န သမေတိ- ပါဋိတော်အဋ္ဌကထာနှင့် မညီ၊ ဟိ- မှန်၊ (တစ်နည်း) ဟိ ယသ္မာ- ကြောင့်၊ ဘူတဂါမေ- ဘူတဂါမ်၌၊ ပါစိတ္တိယံ- ကို၊ ဝုတ္တံ- ဟောတော် မူအပ်ပြီ၊ ဗီဇဂါမေ ဒုက္ကဋ်ဝုတ္တံ၊ အသမ္ပုဏ္ဏဘူတဂါမော နာမ- မပြည့်စုံသော ဘူတဂါမ်မည်သော၊ တတိယော- သုံးခုမြောက်ဖြစ်သော၊ ကောဋ္ဌာသော- အဖို့အစုသည်၊ **ပါဋိယံ**- ပါဋိတော်၌၊ နေဝ အာဂတော- မလာ၊ **အဋ္ဌကထာသု**- ရှေး အဋ္ဌကထာတို့၌၊ န အာဂတော၊ (တသ္မာ န သမေတိ၊) (အမြစ်အရွက် မပြည့်စုံသောကြောင့် အသမ္ပုဏ္ဏဘူတဂါမ်ဟု ဆိုထားသည်။) (သာရတ္ထ၊၃၊၂၁။)

အနန္တက ။ ။အနန္တကသည် သာသပမတ္တိကာ၏ ပရိယာယ်ဖြစ်သည်။ သို့ဖြစ်၍ "အနန္တကမည်သော မှော်ညှင်း"ဟု အနက်မြန်မာပြန်ဆိုထားရပေသည်။

(သာရတ္ထ၊၃၊၂၀)

http://www.dhammadownload.com

ဧတေ- ဤအသမ္မုဏ္ဏာဘူတဂါမ်သည်၊ ဗီဇဂါမသင်္ခါ- ဗီဇဂါမ်၌ သိမ်းယူအပ်သည်၏ အဖြစ်သို့၊ ဂမိဿတိ- ရောက်လတ္တံ့၊ ဣတိ- သို့၊ အထ ဝုတ္တံ- အကယ်၍ ဆိုအပ်သည် ဖြစ်အံ့၊ တမ္မိ- ထိုစကားသည်လည်း၊ နာ ယုတ္တံ- မသင့်၊ (ကသ္မာ-နည်း၊) တာဒိသဿ- ထိုကဲ့သို့ ရှုအပ်သော၊ ဗီဇဂါမဿ- ၏၊ အဘူတဂါမမူ-လတ္တာ- ဘူတဂါမ်၏ အရင်းခံ မဟုတ်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ- ဤသို့ မှတ်အပ်၏။

အပိစ- သည်သာမကသေး၊ "ဂရုဂါလဟုကေသု- ဂရုကလဟုကအရာတို့တွင်၊ ဂရုကေ- ဂရုကအရာ၌၊ ဌာတဗ္ဗံ- တည်ရမည်" ဣတိ- ဤသို့သော၊ ဧတေ-ဤလက္ခဏာသည်၊ ဝိနယလက္ခဏံ- ဝိနည်း၏ လက္ခဏာတည်း၊ (ဘူတဂါမ်၌ သွင်းမှ ပါစိတ်အာပတ်၏ အကြောင်းဖြစ်၍ ဂရုကဖြစ်သည်ဟု ဆိုလိုသည်။)

ထလဋ္ဌေ- ကုန်း၌တည်သော ဗီဇဂါမ်,ဘူတဂါမ်၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိ-တတ္ထော၊) ဆိန္နရုက္ခာနံ- ဖြတ်အပ်ပြီးသော သစ်ပင်တို့၏၊ အဝသိဋ္ဌော- ကြွင်းကျန်သော၊ ဟရိတခါဏု နာမ- စိမ်းစိုသော သစ်ငုတ်မည်သည်၊ ဟောတိ- ရှိတတ်၏၊ တတ္ထ- ထိုအငုတ်တို့တွင်၊ ကကုဓကရုဠပိယဂုံပနသာဒီနံ- ရေခတက်ပင်, သင်းဝင်ပင်, ဥပါသကာပင်, ပိန္ဓပင်အစရှိသည်တို့၏၊ ခါဏု- အငုတ်သည်၊ ဥဒ္ဓံ-အထက်သို့၊ ဝမတိ- တိုးပွား၏၊ သော- ထိုအငုတ်ကို၊ ဘူတဂါမေန- ဖြင့်၊ သင်္ခါတော- သွင်းယူအပ်၏။

တာလနာဠိကေရာဒီနံ- ထန်းပင်, အုန်းပင်အစရှိသည်တို့၏၊ ခါဏု ဥဒ္ဓံ နဝဍ္ဎတိ။ သော- ထိုအငုတ်ကို၊ ဗီဇဂါမေန- ဖြင့်၊ သင်္ခါတော။ ပန- ဆက်၊ အဖလိတာယ- အသီးမသီးသေးသော၊ ကဒလိယာ- ငှက်ပျောပင်၏၊ ခါဏု-ကို၊ ဘူတဂါမေန သင်္ခါတော၊ ဖလိတာယ- အသီးသီးပြီးသော၊ ကဒလိယာ ခါဏု ဗီဇဂါမေန သင်္ခါတော၊ ပန- ဆက်၊ ဖလိတာ- သီးပြီးသော၊ ကဒလိ-

---

အဘူတဂါမမ္မလတ္တာ။ ။ ဗီဇဂါမ်ဟူသည် ဘူတဂါမ်ကြောင့် (မှ) ဖြစ်ရသည့် အပြင် ဘူတဂါမ်ဖြစ်ဖို့ရန်လည်း အရင်းခံ (အကြောင်း) ဖြစ်ရပေသည်။ ဤအသမ္မုဏ္ဏာဘူတဂါမ်ကား ဘူတဂါမ်ဖြစ်ရန် အရင်းခံ မဟုတ်။ ထို့ကြောင့် ဗီဇဂါမ်တွင် မပါဝင်နိုင်။

သော ဗီဇဂါမေန သင်္ခါတော။ ။ ထန်းအုန်းစသည်တို့၏ အငုတ်သည် အထက်၌ မကြီးပွားတော့သည့်အတွက် ဘူတဂါမ်၏ အကြောင်းမဟုတ်တော့သော်လည်း ဘူတဂါမ်ကြောင့်ဖြစ်ခဲ့ရသည်ကား အမှန်ပင်ဖြစ်ပေသည်။ ထို့ကြောင့်ပင် ဗီဇဂါမ်ထဲမှာ ပါဝင်ရပေတော့သည်။ (သာရတ္ထ၊၃၊၂၁။)

http://www.dhammadownload.com

ကို၊ ယာဝ- အကြင်မျှလောက်သော ကာလပတ်လုံး၊ နီလပဏ္ဏာ- စိမ်းညိုသော အရွက်ရှိသည်၊ ဟောတိ၊ တာဝ- ထိုမျှလောက်သော ကာလပတ်လုံး၊ ဘူတဂါမေနေဝ- ဖြင့်သာ၊ သင်္ဂဟိတာ၊ ဖလိတော- သီးပြီးသော၊ ဝေဠု- စိမ်းညိုသော အရွက်ရှိသော ဝါးပင်ကို၊ တထာ- ထို့အတူ ဘူတဂါမ်ဖြင့် ပေါင်းယူရေတွက်အပ်၏။

ပန- ဆက်၊ ယဒါ- အကြင်အခါ၌၊ အဂ္ဂတော- အဖျားမှ၊ ပဋ္ဌာယ- စ၍၊ သုဿတိ- ခြောက်၏။ တဒါ- ၌၊ ဗီဇဂါမေန- ဖြင့်၊ သင်္ဂဟံ- သွင်းယူအပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ- ရောက်၏၊ ကတရဗီဇဂါမေန- အဘယ်ဗီဇဂါမ်ဖြင့်၊ သင်္ဂဟံ ဂစ္ဆတိ- နည်း၊ ဖဋ္ဌဗီဇဂါမေန- အဆစ်ဗီဇဂါမ်ဖြင့်၊ သင်္ဂဟံ ဂစ္ဆတိ၊ တတော- ထိုခြောက်သာသော ဌက်ပျောပင် ဝါးပင်မှ၊ ကိံ- အဘယ်သည်၊ နိဗ္ဗတ္တတိ- ဖြစ်သေးသနည်း၊ ကိဉ္စိ- တစ်စုံတစ်ခုမျှ၊ န နိဗ္ဗတ္တတိ- မဖြစ်တော့ပါ၊ ဟိ- မှန်၊ ကိဉ္စိ- သည်၊ ယဒိ နိဗ္ဗတ္တေယျ- အကယ်၍ ဖြစ်သေးအံ့၊ ဧဝံ သတိ၊ ဘူတဂါမေန- ဖြင့်၊ သင်္ဂဟံ ဂစ္ဆေယျ။

ဣန္ဒသာလာဒိရုက္ခေ- နပဲအစရှိသော သစ်ပင်တို့ကို၊ ဆိန္ဒိတွာ- ခုတ်ဖြတ်ကြကုန်၍၊ ရာသိ- အစုအပုံကို၊ ကရောန္တိ- ပြုတတ်ကြကုန်၏၊ ရာသိကတဒဏ္ဍကေဟိ- အစုအပုံပြုအပ်ပြီးသော အရိုးတို့မှ၊ ရတနပ္ပမာဏာပိ- တစ်တောင်ပမာဏရှိသည်လည်း ဖြစ်ကုန်သော၊ သာခါ- အခက်တို့သည်၊ ကိဉ္စာပိ နိက္ခမန္တိ- အကယ်၍မူလည်း ထွက်ကုန်ဦးတော့၊ ပန- ထိုသို့ပင် ထွက်ကုန်သော်လည်း၊ ဗီဇဂါမေနေဝ သင်္ဂဟံ ဂစ္ဆန္တိ။ (တတ္ထ- ထိုစုပုံထားသော အရိုးတို့၌၊ အဋ္ဌကထာကြီး၌သာပါသည်၊) မဏ္ဍပတ္ထာယ ဝါ- မဏ္ဍပ်တိုင်အကျိုးငှာသော်လည်း ကောင်း၊ ဝတိအတ္ထာယ ဝါ- ခြံစည်းရိုးတိုင် အကျိုးငှာသော်လည်းကောင်း၊ ဝလ္လိအာရောပနတ္ထာယ ဝါ- နွယ်တို့ကို တင်ရခြင်းအကျိုးငှာသော်လည်းကောင်း၊ ဘူမိယံ- မြေ၌၊ နိခဏန္တိ- တူးစိုက်ကြကုန်အံ့၊ မူလေသု စေဝ- အမြစ်တို့သည်လည်းကောင်း၊ ပဏ္ဏေသု စ- အရွက်တို့သည်လည်းကောင်း၊ နိဂ္ဂတေသု- ထွက်ကုန်လသော်၊ ပုန- တစ်ဖန်၊ ဘူတဂါမသဒ္ဒီ- ဘူတဂါမ်ဟူသော အရေအတွက်သို့၊ ဂစ္ဆန္တိ- ရောက်ကုန်၏။ ပန- ဆက်၊ မူလမတ္တေသု ဝါ- အမြစ်မျှတို့သည်သော်လည်းကောင်း၊ ပဏ္ဏမတ္တေသု ဝါ- အရွက်မျှတို့သည်သော်လည်းကောင်း၊ နိဂ္ဂတေသုပိ- ထွက်ကုန်သော်လည်း၊ ဗီဇဂါမေန- ဖြင့်၊ သင်္ဂဟိတာ ဧဝ- သွင်းမြဲ သွင်းယူအပ်ကုန်သည်သာ၊ (ဟောန္တိ။)

http://www.dhammadownload.com

ယာနိ ကာနိစိ- အမှတ်မရှိ ကြွင်းမဲ့ဉာဏ် အလုံးစုံကုန်သော၊ ဗီဇာနိ- မျိုးစေ့တို့သည်၊ ဝါ- တို့ကို၊ ပထဝိယံ ဝါ- မြေ၌သော်လည်း၊ ဥဒကေန- ရေဖြင့်၊ သိဉ္စိတွာ- သွန်းလောင်း၍၊ ဌပိတာနိ- ထားအပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ ကပါလာ- ဒီသု ဝါ- ခွက်အစရှိသည်တို့၌သော်လည်း၊ အလ္လပံသုံ- စိုသော မြေကို၊ ပက္ခိပိတွာ- ထည့်၍၊ နိက္ခိတ္တာနိ- ထားအပ်ကုန်သည်၊ ဟောန္တိ၊ သဗ္ဗာနိ- အလုံးစုံကုန်သော၊ (တာနိ- ထိုမျိုးစေ့တို့သည်၊) မူလမတ္တေ ဝါ- အမြစ်မျှသည်သော်လည်းကောင်း၊ ပဏ္ဏမတ္တေ ဝါ- အရွက်မျှသည်သော်လည်းကောင်း၊ နိဂ္ဂတေပိ- ထွက်ပြီးပါသော်လည်း၊ ဗီဇာနိယေဝ- မျိုးစေ့တို့သာတည်း၊ မူလာနိ စ- အမြစ်တို့သည်လည်းကောင်း၊ ဥပရိ- အထက်၌၊ အင်္ကုရော စ- အညွန့်သည်လည်းကောင်း၊ သစေပိ နိဂ္ဂစ္ဆတိ- အကယ်၍မူလည်း ထွက်အံ့၊ (ဧဝံ သတိပိ- ဤသို့ပင် ထွက်ပါသော်လည်း၊) ယာဝ- အကြင်မျှလောက်သော ကာလပတ်လုံး၊ အင်္ကုရော- အညွန့်သည်၊ ဟရိတော- စိမ်းစိုသည်၊ န ဟောတိ- မဖြစ်သေး၊ တာဝ- ထိုမျှလောက် ကာလပတ်လုံး၊ ဗီဇာနိယေဝ- မျိုးစေ့တို့သာတည်း၊ ပန- ဆက်၊ မုဂ္ဂါဒီနံ- ပဲနောက်စသည်တို့၏၊ ပဏ္ဏေသု- အရွက်တို့သည်၊ ဥဒ္ဓုတေသု ဝါ- ထွက်ကုန်သော်လည်းကောင်း၊ ဝိဟိအာဒီနံ- ကောက်အစရှိသည်တို့၏၊ အင်္ကုရေ- အညွန့်သည်၊ ဟရိတေ ဝါ- စိမ်းစိုလသော်လည်းကောင်း၊ နီလ- ဝဏ္ဏော- ညိုသော အဆင်းသည်၊ ဇာတေ ဝါ- ဖြစ်သော်လည်းကောင်း၊ (ဟရိတေကို ထပ်ဖွင့်၊) ဘူတဂါမသင်္ခံ ဂစ္ဆန္တိ။

တာလဒ္ဒိနံ- ထန်းစေ့တို့၏၊ ပဌမံ- ရှေးဦးစွာ၊ သူကရဒါဌာ ဝိယ- ဝက်စွယ်ကဲ့သို့၊ မူလံ- အမြစ်သည်၊ နိဂ္ဂစ္ဆတိ- ထွက်လာ၏၊ (မူလေ- အမြစ်သည်၊) နိဂ္ဂတေပိ- ထွက်ပြီးပါသော်လည်း၊ ယာဝ- အကြင်မျှလောက်သော ကာလပတ်လုံး၊ ဥပရိ- အထက်၌၊ ပတ္တဝဋ္ဋိ- အရွက်လုံးသည်၊ (ဖူးတိုင်သည်၊) န နိဂ္ဂစ္ဆတိ- မထွက်သေး၊ တာဝ- ထိုမျှလောက်သော ကာလပတ်လုံး၊ ဗီဇဂါမော နာမယေဝ- ဗီဇဂါမ်မည်သည်သာတည်း၊ နာဠိကေရဿ- အုန်းသီး၏၊ တစံ- အခွံကို၊ ဘိန္ဒိတွာ- ခွဲ၍၊ ဒန္တသူစိ ဝိယ- ဆင်စွယ်ဆံထိုးကဲ့သို့၊ အင်္ကုရော- သည်၊ နိဂ္ဂစ္ဆတိ။ ယာဝ- လုံး၊ မိဂသိင်္ဂသဒိသာ- သမင်၏ ဦးချိုနှင့်တူသော၊ နီလပတ္တဝဋ္ဋိ- ညိုသော အရွက်လုံးသည်၊ န ဟောတိ- မဖြစ်သေး၊ တာဝ- လုံး၊ ဗီဇဂါမောယေဝ- ဗီဇဂါမ်သာတည်း၊ မူလေ- အမြစ်သည်၊ အနိဂ္ဂတေပိ- မထွက်သေးပါသော်လည်း၊ တာဒိသာယ- ထိုကဲ့သို့ ရှုအပ်သော၊ ပတ္တဝဋ္ဋိယာ- သည်၊ ဇာတာယ- ဖြစ်လသော်၊ အမူလက-

http://www.dhammadownload.com

ဘူတဂါမေ- အမြစ်မရှိသော ဘူတဂါမ်၌၊ သင်္ဃံ ဂစ္ဆတိ။ [အုန်းသီးအတွက် သီးခြား ဘူတဂါမ်တစ်မျိုးတည်း။ (သာရတ္ထ၊၃၊၂၁။)]

အမ္ဗဋ္ဌအာဒီနိ- သရက်စေ့အစရှိသည်တို့ကို၊ ဝိဟိအာဒီဟိ- ကောက်ပင်အစရှိသည်တို့ဖြင့်၊ ဝိနိစ္ဆိနိတဗ္ဗာနိ- ဆုံးဖြတ်ထိုက်ကုန်၏၊ ဝန္ဒာကာ ဝါ- ကျီးပေါင်းသည်သော်လည်းကောင်း၊ အညာ- တစ်ပါးသော၊ ယာကာစိ ဝါ- အမှတ်မထား တစ်ပါးပါးသည်သော်လည်းကောင်း၊ ရုက္ခေ- သစ်ပင်ပေါ်၌၊ ဇာယိတွာ- ပေါက်၍၊ ရုက္ခံ- ကို၊ ဩတ္ထရတိ- လွှမ်းမိုး၏၊ ရုက္ခောဝ- သစ်ပင်သည်သာလျှင်၊ တဿာ- ထိုကျီးပေါင်းစသည်၏၊ ဌာနံ- တည်ရာတည်း၊ တံ- ထိုကျီးပေါင်းအစရှိသည်ကို၊ ဝိကောပေန္တဿ ဝါ- ဖျက်ဆီးသည်မူလည်းဖြစ်သော၊ တတော- ထိုသစ်ပင်မှ၊ ဥဒ္ဓရန္တဿ ဝါ- ထုတ်ဆောင်သည်မူလည်းဖြစ်သော၊ (ဘိက္ခုနော၊) ပါစိတ္တိယံ၊ ဧကာ- တစ်မျိုးသော၊ အမူလိကာ- အမြစ်မရှိသော၊ လတာ- နွယ်သည်၊ ဟောတိ- ရှိ၏၊ အဂုံလိဝေဌကော ဝိယ- လက်စွပ်ကဲ့သို့၊ ဝနပ္ပဂုမ္ဗဒဏ္ဍကေ- တောချုံ၏ အရိုး (သစ်ကိုင်း) တို့ကို၊ ဝေဌေတိ- ရစ်ပတ်တတ်၏၊ တဿာပိ- ထိုနွယ်၏လည်း၊ အယမေဝ ဝိနိစ္ဆယော- ဤအဆုံးအဖြတ်ပင်တည်း၊ (ဝိကောပေန္တဿ ဝါ တတော ဥဒ္ဓရန္တဿ ဝါ ပါစိတ္တိယံ-ပင် ဖြစ်သည်။)

ဧဟပမုခပါကာရဝေဒိကာစေတိယာဒီသု- အိမ်၏အဦး စမုတ်,တံတိုင်း, ပွတ်တိုင်,စေတီအစရှိသော အရပ်တို့၌၊ နီလဝဏ္ဏော- ညိုသော အဆင်းရှိသော၊ သေဝါလော- မှော်သည်၊ ဟောတိ- ရှိ၏၊ (ရေညှိပင်ကို ဆိုလိုသည်၊) ယာဝ-လုံး၊ ဒွေ တီဏိ ပတ္တာနိ- နှစ်ရွက် သုံးရွက်တို့သည်၊ န သဋ္ဌာယန္တိ- မဖြစ်ကုန်သေး၊ တာဝ- လုံး၊ အဂ္ဂဗီဇသင်္ဃံ- အဂ္ဂဗီဇ ၌ သွင်းယူအပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ၊ ပတ္တေသု- အရွက်တို့သည်၊ ဇာတေသု- ဖြစ်ကုန်လသော်၊ ပါစိတ္တိယဝတ္ထု-ပါစိတ်အာပတ်၏ တည်ရာအကြောင်းတည်း၊ တသ္မာ- ကြောင့်၊ တာဒိသေသု- ထိုကဲ့သို့ ရှုအပ်ကုန်သော၊ ဌာနေသု- အရပ်တို့၌၊ သုဓာလေပမိွ- သုတ်လိမ်းကြောင်းဖြစ်သော အင်္ဂတေကိုလည်း၊ ဒါတုံ- ပေးခြင်းငှာ၊ န ဝဋ္ဋတိ။ အနုပသမ္ဗန္ဓေန- သည်၊ လိတ္တဿ- လိမ်းကျံအပ်ပြီးသော အင်္ဂတေ၏၊ ဥပရိ-အထက်၌၊ သိနေဟလေပေါ- သုတ်လိမ်းကြောင်းအစေးကို၊ ဒါတုံ ဝဋ္ဋတိ၊ (အောက်ခံက အင်္ဂတေစသည် ဖြစ်နေသောကြောင့် ထုံးစသည်ကို ရဟန်းကိုယ်တိုင် သုတ်ကောင်းသည်၊) နိဒါဃသမယေ- နွေအခါ၌၊ သုက္ခသေဝါလော- ခြောက်သော မှော်သည်၊ သစေ တိဋ္ဌတိ- အကယ်၍ တည်နေအံ့၊ ဧဝံ

http://www.dhammadownload.com

သတိ၊ တံ- ထိုမှော်ခြောက်ကို၊ သမ္မုဋ္ဌနီအာဒီဟိ- တံမြက်စည်းအစရှိသည်တို့ဖြင့်၊ ဃံသိတွာ- ပွတ်တိုက်၍၊ အပနေတုံ- ပယ်ရှားခြင်းငှာ၊ ဥဋ္ဌတိ၊ ပါနီယ-ဃဋ္ဌာဒီနံ- သောက်ရေအိုး အစရှိသည်တို့၏၊ ဗဟိ- အပြင်ဘေး၌၊ သေဝါလော-မှော်သည်၊ ဒုက္ကဋဝတ္ထု- ဒုက္ကဋ်အာပတ်၏ တည်ရာအကြောင်းတည်း၊ အန္တော-အတွင်းဘက်၌၊ သေဝါလော- သည်၊ အဗ္ဘောဟာရိကော- အာပတ်၏၊ အဂိါဟုခေါ်ဝေါ်ပြောဆိုခြင်းငှာ မထိုက်၊ ဝါ- မပြောပလောက်၊ [ရေအိုးစသည်တို့၏ အပြင်ဘက်၌ မှော် (ရေညှိ) သည် ရေ၌ မတည်သောကြောင့်လည်းကောင်း၊ ဗီဇဂါမ်အားလျော်သောကြောင့်လည်းကောင်း ဒုက္ကဋ်ဝတ္ထု-ဟု ဆိုကြသည်။ (သာရတ္ထ၊၃၊၂၁။) ကျောက်တုံး, ကျောက်ဖျာ, သမံတလင်းစသည်တို့၌ တက်သော ရေညှိများကိုလည်း အလားတူပင် ယူပါ။]

ဒန္တကဋ္ဌပူဝါဒီသု- ဒန်ပူ,မုန့်အစရှိသော ဝတ္ထုတို့၌၊ ကဏ္ဏကမို့- မှိုသည်လည်း၊ အဗ္ဘောဟာရိကမေဝ- ပင်တည်း၊ ဟိ- သာဓကကား၊ သစေ။ပ။ ပမဇ္ဇိတဗ္ဗာတိ- ဟူသော၊ ဧတံ (သုတ္တံ)- ဤပါဠိတော်ကို၊ ဘဂဝတာ ဝုတ္တံ၊ "ဂေရုပရိကမ္မကတာ- ဂွေ့နီဖြင့်ပြုအပ်သော အချောကိုင်မှုရှိသော၊ (ဂွေ့နီသုတ်ထားသော၊) ဘိတ္တိ- နံရံသည်၊ ကဏ္ဏကိတာ- ရောပြွမ်းသော မှိုရှိသည်၊ ဝါ- မှိုတက်သည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ စောဠကံ- အဝတ်ကြမ်းကို၊ တေမေတွာ- ရေဆွတ်၍၊ ပီဠေတွာ- ရေကိုညှစ်၍၊ ပမဇ္ဇိတဗ္ဗာ- သာသာယာယာ ပွတ်တိုက်ထိုက်၏။"

၇၇။ ပါသာဏာဇာနိ- ကျောက်မှ ဖြစ်ကုန်သော၊ (ဆရာများက ပါသာဏာဇာတိ မဟုတ်၊ ပါသာဏာဇာနိ-ပြင်ရမည်ဟု မိန့်ဆိုကြသည်။) ပါသာဏဒဒ္ဒု-သေဝါလသေလေယျကာဒီနိ- ကျောက်အပွေး, ကျောက်မှော်, ကျောက်ပန်းအစရှိသည်တို့သည်၊ (သေလေယျကံ နာမ သိလာယ သမ္မဏ္ဍတာ ဧကာ ဂန္ဓ-ဇာတိ- ကျောက်မှဖြစ်သော နံ့သာတစ်မျိုး၊ ဦ-များ။) အဟရိတဝဏ္ဏာနိ- စိမ်းစိုသော အဆင်းမရှိကုန်သည်၊ သမာနာနိ စ- ဖြစ်ကုန်သော်လည်းကောင်း၊ အပတ္တကာနိ- အရွက်မရှိကုန်သည်၊ သမာနာနိ စ- သော်လည်းကောင်း၊ ဒုက္ကဋ-ဝတ္ထူနိ- တို့တည်း၊ အဟိစ္ဆတ္တကံ- မှိုသည်၊ ယာဝ- အကြင်မျှလောက်၊ မကုဋ္ဌ-ဒံနေသည်၊ ဟောတိ၊ တာဝ- လောက်၊ ဒုက္ကဋဝတ္ထု- တည်း၊ ပုပ္ဖိတကာလတော-ပွင့်ရာအခါမှ၊ ပဋ္ဌာယ- စ၍၊ အဗ္ဘောဟာရိကံ- တည်း၊ ပန- ဆက်၊ အလ္လရုက္ခ-တော- စိုသော သစ်ပင်မှ၊ အဟိစ္ဆတ္တကံ- ကို၊ ဂဏှန္တော- ယူသော ရဟန်းသည်၊

http://www.dhammadownload.com

ရုက္ခတစ်- သစ်ပင်၏အခွံ (အခေါက်) ကို၊ ဝိကောပေတိ- ဖျက်ဆီး၏၊ (ဖျက်ဆီးရာရောက်၏၊) တသ္မာ- ကြောင့်၊ တတ္ထ- ထိုသို့ယူရာ၌၊ ပါစိတ္တိယံ ဟောတိ။ ရုက္ခပပဋိကာယပိ- သစ်ပင်၏ အပွေးခွံလည်း၊ (သစ်ပင်၏အပွေးကို ခွာယူရာ၌လည်း၊) ဧသေဝ နယော။

ပန- ဆက်၊ ဂ္ဂန္ဒသာလကကုမာဒိနံ- နပဲပင် ရေခဲတက်ပင်အစရှိသည်တို့၏၊ ယာ ပပဋိကာ- အကြင်အပွေးသည်၊ ရုက္ခတော- မှ၊ မုစ္စိတ္တာ- လွတ်၍၊ (ကွာ၍) တိဋ္ဌတိ- တည်၏၊ တံ- ထိုအပွေးကို၊ ဂဏ္ဌန္တသ- ယူသော ရဟန်း၏၊ အနာပတ္တိ၊ နိယျာသမွိ- သစ်စေးကိုလည်း၊ ရုက္ခတော- မှ၊ မုစ္စိတ္တာ- ၍၊ ဋ္ဌတံ- တည်သော သစ်စေးကိုလည်းကောင်း၊ သုက္ခရုက္ခေ- ၌၊ လဂ္ဂံ- ကပ်နေသော ဿစ်စေးကိုလည်းကောင်း၊ ဂဏှိတုံ ဝဋ္ဋတိ၊ အလ္လရုက္ခတော- မှ၊ ဂဏှိတုံ န ဝဋ္ဋတိ၊ လာခါယပိ- ချိပ်၌လည်း၊ ဧသေဝ နယော။

ရုက္ခံ- သစ်ပင်ကို၊ စာလေတွာ- လှုပ်စေ၍၊ ပဏ္ဏုပလာသံ ဝါ- ဖက်ရွက်ရော်ကိုသော်လည်းကောင်း၊ ပရိဏတကဏိကာရာဒိပုပ္ဖံ ဝါ- ရင့်ပြီးသော မဟာလေကားအစရှိသော အပွင့်ကိုသော်လည်းကောင်း၊ ပါတေန္တသ- ကျစေသော ရဟန်း၏၊ ပါစိတ္တိယမေဝ၊ ဟတ္ထကုက္ကုစ္စေန- လက်၏ စက်ဆုပ်အပ်စွာ ပြုအပ်သောအမှုဖြင့်၊ ဝါ- လက်ဆော့သဖြင့်၊ မုဒုကေသု- နုညံ့ကုန်သော၊ ဂ္ဂန္ဒသာလနုဟီခန္ဓာဒီသု ဝါ- နပဲပင်စည် ရှားစောင်းကြီးပင်စည်အစရှိသည်တို့၌သော်

ရုက္ခတစ် ဝိကောပေတိ။ ။ သစ်ပင်၌ပေါက်နေ၍ ပွင့်ပြီးသော မှော်ကို သစ်ခေါက်သစ်ခွံ မပျက်ရအောင် ထိပ်မှဖြတ်ယူက အပ်သည်ဟူသော သဘောကို "ရုက္ခတစ် ဝိကောပေတိ"ပါဠိဖြင့်ပင် ပြသည်။ (သာရတ္ထ၊၃၊၂၁။)

ရုက္ခတော မုစ္စိတ္တာ တိဋ္ဌတိ။ ။ စိုးစဉ်းအနည်းငယ် သစ်ပင်၌ ငြိကပ်တည်နေပါသော်လည်း သစ်ပင်မှ ယူလိုက်သည့်အခါ သစ်ခေါက်သစ်ခွံ မပျက်လျှင် အပ်သည်ဟု ဆိုကြသည်။ (သာရတ္ထ၊၃၊၂၁။) တမာစေးစသည်ကိုလည်း နည်းတူပင်မှတ်။

အလ္လရုက္ခတော န ဂဏှိတိ။ ။ သစ်ခေါက်သစ်ခွံကို မပျက်စေဘဲ အပေါ်ဘက်မှ ရွေ့ချောဖြတ်တောက်ယူပါက သစ်စိုပင်မှလည်း ယူကောင်းသည်ဟူသော သဘောကိုလည်း ဤပါဠိဖြင့်ပင် ပြသည်။

မာဒ္ဓကုက္ကုစ္စေန။ ။ နပဲပင် ရှားစောင်းကြီးပင် စသည်တို့၏ပင်စည်လုံးမှာ စာရေးမှုကို ပြုသောရဟန်း, အပင်၌တည်နေသော ထန်းရွက်မှာ စာရေးမှုကို ပြုသော ရဟန်းသည် စောင့်စည်းမှုမရှိဘဲ သက်သက်လက်ဆော့ရာရောက်သည်။ ယင်းသို့ လက်

http://www.dhammadownload.com

လည်းကောင်း၊ တတ္ထဇာတကတာလပဏ္ဏာဒီသု ဝါ- ထိုထန်းပင်၌ ဖြစ်သော ထန်းရွက်အစရှိသည်တို့၌သော်လည်းကောင်း၊ အက္ခရံ- အက္ခရာကို၊ ဆိန္ဒန္တ- သပိ- ဖြတ်ထွင်းသော ရဟန်း၏လည်း၊ (တစ်နည်း) အက္ခရံ ဆိန္ဒန္တသပိ- စာရေးသော ရဟန်း၏လည်း၊ ဧသေဝ နယော။

ပုပ္ပံ- ပန်းကို၊ သြစိနန္တာနံ- ဆွတ်ခူးနေကြသော၊ သာမဏေရာနံ- တို့အား၊ သာခံ- သစ်ကိုင်းကို၊ သြနာမေတွာ- ညွတ်စေ၍၊ (ညွတ်၍ နှိမ်၍) ဒါတုံ ဝဋ္ဋတိ၊ ပန- ထိုသို့ပင် အပ်ပါသော်လည်း၊ တေဟိ ပုပ္ဖေဟိ- (ရဟန်း နှိမ်ပေးအပ်သော) ထိုပန်းတို့ဖြင့်၊ ပါနီယံ- သောက်ရေကို၊ န ဝါသေတဗ္ဗံ- မထုံစေထိုက်၊ ပါနီယ- ဝါသတ္ထိကေန- သောက်ရေကို ထုံစေခြင်းဖြင့် အလိုရှိသော ရဟန်းသည်၊ သာမဏေရံ- ကို၊ ဥက္ခိပိတွာ- မြှောက်ပင့်၍၊ သြစိနာပေတဗ္ဗာနိ- ဆွတ်ခူးစေထိုက်ကုန်၏၊ ဖလသာခါပိ- အသီးရှိသော သစ်ခက်သစ်ကိုင်းကိုလည်း၊ အတ္တနာ- ကိုယ်တိုင်၊ ခါဒိတုကာမေန- စားလိုလသော်၊ န သြနာမေတဗ္ဗာ- ညွတ်မပေးထိုက် (နှိမ်မပေးထိုက်၊) သာမဏေရံ ဥက္ခိပိတွာ၊ ဖလံ- အသီးကို၊ ဂါဟာပေတဗ္ဗံ- ယူစေထိုက်၏၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ဂစ္ဆံ ဝါ- ခဲ့ကိုသော်လည်းကောင်း၊ လတံ ဝါ- နွယ်ကိုသော်လည်းကောင်း၊ ဥပ္ပါဋေန္တေဟိ- နုတ်ကုန်သော၊ သာမဏေရေဟိ- တို့နှင့်၊ သဒ္ဓိံ- အတူ၊ ဂဟေတွာ- ကိုင်၍၊ အာကာသိတုံ- ဆွဲငင်ခြင်းငှာ၊ န ဝဋ္ဋတိ။ ပန- အလျော်အသင့်ကား၊ တေသံ- ထိုသာမဏေတို့၏၊ ဥဿာဟဇနနတ္ထံ- အားတက်သရော ဖြစ်စေခြင်း အကျိုးငှာ၊ အနာကမ္ပနွန္တေန- မဆွဲငင်ဘဲ၊ ကမ္ပနာကာရံ- ဆွဲငင်ပုံအခြင်းအရာကို၊ ဒဿေန္တေန ဝိယ- ပြသကဲ့သို့၊ (မဆွဲသော်လည်း ဆွဲနေပုံကို ပြလျက်၊) အဂ္ဂေ- အဖျားဌ၊ ဂဟေတုံ- ကိုင်ခြင်းငှာ၊ ဝဋ္ဋတိ။

ဆော့မှုမျိုး (လျှပ်ပေါ်လော်လည်မှုမျိုး) ကိုပင် လက်၏ စက်ဆုပ်အပ်စွာ ပြုအပ်သော အမှုဖြစ်သောကြောင့် "ဟတ္ထကုက္ကုစ္စ"ဟု ခေါ်သည်။ (ကုစ္ဆိတံ ကတံ- ကုကတံ၊ ကုကတမေဝ- ကုက္ကုစ္စံ၊ ဟတ္ထသ္မာ ကုက္ကုစ္စံ- ဟတ္ထကုက္ကုစ္စံ။)

ပါနီယံ နဝါသေတဗ္ဗံ။ ။ မိမိအတွက် ညွတ်ပေးခဲ့သော ပန်းတို့ကို ရည်၍သာ သောက်ရေကို မွှေးအောင် မထုံစေထိုက်ဟု ဆိုထားရပေသည်။ မိမိအတွက် မဟုတ်ဘဲ သာမဏေအတွက် ညွတ်ပေးခဲ့သော ပန်းများကို နောက်၌ သူတို့ထံမှ ရရှိခဲ့ပါလျှင် ယင်းပန်းများဖြင့် သောက်ရေကို မထုံကောင်းစရာ မရှိ။ (သာရတ္ထ၊၃၊၂၁။)

http://www.dhammadownload.com

ယေသံ ရုက္ခာနံ- တို့၏၊ သာခါ- အခက်သည်၊ ရုဟတိ- (အပင်) ပေါက်၏၊ တေသံ- ထိုသစ်ပင်တို့၏၊ သာခံ- အခက်ကို၊ မင္ဂိကာဗီဇနာဒီနံ- ယင်နှင်ယပ် အစရှိသည်တို့၏၊ အတ္ထာယ- ငှာ၊ (ဆွမ်းပွဲစသည်တို့၌ ယင်ခြောက်ရန်)၊ ကပ္ပိယံ- ကပ္ပိမှုကို၊ အကာရာပေတွာ- မပြုစေဘဲ၊ ("ကပ္ပိယံ ကရောဟိ၊ ကပ္ပိယံ ဘန္တေ"ဟု ပြောဆိုလျက် ကပ္ပိမှုကို မပြုလုပ်ဘဲ) ဂဟိတံ- ယူအပ်သည်၊ ဟောတိ- ဖြစ်အံ့၊ တစေ ဝါ- အခေါက်၌သော်လည်းကောင်း၊ ပတ္တေ ဝါ- အရွက်၌သော်လည်း ကောင်း၊ အန္တမသော- အားဖြင့်၊ နခေနပိ- လက်သည်းဖြင့်သော်လည်း၊ ဝိလေ- ခန္တသ- ရေးခြစ်သော ရဟန်း၏၊ ဒုက္ကဋ်။ အလ္လသိင်္ဂဝေရာဒီသုပိ- ချင်းစိမ်းအစရှိ သည်တို့၌လည်း၊ ဧသေဝ နယော။ ပန- ဆက်၊ ကပ္ပိယံ- ကို၊ ကာရာပေတွာ- ၍၊ သီတလေ- အေးသော၊ ပဒေသေ- အရပ်၌၊ ဌပိတဿ- ထားအပ်သော ချင်း၏၊ မူလံ- သည်၊ သစေ သဉ္စာယတိ- အံ့၊ ဧဝံ သတိ၊ ဥပရိဘာဂေ- ၌၊ ဆိန္ဒိတုံ ဝဋ္ဋတိ။ အက်ံရော- အညွှန့်သည်၊ သစေ ဇာယတိ- အံ့၊ ဧဝံ သတိ၊ ဟေဋ္ဌာဘာဂေ- ၌၊ ဆိန္ဒတုံ ဝဋ္ဋတိ၊ မူလေ စ- အမြစ်သည်လည်းကောင်း၊ အက်ံရေ စ- ညိုသော အညွှန့်သည်လည်းကောင်း၊ ဇာတေ- ပေါက်ပြီးလတ် သော်၊ ဆိန္ဒတုံ န ဝဋ္ဋတိ။

"သမ္မဇ္ဇနီသလာကာယပိ- တံမြက်စည်းတံဖြင့်သော်မှလည်း၊ တိဏာနိ- မြက်တို့ကို၊ ဆိန္ဒိဿာမိ- ဖြတ်အံ့၊" ဣတိ- ဤသို့ကြံ၍၊ ဘူမိယံ- မြေ၌၊ သမ္မဇ္ဇန္တော- တံမြက်လှည်းလျက်၊ သယံ ဝါ- ကိုယ်တိုင်မူလည်း၊ ဆိန္ဒတိ- ဖြတ်အံ့၊ အညေန ဝါ- အခြားသူကိုမူလည်း၊ ဆေဒါပေတိ- ဖြတ်စေအံ့၊ န ဝဋ္ဋတိ။ စက်မန္တောပိ- စကြိုသွားလျက်လည်း၊ "ဆိဇ္ဇနကံ- ပြတ်တတ်သော (မြက်စသော) အရာဝတ္ထု- သည်၊ ဆိဇ္ဇတု- ပြတ်ပစေ၊ ဘိဇ္ဇနကံ- ပျက်တတ်သော (မြေကြီးစသော) အရာ

ယေသံ ရုက္ခာနံ။ပ။ ဒုက္ကဋံ။ ။ အပင်ပေါက်သော သစ်ခက်သစ်ကိုင်းကို ကပ္ပိမှုကို ပြုပြီးမှ ယင်ခြောက်မှုစသည်ကို ပြုရမည်။ အပင်မပေါက်သော သစ်ခက်ကိုမူ ကပ္ပိရန် မလိုပေ။ (သာရတ္ထ၊၃၊၂၁။)

အမြစ်မထွက်ဘဲ အရွက်မျှသာထွက်သော သစ်ကိုင်းမျိုးဖြစ်လျှင် ထိုသစ်ပင်တို့၌ အကိုင်းကို ကပ္ပိမှုကို မပြုဘဲလည်း ခုတ်ဖြတ်ထားပြီးသော အုန်းပင် ဝါးလုံးစသည်တို့ကို ဖျက်ဆီးကောင်းသည်။ (ဝိမတိ၊၂၊၁၂။)

သို့သော် ဝါးနက် ကြခတ် စသော အချို့ဝါးများကား အဆစ်ကို စိုက်ပျိုး၍ ရသည်။ ထိုဝါးမျိုးကိုမူ ကပ္ပိပြီးမှ ဖျက်ဆီးကောင်းသည်ဟု ယူမှသင့်မည်။

http://www.dhammadownload.com

ဝတ္ထုသည်၊ ဘိဇ္ဇတု- ပျက်ပစေ၊ စက်မိတဒ္ဒာနံ- စကြိုသွားအပ်သော အရပ်ကို၊ ဒဿေဿာမိ- ပြအံ့၊" ဣတိ- သို့၊ သဉ္ဇိစ္စ- သညာနှင့်တကွ စေ့ဆော်၍၊ ပါဒေဟိ- ခြေတို့ဖြင့်၊ အက္ကမန္တော- (ခပ်ဖိဖိ) နင်းလျက်၊ တိဏဝလ္လိအာဒီနိ- မြက်နွယ်အစရှိသည်တို့ကို၊ သယံ ဝါ- ကိုယ်တိုင်မူလည်း၊ ဆိန္ဒတိ- ဖြတ်အံ့၊ အညေန ဝါ- အခြားသူကိုမူလည်း၊ ဆေဒါပေတိ- ဖြတ်စေအံ့၊ န ဝဋ္ဋတိ။ ဟိ- မှန်၏၊ တိဏံ ဝါ- ကိုသော်လည်းကောင်း၊ လတံ ဝါ- ကိုသော်လည်းကောင်း၊ ဂန္ထိံ- အထုံးကို၊ ကရောန္တသ- ပြုစဉ်၊ သစေပိ ဘိဇ္ဇတိ- အကယ်၍မူလည်း ပျက်အံ့၊ ဧဝံ သတိ- (ပျက်ဖွယ်ရှိနေလျှင်၊) ဂန္ထိပိ- အထုံးကိုလည်း၊ ကာတုံ န ဝဋ္ဋတိ။

ပန- ဆက်၊ တာလရုက္ခာဒီသု- ထန်းပင်အစရှိသည်တို့၌၊ စောရာနံ- ခိုးသူတို့၏၊ အနာရုဟဏတ္ထာယ- မတက်နိုင်ခြင်း အကျိုးငှာ၊ ဒါရုမက္ကဋကံ- သစ်သားမြောက်လက်ကို၊ အာကောဋ္ဌေန္တိ- စိုက်နှက်တတ်ကြကုန်၏၊ ကဏ္ဏကေ- ဆူးတို့ကို၊ ဗန္ဓန္တိ- ဖွဲ့ချည်ထားတတ်ကြကုန်၏၊ ဘိက္ခုသ- ၏၊ ဧဝံ- သို့၊ ကာတုံ န ဝဋ္ဋတိ၊ ဒါရုမက္ကဋကော- သည်၊ ရုက္ခေ- ၌၊ အလ္လိနမတ္တောဝ- ကပ်ငြိကာမျှသည်သာ၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ရုက္ခံ- ကို၊ န ပီဠေတိ- မနှိပ်စက်၊ ဝဋ္ဋတိ။ "ရုက္ခံ- သစ်ပင်ကို၊ ဆိန္ဒ- ဖြတ်လိုက်လော၊ လတံ- ကို၊ ဆိန္ဒ၊ ကန္ဒံ- သစ်ဥကို၊ ဥပ္ပါဋေဟိ- နုတ်လိုက်လော၊" ဣတိ ဝါ- သော်လည်းကောင်း၊ "မူလံ- သစ်မြစ်ကို၊ ဥပ္ပါဋေဟိ- လော၊" ဣတိ ဝါ- သော်လည်းကောင်း၊ ဝတ္တုံ- ပြောဆိုခြင်းငှာ၊ ဝဋ္ဋတိ၊ (ကသ္မာ) အနိယမိတတ္တာ- မသတ်မှတ်အပ်သည်၏ အဖြစ်ကြောင့်တည်း၊ ပန- ထိုမှပြန်လှန် မသင့်ဟန်ကား၊ နိယမေတွာ- သတ်မှတ်၍၊ "ဣမံ ရုက္ခံ- ကို၊ ဆိန္ဒ- လော၊" ဣတိအာဒိ- ဤသို့အစရှိသော စကားသည်၊ ဝါ- ကို၊ ဝတ္တုံ န ဝဋ္ဋတိ။ နာမံ- အမည်ကို၊ ဂဟေတွာပိ- ယူ၍လည်း၊ "အမ္ဗရုက္ခံ- သရက်ပင်ကို၊ ဆိန္ဒ- လော၊ စတုရံသဝလ္လိ- ကြိဟင်းနွယ်ကို၊ ဘိန္ဒ- ဖျက်လော၊ အာလုဝကန္ဒံ- ပြိန်းဥကို၊ ဥပ္ပါဋေဟိ- နုတ်လော၊ မုဉ္ဇတိဏံ- ဖြူဆံမြက်ကို၊ ဥပ္ပါဋေဟိ၊ အသုကရုက္ခဋ္ဌာနေ- ထိုမည်သော သစ်ပင်၏ အခေါက်ကို၊ ဥပ္ပါဋေဟိ- ခွာလော၊" ဣတိ အာဒိဝစနမ္ပိ- ဤသို့အစရှိသော စကားသည်လည်း၊ အနိယတမေဝ- မသတ်မှတ်အပ်သော စကားသည်ပင်၊ ဟောတိ။ ဟိ- မှန်၊ "ဣမံ

စက်မိတဒ္ဒာနံ ဒဿေဿာမိ။ ။ စကြိုသွားလိုရုံ လမ်းသွားလိုရုံမျှဖြင့် နင်းသောရဟန်း, မြက်တို့၏အပေါ်၌ ထိုင်လိုရုံမျှဖြင့် ထိုင်သောရဟန်းမှာ အပြစ်မရှိပါ။

(ဝိမတိ၊ ၂၊၁၂၂။)

http://www.dhammadownload.com

အမွရုက္ခံ- ကို၊ (ဆိန္ဒ၊)" ဣတိအာဒိဝစနမေဝ- ဤသို့အစရှိသော စကားသည်သာ၊ နိယမိတံ နာမ- သတ်မှတ်အပ်သော စကားမည်သည်၊ ဟောတိ။ တံ- ထိုစကားသည်၊ ဝါ- ကို၊ ဝတ္တုံ နဝဋ္ဌတိ။

ပတ္တမ္ပိ- သပိတ်ကိုလည်း၊ ပစိတုကာမော- ဖုတ်လိုသည်၊ ဟုတ္ဝာ- ၍၊ တိဏာ-ဒီနံ- မြက်အစရှိသည်တို့၏၊ ဥပရိ- အထက်၌၊ သဉ္စိစ္စ- သညာနှင့်တကွ စေ့ဆော်၍၊ အဂ္ဂိံ- မီးကို၊ ကရောန္တော- ပြုလျက်၊ (မီးထည့်လျက်)၊ သယံ ဝါ- ကိုယ်တိုင်မူလည်း၊ ပစတိ- မီးရှို့ငြားအံ့၊ အညေန ဝါ- အခြားသူကိုမူလည်း၊ ပစာပေတိ- မီးတိုက်စေအံ့၊ နဝဋ္ဌတိ။ ပန- အလျော်အသင့်ကား၊ အနိယမေတွာ- မသတ်မှတ်မူ၍၊ "မုဂ္ဂေ- ပဲနောက်တို့ကို၊ ပစ- ချက်လော၊ မာသေ- ပဲကြီးတို့ကို၊ ပစ-လော၊" ဣတိအာဒိ- ဤသို့အစရှိသော စကားသည်၊ ဝါ- ကို၊ ဝတ္တုံ ဝဋ္ဌတိ။ "ဣမေ မုဂ္ဂေ- ဤပဲနောက်တို့ကို၊ ပစ၊" ဣတိ ဧဝံ- သို့၊ ဝတ္တုံ နဝဋ္ဌတိ။ ပန-ဆက်၊ "ဣမံ မူလဘေသဇ္ဇံ- ဤအမြစ်ဆေးကို၊ ဇာန- သိလော၊ ဣမံ မူလံ- ကို၊ ဒေဟိ- လော၊"ဣတိ ဝါ- သော်လည်းကောင်း၊"ဣမံ ပဏ္ဏံ- ကို၊ ဒေဟိ"ဣတိ ဝါ၊ "ဣမံ ရုက္ခံ အာဟရ- ယူခဲ့လော၊" ဣတိ ဝါ- လည်းကောင်း၊ "ဣမံ လတံ အာဟရ၊" ဣတိ ဝါ- လည်းကောင်း၊ "ဣမိနာ ပုပ္ဖေန- ဖြင့်၊ အတ္ထော- အလိုရှိ၏၊" ဣတိ ဝါ- လည်းကောင်း၊ "ဣမံ ရုက္ခံ- ကို၊ ကပ္ပိယံ- အပ်သည်ကို၊ ကရောဟိ-လော၊" ဣတိ ဧဝံ ဝါ- လည်းကောင်း၊ "ဣမံ လတံ ကပ္ပိယံ ကရောဟိ" ဣတိ ဧဝံ ဝါ- လည်းကောင်း၊ "ဣမံ ဖလံ ကပ္ပိယံ ကရောဟိ" ဣတိ ဧဝံ ဝါ- လည်းကောင်း၊ ဝတ္တုံ ဝဋ္ဌတိ။ ဧတ္တာဝတာ- ဤမျှဖြင့်၊ ဝါ- ဤမျှအတိုင်းအရှည်ရှိသော ဇာန ဒေဟိ-စသည်ကို ပြောဆိုခြင်းဖြင့်၊ ဘူတဂါမပရိမောစိတံ- ဘူတဂါမ်အဖြစ်မှ လွတ်စေအပ်ပြီးသည်၏အဖြစ်ကို၊ ကတံ- ပြုအပ်ပြီးသည်၊ ဟောတိ။

၇၈။ ပန- ထိုသို့ပင် ဘူတဂါမ်အဖြစ်မှ လွတ်အောင်ပြုအပ်ပြီး ဖြစ်ပါသော်လည်း၊ ပရိဘုဥ္ဇန္တေန- ဘုဉ်းပေးသုံးဆောင်လိုသော ရဟန်းသည်၊ ဗီဇဂါမပရိ-မောစနတ္ထံ- ဗီဇဂါမ်အဖြစ်မှ လွတ်စေခြင်းအကျိုးငှာ၊ ပုန- တစ်ဖန်၊ ကပ္ပိယံ-ကပ္ပိမှုကို၊ ကာရာပေတဗ္ဗံ- ပြုစေထိုက်၏၊ စ- ဆက်၊ ဧတ္ထ- ဤ "ကပ္ပိယံ ကာရာ-

---

ပုန ကပ္ပိယံ ကာရာပေတဗ္ဗံ။ ။ "ဒီဆေးမြစ်ကို သိစမ်း၊ ဒီအမြစ်ကို ယူခဲ့။ပ။ ဒီအသီးကို ကပ္ပိစမ်း"ဟု ရဟန်းကပြောဆိုစေခိုင်းသည့်အခါမှာ လူသာမဏေတို့က တူးမှု ခုတ်ဖြတ်မှုစသည်တို့ကို ပြုလုပ်ယူပေးလျှင် ယင်းဆေးမြစ်စသည်တို့သည် ဘူတဂါမ် မဟုတ်တော့ပါ။ ဘူတဂါမ်မှ လွတ်မြောက်ပြီး ဖြစ်တော့သည်။ သို့သော်

http://www.dhammadownload.com

ပေတဗ္ဗံ"ဟူသော စကားရပ်၌၊ ကပ္ပိယကရဏ်- အပ်အောင်ပြုခြင်းကို၊ ဣမိနာ သုတ္တာနုသာရေန- ဤပါဠိတော်ကို အစဉ်လိုက်သဖြင့်၊ ဝေဒိတဗ္ဗံ- သိအပ်၏။ (ကိ) –

"ဘိက္ခဝေ- တို့၊ အဂ္ဂိပရိဇိတံ- မီးဖြင့် ထက်ဝန်းကျင် ညှဉ်းဆဲအပ် ကပ္ပိအပ်သော အသီးလည်းကောင်း၊ သတ္ထပရိဇိတံ- ဓားဖြင့် ထက်ဝန်းကျင် ညှဉ်းဆဲအပ် ကပ္ပိအပ်သော အသီးလည်းကောင်း၊ နခပရိဇိတံ- လက်သည်းဖြင့် ထက်ဝန်းကျင် ညှဉ်းဆဲအပ် ကပ္ပိအပ်သော အသီးလည်းကောင်း၊ အဇိဇံ- ဇိဇမဟုတ်သော အသီးလည်းကောင်း၊ ဝါ- နုသော အစေ့ရှိသော အသီးလည်းကောင်း၊ ပဋ္ဌမံ- ငါးခုမြောက်ဖြစ်သော၊ နိဗ္ဗတ္တဇိဇညေဝ- ထုတ်အပ်ပြီးသော အစေ့ရှိသော အသီးသာလျှင် လည်းကောင်း၊ ဣတိ- သို့၊ ပဋ္ဌဟိ- ငါးပါးကုန်သော၊ သမဏကပ္ပေဟိ- ရဟန်းတို့၏ အသုံးအနှုန်းတို့ဖြင့်၊ ဖလံ- အသီးကို၊ ပရိဘုဉ္ဇိတုံ- သုံးဆောင်ခြင်းငှာ၊ အနုဇာနာမိ- ခွင့်ပြုတော်မူ ၏။" ဣတိ- သို့၊ ဝေဒိတဗ္ဗံ။

နောက်အပင် ပေါက်နိုင်သည့် မျိုးစေ့သဘောမျိုး ရှိနေပါက ယင်းဆေးမြစ်စသည်တို့ကို ကပ္ပိခိုင်းပြီးမှ အသုံးပြုရမည်။ ကပ္ပိလိုက်သည့်အခါမှာမူ မျိုးစေ့သဘောမှလည်း လွတ်မြောက်သွားသည်။ သို့ဖြင့် ရဟန်းများအလိုရှိသလို အသုံးပြုနိုင်တော့သည်။

ဣမိနာ သုတ္တာနုသာရေန ။ ။ ဤပါဠိတော်ကို အစဉ်လိုက်၍ ကြည့်လျှင် မီး, ဓား, လက်သည်း (ခြေသည်း) သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ကပ္ပိရကြောင်း, အစေ့နုသော အသီး အစေ့ကို ဖယ်ထုတ်သုံးဆောင်ရသော အသီးများမှာ အလိုအလျောက် ကပ္ပိပြီး (အပ်ပြီး) ဖြစ်ကြောင်းကို သိနိုင်သည်။

ပဋ္ဌဟိ သမဏကပ္ပေဟိ ။ ။ ရဟန်းတို့၏ အခေါ်အဝေါ် အသုံးအနှုန်းကို "သမဏကပ္ပ"ဟု ခေါ်သည်။ မျိုးစေ့များကို မီးဖြင့် ထိတို့ရုံ လက်သည်းစသည်တို့ဖြင့် ရေးခြစ်ရုံမျှဖြင့် အပင်မပေါက်တော့သည်ကား မဟုတ်တော့ပါ။ သို့သော် ယင်းသို့လုပ်မှသာ ရဟန်းတို့အား အပ်သည်။ ရဟန်းတို့ သုံးစားကောင်းသည်။ သို့ဖြစ်၍ မီးဖြင့် တို့ထိခြင်းစသည်တို့သည် ရဟန်းတို့၏ အခေါ်အဝေါ် အသုံးအနှုန်း (သမဏကပ္ပ) ဖြစ်ရတော့သည်။

ထို့ကြောင့် ရဟန်းတို့၏ ကပ္ပိခြင်း ငါးမျိုး (အခေါ်အဝေါ် အသုံးအနှုန်း ငါးမျိုး) တို့ဖြင့် ကပ္ပိပြီးမှ အသီးကို စားသုံးရန် ခွင့်ပြုသည်ဟု ဆိုလိုသည်။

အစေ့နုသော အသီး, အစေ့ကို ဖယ်ထုတ်သုံးဆောင်ရသော အသီးများလည်း ရဟန်းများအား အပ်သည်ဟု ပညတ်ထားသော ပညတ်တော် (သိက္ခာပုဒ်) ဖြစ်သောကြောင့် သမဏဝေါဟာရ (ရဟန်းတို့၏ အခေါ်အဝေါ် အသုံးအနှုန်း) မည်ကြသည်။

(သာရတ္ထ၊၃၊၂၂။)

http://www.dhammadownload.com

တတ္ထ- ထိုငါးပါးတို့တွင်၊ **အဂ္ဂိပရိဇိတာန္တိ** ပဒဿ- ဟူသော ပုဒ်၏၊ ကပ္ပိယ-ကာရကေန- အပ်အောင်ပြုတတ်သူ လူသာမဏေသည်၊ အဂ္ဂိနာ- ဖြင့်၊ ပရိဇိတံ- ထက်ဝန်းကျင် ညှဉ်းဆဲအပ်သော၊ အဓိဘူတံ- လွှမ်းမိုးအပ်သော၊ အဂ္ဂိနာ- မီးသည်၊ ဒဏ္ဍံ- လောင်အပ်သော၊ ဖုဋ္ဌံ- ထိအပ်သော အသီးတည်း၊ ဣတိ အတ္ထော- ဤအနက်ကို၊ ဒဋ္ဌဗ္ဗော၊ **သတ္ထုပရိဇိတာန္တိပဒဿ**- ၏၊ သတ္ထေန-ဓားဖြင့်၊ ပရိဇိတံ အဓိဘူတံ၊ ဆိန္နံ- ဖြတ်အပ်သော အသီးတည်း၊ ဝါ- တစ်နည်း၊ ဝိဒ္ဓံ- ထိုးဖောက်အပ်သော အသီးတည်း၊ ဣတိ အတ္ထော ဒဋ္ဌဗ္ဗော။ နခပရိဇိတေ-လက်သည်းဖြင့် ထက်ဝန်းကျင် ညှဉ်းဆဲအပ်သော အသီး၌၊ ဧသ နယော-တည်း၊ အဇိဇနိပ္ပဋ္ဌိဇာနိ- ဇိဇမဟုတ်သော အသီး, ထုတ်အပ်ပြီးသော အစေ့ရှိသော အသီးတို့သည်၊ သယမေဝ- အလိုလိုသာလျှင်၊ (မကပ္ပိဘဲသာလျှင်၊) ကပ္ပိယာနိ- အပ်ကုန်၏။

အဂ္ဂိနာ- ဖြင့်၊ ကပ္ပိယံ- ကပ္ပိမှုကို၊ ကရောန္တေန- ပြုလုပ်ပေးသူ လူသာမဏေသည်၊ ကဋ္ဌဂ္ဂိဂေါမယဂ္ဂိအာဒီသု- ထင်းမီး, နွားချေးမီးအစရှိသော မီးတို့တွင်၊ ယေန ကေနစိ- အမှတ်မပြု တစ်စုံတစ်ခုသော မီးဖြင့်၊ အန္တမသော- အားဖြင့်၊ အာဒိတ္တေန- လွန်စွာတောက်လောင်သော၊ ဝါ- ရဲရဲညီးသော၊ လောဟခဏ္ဍေန-ပိ- သံ၏အပိုင်းအစဖြင့်သော်လည်း၊ ကပ္ပိယံ- ကပ္ပိမှုကို၊ ကာတဗ္ဗံ- ပြုနိုင်၏၊ တဉ္စ ခေါ- ထိုကပ္ပိမှုကိုလည်း၊ ဧကဒေသေ- တစ်ခုသော အစိတ်အပိုင်း၌၊ ဖုသန္တေန- ထိလျက်၊ ကပ္ပိယန္တိ- ကပ္ပိယံ ဟူ၍၊ ဝတ္တာဝ- ဆိုပြီး၍သာလျှင်၊ ဝါ- ဆိုပြီးလျှင် ဆိုပြီးချင်းသာလျှင်၊ ကာတဗ္ဗံ- ပြုရာ၏။

(တစ်နည်း) အပ်အောင်ပြုလုပ်မှုကို "သမဏကပ္ပ"ဟု ခေါ်သည်။ ရဟန်းတို့အား အပ်စပ်အောင်ပြုလုပ်မှု ငါးမျိုးတို့ကြောင့် အသီးကိုစားသုံးရန် ခွင့်ပြုသည်ဟု ဆိုလိုသည်။ (သာရတ္ထ၊၃၊၂၂။)

ပရိဇိတံ ။ ။ ဆရာတို့၏ အလိုအားလျော်စွာ ဇိရိ ဓာတ် ဟိ်သာအနက်ဟောကြ၍ အဂ္ဂိပရိဇိတံ- မီးဖြင့်ထက်ဝန်းကျင် နှိပ်စက်အပ်သောစသည်ဖြင့် အနက်ယောဇနာခဲ့ပါသည်။ သဒ္ဒတ္ထကောတ္ထုဘ သက္ကဋဟိန္ဒီ အဘိဓာန်၌ ဇိဓာတ်၏ နိဂ္ဂဟကရဏအနက်ကိုလည်း ပြထားပါသေးသည်။ ယင်းအဘိဓာန်အားလျော်စွာ ဇိဓာတ် နိဂ္ဂဟကရဏ အနက်ဟောကြိုက အဓိဘူတံ-ဟူသော အဋ္ဌကထာဖွင့်နှင့် ပို၍လိုက်လျောမည် ထင်ပါသည်။ ဤနည်းအလို အဂ္ဂိပရိဇိတံ- မီးဖြင့်နှိပ်ကွပ် ကပ္ပိအပ်ပြီးသော စသည်ဖြင့် အနက် ယောဇနာသင့်ပါသည်။

ကပ္ပိယန္တိ ဝတ္တာဝ ။ ။ အပ်အောင်ပြုလုပ်ပေးရမည့် လူသာမဏေတို့က ပြုလုပ်ရမည့် အခြင်းအရာကိုသာ ပြဆိုထားသောကြောင့် ရဟန်းက ဘာမျှမဆိုသော်လည်း

http://www.dhammadownload.com

သတ္ထေန- ဓားစသော လက်နက်ဖြင့်၊ (ကပ္ပိယံ- ကို၊) ကရောန္တေန- ပြုလုပ်သော သူ လူသာမဏေသည်၊ ယဿ ကဿစိ- အမှတ်မပြု တစ်စုံတစ်ခုသော၊ လောဟမယသတ္ထဿ- ကြေး, သံဖြင့် ပြုအပ်သော လက်နက်၏၊ အန္တမသော-အားဖြင့်၊ သူစိနခန္ဓေဒနာနမွိ- အပ်, လက်သည်းလှီးဓားငယ်တို့၏လည်း၊ တုဏ္ဍေန ဝါ- အဦးဖြင့်သော်လည်းကောင်း၊ ဓာရာယ ဝါ- အသွားဖြင့်သော်လည်းကောင်း၊ ဆေဒံ ဝါ- ဖြတ်ခြင်းကိုသော်လည်းကောင်း၊ ဝါ- ဖြတ်အပ်ရာကိုသော်လည်းကောင်း၊ ဝေဓံ ဝါ- ထိုးဖောက်ခြင်းကိုသော်လည်းကောင်း၊ ဝါ- ထိုးဖောက်အပ်ရာကိုသော်လည်းကောင်း၊ ဒဿေန္တေန- ပြလျက်၊ ကပ္ပိယန္တိ-ဟူ၍၊ ဝတ္တာဝ- သာလျှင်၊ ကာတဗ္ဗံ- ပြုရာ၏။

ကပ္ပိကောင်းသည်ဟု မယူသင့်၊ "ပုန ကပ္ပိယံ ကာရာပေတဗ္ဗံ"ဟု ရဟန်းပြုလုပ်ရမည့် လုပ်ငန်းကို ကြိုတင်ပြဆိုထားခဲ့ပြီး ဖြစ်သောကြောင့် ရဟန်းက "ကပ္ပိယံ ကရောဟိ" ဟု ဆိုပြီးမှသာ လူသာမဏေက "ကပ္ပိယံ (ဘန္တေ)"ဟု ဆို၍ မီးဖြင့် ကပ္ပိမူစသည်ကို ပြုရမည်ဟုသာ ယူသင့်သည်။ ဤစကားကို မည်သည့်ဘာသာဖြင့်မဆို ပြောဆိုကောင်းသည်။

"ကပ္ပိယံ (ဘန္တေ)"ဟု ဆိုပြီးလျှင်ပြီးချင်းသာ ပြုရမည်ဟုဆိုထားသောကြောင့် "ကပ္ပိယံ (ဘန္တေ)"ဟု ဆိုပြီးသည့်နောက် မီးစသည်ဖြင့် ထိတို့မှုစသည်ကို ပြုလုပ်ရမည်။

ရှေးဦးစွာ မီးကိုထိထားပြီးမှဖြစ်စေ လက်သည်းစသည်တို့ဖြင့် ထိုးဖောက်ပြီးမှဖြစ်စေ မီးစသည်ကို မရုတ်သိမ်းဘဲသာ "ကပ္ပိယံ (ဘန္တေ)"ဟုလည်း ဆိုခြင်းငှာ အပ်သည်ဟု ဆိုကြပါသေးသည်။ (သာရတ္ထ၊ဒု၊၂၂။)

"ကပ္ပိယံ ဝတ္တာဝ"ဟု ပုဗ္ဗကာလကြိယာဖြင့် ဆိုထားသော်လည်း "ကပ္ပိယံ (ဘန္တေ)" ဟု ဆိုဆဲခဏမှာပင် မီး, ဓားစသည်ဖြင့် ဗီဇဂါမ်၌ အနာကို ပြုလုပ်ရမည်။ "ကပ္ပိယံ (ဘန္တေ)"ဟု မဆိုခင် ကြိုတင်၍ မပြုလုပ်ကောင်း။ ယင်းသို့ ကပ္ပိမူကိုလည်း ထက်ပိုင်းမပြတ်စေဘဲ ပြတ်ရာပေါက်ရာထင်ရုံသာ ပြုလုပ်ရမည်။ ကပ္ပိမူကို ပြုလုပ်သူ လူ, သာမဏေကလည်း ရဟန်းက "ကပ္ပိယံ ကရောဟိ"ဟု ဆိုမှသာ ပြုလုပ်ရမည်။ အဘယ်ကြောင့်နည်း၊ "ဗီဇဂါမပရိမောစတ္ထံ ပုန ကပ္ပိယံ ကာရာပေတဗ္ဗံ"ဟု ပြုစေခြင်းကို ကြိုတင်ပြဆိုထား (ဝိရင်ထား) သောကြောင့်တည်း။ ကပ္ပိယံ ကရောဟိ-၏ အဓိပ္ပါယ်ကို ဘာသာစကားတစ်မျိုးမျိုးဖြင့်ဆိုက အပ်ပါသည်။ ပါဠိဘာသာဖြင့် ဆိုမှသာ မဟုတ်ပါ။ (ဝိမတိ၊၂၁၂။)

ဆရာတို့ကမူကား ပြတ်ရာပေါက်ရာ ထင်လျှင်ပင် ကပ္ပိမူ ထမြောက်အောင်မြင်သေးတာပဲ၊ ထက်ပိုင်းပြတ်သွားပါမူ ပြောဖွယ်ပင်မလိုတော့ပါ။ ပိုပြီး ထမြောက် အောင်မြင်စရာသာရှိသည်ဟု မိန့်ဆိုကြပါသည်။

http://www.dhammadownload.com

နခေန- ဖြင့်၊ ကပ္ပိယံ- ကို၊ ကရောန္တေန- သည်၊ ပူတိနခေန- ပုတ်သော လက်သည်းဖြင့်၊ န ကာတဗ္ဗံ- မပြုရာ၊ ပန- ဆက်၊ မနုဿာနံ- လူတို့၏လည်း ကောင်း၊ သီဟဗျဂ္ဃဒီပိမက္ကဋ္ဌာနံ- ခြသေ့်, ကျား, သစ်, မျောက်တို့၏လည်း ကောင်း၊ သကုန္တာနဉ္စ- ငှက်တို့၏လည်းကောင်း၊ နခါ- လက်သည်း ခြေသည်းတို့ သည်၊ တိခိဏာ- ထက်ကုန်သည်၊ ဟောန္တိ၊ တေဟိ- ထိုလက်သည်း ခြေသည်း တို့ဖြင့်၊ ကပ္ပိယံ ကာတဗ္ဗံ၊ အဿမဟိံသသူကရမိဂဂေါရူပါဒီနံ- မြင်း, ကျွဲ, ဝက် သမင်, နွား (အပေါင်း) အစရှိသည်တို့၏၊ (ဂေါရူပါနန္တိ- ဂုန်း၊ ဂေါသမူဟာနံ ဝါ၊ သံ၊ဋီ၊၁၊၃၁၅။) ခုရာ- ခွာတို့သည်၊ အတိခိဏာ- မထက်ကုန်၊ တေဟိ- ထို ခွာတို့ဖြင့်၊ န ကာတဗ္ဗံ၊ ကတံ- ပြုအပ်ပြီးသည်၊ သမာနမ္ပိ- ဖြစ်ပါသော်လည်း၊ အကတံ- ပြုအပ်ပြီး မဟုတ်သည်၊ ဝါ- ပြုအပ်ရာ မရောက်သည်၊ ဟောတိ၊ ပန- ဆက်၊ ဟတ္ထိနခါ- ဆင်တို့၏လက်သည်း ခြေသည်းတို့သည်၊ ခုရာ- ခွာ တို့သည်၊ န ဟောန္တိ- မဟုတ်ကုန်၊ တေဟိ စ- ထိုဆင်တို့၏ လက်သည်း ခြေ သည်းတို့ဖြင့်လည်း၊ (ကပ္ပိယံ ကာတုံ) ဝဋ္ဌတိ၊ ပန- ဆက်၊ ယေဟိ- အကြင် လက်သည်း ခြေသည်းတို့ဖြင့်၊ ကာတုံ ဝဋ္ဌတိ၊ တေဟိ- ထိုလက်သည်း ခြေ သည်းတို့ဖြင့်၊ တတ္ထဇာတကေဟိ- ထိုလူစသော သတ္တဝါတို့၌ ဖြစ်သော လက် သည်း ခြေသည်းတို့ဖြင့်လည်းကောင်း၊ ဥဒ္ဓရိတွာ- ထုတ်ဆောင်၍၊ ဝါ- နုတ်၍၊ ဂဟိတကေဟိပိ- ယူအပ်သော လက်သည်း ခြေသည်းတို့ဖြင့်လည်းကောင်း၊ [စာကိုယ်၌ ဂဟိတကေပိ-ဟုရှိနေသည်၊ ဟိ-ကျနေဟန်တူ၏] ဆေဒံ ဝါ- ဖြတ်အပ်ရာကိုသော်လည်းကောင်း၊ ဝေဓံ ဝါ- ထိုးဖောက်အပ်ရာကိုသော် လည်းကောင်း၊ ဒဿေန္တေန- ပြလျက်၊ ကပ္ပိယန္တိ ဝတ္တာဝ ကာတဗ္ဗံ။ ဆေဒံ ဝါ ဝေဓံ ဝါ-ဟု အရာထင်အောင်ခုတ်ရန် ထိုးရန် ဆိုထားသောကြောင့် ဖြတ်ထား ၍တိုနေသော လက်သည်းဖြင့် ကပ္ပိရန် မသင့်တော်ကြောင်းကို သတိပြုပါ။]

တတ္ထ- ထိုသို့ ကပ္ပိရာ၌၊ ဗီဇာနံ- မျိုးစေ့တို့၏၊ ပဗ္ဗတမတ္တော- တောင်အတိုင်း အရှည်ရှိသော၊ ဝါ- တောင်လောက်ကြီးသော၊ ရာသိ- အစုအပုံသည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဦးတော့၊ ရုက္ခသဟဿံ- အပင်တစ် ထောင်ကို၊ ဆိန္ဒိတွာ- ခုတ်ဖြတ်၍၊ ဧကာဗဒ္ဓံ- တစ်စပ်တည်း ဖွဲ့သည်ကို၊ ကတွာ ဝါ- သော်လည်းကောင်း၊ ဥစ္ဆုနံ- ကြံတို့၏၊ မဟာဘာရော- ကြီးစွာသော ဝန်ထုပ်ဝန်ပိုးသည်၊ ဝါ- ကို၊ ဗန္ဓိတွာ ဝါ- ဖွဲ့၍သော်လည်းကောင်း၊ ဌပိတော-

---

ကြံစသည်ကို ဓားဖြင့် ကပ္ပိရာ၌ နှစ်ပိုင်းပြတ်သွားခြင်းကြောင့် အပြစ်ရှိမည် မထင်ပါ ဟု ပါစိတ်ဘာသာဋီကာ၌လည်း ပြဆိုထားသည်။

http://www.dhammadownload.com

ထားအပ်သည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဦးတော့၊ ဧဝံ သတိပိ- ဤသို့ပင် ဖြစ်ပါသော်လည်း၊ ဧကသ္မိံ- တစ်ခုသော၊ ဗီဇေ ဝါ- မျိုးစေ့ကို သော်လည်းကောင်း၊ (ဗီဇာနံ။ပ။ ရာသိ-ကို ရည်၊) ဧကိဿံ- တစ်ခုသော၊ (ဝိဘာတ် ပြင်လိုက်၊) ရုက္ခသာခါယ ဝါ- သစ်ကိုင်းကိုသော်လည်းကောင်း၊ (ရုက္ခသဟဿ စသည်ကိုရည်၊) ဧကသ္မိံ- တစ်ချောင်းသော၊ ဥစ္ဆုမှိ ဝါ- ကြံကိုသော်လည်းကောင်း၊ (ဥစ္ဆုနံ-စသည်ကိုရည်၊) ကပ္ပိယေ- အပ်သည်ကို၊ ကတေ- ပြုအပ်ပြီးသော်၊ သတ္ထံ- အလုံးစုံသည်၊ ဝါ- ကို၊ ကတံ- ပြုအပ်ပြီးသည်၊ ဟောတိ၊ ဥစ္ဆု စ- ကြံတို့သည်လည်းကောင်း၊ ဝါ- တို့ကိုလည်းကောင်း၊ ဒါရူနိ စ- သစ်သားတို့သည်လည်းကောင်း၊ ဝါ- တို့ကိုလည်းကောင်း၊ ဧကတော- တစ်ပေါင်းတည်း၊ ဗဒ္ဓါနိ- ဖွဲ့အပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ (ကြံနှင့် သစ်သားတို့ကို တစ်ပေါင်းတည်း ရောစည်းထားလျှင်၊) "ဥစ္ဆံ- ကြံကို၊ ကပ္ပိယံ- အပ်သည်ကို၊ ကရိဿာမိ- ပြုအံ့၊" ဣတိ- ဤသို့ကြံ၍၊ ဒါရုံ- သစ်သားကို၊ ဝိဗ္ဘတိ- ထိုးဖောက်မိအံ့၊ (ကပ္ပိသူက ထိုးဖောက်မိလျှင်၊) ဝဋ္ဋတိယေဝ- အပ်သည်သာ။

ပန- ဗျတိရိတ်ကား၊ ဝါ- ထိုမှပြန်လှန် မသင့်ဟန်ကား၊ ယာယ ရဇ္ဇုယာ ဝါ- အကြင်ကြိုးဖြင့်သော်လည်းကောင်း၊ ယာယ ဝလ္လိယာ ဝါ- အကြင်နွယ်ဖြင့်သော်လည်းကောင်း၊ ဗဒ္ဓါနိ- ဖွဲ့အပ် စည်းအပ်ကုန်သည်၊ ဟောန္တိ၊ တံ- ထိုစည်းထားသော ကြိုးနှင့် နွယ်တို့တွင် တစ်ခုခုကို၊ သစေ ဝိဗ္ဘတိ- အကယ်၍ ထိုးဖောက်မိအံ့၊ ဧဝံ သတိ န ဝဋ္ဋတိ၊ (ကြိုးစသည်တို့က တည်ရာခွက်သဘော သက်ရောက်နေသောကြောင့် မအပ်၊) ဥစ္ဆုခဏ္ဍာနံ- ကြံပိုင်းတို့ဖြင့်၊ ပတ္တိံ- တောင်းကို၊ ပူရေတွာ- ပြည့်စေ၍၊ အာဟရန္တိ- ဆောင်ယူလာကုန်အံ့၊ ဧကသ္မိံ- တစ်ခုသော၊ ခဏ္ဍေ-

---

ဧကသ္မိံ ဗီဇေဝါစသည်။ ။ တစ်စပ်တည်းတည်ရှိနေသော အရာဝတ္ထုတို့၌ တစ်ခုကိုသာ ကပ္ပိခိုင်းမည်ဟူသော အလိုဆန္ဒရှိနေပါသော်လည်း ကပ္ပိသူက တစ်ခုကို ကပ္ပိလိုက်လျှင် အကုန်လုံးပင် ကပ္ပိပြီးဖြစ်တော့သည်။ (သာရတ္ထ၊၃၊၂၂။)

ယင်းသို့ ကပ္ပိခိုင်းရာ၌ ကပ္ပိရမည့်အရာဝတ္ထုတို့က ရဟန်းလက်ထဲ၌ ရှိနေရန် အကပ်ခံပြီးဖြစ်ရန် မလိုပါ။ ထောင်ပုံရာပုံထားသော သစ်သီးပုံ ကြံစည်းတို့ကိုပင် အကပ်မခံဘဲ ရဟန်းက "ကပ္ပိယံ ကရောဟိ"ဟု ဆိုလိုက်သည့်အခါ လူ, သာမဏေတို့က "ကပ္ပိယံ ဘန္တေ"ဟု ဆိုလျက် တစ်စပ်တည်းတည်ရှိနေသော သစ်သီးတစ်လုံး ကြံတစ်ချောင်းကို ဆစ်လိုက် ထိုးလိုက် ခုတ်လိုက်လျှင်ပင် အားလုံးကပ္ပိပြီး ဖြစ်တော့သည်။

အကပ်မခံဘဲ ကပ္ပိထားသော သစ်သီးစသည်တို့ကို နောက်နောက်ရက်များ၌လည်း အကပ်ခံ စားနိုင်သည်။ ထပ်၍ ကပ္ပိစရာ မလိုတော့ပါ။

http://www.dhammadownload.com

အပိုင်းကို၊ ကပ္ပိယ- အပ်သည်ကို၊ ကတေ- ပြုအပ်ပြီးသော်၊ သဗ္ဗ- အလုံးစုံသည်၊ ကတမေဝ- ပြုအပ်ပြီးသည်သာလျှင်၊ ဟောတိ၊ စ- ဆက်၊ မရီစပက္ကာဒီဟိ- ငရုတ်သီးမှုန့်အစရှိသည်တို့ဖြင့်၊ မိဿေတွာ- ရော၍၊ ဘတ္တံ- ထမင်းကို၊ အာဟရန္တိ- ဆောင်ယူလာကုန်အံ့၊ ကပ္ပိယံ ကရောဟီတိ- ဟိဟူ၍၊ ဝုတ္တေ- ဆိုအပ်ပြီးသော်၊ ဘတ္တာသိတ္ထေ- ထမင်းလုံးတို့ကို၊ သစေပိ ဝိဇ္ဈတိ- ကပ္ပိသူက အကယ်၍မူလည်းထိုးမိအံ့၊ ဧဝံ သတိ ဝဋ္ဋတိယေဝ၊ တိလတဏ္ဍုလာဒီသုပိ- နှမ်းဖြင့် ရောအပ်သော ဆန်အစရှိသည်တို့၌လည်း၊ ဧသေဝ နယော၊ (နှမ်းစိမ်းက အပင်ပေါက်စရာ ရှိသောကြောင့် ကပ္ပိသောအခါ ဆန်ကိုထိုးမိသော်လည်း အပ်သည်။)

ပန- ဆက်၊ ယာဂုယာ- ၌၊ ပက္ခိတ္တာနိ- ထည့်အပ်သော ငရုတ်သီးမှုန့် အစရှိသည်တို့သည်၊ ဧကာဗဒ္ဓါနိ- တစ်စပ်တည်း စပ်ကုန်သည်၊ ဟုတ္ဝာ၊ န သန္တိဋ္ဌန္တိ- ကောင်းစွာ မတည်ကုန်၊ တတ္ထ- ထိုငရုတ်သီးမှုန့် ထည့်ထားသော ယာဂုခွက်၊ ဧကမေကံ- တစ်စေ့တစ်စေ့ကို၊ ဝိဗ္ဘိတ္ဝာ- ထိုး၍၊ ကပ္ပိယံ- ကို၊ ကာတဗ္ဗ- မေဝ- ပြုရမည်သာ၊ ကပိတ္ထဖလာဒီနံ- သီးသီးအစရှိသည်တို့၏၊ အန္တော- အတွင်း၌၊ မိဉ္ဇံ- အနှစ်အဆန်သည်၊ ကဋာဟံ- အခွံကို၊ မုဉ္စိတွာ- လွှတ်၍၊ သဉ္စရတိ- လှည့်လည်နေအံ့၊ ဘိန္ဒာပေတွာ- ခွဲစေ၍၊ ကပ္ပိယံ ကာရာပေတဗ္ဗံ၊ မိဉ္ဇံ ကဋာဟေန- အခွံနှင့်၊ ဧကာဗဒ္ဓံ- တစ်စပ်တည်း စပ်နေသည်၊ ဟောတိ- ဖြစ်အံ့၊ ကဋာဟေပိ၊ ကပ္ပိယံ ကာတုံ ဝဋ္ဋတိ၊ (အစေ့မှ လွတ်နေသောအခွံက ခွက်သဘော သက်ရောက်နေသောကြောင့် အခွံခိုင်းပြီးမှ ကပ္ပိရမည်။)

ဣတိ- ဖြင့်၊ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ- ၌၊ ဘူတဂါမဝိနိစ္ဆယကထာ- ဘူတဂါမ်နှင့်စပ်သော ဆုံးဖြတ်ကြောင်း စကားရပ်သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

မရီစပက္ကာဒီဟိ ။ ။ထမင်းသုတ်စသည်တို့၌ ငရုတ်သီးမှုန့်အစေ့ ပါလာလျှင် ကပ္ပိပြီးမှ ရဟန်းများ သုံးဆောင်ကောင်းသည်။ သို့ဖြင့် ကပ္ပိသည့်အခါမှာ ငရုတ်သီးမှုန့် အစေ့ကို မထိုးမိဘဲ ဆွမ်းလုံးတို့ကို ထိုး၍ကပ္ပိလိုက်လျှင်လည်း အပ်တော့သည်။ လော်ပြီး မဟုတ်သော နှမ်းစိမ်းစသည် ပါလာလျှင်လည်း ကပ္ပိရမည်။

ငရုတ်သီးနှင့် ဆွမ်း တစ်စပ်တည်း စပ်နေလျှင်ပင် ကပ္ပို၍ ဖြစ်သည်။ ငရုတ်သီးချင်း ထိစပ်နေမှသာ မဟုတ်ပါ။ (သာရတ္ထ၊၃၊၂၂။)

http://www.dhammadownload.com

၁၆။ သဟသေယျဝိနိစ္ဆယကထာ

၇၉။ ဒုဝိဓံ သဟသေယျကန္တိ- ဟူသော ဤဥဒ္ဒေသစကားကို၊ "ယော ပန ဘိက္ခု။ပ။ ပါစိတ္တိယ"န္တိ- ယံ-ဟူ၍၊ ဧဝံ- သို့၊ ဝုတ္တံ- ဟောကြားတော်မူအပ်သော၊ သဟသေယျသိက္ခာပဒဒွယံ- သဟသေယျသိက္ခာပုဒ် နှစ်ပါးအပေါင်းကို၊ သန္ဓာယ- ရည်စူး၍၊ ဝုတ္တံ- မိန့်ဆိုအပ်ခဲ့ပြီ။

တတြ- ထိုဒုဝိဓံ သဟသေယျကံ-ဟူသော ဥဒ္ဒေသစကားရပ်၌၊ အယံ ဝိနိစ္ဆ-ယော- ကို၊ (ဝေဒိတဗ္ဗော၊) –

> အနုပသမ္ပန္နေန- လူသာမဏေနှင့်၊ သဒ္ဓိံ- အတူ တကွ၊ တိဏ္ဏံ ရတ္တိနံ-သုံးညဉ့်တို့၏။ ဥပရိ- အထက်၌၊ စတုတ္ထဒိဝသေ- လေးရက်မြောက်သော နေ့၌၊ သူရိယေ- နေသည်၊ အတ္ထင်္ဂတေ- ဝင်ပြီးလတ်သော်၊ သဗ္ဗစ္ဆန္နသဗ္ဗ-ပရိစ္ဆန္နေ- အလုံးစုံ မိုးအပ် အလုံးစုံ ကာရံအပ်ပြီးသော၊ သေနာသနေ ဝါ- ကျောင်း၌သော်လည်းကောင်း၊ ယေဘုယျစ္ဆန္နယေဘုယျပရိစ္ဆန္နေ-အများအားဖြင့် မိုးအပ် အများအားဖြင့် ကာရံအပ်ပြီးသော၊ သေနာသနေ ဝါ- ကျောင်း၌သော်လည်းကောင်း၊ ပဗ္ဘာပရိယေန ဝါ- ရှေ့နောက်အားဖြင့် သော်လည်းကောင်း၊ (ရဟန်းကအလျင် လူသာမဏေက နောက်မှဖြစ်စေ, လူသာမဏေကအလျင် ရဟန်းက နောက်မှဖြစ်စေ) ဧကက္ခဏေ ဝါ- တူသောခဏအားဖြင့်သော်လည်းကောင်း၊ ဝါ- ပြိုင်တူသော်လည်း ကောင်း၊ နိပ္ပဇ္ဇန္တသ- အိပ်သော ရဟန်း၏၊ ပါစိတ္တိယံ။

ဒိရတ္တာတိရတ္တံ ။ ။ သုံးညဉ့်အထိ အတူအိပ်ကောင်းပါလျှင် နှစ်ညဉ့်အိပ်ကောင်း ပါမည်လားဟု စဉ်းစားဖွယ်ပင် မလိုတော့ပါ၊ သို့သော် စကားချောမော ပြေပြစ်စေရန် သာ ဒိရတ္တသဒ္ဒါကို အပိုထည့်ဟောထားရပါသည်၊ တစ်နည်း- ဆက်ကာ ဆက်ကာ သုံးညဉ့်အိပ်ခြင်းကိုသာ ယူစေလိုသောကြောင့် ဒိရတ္တသဒ္ဒါကို ထည့်ဟောထားသည်။ (ဋီ။)

သဟသေယျံ။ ။ (သယန္တိ ဧတ္ထာတိ- သေယျာ၊) အိပ်ရာ ကျောင်းစသည်ကိုလည်း သေယျာ-ဟု ခေါ်သည်၊ (သယနံ- သေယျာ၊) အိပ်ခြင်းကြိယာကိုလည်း သေယျာ ဟုခေါ်သည်၊ (သေယျာ စ သေယျာ စ- သေယျာ၊) သဟ- အတူ၊ သေယျံ- တစ်မိုးတစ်ရံတာည်းသော ကျောင်းသို့ ဝင်၍ အိပ်ခြင်း။ (ဧကသေသ်သဘောအရ ဝိဘတ်တူအောင် ပဝိသိတွာပုဒ် အကျေကြဲ၍ အနက်ပေးရသည်။)

http://www.dhammadownload.com

တတ္ထ- ထိုသဗ္ဗစ္ဆန္နသဗ္ဗပရိစ္ဆန္နေ အစရှိသော ပါဠိ၌၊ ဆဒနံ- အမိုးကို၊ အနာ-ဟစ္စ- မထိခိုက်မူ၍၊ ဒိယမုဟတ္တုဗ္ဘေဒေန- အခွဲအားဖြင့် နှစ်တောင် အမြင့်ရှိသော၊ ဝါ- တစ်တောင့်တစ်ထွာ အမြင့်ရှိသော၊ ပါကာရာဒိနာ- တံတိုင်း အစရှိသော၊ ယေန ကေနစိ- အမှတ်မပြု တစ်စုံတစ်ခုသော အကာအရံဖြင့်၊ ပရိစ္ဆန္နမိဒ်- ကာရံအပ်သော ကျောင်းကိုသော်မှလည်း၊ သဗ္ဗပရိစ္ဆန္နမိစ္စေဝ-နှဟူ၍သာ၊ ဝေဒိတဗ္ဗံ။ [အောက်ခြေမှ အမိုးထိအောင် ကာရံထားသော ကျောင်းကိုမူ ပြောဖွယ်ပင် မလိုတော့ပါဟူသော အနက်ကို ပိသဒ္ဒါဖြင့် ပြ၏။]

ယံ သေနာသနံ- ကို၊ ဥပရိ- အထက်၌၊ ပဉ္စဟိ- (အုတ်, ကျောက်, သစ်ရွက်, အင်္ဂတေ, မြက်ဟူသော) ငါးမျိုးကုန်သော၊ ဆဒနေဟိ- အမိုးတို့ဖြင့်သော်လည်းကောင်း၊ အညေန- အခြားသော၊ ကေနစိ ဝါ- တစ်စုံတစ်ခုသော အမိုးဖြင့်သော်လည်းကောင်း၊ (ပျဉ်, ဝါးကပ်စသည်) သဗ္ဗမေဝ- အလုံးစုံ အကုန်အစင်သာလျှင်၊ ပရိစ္ဆန်- မိုးအပ်ပြီ၊ ဣဒံ- ဤကျောင်းသည်၊ **သဗ္ဗစ္ဆန်** နာမ-နှမည်သော၊ သေနာသနံ- ကျောင်းမည်၏၊ ပန- ဆက်၊ အဋ္ဌကထာသု- ရှေးအဋ္ဌကထာတို့၌၊ ပါကဋဝေါဟာရံ- ထင်ရှားသော အခေါ်ဝေါ်ကို၊ ဂဟေတွာ- ၍၊ ဝါစုဂ္ဂတဝသေန- နှုတ်တက်သော စကား၏ အစွမ်းဖြင့်၊ "သဗ္ဗစ္ဆန်နံ နာမ ပဉ္စဟိ ဆဒနေဟိ ဆန္နံ"န္တိ- နှံ့ ဟူ၍၊ ဝုတ္တံ- မိန့်တော်မူအပ်ပြီ၊ ကိဉ္စာပိ ဝုတ္တံ- အကယ်၍ကား ဆိုအပ်ပါပေ၏၊ အထ ခေါ- ထိုသို့ပင် ဆိုအပ်ပါသော်လည်း၊ ဒုဿ-ကုဋ္ဋိယံ- အဝတ်မိုး အဝတ်ကာကျောင်းငယ်၌၊ သယန္တာသပိ- အိပ်သော ရဟန်း၏လည်း၊ အနာပတ္တိ- အာပတ်မသင့်ခြင်းသည်၊ ဝါ- ကို၊ ကာတုံ- ငှာ၊ နသက္ကာ- (ဒုဿကုဋ္ဌိက) မတတ်နိုင်၊ တသ္မာ- ထို့ကြောင့်၊ (ဒုဿကုဋ္ဌိ၌ အိပ်သော ရဟန်း၏သော်မှလည်း အာပတ်မသင့်အောင် ဒုဿကုဋ္ဌိက မတတ်နိုင်

အမိုးနှင့် အကာ။ ။ အုတ်, ကျောက်, သစ်ရွက်, မြက်, အင်္ဂတေဟူသော အမိုးငါးမျိုးနှင့် ပျဉ်ချပ်, ဝါးကပ်, အဝတ်စသော မိုး၍ ကာ၍ ဖြစ်နိုင်သမျှ အရာဝတ္ထုအကုန်လုံးကိုပင် အမိုးအကာအဖြစ်ဖြင့် ယူရပါသည်။ ရှေးအဋ္ဌကထာတို့၌ အမိုးငါးမျိုးကိုသာ ပြဆိုထားခြင်းမှာမူ ပြောရိုးဆိုစဉ် နှုတ်တက်သောအားဖြင့် ပြဆိုခြင်းမျှသာ ဖြစ်သည်။ ရှေးအဋ္ဌကထာများမှာဆိုတိုင်း အမိုးငါးမျိုးမျှကိုသာ ယူခဲ့ပါလျှင် ပျဉ်မိုးကျောင်း၌ အိပ်သောရဟန်းမှာ သဟသေယ္ယာဖြစ်စရာပင် မရှိပါ။ သို့သော် သဟသေယ္ယာကား မဖြစ်သည်မဟုတ်၊ ဖြစ်သည်သာပင်၊ ထို့ကြောင့် ရှေးအဋ္ဌကထာတို့၌ ဆိုထားသည့် အတိုင်း အမိုးငါးမျိုးကိုသာ မယူသင့်။ ပျဉ်ချပ်, ဝါးကပ် အဝတ်စသော မိုး၍ ကာ၍ ဖြစ်သမျှသော အရာဝတ္ထုအကုန်လုံးကိုပင် ယူရမည်။

http://www.dhammadownload.com

သည်၏ အဖြစ်ကြောင့်) ယံ ကိဉ္စိ- အမှတ်မရှိ အလုံးစုံသော၊ ပဋိစ္စာဒနသမတ္ထံ-ဖုံးလွှမ်းခြင်း၌ စွမ်းနိုင်သော၊ ဆဒနဋ္ဌ- အမိုးကိုလည်းကောင်း၊ ပရိစ္ဆန္နဋ္ဌ- အကာကိုလည်းကောင်း၊ ဣဓ- ဤသဟသေယျ အရာ၌၊ ဝေဒိတဗ္ဗံ- ၏၊ ဟိ- မှန်၏၊ ပဉ္စဝိဓစ္ဆဒနေယေဝ- ငါးပါးအပြားရှိသော အမိုးကိုသာလျှင်၊ ဂယှမာနေ- ယူအပ်သော်၊ ပဒရစ္ဆန္နေပိ- ပျဉ်ချပ်မိုးကျောင်း၌လည်း၊ သယန္တဿ- အိပ်သော ရဟန်း၏၊ သဟသေယျာ- သည်၊ နာ ဘဝေယျ- မဖြစ်ရာ၊ တသ္မာ- ထို့ကြောင့်၊ ယံ သေနာသနံ- ကို၊ ဘူမိတော- တည်ရာကြမ်းပြင်မှ၊ ပဋ္ဌာယ- စ၍၊ ယာဝဆဒနံ- အမိုးတိုင်အောင်၊ အာဟစ္စ- ထိခိုက်၍၊ ပါကာရေန ဝါ- တံတိုင်းဖြင့်သော်လည်းကောင်း၊ အညေန- အခြားသော၊ ကေနစိ ဝါ- တစ်စုံတစ်ခုသော အကာဖြင့်သော်လည်းကောင်း၊ အန္တမသော- အားဖြင့်၊ ဝတ္ထေနပိ- အဝတ်ဖြင့်သော်လည်း၊ ပရိက္ခိတ္တံ- ကာရံအပ်ပြီ၊ ဣဒံ- ဤကျောင်းသည်၊ **သဗ္ဗပရိစ္ဆန္နံ** နာမ-မည်သော၊ သေနာသနံ- မည်၏၊ ဆဒနံ- အမိုးကို၊ အနာဟစ္စ- မထိခိုက်မူ၍၊ သဗ္ဗန္တိမေန- အလုံးစုံသော အပိုင်းအခြားတို့၏ အဆုံး၌ဖြစ်သော၊ ပရိယာယေန- လှည့်လည်ကာရံအပ်သော၊ ဒိယမှဟတ္ထပ္ပမေန- အခွဲအားဖြင့် နှစ်တောင်အမြင့်ရှိသော၊ (တစ်တောင့်တစ်ထွာ မြင့်သော) ပါကာရာဒိနာ- တံတိုင်းစသည်ဖြင့်၊ ပရိက္ခိတ္တမွိ- ကာရံအပ်သော ကျောင်းသည်လည်း၊ သဗ္ဗပရိစ္ဆန္နမေဝ-သဗ္ဗပရိစ္ဆန္နပင်တည်း၊ (ကုရုန္ဒဋ္ဌကထာဝါဒ) ပန- ကား၊ ယဿ- အကြင်ကျောင်းအိပ်ရာနေရာ၏၊ ဥပရိ- အထက်၌၊ ဗဟုတရံ- အလွန်များသော၊ ဌာနံ- အရပ်

ဘူမိတော ပဋ္ဌာယ။ ။ မြေမှစ၍ အမိုးထိအောင် ကာရံထားသည်ဟု ဆိုသောကြောင့် အပေါ်ကချထားသော ကဲလား, ယင်းလိပ်, တာလပတ်, (တာပေါ်လင်) စသည်တို့ အကာမမြောက်ဟု ဆိုကြသေးသည်၊ ထိုအဆို မသင့်ပါ၊ အဘယ့်ကြောင့်နည်း၊ ကြမ်းမှ အမိုးထိအောင်ဖြစ်စေ အမိုးမှ ကြမ်းထိအောင်ဖြစ်စေ ဘယ်နည်းဖြင့် ကာကာ သဗ္ဗပရိစ္ဆန္နဖြစ်မှသာ လိုရင်းဖြစ်သောကြောင့်တည်း။ သို့ဖြစ်၍ တာလပတ် ကာထားသော သင်္ဘော်စသည်မှာ သဟသေယျဖြစ်နိုင်ကြောင်း သတိပြုပါ။ အပေါ်ကချထားသော ကဲလားစသည်တို့ အောက်ကြမ်းပြင်သို့ မရောက်ဘဲ တစ်တောင့်တစ်ထွာ နှစ်တောင်စသည် ကျန်နေလျှင်ကား အကာမမြောက်ဟု ဆိုသင့်မည် ထင်သည်။

ဆဒနံ အနာဟစ္စ။ပ။ သဗ္ဗပရိစ္ဆန္နမေဝ။ ။ ဤအလို အမိုးထိအောင် မကာသော်လည်း သဟသေယျ ဖြစ်နိုင်ကြောင်း သိသာ၏။ နောက်ဆုံး၌ ပြထားသောကြောင့် ဤအလိုကို အဋ္ဌကထာဆရာကိုယ်တိုင် လက်ခံသဘောကျသည်။ နံရံ, တံခါးရွက်စသည်ကို ပါကာရာဒိနာ-၌ အာဒိသဒ္ဒါ၏အရ ယူပါ။

http://www.dhammadownload.com

ကို၊ ဆန္နံ- မိုးအပ်ပြီ၊ အပ္ပံ- အနည်းငယ်သော၊ ဌာနံ- အရပ်ကို၊ အစ္ဆန္နံ- မမိုးအပ်၊ သမန္တတော ဝါ- ထက်ဝန်းကျင်၌မူလည်း၊ ဗဟုတရံ- သော၊ ဌာနံ- ကို၊ ပရိက္ခိတ္တံ- ကာရံအပ်ပြီ၊ အပ္ပံ- သော၊ ဌာနံ- ကို၊ အပရိက္ခိတ္တံ- မကာရံအပ်၊ ဣဒံ- ဤကျောင်း အိပ်ရာနေရာသည်၊ **ယေဘုယျေန။ပ။** **ဆန္နံ** နာမ- ဆန္န မည်သော၊ သေနာသနံ- မည်၏။

ဣမိနာ လက္ခဏေန- ဤလက္ခဏာနှင့်၊ သမန္နာဂတော- ပြည့်စုံသော၊ သတ္တ-ဘူမိကော- ဘုံခုနစ်ဆင့်ရှိသော၊ ပါသာဒေါ- ပြာသာဒ်သည်၊ ဧကူပစာရော-တူသော ဥပစာရှိသည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်အုံ၊ ဧဝံ သတိပိ ဝါ- ဤသို့ ဖြစ်သော်လည်းကောင်း၊ သတဂဗ္ဘ- အခန်းတစ်ရာ (အများ) ရှိသော၊ စတုသာလံ- လေးဆောင်တွဲကျောင်းသည်၊ ဧကူပစာရံ- သည်၊ သစေပိ ဟောတိ- အုံ၊ ဧဝံ သတိပိ ဝါ- သော်လည်းကောင်း၊ ဧကံ- တစ်မိုးတစ်ရံတည်းသော၊ သေနာသနမိစ္စေဝ- ကျောင်းဟူ၍ပင်၊ သခီံ- ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ- ရောက်၏။ (စာအုပ်များ၌ရှိသည့်အတိုင်း ပေးသောအနက်။)

တစ်မိုးတစ်ရံတည်းသောကျောင်း။ ။ ဤသတ္တဘူမိက-စသော လက္ခဏာနှင့် ပြည့်စုံညီညွတ်သော ခုနစ်ထပ်ကျောင်းမျိုးကို ဥပစာတူခဲ့ပါလျှင် တစ်မိုးတစ်ရံတည်းသော ကျောင်းဟုပင် ခေါ်ရတော့သည်။ ထို့ပြင် ဤလက္ခဏာနှင့် ပြည့်စုံသော အခန်းပေါင်းများစွာရှိသော လေးဆောင်တွဲကျောင်းမျိုးကိုလည်း ဥပစာတူခဲ့ပါလျှင် တစ်မိုးတစ်ရံတည်းသော ကျောင်းဟုပင် ခေါ်ရတော့သည်။

ဧကူပစာရ။ ။ ဝင်ထွက် သွားလာမှုကို ပြုသော တံခါးပေါက် တူမျှသည်ကိုပင် ဥပစာတူသည်ဟု ဆိုသည်။ (သာရတ္ထ၊၃၊၇။)

လမ်းတစ်ခုဖြင့် ဝင်၍ (အမိုးမရှိသော) လွင်ပြင်သို့ မသက်ရောက်ရဘဲ အခန်းအကုန်လုံးတို့၌ လှည့်လည်ခြင်းငှာ သင့်တင့်လျောက်ပတ်သော ကျောင်းမျိုးကိုပင် တူသော ဥပစာရှိသည်ဟု ဆိုရသည်။

အခန်းတိုင်းမှာ တံခါးအများ တပ်ထားသော်လည်း ဧကူပစာရပင် ဖြစ်သည်။ ထို (အခန်းအများရှိသော) သတဂဗ္ဘကျောင်းမျိုး၌ အခန်းတို့ကို နံရံဖြင့်ကန့်လျှက် တံခါးသီးခြား (ကိုယ့်တံခါးနှင့် ကိုယ်) တပ်ထားလျှင် နာနူပစာရဖြစ်သည်။

နံရံတို့ဖြင့် ကန့်ရုံသာကန့်၍ တံခါးသီးခြား မတပ်လျှင်ကား (တံခါးပေါက် တစ်ပေါက်တည်းဖြင့် အခန်းအားလုံးသို့ သွားလာ ဝင်ထွက်နိုင်သောကြောင့်၊) ဧကူပစာရပင် ဖြစ်သည်။ (ဝိမတိ၊၂၅၅။)

http://www.dhammadownload.com

တစ်နည်း- ဣမိနာ လက္ခဏေန- နှင့်၊ သမန္နာဂတော- ပြည့်စုံသော ကျောင်းသည်၊ (ဧကူပစာရေ ဟောတိ၌ စပ်၊) သတ္တဘူမကော- ဘုံခုနစ်ဆင့်ရှိသော၊ ပါသာဒေါ- သည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဦးတော့၊ (ဧဝံ သတိပိ- သော်လည်း၊) ဧကူပစာရော- တူသော ဥပစာရှိသည်၊ ဟောတိ- ၏၊ သတဂဗ္ဘံ- အခန်းတစ်ရာရှိသော၊ စတုသာလံ ဝါ- လေးဘက် ပတ်လည်တန်းလျားရှည်ကျောင်းသည်မူလည်း၊ (သစေပိ ဟောတိ- ဦးတော့၊ ဧဝံ သတိပိ- သော်လည်း၊ ဧကူပစာရော ဟောတိ၊ စတုသာလံ- နောက်၌ ပါသော ဧကံ သေနာသနမိစ္စေဝ သခ်ံ ဂစ္ဆတိ-ကား အပိုဖြစ်ဟန်တူသည်။ ဤကား ဆရာများ သဘောအရ ပေးသောအနက်။)

ဧဝရူပေ- ဤသို့သဘောရှိသော၊ သေနာသနေ- ကျောင်း (အိပ်ရာ နေရာ)၌၊ အနုပသမ္ပန္နေန- နှင့်၊ သဒ္ဓိံ- အတူ၊ စတုတ္ထဒိဝသေ- လေးရက်မြောက်နေ့၌၊ သူရိယေ- သည်၊ အတ္ထင်္ဂတေ- ဝင်ပြီးလသော်၊ နိပဇ္ဇန္တသ- အိပ်သော ရဟန်း၏၊ ပါစိတ္တိယံ- ကို၊ ဝုတ္တံ။ သမ္ဗဟုလာ- များကုန်သော၊ သာမဏေရာ- တို့သည်လည်းကောင်း၊ ဧကော- သော၊ ဘိက္ခု- သည်လည်းကောင်း၊ သစေ ဟောန္တိ၊ ဧဝံ သတိ၊ သာမဏေရဂဏနာယ- သာမဏေတို့၏ အရေအတွက်အားဖြင့်၊ ပါစိတ္တိယာ ဟောန္တိ၊ တေ- ထိုသာမဏေတို့သည်၊ ဥဌာယုဌာယ- ထ၍ ထ၍၊ စေ နိပဇ္ဇန္တိ- အကယ်၍ ပြန်အိပ်ကုန်အံ့၊ ဧဝံ သတိ၊ တေသံ- ထိုသာမဏေတို့၏၊ ပယောဂေ ပယောဂေ- ပယောဂတိုင်း ပယောဂတိုင်း၌၊ ဘိက္ခုသ- ၏၊ အာပတ္တိ ဟောတိ၊ ပန- ဆက်၊ ဘိက္ခုသ- ၏၊ ဥဌာယုဌာယ- ၍၊ နိပဇ္ဇနေ- အိပ်ခြင်း၌၊ ဘိက္ခုသေဝ- ရဟန်း၏သာလျှင်၊ ပယောဂေန- ကြောင့်၊ ဘိက္ခုသ- ၏၊ အာပတ္တိ ဟောတိ၊ သမ္ဗဟုလာ- ကုန်သော၊ ဘိက္ခူ- တို့သည်လည်းကောင်း၊ ဧကော- သော၊ သာမဏေရော- သည်လည်းကောင်း၊ သစေ ဟောန္တိ၊ ဧဝံ ဟောန္တေသု၊ ဧကော- တစ်ပါးတည်းသော သာမဏေသည်၊ သမာနောပိ- သော်လည်း၊ သဗ္ဗေသံ- အလုံးစုံသော ရဟန်းတို့၏၊ အာပတ္တိံ ကရောတိ၊ တသ- ထိုသာမဏေ၏၊ ဥဌာယုဌာယ- ၍၊ နိပဇ္ဇနေနပိ- အိပ်ခြင်းကြောင့်လည်း၊ ဘိက္ခူနံ- တို့၏၊ အာပတ္တိယေဝ- ပင်တည်း၊ ဥဘယေသံ- ရဟန်းသာမဏေ နှစ်ဦးလုံးတို့၏၊ သမ္ဗဟုလဘာဝေပိ- များကုန်သည်၏ အဖြစ်၌လည်း၊ ဧသေဝ နယော။

http://www.dhammadownload.com

၈၀။ အပိ စ- စိုးစဉ်းအနည်းငယ် ဆိုဖွယ်အထူးကား၊ ဧတ္ထ- ဤသဟသေယျ အရာ၌၊ ဧကာဝါသာဒိကမ္မိ- ဧကာဝါသ အစရှိသည်လည်းဖြစ်သော၊ စတုက္ကံ- ကို၊ ဝေဒိတဗ္ဗံ- ၏၊ (အာဒိသဒ္ဒါဖြင့် နာနာဝါသ ဧကအနုပသမ္မန္ခ နာနာအနုပသမ္မန္ခတို့ကို ယူပါ။) ဟိ- ချဲ့၊ ယော- အကြင်ရဟန်းသည်၊ ဧကိဿံ- တစ်ခုသော၊ အာဝါသေ- ၌၊ ဧကေနေဝ- တစ်ပါးတည်းသာဖြစ်သော၊ အနုပသမ္မန္ခေန- နှင့်၊ သဒ္ဓိံ- တကွ၊ တိရတ္တံ- သုံးညဉ့်ပတ်လုံး၊ သဟသေယျံ- ကို၊ ကပ္ပေတိ- ပြု၏၊ တဿ- ထိုရဟန်း၏၊ စတုတ္ထဒိဝသတော- လေးရက်မြောက်နေ့မှ၊ ပဋ္ဌာယ- စ၍၊ ဒေဝသိကာ- နေ့တိုင်း နေ့တိုင်း၌ဖြစ်သော၊ အာပတ္တိ ဟောတိ၊ (ဒိဝသေ ဒိဝသေ ပဝတ္တာ- ဒေဝသိကာ၊) ယောပိ- အကြင်ရဟန်းသည်လည်း၊ ဧကိဿံ- ယေဝ- တစ်ခုတည်းပင်လျှင် ဖြစ်သော၊ အာဝါသေ- ၌၊ (ဧကာဝါသချင်း တူသောကြောင့် သန္နိဋ္ဌာနာဝဓာရဏဧဝဖြင့် ဆိုသည်၊) နာနာအနုပသမ္မန္ခေဟိ- အမျိုးမျိုးသော လူသာမဏေကတို့နှင့်၊ သဒ္ဓိံ- တကွ၊ တိရတ္တံ သဟသေယျံ ကပ္ပေတိ၊ တဿပိ- ထိုရဟန်း၏လည်း၊ စတုတ္ထဒိဝသတော ပဋ္ဌာယ ဒေဝသိကာ အာပတ္တိ။

(ပထမနေ့မှာ အိပ်သူ လူသာမဏေကတစ်မျိုး,ဒုတိယနေ့မှာ အိပ်သူ လူသာမဏေကတစ်မျိုးစသည်ဖြင့် ပြောင်းလဲလျက်အိပ်ခြင်းကို နာနာအနုပသမ္မန္ခေဟိ-ဟု ဆိုသည်။)

ယောပိ- အကြင်ရဟန်းသည်လည်း၊ နာနာအာဝါသေသု- အမျိုးမျိုးသော ကျောင်းတို့၌၊ ဧကေနေဝ အနုပသမ္မန္ခေန သဒ္ဓိံ တိရတ္တံ သဟသေယျံ ကပ္ပေတိ၊ တဿပိ- ထိုရဟန်း၏လည်း၊ (တစ်နေ့ တစ်ကျောင်း ပြောင်းအိပ်သော ရဟန်း၊) စတုတ္ထဒိဝသတော ပဋ္ဌာယ ဒေဝသိကာ အာပတ္တိ၊ ယောပိ- သည်လည်း၊ နာနာအာဝါသေသု နာနာအနုပသမ္မန္ခေဟိ သဒ္ဓိံ၊ ယောဇနသတမ္ပိ- ယူဇနာတစ်ရာရှိသော အရပ်သို့လည်း၊ ဂန္တွာ- သွား၍၊ သဟသေယျံ ကပ္ပေတိ၊ တဿပိ စတုတ္ထဒိဝသတော ပဋ္ဌာယ ဒေဝသိကာ အာပတ္တိ။ (နာနာဝါသဖြစ်ကြောင်း ထင်ရှားအောင် ယောဇနသတမ္ပိ-ဟု ဆိုသည်။)

စ- ဆက်၊ အယံ သဟသေယျာပတ္တိ နာမ- ဤသဟသေယျအာပတ်မည်သည်၊ "ဘိက္ခဝေ။ပ။ အနုပသမ္မန္ခော နာမာ"တိ- နာမဟူ၍၊ ဝစနတော- ဟော

http://www.dhammadownload.com

တော်မူသောကြောင့်၊ အန္တမသော- အားဖြင့်၊ ပါရာဇိကဝတ္ထုဘူတေန- ပထမပါရာဇိကဝတ္ထုဖြစ်၍ ဖြစ်သော၊ တိရစ္ဆာနဂတေနပိ- နှင့်လည်း၊ သဒ္ဒိ- တကွ၊ ဟောတိ- ဖြစ်နိုင်၏၊ (ဘိက္ခု- ရဟန်းကို၊ ဌပေတွာ- ထား၍၊ အဝသေသော- ကြွင်းသော သတ္တဝါအပေါင်းသည်၊ အနုပသမ္ပန္နော နာမ- အနုပသမ္ပန္နမည်၏၊) တသ္မာ- ထိုကြောင့်၊ ဂေါဓိဠာလမဂ်္ဂသာဒီသု- ဖွတ်, ကြောင်, မြွေပါအစရှိသည်တို့တွင်၊ ကောစိ- တစ်ကောင်ကောင်သော တိရစ္ဆာန်သည်၊ ပဝိသိတ္ဝာ- ဝင်၍၊ ဘိက္ခုနော- ၏၊ ဝသနသေနာသနေ- နေရာကျောင်း၌၊ ဧကူပစာရဋ္ဌာနေ- တူသော ဥပစာရိုသော အရပ်၌၊ သစေပိ သယတိ- အကယ်၍မူလည်း အိပ်အံ့၊ ဧဝံ သတိ- ဤသို့ အိပ်လသော်၊ သဟသေယ္ယာဝ- သည်ပင်၊ ဟောတိ။ (သဟသေယျ အာပတ်သင့်၏။)

ပန- ဆက်၊ ထမ္ဘာနံ- တိုင်တို့၏၊ ဥပရိ- အထက်၌၊ ကတပါသာဒဿ- ပြုအပ်သော ပြာသာဒ်၏၊ (သာမညသမ္ဗန်၊) ဥပရိမတလေန- အထက်ထပ်နှင့်၊ သဒ္ဒိ- တကွ၊ အသမ္ဗဒ္ဓဘိတ္တိကဿ- မဆက်စပ်သော နံရံရှိသော ပြာသာဒ်၏၊ (ဝိသေသသမ္ဗန်၊) ဘိတ္တိယာ- အောက်ထပ်နံရံ၏၊ ဥပရိ- အထက်၌၊ ဒ္ဝိတသုသိရ-တုလာသီသဿ- တည်သော အခေါင်းရှိသော ယက်မစွန်း၏၊ (ယက်မထိပ်၏၊) သုသိရေန- အခေါင်းဖြင့်၊ ပဝိသိတ္ဝာ- (ဖွတ်စသော တိရစ္ဆာန်များ) ဝင်၍၊ တုလာယ- ယက်မ၏၊ အတ္ထာန္တရေ- အတွင်း၌၊ သယိတ္ဝာ- အိပ်ပြီး၍၊ တေနဝ

ပါရာဇိကဝတ္ထုဘူတေန တိရစ္ဆာနဂတေန။

အပဒါနံ အဟိမစ္ဆာ ။ ။ ခြေမဲ့ငြား မြွေနှင့်ငါး သတ္တဝါ၊

ဒ္ဝိပဒါနဉ္စ ကုက္ကုဋ္ဌီ ။ ။ နှစ်ချောင်းခြေ ရှိနေကလျှင်၊ ကြက်မမှတ်ပါ၊

စတုပ္ပဒါနံ မဇ္ဇာရီ ။ ။ လေးချောင်းမှာ၊ ယူလေပါ ကြောင်မ၊

ဝတ္ထု ပါရာဇိကသိမာ ။ ။ မေထုနာ ဝတ္ထုများကို၊ မှတ်သားကျန။

အသမ္ဗဒ္ဓဘိတ္တိကဿ ။ ။ ယက်မခေါင်းထဲ၌ ယင်းယက်မခေါင်းဖြင့်ပင် ထွက်လာလျက် နံရံကြားဖြင့် အောက်ထပ်သို့ ဝင်လိုလျှင် ဝင်နိုင်လောက်သည်။ အပေါ်ထပ်နှင့် နံရံချင်း မဆက်စပ်သည့်ကျောင်း၌ အာပတ်မသင့်ဟု ဆိုလိုက်သဖြင့် ယင်းသို့ ဝင်နိုင်အောင် အပေါ်ထပ်နှင့် အောက်ထပ် နံရံချင်း ဆက်စပ်နေသော ကျောင်းမျိုး၌ ဆိုဖွယ်ပင် မရှိတော့ပါဟူသော အနက်အခိုပွါယ်ကို ပြလိုသောကြောင့် ဥပရိမတလေန သဒ္ဒိ အသမ္ဗဒ္ဓဘိတ္တိကဿ (အထက်ထပ်နှင့် နံရံချင်းမဆက်စပ်သော ပြာသာဒ်၏)

http://www.dhammadownload.com

သုသိရေန- ထိုအခေါင်းဖြင့်ပင်၊ နိက္ခမိတွာ- ထွက်၍၊ ယဒိ ဂစ္ဆတိ- အကယ်၍ သွားအံ့၊ (ဤစကားရပ်ဖြင့် နာနူပစာရဖြစ်ကြောင်းကို ပြသည်။) ဧဝံ သတိ၊ ဟေဋ္ဌာပါသာဒေ- ပြာသာဒ်၏ အောက်ထပ်၌၊ သယိတဘိက္ခုဿ- အိပ်သော ရဟန်း၏၊ အနာပတ္တိ ဟောတိ၊ ဆဒနေ- အမိုး၌၊ ဆိဒ္ဒံ- အပေါက်သည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ တေန- ထိုအပေါက်ဖြင့်၊ ပဝိသိတွာ- ဝင်၍၊ အန္တော-ဆဒနေ- အမိုး၏ အတွင်း၌၊ ဝသိတွာ- နေပြီး၍၊ တေနေဝ- ထိုအပေါက်ဖြင့်ပင်၊ ပက္ကမတိ- ဖဲခွာထွက်သွားအံ့၊ (အောက်ထပ်ကိုကား မဆင်း၊) နာနူပစာရေ-ကွဲပြားသော ဥပစာရရှိသော ကျောင်း၌၊ (အထက်ထပ်နှင့် အောက်ထပ် ဥပစာ မတူသော ကျောင်းမျိုး၊) ဥပရိမတလေ- အထက်ထပ်၌၊ ဆဒနဋ္ဌန္တရေ- အမိုး၏ အတွင်း၌၊ သယိတဿ- အိပ်သော ရဟန်း၏၊ အာပတ္တိ ဟောတိ၊ ဟေဋ္ဌိမ-တလေ- အောက်ထပ်၌၊ သယိတဿ အနာပတ္တိ။

အန္တောပါသာဒေနေဝ- ပြာသာဒ်၏ အတွင်းဖြင့်ပင်၊ အာရောဟိတွာ- (အတွင်းလှေကားဖြင့်) အထက်ထပ်သို့ တက်၍၊ သဗ္ဗတလာနိ- အလုံးစုံသော

ဟူသော စကားကို မိန့်ဆိုထားသည်။ နံရံချင်းဆက်စပ်နေသော ပြာသာဒ်မျိုး၌ အာပတ်သင့်ကြောင်းကို ပြလိုသောကြောင့် မိန့်ဆိုထားသည်ကားမဟုတ်ပါ။ (သာရတ္ထ၊၃၊၇။)

ဟေဋ္ဌာ။ပ။ အနာပတ္တိ။ ။ ယင်းကျောင်းမျိုး၌ အောက်ထပ်၌ အိပ်သော ရဟန်းမှာသာ ငါ့မှာအာပတ်များ သင့်လေရော့သလားဟု ယုံမှားသံသယ ဖြစ်သင့်သည်၊ ယင်းယုံမှားသံသယကို တားမြစ်ပိတ်ဆို့လိုသောကြောင့်၊ ဟေဋ္ဌာ။ပ။ အနာပတ္တိ (ပြာသာဒ်အောက်ထပ်၌ အိပ်သောရဟန်းမှာ အာပတ်မသင့်၊) ဟု မိန့်ဆိုထားသည်၊ အထက်ထပ်၌ အိပ်သောရဟန်း အာပတ်သင့်ကြောင်းကို ပြလိုသောကြောင့် မိန့်ဆိုထားရသည်ကား မဟုတ်ပါ။ (သာရတ္ထ၊၃၊၇။)

နာနူပစာရေ။ ။ အပြင်ဘက်၌ လှေကားတပ်၍ အပေါ်ထပ်သို့ တက်ရသော ကျောင်းမျိုးကို ကွဲပြားသော ဥပစာရရှိသောကျောင်း (အပေါ်ထပ်နှင့် အောက်ထပ် ဥပစာမတူသော ကျောင်း) ဟု ဆိုသည်။ (သာရတ္ထ၊၃၊၇။)

ယခုကာလ၌လည်း ဝိနည်းကို အလေးဂရုပြုကြသော အချို့အချို့သော ကျောင်းတိုက်များမှာ အပြင်ဘက်၌ လှေကားတပ်ထားသော နှစ်ထပ်ကျောင်း သုံးထပ်ကျောင်း စသည်တို့ကို တွေ့ရပါသေးသည်။

ဆဒနဋ္ဌန္တရေ။ ။ အမိုး၏ အတွင်း၌ဟု ဆိုလိုက်သဖြင့် အထက်ထပ်၌လည်း အမိုးမရှိသော လသာခန်းမှာ အိပ်သောရဟန်း၏ အာပတ်မသင့်ကြောင်းကို ပြပြီး ဖြစ်တော့သည်။ (သာရတ္ထ၊၃၊၇။)

http://www.dhammadownload.com

အထပ်တို့ကို၊ သစေ ပရိဘုဉ္ဇန္တိ- အကယ်၍ သုံးစွဲကုန်အံ့၊ ဧဝံ သန္တေသု၊ သဗ္ဗတ-လာနိ- တို့သည်၊ ဧကူပစာရာနိ- တူသော ဥပစာရှိကုန်သည်၊ ဟောန္တိ၊ တေသု-ထိုအထပ်တို့တွင်၊ ယတ္ထ ကတ္ထစိ- မမှတ်မပြု တစ်စုံတစ်ခုသော အထပ်၌၊ သယိတဿ အာပတ္တိ ဟောတိ။ (အမိုးအတွင်း ဝင်၍ အိပ်သော ဖွတ်စသော သတ္တဝါကြောင့် အာပတ်သင့်ရသည်။) သဘာသခ်ေပန- စျေးရုံပုံသဏ္ဌာန်ဖြင့်၊ ကတေ- ပြုအပ်သော၊ အမုကဋ္ဌကေ- ထက်ဝက်နံရံ ရှိသော၊ သေနာသန-ကျောင်း၌၊ သယိတဿ- အိပ်သော ရဟန်း၏၊ တုလာဝါဠသယ်ဘဉ္ဇာဒီသု-လျောက်, သားရဲ (ခြင်္သေ့ရုပ်, ကျား) ရုပ် တပ်အပ်သော ထုပ်အစရှိသည်တို့၌၊ (ထုပ်လျောက်စသည်တို့ အပေါ်၌) ကပေါတာဒယော- ခိုအစရှိသော သတ္တဝါတို့သည်၊ (ပဝိသိတွာ- ဝင်၍၊ အဋ္ဌကထာကြီး၌ ပါ။) သယန္တိ- အိပ်ကုန်အံ့၊ အာပတ္တိယော၀- အာပတ်ပင်တည်း၊ ပရိက္ခေပဿ- အကာအရံ၏၊ ဗဟိဂတေ-ပြင်ဘက်၌ ရောက်နေသော၊ နိဗ္ဗကောသဗ္ဘန္တရေ- တံစက်မြိတ်၏ အတွင်း၌၊ ကပေါတာဒယော၊ သယန္တိ အနာပတ္တိ။

ပရိမဏ္ဍလံ ဝါ- အဝိုင်းသော်လည်းဖြစ်သော၊ စတုရဿံ ဝါ- လေးထောင့်သော်လည်းဖြစ်သော၊ ဧကစ္ဆဒနာယ- တစ်ခုသော (တူသော) အမိုးရှိသော၊ ဂဗ္ဘမာလာယ- အခန်းအစဉ်ဖြင့်၊ သတဂဗ္ဘံ- အခန်း တစ်ရာ (များစွာ) ရှိသော၊ သေနာသနံ- သည်၊ စေပိ ဟောတိ-. အကယ်၍မူလည်း ဖြစ်စေဦးတော့၊ တတြ- ထိုကျောင်း၌၊ ဧကေန- တစ်ပေါက်သော၊ သာခာရဏ္ဍဒွါရေန- အမျှားဆိုင် တံခါးပေါက်ဖြင့်၊ ပဝိသိတွာ- ၍၊ ဝိသုံ- သီးခြား၊ ပါကာရေန- အကာဖြင့်၊ အပရိစ္ဆိန္နဂဗ္ဘူပစာရေ- မပိုင်းဖြတ်အပ်သော အခန်းဥပစာရှိကုန်သော၊ သဗ္ဗ-

---

သဘာသခ်ေပန။ ။ စျေးရုံကို သဘာ-ဟု ခေါ်သည်။ စျေးရုံအမျိုးအစား၌ ထည့်ယူနိုင်သော စျေးရုံပုံစံ ဆောက်လုပ်ထားသော ကျောင်းမျိုးကို သဘာသခ်ေပန-ဟု ဆိုသည်။ ယင်းကျောင်းမျိုး၏ ပုံသဏ္ဌာန်ကို အမုကဋ္ဌကေ-ဟူသော ပါဠိဖြင့်ပြသည်။ ဘေးသုံးဘက်မှာဖြစ်စေ နှစ်ဖက်မှာဖြစ်စေ နံရံရှိနေသော်လည်း အမိုးထိအောင် မကာဘဲ တစ်ဝက်တစ်ပျက်သာ ကာရံထားသော ကျောင်းမျိုးသည် "အမုကဋ္ဌကသေနာသန" မည်၏။ (ဝိမတိ၊ ၂၊၆။)

ပရိက္ခေပဿ ဗဟိဂတေ။ ။ နံရံမရှိသော ဘက်မှာလည်း ကာရံထိုက်သော နေရာ၏ အပြင်ဘက်သို့ ရောက်နေသော တံစက်မြိတ်၏ အတွင်းအရပ်ကိုပင် ယူရသည်။

အပရိစ္ဆိန္နဂဗ္ဘူပစာရေ။ ။ အလယ်၌ ကွက်လပ်ထားလျက် အဝိုင်းဖြစ်စေ,

http://www.dhammadownload.com

ဂဇ္ဈေပိ- အလုံးစုံသော အခန်းတို့သို့လည်း၊ စေ ပဝိသန္တိ- အကယ်၍ ဝင်နိုင်ကုန်အုံ၊ ဧဝံ သတိ၊ ဧကဂဇ္ဈေပိ- တစ်ခုသော အခန်း၌လည်း၊ အနုပသမ္မန္နေ- လူသာမဏေသည်၊ နိပန္နေ- အိပ်လသော်၊ သဗ္ဗဂဇ္ဈေသု- အလုံးစုံသော အခန်းတို့၌၊ နိပန္နာနံ- အိပ်ကုန်သော ရဟန်းတို့၏။ အာပတ္တိ ဟောတိ၊ သပမုခါ- အဦးစမုခ်နှင့်တကွ ဖြစ်ကုန်သော (ရှေ့မျက်နှာစာနှင့်တကွ ဖြစ်ကုန်သော၊) ဂဇ္ဈာ- အခန်းတို့သည်၊ သစေ ဟောန္တိ၊ ပမုခဉ္စ- အဦးစမုခ်သည်လည်း၊ ဥပရိ- အထက်၌၊ အစ္ဆန္နံ- မိုးအပ်သည်၊ သစေ ဟောတိ- အုံ၊ ဧဝံ သတိ၊ ပမုခေ- ၌၊ သယိတော- အိပ်သော လူသာမဏေသည်၊ ဂဇ္ဈေ- အခန်း၌၊ သယိတာနံ- အိပ်ကုန်သော ရဟန်းတို့၏၊ အာပတ္တိ- အာပတ်ကို၊ န ကရောတိ- မပြုနိုင်၊ (ဧကစ္ဆန္နေ-မဟုတ်သောကြောင့် အာပတ် မသင့်၊) ပန- ဆက်၊ ဂဇ္ဈစ္ဆဒနေနေဝ- အခန်း၏ အမိုးနှင့်ပင်လျှင်၊ သဒ္ဒိ- တကွ၊ သမ္မန္နဆဒနံ- ဆက်စပ်နေသော အမိုးရှိသည်၊ သစေ ဟောတိ- အုံ၊ ဧဝံ သတိ၊ တတြ- ထိုအဦးစမုခ်၌ ၊ သယိတော- အိပ်သော လူ

လေးထောင့်ဖြစ်စေ ဆောက်လုပ်ထားသော ကျောင်းကြီးများမှာ ဘေးပတ်လည်၌ အခန်းပေါင်းများစွာ စဉ်တန်းလျက် ရှိနေသည်။ အခန်းတိုင်း၏ ရှေ့မှာလည်း အဦးစမုခ် (ရှေ့မျက်နှာစာ+လူသွားစကြံ) ရှိနေတတ်သည်။ အလယ်ကွက်လပ်သို့ မဆင်းရဘဲ မျက်နှာစာ (လူသွားစကြံ) အတိုင်း လျှောက်သွားလျက် အခန်းအကုန်လုံးကို မဝင်နိုင်အောင် အခန်းအသီးသီးတို့၏ ဘေးနှစ်ဖက်၌ နံရံစွန်းထုတ်ဆောင်လျက် အခန်းမျက်နှာစာကို ဆီးတားပိုင်းခြား ကာရံထားလျှင် "ပရိစ္ဆိန္နဂဇ္ဈူပစာရ"မည်သည်။ ဆီးတားပိုင်းခြား ကာရံမထားလျှင် "အပရိစ္ဆိန္နဂဇ္ဈူပစာရ"မည်သည်။(သာရတ္ထ၊၃/၈။) အခန်းအသီးသီးတို့၏ ဘေးနှစ်ဖက်တို့၌ အဦးစမုခ် (ရှေ့မျက်နှာစာ လူသွားစကြံ) ဖြင့် မသွားရအောင် တစ်တောင့်တစ်ထွာထက် မနိမ့်စေဘဲ နံရံပြုလုပ်၍ အလယ်ကွက်လပ်ဖြင့် (အခန်းတွင်းသို့) ဝင်ရအောင် ပြုလုပ်ထားလျှင်"ပရိစ္ဆိန္နဂဇ္ဈူပစာရ"မည်သည်၊ ပြုလုပ်မထားလျှင် "အပရိစ္ဆိန္နဂဇ္ဈူပစာရ"မည်သည်။ (ဝိမတိ၊၂/၆။)

ယခု ပြေးဆွဲနေကြသော အမြန်ရထားများ၌ အမိုးအကာရှိသော လမ်းဖြင့် တွဲတိုင်းသို့ လျှောက်သွားနိုင်သည်။ သင်္ဘောဦးခန်းများသို့လည်း အမိုးအကာရှိသော လမ်းဖြင့်ပင် လျှောက်သွားနိုင်သည်။ သို့ဖြင့် ရထားတွဲအကုန်လုံး သင်္ဘောဦးခန်းအကုန်လုံး ဧကူပစာရဖြစ်သည်။ သဟသေယျ မလွတ်။

သဒ္ဓဂဇ္ဈေပိ ပဝိသန္တိ။ ။ အခန်းဥပစာ (ဝရန်တာ) ကို ပိုင်းဖြတ်ကာရံမထားသောကြောင့် အလယ်ကွက်လပ်သို့ ဆင်းမနေရတော့ဘဲ ဥပစာ (ဝရန်တာ+ လူသွားစကြံ) ဖြင့်ပင် လျှောက်သွားလျက် ဝင်လိုရာအခန်းကို ဝင်နိုင်လျှင် အခန်းတစ်ခန်းမှာ အိပ်သော လူသာမဏေက အခန်းအကုန်လုံးမှာအိပ်သော ရဟန်းတို့ကို အာပတ်သင့်စေနိုင်သည်။

http://www.dhammadownload.com

သာမဏေသည်၊ သဗ္ဗေသံ- အလုံးစုံသော ရဟန်းတို့၏၊ အာပတ္တိ- ကို၊ ကရောတိ- ပြုနိုင်၏၊ ကသ္မာ- နည်း၊ သဗ္ဗစ္ဆန္နတ္ထာ စ- အလုံးစုံ မိုးအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သဗ္ဗပရိစ္ဆန္နတ္ထာ စ- အလုံးစုံ ကာရံအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း။ ဟိ- မှန်၏၊ ဂဗ္ဘပရိက္ခေပေါယေဝ- အခန်း၏ အကာသည်ပင်၊ အသေ- ထိုအဦးစမုခ်၏၊ ပရိက္ခေပေါ- အကာသည်၊ ဟောတိ။

၈၁။ ဧကသာလဒ္ဝိသာလတိသာလစတုသာလသန္နိဝေသာ- တစ်ဆောင်တည်းကျောင်း, နှစ်ဆောင်တွဲကျောင်း, သုံးဆောင်တွဲကျောင်း, လေးဆောင်တွဲကျောင်း အဖြစ်ဖြင့် စုဝေးတည်နေကုန်သော၊ ယေပိ မဟာပါသာဒါ- အကြင် ပြာသာဒ်ကြီးတို့သည်လည်း၊ ဝါ- တို့ကိုလည်း၊ ဧကသ္မိံ ဩကာသေ- တစ်ခုသော အရပ်၌၊ ပါဒေ- ခြေတို့ကို၊ ဓောဝိတွာ- ဆေးပြီး၍၊ ပဝိဋ္ဌေန- ဝင်သောသူသည်၊ သဗ္ဗတ္ထ- အလုံးစုံသော ပြာသာဒ်တို့၌၊ အနုပရိဂန္တ္ဗ္ဗံ- အစဉ်အတိုင်း လှည့်လည်ခြင်းငှာ၊ သက္ကာ- တတ်ကောင်းသည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ တေသုပိ- ထိုပြာသာဒ်

ဂဗ္ဘပရိက္ခေပေါယေဝ။ ။ အခန်း၏ အကာသည်ပင် အဦးစမုခ် (ရှေ့မျက်နှာစာ + ဝရန်တာ) ၏ အကာဖြစ်သည်ဟူသော စကားကို ဘေးပတ်လည် အခန်းနံရံတို့ကို ရည်ရွယ်၍ ဆိုထားသည်။ (ရန်ကုန်မြို့နီစီပါယ်ရုံးကြီး စသည်တို့ကဲ့သို့) လေးဆောင်တွဲအနေဖြင့် ဆောက်လုပ်ထားသော ကျောင်းမျိုး၌ အခန်းမျက်နှာစာ (လူသွားစကြံ) ကို သီးခြားမကာရံသော်လည်း ထက်ဝန်းကျင် (ပတ်ပတ်လည်) ၌ တည်ရှိနေသော အခန်းနံရံများဖြင့်ပင် ကာရံအပ်ပြီး မည်တော့သည်။

သို့ဖြင့် ဆောင်မ,ရှေ့က စမြင် (ဝရန်တာ) ပါနေသော ကျောင်းများသည် ရှေ့တည့်တည့်မှာ အကာမရှိသော်လည်း ထိပ်နှစ်ဖက် (ဘေးနှစ်ဖက်) မှာ အကာရှိနေလျှင် ဆောင်မ၏ အကာလည်း စမြင် (ဝရန်တာ) ၏ အကာဖြစ်နေသောကြောင့် များသော အားဖြင့် အကာရှိသော နေရာမျိုးဖြစ်နိုင်သည်။ တစ်မိုးတည်းဖြစ်က သဟသေယျမလွတ်။

ဧကသာလ။ပေ။ သန္နိဝေသာ ။ ။ တစ်ခုသောအရပ်၌ ဖြောင့်ဖြောင့်ပင် အရှည်ပြုလုပ် ဆောက်ထားသော ပြာသာဒ်များသည် "ဧကသာလသန္နိဝေသ"မည်၏၊ နှစ်မျက်နှာ, သုံးမျက်နှာ, လေးမျက်နှာတို့၌ လမ်းဆုံ လမ်းခွသဏ္ဌာန်စသည်ဖြင့် ဆောက်လုပ် ထားသော ပြာသာဒ်များသည် အသီးသီး "ဒ္ဝိသာလသန္နိဝေသ, တိသာလသန္နိဝေသ, စတုသာလသန္နိဝေသ" တို့မည်၏။

ဤစကားရပ်၌ အဆောင်အထူးအပြားကို ပြရုံမျှသာ၊ ရှေ့ "ပရိမဏ္ဍလ ဝါ"စသော စကားနှင့် ထူးခြားကွဲပြားသည်။

http://www.dhammadownload.com

တို့၌လည်း၊ သဟသေယျာပတ္တိယာ- မှ၊ န မုစ္စတိ- မလွတ်၊ (အကြား အကြား၌ အကာရှိသော်လည်း တစ်ဆက်တည်း ဝင်နိုင် ထွက်နိုင်သောကြောင့် အာပတ်မှ မလွတ်။) တသို့ တသို့ ဌာနေ- ထိုထိုနေရာ၌၊ ဥပစာရံ- ကို၊ ပရိစ္ဆိန္နိတ္ဝာ- ပိုင်းခြား၍၊ ကတာ- ပြုအပ်ကုန်သည်၊ သစေ ဟောန္တိ- ကုန်အံ့၊ ဧဝံ သန္တေသုသော်၊ ဧကူပစာရဋ္ဌာနေယေဝ- တူသော ဥပစာရှိသော အရပ်၌သာ၊ အာပတ္တိ။

ဒ္ဝိဟိ- နှစ်ခုကုန်သော၊ ဒ္ဝါရေဟိ- တံခါးပေါက်တို့ဖြင့်၊ ယုတ္တဿ- တပ်ယှဉ်အပ်သော၊ (တောင်ဘက်တစ်ပေါက် မြောက်ဘက်တစ်ပေါက်စသည်ဖြင့် တပ်ထားသော) သုဓာဆဒနမဏ္ဍပဿ- အင်္ဂတေအမိုးရှိသော မဏ္ဍပ်၏၊ (မဏ္ဍပ်ဆိုသော်လည်း အကာရှိသည်၊) မဇ္ဈေ- ၌၊ ပါကာရံ- အကာအရံကို၊ ကရောန္တိ- ပြုကုန်အံ့၊ (ထိုအကာ၌ တံခါးပေါက် မရှိသောကြောင့် နာနူပစာရဖြစ်နေသည်၊) ဧကဒ္ဝါရေန- တစ်ဖက်သော တံခါးဖြင့်၊ ပဝိသိတ္ဝာ- ဝင်၍၊ ဧကသ္မိံ ပရိစ္ဆေဒေ- တစ်ခုသော အပိုင်းအခြား၌၊ အနုပသမ္ပန္နော- လူသာမဏေသည်၊ သယတိ- အိပ်အံ့၊ ဧကသ္မိံ ပရိစ္ဆေဒေ- ၌၊ ဘိက္ခု- သည်၊ သယတိ- အံ့၊ အနာပတ္တိ။ ပါကာရေ- (အလယ်က) အကာ၌၊ ဂေါဓာဒီနံ- ဖွတ်စသော သတ္တဝါတို့၏၊ ပဝိသနမတ္တံ- ဝင်နိုင်လောက်ရုံဖြစ်သော၊ ဆိဒ္ဒံ- အပေါက်သည်၊ ဟောတိ- ရှိအံ့၊ ဧကသ္မိံ စ ပရိစ္ဆေဒေ- ၌လည်း၊ ဂေါဓာ- တို့သည်၊ သယန္တိ- အိပ်ကုန်အံ့၊ အနာပတ္တိယေဝ- အာပတ်မသင့်သည်သာ၊ ဟောတိ၊ ဟိ- မှန်၊ ဆိဒ္ဒေန- အပေါက်ကြောင့်၊ ဂေဟံ- အိမ်သည်၊ ဧကူပစာရံ နာမ- မည်သည်၊ န ဟောတိ- မဖြစ်။ ပါကာရမဇ္ဈေ- အကာအလယ်၌၊ ဆိန္နိတ္ဝာ- ဖြတ်တောက်၍၊ ဒ္ဝါရံ- တံခါးကို၊

မဇ္ဈေ ပါကာရံ ကရောန္တိ။ ။ အကာအရံဟူသည် အယုတ်ဆုံးအားဖြင့် တစ်တောင့်တစ်ထွာ အမြင့်ရှိရသောကြောင့် အလယ်၌ တစ်တောင့်တစ်ထွာမြင့်သော အကာအရံကိုပြုလျှင်လည်း နာနူပစာရပင် ဖြစ်သည်။ (သာရတ္ထ၊၃၊၉၊)

နု ဟိ ဆိဒ္ဒေန စသည်။ ။ ဖွတ်စသော သတ္တဝါတို့ ဝင်နိုင်ရုံမျှ အပေါက်ဖြစ်လျှင် ယင်းအပေါက်ကြောင့် ကျောင်းသည် ဧကူပစာရမဖြစ်နိုင်၊ သို့သော် အပေါက်ကနံရံအောက်ဘက် အမြင့်တစ်တောင့်တစ်ထွာအတွင်း၌ ရှိနေလျှင် ယင်းအပေါက်ဖြင့် လူများ သွားလာဝင်ထွက်နိုင်လျှင် ထိုအပေါက်မျိုးသည် တံခါးမည်တော့သည်သာ၊ ထို့ကြောင့် ဧကူပစာရဖြစ်နိုင်သည်။ (သာရတ္ထ၊၃၊၉၊)

http://www.dhammadownload.com

သစေ ယောဇေန္တိ- အကယ်၍ ယှဉ်တပ်ကုန်အံ့၊ ဧဝံ သတိ၊ ဧကူပစာရတာယ-တူသော ဥပစာရှိသွားသည်၏ အဖြစ်ကြောင့်၊ အာပတ္တိ ဟောတိ၊ တံ ဒွါရံ-ထိုတံခါးပေါက်ကို၊ ကဝါဋေန- တံခါးရွက်ဖြင့်၊ ပိဒဟိတွာ- ပိတ်၍၊ သယန္တိ-အိပ်ကုန်အံ့၊ အာပတ္တိယေဝ၊ ဟိ- မှန်၊ ဒွါရပိဒဟနေန- တံခါးပေါက်ကို ပိတ်ခြင်းကြောင့်၊ ဧဟံ- သည်၊ နာနူပစာရံ နာမ၊ န ဟောတိ၊ ဒွါရံ ဝါ- တံခါးပေါက်သည်မူလည်း၊ အဒွါရံ- တံခါးပေါက် မဟုတ်သည်၊ န ဟောတိ၊ ဟိ- မှန်၊ ကဝါဋံ-ကို၊ သံဝရဏဝိဝရဏေဟိ- ပိတ်ခြင်း ဖွင့်ခြင်းတို့ဖြင့်၊ ယထာသုခံ- ချမ်းသာသည့်အားလျော်စွာ၊ ဝဋ္ဋနတ္ထာယ- သုံးစွဲခြင်းအကျိုးငှာ၊ ကတံ- ပြုအပ်ပြီ၊ ဝဋ္ဋူ-ပစ္ဆေဒနတ္ထာယ- သုံးစွဲခြင်းကို ဖြတ်တောက်ခြင်း အကျိုးငှာ၊ (အသုံးမပြုနိုင်ရန်) န ကတံ- ပြုအပ်သည် မဟုတ်၊ တံ ဒွါရံ- ထိုတံခါးကို၊ ပုန- တစ်ဖန်၊ ဣဒ္ဓကာဟိ-အုတ်တို့ဖြင့်၊ သစေ ပိဒဟန္တိ- အကယ်၍ ပိတ်လိုက်ကုန်အံ့၊ ဧဝံ သတိ၊ (အသေပိတ်လိုက်လျှင်၊) အဒွါရံ- တံခါးမဟုတ်သည်၊ ဟောတိ၊ ပုရိမေ- ရှေးဖြစ်သော၊ နာနူပစာရဘာဝေယေဝ- နာနူပစာရ၏အဖြစ်၌သာ၊ တိဋ္ဌတိ- တည်တော့၏။

ဒီယပမုခံ- ရှည်သော အဦးစမုခ်ရှိသော၊ စေတိယယရံ- စေတီကျောင်းဆောင်သည်၊ ဟောတိ- ရှိတတ်၏၊ (စေတီ၏ အတွင်းလိုဏ်ဂူကို စေတိယယရဟု ခေါ်သည်။ စေတီငယ်ကို မိုးကာထားသော ကျောင်းဖြစ်လျှင်လည်း စေတိယယရပင်တည်း။) ဧကံ ကဝါဋံ- တစ်ခုသော တံခါးရွက်သည်၊ အန္တော- အတွင်း၌၊ ဧကံ ကဝါဋံ- သည်၊ ဗဟိ- အပြင်ဘက်၌၊ ဟောတိ- ရှိအံ့၊ (တံခါးရွက်နှစ်ခုဆိုသော်လည်း ဤနေရာ၌ တံခါးပေါက်နှစ်ပေါက်ဟု ဆိုလိုဟန်တူသည်။) ဒွိန္နံ- နှစ်ခုကုန်သော၊ ကဝါဋာနံ- တို့၏၊ အန္တရေ- အကြား၌၊ အနုပသမ္ပန္နော-အိပ်သော လူသာမဏေသည်၊ အန္တောစေတိယယရေ- စေတီ ကျောင်းဆောင်အတွင်း၌၊ သယန္တသ- အိပ်သော ရဟန်း၏၊ အာပတ္တိ- ကို၊ ကရောတိ- ပြုနိုင်၏၊ ကသ္မာ- နည်း၊ ဧကူပစာရတ္တာ- (စေတီကျောင်းဆောင်နှင့် အဦးစမုခ်တို့၏) တူသော ဥပစာရှိကုန်သည်၏ အဖြစ်ကြောင့်တည်း။

ဟိ- သင့်၏၊ ဧတ္ထ- ဤသဟသေယျအရာ၌၊ အယံ- ဤသည်ကား၊ သခ်ေ-ပေါ- အကျဉ်းတည်း၊ သေနာသနံ- ကျောင်းသည်၊ ခုဒ္ဒကံ ဝါ- ငယ်သည်မူလည်း၊ ဟောတု- ဖြစ်စေ၊ မဟန္တံ ဝါ- ကြီးသည်မူလည်း၊ ဟောတု၊ အညေန-အခြားသော ကျောင်းနှင့်၊ သဒ္ဓိ- တကွ၊ သမ္ဗန္ဓံ ဝါ- ဆက်စပ်သည်မူလည်း၊

http://www.dhammadownload.com

ဟောတု၊ အသမ္မန္ဓံ ဝါ- မဆက်စပ်သည်မူလည်း၊ ဟောတု၊ ဒီယံ ဝါ- ရှည်သည်မူလည်း၊ ဟောတု၊ ဝဋ္ဋံ ဝါ- အဝိုင်းသည်မူလည်း၊ ဟောတု၊ စတုရဿံ ဝါ- လေးထောင့်မူလည်း၊ ဟောတု၊ ကောဘူမိကံ ဝါ- ဘုံတစ်ဆင့်ရှိသည်မူလည်း၊ ဟောတု၊ အနေကဘူမိကံ ဝါ- များသော ဘုံအဆင့်ရှိသည်မူလည်း၊ ဟောတု- ဖြစ်စေ၊ (ဘယ်လို ကျောင်းမျိုးပင် ဖြစ်ဖြစ်) ယံ ယံ- အကြင် အကြင် ကျောင်းသည်၊ ဧကူပစာရံ- တူသောဥပစာရရှိသည်၊ ဟောတိ၊ သဗ္ဗတ္ထ- အလုံးစုံသော၊ တတ္ထ တတ္ထ- ထိုထို ကျောင်း၌၊ သဟသေယျာပတ္တိ- သည်၊ ဟောတိ၊ ဣတိ- ဤကား အကျဉ်းတည်း။

စ- ဆက်၊ ဧတ္ထ- ဤကျောင်းတို့တွင်၊ (တို့၌) ယေန ကေနစိ- အမှတ်မပြု တစ်စုံတစ်ခုသော၊ ပဋိဋ္ဌဒနေန- ဖုံးကာကြောင်း အမိုးအကာဖြင့်၊ သဗ္ဗစ္ဆန္နေ- အလုံးစုံ မိုးအပ်သော၊ သဗ္ဗပရိစ္ဆန္နေ- အလုံးစုံကာအပ်သော ကျောင်း၌၊ ပါစိတ္တိယံ၊ ဟောတိ၊ ယေဘုယျေနဆန္နေ- များသောအားဖြင့် မိုးအပ်သော၊ ယေဘုယျေနပရိစ္ဆန္နေ- များသောအားဖြင့် ကာအပ်သော ကျောင်း၌၊ ပါစိတ္တိယံ၊ သဗ္ဗစ္ဆန္နေ- သော၊ ယေဘုယျေနပရိစ္ဆန္နေ- ၌၊ ပါစိတ္တိယံ၊ သဗ္ဗစ္ဆန္နေ- သော၊ ဥပရုပရိစ္ဆန္နေ- ထက်ဝယ် ကာအပ်သော ကျောင်း၌၊ ပါစိတ္တိယံ၊ ယေဘုယျေန-စ္ဆန္နေ- သော၊ ဥပရုစ္ဆန္နေ- ၌၊ ပါစိတ္တိယံ၊ သဗ္ဗပရိစ္ဆန္နေ- သော၊ ယေဘုယျေန-စ္ဆန္နေ- ၌၊ ပါစိတ္တိယံ၊ သဗ္ဗပရိစ္ဆန္နေ- သော၊ ဥပရုပရိစ္ဆန္နေ- ၌၊ ပါစိတ္တိယံ၊ ယေဘုယျေနပရိစ္ဆန္နေ- သော၊ ဥပရုစ္ဆန္နေ- ထက်ဝယ်မိုးအပ်သော ကျောင်း၌၊ ပါစိတ္တိယံ- သည်၊ ဟောတိ၊ ဣတိ- သို့၊ အဋ္ဌ ပါစိတ္တိယာနိ- ရှစ်ပါးသော ပါစိတ်အာပတ်တို့သည်၊ ဟောန္တိ။

ဤသည်ကိုပင် အထောက်အထားပြု၍ ဝင်ထွက်သွားလာနိုင်လောက်အောင် ကျယ်သော ပြတင်းပေါက်များကိုလည်း "ဒွါရ"ဟုပင် ယူရမည်။

အဋ္ဌ ပါစိတ္တိယာနိ။ ။ ပါဠိတော်၌ ယေဘုယျေနစ္ဆန္နေ ယေဘုယျေနပရိစ္ဆန္နေ ကျောင်းကို ပါစိတ်ဝတ္ထု၏ အဆုံးကိုကဲ့သို့ ပြုလုပ်ပြဆိုထားသည်။ ဥပရုစ္ဆန္နေ ဥပရုပရိစ္ဆန္နေ ကျောင်းကို ဒုက္ကဋ်ဝတ္ထု၏ အစပြုလုပ်ပြဆိုထားသည်။ ယင်းကျောင်းနှစ်မျိုးတို့၏ အကြားဖြစ်သော ကျောင်းမျိုးသည် ဘာဖြစ်သင့်သနည်း။ ပါစိတ်ဝတ္ထု ဖြစ်သင့်သလား၊ သို့မဟုတ် ဒုက္ကဋ်ဝတ္ထု ဖြစ်သင့်သလား၊ စဉ်းစားဖွယ်ရာ ရှိနေပါသည်။

သိက္ခာပုဒ်ပညတ်ရာ၌ လောကဝဇ္ဇသိက္ခာပုဒ်များကိုသာ အကြွင်းအကျန်မထားဘဲ ပညတ်တော်မူပါသည်။ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်များကိုမူ ထိုကဲ့သို့ ပညတ်တော် မမူပါ။ သို့ဖြစ်ရာ- ဤသိက္ခာပုဒ်ကလည်း ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်ဖြစ်နေသည့်အတွက် ယေဘု-

http://www.dhammadownload.com

ဥပမုစ္ဆန္နေ- ထက်ဝက် မိုးအပ်သော၊ ဥပမုပရိစ္ဆန္နေ- ထက်ဝက် ကာအပ်သော ကျောင်း၌၊ (အနုပသမ္ပန္နေ သဒ္ဓိံ သယန္တဿ) ဒုက္ကဋ္ဌံ ဟောတိ၊ သဗ္ဗစ္ဆန္နေ- သော၊ စူဋ္ဌကပရိစ္ဆန္နေ- အနည်းငယ် ကာအပ်သော ကျောင်း၌၊ ဒုက္ကဋ္ဌံ၊ ယေဘုယျေနဆန္နေ- သော၊ စူဋ္ဌကပရိစ္ဆန္နေ- ၌၊ ဒုက္ကဋ္ဌံ၊ သဗ္ဗပရိစ္ဆန္နေ- သော၊ စူဋ္ဌကစ္ဆန္နေ- ၌၊ ဒုက္ကဋ္ဌံ၊ ယေဘုယျေနပရိစ္ဆန္နေ- သော၊ စူဋ္ဌကပရိစ္ဆန္နေ- ၌၊ ဒုက္ကဋ္ဌံ- ဟောတိ၊ ဣတိ- သို့၊ ပဋ္ဌ- ငါးပါးကုန်သော၊ ဒုက္ကဋ္ဌာနိ- တို့ကို၊ ဝေဒိတဗ္ဗာနိ- သိထိုက်ကုန်၏။

သဗ္ဗစ္ဆန္နေ- သော၊ သဗ္ဗအပရိစ္ဆန္နေ- အလုံးစုံ မကာအပ်သော ကျောင်း၌လည်းကောင်း၊ သဗ္ဗပရိစ္ဆန္နေ- သော၊ သဗ္ဗအစ္ဆန္နေ- အလုံးစုံ မမိုးအပ်သော ကျောင်း၌လည်းကောင်း၊ ယေဘုယျေနအစ္ဆန္နေ- သော၊ ယေဘုယျေန-အပရိစ္ဆန္နေ- ၌လည်းကောင်း၊ ဥပမုစ္ဆန္နေ- သော၊ စူဋ္ဌကပရိစ္ဆန္နေ- ၌လည်း

ယျေနစ္ဆန္ဒ ယေဘုယျေနပရိစ္ဆန္ဒကျောင်းနှင့် ဥပမုစ္ဆန္ဒ ဥပမုပရိစ္ဆန္ဒ ကျောင်းနှစ်မျိုးတို့၏ အကြားဖြစ်သော ကျောင်းမျိုးသည် ပါစိတ်ဝတ္ထုဖြစ်ကြောင်း ထင်ရှားပါသည်။ တားမြစ်ကန့်ကွက်နိုင်စရာ အကြောင်းမရှိတော့ပါ။

ဤသို့ ဝိနည်းအဆုံးအဖြတ်၌ လေးသော အရာမှာသာ တည်သင့်သောကြောင့် အဌကထာ၌လည်း ပါစိတ်အာပတ်ကိုသာ ပြဆိုထားပေသည်။ (သာရတ္ထ၊၃၊၉-၁၀။)

စူဋ္ဌက စသည်။ ။ လေးပုံ တစ်ပုံ (၁/၄) ကို "စူဋ္ဌက"ဟု ခေါ်သည်၊ သုံးပုံ နှစ်ပုံ (၂/၃) ကို ယေဘုယျ-ဟု ခေါ်သည်။ နှစ်ပုံ တစ်ပုံ (၁/၂) ကို "ဥပမု"ဟု ခေါ်သည်။ ဤနည်းဖြင့် စူဋ္ဌကစ္ဆန္ဒ-စသည်တို့ကို သိသင့်၏။ (ဝိမတိ၊၂။၇။)

လေးပုံ တစ်ပုံမျှသာ မိုးထား၍ သုံးပုံမိုးမထားလျှင် "စူဋ္ဌကစ္ဆန္ဒ"မည်သည်။ သုံးပုံ နှစ်ပုံ မိုးထား၍ တစ်ပုံမျှသာ မမိုးဘဲထားလျှင် "ယေဘုယျေနစ္ဆန္ဒ"မည်သည်။ တစ်ဝက်သာ မိုး၍ တစ်ဝက်မမိုးလျှင် "ဥပမုစ္ဆန္ဒ"မည်သည်။ စူဋ္ဌကပရိစ္ဆန္ဒ-စသည်တို့ကိုလည်း ဤသဘော အတိုင်းပင် မှတ်ယူရမည်ဟု ဆိုလိုသည်။

ဆက်လက်မှတ်ပွယ်။ ။ သေနေသော မိန်းမသည် ပါရာဇိကဝတ္ထု ဖြစ်နေသေးသော်လည်း အနုပါဒိန္ဒက-အဖို့၌ တည်နေသောကြောင့် သဟသေယျအာပတ်ကို မဖြစ်စေနိုင်တော့ပါ။ ဤသို့ ဆိုကြသည်။ (သာရတ္ထ၊၃၊၁၁။)

"အတ္ထင်္ဂတေ သူရိယေ မာတုဂါမေ နိပန္နေ ဘိက္ခု နိပဇ္ဇတိ"ဟု ပါဋ္ဌိတော်မှာ ဆိုထားသောကြောင့် နေ့အချိန်၌ မာတုဂါမနှင့် အတူအိပ်သော ရဟန်းမှာ ဘယ်နည်းနှင့်မျှ သဟသေယျအာပတ် မသင့်နိုင်ပါ။ (သာရတ္ထ၊၃၊၁၁။)

http://www.dhammadownload.com

ကောင်း၊ ဥပနုပရိစ္ဆန္နေ- သော၊ စူဠကစ္ဆန္နေ- ၌လည်းကောင်း၊ (စူဠကစ္ဆန္နေ- သော၊ ဤပုဒ် စာကိုယ်၌ မပါ၊) စူဠကပရိစ္ဆန္နေ- အနည်းငယ် ကာအပ်သော ကျောင်း၌လည်းကောင်း၊ (အနုပသမ္ပန္နေန သဒ္ဒီ သယန္တသ၊) အနာပတ္တိ။

မာတုဂါမေန- မာတုဂါမနှင့်၊ သဟ- အတူတကွ၊ နိပဇ္ဇန္တသပိ- (တစ်မိုး တစ်ရံတည်းသော ကျောင်း၌) အိပ်သော ရဟန်း၏လည်း၊ အယမေဝ ဝိနိစ္ဆ- ယော- ဤအဆုံးအဖြတ်သည်ပင်၊ ဟောတိ- ဖြစ်တော့၏၊ အယံ ဟိ (အယံ ဧဝ)- ဤမျှသည်သာ၊ ဧတ္ထ- ဤသဟသေယျအရာ၌၊ ဝိသေသော- ထူး၏၊ အနုပသမ္ပန္နေန- လူသာမဏေနှင့်၊ သဒ္ဒိ- တကွ၊ နိပဇ္ဇန္တသ- အိပ်သော ရဟန်း ၏၊ စတုတ္ထဒိဝသေ- လေးရက်မြောက်သော နေ့၌၊ အာပတ္တိ- အာပတ်သည်၊ ဟောတိ၊ မာတုဂါမေန- မာတုဂါမနှင့်၊ သဒ္ဒိ- တကွ၊ နိပဇ္ဇန္တသ- အိပ်သော ရဟန်း၏၊ ပဌမဒိဝသေ- ပထမနေ့၌၊ အာပတ္တိ- သည်၊ ဟောတိ၊ ဣတိ- ဤကား အထူးတည်း။

ပန- ဆက်၊ ဒိဿမာနကရူပါဟိ- တွေ့မြင်အပ်သော ရုပ်အဆင်းရှိကုန်သော၊ ယက္ခိပေတီဟိ- ဘီလူးမ, ပြိတ္တာမတို့နှင့်လည်းကောင်း၊ မေထုနဓမ္မဝတ္ထုဘူတာ- ယ ဧဝ- မေထုန်အကျင့်၏ တည်ရာဖြစ်၍ ဖြစ်သည်သာလျှင် ဖြစ်သော၊ တိရစ္ဆာနဂတိယ္ဟိယာ စ- တိရစ္ဆာန်မနှင့်လည်းကောင်း၊ (သဟသေယျံ ကပ္ပေန္တ- သ၊) ဒုက္ကဋံ၊ ဧသာဟိ- ကြွင်းသော အမတို့နှင့်၊ (သဟသေယျံ ကပ္ပေန္တသ) အနာပတ္တိ။ (မမြင်ရသော ဘီလူးမ, ပြိတ္တာမ, မေထုနဓမ္မဝတ္ထု မဟုတ်သော သေးငယ်သော တိရစ္ဆာန်မတို့ကို သေသာ၏အရ ယူပါ။)

ဣတိ- ဖြင့်၊ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ- ၌၊ သဟသေယျဝိနိစ္ဆယ- ကထာ- သဟသေယျနှင့်စပ် အဆုံးအဖြတ် စကားရပ်သည်၊ သမတ္တာ- ပြီး ပြည့်စုံပြီ။

http://www.dhammadownload.com

၁၇။ မဥ္စပိဌာဒိသံယိကသေနာသနေသု ပဋိပဇ္ဇိတဗ္ဗဝိနိစ္ဆယကထာ

၈၂။ **ဝိဟာရေ။ပ။ ပက္ကမောတိ-** မောဟူသည်ကား၊ သံယိကေ- သံယာ့ဥစ္စာဖြစ်သော၊ ဝိဟာရေ- ကျောင်း၌၊ သေယျံ- အိပ်ရာနေရာကို၊ သန္ထရိတွာန- ခင်းပြီး၍၊ အညတ္ထ-(နေမြဲကျောင်းမှ) အခြားသော ကျောင်း၌၊ ဝသိတုကာမတာယ- နေလိုသည်၏ အဖြစ်ကြောင့်၊ ဝိဟာရတော- နေမြဲကျောင်းမှ၊ ပက္ကမနံ- ထွက်သွားခြင်းတည်း။

တတြ- ထိုသို့ ထွက်သွားခြင်း၌၊ အယံ- ဤဆိုလတ္တံ့သော၊ ဝိနိစ္ဆယော- ကို၊ ဝေဒိတဗ္ဗော- သိထိုက်၏။ "ယော ပန ဘိက္ခု။ပ။ ပါစိတ္တိယ"နှိ- ပါစိတ္တိယံဟူ၍၊ ဝစနတော- ဟောတော်မူခြင်းကြောင့်၊ သံယိကေ- သော၊ ဝိဟာရေ- ၌၊ သေယျံ- ကို၊ သယံ- ကိုယ်တိုင်၊ သန္ထရိတွာ- ခင်းပြီး၍လည်းကောင်း၊ အညေန- တစ်ပါးသောသူကို၊ သန္ထရာပေတွာ ဝါ- ခင်းစေပြီး၍လည်းကောင်း၊ ဥဒ္ဓရဏာဒီနိ- ရုပ်သိမ်းခြင်းစသည်တို့ကို၊ အကတွာ- မပြုမူ၍၊ ပရိက္ခိတ္တဿ- အကာအရံရှိသော၊ အာရာမဿ- ကျောင်းတိုက်၏၊ ပရိက္ခေပံ- အကာအရံကို၊ အတိက္ကမန္တဿ- ကျော်လွန်သော ရဟန်း၏လည်းကောင်း၊ အပရိက္ခိတ္တဿ- အကာအရံမရှိသော၊ အာရာမဿ- ကျောင်းတိုက်၏၊ ဥပစာရံ- (အစွန်ဆုံးကျောင်းမှ ခဲနှစ်ကျဝေးကွာ) ဥပစာကို၊ အတိက္ကမန္တဿ- ကျော်လွန်သော ရဟန်း၏လည်းကောင်း၊ ပါစိတ္တိယံ ဟောတိ။

တတ္ထ- သေယျံ သန္ထရိတွာ ဝါ အစရှိသော ထိုစကားရပ်၌၊ **သေယျာ** နာမ- သေယျာမည်သည်၊ **ဘိသိ-** ဘုံလျှိုလည်းကောင်း၊ **စိမိလိကာ-** အဝတ်ကြမ်းလည်းကောင်း၊ **ဥတ္တရတ္ထရဏံ-** အပေါ်လွှမ်းအခင်းလည်းကောင်း၊ **ဘူမတ္ထရဏံ-** မြေအခင်းလည်းကောင်း၊ **တဋ္ဌိကာ-** ဖျာအခင်းလည်းကောင်း၊ **စမ္မခဏ္ဍော-** သားရေပိုင်းလည်းကောင်း၊ **နိသိဒနံ-** နိသီဒိုင်အခင်းလည်းကောင်း၊ **ပစ္စတ္ထရဏံ-** သီးခြားအခင်းလည်းကောင်း၊ **တိဏသန္ထာရော-** မြက်အခင်းလည်းကောင်း၊ **ပဏ္ဏ–သန္ထာရော-** သစ်ရွက်အခင်းလည်းကောင်း၊ ဣတိ- သို့၊ ဒသဝိဓာ- ဆယ်ပါးအပြား ရှိသည်၊ ဟောတိ။

တတ္ထ- ထိုဆယ်ပါးသော သေယျာတို့တွင်၊ ဘိသီတိ- ဘိသိဟူသည်ကား၊ မဥ္စကဘိသိ ဝါ- ညောင်စောင်းငယ်၏ ဘုံလျှိုသည်သော်လည်းကောင်း၊ ဝါ- ညောင်စောင်းငယ်ပေါ်၌ ခင်းအပ်သော ဘုံလျှိုသည်သော်လည်းကောင်း၊

http://www.dhammadownload.com

ပိဋကဘိသိ ဝါ- အင်းပျဉ်ငယ်၏ ဘုံလျှိုသည်သော်လည်းကောင်း၊ ဝါ- အင်းပျဉ်ငယ်ပေါ်၌ ခင်းအပ်သော ဘုံလျှိုသည်သော်လည်းကောင်းတည်း။ စိမိလိကာနာမ- စိမိလိကာမည်သည်၊ သုဓာဒိပရိကမ္မကတာယ- အင်္ဂတေအစရှိသည်ကို့ဖြင့် ပြုအပ်သော ပရိကမ်ရှိသော၊ (အင်္ဂတေစသည် သုတ်လိမ်းထားသော၊) ဘူမိယာ- မြေ၏၊ ဝဏ္ဏာနုရက္ခဏတ္ထံ· အဆင်းကို စောင့်ရှောက်ရခြင်း အကျိုးငှာ၊ ကတာ- ပြုအပ်သော အခင်းတည်း၊ တံ- ထိုအခင်းကို၊ ဟေဌာ- အောက်၌၊ ဝါ- အောက်က၊ ပတ္ထရိတွာ- ဖြန့်ခင်း၍၊ ဥပရိ-အထက်၌၊ ဝါ- အပေါ်က၊ ကဋ္ဌသာရကံ- သင်ဖြူးကို၊ ပတ္ထရန္တိ- ဖြန့်ခင်းကြကုန်၏၊ ဥတ္တရတ္ထရဏံ နာမ- မည်သည်၊ မဉ္စပီဌာနံ- တို့၏၊ ဥပရိ- ၌၊ အတ္ထရိတဗ္ဗကပစ္စတ္ထရဏံ- ခင်းထိုက်သော အပေါ်လွှမ်း အခင်းတည်း၊ ဘူမတ္ထရဏံ နာမ- မည်သည်၊ ဘူမိယံ- မြေပေါ်၌၊ အတ္ထရိတဗ္ဗာ- ခင်းထိုက်သော၊ (အဝတ်ကြမ်းအခင်းရှိလျှင် ယင်းအဝတ်ကြမ်းအခင်းပေါ်၌,မရှိလျှင် သက်သက်သော မြေပေါ်၌ ခင်းထိုက်သော၊) ကဋ္ဌသာရကာဒိဝိကတိ- သင်ဖြူးဖျာအစရှိသော အထူးပြုအပ်သော အခင်းတည်း။ (တင်္ဂီကာမှ အထူးပြုအပ်သော ဖျာသင်ဖြူး။) တင်္ဂီကာ နာမ- မည်သည်၊ တာလပဏ္ဏေဟိ ဝါ- ထန်းရွက်တို့ဖြင့်သော်လည်းကောင်း၊ ဝါကေဟိ ဝါ- လျှော်တို့ဖြင့်သော်လည်းကောင်း၊ ကတတင်္ဂီကာ- ပြုအပ်သော သပေါ့ဖျာတည်း၊ စမ္မခဏ္ဍော နာမ- စမ္မခဏ်မည်သည်၊ သီဟဗျဂ္ဃဒီပိတရစ္ဆစမ္မာဒီသုပိ- ခြင်္သေ့ရေ, ကျားရေ, သစ်ရေ, ကျားကျွတ်ရေအစရှိသော အရေတို့တွင်လည်း၊ ယံ ကိဉ္စိ- အမှတ်မထား တစ်ပါးပါးသော၊ စမ္မံ- အရေတည်း၊ (စမ္မဿ ခဏ္ဍော- စမ္မခဏ္ဍော= အရေ၏ အပိုင်း၊) ဟိ- မှန်၏၊ အဋ္ဌကထာသု- ရှေးအဋ္ဌကထာတို့၌၊ သေနာသနပရိဘောဂေ- ကျောင်းအသုံးအဆောင်၌၊ ပဋိက္ခိတ္တစမ္မံ- ပယ်အပ်သော သားရေကို၊ နံ ဒိဿတိ- မတွေ့မြင်အပ်၊ တသ္မာ- ကြောင့်၊ သီဟဗျဂ္ဃ-

---

သုဓာဒိပရိကမ္မကတာယ ။ ။ ထက်ဝန်းကျင် အင်္ဂတေ-စသည်တို့ဖြင့် သုတ်လိမ်းမှုကို ပရိကမ္မ (ပရိကမ်) ဟု ခေါ်သည်။ အာဒိသဒ္ဒါဖြင့် မြေညက်ဆေးအမျိုးမျိုးတို့ကို ယူပါ။ ယင်းသို့ အင်္ဂတေမြေညက်ဆေးတို့ဖြင့် သုတ်လိမ်းထားသော မြေပေါ်ဝယ် သင်ဖြူးတို့ကို တိုက်ရိုက်ခင်းလိုက်လျှင် အရောင်အသွေးပျက်သွားစရာရှိသည်။ ယင်းသို့ မပျက်ရအောင် စိမိလိကာခေါ်သော အဝတ်ကြမ်းကို အောက်ကထားပြီးမှ သင်ဖြူးကို ခင်းကြရသည်။

http://www.dhammadownload.com

စမ္မာဒီနံ- ခြသော့်ရေ ကျားရေအစရှိသည်တို့ကို၊ ပရိဟာရဏေယေဝ- သွားလေရာ ဆောင်ယူခြင်း၌သာ၊ ပဋိက္ခေပေါ- ပယ်မြစ်ခြင်းကို၊ ဝေဒိတဗ္ဗော- သိထိုက်၏။

သဒသံ- အဆာနှင့် တကွဖြစ်သော အခင်းကို၊ နိသီဒနန္တိ- ဟူ၍၊ ဝေဒိတဗ္ဗံ၊ ပစ္စတ္ထရဏန္တိ- ကား၊ ပါဝါရော- အပေါ်ခြုံတဘက်သည်လည်းကောင်း၊ ကောဇဝေါ- ကော်ဇောသည်လည်းကောင်းတည်း။ ကွတိ ဧတ္ထကမေဝ- ဤမျှလောက်ကိုသာ၊ ဝုတ္တံ- ရှေးအဋ္ဌကထာတို့၌ ဆိုအပ်ပြီ၊ တိဏသန္ထာရောတိ- ကား၊ ယေသံ ကေသဉ္စိ- အမှတ်မထား တစ်ပါးပါးကုန်သော၊ တိဏာနံ- မြက်တို့၏၊ သန္ထာရော- အခင်းတည်း၊ ပဏ္ဏသန္ထာရေပိ- ပဏ္ဏာသန္ထာရ၌လည်း၊ ဧသ နယော- ဤနည်းတည်း။

ပရိဟာရဏေယေဝ ပဋိက္ခေပေါ။ ။ ခြသော့်ရေ, ကျားရေစသည်တို့ကို သွားလေရာ ဆောင်ယူခြင်းကိုသာ ပယ်သည်ဟုဆိုသဖြင့် ညောင်စောင်းအင်းပျဉ်တို့၌ ခင်း၍ ပြန်လည် ရုပ်သိမ်းထားခြင်းစသည်ဖြင့် မိမိအတွက် သွားလေရာရာ ဆောင်ယူခြင်းသာ မအပ်၊ မြေအခင်းစသော သဘောဖြင့် အသုံးပြုခြင်းမူကား မိမိအတွက် သွားလေရာရာ ဆောင်ယူခြင်း မဟုတ်သောကြောင့် အပ်သည်ဟူသော သဘောကို ပြဆိုပြီးဖြစ်တော့သည်။ (ဝိမတိ၊ ၂၊၁၅၂။)

တရစ္ဆ။ ။ တရစ္ဆကို [ပါဠို+အင်္ဂလိပ်] အဘိဓာန်များနှင့် [သင်္ကဋ+အင်္ဂလိပ်] အဘိဓာန်များ၌ ခွေးအ၊ ခွေးအကြီးမျိုး၊ တက်စမေနီယာကျွန်းရှိ ကျားမျိုး (Hyena) ဟု ဖွင့်ဆိုကြသည်၊ [သင်္ကဋ+အင်္ဂလိပ်+ဟိန္ဒီ]အဘိဓာန်၌ ဝံပုလွေ (wol), ကျား (Tiger) ဟု ဖွင့်ဆိုထားသည်။ သဒ္ဒတ္ထကောတ္ထုဘ သင်္ကဋ+ဟိန္ဒီ အဘိဓာန်နှင့် နာလန္ဒ ဟိန္ဒီ+ဟိန္ဒီ အဘိဓာန်များ၌ ကျားကလေးမျိုး (ကျားကျုတ်) ဝံပုလွေထက် အနည်းငယ် ကြီးသော သားစားတိရစ္ဆာန်၊ အမေရိကတိုက်ရှိ ကျားသစ်ဟု ဖွင့်ပြသည်။ ပညတ်နက် ကျမ်း၌ အောင်း၊ ကျားသစ်ဟု ဆိုသည်၊ သို့ဖြစ်၍ တရစ္ဆအရ ကျားကျုတ် (ကျား ကလေးမျိုး) ကို ယူက ဤအရာနှင့် သင့်တော်မည်ထင်ပါသည်။

ပေးရိုးပေးစဉ် အောင်းဟူသော အနက်ကိုကား စဉ်းစားသင့်ပါသည်။ အာရှ အလယ်ပိုင်း ကုန်းမြင့်ဒေသတို့တွင် ဝန်တင်တိရစ္ဆာန်အဖြစ်အသုံးပြုသော အမွေးရှည်နွားတစ်မျိုး၊ စာမရီသည် နွားမျိုးရင်းဝင်ဖြစ်၍ ယင်းကို "အောင်း"ဟူ၍လည်း ခေါ်သည်။ (မြန်၊ဘိ။)

ဧတ္ထကမေဝ ဝုတ္တံ။ ။ ခြုံထည်နှင့် သားမွေးကော်ဇောသည် ပစ္စတ္ထရဏမည်၏ ဟူသော စကားကို အဋ္ဌကထာဟောင်းများ၌ မိန့်ဆိုထားသည်ကို သိစေရန်သာ ပြဆိုထားပါသည်။ အမှန်မှာ အခြားအလားတူ ညောင်စောင်းအင်းပျဉ်ပေါ်မှာ ခင်းအပ်သမျှအခင်းသည် ပစ္စတ္ထရဏမည်သည်ချည်း။ (သာရတ္ထ၊၃၊၂၉။)

http://www.dhammadownload.com

ပန- ဆက်၊ ဧဝံ- ဤသို့၊ ဒသဝိဓံ- ဆယ်ပါးအပြားရှိသော၊ ဣမံ သေယျံ-ကို၊ သံဃိကေ- သံဃာ့ ဥစ္စာဖြစ်သော၊ ဝိဟာရေ- ၌၊ သန္ထရိတွာ ဝါ- ခင်းပြီး၍ သော်လည်းကောင်း၊ သန္ထရာပေတွာ ဝါ- ခင်းစေပြီး၍သော်လည်းကောင်း၊ ပဣမန္တေန- အရပ်တစ်ပါး ဖဲခွာထွက်သွားသော ရဟန်းသည်၊ အာပုစ္ဆိတွာ-ပန်ပြော၍၊ ပဣမိတဗ္ဗံ- ဖဲခွာထွက်သွားသင့်၏၊ အာပုစ္ဆန္တေန စ- ပန်ပြောသော ရဟန်းသည်လည်း၊ ဘိက္ခုမှိ- ရဟန်းသည်၊ သတိ- ရှိလသော်၊ ဘိက္ခု- ရဟန်းကို၊ အာပုစ္ဆိတဗ္ဗော- ပန်ပြောထိုက်၏၊ တသ္မိံ- ထိုရဟန်းသည်၊ အသတိ- မရှိလသော်၊ သာမဏေရော- ကို၊ အာပုစ္ဆိတဗ္ဗော၊ တသ္မိံ- ထိုသာမဏေသည်၊ အ-သတိ၊ အာရာမိကော- အာရာမ်စောင့်ကို၊ အာပုစ္ဆိတဗ္ဗော၊ တသ္မိံ- ထို အာရာမ်စောင့်သည်၊ အသတိ၊ ယေန- အကြင်ဥပါသကာသည်၊ ဝိဟာရော- ကို၊ ကာရိ-တော- ဆောက်လုပ်စေအပ်ပြီ၊ သော ဝိဟာရသာမိကော ဝါ- ကျောင်းရှင်ဖြစ်သော ထိုဥပါသကာကိုသော်လည်းကောင်း၊ တဿ- ထိုကျောင်းရှင်ဥပါသကာ၏၊ ကုလေ- အမျိုး၌ (အိမ်၌)၊ ယော ကောစိ ဝါ- တစ်ယောက်ယောက်ကိုသော်လည်းကောင်း၊ အာပုစ္ဆိတဗ္ဗော- ပန်ပြောထိုက်၏၊ တသ္မိမှိ- ထိုကျောင်းရှင်ဥပါသကာနှင့် ထိုဥပါသကာ၏ အမျိုးဝယ် တစ်ယောက်ယောက်သော သူသည်လည်း၊ အသတိ- မရှိလသော်၊ စတူသု- လေးလုံးကုန်သော၊ ပါသာဏေသု-ကျောက်ခဲတို့၌၊ မဉ္စံ- ညောင်စောင်းကို၊ ဌပေတွာ- တင်ထား၍၊ မဉ္စေ- ညောင်စောင်းပေါ်၌၊ အဝသေသမဉ္စပီဌာနိ- ကြွင်းသော ညောင်စောင်းအင်းပျဉ်တို့ကို၊ အာရောပေတွာ- တင်၍၊ ဥပရိ- အပေါ်၌၊ ဘိသိအာဒိကံ- ဘုံလျှိုအစရှိသော၊ ဒသဝိဓမ္မိ- ဆယ်ပါးအပြားရှိသည်လည်းဖြစ်သော၊ သေယျံ- အိပ်ရာနေရာကို၊ ရာသိံ- အစုအပုံကို၊ ကတွာ- ပြု၍၊ (တစ်နည်း=) ရာသိံ ကတွာ- စုပုံ၍၊ ဒါရု-ဘဏ္ဍံ- သစ်ဘဏ္ဍာကိုလည်းကောင်း၊ မတ္တိကာဘဏ္ဍံ- မြေညက်ဘဏ္ဍာကိုလည်းကောင်း၊ ပဋိသာမေတွာ- သိုမှီး သိမ်းဆည်းပြီး၍၊ ဒွါရဝါတပါနာနိ-တံခါးမ လေသောက်ပြတင်းတို့ကို၊ ပိဒဟိတွာ- ပိတ်ပြီး၍၊ ဂမိယဝတ္တံ- ခရီးသွား

တသ္မိံ အသတိ ။ ။ ရဟန်း သာမဏေ အာရာမ်စောင့်အားဖြင့် ပန်ပြောရမည့် သူသုံးဦး ပါဋိတော်မှာ ပြထားသည်။ ထိုတွင် ရဟန်းမရှိမှ သာမဏေကို၊ သာမဏေလည်း မရှိပါမှ (ရဟန်းရော သာမဏေပါ မရှိပါမှ) အာရာမ်စောင့်ကို၊ ရဟန်း သာမဏေ အာရာမ်စောင့် သုံးဦးလုံး မရှိပါမှသာ အဌကထာမှာ ပြထားသည့်အတိုင်း သက်ဆိုင်ရာ ကျောင်းဒကာစသည်ကို ပန်ပြောရမည်။ (ဆွေမျိုးတော်သည်ဖြစ်စေ မတော်သည်ဖြစ်စေ တစ်ဦးဦးကို ယော ကောစိ-အရ ယူပါ။ ဋီ။)

http://www.dhammadownload.com

မည့် ပုဂ္ဂိုလ်၏ ကျင့်ဝတ်ကို၊ ပူရေတွာ- ဖြည့်ကျင့်၍၊ ဂန္တဗ္ဗံ- သွားရာ၏။ (သွားရမည်။)

ပန- ဆက်၊ သေနာသနံ- ကျောင်းကို၊ သစေ ဩဝဿတိ- အကယ်၍ မိုးစွတ်အပ်သည် ဖြစ်အံ့၊ ဆဒနတ္ထဥ္စ- မိုးခြင်းအကျိုးငှာလည်း၊ (မိုးရန်လည်း၊) တိဏံ ဝါ- မြက်ကိုသော်လည်းကောင်း၊ ဣဋ္ဌကာ ဝါ- အုတ်ကိုသော်လည်းကောင်း၊ အာနီတာ- ဆောင်ယူအပ်ကုန်ပြီးသည်၊ သစေ ဟောန္တိ- ကုန်အံ့၊ သစေ ဥဿဟတိ- အကယ်၍ (မူလည်း) စွမ်းနိုင်အံ့၊ ဧဝံ သတိ၊ ဆာဒေတဗ္ဗံ- မိုးရာ၏၊ နော စေ သက္ကောတိ- အကယ်၍ မိုးခြင်းငှာ မစွမ်းနိုင်အံ့၊ ဧဝံ သတိ- ဤသို့ဖြစ်လသော်၊ ယော ဩကာသော- အကြင်အရပ်ကို၊ အနောဝဿကော- မိုးမစွတ်အပ်၊ တတ္ထ- ထိုအရပ်၌၊ မဥ္စပီဌာဒီနိ- အစရှိသည်တို့ကို၊ နိက္ခိပိတွာ- ထားပြီး၍၊ ဂန္တဗ္ဗံ- သွားရာ၏၊ သဗ္ဗမိ- တစ်ကျောင်းလုံးကိုလည်း၊ သစေ ဩဝဿတိ- အကယ်၍ မိုးစွတ်အပ်သည်ဖြစ်အံ့၊ ဧဝံ သတိ၊ ဥဿဟန္တေန- စွမ်းနိုင်သော ရဟန်းသည်၊ အန္တောဂါမေ- ရွာတွင်း၌၊ ဥပါသကာနံ- တို့၏၊ ဃရေ- အိမ်၌၊ ဌပေတဗ္ဗံ- ထားရာ၏၊ တေပိ- ထိုဥပါသကာတို့သည်လည်း၊ "ဘန္တေ- အရှင်ဘုရား၊ သံယိကံ နာမ- သံဃာ့ဥစ္စာမည်သည်၊ ဘာရိယံ- ဝန်လေးပါ၏၊ အဂ္ဂိဒါဟာဒီနံ- အိမ်ကိုမီးလောင်ခြင်းအစရှိသည်တို့မှ၊ ဘာယာမ- ကြောက်ကြပါကုန်၏၊" (အိမ်ကို မီးလောင်လျှင် သံယိကပစ္စည်း ပါသွားမှာကို စိုးရိမ်ပါသည်၊) ဣတိ- ဤသို့ လျှောက်ထား၍၊ သစေ န သမ္ပဋိစ္ဆန္တိ- အကယ်၍ လက်မခံလိုကုန်အံ့၊ ဧဝံ သတိ- ဤသို့ လက်မခံလိုကုန်လသော်၊ အဗ္ဘောကာ- သေပိ- ကွင်းပြင်၌လည်း၊ ပါသာဏာနံ- ကျောက်တို့၏၊ ဥပရိ- အထက်၌၊ မဥ္စံ- ကို၊ ဌပေတွာ- တင်ထားပြီး၍၊ သေသံ- ကြွင်းသော ညောင်စောင်း အင်းပျဉ်စသည်ကို၊ ပုဗ္ဗေ- ရှေး၌၊ ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ နိက္ခိပိတွာ- ထားပြီး၍၊ တိဏေဟိ စ- မြက်တို့ဖြင့်လည်းကောင်း၊ ပဏ္ဏေဟိ စ- သစ်ရွက်တို့ဖြင့်လည်းကောင်း၊ ပဋိစ္ဆာဒေတွာ- ဖုံးအုပ်၍၊ ဂန္တုံ ဝဋ္ဋတိ။ (ကသ္မာ တိဏေဟိ စ ပဏ္ဏေဟိ စ ပဋိစ္ဆာဒေတွာ ဂန္တုံ ဝဋ္ဋတိ- သင့်သနည်း။) ဟိ ယသ္မာ- ကြောင့်၊ တတ္ထ- ထိုဖုံးအုပ်အပ်သော အိပ်ရာနေရာတို့တွင်၊ ယံ- အကြင်အိပ်ရာ နေရာသည်၊ အင်္ဂမတ္တမိ- အစိတ်အပိုင်းမျှသည်လည်း၊ အဝသိဿတိ- ကြွင်းကျန် လတ္တံ့၊ တံ- ထိုကြွင်းကျန်သော အိပ်ရာနေရာသည်၊ အညေသံ- သွားပြီးသော ရဟန်းမှ တစ်ပါးကုန်သော၊ တတ္ထ- ထိုအရပ်သို့၊

http://www.dhammadownload.com

အာဂတဘိက္ခူနံ- ရောက်လာကုန်သော ရဟန်းတို့အား၊ ဥပကာရံ- လျော်သော ကျေးဇူးကို ပြုတတ်သည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ ဣတိ- ဤအကျိုးကို ရစေလိုသောကြောင့်၊ (တိဏေဟိ စ ပဏ္ဏေဟိ စ ပဋိစ္ဆာဒေတွာ ဂန္တုံ ဝဋ္ဌတိ။)

ပန- ဆက်၊ ဥဒ္ဓရိတွာ- ရုပ်သိမ်း၍၊ ဂစ္ဆန္တေန- သွားသောရဟန်းသည်၊ မဉ္စပီဌကဝါနံ- ညောင်စောင်း အင်းပျဉ်ငယ်ကို ဖွဲ့ကြက်ကြောင်းဖြစ်သော ကြိမ်အဝတ်ပြားအစရှိသော၊ (ယေန မဉ္စံ ဝါ ပီဌံ ဝါ ဝိနန္တိ၊ တံ မဉ္စပီဌကဝါနံ- ဋီ။ မဉ္စပီဌကဝါဋ်-ရှိသည်ကား ဋီကာများနှင့် မညီ၊) သဗ္ဗံ- အလုံးစုံကို၊ အပနေတွာ- ပယ်ရှား၍၊ သံဟရိတွာ- ခေါက်လိပ်၍၊ စီဝရဝံသေ- သင်္ကန်းတန်းဝါး၌၊ လဂ္ဂေတွာဝ- ချိတ်၍သာလျှင်၊ ဂန္တဗ္ဗံ- သွားရာ၏၊ ပစ္ဆာ- နောက်မှ၊ အာဂန္တွာ- လာ၍၊ ဝသနကဘိက္ခုနာပိ- နေမည့် ရဟန်းသည်လည်း၊ ပုန- တစ်ဖန်၊ မဉ္စပီဌံ- ညောင်စောင်း အင်းပျဉ်ကို၊ ပညပေတွာ- ခင်းပြီး၍၊ သယိတွာ- အိပ်ပြီး၍၊ (ပညပေတွာ သယိတွာ- ဝိ၊၌၊၃၊၄၄။) ဂစ္ဆန္တေန- သွားလသော်၊ တထေဝ- ထိုရှေးအတူ သာလျှင်၊ ကာတဗ္ဗံ- ပြုရာ၏၊ အန္တောကုဋ္ဌတော- နံရံအတွင်းမှ၊ သေယျံ- ကို၊ ဗဟိကုဋ္ဌေ- နံရံပြင်ပ၌၊ ပညပေတွာ- ၍၊ ဝသန္တေန- နေသော ရဟန်းသည်၊ ဂမနကာလေ- ပြန်သွားရာ အခါ၌၊ ဂဟိတဌာနေယေဝ- ယူအပ်ရာ အရပ်၌သာလျှင်၊ ပဋိသာမေတဗ္ဗံ- ၏၊ ဥပရိပါသာဒတော- ပြာသာဒ်အထက်ထပ်မှ၊ ဩရောပေတွာ- အောက်သို့ချ၍၊ ဟေဌာပါသာဒေ- ပြသာဒ်၏ အောက်ထပ်၌၊ ဝသန္တဿပိ- ၏လည်း၊ ဧသေဝ နယော။ (ယူခဲ့ရာအရပ်မှာ ပြန်သိမ်းထားခဲ့ပါ။) ရတ္တိဌာနဒိဝါဌာနေသု- ညဉ့်နေရာ နေ့နေရာတို့၌၊ မဉ္စပီဌံ- ညောင်းစောင်း အင်းပျဉ်ကို၊ ပညပေတွာ- ခင်းပြီး၍၊ ဗဟိဂမနကာလေ- အပြင်သို့ ထွက်သွားရာအခါ၌၊ ပုန- တစ်ဖန်၊ ဂဟိတဌာနေယေဝ- ယူအပ်ရာ အရပ်၌သာလျှင်၊ ဌပေတဗ္ဗံ- ပြန်ထားရာ၏။ (ပြန်ထားရမည်။)

၈၃။ ပန- ဆက်၊ သေနာသနေသု- တို့၌၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ အာပုစ္ဆိတဗ္ဗာနာပုစ္ဆိတဗ္ဗဝိနိစ္ဆယော- ပန်ပြောထိုက် မပန်ပြောထိုက် အဆုံးအဖြတ်တည်း၊ တာဝ- ပါသာဏပိဌိစသည်တို့မှ ရှေးဦးစွာ (နိဒ္ဒိဌာယံ- သော၊) ဘူမိယံ- မြေပေါ်၌၊ ယာ ဒီဃသာလာ ဝါ- အကြင်တန်းလျားရှည် ဇရပ်သည်သော်လည်းကောင်း၊ ယာ ပဏ္ဏသာလာ ဝါ- အကြင်သစ်ရွက်မိုးဇရပ်သည်သော်လည်းကောင်း၊ ဟောတိ- ရှိ၏၊ ရုက္ခတ္ထမ္ဘေသု- သစ်သားတိုင်တို့၌၊ ယံ ကတဂေဟံ ဝါ- အကြင်ဆောက်လုပ်အပ်သော ကျောင်းသည်သော်လည်း၊

http://www.dhammadownload.com

ဥပစိကာနံ- ခြတို့၏၊ ဥဌာနဌာနေ- ပေါ်ထွက်ရာအရပ်၌၊ (ဥဌာနဌာနံ-မရှိသင့်၊) ဟောတိ၊ တတော- ထိုဇရပ်နှင့် ထိုကျောင်းတို့မှ၊ (ဒီဃသာလာ ပဏ္ဏသာလာ ခြပေါသောအရပ်၌ ဆောက်အပ်သော ကျောင်းတို့မှ၊) ပက္ကမန္တေန- ဖဲသွားသော ရဟန်းသည်၊ အာပုစ္ဆိတွာဝ- ပန်ပြော၍သာလျှင်၊ ပက္ကမိတဗ္ဗံ- ဖဲသွားရာ၏၊ (တာဝကား ပိုဟန်တူသည်၊) ဟိ- မှန်၊ တသ္မိံ- ထိုကျောင်းကို၊ ကတိပယာနိ- အနည်းငယ်ကုန်သော၊ ဒိဝသာနိ- ရက်တို့ပတ်လုံး၊ အဇဂ္ဂိယမာနေ- မသုတ်သင်အပ်သော်၊ ဝမ္မိကာဝ- တောင်ပို့တို့သည်သာ၊ သန္တိဋ္ဌန္တိ- ကောင်းစွာတည်ကုန်၏။

ပန- ကား၊ ပါသာဏပိဋ္ဌိယံ ဝါ- ကျောက်ဖျာပေါ်၌သော်လည်းကောင်း၊ ပါသာဏတ္ထမ္ဘေသု ဝါ- ကျောက်တိုင်တို့၌သော်လည်းကောင်း၊ ယံ ကတသေ-နာသနံ- အကြင်ဆောက်လုပ်အပ်သော ကျောင်းသည်သော်လည်းကောင်း၊ ယံ သိလုစ္စယလေဏံ ဝါ- အကြင်တောင်၌ လိုဏ်ဂူသည်သော်လည်းကောင်း၊ (ကျောက်တောင်ခေါင်း၊) ယံ သုဓာလိတ္တသေနာသနံ ဝါ- အကြင် အင်္ဂတေ တို့ဖြင့် လိမ်းကျံအပ်သော ကျောင်းသည်သော်လည်းကောင်း၊ အတ္ထိ၊ ယတ္ထ ယတ္ထ- အကြင်အကြင်ကျောင်း၌၊ ဥပစိကာသင်္ကာ- ခြ၌ဖြစ်သော ယုံမှားဖွယ်သည်၊ နတ္ထိ- မရှိ၊ (ခြတက်ဦးမည်လားဟု ယုံမှားစရာ မရှိ၊) တတော- ထိုထိုကျောင်းမှ၊ ပက္ကမန္တဿ- ဖဲသွားသော ရဟန်း၏၊ အာပုစ္ဆိတွာပိ- ၍လည်းကောင်း၊ အနာပုစ္ဆိတွာပိ- ဘဲလည်းကောင်း၊ ဂန္တုံ- သွားခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏။

ပန- ထိုသို့ပင် အပ်ပါသော်လည်း၊ အာပုစ္ဆနံ- ပန်ပြောခြင်းသည်၊ ဝတ္တံ- ကျင့်ဝတ်တည်း၊ တာဒိသေပိ- ထိုကဲ့သို့ ရှုအပ်သည်လည်းဖြစ်သော၊ (ပိသည် သမ္ဘာဝနာ၊ ခြတက်ဖို့ ယုံမှားဖွယ်မရှိသည်ကို သမ္ဘာဝနာပြုသည်၊) သေနာ-သနေ- ၌၊ ဧကေန- တစ်ဖက်သော၊ ပဿေန- နံပါးဖြင့်၊ ဥပစိကာ- တို့သည်၊ သစေ အာရောဟန္တိ- ကုန်အံ့၊ ဧဝံ သတိ၊ အာပုစ္ဆိတွာဝ- ပန်ပြော၍သာ၊ ဂန္တဗ္ဗံ- သွားရာ၏၊

အာပုစ္ဆနံ ပန ဝတ္တံ။ ။ သံယိကကျောင်း အိပ်ရာ နေရာများ ခြစားခံရသည်ကို အကြောင်းပြု၍ ပညတ်ရ (သော သိက္ခာပုဒ်ဖြစ်) သည့်အတွက်၊ (ဖြစ်ပေါ်ခဲ့သော) အကြောင်းဝတ္ထုအားလျော်စွာ အဌကထာ၌ ခြတက်မည်လားဟု ယုံမှားဖွယ်မရှိရာ၌ အနာပတ္တိ-ဟု မိန့်ဆိုထားသည်။ ဝတ္တက္ခန္ဓက-မှာ ကျောင်းအိပ်ရာနေရာကို ပန်ပြောရမည်ဟု ပညတ်တော်မူသောကြောင့် လုပ်သင့်လုပ်ထိုက်သော အခြင်းအရာမျှကို ပြရုံသာ အာပုစ္ဆနံ ပန ဝတ္တံ- (ဒါပေမဲ့ ပန်ပြောခြင်းကတော့ ကျင့်ဝတ်ပါပဲ၊) ဟု မိန့်ဆိုထားသည်။ ဝတ္တဘေဒဒုက္ကဋ္ဌကိုပြရန် မိန့်ဆိုထားသည်ကား မဟုတ်ပါ။ (သာရတ္ထ၊၃၊၂၉-၃၀။)

http://www.dhammadownload.com

ပန- ဆက်၊ အာဂန္တုကော- အာဂန္တုကဖြစ်သော၊ ယော ဘိက္ခု- သည်၊ သံယိကသေနာသနံ- သံယိကဖြစ်သော ကျောင်းအိပ်ရာနေရာကို၊ ဂဟေတွာ- သီးခြားယူ၍၊ ဝသန္တံ- နေသော၊ ဘိက္ခုံ- သို့၊ [စာကိုယ်၌ "ဂဟေတွာဝ+ဝသန္တံ ဘိက္ခုံ"ဟု စာနေရှိနေသည်။] အနုဝတ္တန္တော- အစဉ်လိုက်လျက်၊ အတ္တနော- မိမိဖို့၊ သေနာသနံ- ကို၊ အဂ္ဂဟေတွာ- သီးခြားမယူဘဲ၊ ဝသတိ- နေ၏၊ ယာဝ- အကြင်မျှလောက်ကာလပတ်လုံး၊ သော- ထိုအာဂန္တုကရဟန်းသည်၊ (သေနာသနံ) နံ ဂဏှာတိ- သီးခြားမယူသေး၊ တာဝ- ထိုမယူသေးသမျှ ကာလပတ်လုံး၊ တံ သေနာသနံ- ထိုကျောင်းသည်၊ ပုရိမဘိက္ခုဿေဝ- ရှေ့၌ ဖြစ်သော ရဟန်း၏သာ၊ ပလိဘောဓော- တည်း။ ပန- ဆက်၊ ယဒါ- အကြင်အခါ၌၊ သော- ထိုအာဂန္တုကရဟန်းသည်၊ သေနာသနံ- ကို၊ ဂဟေတွာ- သီးခြားယူ၍၊ အတ္တနော- ၏၊ ဂ္ဂဿရိယေန- အစိုးရသူ၏ အဖြစ်ဖြင့်၊ ဝသတိ- နေ၏၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ အာဂန္တုကဿေဝ- အာဂန္တုကရဟန်း၏သာ၊ ပလိဘောဓော- တည်း။ ဥဘောပိ- အာဂန္တုက အာဝါသိကရဟန်း နှစ်ပါးလုံးတို့သည်လည်း၊ ဝိဘဇိတွာ- ခွဲခြားဝေဖန်၍၊ (ကျောင်းတစ်ကျောင်း တည်း၌ ဤဘက်အပိုင်းက အရှင်ဘုရားဖို့၊ ဤဘက်အပိုင်းက တပည့်တော်ဖို့ဟု ပိုင်းခြားဝေဖန်၍၊) သစေ ဂဏှန္တိ- အကယ်၍ ယူကုန်အံ့၊ ဧဝံ သတိ၊ ဥဘိန္နမ္ပိ- အာဂန္တုက အာဝါသိက ရဟန်းနှစ်ပါးတို့၏လည်း၊ ပလိဘောဓော- တည်း။

ပန- ဝါဒန္တရကား၊ (ဝါဒအထူး ပြဆိုဦးအံ့၊) **မဟာပစ္စရိယံ**- ၌၊ ဝုတ္တံ- ပြီ၊ (ကိ- အဘယ်သို့ ဆိုအပ်သနည်း၊) ဒွေ တယော- ရဟန်းနှစ်ပါး သုံးပါးတို့သည်၊ ဧကတော- တစ်ပေါင်းတည်း၊ ဟုတွာ- ဖြစ်ကုန်၍၊ သစေ ပညပေန္တိ- အကယ်၍ ခင်းကုန်အံ့၊ ဧဝံ သတိ၊ ဂမနကာလေ- ပြန်သွားရာ အခါ၌၊ သဗ္ဗေဟိ- အလုံးစုံသော ရဟန်းတို့သည်၊ အာပုစ္ဆိတဗ္ဗံ- ပန်ပြောရာ၏။ တေသု- ထိုရဟန်းတို့တွင်၊ ပဌမံ- ရှေးဦးစွာ၊ ဂစ္ဆန္တော- သွားသောရဟန်းသည်၊ "ပစ္ဆိမော- နောက်ဖြစ်သော ရဟန်းသည်၊ ဇဂ္ဂိဿတိ- စောင့်ရှောက်လိမ့်မည်၊" ဣတိ- သို့၊ အာဘောဂံ- နှလုံးသွင်းမှုကို၊ ကတွာ- ပြု၍၊ စေ ဂစ္ဆတိ- အံ့၊ ဧဝံ သတိ၊ ဝဋ္ဋတိ၊ ပစ္ဆိမဿ- နောက်ဆုံးဖြစ်သော ရဟန်း၏၊ အာဘောဂေန- နှလုံးသွင်းခြင်းကြောင့်၊ မုတ္တိ- အာပတ်မှ လွတ်မြောက်ခြင်းသည်၊ နတ္ထိ။ ဗဟူ- များစွာကုန်သော ရဟန်းတို့

ပစ္ဆိမဿ။ပ။ နတ္ထိ ။ ။ နောက်ဆုံးရဟန်းမှာ မိမိ၏နောက်မှ သွားမည့် အခြားစောင့်ရှောက်မည့်သူ မရှိတော့သည့်အတွက် နောက်ပုဂ္ဂိုလ်စောင့်ရှောက်လိမ့်မည်ဟု အာဘောဂပြုပါသော်လည်း အာပတ်မှမလွတ်မြောက်နိုင်တော့ပါ။ (သာရတ္ထ၊၃၊၂၀။)

http://www.dhammadownload.com

သည်၊ ဧကံ- ရဟန်းတစ်ပါးကို၊ ပေသေတွာ- စေလွှတ်ကြကုန်၍၊ သန္ထရာပေန္တိ- ခင်းစေကုန်အံ့၊ ဂမနကာလေ- ပြန်သွားရာ အခါ၌၊ သဗ္ဗေဟိ ဝါ- အလုံးစုံသော ရဟန်းတို့သည်သော်လည်း၊ အာပုစ္ဆိတဗ္ဗံ- ပန်ပြောရာ၏၊ ဧကံ- ရဟန်းတစ်ပါးကို၊ ပေသေတွာ ဝါ- စေလွှတ်၍သော်လည်း၊ အာပုစ္ဆိတဗ္ဗံ- ရာ၏။ (ဣတိ မဟာပစ္စရိယံ ဝုတ္တံ၊)

အညတော- အခြားကျောင်းမှ၊ မဥ္စပီဌာဒီနိ- ညောင်စောင်း အင်းပျဉ်အစရှိသည်တို့ကို၊ အာနေတွာ- ဆောင်ယူ၍၊ အညတြ- အခြားကျောင်း၌၊ ဝသိတွာ- နေပြီး၍၊ ဂမနကာလေ- ပြန်သွားရာ အခါ၌၊ တတ္ထေဝ- ထိုမူလကျောင်းသို့သာ၊ နေတဗ္ဗာနိ- ပြန်ဆောင်ထိုက်ကုန်၏။ အညတော- အခြားကျောင်းမှ၊ မဥ္စပီဌာ- ဒီနိ- တို့ကို၊ အာနေတွာ- ၍၊ ဝသမာနဿ- နေစဉ်၊ အညော- တစ်ပါးသော၊ ဝုဒ္ဓတရော- (မိမိထက်) ဝါကြီးသူသည်၊ သစေ အာဂစ္ဆတိ- အံ့၊ ဧဝံ သတိ၊ နပဋိဗာဟိတဗ္ဗော- ထိုက်၊ "ဘန္တေ၊ မယာ- သည်၊ အညာဝါသတော- အခြားနေရာမှ၊ အာနီတံ- ဆောင်ယူအပ်ပါပြီ၊ ပါကတိကံ- ပင်ကိုသဘောရှိသည်ကို၊ ကရေယျာထ- ပြုရစ်ပါကုန်၊" ဣတိ- သို့၊ ဝတ္တဗ္ဗံ- လျှောက်ထားရမည်။ တေန- ထိုထေရ်ကြီး ဝါကြီးရဟန်းသည်၊ "ဧဝံ- ဤသင်ပြောသည့်အတိုင်း၊ ကရိဿာမိ- အံ့၊" ဣတိ- သို့၊ သမ္ပဋိစ္ဆိတေ- ဝန်ခံအပ်သော်၊ ဣတရဿ- အခြားသော ရဟန်းငယ်အား၊ ဂန္တုံ ဝဋ္ဋတိ။ ဟိ- ဆက်၊ ဧဝံ- ဤသို့၊ အညတ္ထ- အခြားသော အရပ်သို့၊ ဟရိတွာပိ- ဆောင်ယူ၍လည်း၊ သံယိကပရိဘောဂေန- သံယိကပစ္စည်းကို သုံးဆောင်နည်းဖြင့်၊ ပရိဘုဥ္ဇန္တဿ- သုံးဆောင်စဉ်၊ နဋ္ဌံ ဝါ- ပျောက်သော အိပ်ရာနေရာသည်သော်လည်းကောင်း၊ ဇိဏ္ဏံ ဝါ- ဆွေးမြည့်သော အိပ်ရာနေရာသည်သော်လည်းကောင်း၊ စောရေဟိ- ခိုးသူတို့သည်၊ ဟဋ္ဌံ ဝါ- ဆောင်ယူအပ်သော အိပ်ရာနေရာသည်သော်လည်းကောင်း၊ ဂီဝါ- ဘဏ္ဍာစားသည်၊ နေဝ ဟောတိ- မဖြစ်၊ ပန- ကား၊ ပုဂ္ဂလိကပရိဘောဂေန- ပုဂ္ဂလိကပစ္စည်းကို သုံးဆောင်နည်းဖြင့်၊ ပရိဘုဥ္ဇန္တဿ- သုံးဆောင်စဉ်၊ နဋ္ဌံ ဝါ ဇိဏ္ဏံ ဝါ စောရေဟိ ဟဋ္ဌံ ဝါ၊ ဂီဝါ ဟောတိ။ ပန- ထိုမှတစ်ပါး၊ အညဿ- အခြားပုဂ္ဂိုလ်၏၊ မဥ္စပီဌံ- ကို၊ သံယိကပရိဘောဂေန ဝါ- ဖြင့်သော်လည်းကောင်း၊ ပုဂ္ဂလိက-

---

ဧကံ ဝါ။ပ။ အာပုစ္ဆိတဗ္ဗံ။ ။ ခရီးသွားလိုသောစိတ် ဖြစ်ပေါ်ရာအရပ်မှ မပန်ပြောဘဲ ထွက်ခွာသွားသော ရဟန်းမှာ ဒုတိယခြေလှမ်း၌ ပါစိတ်အာပတ်သင့်တော့သည်။ (သာရတ္ထ၊၃၊၂၀။)

http://www.dhammadownload.com

ပရိဘောဂေန ဝါ- ဖြင့်သော်လည်းကောင်း၊ ပရိဘုဥ္ဇန္တသ- စဉ်၊ နဉ္ဒ- ပျောက်သော ညောင်စောင်း အင်းပျဉ်သည်၊ ဂီဝါယေဝ- ဘဏ္ဍာစားသာတည်း။ အန္တောဝိဟာရေ- ကျောင်းတွင်း၌၊ သေယျံ- ကို၊ သန္ထရိတွာ- ခင်းပြီး၍၊ "အဇ္ဇေဝ-ယနေ၌ပင်၊ အာဂန္တွာ- ပြန်လာ၍၊ ပဋိဇဂ္ဂိဿာမိ- သုတ်သင်အံ့၊" (ရုပ်သိမ်းအံ့၊) ဣတိ ဧဝံ- သို့၊ သာပေက္ခော- ငဲ့ကွက်ခြင်းရှိသည်၊ ဟုတွာ၊ နဒီပါရံ ဝါ- မြစ်တစ်ဖက်ကမ်းသို့ သော်လည်းကောင်း၊ ဂါမန္တရံ ဝါ- ရွာတစ်ပါးသို့သော်လည်းကောင်း၊ ဂန္တွာ- သွားပြီး၍၊ (သွားပြီးနောက်၊) ယတ္ထ- အကြောင် အရပ်၌၊ အဿ-ထိုရဟန်း၏၊ ဂမနစိတ္တံ- ခရီးသွားကြောင်းစိတ်သည်၊ (ဆက်လက်၍ ခရီးသွားလိုသော စိတ်သည်၊) ဥပ္ပန္နံ- ဖြစ်ပြီ၊ တတ္ထေဝ- ထိုအရပ်၌ပင်၊ ဌိတော- တည်လျက်၊ ကိဉ္စိ- တစ်စုံတစ်ယောက်ကို၊ ပေသေတွာ- စေလွှတ်၍၊ အာပုစ္ဆတိ-အံ့၊ နဒီပူရရာဇစောရာဒီသု- မြစ်ရေပြည့်ခြင်း, မင်း, ခိုးသူ အစရှိသည်တို့တွင်၊ ကေနစိ ဝါ- တစ်စုံတစ်ခုသည်သော်လည်း၊ ပလိဗောဓော- နှောင့်ယှက်အပ်သည်၊ ဥပဒ္ဒုတော- နှိပ်စက်အပ်သည်၊ ဟောတိ- အံ့၊ ပစ္စာဂန္တုံ- ပြန်လာခြင်းငှာ၊ န သက္ကောတိ- အံ့၊ ဧဝံ ဘူတသ- ဤသို့ဖြစ်သော ရဟန်း၏၊ အနာပတ္တိ။

ပန- ဆက်၊ ဝိဟာရသ- ၏၊ ဥပစာရေ- အနီးဖြစ်သော အရပ်၌၊ (ပရိဝုဏ်၌၊) ဥပဋ္ဌာနသာလာယ ဝါ- ဆွမ်းစားဇရပ်၌သော်လည်းကောင်း၊ မဏ္ဍပေ ဝါ- မဏ္ဍပ်၌သော်လည်းကောင်း၊ ရုက္ခမူလေ ဝါ- သစ်ပင်၏ အနီးအောက်၌သော်လည်းကောင်း၊ သေယျံ- ကို၊ သန္ထရိတွာ ဝါ- ခင်းပြီး၍သော်လည်းကောင်း၊ သန္ထရာပေတွာ ဝါ- ခင်းစေပြီး၍သော်လည်းကောင်း၊ ပက္ကမန္တော- အရပ်တစ်ပါး ထွက်သွားလိုလတ်သော်၊ တံ- ထိုအခင်းကို၊ နေဝ ဥဒ္ဓရတိ- ကိုယ်တိုင်လည်း မသိမ်းအံ့၊ န ဥဒ္ဓရာပေတိ- သူတပါးကိုလည်း မသိမ်းစေအံ့၊ အနာပုစ္ဆ ဝါ- မပန်ပြောဘဲလည်း၊ ဂစ္ဆတိ- သွားအံ့၊ ဒုက္ကဋ်။ ဟိ- ထင်ရှားစေဦးအံ့၊ ဝုတ္တပ္ပကာရံ- ဆိုအပ်ပြီးသော အပြားရှိသော၊ ဒသဝိဓံ- ဆယ်ပါးအပြားရှိသော၊ သေယျ-အိပ်ရာနေရာကို၊ အန္တောဂဗ္ဘဒ္ဓိမှိ- အတွင်းခန်းအစရှိသော၊ ဂုတ္တဋ္ဌာနေ-လုံခြုံရာအရပ်၌၊ ပညပေတွာ- ခင်းပြီး၍၊ ဂစ္ဆန္တသ- သွားသောရဟန်း၏၊

ဝိဟာရသ ဥပစာရေ။ ။ ကျောင်း၏ ဥပစာမည်သည် ကျောင်းများ၏ အကာအရံပရိဝုဏ်ပင် ဖြစ်သည်။ (ဝိ၊ဋ္ဌ၊၃၊၄၃။) ကျောင်းတိုက်ကြီးတစ်ခု အတွင်းဝယ် ကျောင်းအသီးသီးမှာ အကာအရံရှိလျှင် ထိုအကာအရံပရိဝုဏ်သည်ပင် ကျောင်းအသီးသီး၏ ဥပစာဖြစ်သည်။ (သာရတ္ထ၊၃၊၂၉။)

http://www.dhammadownload.com

(ပါစိတ္တိယံ ဝုတ္တံ-၌ စပ်ပါ။) ယသ္မာ- ကြောင့်၊ သေယ္ယာပိ- အိပ်ရာနေရာကို လည်းကောင်း၊ သေနာသနမ္ပိ- ကျောင်းကိုလည်းကောင်း၊ ဥပစိကာဟိ- ခြတ္တိသည်၊ ပလုဇ္ဇတိ- ဖျက်ဆီးအပ်၏၊ (တစ်နည်း- သေယ္ယာပိ- သည်လည်းကောင်း၊ သေနာသနမ္ပိ- သည်လည်းကောင်း၊ ဥပစိကာဟိ- တို့ကြောင့်၊ ပလုဇ္ဇတိ- ပျက်စီး၏။) ဝမ္မိကရာသီယေဝ- တောင်ပို့အစုသည်သာ၊ ဟောတိ၊ (ဥပစိကာဟိ ပလုဇ္ဇတိ-ကိုပင် ထပ်ဖွင့်သည်) တသ္မာ- ကြောင့်၊ ပါစိတ္တိယံ-ပါစိတ်အာပတ်ကို၊ ဝုတ္တံ- ဟောတော်မူအပ်ပြီ၊ ပန- ဆက်၊ ဗဟိ- အပြင်ပ၌၊ ဥပဋ္ဌာနသာလာဒီသု- ဆွမ်းစားဇရပ်အစရှိကုန်သော အရပ်တို့၌၊ ပညပေတ္တာ-၌၊ ဂစ္ဆန္တဿ- ၏ (ဒုက္ကဋံ ဝုတ္တံ-၌ စပ်ပါ။) သေယ္ယာမတ္တမေဝ- အိပ်ရာနေရာမျှသည်သာ၊ နသေယ္ယ- ပျက်စီးရာ၏။ (ကသ္မာ- နည်း၊) ဌာနဿ- တည်ရာအရပ်၏၊ အဂုတ္တတာယ- မလုံခြုံသည်၏ အဖြစ်ကြောင့်တည်း။ သေနာသနံ-ကျောင်းသည်၊ န နသေယ္ယ- မပျက်စီးရာ၊ တသ္မာ- ကြောင့်၊ ဧတ္ထ- ဤဥပဋ္ဌာနသာလာအစရှိသော အရပ်တို့၌၊ ဒုက္ကဋံ ဝုတ္တံ။ ပန- ဆက်၊ ယသ္မာ- ကြောင့်၊ မဋ္ဌပီဌံ- ကို၊ သဟသာ- အဆောတလျင်၊ ဥပစိကာဟိ- ခြတ္တိသည်၊ ခါယိတုံ-ခဲစားခြင်းငှာ၊ န သက္ကာ- မတတ်နိုင်၊ တသ္မာ- ကြောင့်၊ တံ- ထိုညောင်စောင်းအင်းပျဉ်ကို၊ ဝိဟာရေပိ- ကျောင်းတွင်း၌လည်း၊ သန္ထရိတွာ- ခင်းပြီး၍လည်း၊ ဂစ္ဆန္တဿ ဒုက္ကဋံ။ ဝိဟာရဿ- ကျောင်း၏၊ ဥပစာရေ- ၌၊ ဥပဋ္ဌာနသာလာယံ-၌လည်းကောင်း၊ မဏ္ဍပေ- ၌လည်းကောင်း၊ ရုက္ခမူလေပိ- ၌လည်းကောင်း၊ သန္ထရိတွာ၊ ပက္ကမန္တဿ- ရဟန်း၏၊ ဒုက္ကဋမေဝ- ဒုက္ကဋ်သည်ပင်၊ ဟောတိ။

၈၄။ ပန- ဆက်၊ "ယော ပန ဘိက္ခု သံယိကံ မဉ္စံ ဝါ ပီဌံ ဝါ ဘိသိံ ဝါ ကောစ္ဆံ ဝါ အဇ္ဈောကာသေ သန္ထရိတွာ ဝါ သန္ထရာပေတွာ ဝါ တံ ပက္ကမန္တော နေဝ ဥဒ္ဓရေယ္ယ နဥဒ္ဓရာပေယ္ယ အနာပုစ္ဆံ ဝါ ဂစ္ဆေယ္ယ၊ ပါစိတ္တိယ"န္တိ- ပါစိတ္တိယံဟူ၍၊ ဝစနတော- ဟောတော်မူခြင်းကြောင့်၊ သံယိကာနိ- သံယာ့ဥစ္စာ ဖြစ်ကုန်သော၊ မဋ္ဌပီဌာဒီနိ- မဋ္ဌပီဌအစရှိကုန်သော၊ စတ္တာရိ- လေးပါးတို့ကို၊ အဇ္ဈောကာသေ-ကွင်းပြင်၌၊ သန္ထရိတွာ ဝါ- ခင်းပြီး၍သော်လည်းကောင်း၊ သန္ထရာပေတွာ ဝါ-ခင်းစေပြီး၍ သော်လည်းကောင်း၊ ဥဒ္ဓရဏာဒီနိ- ရုပ်သိမ်းခြင်းအစရှိသည်တို့ကို၊

ဝိဟာရဿုပစာရေ။ ။ ကျောင်း၏ ဥပစာရ်၌ကား၊ (ဥပဋ္ဌာနသာလာစသည်တို့၌ ခင်းထားသော) ယင်း ညောင်စောင်း အင်းပျဉ်ကို ကျောင်းစဉ့်လှည့်လည်ကြသော ရဟန်းတို့က တွေ့သည့်အခါမှာ သိမ်းဆည်းရန် အကြောင်းရှိနေသည်။ ထို့ကြောင့် ဒုက္ကဋ်အာပတ်ကိုပင် ဟောထားသည်။ (ဝိ၊၆၊၃၊၄၄။)

http://www.dhammadownload.com

အကတွာ- မပြုမူ၍၊ "အဇ္ဈော- ယနေ့၌ပင်လျှင်၊ အာဂမိဿာမိ- ပြန်လာမည်၊" ဣတိ- ဤသို့ ရည်ရွယ်ချက်ဖြင့်၊ ဂစ္ဆန္တသပိ- သွားသော ရဟန်း၏လည်း၊ ထာမမဇ္ဈိမဿ- အားအစွမ်းအားဖြင့် အလယ်အလတ်၌ဖြစ်သော၊ ပုရိသဿ- ၏၊ လေဋ္ဌပါတာတိက္ကမေ- ခဲတစ်ကျအရုပ်ကို ကျော်လွန်ခြင်းကြောင့်၊ ပါစိတ္တိယံ ဟောတိ။

ဇတ္ထ- ဤသိက္ခာပုဒ်၌၊ **ကောဇ္ဈံ** နာမ- ကပ် (ခပ်) အခင်းမည်သည်၊ ဝါကမယံ ဝါ- လျှော်မျှင်ဖြင့် ပြုအပ်သည်လည်းကောင်း၊ ဥဿီရမယံ ဝါ- ပန်းရင်းဖြင့် ပြုအပ်သည်သော်လည်းကောင်း၊ မုဉ္ဇမယံ ဝါ- ဖြူဆံမြက်ဖြင့် ပြုအပ်သည်သော်

ကောဇ္ဈံ။ ။ မျက်နှာဝန့်စဖက်ကျယ်၍ ခါးလယ်သေးငယ်သော စည်တစ်မျိုးကို ထက်စည် (ပဏဝ) ဟု ခေါ်သည်။ ကပ်အခင်းသည် ယင်းထက်စည်နှင့် ပုံသဏ္ဌာန်တူသည်။ ဝါးချောင်းကလေးများကို နှစ်ထပ်ကြက်ခြေခတ်ထားလျက် ကြိမ်သတ်ဖြင့် လှည့်ပတ်တုပ်နှောင်ပြုလုပ်ရသော ယခုခေတ် အသုံးပြုနေကြသည့် ကြိမ်ထိုး ဝါးကုလားထိုင်နှင့် တူသည်ဆိုကလည်း မှားမည်မထင်ပါ။ ယင်းကပ်အခင်းကို အပေါ်နှင့်အောက် ကျယ်ပြန့်၍ အလယ်မှာသေးငယ်အောင် လျှော်မျှင်, ပန်းရင်း, ဖြူဆံမြက်, ပြိတ်မြက် တို့ဖြင့် ရစ်ပတ်ပြုလုပ်ရသည်။

ယင်းကပ်အခင်း ပြုလုပ်လိုပါက ပြိတ်မြက်ရွက်စသည်တို့ကို ဖွတ်မြီးထိုးထားရမည်၊ သို့မဟုတ် ကြိုးလွန်းကဲ့သို့ လိမ်ကျစ်ထားရမည်၊ (လိုသောအမြင့်ရအောင် အလိုရှိသလောက် ခေါက်၍ အူတိုင်ပြုလုပ်ထားရမည်။) ယင်းဖွတ်မြီး သို့မဟုတ် ကြိုးဖြင့် ဘေးနှစ်ဖက်၊ (အထက်ဘက် အောက်ဘက်) ကျယ်ပြန့်ရမည့်နေရာမှာ အထပ်ပေါင်းများစွာ လိုသလောက်ရစ်ပတ်ရမည်။ ထိုနေရာမှ စတင်၍ အလယ်ရောက်အောင် အတွင်းဘက်သို့ ဆွဲငင်ရစ်ပတ်ပြီးလျှင် အလယ်ခါးသေးအောင် ပြုလျက် နေရာမလပ်ကန့်လန့်ဖြတ် ရစ်ပတ်ပြုလုပ်ပါလျှင် ကပ်အခင်းဖြစ်လာပါတော့သည်။

(သာရတ္ထ၊၃၊၂၇။)

ဝါကမယံ။ ။ အုန်းဆံအပါအဝင် လျှော်မျှင်ဟူသမျှသည် "ဝါက"မည်သည်။

ဥဿီရမယံ။ ။ မူလ၊ တူသီရံ ဗီရဏသဿ ဟိ၊ (အဘိဓာန်၊၆၀၁။) ပြိတ်မြက် (မြက်မွှေး)၏ အမြစ်သည် "ဥသီရ- ပန်းရင်း"မည်သည်။

မုဉ္ဇ။ ။ ဖြူဆံမြက်ဟူသည် အရောင်ဖြူရော်သော မြက်ရှည်တစ်မျိုးဖြစ်သည်၊ အရွက်ကို ကြိုးကျစ်ခြင်း ဖျာရက်ခြင်းစသည် ပြုလုပ်ရာ၌ သုံးစွဲရသည်။

ရောင်း၍ မစွဲ၊ မြက်ဖြူဆံ၊ ရိုးတံမရှည်ဘဲ၊ (ကဝိလက္ခဏ၊၄၁၄။)

http://www.dhammadownload.com

လည်းကောင်း၊ ပဗ္ဗဇမယံ ဝါ- ပြိတ်မြက်ဖြင့် ပြုအပ်သည်သော်လည်းကောင်း၊ ဟုတွာ- ဖြစ်၍၊ ဟေဌာ စ- အောက်အပြင်၌လည်းကောင်း၊ ဥပရိ စ- အထက်အပြင်၌လည်းကောင်း၊ ဝိတ္ထတံ- ကျယ်ပြန့်သွားအောင်လည်းကောင်း၊ မဇ္ဇေ- အလယ်၌၊ သံခိတ္တံ- ကျုံ့သွား (ငယ်သွား) အောင်လည်းကောင်း၊ ပဏဝ- သဏ္ဌာနံ- ထက်စည်သဏ္ဌာန်ရှိသည်ကို၊ ကတွာ- ၍၊ ဗဒ္ဓံ- ရစ်ပတ်ဖွဲ့ချည်အပ်သော အခင်းသည်၊ ဟောတိ။ တံ- ထိုကပ်အခင်းကို၊ မဇ္ဇေ- ၌၊ သီဟဗျဂ္ဃစမ္မ- ပရိကို့တ္တမ္ပိ- ခြသေ့်ရေ, ကျားရေတို့ဖြင့် မွမ်းမံကာရံအပ်သည်ကိုလည်း၊ ကရောန္တိ ကိရ- ပြုကုန်သတတ်၊ ဧတ္ထ- ဤကပ်အခင်း၌၊ အကပ္ပိယစမ္မံ နာမ- မအပ်သော အရေ မည်သည်၊ နတ္ထိ- မရှိ။ ဟိ- မှန်၊ သေနာသနံ- သံယိကမဥ္စပီဌစသော အိပ်ရာ နေရာသည်၊ သောဝဏ္ဏမယမ္ပိ- ရွှေဖြင့်ပြုအပ်သော အိပ်ရာနေရာသော် မှလည်း၊ ဝဋ္ဋတိ၊ တသ္မာ- ကြောင့်၊ တံ- ထိုကပ်အခင်းသည်၊ မဟဂ္ဃံ- များသော အဖိုးရှိသည်၊ ဝါ- အဖိုးများစွာ ထိုက်တန်သည်၊ ဟောတိ။

ပန- ဆက်၊ "အနုဇာနာမိ ဘိက္ခဝေ။ပ။ နိက္ခိပိတု"နွှိ- တုံဟူ၍၊ ဝစနတော- ဟောတော်မူသောကြောင့်၊ ဝဿိကဝဿာနမာသာ- မိုးအခါ၌ဖြစ်သော မိုးလတို့၊ ဣတိ ဧဝံ- သို့၊ အပညာတေ- မသိအပ်ကုန်သော၊ ဝါ- မထင်ရှားကုန်သော၊ စတ္တာရော- လေးလ,ကုန်သော၊ ဟေမန္တိကေ- ဆောင်းအခါနှင့် ယှဉ်သော လ,တို့လည်းကောင်း၊ စတ္တာရော၊ ဂိမှိကေ- နွေအခါ၌ယှဉ်သော လ,တို့လည်းကောင်း၊ ဣတိ- သို့၊ အဌမာသေ- ရှစ်လ,တို့ပတ်လုံး၊ သာခါမဏ္ဍပေ ဝါ- သစ်ခက်ဖြင့် မိုးအပ်သော မဏ္ဍပ်၌သော်လည်းကောင်း၊ ပဒရမဏ္ဍပေ ဝါ- ပျဉ်ချပ်ဖြင့် မိုးအပ်သော မဏ္ဍပ်၌သော်လည်းကောင်း၊ ရုက္ခမူလေ ဝါ- သစ်ပင်၏ အနီးအောက်၌သော်လည်းကောင်း၊ နိက္ခိပိတုံ- ထားခြင်းငှာ၊ ဝဋ္ဋတိ။

(ဘိက္ခဝေ- တို့၊ အဝဿိကသင်္ကေတေ- မိုးလတို့ဟူ၍ မသတ်မှတ်အပ်ကုန်သော၊ အဌမာသေ- ရှစ်လတို့ပတ်လုံး၊ မဏ္ဍပေ ဝါ- မဏ္ဍပ်၌သော်

ပဗ္ဗဇ။ ။ အရွက်ရှည်သော မြက်တစ်မျိုးကို ပြိတ်မြက်ခေါ်သည်။ အနုံ့သင်း၍ အမြစ်အရင်းသည် ဆေးဖက်ဝင်သည်။

မြေပြင်ဖုံးပိတ်၊ ဒေါင်းမုတ်ဆိတ်၊ မြက်ပြိတ်ရောက်သည်နှင့်။ (ကဝိလက္ခဏ၊၁၁၉၂။)

အဝဿိကသင်္ကေတေ။ ။ ဤပါဌ်ဖြင့် ဆောင်းအခါ မိုးရွာသောအရပ်မှာ ရှစ်လပယ်မြစ်၍ လေးလသာ ခွင့်ပြုကြောင်း၊ မိုးဥတု၌သာ မိုးရွာသော အရပ်မှာမူ လေးလပယ်မြစ်၍ ရှစ်လခွင့်ပြုကြောင်းကို ပြသည်။

http://www.dhammadownload.com

လည်းကောင်း၊ ယတ္ထ- အကြောင်သစ်ပင်အောက်၌၊ ကာကာ ဝါ- ကျီးတို့သည်လည်းကောင်း၊ ကုလလာ ဝါ- စွန်တို့သည်လည်းကောင်း၊ နဒီဟဒန္တိ- ကျင်ကြီး စွန့်မချကုန်၊ တတ္ထ ရုက္ခမူလေ ဝါ- ထိုသစ်ပင်အောက်၌ သော်လည်းကောင်း၊ သေနာသနံ- ကျောင်းအိပ်ရာနေရာကို၊ နိက္ခိပိတုံ အနုဇာနာမိ။)

ပန- ထိုမှပြန်လှန် မသင့်ဟန်ကား၊ ယသ္မိ- အကြောင်သစ်ပင်၌၊ ကာကာ ဝါ- သော်လည်းကောင်း၊ ကုလလာ ဝါ- စွန်တို့သည်သော်လည်းကောင်း၊ အညေ- တစ်ပါးကုန်သော၊ သကုန္တာ ဝါ- ငှက်တို့သည်သော်လည်းကောင်း၊ ဓုဝနိဝါ- သေန- အမြဲနေခြင်းအားဖြင့်၊ ကုလာဝကေ- အသိုက်တို့ကို၊ ကတ္တာ- ကုန်၍၊ ဝသန္တိ- နေကြကုန်၏၊ တဿ ရုက္ခဿ- ထိုသစ်ပင်၏၊ မူလေ- အနီးအောက်၌၊ န နိက္ခိပိတဗ္ဗံ- မထားရာ။ "အဋ္ဌ မာသေ"တိ- ဟူ၍၊ ဝစနတော- ဟောတော်မူခြင်းကြောင့်၊ ယေသု ဇနပဒေသု- တို့၌၊ ဝဿကာလေ- မိုးအခါ၌၊ န ဝဿတိ- မိုးမရွာ၊ တေသု- ထိုဇနပုဒ်တို့၌၊ စတ္တာရော မာသေ- မိုးလေးလတို့ပတ်လုံး၊ နိက္ခိပိတုံ၊ န ဝဋ္ဋတီယေဝ။ "အဝဿိကသင်္ကေတေ"တိ- ဟူ၍၊ ဝစနတော- ကြောင့်၊ ယတ္ထ- အကြင်ဇနပုဒ်၌၊ ဟေမန္တေ- ဆောင်းအခါ၌၊ ဒေဝေါ- မိုးသည်၊ ဝဿတိ- ရွာ၏၊ တတ္ထ- ထိုဇနပုဒ်၌၊ ဟေမန္တေပိ- ၌လည်း၊ အဗ္ဘောကာသေ- လွင်တီးခေါင်၌၊ နိက္ခိပိတုံ န ဝဋ္ဋတိ။ ပန- ကား၊ ဂိမ္ဟေ- နွေအခါ၌၊ သဗ္ဗတ္ထ- အလုံးစုံသော ဇနပုဒ်တို့၌၊ ဝိဂတဝလာဟကံ- ကင်းသောတိမ်တိုက်ရှိသော၊ ဝိသုဒ္ဓံ- စင်ကြယ်သော၊ နဘံ- ကောင်းကင်သည်၊ ဟောတိ။ ဧဝရူပေ- ဤသို့သဘောရှိသော၊ ကာလေ- ၌၊ ကေနစိဒေဝ- တစ်စုံတစ်ခုသာလျှင်ဖြစ်သော၊ ကရကိယေန- ပြုဖွယ်ကိစ္စကြောင့်၊ အဗ္ဘောကာသေ မဥ္ဆပီဋ္ဌံ နိက္ခိပိတုံ ဝဋ္ဋတိ။

ဤနည်းဖြင့်ပင် မဇ္ဈိမဒေသဝယ် ဆောင်းဥတုအခါ ဆီးနှင်းမိုးရွာသော အရပ်များမှာ ရှစ်လပင် ပယ်မြစ်ကြောင်းကို သိနားလည်သင့်သည်။

ထိုကြောင့် မိုးဥတုအခါ လွင်တီးခေါင်, မိုးမလုံသော မဏ္ဍပ်, သစ်ပင်ရင်းများမှာ မခင်းကောင်း၊ ဆောင်းဥတုအခါ ဆီးနှင်းမိုး အိပ်ရာနေရာကို မစိုစွတ်ပါလျှင် ဆောင်းဥတု၌ လွင်တီးခေါင်, မိုးမလုံသော မဏ္ဍပ်စသည်တို့၌လည်း ထားကောင်းသည်။ အချိန်မဲ့ အခါမဲ့ မိုးရွာမည့်အခြေအနေမျိုးကို မတွေ့ရ မမြင်ရပါလျှင် နွေဥတုမှာလည်း လွင်တီးခေါင် စသည်တို့၌ ထားခြင်းငှာ အပ်သည်သာပင်၊ ကျီးစသည်တို့၏ အမြဲနေရာ သစ်ပင်အောက်၌ကား တရံတဆစ်မျှ ထားခြင်းငှာ မအပ်ပေ၊ ဤသို့ကောက်ချက်ချကာ မှတ်သားသင့်ပါသည်။ (သာရတ္ထ၊၃၊၂၅-၂၆။)

http://www.dhammadownload.com

၈၅။ အဇ္ဈောကာသိကေနပိ- လွင်တီးခေါင်၌ နေလေ့ရှိသော ရဟန်းသည်လည်း၊ ဝါ- အဇ္ဈောကာသဓုတင်ဆောင်သော ရဟန်းသည်လည်း၊ ဝတ္တံ- ကျင့်ဝတ်ကို၊ ဇာနိတဗ္ဗံ- သိထိုက်၏။ ဟိ- ချဲ့၊ တဿ- ထိုအဇ္ဈောကာသိကရဟန်း၏၊ ပုဂ္ဂလိကမဋ္ဌကော- သည်၊ သစေ အတ္ထိ၊ ဧဝံ သတိ၊ တတ္ထေဝ- ထိုပုဂ္ဂလိကညောင်စောင်း၌သာ၊ သယိတဗ္ဗံ- အိပ်ရာ၏။ သံယိကံ- သံယိကညောင်စောင်းကို၊ ဂဏှန္တေန- ယူလိုလသော်၊ ဝေတ္တေန ဝါ- ကြိမ်ဖြင့်သော်လည်းကောင်း၊ ဝါကေန ဝါ- လျှော်ဖြင့်သော်လည်းကောင်း၊ ဝိတမဋ္ဌကော- ရက်အပ်သော ညောင်စောင်းငယ်ကို၊ ဂဟေတဗ္ဗော- ယူထိုက်၏၊ (အညံ့ဆုံး ညောင်စောင်းငယ်ကို ယူရမည်။) တသ္မိံ- ထိုကြိမ်ဖြင့်ခက်အပ် လျှော်ဖြင့်ခက်အပ်သော ညောင်စောင်းငယ်သည်၊ အသတိ- မရှိလသော်၊ ပုရာဏမဋ္ဌကော- အဟောင်းဖြစ်သောညောင်းစောင်းကို၊ ဂဟေတဗ္ဗော- ၏၊ တသ္မိံ- ထိုပုရာဏမဋ္ဌကသည်၊ အသတိ- သော်၊ နဝဝါယိမော ဝါ- အသစ်ရက်အပ်သော ညောင်စောင်းကိုသော်လည်းကောင်း၊ ဩနဒ္ဓကော ဝါ- သားရေဖြင့် ကြက်အပ်သော ညောင်စောင်းကိုသော်လည်းကောင်း၊ ဂဟေတဗ္ဗော၊ (ဣတိ- သို့၊ ဝတ္တံ ဇာနိတဗ္ဗံ။) (ရက်သစ်စ ညောင်စောင်းနှင့် သားရေဖြင့် ကြက်အပ်သော ညောင်စောင်းတို့သည် ရုတ်တရက် မပျက်စီးနိုင်၊ ထို့ကြောင့် ယင်းညောင်စောင်းတို့ကို ယူသင့်သည်။)

ပန- ဆက်၊ ဂဟေတ္ဘာ- ၍၊ "အဟံ- ငါသည်၊ ဥက္ကဋ္ဌရုက္ခမူလိကော- ဥက္ကဋ္ဌရုက္ခမူဓုတင်ဆောင် ပုဂ္ဂိုလ်တည်း၊ ဥက္ကဋ္ဌအဇ္ဈောကာသိကော- ဥက္ကဋ္ဌ အဇ္ဈောကာသဓုတင်ဆောင် ပုဂ္ဂိုလ်တည်း၊" ဣတိ- ဤသို့ အကြောင်းပြု၍၊ စီဝရကုဋိမိုဃသင်္ကန်းကျောင်းငယ်ကိုသော်လည်း၊ အကတ္ဘာ- မပြုမူ၍၊ အသမယေ- မထားသင့်ရာအခါ၌၊ (မိုးအခါနှင့် မိုးရွာမည့်အခြေအနေကို တွေ့မြင်ရသည့်အခါမျိုးမှာ၊) အဇ္ဈောကာသေ ဝါ- ၌သော်လည်းကောင်း၊ ရုက္ခမူလေ ဝါ- ၌သော်လည်းကောင်း၊ ပညပေတ္ဘာ- ခင်း၍၊ နိပဇ္ဇိတုံ န ဝဋ္ဋတိ။ ပန- ဆက်၊ စတုဂ္ဂဏ္ဌေနပိ- လေးထပ်ရှိသည်လည်းဖြစ်သော၊ စီဝရေန- ဖြင့်၊ ကတာ- ပြုအပ်သော၊ ကုဋိ- ကျောင်းငယ်သည်၊ (မဋ္ဌပီဌံ- ကို၊) အတေမေန္တိ- မိုးမစွတ်အောင်၊ ရက္ခိတုံ န သက္ကောတိ၊ သတ္တာဟဝဒ္ဒလိကာဒိနိ- ခုနစ်ရက်ပတ်လုံးတိမ်တိုက်တို့၏ လှည့်လည်ရာအခါအစရှိသည်တို့သည်၊ ဝါ- ခုနစ်ရက်ပတ်လုံး မိုးစွေရာအခါအစရှိသည်တို့သည်၊ ဘဝန္တိ- ဖြစ်ကုန်အံ့၊ (မဋ္ဌပီဌဿ- ၏၊)

http://www.dhammadownload.com

ဘိက္ခုနော- ၏၊ ကာယာနုဂတိကတ္တာ- ကိုယ်သို့ အစဉ်လိုက်သည်၏ အဖြစ်ကြောင့်၊ ဝင္ရတိ။

အရညေ- တောင်၌၊ ပဏ္ဏကုဋိသု- သစ်ရွက်မိုးကျောင်းတို့၌၊ ဝသန္တာနံ- နေကုန်သော ရဟန်းတို့အား၊ သီလသမ္ပဒါယ- သီလ၏ပြည့်စုံခြင်း၌၊ ပသန္နစိတ္တာ- ကြည်ညိုသော စိတ်ရှိကုန်သော၊ မနုဿာ- တို့သည်၊ "သံယိကပရိဘောဂေန- သံယိကပစ္စည်းကို သုံးဆောင်နည်းဖြင့်၊ ပရိဘုဉ္ဇထ- သုံးစွဲကြပါကုန်၊" ဣတိ- ဤသို့လျှောက်၍၊ နဝံ- အသစ်ဖြစ်သော၊ မဉ္စပီဌံ- ကို၊ ဒေန္တိ- လှူတတ်ကြကုန်၏၊ ဝသိတွာ- နေပြီး၍၊ ဂစ္ဆန္တေဟိ- သွားလိုကုန်လသော်၊ သာမန္တဝိဟာရေ- အနီးဖြစ်သောကျောင်း၌၊ သဘာဂဘိက္ခူနံ- သဘာဂဖြစ်သော ရဟန်းတို့၏ အထံ

ကာယာနုဂတိကတ္တာ။ ။ ကိုယ်သို့ အစဉ်လိုက်သည်ဟူသော ဤစကားဖြင့် ရဟန်းက သင်္ကန်းကုဋိမှာပင် ရှိနေကြောင်း ထိုသင်္ကန်းကုဋိမှာနေစဉ် အခိုက်၌သာ အာပတ်မသင့်ကြောင်းကို ပြဆိုသည်။ သင်္ကန်းကုဋိမှ အခြားကို ထွက်သွားပါလျှင် ဆွမ်းခံသွားသော်မှ အာပတ်သင့်သေးသည်သာ။

အဖိုးတစ်ထောင်ထိုက်သော ကမ္မလာကိုသော်မှ ပေးလှူသူဒါယကာများက လှူဆဲအခါကပင် ခြေသုတ်လုပ်၍ သုံးတော်မူကြပါဟု လျှောက်ထားလှူဒါန်းခဲ့ပါလျှင် ဒါယကာတို့ လျှောက်ထားသည့်အတိုင်းပင် ခြေသုတ်ပြုလုပ်သုံးဆောင်ကောင်းသည်။

ထို့ကြောင့် ဤညောင်စောင်း အင်းပျဉ်စသော အိပ်ရာနေရာကို လွှင်တီးခေါင်၌သော်မှလည်း ချမ်းသာသလို သုံးစွဲတော်မူကြပါဟု ဒါယကာများ လျှောက်ထားလှူဒါန်းခဲ့ပါလျှင် အခါခပ်သိမ်းသော်မှလည်း လွှင်တီးခေါင်မှာထား၍ သုံးစွဲကောင်းသည်ဟု မိန့်ဆိုကြသည်။ (သာရတ္ထ၊၃၊၂၆။)

အဇ္ဈောကာသိကခုတင်ဆောင်ရဟန်းတို့အား မိုးရေထဲ၌ အသုံးပြုရန် ဒါယကာများသတ်မှတ်လှူဒါန်းထားသော ညောင်စောင်းကိုသော်မှ မိမိကိုစောင့်ရှောက်သော ရဟန်းသည် စောင့်ရှောက်သင့်သည်သာ။ (ဝိမတိ၊၂၁၄။)

သာရတ္ထ-လာ ဝဒန္တိဝါဒနှင့် ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ- [ဒါယကာများ လျှောက်ထားသလို ပြုကျင့် (အသုံးပြု) ကောင်းသည်၊] ဟူသော အဋ္ဌကထာစကားကို အထောက်အထားပြု၍ ယခုခေတ် သံယိကကျောင်းလှူဒါန်းရာ၌လည်း မဆေးသောခြေ စိုသောခြေအစရှိသည်တို့ဖြင့် အလိုရှိသလို အသုံးပြုတော်မူကြပါစသည်ဖြင့် ထည့်သွင်းရေးစက်ချတတ်ကြသည်။ တောင်မြို့ဆရာတော်ဘုရားကား ကြိုက်တော်မမူပါ။

http://www.dhammadownload.com

သို့၊ ပေသေတွာ- ပို့၍၊ ဂန္တဗ္ဗံ- သွားရာ၏၊ သဘာဂါနံ- သဘောတူသော ရဟန်းတို့၏၊ (အဘာဝေ- မရှိခြင်းသည်၊ သတိ- ဖြစ်လသော်၊ ဝိ၊၄၊၃၊၃၈။) အဘာဝေန- မရှိခြင်းကြောင့်၊ အနောဝဿကေ- မိုးမစွတ်သော အရပ်၌၊ နိက္ခိပိတွာ ဂန္တဗ္ဗံ။ အနောဝဿကေ- သည်၊ အသတိ- သော်၊ ရုက္ခေ- ၌၊ လဂ္ဂေတွာ- ချိတ်ဆွဲထားခဲ့၍၊ ဂန္တဗ္ဗံ- သွားရမည်။ (အတော်နှင့် ခြမတက်နိုင်အောင်, မိုးစိုပြန်လျှင်လည်း ခြောက်လွယ်အောင် သစ်ပင်၌ ချိတ်ထားရသည်။)

စေတိယင်္ဂဏေ- စေတီယင်ပြင်၌၊ သမ္မဇ္ဇနိံ- တံမြက်စည်းကို၊ ဂဟေတွာ- ယူ၍၊ ဘောဇနသာလင်္ဂဏံ ဝါ- ဆွမ်းစားကျောင်းအပြင်ကိုသော်လည်းကောင်း၊ ဥပေါသထာဂါရင်္ဂဏံ ဝါ- ဥပုသ်ကျောင်းဆောင်အပြင်ကိုသော်လည်းကောင်း၊ ပရိဝေဏဒိဝါဌာနအဂ္ဂိသာလာဒီသု ဝါ- ပရိဝုဏ်, နေ့နေရာအရပ်, မီးတင်းကုပ် အစရှိသော အရပ်တို့တွင်၊ အညတရံ ဝါ- အမှတ်မထား တစ်ပါးပါးသော အရပ်ကိုသော်လည်းကောင်း၊ သမ္မဇ္ဇိတွာ- တံမြက်လှည်းပြီး၍၊ ဓောဝိတွာ- ဆေးကြောပြီး၍၊ ပုန- တစ်ဖန်၊ သမ္မဇ္ဇနမာဠကေယေဝ- တံမြက်စည်းထားရာ စင်၌သာ၊ ဌပေတဗ္ဗာ- ထားထိုက်၏၊ ဥပေါသထာဂါရာဒီသု- ဥပုသ်ကျောင်းဆောင်အစရှိသော အရပ်တို့တွင်၊ အညဘရသို့- အမှတ်မထား တစ်ပါးပါးသော အရပ်၌၊ ဂဟေတွာ- ယူပြီး၍၊ အဝသေသာနိ- ကြွင်းသော ဘောဇနသာလင်္ဂဏ အစရှိသော အရပ်တို့ကို၊ သမ္မဇ္ဇန္တဿပိ- တံမြက်လှည်းသော ရဟန်း၏၊ အတွက်လည်း၊ ဧသေဝ နယော။ (မူလတံမြက်စည်းထားရာ စင်၌ပင် ပြန်ထားရမည်။)

ပန- ဆက်၊ ယော- အကြင်ရဟန်းသည်၊ ဘိက္ခာစာရမဂ္ဂံ- ဆွမ်းခံလှည့်လည်ရာ လမ်းကို၊ (ရွာထဲလမ်းမဟုတ်၊ ရွာပြင်ဘက်လမ်း၊) သမ္မဇ္ဇန္တော- တံမြက်လှည်းလျက်၊ ဂန္တုကာမော- သွားလိုသည်၊ ဟောတိ- ဖြစ်၏၊ (သပိတ်ကို အိတ်ဖြင့် လွယ်ထားသောကြောင့် တံမြက်လှည်းသွားနိုင်သည်၊) တေန- ထိုရဟန်းသည်၊

ပေသေတွာ ဂန္တဗ္ဗံ။ ။ ဤနေရာဌာနသို့ လာရောက်နေထိုင်သော ပုဂ္ဂိုလ်အားပေးတော်မူကြပါဟု ပြောဆိုပို့ထားခဲ့ရမည်။ (သာရတ္ထ၊၃၊၂၆။)

စေတိယင်္ဂဏေ သမ္မဇ္ဇနိံ။ ။ တစ်နေရာမှ တံမြက်စည်းကို တစ်နေရာသို့ ယူလှည်းရလျှင် လှည်းပြီးသောနေရာမှာ ထားမပစ်ခဲ့ရ။ (အညစ်အကြေးပေကျံက ဆေးကြော၍ ဖုံမျှသာပေကျံက ခတ်ခါ၍၊) မူလယူခဲ့သော နေရာမှာ ပြန်ထားရမည်။

http://www.dhammadownload.com

သမ္မဇ္ဇိတ္တာ- တံမြက်လှည်းပြီး၍၊ အန္တရာမဂ္ဂေ- ခရီးအကြား၌၊ သာလာ- ဇရပ်သည်၊ သစေ အတ္ထိ၊ ဧဝံ သတိ၊ တတ္ထ- ထိုဇရပ်၌၊ ဌပေတဗ္ဗာ- ထားထိုက်၏။ သာလာ- သည်၊ သစေ နတ္ထိ၊ ဧဝံ သတိ၊ ဝလာဟကာနံ- တိမ်တိုက်တို့၏၊ အနုဋ္ဌိတဘာဝံ- မတက်လာကုန်သည်၏ အဖြစ်ကို၊ သလ္လက္ခေတ္တာ- မှတ်သား၍၊ "အဟံ- ငါသည်၊ ယာဝ- အကြင်မျှလောက်သော အခါ၌၊ ဂါမတော- ရွာမှ၊ နိက္ခမာမိ- ထွက်လာ၏၊ တာဝ- ထိုရွာမှထွက်လာရာ အခါတိုင်အောင်၊ နဝဿိဿတိ- မိုးရွာလိမ့်မည်မဟုတ်၊" ဣတိ- ဤသို့၊ ဇာနန္တေန- သိလသော်၊ ယတ္ထ ကတ္ထစိ- အမှတ်မထား တစ်ပါးပါးသော အရပ်၌၊ နိက္ခိပိတ္တာ- ထားခဲ့၍၊ ပုန- တစ်ဖန်၊ ပစ္စာဂစ္ဆန္တေန- ပြန်လာလသော်၊ ပါကတိကဋ္ဌာနေ- ပကတိယူခဲ့ရာ အရပ်၌၊ ဌပေတဗ္ဗာ- ပြန်ထားထိုက်၏၊ "ဝဿိဿတိ- မိုးရွာလတ္တံ့၊ ဣတိ- သို့၊ ဇာနန္တော- သိလျက်၊ အဇ္ဈောကာသေ- လွင်တီးခေါင်၌၊ သစေ ဌပေတိ- အကယ်၍ ထားခဲ့အံ့၊ ဧဝံ သတိ၊ ဒုက္ကဋံ" ဣတိ- သို့၊ **မဟာပစ္စရိယံ**- ၌၊ ဝုတ္တံ။ (သံယိကပစ္စည်းကို မရှိမသေ သုံးစွဲခြင်းကြောင့် သင့်ရသော ဒုပ္ပရိဘောဂဒုက္ကဋ်ကို ရည်ရွယ်ဟန်တူသည်။) ပန- ဆက်၊ တတြ တတြော- ထိုထိုအရပ်၌ပင်၊ (စေတီရင်ပြင်စသော ထိုထိုအရပ်၌ပင်၊) သမ္မဇ္ဇနတ္ထာယ- ငှာ၊ သမ္မဇ္ဇနီ- သည်၊ ဝါ- ကို၊ နိက္ခိတ္တာ- ထားအပ်ပြီးသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ တံ တံ ဌာနံ- ထိုထိုအရပ်ကို၊ (စေတီရင်ပြင်စသော ထိုထိုအရပ်ကို၊) သမ္မဇ္ဇိတ္တာ- တံမြက်လှည်းပြီး၍၊ တတြ တတြော- ၌ပင်၊ နိက္ခိပိတုံ ဝဋ္ဋတိ။ (တံမြက်စည်းစင်သို့ ရောက်အောင် ပို့ဖွယ်မလို။)

အာသနသာလံ- နေရာဇရပ်ကို၊ ဝါ- ဆွမ်းစားဇရပ်ကို၊ သမ္မဇ္ဇန္တေန- တံမြက်လှည်းသော ရဟန်းသည်၊ ဝတ္တံ- ကျင့်ဝတ်ကို၊ ဇာနိတဗ္ဗံ- သိထိုက်၏၊ တတြ- ထိုဝတ္တံ ဇာနိတဗ္ဗံ ဟူသော စကားရပ်၌၊ ဣဒံ- ဤဆိုအပ်လတ္တံ့ကား၊ ဝတ္တံ- ကျင့်ဝတ်တည်း။ မဇ္ဈတော- အလယ်မှ၊ ပဋ္ဌာယ- စ၍၊ ပါဒဋ္ဌာနာဘိမုခါ- ခြေ၏ တည်ရာအရပ်သို့ ရှေ့ချဉ်းနေကုန်သော၊ ဝါလိကာ- သဲတို့ကို၊ ဟရိတဗ္ဗာ- ပယ်ရှား

ဝလာဟကာနံ။ပ။ သလ္လက္ခေတ္တာ ။ ။ ဤစကားရပ်ဖြင့် နွေအခါ၌သော်မှ လည်း မိုးတိမ်မိုးသားများ တက်လာခဲ့ပါလျှင် ညောင်စောင်းအင်းဖျဉ်စသော မည်သည့် အိပ်ရာနေရာကိုမျှ ကွင်းပြင်မှာ မထားကောင်း။ မထားရဟူသော သဘောအဓိပ္ပါယ်ကို ဖော်ညွှန်းသည်။ (သာရတ္ထ၊၃၊၂၆။)

ပါဒဋ္ဌာနာဘိမုခါ ။ ။ ထိုင်နေကြသူတို့၏ ခြေကျရာအရပ်သို့ ရှေ့ရှု (သဲတို့ကို) ဖယ်ရှားရမည်ဟု အချို့သူတို့ ဆိုကြသည်။ (ကေစိဝါဒ။)

http://www.dhammadownload.com

ထိုက်ကုန်၏၊ ကစဝရံ- အမှိုက်ကို၊ ဟတ္ထေဟိ- လက်တို့ဖြင့်၊ ဂဟေတွာ- ယူပြီး၍၊ ဗဟိ- ပြင်ပ၌၊ ဆဍ္ဍေတဗ္ဗံ- စွန့်ပစ်ရာ၏။ (ကွဒ်- ကား၊ ဝတ္တံ-တည်း။)

၈၆။ ဝုတ္တပ္ပကာရံ- ဆိုအပ်ပြီးသော အပြားရှိသော၊ စတုဗ္ဗိဓမ္မိ- (မဋ္ဌပိဋ္ဌဘိသိကောစ္ဆအားဖြင့်) လေးပါးအပြားရှိသည်လည်းဖြစ်သော၊ သံယိကံ- သော၊ သေနာသနံ- ကို၊ အဇ္ဈောကာသေ ဝါ- ၌သော်လည်းကောင်း၊ ရုက္ခမူလေ ဝါ- ၌သော်လည်းကောင်း၊ မဏ္ဍပေ ဝါ- ၌သော်လည်းကောင်း၊ အနုပသမ္ပန္နေန- လူသာမဏေကို၊ သန္ထရာပေတိ- ခင်းစေအံ့၊ ယေန- အကြောင်းရဟန်းသည်၊ သန္ထရာပိတံ- လူသာမဏေကို ခင်းစေအပ်ပြီ၊ ဝါ- အခင်းခိုင်းပြီ၊ တဿ- ထိုအခင်းခိုင်းသောရဟန်း၏၊ ပလိဘောဓော- ပလိဘောဓတည်း။ ဝါ- ဖဲသွားခြင်းကို နှောင့်

တံမြက်လှည်းသူ၏ ခြေချထားရာသို့ ရှေ့ရှု (သဲတို့ကို ပယ်ရှားရမည်) ဟု တစ်ပါးသော ဆရာတို့ ဆိုကြသည်။ (အပရေဝါဒ။)

အပြင်အပသို့ သဲတို့ကို ဖယ်ထုတ်ရအောင် ခြေချရာသို့ ရှေ့ရှုကုန်သော သဲတို့ကို (ခြေရင်းမှာ တွေ့ရှိရသမျှ သဲတို့ကို) ဖယ်ရှားရမည်ဟု ဆိုလိုသည်။ (ဧကေဝါဒ။)
(သာရတ္ထ၊၃၊ ၂၆။)

မဇ္ဈတော ပဋ္ဌာယ ပါဒဋ္ဌာနဘူမိဒါ ။ ။ ဤစကားဖြင့် ပတ်ပတ်လည်မှ တံမြက်စည်းလှည်း၍ ကျောင်းသမံတလင်းအလယ်မှာ အမြဲတမ်းအမှိုက်တို့ကို စုသည့်အတွက် အလယ်၌ သဲများပုံမိလျက်သား စုမိလျက်သား ဖြစ်နေသော နေရာဌာနမျိုးမှာ လုပ်သင့် လုပ်ရမည့် အစီအရင်ကို ပြသည်။ မြင့်သောမြေခုံခြေတည်နေရာသို့ ရှေ့ရှု သဲတို့ကို ဖယ်ရှားရမည်ဟု (ဆိုလိုသည်။)

ထောင့်တို့၌ သဲများစုပုံထားရာအရပ်ဝယ် ထိုသဲစုရာအရပ်မှစ၍ တစ်ပါးသော အရပ်သို့ ရှေ့ရှုဖယ်ရှားရမည်ဟု အချို့ဆရာများ အနက်အဓိပ္ပါယ် ဖွင့်ဆိုကြသည်။

တံမြက်လှည်းပြီးသမျှ နေရာများမှာ ခြေရာမထင်ရအောင် တံမြက်မလှည်းရသေးသော နေရာမှရပ်လျက် မိမိခြေသို့ ရှေ့ရှုသဲတို့ကို ဖယ်ရှားရမည်။ ဤသို့လည်း အချို့ဆရာများ ဆိုကြသေးသည်။ (ကေစိဝါဒ နှစ်မျိုး။)

ထိုအချို့ဆရာ (ကေစိ) တို့၏အယူ၌ မဇ္ဈတော ပဋ္ဌာယ-ဟူသော စကား၏ အကျိုးကို မတွေ့မြင်အပ်ပေ။ (ဝိမတိ၊၂၁၄-၁၅။)

ဤသို့လျှင် အာသနသာလာ၌ တံမြက်လှည်းပုံ ကျင့်ဝတ်ကို ဋီကာဆရာများကပင် ဝါဒအမျိုးမျိုး ပြဆိုထားရသည်။ သို့ဖြင့် ဤကျင့်ဝတ်သည် ဋီကာဆရာများလက်ထက်ကပင် ကွယ်ပျောက်လာဟန်တူပါသည်။ မိမိသဘောကျရာကို ချင့်ချိန်ယူကြစေရန် ဝါဒစုံ ဖော်ပြလိုက်ပါသည်။

http://www.dhammadownload.com

ယှက်တတ်သော တာဝန်တည်း၊ (လူသာမဏေကို အခင်းခိုင်းလျှင် အရပ်တစ်ပါးသို့ သွားလိုသောအခါ ထိုအခင်းကို မရုပ်သိမ်းဘဲသွားလျှင် ခိုင်းသော ရဟန်းမှာ အာပတ်သင့်သည်။) ပန- ဆက်၊ ဥပသမ္ပန္နေန- ရဟန်းကို၊ သစေ သန္ဆရာပေတိ- အကယ်၍ ခင်းစေအံ့၊ ဧဝံ သတိ၊ ယေန- အကြောင်းရဟန်းသည်၊ သန္ဆတံ- ခင်းအပ်ပြီ၊ တဿ- ထိုခင်းသော ရဟန်း၏၊ ပလိဗောဓော- တည်း။

အယံ- ဤဆိုအပ်လတ္တံ့ကား၊ တတြ- ထိုသို့ အခင်းခိုင်းရာ၌၊ ဝိနိစ္ဆယော- တည်း၊ ထေရော- သည်၊ ဘောဇနသာလာယံ- ဆွမ်းစားဇရပ်၌၊ ဘတ္တကိစ္စံ- ဆွမ်းကိစ္စကို၊ ကတ္တာ- ပြုပြီး၍၊ ဒဟရံ- ရဟန်းငယ်ကို၊ အာဏာပေတိ- စေခိုင်းအံ့၊ (ကိံ- နည်း၊) "ဂစ္ဆ- သွားချေ၊ ဒိဝါဋ္ဌာနေ- နေ့နေရာအရပ်၌၊ မဉ္စပီဋ္ဌံ- ကို၊ ပညပေဟိ- ခင်းထားချေလော့၊" ဣတိ- ဤသို့စေခိုင်းအံ့၊ သော- ထိုရဟန်းငယ်သည်၊ တထာ-ထိုစေခိုင်းသည့်အတိုင်း၊ ကတ္တာ- ပြုပြီး၍၊ နိသိန္နော- ထိုင်နေ၏၊ ထေရော- သည်၊ ယထာရုစိ- အလိုရှိတိုင်း၊ ဝိစရိတ္တာ- လှည့်လည်ပြီး၍၊ ဝါ- မှ၊ တတ္ထ- ထိုညောင်စောင်းအင်းပျဉ်ခင်းထားရာ အရပ်သို့၊ ဂန္တွာ- သွား၍၊ ထဝိကံ ဝါ- အိတ်ကိုသော်လည်းကောင်း၊ ဥတ္တရာသင်္ဂံ ဝါ- အပေါ်ခြုံ ဧကသီကိုသော်လည်းကောင်း၊ ဌပေတိ- ထားအံ့၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ ထေရဿ- ၏၊ ပလိဗောဓော- တည်း။ (ရဟန်းငယ်မှာ ရုပ်သိမ်းရန် တာဝန်မရှိတော့၊) နိသီဒိတ္တာ- ထိုင်ပြီး၍၊ သာယံ- ညနေချမ်းအခါ၌၊ (ဌ+ဋ္ဌီများ၌ သယံ ချည်း ရှိနေသည်၊) ဂစ္ဆန္တော- သွားလသော်၊ နေဝ ဥဒ္ဓရတိ- ကိုယ်တိုင်မူလည်း မရုပ်သိမ်းအံ့၊ န ဥဒ္ဓရာပေတိ- သူတစ်ပါးကိုလည်း မရုပ်သိမ်းစေအံ့၊ လေဋ္ဌု-ပါတာတိက္ကမေ- ခဲတစ်ကျကို လွန်ရာအခါ၌၊ ပါစိတ္တိယံ ဟောတိ။

ပန- ဆက်၊ ထေရော- သည်၊ တတ္ထ- ထိုညောင်စောင်း အင်းပျဉ် ခင်းထားရာ အရပ်၌၊ ထဝိကံ ဝါ- ကိုသော်လည်းကောင်း၊ ဥတ္တရာသင်္ဂံ ဝါ- ကိုသော်လည်းကောင်း၊ အဌပေတွာ- မထားမူ၍၊ စင်္ကမန္တော၀- စင်္ကြံသွားလျက်သာ၊ ဒဟရံ-ရဟန်းငယ်ကို၊ "တွံ- သည်၊ ဂစ္ဆ- သွားတော့၊" ဣတိ- သို့၊ သစေ ဘဏာတိ-အကယ်၍ ပြောအံ့၊ ဧဝံ သတိ၊ တေန- ထိုရဟန်းငယ်သည်၊ "ဘန္တေ-အရှင်ဘုရား၊ ဣဒံ- ဤဟာကား၊ မဉ္စပီဋ္ဌံ- ပါတည်း၊" ဣတိ- သို့၊ အာစိက္ခိတ္ဗံ-လျှောက်ထားရာ၏။ ထေရော- သည်၊ ဝတ္တံ- ကျင့်ဝတ်ကို၊ သစေ ဇာနာတိ-အကယ်၍ နားလည်အံ့၊ ဧဝံ သတိ၊ "တွံ- သင်သည်၊ ဂစ္ဆ- သွားတော့၊ အဟံ-သည်၊ ပါကတိကံ- ပင်ကိုယ်သဘောရှိသည်ကို၊ ကရိဿာမိ- ပြုလိုက်အံ့၊"

http://www.dhammadownload.com

ဣတိ- သို့၊ ဝတ္တဗ္ဗံ- ပြောရာ၏။ (ငါကပဲ နေရာရောက်အောင် ပြန်ထားလိုက်ပါမယ်ဟု ပြောရမည်။) ထေရော- သည်၊ ဗာလော- ကျင့်ဝတ်၌ မကျွမ်းကျင်သည်၊ အနုဂ္ဂဟိတဝတ္တော- သင်ယူအပ်ပြီးသော ကျင့်ဝတ်မရှိသည်၊ ဝါ- ကျင့်ဝတ်ကို မသင်ယူခဲ့ရသည်၊ (ဗာလောကို ထပ်ဖွင့်) သစေ ဟောတိ၊ "ဂစ္ဆ- သွား၊ ဣဓ- ဤအရပ်၌၊ မာ တိဋ္ဌ- ရပ်မနေနှင့်၊ နိသီဒိတုံ- ထိုင်ခြင်းငှာ၊ ဝါ- ထိုင်ခွင့်ကို၊ နေဝ ဒေမိ- မပေး၊ နိပဇ္ဇိတုံ- လျောင်းခြင်းငှာ၊ ဝါ- လျောင်းခွင့်ကို၊ န ဒေမိ- မပေး၊" ဣတိ- ဤသို့ပြော၍၊ ဒဟရံ- ရဟန်းငယ်ကို၊ သစေ တဇ္ဇတိ- ယေဝ- အကယ်၍ ခြိမ်းခြောက်လျက်သာ နေအံ့။ ဧဝံ သတိ၊ ဒဟရေန- သည်၊ "ဘန္တေ- အရှင်ဘုရား၊ သုခံ- ချမ်းချမ်းသာသာ၊ သယထ- အိပ်ရစ်ပါကုန်၊" ဣတိ- ဤသို့လျှောက်၍၊ ကပ္ပံ- အပ်သော အခွင့်ကို၊ လဘိတ္ဝာ- ရ၍၊ ဝန္ဒိတ္ဝာ- ဝပ်ချ၍၊ ဂန္တဗ္ဗံ- သွားရာ၏။ (ဂစ္ဆ- သွားတော့ဟူသော စကားဖြင့်ပင် အပ်စပ်မှုကို ရသွားသည်၊ မထေရ်က ခိုင်းသည့်အတွက် သွားသောရဟန်းမှာ အာပတ်မသင့်သောကြောင့်ပင် ဖြစ်သည်။) (သာရတ္ထ၊၃၊ ၂၇။) တသ္မိံ- ထိုရဟန်းငယ်သည်၊ ဂတေ- သွားလသော်၊ ထေရဿေဝ- ၏သာ၊ ပလိဘောဓော- တည်း၊ စ- ဆက်၊ ပုရိမနယေနေဝ- ဖြင့်သာလျှင်၊ (ထိုင်ပြီး၍ ညနေဘက်မှာ သွားလိုခဲ့သော် စသောနည်း၊) အဿ- ထိုထေရ်၏၊ အာပတ္တိ ဝေဒိတဗ္ဗာ- ၏။

ပန- ဆက်၊ အာဏာတ္တိကဏ္ဍေယေဝ- စေခိုင်းအပ်ရာ ခဏ၌ပင်လျှင်၊ (ခိုင်းစဉ် တုန်းကပင်၊) ဒဟရော- သည်၊ "ဘန္တေ- အရှင်ဘုရား၊ မယှံ- ဘုရားတပည့်တော်၏၊ ဝါ- မှာ၊ ဘဏ္ဍာဓေယနာဒိ- ဘဏ္ဍာဂေယ်ကို ဖွပ်လျှော်ခြင်း အစရှိသော၊ ကိစ္စံ- တစ်စုံတစ်ခုသော၊ ကရဏီယံ- ပြုဖွယ်ကိစ္စသည်၊ အတ္ထိ- ရှိပါ၏၊" ဣတိ- သို့၊ အထ ဝဒတိ- အကယ်၍ လျှောက်အံ့၊ ဧဝံ သတိ၊ ထေရော ပန- မထေရ်သည်ကား၊ တံ- ထိုရဟန်းငယ်ကို၊ "တွံ- သင်သည်၊ ပညပေတ္ဝာ- ခင်းထားခဲ့၍၊ ဂစ္ဆာဟိ- သွားလော၊" ဣတိ ဝတ္ဝာ၊ ဘောဇနသာလတော- ဆွမ်းစားဇရပ်မှ၊ နိက္ခမိတ္ဝာ- ထွက်၍၊ အညတ္ထ- အခြားအရပ်သို့၊ ဂစ္ဆတိ- သွားအံ့၊ ပါဒုဒ္ဓါရေန- ခြေကို မြှောက်ကြွခြင်းဖြင့်၊ ကာရေတဗ္ဗော- ပြုစေထိုက်၏၊ ဝါ- ဆုံးဖြတ်ထိုက်၏၊ တတ္ထေဝ- ထိုညောင်စောင်းအင်းပျဉ်ခင်းထားရာ အရပ်သို့သာ၊ ဂန္တွာ- သွား၍၊ သစေ နိသီဒတိ- အကယ်၍ ထိုင်အံ့၊ (ဧဝံ သတိ၊) ပုရိမနယေနေဝ-

---

အညတ္ထ ဂစ္ဆတိ ။ ။ ညောင်းစောင်း အင်းပျဉ် ခင်းထားရာသို့ သွားရမည်လမ်း မှတစ်ပါး အခြားလမ်းသို့ ထွက်သွားခဲ့ပါလျှင် ညောင်စောင်း အင်းပျဉ် ခင်းထားသော

http://www.dhammadownload.com

ရှေးနည်းဖြင့်သာလျှင်၊ အသ- ထိုရဟန်း၏၊ လေဋ္ဌုပါတာတိက္ကမေ စ- ခဲ တစ်ကျကို လွန်ရာအခါ၌လည်း၊ အာပတ္တိ ဟောတိ။

ပန- ကား၊ ထေရော- သည်၊ သာမဏေရံ၊ သစေ အာဏာပေတိ- အကယ်၍ စေခိုင်းအံ့၊ ဧဝံ သတိ၊ သာမဏေရေ- သည်၊ တတ္ထ- ၌၊ မဉ္စပီဌံ- ကို၊ ပညပေတွာ- ခင်းပြီး၍၊ နိသိန္နေပိ- ထိုင်နေပါသော်လည်း၊ ဘောဇနသာလတော- ဆွမ်းစားဇရပ်မှ၊ အညတ္ထ- အခြားအရပ်သို့၊ ဂစ္ဆန္တော- သွားသော ထေရ်ကို၊ ပါဒဒ္ဓါရေန- ခြေကိုကြွမြောက်ခြင်းဖြင့်၊ ကာရေတဗ္ဗော- ပြုစေထိုက်၏၊ ဝါ- ဆုံးဖြတ်ထိုက်၏။ (သာမဏေမှာ ရဟန်းငယ်လောက် တာဝန်မရှိ၊ ထို့ကြောင့် သာမဏေက စောင့်နေပါသော်လည်း အခြားအရပ်သို့ သွားသောထေရ်မှာ အာပတ်သင့်ရသည်။) ဂန္တွာ- သွားပြီး၍၊ နိသိန္နော- ထိုင်နေပြီးသောထေရ်ကို၊ ပုန- တစ်ဖန်၊ ဂမနကာလေ- (မရုပ်သိမ်းဘဲ) ပြန်သွားရာအခါ၌၊ လေဋ္ဌုပါတာတိက္ကမေ- ခဲ တစ်ကျကို လွန်ရာအခါ၌၊ အာပတ္တိယာ- ပါစိတ်အာပတ်ဖြင့်၊ ကာရေတဗ္ဗော- ၏။ ပန- ဆက်၊ အာဏာပေန္တော- စေခိုင်းလသော်၊ ဝါ- စေခိုင်းတုန်းက၊ "မဉ္စ- ပီဌံ- ကို၊ ပညပေတွာ- ခင်း၍၊ တတ္ထေဝ- ထိုအရပ်၌၊ နိသီဒ- ထိုင်နေဦးလော့၊" ဣတိ- ဤသို့ပြော၍၊ သစေ အာဏာပေတိ- အကယ်၍ စေခိုင်းအံ့၊ ဧဝံ သတိ၊ ယတြ- အကြင်အရပ်သို့၊ ဂန္တုံ- သွားခြင်းငှာ၊ ဣစ္ဆတိ- အလိုရှိ၏၊ တတြ- ထို အရပ်သို့၊ ဂန္တွာ- သွား၍၊ အာဂန္တုံ- ပြန်လာခြင်းငှာ၊ ဝါ- ပြန်လာခွင့်ကို၊ လဘတိ- ရ၏၊ ပန- ဆက်၊ သာယံ- ညနေချမ်းအခါ၌၊ ပါကတိကံ- ပင်ကိုယ် အတိုင်းရှိသည်ကို၊ အကတွာ- မပြုမူ၍၊ ဂစ္ဆန္တသ- ပြန်သွားသော ထေရ်၏၊ လေဋ္ဌုပါတာကိက္ကမေ ပါစိတ္တိယံ။ အန္တရသန္နိပါတေ- အကြားအကြား စည်းဝေးရာအခါ၌၊ (စည်းဝေးနေကျရက် မဟုတ်ဘဲ အကြားအကြား အစည်းအဝေး၌၊) မဉ္စပီဌာနိ- ညောင်စောင်း အင်းပျဉ်တို့ကို၊ ပညပေတွာ- ခင်းပြီး၍၊ နိသိန္နေဟိ- ထိုင်နေကုန်သော ရဟန်းတို့သည်၊ (ဝတ္တဗ္ဗံ-၌ စပ်၊) ဂမနကာလေ- ပြန်သွားရာ အခါ၌၊ အာရာမိကာနံ- အာရာမ်စောင့်တို့အား၊ "ဣဒံ- ဤညောင်စောင်း အင်းပျဉ်ကို၊ ပဋိသာမေထ- သိမ်းထားလိုက်ပါကုန်၊" ဣတိ-သို့၊ ဝတ္တဗ္ဗံ- ပြောဆို ရာ၏၊ အဝတွာ- မပြောဆိုကုန်ဘဲ၊ ဂစ္ဆန္တာနံ- သွားကုန်သော ရဟန်းတို့၏၊ လေဋ္ဌုပါတာတိက္ကမေ- ၌၊ အာပတ္တိ- ပါစိတ်အာပတ်သည်၊ ဟောတိ။

နေရာနှင့် ယခုသွားနေသော နေရာမှာ ခဲတစ်ကျထက် ကျော်လွန်နေသောကြောင့် ပထမခြေလှမ်းမှာ ဒုက္ကဋ်၊ ဒုတိယခြေလှမ်းမှာ ပါစိတ်ဟုသာ ဆုံးဖြတ်ရမည်။

(သာရတ္ထ၊ဒု၊၂၇။)

http://www.dhammadownload.com

၈၇။ မဟာဓမ္မဿဝနံ နာမ- ကြီးကျယ်သော တရားပွဲမည်သည်၊ ဟောတိ- ရှိ၏၊ တတ္ထ- ထိုတရားပွဲ၌၊ ဥပေါသထာဂါရတောပိ- ဥပုသ်ကျောင်းဆောင်မှ လည်းကောင်း၊ ဘောဇနသာလတောပိ- ဆွမ်းစားဇရပ်မှလည်းကောင်း၊ အာ- ဟရိတွာ- ဆောင်ယူ၍၊ မဥ္စပီဌာနိ- တို့ကို၊ ပညပေန္တိ- ခင်းတတ်ကြကုန်၏၊ ဧဝံ သန္တေ၊ အာဝါသိကာနံယေဝ- တို့၏သာလျှင်၊ ပလိဗောဓော- တည်း။ အာဂန္တုကာ- တို့သည်၊ "ကုဒံ- ဤညောင်စောင်းအင်းပျဉ်သည်၊ အမှာကံ- ငါ တို့၏၊ ဥပဇ္ဈာယဿ- ဖို့၊ ဟောတိ၊ ကုဒံ- သည်၊ အမှာကံ- တို့၏၊ အာစရိယ- ဿ- ဖို့၊ ဟောတိ၊" ကုတိ- သို့၊ သစေ ဂဏ္ဍန္တိ- ကုန်အံ့၊ ဧဝံ သတိ၊ တတော- မှ၊ ပဌာယ- စ၍၊ တေသံ- ထိုအာဂန္တုကတို့၏၊ ပလိဗောဓော- တည်း။ ဂမနကာလေ- ပြန်သွားရာအခါ၌၊ ပါကတိကံ- ပင်ကိုယ်အတိုင်းရှိသည်ကို၊ အကတွာ- မပြုမူ၍၊ လေဒ္ဓုပါတံ- ကို၊ အတိက္ကမန္တာနံ- ကျော်လွန်ကုန်သော အာဂန္တုက ရဟန်းတို့၏၊ အာပတ္တိ- ပါစိတ်အာပတ်သည်၊ ဟောတိ။ ပန- ဝါဒန္တရကား၊ **မဟာပစ္စရိယံ**- ၌၊ ဝုတ္တံ- အပ်ပြီ။ (ကိံ၊) "ယာဝ- အကြင်မျှလောက် သော ကာလပတ်လုံး၊ အညေ- အခြားရဟန်းတို့သည်၊ နဲ နိသီဒန္တိ- မထိုင်ကုန် သေး၊ တာဝ- ထိုမထိုင်သေးသမျှ ကာလပတ်လုံး၊ ယေဟိ- အကြင်ရဟန်းတို့ သည်၊ ပညတ္တံ- ခင်းအပ်ပြီ၊ တေသံ- ထိုခင်းသောရဟန်းတို့၏၊ ဘာရော- တာ ဝန်တည်း၊ အညေသု- အခြားရဟန်းတို့သည်၊ အာဂန္တွာ- လာ၍၊ နိသိန္နေသု- ထိုင်ကုန်ပြီးလသော်၊ နိသိန္နကာနံ- ထိုင်ကုန်သော ရဟန်းတို့၏၊ ဘာရော-

---

အာဝါသိကာနံယေဝ ပလိဗောဓော။ ။ အာဂန္တုကများ ရောက်လာကြပြီး ဘာကိုမျှ မပြောဆိုဘဲ ထိုင်နေကြသည်ဖြစ်စေ, ထိုင်ပြီးသည့်နောက် ကျောင်းနေရဟန်း များကပဲ ရုပ်သိမ်းကြလိမ့်မည်ဟု နှလုံးသွင်းကြလျက် ပြန်သွားကြသည်ဖြစ်စေ ကျောင်း နေရဟန်းများမှာသာ တာဝန်ရှိပေသည်။ ကျောင်းနေရဟန်းများကသာ ရုပ်သိမ်းရ မည်။ (ဋီ။)

ဝါဒနှစ်ပါး သဘောသွား။ ။ ညောင်စောင်းအင်းပျဉ်ပေါ်၌ ထိုင်နေပြီးသော ရဟန်းမှာသာ တာဝန်ရှိသည်၊ ဤဟာသည် ငါတို့၏ (ဥပဇ္ဈာယ်အတွက် ဆရာ့) အတွက်ဟု ပြောဆိုမှုမှာ လိုရင်းမဟုတ်ဟု မဟာပစ္စရိကယူဆသည်။ မဟာအဌကထာ ၌ အာပတ္တိအရ ပါစိတ်အာပတ်ကို ရည်ညွှန်းသည်၊ မဟာပစ္စရိ-၌ကား သန္ထရိတွာ ဝါ သန္ထရာပေတွာ ဝါ-ဟု ပါဋိတော်၌ ဆိုထားသဖြင့်၊ (စေခိုင်း၍ ခင်းထားသည် မဟုတ်ပါဘဲ) မစေခိုင်းဘဲ ခင်းထားအပ်သည့်အတွက် ဒုက္ကဋ်အာပတ်သာ ဖြစ်သင့် သည်ဟု မိန့်ဆိုထားသည်။

http://www.dhammadownload.com

တည်း။ တေ- ထိုင်သော ရဟန်းတို့သည်၊ အနုဒ္ဓရိတ္တာ ဝါ- ကိုယ်တိုင်မရုပ်သိမ်းမူ၍လည်းကောင်း၊ အနုဒ္ဓရာပေတ္တာ- သူတစ်ပါးကို မရုပ်သိမ်းစေမူ၍ လည်းကောင်း၊ သစေ ဂစ္ဆန္တိ- ကုန်အံ့၊ ဧဝံ သတိ၊ ဒုက္ကဋ်ံ။ ကသ္မာ- အဘယ်ကြောင့် ဒုက္ကဋ်သာဖြစ်ရသနည်း၊ အနာဏာတ္တိယာ- မစေခိုင်းခြင်းဖြင့်၊ (မစေခိုင်းဘဲ၊) ပညပိတတ္တာ- ခင်းအပ်ကုန်သည်၏ အဖြစ်ကြောင့်တည်း၊" ဣတိ- ဤသို့၊ ဝုတ္တံ။ (မဟာအဋ္ဌကထာ-၌ ပါစိတ်၊ မဟာပစ္စရီ-၌ ဒုက္ကဋ်ဟူ၏။)

ဓမ္မာသနေ- တရားဟောပလ္လင်ကို၊ ပညတ္တေ- ခင်းအပ်ပြီးသော်၊ ယာဝ- အကြင်မျှလောက်သော ကာလပတ်လုံး၊ ဥဿာရကော ဝါ- ပါဠိသက်သက်ကို ဖြစ်စေတတ် ရွတ်ပြတတ်သော ပုဂ္ဂိုလ်သည်သော်လည်းကောင်း၊ ဓမ္မကထိကော ဝါ- ဓမ္မကထိကသည်သော်လည်းကောင်း၊ န အာဂစ္ဆတိ- မလာသေး၊ တာဝ- ထိုမလာသေးသမျှသော ကာလပတ်လုံး၊ ပညာပကာနံ- ခင်းသောရဟန်းတို့၏၊ ပလိဗောဓော- တည်း။ တသ္မိံ- ထိုဥဿာရကပုဂ္ဂိုလ် သို့မဟုတ် ဓမ္မကထိက ပုဂ္ဂိုလ်သည်၊ အာဂန္တွာ- လာ၍၊ နိသိန္နေ- ထိုင်နေပြီးလသော်၊ တဿ- ထို ဥဿာရကပုဂ္ဂိုလ် သို့မဟုတ် ဓမ္မကထိကပုဂ္ဂိုလ်၏၊ ပလိဗောဓော- တည်း။ သကလံ- အလုံးစုံသော၊ အဟောရတ္တံ- နေ့ည၌ပတ်လုံး၊ ဓမ္မဿဝနံ- တရားနာခြင်းသည်၊ ဝါ- တရားပွဲသည်၊ ဟောတိ- ဖြစ်အံ့၊ အညော- အခြားသော၊ ဥဿာရကော ဝါ- သည်သော်လည်းကောင်း၊ ဓမ္မကထိကော ဝါ- သည်သော်လည်းကောင်း၊ ဥဒ္ဒါတိ- ထသွား၏၊ အညော- အခြားသော ဥဿာရကပုဂ္ဂိုလ် သို့မဟုတ် ဓမ္မကထိကပုဂ္ဂိုလ်သည်၊ နိသီဒတိ- ထိုင်လာ၏၊ ယော ယော- အကြင် အကြင် ရဟန်းသည်၊ အာဂန္တွာ- ၍၊ နိသီဒတိ- ၏။ တဿ တဿေဝ-

---

ဥဿာရကော။ ။ ဥဒ္ဓံ ဥဒ္ဓံ သာရေတီတိ- ဥဿာရကော၊ အထက် အထက်၌ ပါဠိကို ဖြစ်စေတတ်သောကြောင့် အသံသာသာဖြင့် ပါဠိကိုသာ ရွတ်ဆိုတတ်သော သရဘာဏကပုဂ္ဂိုလ်သည်ပင် "ဥဿာရက"မည်သည်။ (ဋီ၊ ၂၊၁၅၅။)

(ဓမ္မကထာယံ နိယုတ္တော- ဓမ္မကထိကော၊)- ပါဠိသက်သက်ကိုသာမက အနက်အဓိပ္ပါယ်ကိုပါ ဟောပြတတ်သော ပုဂ္ဂိုလ်ကို "ဓမ္မကထိက"ဟု ခေါ်သည်။

ဤနေရာက ဥဿာရကပုဂ္ဂိုလ်အတွက်, ဤနေရာက ဓမ္မကထိကပုဂ္ဂိုလ်အတွက်ဟု သီးသန့်ရည်မှတ် ခင်းထားအပ်သောကြောင့် (ဥဿာရကပုဂ္ဂိုလ် ဓမ္မကထိကပုဂ္ဂိုလ်တို့က) မစေခိုင်းဘဲ ခိုင်းထားအပ်ပါသော်လည်း ပါစိတ်အာပတ်ပင် ဖြစ်သင့်ကြောင်းကို "တသ္မိံ အာဂန္တွာ နိသိန္နေ တဿ ပလိဗောဓော"ဟူသော ပါဠိဖြင့်ပြသည်။

(သာရတ္ထ၊ ၃၊ ၂၇။)

http://www.dhammadownload.com

ထိုထိုထိုင်လာသော ရဟန်း၏သာ၊ ဘာရော- တည်း။ ပန- ဆက်၊ ဥဋ္ဌဟန္တေန- ထသွားသော ရဟန်းသည်၊ "ကဿ အာသနံ- ဤနေရာသည်၊ တုမှာကံ- အရှင်ဘုရားတို့၏၊ ဘာရော- တာဝန်ပါတည်း၊" ကွတိ- သို့၊ ဝတ္တာ- နောက်လာသော ရဟန်းအား ပြော၍၊ ဂန္တဗ္ဗံ- သွားရမည်။ ကွတရသ္မိံ- အခြားသော (နောက်က) ရဟန်းသည်၊ အနာဂတေ- မရောက်လာမီ၊ ပဌမံ- ရှေးဦးစွာ၊ နိသိန္နော- ထိုင်နေသော ရဟန်းသည်၊ ဥဋ္ဌာယ- ထ၍၊ သစေပိ ဂစ္ဆတိ- အကယ်၍မူလည်း သွားအံ့၊ ဧဝံ သတိ၊ တသ္မိံ စ- ထို ထသွားသော ရဟန်းသည်လည်း၊ အန္တောဥပစာရဋ္ဌယေဝ- ဥပစာအတွင်း၌ တည်စဉ်ပင်၊ ကွတရော- အခြားသောရဟန်းသည်၊ အာဂန္တွာ- ၍၊ နိသီဒတိ- ထိုင်အံ့၊ ဥဋ္ဌာယ- ထ၍၊ ဂတော- သွားသောရဟန်းကို၊ အာပတ္တိယာ- ဖြင့်၊ န ကာရေတဗ္ဗော- မဆုံးဖြတ်ထိုက်။ ပန- ဆက်၊ ကွတရသ္မိံ- သည်၊ အနာဂတေယေဝ- မီပင်၊ ပဌမံ- စွာ၊ နိသိန္နော- ထိုင်နေသော ရဟန်းသည်၊ အာသနာ- နေရာမှာ၊ ဥဋ္ဌာယ- ထ၍၊ လေဿုပါတံ- ခဲတစ်ကျအရပ်ကို၊ သစေ အတိက္ကမတိ- အံ့၊ ဧဝံ သတိ၊ အာပတ္တိယာ- ဖြင့်၊ ကာရေတဗ္ဗော- ၏။ "သဗ္ဗတ္ထ- အလုံးစုံသော အဆုံးအဖြတ်တို့၌၊ လေဿုပါတာ- တိက္ကမေ- ၌၊ ပဌမပါဒေ- ၌၊ ဒုက္ကဋံ၊ ဒုတိယပါဒေ ပါစိတ္တိယံ၊" ကွတိ- သို့၊ အယံ နယော- ကို၊ **မဟာပစ္စရိယံ**- ၌၊ ဝုတ္တော- ပြီ၊ ကွတိ အယံ- ဤသည်ကား၊ (ဝိနိစ္ဆယော- တည်း။)

၈၈။ ပန- ဆက်၊ ဝုတ္တပ္ပကာရသေနာသနတော- ဆိုအပ်ပြီးသော အပြားရှိသော အိပ်ရာနေရာမှ၊ အညံ- တစ်ပါးသော၊ သံယိက်- သော၊ စိမိလိက် ဝါ- ပုဆိုးကြမ်းကိုသော်လည်းကောင်း၊ ဥတ္တရတ္ထရဏံ ဝါ- ညောင်စောင်းစသည်တို့၏ အပေါ်၌ခင်းအပ်သော အခင်းကိုသော်လည်းကောင်း၊ ဘူမတ္ထရဏံ ဝါ- မြေပေါ်၌ခင်းအပ်သော အခင်းကိုသော်လည်းကောင်း၊ တင္ဖိကံ ဝါ- သပေါ့ဖျာကိုသော်လည်းကောင်း၊ စမ္မခဏ္ဍံ ဝါ- သားရေပိုင်းကိုသော်လည်းကောင်း၊ ပါဒပုဉ္ဆနိံ ဝါ- ခြေသုတ်ကိုသော်လည်းကောင်း၊ ဖလကပီဌံ ဝါ- ပျဉ်ချပ်အင်းပျဉ်ကိုသော်လည်းကောင်း၊ အဇ္ဈောကာသေ- ၌၊ သန္ထရိတွာ ဝါ- ခင်းပြီး၍သော်လည်းကောင်း၊ သန္ထရာပေတွာ ဝါ- ခင်းစေပြီး၍သော်လည်းကောင်း၊ တံ- ထိုခင်းထား

ပါဒပုဉ္ဆနိ် ဝါ ။ ။ ကြိုးများကို ရစ်ပိုင်းခွေထားလိုက်လျှင် ခြေသုတ်ကြိုးဝန်း ဖြစ်သည်။ သက်နိုးစုတ်များကို ကြိုးကျစ်၍ ရစ်ပိုင်းခွေထားလျှင်လည်း ပိလောတိက ခြေသုတ်ဖြစ်သည်။ ရှေးက ဤခြေသုတ်မျိုးသာရှိသည်၊ ယခုခေတ် ခြေသုတ်ဖုံများကိုကား အတ္ထန္တရဝိကပ္ပ ဝါသဒ္ဒါဖြင့် ယူရမည်။ (ဝိ၊ဋ္ဌ၊၃၃၊၄၁။)

http://www.dhammadownload.com

ပြီးသော သံဃိကစိမိလိကစသည်ကို၊ ပက္ကမန္တော- အရပ်တစ်ပါး ဖဲခွာထွက်သွား လိုလတ်သော်၊ သစေ နေဝ ဥဒ္ဓရတိ- အံ့၊ သစေ နဥဒ္ဓရာပေတိ- အံ့၊ အနာပုစ္ဆံ ဝါ- မပန်ပြောဘဲလည်း၊ သစေ ဂစ္ဆတိ- အံ့၊ ဧဝံ သတိ၊ ဒုက္ကဋ်။ အာဓာရကံ- သပိတ်ခြေကိုလည်းကောင်း၊ ပတ္တပိဓာနကံ- သပိတ်ဖုံးကိုလည်းကောင်း၊ ပါဒကဌလိကံ- ခြေပွတ်အိုးခြမ်းကိုလည်းကောင်း၊ တာလဝဏ္ဍံ- ထန်းရွက် ယပ်ဝန်းကိုလည်းကောင်း၊ ဗီဇနိပတ္တကံ- ယပ်အပြားကိုလည်းကောင်း၊ ယံ ကိဉ္စိ- အမှတ်မထား တစ်ပါးပါးသော၊ ဒါရုဘဏ္ဍံ- သစ်ဘဏ္ဍာကိုလည်းကောင်း၊ အန္တမသော- အောက်ထစ်ဆုံးအားဖြင့်၊ ပါနီယဥဋ္ဌုက်ံ- သောက်ရေမှုတ်ကို လည်းကောင်း၊ ပါနီယသခ်ံ- သောက်ရေခရုသင်းကိုလည်းကောင်း၊ အဇ္ဇျော- ကာသေ- လွင်တီးခေါင်၌၊ နိက္ခိပိတွာ- ထား၍၊ ဂစ္ဆန္တဿ- သွားသော ရဟန်း၏၊ ဒုက္ကဋ်ံ ဟောတိ။

အဇ္ဇျောကာသေ- ၌၊ ရဇနံ- ဆိုးရည်ကို၊ ပစိတွာ- ကျိုပြီး၍၊ ရဇနဘာဇနံ- ဆိုးရည်အိုးလည်းကောင်း၊ ရဇနဥဋ္ဌုက်ော- ဆိုးရည်မှုတ်လည်းကောင်း၊ ရဇန- ဒေါဏိကာ- ဆိုးရည်ထည့်စရာဇလားလည်းကောင်း၊ ဣတိ- ဤသို့ အစရှိ သော၊ သဗ္ဗံ- အလုံးစုံကို၊ အဂ္ဂိသာလာယ- မီးတင်းကုင်း၌၊ ပဋိသာမေတဗ္ဗံ- သိုမှီးသိမ်းဆည်းရာ၏၊ အဂ္ဂိသာလာ- သည်၊ သစေ နတ္ထိ- အံ့၊ အနောဝဿ- ကေ- မိုးမစွတ်အပ်သော၊ ပဗ္ဘာရေ- တောင်ဝှမ်း၌၊ နိက္ခိပိတဗ္ဗံ- ထားရာ၏၊ တသ္မိံပိ- ထိုတောင်ဝှမ်းသည်လည်း၊ အသတိ- သော်၊ ယတ္ထ- အကြင်အရပ်၌၊ သြလောကေန္တာ- ကြည့်ရှုကုန်သော၊ ဘိက္ခူ- တို့သည်၊ ပဿန္တိ- အလွယ်တကူ မြင်နိုင်ကုန်၏၊ တာဒိသေ- ထိုကဲ့သို့ ရှုအပ်သော၊ ဌာနေ- အရပ်၌၊ ဌပေတွာ- ထား၍၊ ဂန္တုံ- သွားခြင်းငှာ၊ ဝဋ္ဌတိ။

ပန- ဆက်၊ အညပုဂ္ဂလိကေ- တစ်ပါးသော ပုဂ္ဂိုလ်၏ ဥစ္စာ၌၊ မဥ္စပီဌာဒိ- သေနာသနေပိ- ညောင်စောင်း အင်းပျဉ်စသော အိပ်ရာနေရာ၌သော်မှလည်း၊ ဒုက္ကဋမေဝ- ဒုက္ကဋ်မျှသည်သာ၊ ဟောတိ။ ပန- ဆက်၊ ဧတ္ထ- ဤတစ်ပါးသော ပုဂ္ဂိုလ်၏ ဥစ္စာတို့တွင်၊ "ယသ္မိံ- အကြင်ပုဂ္ဂိုလ်၌၊ ဝိဿာသဂ္ဂါဟော- အကျွမ်းဝင် ခြင်းကြောင့် ယူခြင်းသည်၊ နရုဟတိ- မတက်ရောက်၊ ဝါ- အထမမြောက်၊ တဿ- ထိုပုဂ္ဂိုလ်၏၊ သန္တကေ- ဥစ္စာ၌၊ (အနုဒ္ဓရိတွာ ဝါ အနုဒ္ဓရာပေတွာ ဝါ ဂစ္ဆန္တဿ) ဒုက္ကဋ်။ ပန- နွယထောက်ချင့် အသင့်ပြဦးအံ့၊ ယသ္မိံ- အကြင်ပုဂ္ဂိုလ်၌၊ ဝိဿာသဂ္ဂါဟော- သည်၊ ရုဟတိ-တက်ရောက်၏၊ ဝါ- အထမြောက်၏၊

http://www.dhammadownload.com

တဿ- ထိုပုဂ္ဂိုလ်၏၊ သန္တကံ- ဥစ္စာသည်၊ အတ္တနော- မိမိ၏၊ ပုဂ္ဂလိကမေဝ- ပုဂ္ဂလိက ဥစ္စာသည်သာ၊ ဟောတိ၊" ဣတိ၊ **မဟာပစ္စရိယာဒီသု**- မဟာပစ္စရိအစရှိသော အဋ္ဌကထာတို့၌၊ ဝုတ္တံ- ဆိုအပ်ပြီ။ အတ္တနော- မိမိ၏၊ ပုဂ္ဂလိကေ ပန- ပုဂ္ဂလိက ဥစ္စာ၌ကား၊ အနာပတ္တိယေဝ- အာပတ်မသင့်သည်သာလျှင်၊ ဟောတိ။

ယော ဘိက္ခု ဝါ- အကြင်ရဟန်းသည်သော်လည်းကောင်း၊ ယော သာမဏေရော ဝါ- သည်သော်လည်းကောင်း၊ ယော အာရာမိကော ဝါ- အကြင်အာရာမ်စောင့်သည်သော်လည်းကောင်း၊ လဇ္ဇီ- ရှက်ခြင်းရှိသည်၊ ဟောတိ၊ အတ္တနော-၏၊ ပလိဗောဓံ ဝိယ- ပလိဗောဓကိုကဲ့သို့၊ မညတိ- မှတ်ထင်၏၊ တထာရူပံ- ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို၊ အနာပုစ္ဆိတ္တာ- မပန်ပြောမူ၍၊ ဂစ္ဆန္တသပိ- သွားသော ရဟန်း၏သော်မှလည်း၊ အနာပတ္တိ။ ပန- ဆက်၊ ယော- အကြင် ရဟန်းသည်၊ အာတပေ- နေပူ၌၊ ဩတာပေန္တော- ပူစေလျက်၊ (တစ်နည်း၊) အာတပေ ဩတာပေန္တော- နေလှမ်းလျက်၊ "အာဂန္တွာ- ပြန်လာ၍၊ ဥဒ္ဒရိဿာမိ-ရုပ်သိမ်းအံ့၊" ဣတိ- ဤသို့ကြံ၍၊ ဂစ္ဆတိ- သွား၏၊ တဿပိ- ထိုရဟန်း၏လည်း၊ အနာပတ္တိ ဟောတိ။

ဣတိ- ဖြင့်၊ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ- ၌၊ မဋ္ဌပိဌာဒိသံယိကသေနာသနေသု- ညောင်စောင်း အင်းပျဉ်စသော သံယိကအိပ်ရာ နေရာတို့၌၊ ပဋိပဇ္ဇိတဗ္ဗဝိနိစ္ဆယကထာ- ကျင့်သင့်ခြင်းနှင့်စပ်သော အဆုံးအဖြတ်စကားရပ်သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

လဇ္ဇီ ။ ။ ဤနေရာ၌ လဇ္ဇီပေသလ သိက္ခာကာမပုဂ္ဂိုလ်မျိုးကို လဇ္ဇီ-ဟု ဆိုထားသည် မဟုတ်ပါ။ မိမိဥစ္စာကိုကဲ့သို့ ဂရုတစိုက် စောင့်ရှောက်တတ်သော ပုဂ္ဂိုလ်မျိုးကိုသာ လဇ္ဇီ-ဟု ဆိုရသည်ဟု ပြလိုသောကြောင့် "အတ္တနော ပလိဗောဓံ ဝိယ မညတိ"ဟု လဇ္ဇီ-အရ ထပ်ဆင့်သရုပ်ဖော်ထားသည်။ အလဇ္ဇီ-ကို ပန်ပြော၍ သွားခြင်းငှာ မအပ်ဟု ဆိုကြသည်။ (သာရတ္ထ၊၃၊၂၈၊)

http://www.dhammadownload.com

၁၈။ ကာလိကဝိနိစ္ဆယကထာ

၈၉။ **ကာလိကာနိပိ စတ္တာရိ**တိ ဧတ္ထ- ရိဟူသော ဤမာတိကာပုဒ်၌၊ ယာဝ-ကာလိကံ- ယာဝကာလိကလည်းကောင်း၊ ယာမကာလိကံ- ယာမကာလိကလည်းကောင်း၊ သတ္တာဟကာလိကံ- လည်းကောင်း၊ ယာဝဇီဝိကံ- ယာဝဇီဝိကလည်းကောင်း၊ ဣတိ- သို့၊ စတ္တာရိ- လေးပါးကုန်သော၊ ဣမာနိ ကာလိကာနိ- ဤကာလိကတို့ကို၊ ဝေဒိတဗ္ဗာနိ- ကုန်၏။

တတ္ထ- ထိုကာလိကလေးပါးတို့တွင်၊ ပုရေဘတ္တံ- ဆွမ်း၏ ရှေ့အဖို့၌၊ ဝါ-နံနက်ခါနှင့်၌၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ပရိဘုဉ္ဇိတဗ္ဗံ- ဘုဉ်းပေးသုံးဆောင်ထိုက်သော၊ ယံ ကိဉ္စိ- အလုံးစုံသော၊ ခါဒနီယဘောဇနီယံ- ခဲဖွယ်ဘောဇဉ်သည်၊ (ယာဝကာလိကံ-၌ စပ်) ယာဝ- အကြင်မျှလောက်၊ မဏ္ဍန်ကသခီါတော- မွန်းတည့်ကာလဟု ဆိုအပ်သော၊ ကာလော- သည်၊ အတ္ထိ။ တာဝ- ထိုမွန်းတည့်ကာလတိုင်အောင်၊ ပရိဘုဉ္ဇိတဗ္ဗတော- စားကောင်းသည်၏ အဖြစ်ကြောင့်၊ **ယာဝကာလိကံ**- ယာဝကာလိကမည်၏။

အနုလောမပါနေဟိ- အနုလောမဖျော်ရည်တို့နှင့်၊ သဒ္ဒိံ- တကွ၊ အဌဝိဓံ-ရှစ်ပါးအပြားရှိသော၊ ပါနံ- ဖျော်ရည်သည်၊ ယာဝ- အကြင်မျှလောက်၊ ရတ္တိယာ-ညဉ့်၏၊ ပစ္ဆိမယာမသခီါတော- ပစ္ဆိမယာမ်ဟု ဆိုအပ်သော၊ ယာမော- သည်၊ အတ္ထိ၊ တာဝ- ထိုနောက်ဆုံးညဉ့်ယာမ်တိုင်အောင်၊ ပရိဘုဉ္ဇိတဗ္ဗတော- သုံးဆောင်ကောင်းသည်၏ အဖြစ်ကြောင့်၊ အဿ- ထိုဖျော်ရည်၏၊ ယာမော-နောက်ဆုံးညဉ့်ယာမ်ဟူသော၊ ကာလော- သုံးဆောင်ကောင်းရာ ကာလသည်၊ အတ္ထိ၊ ဣတိ- ကြောင့်၊ **ယာမကာလိကံ**- ယာမကာလိကမည်၏။

ကာလိကာနိ ။ ။ (ကာလေ တသ္မိံ တသ္မိံ ကာလဝိသေသေ) ပရိဘုဉ္ဇိတဗ္ဗာနိတိ-ကာလိကာနိ၊) နံနက်ပိုင်း, တစ်နေ့နှင့် တစ်ညဉ့် (တစ်ရက်), ခုနစ်ရက်, တစ်သက်ပန်ဟု ဆိုအပ်သော ထိုထိုကာလအထူးမှာ သုံးဆောင်ထိုက်သော အရာဝတ္ထုများကို "ကာလိက"ဟု ခေါ်သည်။

ယာဝကာလိက ။ ။ (ယာဝကာလံ ပရိဘုဉ္ဇိတဗ္ဗန္တိ- ယာဝကာလိကံ၊) အရုဏ်တက်သည်မှစ၍ မွန်းတည့်ကာလတိုင်အောင် ရဟန်းများ အကပ်ခံ၍ သုံးဆောင်ကောင်းသော ခဲဖွယ်ဘောဇဉ်သည် "ယာဝကာလိက"မည်၏။

ယာမကာလိက ။ ။ (ယာမကာလံ ပရိဘုဉ္ဇိတဗ္ဗန္တိ- ယာမကာလိကံ၊) အရုဏ်တက်ပြီးသည်မှစ၍ အကပ်ခံထားလျှင် နောက်ဆုံးညဉ့်ယာမ်အထိ (ဆာလောင်မွတ်သိပ်လျှင်) သောက်ကောင်းသော အဖျော်သည် "ယာမကာလိက"မည်၏။

http://www.dhammadownload.com

သပ္ပိအာဒိ- ထောပတ်အစရှိသော၊ ပဋ္ဌဝိဓံ- ငါးပါးအပြားရှိသော၊ ဘေသဇ္ဇံ- ဆေးသည်၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ သတ္တာဟံ- ခုနစ်ရက်ပတ်လုံး၊ နိဓေတဗ္ဗတော- သိုမှီးသိမ်းဆည်းကောင်းသည်၏ အဖြစ်ကြောင့်၊ အဿ- ထိုဆေး၏၊ သတ္တာဟော- ခုနစ်ရက်ဟူသော၊ ကာလော- သိုမှီးရာကာလသည်၊ အတ္ထိ၊ ဣတိ၊ **သတ္တာဟကာလိကံ**- သတ္တာဟကာလိကမည်၏။

ဥဒကံ- အမှုန်မပါသောရေကို၊ ဌပေတွာ- ချန်ထား၍၊ (အမှုန်မပါသောရေက ကာလိကဝိမုတ်ဖြစ်သောကြောင့် ချန်ထားရသည်၊ အမှုန်ပါလျှင်ကား ယင်းအမှုန်အတွက် ယာဝဇီဝိက ဖြစ်နေသည်၊) အဝသေသံ- ကာလိကသုံးပါးမှ ကြွင်းသော၊ သဗ္ဗမ်ပိ- အလုံးစုံသော အာဟာရကိုလည်း၊ ပဋိဂ္ဂဟိတံ- အကပ်ခံပြီးသည်၊ သမာနံ- ဖြစ်လသော်၊ ယာဝဇီဝံ- အသက်ထက်ဆုံး၊ ပရိဟရိတွာ- သွားလေရာဆောင်ယူ၍၊ ပစ္ဈယေ- ဂေလညအကြောင်းသည်၊ သတိ- ရှိလသော်၊ ပရိဘုဉ္ဇိတဗ္ဗတော- သုံးဆောင်ကောင်းသည်၏ အဖြစ်ကြောင့်၊ **ယာဝ-ဇီဝိကန္တိ**- ယာဝဇီဝိကဟူ၍၊ ဝုစ္စတိ။

၉၀။ တတ္ထ- ထိုကာလိကလေးပါးတို့တွင်၊ ယာဝကာလိကေသု- ယာဝကာလိကတို့၌၊ သြဒနော- ထမင်းလည်းကောင်း၊ ကုမ္မာသော- မကျက်တကျက် ပြုလုပ်ထားသော မုယောမုန့်လည်းကောင်း၊ သတ္တု- (ကြမ်းတမ်းစွာ ကြိတ်လှော်ထားသော) မုန့်မှုန့်လည်းကောင်း၊ မဏ္ဍော- ငါးလည်းကောင်း၊ မံသံ- အသားလည်းကောင်း၊ ဣတိ- ဤငါးမျိုးသည်၊ **ဘောဇနီယံ** နာမ- ဘောဇဉ်မည်၏၊ ပဋ္ဌ- ငါးပါးကုန်သော၊ ဘောဇနာနိ- ဘောဇဉ်တို့ကိုလည်းကောင်း၊ ယာမ-ကာလိကံ- ကိုလည်းကောင်း၊ သတ္တာဟကာလိကံ- ကိုလည်းကောင်း၊ ယာဝ-

---

သတ္တာဟကာလိက။ ။ (သတ္တာဟကာလံ ပရိဘုဉ္ဇိတဗ္ဗန္တိ- သတ္တာဟကာလိကံ၊) ထောပတ်စသော ဆေးငါးမျိုးသည် ထိုဆေးနှင့်သင့်သော ရောဂါရှိလျှင် အကပ်ခံပြီး သည့်နောက် ခုနစ်ရက်ထား၍ စားကောင်းသောကြောင့် "သတ္တာဟကာလိက"မည်၏။

ယာဝဇီဝိက။ ။ (ယာဝဇီဝံ ပရိဘုဉ္ဇိတဗ္ဗန္တိ- ယာဝဇီဝိကံ၊) ခဲဖွယ် (အချို့ပွဲသားရေစာ) အဖြစ်ဖြင့်လည်း စားလေ့မရှိ၊ ဘောဇဉ်မျိုးတွင်လည်း မပါဝင်သော အမြစ်အသီးစသော အာဟာရများသည် အကပ်ခံထား၍ မကျန်းမာခြင်း, ဖျားနာခြင်းဟူသော (ဂေလည) အကြောင်းရှိလျှင် တစ်သက်လုံးထားလျက် အချိန်မရွေး စားနိုင်သောကြောင့် "ယာဝဇီဝိက"မည်သည်။ (ဋီကာများ၌ ဝိဂ္ဂဟတစ်မျိုးလုပ်ထားသည်၊ အလိုရှိက ရှုတော့။)

http://www.dhammadownload.com

ဇီဝိကဥ္စ- ယာဝဇီဝိကကိုလည်းကောင်း၊ ၎ပေတွာ- ထား၍၊ အဝေသေသံ- ကြွင်းသော အစားအစာသည်၊ **ခါဒနီယံ** နာမ- ခဲဖွယ်မည်၏။

ပန- ဆက်၊ ဧတ္ထ- ဤအဝသေသံ ခါဒနီယံ နာမဟူသော စကားရပ်၌၊ တာဝ- ဝနမူလစသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌံ၊) သက္ခလိမောဒကာဒိ- ပူရီ လဋ္ဌူးမုန့် အစရှိသော၊ ပုဗ္ဗဏ္ဏာပရဏ္ဏမယံ- ကောက်ဖြင့်ပြုအပ်, ပဲဖြင့်ပြုအပ်သော၊ ယံ ခါဒနီယံ- အကြင်ခဲဖွယ်သည်၊ အတ္ထိ၊ တတ္ထ- ထိုကောက်, ပဲတို့ဖြင့် ပြုအပ်သော ခဲဖွယ်၌၊ ဝတ္တဗ္ဗမေဝ- ခါဒနီယဟု ဆိုဖွယ်သည်ပင်၊ နတ္ထိ- မရှိ၊ ဝနမူလာဒိပ္ပ- ဘေဒံ- တောသစ်မြစ်အစရှိသော အပြားရှိသော၊ ယမ္ပိ- အကြင်ခဲဖွယ်သည် လည်း၊ အာမိသဂတိကံ- အာမိသနှင့်အလားတူသည်၊ ဟောတိ။ (အာမိသဂတိ- ကံ-ဖြင့် ဆေးသဘောရှိသော အမြစ်စသည်ကို တားမြစ်သည်၊) သေယျထိဒံ- ထိုအာမိသနှင့်အလားတူသော ခဲဖွယ်ဟူသည် အဘယ်နည်း၊ မူလခါဒနီယံ- အမြစ်ခဲဖွယ်လည်းကောင်း၊ ကန္ဒခါယနီယံ- အဥခဲဖွယ်လည်းကောင်း၊ မုဋ္ဌာလ- ခါဒနီယံ- ကြာစွယ်ကြာရင်းခဲဖွယ်လည်းကောင်း၊ မတ္ထကခါဒနီယံ- အညှောက် ခဲဖွယ်လည်းကောင်း၊ ခန္ဓခါဒနီယံ- ပင်စည်ခဲဖွယ်လည်းကောင်း၊ တစခါဒနီယံ- အခေါက်အခွံခဲဖွယ်လည်းကောင်း၊ ပတ္တခါဒနီယံ- အရွက်ခဲဖွယ်လည်းကောင်း၊ ပုပ္ဖခါဒနီယံ- အပွင့်ခဲဖွယ်လည်းကောင်း၊ ဖလခါဒနီယံ- အသီးခဲဖွယ်လည်း

သက္ခလိ+မောဒက။ ။ သက္ခလိကို ဆရာများက မုန့်ကြွက်ကျစ်ဆိုကြသည်၊ ဦးဟုတ်စိန်အဘိဓာန်၌ မုန့်ကျွဲသည်းဟု ဆိုသည်၊ (Da) ၌ မုန့်တစ်မျိုး (A sort of cake) သို့မဟုတ် သကြားမုန့် သကြားလုံး သကြားခဲ (or sweet meat) ဟု ဆိုသည်၊ (Mac) ၌ အစာသွတ် ဖုတ်မုန့်တစ်မျိုး (kind of paslry) ဟု ဆိုသည်၊ (Mo)၌ ဆန်မှုန့်နှင့် သိကြား, နှမ်းတို့ကို ရောကြော်ထားသော မုန့်ဝိုင်းကြီးဟု ဆိုသည်၊ (Su) ၌ ထောပတ်ဖြင့် ကျော်ထားသည့် ပါးလွှာသောမုန့်၊ မုန့်နှင့်အလားတူ စားစရာတစ်မျိုး၊ (Anything Like Cake) ဟု ဆိုဏ်၊ သဒတ္ထနှင့် နာတို့၌ ပုရီ ပူဒင်း၊ (နနွင်းမကင်း) ထောပတ်ဖြင့် ကြော်ထားသော စားဖွယ်စသည်ဟု ဆိုဏ်၊ ဘာရတီယ၌ ပူရီယာဂု (ယက်မန်း) ဟု ဆိုဏ်။

မောဒကကိုမူ၊ လဋ္ဌူးမုန့်, ဗယာကြော်, သကြားလုံး, သကြားခဲ, မလိုင်မုန့်, ကတွတ် မုန့် (ကတွတ်သီးနှင့် တူသော မုန့်တစ်မျိုး) ဟု ဖွင့်ဆိုကြ၏။

သို့ဖြစ်၍ မောဒကစာရင်းဝင် မုန့်လုံးများမှတစ်ပါး ကြွင်းသော မုန့်များ ယာဂုများကို သက္ခလိခေါ်သည်ဟု ယူက သင့်မည်ထင်ပေသည်။ အာဒိသဒ္ဒါဖြင့် ပြောင်းပြုတ်, မုန့်ဆန်းစသည်တို့ကို ယူပါ။

http://www.dhammadownload.com

ကောင်း၊ အဋ္ဌခါဒနီယံ- အစေ့ခဲဖွယ်လည်းကောင်း၊ ပိဋ္ဌခါဒနီယံ- အမှုန့်ခဲဖွယ်လည်းကောင်း၊ နိယျာသခါဒနီယံ- အစေးခဲဖွယ်လည်းကောင်း၊ ဣတိ- ဤသည်တို့ပင်တည်း၊ ဣဒမ္မိ- မူလခါဒနီယစသော ဤအလုံးစုံသည်လည်း၊ ခါဒနီယသခ္ခိမေဝ- ခါဒနီယ၌ ရေတွက်အပ်သည်၏ အဖြစ်သို့သာ၊ ဂစ္ဆတိ- ရောက်၏။ (ဘောဇနီယကဲ့သို့ အလုတ်ပြု၍ မစား၊ ကိုက်ခဲ၍ စားရသော ကြောင့် ယင်းမူလစသောအားလုံးကို ခဲဖွယ် (ခါဒနီယ) ဟု ခေါ်သည်။)

ပန- ဆက်၊ တတ္ထ- ထို ၁၂-ပါးသော ခါဒနီယတို့၌၊ အာမိသဂတိကသလ္လက္ခဏတ္ထံ- အာမိသနှင့်အလားတူသည်၏အဖြစ်ကို မှတ်သားခြင်း အကျိုးငှာ၊ ဣဒံ- ဤဆိုအပ်လတ္တံ့ကား၊ မုခမတ္တနိဒဿနံ- အမြွက်မျှကို ပြဆိုကြောင်း စကားတည်း၊ ဝါ- အနည်းငယ်မျှသော ခါဒနီယတို့ကို ပြဆိုကြောင်း စကားတည်း၊ တာဝ- ကန္ဒခါဒနီယစသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေ- သော၊) **မူလခါဒနိယေ**- အမြစ်ခဲဖွယ်၌၊ (အာမိသဂတိကာနိ-၌ စပ်၊) မူလကမူလံ မုန်လာမြစ်လည်းကောင်း၊ (မုန်လာဥ) ခါရကမူလံ- ဟင်းခါးမြစ်လည်းကောင်း၊ စစ္စုမူလံ- ဟင်းဂလာမြစ်လည်းကောင်း၊ တမ္ဗကမူလံ- ဟင်းချဉ်နီမြစ်လည်းကောင်း၊ တက္ကာလေယျကမူလံ- ဟင်းဆန်ကွဲမြစ်လည်းကောင်း၊ ဝတ္ထုလေယျကမူလံ- မြူမြစ်လည်းကောင်း၊ (မြူပင်သည် တစ်နှစ်ခံပင်မျိုး ဖြစ်သည်၊ သဲသောင်ခုံစပ်တွင် အလေ့ကျ ပေါက်တတ်သည်၊ အရွက်ကို သုပ်၍စားကြသည်၊) ဝဇကလိမူလံ- ကင်းပိမ့်မြစ်လည်းကောင်း၊ ဇဏ္ဏရိမူလံ- ဟင်းခါးပန်းတူမြစ်လည်းကောင်း၊ ဣတိ ဧဝမာဒီနိ- ဤသို့ အစရှိကုန်သော၊ သူပေယျပဏ္ဏမူလာနိ- ဟင်းချက်၍ရကောင်းသော အရွက်ရှိသော သစ်ပင်၏ အမြစ်တို့သည်၊ အာမိသဂတိကာနိ- အာမိသနှင့် အလားတူကုန်၏။ စ- ဆက်၊ ဧတ္ထ- ဤအမြစ်တို့တွင်၊ ဝဇကလိမူလေကင်းပိမ့်မြစ်၌၊ ဇရဏ္ဍံ- ရင့်သည်၏ အဖြစ်ဖြင့် တည်သော အပိုင်းကို၊ (ဝါ- ရင့်သော အပိုင်းကို) ဆိန္နိတွာ- ဖြတ်၍၊ ဆဋ္ဌေန္တိ- စွန့်ပစ်ကြကုန်၏၊ တံ- ထိုရင့်သော အပိုင်းသည်၊ ယာဝဇီဝိကံ- သည်၊ ဟောတိ၊ အညမ္ပိ- အခြားလည်းဖြစ်သော၊ ဧဝရူပံ- ဤသို့ သဘောရှိသော ရင့်သော အပိုင်းကို၊ ဧတေနေဝ နယေန- ဤနည်းဖြင့်သာ၊ ဝေဒိတဗ္ဗံ- သိထိုက်၏။ ပန- ဆက်၊ မူလကခါရက-

---

သူပေယျပဏ္ဏမူလာနိ။ ။ (သူပသ ဟိတံ- သူပေယျံ၊ သူပေယျံ ပဏ္ဏံ ယေသန္တိ- သူပေယျပဏ္ဏာ၊ တေသံ မူလာနိ- သူပေယျပဏ္ဏမူလာနိ၊) ဟင်းချက်စားရသော အရွက်ရှိသည့် သစ်ပင်တို့၏ အမြစ်များ။

http://www.dhammadownload.com

ဇဏ္ဍရိမူလာနံ- မုန်လာမြစ်, ဟင်းခါးမြစ်, ဟင်းခါးပန်းတူမြစ်တို့၏၊ ဇရဌာနိပိ-ရင့်သည်၏ အဖြစ်ဖြင့် တည်သော အပိုင်းတို့သည်လည်း၊ အာမိသဂတိကာ-နေဝ- အာမိသနှင့် အလားတူကုန်သည်သာ၊ ဣတိ- ဤသို့၊ ဝုတ္တံ- ရှေးအဋ္ဌကထာတို့၌ ဆိုအပ်ပြီ။

ပန- ဆက်၊ ယာနိ- အကြင်အမြစ်တို့ကို၊ (ဝုတ္တာနိ-၌ စပ်၊) ပါဠိယံ- (ဝိနည်းမဟာဝါဘေသဇ္ဇက္ခန္ဓက) ပါဠိတော်၌၊ အနုဇာနာမိ။ပ။ ဖရန္တိ- ဟူ၍၊ ဝုတ္တာနိ- ဟောတော်မူအပ်ကုန်ပြီ၊ တာနိ- ထိုအမြစ်တို့သည်၊ ယာဝဇီဝိကာနိ- ယာဝဇီဝိကတို့တည်း။

"ဘိက္ခဝေ- တို့၊ မူလာနိ- အမြစ်ဖြစ်ကုန်သော၊ ဘေသဇ္ဇာနိ- ဆေးတို့ကို၊ ဟလိဒ္ဒိ- နနွင်းကိုလည်းကောင်း၊ သဂိဝေရံ- ချင်းကိုလည်းကောင်း၊ ဝစံ-လင်းလေကိုလည်းကောင်း၊ ဝစတ္တံ- ဆိပ်ဖူးကိုလည်းကောင်း၊ အတိဝိသံ-တိဂုတ်ကိုလည်းကောင်း၊ ကဋုကရောဟိဏိံ- ကုလားဆောင်းမေးခါးကိုလည်းကောင်း၊ ဥသီရံ- ပန်းရင်းကိုလည်းကောင်း၊ ဘဒ္ဒမုတ္တကံ- နွားမြေရင်းကိုလည်းကောင်း၊ အနုဇာနာမိ- ခွင့်ပြုတော်မူ၏၊ ဝါ ပန- သည်သာမကသေး၊ အညာနိပိ- ဆိုအပ်ပြီးမှ တစ်ပါးလည်းဖြစ်ကုန်သော၊ မူလာနိ-အမြစ်ဖြစ်ကုန်သော၊ ယာနိ ဘေသဇ္ဇာနိ- တို့သည်၊ အတ္ထိ- ရှိကုန်၏၊ (ယာနိ- အကြင်အမြစ်ဟူသော ဆေးတို့သည်၊) ခါဒနီယေ- ခဲဖွယ်အရာ၌၊ ခါဒနီယတ္ထံ- ခဲဖွယ်၏ ကိစ္စကို၊ နေဝ ဖရန္တိ- မပြီးစေနိုင်ကုန်၊ ဘောဇနီယေ-ဘောဇဉ်၏အရာ၌၊ ဘောဇနီယတ္ထံ- ဘောဇဉ်၏ ကိစ္စကို၊ န ဖရန္တိ- ကုန်၊ (တာနိ- ထိုအမြစ်ဟူသော ဆေးတို့ကို၊ အနုဇာနာမိ။)"

တေသံ- ထိုအမြစ်တို့၏၊ စူဠပစ္စမူလံ- စူဠပစ္စမူလလည်းကောင်း၊ မဟာပစ္စမူလံ-မဟာပစ္စမူလလည်းကောင်း၊ ဣတိအာဒိနာ နယေန- ဤသို့အစရှိသောနည်းဖြင့်၊ ဂဏိယမာနာနံ- ရေတွက်အပ်ကုန်လသော်၊ ဝါ- အပ်ကုန်သော၊ တေသံ- ထိုအမြစ်တို့၏၊ ဂဏနာယ- ရေတွက်ကြောင်း ဂဏန်း၏၊ အန္တော- အဆုံးသည်၊

ခါဒနီယေ ခါဒနီယတ္ထံ။ ။ မုန့်စသော ခဲဖွယ်တို့၌ရှိသော ခဲဖွယ်ကိစ္စနှင့် ခဲဖွယ်တို့က ပြုအပ်သော မွတ်သိပ်ဆာလောင်မှုကို ပယ်ဖျောက်ခြင်းဟူသော အကျိုးကို မပြီးစေနိုင်။ (ဝိမတိ၊ ၂၊၃၂၂။)

အဇ္ဈသဒ္ဒါ။ ။ ကိစ္စနှင့် အကျိုးအနက်ဟောဟု ယူလိုဟန် တူသည်၊ ခဲဖွယ်အနေဖြင့် အသုံးမဝင်ဟု ဆိုလိုပေသည်။

http://www.dhammadownload.com

နတ္ထိ- မရှိနိုင်၊ ပန- စင်စစ်ကား၊ ခါဒနီယတ္ထဉ္စ- ခဲဖွယ်၏ကိစ္စကိုလည်းကောင်း၊ ဘောဇနီယတ္ထဉ္စ- ဘောဇဉ်၏ကိစ္စကိုလည်းကောင်း၊ အဖရဏဘာဝေါယေဝ- မပြီးစေတတ်သည်၏ အဖြစ်သည်သာလျှင်၊ တေသံ- ထိုယာဝဇီဝိကတို့၏၊ လက္ခဏံ- အမှတ်လက္ခဏာပေတည်း။ တသ္မာ- ကြောင့်၊ ယံ ကိဉ္စိ- သော၊ မူလံ- သည်၊ တေသု တေသု ဇနပဒေသု- ထိုထိုဇနပုဒ်တို့၌၊ ပကတိအာဟာရ- ဝသေန- ရိုးရာအာဟာရ၏ အစွမ်းဖြင့်၊ မနုဿာနံ- တို့၏၊ ခါဒနီယတ္ထံ- ကိုလည်းကောင်း၊ ဘောဇနီယတ္ထဉ္စ- ကိုလည်းကောင်း၊ ဖရတိ- ပြီးစေနိုင်၏၊ တံ- ထိုအမြစ်သည်၊ ယာဝကာလိကံ- ယာဝကာလိကတည်း၊ ဣတရံ- အခြားသော အမြစ်သည်၊ (ခါဒနီယတ္ထ ဘောဇနီယတ္ထကို မပြီးစေနိုင်သော အမြစ်သည်၊) ယာဝဇီဝိကံ- တည်း၊ ဣတိ၊ ဝေဒိတဗ္ဗံ- သိထိုက်၏။

ဟိ- မှန်၊ သုဗဟုံ- အလွန်များစွာ၊ ဝတ္တာပိ- ဆို၍လည်း၊ ဣမသ္မိံယေဝ လက္ခဏေ- ၌သာ၊ ဌာတဗ္ဗံ- တည်ရာ၏။ ပန- ဆက်၊ နာမသညာသု- အမည်သညာတို့ကို၊ ဝုစ္စမာနာသု- ဆိုအပ်ကုန်လသော်၊ တံ ကံ နာမံ- ထိုထိုနာမည်ကို၊ အဇာနန္တာနံ- မသိကုန်သော ပုဂ္ဂိုလ်တို့၏၊ သမ္မောဟောယေဝ- ပြင်းစွာတွေဝေခြင်းသည်သာ၊ ဟောတိ။ တသ္မာ- ကြောင့်၊ နာမသညာယ- ၌၊ အာဒရံ- အလေးဂရုကို၊ အကတွာ- မပြုမူ၍၊ လက္ခဏမေဝ- ကိုသာ၊ ဒဿိတံ- ပြအပ်ပြီ။ ဝါ- ပြလိုက်ပြီ။ (ခဲဖွယ်အနေ ဘောဇဉ်အနေဖြင့် အကျိုးသက်ရောက်မှုရှိလျှင် ယာဝကာလိက၊ မရှိလျှင် ယာဝဇီဝိက-ဟူသော လက္ခဏာကိုသာ ပြထားလိုက်သည်။) စ- ဆက်၊ မူလေ- ၌၊ လက္ခဏံ- ကို၊ ဒဿိတံ ယထာ- ပြအပ်သကဲ့သို့၊ ဧဝံ- ဤအတူ၊ ကန္ဒာဒီသုပိ- သစ်ဥအစရှိသော ခဲဖွယ်တို့၌လည်း၊ လက္ခဏံ-

---

တေသု တေသု ဇနပဒေသု။ ။ တစ်ခုသောအရပ်မှာ အာဟာရကိစ္စကို ပြီးစေနိုင်ပါသော်လည်း အခြားအရပ်မှာ မြေဆီ, မြေလွှာ, မြေဩဇာစသည်တို့၏ ကွဲပြားခြားနားမှုကြောင့် အာဟာရကိစ္စကို မပြီးစေနိုင်ဘဲလည်း ဖြစ်ကောင်းဖြစ်နိုင်သည်ဟု ပြလိုသောကြောင့် "တေသု တေသု ဇနပဒေသု"စသော စကားကို မိန့်ဆိုထားရပေသည်။ (ဝိမတိ၊၂၊၃၂၂။)

ဇနပုဒ်တစ်ခု၌ အာဟာရကိစ္စကို ပြီးစေတတ်သောခဲဖွယ်သည် ကြွင်းသော ဇနပုဒ်တို့၌လည်း မအပ်ဟု ဆိုလိုသည်။ (သာရတ္ထ၊၃၊၆၅။)

သာရတ္ထစကားကို ကေစိဝါဒအနေဖြင့် ဝိမတိက ပြထားသည်၊ ဝိနယာလင်္ကာရဋီကာဆရာလည်း ဝိမတိနောက်ကို လိုက်သည်။

http://www.dhammadownload.com

ကို၊ ဒဿယိဿာမ- ပြကြရကုန်အံ့၊ တသော၀- ထိုလက္ခဏာနှင့်သာ၊ ၀သေန- စပ်သဖြင့်၊ ဝိနိစ္ဆယော- အဆုံးအဖြတ်ကို၊ ဝေဒိတဗ္ဗော- သိထိုက်၏။ စ- ဆက်၊ ပါဠိယံ- ပါဠိတော်၌၊ ဟလိဒ္ဒါဒိ- နန္ဒင်းအစရှိသော၊ အဋ္ဌဝိဓံ- သော၊ ယံ တံ- အကြောင်ခဲဖွယ်ကို၊ ဝုတ္တံ- ဟောတော်မူအပ်ပြီ၊ တဿ- ထိုအမြစ်ခဲဖွယ်၏၊ ခန္ဓတစပုပ္ဖဖလာဒိ- ပင်စည်, အခေါက်, အပွင့်, အသီး အစရှိသော၊ သဗ္ဗံ- အလုံးစုံသည်၊ ယာဝဇီဝိကံ- တည်း၊ ဣတိ- သို့၊ ဝုတ္တံ- (ရှေးအဋ္ဌကထာများ၌) မိန့်ဆိုအပ်ပြီ။

ကန္ဒခါဒနီယေ- သစ်ဥခဲဖွယ်၌၊ ကန္ဒော- သစ်ဥသည်၊ ဒီယော- ရှည်သော၊ ဘိသကိံသုကကန္ဒာဒိ စ- ကြာစွယ်ပေါက်ဥအစရှိသော ဥမျိုးလည်းကောင်း၊ ဝဋ္ဋော- လုံးသော၊ (အလုံးအဝိုင်းဖြစ်သော) ဥပ္ပလကသေရုကကန္ဒာဒိ စ- ကြာဥ ဝက်မြေဥအစရှိသော ဥမျိုးလည်းကောင်း၊ (ဣတိ- သို့) ဒုဝိဓော- နှစ်ပါးအပြား ရှိ၏၊ ယံ- ယင်း အဥကို၊ ဂဏှိတိပိ- အဆစ်အဖုဟူ၍လည်း၊ ဝဒန္တိ- ဆိုကုန်၏။ တတ္ထ- ထိုကန္ဒခါဒနီယ၌၊ သဗ္ဗေသံ- ကုန်သော၊ ကန္ဒာနံ- တို့၏၊ ဇိဏ္ဏဇရဋ္ဌဌာန- ဆွေးမြေ့သော အပိုင်း, ရင့်သည်၏အဖြစ်ဖြင့် တည်သော အပိုင်းတို့၏ လည်း၊ ဆလ္လိ စ- အခွံအခေါက်သည်လည်းကောင်း၊ သုခုမမူလာနိ စ- သိမ်မွေ့ သေးငယ်သော အမြစ်တို့သည်လည်းကောင်း၊ ယာဝဇီဝိကာနိ- တို့တည်း၊ ပန- ကား၊ တရုဏော- နုသော၊ သုခါဒနီယော- လွယ်ကူစွာ ခဲအပ်ခဲနိုင်သော၊ သာလကလျာဏိပေါတကကန္ဒော- နပဲပင်ငယ်၏ အဥလည်းကောင်း၊ ကိံသုကပေါတကကန္ဒော- ပေါက်ပင်ငယ်၏ အဥလည်းကောင်း၊ အမ္ဗာဋကကန္ဒော- ငွေးပင်၏ အဥလည်းကောင်း၊ ကေတကကန္ဒော- ဆပ်သွားဥလည်းကောင်း၊ မာလုဝကန္ဒော- ကညင်ဥလည်းကောင်း၊ ဘိသသခ္ခိတော- ကြာစွယ် ကြာရင်း ဟု ဆိုအပ်သော၊ ပဒုမပုဏ္ဍရီကကန္ဒော- ပဒုမ္မာကြာဥ ပုဏ္ဍရိက်ကြာဥလည်း ကောင်း၊ ပိဏ္ဍာလုမသာလုအာဒယော စ- သတွေးဥ မျောက်ဥအစရှိသည်တို့ လည်းကောင်း၊ ခီရဝလ္လိကန္ဒော- ဥမွန်းဥလည်းကောင်း၊ အာလုဝကန္ဒော- ပိန်းဥလည်းကောင်း၊ သိဂ္ဂကန္ဒော၊ ဒန္ဒသလွန်ဥလည်းကောင်း၊ တာလကန္ဒော- ထန်းဥ (ထန်းပင်မြစ်)လည်းကောင်း၊ နီလုပ္ပလရတ္တုပ္ပလကုမုဒသောဂန္ဓိကာနံ- ကြာညို, ကြာနီ, ကုမုဒြာကြာ, ကြာသိမ်တို့၏၊ (ဖြူသောကြာသိမ် ညနေချမ်း၌ ပွင့်သောကြာမျိုးကိုယူ၊ အမ-နှိ၊) ကန္ဒာ- အဥတို့လည်းကောင်း၊ ကဒလိကန္ဒော- ငှက်ပျောဥလည်းကောင်း၊ ဝေဠုကန္ဒော- ဝါးဥလည်းကောင်း၊ ကသေရုက-

http://www.dhammadownload.com

ကန္ဒော- ဝက်မြေဥလည်းကောင်း၊ ဣတိ ဧဝမာဒယော- ဤသို့အစရှိကုန်သော၊ တေသု တေသု ဇနပဒေသု- တို့၌၊ ပကတိအာဟာရဝသေန- ရိုးရာအာဟာရ၏အဖြစ်ဖြင့်၊ မနုဿာနံ ခါဒနီယတ္ထာဉ္စ ဘောဇနီယတ္ထာဉ္စ၊ ဖရဏကကန္ဒာ- ပြီးစေနိုင်သော အဥတို့သည်၊ ယာဝကာလိကာ- တို့တည်း။ ခီရဝလ္လိကန္ဒော- ဥမွန်းဥသည်၊ အဓောတော- (စပ်သော အရသာကုန်အောင်) မဆေးကြောအပ်သေးသည်၊ သမာနော- သော်၊ ယာဝဇီဝိကော- တည်း၊ ဓောတော- ဆေးကြောအပ်ပြီးသည်၊ သမာနော- သော်၊ ယာဝကာလိကော- တည်း။ ပန- ကား၊ ခီရကာကောလိဇီဝိကဥသဘကလသုဏာဒိကန္ဒာ- မျောက်ငိုဥ, သစ်ခွဥ, ကြက်သွန်နီဥ, ကြက်သွန်ဖြူဥအစရှိကုန်သော အဥတို့သည်၊ ယာဝဇီဝိကာ- တို့တည်း၊ တေ- ထိုအဥတို့ကို၊ ပါဠိယံ- ပါဠိတော်၌၊ "ယာနိ။ပ။ ဘေသဇ္ဇာနိ"တိ- ဟူ၍၊ ဧဝံ- သို့၊ မူလဘေသဇ္ဇသင်္ဂဟေနေဝ- မူလဘေသဇ္ဇ၌ သွင်းယူခြင်းဖြင့်သာလျှင်၊ သင်္ဂဟိတာ- သွင်းယူအပ်ကုန်ပြီ။

မူဠာလဓါဒနိယေ- အစွယ်အရင်းခဲဖွယ်၌၊ ပဒုမမူဠာလံ- ပဒုမ္မာကြာစွယ်သည်လည်းကောင်း၊ ပဏ္ဍရီကမူဠာလံ- ပုဏ္ဍရိက်ကြာစွယ်သည်လည်းကောင်း၊ မူလသဒိသံယေဝ- အမြစ်နှင့်တူသည်သာ၊ (ပဒုမမူဠာလံ- သည်၊ ပုဏ္ဍရီကမူဠာလသဒိသမေဝ- ပုဏ္ဍရိက်ကြာစွယ်နှင့် တူသည်သာ-ဟု ဝိ၊ဋ္ဌ၊၃။၌ ရှိ၏။) ဟောတိ။ ဧရကမူဠာလံ- ပြိတ်မြက်စွယ်လည်းကောင်း၊ ကန္ဒုလမူဠာလံ- ကြာညိုစွယ်လည်းကောင်း၊ ဣတိ ဧဝမာဒိ- ဤသို့အစရှိသော၊ တေသု တေသု ဇနပဒေသု ပကတိအာဟာရဝသေန မနုဿာနံ ခါဒနီယတ္ထံ ဘောဇနီ ယတ္ထဉ္စ ဖရဏကမူဠာလံ- ပြီးစေနိုင်သော အစွယ်သည်၊ ယာဝကာလိကံ- တည်း၊ ပန- ကား၊ ဟလိဒ္ဒိသိင်္ဂိဝေရမကစိစတုရဿဝလ္လိကေတကတာလဟိန္တာလကုန္တာလနာဠိကေရပူဂရုက္ခာဒိမူဠာလံ- နန္ဒင်း, ချင်း, သင်ပန်း, ကြံဟင်းနွယ်, ဆပ်သွား, ထန်း, ဓနုန်း, မင်းပေါ, အုန်း, ကွမ်းသီးပင် အစရှိသည်တို့၏ အစွယ်သည်၊ ယာဝဇီဝိကံ- တည်း။ တံ သဗ္ဗမိဿ- ထိုအလုံးစုံသော အစွယ်ကိုလည်း၊ ပါဠိယံ- ၌၊ "ယာနိ။ပ။ ဘေသဇ္ဇာနိ"တိ- ဟူ၍၊ ဧဝံ မူလဘေသဇ္ဇသင်္ဂဟေနေဝ သင်္ဂဟိတံ။

ကန္ဒုလမူဠာလံ ။ ။ ဆရာများက သက္ကဋကန္ဒဋ္ဌသို့လိုက်၍ ကန္ဒလမူလံ- ကြာဖြူစွယ်လည်းကောင်းဟု ပြင်ပေးကြသည်၊ တိဝိ- ဓာန်၌ ကန္ဒုလမူဠာလ- ပေါက်ပေါက်စွယ်ဟု အနက်မြန်မာပြန်ဆိုထားသည်။ (Mo) ၌ ကန္ဒော်ဋ္ဌဟု တည်ပုဒ်ပြလျက် ကြာညို (The Blue Lotus) ဟု အဓိပ္ပါယ်ဖွင့်ပြထားသည်။ သို့ဖြင့် ဤ၌လည်း ကန္ဒုလမူဠာလ- ကြာညိုစွယ်ဟုပင် အနက်မြန်မာ ပြန်ဆိုလိုက်ပါသည်။

http://www.dhammadownload.com

မတ္ထကခါဒနိယေ- အညောက်ခဲဖွယ်၌၊ တာလဟိန္တာလကုန္တာလကေတက-နာဠိကေရပူဂရုက္ခခဇ္ဇုရိဝေတ္တဇေရကကဒလီနံ- ထန်းပင်, ဓနုန်းပင်, မင်းပေါပင်, ဆပ်သွားပင်, အုန်းပင်, ကွမ်းသီးပင်, စွန်ပလွန်ပင်, ကြိမ်ပင်, ပြိတ်ပင်, ငှက်ပျောပင်တို့၏။ ကဠီရသခါဒိတာ- အညောက်ဟုဆိုအပ်ကုန်သော၊ မတ္ထကာ- ဦးထိပ်တို့လည်းကောင်း၊ ဝေဏုကဠီရော- ဝါးညောက်လည်းကောင်း၊ နဠကဠီရော- ကျူညောက်လည်းကောင်း၊ ဥစ္ဆုကဠီရော- ကြံညောက်လည်းကောင်း၊ မူလကကဠီရော- မုန်လာညောက်လည်းကောင်း၊ သာသပကဠီရော- မုန်ညင်းညောက်လည်းကောင်း၊ သတာဝရိကဠီရော- ကညွတ် (ရှဉ့်မတက်) အညောက်လည်းကောင်း၊ သတ္တန္နံ- ကုန်သော၊ ဓညာနံ- စပါးမျိုးတို့၏၊ ကဠီရာ- အညောက်တို့လည်းကောင်း၊ ဣတိ ဧဝမာဒိ- သော၊ တေသု တေသု ဇနပဒေသု ပကတိ-အာဟာရဝသေန မနုဿာနံ ခါဒနီယတ္ထံ ဘောဇနီယတ္ထဉ္စ ဖရဏကော- ပြီးစေနိုင်သော၊ ရုက္ခဝလ္လိအာဒီနံ- သစ်ပင် နွယ်ပင်အစရှိသည်တို့၏၊ မတ္ထကော- ဦးထိပ်သည်၊ ယာဝကာလိကော- တည်း၊ ဟလိဒ္ဒိသိဂိဝေရဝစမကစိလသုဏာနံ- နန္ဒင်း, ချင်း, လင်းလေ, သင်ပန်း, ကြက်သွန်ဖြူတို့၏၊ ကဠီရာ- အညောက်တို့သည်လည်းကောင်း၊ တာလဟိန္တာလကုန္တာလနာဠိကေရကဠီရာနံ- ထန်း, ဓနုန်း, မင်းပေါ, အုန်းညောက်တို့၏၊ ဆိန္နိတ္တာ- ဖြတ်၍၊ ပါတိတော- ကျစေအပ်သော၊ ဇရဋ္ဌဗုန္ဒော စ- ရင့်သည်၏အဖြစ်ဖြင့် တည်သော အဖုသည်လည်းကောင်း၊ ယာဝဇီဝိကော- တည်း။

ခန္ဓခါဒနိယေ- ပင်စည်ခဲဖွယ်၌၊ အန္တောပထဝိဂတော- မြေအတွင်းသို့ ရောက်သော၊ (သာလကလျာဏီခန္ဓကိုသာ ရည်ရွယ်သည်၊) သာလကလျာဏီခန္ဓော-နပဲပင်စည်လည်းကောင်း၊ ဥစ္ဆုခန္ဓော- ကြံပင်စည်လည်းကောင်း၊ နီလုပ္ပလ-ရတ္တုပ္ပလကုမုဒသောဂန္ဓိကာနံ- ကြာညို, ကြာနီ, ကုမုဒြာကြာ, ကြာသိမ်တို့၏၊ ဒဏ္ဍကခန္ဓာ- အရိုးတည်းဟူသော (ရိုးတံဟူသော) ပင်စည်တို့လည်းကောင်း၊ ဣတိ ဧဝမာဒိ- သော၊ တေသု တေသု ဇနပဒေသု ပကတိအာဟာရဝသေန မနုဿာနံ ခါဒနီယတ္ထံ ဘောဇနီယတ္ထဉ္စ ဖရဏကော- သော၊ ခန္ဓော- ပင်စည်သည်၊ ယာဝကာလိကော- တည်း၊ ဥပ္ပလဇာတီနံ- ဥပ္ပလဇာတ်ရှိသော ကြာတို့၏၊ ပဏ္ဏဒဏ္ဍကော- အရွက်၏ အရိုးသည်လည်းကောင်း၊ ပဒုမဇာတီနံ- ပဒုမဇာတ်ရှိသော ကြာတို့၏၊ သဇ္ဇောပိ- အလုံးစုံလည်းဖြစ်သော၊ (အပြင်ရိုး အရွက်ရိုးနှစ်မျိုးလုံး) ဒဏ္ဍကော- အရိုးသည်လည်းကောင်း၊ ကရဝိန္ဒဒဏ္ဍာဒယော စ-

http://www.dhammadownload.com

ရင်းရဲပင်၏ အရိုးအစရှိသည်တို့သည်လည်းကောင်း၊ အဝသေသသဗ္ဗခန္ဓာ စ-ကြွင်းသော အလုံးစုံသော ပင်စည်တို့သည်လည်းကောင်း၊ ယာဝဇီဝိကာ- တို့တည်း။

တစခါဒနီယေ- အခေါက်အခွံ ခဲဖွယ်၌၊ ဧကော- တစ်မျိုးသော၊ ဥစ္ဆုတစော-ဝ- ကြံခွံသည်သာ၊ ယာဝကာလိကော- တည်း၊ သောပိ- ထိုကြံခွံသည်လည်း၊ သရသော- အရည်နှင့်တကွ ဖြစ်သော အခွံသည်၊ ယာဝကာလိကော၊ သေ-သော- ကြံခွံမှ ကြွင်းသော၊ သဗ္ဗော- အလုံးစုံသော အခွံသည်၊ ယာဝဇီဝိကော-တည်း။ ပန- ဆက်၊ တိဏ္ဏံ- ကုန်သော၊ တေသံ မတ္ထကခန္ဓတစာနံ- ထိုအညှောက်,ပင်စည်,အခွံတို့ကို၊ ပါဋိယံ- ၌၊ ကသာဝဘေသဇ္ဇေန- အဖန်ဆေးဖြင့်၊ သင်္ဂဟော- ကို၊ ဝေဒိတဗ္ဗော- ၏။ ဟိ- သာဓကကား၊ အနုဇာနာမိ။ပ။ ဖရန္တိတိ-ဟူသော၊ ဧတံ သုတ္တံ- ဤပါဋိကို၊ ဘဂဝတာ ဝုတ္တံ။

"ဘိက္ခဝေ- တို့၊ ကသာဝါနိ- အဖန်ဖြစ်ကုန်သော၊ ဘေသဇ္ဇာနိ- တို့ကို၊ နိမ္ဗကသာဝံ- တမာအဖန်ကိုလည်းကောင်း၊ ကုဋ္ဌဇကသာဝံ- လက်ထုတ်အဖန်ကိုလည်းကောင်း၊ ပဋ္ဌောလကသာဝံ- ဗြူးတား (ဗုံလုံခါး) ရွက်အဖန်ကိုလည်းကောင်း၊ ဖဂ္ဂဝကသာဝံ- ခွေးတောက်အဖန်ကိုလည်းကောင်း၊ နတ္တမာလကသာဝံ- သင်းဝင်အဖန်ကိုလည်းကောင်း၊ အနုဇာနာမိ- ၏၊ ဝါ ပန- သည်သာမကသေး၊ အညာနိပိ- ဆိုအပ်ပြီးတို့မှ အခြားလည်း ဖြစ်ကုန်သော၊ ကသာဝါနိ- အဖန်ဖြစ်ကုန်သော၊ ယာနိ ဘေသဇ္ဇာနိ- တို့သည်၊ အတ္ထိ- ရှိကုန်၏။ (ယာနိ- အကြင်အဖန်ဆေးတို့သည်၊) ခါဒနီယေ ခါဒနီယတ္ထံ နေဝ ဖရန္တိ၊ ဘောဇနီယေ ဘောဇနီယတ္ထံ နဖရန္တိ- မပြီးစေနိုင်ကုန်၊ တာနိ- ထိုအဖန်ဆေးတို့ကို၊ အနုဇာနာမိ။"

ဟိ- မှန်၏၊ ဧတ္ထ- ဤပါဋိရပ်၌၊ ဧတေသမိ- ဤအညှောက် ပင်စည် အခွံတို့ကိုလည်း၊ သင်္ဂဟော- သည်၊ သိဇ္ဈတိ- ပြီး၏၊ စ- ဆက်၊ ဝုတ္တကသာဝါနိ- ဆိုအပ်ပြီးသော အဖန်တို့ကို၊ သဗ္ဗကပ္ပိယာနီတိ- အလုံးစုံအကုန်အစင်အားဖြင့် အပ်ကုန်၏ဟူ၍၊ ဝေဒိတဗ္ဗာနိ- ကုန်၏၊ (ပဥ္စငါးပါးအပ်သည်ဟု ဆိုလိုသည်။ဋီ။)

ပတ္တခါဒနီယေ- အရွက်ခဲဖွယ်၌၊ မူလကံ- မုန်လာလည်းကောင်း၊ ခါရကော-ဟင်းခါးလည်းကောင်း၊ စစ္စု- ဟင်းဂလာလည်းကောင်း၊ တမ္ဗကော- ဟင်းချဉ်နီလည်းကောင်း၊ တဏ္ဍုလေယျကော- ဟင်းဆန်ကွဲလည်းကောင်း၊ ပပုန္နာဂေါ-ဒန့်ကျွဲလည်းကောင်း၊ ဝတ္ထုလေယျကော- မြူရွက်လည်းကောင်း၊ ဝဇကလိ-

http://www.dhammadownload.com

ကင်းပိမ့်လည်းကောင်း၊ ဇလ္လရိ- ဟင်းခါးပန်းတူလည်းကောင်း၊ သေလ္လု- သနပ်လည်းကောင်း၊ သိဂ္ဂါ- ဒန့်သလွန်လည်းကောင်း၊ ကာသမဒ္ဒကော- မို့ခွန်လည်းကောင်း၊ ဥမ္မာ- ပိုက်ဆန်ပင် (နှမ်းကြတ်) လည်းကောင်း၊ စိနမုဂ္ဂေါ- တောပဲနောက်လည်းကောင်း၊ မာသော- မြင်းစားပဲကြီးလည်းကောင်း၊ ရာဇမာသော- ပဲလွန်းလည်းကောင်း၊ မဟာနိပ္ဖာဝံ- ပဲတက်ကို၊ ဌပေတွာ- ထား၍၊ အဝသေသ နိပ္ဖာဝေါ- ကြွင်းသော ပဲတက်လည်းကောင်း၊ အဂ္ဂိမန္ထော- တပဆေးလည်းကောင်း၊ သုနိသန္ထကော- မို့နာတိုချိုပင်လည်းကောင်း၊ (တောင်ကစွန်းလည်းကောင်း၊ ပါ။ဘာဋီ၊ ၂၆၇။) သေတဝရဏော- ခံတက်ဖြူလည်းကောင်း၊ နာဠိကာ- ကန်စွန်းလည်းကောင်း၊ ဘူမိယံ- မြေ၌၊ ဇာတလောဏိ- ဖြစ်သော ကျီးပေါင်းလည်းကောင်း၊ ဣတိ- သို့၊ ဧတေသံ- ဤသစ်ပင်တို့၏၊ ပတ္တာနိ- အရွက်တို့သည်လည်းကောင်း၊ အညာနိ- ကုန်သော၊ ဧဝရူပါနိ- ဤသို့သဘော ရှိကုန်သော၊ တေသု တေသု ဇနပဒေသု ပကတိအာဟာရဝသေန မနုဿာနံ ခါဒနီယတ္ထဉ္စ ဘောဇနီယတ္ထဉ္စ ဖရဏကာနိ- ကုန်သော၊ ပတ္တာနိ စ- အရွက်တို့သည်လည်းကောင်း၊ ဧကံသေန- စင်စစ်အားဖြင့်၊ ယာဝကာလိကာနိ- တို့တည်း၊ ပန- ကား၊ အညာ- တစ်ပါးသော၊ မဟာနခပိဋ္ဌမတ္တပဏ္ဏာ- ကြီးသော လက်သည်းခွံပမာဏ အရွက်ရှိသော၊ ယာ လောဏိ- အကြင်မြေဖြစ်ကျီးပေါင်းသည်၊ ရုက္ခေ စ- သစ်ပင်တို့ကိုလည်းကောင်း၊ ဂစ္ဆေ စ- ခြုံတို့ကိုလည်းကောင်း၊ အာရောဟတိ- တက်၏၊ တဿာ- ထိုမြေဖြစ်ကျီးပေါင်း၏၊ ပတ္တံ- အရွက်သည်၊ ယာဝဇီဝိကံ- တည်း။ စ- ဆက်၊ ပြဟိုပတ္တံ- မြင်းခွာရွက်သည်၊ ယာဝကာလိကံ- တည်း၊ ဣတိ- သို့၊ ဒီပဝါသိနော- သီဟိုဠ်ကျွန်း၌ နေလေ့ရှိသူတို့သည်၊ ဝဒန္တိ- ဆိုကြကုန်၏၊ အမ္ဗပလ္လဝံ- သရက်ညွန့်သည်၊ ယာဝကာလိကံ- တည်း၊ ပန-

---

ဥမ္မာ (ဥမာ)။ ။ ဘာသာဋီကာ၌ ကန်တောက်ဟု ပေးထားသည်၊ (အဘိဓာန်၌ ဥမာ- နှမ်းကြတ်၊ ဝါ- ဗီဇွာဟုရှိ၏၊) ဟုလည်း မှာထားသည်၊ ဥမ္မာကို နန္ဒင်း (Turmeric) နှမ်းကြတ် ပိုက်ဆန်ပင်မျိုး (Flax) စသည်ဖြင့် သက္ကဋ္ဌ၊ ဟိန္ဒီအဘိဓာန်များမှာဖွင့်ဆိုထားပါသည်။

ပိုက်ဆန်ပင်၏ အခွံအခေါက်မှ လျှော်မျှင်ထုတ်ယူကြသည်၊ ရခိုင်ပြည်နယ်၌ ပဝတ်ပင်ဟု ခေါ်သည်၊ ရွက်နုနှင့် အပွင့်ကို ဟင်းချက်စားသည်၊ အဝတ်ရက်ရသော လျှော်နှင့် ဆီထုတ်ရသော အစေ့များထွက်သည့် ပန်းပြာပွင့်သည့် အပင်တစ်မျိုးကို နှမ်းကြတ် ခေါ်သည်။ (အစေ့ကို ဗီဇဝါ-ဟူသောအမည်ဖြင့် စိန်ရတနာချိန်ရာတွင် အသုံးပြုကြသည်။)

http://www.dhammadownload.com

ကား၊ အသောကပလ္လဝံ- အသောက (ပန်းသုနှုံး) ညွှန့်သည်၊ ယာဝဇီဝိကံ-တည်း။ အညာနိ- တစ်ပါးကုန်သော၊ ယာနိ- အကြင် အရွက်တို့ကို၊ ပါဠိယံ-ပါဠိတော်၌၊ အနုဇာနာမိ။ပ။ ဖရန္တိတိ- ဟူ၍၊ ဝုတ္တာနိ- ဟောတော်မူအပ်ကုန်ပြီ၊ တာနိ စ- ထိုအရွက်တို့သည်လည်း၊ ယာဝဇီဝိကာနိ- တို့တည်း။

"ဘိက္ခဝေ- တို့၊ ပဏ္ဏာနိ- အရွက်ဖြစ်ကုန်သော၊ ဘေသဇ္ဇာနိ- တို့ကို၊ နိမ္မပဏ္ဏံ- တမာရွက်ကိုလည်းကောင်း၊ ကုဋ္ဌဇပဏ္ဏံ- လက်ထုတ်ရွက်ကိုလည်းကောင်း၊ ပဒ္ဒေါလပဏ္ဏံ- ပြူးတား (ဝံလုံခါး) ရွက်ကိုလည်းကောင်း၊ သုလသိပဏ္ဏံ- ရုံးရွက်ကိုလည်းကောင်း၊ ကပ္ပါသပဏ္ဏံ- ဝါရွက်ကိုလည်းကောင်း၊ အနုဇာနာမိ၊ ဝါ ပန- သေး၊ အညာနိပိ- ကုန်သော၊ ဘေသဇ္ဇာနိ-ကုန်သော၊ ယာနိ ပဏ္ဏာနိ- အကြင်အရွက်တို့သည်၊ အတ္ထိ- ရှိကုန်၏၊ (ယာနိ- တို့သည်၊) ခါဒနီယေ ခါဒနီယတ္ထံ နေဝ ဖရန္တိ၊ ဘောဇနီယေ ဘောဇနီယတ္ထံ နာ ဖရန္တိ- ကုန်၊ (တာနိ- တို့ကို၊) အနုဇာနာမိ။"

စ- ဆက်၊ ကေဝလံ- ပုပ္ဖဖလစသည်မဖက် သက်သက်၊ တေသံ- ထိုတမာစသော သစ်ပင်တို့၏၊ ပဏ္ဏာနိ- တို့သည်၊ ယာဝဇီဝိကာနိ- တို့သည်၊ န- မဟုတ်ကုန်သေး၊ တေသံ- ထိုတမာစသော သစ်ပင်တို့၏၊ ပုပ္ဖဖလာနိပိ- အပွင့်အသီးတို့သည်လည်း၊ ယာဝဇီဝိကာနိ- တို့တည်း။ (တေသံဖြင့် တမာစသည်တို့ကို စွဲပါ၊ ဤပုဒ်သည်ရှေ့နောက်ကို ငဲ့နေသည်၊ ထိုကြောင့် နှစ်ပုဒ်တို့၏ အလယ်မှာ မိန့်ဆိုထားသည်၊ ပါစိတ္တိဒီယောဇနာ။) ပန- ဆက်၊ ယာဝဇီဝိကပဏ္ဏာနံ-ယာဝဇီဝိကအရွက်တို့၏၊ (အန္တော နတ္ထိ-၌ စပ်ပါ၊) ဖဂ္ဂဝပဏ္ဏံ- ခွေးတောက်ရွက်လည်းကောင်း၊ အဇ္ဈကပဏ္ဏံ- ကည္ဘတ် (ရုံးဖြူ) ရွက်လည်းကောင်း၊ ဖဏိဇ္ဇကပဏ္ဏံ- ရုံးရိုင်းရွက်လည်းကောင်း၊ တမ္ဗူလပဏ္ဏံ- ကွမ်းရွက်လည်းကောင်း၊ ပဒုမိနိပဏ္ဏံ- ပဒုမ္မာကြာရွက်လည်းကောင်း၊ ဣတိ ဧဝံ- သို့၊ ဂဏနဝသေန-ဂဏန်း၏ အစွမ်းဖြင့်၊ အန္တော- အဆုံးသည်၊ နတ္ထိ- မရှိ။

ပုပ္ဖခါဒနီယေ- အပွင့်ခဲဖွယ်၌၊ မူလကပုပ္ဖံ- မုန်လာပွင့်လည်းကောင်း၊ ခါရကပုပ္ဖံ- ဟင်းခါးပွင့်လည်းကောင်း၊ စစ္စုပုပ္ဖံ- ဟင်းဂလာပွင့်လည်းကောင်း၊ တမ္ဗကပုပ္ဖံ- ဟင်းချဉ်နီပွင့်လည်းကောင်း၊ ဝဇကလိပုပ္ဖံ- ကင်းပိမ့်ပွင့်လည်းကောင်း၊ ဇဗ္ဗရိပုပ္ဖံ- ဟင်းခါးပန်းတူပွင့်လည်းကောင်း၊ စူဠနိပ္ဖါဝပုပ္ဖံ- ပဲပုစွန်ပွင့်လည်းကောင်း၊ မဟာနိပ္ဖါဝပုပ္ဖံ- ပဲတက်ပွင့်လည်းကောင်း၊ ကသေရုကပုပ္ဖံ- ဝက်မြေပွင့်လည်းကောင်း၊ နာဠိကေရတာလကေတကာနံ- အုန်း, ထန်း, ဆပ်သွား

http://www.dhammadownload.com

တို့၏၊ တရုဏပုပ္ပါနိ- နုသော အပွင့်တို့လည်းကောင်း၊ သေတဝရဏပုပ္ပံ- ခံတက်ဖြူပွင့်လည်းကောင်း၊ သိဂ္ဂုပုပ္ပံ- ဒန့်သလွန်ပွင့်လည်းကောင်း၊ ဥပ္ပလပဒုမဇာတိ-ကာနံ- ဥပ္ပလဇာတ် ပဒုမ္မာဇာတ်ရှိသော ကြာတို့၏၊ (ပုပ္ပါနိ- အပွင့်တို့လည်းကောင်း၊ ပါ၊၄။) ပုပ္ပါနံ- အပွင့်တို့၏၊ ကဏ္ဏိကာမတ္တံ- အချက်မျှလည်းကောင်း၊ အဂန္ဓိပုပ္ပံ- ပေါက်ပွင့်လည်းကောင်း၊ **ကရိရပုပ္ပံ**- ဆင်နှာမောင်းပွင့်လည်းကောင်း၊ ဇီဝန္တီပုပ္ပံ- စမုန်နီပွင့်လည်းကောင်း၊ (မိုးစွေပွင့်ဟုလည်း ပေးကြ၏၊) ဣတိ ဧဝ-မာဒိ- သော၊ တေသု တေသု ဇနပဒေသု ပကတိအာဟာရဝသေန မနုဿာနံ ခါဒနီယတ္ထံ ဘောဇနီယတ္ထဉ္စ ဖရဏပုပ္ပံ- ပြီးစေနိုင်သော အပွင့်သည်၊ ယာဝကာ-လိကံ- တည်း၊ ပန- ကား၊ အသောကဗကုလကုယျကပုန္နာဂစမ္ပကဇာတိကရ-ဝီရကဏိကာရကုန္ဒနဝမာလိကမလ္လိကာဒီနံ- အသောက (သော်က ပန်းသုန်း), ချရား (ခရေ), ဆူးရစ်, ပုန်းညက်, စကားဝါ, မြတ်လေး, ကုလားဇလပ်, မဟာ

ကဋ္ဌိရ (ကရိရ)။ ။ ပေးရိုးပေးစဉ် ဆင်နှာမောင်းဟု ပေးထားသည်၊ အများအားဖြင့် ပါဠိသက္ကဋ္ဌ ဟိန္ဒီအဘိဓာန်များ၌ ရှားစောင်းကြီးဟု ပေးကြသည်၊ နာလန္ဒအဘိဓာန်၌ သဲနှင့် ကျောက်ပေါများသော ပုံးဆိုးမြေများမှာ ပေါက်တတ်သည့် ဆူးများသော အပင်ပုတစ်မျိုးဟု ဖွင့်ပြသည်၊ ( ) ၌မူ သဲကန္တာရ၌ ပေါက်ရောက်ကြီးပွား၍ ကုလားအုပ်များစားသည့် ဆူးများသောအပင်ဟု ဖွင့်ဆိုထားသည်၊ (အမ-နိ-သစ်) ၌ အရွက်မရှိသော အပင်၊ အရိုးပင်၊ ကတတ်ပင်ဟု ဆိုထားသည်၊ ဤအပွင့်ခဲဖွယ် အရာမှာ မည်သည့်အပင်မျိုး ဖြစ်သင့်ကြောင်း စဉ်းစားစေလိုပါသည်။

ဇီဝန္တီ။ ။ သစ်ခွပန်းပင်၊ လဲတော်ပင်၊ ရွှေသောကြဇုပင်၊ မိုးစွေပင်၊ ဟင်းနုနယ်ပင်၊ ဂဋ္ဌန်ရွှေရောင်ပင်ဟု ပညတ်နက်ကျမ်း၌ ပြဆိုထားသည်၊ စမုန်နီ၊ ဘောဦမည်သော ဆေးပင်ဟု အဘိဓာန်နိဿယသစ်၌ ဆိုသည်၊ ဟိန္ဒီအင်္ဂလိပ်အဘိဓာန်က ဆေးဖက်ဝင်သော နွယ်ပင် (A medicinal creeper) ဟု ဆိုသည်၊ နာလန္ဒအဘိဓာန်က နွယ်တစ်မျိုး၊ ဆူးများသော အပင်ပုတစ်မျိုးဟု ဆိုသည်၊ ဘာရတီယအဘိဓာန်က ဆေးဖက်ဝင်သော ပင်တက်နွယ်၊ ဝါသော ဖန်ခါးသီးဟု ဆိုသည်။

အသောက။ ။ အသောကပင်၊ သော်ကဟူ၍လည်း ဆရာများပေးကြ၏၊ မန္တလေးကျုံးလမ်းတလျှောက်၌ စိုက်ထားအပ်သော သင်္ဘောတယ်ဟု ခေါ်ကြသော သစ်ပင်များတည်းဟု အဘိဓာန်နိဿယသစ်၌ဆို၏။ (သီဟိုဠ်၌ကား လေးလက်မခန့် ပမာဏ နီမြန်းသော အပွင့်ရှိသော ပန်းပင်တစ်မျိုးကို အသောက-ဟု ခေါ်ကြ၏၊) ဟုလည်း ဆိုထားသည်၊ အသောကပင်၊ ပန်းသုန်းပင် (Janesia Asoka) ဟုလည်း ဆိုကြသည်၊ နာလန္ဒအဘိဓာန်၌မူ သစ်ပင်တစ်မျိုး၊ ယင်း၏ အရွက်သည် သရက်ရွက်နှင့်တူသည်၊ ရှည်လျားသည်၊ ကွေ့ကောက်သော အစင်းကလေးများ ပါရှိသည်ဟု ဆိုသည်။

http://www.dhammadownload.com

လှေကား, သင်းခွေ, စံပယ်, ကြက်ရုန်းအစရှိသည်တို့၏၊ ပုပ္ဖံ- အပွင့်သည်၊ ယာဝဇီဝိကံ- တည်း၊ တဿ- ထိုအပွင့်၏၊ ဂဏနာယ- ဂဏန်း၏၊ အန္တော နတ္ထိ။ ပန- ဆက်၊ ပါဠိယံ- ၌၊ အဿ- ထိုအပွင့်ကို၊ ကသာဝဘေသဇ္ဇေန- ဖြင့်၊ သင်္ဂဟော ဝေဒိတဗ္ဗော။

ဖလခါဒနီယေ- အသီးခဲဖွယ်၌၊ ပနသလဗုဇတာလနာဠိကေရအမ္ဗဇမ္ဗု- အမ္ဗာဋကတိန္တိဏိကမာတုလုင်္ဂကပိတ္ထလာဗုကုမ္ဘဏ္ဍပုဿဖလတိမ္ဗရူသက- တိပုသဝါတိင်္ဂဏစောစမောစမခဲ့ကာဒီနံ- ပိန္နဲ, တောင်ပိန္နဲ, ထန်း, အုန်း, သရက်, သပြေ, ဝေး (ငွေး), မန်ကျည်း, ရှောက်သီး, သီး, ဗူး, ဖရုံ, သခွါးငပြုတ်, တည်, သခွါးငဆစ်, ခရမ်း, တောငှက်ပျော, အိမ်ငှက်ပျော, သစ်မည်စည် အစရှိသည်တို့၏၊ ဖလာနိ- အသီးတို့သည်လည်းကောင်း၊ ယာနိ- အကြင်အသီးတို့သည်၊ လောကေ- ၌၊ တေသု တေသု ဇနပဒေသု ပကတိအာဟာရဝသေန မနုဿာနံ ခါဒနီယတ္ထံ ဘောဇနီယတ္ထဉ္စ ဖရန္တိ- ပြီးစေနိုင်ကုန်၏၊ သတ္ထာနိ- အလုံးစုံကုန်သော၊ တာနိ- ထိုခဲဖွယ်ဘောဇဉ်ကိစ္စကို ပြီးစေနိုင်သော အသီးတို့သည်လည်းကောင်း၊ ယာဝကာလိကာနိ- တို့တည်း၊ နာမဂဏနဝသေန- နာမည်ကို ရေတွက်ခြင်း၏ အစွမ်းဖြင့်၊ တေသံ- ထိုအသီးတို့၏၊ ပရိယန္တံ- အဆုံးအပိုင်းအခြားကို၊ ဒဿေတုံ- ငှာ၊ န သက္ကာ- မတတ်နိုင်၊ ပန- ဆက်၊ ပါဠိယံ- ပါဠိတော်

နဝမလ္လိကာ= (မာလိကာ)။ ။ စံပယ် (double jasmine jasminum sambac) အထပ်များသောစံပယ်ဟု သက္ကဋဟိန္ဒီအဘိဓာန်များ၌ ဖွင့်ဆိုထားသည်၊ သို့ဖြစ်၍ နဝမာလိကာအရ စံပယ်ကြိုးကိုယူက သင့်မည်ထင်ပေသည်။

မလ္လိကာ။ ။ ကြက်ရုန်း၊ စံပယ်မျိုးအဝင် ဖြူဖွေး၍ မွှေးသောပန်းတစ်မျိုးဟု နာလန္ဒ၌ ဆိုထားသည်၊ စံပယ်မျိုး (A kind of jasmine) ဟု သက္ကဋအဘိဓာန်များ၌ ဖွင့်ဆိုထားသည်၊ သို့ဖြစ်၍ မလ္လိကာ-အရ ကြက်ရုန်းနှင့် လွှာချင်းစံပယ်များကို ယူသင့်မည် ထင်ပေသည်။

မာတုလုင်္ဂ။ ။ ဟိန္ဒီသက္ကဋအဘိဓာန်များ၌ မာတုလုင်္ဂကို ဟိန္ဒီဘာသာဖြင့် ဗိဂျောက်ရာနီဗူးဟု ဖွင့်သည်။ အင်္ဂလိပ်ဘာသာဖြင့် (citron tree citron) ဟု ဖွင့်သည်၊ ထို့ကြောင့် အချဉ်ရောအချိုပါ ရှောက်မျိုး သံပရိုမျိုးမှန်သမျှကို မာတုလုင်္ဂခေါ်သည်၊ သို့ဖြင့် ဤရှောက်မျိုး သံပရိုမျိုးသည် ယာဝကာလိကဉ် ပါဝင်နေသောကြောင့် အရည်ညှစ်၍ စင်ကြယ်စွာ စစ်ပြီးမှသာ အဖျော်ရည်လုပ် သောက်ကောင်းသည်၊ သံပုရာသီးကဲ့သို့ ယာဝဇီဝိကမဟုတ်၊ ရှောက်မျိုး သံပရိုမျိုးကို အသုတ်လုပ်၍ စားကြသည်၊ သံပုရာကိုကား ယင်းကဲ့သို့ မစားကြသည်ကိုလည်း သတိပြုပါ။

http://www.dhammadownload.com

၌၊ ယာနိ- အကြင်အသီးတို့ကို၊ အနုဇာနာမိ။ပ။ ဖရန္တိတိ- ဟူ၍၊ ဝုတ္တာနိ- ကုန်ပြီ၊ တာနိ- ထိုအသီးတို့သည်၊ ယာဝဇီဝိကာနိ- တို့တည်း။

"ဘိက္ခဝေ- တို့၊ ဖလာနိ ဘေသဇ္ဇာနိ- တို့ကို၊ ဗိလင်္ဂ- အိပ်မွေ့သီးကို လည်းကောင်း၊ ပိပ္ပလိ- ပိတ်ချင်းကိုလည်းကောင်း၊ မရိစံ- ငရုတ်သီးကို လည်းကောင်း၊ ဟရီတကံ- ဖန်ခါးသီးကိုလည်းကောင်း၊ ဝိဘီတကံ- သစ် ဆိမ့်သီးကိုလည်းကောင်း၊ အာမလကံ- သျှစ်သျှားသီးကိုလည်းကောင်း၊ ဂေါဋ္ဌဖလံ- သမင်စာသီးကိုလည်းကောင်း၊ အနုဇာနာမိ၊ ဝါ ပန- သေး၊ အညာနိပိ- ကုန်သော၊ ဘေသဇ္ဇာနိ- ကုန်သော၊ ယာနိ ဖလာနိ- တို့သည်၊ အတ္ထိ- ရှိကုန်၏၊ (ယာနိ- တို့သည်၊) ခါဒနီယေ ခါဒနီယတ္ထံ နေဝ ဖရန္တိ၊ ဘောဇနီယေ ဘောဇနီယတ္ထံ နဖရန္တိ၊ (တာနိ- တို့ကို၊) အနုဇာနာမိ။"

တေသမ္ပိ- ထိုအသီးတို့၏လည်း၊ အပရိပက္ကာနိ- မမှည့်ရင့်သေးသော အသီး တို့လည်းကောင်း၊ အစ္ဆိဝဗိမ္ဗဝရဏကေတကကာသ္ပရီအာဒီနံ- ရင်ခတ်, ကျီး အာ, ခံတက်, ဆပ်သွား, ယမနေအစရှိသည်တို့၏၊ ဖလာနိ- အသီးတို့လည်း ကောင်း၊ ဇာတိဖလံ- ဇာတိပ္ပိုလ်သီးလည်းကောင်း၊ ကဋ္ဌုကဖလံ- ဆောင်း မေးခါးသီးလည်းကောင်း၊ ဧဋ္ဌာ- ဖာလာလည်းကောင်း၊ တက္ကောလံ- ကရဝေး လည်းကောင်း၊ ဣတိ ဧဝံ- သို့၊ နာမဝသေန- နာမည်၏ အစွမ်းဖြင့်၊ ပရိယန္တံ ဒဿေတုံ နသက္ကာ။

အဋ္ဌိခါဒနီယေ- အစေ့ခဲဖွယ်၌၊ လဗုဇဋ္ဌိ- တောင်ပိန္ဒဲစေ့လည်းကောင်း၊ ပနသဋ္ဌိ- အိမ်ပိန္ဒဲစေ့လည်းကောင်း၊ အမ္ဗာဋ္ဌကဋ္ဌိ- ဝှေး (ဂွေး) စေ့လည်းကောင်း၊ သာလဋ္ဌိ- အင်ကြင်းစေ့လည်းကောင်း၊ ခဇ္ဇူရီကေတကတိမ္ဗရူသကာနံ- စွန်ပ လွန်, ဆပ်သွား, တည်ပင်တို့၏၊ တရုဏဖလဋ္ဌိ- နုသောအသီး၏ အစေ့လည်း ကောင်း၊ တိန္တိဏိကဋ္ဌိ- မန်ကျည်းစေ့လည်းကောင်း၊ ဗိမ္ဗဖလဋ္ဌိ- ကျီးအာစေ့ လည်းကောင်း၊ ဥပ္ပလပဒုမဇာတိနံ- ဥပ္ပလဇာတ် ပဒုမ္မာဇာတ်ရှိသော ကြာတို့၏၊ ပေါက္ခရဋ္ဌိ- ကြာစေ့လည်းကောင်း၊ ဣတိ ဧဝမာဒီနိ- ကုန်သော၊ တေသု တေသု ဇနပဒေသု မနုဿာနံ ပကတိအာဟာရဝသေန ခါဒနီယတ္ထံ ဘောဇနီယတ္ထဥ္စ ဖရဏကာနိ အဋ္ဌိနိ- တို့သည်၊ ယာဝကာလိကာနိ- တို့တည်း၊ မဓုကဋ္ဌိ- သစ်မည်

အပရိပက္ကာနိ။ ။ ရင်ခတ်စသည်တို့၏ မရင့်သေးသော အသီးများသာ ယာဝ-ဇီဝိကဖြစ်ကြောင်းကို အပရိပက္ကာနိ-ဟူသောပါဌ်ဖြင့် အဋ္ဌကထာဆရာ ပြတော်မူသည်။ (သာရတ္ထ၊၃၊၆၅။)

http://www.dhammadownload.com

စည်စေ့လည်းကောင်း၊ ပုန္နာဂဋ္ဌိ- ပုန်းညက်စေ့လည်းကောင်း၊ ဟရီတကာဒီနံ- ဖန်ခါးအစရှိသော အုသီးတို့၏၊ အဋ္ဌိနိ- အစေ့တို့လည်းကောင်း၊ သိဒ္ဓတ္ထကဋ္ဌိ- မုန်ညင်းဖြူစေ့လည်းကောင်း၊ ရာဇိကဋ္ဌိ- မုန်ညင်းနက်စေ့လည်းကောင်း၊ ဣတိ ဧဝမာဒိနိအဋ္ဌိနိ ယာဝဇီဝိကာနိ၊ တေသံ- ထိုအစေ့တို့ကို၊ ပါဋိယံ ဖလဘေသဇ္ဇနေဝ သင်္ဂဟော ဝေဒိတဗ္ဗော။

ပိဉ္ဍခါဒနိယေ- အမှုန့်ခဲဖွယ်၌၊ တာဝ- တာလပိဋ္ဌစသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာနံ- ကုန်သော၊) သတ္တန္နံ- ကုန်သော၊ ဓညာနံ- စပါးတို့၏လည်းကောင်း၊ ဓညာနုလောမာနံ- စပါးအားလျော်သော ကျိတ်ဆန် လမန်းဆန်အစရှိသည်တို့၏လည်းကောင်း၊ အပရဏ္ဏာနဉ္စ- ပဲတို့၏လည်းကောင်း၊ ပိဋ္ဌ- ကြိတ်အပ်သော အမှုန့်လည်းကောင်း၊ ပနသပိဋ္ဌ- ပိန္နဲစေ့မှုန့်လည်းကောင်း၊ လဗုဇပိဋ္ဌ- တောင်ပိန္နဲစေ့မှုန့်လည်းကောင်း၊ အမ္ဗာဋကပိဋ္ဌ- ငွေးစေ့မှုန့်လည်းကောင်း၊ သာလပိဋ္ဌ- အင်ကြင်းစေ့မှုန့်လည်းကောင်း၊ မောတကတာလပိဋ္ဌ- ဆေးအပ် (ပြုတ်ဖျော်အပ်) သော ထန်းစေ့မှုန့်လည်းကောင်း၊ ခီရဝလ္လိပိဋ္ဌဉ္စ- ဥမွန်းဥမှုန့်လည်းကောင်း၊ ဣတိ ဧဝမာဒိနိ- ကုန်သော၊ တေသု တေသု ဇနပဒေသု ပကတိအာဟာရဝသေန မနုဿာနံ ခါဒနီယတ္ထံ ဘောဇနီယတ္ထဉ္စ ဖရဏကာနိ ပိဋ္ဌာနိ ယာဝကာလိကာနိ၊ အမောတကံ- မဆေး (မပြုတ်ဖျော) အပ်သော၊ တာလပိဋ္ဌ- ထန်းသီးစေ့မှုန့်သည်လည်းကောင်း၊ ခီရဝလ္လိပိဋ္ဌ- ဥမွန်းဥမှုန့်သည်လည်းကောင်း၊ အဿဂန္ဓာဒိပိဋ္ဌာနိ စ- တောင့်တဲစာအစရှိသော အသီးတို့၏ အမှုန့်တို့သည်လည်းကောင်း၊ ယာဝဇီဝိကာနိ- တို့တည်း၊ တေသံ- ထိုအမှုန့်တို့ကို၊ ပါဋိယံ၌၊ ကသာဝေဟိ- အဖန်တို့ဖြင့်လည်းကောင်း၊ မူလဖလေဟိ စ- အမြစ်အသီးတို့ဖြင့်လည်းကောင်း၊ သင်္ဂဟော ဝေဒိတဗ္ဗော။

နိယျာသခါဒနိယေ- အစေးခဲဖွယ်၌၊ ဧကော- တစ်မျိုးသော၊ ဥစ္ဆုနိယျာသော ဝ- ကြံစေးသည်သာ၊ သတ္တာဟကာလိကော- တည်း၊ သေသာ- ကြွင်းကုန်

ဟရီတကာဒီနံ အဋ္ဌိနိ။ ။ ဖန်ခါးသီးစသည်တို့၏ အတွင်းအဆံကို ဖုံးလွှမ်းထားသော ပြင်ပအခွံနှမ်းသာ ယာဝဇီဝိကဖြစ်သည်ဟု ဆရာများဆိုကြသည်။

(သာရတ္ထ၊၃၊၆၅။)

အဆံသည် ယာဝကာလိကဖြစ်သည်ဟူသော အချို့ဆရာတို့၏ စကားသည် အဋ္ဌကထာ၌ မဆိုသောကြောင့် မသင့်။ (ဝိမတိ၊၂၊၃၂၂။) ဆရာများကား ဝိမတိစကားကို မကြိုက်။

http://www.dhammadownload.com

သော၊ အနုဇာနာမိ။ပ။ ဘေသဇ္ဇာနိတိ- ဟူ၍၊ ဧဝံ- ဤသို့၊ ပါဠိယံ- ၌၊ ဝုတ္တာ-ဟောတော်မူအပ်ကုန်သော၊ နိယျာသာ- အစေးတို့သည်၊ ယာဝဇီဝိကာ-တို့တည်း။

"ဘိက္ခဝေ- တို့၊ ဇတူနိ- ချိပ်ဖြစ်ကုန်သော၊ ဘေသဇ္ဇာနိ- တို့ကို၊ ဟိဂိုဏိ-ရှိန်းခိုကိုလည်းကောင်း၊ ဟိဂိုဇတုံ- ရှိန်းခိုချိပ် (စေး) ကိုလည်းကောင်း၊ ဟိဂိုသိပါဠိကံ- ရှိန်းခိုလွှာကိုလည်းကောင်း၊ တကံ- ချိပ်ကိုလည်းကောင်း၊ တကပတ္တိံ- ချိပ်နှစ်ကိုလည်းကောင်း၊ တကပဏ္ဏိံ- ချိပ်လွှာကိုလည်းကောင်း၊ သဇ္ဇုလသံ- ပွဲလျက်ကိုလည်းကောင်း၊ အနုဇာနာမိ- ၏၊ ဝါပန- သည်သာမကသေး၊ အညာနိပိ- အခြားလည်းဖြစ်ကုန်သော၊ ဘေသဇ္ဇာနိ- ဆေးဖြစ်ကုန်သော၊ ယာနိ ဇတူနိ- အကြင်ချိပ်တို့သည်၊ အတ္ထိ- ရှိကုန်၏၊ တာနိ- ထိုချိပ်တို့ကို၊ အနုဇာနာမိ- ခွင့်ပြုတော်မူ၏။"

တတ္ထ- ထိုပါဠိတော်၌၊ ယေဝါပနကဝသေန- ယေဝါပနကသဒ္ဒါ၏ အစွမ်းဖြင့်၊ သင်္ဂဟိတာနံ- သိမ်းယူအပ်ကုန်သော အစေးတို့၏၊ (ပရိယန္တ-၌ စပ်ပါ) အမ္ဗနိယျာသော- သရက်စေးလည်းကောင်း၊ ကဏိကာရနိယျာသော- မဟာလှေကားစေးလည်းကောင်း၊ ဣတိ ဧဝံ- ဤသို့၊ နာမဝသေန ပရိယန္တံ ဒဿေတုံ န သက္ကာ၊ ဧဝံ- ဤသို့လျှင်၊ ဣမေသု မူလခါဒနီယာဒီသု- ဤအမြစ်ခဲဖွယ် အစရှိသည်တို့တွင်၊ ယံ ကိဉ္စိ- အမှတ်မပြု တစ်စုံတစ်ခုသည်၊ ယာဝကာလိက်-သည်၊ ဟောတိ၊ သတ္ထမွိ- အလုံးစုံသော ယာဝကာလိကကိုလည်း၊ ဣမသ္မိံ အတ္ထေ-ဤပါဠိတော်၏ အနက်၌၊ (ခါဒနီယံ နာမ ပဉ္စဘောဇနာနိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကဉ္စ ဌပေတွာ အဝသေသံ ခါဒနီယံ နာမဟူသော ပါဠိတော်၏ အနက်၌) အဝသေသံ ခါဒနီယံ နာမာတိ- အဝသေသ ခါဒနီယ် နာမ ဟူ၍၊ သင်္ဂဟိတံ- သိမ်းယူအပ်ပြီ။

ဟိဂိုဓသည်။ ။ ရှိန်းခိုပင်မှထွက်သော အစေးသည် ဟိဂိုမည်၏၊ ဟိဂိုဇတုအစရှိသည်တို့သည်လည်း ရှိန်းခိုအထူး (ရှိန်းခိုမျိုး) များသာ ဖြစ်ကြပေသည်။ ထိုတွင် ဟိဂိုဇတုဟူသည် ရှိန်းခိုပင်၏ အရိုး အရွက်တို့ကို ချက်၍ပြုလုပ်အပ်သော အစေးဖြစ်သည်၊ ဟိဂိုသိပါဠိကာမည်သည် ရှိန်းခိုရွက်တို့ကို ချက်၍ပြုလုပ်အပ်သော အစေးဖြစ်သည်၊ အခြားအရွက်နှင့် ရောရ၍ ပြုလုပ်အပ်သော အစေးဟုလည်း ဆိုကြပါသေးသည်။ တကဟူသည် အညွှန့်ဖျားမှထွက်သော အစေးဖြစ်သည်၊ တကပတ္တိ-ဟူသည်ကား အရွက်မှထွက်သော အစေးတည်း။ တကပဏ္ဏိ-ဟူသည် အရွက်တို့ကို လှော်၍ ပြုအပ်သော အစေးတည်း၊ အရိုးမှထွက်သော အစေးဟုလည်း ဆိုကြသေးသည်။

(သာရတ္ထ၊၃၊၆၅) (ဝိမတိ၊၂၊၃၂။)

http://www.dhammadownload.com

၉၁။ ပန- ကား၊ ယာမကာလိကေသု- တို့၌၊ **အဋ္ဌ**- ကုန်သော၊ ပါနာနိ နာမ- အဖျော်တို့မည်သည်ကို၊ (ဧဝံ ဝေဒိတဗ္ဗာနိ၊) အမ္ဗပါနံ- သရက်သီးဖျော်ရည်လည်းကောင်း၊ ဇမ္ဗုပါနံ- သပြေသီးဖျော်ရည်လည်းကောင်း၊ စောစပါနံ- တောငှက်ပျောသီးဖျော်ရည်လည်းကောင်း၊ မောစပါနံ- အိမ်ငှက်ပျောသီးဖျော်ရည်လည်းကောင်း၊ မဓုကပါနံ- သစ်မည်စည်သီးဖျော်ရည်လည်းကောင်း၊ မုဒ္ဒိကပါနံ- စပျစ် (သပျက် မုဒရက်) သီးဖျော်ရည်လည်းကောင်း၊ သာလူကပါနံ- ကြာစွယ်ဖျော်ရည်လည်းကောင်း၊ ဖာရုသကပါနံ- တရော် (ဖက်သက်) သီးဖျော်ရည်လည်းကောင်း၊ ဣတိ- ဤသို့၊ ပါနာနိ- ဖျော်ရည်တို့သည်၊ ဣမာနိ အဋ္ဌ- ဤရှစ်ပါးတို့တည်း။

တတ္ထ- ထိုရှစ်ပါးသော အဖျော်ရည်တို့တွင်၊ **အမ္ဗပါနန္တိ**- ကား၊ အာမေဟိ ဝါ- အစိမ်းသော်လည်းဖြစ်ကုန်သော၊ ပက္ကေဟိ ဝါ- အမှည့်သော်လည်းဖြစ်

ယာမကာလိကေသု ပန ။ ။ သန္နိဓိကာရကသိက္ခာပုဒ်လာ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ဟူသော ပုဒ်တို့ဖြင့် ယာဝကာလိကကိုသာ ပေါင်းယူရေတွက်နိုင်သည်။ ယာမကာလိကကိုမူ ပေါင်းယူရေတွက်မှု မပြုနိုင်ပါ။ သို့ဖြစ်စေကာမူ ယာမကာလိကကို ယာမ်အတွင်း၌ သိမ်းထားသုံးဆောင်လျှင် အာပတ်မသင့်၊ (ဝိ၊ ၂၊၁၁၇။) ယာမကာလိကနှင့် ရောသော သတ္တာဟကာလိက, ယာဝဇီဝိကတို့သည် အကပ်ခံသောနေ့ ယာမ်အတွင်း၌သာ အပ်သည်။ ယာမ်ကိုကျော်သွားလျှင် မအပ်၊ (ဝိ၊၃၊၃၄၉။) ဟူသော ပါဠိတော်များကို အထောက်အထားပြု၍ အဋ္ဌကထာဆရာများက ယာမကာလိကသည်လည်း သန္နိဓိကာရက ပါစိတ်အာပတ်၏ ဝတ္ထုပင်ဖြစ်သည်ဟု မိန့်ဆိုထားကြပေသည်။

ဖာရုသက ။ ။ ဖက်သက်တရော်ပင်၊ ဖက်သက်တရော်ဟူသည် နရွဲပင်ဟုခေါ်သော သစ်ပင်မျိုးတည်း။ အဖျော်ရှစ်ပါးတွင် ပါသော ဖာရုသကလည်း ၎င်းပင်၊ ယောမင်းကား သတ္တတ်ဟူ၏၊ သတိပြုလေဟု တောင်ပေါက်အဘိဓာန်နိသျှ၌ ဆို၏။

မောင်းထောင်သာသနာပိုင်ကား ဖာရုသကပါနကို မရမ်းသီးဖျော်ရည်ဟု ပြန်ဆိုသည်ဟူ၏၊ ဆရာတို့ကား မြရာပင်ကို ရခိုင်ပြည်နယ်၌ တရော်ခေါ်သည်ကိုပင် အထောက်အထားပြု၍ ဖာရုသကအရ မြရာကို ယူကြသည်၊ စလင်းမဟာဝါဂဏ္ဌိ၌ကား ခွေးတရော်ပင်၊ ထိုအသီးသည် မိုးနဲသီးခန့်ရှိ၏၊ ချိုမြိန်သော အရသာရှိ၏ဟု ဆိုပြန်သည်။

ထို့ပြင် ဖာရုသကကို သက္ကဋဘာသာဖြင့် ပရုယ၊ ဟိန္ဒီဘာသာဖြင့် ဖာလဆာဟု ခေါ်ပြန်သည်၊ (Mo) ၌ ပရုယ်ကို (Grewia Asiatica) ဟုဖွင့်ပြ၍ အစေ့ငယ်များရှိသော သီးပင်၊ ယင်းအသီးကို အဖျော်ရည်လုပ်ရသည်ဟု ထပ်ဆင့်ဖွင့်ပြထားသည်။

http://www.dhammadownload.com

ကုန်သော၊ အမွေဟိ- သရက်သီးတို့ဖြင့်၊ ကတပါနံ- ပြုအပ်သော ဖျော်ရည်တည်း၊ (အမွေဟိ ကတံ ပါနံ- အမွပါနံ၊) တတ္ထ- ထိုအစိမ်း အမှည့်တို့တွင်၊ အာမေဟိ- စိမ်းသော သရက်သီးတို့ဖြင့်၊ ကရောန္တေန- ပြုသော ရဟန်းသည်၊ အမွတရုဏာနိ- သရက်သီးနုတို့ကို၊ ဘိန္ဒိတွာ- ခွဲ၍၊ ဥဒကေ- ရေ၌၊ ပက္ခိပိတွာ- ထည့်၍၊ အာတပေ- နေပူ၌၊ အာဒိစ္စပါကေန- နေဖြင့် ချက်ခြင်းအားဖြင့်၊ ပစိတွာ- ချက်ပြီး၍၊ ပရိဿာဝေတွာ- စစ်ပြီး၍၊ တဒဟုပဋိဂ္ဂဟိတကေဟိ- ထိုနေ့၌ အကပ်ခံအပ်ပြီးကုန်သော၊ မဓုသက္ကာရကပ္ပုရာဒီဟိ- ပျားရည်, သကြား, ပရုပ်အစရှိသည်တို့နှင့်၊ ယောဇေတွာ- ယှဉ်စေ၍၊ (ရောစပ်၍၊) ကာတဗ္ဗံ- ပြုရာ၏၊ ဧဝံ- ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်၊ ကတံ- ပြုအပ်သော သရက်သီးဖျော်ရည်သည်၊ ပုရေဘတ္တမေဝ- နံနက်အခါ၌သာ၊ ကပ္ပတိ- အပ်၏။ ပန- ကား၊ အနုပသမ္ပန္နေဟိ- လူသာမဏေတို့သည်၊ ကတံ- ပြုအပ်သော သရက်သီးဖျော်ရည်ကို၊ လဘိတွာ- ရ၍၊ ပုရေဘတ္တံ- ၌၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်သည်၊ သမာနံသော်၊ ပုရေဘတ္တံ- ၌၊ သာမိသပရိဘောဂေနပိ- အာမိသနှင့်တကွ ဖြစ်သော သုံးဆောင်ခြင်းဖြင့်လည်း၊ ဝဋ္ဋတိ၊ ပစ္ဆာဘတ္တံ- ဆွမ်းစားရာကာလ၏ နောက် အဖို့၌၊ (နေလွဲအခါ၌၊) နိရာမိသပရိဘောဂေန- အာမိသနှင့်မရောသော

ဖာလဆာကို အပင်ငယ်မျိုးဖြစ်သည်၊ ၎င်းအသီးသည် စားတော်ပဲထက် အနည်းငယ်ကြီးသည်၊ အရသာချိုချဉ်ရှိသည်ဟု နာလန္ဒအဘိဓာန်၌ ဖွင့်ပြသည်၊ အာရှတိုက်၌ ပေါက်ပွားသည်၊ နွေရာသီမှာ အသီးငယ်များသီးသည်ဟု ဟိန္ဒီအင်္ဂလိပ်အဘိဓာန်မှာ ဖွင့်ဆိုပြန်သည်၊ ပူပြင်းသော ရာသီမှာသီးသော အသီးငယ်တစ်မျိုးဟု ဘာရတီယ အဘိဓာန်က ပြဆိုပြန်သည်။

ကျပ်ဆင်အဘိဓာန်များ၌ (တရော် n. A Species of linden-bloom. grewia) ဟု လည်းကောင်း၊ (Linden-bloom. n. one species- တရော်) ဟု လည်းကောင်း ဖွင့်ပြထားသည်။

ဖက်သက်တရော်သည် ပင်ငယ်မျိုးဖြစ်၏၊ အရွက်သည် ဝိုင်း၏၊ အဖျားခွန်၏၊ အလျား ၄-၅ လက်မ၊ အနံ ၂ ½ လက်မခွဲမျှရှိ၏၊ တစ်ခက်တစ်ခက်လျှင် ဥသျစ်ရွက်ကဲ့သို့ သုံးရွက်ထွက်၏၊ အပွင့်သည် ကိုင်းဖျား၌ပွင့်၏၊ အဝါရောင်ရှိ၏၊ အသီးသည် လုံး၏၊ ခံသီးမျှရှိ၏၊ နုလျှင်စိမ်းရောင်သန်း၍ မှည့်လျှင်သပြေသီးမှည့်ကဲ့သို့ ညိုသော အဆင်းရှိ၏ဟု သိမ်ဖြူဆေးအဘိဓာန်၌ ပြဆိုပြန်သည်။

ယင်းသို့ပြဆိုခဲ့သမျှကို ညိုနှိုင်းပါက ဖာရုသကဟူသည် ခွေးတရော် (တရော်အ) သာ ဖြစ်ဖွယ်ရာရှိပါသည်၊ မှော်ဘီမြို့နယ်၌ကား ကြက်တရော်ခေါ်သည်ဟူ၏။

http://www.dhammadownload.com

သုံးဆောင်ခြင်းဖြင့်၊ ယာဝ အရုဏုဂ္ဂမနာ- အရုဏ်တက်သည်တိုင်အောင်၊ ဝဋ္ဋတိ- အပ်၏။ သတ္ထပါနေသု- (ဇမ္ဗုပါနစသော) အလုံးစုံသော ဖျော်ရည်တို့၌၊ သေ သေသော- ဤဆိုအပ်ပြီးသော အစီအရင်သည်၊ နယော- သိကြောင်း အစီအရင်တည်း။

ဇမ္ဗုပါနန္တိ- ကား၊ ဇမ္ဗုဖလေဟိ- သပြေသီးတို့ဖြင့်၊ ကတပါနံ- ပြုအပ်သော အဖျော်တည်း၊ **ဧဓာစပါနန္တိ-** ကား၊ အဋ္ဌိကကဒလိဖလေဟိ- အစေ့ရှိသော တောင့်ပျော်သီးတို့ဖြင့်၊ ကတပါနံ- တည်း၊ **မောစပါနန္တိ-** ကား၊ အနဋ္ဌိကေဟိ- အစေ့မရှိကုန်သော၊ ကဒလိဖလေဟိ- အိမ်ငှက်ပျောသီးတို့ဖြင့်၊ ကတပါနံ- တည်း၊ **မဓုကပါနန္တိ-** ကား၊ မဓုကာနံ- သစ်မည်စည်သီးတို့၏၊ ဇာတိရသေန- ဖြစ်မြဲတိုင်းသောအရည်ဖြင့်၊ ဝါ- ရေမရောသော ပင်ကိုယ်သဘာဝအရည်ဖြင့်၊ ကတပါနံ- တည်း၊ ပန- ဆက်၊ တံ- ထိုသစ်မည်စည်သီးအဖျော်သည်၊ ဥဒက- သမ္မိस္သံ- ရေနှင့်ရောစပ်သည်၊ သမာနံ- ဖြစ်ပါမှ၊ ဝဋ္ဋတိ- အပ်၏၊ သုဒ္ဓံ- ရေမရောစွက် သက်သက်သော သစ်မည်စည်သီးဖျော်ရည်သည်၊ န ဝဋ္ဋတိ။ **မုဒ္ဒိကပါနန္တိ-** ကား၊ မုဒ္ဒိကာ- စပျစ်သီး (မုဒရက်သီး) တို့ကို၊ ဥဒကေ- ရေ၌၊ မဒ္ဒိတွာ- နယ်၍၊ အမွပါနံ ဝိယ- သရက်သီးဖျော်ရည်ကဲ့သို့၊ ကတပါနံ- တည်း။ **သာလူကပါနန္တိ-** ကား၊ ရတ္တုပ္ပလနီလုပ္ပလာဒီနံ- ကြာနီကြာညိုအစရှိသည်တို့၏၊ သာလူကေ- ကြာစွယ်တို့ကို၊ မဒ္ဒိတွာ ကတပါနံ။ **ဖာရုသကပါနန္တိ-** ကား၊ ဖာရုသကဖလေဟိ- ခွေး (ကြက်) တရော်သီးတို့ဖြင့်၊ အမွပါနံ ဝိယ ကတပါနံ- ပြုအပ်သော ဖျော်ရည်တည်း၊ အဋ္ဌ- ရှစ်မျိုးကုန်သော၊ ဣမာနိ ပါနာနိ- ဤဖျော်ရည်တို့သည်၊ သီတာနိပိ- အေးသော ဖျော်ရည်တို့သည်လည်းကောင်း၊ (ရေအေးဖြင့် ဖျော်ထားသောဖျော်ရည်တို့သည်လည်းကောင်း၊) အာဒိစ္စ-ပါကာနိပိ- နေဖြင့် ချက်အပ်သော ဖျော်ရည်တို့သည်လည်းကောင်း၊ ဝဋ္ဋန္တိ။ အဂ္ဂိပါကာနိ- မီးဖြင့် ချက်အပ်သော ဖျော်ရည်တို့သည်၊ န ဝဋ္ဋန္တိ- မအပ်ကုန်။

အဝသေသာနိ- အဖျော်ရည်ရှစ်မျိုးတို့မှ ကြွင်းကုန်သော၊ ဝေတ္တတိန္တိကာ မာတုလုင်္ဂပိတ္ထကောသမ္ဗကရမန္ဒာဒိ (ကရမဒ္ဒါဒိ) ခုဒ္ဒကဖလပါနာနိ- ကြိမ်သီး, မန်ကျည်းသီး, ရှောက်သီး, သီးသီး, ကြို့သီး, ခံသီး အစရှိသော ငယ်သော အသီးတို့၏ ဖျော်ရည်တို့သည်၊ (မဟာဖလကိုထောက်၍ ခုဒ္ဒကဖလဆိုသည်၊) အဋ္ဌပါနဂတိကာနေဝ- ရှစ်မျိုးသော ဖျော်ရည်တို့၏ ဖြစ်ခြင်းနှင့်တူသော ဖြစ်ခြင်း ရှိကုန်သည်သာ၊ (ရှစ်မျိုးသော ဖျော်ရည်တို့နှင့် အလားတူကုန်သည်သာ။)

http://www.dhammadownload.com

တာနိ- ထိုအနုလောမအဖျော်တို့သည်၊ ဝါ- တို့ကို၊ ပါဠိယဲ- ဝိနည်းပါဠိတော်၌၊ ကိစ္စာပိ နု ဝုတ္တာနိ- အကယ်၍ကား တိုက်ရိုက်ဟောတော်မမူအပ်ပါပေကုန်၊ အထ ခေါ- ထိုသို့ပင် ဟောတော်မမူအပ်ပါကုန်သော်လည်း၊ ကပ္ပိယဲ- အပ်သော အရာကို၊ အနုလောမေန္တိ- လျော်စွာပြုကုန်၏၊ တသ္မာ- ထို့ကြောင့်၊ ကပ္ပန္တိ- အပ်ကုန်၏။ "ဘိက္ခဝေ- တို့၊ ဓညဖလရဿံ- စပါးသီး၏ အရည်ကို၊ ဌပေတွာ- ၍၊ သဗ္ဗံ- သော၊ ဖလရဿံ- အသီးရည်ကို၊ အနုဇာနာမိ- ၏။" ဣတိ- သို့၊ ဝုတ္တတ္တာ- ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်၊ သာနုလောမဓညဖလ-ရဿံ- အနုလောမအသီးရည်နှင့်တကွ ဖြစ်သော စပါးသီး၏ အရည်ကို၊ ဌပေတွာ - ထား၍၊ အညံ- အခြားသော၊ အကပ္ပိယံ- မအပ်သော၊ ဖလပါနံ နာမ- အသီးဖျော်ရည် မည်သည်၊ နတ္ထိ- မရှိ၊ သဗ္ဗံ- အလုံးစုံသော အသီးဖျော်ရည်သည်၊ ယာမကာလိကမေဝ- ယာမကာလိကချည်းသာတည်း။

တတ္ထ- ထိုစကားရပ်၌၊ **သာနုလောမဓညဖလရဿော** နာမ- အနုလောမအသီးရည်နှင့်တကွ ဖြစ်သော စပါးသီး၏ အရည်မည်သည်ကို၊ (ဧဝံ ဝေဒိ-တဗ္ဗော၊) သတ္တန္နံ- ခုနစ်မျိုးကုန်သော၊ ဓညာနံ- စပါးတို့၏၊ ရသော စေဝ-အရည်သည်လည်းကောင်း၊ တာလနာဠိကေရပနသလဗုဇအလာဗုကုမ္ဘဏ္ဍ-ပုဿဖလတိပုသဇ္ဇောလုကာတိ- ထန်းသီး, အုန်းသီး, ပိန္ဒဲသီး, တောင်ပိန္ဒဲသီး, ဗူးသီး, ဖရုံသီး, သခွားငပြုတ်သီး, သခွားငဆစ်သီး, သခွားငကြောင်သီးဟူကုန်သော၊ နဝန္နံ- ကိုးပါးကုန်သော၊ မဟာဖလာနံ- အသီးကြီးတို့၏၊ ရသော စ-အရည်သည်လည်းကောင်း၊ သဗ္ဗေသံ- ကုန်သော၊ ပုဗ္ဗဏ္ဏာပရဏ္ဏာနံ- ကောက်မျိုး, ပဲမျိုးတို့အား၊ အနုလောမဓညာနံ- လျော်သော (ကျိတ်မြက်သီးပင် နှံစားပြောင်းစသော) စပါးတို့၏၊ ရသော စ- အရည်သည်လည်းကောင်း၊ ယာဝ-ကာလိကော- ယာဝကာလိကတည်း၊ တသ္မာ- ထို့ကြောင့်၊ ပစ္ဆာဘတ္တံ- ညနေဖက်၌၊ နု ဝဋ္ဋတိ။

ယာမကာလိကဖျော်ရည် ။ ။ သပြေသီး သရက်သီး ကြက်တရော် (ခွေးတရော်-တရော်အ) သီး သပျက်သီး သစ်မည်စည်သီး တောငှက်ပျောသီး အိမ်ငှက်ပျောသီး ကြာစွယ်ဟု ယာမကာလိကအဖျော်ရည်လုပ်ရန် အရင်းခံ အသီးအနှံရှစ်မျိုးကို ပြဆိုထားသည်။

ဆောင် ။ ။ သပြေ သရက်၊ တရော်-ကြက်၊ သပျက် သစ်မည်စည်။
တော၊ အိမ် ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်လော ရှစ်ဖျော်ရည်။

http://www.dhammadownload.com

"ဘိက္ခဝေ- တို့၊ ဥာကရသံ- ဟင်းရွက်ကျက်ရည်ကို၊ ဌပေတွာ- ၍၊ သဗ္ဗံ- သော၊ ပတ္တရသံ- အရွက်ရည်ကို၊ အနုဇာနာမိ- ခွင့်ပြု၏။" ဣတိ- သို့၊ ဝုတ္တတ္တာ- ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်၊ ပက္ကဥာကရသံ- ဟင်းရွက်ကျက်ရည်ကို၊ ဌပေတွာ- ၍၊ ယာဝကာလိကပတ္တာနမ်ပိ- ယာဝကာလိက အရွက်တို့၏ သော်မှလည်း၊ သီတောဒကေန- ရေအေးဖြင့်၊ မဒ္ဒိတွာ- နယ်၍၊ ကတရသော ဝါ- ပြုအပ်သော အရည်သည်လည်းကောင်း၊ အာဒိစ္စပါကော ဝါ- နေဖြင့်ချက်အပ်သော အရည်သည်လည်းကောင်း၊ ဝဋ္ဋတိ။

ကောက်ကြီး, ကောက်စပါး, မုယော (ဘာလီ), ဆပ်, လူး, ပြောင်း, ကျုံဟူသော စပါးမျိုး ခုနစ်ပါးနှင့် မြက်သီးဆန် နှံစားပြောင်းစသော စပါးမျိုးဝင်သီးနှံများ, ပဲမျိုး ပဲမျိုးဝင်သီးနှံများ။

ဆောင်။ ။ သာလိ ဝီဟိ ယဝေါ ကင်္ဂု၊ ကုဒြူသဝရဂေါဓုမာ၊
ကောက်ကြီး ကောက်လတ်၊ မုယော ဆပ်၊
နတ်ကောက် လူးနှင့်ပြောင်း။
(နတ်ကောက်- ကျုံအတွက် စာသုံး ပေသုံးအမည်၊ ▪ ကျပ်ဆင်။)

ပိန္နဲ, တောင်ပိန္နဲ, ထန်း, အုန်း, ဗူး, ဖရုံ, သခွားငပြုတ်, သခွားငဆစ်, သခွားငကြောင် အားဖြင့် သခွားသုံးမျိုးဟူကုန်သော သီးကြီးကိုးမျိုး။

ဆောင်။ ။ ပိန္နဲနှစ်ဖြာ၊ ထန်းအုန်းမှာ၊ ဗူးပါ ဖရုံဆင့်။
ပြုတ်ဆစ်ကြောင်အား၊ သုံးသခွား၊ ကိုးပါး သီးကြီးသင့်။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော ကောက်မျိုး ပဲမျိုး သီးကြီးမျိုးဟူကုန်သော အသီးတို့သည် ဖျော်ရည်လုပ်၍ ညနေဘက်၌ မသောက်ကောင်းသော အသီးများဖြစ်သည်၊ အဖတ်မပါရအောင် ဘယ်လိုပင်စစ်စေကာမူ ယင်းအသီးများ၏ အရည်သည် ယာဝကာလိကသာဖြစ်သည်၊ ယာမကာလိကဖြစ်မလာပါ။

ဆောင်။ ။ ကောက်မျိုး ပဲမျိုး၊ သီးကြီးမျိုး၊ ရှောင်ရိုး ဖျော်ရည်မှာ။

ဤကောက်မျိုး ပဲမျိုး သီးကြီးမျိုးမှတစ်ပါး ကြိမ်သီး မန်ကျည်းသီး ရှောက်သီး သီးသီးကြို့သီး ခံသီးစသော အသီးငယ်များ၏ ဖျော်ရည်တို့သည် မူလအရင်းခံအဖျော်ရှစ်မျိုး အားလျော်သော အဖျော်ရှစ်မျိုးနှင့် အလားတူဖြစ်သော (အနုလောမ) အဖျော်များ ဖြစ်ကြသည်။ အနုလောမအဖျော်များကား ဤမျှသာမဟုတ်သေးပါ၊ ကင်းရွက်ကျက်ရည်မှတစ်ပါး အရွက်များ၏ အရည်များနှင့် မည်စည်ပွင့်မှတစ်ပါး အပွင့်ရည်များသည်လည်း အဖျော်ရည်လုပ်ကောင်းပါသေးသည်။

http://www.dhammadownload.com

"ဘိက္ခဝေ- တို့၊ မဓုကပုပ္ဖရသံ- မည်စည်ပွင့်အရည်ကို၊ ဌပေတွာ- ၍၊ သဇ္ဇ-သော၊ ပုပ္ဖရသံ- အပွင့်ရည်ကို၊ အနုဇာနာမိ။" ဣတိ ဝုတ္တတ္တာ- ကြောင့်၊ မဓုက-ပုပ္ဖရသံ- ကို၊ ဌပေတွာ- ၍၊ သဇ္ဇောပိ- အလုံးစုံလည်းဖြစ်သော၊ ပုပ္ဖရသော-အပွင့်ရည်သည်၊ ဝဋ္ဋတိ။ (မည်စည်ပွင့်သည် မူးယစ်စေတတ်သော အနံ့မျိုးရှိသည်၊ ယင်းအပွင့်မှ ရရှိသော အရည်သည် စိမ်ရည်အရက်နှင့် အလားတူသည်၊ ထို့ကြောင့်ပင် မည်စည်ပွင့်အရည်ကို ပယ်မြစ်တော်မူရပါသည်။)

လုပ်ပုံလုပ်နည်း။ ။ ယင်းယာဝကာလိကအသီး အရွက်အပွင့်များကို ဖျော်ရည်လုပ်သည့်အခါ ရေအေးဖြင့်နယ်၍ (စိမ်၍) သော်လည်း လုပ်နိုင်သည်၊ နေလှန်း၍ သော်လည်း လုပ်နိုင်သည်၊ မီးဖြင့်ချက်၍ကား မလုပ်ကောင်းပါ။

ညနေဘက်သောက်ရန်ဖြစ်ပါက ယင်းအသီးအရွက်အပွင့်များကို အကပ်ခံ၍ ရဟန်းကိုယ်တိုင်မလုပ်ကောင်း၊ လူသာမဏေတို့က အမှုန်အဖတ်မပါအောင် စစ်ပြီးသော အရည်ကိုသာ အကပ်ခံရမည်၊ ယင်းဖျော်ရည်မျိုးသာ မွန်းလွဲအခါ၌ သောက်ကောင်းသော ယာမကာလိကဖြစ်သည်။

အသုံးပြုရာ၌ သတိပြုပုံ။ ။ ထိုသို့စင်ကြယ်စွာ စစ်ပြီးသောဖျော်ရည်ကို နံနက်မွန်းမတည့်မီ အကပ်ခံထားစေကာမူ ထိုနေ့အရုဏ်တက်ခါနီးအခိုန်ထိ သောက်ကောင်းသည်။ သို့သော် နေလွဲအခါ၌ ပိပါသာခေါ် မွတ်သိပ်ဆာလောင်မှုအကြောင်းရှိမှသာ အဆာပြေသောက်ကောင်းသည်၊ အကြောင်းမဲ့သက်သက်ကား မသောက်ရပါ၊ ထို့ကြောင့် ဆရာများက နေ့သုံးနာရီကျော်မှ အဖျော်ရည်သောက်ခွင့်ပြုပါသည်၊ မီးဖြင့်ချက်ထားသော လိဂမ္ဘ်ရည်စသည်တို့သည် အမှုန်အဖတ်မပါစေကာမူ ယာမကာလိကမဟုတ်နိုင်ပါ။ ယာဝကာလိကသာဖြစ်ပါသည်၊ သို့ဖြစ်၍ ယင်းလိမ္ဘော်ရည် စသည်တို့ကို ယာမကာလိကအဖြစ်ဖြင့် ဆရာများအသုံးပြုတော် မမူကြပါ၊ လိမ္ဘော်ခွံစသည်တို့ကို အဆီဖြစ်အောင်ချက်၍ သကြားရည်၌ အနံ့ရရုံ ယင်းအဆီရည်အနည်းငယ် ရောကာ လုပ်ထားသော လင်မနစ်များကိုကား အဇ္ဈောဟာရိက-ဟု ယူဆတော်မူကြပါသည်။

ယခုကာလ အဖျော်ယမကာဌာနမှ ပြုလုပ်ရောင်းချနေသော ဘာလီရည်များမှာ ယာမကာလိက ဖြစ်နိုင်စရာအကြောင်းမရှိပါ။ ဌာနဆိုင်ရာပုဂ္ဂိုလ်များကို စုံစမ်းမေးမြန်းကြည့်သည့်အခါ လူမမာများအတွက် အားရှိစေရန် ဘာလီဆန်၏ ကစီရည်များကို ထည့်သွင်းပြုလုပ်ထားကြောင်း သိရပါသည်။ အထက်အဖျော်ရည်မလုပ်ကောင်းသော စပါးမျိုး ခုနစ်ပါးမှာ ပါဠိဘာသာ သက္ကဋဘာသာဖြင့် ယဝ၊ ဟိန္ဒီဘာသာဖြင့် ဂျောက်၊ အင်္ဂလိပ်ဘာသာဖြင့် ဘာလီ (barley) ဟုခေါ်ပါသည်၊ ဆန်ဆေးရည်ကိုသော်မှ စပါးသီး၏ အရည်ဟုပင် ဆိုကြသည်ဟု ဋီကာဆရာများကလည်း မိန့်ဆိုထားကြပါသည်။ ဘာလီရည်၌ ထည့်သွင်းအသုံးပြုသော ကစီရည်ဟူသည်မှာ မီးဖြင့်ကျိုချက်ထုတ်ယူထားသော အဆီအနှစ် အစေးသာ ဖြစ်ပါသည်၊ ထို့ကြောင့် ဘာလီရည်သည် ယာဝကာလိကသာဖြစ်ပါသည်၊ ယာမကာလိကမဖြစ်နိုင်တော့ပါ။

http://www.dhammadownload.com

၉၂။ သပ္ပိ- ထောပတ်လည်းကောင်း၊ နဝနီတံ- ဆီဦးလည်းကောင်း၊ တေလံ- ဆီလည်းကောင်း၊ မဓု- ပျားရည်လည်းကောင်း၊ ဖာဏိတံ- တင်လဲလည်းကောင်း၊ ဣတိ- သို့၊ ပဋ္ဌ- ကုန်သော၊ ဣမာနိ ဘေသဇ္ဇာနိ- ဤဆေးတို့သည်၊ သတ္တာဟကာလိကံ နာမ- သတ္တာဟကာလိကမည်၏။

တတ္ထ- ထိုဆေးငါးမျိုးတို့တွင်၊ ဂေါသပ္ပိ ဝါ- နွားမ၏ ထောပတ်သည်လည်းကောင်း၊ အဇိကာသပ္ပိ ဝါ- ဆိတ်မ၏ ထောပတ်သည်လည်းကောင်း၊ မဟိံသသပ္ပိ ဝါ- ကျွဲမ၏ ထောပတ်သည်လည်းကောင်း၊ **သပ္ပိ** နာမ- သပ္ပိမည်၏၊ ယေသံ- အကြင်သတ္တဝါတို့၏၊ မံသံ- အသားသည်၊ ကပ္ပတိ- အပ်၏၊ တေသံ- ထိုသတ္တဝါတို့၏၊ သပ္ပိ- သည်၊ (သပ္ပိ နာမ။) တေသံယေဝ- ထိုသတ္တဝါတို့၏ ပင်လျှင်၊ **နဝနီတံ**- ဆီဦးသည်၊ နဝနီတံ နာမ- မည်၏၊ တိလတေလံ- နှမ်းဆီသည်လည်းကောင်း၊ သာသပတေလံ- မုန်ညင်းဆီသည်လည်းကောင်း၊ မဓုကတေလံ- မည်စည်စေ့ဆီသည်လည်းကောင်း၊ ဧရဏ္ဍတေလံ- ကြက်ဆူစေ့ဆီသည်လည်းကောင်း၊ ဝသာတေလံ- သားဆီသည်လည်းကောင်း၊ **တေလံ** နာမ- တေလမည်၏။ မက္ခိကာမဓု- ပျားကောင်တို့ ပြုအပ်သော ပျားရည်သည်၊ **မဓု** နာမ- မဓုမည်၏။ ဥစ္ဆုမှာ- ကြံမှ၊ နိဗ္ဗတ္တံ- ဖြစ်သော ကြံရည်စသည်သည်၊ (တစ်နည်း- ဥစ္ဆုမှာ နိဗ္ဗတ္တံ- အဖတ်မပါသော ကြံထွက်ပစ္စည်း မှန်သမျှသည်၊) **ဖာဏိတံ** နာမ- ဖာဏိတမည်၏။

ဘေသဇ္ဇာနိ ။ ။ ရောဂါကင်းပျောက်အောင် ရွက်ဆောင်နိုင်မှု မရွက်ဆောင်နိုင်မှုမှာ လိုရင်းမဟုတ်ပါ၊ အများကဆေးဟူ၍ ခေါ်ဝေါ်သတ်မှတ်ထားကြသည့်အတွက်သာ ထောပတ်စသည်တို့မှာ ဆေးဟူသော အမည်ကို ရကြသည်။

ဂေါသပ္ပိအစရှိသော စကားရပ်ဖြင့် လောကဌ်ထင်ရှားသော ထောပတ်ကို ပြတော်မူသည်၊ ယေသံ မံသံ ကပ္ပတိ- စသော စကားရပ်ဖြင့် နွား, ကျွဲ, ဆိတ်စသည်တို့မှတစ်ပါး သမင်, စိုင်, ယုန်စသည်တို့၏ ထောပတ်ကို ပေါင်းယူပြတော်မူသည်။ မှန်၏- နို့ရည်ရှိသမျှ သတ္တဝါများမှာ ထောပတ်လည်းရှိနိုင်သည်ပင်၊ ယင်းထောပတ်၏ ရနိုင်မှု မရနိုင်မှုမှာ လိုရင်းမဟုတ်ပါ၊ တွေဝေခြင်းကင်း ရဲတင်းစွာ သုံးစွဲနိုင်ရန်သာ ဘုရားရှင် ဟောတော်မူထားပါသည်။ (ဝိ၊ဋ္ဌ၊၂၊၂၈၉။)

အသားအပ်သော သတ္တဝါတို့၏ ထောပတ်သည် သပ္ပိမည်သည်ဟူသော စကားကိုလည်း အသားအပ်သောသတ္တဝါတို့၏ ထောပတ်စသည်သာ နိဿဂ္ဂိဝတ္ထုဖြစ်သည်ဟု ပြတော်မူလိုသောကြောင့် မိန့်ဆိုထားရသည်။ အသားမအပ်သော သတ္တဝါတို့၏ ထောပတ်စသည်လည်း မအပ်ဟု ပြတော်မူလိုသောကြောင့် မိန့်ဆိုထားရသည် မဟုတ်ပါ။

http://www.dhammadownload.com

ပန- ကား၊ ယာဝဇီဝိကံ- ကို၊ ဟေဋ္ဌာ- အောက်၌၊ ယာဝကာလိကေ- ယာဝကာလိကဉ်၊ မူလခါဒနီယာဒိသု- မူလခါဒနီယစသည်တို့၌၊ ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်ပင်လျှင်၊ ဝေဒိတဗ္ဗံ- သိထိုက်၏။

၉၃။ တတ္ထ- ထိုကာလိကလေးပါးတို့တွင်၊ အရုဏောဒယေ- အရုဏ်တက်ရာ ချိန်အခါ၌၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်ပြီးသော၊ ယာဝကာလိကံ- ကို၊ သတက္ခတ္တုမ္ပိ- အကြိမ်တစ်ရာလည်း၊ နိဒဟိတ္ဝာ- သိုမှီးသိမ်းဆည်း၍၊ ယာဝလောက်၊ ကာလော- စားသောက်ချိန်ကာလသည်၊ နာတိက္ကမတိ- မလွန်သေး၊ တာဝ- ထိုမျှလောက်သော ကာလပတ်လုံး၊ ပရိဘုဉ္ဇိတုံ- သုံးဆောင်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ (အရုဏောဒယေ- ၌) ပဋိဂ္ဂဟိတံ- သော၊ ယာမကာလိကံ- ကို၊ ဧကံ- တစ်ခုသော၊ အဟောရတ္တံ- နေ့ည၌်ပတ်လုံးလည်းကောင်း၊ သတ္တာဟကာလိကံ- ကို၊ သတ္တရတ္တံ- ခုနစ်ည၌်ပတ်လုံးလည်းကောင်း၊ ကတရံ- ကာလိကသုံးပါးမှတစ်ပါးသော ယာဝဇီဝိကကို၊ ပစ္ဆယေ- ဂေလညအကြောင်းသည်၊ သတိ- ရှိလသော်၊ ယာဝဇီဝမ္ပိ- အသက်ထက်ဆုံးလည်းကောင်း၊ ပရိဘုဉ္ဇိတုံ- ငှာ၊ ဝဋ္ဋတိ။ (ဂေလညအကြောင်း မရှိလျှင်ကား ဇီးဖြူ၊ သျှစ်သျှား, လျက်ဆားစသည်ကိုမျှ မစားရ၊ စားလျှင် ဒုက္ကဋ်သင့်သည်၊ ဂိလာနဖြစ်နေစေကာမူ ဖြစ်နေသော ရောဂါနှင့် ဆေး သင့်မြတ်မှ စားကောင်းသည်။)

ပန- ဆက်၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ဧကရတ္တံ- တစ်ည၌်ကို၊ ဝီတိနာမိတံ- လွန်စေအပ်ပြီးသော၊ ယံ ကိဉ္စိ- အမှတ်မထား တစ်ပါးပါးသော၊ ယာဝ-

---

လူနို့စသည်တို့သော်မှ မအပ်သည်မဟုတ်၊ ယုန်ထောပတ်စသည်တို့သည် ဘယ်မှာ မအပ်ဘဲ ရှိပါတော့မည်နည်းဟု ပြလိုပြန်သောကြောင့် နို့ရည်ရှိသောသတ္တဝါများမှာ ထောပတ်ရှိနိုင်သည်ပင်ဟု အဋ္ဌကထာ-၌ မိန့်ဆိုထားသည်၊ (သာရတ္ထ၊ ၂၊၄၃၀။)

ကာလေ၁။ ။ ကာလအရ ရဟန်းတို့၏ ဆွမ်းစားချိန်ကို ယူရမည်၊ မွန်းမတ်မတ်တည့်ရာ ချိန်အခါကိုလည်း ကာလ၌ပင် ထည့်သွင်းရသောကြောင့် ရဟန်းတို့၏ ဆွမ်းစားချိန်ဟူသည်လည်း အလွန်ဆုံးအားဖြင့် မွန်တည့်ချိန်ဖြစ်သည်။ ထိုမွန်းတည့်ချိန်မှစ၍ ယာဝကာလိကခဲဖွယ်ဘောဇဉ်ကို သုံးဆောင်စားသောက်ခြင်းငှာ မတတ်ကောင်း။ အဆောတလျင် သောက်မည်ဆိုက သောက်နိုင်စရာရှိပါသော်လည်း ငါသောက်တဲ့အချိန်မှာ မွန်းမျှားလွဲနေလေရော့သလားဟု ကုက္ကုစ္စရှိနေလျှင် ဒုက္ကဋ်အာပတ်သင့်နိုင်သောကြောင့် ကုက္ကုစ္စရှိသော ရဟန်းသည် မသောက်သင့်။

မွန်းတည့် မတည့် သိရန် နေမှတ်တိုင် (နေနာရီ) ကို အသုံးပြုသင့်သည်၊ ကာလအတွင်း၌သာ ဆွမ်းကိစ္စကို ပြုသင့်သည်။ (ဝိ၊၄၊၃၊၉၈။)

http://www.dhammadownload.com

ကာလိကံ ဝါ- ကိုသော်လည်းကောင်း၊ ယာမကာလိကံ ဝါ- ကိုသော်လည်းကောင်း၊ အဇ္ဈောဟရိတုကာမတာယ- စားမျိုခြင်းငှာ အလိုရှိသည်၏ အဖြစ်ကြောင့်၊ ဂဏှန္တသ- ယူသော ရဟန်း၏၊ တာဝ- မစားမီ ရှေးဦးစွာ၊ ပဋိဂ္ဂဟဏေ- ယူခြင်းကြောင့်၊ ဒုက္ကဋ်ံ ဟောတိ။ ပန- ကား၊ အဇ္ဈောဟရတော- စားမျိုသော ရဟန်း၏၊ ဧကမေကသ္မိံ- တစ်ကြိမ်တစ်ကြိမ်သော၊ အဇ္ဈောဟာရေ- စားမျိုခြင်း၌၊ သန္ဓိဓိပစ္စယာ- သန္ဓိဓိဟူသော အကြောင်းကြောင့်၊ ပါစိတ္တိယံ။

ပတ္တော- သည်၊ ဒုဒ္ဒါတော- မကောင်းသဖြင့် ဆေးအပ်သည်၊ ဝါ- မစင်မကြယ် ဆေးအပ်သည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်အံ့၊ ယံ- အကြင်သပိတ်ကို၊ အဂ်ုလိယာ- လက်ချောင်းဖြင့်၊ ယံသန္တသ- ပွတ်တိုက်လသော်၊ (ပွတ်ကြည့်သော ရဟန်း၏။) လေခါ- အရေးသည်၊ (လက်ချောင်းရာသည်၊) ပညာယတိ- ထင်ရှားအံ့၊ ဂဏ္ဌိကပတ္တာသ ဝါ- အဖွဲ့အတုပ်ရှိသော သပိတ်၏မူလည်း၊ ဂဏ္ဌိကန္တရေ- အဖွဲ့အတုပ်၏ ကြားဌာန၊ သ္နေဟော ဝါ- အဆီ

ပဋိဂ္ဂဟဏေ။ ။ နဂိုက အကပ်ခံပြီးဖြစ်သဖြင့် သန္ဓိဓိဖြစ်နေသော ယာဝကာလိက ယာမကာလိကများဖြစ်နေသည့်အတွက် ထပ်၍အကပ်ခံစရာမလိုတော့သောကြောင့် အကပ်ခံခြင်းကို ပဋိဂ္ဂဟ-ဟု ဆိုသည်မဟုတ်၊ စားဖို့ရန် ယူခြင်းကိုသာ ဆိုသည်။ (သာရတ္ထ၊၃၊၆၇။)

သို့သော် အကြောင်းတစ်စုံတစ်ရာကြောင့် သန္ဓိဓိဖြစ်ပြီးသော ဝတ္ထုကို ထပ်အကပ်ခံပြန်လျှင်လည်း ဒုက္ကဋ်အာပတ်မှ လွတ်မြောက်နိုင်စရာမရှိပါ။

ပတ္တော ဒုဒ္ဒါတော ။ ။ ပြောင်စင်အောင် မဆေးသည့်အတွက် အဆီအစေးကျန်နေသော သပိတ် (နှင့် စားခွက်ဟင်းခွက်များ) ကို "ဒုဒ္ဒါတပတ္တ"ခေါ်ပါသည်။ ယင်းမပြောင်စင်သော သပိတ်များ ခွက်များကို လက်ဖြင့်ပွတ်ကြည့်လိုက်လျှင် လက်ချောင်းရာများ ထင်လာတတ်သည်။ နောက်တစ်နေ့မှာ ဆွမ်းနှင့်ရောပါ၍ ပါးစပ်ထဲသို့ ဝင်ရန် အဆင်သင့် ဖြစ်နေပါတော့သည်။

ဂဏ္ဌိကပတ္တ ။ ။ ဥနပဉ္စဗန္ဓန-သိက္ခာပုဒ်မှာ ညွှန်ပြထားသည့်အတိုင်း အဖွဲ့ရှိသော သပိတ်၏အဖွဲ့ကြားဌာန အဆီအစေးများ ဝင်နေတတ်သည်၊ ယင်းအဆီအစေးများသည် သပိတ်ကို နေလှမ်းသည့်အခါ ယိုထွက်လာတတ်သည်၊ ယင်းသပိတ်ဖြင့် ယာဂုပူကို ယူသည့်အခါမှာလည်း ယာဂုပေါ်၌ ဆီများဝေ့နေတတ်သည်။

ပြဆိုခဲ့သည့် မစင်ကြယ်သောသပိတ်, အဖွဲ့ကြားဌာန အဆီဝင်နေသောသပိတ်များဖြင့် နောက်တစ်နေ့မှာစားလျှင် အကပ်ခံပြီးဖြစ်သော ယင်းအဆီများ ဆွမ်းနှင့်ရော၍ ခံတွင်းသို့ ဝင်သွားသောကြောင့် ပါစိတ်အာပတ်သင့်ရပါတော့သည်။

http://www.dhammadownload.com

အစေးသည်သော်လည်း၊ ပဝိဋ္ဌော- ဝင်နေသည်၊ ဟောတိ- ဒုံ၊ သော- ထို အဆီအစေးသည်၊ ဥဏ္ဏော- နေပူ၌၊ ဩတာပေန္တဿ- သပိတ်ကို နေလှမ်းလ သော်၊ ဝါ- စဉ်၊ ပဋ္ဌရတိ- ယိုထွက်လာတတ်၏၊ ဥဏ္ဏယာဝုယာ ဝါ- ပူသော ယာဝုကိုမူလည်း၊ ဂဟိတာယ- ခံယူအပ်သော်၊ သန္ဓိဿတိ- ထင်ရှားလာတတ် ၏၊ (ယာဝုအပေါ်မှာ အဆီဝေ့လာတတ်၏၊) တာဒိသေ- ထိုသို့ရှုအပ်သော၊ ပတ္တေပိ- သပိတ်၌လည်း၊ ပုနဒိဝသေ- နောက်တစ်နေ့၌၊ ဘုဉ္ဇန္တဿ- စားသော ရဟန်း၏၊ ပါစိတ္တိယံ။

တသ္မာ- ထို့ကြောင့်၊ ပတ္တံ- ကို၊ ဓောဝိတွာ- ဆေးပြီး၍၊ ပုန- တစ်ဖန်၊ တတ္ထ- ထို (ဆေးပြီးသော) သပိတ်၌၊ အစ္ဆောဒက်- ကြည်လင်သော ရေကို၊ အာ- သိဉ္စိတွာ ဝါ- လောင်းထည့်၍သော်လည်းကောင်း၊ အဂ်ုလိယာ- ဖြင့်၊ ယံသိတွာ ဝါ- ပွတ်၍သော်လည်းကောင်း၊ နိသ္သေဟဘာဝေါ- အဆီအစေးမရှိသည်၏ အဖြစ်ကို၊ ဇာနိတဗ္ဗော- သိထိုက်၏၊ ဟိ- မှန်၊ ဥဒကေ- ၌၊ သ္နေဟဘာဝေါ ဝါ- အဆီအစေးရှိသည်၏ အဖြစ်သည်သော်လည်းကောင်း၊ ပတ္တေ- ၌၊ အဂ်ုလိ- လေခါ ဝါ- လက်ချောင်းရာသည်သော်လည်းကောင်း၊ သစေ ပညာယတိ- ဒုံ၊ ဧဝံ သတိ၊ ဒုဒ္ဒါတော- မကောင်းသဖြင့် ဆေးအပ်သည်၊ ဝါ- မစင် မကြယ် ဆေးအပ်သည်၊ ဟောတိ။

ပန- ဆက်၊ တေလဝဏ္ဏပတ္တေ- ဆီရောင်ရှိသော သပိတ်၌၊ အဂ်ုလိလေခါ- လက်ချောင်းရာသည်၊ ပညာယတိ- ထင်ရှား၏၊ သာ- ထိုလက်ချောင်းရာသည်၊ **အဇ္ဈောဟာရိကာ**- အာပတ်၏အဂ်ီဟု ပြောဆိုခြင်းကို မထိုက်။

ယံ- အကြင်ခဲဖွယ်ဘောဇဉ် (အဖျော်ယမကာ) ကို၊ ဘိက္ခူ- ရဟန်းတို့သည်၊ နိရပေက္ခာ- ငဲ့ကွက်ခြင်း မရှိကုန်သည်၊ ဟုတ္တာ- ၍၊ သာမဏေရာနံ- တို့အား၊ ပရိစ္စဇန္တိ- စွန့်ကုန်၏၊ တံ- ကို၊ သာမဏေရာ- တို့သည်၊ နိဒဟိတွာ- သိုမှီး သိမ်းဆည်း၍၊ စေ ဒေန္တိ- အကယ်၍ ပေးလှူကုန်အံ့၊ ဧဝံ သတိ၊ သဗ္ဗံပိ-

---

ထို့ကြောင့် ဆရာများက သပိတ်, ပန်းကန်များကို သန့်ရှင်း စင်ကြယ်အောင် ဆပ်ပြာဖြင့် ပွတ်တိုက်ဆေးကြောရန် မိန့်ဆိုတော်မူကြပါသည်။

အဇ္ဈောဟာရိကာ။ ။ အဆီအစေးမရှိပါသော်လည်း ဆီရောင်ရှိသောသပိတ်၌ အရောင်ကြည်လင်သည့်အတွက် ပွတ်ကြည့်သည့်အခါ လက်ချောင်းရာများ ထင်လာ တတ်သည်၊ သို့ဖြစ်၍ ယင်းဆီရောင်ရှိသောသပိတ်၌ အာပတ်မသင့်ဟု ပြလိုသော ကြောင့် အဇ္ဈောဟာရိကာဟု ဆိုထားသည်။ (သာရတ္ထ၊၃၊၆၇။)

http://www.dhammadownload.com

အလုံးစုံသော ခဲဖွယ်ဘောဇဉ် အဖျော်ယမကာသည်လည်း၊ ဝဋ္ဋတိ- အပ်၏၊ ဟိ- မှန်၊ သယံ- ရဟန်းကိုယ်တိုင်၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ အပရိစ္စတ္တ-မေဝ- မစွန့်အပ်သော ခဲဖွယ်ဘောဇဉ် အဖျော်ယမကာသည်သာ၊ ဒုတိယ-

---

ကျမ်းဆရာ၏ အကပ်စွန့်ဝါဒ။ ။ ကိုယ်တိုင်အကပ်ခံပြီး၍ မစွန့်လွှတ်အပ်သော ခဲဖွယ် ဘောဇဉ် အဖျော်ယမကာများသာ နောက်နေ့၌ မအပ်ဟု ဆိုထားရာဝယ်

၁။ အကပ်ခံခြင်း၌ မငဲ့မကွက်စွန့်ခြင်း။

၂။ လူသာမဏေတို့အား မငဲ့မကွက်ပေးခြင်း။

ဤနှစ်ပါးတို့တွင် တစ်ပါးပါးဖြင့် မစွန့်အပ်သော ခဲဖွယ် ဘောဇဉ် အဖျော်ယမကာများသာ နောက်တစ်နေ့မှာ မအပ်ပါ။

ထို့ကြောင့် အကပ်ခံပြီးဝတ္ထုကို သူတစ်ပါးအား စွန့်လွှတ်ပေးကမ်းမှု မပြုဘဲ အကပ်ခံခြင်း၌ မငဲ့ကွက် (အာလယပြတ်) စွန့်ခြင်းဖြင့် အကပ်စွန့်လိုက်လျှင်လည်း နောက်တစ်နေ့မှာ အပ်ပါတော့သည်။

သို့ဖြစ်လျှင် ပြောင်စင်အောင်ဆေးကြောမထားသော သပိတ်ခွက်စသည်တို့၌ အဘယ်ကြောင့် အာပတ်သင့်ရပါသနည်းဟု စိစစ်စရာရှိလာပါသည်။ အကပ်ခံခြင်းကို မစွန့်မူ၍ပင် ရဟန်းကိုယ်တိုင်ကဖြစ်စေ အခြားလူသာမဏေကဖြစ်စေ သပိတ်ထဲမှာ ရှိနေသမျှ အာမိသကို သွန်ချ၍ သေချာကျနစွာ (ပြောင်စင်အောင်) ဆေးကြောမထားသော သပိတ်မှာ ငြိကပ်ကျန်ရှိနေသော အဆီအစေးများသည်လည်း အကပ်ခံခြင်းကို မစွန့်သည်သာ၊ ထို့ကြောင့် ပြောင်စင်အောင် ဆေးကြောမထားသော သပိတ်ခွက်စသည်တို့၌ အာပတ်သင့်ရသည်ဟု ဂဏ္ဌိပုဒ်သုံးစောင်လုံး၌ မိန့်ဆိုထားသည်။

အချို့ဆရာများမူကား "သာမဏေရာနံ ပရိစ္စဇန္တိ"ဟူသော စကားကို အခြေခံထားကာ အပရိစ္စတ္တမေဝ-ဟု ဆိုထားသည့်အတွက် လူသာမဏေအား စွန့်လွှတ်အပ်သော ခဲဖွယ် ဘောဇဉ် အဖျော်ယမကာသာအပ်သည်။ မစွန့်လွှတ်အပ်သော ခဲဖွယ်ဘောဇဉ် အဖျော် ယမကာ မအပ်ဟူသော အနက်သဘောသက်ရောက်သည်။ ထို့ကြောင့် အကပ်ခံခြင်း၌ အာလယပြတ်စွန့်ပါသော်လည်း လူသာမဏေအား မစွန့်သော ခဲဖွယ်ဘောဇဉ် အဖျော် ယမကာသည် မအပ်ဟု ဆိုကြသည်။

အကပ်စွန့်ပြီးသောဝတ္ထု၏ အကပ်မခံရသေးသောဝတ္ထုနှင့် အလားတူနေသည့်အတွက် အကပ်ခံခြင်းကို စွန့်လိုက်သဖြင့် သန္ဓိကိုလည်း မဖြစ်စေနိုင်တော့ပါ။ ထို့ကြောင့် ထိုကေစိ (အချို့) ဆရာတို့၏စကား သင့်မည်မထင်ပါ။ ထို့ပြင် အကပ်ခံပြီး၍ သိမ်းထားသော ဝတ္ထုမှာသာ သိမ်းထားခြင်းဟူသော အကြောင်းကြောင့် အာပတ်ကို မိန့်ဆိုထားသည်။ အကပ်ခံပြီး၍ တစ်ညဉ့်လွန်စေသော ခဲဖွယ်ဘောဇဉ် အဖျော်ယမကာကို သန္ဓိကာရက-ခေါ်သည်ဟု အဋ္ဌကထာဆရာလည်း မိန့်ဆိုထားပါသေးသည်။ (သာရတ္ထ၊၃၊၆၇။)

http://www.dhammadownload.com

ဒိဝသေ- ဒုတိယနေ့၌၊ နံ ဝဋ္ဋတိ- မအပ်၊ ဟိ- မှန်၊ တတော- ထိုအပရိစ္ဆတ္တ ခဲဖွယ်ဘောဇဉ် အဖျော်ယမကာမှ၊ (နီဟရိတွာ- ထုတ်၍၊) ဧကသိတ္ထမ္မိ- ဆွမ်းတစ်လုံးကိုသော်မှလည်း၊ အဇ္ဈောဟရတော- စားမျိုသော ရဟန်း၏၊ ပါစိတ္တိယ-

---

ဝိမတိဝိနောဒနီဋီကာ ။ ။ အပရိစ္ဆတ္တမေဝ-ဟူသော စကားကို အာလယပြတ် လူသာမဏေတို့အား မပေးစွန့်သော ယာဝကာလိက ယာမကာလိကဝတ္ထု (ခဲဖွယ်ဘောဇဉ် အဖျော်ယမကာ) ကိုသာ ရည်ရွယ်၍ ဆိုထားသည်။ ထိုဝတ္ထုအပေါ်၌ ဖြစ်သော အကပ်ခံခြင်းကို ရည်ရွယ်၍ ဆိုထားသည်ကား မဟုတ်ပါ။

အကြောင်းမူကား ဝတ္ထုကို မစွန့်ဘဲ ဝတ္ထုပေါ်၌ဖြစ်သော အကပ်ခံခြင်းကို မစွန့်နိုင်သောကြောင့်ပင်၊ ဝတ္ထုကိုမစွန့်ဘဲ အကပ်ခံခြင်းကို စွန့်နိုင်သည်ဟူသော စကားမျိုးလည်း (ပါဠိတော်၌လည်း မလာ၊ အဋ္ဌကထာ၌လည်း) မရှိပါ။ ဤစကားမျိုးသာ အကယ်၍ ရှိမည်ဆိုပါလျှင် ပြောင်စင်အောင် မဆေးသော သပိတ်ခွက်၌နောက်တစ်နေ့ စားသောရဟန်းမှာလည်း ပါစိတ်အာပတ်သင့်သည်ဟူသောစကားသည် ဆန့်ကျင်ရပါတော့မည်၊ အကြောင်းမူကား- အာမိသကို ပယ်ရှင်းရန် ကြိုးစားဆေးကြောသော ရဟန်းမှာ နောက်တစ်နေ့အာမိသကိုစားလျှင် ပါစိတ်အာပတ်ကို ဖြစ်စေတတ်သော အကပ်ခံခြင်း၌ ငဲ့ကွက်မှုမရှိတော့သည့်အတွက်ကြောင့်ပင်။

သပိတ်၌ဖြစ်သော ငဲ့ကွက်မှုသည် သပိတ်ပေါ်၌ ရောက်ရှိနေသော အာမိသ၌လည်း ဖြစ်သည်မည်သည်ပင်၊ သို့ဖြစ်ရကား ပြောင်စင်အောင် မဆေးသောသပိတ် (ခွက်) မှာ အာမိသ၌ ငဲ့ကွက်မှုကင်းသောသဘောကို မရနိုင်၊ ထို့ကြောင့် အာမိသ၌ မစွန့်အပ်သော အကပ်ခံမှုသည် နောက်တစ်နေ့မှာ ပါစိတ်အာပတ်ကို ဖြစ်စေနိုင်သည်၊ ဤသည်ကိုပင် အကြောင်းပြု၍ "သစေ ပတ္တော ဒုဒ္ဓေါတော"စသော စကားကို မိန့်ဆိုထားပါသည်။

ပြောင်စင်အောင် မဆေးသော သပိတ်မှာ အာမိသ၌ ငဲ့ကွက်မှုကင်းသော သဘောကို မရနိုင်သောကြောင့် အကပ်ခံခြင်း၌ ငဲ့ကွက်မှုကင်းသော သဘောကိုလည်း မရနိုင်ဟု အယူရှိခဲ့ပါလျှင် အာမိသမှာ ငဲ့ကွက်မှုရှိသော ဝတ္ထု၌ အကပ်ခံခြင်းမှာ ငဲ့ကွက်မှုလည်း မကင်းနိုင်ပေဟူသော အနက်သဘော သက်ရောက်လာပေသည်။ သို့ဖြင့် အကပ်ခံခြင်း၌ ငဲ့ကွက်မှုကင်း စွန့်လွှတ်ခြင်းကို အသီးအခြား မဆိုသင့်တော့ပေ။

အကပ်ခံခြင်း၌ ငဲ့ကွက်မှုကင်း စွန့်လွှတ်ခြင်းကို အကပ်စွန့်ခြင်း၏အကြောင်း (အင်္ဂါ) တစ်ခုအနေဖြင့် အလိုရှိမည်ဆိုပါလျှင် သင်္ခန်း၌ ငဲ့ကွက်မှုရှိနေပါသော်လည်း ပစ္စုပ္ပန်ရှိရပြုခြင်းကြောင့် အဓိဋ္ဌာန်ကျခြင်းကို (အင်္ဂါတစ်ခုအနေဖြင့်) ဆိုသကဲ့သို့၊ အကပ်ပျက်အင်္ဂါတစ်ခုအနေဖြင့် အဋ္ဌကထာမှာ အလေးအနက် ဆိုသင့်ပါသည်။

ဤအကြောင်းမျိုး ရှိပြန်လျှင်လည်း အဖွဲ့ရှိသောသပိတ် (အကွဲ အအက်ရှိသော သပိတ်ခွက်) တို့၌ မအပ်သောသဘောမည်သည် မရှိတော့ချေဟူသော သဘောကိုလည်း ပြဆိုပြီးပင် ဖြစ်ပါတော့သည်။

http://www.dhammadownload.com

မေဝ ဟောတိ၊ အကပ္ပိယမံသေသု- အကပ္ပိယအသားတို့တွင်၊ (အသားကြီးဆယ်ပါးတို့တွင်) မနုဿမံသေ- ၌၊ ထုလ္လစ္စယေန- နှင့်၊ သဒ္ဒိ- တကွ၊ ပါစိတ္တိယံ ဟောတိ။ (သန္နိဓိပါစိတ်) အဝသေသေသု- လူသားမှကြွင်းသော အသားကြီးကိုးပါးတို့၌၊ ဒုက္ကဋေန သဒ္ဒိ ပါစိတ္တိယံ ဟောတိ။

ယာမကာလိကံ- ကို၊ ပစ္စယေ- ပိပါသအကြောင်းသည်၊ သတိ- ရှိလသော်၊ အဇ္ဈောဟရတော- သောက်မျိုသောရဟန်း၏၊ ပါစိတ္တိယံ- (သန္နိဓိ) ပါစိတ်သည်၊ ဟောတိ။ အာဟာရတ္ထာယ- အာဟာရအကျိုးငှာ၊ အဇ္ဈောဟရတော ဒုက္ကဋေန သဒ္ဒိ ပါစိတ္တိယံ ဟောတိ၊ ပဝါရိတော- ပယ်မြစ်စေအပ်ပြီးသည်၊ ဝါ- ပဝါရိတ်သင့်ပြီးသည်၊ ဟုတွာ၊ အနတိရိတ္တကံ- ပြုအပ်ပြီးသော အတိရိတ်ဝိနည်းကံ

ထို့ကြောင့် အကပ်ခံပြီးဝတ္ထုကို သူတစ်ပါးအား စွန့်လွှတ်ပေးကမ်းမှု မပြုဘဲ အကပ်ခံခြင်း၌ မငဲ့မကွက် (အာလယပြတ်) စွန့်ခြင်းဖြင့် အကပ်စွန့်လိုက်လျှင်လည်း နောက်တစ်နေ့မှာ အပ်ပါတော့သည်ဟု သာရတ္ထ၌ ဆိုထားသောစကားကို အနှစ်သာရအားဖြင့် မမှတ်ယူသင့်။ (ဝိမတိ၊၂၃၃၊)

အကပ်စွန့်ရုံမျှဖြင့် ဝတ္ထုအပေါ်၌ နိရာပေက္ခ (အာလယကင်းပြတ်မှု) မဖြစ်နိုင်သောကြောင့် ကျမ်းဆရာ၏ (သာရတ္ထ၏) အကပ်စွန့်ဝါဒကို ဆရာများကလည်း မနှစ်သက်ကြပါ။

ဒုက္ကဋေန သဒ္ဒိ ။ ။ ပါစိတ်ပါဠိတော် (၁၁၇) ၌ "သတ္တာဟကာလိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ၊ အာပတ္တိ ဒုက္ကဋဿ"စသည်ဖြင့် သိမ်းဆည်းထားပြီးသော သတ္တာဟကာလိက ယာဝဇီဝိကတို့၌ နံနက်အခါ၌သော်မှလည်း အာဟာရအလို့ငှာ စားမျိုခြင်းကြောင့် ဒုက္ကဋ်အာပတ်ကို ဟောတော်မူထားသည့်အတွက် ယာမကာလိက၌လည်း စားမျိုခြင်းကြောင့် သီးခြားဒုက္ကဋ်ဖြစ်သင့်သည်ဟူသော သဘောဖြင့် "အာဟာရတ္ထာယ အဇ္ဈောဟရတော ဒုက္ကဋေန သဒ္ဒိ ပါစိတ္တိယံ"ဟု မိန့်ဆိုထားသည်။

(သာရတ္ထ၊၃၊၆၇။)

(ယခုကာလ ပါဠိတော်စာအုပ်များ၌ကား ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ-စသည် ရှိနေပါသည်။)

ယာမကာလိကံ။ပ။ ဒ္ဝေ ။ ။ယမန်နေ့ကအကပ်ခံထားပြီးသော ယာမကာလိကကို ယနေ့နံနက်အချိန်၌ အာမိသရှိသော ပါးစပ်ဖြင့် သုံးဆောင်သော ရဟန်းမှာ ယာမကာလိကကို သိမ့်မြိုသိမ်းထားခြင်းကြောင့် သန္နိဓိပါစိတ်တစ်ချက်၊ သိမ်းထားပြီးသော ယာမကာလိကနှင့် အာမိသ ရောနှောမိသည့်အခါ ယာဝကာလိကသဘော သက်ရောက်သွားသည့်အတွက် အနတိရိတ္တပါစိတ်တစ်ချက်အားဖြင့် ပါစိတ်နှစ်ချက် သင့်သည်။ (သာရတ္ထ၊၃၊၆၈။)

http://www.dhammadownload.com

မရှိသော ခဲဖွယ်ဘောဇဉ်ကို၊ သစေ အဖျော်ဟရတိ- အကယ်၍ စားမျိုအံ့၊ ဧဝံ သတိ၊ ပကတိအာမိသေ- ပကတိအာမိသ၌၊ ဝါ- ဆွမ်းစသော အပ်သော အာမိသ၌၊ ဒွေ- နှစ်ချက်ကုန်သော၊ ပါစိတ္တိယာနိ- တို့သည်၊ ဟောန္တိ၊ (ပဝါရိတ် ပါစိတ်နှင့် သန္နိဓိပါစိတ်၊) မနုဿမံသေ- ၌၊ ထုလ္လစ္စယေန သဒ္ဓိံ ဒွေ (ပါစိတ္တိယာနိ ဟောန္တိ။) သေသအကပ္ပိယမံသေ- ကြွင်းသော အကပ္ပိယအသား၌၊ ဒုက္ကဋေန သဒ္ဓိံ (ဒွေ ပါစိတ္တိယာနိ ဟောန္တိ။) ယာမကာလိကံ- ကို၊ ပစ္စယေ- ပိပါသအကြောင်းသည်၊ သတိ- ရှိလသော်၊ သာမိသေန- အာမိသနှင့် တကွသော၊ မုခေန- ခံတွင်းဖြင့်၊ အဖျော်ဟရတော- သောက်မျိုသော ရဟန်း၏၊ ဒွေ ပါစိတ္တိယာနိ ဟောန္တိ။ နိရာမိသေန- အာမိသ မရှိသော၊ မုခေန အဖျော်ဟရတော ဧကမေဝ- တစ်ချက်သာလျှင်ဖြစ်သော၊ ပါစိတ္တိယံ ဟောတိ။ (သန္နိဓိပါစိတ် အာပတ်၊) အာဟာရတ္ထာယ အဖျော်ဟရတော ဝိကပ္ပဒွယေပိ- (သာမိသနိရာမိသ-ဟူသော) ဝိကပ်နှစ်ပါးအပေါင်း၌လည်း၊ ဒုက္ကဋံ- သည်၊ ဝမှတိ- တိုးပွား၏၊ (အာဟာရအလို့ငှာ သောက်မျိုခြင်းကြောင့်၊) ဝိကာလေ- ၌၊ သစေ အဖျော်ဟရတိ- အံ့၊ ဧဝံ သတိ၊ ပကတိဘောဇနေ- သြဒနစသော အပ်သော ဘောဇဉ်၌၊ သန္နိဓိပစ္စယာ စ- သန္နိဓိဟူသော အကြောင်းကြောင့်လည်းကောင်း၊ ဝိကာလဘောဇနပစ္စယာ စ- ဝိကာလဘောဇနဟူသော အကြောင်းကြောင့်လည်းကောင်း၊ ဒွေ ပါစိတ္တိယာနိ ဟောန္တိ။ အကပ္ပိယမံသေ- ၌၊ ထုလ္လစ္စယဒွေ- သည်လည်းကောင်း၊ (လူသားအတွက်၊) ဒုက္ကဋဒွေ- သည်လည်းကောင်း၊ (ကြွင်းအသားကြီး ကိုးပါးအတွက်) ဝမှတိ။ ယာမကာလိကေ- ၌၊ ဝိကာလပစ္စယာ- နေလွဲခြင်းဟူသော အကြောင်းကြောင့်၊ အနာပတ္တိ၊ ပန- ဆက်၊ အနတိရိတ္တ-ပစ္စယာ- အနတိရိတ္တဟူသော အကြောင်းကြောင့်၊ ဝိကာလေ- ၌၊ သဗ္ဗဝိကပ္ပေ-သု- အလုံးစုံသော ဝိကပ်တို့၌၊ အနာပတ္တိ။ (အပ်သော အာဟာရကိုသာ အတိရိတ်ဝိနည်းကံ ပြုကောင်းသည်၊ မအပ်သော အာဟာရကို အတိရိတ်ဝိနည်းကံ မပြုကောင်း၊ ထို့ကြောင့် အနတိရိတ္တအတွက် အာပတ်မသင့်။)

ပန- ကား၊ သတ္တာဟကာလိကံ- ကိုလည်းကောင်း၊ ယာဝဇီဝိကဉ္စ- ကိုလည်းကောင်း၊ အာဟာရတ္ထာယ- ငှာ၊ ပဋိဂ္ဂဏှတော- အကပ်ခံသော ရဟန်း၏၊ တာဝ- မစားမီရှေးဦးစွာ၊ ပဋိဂ္ဂဟဏပစ္စယာ- အကပ်ခံခြင်းဟူသော အကြောင်း

ပဋိဂ္ဂဟဏပစ္စယာ။ ။ အကပ်ခံ သိမ်းထားပြီး ဖြစ်သောကြောင့် နံနက်အခါ၌ သော်မှ ဒုက္ကဋ်သင့်သည်သာ၊ ဂေလညအကြောင်းရှိပါမူကား သိမ်းထားပြီးဖြစ်သော်

http://www.dhammadownload.com

ကြောင့်၊ ဒုက္ကဋ်ံ ဟောတိ။ ပန- ကား၊ အဖ္ဖောဟရတော- စားမျိုသောရဟန်း၏၊ နိရာမိသံ- အာမိသမရှိသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ အဖ္ဖောဟာရေ- ကြောင့်၊ ဒုက္ကဋ်ံ၊ (အဋ္ဌကထာကြီး၌ အဖ္ဖောဟာရေ အဖ္ဖောဟာရေ ဟု ရှိသည်၊) အထ- သို့မဟုတ်၊ အာမိသသံသဋ္ဌ- အာမိသနှင့် ရောနှောအပ်သော သတ္ထာဟ ကာလိက ယာဝဇီဝိကကို၊ ပဋိဂ္ဂဟေတွာ- အကပ်ခံ၍၊ ဌပိတံ- ထားအပ်သည်၊ (သစေ) ဟောတိ- အံ့၊ ဧဝံ သတိ၊ ယထာဝတ္ထုကံ- အကြင်အကြင် ဝတ္ထု ကြောင်းအတိုင်း၊ ပါစိတ္တိယမေဝ- (သန္ဓိဓိ) ပါစိတ်အာပတ်သည်သာ၊ ဟောတိ။

၉၄။ ပန- ကား၊ သတ္ထာဟကာလိကေသု- တို့တွင်၊ သပ္ပိအာဒီသု- သပ္ပိအစ ရှိသည်တို့၌၊ အယံ ဝိနိစ္ဆယော- ဤအဆုံးအဖြတ်ကို၊ (ဝေဒိတဗ္ဗော- သိထိုက် ၏။) တာဝ- နဝနီတစသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌ- သော၊) သပ္ပိ- သည်၊ ပုရေဘတ္တံ- နံနက်အခါ၌၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်သည်၊ သမာနံ- သော်၊ တဒဟု- ထိုအကပ်ခံသော နေ့၌၊ ပုရေဘတ္တံ- ၌၊ သာမိသံ- အာမိသနှင့်တကွ ဖြစ်သည်၊ ဟုတ္ဝာပိ- လည်းကောင်း၊ နိရာမိသံ- အာမိသမရှိသည်၊ ဟုတ္ဝာပိ- လည်းကောင်း၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ (ဆွမ်းစသော ခဲဖွယ်ဘောဇဉ်နှင့် ရောလည်း စားကောင်းသည်၊ မရောဘဲလည်း စားကောင်းသည်၊ အာပတ်မသင့်၊) ပစ္ဆာဘတ္တတော- နေလွဲအခါမှ၊ ပဋ္ဌာယ- စ၍၊ သတ္ထာဟံ- လုံး၊ နိရာမိသံ ဟုတ္ဝာ ပရိဘုဉ္ဇိတဗ္ဗံ။ သတ္ထာဟာတိက္ကမေ- ခုနစ်ရက်ကို လွန်ရာအခါ၌၊ ဧက- ဘာဇနေ- ခွက်တစ်ခု၌၊ ဌပိတံ- ထားအပ်သည်။ သစေ ဟောတိ၊ ဧဝံ သတိ၊ ဧကံ- သော၊ နိဿဂ္ဂိယံ ဟောတိ၊ ဗဟူသု ဘာဇနေသု ဌပိတံ သစေ ဟောတိ၊ ဧဝံ သတိ၊ ဝတ္ထုဂဏနာယ- ဝတ္ထုအရေအတွက်ဖြင့်၊ နိဿဂ္ဂိယာနိ ဟောန္တိ၊ ပစ္ဆာဘတ္တံ- ၌၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်သော ထောပတ်သည်၊ (သတ္ထာဟံ- လုံး) နိရာမိသမေဝ- အာမိသ မရှိသည်သာလျှင်၊ ဟုတ္ဝာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ပုရေဘတ္တံ ဝါ- ၌သော်လည်းကောင်း၊ ပစ္ဆာဘတ္တံ ဝါ- ၌သော်လည်းကောင်း၊ **ဥဂ္ဂဟိတကံ**- အကပ်မခံဘဲ ကိုယ်တိုင်ကောက်ယူအပ်သည်ကို၊ ကတ္ဝာ၊ နိက္ခိတ္တံ- ထားအပ်သော ထောပတ်သည်၊ ဝါ- ကို၊ အဖ္ဖောဟရိတုံ- အတွင်းသို့ ရှေ့ရှု

လည်း (ခုနစ်ရက်မလွန်သေးသော) သတ္ထာဟကာလိကနှင့် ယာဝဇီဝိကကို ဆေးအတွက် ယူငင်သုံးဆောင်သော ရဟန်းအားလည်းအာပတ်မသင့်သည်သာ။ (သာရတ္ထ၊၃၊၆၈။)

ဥဂ္ဂဟိတကံ။ ။ အကပ်မခံဘဲ ကိုယ်တိုင်ပင် ယူထားသော ထောပတ်ကို "ဥဂ္ဂဟိတက"ခေါ်သည်။ စားမည်ဟူသော ရည်ရွယ်ချက်ဖြင့် အကပ်မခံဘဲယူလျှင် ယူတုန်းက

http://www.dhammadownload.com

ဆောင်ခြင်းငှာ၊ ဝါ- စားမျိုခြင်းငှာ၊ နဝဋ္ဌတိ။ အဗ္ဘဥ္ဇနာဒီသု- ခြေနယ်ဆီအစရှိသည်တို့၌လည်း၊ ဥပနေတဗ္ဗံ- ကပ်ဆောင်ရာ၏၊ သတ္တာဟာတိက္ကမေပိ- ခုနစ်ရက်ကျော်လွန်ရာ အခါ၌လည်း၊ အနာပတ္တိ။ ကသ္မာ၊ အနဇ္ဈောဟရဏီယတံ- မစားမျိုထိုက်သည်၏ အဖြစ်သို့၊ အာပန္နတ္တာ- ရောက်ပြီးသည်၏ အဖြစ်ကြောင့်တည်း။ (ထို့ကြောင့်ပင် သိက္ခာပုဒ်တော်၌ ပဋိသာယနီယာနိ-ဟု ဟောတော်မူအပ်သည်။)

အနုပသမ္ပန္နော- သည်၊ ပုရေဘတ္တံ- ၌၊ ပဋိဂ္ဂဟိတနဝနီတေန- အကပ်ခံအပ်ပြီးသော ဆီဦးဖြင့်၊ သပ္ပိံ ကတ္ဝာ သစေ ဒေတိ၊ ဧဝံ သတိ၊ ပုရေဘတ္တံ သာမိသံ ဟုတ္ဝာပိ ပရိဘုဥ္ဇိတုံ ဝဋ္ဌတိ။ သယံ- ရဟန်းကိုယ်တိုင်၊ သစေ ကရောတိ- အကယ်၍ ထောပတ်လုပ်အံ့၊ ဧဝံ သတိ၊ သတ္တာဟမ္ပိ နိရာမိသမေဝ ဟုတ္ဝာ ပရိဘုဥ္ဇိတုံ ဝဋ္ဌတိ။ ပစ္ဆာဘတ္တံ- ၌၊ ပဋိဂ္ဂဟိတနဝနီတေန- ဖြင့်၊ ယေန ကေနစိ- ရဟန်းရှင်လူ မည်သူမဆို တစ်ယောက်ယောက်သော ပုဂ္ဂိုလ်သည်၊ ကတသပ္ပိ- ပြုအပ်သော ထောပတ်သည်၊ သတ္တာဟံပိ နိရာမိသမေဝ ဟုတ္ဝာ ပရိဘုဥ္ဇိတုံ ဝဋ္ဌတိ။ ဥဂ္ဂဟိတကေန- အကပ်မခံဘဲ ကိုယ်တိုင်ယူအပ်သောဆီဦးဖြင့်၊ ကတေ- ပြုအပ်သော ထောပတ်၌၊ ပုဗ္ဗေ- ၌၊ ဝုတ္တသုဒ္ဓသပ္ပိနယေနေဝ- ဆိုအပ်ပြီးသော သက်သက်သော ထောပတ်နည်းဖြင့်သာလျှင်၊ ဝိနိစ္ဆယော- ကို၊ ဝေဒိတဗ္ဗော။ ပုရေဘတ္တံ- ၌၊ ပဋိဂ္ဂဟိတခီရေန ဝါ- အကပ်ခံပြီးသော နို့ရည်ဖြင့်သော်လည်းကောင်း၊ ဒဓိနာ ဝါ- နို့ဓမ်းဖြင့်သော်လည်းကောင်း၊ ကတသပ္ပိ- သည်၊ အနုပ- သမ္ပန္နေန- သည်၊ ကတံ- ပြုအပ်သည်၊ သမာနံ- ဖြစ်လသော်၊ သာမိသံ ဟုတ္ဝာပိ၊ တဒဟု- ထိုအကပ်ခံသောနေ့၌၊ ပုရေဘတ္တံ ပရိဘုဥ္ဇိတုံ ဝဋ္ဌတိ။ သယံ- ရဟန်းကိုယ်တိုင်၊ ကတံ- ပြုအပ်သည်၊ သမာနံ- သော်၊ (တဒဟု ပုရေဘတ္တံ) နိရာမိသမေဝ ဟုတ္ဝာ ပရိဘုဥ္ဇိတုံ ဝဋ္ဌတိ။ (သို့ဖြစ်ခဲ့ပါလျှင် ကိုယ်တိုင်ချက်ထားသော ထောပတ်ကို အာမိသနှင့်မရောဘဲ စားမျိုသော ရဟန်းမှာ အဘယ့်

ပင် ဥဂ္ဂဟိတက ဒုက္ကဋ်အာပတ်သင့်သည်။ စားမည်ဟူသော ရည်ရွယ်ချက် မရှိပါမူကား စားသောက်ခြင်းငှာ မအပ်ရုံသာ၊ ဒုက္ကဋ်အာပတ်ကား မသင့်ပါပေ၊ ယင်း ထောပတ်ကိုမူ ခြေနယ်ဆီစသော ပြင်ပအသုံးအဆောင်အတွက်သာ အသုံးပြုကောင်းသည်၊ စားသောက်ကောင်းသော (ပဋိသာယနီယ) ဆေးမဟုတ်တော့သည့်အတွက် ခုနစ်ရက်လွန်သွားသော်လည်း နိဿဂ္ဂိမထိုက်တော့ပါ။

သယံ ကတံ။ ။ ကိုယ်တိုင်လုပ်ရာ၌ ခီရနှင့်ဒဓိတို့ကို ရဟန်းကိုယ်တိုင် မချက်ကောင်း၊ ရဟန်းကိုယ်တိုင် ချက်ပါက သာမံပါကဖြစ်သည်၊ သတ္တာဟကာလိက ဖြစ်ပြီး

http://www.dhammadownload.com

ကြောင့် သာမဏေပါက မဖြစ်ပါသနည်းဟု မေးဖွယ်ရှိသောကြောင့် "နဝနီတံ တာပေန္တသ ဟိ"စသည်ကို မိန့်ဆိုရပါသည်။) (သာရတ္ထ၊ ၂၊၄၃၀။)

၉၅။ ဟိ- မှန်၊ **နဝနီတံ**- ကို၊ တာပေန္တသ- ပူစေသောရဟန်း၏၊ သာမဏေ- ကိုယ်တိုင်ချက်ခြင်းသည်၊ န ဟောတိ- မဖြစ်၊ ပန- ထိုသို့ပင် သာမဏေပါက မဖြစ်ပါသော်လည်း၊ သာမဏေကြေန- ကိုယ်တိုင်ချက်အပ်သော၊ တေန- ထို ထောပတ်နှင့်၊ သဒ္ဓိ- တကွ၊ အာမိသံ- ဆွမ်းစသောအာမိသကို၊ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ။ ပစ္ဆာဘတ္တတော၊ ပဌာယ- စ၍၊ ပရိဘုဉ္ဇိတုံ စ- ငှာလည်း၊ န ဝဋ္ဋတိ ယေဝ- မအပ်တော့သည်သာ၊ (ကိုယ်တိုင်ချက်ထားသောကြောင့် ဘယ်နည်းနှင့်မှ မအပ်တော့၊) သဝတ္ထုကဿ- နို့ရည်နို့ဓမ်းဟူသော ဝတ္ထုနှင့် တကွဖြစ်သော ထောပတ်၏၊ ဝါ- ကို၊ ပဋိဂ္ဂဟိတတ္တာ- အကပ်ခံအပ်သည်၏ အဖြစ်ကြောင့်၊ သတ္ထာဟာတိက္ကမေပိ အနာပတ္တိ။ (ပါဠိတော်၌ တာနိ ပဋိဂ္ဂဟေတွာ- ထိုဆေးတို့ကို အကပ်ခံ၍ဟု ဆိုထားသည်၊ အကပ်ခံစဉ်က ခီရဒဓိဖြစ်နေသည်၊ သို့ဖြင့် ပါဠိတော်မှ ကင်းလွတ်နေသည်။ ဝိ၊၄၊ ၂၊၂၉၀။) ပန- ဆက်၊ ပစ္ဆာဘတ္တံ- ၌၊ ပဋိဂ္ဂဟိတကေဟိ- အကပ်ခံအပ်သော ခီရဒဓိတို့ဖြင့်၊ ကတံ- ပြုအပ်သော ထောပတ်ကို၊ အဇ္ဇတ္တဂုနာဒီသု ဥပနေတဗ္ဗံ၊ ပုရေဘတ္တမွိ- ၌လည်း၊ ဥဂ္ဂဟိတကေဟိ- အကပ်မခံဘဲ ကိုယ်တိုင်ယူအပ်ကုန်သော ခီရဒဓိတို့ဖြင့်၊ ကတံ စ- ပြုအပ်သော ထောပတ်ကိုလည်း၊ အဇ္ဇတ္တဂုနာဒီသု ဥပနေတဗ္ဗံ၊ ဥဘယေသမွိ- ပစ္ဆာဘတ္တ ပဋိဂ္ဂဟိတ ပုရေဘတ္တ ဥဂ္ဂဟိတဖြစ်သော ထောပတ်နှစ်မျိုးတို့၏လည်း၊ သတ္ထာဟာတိက္ကမေ- ၌၊ အနာပတ္တိ၊ အကပ္ပိယမံသသပ္ပိမှိ- မအပ်သော အသားရှိသော သတ္တဝါတို့၏ ထောပတ်၌လည်း၊ ဧသ နယော။ အယံ ပန- ဤသည်ကား၊ ဝိသေသော- ထူးခြားကွဲပြားချက်တည်း၊ ယတ္ထ- အကြင် ခုနစ်ရက်လွန်ခြင်း အစရှိသောဌာနတို့၌၊ ပါဠိယံ- ၌၊ အာဂတသပ္ပိနာ- လာသော

သော နဝနီတကိုသာ ထောပတ်ဖြစ်အောင် ကိုယ်တိုင်ချက်ကောင်းသည်၊ ထို့ကြောင့် ခီရနှင့်ဒဓိတို့ကို အကပ်ခံထားသော်လည်း၊ နဝနီတဖြစ်အောင်ကား လူသာမဏေများက ပြုလုပ်ပေးရပေလိမ့်မည်၊ နဝနီတဖြစ်ပြီးမှ ရဟန်းက ထောပတ်ဖြစ်အောင် လုပ်ကောင်းသည်၊ သို့သော် ခီရနှင့် ဒဓိတို့ကို အကပ်ခံလာခဲ့သည့်အတွက် အာမိသနှင့် မရောသော်လည်း ထိုအကပ်ခံသည့် နံနက်ပိုင်းမှာသာအပ်သည်၊ နောက်နောက်နေ့ များ၌ မအပ်တော့ချေ။

ဧသ နယော။ ။ "ဧသ နယော (ဧသေဝ နယော)- အကပ္ပိယမံသသပ္ပိမှိ"ဟူသော စကားသည် "ဥဘယေသမွိ သတ္ထာဟာတိက္ကမေ အနာပတ္တိ"ဟူသော ရှေ့စကား

http://www.dhammadownload.com

ထောပတ်ကြောင့်၊ နိဿဂ္ဂိယ်- နိဿဂ္ဂိယပါစိတ်အာပတ်သည်၊ ဟောတိ၊ တတ္ထ- ထိုခုနစ်ရက်လွန်ခြင်း အစရှိသော ဌာန၌၊ ဣမိနာ- ဤအကပ္ပိယမံသသပ္ပိကြောင့်၊ ဒုက္ကဋ် ဟောတိ၊ **အန္ဓကဋ္ဌကထာယံ**- ၌၊ ကာရဏပတိရူပကံ- (ဇာတ်တူ လူသား၏ ထောပတ်ဖြစ်သောကြောင့်ဟူသော၊) အကြောင်းအတုကို၊ ဝတ္တာ- ဆို၍၊ မနုဿသပ္ပိ စ- လူ၏ထောပတ်ကိုလည်းကောင်း၊ နဝနီတဉ္စ- လူ၏ဆီဦးကို လည်းကောင်း၊ ပဋိက္ခိတ္တံ- မအပ်ဟု ပယ်အပ်ပြီ၊ တံ- ထိုလူ၏ ထောပတ်ဆီဦးကို၊ ဒုပ္ပဋိက္ခိတ္တံ- မကောင်းသဖြင့် ပယ်အပ်ပြီ၊ (ကသ္မာ- အဘယ်ကြောင့်နည်း ဟူမူကား) **သမ္မာအဋ္ဌကထာသု**- တို့၌၊ အနုညာတတ္တာ- သုံးစွဲဖို့ရန် ခွင့်ပြုအပ် သည်၏ အဖြစ်ကြောင့်တည်း၊ စ- ဆက်၊ အဃ- ထိုထောပတ်ဆီဦး၏၊ ဝိနိစ္ဆယောပိ- သည်လည်း၊ ပရတော- နောက်၌၊ အာဂစ္ဆိဿတိ- လာဦးလတ္တံ့။

ပါဠိယံ- ၌၊ အာဂတနဝနီတမ္ပိ- လာသောဆီဦးသည်လည်း၊ ဝါ- ကိုလည်း၊ ပုရေဘတ္တံ- ၌၊ ပဋိဂ္ဂဟိတံ- သည်၊ သမာနံ- သော်၊ တဒဟု- ၌၊ ပုရေဘတ္တံ- ၌၊ သာမိသမ္ပိ- အာမိသနှင့်တကွဖြစ်သော ဆီဦးသည်လည်း၊ ပရိဘုဉ္ဇိတုံ၊ ဝဋ္ဋတိ။ ပစ္ဆာဘတ္တတော- မှ၊ ပဋ္ဌာယ- ၍၊ နိရာမိသမေဝ- သည်သာလျှင်၊ ဟုတ္ဝာ၊ ပရိဘုဉ္ဇိတုံ၊ ဝဋ္ဋတိ။ သတ္တာဟာတိက္ကမေ- ၌၊ နာနာဘာဇနေသု- တို့၌၊ ဌပိတေ-ထားအပ်သော ဆီဦး၌၊ ဘာဇနဂဏနာယ- ခွက်အရေအတွက်အားဖြင့်လည်းကောင်း၊ ဧကဘာဇနေပိ- ၌လည်း၊ အမိသေတ္ဝာ- ၍၊ ပိဏ္ဍာပိဏ္ဍဝသေန-အခဲအခဲ၏အစွမ်းဖြင့်၊ ဌပိတေ- ထားအပ်သောဆီဦး၌၊ ပိဏ္ဍဂဏနာယ- အခဲအရေအတွက်အားဖြင့်လည်းကောင်း၊ နိဿဂ္ဂိယာနိ၊ ဟောန္တိ။ ပစ္ဆာဘတ္တံ- ၌၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်သော ဆီဦးကို၊ သပ္ပိနယေန- ထောပတ် (၌ဆိုခဲ့ပြီးသော) နည်းဖြင့်၊ ဝေဒိတဗ္ဗံ။

ပန- ဆက်၊ တတ္ထ- ဤဆီဦး၌၊ ဒဓိဂုဋ္ဌိကာယောပိ- နို့ဓမ်းလုံးကလေးတို့သည်လည်းကောင်း၊ တက္ကဗိန္ဒူနိပိ- ရက်တက်ပေါက်တို့သည်လည်းကောင်း၊ ဟောန္တိ- ရှိတတ်ကုန်၏။ (ရေလုံးကလေးကို ရေပေါက်ဟု ခေါ်သကဲ့သို့ ရက်တက်ရည်

ကို ပြန်ညွှန်းသော စကားဖြစ်သည်။ ထို့ကြောင့် အကပ္ပိယမံသသပ္ပိ၌လည်း အနာပတ္တိသာ ဖြစ်သင့်သည်၊ "ဧသေဝ နယောတိ နိဿဂ္ဂိယံ န ဟောတီ"ဟု ရှိရမည့်အစား (သာရတ္ထ၊ ၂၊၄၃၀။) ၌ 'န' မပါဘဲ ရှိနေသည်။ (ဝိမတိ၊၁၊၃၅၀။) ၌ကား "ဧသေဝ နယောတိ နိဿဂ္ဂိယာပတ္တိ သန္ဓာယ ဝုတ္တံ"ဟု ဆိုထားသည်၊ နိဿဂ္ဂိပါစိတ်ကားမသင့်၊ ဒုက္ကဋ်ကား သင့်သေးသည်သာဟု ဆိုလိုသည်။ ဤသို့ယူမှသာ "အယံ ပန ဝိသေသော" စသော နောက်စကားနှင့်လည်း ညီညွတ်မည်။

http://www.dhammadownload.com

အလုံးကလေးကိုလည်း ရက်တက်ပေါက်ဟုပင် ခေါ်ကြသည်၊) တသွား-ကြောင့်၊ ဓောတံ- စစ်အပ်ပြီးသည်၊ သမာနံ- ဖြစ်ပါမှ၊ ပရိဘုဉ်တုံ၊ ဝဋ္ဋတိ၊ ဣတိ-သို့၊ ဥပဓုတ္ထေရာ- ထက်ဝက်သော ထေရ်တို့သည်၊ အာဟံသု။

ပန- ဝါဒန္တရကား၊ မဟာသိဝတ္ထေရော- သည်၊ "ဘဂဝတာ- သည်၊ အနုညာ-တကာလတော- ခွင့်ပြုတော်မူရာအခါမှ၊ ပဋ္ဌာယ- စ၍၊ တဣတော- ရက်တက်မှ၊ ဥဒ္ဓတမတ္တမေဝ- ထုတ်အပ်ခါမျှသော ဆီဉီးကိုပင်၊ ခါဒိ'သု- ခဲစားကြကုန်ပြီ" ဣတိ- သို့၊ အာဟ၊ တသွာ၊ နဝနီတံ- ကို၊ ပရိဘုဉ္ဇန္တေန- ဘုဉ်းပေးသုံးဆောင်သော ရဟန်းသည်၊ ဓောဝိတွာ- စစ်၍၊ ဒဓိတက္ကမဂ္ဂိကာဂိပိလ္လိကာဒိနိ- နို့ဓမ်းရက်တက်ရည် ယင်ကောင် ပိုးကောင်ငယ်အစရှိသည်တို့ကို၊ အပနေတွာ-ပယ်ရှားပြီး၍၊ ပရိဘုဉ်တဗ္ဗံ- ဘုဉ်းပေးသုံးဆောင်ရမည်၊ ပစိတွာ၊ သပ္ပိံ၊ ကတွာ၊ ပရိဘုဉ်တုကာမေန- သည်၊ အဓောတမိ့- မစစ်အပ်သော ဆီဉီးကိုလည်း၊ ပစိတုံ၊ ဝဋ္ဋတိ။ (ဤ၌၌ ပရိဘုဉ်တုံ-ရှိနေသည်၊ မသင့်၊ ဝိ၊၄၊၂၊၂၉၀။ ၌လည်း ပစိတုံ-ပင် ရှိနေသည်၊) တတ္ထ- ထိုဆီဉီး၌၊ ယဲ ဒဓိဂတံ ဝါ- အကြင်နို့ဓမ်းအလုံးကလေးသည်လည်းကောင်း၊ ယဲ တက္ကဂတံ ဝါ- အကြင် ရက်ဟက်ရည်ပေါက်သည်လည်းကောင်း၊ အတ္ထိ- ရှိ၏၊ တံ- ထိုနို့ဓမ်းလုံးကလေးနှင့် ရက်တက်ပေါက်ကလေးသည်၊ ခယံ- ကုန်ခြင်းသို့၊ ဂမိဿတိ- ရောက်ပါလိမ့်မည်။ (အာမိသကင်း

ဓောတံ ဝဋ္ဋတိ။ ။ စင်ကြယ်စွာ စစ်ပြီးသော ဆီဉီးကိုသာ အကပ်ခံကောင်းသည်၊ စင်ကြယ်စွာ မစစ်ဘဲ နို့ဓမ်းလုံးကလေး ရက်တက်ပေါက်ကလေး ပါရှိနေသော ဆီဉီးကို အကပ်ခံခဲ့ပါလျှင် ဝတ္ထုနှင့်တကွ အကပ်ခံရာရောက်သည်၊ ဤကား ထက်ဝက်သော မထေရ်တို့၏အလိုတည်း။ (သာရတ္ထ၊၂၄၃၀။) (ဝိမတိ၊၁၊၃၅၀။)

မိုရာဖြစ်သော နို့ရည်ကင်းပြီးဖြစ်သည့်အတွက် နို့ဓမ်းခဲ ရက်တက်ပေါက်တို့ ပါရှိရုံမျှဖြင့် ဝတ္ထုနှင့်တကွ အကပ်ခံသည် မမည်တော့ပါ၊ ထို့ကြောင့်ရက်တက်မှ ထုတ်လျှင် ထုတ်ခြင်း ဆီဉီးကို အကပ်ခံပြီးလျှင် စစ်၍ဖြစ်စေ ချက်၍ဖြစ်စေ အာမိသကင်းအောင် ပြုလုပ်သုံးဆောင်ကြသည်၊ ဤကား မဟာသိဝတ္ထေရ်၏ အလိုတည်း။

နို့ဓမ်းခဲ ရက်တက်ပေါက်တို့ ပါရှိသောဆီဉီးကို နေလွဲသောအခါ သုံးဆောင်ကြသည်ဟု ဆိုလိုသည်ကားမဟုတ်ပါ၊ ထို့ကြောင့် "တသွား။ပ။ သဝတ္ထုကပဋိဂ္ဂဟိတံ နာမ နဟောတိ"ဟု ဆိုထားပါသည်။ (ဝိမတိ၊၁၊၃၅၀။)

ခယံ ဂမိဿတိ။ ။ နို့ဓမ်းလုံးကလေးနှင့် ရက်တက်ပေါက်ကလေးများ ကုန်သွားလိမ့်မည်၊ အာမိသကင်းသွားလိမ့်မည်ဟု ဆိုထားသောကြောင့် နို့ရည်အနည်းငယ်

http://www.dhammadownload.com

သွားသည်၊ ထို့ကြောင့် နေလွဲအခါမှာ အပ်သည်။) ဟိ- မှန်၊ ဧတ္ထာဝတာ- ဤမျှလောက်သော အလုံးကလေး အပေါက်ကလေး ပါရှိရုံမျှဖြင့်၊ သဝတ္ထုက- ပဋိဂ္ဂဟိတံ နာမ- ဝတ္ထုနှင့်တကွ အကပ်ခံအပ်သည်မည်သည်၊ န ဟောတိ၊ ဣတိ အယံ- ကား၊ ဧတ္ထ- ဤအာမိသနှင့်တကွ အကပ်ခံရာ၌၊ (မဟာသိဝတ္ထေရ်၏ ဝါဒ၌၊) အဓိပ္ပါယော- တည်း၊ ပန- ထိုသို့ပင် အဓိပ္ပါယ်ရပါသော်လည်း၊ အာမိသေန- နို့ဓမ်းရက်တက်ဟူသော အာမိသနှင့်၊ သဒ္ဓိ- တကွ၊ ပက္ကတ္တာ- ချက်အပ်သည်၏ အဖြစ်ကြောင့်၊ တသ္မိံပိ- ထိုအာမိသကင်းပြီးသော ထောပတ်၌လည်း၊ ကုက္ကုစ္စကာ- ကုက္ကုစ္စပြုတတ်သော ထေရ်တို့သည်၊ ကုက္ကုစ္စာယန္တိ- ကုက္ကုစ္စ ပြုကြကုန်၏။ ဣဒါနိ- ၌၊ ဥဂ္ဂဟေတွာ- အကပ်မခံဘဲ ကိုယ်တိုင် ယူ၍၊ ဌပိတနဝနီတေ စ- ၌လည်းကောင်း၊ ပုရေဘတ္တံ ခီရဒဓိနိ ပဋိဂ္ဂဟေတွာ ကတနဝနီတေ စ- ၌လည်းကောင်း၊ ပစ္ဆာဘတ္တံ- ၌၊ တာနိ-

---

ရောထည့်ချက်ထားသော ထောပတ်စသည်တို့လည်း ဝိကာလအခါ အပ်သည်ဟု မှတ်ယူသင့်သည်။ (သာရတ္ထ၊၂၊၄၃၁။)

ဧတ္ထာဝတာ။ ။ ဆီဦး၌ ရောနှောပါရှိလာသော နို့ဓမ်းလုံး ရက်တက်ပေါက်တို့သည် မဖြစ်စလောက် အနည်းငယ်မျှသာဖြစ်သည်၊ နို့ဓမ်းရက်တက်ဟူ၍ပင် သီးခြားမခေါ်ရတော့ပါ၊ ထိုအလုံးကလေး အစက်အပေါက်ကလေးပါရုံမျှဖြင့် ဝတ္ထုနှင့်တကွ အကပ်ခံသည်မယူ၊ အသီးအခြားအကပ်ခံထားသော နို့ဓမ်းစသည်တို့နှင့် ရောချက်အပ်သော ထောပတ်မူကား ဝတ္ထုနှင့်တကွ အကပ်ခံရာရောက်သည်။ (ဝိမတိ၊၁၊၃၅၀။)

အာမိသေန ပက္ကတ္တာ။ ။ ကြံသကာခဲစသည်သည် ဆွမ်းနှင့် ရောထည့်လာသော်လည်း မရောနှောသော အရည်ရှိသကဲ့သို့ ဆီဦးသည်လည်း နို့ဓမ်းစသည်တို့နှင့် မရောနှောသော အရည်ရှိနေပေသည်။ ထို့ကြောင့် ဝတ္ထုနှင့်တကွ အကပ်ခံရာ မရောက်သည် ရှိစေတော့၊ (အကပ်ခံပြီး) နို့ဓမ်းခဲ ရက်တက်ပေါက် ရောနှောပါရှိသော ဆီဦးကို ချက်သော ရဟန်းမူကား စစ်ပြီးမှသာ ချက်သင့်သည်။ မစစ်ဘဲ ချက်ခဲ့ပါလျှင် ချက်ဆဲခဏမှာ ချက်အပ်သော နို့ဓမ်းခဲစသည်တို့နှင့် ရောသောကြောင့် သာမံပါက ဖြစ်ရလေတော့သည်၊ သို့ဖြင့် နို့ဓမ်း ရက်တက်တို့ ကုန်ခမ်းသွားသော်လည်း သာမံပါကသာ ဖြစ်မြဲဖြစ်နေပါတော့သည်။ ထို့ကြောင့် အာမိသကင်းအောင်စစ်ပြီးမှသာ ချက်သင့်သည်။ ဤသည်မှာ ကုက္ကုစ္စရှိနေသော မထေရ်များ၏ အယူမျှသာဖြစ်သည်၊ ဤအယူကိုပင် စိစစ်ပြပါဦးမည်။

စိစစ်ချက်။ ။ အာမိသနှင့်တကွ ရဟန်းချက်အပ်သော ဆီဦးသည် ဝတ္ထုနှင့်တကွ အကပ်ခံရာ မရောက်ပါသော်လည်း ၁။ သာမံပါကအပြစ် ရှိနေသလား၊ ၂။ ယာဝကာလိကများ ဖြစ်သွားသလားဟု ယုံမှားသံသယဖြစ်စရာ နှစ်ချက် ရှိနေပါသည်၊ ထိုနှစ်ချက်တို့တွင် နို့ဓမ်းရက်တက် အနည်းငယ်ရောနှောပါရှိသော ဆီဦးကိုချက်ရာ၌

http://www.dhammadownload.com

ထိုနို့ရည်နို့ခမ်းတို့ကို၊ ပဋိဂ္ဂဟေတွာ ကတနဝနီတေ စ- ၌လည်းကောင်း၊ ဥဂ္ဂဟိ-တကေဟိ- အကပ် မခံဘဲ ကိုယ်တိုင်ယူအပ်သော နို့ရည်နို့ခမ်းတို့ဖြင့်၊ ကတ-နဝနီတေ စ- ၌လည်းကောင်း၊ အကပ်မိုယမံသနဝနီတေ စ- ၌လည်းကောင်း၊ သတ္ထော- သော၊ အာပတ္တာနာပတ္တိပရိဘောဂါပရိဘောဂနယော- အာပတ်သင့်မသင့် ဆုံးဖြတ်နည်း သုံးဆောင်ကောင်း မသုံးဆောင်ကောင်းနည်းကို၊ သပ္ပိမို- ၌၊

သတ္ထာဟကာလိက ဖြစ်နေသောကြောင့် သာမံပါကအပြစ်မရှိနိုင်ပါ၊ ယင်းဆီဦး၌ ရောနှောပါဝင်နေသော နို့ခမ်းစသော အာမိသလည်း ကုန်သွားပြီ ဖြစ်သည်၊ မရှိတော့ပါ၊ ထိုကြောင့် ယာဝကာလိကလည်း မဖြစ်နိုင်တော့ပါ။

ထို့ပြင် နို့ခမ်းခဲစသည်တို့နှင့်တကွ အကပ်ခံထားသော ဆီဦးကို ကိုယ်တိုင်ချက်သည့်အတွက် ဝတ္ထုနှင့်တကွ ချက်သလို ဖြစ်စရာရှိသည်ဟု ယုံမှားသံသယရှိဦးမည် ဆိုပြန်လျှင်လည်း "အာမိသေန သဟ ပဋိဂ္ဂဟိတတ္တာ"ဟုသာ အကြောင်းပြသင့်သည်၊ "အာမိသေန သဒ္ဓိ ပက္ကတ္တာ"ဟု အကြောင်းမပြသင့်။

"အာမိသေန သဟ ပဋိဂ္ဂဟိတတ္တာ"ဟု အကြောင်းပြခဲ့ပြန်လျှင်လည်း ထက်ဝက်သော မထေရ်တို့၏ အလို (အယူ) ကိုသာ အထည်ကိုယ်ပြုရာ (လက်ခံရာ) ရောက်သည်။

ထက်ဝက်သော မထေရ်တို့၏ အယူ၌လည်း သာမဏေစသူတို့ ချက်အပ်ပါသော်လည်း အကပ်ခံထားပြီးနို့ရည်စသည်တို့ကို ချက်၍ လူသာမဏေတို့ ပြုလုပ်ပေးသော ထောပတ် စသည်တို့ကဲ့သို့ ယာဝကာလိကသာ ဖြစ်စရာရှိပါသည်။ ယင်းသို့ ယာဝကာလိက ဖြစ်ခြင်းသည်လည်း မသင့်ပါ၊ အဘယ်ကြောင့်နည်း၊ ဆွမ်းခံလှည့်လည်သဖြင့် ရလာသော ဆီဦးစသည်တို့၏ ရက်တက်အစရှိသော အာမိသနှင့် ရောနှောသဖြင့် စားမှစားကောင်းသေးရဲ့လားဟု ယုံမှားတွေးတောနေစရာ မရှိသောကြောင့်တည်း။ မှန်၏၊ လူပုဂ္ဂိုလ်တို့သည် စစ်၍ဖြစ်စေ စင်ကြယ်အောင်ဆေး၍ဖြစ်စေ သပိတ်ထဲကို လောင်းလှူကြသည်ဟု မူသေသတ်မှတ်ချက် မရှိပါ၊ အဋ္ဌကထာ၌ "ယထာ တတ္ထ ပတိတတဏ္ဍုလကဏာဒယော နု ပစ္စန္တိ။ပ။ သတ္ထာဟံ ဝဋ္ဋတီ"ဟု ဆိုထားသော စကားနှင့်လည်း ယာဝကာလိကဖြစ်သည် ဟူသောစကား ဆန့်ကျင်နေသည်။

ထို့ကြောင့် နို့ခမ်းခဲ ရက်တက်ပေါက်ပါသော ဆီဦးကို အကပ်ခံပြီးချက်ရာဝယ် ကုက္ကုစ္စပြုတတ်သော ရဟန်းတို့၏ ကုက္ကုစ္စဖြစ်စရာအကြောင်းကိုပင် မတွေ့ရတော့ပါ။

ထို့အတူ "လဇိ သာမဏေရာ။ပ။ ဝဋ္ဋတီ"ဟူသော အဋ္ဌကထာလာ စကားမှာလည်း အကြောင်းကို မတွေ့ရပါ။

ဤလဇိသာမဏေရာစသော စကားကို ယာဝကာလိကနှင့် ရောနှောသည်ကို ပယ်ရန်ဆိုထားပါလျှင် ကိုယ်တိုင်လည်း သာမဏေလုပ်သလို လုပ်ကောင်းစရာ ရှိပါသည်၊ လူဒါယကာတို့ ပေးလှူသော ထောပတ်စသည်တို့မှာလည်း အာမိသရောနှောပါဝင်ခြင်းမှာ သံသယကင်းစရာမရှိပါ၊ အဘယ့်ကြောင့်နည်း? လူဒါယကာများက

http://www.dhammadownload.com

ဝုတ္တက္ကမေနေဝ- ဖြင့်သာ၊ ဂဟေတတ္ထော- ယူထိုက်၏၊ (ပါဠိယာ အာဂတသပ္ပိ-အာဒီသု သပ္ပိ တာဝ-စသည်ဖြင့် ဆိုခဲ့ပြီးသည့်အားလျော်စွာ သိနားလည်ပါစေ။) ပန- ဆက်၊ တေလဘိက္ခာယ- ဆီဆွမ်းခံခြင်းငှာ၊ ပဝိဋ္ဌာနံ- ဝင်ကုန်သော၊ ဘိက္ခူနံ- ရဟန်းတို့၏၊ တတ္ထေဝ- ထိုဆီခံယူရာ သပိတ်၌သာလျှင်၊ သပ္ပိံပိ- ကိုလည်းကောင်း၊ နဝနီတမ္ပိ- ဆီဦးကိုလည်းကောင်း၊ ပက္ကတေလမ္ပိ-ချက်ပြီး ဆီကိုလည်းကောင်း၊ အပက္ကတေလမ္ပိ- မချက်ရသေးသော ဆီကိုလည်းကောင်း၊ အာကိရန္တိ- လောင်းထည့်တတ်ကြကုန်၏၊ တတ္ထ- ထိုလောင်းထည့်အပ်သော ထောပတ်စသည်၌၊ တက္ကဒမိဗိန္ဒုနိပိ- ရက်တက်ရည်ပေါက် နို့ခမ်းလုံး

သာမဏေကဲ့သို့ ထောပတ်ကို အရည်ပျော်အောင်လုပ်ပြီး ဆန်စသည်တို့ကို ဖယ်ထုတ်မှုနောက်ထပ်ပြန်ချက်မှုတို့ကို ပြုလေ့ပြုထ မရှိသောကြောင့်ပင်တည်း။

ထို့ပြင် ဆေးများမှာ နို့ရည်စသည်တို့ကို ရောထည့်၍ နို့ရည်စသည်ကုန်သွားအောင် သူတစ်ပါးချက်ပေးသော ဆေးဆီလည်း ယာဝကာလိကသာ ဖြစ်သွားရာ၏။ (ဖြစ်ကား မဖြစ်ပါ။)

နို့ခမ်းစသည် ကုန်သွားအောင် နောက်ထပ်ချက်ပေးသည် (ပုန ပစိတ္တာ ဒေတိ၊) ဟု မိန့်ဆိုထားခြင်းကြောင့် ယင်းရွာမှရလာသော ထောပတ်ဆီဦး၏ ယာဝကာလိက၏ အဖြစ်သည်လည်း မသင့်ပါ။

ထို့ကြောင့် မဟာသိဝတ္ထေရဝါဒ၌ ကုက္ကုစ္စကိုမပြုဘဲ ဆီဦးကို အကပ်ခံသောနေ့မှာ ဖြစ်စေ နောက်နေ့များမှာဖြစ်စေ မစစ်ဘဲလည်း ချက်ကောင်းသည်၊ ဆန်စသည်နှင့် ရောနေသော ထောပတ်စသည်ကို ရဟန်းကိုယ်တိုင်လည်း အရည်ပျော်ရုံ မီးမှာချက်၍ စစ်ပြီးလျှင် နောက်ထပ် ရက်တက်စသည် ကုန်အောင်လည်း ပြန်ချက်ကောင်းသည်၊ အဘယ့်ကြောင့်နည်း၊ ဆန်စသည်နှင့် ရောနှောနေသော ထောပတ်ဆီဦး၌ ချက်ဆဲခဏမှာ ရောနှောသော အရည်ရှိနေပါသော်လည်း ယာဝကာလိကအရည်က မပြောပလောက်သောကြောင့် (အဗ္ဘောဟာရိကတ္တေန) ဝတ္ထုနှင့်တကွ အကပ်ခံခြင်း ရှေ့နေ့က အကပ်ခံခြင်းတို့လည်း မပြောပလောက်သောကြောင့်ပင် ဖြစ်ပေသည်၊ ဤသို့ ဤအရာမှာ အပြီးအပိုင်ဆုံးဖြတ်သင့်ပေသည်။

ထို့ကြောင့်ပင် "ဧတ္တာပတာ သဝတ္ထုကပဋိဂ္ဂဟိတံ နာမ န ဟောတိ"ဟု အဋ္ဌကထာ၌ မိန့်ဆိုထားရပေသည်။

ထူးခြားချက် ။ ။ သီးခြားအကပ်ခံထားသည့် နို့ရည်စသောအာမိသနှင့် ဆီဦးစသည်ကိုရော၍ ရဟန်းရှင်လူ မည်သူမဆို တစ်ဦးဦးသော ပုဂ္ဂိုလ်က ချက်ထားသော ဆေးဆီစသည်သည် ဝတ္ထုနှင့်တကွ အကပ်ခံရာရောက်သည်သာ၊ အဘယ့်ကြောင့်နည်း၊? ထိုဆေး၌ပါဝင်သော ယာဝကာလိက၏ မပြောပလောက်သည့် သဘော မရှိသော ကြောင့်တည်း။

http://www.dhammadownload.com

တို့သည်လည်းကောင်း၊ ဘတ္တာသိတ္တာနိပိ- ထမင်းလုံးတို့သည်လည်းကောင်း၊ တက္ကုလကဏ္ဏာပိ- ဆန်စေ့ ဆန်ကွဲတို့သည်လည်းကောင်း၊ မက္ခိကာဒယောပိ- ယင်ကောင်အစရှိသည်တို့သည်လည်းကောင်း၊ ဟောန္တိ- ပါရှိတတ်ကုန်၏၊ အာဒိစ္စပါကံ- နေဖြင့် ချက်သည်ကို၊ ကတွာ- ပြု၍၊ (ဆွမ်းလုံးစသည်တို့ ပါနေသည့်အတွက် မီးဖြင့်မချက်ကောင်း၊) ပရိဿာဝေတွာ- စစ်၍၊ ဂဟိတံ- ယူအပ်သော ဆီသည်၊ သတ္တာဟကာလိကံ- သည်၊ ဟောတိ။ ပဋိဂ္ဂဟေတွာ- အကပ်ခံ၍၊ ဌပိတဘေသဇ္ဇေဟိ စ- ထားအပ်သော (ယာဝဇီဝိက) ဆေးတို့နှင့်လည်း၊ သဒ္ဓိံ- တကွ၊ ပစိတွာ- ချက်၍၊ နတ္ထုပါနမ္ပိ- နှာနှပ် ဆေးရည်ကိုလည်း၊ ကာတုံ- ပြုခြင်းငှာ၊ ဝဋ္ဋတိ။ ဝဒ္ဒလိသမယေ- မိုးစွေရာ အခါ၌၊ လဇ္ဇီ- မကောင်းမှုမှ ရှက်ခြင်းရှိသော၊ သာမဏေရော- သည်၊ ယထာ- အကြင်အခြင်းအရာအားဖြင့် ပြုလ

ထို့ပြင်အကပ်မခံရသေးသော နို့ရည်စသည်ကိုထည့်၍ ရှေ့နေ့က အကပ်ခံ သိမ်းထားသော ဆေးတို့ဖြင့် ချက်အပ်သော ဆီအစရှိသည်သည် လူသာမဏေများကသာ ချက်အပ်ပါသော်လည်း ဝတ္ထုနှင့်တကွ အကပ်ခံရာလည်းရောက်သည်၊ သန့်ဓိလည်း ဖြစ်သည်၊ အဘယ့်ကြောင့်နည်း။ ရှေ့နေ့က အကပ်ခံသိမ်းထားသောဆေး၌ ထည့်လိုက်သော နို့ရည်အစရှိသည်သည် ထည့်လိုက်သောခဏမှာပင် အရည်ချင်း ရောနှောသွားသဖြင့် ရှေ့နေ့က အကပ်ခံထားရာ ရောက်သွားခြင်းကြောင့်တည်း။

ထို့ပြင် အကပ်မခံရသေးသော နို့ရည်စသည်ကို ထည့်၍ အကပ်မခံရသေးသော ဆေးတို့ဖြင့်ပင် ရဟန်းမှတစ်ပါး အခြားသူတို့ချက်အပ်သော ဆီအစရှိသည်တို့၌လည်း အာမိသအရသာ ပေါ်လွင်ထင်ရှားနေသော ဆီစသည်ဖြစ်ခဲ့ပါလျှင် ယာဝကာလိကသာ ဖြစ်ပါတော့သည်။ (ဝိမတိ၊၁၊၃၅၁။)

သာရတ္ထဒီ၁ ။ ။ ကုက္ကုစ္စာယန္တိ ကုက္ကုစ္စကာ-ဟူသော ဤစကားဖြင့် အဋ္ဌကထာဆရာကိုယ်တိုင်လည်း ထိုရက်တက်ရည်ပေါက် နို့ဓမ်းလုံးကလေးများပါသော ဆီဦးကို အကပ်ခံအသုံးပြုရာ၌ သံသယကုက္ကုစ္စရှိနေကြောင်းကို ပြသည်။ ထို့ကြောင့်ပင် ကခ်ီဝိတရဏီအဋ္ဌကထာ (၁၈၁။) ၌ ယာဝကာလိကနို့မေ့း ရက်တက်တို့မှ ကင်းကွာစေအပ်ပြီးသော ထောပတ်နှင့် ဆီဦးကို ချက်ကောင်းသည်ဟု ဆိုထားသည်။

ဤစကားဖြင့်ပင် ဤကျမ်းဆရာကိုယ်တိုင် မဟာသိဝတ္ထေရ်၏ဝါဒမှာ သံသယကုက္ကုစ္စရှိနေကြောင်း ထင်ရှားသည်၊ သို့ဖြစ်စေကာမူ ဝိမတိဋီကာဆရာက ဆိုခဲ့ပြီးသည့်အတိုင်း ခြွင်းချက်မရှိ ထောက်ခံထားသည်။

ပဋိဂ္ဂဟေတွာ ဌပိတဘေသဇ္ဇေဟိ ။ ။ အကပ်ခံထားပြီးသည့်နောက် ခုနစ်ရက်လွန်ပြီးသော ယာဝဇီဝိကဆေးတို့နှင့် ရောနှောသော ထောပတ်စသည်သည် (အကပ်ခံပြီးသည့်နောက်) ခုနစ်ရက်ကျော်လွန်ရာ မရောက်ကြောင်းကို ပြသည်။ (ဝိမတိ၊၁၊၃၅၂။)

လဇ္ဇီ သာမဏေရော။ ။ အဋ္ဌကထာ၌ ပြဆိုထားသောနည်းဖြင့် ဆန်စသည်တို့မကျက်အောင် လဇ္ဇီသာမဏေကသာ ဂရုတစိုက် လုပ်ကိုင်ပေးတတ်သည်၊ ထို့ကြောင့်

http://www.dhammadownload.com

သော်၊ တတ္ထ- ထိုထောပတ်စသည်၌၊ ပတိတတဏ္ဍုလကဏာဒယော- ကျသော ဆန်နှင့် ဆန်ကွဲအစရှိသည်တို့သည်၊ န ပစ္စန္တိ- မကျက်ကုန်၊ ဧဝံ- ဤမကျက်လောက်အောင် အခြင်းအရာဖြင့်၊ (သာမိသပါကံ- ကို၊ မောစေန္တော- လျက်၊ အဋ္ဌကထာကြီး၌ ဤနှစ်ပုဒ်ပါသည်၊ ဤ၌လည်း ပါသင့်သည်။) အဂ္ဂိမှိ ဝိလီယာပေတွာ- ထောပတ်ခဲစသည်ကို ကြေစေ၍၊ ပရိဿာဝေတွာ- ၍၊ ပုန ပစိတွာ- ၍၊ ဒေတိ- ပေးအံ့၊ ပုရိမနယေနေဝ- ရှေးနည်းဖြင့်သာလျှင်၊ သတ္တာဟံ- လုံး၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။

၉၆။ **တေလေသု**- တို့တွင်၊ တာဝ- သာသပတေလစသည်တို့မှ ရှေးဦးစွာ၊ နိဒ္ဒိဋ္ဌံ- ပါဠိတော်၌ ညွှန်ပြအပ်သော၊ တိလတေလံ- နှမ်းဆီသည်၊ ဝါ- ကို၊ ပုရေဘတ္တံ ပဋိဂ္ဂဟိတံ သမာနံ ပုရေဘတ္တံ သာမိသမ္မိ ဝဋ္ဋတိ၊ ပစ္ဆာဘတ္တတော ပဋ္ဌာယ နိရာမိသမေဝ ဝဋ္ဋတိ။ သတ္တာဟာတိက္ကမေ- ခုနစ်ရက်လွန်ခြင်းကြောင့်၊ တသ္မာ- ထိုနှမ်းဆီ၏၊ ဘာဇနဂဏာနာယ- ခွက်အရေအတွက်ဖြင့်၊ နိဿဂ္ဂိယ-ဘာဝေါ- နိဿဂ္ဂိ၏ အဖြစ်ကို၊ ဝေဒိတဗ္ဗော။ ပစ္ဆာဘတ္တံ- ၌၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်သော နှမ်းဆီသည်။ သတ္တာဟံ- ပတ်လုံး၊ နိရာမိသမေဝ ဝဋ္ဋတိ။ ဥဂ္ဂဟိတကံ- (အကပ်မခံဘဲ) ကိုယ်တိုင်ကောက်ယူအပ်သည်ကို၊ ကတ္တာ နိက္ခိတ္တံ-ထားအပ်သော နှမ်းဆီသည်၊ ဝါ- ကို၊ အဗ္ဘောဟာရိတုံ န ဝဋ္ဋတိ။ သီသမက္ခနာဒီသု- ခေါင်းကို သုတ်လိမ်းခြင်းစသည်တို့၌၊ ဥပနေတဗ္ဗံ- ကပ်ဆောင်ထိုက်၏၊ သတ္တာဟာတိက္ကမေပိ အနာပတ္တိ။ ပုရေဘတ္တံ တိလေ ပဋိဂ္ဂဟေတွာ ကတ-တေလံ- ပြုအပ်သော ဆီသည်၊ ပုရေဘတ္တံ သာမိသမ္မိ ဝဋ္ဋတိ။ (နှမ်းကို အကပ်ခံသော် လည်း ထိုနှမ်းတို့ကို ကိုယ်တိုင်လှော်မှု ဆီကြိတ်မှုကို မပြုဘဲ ယူအပ်သော ဆီတည်း။)

ပစ္ဆာဘတ္တတော ပဋ္ဌာယ အနဗ္ဘောဟရဏီယံ ဟောတိ၊ သီသမက္ခနာဒီသု ဥပနေတဗ္ဗံ။ သတ္တာဟာတိက္ကမေပိ အနာပတ္တိ၊ ပစ္ဆာဘတ္တံ တိလေ ပဋိဂ္ဂဟေတွာ ကတတေလံ- သည်၊ သဝတ္ထုကပဋိဂ္ဂဟိတတ္တာ- နှမ်းဟူသောဝတ္ထုနှင့်တကွ အကပ်ခံအပ်သည်၏ အဖြစ်ကြောင့်၊ အနဗ္ဘောဟရဏီယမေဝ ဟောတိ။ သတ္တာဟာတိက္ကမေပိ အနာပတ္တိ။ သီသမက္ခနာဒီသု ဥပနေတဗ္ဗံ။ ပုရေဘတ္တံ

လဇ္ဇီသာမဏေကို သတ်မှတ်ပြဆိုထားသည်၊ ထို့ပြင် မည်သည့်စားစရာ သောက်စရာကိုမျှ ပြုပြင်လုပ်ကိုင်ပေးရန် အလဇ္ဇီသာမဏေကို မခိုင်းကောင်း၊ ထို့ကြောင့်လည်း လဇ္ဇီသာမဏေကို သတ်မှတ်ပြဆိုရသည်။ (သာရတ္ထ၊ ၂၊၄၃၁။)

http://www.dhammadownload.com

ဝါ- ၌သော်လည်းကောင်း၊ ပစ္ဆာဘတ္တံ ဝါ- ၌သော်လည်းကောင်း၊ ဥဂ္ဂဟိတက-တိလေဟိ- ကိုယ်တိုင်ကောက်ယူအပ်သော နှမ်းတို့ဖြင့်၊ ကကတေလေပိ- ၌လည်း၊ ဧသေဝ နယော။ ပုရေဘတ္တံ- ၌၊ ပဋိဂ္ဂဟိတတိလေ- အကပ်ခံအပ်သော နှမ်းတို့ကို၊ ဘဇိတွာ ဝါ- လျော်၍သော်လည်းကောင်း၊ တိလပိဋ္ဌ- နှမ်းမှုန့်ကို၊ သေဒေတွာ ဝါ- ပြုတ်ဖျော်၍သော်လည်းကောင်း၊ ဝါ- ပေါင်း၍သော်လည်းကောင်း၊ ဥဏ္ဍောဒကေန- ရေနွေးဖြင့်၊ တေမေတွာ ဝါ- စိုစေ၍သော်လည်းကောင်း၊ ကတတေလံ- ပြုအပ်သော ဆီသည်၊ ဝါ- ကို၊ အနုပသမ္ပန္နေန-သည်၊ ကတံ- ပြုအပ်သည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ပုရေဘတ္တံ- ၌၊ သာမိသံ-သည်၊ ဟုတ္ဝာပိ- ၍လည်း၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ အတ္တနာ- သည်၊ ကတံ- သည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ နိဗ္ဗဋ္ဋိတတ္တာ- ယာဝကာလိကဖြစ်သော နှမ်းမှ ကိုယ်တိုင်ကင်းစေအပ် (ထုတ်ယူအပ်) သည်၏ အဖြစ်ကြောင့်၊ ပုရေဘတ္တံ-၌၊ နိရာမိသမေဝ- သည်သာ၊ ဟုတ္ဝာ၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ သာမံ ပက္ကတ္တာ-ကိုယ်တိုင်ချက်အပ်သည်၏ အဖြစ်ကြောင့်၊ သာမိသံ- ဆွမ်းအစရှိသော အာမိသနှင့်တကွ ဖြစ်သည်၊ ဟုတ္ဝာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတိ။ ပန- ဆက်၊ သဝတ္ထုက-ပဋိဂ္ဂဟိတတ္တာ- နှမ်းဟူသောဝတ္ထုနှင့်တကွ အကပ်ခံအပ်သည်၏ အဖြစ်ကြောင့်၊ ပစ္ဆာဘတ္တတော- မှ၊ ပဋ္ဌာယ- ၍၊ ဥဘယမ္ပိ- (လူသာမဏေပြုအပ်သော ဆီ ရဟန်းပြုအပ်သော ဆီဟူသော) ဆီနှစ်မျိုးလုံးသည်လည်း၊ အနဇ္ဈောဟရဏီယံ-မစားမျိုထိုက်သည်၊ ဟောတိ။ သီသမက္ခနာဒီသု ဥပနေတဗ္ဗံ၊ သတ္တာဟာ-တိက္ကမေပိ- ၌လည်း၊ အနာပတ္တိ။ ပန- ဆက်၊ အပ္ပံ- သော၊ ဥဏ္ဍောဒကံ-သည်၊ အဇ္ဈောကိရဏာမတ္တံ- အထက်၌ ဖြန်းအပ်ကာမျှသည်၊ ယဒိ ဟောတိ-အုံ၊ (ရေနွေး ဆွတ်ဖြန်းစဉ်က အနည်းငယ်သာ ဖြန်းခဲ့ပါလျှင်၊) ဧဝံ သတိ၊ အဇ္ဈော-ဟာရိကံ- သာမံပါကဟု ခေါ်ခြင်းငှာ မထိုက်သည်၊ ဟောတိ၊ သာမံပါကဂဏနံ-သာမံပါကဟူသော အရေအတွက်သို့၊ န ဂစ္ဆတိ- မရောက်၊ အဝတ္ထုကပဋိဂ္ဂဟိ-တေသု- မုန်ညင်းစေ့ဟူသော ဝတ္ထုမရှိဘဲ အကပ်ခံအပ်ကုန်သော၊ သာသပ-တေလာဒီသုပိ- မုန်ညင်းဆီအစရှိသည်တို့၌လည်း၊ အဝတ္ထုကတိလတေလေ-နှမ်းဟူသော ဝတ္ထုမရှိသော နှမ်းဆီ၌၊ ဝုတ္တသဒိသောဝ- ဆိုအပ်ပြီးသည်နှင့်တူသည်သာလျှင်ဖြစ်သော၊ ဝိနိစ္ဆယော- သည်၊ ဟောတိ။

ပန- ဆက်၊ ပုရေဘတ္တံ ပဋိဂ္ဂဟိတာနံ သာသပါဒီနံ- မုန်ညင်းစသည်တို့၏၊ စုဏ္ဏေဟိ- အမှုန့်တို့ဖြင့်၊ အာဒိစ္စပါကေန- နေဖြင့် ချက်ခြင်းဖြင့်၊ တေလံ- သည်၊

http://www.dhammadownload.com

ဝါ- ဆီဖြစ်အောင်၊ ကာတုံ- ငှာ၊ သက္ကာ- တတ်ကောင်းသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ တံ- ထိုဆီသည်၊ ပုရေဘတ္တံ- ၌၊ သာမိသံ- အာမိသရှိသည်၊ ဟုတ္တာပိ- ဖြစ်၍လည်း၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ပစ္ဆာဘတ္တတော ပဋ္ဌာယ နိရာမိသမေဝ ဝဋ္ဋတိ၊ သတ္ထာဟာတိက္ကမေ နိဿဂ္ဂိယံ၊ ပန- ဆက်၊ ယသ္မာ- ကြောင့်၊ သာသပမဓုက-စုဏ္ဏာနိ- မုန်ညင်းစေ့မှုန့်၊ သစ်မည်စည်စေ့မှုန့်၊ စသည်တို့ကို၊ သေဒေတွာ- ပေါင်း(ပြုတ်) ၍လည်းကောင်း၊ ဧရဏ္ဍကဋ္ဌိနိ- ကြက်ဆူစေ့တို့ကို၊ ဘဇ္ဇိတွာ စ ဧဝ-လော်၍သာလျှင်လည်းကောင်း၊ တေလံ- ဆီကို၊ ကရောန္တိ- ပြုတတ်ကြကုန်၏၊ တသ္မာ- ကြောင့်၊ တေသံ- ထိုမုန်ညင်းစေ့, မည်စည်စေ့, ကြက်ဆူစေ့တို့၏၊ တေလံ- သည်၊ အနုပသမ္ဘန္နေဟိ- တို့သည်၊ ကတံ- ပြုအပ်သည်၊ သမာနံ-သော်၊ ပုရေဘတ္တံ သာမိသံ ဟုတ္တာပိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ပန- ဆက်၊ ဝတ္ထူနံ-မုန့်ညင်းစေ့စသော ဝတ္ထုတို့၏၊ ယာဝဇီဝိကတ္တာ- ယာဝဇီဝိကတို့၏ အဖြစ်ကြောင့်၊ သဝတ္ထုကပဋိဂ္ဂဟဏေ- မုန့်ညင်းစေ့စသော ဝတ္ထုနှင့်တကွ အကပ်ခံခြင်း၌၊ ဒေါသော နတ္ထိ၊ အတ္တနာ- သည်၊ ကတံ- ပြုအပ်သော ဆီကို၊ သတ္ထာဟံ-လုံး၊ နိရာမိသပရိဘောဂေနေဝ- အာမိသမရှိသော ဆီကို သုံးစွဲခြင်းဖြင့်သာလျှင်၊ ပရိဘုဉ္ဇိတဗ္ဗံ။ ဥဂ္ဂဟိတကေဟိ- အကပ်မခံဘဲ ကိုယ်တိုင် ယူအပ်သော မုန့်ညင်းစေ့ စသည်တို့ဖြင့်၊ ကတံ- ပြုအပ်သောဆီသည်၊ အနဇ္ဈောဟရဏီယံ-ထိုက်၊ ဗာဟိရပရိဘောဂေ- အပြင်ပသုံးဆောင်ခြင်း၌၊ ဥပနေတုံ ဝဋ္ဋတိ။ သတ္ထာဟာတိက္ကမေပိ အနာပတ္တိ။

တေလကရဏတ္ထာယ- ဆီပြုခြင်းအကျိုးငှာ၊ သာသပမဓုကဧရဏ္ဍကဋ္ဌိနိ-မုန့်ညင်းစေ့, မည်စည်စေ့, ကြက်ဆူစေ့တို့ကို၊ ပဋိဂ္ဂဟေတွာ ကတတေလံ သတ္ထာဟကာလိကံ၊ ဒုတိယဒိဝသေ- (အကပ်ခံပြီးသည်မှ) နှစ်ရက်မြောက်နေ့၌၊ ကတံ- ပြုအပ်သော ဆီသည်၊ ဆာဟံ- ခြောက်ရက်ပတ်လုံး၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ တတိယဒိဝသေ- ၌၊ ကတံ ပဋ္ဌာဟံ ဝဋ္ဋတိ၊ စတုတ္ထဒိဝသေ ကတံ စတူဟံ ဝဋ္ဋတိ၊ ပဉ္စမဒိဝသေ ကတံ တီဟံ ဝဋ္ဋတိ၊ ဆဋ္ဌဒိဝသေ ကတံ ဒွိဟံ ဝဋ္ဋတိ၊ သတ္တမဒိဝသေ ကတံ- ပြုအပ်သော ဆီသည်၊ တဒဟေဝ- ထိုပြုလုပ်ရာနေ့၌သာလျှင်၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ အရုဏာသေ- ခုနစ်ရက်မြောက် အရုဏ်၏၊ ယာဝ ဥဂ္ဂမနာ- တက်ရာ ကာလတိုင်အောင်၊ သစေ တိဋ္ဌတိ- အကယ်၍ တည်ရှိသေးအံ့၊ ဧဝံ သတိ၊ နိဿဂ္ဂိယံ- နိဿဂ္ဂိယပါစိတ်သည်၊ ဟောတိ။ အဋ္ဌမ-ဒိဝသေ- ၌၊ ကတံ- ကို၊ အနဇ္ဈောဟရဏီယံ- ထိုက်၊ ပန- ဆက်၊ အနိဿဂ္ဂိ-

http://www.dhammadownload.com

ယတ္တာ- နိဿဂ္ဂိမဟုတ်သည်၏ အဖြစ်ကြောင့်၊ ဗာဟိရပရိဘောဂေ- ပြင်ပ အသုံးအဆောင်၌၊ ဥပနေတုံ ဝဋ္ဋတိ၊ (တေလံ- ဆီကို၊) သစေပိ နကရောတိ- အံ့၊ ဧဝံ သတိ၊ တေလတ္ထာယ- ငှာ၊ ဂဟိတသာသပါဒီနံ- ခံယူအပ်သော မုန်ညင်းစေ့ အစရှိသည်တို့၏၊ သတ္တာဟာတိက္ကမေ- ၌၊ ဝါ- လွန်ခြင်းကြောင့်၊ ဒုက္ကဋ္ဌမေဝ ဟောတိ။ ပန- ဆက်၊ ပါဋိယံ- ၌၊ အနာဂတာနိ- ကုန်သော၊ အညာနိပိ- အခြားလည်း ဖြစ်ကုန်သော၊ နာဋိကေရနိမ္ဗကောသမ္ဗကရမန္ဒာဒီနံ- အုန်းဆံ, တမာစေ့, ကြို့စေ့, ခံစေ့အစရှိသည်တို့၏၊ တေလာနိ- ဆီတို့သည်၊ အတ္ထိ- ရှိကုန်၏၊ တာနိ- ထိုအုန်းဆီ အစရှိသည်တို့ကို၊ ပဋိဂ္ဂဟေတွာ- ၍၊ သတ္တာဟံ- ကို၊ အတိက္ကာမယတော- ၏၊ ဒုက္ကဋ္ဌံ ဟောတိ၊ အယံ- ကား၊ ဧတေသု- ဤပါဋိတော်၌လာသောဆီ မလာသောဆီတို့၌၊ ဝိသေသော- ထူးခြားချက်တည်း၊ သေသံ- သော၊ (သဗ္ဗံ-၌ စပ်ပါ၊) ယာဝကာလိကဝတ္ထုံ- ကို လည်းကောင်း၊ ယာဝဇီဝိကဝတ္ထုဥ္စ- ကိုလည်းကောင်း၊ သလ္လက္ခေတွာ- ၍၊ သာမံပါကသဝတ္ထုကပုရေဘတ္တပစ္ဆာဘတ္တပဋိဂ္ဂဟိတဥဂ္ဂဟိတဝတ္ထုဝိဓာနံ- ကိုယ်တိုင် ချက်ခြင်း, ဝတ္ထုနှင့်တကွ အကပ်ခံသောအရာဝတ္ထု, နံနက်အခါ၌ အကပ်ခံအပ်သော အရာဝတ္ထု, နေလွဲအခါ၌ အကပ်ခံအပ်သော အရာဝတ္ထု, အကပ်မခံဘဲ ကိုယ်တိုင်ယူအပ်သော အရာဝတ္ထုတို့၏ အစီအရင်ဖြစ်သော၊ သဗ္ဗံ- ကို၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။

"ဘိက္ခဝေ- တို့၊ ဝသာနိ- အဆီဖြစ်ကုန်သော၊ ဘေသဇ္ဇာနိ- ဆေးတို့ကို၊ (ဤ၌ပဥ္စဝသာနိ-ဟု ရှိနေသည်၊ ပါဋိတော်လာအတိုင်း ပြင်ထားသည်။) အစ္ဆ- ဝသံ- ဝံဆီကိုလည်းကောင်း၊ မစ္ဆဝသံ- ငါးဆီကိုလည်းကောင်း၊ သုသုကာဝသံ- လင်းပိုင်ဆီကိုလည်းကောင်း၊ (မိကျောင်းဆီကိုလည်းကောင်း)၊ သူကရဝသံ- ဝက်ဆီကိုလည်းကောင်း၊ ဂဒြဘဝသံ- မြည်းဆီကိုလည်းကောင်း၊ အနုဇာနာမိ- ခွင့်ပြု၏၊" ဣတိ ဧဝံ- သို့၊ အနုညာတဝသာနံ- ခွင့်ပြုတော်မူအပ်သော အဆီတို့ ၏၊ တေလံ- ဆီသည်၊ ဝသာတေလံ နာမ- မည်၏၊ စ- ဆက်၊ ဧတ္ထ- ဤအနု- ဇာနာမိ ဘိက္ခဝေ အစရှိသော ပါဋိရပ်၌၊ "အစ္ဆဝသ"နှိ ဝစနေန- အစ္ဆဝသံ

အစ္ဆဝသံ ။ ။ ဒုက္ကဋ္ဌဝတ္ထုဖြစ်သော ဝက်ဝံ၏အဆီကို ခွင့်ပြုတော်မူသည့် အတွက် ဝက်ဝံနှင့် ဒုက္ကဋ္ဌဝတ္ထုချင်းတူကြသည့် အသားမအပ်သောသတ္တဝါတို့၏ အဆီကိုသာ ခွင့်ပြုတော်မူပေသည်။ ထုလ္လစ္စည်းဝတ္ထုဖြစ်သော လူ၏အဆီကိုကား ခွင့်ပြုတော် မမူပါ ချေ၊ ထို့ကြောင့် ၄ပေတွာ မနုဿဝသံ-ဟု မိန့်ဆိုထားပါသည်။ (သာရတ္ထ၊ ၂၊၄၃၁။)

http://www.dhammadownload.com

ဟူသော စကားဖြင့်၊ မနုဿဝသံ- ကို၊ ဌပေတွာ- ၍၊ သဗ္ဗေသံ- ကုန်သော၊ အကပ္ပိယမံသာနံ- မအပ်သော အသားရှိသော သတ္တဝါတို့၏၊ ဝသာ- ကို၊ အနုညာတာ- ခွင့်ပြုတော်မူအပ်ပြီ၊ စ- ဆက်၊ မစ္ဆဂ္ဂဟဏေန- ဖြင့်၊ သုသုကာပိ- မိကျောင်းတို့သည်လည်း၊ ဝါ- ကိုလည်း၊ ဂဟိတာ ဟောန္တိ၊ ပန- ထိုသို့ပင်ယူအပ်ပါကုန်သော်လည်း၊ ဝါဠမစ္ဆတ္တာ- ငါးရဲတစ်မျိုး၏၊ အဖြစ်ကြောင့်၊ ဝိသုံသီးခြား၊ ဝုတ္တံ- မိန့်တော်မူအပ်ပြီ၊ စ- ဆက်၊ ဧတ္ထ- ဤအနုဇာမိ ဘိက္ခဝေအစရှိသော ပါဠိရပ်၌၊ မစ္ဆာဒိဂ္ဂဟဏေန- မစ္ဆအစရှိသော သဒ္ဒါဖြင့်၊ သဗ္ဗေသမွိကုန်သော၊ ကပ္ပိယမံသာနံ- တို့၏၊ ဝသာ- ကို၊ အနုညာတာ- ပြီ။

ဟိ- ချဲ့၊ မံသေသု- တို့တွင်၊ ဒသ- ကုန်သော၊ မနုဿဟတ္ထိအဿသုနခ-အဟိသီဟဗျဂ္ဃဒီပိအစ္ဆတရစ္ဆာနံ- လူ, ဆင်, မြင်း, ခွေး, မြွေ, ခြင်္သေ့, ကျား, ကျားသစ်, ဝက်ဝံ, ခွေးအကြီး (ကျားကျွတ်) တို့၏၊ မံသာနိ- အသားတို့သည်၊ အကပ္ပိယာနိ- မအပ်ကုန်၊ ဝသာသု- တို့တွင်၊ ဧကာ- သော၊ မနုဿဝသာ-လူ့အဆီသည်၊ အကပ္ပိယာ- မအပ်၊ ခီရာဒီသု- နို့ရည်အစရှိသည်တို့၌၊ အကပ္ပိယံ နာမ- မအပ်သောနို့ရည်မည်သည်၊ နတ္ထိ- မရှိ၊ အနုပသမ္ဗန္ဓေဟိ-တို့သည်၊ ကတံ- ပြု အပ်သော၊ နိဗ္ဗိတံ- ယာဝကာလိကဝတ္ထုမှ ထုတ်အပ်သော၊ ဝသာတေလံ- အဆီတည်းဟူသော ဆီသည်၊ ပုရေဘတ္တံ ပဋိဂ္ဂဟိတံ ပုရေဘတ္တံ သာမိသမွိ ဝဋ္ဋတိ။ ပစ္ဆာဘတ္တတော ပဋ္ဌာယ သတ္တာဟံ နိရာမိသမေဝ ဝဋ္ဋတိ၊ ပန- ဆက်၊ တတ္ထ- ထိုအဆီ၌၊ သုခုမရဇသဒိသံ- သိမ်မွေ့သော မြူနှင့်တူသော၊ ယံ မံသံ ဝါ- အကြင်အသားဖတ်သည်သော်လည်းကောင်း၊ ယံ နှာရု ဝါ- သည်သော်လည်းကောင်း၊ ယံ အဋ္ဌိ ဝါ- သည်သော်လည်းကောင်း၊ ယံ လောဟိတံ ဝါ- သည်သော်လည်းကောင်း၊ ဟောတိ- ရှိနေတတ်၏၊ ဝါ-ပါတတ်၏၊ တံ- ထိုအသား အကြော အရိုး သွေးသည်၊ အဗ္ဘောဟာရိကံ-ယာဝကာလိကဟု ခေါ်ဝေါ်ခြင်းငှာမထိုက်သည်၊ ဝါ- မပြောပလောက်သည်။ ဟောတိ။

ပန- ဆက်၊ ဝသံ- ကို၊ ပဋိဂ္ဂဟေတွာ- အကပ်ခံ၍၊ သယံ- ရဟန်းကိုယ်တိုင်၊ တေလံ- ကို၊ သစေ ကရောတိ၊ ဧဝံ သတိ၊ ပုရေဘတ္တံ ပဋိဂ္ဂဟေတွာ ပစိတွာ-ချက်၍၊ ပရိဿာဝေတွာ- စစ်၍၊ သတ္တာဟံ နိရာမိသပရိဘောဂေန ပရိဘုဉ္ဇိ-တဗ္ဗံ၊ ဟိ- မှန်၊ နိရာမိသ ပရိဘောဂံ- ကို၊ သန္ဓာယ- ၍၊ ကာလေ ပဋိဂ္ဂဟိတံ။ပ။ ပရိဘုဉ္ဇိတုန္တိ- ဟူသော၊ ဣဒံ- ကို၊ ဘဂဝတာ- သည်၊ ဝုတ္တံ- ပြီ။

http://www.dhammadownload.com

"ကာလေ- နံနက်အခါ၌၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်သည်၊ ကာလေ- ၌၊ နိပ္ပက္ကံ- ချက်အပ်သည်၊ ကာလေ- ၌၊ သံသဋ္ဌံ- စစ်အပ်သည်၊ (စေ ဟောတိ၊ ဧဝံ သတိ၊) တေလပရိဘောဂေန- သတ္တာဟကာလိကဆီကို သုံးဆောင်နည်းဖြင့်၊ ပရိဘုဥ္ဇိတုံ- ငှာ၊ အနုဇာနာမိ။"

တတြာပိ- ထိုဆီ၌လည်း၊ အဗ္ဗောဟာရိကံ- အဗ္ဗောရိကသည်၊ အဗ္ဗောဟာရိကမေဝ- အဗ္ဗောဟာရိကပင်တည်း။ (ရှေ့၌ဆိုခဲ့သည့် သိမ်မွေ့သော မြူနှင့် တူသည့် အသားဖတ်စသည်တို့မှာ ဤဆီ၌လည်း အဗ္ဗောဟာရိကပင် ဖြစ်သည်။) ပန- ဆက်၊ ပစ္ဆာဘတ္တံ- ၌၊ ပဋိဂ္ဂဟေတုံ ဝါ- ငှာလည်းကောင်း၊ ကာတုံ ဝါ- ဆီဖြစ်အောင် ပြုလုပ်ခြင်းငှာလည်းကောင်း၊ န ဝဋ္ဋတိယေဝ- မအပ်သည်သာ၊ (ယာဝကာလိကဖြစ်သော ဝသာကို နေလွဲသည့်အခါမှာ အကပ်လည်း မခံကောင်း၊ ဆီဖြစ်အောင်လည်း မလုပ်ကောင်း၊) ဟိ- သာဓကကား၊ ဝိကာလေ စေ ဘိက္ခဝေ။ပ။ အနာပတ္တီတိ-ဟူသော၊ ဧတံ- ဤစကားကို၊ ဘဂဝတာ ဝုတ္တံ။

"ဘိက္ခဝေ၊ ဝိကာလေ- နေ့လွဲအခါ၌၊ ပဋိဂ္ဂဟိတံ- သည်၊ ဝိကာလေ- ၌၊ နိပ္ပက္ကံ- သည်၊ ဝိကာလေ- ၌၊ သံသဋ္ဌံ- စစ်အပ်သည်၊ စေ ဟောတိ၊ တံ- ထိုဆီကို၊ စေ ပရိဘုဥ္ဇေယျ၊ ဧဝံ သတိ၊ တိဏ္ဏံ- ကုန်သော၊ ဒုက္ကဋာနံ- တို့သို့၊ အာပတ္တိ- ရောက်ခြင်းသည်၊ ဟောတိ။ (ယာဝကာလိကဝတ္ထုကို ဝိကာလပဋိဂ္ဂဟိတဒုက္ကဋ်, ဝိကာလနိပ္ပက္ကဒုက္ကဋ်, ဆီကိုစားခြင်းကြောင့် ဝိကာလဘောဇနဒုက္ကဋ်-ဟု ဒုက္ကဋ်သုံးချက်။) ဘိက္ခဝေ၊ ကာလေ- နံနက်အခါ၌၊ ပဋိဂ္ဂဟိတံ- သည်၊ ဝိကာလေ နိပ္ပက္ကံ ဝိကာလေ သံသဋ္ဌံ စေ ဟောတိ၊ တံ- ထိုဆီကို၊ စေ ပရိဘုဥ္ဇေယျ၊ ဧဝံ သတိ၊ ဒွိန္နံ ဒုက္ကဋာနံ အာပတ္တိ ဟောတိ၊ ဘိက္ခဝေ ကာလေ ပဋိဂ္ဂဟိတံ ကာလေ နိပ္ပက္ကံ ဝိကာလေ သံသဋ္ဌံ စေ ဟောတိ၊ တံ- ထို ဆီကို၊ စေ ပရိဘုဥ္ဇေယျ၊ ဧဝံ

တိဏ္ဏံ ဒုက္ကဋာနံ။ ။ ဒုက္ကဋ်သုံးချက်ဟူသောစကားကို မျိုတိုင်းမျိုတိုင်း၌ ဒုက္ကဋ်သုံးချက်တို့ကို ရည်ရွယ်၍ ဆိုထားသည်။ သုံးဆောင်စားသောက်ရန် နေလွဲသောအခါ၌ အကပ်ခံခြင်း ချက်ခြင်း စစ်ခြင်းစသော ပုဗ္ဗပယောဂတို့၌ အာပတ်သင့်ကြောင်းကို ပါဠိတော်မှာလည်းမဟော၊ အဋ္ဌကထာမှာလည်း အဆိုမရှိပါ၊ သို့ဖြစ်စေကာမူ ပယ်မြစ်အပ်သော ဝိကာလအခါမှာ အကပ်ခံခြင်းစသည်ကို ပြုလုပ်ခြင်းကြောင့် ဆိုခဲ့ပြီးသော ပုဗ္ဗပယောဂတို့၌ အာပတ်သင့်သည်သာ ဖြစ်ရပါတော့သည်၊ အာဟာရအလို့ငှာ နေလွဲအခါ၌ ယာမကာလိကစသည်တို့ကို အကပ်ခံခြင်း၌ အာပတ်သင့်သကဲ့သို့ပင် ဖြစ်ပေသည်။

http://www.dhammadownload.com

သတိ၊ ဒုက္ကဋ္ဌဿ အာပတ္တိ ဟောတိ၊ ဘိက္ခဝေ ကာလေ ပဋိဂ္ဂဟိတံ ကာလေ နိပ္ပက္ကံ ကာလေ သံသဋ္ဌံ စေ ဟောတိ၊ တံ- ကိုု၊ စေ ပရိဘုဉ္ဇေယ္ယ၊ ဧဝံ သတိ၊ အနာပတ္တိ။"

ပန- ဝါဒန္တရကား၊ ဥပတိဿတ္ထေရံ အန္တေဝါသိကာ ပုစ္ဆိံသု၊ ကိံ၊ "ဘန္တေ သပ္ပိနဝနီတဝသာနိ- တို့သည်၊ ဝါ- တို့ကို၊ ဧကတော- တစ်ပေါင်းတည်း၊ ပစိတွာ- ချက်၍၊ နိဗ္ဗဋ္ဋိတာနိ- အဆီထုတ်အပ်ကုန်သည်၊ သမာနာနိ- ဖြစ်ကုန်လသော်၊ ဝဋ္ဋန္တိ- အပ်ကုန်သလော၊ နု ဝဋ္ဋန္တိ- မအပ်ကုန်သလော၊" ဣတိ- သို့၊ ပုစ္ဆိံသု၊ အာဝုသော- တို့၊ နု ဝဋ္ဋန္တိ- ကုန်၊ ဣတိ- ဤသို့ဖြေဆိုပြီ။

ထေရော- သည်၊ ဧတ္ထ- ဤထောပတ်စသည်တို့ကို စုပေါင်း၍ ချက်ရာ၌၊ ပက္ကတေလကသဋ္ဌေ ဝိယ- ချက်အပ်သော ဆီ၏အဖတ်၌ကဲ့သို့၊ ကုက္ကုစ္စာယတိ ကိရ- ကုက္ကုစ္စကိုပြုသတတ်၊ တတော- ထိုမှနောက်၌၊ နံ- ထိုဥပတိဿထေရ်ကို၊ ဥတ္တရိ- အလွန်၊ ပုစ္ဆိံသု၊ ကိံ၊ "ဘန္တေ၊ နဝနီတေ- ၌၊ ဒဓိဂုဋ္ဌိကာ ဝါ- နို့ခမ်းလုံးသည်လည်းကောင်း၊ တက္ကဘိန္နု ဝါ- ရက်တက်ပေါက်သည်လည်းကောင်း၊ ဟောတိ- ရှိတတ်ပါ၏၊ ဧတံ- ဤနို့ခမ်းလုံးကလေးနှင့် ရက်တက်ပေါက်သည်၊ ဝဋ္ဋတိ- အပ်ပါသလော၊" ဣတိ ပုစ္ဆိံသု။ အာဝုသော ဧတမ္ပိ- ဤနို့ခမ်းလုံးကလေးနှင့် ရက်တက်ပေါက်သည်လည်း၊ နု ဝဋ္ဋတိ၊ ဣတိ- ဤသို့ပြောပြီ၊ တတော နံ အာဟံသု၊ ကိံ၊ "ဘန္တေ ဧကတော ပစိတွာ ဧကတော သံသဋ္ဌာနိ- စစ်အပ်သော ဆီတို့သည်၊ တေဇဝန္တာနိ- ထက်သော တန်ခိုးရှိကုန်သည်၊ ဟောန္တိ၊ ရောဂံ- ကို၊ နိဂ္ဂဏှန္တိ- နှိပ်နိုင်ပါကုန်၏၊" ဣတိ အာဟံသု၊ "အာဝုသော- တို့၊ သာမု- (သည်လိုဆိုလျှင်) အကောင်းသားပဲ၊" ဣတိ- သို့၊ ထေရော- သည်၊ သမ္ပဋိစ္ဆိ- လက်ခံတော်မူပြီ။

ဥပတိဿထေရ်၏ ကုက္ကုစ္စ။ ။ နို့ရည်စသည်တို့ ထည့်ချက်သော ဆေးဆီ၌ အဖတ်သည် သာမိသသဘော သက်ရောက်သည်။ အာမိသနှင့် အလားတူသည်၊ ယင်းအဖတ်ပါရှိသော ဆီကို အကပ်လည်းမခံကောင်း၊ ရဟန်းကိုယ်တိုင်လည်း မချက်ကောင်းပါ၊ သို့ဖြစ်၍ ဤအရာ၌ ကုက္ကုစ္စ ရှိသင့်ပါသည်၊ ထောပတ်, ဆီဦး, သားဆီတို့ကို ရောချက်ရာမှာမူ အဖတ်လည်း ကျန်စရာမရှိပါ။ အနည်းငယ်ကျန်နေသော အသားမှုန့်, အကြောမှုန့်, အရိုးမှုန့်, နို့ခမ်းလုံး, ရက်တက်ပေါက်တို့ကိုလည်း အဇ္ဈောဟာရိကဖြစ်ကြောင်း ဆိုခဲ့ပြီ။ သို့ဖြင့် ကုက္ကုစ္စမရှိသင့်တော့သည့်အတွက် ကုက္ကုစ္စတို့ကို ပြုသတတ်ဟု မနှစ်သက်သံထည့်၍ မိန့်ဆိုထားရပေသည်။

http://www.dhammadownload.com

ပန- ဝါဒန္တရကား၊ မဟာသုမတ္ထေရော- သည်၊ အာဟ- ဆိုပြီ၊ ကိံ၊ "ကပ္ပိယမံသဝသာဝ- အပ်သောအသားရှိသော သတ္တဝါတို့၏ အဆီသည်သာ၊ သာမိသပရိဘောဂေ- အာမိသနှင့်တကွ သုံးဆောင်ခြင်း၌၊ ဥပနေတုံ- ငှာ၊ ဝဋ္ဋတိ။ ဣတရာ- အသားမအပ်သော သတ္တဝါတို့၏ အဆီသည်၊ နိရာမိသ-ပရိဘောဂေ- အာမိသမရှိဘဲ သုံးဆောင်ခြင်း၌၊ ဥပနေတုံ ဝဋ္ဋတိ၊" ဣတိ အာဟ။ ပန- ကား၊ မဟာပဒုမတ္ထေရော- သည်၊ "ဣဒံ- ဤစကားသည်၊ ကိံ- ဘယ်လို စကားတဲ့နည်း၊" ဣတိ- သို့၊ ပဋိက္ခိပိတွာ- ပယ်ပြီး၍၊ "ဝါတာဗာဓိကာ- လေနာရှိကုန်သော၊ ဘိက္ခူ- တို့သည်၊ ပဉ္စမူလကသာဝယာဂုယံ- ပဉ္စမူလ ဖန်ရည်ဖြင့် ကျိုအပ်သောယာဂု၌၊ အစ္ဆသူကရတေလာဒီနိ- ဝက်ဝံဆီ ဝက်ဆီအစရှိသည်တို့ကို၊ ပက္ခိပိတွာ- ထည့်၍၊ ယာဂုံ ပိဝန္တိ၊ သာ- ထိုယာဂုသည်၊ တေဇုဿဒတ္တာ-များသော တန်ခိုးရှိသည်၏အဖြစ်ကြောင့်၊ (အစွမ်းထက်သည့်အတွက်၊) ရောဂံ-ကို၊ နိဂ္ဃဏှာတိ- နှိပ်နှိုင်၏၊" ဣတိ ဝတွာ "ဝဋ္ဋတိ၊" ဣတိ အာဟ။

၉၇။ မဓုကရိဟိ- ပျားရည်ကို ပြုတတ်ကုန်သော၊ မဓုမက္ခိကာဟိ- ပျားငယ်တို့သည်လည်းကောင်း၊ ခုဒ္ဒကမက္ခိကာဟိ- (ထို့ထက်ငယ်သော) သစ်ခေါင်းပျားတို့သည်လည်းကောင်း၊ ဘမရမက္ခိကာဟိ စ- ပျားကြီးတို့သည်လည်းကောင်း၊ ကတံ- ပြုအပ်သော၊ မဓု- ပျားရည်သည်၊ မဇ္ဈ နာမ- မည်၏၊ တံ- ထိုပျားရည်သည်၊ ဝါ- ကို၊ ပုရောဘတ္တံ ပဋိဂ္ဂဟိတံ သမာနံ ပုရောဘတ္တံ သာမိသပရိဘောဂမွိ-အာမိသနှင့်တကွ သုံးဆောင်ခြင်းကိုလည်း၊ ကာတုံ ဝဋ္ဋတိ၊ ပစ္ဆာဘတ္တတော ပဋ္ဌာယ သတ္တာဟံ- လုံး၊ နိရာမိသပရိဘောဂမေဝ- အာမိသမရှိသော သုံးဆောင်ခြင်းကိုသာ၊ ကာတုံ ဝဋ္ဋတိ၊ သတ္တာဟာတိက္ကမေ- ၌၊ နိဿဂ္ဂိယံ ဟောတိ၊ သိလေသသဒိသံ- သစ်စေးနှင့်တူသော၊ မဟာမဓုံ- (နိဂ္ဂဟိတ်ကား ဝါစာသိလိ၌) ပျားကြီးရည်သည်၊ ခဏ္ဍံ - အပိုင်း အပိုင်းကို၊ ကတ္ဝာ- ပြု၍၊ ဌပိတံ-ထားအပ်သည်၊ သစေ ဟောတိ၊ ဣတရံ ဝါ- တစ်ပါးသော ပျားငယ်ရည်သည်လည်း၊ ဝါ- ကိုလည်း၊ နာနာဘာဇနေသု- အမျိုးမျိုးသော ခွက်တို့၌၊ ဌပိတံ စေ ဟောတိ၊ ဧဝံ သတိ၊ ဝတ္ထုဂဏှာယ- ဖြင့်၊ နိဿဂ္ဂိယာနိ ဟောန္တိ၊ ဧကမေဝ၊ ခဏ္ဍံ- အခဲကို၊ ကတ္ဝာ ဌပိတံ စေ ဟောတိ၊ ဣတရံ ဝါ- အခြားသော ပျားငယ်ရည်သည်မူလည်း၊ ဧကဘာဇနေ ဌပိတံ သစေ ဟောတိ၊ ဧဝံ သတိ-ဧကမေဝ နိဿဂ္ဂိယံ ဟောတိ၊ ဥဂ္ဂဟိတကံ- အကပ်မခံဘဲ ကိုယ်တိုင်ယူအပ်သော ပျားရည်ကို၊ ဝုတ္တနယေနေဝ- ဖြင့်သာ၊ ဝေဒိတဗ္ဗံ- ၏၊ အရုမက္ခနာဒီသု-

http://www.dhammadownload.com

အနာကို လိမ်းခြင်းအစရှိသည်တို့၌၊ ဥပနေတဗ္ဗံ၊ မဓုပဋ္ဌလံ ဝါ- ပျားသလက်သည်သော်လည်းကောင်း၊ မဓုသိတ္ထကံ ဝါ- ပျားဖယောင်းသည်သော်လည်းကောင်း၊ မဓုနာ- ပျားရည်ဖြင့်၊ အမက္ခိတံ- မလိမ်းကျံအပ်သည်၊ ပရိသုဒ္ဓံ- စင်ကြယ်သည်၊ သစေ ဟောတိ ဧဝံ သတိ ယာဝဇီဝိကံ ဟောတိ၊ ပန- ကား၊ မဓုမက္ခိတံ- သည်၊ သမာနံ မဓုဂတိကမေဝ- ပျားရည်နှင့်တူသော ဖြစ်ခြင်းရှိသည်သာလျှင်၊ ဟောတိ၊ (သတ္တာဟကာလိက၊) စီရိကာ နာမ- စီဟု အသံကို ပြုတတ်သည်၏ အဖြစ်ကြောင့် စီရိကမည်ကုန်သော၊ သပက္ခာ- အတောင်ရှိကုန်သော၊ ဒီယမက္ခိကာ- ပဇင်းကြီး (ပျားသန်) တို့သည်လည်းကောင်း၊ တုမ္ဗဋ္ဌနာမိကာ- တုမ်ဟူသော အသံကိုပြု၍ ပျံတတ်ကုန်သည်၏ အဖြစ်ကြောင့် တုမ္ဗဋ္ဌအမည် ရှိကုန်သော၊ အဋ္ဌပက္ခာ- အရိုးဟူသော အတောင်ရှိကုန်သော၊ ကာဋ္ဌမဟာဘမရာ စ- မည်းနက်သော ပိတုန်းကြီးတို့သည်လည်းကောင်း၊ ဟောန္တိ- ရှိတတ်ကုန်၏၊ တေသံ- ထိုပျားပိတုန်းတို့၏၊ အာသယေသု- နေရာတို့၌၊ နိယျာသသဒိသံ- သစ်စေးနှင့်တူသော၊ မဓု- သည်၊ ဟောတိ- ရှိတတ်၏။ တံ- ထိုပျားရည်သည်။ ယာဝဇီဝိကံ- သည်၊ ဟောတိ။

၉၈။ ဥစ္ဆုရသံ- ကြံရည်ကို၊ ဥပါဒါယ- ၍၊ အပက္ကာ ဝါ- မချက်အပ်သည်မူလည်း ဖြစ်သော၊ အဝတ္ထုကပက္ကာ ဝါ- ကြံဖတ်ဟူသော ဝတ္ထုမရှိဘဲ ချက်အပ်သည်မူလည်း ဖြစ်သော၊ သဗ္ဗာပိ- သော၊ အဝတ္ထုကာ- ကြံဖတ်ဟူသော ဝတ္ထုမရှိသော၊ ဥစ္ဆုဝိကတိ- ကြံ၏အထူးပြုအပ်သော ကြံရည်, တင်လဲရည်, ကြံသကာ စသည်သည်၊ **ဖာဏိတံ** နာမ- ဖာဏိတမည်၏၊ တံ ဖာဏိတံ- ထိုတင်လဲသည်၊ ဝါ- ကို၊ ပုရေဘတ္တံ ပဋိဂ္ဂဟိတံ သမာနံ ပုရေဘတ္တံ သာမိသံ ဟုတ္ဝာပိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ပစ္ဆာဘတ္တတော ပဋ္ဌာယ သတ္တာဟံ နိရာမိသမေဝ ဟုတ္ဝာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ သတ္တာဟာတိက္ကမေ ဝတ္ထုဂဏှာနာယ နိဿဂ္ဂိယံ၊ ဗဟူ- ကုန်

ဖာဏိတ။ ။ ဖာဏိတံ နာမ ဥစ္ဆုမှာ နိဗ္ဗတ္တံ- ကြံထွက်ပစ္စည်းကို ဖာဏိတခေါ်သည်ဟု ပါဠိတော်၌ သာမညဟောထားသည်။ "ဥစ္ဆုရသံ ဥပါဒါယ။ပ။ အဝတ္ထုကာ ဥစ္ဆုဝိကတိ ဖာဏိတန္တိ ဝေဒိတဗ္ဗာ"အစိမ်းအကျက်မရွေး ကြံဖတ်မပါသော ကြံ၏အသွင်ပြောင်းပစ္စည်း အကုန်လုံး (ကြံရည်, တင်လဲရည်, ကြံသကာ, သကြားစသည်) ကို တင်လဲဟု မှတ်သင့်သည်ဟု အဋ္ဌကထာ၌လည်း ပြဆိုထားပြန်သည်။ ထို့ကြောင့် အဖတ်မပါသော ကြံရည်သည်လည်း ရေရောသည်ဖြစ်စေ မရောသည်ဖြစ်စေ သတ္တာဟကာလိကသာ ဖြစ်ပါသည်။ ရေရောသည့်အတွက် ယာမကာလိက ဖြစ်မလာပါ။ (သာရတ္ထ၊ ၂။၄၃၂။)

http://www.dhammadownload.com

သော၊ ပိဏ္ဍာ- အခဲတို့ကို၊ စုဏ္ဏေ- အမှုန့်တို့ကို၊ ကတွာ- ပြု၍၊ ဧကဘာဇနေ- ၌၊ ပက္ခိတ္တာ- ကုန်သည်၊ ယနသန္နိဝေသာ- တခဲနက် စုဝေးတည်နေကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ ဧကမေဝ၊ နိဿဂ္ဂိယံ၊ ဥဂ္ဂဟိတကံ- အကပ်မခံဘဲ ကိုယ်တိုင် ယူအပ်သော တင်လဲကို၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ၊ ယရဓုပနာဒီသု- စေတီအိမ်ကို အခိုးထုံခြင်း အစရှိသည်တို့၌၊ ဥပနေတဗ္ဗံ။ ပုရေဘတ္တံ ပဋိဂ္ဂဟိတေန အပရိဿာဝိတဥဒ္ဓရဏေန- မစစ်အပ်သော ကြဲရည်ဖြင့်၊ ကတဖာဏိတံ- သည်၊ ဝါ- ကို၊ အနုပသမ္မန္နေန ကတံ သစေ ဟောတိ၊ ဧဝံ သတိ၊ သာမိသံ ဟုတ္တာပိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ပန- ဆက်၊ သယံကတံ- ရဟန်းကိုယ်တိုင် ပြုအပ်သည်၊ သမာနံ နိရာမိသမေဝ ဟုတ္တာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ပန- ဆက်၊ ပစ္ဆာဘတ္တတော ပဋ္ဌာယ သဝတ္ထုကပဋိဂ္ဂဟိတတ္တာ- ကြဲဖတ်ဟူသော ဝတ္ထုနှင့်တကွ အကပ်ခံအပ်သည်၏ အဖြစ်ကြောင့်၊ အနဇ္ဈောဟရဏီယံ ဟောတိ၊ သတ္တာဟာတိက္ကမေပိ အနာပတ္တိ၊ ပစ္ဆာဘတ္တံ- ၌၊ အပရိဿာဝိတပဋိဂ္ဂဟိတေန- မစစ်အပ်ဘဲ အကပ်ခံအပ်သော ကြဲရည်ဖြင့်၊ ကတမိ- ပြုအပ်သော တင်လဲကိုလည်း၊ အနဇ္ဈောဟရဏီယမေဝ- သာ၊ သတ္တာဟာတိက္ကမေပိ အနာပတ္တိ၊ ဥစ္ဆု- ကြဲချောင်းကို၊ ပဋိဂ္ဂဟေတွာ ကတဖာဏိတေပိ- ၌လည်း၊ ဧသနယော၊ ပန- ဆက်၊ ပုရေဘတ္တံ ပရိဿာဝိတပဋိဂ္ဂဟိတေန- စစ်အပ်ပြီး အကပ်ခံအပ်ပြီးသော ကြဲရည်ဖြင့်၊ ကတံ- ပြုအပ်သော တင်လဲသည်၊ အနုပသမ္မန္နေန ကတံ သစေ

သို့ဖြင့် ထန်းလျက်ရည်, ကြဲသကာရည်, သကြားရည်များနှင့် သံပုရာစသော ယာဝဇီဝိကအသီးရည်များ ရောစပ်ထားသော ဖျော်ရည်စသည်တို့သည် သတ္တာဟကာလိကပင် ဖြစ်ကြသည်၊ ယာမကာလိကမဟုတ်ပါ။

သို့သော် အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ၊ အဂိလာနဿ ဂုဠောဒကံ- ဂိလာနအတွက် ကြဲသကာ ထန်းလျက်စသည်တို့ကို အခဲလိုက်စားသုံးရန် ဂိလာနမဟုတ်သူအတွက် အရည်ဖျော်၍စားသုံးရန် ခွင့်ပြုတော်မူသည်ဟု ဝိနည်းမဟာဝါ (ဘေသဇ္ဇခန္ဓက၊၃၂၀။) ၌ ခွင့်ပြုချက်ရှိနေသောကြောင့် (ဆာလောင်မွတ်သိပ်လျှင်) ယာမကာလိကမဟုတ်သော်လည်း အဆိုပါဖျော်ရည်များကို သောက်ကောင်းပါသည်။

သယံကတံ နိရာမိသမေဝ ဧဠေတိ။ ။ မစစ်ရသေးသောကြဲရည်ကို အကပ်ခံထားသော်လည်း တင်လဲပြုလုပ်သည့်အခါ စစ်ပြီးအဖတ်ကို ပယ်ရှားပြီးမှသာ ရဟန်းကိုယ်တိုင် လုပ်သည်ဟု ယူသင့်သည်။ (သာရတ္ထ၊၂၊၄၃၃။)

(ကြဲရည်က သတ္တာဟကာလိက ဖြစ်နေသောကြောင့် သာမဲပါကအပြစ်လည်း မဖြစ်ပါ။)

http://www.dhammadownload.com

ဟောတိ၊ ဧဝံ သတိ၊ ပုရေဘတ္တံ သာမိသံ ဟုတ္ဝာပိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ပစ္ဆာဘတ္တတော ပဋ္ဌာယ သတ္ထာဟံ နိရာမိသမေဝ ဟုတ္ဝာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ သယံ- ရဟန်းကိုယ်တိုင်၊ ကတံ သစေ ဟောတိ ဧဝံ သတိ၊ ပုရေဘတ္တမ္ပိ- နံနက်အခါ၌သော်မှလည်း၊ နိရာမိသမေဝ ဟုတ္ဝာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ပန- ဆက်၊ ပစ္ဆာဘတ္တံ ပရိဿာဝိတပဋ္ဋိဂ္ဂဟိတေန ကတံ နိရာမိသမေဝ ဟုတ္ဝာ သတ္ထာဟံ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ဥဂ္ဂဟိတကံ- အကပ်မခံဘဲ ကိုယ်တိုင် ယူအပ်သော ကြံရည်ဖြင့် ပြုအပ်သော တင်လဲသည်၊ ဝုတ္တနယမေဝ၊ "စျာမဥ္စ္ဆာဖာဏိတံ ဝါ- မီးရှို့အပ်သော ကြံမှဖြစ်သော တင်လဲသည်လည်းကောင်း၊ ကောဋ္ဌိတဥ္စ္ဆ- ဖာဏိတံ ဝါ- နုတ်နုတ်စဉ်းထားအပ်သော ကြံမှဖြစ်သော တင်လဲသည်လည်းကောင်း၊ ပုရေဘတ္တမေဝ ဝဋ္ဋတိ၊" ဣတိ **မဟာအဋ္ဌကထာယံ** ဝုတ္တံ၊ ပန- ဝါဒန္တရကား၊ **မဟာပစ္စရိယံ**- ၌၊ "သဝတ္ထုကပက္ကံ- ကြံဖတ်ဟူသော ဝတ္ထုနှင့်တကွ ချက်အပ်သော၊ ဧတံ- ဤတင်လဲသည်၊ ဝဋ္ဋတိ- အပ်သလော၊ နော ဝဋ္ဋတိ- မအပ်သလော၊" ဣတိ- သို့၊ ပုစ္ဆံ- ပုစ္ဆာကို၊ ကတ္ဝာ- ၍၊ "ဥစ္ဆုဖာဏိတံ- ကြံ၏ တင်လဲသည်၊ (ကြံမှဖြစ်သော တင်လဲသည်၊) ပစ္ဆာဘတ္တံ- ၌၊ နော ဝဋ္ဋနကံ နာမ- မအပ်သော တင်လဲမည်သည်၊ နတ္ထိ၊" ဣတိ ဝုတ္တံ၊ (ဖာဏိတ-၌ပါသော ကြံဖတ်သည် အဗ္ဘောဟာရိက ဖြစ်သောကြောင့် ပစ္ဆာဘတ္တ၌ အပ်၏ဟု ဆိုလိုသည်၊) တံ- ထိုမဟာပစ္စရီစကားသည်၊ ယုတ္တံ- သင့်၏၊ သီတောဒကေန- ရေအေးဖြင့်၊ ကတံ- သော၊ မဓုကပုပ္ဖဖာဏိတံ- သစ်မည်စည်ပွင့်၏ တင်လဲသည်၊ ပုရေဘတ္တံ သာမိသံ ဟုတ္ဝာပိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ပစ္ဆာဘတ္တတော ပဋ္ဌာယ သတ္ထာဟံ နိရာမိသမေဝ ဟုတ္ဝာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ သတ္ထာဟာတိဣမေ- ၌၊ ဝတ္ထုဂဏနာယ ဒုဣန္ဒုံ၊ ခီရံ- နို့ရည်ကို၊ ပက္ခိပိတ္ဝာ- ထည့်၍၊ ကတံ- သော၊ မဓုကဖာဏိတံ- သည်၊ ယာဝကာလိကံ ဟောတိ၊ ပန- ဆက်၊ ခဏ္ဍသက္ခရံ- သကာခဲကို၊ ခီရဇလ္လိကံ- နို့ရည်အမြုပ်ကို၊ အပနေတ္ဝာ- ၍၊ သောဓေန္တိ- သုတ်သင်ကြကုန်၏၊ တသ္မာ ဝဋ္ဋတိ။

စျာမ–ကောဋ္ဌိတဥ္စ္ဆုဖာဏိတာ။ ။ မီးလောင်ထားသော ကြံခြောင်းဖြင့် ပြုအပ်သော တင်လဲကို "စျာမဥ္စ္ဆုဖာဏိတ"ဟု ခေါ်သည်။ ကြံတို့ကို နုတ်နုတ်စဉ်းပြီး အရည်ညှစ်၍ ချက်အပ်သော တင်လဲကို "ကောဋ္ဌိတဥ္စ္ဆုဖာဏိတ"ဟု ခေါ်သည်။ ယင်း အဖတ်မျိုးသည် အဗ္ဘောဟာရိက ဖြစ်သောကြောင့် မဟာပစ္စရီစကားသင့်၏ဟု ဆိုသည်။ (သာရတ္ထ၊ ၂၊၄၃၃၊)

http://www.dhammadownload.com

၉၉။ ပန- ဆက်၊ မဓုကပုပ္ဖံ- မည်စည်ပွင့်သည်၊ ပုရေဘတ္တံ အလ္လံ- စိုစိမ်းသည်၊ သမာနံပိ ဝဋ္ဋတိ၊ ဘဇိတမ္မိ- လျော်အပ်သော မည်စည်ပွင့်သည်လည်း၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ဘဇိတ္တာ- ၍၊ တိလာဒီဟိ- နှမ်းအစရှိသည်တို့ဖြင့်၊ မိဿံ ဝါ- ရောအပ်သည်ကို လည်းကောင်း၊ အမိဿံ ဝါ- ကိုလည်းကောင်း၊ ကတ္တာ ကောဇ္ဇိတံ- ထောင်းအပ်သော မည်စည်ပွင့်သည်၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ပန- ဆက်၊ တံ- ထို မည်စည်ပွင့်ကို၊ ဂဟေတ္တာ မေရယတ္ထာယ- အရက်အကျိုးငှာ၊ ယဒိ ယောဇေန္တိ- အကယ်၍ ရောစပ်ကုန်အံ့၊ ဧဝံ သတိ၊ ယောဇိတံ- ရောစပ်အပ်သော မည်စည်ပွင့်သည်၊ ဗီဇတော- မျိုးစေ့မှ၊ ပဋ္ဌာယ- စ၍၊ န ဝဋ္ဋတိ၊ (အရက်ဖြစ်အောင် ဖော်စပ်ကာစဖြစ်သော မည်စည်ပွင့်ကို ဗီဇ-ဟု ဆိုသည်၊) ကဒလိခဏ္ဍရီအမ္ဗလ-ဗုဇပနသစိဉ္ဆာဒီနံ- ငှက်ပျော, စွန်ပလွန်, သရက်, တောင်ပိန္နဲ, အိမ်ပိန္နဲ, မန်ကျည်းအစရှိကုန်သော၊ သဇ္ဇေသံ- ကုန်သော၊ ယာဝကာလိကဖလာနံ- ယာဝကာလိကအသီးတို့၏၊ ဖာဏိတံ- သည်၊ ယာဝကာလိကမေဝ- သာတည်း၊ မရိစပက္ကေဟိ- ငရုတ်သီးမှည့်တို့ဖြင့်၊ ဖာဏိတံ- ကို၊ ကရောန္တိ- ကုန်၏၊ တံ- ထိုတင်လဲသည်၊ ယာဝဇီဝိကံ- ယာဝဇီဝိကတည်း။

ဧဝံ- ဤသို့၊ ယထာဝုတ္တာနိ- အကြင်အကြင်ဆိုအပ်ကုန်ပြီးသော၊ သတ္တာဟကာလိကာနိ- သတ္တာဟကာလိကဖြစ်ကုန်သော၊ ပဌ- ကုန်သော၊ သပ္ပိအာဒီနိ- ထောပတ်အစရှိသည်တို့သည်၊ ဝါ- တို့ကို၊ "အနုဇာနာမိ ဘိက္ခဝေ ပဌ ဘေသဇ္ဇာနီ"တိ-ဟူ၍၊ ဘေသဇ္ဇနာမေန- ဆေးဟူသောအမည်ဖြင့်၊ အနုညာတတ္တာ- ခွင့်ပြုအပ်ကုန်သည်၏ အဖြစ်ကြောင့်၊ ဘေသဇ္ဇကိစ္စံ- ဆေး၏ကိစ္စကို (ရောဂါ ပယ်ခြင်းကိစ္စကို) ကရောန္တ္ယ ဝါ- ပြုမူလည်း ပြုပစေကုန်၊ မာ ကရောန္တ္ယ ဝါ- မပြုမူလည်း မပြုပစေကုန်၊ အာဟာရတ္ထံ- အာဟာရကိစ္စကို၊ ဖရိတုံ- ပြီးစေခြင်း ငှာ၊ သမတ္ထာနိ- စွမ်းနိုင်ကုန်သည်၊ သမာနာနိပိ- ဖြစ်ပါကုန်သော်လည်း၊ ပဋိဂ္ဂဟေတ္တာ- ၍၊ တဒဟု- ထိုအကပ်ခံရာနေ့၌၊ ပုရေဘတ္တံ- ၌၊ ယထာသုခံ- ချမ်းသာ သည်အားလျော်စွာ၊ ပရိဘုဉ္ဇိတဗ္ဗာနိ၊ (ရောဂါရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ, ဆွမ်းစသောအာမိသနှင့် ရော၍ဖြစ်စေ မရောဘဲဖြစ်စေ စားမျိုကောင်းသည်၊) ပဋ္ဌာဘတ္တတော ပဋ္ဌာယ ပစ္ဆယေ- ဂေလညအကြောင်းသည်၊ သတိ-

---

ပဋ္ဌာဘတ္တတော ပဋ္ဌာယ သတိပစ္ဆယေ။ ။ နေလွဲမှစ၍ ဂေလည (ဆေးနှင့် သင့်လျော်သော အနာရောဂါဟူသော) အကြောင်းရှိမှသာ ခုနစ်ရက်သုံးဆောင်ကောင်းသည်ဟု မိန့်ဆိုထားသောကြောင့် အကပ်ခံထားသည့် ထောပတ်စသော ဆေးငါးမျိုးကို

http://www.dhammadownload.com

ရှိလသော်၊ ဝုတ္တနယေန- ဖြင့်၊ သတ္တာဟံ- ခုနစ်ရက်ပတ်လုံး၊ ပရိဘုဉ်္ဇိတဗ္ဗာနိ- သုံးဆောင်ထိုက်ကုန်၏။ ပန- ဆက်၊ သတ္တာဟာတိက္ကမေ- ၌၊ ဘေသဇ္ဇသိက္ခာပဒေန- ကြောင့်၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ သာသပမတ္တံ- မုန်ညင်းစေ့မျှသော ဝတ္ထုသည်၊ သစေပိ ဟောတိ- အံ့၊ ဧဝံ သတိ ဝါ- သော်လည်းကောင်း၊ သကိတစ်ကြိမ်၊ အဂိုလိယာ- လက်ချောင်းဖြင့်၊ ဂဟေတွာ- ၍၊ ဇိဝှာယ- ဖြင့်၊ သာယနမတ္တံ- လျက်လောက်ရုံမျှသော အရည်သည်၊ သစေပိ ဟောတိ၊ ဧဝံ သတိ ဝါ- သော်လည်းကောင်း၊ နိဿဇ္ဇိတဗ္ဗမေဝ- စွန့်ထိုက်သည်သာ၊ ပါစိတ္တိယဉ္စ- ကိုလည်း၊ ဒေသေတဗ္ဗံ- ရာ၏၊ (သာသပမတ္တံဖြင့် တင်လဲခဲစသည်ကို ရည်ညွှန်းသည်၊ သာယနမတ္တဖြင့် ပျားရည်စသော လျက်ဖွယ်ကို ရည်ညွှန်းသည်၊) နိဿဋ္ဌ- စွန့်အပ်ပြီးသော ဝတ္ထုကို၊ ပဋိလဘိတွာ- ပြန်ရ၍၊ န အဇ္ဈောဟရိတဗ္ဗံ- မစားမျိုထိုက်၊ ကာယိကေန- ကိုယ်၌ဖြစ်သော၊ ပရိဘောဂေန- သုံးစွဲခြင်းဖြင့်၊ န ပရိဘုဉ်္ဇိတဗ္ဗံ- မသုံးစွဲထိုက်၊ ကာယော ဝါ- ကိုယ်ကိုမူလည်း၊ န မက္ခေတဗ္ဗော- မသုတ်လိမ်းထိုက်၊ ကာယေ- ၌၊ အရူ ဝါ- အနာကိုမူလည်း၊ န မက္ခေတဗ္ဗံ- ထိုက်၊ တေဟိ- ထိုဆေးတို့ဖြင့်၊ (နိဿဂ္ဂိထိုက်သော ထောပတ်စသည်တို့ဖြင့်၊) မက္ခိတာနိ- လိမ်းကျံအပ်ကုန်သော၊ ကာသာဝကတ္တရယဋ္ဌိ-ဥပါဟနပါဒကဋလိကမဉ္စပီဌဒီနိပိ- သင်္ကန်း, တောင်ဝှေး, ဖိနပ်, ခြေပွတ်အိုးခြမ်း, ညောင်ခုံစောင်း, အင်းပျဉ် အစရှိသည်တို့သည်လည်း၊ အပရိဘောဂါနိ- မသုံးစွဲထိုက်ကုန်သည်၊ ဟောန္တိ၊ "ဒွါရဝါတပါနကဝါဠေသုပိ- တံခါးမ၏ တံခါးရွက်, ပြူတင်းပေါက်၏ တံခါးရွက်တို့၌လည်း၊ ဟတ္ထေန- လက်ဖြင့်၊ ဂဟဏဒ္ဒါနံ- ကိုင်အပ်သောအရပ်ကို၊ န မက္ခေတဗ္ဗံ- ထိုက်၊" ဣတိ **မဟာပစ္စရိယံ** ဝုတ္တံ၊ "ပန- ဝါဒန္တရကား၊ ကသာဝေ- ဖန်ရည်၌၊ ပက္ခိပိတွာ- ၍၊ ဒွါရဝါတပါန-ကဝါဠာနိ- တို့ကို၊ မက္ခေတဗ္ဗာနိ- ထိုက်ကုန်၏။" ဣတိ **မဟာအဋ္ဌကထာယံ** ဝုတ္တံ၊ ပဒီပေ ဝါ- ဆီမီး၌လည်းကောင်း၊ ကာဠဝဏ္ဏော ဝါ- မည်းနက်သော

ဒုတိယနေ့မှစ၍ နံနက်အချိန်၌သော်လည်း ဂေလညအကြောင်းရှိမှသာ သုံးဆောင်စားသောက်ကောင်းသည်။ ဆေးအလို့ငှာ အကပ်ခံထားသောကြောင့် အာဟာရအလို့ငှာ မသုံးဆောင်မစားသောက်ကောင်းဟု ဆိုကြသေးသည်။ (သာရတ္ထ၊ ၂၊၄၃၃၄။)

မက္ခေတဗ္ဗာနိ။ ။ ဖန်ရည်၌ထည့်အပ်သော ထောပတ်စသော ဆေးတို့သည် မိမိတို့၏သဘောကို ပယ်စွန့်ကြသည်။ ထို့ကြောင့် သစ်သားထိုး ပိုးကောင်ငယ် စသည်တို့ကို ကာကွယ်ရန် (သစ်သားကို ပိုးမထိုးစေရန်) သုတ်လိမ်းကောင်းသည်ဟု ဆိုလိုသည်။ (သာရတ္ထ၊ ၂၊၄၃၃၄။)

http://www.dhammadownload.com

အဆင်း၌လည်းကောင်း၊ ဥပနေတုံ- ကပ်ဆောင်ခြင်းငှာ၊ ဝဋ္ဋတိ၊ ပန- ဆက်၊ အညေန- တစ်ပါးသော၊ ဘိက္ခုနာ-သည်၊ ကာယိကေန ပရိဘောဂေန- ဖြင့်၊ ပရိဘုဉ္ဇိတဗ္ဗံ- အသုံးပြုထိုက်၏၊ န အဇ္ဈောဟရိတဗ္ဗံ- မစားမျိုထိုက်၊ ပန- ကား၊ "အနာပတ္တိ အန္တောသတ္တာဟံ အဓိဋ္ဌေတီ"တိ- ဟူ၍၊ ဝစနတော- ဟောတော်မူခြင်းကြောင့်၊ သတ္တာဟဗ္ဘန္တရေ- ၌၊ သပ္ပိဉ္စ- ကိုလည်းကောင်း၊ တေလဉ္စ၊ ဝသဉ္စ- ကိုလည်းကောင်း၊ မုဒ္ဓနိတေလံ ဝါ- ခေါင်း၌လိမ်းစရာဆီဟူ၍ လည်းကောင်း၊ အဗ္ဘဉ္ဇနံ ဝါ- ခြေနယ်ဆီဟူ၍ လည်းကောင်း၊ အဓိဋ္ဌေတိ- အဓိဋ္ဌာန်အံ့၊ မဓုံ- ကို၊ အရုမက္ခနံ- အနာလိမ်းစရာ ဗျာဂရည်ဟူ၍လည်းကောင်း၊ ဖာဏိတံ- ကို၊ ယရဓူပနံ- စေတီအိမ်စသည်ကို ထုံစရာတင်လဲဟူ၍ လည်းကောင်း၊ အဓိဋ္ဌေတိ- အဓိဋ္ဌာန်အံ့၊ အနာပတ္တိ၊ နိဿဂ္ဂိယံ နေဝ ဟောတိ၊ အဓိဋ္ဌိတတေလံ- အဓိဋ္ဌာန်တင်အပ်ပြီးဆီကို၊ အနဓိဋ္ဌိတတေလဘာဇနေ- အဓိဋ္ဌာန် မပြုအပ်သေးသော ဆီရှိရာအိုး၌၊ အာကိရိတုကာမော- လောင်းထည့်လိုသည်၊ သစေ ဟောတိ- အံ့၊ ဘာဇနေ- အိုး၌၊ သုခုမံ- သော၊ ဆိဒ္ဒံ- ထည့်စရာ အပေါက်သည်၊ စေ ဟောတိ ပဝိဋ္ဌံ ပဝိဋ္ဌံ- ဝင်တိုင်း ဝင်တိုင်းသော၊ တေလံ- ကို၊ ပုရာဏတေလေန- ဆီဟောင်းသည်၊ စေ အဇ္ဈောတ္ထရိယတိ- အကယ်၍ လွှမ်းမိုးအပ်အံ့၊ (အဝကျဉ်းသည့်အတွက် အနည်းငယ်သာ ဝင်လာသော ဆီကို အိုးထဲရှိနှင့်ပြီး ဆီဟောင်းက လွှမ်းမိုးနိုင်သည်၊) ဧဝံ သတိ၊ ပုန အဓိဋ္ဌာတဗ္ဗံ၊ အထ- သို့မဟုတ်၊ မဟာမုခံ- ကျယ်သော မျက်နှာဝရှိသည်၊ ဟောတိ- ဖြစ်အံ့၊ သဟသာဝ- သာလျှင်၊ ဗဟုတေလံ- သည်၊ ပဝိသိတ္ဘာ ပုရာဏတေလံ- ဆီဟောင်းကို၊ အဇ္ဈောတ္ထရတိ- လွှမ်းမိုးသွားအံ့၊ ပုန အဓိဋ္ဌာနကိစ္စံ နတ္ထိ။ ဟိ- မှန်၊ တံ- ထိုအိုး၌ ရှိပြီးသော ဆီဟောင်းသည်၊ အဓိဋ္ဌိတဂတိကမေဝ- အဓိဋ္ဌာန်ပြုအပ်ပြီးသောဆီနှင့် အလားတူသည်သာလျှင်၊ ဟောတိ၊ ဧတေန နယေန-

---

အဓိဋ္ဌေတိ။ ။ ဤထောပတ်တင်လဲစသော ဆေးသည် ပြင်ပအသုံးအဆောင်အတွက်သာ ဖြစ်ပါတော့သည်ဟု စိတ်ထဲက ကြံစည်ထားလိုက်လျှင် စားသုံးခြင်းမှာ ငဲ့ကွက်မှု မရှိတော့သည့်အတွက် အကပ်စွန့်ပြီးဖြစ်သည်ဟု ဆိုလိုသည်။

ဤနည်းအတိုင်း အခြားကာလိကတို့၌လည်း စားမျိုခြင်းငှာ အလိုမရှိသည့်အတွက် စင်ကြယ်သောစိတ်ဖြင့် ပြင်ပအသုံးအဆောင်အလို့ငှာ သတ်မှတ်ထားခြင်းကြောင့် လည်း အကပ်စွန့်ပြီးဖြစ်သည်။ ထို့ကြောင့် ဤပြင်ပအသုံးအဆောင်အလို့ငှာ ရည်မှန်းဆောက်တည်ထားခြင်းသည်လည်း သီးခြားအကပ်စွန့်ခြင်း၏ အကြောင်းတစ်ခု ဖြစ်သည်။ (ဝိမတိ၊၁၊၃၅၄။)

http://www.dhammadownload.com

ဖြင့်၊ အဓိဋ္ဌိတတေလဘာဇနေ- ၌၊ အနဓိဋ္ဌိတတေလအာကိရဏမွို့- အဓိဋ္ဌာန်မပြုအပ်သေးသော ဆီကို လောင်းထည့်ခြင်းကိုလည်း၊ ဝေဒိတဗ္ဗံ။

ပန- ဆက်၊ သတ္တာဟာတိက္ကန္တံ- ခုနစ်ရက်လွန်ပြီးသော ဆေးကို၊ အနုပသမ္ပန္နဿ- အား၊ ပရိစ္စဇိတ္တာ- အာလယပြတ် စွန့်လွှတ်၍၊ သစေ ဒေတိ- အံ့၊ ဧဝံ သတိ၊ တေန- ထိုလူသာမဏေသည်၊ အတ္တနော- မိမိ၏၊ သန္တကံ- ဥစ္စာကို၊ ကတ္တာ- ၍၊ ဒိန္နံ- ပေးလှူအပ်သည်ကို၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ဟိ- မှန်၊ သော- ထိုသာမဏေသည်၊ အဘိသခ်ိရိတ္တာ ဝါ- (ဆေးဖြင့်) ပြုပြင်စီမံ၍သော်လည်းကောင်း၊ အနဘိသခ်ိရိတ္တာ ဝါ- သော်လည်းကောင်း၊ တဿ ဘိက္ခုနော- ၏၊ နတ္ထုကမ္မတ္ထံ- နှာနှပ်မှုကို ပြုခြင်းအကျိုးငှာ၊ သစေ ဒဒေယျ- အကယ်၍ ပေးအံ့၊ ဧဝံ သတိ၊ ဂဟေတ္တာ- ယူ၍၊ နတ္ထုကမ္မံ၊ ကာတဗ္ဗံ- ပြုနိုင်၏၊ (သာမဏေရောသည်၊) ဇာလော- နားမလည်သည်၊ သစေ ဟောတိ၊ ဒါတုံ- ပေးခြင်းငှာ၊ သစေ နော ဇာနာဟိ- အကယ်၍ မသိအံ့၊ ဧဝံ သတိ၊ အညေန ဘိက္ခုနာ- အခြားရဟန်းတစ်ပါးက၊ "သာမဏေရ- သာမဏော၊ တေ- သင့်မှာ၊ တေလံ- သည်၊ အတ္ထိ- ရှိသေးသလား၊" ဣတိ- သို့၊ ဝတ္တဗ္ဗော- ပြောရမည်၊ ဘန္တေ- အရှင်ဘုရား၊ အာမ- မှန်ပါ၊ အတ္ထိ- ရှိပါ၏၊ ဣတိ- ဤသို့ပြောအံ့၊ အာဟရ- ယူခဲ့၊ ထေရဿမထေရ်အတွက်၊ ဘေသဇ္ဇံ- ဆေးကို၊ ကရိဿာမ- ပြုကြရလိမ့်မည်၊ ဣတိ- ဤသို့ပြောထိုက်၏၊ ဧဝမ်ပိ- ဤသို့ပြောပြန်သော်လည်း၊ ဝဋ္ဋတိ။ ဒွိန္နံ- ရဟန်းနှစ်ပါးတို့၏၊ သန္တကံ- ဥစ္စာသည်၊ ဧကေန- ရဟန်းတစ်ပါးသည်၊ ပဋိဂ္ဂဟိတံ- သည်၊ အဝိဘတ္တံ- မဝေဖန်အပ်သည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ သတ္တာဟာတိက္ကမေ- ၌၊ ဒွိန္နမ္ပိ- နှစ်ပါးလုံးတို့၏လည်း၊ အနာပတ္တိ ဟောတိ၊ ပန- ထိုသို့ အနာပတ် ဖြစ်ပါသော်လည်း၊ ပရိဘုဉ္ဇိတုံ- ငှာ၊ န ဝဋ္ဋတိ။

အညေန ဘိက္ခုနာ။ ။ စင်ကြယ်သောစိတ်ဖြင့် (အာလယပြတ်) ပေးစွန့်ထားခဲ့သောကြောင့် ကိုယ်တိုင်လည်း အယူခိုင်း၍ သုံးဆောင်ခြင်းငှာ အပ်သည်သာ။ (သာရတ္ထ၊ ၂၊၄၃၅။)

ဒွိန္နမ္ပိ အနာပတ္တိ။ ။ ရဟန်းတစ်ပါး၏ ဥစ္စာဖြစ်သော ဆေးကို အခြားရဟန်းတစ်ပါးက အကပ်ခံခဲ့ပါလျှင် သူများ၏ဥစ္စာ ဖြစ်နေသောကြောင့် ခုနစ်ရက်ကျော်လွန်သော်လည်း နိဿဂ္ဂိ မဖြစ်သကဲ့သို့ ထို့အတူ နှစ်ဦးပိုင်ထောပတ် စသည်တို့၌လည်း သူ့ဟာငါ့ဟာ ခွဲခြားဝေဖန်မှုကို မပြုရသေးသောကြောင့် နိဿဂ္ဂိမဖြစ်ဟု ဆိုလိုသည်။

ပရိဘုဉ္ဇိတုံ ပန နော ဝဋ္ဋတိ ။ ။ ရဟန်းက အကပ်ခံထားပြီးဖြစ်သည့် အပြင် အကပ်ခံပြီးသည့်နောက် ထောပတ်စသောဆေးများနှင့် စပ်၍ သုံးဆောင်ရမည့်ကာလ

http://www.dhammadownload.com

ယေန- အကြင်ရဟန်းသည်၊ ပဋိဂ္ဂဟိတံ- သည်၊ ဟောတိ၊ သော- ထိုအကပ်ခံသော ရဟန်းသည်၊ ဣတရံ- အခြားရဟန်းကို၊ ဘဏတိ- ပြောအံ့၊ ကိံ၊ "အာဝုသော၊ ဣမံ တေလံ- ကို၊ သတ္တာဟမတ္တံ- ခုနစ်ရက်မျှ၊ ပရိဘုဉ္ဇိတုံ- ငှာ၊ ဝဋ္ဋတိ- အပ်၏၊ " ဣတိ- သို့၊ ဘဏတိ- အံ့၊ သော စ- ထိုပြောအပ်သော ရဟန်းသည်လည်း၊ ပရိဘောဂံ- ကို၊ သစေ န ကရောတိ- အံ့၊ ဧဝံ သတိ၊ ကဿ-အဘယ်ရဟန်း၏၊ အာပတ္တိ- သည်၊ ဟောတိ- ဖြစ်သနည်း၊ ကဿစိပိ- မည်သည့်ရဟန်း၏လည်း၊ အာပတ္တိ န ဟောတိ၊ ကသ္မာ- ကြောင့်နည်း၊ ယေန-အကြင်ရဟန်းသည်၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်ပြီ၊ တေန- ထို အကပ်ခံသော ရဟန်းသည်၊ ဝိဿဇ္ဇိတတ္တာ- စွန့်အပ်ပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း၊

ကို (တာနိ ပဋိဂ္ဂဟေတွာ သတ္တာဟပရမံ သန္နိဓိကာရကံ ပရိဘုဉ္ဇိတဗ္ဗာနိ-ဟု) ခုနစ်ရက်သာ ပိုင်းခြားသတ်မှတ်ထားသည့်အတွက် ခုနစ်ရက် ကျော်လွန်သည့်အခါ မည်သည့် ရဟန်းမျှ မသုံးဆောင်ကောင်းတော့ပါ။ (သာရတ္ထ၊၂၊၄၃၄။)

ကဿ အာပတ္တိ။ ။ ခွဲခြမ်းဝေဖန်မှုမရှိသည့်အတွက် နှစ်ဦးပိုင်ဝတ္ထုမှာ အာပတ် မသင့်လျှင် ရှိပါစေတော့၊ တစ်ပါးကအကပ်ခံပြီး အခြားတစ်ပါးအား ပေးစွန့်သော ဆီ၌ကား နှစ်ဦးပိုင်သဘောမရှိတော့ပါ။ ခွဲဝေထားသော ပစ္စည်းသဖွယ်လည်း ဖြစ်နေပါသည်၊ ထို့ကြောင့် အကပ်ခံထားသည့်ဆီ ခုနစ်ရက်ကျော်လွန်သွားသည့် အခါ အဘယ်ရဟန်းမှာ အာပတ်သင့်မည်နည်း။ အကပ်ခံခဲ့သော ရဟန်းမှာသင့်မည်လော၊ ပစ္စည်းရှင်ဖြစ်သွားသော ရဟန်းမှာ သင့်မည်လော။

ယေန ပဋိဂ္ဂဟိတံ တေနေ ဝိဿဇ္ဇိတတ္တာ။ ။ ဤဆီသည် အကပ်ခံထားသော ပုဂ္ဂိုလ်က စွန့်လွှတ်လိုက်သည့်အခါမှာ နှစ်ဦးပိုင်ပစ္စည်း မဟုတ်တော့ပါ။ တစ်ဦးတည်းပိုင်ပစ္စည်းသာ ဖြစ်သွားပါသည်။ သို့သော် အကပ်ခံသော ပုဂ္ဂိုလ်ကတစ်ပါး၊ ပစ္စည်းပိုင်ရှင် ပုဂ္ဂိုလ်ကတစ်ပါး ဖြစ်သွားသည်၊ ထို့ကြောင့် သူများပိုင်ပစ္စည်းကို အကပ်ခံရာ၌ကဲ့သို့ အကပ်ခံသော ပုဂ္ဂိုလ်အား အကပ်ခံသည့်အတွက် အာပတ် မသင့်ပါ။

ယင်းသို့မဟုတ်မူ၍- အခြားပုဂ္ဂိုလ်က အကပ်ခံထားသော ပုဂ္ဂိုလ်ကိုပင် ခုနစ်ရက်အတွင်း၌ မိမိ၏အဖို့ကိုလည်း ပေးစွန့်မည်ဆိုပါလျှင် တစ်ဦးတည်းပိုင်ဖြစ်သွားသည့် အပြင် မိမိပစ္စည်းကို မိမိအကပ်ခံရာရောက်သည့်အတွက် ခုနစ်ရက်လွန်သည့်အခါ အကပ်ခံသော ပုဂ္ဂိုလ်မှာသာ အာပတ်သင့်သည်။ အခြားပုဂ္ဂိုလ်မှာ အာပတ်မသင့်၊ အကပ်မခံခဲ့သည့်အတွက်။ (သာရတ္ထ၊၂၊၄၃၅။)

စွန့်လွှတ်ရာဝယ် သိမှတ်ပုံယ်။ ။ ရဟန်းအား ပေးစွန့်မှု, လူသာမဏေအား ပေးစွန့်မှု, ဝတ္ထုကိုစွန့်လွှတ်မှုဟု သုံးမျိုးခွဲခြားနိုင်ပါသည်။ ရဟန်းအား အာလယပြတ် ပေးစွန့်လိုက်သော ဝတ္ထုသည် အကပ်မပျက်သော်လည်း ကိုယ်ပိုင်ပစ္စည်းကား မဟုတ်တော့ပါ၊ ထို့ကြောင့် နိဿဂ္ဂိလည်းမဖြစ်၊ ကိုယ်တိုင်အကပ်ခံခြင်း ကိုယ်ပိုင်ပစ္စည်းဖြစ်ခြင်း ဟူသော အကြောင်းနှစ်ပါးကြောင့်သာ နိဿဂ္ဂိဖြစ်နိုင်သည်၊ အကြောင်းတစ်ပါး

http://www.dhammadownload.com

ကျွတရသေ- အခြားရဟန်းသည်၊ အပ္ပဋိဂ္ဂဟိတတ္တာ- အကပ်မခံအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း။

၁၀၀။ ပန- ဆက်၊ စတူသု- ကုန်သော၊ ကျွမေသု ကာလိကေသု- ဤကာလိက တို့တွင်၊ ယာဝကာလိကံ- ယာဝကာလိကဝတ္ထုလည်းကောင်း၊ ယာမကာလိကံ- လည်းကောင်း၊ ကျွတိ- ဤသို့၊ ကျွဒမေဝ ဒွယံ- ဤနှစ်ပါးအပေါင်းသည်သာ၊ (ဧဝဖြင့် သတ္တာဟကာလိက ယာဝဇီဝိကတို့ကို ကန့်သည်၊) အန္တောဝုတ္ထကဥ္စေဝ- အန္တောဝုတ္ထကို ပြုတတ်သည်လည်းကောင်း၊ (အကပ်ပွဲယကုဋိတွင်း၌ တည်နေစေခြင်းကြောင့် သင့်ရောက်အပ်သော ဒုက္ကဋ်အာပတ်ကို ပြုတတ်သည်လည်းကောင်း၊) သန္နိဓိကာရကဉ္စ- သန္နိဓိကာရကို ပြုတတ်သည်လည်းကောင်း၊ (သတ္တာဟကာလိကစသည်နှင့် ရောစားခြင်းကြောင့် သင့်ရောက်အပ်သော

တည်းကြောင့် နိဿဂ္ဂိမဖြစ်နိုင်ပါ။

လူသာမဏေအား အာလယပြတ်ပေးစွန့်လိုက်သော ဝတ္ထုမူကား အကပ်လည်း ပျက်သွားသည်၊ ကိုယ်ပိုင်ပစ္စည်းလည်း မဟုတ်တော့ပါ။ ပြန်ရက သုံးလည်းသုံးဆောင်ကောင်းသည်၊ ပေးစွန့်သော ဝတ္ထုပေါ်၌ အာလယရှိနေပါမူကား ဒါနလက္ခဏာ မရှိသောကြောင့် (အပေးမမြောက်သောကြောင့်) မသုံးဆောင်ကောင်းပါ။ ထို့ပြင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မပေးဘဲ အာလယပြတ် ဝတ္ထုကို စွန့်လွှတ်ခြင်းကိုလည်း စွန့်လွှတ်သည်ဟုပင် ဆိုရသည်။

အာလယပြတ် စွန့်လွှတ်ခြင်းဟူသော စကားဖြင့် အကပ်ပျက်သော အစီအရင်ကို ပြသည်၊ မှန်၏၊ အကပ်ပျက်သွားသောဝတ္ထုကို ပြန်အကပ်ခံ၍ အလိုအလျောက်ပင် သုံးဆောင်ကောင်းပေလိမ့်မည်။ ဝတ္ထု၏အကပ်စွန့်ခြင်းသည်လည်း ကိုယ်ပိုင်သဘောကို စွန့်လွှတ်ခြင်းကြောင့် ဖြစ်သည်။

ဤအာလယပြတ် စွန့်လွှတ်ခြင်းဟူသော စကားဖြင့်ပင် အကပ်ခံပြီးဝတ္ထု၌ စားလိုသော အာလယရှိနေခဲ့ပါလျှင် (ပေးပါ စွန့်ပါသော်လည်း) အကပ်စွန့်ခြင်းမည်သည်ကို သိးခြားမရနိုင်ဟူသော သဘောသည် ထင်ရှားသိသာပါသည်။ အကယ်၍ အကပ်စွန့်မှုကို သိးခြားရနိုင်ပါလျှင် "ပဋိဂ္ဂဟဏေ အနုပေက္ခော ပဋိဂ္ဂဟဏံ ဝိသဇ္ဇေတွာ ပုန ပဋိဂ္ဂဟေတွာ ဘုဥ္ဇတိ" (အကပ်ခံမှုကို အာလယပြတ်စွန့်၍ ပြန်အကပ်ခံသုံးဆောင်၏) ဟု ဆိုသင့်သည်၊ ဆိုကားမဆိုခဲ့ပါ။ (ဝိမတိ၊၁၊၃၅၄။)

ကျွတရသေ အပ္ပဋိဂ္ဂဟိတတ္တာ။ ။ ကိုယ့်ဥစ္စာကို ကိုယ်တိုင်အကပ်ခံထားမှသာ နိဿဂ္ဂိဖြစ်သည်။ သူများအကပ်ခံပေးမူကား နိဿဂ္ဂိမဖြစ်၊ သို့သော် ကာလလွန်သွားလျှင် မစားကောင်းတော့ပါ။ [(သာရတ္ထ၊ ၂၊၄၃၅။) (ဝိမတိ၊၁၊၃၅၅။) ၌ နိဿဂ္ဂိယံ နဟောတီတိ ဒဿေတိ-ဟု ပြင်မှသင့်မည်။]

http://www.dhammadownload.com

ဒုက္ကဋ်အာပတ်ကိုပြုတတ်သည်လည်းကောင်း၊) ဟောတိ၊ သတ္တာဟကာလိကဉ္စ- သည်လည်းကောင်း၊ ယာဝဇီဝိကဉ္စ- သည်လည်းကောင်း၊ အကပ္ပိယကုဋိယံ- ၌၊ နိက္ခိပိတုမ်ပိ- ထားခြင်းငှာလည်း၊ ဝဋ္ဋတိ၊ သန္နိဓိမ်ပိ- ကိုလည်း၊ (ထိုဝတ္ထုနှစ်ပါး ရောခြင်းကြောင့် သန္နိဓိကိုလည်း၊) န ဇနေတိ- မဖြစ်စေနိုင်။ (တစ်ညဉ့်လွန်ရုံဖြင့် သန္နိဓိသိက္ခာပုဒ်အရ အပြစ်မရှိ၊ ခုနစ်ရက်လွန်အောင် ရောလျှင်ကား ဘေသဇ္ဇသိက္ခာပုဒ်အရ အပြစ်ရှိသည်၊)

ပန- ဆက်၊ ယာဝကာလိကံ- ယာဝကာလိကဝတ္ထုသည်၊ အတ္တနာ- မိမိနှင့်၊ သဒ္ဓိံ- တကွ၊ သမ္မိန္နရသာနိ- ရောစပ်သော အရည်ရှိကုန်သော၊ တီဏိပိ- သုံးမျိုးလည်းဖြစ်ကုန်သော၊ ယာမကာလိကာဒီနိ- ယာမကာလိကအစရှိသော ဝတ္ထုတို့ကို၊ အတ္တနော- မိမိဟူသော ယာဝကာလိက၏၊ သဘာဝံ- သဘောသို့၊ ဥပနေတိ- ကပ်ဆောင်၏၊ (ယာဝကာလိကသဘောအတိုင်း နံနက်ပိုင်းမှာသာ အပ်သည်၊) ယာမကာလိကံ- သည်၊ အတ္တနာ သဒ္ဓိ သမ္မိန္နရသာနိ၊ ဒွေပိ- နှစ်ပါးလည်း ဖြစ်ကုန်သော၊ သတ္တာဟကာလိကာဒီနိ- အစရှိသော ဝတ္ထုတို့ကို၊ အတ္တနော- မိမိဟူသော ယာမကာလိက၏၊ သဘာဝံ ဥပနေတိ၊ သတ္တာဟကာလိကမ္ပိ- သည်လည်း၊ အတ္တနာ သဒ္ဓိ သံသဋ္ဌ- ရောစပ်သော၊ ယာဝဇီဝိကံ- ယာဝဇီဝိကဝတ္ထုကို၊ အတ္တနော- မိမိဟူသော သတ္တာဟကာလိက၏၊ သဘာဝညေဝ- သဘောသို့သာ၊ ဥပနေတိ။

တသ္မာ- ကြောင့်၊ တဒဟု- ထိုနေ့၌၊ ပဋိဂ္ဂဟိတေန- အကပ်ခံအပ်သော၊ ယာဝကာလိကေန- ဝတ္ထုနှင့်၊ သဒ္ဓိံ- တကွ၊ သံသဋ္ဌ- ရောနှောသော၊ သေသကာလိကတ္တယံ- (ထိုနေ့၌ အကပ်ခံအပ်သော) ကြွင်းကျန်သော ကာလိကသုံးပါးအပေါင်းသည်၊ သမ္မိ နှ ရသံ- ရောစပ်သော အရည်ရှိသည်၊ သမာနံ- သော်၊ တဒဟု- ထိုအကပ်ခံရာနေ့၌၊ ပုရေဘတ္တမေဝ- ၌သာ၊ ဝဋ္ဋတိ၊ ပန- ကား၊ တဒဟု ပဋိဂ္ဂဟိတေန- သော၊ ယာမကာလိကေန- ဝတ္ထုနှင့်၊ သံသဋ္ဌ-

---

"ဧဝန္တိ ပုန ဂဟေဿာမိတိ။ပ။ အဓိပ္ပါယော" ဟူသော ဋီကာ-လာ စကားရပ်၏ သံဝဏ္ဏနာတ္ထပုဒ်များကား စာကိုယ်၌ မပါရှိပါ။ (ဝိမတိ၊၁၊၃၅၅။)မှ ကူးထည့်ရာ၌ လွန်ပါသွားပုံရသည်။

သမ္မိန္နရသံ။ ။ ယာဝကာလိကဝတ္ထုဖြစ်သော နွားနို့နှင့် ယာမကာလိကဝတ္ထုဖြစ်သော ဖျော်ရည်, သတ္တာဟကာလိကဖြစ်သော ကြဲရည်တို့ကို ရောလိုက်သည့်အခါမှာ အရည်ချင်း (အရသာ) ချင်း ရောသွားသကဲ့သို့ အရည်ချင်းရောနှောမှုကို သမ္မိန္နရသဟု

http://www.dhammadownload.com

သော၊ တဒဟု- ၌၊ ပဋိဂ္ဂဟိတံ- သော၊ ဣတရဒွယံ- ကြွင်းကာလိကနှစ်ပါး အပေါင်းသည်၊ သမ္ဘိန္နရသံ- သည်၊ သမာနံ- သော်၊ ယာဝအရုဏာဂမနာ- အရုဏ်တက်သည်တိုင်အောင်၊ ဝဋ္ဋတိ၊ ပန- ကား၊ တဒဟုပဋိဂ္ဂဟိတေန- သော၊ သတ္ထာဟကာလိကေန- ဝတ္ထုနှင့်၊ သဒ္ဓိံ သံသဋ္ဌ- သော၊ တဒဟုပဋိဂ္ဂဟိတံ ဝါ- ထိုနေ့၌ အကပ်ခံအပ်သည်မူလည်းဖြစ်သော၊ ပုရေပဋိဂ္ဂဟိတံ ဝါ- ရှေး၌ အကပ်ခံအပ်သည်မူလည်းဖြစ်သော၊ ယာဝဇီဝိကံ- ယာဝဇီဝိကဝတ္ထုသည်၊ သမ္ဘိန္နရသံ သမာနံ၊ သတ္ထာဟံ- ခုနစ်ရက်ပတ်လုံး၊ ကပ္ပတိ။ ဒ္ဝိဟပဋိဂ္ဂဟိတေန- အကပ်ခံအပ်ပြီး၍ နှစ်ရက်ရှိသော၊ သတ္ထာဟကာလိကေန- နှင့်၊ သဒ္ဓိံ တဒဟု-

---

ခေါ်သည်။ သို့သော် သပိတ်ထဲခွက်ထဲ၌ ရောသည်ကိုသာ သမ္ဘိန္နရသ-ဟု ခေါ်ရသည်ကား မဟုတ်ပါ၊ ပါးစပ်ထဲ၌ ရောသည်ကိုလည်း သမ္ဘိန္နရသ-ဟုပင် ခေါ်ရပါသည်၊ ထို့ကြောင့် ယာဝကာလိကဆွမ်းကို ယာဝဇီဝိကဖန်ခါးသီးနှင့် ရောစားလိုက်လျှင်လည်း သမ္ဘိန္နရသပင် ဖြစ်ပါတော့သည်။ ခွက်ထဲမှာ မဖြစ်သော်လည်း ပါးစပ်ထဲမှာ ဖြစ်နိုင်သည်ဟု ဆိုပါသည်။ ဘုရားရှင်ကလည်း ဤသည်ကိုပင်ရည်ရွယ်၍ –

> "ယာဝကာလိကေန ဘိက္ခဝေ ယာမကာလိကံ တဒဟုပဋိဂ္ဂဟိတံ ကာလေ ကပ္ပတိ၊ ဝိကာလေ န ကပ္ပတိ။ပ။ သတ္ထာဟကာလိကေ န ဘိက္ခဝေ ယာဝဇီဝိကံ ပဋိဂ္ဂဟိတံ သတ္ထာဟံ ကပ္ပတိ၊ သတ္ထာဟာတိက္ကန္တေ န ကပ္ပတိ"ဟု မဟာဝါပါဠိတော် (ဘေသဇ္ဇခန္ဓက၊၃၄၉။) ၌ ဟောတော်မူထားပါသည်။

ဤပါဠိတော်ကိုပင် အထောက်အထားပြု၍ အတိုကာလိကနှင့် အရှည်ကာလိက ရောနှောရာ၌ အရည်ချင်းရောလျှင် အတိုကာလိကသဘောသို့ အရှည်ကာလိကလိုက်ရမည်၊ အရည်ချင်းမရောလျှင် အရှည်ကာလိကများသည် မိမိတို့ သဘောအတိုင်းပင် တည်ရှိနိုင်သည်-ဟု အဋ္ဌကထာဆရာများ ဋီကာဆရာများက မိန့်ဆိုကြသည်။

ထို့ပြင် ယာဝကာလိက ယာမကာလိက ဝတ္ထုနှစ်မျိုးတို့သည် သန္ဓိခံကိုလည်း ဖြစ်စေတတ်သည်။ သို့ဖြစ်၍ ယင်းကာလိကဝတ္ထုနှစ်မျိုးတို့နှင့် ရောနှောရာ၌ သတ္ထာဟကာလိက ယာဝဇီဝိကဝတ္ထုတို့သည်လည်း ထိုနေ့ (ရောသည့်နေ့) အကပ်ခံသောဝတ္ထုချည်းသာ ဖြစ်ရပါမည်။ ရှေ့နေ့က အကပ်ခံထားသော ဝတ္ထုများ မဖြစ်စေရ၊ ရှေ့နေ့က အကပ်ခံထားပြီးသော ဝတ္ထုများ ဖြစ်နေပါက နံနက်ပိုင်းမှာလည်း ယာဝကာလိက ယာမကာလိကတို့နှင့် ရောနှောမစားကောင်းတော့ပါ။ ရောနှောစားပါက မုခသန္ဓိခံ ဖြစ်ပါသည်၊ သန္ဓိခံကို မဖြစ်စေတတ်သော သတ္ထာဟကာလိကဝတ္ထုနှင့် ယာဝဇီဝိက ဝတ္ထုတို့ရောနှောရာ၌မူ သတ္ထာဟကာလိက၏ အကပ်ခံပြီးရာ ရက်အားလျော်စွာ ခုနစ်ရက်မှစ၍ တစ်ရက်ထိ အပ်သည်၊ ရောနှောစားကောင်းသည်။

http://www.dhammadownload.com

ပဋိဂ္ဂဟိတံ ဝါ ပုရေပဋိဂ္ဂဟိတံ ဝါ ယာဝဇီဝိကံ ဆာဟံ ကပ္ပတိ၊ တီဟပ္ပဋိဂ္ဂဟိတေန- အကပ်ံခံအပ်ိုးး၍သုံးရက်ရှိသော၊ သတ္တာဟကာလိကေန သဒ္ဓိံ တဒဟုပဋိဂ္ဂဟိတံ ဝါ ပုရေပဋိဂ္ဂဟိတံ ဝါ ယာဝဇီဝိကံ ပဉ္စာဟံ ကပ္ပတိ၊ စတူဟပ္ပဋိဂ္ဂဟိတေန- သော၊ သတ္တာဟကာလိကေန သဒ္ဓိံ တဒဟုပဋိဂ္ဂဟိတံ ဝါ ပုရေပဋိဂ္ဂဟိတံ ဝါ ယာဝဇီဝိကံ စတူဟံ ကပ္ပတိ၊ ပဉ္စာဟပ္ပဋိဂ္ဂဟိတေန သတ္တာဟကာလိကေန သဒ္ဓိံ တဒဟုပဋိဂ္ဂဟိတံ ဝါ ပုရေပဋိဂ္ဂဟိတံ ဝါ ယာဝဇီဝိကံ တီဟံ ကပ္ပတိ၊ ဆာဟပ္ပဋိဂ္ဂဟိတေန သတ္တာဟကာလိကေန သဒ္ဓိံ တဒဟုပဋိဂ္ဂဟိတံ ဝါ ပုရေပဋိဂ္ဂဟိတံ ဝါ ယာဝဇီဝိကံ ဒွိဟံ ကပ္ပတိ၊ သတ္တာဟပ္ပဋိဂ္ဂဟိတေန- အကပ်ံခံအပ်ိုးး၍ခုနစ်ရက်ရှိသော၊ သတ္တာဟကာလိကေန- သတ္တာဟကာလိကဝတ္ထုနှင့်၊ သဒ္ဓိံ တဒဟုပဋိဂ္ဂဟိတံ ဝါ ပုရေပဋိဂ္ဂဟိတံ ဝါ ယာဝဇီဝိကံ-သည်၊ တဒဟေဝ- ထို အကပ်ံခံရာနေ့၌သာ၊ ကပ္ပတိ- အပ်၏၊ ဣတိ ဝေဒိတဗ္ဗံ၊ စ- ဆက်၊ ဧတ္ထ- ဤသို့ ကာလိကချင်းရောရာ၌၊ ကာလယာမသတ္တာဟာတိက္ကမေသု- မွန်းမတည့်မီကာလ, ပစ္ဆိမယာမ်, ခုနစ်ရက်လွန်ရာအခါတို့၌၊ ဝိကာလဘောဇနသန္နိဓိ ဘေသဇ္ဇသိက္ခာပဒါနံ- ဝိကာလဘောဇနသိက္ခာပုဒ်, သန္နိဓိသိက္ခာပုဒ်, ဘေသဇ္ဇသိက္ခာပုဒ်တို့၏၊ ဝသေန- အစွမ်းဖြင့်၊ အာပတ္တိယော- တို့ကို၊ ဝေဒိတဗ္ဗာ။ (မွန်းမတည့်မီကာလကိုလွန်လျှင် ဝိကာလဘောဇနပါစိတ်၊ ပစ္ဆိမယာမ်ကိုလွန်လျှင် သန္နိဓိပါစိတ်၊ ခုနစ်ရက်လွန်လျှင်ကား ဘေသဇ္ဇသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်ဟု မှတ်ရမည်။)

ပန- ဆက်၊ ဧကတော- တစ်ပေါင်းတည်း၊ ပဋိဂ္ဂဟိတာနိပိ- အကပ်ံခံအပ်ပြီးသည်လည်း ဖြစ်ကုန်သော၊ စတ္တာရိ- ကုန်သော၊ ကာလိကာနိ- တို့သည်၊ သမ္ဘိန္နရသာနိ- ရောနှောသောအရည်ရှိကုန်သည်၊ သစေ န ဟောန္တိ၊ ဧဝံ

ထို့ကြောင့်ပင် ပြဆိုထားခဲ့သော မဟာဝါပါဠိတော်ဝယ် ယာဝကာလိက ယာမကာလိကတို့နှင့် ရောနှောပုံကိုပြရာ၌ တဒဟု-သဒ္ဒါကို ထည့်သွင်းထားပါသည်။ သတ္တာဟကာလိကနှင့် ယာဝဇီဝိကတို့ရောနှောပုံကိုပြရာ၌မူ တဒဟု-သဒ္ဒါ မထည့်ဘဲ ပဋိဂ္ဂဟိတံ-မျှသာ မိန့်တော်မူပါသည်။

ဤအချက်ကို သတိမပြုမိသော ဋီကာဆရာသည် ဤကာလိကရောနှောခန်း၌ မြင်းကောင်းခွာလိပ်သဘော ဖြစ်သွားဟန်တူသည်။

ဆောင်။ ။ လေးဖြာကာလိက, ရောနှောကလျှင်, ကာလတို့ရာ, လိုက်ရပါ၏၊ သတ္တာယာဝ, ရောနှောက, သတ္တလျော်စွာ, ယူရပါသည်၊ ကင်းကွာသနို့ ကြောင်းရင်းတည်း။

http://www.dhammadownload.com

သန္တေသု၊ တဿ တဿေဝ- ထိုထိုကာလိက၏သာလျှင်၊ ကာလဿ- ၏၊ ဝသေန- ဖြင့်၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋန္တိ။ ဆလ္လိမို့- အခွန်ကိုလည်း၊ အနုပနေတွာ- မဖယ် (မခွာ) မူ၍၊ သကလေနေဝ- အလုံးစုံသာလျှင်ဖြစ်သော၊ (အလုံးလိုက် သာလျှင်ဖြစ်သော) နာဠိကေရဖလေန- အုန်းသီးနှင့်၊ သဒ္ဓိ- တကွ၊ အမ္ဗပါနာဒိ- သရက်ဖျော်ရည်အစရှိသော၊ ပါနကံ- ဖျော်ရည်သည်၊ ဝါ- ဖျော်ရည်ကို၊ ပဋိဂ္ဂဟိတံ- သည်၊ သစေ ဟောတိ၊ နာဠိကေရံ- အုန်းသီးကို၊ အပနေတွာ- ဖယ်၍၊ (ဖယ်လိုက်သည်ရှိသော်) တံ- ထိုဖျော်ရည်သည်၊ ဝိကာလေပိ- နေလွဲအခါ၌လည်း၊ ကပ္ပတိ- အပ်၏၊ ဥပရိ- အပေါ်၌၊ သပ္ပိပဏ္ဏံ- ထောပတ်ခဲကို၊ ဌပေတွာ- တင်ထား၍၊ သီတလပါယာသံ- အေးသော နို့ယနှာကို၊ ဒေန္တိ- လှူတတ်ကြကုန်၏၊ (ပူလျှင်ထောပတ်ရည်ပျော်၍ သမ္ဘိန္နရသဖြစ်စရာရှိသော ကြောင့် သီတလပါယာသ-ဟု ဆိုသည်။) ယံ သပ္ပိ- အကြင် ထောပတ်သည်၊ ပါယာသေန- နှင့်၊ အသံသဋ္ဌံ- မရောနှော၊ တံ- ထိုမရောနှောသော ထောပတ်ကို၊ အပနေတွာ- ဖယ်၍၊ သတ္တာဟံ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ (ပါယာသနှင့် မရောသော အထက်ပိုင်းထောပတ်သည် ခုနစ်ရက်အပ်၍ ပါယာသနှင့် ရောသော အောက်ပိုင်းထောပတ်ကား ပါယာသ၏ သဘော အတိုင်းနံနက်၌သာ အပ်သည်။) ထဒ္ဓမဓုဖာဏိတာဒီသုပိ- ခဲနေသော ပျား တင်လဲစသည်တို့၌လည်း၊ ဧသေဝ နယော။

တက္ကောလဇာတိဖလာဒီဟိ- ကရဝေးရွက် ဇာဒိပို့လ်သီး အစရှိသည်တို့ဖြင့်၊ အလင်္ကရိတွာ- တန်ဆာဆင်၍၊ ပိဏ္ဍပါတံ- ကို၊ ဒေန္တိ- ပေးလှူတတ်ကြကုန်၏၊ တာနိ- ထိုကရဝေးရွက် ဇာဒိပို့လ်သီး အစရှိသည်တို့ကို၊ ဥဒ္ဓရိတွာ- ထုတ်၍၊ ဓောဝိတွာ- ဆေး၍၊ ယာဝဇီဝံ- အသက်ထက်ဆုံး၊ ပရိဘုဉ္ဇိတဗ္ဗာနိ- သုံးဆောင်ကောင်းကုန်၏၊ ယာဂုယံ- ၌၊ ပက္ခိပိတွာ- ထည့်၍၊ ဒိန္နသိဂ်ီဝေရာဒီသုပိ- ပေးလှူအပ်သော ချင်းအစရှိသည်တို့၌လည်းကောင်း၊ တေလာဒီသု- ဆီအစရှိသည်တို့၌၊ ပက္ခိပိတွာ- ၍၊ ဒိန္နလဋ္ဌိမဓုကာဒီသုပိ- ပေးလှူအပ်သော နွယ်ချို အစရှိသည်တို့၌လည်းကောင်း၊ ဧသေဝ နယော။

ဧဝံ- ဤသို့လျှင်၊ ယံ ယံ- အကြင်အကြင်ဝတ္ထုသည်၊ အသမ္ဘိန္နရသံ- မရောသော အရည်ရှိသည်၊ ဟောတိ၊ တံ တံ- ထိုထိုဝတ္ထုသည်၊ ဝါ- ကို၊ ဧကတော- တစ်ပေါင်းတည်း၊ ပဋိဂ္ဂဟိတံ- သည်၊ သမာနံပိ- သော်လည်း၊ ယထာ- အကြင် အခြင်းအရာအားဖြင့် ဆေးလသော်၊ သုဒ္ဓံ- သန့်ရှင်း စင်ကြယ်သည်၊ ဟောတိ၊

http://www.dhammadownload.com

တထာ- ထိုသန့်ရှင်းစင်ကြယ်နိုင်လောက်အောင်သော အခြင်းအရာအားဖြင့်၊ ဓောဝိတွာ ဝါ- ဆေး၍သော်လည်းကောင်း၊ တစ္ဆေတွာ ဝါ- ရွေ၍သော်လည်းကောင်း၊ တဿ တဿ- ထိုထို၀တ္ထု၏၊ ကာလဿ- ၏၊ ဝသေန- ဖြင့်၊ ပရိ-ဘုဉ်တုံ ဝဋ္ဋတိ၊ သမ္ပိန္နရသံ- ရောနှောသော အရည်ရှိအောင်၊ သံသဋ္ဌံ- ရောနှောသည်၊ သစေ ဟောတိ၊ ဧဝံ သတိ တဿ တဿ ကာလဿ ဝသေန ပရိဘုဉ်တုံ န ဝဋ္ဋတိ။

ဣတိ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ ကာလိကဝိနိစ္ဆယကထာ- ကာလိကနှင့်စပ် အဆုံးအဖြတ် စကားရပ်သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

http://www.dhammadownload.com

၁၉။ ကပ္ပိယဘူမိဝိနိစ္ဆယကထာ။

၁၀၁။ **ကပ္ပိယာ စတုဘူမိယောတိ** ဇတ္ထ- ယော ဟူသော ဤမာတိကာပုဒ်၌၊ "အနုဇာနာမိ ဘိက္ခဝေ။ပ။ သမ္မုတိ"နှိ- တိ ဟူ၍၊ ဝစနတော- ဟောမိန့်တော်မူခြင်းကြောင့်၊ ဥဿာဝနန္တိကာ- ဥဿာဝနန္တိကာကုဋိလည်းကောင်း၊ ဂေါနိသာဒိကာ- လည်းကောင်း၊ ဂဟပတိ- လည်းကောင်း၊ သမ္မုတိ- သမ္မုတိကုဋိလည်းကောင်း၊ ဣတိ- သို့၊ စတသ္သော- လေးပါးကုန်သော၊ ဣမာ ကပ္ပိယဘူမိယော- ဤအပ်သော တည်ရာအရပ်တို့ကို၊ ဝေဒိတဗ္ဗာ- သိထိုက်ကုန်၏။

တတ္ထ- ထိုလေးပါးသော ကပ္ပိယကုဋိတို့တွင်၊ တာဝ- ဂေါနိသာဒိကာ-စသည်တို့မှ ရှေးဦးစွာ၊ (ဝုတ္တာ- သော၊) **ဥဿာဝနန္တိကာ**- ကုဋိကို၊ ဧဝံ- သို့၊ ကာတဗ္ဗာ- ပြုထိုက်၏၊ ထမ္ဘာနံ- တိုင်တို့၏၊ ဥပရိ ဝါ- အထက်၌သော်လည်းကောင်း၊ ဘိတ္တိပါဒေ- နံရံခြေတို့ကို၊ နိခနိတွာ ဝါ- တူးစိုက်၍သော်လည်းကောင်း၊ ယော ဝိဟာရော- ကို၊ ကရီယတိ- ပြုအပ်၏၊ တဿ- ထိုကျောင်း၏၊ ဟေဋ္ဌာ- အောက်၌၊ ဝါ- အောက်က၊ ထမ္ဘပဋိစ္ဆကာ- တိုင်ကို ခံတတ်ကုန်သော၊ ပါသာဏာ- ကျောက်တို့သည်၊ ဘူမိဂတိကာ ဧဝ- မြေ၏ ဖြစ်ခြင်းနှင့် တူသော ဖြစ်ခြင်း ရှိကုန်သည်သာ၊ (ဟောန္တိ)။

ဥဿာဝနန္တိကာ။ ။ တိုင်စသည်တို့ကို မြှောက်၍တည်စေခြင်း ချခြင်းနှင့် "ကပ္ပိယကုဋိ ကရောမ"ဟူသော စကား၏အဆုံးတို့ ညီတူညီမျှ ပြီးဆုံးအောင် စီမံပြုလုပ်ရသောကျောင်းကို "ဥဿာဝနန္တိကာကုဋိ"ဟုခေါ်သည်၊ (ဥက္ခိပိတ္ဝာ ပတိဋ္ဌာနဥ္စ သာဝနန္တော စ- ဥဿာဝနန္တော၊ ဥဿာဝနန္တော ဧတိဿာ အတ္ထီတိ- ဥဿာဝနန္တိကာ၊) ဥသဒ္ဒါသည် မြှောက်ခြင်း အနက်ကိုဟောသည်၊ သို့သော် ဤဌိကား မြှောက်ရုံသာမက မြှောက်၍ မြေ သို့မဟုတ် အုတ်မြစ်စသည်ဟို့၌ တည်စေခြင်း ချခြင်းတိုင်အောင် ယူရသည်။ (သာဝနဿ အန္တော- သာဝနန္တော။)

ဘူမိဂတိကာ။ ။ တိုင်ဖြင့်ဆောက်လုပ်သော ကျောင်းမျိုး၌ တိုင်ကျွံမဝင်အောင် အောက်ခံကျောက်တုံးစသည်တို့သော်လည်း ပါရှိတတ်သည်။ သို့မဟုတ် တိုင်အောက်ခံဘုတ်တိုင်သော်လည်း ပါရှိတတ်သည်၊ ယင်းအောက်ခံကျောက်တုံးစသည်နှင့် ဘုတ်တိုင်တို့သည် မြေကြီးနှင့် အလားတူစွာ အောက်ခြေခံများသာ ဖြစ်ကြသည်၊ ယင်းအောက်ခြေခံ ကျောက်တုံးစသည်တို့ကို ချသည့်အခါမှာ "ကပ္ပိယကုဋိ ကရောမ"ဟု ဆိုရန် မလိုသေးပါ။

အုတ်နံရံ ကျောက်နံရံ မြေနံရံတို့ဖြင့် ဆောက်လုပ်သော ကျောင်းမျိုး၌ အောက်ခံခုံနှင့် အုတ်မြစ်စသည်တို့သည်လည်း "ဘူမိဂတိက"ပင်၊ ယင်းအုတ်မြစ်စသည်တို့ကို ချသည့်အခါမှာလည်း "ကပ္ပိယကုဋိ ကရောမ"ဟု ဆိုရန် မလိုသေးပါ။

http://www.dhammadownload.com

ပန- ဆက်၊ ပဌမတ္ထမ္ဘဲ- ပဌမတိုင်ကိုသော်လည်းကောင်း၊ ပဌမဘိတ္တိပါဒံ ဝါ- ပဌမနံရံခြေကိုသော်လည်းကောင်း၊ (အုတ်မြစ်ပေါ်၌ နံရံတက်သောအခါ ပဌမဆုံးချသော အုတ်ကို "ပဌမဘိတ္တိပါဒ"ခေါ်သည်၊) ပတိဋ္ဌာပေန္တေဟိ- တည်စေကုန်လသော်၊ (ချကုန်လသော်၊) ဝါ- ချကုန်သော၊ ဗဟူဟိ- များစွာသော ရဟန်းတို့သည်၊ သမ္မရိဝါရေတွာ- ကောင်းစွာဝိုင်းအုံ၍၊ "ကပ္ပိယကုဋိ ကရောမ၊ ကပ္ပိယကုဋိ ကရောမာ"တိ- "မ" ဟူ၍၊ ဝါစံ- စကားကို၊ နိစ္ဆာရေန္တေဟိ- မြွက်ဆိုကုန်လျက်၊ မနုဿေသု- လူတို့သည်၊ ဥက္ခိပိတွာ- မြှောက်၍၊ ပတိဋ္ဌာပေန္တေသု- တည်စေကုန်လသော်၊ အာမသိတွာ ဝါ- သုံးသပ်၍သော်လည်းကောင်း၊ (ရဟန်းများက တိုင်စသည်ကို လက်ဖြင့်ထိထား၍သော်လည်းကောင်း၊) သယံ- ရဟန်းများကိုယ်တိုင်၊ ဥက္ခိပိတွာ ဝါ- မြှောက်၍သော်လည်းကောင်း၊ ထမ္ဘော ဝါ- တိုင်ကိုသော်လည်းကောင်း၊ ဘိတ္တိပါဒေါ ဝါ- နံရံခြေကိုသော်လည်းကောင်း၊ ပတိဋ္ဌာပေတဗ္ဗော- တည်စေထိုက်၏။

ပန- ဝါဒန္တရကာ၊ **ကုရုန္ဒိမဟာပစ္စရီသု**- တို့၌၊ "ကပ္ပိယကုဋိ ကပ္ပိယကုဋီတိ- ဟူ၍၊ ဝတွာ- ဆို၍၊ ပတိဋ္ဌာပေတဗ္ဗံ- တည်စေရာ၏။" ဣတိ- သို့၊ ဝုတ္တံ- ပြီ။ ("ကပ္ပိယကုဋိ ကရောမ"ဟု ဆိုမှ အထမြောက်သည်မဟုတ်၊ "ကပ္ပိယကုဋိ ကပ္ပိယကုဋိ"ဟု ဆိုလျှင်လည်း အထမြောက်သည်ပင် ဟူလို။) **အန္ဓကဋ္ဌကထာယံ**- ၌၊ "သံယဿ ကပ္ပိယကုဋိ အဓိဋ္ဌာမီ"တိ- ဟူ၍၊ (သံဃာ၏ ကပ္ပိယကုဋိကို အဓိဋ္ဌာန်ပါ၏ဟူ၍၊) ဝုတ္တံ- ပြီ။ ပန- ဆက်၊ တံ- ထိုစကားကို၊ အဝတွာပိ- မဆိုမူ၍လည်း၊ အဋ္ဌကထာသု- ရှေးအဋ္ဌကထာတို့၌ (မဟာအဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာ, မဟာပစ္စရီအဋ္ဌကထာတို့၌) ဝုတ္တနယေန- ဆိုအပ်ပြီးသော နည်းဖြင့်၊ ဝုတ္တော- ဆိုအပ်သော်၊ ဒေါသော- အပြစ်သည်၊ နတ္ထိ- မရှိ၊ ပန- စင်စစ်ကား၊

ပဌမတိုင်နှင့် နံရံခြေ။ ။ တိုင်ဖြင့်ဆောက်လုပ်သောကျောင်း၌ ပဌမတိုင်ကို တည်ထားစိုက်ထူသည့်အခါ ရဟန်းများက ဝိုင်းအုံ၍ "ကပ္ပိယကုဋိ ကရောမ၊ ကပ္ပိယကုဋိ ကရောမ"ဟု မြွက်ဆိုလျက်, လူများက မ၍ တည်ပေး စိုက်ထူပေးလျှင် ရဟန်းများက တိုင်ကို လက်ဖြင့်ထိထား၍ တိုင်ကိုတည်စေရမည်၊ စိုက်ထူရမည်။ ရဟန်းများကိုယ်တိုင် မ၍သော်လည်း တိုင်ကိုတည်စေရမည်၊ စိုက်ထူရမည်။

အုတ်နံရံစသည်တို့ဖြင့် ဆောက်လုပ်သော ကျောင်းမျိုး၌ အောက်ခံခုံပေါ် အုတ်မြစ်ပေါ်၌ ပထမဆုံးစီရသော အုတ်စသည်ကိုတည်ထားသည့်အခါ ရဟန်းများ ဝိုင်းအုံ၍ "ကပ္ပိယကုဋိ ကရောမ ကပ္ပိယကုဋိ ကရောမ"ဟု ဆိုလျက် အုတ်စသည်ကို မ၍ တည်စေရမည်။

http://www.dhammadownload.com

ဇထ္ထ- ဤဥဿာဝနန္တိကာကုဋ္ဌိဌ်၊ ဣဒံ- ဤဆိုအပ်လတ္တံ့ကား၊ သာဓာရဏာလက္ခဏံ- ဆက်ဆံသော လက္ခဏာတည်း၊ "ထမ္ဘပတိဋ္ဌာပနဋ္ဌ- တိုင်ကိုမြေဌ်တည်စေခြင်းသည်လည်းကောင်း၊ ဝစနပရိယောသာနဋ္ဌ- စကား၏ ပြီးဆုံးခြင်းသည်လည်းကောင်း၊ ("ကပ္ပိယကုဋိ် ကရောမ"ဟူသော စကား၏ ပြီးဆုံးခြင်းသည်လည်းကောင်း၊) သမကာလံ- ညီမျှသော ကာလရှိသည်၊ (သမာနံ- သော်၊ ဝါ- ဖြစ်မှ၊) ဝဋ္ဋတိ- အပ်၏။" ဣတိ- ဤကား သာဓာရဏာလက္ခဏာတည်း။ ဟိ- မှန်၊ ဝစနေ- ("ကပ္ပိယကုဋိ် ကရောမ"စသော) စကားသည်၊ အနိဋ္ဌိတေ- မပြီးဆုံးသေးမီ၊ ထမ္ဘော- တိုင်သည်၊ သစေ ပတိဋ္ဌာတိ- အကယ်၍ မြေဌ်တည်အံ့၊ (ဧဝံ သတိ ဝါ- သော်လည်းကောင်း၊) တသ္မိံ- ထိုတိုင်သည်၊ အပ္ပတိဋ္ဌိတေ- မြေဌ် မတည်သေးမီ၊ ဝစနံ- စကားသည်၊ သစေ နိဋ္ဌာတိ- အကယ်၍ ပြီးဆုံးအံ့၊ (ဧဝံ သတိ ဝါ- သော်လည်းကောင်း၊) ကပ္ပိယကုဋိ- သည်၊ ဝါ- ကို၊ အကတာ- မပြုအပ်သည်၊ (ပြုသော်လည်း ပြုရာမရောက်သည်၊) ဟောတိ။ တေနေဝ- ထို့ကြောင့်ပင်၊ **မဟာပစ္စရိယံ**- ဌ်၊ ဗဟူဟိ။ပ။ ဘဝိဿတီတိ- ဟူ၍၊ ဝုတ္တံ- ပြီ၊ ("ဗဟူဟိ- များစွာသော ရဟန်းတို့သည်၊ သမ္မရိဝါရေတွာ- ကောင်းစွာ ဝိုင်းအုံ၍၊ ဝတ္တာဗ္ဗံ- ဆိုရာ၏၊ ဟိ- ရဟန်းအများ ဝိုင်းအုံ၍ ဆိုရကျိုးကား၊ ဇထ္ထ- ဤမျှားစွာသော ရဟန်းတို့တွင်၊ ဧကဿပိ- တစ်ပါးသော ရဟန်း၏လည်း၊ ဝစနနိဋ္ဌာနဋ္ဌ- စကား၏ ပြီးဆုံးခြင်းသည်လည်းကောင်း၊ ထမ္ဘပတိဋ္ဌာနဋ္ဌ- တိုင်၏မြေဌ် တည်ခြင်းသည်လည်းကောင်း၊ အဝဿံ- မချွတ်မယွင်း၊ ဧကတော- တပြိုင်နက်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။")

ပန- ကား၊ ဣဒ္ဓကာသိလာမတ္တိကာကုဋ္ဌကာသု- အုတ်နံရံ ကျောက်နံရံ မြေနံရံရှိကုန်သော၊ ကုဋီသု- တို့ဌ်၊ ဟေဋ္ဌာ- အောက်ဌ်၊ စယံ- အကျည်ကို၊ (မြေခဲ့ကို၊) ဗန္ဓိတ္တာ ဝါ- ဖွဲ့၍သော်လည်းကောင်း၊ အဗန္ဓိတ္တာ ဝါ- မဖွဲ့မူ၍သော်လည်းကောင်း၊ ကရောန္တူ- ပြုပစေကုန်၊ ယတော- အကြောင်းအုတ် (ကျောက်မြေညက်ခဲ) မှ၊ ပဋ္ဌာယ- ၍၊ ဘိတ္တိ- နံရံကို၊ ဥဋ္ဌာပေတုကာမာ- ထစေခြင်းငှာ အလိုရှိကုန်သည်၊ ဝါ- ထောင်လိုကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ သဗ္ဗပဌမံ- အလုံးစုံတို့၏ ရှေးဦးစွာ ဖြစ်သော၊ တံ ဣဒ္ဓကံ ဝါ- ထိုအုတ်ကိုသော်လည်းကောင်း၊ တံ သိလံ ဝါ- ထိုကျောက်ကိုသော်လည်းကောင်း၊ တံ မတ္တိကာပိဏ္ဍံ

သာဓာရဏာလက္ခဏံ ။ ။ တိုင်နှင့် အုတ်စသည်တို့၏ မြေပေါ်ခဲ့ပေါ်မှာတည်ခြင်းနှင့် "ကပ္ပိယကုဋိ် ကရောမ"ဟူသော စကား၏ ဆုံးခြင်းသည် ပြိုင်တူညီမျှ ဖြစ်စေရမည်။ ယင်းသို့ ပြိုင်တူညီမျှဖြစ်မှသာ "ကပ္ပိယကုဋိ"အောင်မြင်သည်၊ ပြိုင်တူညီမျှမဖြစ်က မအောင်မြင်ပါ။

http://www.dhammadownload.com

ဝါ- ထိုမြေညက်ခဲကိုသော်လည်းကောင်း၊ ဂဟေတွာ- ယူ၍၊ ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ ("ကပ္ပိယကုဋိ် ကရောမ"ဟု ဆိုခြင်း အုတ်စသည်ကို မြေ၌တည်စေခြင်း၏ သမကာလဖြစ်အောင်သာလျှင်၊) ကပ္ပိယကုဋိ်-ကို၊ ကာတဗ္ဗာ- ပြုထိုက်၏။

ကုဋ္ဌကာဒယော- အုတ်အစရှိသည်တို့သည်၊ (အာဒိသဒ္ဒါဖြင့် ကျောက်မြေညက်ခဲတို့ကို ယူပါ။) ဘိတ္တိယံ- ၌၊ ပဌမိဋ္ဌကာဒီနံ- ပဌမအုတ်အစရှိသည်တို့၏။ ဟေဋ္ဌာ- အောက်၌၊ နှ ဝဋ္ဋန္တိ- မအပ်ကုန်၊ ("ကပ္ပိယကုဋိ် ကရောမ"ဟု ဆိုခြင်းငှာ၊) ထမ္ဘာ ပန- တိုင်တို့သည်ကား၊ ဥပရိ- မြေ၏ အပေါ်သို့၊ ဥဂ္ဂစ္ဆန္တိ- တက်လာကုန်၏၊ တသ္မာ- ကြောင့်၊ ဝဋ္ဋန္တိ။ **အန္ဓကဋ္ဌကထာယံ၊** "ထမ္ဘေဟိ-တိုဖြင့်၊ ကရိယမာနေ- ပြုအပ်သော ကျောင်း၌၊ စတူသု- လေးဘက်ကုန်သော၊ ကောဏေသု- အထောင့်တို့၌၊ စတ္တာရော- လေးလုံးကုန်သော၊ ထမ္ဘာ- တိုင်တို့ကိုလည်းကောင်း၊ ကုဋ္ဌကာဒိကုဋ္ဋေ- အုတ်စသည်ဖြင့် ပြုအပ်သော နံရံရှိသော ကျောင်း၌၊ စတူသု- ကုန်သော၊ ကောဏေသု- တို့၌၊ ဒွေ တိသော-နှစ်ချပ် သုံးချပ်ကုန်သော၊ ကုဋ္ဌကာ- အုတ်တို့ကိုလည်းကောင်း၊ အဓိဋ္ဌာတဗ္ဗာ-အဓိဋ္ဌာန်ထိုက်ကုန်၏။" ("ကပ္ပိယကုဋိ် ကရောမ"ဟု ဆို၍ ချထိုက်ကုန်၏။) ကုတိ ဝုတ္တံ။ ပန- ထိုသို့ပင်ဆိုအပ်ပါသော်လည်း၊ တထာ- ထိုဆိုအပ်သည့်အတိုင်း၊ အကတာယပိ- မပြုအပ်ပါသော်လည်း၊ ဒေါသော- သည်၊ နတ္ထိ၊ ဟိ- မှန်၊ အဋ္ဌကထာသု- ရှေးအဋ္ဌကထာသုံးစောင်တို့၌၊ ဝုတ္တမေဝ- ဆိုအပ်သော စကားသည်သာ၊ ပမာဏံ- ပမာဏတည်း။

တိုင်နှင့်အုတ်မှာ မတူပါ။ ။ အုတ်စသည်တို့ကို အောက်၌ အုတ်မြစ်စီသောအခါ ပဌမအုတ်စသည်တို့ကို ချရာ၌ "ကပ္ပိယကုဋိ် ကရောမ"ဟု ဆိုခြင်းမှာ မအပ်ပါဘဲ တွင်းတူး၍ တိုင်စိုက်သောအခါ မြေကြီးအတွင်းရောက်နေပါလျက် "ကပ္ပိယကုဋိ် ကရောမ"ဟု အဘယ့်ကြောင့် ဆိုခြင်းငှာ အပ်ပါသနည်း။

အုတ်မြစ်ချသော အုတ်တို့သည် မြေအတွင်း၌သာ တည်နေသည်၊ မြေပေါ်ကို ပေါ်တက်မလာပါ၊ တိုင်တို့မူကား မြေအတွင်း၌ တည်နေရုံမျှသာမဟုတ်၊ အပေါ်သို့လည်း ပေါ်တက်လာကြသည်၊ ထို့ကြောင့် အုတ်မြစ်စီသောအခါ ဆိုခြင်းငှာ မအပ်ဘဲ တိုင်စိုက်သော အခါ၌သာ ဆိုခြင်းငှာအပ်သည်။

ဤစကားရပ်ဖြင့်ပင် အုတ်ကျောက်စသည်တို့ကို မြေတွင်း၌တည်ထားပါသော်လည်း အောက်ခံခုံမှုဖြစ်စေ မြေမှုဖြစ်စေ တစ်လက်သစ်မျှ ပေါ်တက်နေခဲ့ပါလျှင် "ကပ္ပိယကုဋိ် ကရောမ"ဟု ဆို၍ ချခြင်းငှာ အပ်သည်ဟူသော သဘောကိုလည်း ပြသေးသည်။

(ဝိမတိ၊ ၂၁၁၈၉။)

http://www.dhammadownload.com

ဂေါနိသာဒိကာ- ဂေါနိသာဒိကာကုဋ္ဌိသည်၊ အာရာမဂေါနိသာဒိကာ- အာရာမဂေါနိသာဒိကာကုဋ္ဌိလည်းကောင်း၊ ဝိဟာရဂေါနိသာဒိကာ- လည်းကောင်း၊ ဣတိ- သို့၊ ဒုဝိဓာ- နှစ်ပါးအပြားရှိ၏။ တာသု- ထိုနှစ်ပါးတို့တွင်၊ ယတ္ထ- အကြင်ကုဋ္ဌိ၌၊ အာရာမော- အာရာမ်သည်၊ ဝါ- ကို၊ ပရိက္ခိတ္တော- ကာရံအပ်သည်၊ နေဝ ဟောတိ- မဖြစ်၊ သေနာသနာနိ- ကျောင်းတို့သည်၊ ဝါ- တို့ကို၊ ပရိက္ခိတ္တာနိ- ကုန်သည်၊ န ဟောန္တိ- ကုန်၊ အယံ- ဤကုဋ္ဌိသည်၊ **အာရာမဂေါနိသာဒိကာ** နာမ- ကုဋ္ဌိမည်၏။ (အာရာမ်အားဖြင့် "ဂေါနိသာဒိကာကုဋ္ဌိ" မည်၏။)

ယတ္ထ- အကြင်ကုဋ္ဌိ၌၊ သေနာသနာနိ- တို့ကို၊ သဗ္ဗာနိ ဝါ- အလုံးစုံသော ကျောင်းတို့ကိုသော်လည်းကောင်း၊ ဧကစ္စာနိ ဝါ- အချို့သော ကျောင်းတို့ကိုသော်လည်းကောင်း၊ ပရိက္ခိတ္တာနိ- ကာရံအပ်ကုန်၏၊ အာရာမော- အာရာမ်ကို၊ အပရိက္ခိတ္တော- မကာရံအပ်၊ အယံ- သည်၊ **ဝိဟာရဂေါနိသာဒိကာ** နာမ- ကုဋ္ဌိမည်၏။ (ကျောင်းအားဖြင့် "ဂေါနိသာဒိကာ"မည်၏။) ဣတိ- ဤသို့လျှင်၊ ဥဘယတြာပိ- နှစ်ပါးစုံသော (အာရာမဂေါနိသာဒိကာ ဝိဟာရဂေါနိသာဒိကာ) ကုဋ္ဌိ၌လည်း၊ အာရာမဿ- ၏၊ အပရိက္ခိတ္တဘာဝေါယေဝ- မကာရံအပ်သည်၏ အဖြစ်သည်သာ၊ ပမာဏံ- တည်း။

"ပန- ဆက်၊ အာရာမော- သည်၊ ဥပမုပရိက္ခိတ္တော- ထက်ဝန်းကာရံအပ်သည်၊ (တစ်ဝန်းလောက်သာ အကာအရံရှိ၍ တစ်ဝန်းက အကာအရံ မရှိသည်၊) သမာနောပိ- ဖြစ်သော်လည်းကောင်း၊ ဗဟုတရံ- များစွာ၊ (ထက်ဝန်

ကျောင်းဟောင်းကို ဖျက်ဆောက်သည့်အခါမျိုးမှာဖြစ်စေ ကျောင်းသစ်ဆောက်လုပ်သည့် အခါမျိုးမှာဖြစ်စေ "ဥဿာဝနန္တိကာကုဋ္ဌိ" ဖြစ်အောင် ရှေးဆရာများစီမံကြသည်။

ဂေါနိသာဒိကာ။ ။ အာရာမ် (ကျောင်းတိုက်) ၌ အများအားဖြင့် အကာမရှိသည့်အတွက် နွားတို့၏ ဝင်ရောက်နေထိုင်ရာဖြစ်သော ကျောင်းတိုက်အတွင်းရှိကျောင်းများကို "ဂေါနိသာဒိကာကုဋ္ဌိ"ဟု ခေါ်သည်။

ဤဂေါနိသာဒိကုဋ္ဌိ-၌ အာရာမ်၏ အများအားဖြင့် အကာမရှိခြင်းသာ လိုရင်းဖြစ်သည်၊ ကျောင်းအသီးသီး၌ အကာရှိမှုမရှိမှုမှာ လိုရင်းမဟုတ်ပါ၊ အများအားဖြင့် အာရာမ်၏ အကာအရံမရှိလျှင် ကျောင်းများ၌ အကာရှိနေသော်လည်း ဂေါနိသာဒိကာကုဋ္ဌိပင်တည်း၊ (နိသီဒနံ နိသာဒေါ= နေခြင်း၊ ဂုန္နံ နိသာဒေါ- ဂေါနိသာဒေါ- နွားတို့၏ နေခြင်း၊ ဂေါနိသာဒေါ ယတ္ထာတိ- ဂေါနိသာဒိကာ- နွားတို့၏ ဝင်ရောက်နေထိုင်ရာဖြစ်သောကုဋ္ဌိ။

http://www.dhammadownload.com

သာသာ) ပရိက္ခိတ္တော- သည်၊ သမာနောပိ- သော်လည်းကောင်း၊ ပရိက္ခိတ္တော- ယေဝ နာမ- ပရိက္ခိတ္တမည်သည်သာ၊" ဣတိ- သို့၊ **ကုရုန္ဒိမဟာပစ္စရိသု-** တို့၌၊ ဝုတ္တံ၊ ဧတ္ထ- ဤပရိက္ခိတ္တအာရာမ်၌၊ ကပ္ပိယကုဋ္ဌိံ- ကို၊ လဒ္ဓုံ- ရခြင်းငှာ၊ ဝဋ္ဌတိ- သင့်၏။

ဂဟပတိတိ- ကား၊ မနုဿာ- တို့သည်၊ အာဝါသံ- နေရာကျောင်းကို၊ ကတွာ- ပြုပြီး၍၊ "ကပ္ပိယကုဋ္ဌိံ ဒေမ၊ ပရိဘုဥ္ဇထာ"တိ- ကပ္ပိယကုဋ္ဌိကို လျှုပါကုန်၏၊ သုံးစွဲတော်မူကြပါကုန်ဟူ၍၊ ဝဒန္တိ- လျှောက်ကြကုန်၏၊ ဧသာ- ဤကုဋ္ဌိသည်၊ ဂဟပတိ နာမ- ဂဟပတိကုဋ္ဌိမည်၏၊ "ကပ္ပိယကုဋ္ဌိံ ကာတုံ ဒေမာ"တိ- ကပ္ပိယကုဋ္ဌိပြုဖို့ရာ လျှုပါကုန်၏ဟူ၍၊ ဝုတ္တေပိ- လျှောက်အပ်သော်လည်း၊ ဝဋ္ဌတိယေဝ- အပ်သည်သာ။

ပန- ဝါဒန္တရကား၊ **အန္ဓကဋ္ဌကထာယံ-** ၌၊ "ယသ္မာ- ကြောင့်၊ ဘိက္ခုံ- ကို၊ ၎ပေတွာ- ချန်ထား၍၊ သေသသဟဓမ္မိကာနံ- ကြွင်းသော သီတင်းသုံးဖော်တို့

ကပ္ပိယကုဋ္ဌိံ လဒ္ဓုံ ဝဋ္ဌတိ ။ ။ အာရာမ် (ကျောင်းတိုက်) က ထက်ဝက် ထက်ဝက်သာသာ အကာရှိနေပါလျှင် ဂေါနိသာဒိကာကုဋ္ဌိကို မရနိုင်တော့ပေ။ ထို့ကြောင့် ဥဿာဝနန္တိကာ-စသော အခြားသုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြစ်အောင် လုပ်ထားသင့်သည်။ သို့မှသာ အန္တောဝုတ္ထ အန္တောပက္က-အမှုကို ပြုလျှင်အပ်မည်။ (ဝိမတိ၊ ၂၊၁၈၉။)

ဂဟပတိ ။ ။ အိမ်ထောင်ဦးစီးဖြစ်သူ လူပုဂ္ဂိုလ်ကိုသာ "ဂဟပတိ"ဟု ခေါ်ရိုးရှိသော်လည်း ဤနေရာ၌ကား ရဟန်းမှတစ်ပါး လူ နတ် ဗြဟ္မာအကုန်လုံးကိုပင် "ဂဟတိ"ဟု ခေါ်သင့်ပါသည်။ ထို့ပြင် ထိုဂဟပတိတို့က "ကပ္ပိယကုဋ္ဌိံ ဒေမ ပရိဘုဥ္ဇထ" ဟုသော်လည်းကောင်း၊ "ကပ္ပိယကုဋ္ဌိံ ကာတုံ ဒေမ"ဟုသော်လည်းကောင်း၊ လျှောက်ထားလျှုဒါန်းအပ်သော ကျောင်းနှင့် ထိုဂဟပတိ၏ နေအိမ်တို့ကိုလည်း ကာရဏူပစာ (ကြောင်းဆိုကျိုးရ အသုံးအနှုန်း) အားဖြင့် "ဂဟပတိ"ဟုပင် ခေါ်သင့်ပါသေးသည်။

သို့ဖြစ်၍ ကျောင်းကို ရေစက်ချသောအခါ "ကပ္ပိယကုဋ္ဌိံ ဒေမ" သို့မဟုတ် "ကပ္ပိယကုဋ္ဌိံ ကာတုံ ဒေမ"ဟု ထည့်သွင်းရေစက်ချပေးသင့်သည်။ "ဣမံ ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ကပ္ပိယကုဋ္ဌိံ ကာတုံ ဒေမ"ဟု ထည့်သွင်းရေစက်ချပေးလျှင်လည်း ကပ္ပိယကုဋ္ဌိ ဖြစ်နိုင်ပါသည်။ (အာဂတာနာဂတဿ- ဤကျောင်းသို့ ရောက်မရောက်သော၊ စာတုဒ္ဒိသဿ- အရပ်လေးမျက်နှာ၌ သီတင်းသုံးလျက်ရှိသော၊)

အန္ဓကအဋ္ဌကထာအဆို။ ။ ရဟန်းမှကြွင်းသော သီတင်းသုံးဖော်လေးဦးနှင့် နတ်လူအားလုံးတို့၏ အထံမှအကပ်ခံလျှင် အကပ်မြောက်သည်။ ထိုသူတို့ သိုမှီးသိမ်းဆည်းထားသမျှ သန္ဒိဓိပစ္စည်းလည်း ရဟန်းတို့အား အပ်သည်။ ထိုသူတို့၏ အန္တောဝုတ္ထ (အကပ္ပိယကုဋ္ဌိ အတွင်း၌ ထားအပ်သော) ခဲဖွယ်ဘောဇဉ်လည်း အပ်သည်။ ထို့ကြောင့်

http://www.dhammadownload.com

၏လည်းကောင်း၊ သဗ္ဗေသံ- ခပ်သိမ်းကုန်သော၊ ဒေဝမနုဿာနဉ္စ- နတ်လူတို့၏ လည်းကောင်း၊ ဟတ္ထတော- လက်မှ၊ ပဋိဂ္ဂဟော စ- အကပ်ခံခြင်းသည်လည်း ကောင်း၊ သန္နိဓိ စ- သိုမှီးသိမ်းဆည်းအပ်သော ပစ္စည်းသည်လည်းကောင်း၊ အန္တောဝုတ္ထဉ္စ- အကပ်ဝယ်ကုဋိအတွင်း၌ တည်နေစေအပ် (သိုမှီးအပ်) သော ခဲဖွယ်ဘောဇဉ်သည်လည်းကောင်း၊ တေသံ- ထိုကြွင်းသော သီတင်းသုံးဖော် အလုံးစုံသော နတ်လူတို့၏၊ သန္တကံ- ဥစ္စာသည်၊ သမာနံ- ဖြစ်သော်၊ ဝါ- ဖြစ်မှ၊ ဘိက္ခုဿ- အား၊ ဝဋ္ဋတိ။ တဿာ- ကြောင့်၊ တေသံ- ထိုကြွင်းသော သီတင်းသုံးဖော် အလုံးစုံသော နတ်လူတို့၏၊ ဂေဟာနိ ဝါ- အိမ်တို့ကိုလည်း ကောင်း၊ တေဟိ- ထိုကြွင်းသော သီတင်းသုံးဖော် အလုံးစုံသော နတ်လူ တို့သည်၊ ဒိန္နကပ္ပိယကုဋိ ဝါ- လှူအပ်သော ကပ္ပိယကုဋိကိုလည်းကောင်း၊ ဂဟပတီတိ- ဂဟပတိကုဋိဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။" ဣတိ- သို့၊ ဝုတ္တံ- ပြီ။

ပုနပိ- တစ်ဖန်လည်း၊ ဝုတ္တံ၊ ကိံ၊ "ဘိက္ခသံဃဿ- ၏၊ ဝိဟာရံ- နေရာကျောင်း ကို၊ ဒဒေတွာ- ၍၊ ဘိက္ခုနုပဿယော ဝါ- ဘိက္ခုနီတို့၏ ကျောင်းသည်လည်း ကောင်း၊ အာရာမိကာနံ- အာရာမ်စောင့်တို့၏၊ ဂေဟံ ဝါ- အိမ်သည်လည်း ကောင်း၊ တိတ္ထိယာနံ- တိတ္ထိတို့၏၊ သေယျော ဝါ- ကျောင်းသည်လည်းကောင်း၊ ဒေဝတာနံ ဝါ- နတ်တို့၏သော်လည်းကောင်း၊ နာဂါနံ ဝါ- နဂါးတို့၏သော် လည်းကောင်း၊ ပြဟ္မာနံ အပိ- ပြဟ္မာတို့၏သော်မှလည်းကောင်း၊ ဝိမာနံ- ဗိမာန်

လူနတ်တို့၏ နေရာအိမ်, ဘိက္ခုနီ သာမဏေတို့၏ ကျောင်းများနှင့် ထိုသူတို့ လှူအပ် သော ကပ္ပိယကုဋိသည် သဘာဝအားဖြင့် ဂဟပတိကုဋိဖြစ်သည်။

ပဉ္စမိ ကပ္ပိယဘူမိ။ ။ ရဟန်းတို့၏ နေရာကျောင်းမှတစ်ပါး နေစရာမဟုတ် သော ဥပုသ်ကျောင်းဆောင်အစရှိသော အဆောက်အဦအကုန်လုံးသည် ကပ္ပိယကုဋိ လေးလုံးမှ အလွတ်ဖြစ်သော ငါးခုမြောက် ကပ္ပိယကုဋိမည်သည်။ မှန်၏- လေဟာပြင် ၌ အန္တောဝုတ္ထ-စသော အပြစ်မရှိသကဲ့သို့ သံဃာဥစ္စာဖြစ်သည့်အပြင် ကျောင်းတိုက် ကြီး တစ်ခုလုံးကို သေချာကျန ကာရံထားပါသော်လည်း ယင်းသို့ နေစရာမဟုတ်သော အဆောက်အဦမျိုး၌ အန္တောဝုတ္ထ-စသော အပြစ်မရှိပါ။

တစ်စုံတစ်ခုဖြင့် မိုးကာထား၍ သဟသေယျလောက်သော ဘိက္ခုသံဃာ၏ နေရာ ကျောင်းမျိုး၌သာ အန္တောဝုတ္ထ-စသော အပြစ်ရှိသည်၊ အခြားကျောင်းမျိုး၌ မရှိပါ။ နောက်၌ဆိုထားသည့် ယံ ပန အကပ္ပိယဘူမိယံ- စသော အဋ္ဌကထာစကားကိုလည်း ရှုပါ။ (ဝိမတိ၊ ၂။၁၉၀။)

http://www.dhammadownload.com

သည်လည်းကောင်း၊ ကပ္ပိယကုဋ္ဌိ-သည်၊ ဟောတိ၊" ဣတိ၊ ဝုတ္တံ၊ တံ- ထိုစကား ကို၊ သုဝုတ္တံ- ကောင်းစွာဆိုအပ်ပြီ၊ ဟိ- မှန်၊ သံယသန္တကမေဝ- သံယာဥစ္စာသာ လျှင် ဖြစ်သော၊ ဧဟံ ဝါ- နေရာကျောင်းသည်လည်းကောင်း၊ ဘိက္ခုသန္တကံ- ရဟန်း၏ ပုဂ္ဂလိကဥစ္စာဖြစ်သော၊ ဧဟံ ဝါ- သည်လည်းကောင်း၊ ဂဟပတိ-ကုဋ္ဌိကာ- ကုဋ္ဌိသည်၊ န ဟောတိ- မဖြစ်၊ (သံယာပိုင် ရဟန်းပိုင်ဖြစ်သော ကြောင့် ဂဟပတိကုဋ္ဌိ မဖြစ်နိုင်တော့ပါ။)

သမ္မုတိ နာမ- သမ္မုတိကုဋ္ဌိမည်သည်၊ ဥ တ္တိဒုတိယကမ္မဝါစာယ- ဖြင့်၊ သာဝေတွာ- ကြားသိစေ၍၊ ဝါ- ရွတ်ဖတ်၍၊ သမ္မတာ- သမုတ်အပ်သော ကုဋ္ဌိတည်း။ ဧဝဥ္စ ပန- ဤသို့လျှင်၊ (ပါဠိတော်မှာ ဘိက္ခဝေ ပါသော်လည်း အဋ္ဌကထာဆရာက မိမိစကားအနေဖြင့် ထည့်သွင်း ရေးထားသော ကြောင့် ဤဥ်ဒ္ဒလိုမည်မထင်ပါ။) သမ္မန္နိတဗ္ဗာ- သမုတ်ရာ၏၊ ကိံ- အဘယ်သို့ သမုတ်ရသနည်း၊ ဗျတ္တေန- ထက်မြက်သော၊ ပဋိဗလေန- ဌာန်ကရိုဏ်း ကို ပီသစွာ ရွတ်စွမ်းနိုင်သော၊ ဘိက္ခုနာ- သည်၊ သံယော- ကို၊ ဉာပေ-တဗ္ဗော- သိစေထိုက်၏၊ ကိံ- အဘယ်သို့ သိစေထိုက်သနည်း၊ သုဏာတု မေ။ပ။ ဧဝမေတံ ဓာရယာမိတိ- မိ ဟု သိစေထိုက်၏၊ ဣတိ- ဤသို့ သမုတ်ရာ၏။ (ဣတိတစ်လုံး အကျေကြိုး။)

"ဘန္တေ- တို့၊ သံယော- သံယာတော်သည်၊ မေ- တပည့်တော်၏၊ (ဝစနံ-စကားကို၊) သုဏာတု- နားစိုက်တော်မူပါ၊ သံယသ- ၏၊ (ကမ္မံ- သည်၊) ပတ္တကလ္လံ- လျောက်ပတ်သော အခါရှိသည်၊ ယဒိ သိယာ- အကယ်၍ ဖြစ်အံ့၊ ဧဝံ သတိ- သော်၊ သံယော- သည်၊ ဣတ္ထန္နာမံ- ဤအမည်ရှိ သော၊ ဝိဟာရံ- ကျောင်းကို၊ ကပ္ပိယဘူမိံ- အပ်သော တည်ရာ (ကုဋ္ဌိ) ဟူ၍၊ သမ္မန္နေယျ- သမုတ်ရာပါ၏၊ ဧသာ- ဤသည်ကား၊ ဥ တ္တိ- သံယာ တော်ကို သိစေခြင်းတည်း။"

သုဏာတု မေ ဘန္တေ သံယော၊ သံယော- သည်၊ ဣတ္ထန္နာမံ- သော၊ ဝိဟာရံ- ကို၊ ကပ္ပိယဘူမိံ- ဟူ၍၊ သမ္မန္နတိ- သမုတ်ပါ၏၊ ယဿ

သမ္မုတိ။ ။ ကပ္ပိယကုဋ္ဌိမဖြစ်သေးသော ဆောက်လုပ်ပြီးကျောင်းကို ယာဝကာလိက ယာမကာလိကတို့ကို သိမ်းထားကောင်းသော ကျောင်းဖြစ်အောင် ထိုကျောင်း၏ အမည်ကို ဖော်ထုတ်၍ ထိုကျောင်း၏ ဟတ္ထပါသ်၌ဖြစ်စေ ကျောင်းအတွင်း၌ဖြစ်စေ သံယာက ပြဆိုထားသော ဥ တ္တိဒုတိယကမ္မဝါစာဖြင့် "ကပ္ပိယဘူမိ"ဟု သမုတ်အပ် သော ကုဋ္ဌိသည် "သမ္မုတိကုဋ္ဌိ"မည်သည်။

http://www.dhammadownload.com

အာယသ္မတော- အကြင်အရှင်အား၊ ဣတ္ထန္နာမဿ- သော၊ ဝိဟာရဿ- ကို၊ ကပ္ပိယဘူမိယာ- ကပ္ပိယကုဋိဟူ၍၊ သမ္မုတိ- သမုတ်ခြင်းသည်၊ ခမတိ- နှစ်သက်၏၊ သော- ထိုနှစ်သက်သော အရှင်သည်၊ တုဏှီ- ဆိတ်ဆိတ်၊ အဿ- ဖြစ်ရာ၏၊ ဝါ- ဖြစ်ပါလော၊ ယဿ- အကြင်အရှင်အား၊ (ဣတ္ထန္နာမဿ၊ ဝိဟာရဿ၊ ကပ္ပိယဘူမိယာ၊ သမ္မုတိ- သည်၊) နက္ခမတိ- မနှစ်သက်၊ သော- ထိုမနှစ်သက်သော အရှင်သည်၊ ဘာသေယျ- ပြောဆိုရာပါ၏။

သံယေန- သည်၊ ဣတ္ထန္နာမော- ဤအမည်ရှိသော၊ ဝိဟာရော- ကို၊ ကပ္ပိယဘူမိ- အပ်သော တည်ရာ (ကုဋိ) ဟူ၍၊ သမ္မတော- သမုတ်အပ်ပါပြီ၊ သံဃဿ- အား၊ (ယသ္မာ- ကြောင့်၊ ဣတ္ထန္နာမဿ၊ ဝိဟာရဿ၊ ကပ္ပိယဘူမိယာ၊ သမ္မုတိ- သည်၊) ခမတိ- နှစ်သက်၏၊ တသ္မာ- ကြောင့်၊ တုဏှီ- ဆိတ်ဆိတ်၊ (အာသိ- ဖြစ်ပြီ၊) ဧဝံ- ဤသို့ ဆိတ်ဆိတ်နေခြင်းကြောင့်၊ ဧတံ- ဤသံဃာတော်၏ နှစ်သက်ကြောင်းကို၊ ဓာရယာမိ- သိမှတ်ရပါ၏။

ကမ္မဝါစံ- ကို၊ အဝတ္ဝာ- မရွတ်ဆိုမူ၍၊ အပလောကနကမ္မဝသေန- အပလောကနကံ၏ အစွမ်းဖြင့်၊ သာဝေတ္ဝာ- ကြားသိစေ၍၊ (ပြောကြား၍၊) ကတာ- ပြုအပ်သည်၊ သမာနာပိ- ဖြစ်ပါသော်လည်း၊ သမ္မတာဝ- သမုတ်အပ်ပြီးတော့သည်သာ။

၁၀၂။ စတူသု- လေးပါးကုန်သော၊ ဣမာသု ကပ္ပိယဘူမီသု- ဤအပ်သော တည်ရာအရပ်တို့၌၊ ဝုတ္ထံ- တည်နေစေအပ် (သိုမှီးသိမ်းဆည်းအပ်) သော၊ [စာကိုယ်၌ ဝုတ္ထံ-ဟု ရှိနေ၏။] ယဲ အာမိသံ- အကြင်အာမိသ (ခဲဖွယ်ဘောဇဉ်) သည်၊ အတ္ထိ၊ တံ သဗ္ဗံ- ထိုအလုံးစုံသော အာမိသသည်၊ အန္တောဝုတ္ထသင်္ခံ-

---

သမုတ်အပ်သော ကျောင်းက သိမ်အပြင်ဘက်၌ဖြစ်လျှင် နာမည်ကို ဖော်ထုတ်၍ သိမ်တွင်း၌ ကမ္မဝါစာရွတ်ရလိမ့်မည်၊ ကမ္မဝါစာမရွတ်ဘဲ အပလောကနကံဖြင့်လည်း သမုတ်နိုင်သည်။

အန္တောဝုတ္ထ။ ။ "အကပ္ပိယကုဋိ"ဟု ဆိုအပ်သော ကျောင်းအတွင်း၌ တစ်ညဉ့်လွန်အောင် တည်နေစေအပ် ထားအပ်သော ခဲဖွယ်ဘောဇဉ်သည် "အန္တောဝုတ္ထ" မည်သည်။ (အန္တော- အကပ္ပိယကုဋိအတွင်း၌၊ ဝုတ္ထံ- တစ်ညဉ့်လွန်အောင် တည်နေစေအပ်သော ခဲဖွယ်ဘောဇဉ်တည်း၊ အန္တောဝုတ္ထံ- ဘောဇဉ်။)

http://www.dhammadownload.com

အန္တောဝုတ္ထ ဟူသော အရေအတွက်သို့၊ န ဂစ္ဆတိ- မရောက်။ (အတွင်း၌ သိမ်းထားစေကာမူ အန္တောဝုတ္ထ မခေါ်ရ။) ဟိ- မှန်၊ ဘိက္ခူနဉ္စ- တို့၏လည်းကောင်း၊ ဘိက္ခုနီနဉ္စ- တို့၏လည်းကောင်း၊ အန္တောဝုတ္ထအန္တောပက္ကမောစနတ္ထံ- အန္တောဝုတ္ထအန္တောပက္ကအပြစ်မှ လွတ်ခြင်း အကျိုးငှာ၊ ကပ္ပိယကုဋိယော- တို့ကို၊ ဘဂဝတာ- သည်၊ အနုညာတာ- ခွင့်ပြုတော်မူအပ်ကုန်ပြီ။

ပန- ဆက်၊ အကပ္ပိယဘူမိယံ- အကပ္ပိယဖြစ်သော တည်ရာအရပ်၌၊ (ဥဿာဝနန္တိကာ စသည် မဟုတ်သော အရပ်၌၊) သဟသေယ္ယပဟောနကေ- သဟသေယ္ယဖြစ်လောက်သော၊ ဂေဟေ- နေရာကျောင်း၌၊ ဝုတ္ထံ- တည်နေစေအပ်သော၊ သံယိကံ ဝါ- သံဃာ၏ ဥစ္စာမူလည်းဖြစ်သော၊ ပုဂ္ဂလိကံ ဝါ- ပုဂ္ဂိုလ်တစ်ပါး၏ ဥစ္စာမူလည်းဖြစ်သော၊ ဘိက္ခုဿ ဝါ- ၏သော်လည်းကောင်း၊ ဘိက္ခုနိယာ ဝါ- ၏သော်လည်းကောင်း၊ ယံ သန္တကံ- အကြင်ဥစ္စာကို၊ ဇေ- ရတ္တမ္ပိ- တစ်ည၌မျှလည်း၊ ဌပိတံ- ထားအပ်ပြီ၊ တံ- ထိုဥစ္စာသည်၊ အန္တောဝုတ္ထံ- သည်၊ (အကပ္ပိယကုဋိအတွင်း၌ သိုမှီးသိမ်းဆည်းထားအပ်သည်၊) ဟောတိ၊ တတ္ထ- ထိုအကပ္ပိယကုဋိ၌၊ ပက္ကဉ္စ- ချက်အပ်သော အာမိသသည်လည်း၊ အန္တောပက္ကံ နာမ- ကွာမည်သည်၊ ဟောတိ၊ ဧတံ- ဤအန္တောဝုတ္ထ အန္တောပက္က အာမိသသည်၊ န ကပ္ပတိ- မအပ်။ (စားသောက်လျှင် ဒုက္ကဋ်အာပတ်သင့်သည်။) ပန- နှယထောက်ချင့် အသင့်ပြဦးအံ့၊ သတ္ထာဟကာလိကံ- သတ္ထာဟကာလိကဝတ္ထုသည်လည်းကောင်း၊ ယာဝဇီဝိကဉ္စ- သည်လည်းကောင်း၊ ဝဋ္ဋတိ။ (အကပ္ပိယကုဋိအတွင်း၌ သိုမှီးသိမ်းဆည်းထားကောင်းသည်။)

အန္တောပက္က ။ ။ အကပ္ပိယကုဋိအတွင်း၌ ရဟန်းမှတစ်ပါး လူသာမဏေစသူတို့ ချက်အပ်သော ခဲဖွယ်ဘောဇဉ်သည် "အန္တောပက္က" မည်သည်။ (အန္တော ပက္ကံ- အန္တောပက္ကံ။) မည်သည့်နေရာမှာမဆို ရဟန်းကိုယ်တိုင် ချက်အပ်သော ခဲဖွယ်ဘောဇဉ်သည်ကား "သာမံပက္က" မည်သည်။

သံယိကံ ဝါ ပုဂ္ဂလိကံ ဝါ ။ ။ ရဟန်းတို့၏ သံယိကပစ္စည်းနှင့် ပုဂ္ဂလိကပစ္စည်းသည် ဘိက္ခူနီတို့အတွက် လူတို့၏ ပစ္စည်းဥစ္စာအရာ၌ တည်သည်။ ဘိက္ခူနီတို့၏ သံယိကပစ္စည်းနှင့် ပုဂ္ဂလိကပစ္စည်းသည်လည်း ရဟန်းများအတွက် လူတို့၏ပစ္စည်းဥစ္စာ၌ တည်သည်။ (ဝိမတိ၊ ၂၁၉၀။)

ထို့ကြောင့် ရဟန်းတို့၏ အန္တောဝုတ္ထနှင့် အန္တောပက္ကဖြစ်သော ခဲဖွယ်ဘောဇဉ်သည် ဘိက္ခူနီတို့အားအပ်သည်၊ ဘိက္ခူနီတို့၏ အန္တောဝုတ္ထ အန္တောပက္ကဖြစ်သော ခဲဖွယ်ဘောဇဉ်သည် ရဟန်းတို့အားအပ်သည်။

http://www.dhammadownload.com

တတြ- သတ္တာဟကာလိက ယာဝဇီဝိကတို့သာ အပ်ရာ၌၊ (ယာမကာလိက အတွက်မှာ အရုဏ်မတက်မီ သောက်ရမည်ဖြစ်သောကြောင့် အန္တောဝုတ္ထမဖြစ်၊ ချက်အပ်သော ပစ္စည်းမဟုတ်သောကြောင့် အန္တောပက္ကလည်း မဖြစ်၊) အယံ- ကား၊ ဝိနိစ္ဆယော- တည်း၊ သာမဏေရော- သည်၊ ဘိက္ခုဿ- အား၊ (ဒေတိ၌ စပ်ပါ။) ဝါ- ၏၊ တဏ္ဍုလာဒိကံ- ဆန်အစရှိသော၊ အာမိသံ- ကို၊ အာဟာရိတ္တာ- ဆောင်ယူ၍၊ ကပ္ပိယကုဋိယံ- ၌၊ နိက္ခိပိတ္တာ- ထားပြီး၍၊ ပုနဒိဝသေ- နောက်တစ်နေ့၌၊ ပစိတ္တာ- ချက်၍၊ ဒေတိ- ပေးအံ့၊ အန္တောဝုတ္ထံ- သည်၊ န ဟောတိ- မဖြစ်။ (ကပ္ပိယကုဋိအတွင်း၌ ထားအပ်သောကြောင့် အန္တောဝုတ္ထ မဖြစ်ပါ။) တတ္ထ- ထိုအန္တောဝုတ္ထ မဖြစ်သော အာမိသ၌၊ (ပက္ခိပိတ္တာ ဒေတိ ၌ စပ်ပါ။) အကပ္ပိယကုဋိယံ- ၌၊ နိက္ခိတ္တသပ္ပိအာဒီသု- ထားအပ်သော ထောပတ်အစရှိသည်တို့တွင်၊ (သတ္တာဟကာလိက ယာဝဇီဝိကဝတ္ထုတို့တွင်၊) ကိဉ္စိ- တစ်စုံတစ်ခုကို၊ ပက္ခိပိတ္တာ- ထည့်၍၊ ဒေတိ- အံ့။ (၉၀ သတိ၊) မုခသန္နိဓိ နာမ- မုခသန္နိဓိမည်သည်၊ ဟောတိ။ ပန- ဝါဒန္တရကား၊ **မဟာပစ္စရိယံ**- ၌၊ "အန္တောဝုတ္ထံ- သည်၊ ဟောတိ၊" ဣတိ၊ ဝုတ္တံ၊ တတ္ထ- ထိုသို့ ဆိုကြရာ၌၊ နာမမတ္တမေဝ- နာမည်မျှသည်သာ၊ နာနာကရဏံ- အသီးအခြားပြုကြောင်း အထူးသည်၊ ဟောတိ၊ (မုခသန္နိဓိ ဟူသော နာမည်နှင့် အန္တောဝုတ္ထ ဟူသော နာမည်သာ ထူးသည်၊ ဆိုလိုရင်း အဓိပ္ပါယ်မှာ အတူတူပင်ဖြစ်သည်။)

မုခသန္နိဓိ။ ။ အမြွက် (ပရိယာယ်) အားဖြင့် သိုမှီးသိမ်းဆည်းအပ်သော ခဲဖွယ်ဘောဇဉ်ကို "မုခသန္နိဓိ"ဟု ခေါ်သည်။ ဆွမ်းစသော အာမိသကို မသိုမှီး မသိမ်းဆည်းအပ်ပါသော်လည်း အကပ္ပိယကုဋိ၌ ထားအပ်သော ထောပတ်စသည်တို့နှင့် ရောနှောသွားသောအခါ ထိုဆွမ်းစသည်တို့လည်း သန္နိဓိပစ္စည်းနှင့် ရောသောကြောင့် သန္နိဓိပင်ဖြစ်သွားရသည်။ ဤသို့ပရိယာယ်အားဖြင့် သန္နိဓိဖြစ်ခြင်းကို (မုခေန သန္နိဓိ- မုခသန္နိဓိ၊) အမြွက် (ပရိယာယ်) အားဖြင့် သန္နိဓိဖြစ်သည်ဟု ဆိုရသည်။ ထိုသို့ မုခသန္နိဓိဖြစ်သွားသောကြောင့် ယင်းအာမိသကို စားသောက်သော ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်သည်။

"မုခသန္နိဓိတိ ဣမိနာ အန္တောဝုတ္ထဒုက္ကဋမေဝ ဒီပိတံ။" (သာရတ္ထ၊၃၊၃၂၈။)

ဆွမ်းစသောအာမိသနှင့် အကပ္ပိယကုဋိတွင်း၌ ထားအပ်သော ထောပတ်စသည်တို့ကို ရောရုံမျှဖြင့် အာပတ်မသင့်သေးပါ။ ခံတွင်းသို့သွင်း၍ စားမျိုလိုက်မှသာ အာပတ်သင့်သည်။ သို့ဖြစ်၍ (မုခေ သန္နိဓိ- မုခသန္နိဓိ၊) ခံတွင်းသို့ သွင်းမျိုခြင်းကြောင့် ဖြစ်သော သန္နိဓိဒုက္ကဋ်ကိုပင် "မုခသန္နိဓိ"ဟု ခေါ်သည်။ (ဝိမတိ၊၂၊၁၉၀။)

http://www.dhammadownload.com

ဘိက္ခု- သည်၊ အကပ္ပိယကုဋိယံ- ၌၊ ၄ပိတသပ္ပိဉ္စ- ထားအပ်သော ထောပတ်ကိုလည်းကောင်း၊ ယာဝဇီဝိကပဏ္ဏဉ္စ- ယာဝဇီဝိကဖြစ်သော အရွက်ကိုလည်းကောင်း၊ ဧကတော- တစ်ပေါင်းတည်း၊ ပစိတွာ- ၍၊ ပရိဘုဉ္ဇတိ- အံ့၊ သတ္ထာဟံ- ခုနစ်ရက်ပတ်လုံး၊ နိရာမိသံ- အာမိသမရှိသည်၊ (သမာနံ၊) ဝဋ္ဋတိ။ အာမိသသံသဋ္ဌ- ဆွမ်းစသော အာမိသနှင့် ရောအပ်သည်ကို၊ ကတွာ- ၍၊ သစေ ပရိဘုဉ္ဇတိ- အံ့၊ ဧဝံ သတိ၊ အန္တောဝုတ္ထဥ္စေဝ- အကပ္ပိယကုဋိအတွင်း၌ တည်နေစေအပ်သည် မည်သည်လည်းကောင်း၊ သာမံပက္ကဉ္စ- ကိုယ်တိုင်ချက်အပ်သည် မည်သည်လည်းကောင်း၊ ဟောတိ၊ ဧတေနုပါယေန- ဤနည်းအားဖြင့်၊ သဗ္ဗသံသဂ္ဂါ- အလုံးစုံသော ရောနှောမှုတို့ကို၊ ဝေဒိတဗ္ဗာ- သိထိုက်ကုန်၏။

ယံ ကိဉ္စိ- အမှတ်မရှိအလုံးစုံသော၊ အာမိသံ- ကို၊ ဘိက္ခုနော- အား၊ ပစိတုံ- ချက်ခြင်းငှာ၊ န ဝဋ္ဋတိ၊ အဃ- ထိုရဟန်းအား၊ (န ဝဋ္ဋတိ ၌ စပ်ပါ။) ဥဏှယာဂုယာ- ပူသော ယာဂု၌၊ သုလသိပဏ္ဏာနိ ဝါ- ရုံးရွက်တို့ကိုသော်လည်းကောင်း၊ သိင်္ဂီဝေရံ ဝါ- ချင်းကိုသော်လည်းကောင်း၊ လောဏံ ဝါ- ဆားကိုသော်လည်းကောင်း၊ သစေ ပက္ခိပန္တိ- အကယ်၍မူလည်း (လူ သာမဏေတို့က) ထည့်ကြကုန်အံ့၊ ဧဝံ သတိ၊ တမ္ပိ- ထိုပူသော ယာဂုကိုလည်း၊ စာလေတုံ- လှူပ်စေခြင်းငှာ၊ န ဝဋ္ဋတိ။ (သာမံပက္က- သဘောရောက်သောကြောင့် မအပ်။)

ပန- အလျော်ကား၊ "ယာဂုံ- ကို၊ နိဗ္ဗာပေမိ- ငြိမ်းစေအံ့၊" ဣတိ- ဤသို့နှလုံးသွင်း၍၊ စာလေတုံ၊ ဝဋ္ဋတိ။ (ချက်လိုသော ဆန္ဒမရှိဘဲ ယာဂုအေးအောင် လှုပ်ပေးရာ၌ အရွက်စသည်တို့ ကျက်သွားသော်လည်း အပ်သည်။) ဥတ္တဏ္ဍုလဘတ္တံ- မနပ်သေးသော ထမင်းကို၊ လဘိတ္ဝာပိ- ရ၍လည်း၊ ပိဒဟိတုံ- သပိတ်ကို ပိတ်ခြင်းငှာ၊ န ဝဋ္ဋတိ။ ပန- ဆက်၊ မနုဿာ- တို့သည်၊ ပိဒဟိတွာ- သပိတ်ကို ပိတ်ပြီး၍၊ သစေ ဒေန္တိ- အကယ်၍ ပေးလှူကုန်အံ့၊ ဧဝံ သတိ၊ ဝဋ္ဋတိ။ "ဘတ္တံ- ဆွမ်းသည်၊ မာ နိဗ္ဗာယတု- မအေးပါစေလင့်၊" ဣတိ- ဤသို့ နှလုံးသွင်း၍၊ ပိဒဟိတုံ၊ ဝဋ္ဋတိ၊ (နပ်အောင်ဟု သဘောမထားဘဲ မအေးအောင်ဟု သဘောထားလျက် သပိတ်ကိုပိတ်လျှင် အပ်သည်။) ပန- ဆက်၊ ခီရတဏ္ဍုလာဒီသု- နို့ရည် ရက်တက်ရည်အစရှိသည်တို့သည်၊ သကိံ- တစ်ကြိမ်၊ ကုထိတေသု- ပွက်ပွက်ဆူပြီးကုန်လသော်၊ အဂ္ဂိံ- မီးကို၊ ကာတုံ- ပြုခြင်းငှာ၊ ဝဋ္ဋတိ၊ (ကသ္မာ- အဘယ့်ကြောင့်နည်း၊) ပုနပါကဿ- နောက်ထပ်ချက်ခြင်း၏၊ ဝါ- ကို၊ အနုညာတတ္တာ- ခွင့်ပြုတော်မူအပ်ပြီးသည်၏ အဖြစ်ကြောင့်တည်း။ (တစ်ကြိမ် ကျက်ပြီး

http://www.dhammadownload.com

ဖြစ်သောကြောင့် နောက်ထပ်မီးထည့်သော်လည်း သာမံပါက မဖြစ်တော့ပါ၊ ပုနပါကသာ ဖြစ်သည်၊ ပုနပါကကိုလည်း ခွင့်ပြုတော်မူပြီးပင် ဖြစ်သည်။)

ပန- ဆက်၊ ဣမာ ကပ္ပိယကုဋ္ဌိယော- တို့သည်၊ ကဒါ- အဘယ်အခါ၌၊ ဇဟိတဝတ္ထုကာ- စွန့်အပ်ပြီးသော တည်ရာဝတ္ထုရှိကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်သနည်း?။ တာဝ- ဂေါနိသာဒိကာစသည်တို့မှ ရွှေဦးစွာ၊ (နိဒ္ဒိဋ္ဌာ- ညွှန်ပြအပ်သော၊) ဥဿာဝနန္တိကာ- သည်၊ ယာ- အကြင်ဥဿာဝနန္တိကာကုဋ္ဌိကို၊ ထမ္ဘာနံ- တို့၏၊ ဥပရိ ဝါ- အထဲက်၌သော်လည်းကောင်း၊ ဘိတ္တိပါဒေ- နံရံခြေတို့ကို၊ နိခနိတွာ ဝါ- တူးမြှုပ်၍သော်လည်းကောင်း၊ ကတာ- ပြုအပ်ပြီ၊ သာ- ထိုဥဿာဝနန္တိကာကုဋ္ဌိသည်၊ (ရှေ့ဥဿာဝနန္တိကာ- သည် သာမည၊ ဤကား ဝိသေသ၊) သဗ္ဗေသု- ကုန်သော၊ ထမ္ဘေသု စ- တိုင်တို့ကိုလည်းကောင်း၊ ဘိတ္တိပါဒေသု စ- တို့ကိုလည်းကောင်း၊ အပနီတေသု- ဖယ်အပ်ကုန်ပြီးလသော်၊ ဇဟိတဝတ္ထုကာ- စွန့်အပ်ပြီးသော တည်ရာဝတ္ထုရှိသည်၊ ဟောတိ။

ပန- ဆက်၊ ထမ္ဘေ ဝါ- တို့ကိုသော်လည်းကောင်း၊ ဘိတ္တိပါဒေ ဝါ- တို့ကိုသော်လည်းကောင်း၊ သစေ ပရိဝတ္တေန္တိ- အကယ်၍ လဲလှယ်ကုန်အံ့။ ဧဝံ သတိ၊ ယော ယော- အကြင်အကြင် တိုင်သည်၊ ဝါ- အကြင်အကြင် နံရံခြေသည်၊ ဌိတော- တည်နေ၏၊ တတ္ထ တတ္ထ- ထိုထိုတိုင်၌၊ ဝါ- ထိုထို နံရံခြေ၌၊ ပတိဋ္ဌာတိ- (ကပ္ပိယကုဋ္ဌိအဖြစ်) တည်၏၊ သဗ္ဗေသု- အလုံးစုံသော တိုင်နံရံခြေတို့ကို၊ ပရိဝတ္တိတေသုပိ- လဲလှယ်အပ်ပြီးပါကုန်သော်လည်း၊ အဇဟိတဝတ္ထုကာဝ- မစွန့်အပ်သော တည်ရာဝတ္ထုရှိသည်သာ၊ ဟောတိ။ ဣဒ္ဓကာဒီဟိ- အုတ်အစရှိသည်တို့ဖြင့်၊ ကတာ- ပြုအပ်သော ဥဿာဝနန္တိကာကုဋ္ဌိသည်၊ စယဿ- အကျည်၏၊ ဥပရိ- အထက်၌၊ ဘိတ္တိအတ္ထာယ- နံရံအကျိုးငှာ၊ ဌပိတံ- ထားအပ်သော၊ ဣဒ္ဓကံ ဝါ- ကိုသော်လည်းကောင်း၊ သိလံ ဝါ- ကိုသော်လည်းကောင်း၊ မတ္တိကာပိဏ္ဍံ ဝါ- ကိုသော်လည်းကောင်း၊ အာဒိ' ကတွာ- အစပြု၍၊ ဝိနာသိတကာလေ- ဖျက်ဆီးအပ်ပြီးရာ အခါ၌၊ ဇဟိတဝတ္ထုကာဝ- သည်သာ၊ ဟောတိ။ ပန- ဆက်၊ ယေဟိ ဣဒ္ဓကာဒီဟိ- အကြင်အုတ်အစရှိသည်တို့ဖြင့်၊ အဓိဋ္ဌိတာ- ဆောက်တည်အပ်ပြီ၊ ("ကပ္ပိယကုဋ်ံ ကရောမ"ဟု ဆို၍ ကပ္ပိယကုဋ္ဌိဖြစ်အောင် ဆောက်တည်ထားသည်၊) တေသု- ထိုအုတ်စသည်တို့ကို၊ အပနီတေသုပိ- ဖယ်အပ်ပြီးကုန်သော်လည်း၊ တဒဉ္ဉေသု- ထိုအုတ်စသည်တို့မှတစ်ပါး အခြားသော အုတ်အစရှိသည်တို့၌၊ ပတိဋ္ဌာတိ-

http://www.dhammadownload.com

တည်၏၊ ကွတိ- ထို့ကြောင့်၊ အဇ္ဈတ္တဝတ္ထုကာဝ- သည်သာ၊ ဟောတိ။ (တေသု အပနီတေသုပိ တဒညာသု ပတိဋ္ဌိတာသု အဇ္ဈတ္တဝတ္ထုကာဝ ဟောတိ။ ဝိ၊ဋ္ဌ၊၃၊၃၈၁။)

ဂေါနိသာဒိကာ- သည်၊ ပါကာရာဒီဟိ- တံတိုင်းအစရှိသည်တို့ဖြင့်၊ ပရိက္ခေပေ- အကာအရံကို၊ ကတေ- ပြုအပ်ပြီးသော်၊ ဇဟိတဝတ္ထုကာ၊ ဟောတိ။ ပုန- တစ်ဖန်၊ တသ္မိံ အာရာမေ- ထို (ဂေါနိသာဒိကာကုဋ္ဌိဖြစ်ဖူးရာ) ကျောင်းတိုက်၌၊ ကပ္ပိယကုဋိံ- ကို၊ လဒ္ဓုံ- ရခြင်းငှာ၊ ဝဋ္ဋတိ- သင့်၏။ (ဂေါနိသာဒိကာကုဋ္ဌိ ပျက်သွားသောကြောင့် နောက်ထပ်ကပ္ပိယကုဋ္ဌိ တစ်မျိုးမျိုး ရအောင် ပြုလုပ်ထားသင့်သည်၊) ပန- ဆက်၊ ပုနပိ- တစ်ဖန်လည်း၊ ပါကာရာဒယော- တံတိုင်း အစရှိသည်တို့သည်၊ တတ္ထ တတ္ထ- ထိုထိုအရပ်၌၊ ခဏ္ဍာ- တစ်ဝက်ကျော်အောင် ပြတ်ကုန်သည်၊ သစေ ဟောန္တိ- ကုန်အံ့၊ တတော တတော- ထိုထိုပြတ်ရာ အရပ်မှ၊ ဂါဝေါ- နွားတို့သည်၊ သစေ ပဝိသန္တိ- အကယ်၍ ဝင်ကုန်အံ့၊ ဧဝံ သတိ၊ ပုန ကပ္ပိယကုဋိ ဟောတိ။ (ဂေါနိသာဒိကာကုဋ္ဌိ ပြန်ဖြစ်သည်။)

ပန- ကား၊ ကွတရာ- (ဥဿာဝနန္တိကာ ဂေါနိသာဒိကာကုဋ္ဌိတို့မှ) တစ်ပါးကုန်သော၊ ဒွေ- နှစ်လုံးသော (ဂဟပတိကုဋ္ဌိ သမ္မုတိ) ကုဋ္ဌိတို့သည်၊ ဂေါပါနသိမတ္တံ- အခြင်မျှကို၊ ဌပေတွာ- ထား၍။ သင္ဃသ္မိံ- အလုံးစုံသော၊ ဆဒနေ- အမိုးကို၊ ဝိနဋ္ဌေ- ဖျက်ဆီးအပ်ပြီးသော်၊ ဇဟိတဝတ္ထုကာဝ၊ ဟောန္တိ။ ဂေါပါနသီနံ- တို့၏၊ ဥပရိ- ၌၊ ဧကမ္ပိ- တစ်ခုလည်းဖြစ်သော၊ ပက္ခပါသကမဏ္ဍလံ- ခေါင်ချပ် အဝန်းအဝိုင်းသည်၊ သစေ အတ္ထိ- အကယ်၍ ရှိသေး (ကျန်သေး) အံ့၊ ဧဝံ သတိ၊ ရက္ခတိ- (ကပ္ပိယကုဋ္ဌိအဖြစ်မှ မစွန့်အောင်) စောင့်သေး၏။

ဆဒနေ ဝိနဋ္ဌေ။ ။ မိုးကိုကာကွယ်သော မြက်သစ်ရွက်စသော အမိုးများ ပျက်သည်ရှိသော် အခြင်များအပေါ်၌ ဓနိတပ်ဝါးခြမ်းစိပ် သက်ကယ်ပျစ်ဝါးခြမ်းစိပ် စသည်တို့ ကျန်ရှိနေပါသော်လည်း သမ္မုတိကုဋ္ဌိနှင့် ဂဟပတိကုဋ္ဌိ ပျက်တော့သည်။

ခေါင်အုပ်၏ ဝဲယာနှစ်ဖက်တွင် တစ်ဖက်ဖက်မှာ အခြင်သုံးခုတို့၏အထက်၌ မပျက်ဘဲကျန်နေသော မြက်သစ်ရွက်စသော အမိုးကို "ပက္ခပါသကမဏ္ဍလ"ဟု ခေါ်သည်။ (ဝိမတိ၊ ၂၊၁၉၀။)

http://www.dhammadownload.com

၁၀၃။ ပန- ဆက်၊ ယတြ- အကြောင်းကျောင်းတိုက်၌၊ စတသောပိ- လေးလုံးလည်းဖြစ်ကုန်သော၊ ဣမာ ကပ္ပိယဘူမိယော- တို့သည်၊ နတ္ထိ- မရှိကုန်၊ တတ္ထ- ထိုကျောင်းတိုက်၌၊ ကိံ- အဘယ်ကို၊ ကာတဗ္ဗံ- ပြုထိုက်သနည်း၊ ဣတိ- ဤကား အမေးတည်း၊ အနုပသမ္မန္နဿ- လူသာမဏေအား၊ ဒတွာ- ပေး၍၊ တဿ- ထိုလူသာမဏေ၏၊ သန္တကံ- ဥစ္စာကို၊ ကတွာ- ပြု၍၊ ပရိဘုဉ္ဇိတဗ္ဗံ- သုံးဆောင်ရာ၏။

တတြ- ထိုလူသာမဏေ၏ ဥစ္စာပြု၍ သုံးဆောင်ရာ၌၊ ဣဒံ- ကား၊ ဝတ္ထု- တည်း၊ ဝိနယဓရပါမောက္ခော- ဝိနည်းဓိရိယုဂ္ဂိုလ်တို့၏ ပါမောက္ခဖြစ်သော၊ ကရဝိကတိဿတ္ထေရော- ကရဝိကတိဿထေရ်သည်၊ မဟာသီဝတ္ထေရဿ- မဟာသီဝထေရ်၏၊ သန္တိကံ- အထံသို့၊ အဂမာသိ ကိရ- ကြွတော်မူသတတ်။ သော- ထိုကရဝိကတိဿထေရ်သည်၊ ဒီပါလောကေန- ဆီမီးရောင်ဖြင့်၊ သပ္ပိကုမ္ဘံ- ထောပတ်အိုးကို၊ ပဿိတွာ- မြင်၍၊ "ဘန္တေ- အရှင်ဘုရား၊ ဧတံ- ထိုအိုးသည်၊ ကိံ- ဘာအိုးပါနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိ- မေးပြီ။

ထေရော- မဟာသီဝထေရ်သည်၊ "အာဝုသော- ငါ့ရှင်၊ လူဒဒိဝသေ- ခေါင်းပါးရာနေ့၌၊ သပ္ပိနာ- ထောပတ်ဖြင့်၊ ဘုဉ္ဇနတ္ထာယ- စားရခြင်းအကျိုးငှာ၊ ဂါမတော- ရွာမှ၊ သပ္ပိကုမ္ဘော- ထောပတ်အိုးကို၊ အာဘတော- ဆောင်ယူအပ်ပါပြီ" ဣတိ- သို့၊ အာဟ- မိန့်တော်မူပြီ၊ တတော- ထိုမှနောက်၌၊ နံ- ထိုမဟာသီဝထေရ်ကို။ တိဿတ္ထေရော- သည်၊ "ဘန္တေ- အရှင်ဘုရား၊ န ဝဋ္ဋတိ- မအပ်ပါ။" ဣတိ- သို့၊ အာဟ- လျှောက်ပြီ၊ (ထောပတ်က သတ္တာဟကာလိက ဖြစ်သော်လည်း ဆွမ်းဖြင့်ရော၍ စားသောက်သောအခါ ယာဝကာလိကဘက်၌ ပါသွားသောကြောင့် မုခသန္နိဓိဖြစ်၍ မအပ်ပါဟု လျှောက်သည်။) ထေရော- မဟာသီဝထေရ်သည်၊ ပုနဒိဝသေ- နောက်တစ်နေ့၌၊ ပမုခေ- အဦးစမုခ်၌၊ နိက္ခိပါပေသိ- ထားစေပြီ။ တိဿတ္ထေရော၊ ပုန- တစ်ဖန်၊ ဧကဒိဝသံ- တစ်ရက်သော နေ့၌၊ အာဂတော- လာသည်၊ ဟုတွာ- ဖြစ်၍၊ တံ- ထိုထောပတ်အိုးကို၊

ထိုမျှလောက် အမိုးရှိနေသေးလျှင်ကား မိုးမစွတ်အောင် အထိုက်အလျောက် တားနိုင်သေးသောကြောင့် ကပ္ပိယကုဋိအဖြစ်မှ မစွန့်အောင် စောင့်ရှောက်နိုင်သေးသည်။

သို့ဖြစ်၍ ဤသမ္ဘုတိကုဋိနှင့် ဂဟပတိကုဋိတို့ကို ပြန်မိုးရသည့်အခါ အမိုးအကုန်လုံးကို တစ်ခါတည်း မဖျက်ဘဲ ခေါင်နားကအမိုးကို အတော်များများ ချန်ထားသင့်သည်၊ အောက်ဘက်က အတော်အသင့်မိုးပြီးမှ ဖျက်သင့်သည်။

http://www.dhammadownload.com

ဒိသွာ- တွေ့၍၊ တထေဝ- ထို့အတူသာလျှင်၊ ပုစ္ဆိတွာ- မေး၍၊ "ဘန္တေ၊ သဟသေယျပွဟောနကဌာနေ- သဟသေယျဖြစ်လောက်သော အရပ်၌၊ ဌပေတုံ- ထားခြင်းငှာ၊ နု ဝဋ္ဋတိ- မအပ်ပါ၊" ဣတိ- အာဟ။ (အဦးစမုခ် ဖြစ်သော်လည်း အပေါ်ကအမိုးရှိ၍ ဆောင်မဘက်က အကာရှိနေ၏၊ ထို့ကြောင့် စမုခ်ထိပ် တစ်ဖက်ဖက်က အကာရှိနေလျှင် သဗ္ဗစ္ဆန္နဥပမ ပရိစ္ဆန္နဖြစ်နိုင်ရကား သဟသေယျလောက်သည်။) ထေရော- မဟာသီဝထေရ်သည်၊ ပုနဒိဝသေ- ၌၊ ဗဟိ- အပြင်သို့၊ နီဟရာပေတွာ- ထုတ်စေ၍၊ နိက္ခိပါပေသိ- ထားစေပြီ၊ တံ- ထိုထောပတ်အိုးကို၊ စောရာ- သူခိုးတို့သည်၊ ဟရိံသု- ဆောင်ယူကုန်ပြီ။ သော- ထိုမဟာသီဝထေရ်သည်၊ ပုန- တစ်ဖန်၊ ဧကဒိဝသံ- ၌၊ အာဂတံ- လာသော၊ တိဿတ္ထေရံ- ကို၊ အာဟ- ပြီ၊ "ကိံ- အာဝုသော၊ တယာ- သည်၊ 'နု ဝဋ္ဋတီတိ- မအပ်ဟူ၍၊' ဝုတ္တော- ပြောဆို အပ်သော၊ (ဝုတ္တေ-ကား သင့်မည်မထင်၊ (ဝိ၊ဋ္ဌ၊၃၊၃၈၂။) ၌လည်း ဝုတ္တောပင်ရှိသည်၊) သော ကုမ္ဘော- ထိုထောပတ်အိုးကို၊ စောရေဟိ- သူခိုးတို့သည်၊ ဟဋ္ဌော- ဆောင်ယူအပ်ပြီ၊" ဣတိ- သို့၊ အာဟ- မိန့်တော်မူပြီ။

တတော- ထိုမှနောက်၊ နံ- ထိုမဟာသီဝထေရ်ကို၊ တိဿတ္ထေရော- သည်၊ အာဟ၊ ကိံ၊ "ဘန္တေ- အရှင်ဘုရား၊ အနုပသမ္မန္နဿ- လူသာမဏေအား၊ ဒါတဗ္ဗော- ပေးထိုက်သည်၊ အဿ နနု- ဖြစ်ရာသည်မဟုတ်ပါလော၊ ဟိ- မှန်၊ အနုပသမ္မန္နဿ- အား၊ ဒတွာ- ပေးပြီး၍၊ တဿ- ထိုလူသာမဏေ၏၊ သန္တကံ- ဥစ္စာကို၊ ကတွာ- ပြု၍၊ ပရိဘုဉ္ဇိတုံ- သုံးဆောင်ခြင်းငှာ၊ ဝဋ္ဋတိ- အပ်ပါ၏၊" ဣတိ- သို့၊ အာဟ- လျှောက်ထားပြီ၊ ဣတိ ဣဒံ- ဤသည်ကား၊ ဝတ္ထု- တည်း။ (နနု ဘန္တေ- စသော စကားရပ်သည် သက်သေပြလိုရင်း စကားရပ်ဖြစ်ပေသည်။)

ပြန်မိုးလျှင် ကပ္ပိယကုဋိဖြစ်နိုင်သည်ဟု ထင်မှတ်စရာရှိပါသော်လည်း ယင်းသို့ ပြန်မိုးလျှင် ကပ္ပိယကုဋိဖြစ်နိုင်ကြောင်း အဆိုအမိန့်မရှိပါ။

အနုပသမ္မန္နဿ ဒါတဗ္ဗော အဿ ။ ။ အကပ္ပိယကုဋိအတွင်း၌ သိုမှီးသိမ်းထားပါသော်လည်း လူသာမဏေအား ပေးပြီးဖြစ်လျှင် အပ်သည်။ ဤအရာ၌ (ပြန်ယူမည်) ဟု ငဲ့ကွက်မှုရှိသော ပေးခြင်းလည်း အပ်သည်။ အကပ်ခံရာ၌ကဲ့သို့ (ငဲ့ကွက်မှုရှိက မအပ်သည်) မဟုတ်ပါ။ (ဝိမတိ၊၂၊၁၉၀။)

http://www.dhammadownload.com

ဣတိ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟော၊ ကပ္ပိယဘူမိဝိနိစ္ဆယကထာ- ကပ္ပိယ ဘူမိနှင့်စပ် အဆုံးအဖြတ်စကားရပ်သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

http://www.dhammadownload.com

၂၀။ ပဋိဂ္ဂဟဏဝိနိစ္ဆယကထာ

၁၀၄။ **ခါဒနီယာဒိပဋိဂ္ဂါဟော**တိ- ဟောဟူသည်ကား၊ အဇ္ဈောဟရိတဗ္ဗဿ- အတွင်းသို့ ရှေ့ရှုဆောင်ထိုက်သော၊ ဝါ- စားမျိုထိုက်သော၊ ယဿ ကဿစိ- အမှတ်မပြု တစ်စုံတစ်ခုသော၊ ခါဒနီယဿ ဝါ- ခဲဖွယ်ကိုသော်လည်း ကောင်း၊ ဘောဇနီယဿ ဝါ- ဘောဇဉ်ကိုသော်လည်းကောင်း၊ ပဋိဂ္ဂဟဏံ- အကပ်ခံခြင်းတည်း။

တတြ- ထို (ခါဒနီယာဒိပဋိဂ္ဂါဟောဟူသော) စကားရပ်၌၊ အယံ- ဤဆိုအပ် လတ္တံ့ကား၊ ဝိနိစ္ဆယော- အဆုံးအဖြတ်တည်း၊ ပဥ္စဟိ- ငါးပါးကုန်သော၊ အင်္ဂေ- ဟိ- အကြောင်းတို့ကြောင့်၊ ပဋိဂ္ဂဟဏံ- အကပ်ခံခြင်းသည်၊ ရုဟတိ- တက် ရောက်၏၊ ဝါ- အကပ်မြောက်၏၊ ထာမမဇ္ဈိမဿ- အားစွမ်းအားဖြင့် အလယ် အလတ်၌ဖြစ်သော၊ ပုရိသဿ- ၏၊ ဥစ္စာရဏမတ္တံ- ကြွမြှောက်နိုင်ခြင်းဟူသော အတိုင်းအရှည်ရှိသည်၊ ဟောတိ- အံ့၊ ဟတ္ထပါသော- နှစ်တောင့်တစ်ထွာ ဟတ္ထ ပါသ်သည်၊ ပညာယတိ- ထင်ရှားအံ့၊ အဘိဟာရော- ရှေ့ရှုဆောင်ခြင်းသည်၊ ပညာယတိ- အံ့၊ ဒေဝေါ ဝါ- နတ်သည်သော်လည်းကောင်း၊ မနုဿော ဝါ- လူသည်သော်လည်းကောင်း၊ တိရစ္ဆာနဂတော ဝါ- (မျောက်စသော) တိရစ္ဆာန် သည်သော်လည်းကောင်း၊ ကာယေန ဝါ- ကိုယ်ဖြင့်သော်လည်းကောင်း၊ ကာယပဋိဗဒ္ဓေန ဝါ- ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်သော်လည်းကောင်း၊ နိဿဂ္ဂိ ယေန ဝါ- ပစ်လွှင့်ခြင်းဖြင့်သော်လည်းကောင်း၊ ဒေတိ- ပေးအံ့၊ တံ- ထိုခဲဖွယ် ဘောဇဉ်ကို၊ ဘိက္ခု- ရဟန်းသည်၊ ကာယေန ဝါ- ဖြင့်သော်လည်းကောင်း၊ ကာယပဋိဗဒ္ဓေန ဝါ- ဖြင့်သော်လည်းကောင်း၊ စေ ပဋိဂ္ဂဏှာတိ- အကယ်၍ ခံယူအံ့၊ ဧဝံ- ဤသို့ပေးခြင်း ခံယူခြင်းဖြစ်လသော်၊ ပဥ္စဟိ- ကုန်သော၊ အင်္ဂေဟိ- တို့ကြောင့်၊ ပဋိဂ္ဂဟဏံ- သည်၊ ရုဟတိ- တက်ရောက်၏၊ ဝါ- အထမြောက်၏။

တတ္ထ- ထိုအင်္ဂါငါးပါးတို့၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ဌိတနိသိန္နနိပန္နာနံ- ရပ်နေသူ ထိုင်နေသူ လျောင်းနေသူတို့၏၊ ဝသေန- အစွမ်းဖြင့်၊ ဧဝံ- ဤသို့၊ **ဟတ္ထပါသော**- ဟတ္ထပါသ်ကို၊ ဝေဒိတဗ္ဗော- သိထိုက်၏၊ ဘိက္ခု- သည်၊ နိ သိန္နော- ထိုင်နေသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ အာသနဿ- ထိုင်နေရာ

ဟတ္ထပါသော။ ။ လက်၏ အနီးအရပ်ကို "ဟတ္ထပါသ်"ခေါ်သည်၊ (ဟတ္ထဿ ပါသော သမီပေါ- ဟတ္ထပါသော၊) လက်ထိလောက်ရာအရပ် လက်လှမ်းမီရာအရပ်ကို "ဟတ္ထပါသ်"ခေါ်သည်၊ (ဟတ္ထော ပသတိ ဖုသတိ အသို့ ဌာနေတိ- ဟတ္ထပါသော၊)

http://www.dhammadownload.com

၏၊ (အာနိသဒဿ- တင်ပါး၏၊ ကခ်ိ။၌၊၂၂၁။) ပစ္ဆိမန္တတော- နောက်အစွန်းမှ၊ ပဌာယ- စ၍လည်းကောင်း၊ ဌိတော- ရပ်နေသည်၊ သစေ ဟောတိ၊ ဧဝံ သတိ ပဏ္ဍိအန္တတော- ဖနောင့်အစွန်းမှ၊ ပဌာယ- လည်းကောင်း၊ နိပန္နော- လျောင်းနေသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ယေန ပဿေန- အကြင်နံပါးဖြင့်၊ နိပန္နော- လျောင်းနေ၏၊ တဿ- ထိုနံပါး၏၊ ပါရိမန္တတော- ဟိုမှာဘက်အစွန်းမှ၊ ပဌာယ- လည်းကောင်း၊ (ကပ်လျှုမည့်ဒါယကာက ရှေ့ဘက်မှလာမည်ဖြစ်၍ နောက်အစွန်းများကို ပြထားသည်၊ နောက်ဘက်မှ လာကပ်ပါက ရှေ့အစွန်းများဖြင့် တိုင်းရမည်၊) ဒါယကဿ- ပေးသော ပုဂ္ဂိုလ်၏၊ ဝါ- ကပ်သော ပုဂ္ဂိုလ်၏၊ နိသိန္နဿ ဝါ- ထိုင်နေသော ပုဂ္ဂိုလ်၏သော်လည်းကောင်း၊ ဌိတဿ ဝါ- ရပ်နေသော ပုဂ္ဂိုလ်၏သော်လည်းကောင်း၊ နိပန္နဿ ဝါ- လျောင်းနေသော ပုဂ္ဂိုလ်၏သော်လည်းကောင်း၊ ပဿာရိတဟတ္ထံ- ဆန့်တန်းအပ်သော လက်ကို၊ ဌပေတွာ- ထား၍၊ ယံ အင်္ဂံ- အကြင်အင်္ဂါသည်၊ အာသန္နတရံ- သာ၍နီး၏၊ ဝါ- အနီးဆုံးဖြစ်၏၊ တဿ- ထိုအနီးဆုံးအင်္ဂါ၏၊ ဩရိမန္တေန- ဤဘက် အစွန်းဖြင့်၊ ပရိစ္ဆိန္ဒိတွာ- ပိုင်းခြား၍၊ အမုတေယျဟတ္ထော- အခွဲအားဖြင့် သုံးတောင်သည်၊ ဝါ- နှစ်တောင့်တစ်ထွာသည်၊ ဟတ္ထပါသော နာမ- ဟတ္ထပါသ် မည်၏။

ပန- ဆက်၊ ဒါယကပဋိဂ္ဂါဟကေသု- ပေးသူ အကပ်ခံသူတို့တွင်၊ ဧကော- တစ်ယောက်သည်၊ ဝါ- တစ်ယောက်က၊ အာကာသေ- ကောင်းကင်၌၊ ဧကော-

---

ယောဇနာ။ လက်နှစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်၍ လက်ဖျားချင်းထိထားသော လက်ကွင်းကို "ဟတ္ထပါသ်"ဟု ခေါ်သည်။ (ဟတ္ထဿ ပါသော- ဟတ္ထပါသော၊) ဆရာများ။

ထိုဟတ္ထပါသ်ဟူသည် နှစ်တောင့်တစ်ထွာ ဝေးကွာသော အရပ်ပင်ဖြစ်သည်။ ထို့ကြောင့် "အမုတေယျဟတ္ထော ဟတ္ထပါသော နာမ"ဟု နောက်၌ မိန့်ဆိုထားပါသည်။

သို့သော် လက်လှမ်းမီရာအရပ် လက်ကွင်း၏ အဖျားအရပ်ကို လက်တွေ့တိုင်းကြည့်သည့်အခါမှာ နှစ်တောင်ပြည့်သည်ကိုပင် မတွေ့ရပေ၊ ထို့ကြောင့် ဆရာများက အကပ်ခံသည့်အခါမှာ နီးနိုင်သမျှနီးအောင် ရှေ့ကို အတိုးခိုင်း၍ အကပ်ခံကြသည်။

ဟတ္ထပါသ်ကို တိုင်းရာ၌ အကပ်ခံသူ၏ (အနီးဆုံးအင်္ဂါ၏) နောက်ဘက်အစွန်းနှင့် ပေးသောသူ (ကပ်သူ) ၏ ဆန့်သော လက်မှတစ်ပါး အနီးဆုံးအင်္ဂါ၏ ရှေ့ဘက်အစွန်းကို တိုင်းရသည်။

ထို့ကြောင့် ကြမ်းပြင်ပေါ်၌ လဲလျောင်းလျက် ခေါင်းရင်းမှ ထိုင်နေသော လူသာမဏေက ပေးသည် (ကပ်သည်) ကို ခံယူသော ရဟန်း၏ အနီးဆုံးအင်္ဂါဖြစ်သော ခေါင်း၏ အနောက်ဘက်စွန်း လည်ပင်းအဆုံးမှသာ ဟတ္ထပါသ်တိုင်းရမည်၊ ခြေဖဝါး အပြင်မှ မတိုင်းရ။ (ဝိမတိ၊၂၃၅။)

http://www.dhammadownload.com

သည်၊ ဝါ- က၊ ဘူမိယံ- မြေ၌၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ဘူမဋ္ဌသ- မြေ၌တည်သူ၏၊ သီသေန စ- ဦးခေါင်းဖြင့်လည်းကောင်း၊ အာကာသဋ္ဌသ- ကောင်းကင်၌တည်သူ၏၊ ဒါတုံ ဝါ- ပေးခြင်းငှာသော်လည်းကောင်း၊ ဂဟေတုံ ဝါ- ယူခြင်းငှာသော်လည်းကောင်း၊ ပသာရိတဟတ္ထံ- ဆန့်တန်းအပ်သော လက်ကို၊ ဌပေတွာ- ထား၍၊ ယံ အင်္ဂံ- အကြင်အင်္ဂါသည်၊ အာသန္နတရံ- အနီးဆုံးဖြစ်၏၊ တဿ- ထိုအနီးဆုံးအင်္ဂါ၏၊ ဩရိမန္တေန စ- ဤမှာဘက်အစွန်းဖြင့်လည်းကောင်း၊ ဟတ္ထပါသပုမာဏံ- ဟတ္ထပါသ်၏ အတိုင်းအရှည်ကို၊ ပရိစ္ဆိန္ဒိတဗ္ဗံ- ပိုင်းခြားထိုက်၏၊ ဧကော- သည်၊ ဝါ- က၊ ကူပေ- တွင်းထဲ၌၊ ဧကော- သည်၊ ဝါ- က၊ ကူပတဋ္ဌေ- တွင်း၏ နှုတ်ခမ်း၌၊ သစေ ဟောတိ၊ ဧဝံ သတိ ဝါ- ဤသို့ဖြစ် သော်လည်းကောင်း၊ ဝါ ပန- တစ်နည်းကား၊ ဧကော၊ ရုက္ခေ- သစ်ပင်ပေါ်၌၊ ဧကော၊ ပထဝိယံ- မြေပေါ်၌၊ သစေပိ ဟောတိ၊ ဧဝံ သတိ ဝါ- သော်လည်း ကောင်း၊ ဝုတ္တနယေနေဝ- ဖြင့်သာလျှင်၊ ဟတ္ထပါသပုမာဏံ- ကို၊ ပရိစ္ဆိန္ဒိတဗ္ဗံ- ထိုက်၏။

ဧဝရူပေ- ဤသို့သဘောရှိသော၊ ဟတ္ထပါသေ- ၌၊ ဌတွာ- တည်၍၊ ပက္ခိဉ္စိတ်သည်၊ မုခတုဏ္ဍကေန ဝါ- နှုတ်သီးဖျားဖြင့်သော်လည်းကောင်း၊ ဟတ္ထိဆင်သည်၊ သောဏ္ဍာယ ဝါ- နှာမောင်းဖြင့်သော်လည်းကောင်း၊ ဂဟေတွာ- ယူ၍၊ ပုပ္ဖံ ဝါ- အပွင့်ကိုသော်လည်းကောင်း၊ ဖလံ ဝါ- အသီးကိုသော်လည်းကောင်း၊ သစေပိ ဒေတိ- အကယ်၍မူလည်း ပေးအံ့၊ ဧဝံ သတိပိ- ဤသို့ပေးပါသော်လည်း၊ ပဋိဂ္ဂဟဏံ- သည်၊ ရုဟတိ။ ပန- ဆက်၊ အမုဋ္ဌမရတနဿပိ- အခွဲအားဖြင့် ရှစ်တောင်မြောက် (ခုနစ်တောင့်တစ်ထွာ) ရှိသည်မူလည်း ဖြစ်သော၊ ဟတ္ထိနော- ဆင်၏၊ ခန္ဓေ- ပခုံးပေါ်၌၊ နိသိန္နော- ထိုင်နေသော ရဟန်းသည်၊ တေန- ထိုဆင်သည်၊ သောဏ္ဍာယ- နှာမောင်းဖြင့်၊ ဒီယမာနံ- ပေးအပ်သော သစ်သီးစသည်ကို၊ သစေ ဂဏှာတိ၊ ဧဝံ သတိ၊ ဝဋ္ဋတိယေဝ- အပ်သည်သာ၊ ဟတ္ထာဒီသု- လက်အစရှိသည်တို့တွင်၊ ယေန ကေနစိ- အမှတ်မထား တစ်ပါးပါးသော၊ သရီရာဝယဝေန- ကိုယ်၏ အစိတ်အပိုင်းဖြင့်၊ အန္တမသော- အားဖြင့်၊ ပါဒင်္ဂုလိယာပိ- ခြေချောင်းဖြင့်သော်လည်း၊

ကောင်းကင်၌ ဖြောင့်ဖြောင့်မတ်မတ်ရပ်နေ၍ အောက်မှ မြှောက်ပေးသော ဝတ္ထုကို ခံယူသော ရဟန်း၏ အနီးဆုံးဖြစ်သော ခြေဖဝါးအပြင်မှ ဟတ္ထပါသ်ကို ပိုင်းခြားရမည်၊ ခေါင်းမှစ၍ မပိုင်းခြားသင့်၊ ဤသဘောကို "ဂဟေတုံ ဝါ။ပ။ တဿ ဩရိမန္တေန" ဟူသော အဋ္ဌကထာစကားဖြင့် ပြသည်။ (ဝိမတိ၊ ၂၃၅။)

http://www.dhammadownload.com

ဒီယမာနံ- ပေးအပ်သော ခဲဖွယ် ဘောဇဉ်သည်၊ ကာယေန ဒိန္နံ နာမ- ကာယေန ဒိန္နမည်သည်၊ ဟောတိ။ ပဋိဂ္ဂဟဏေပိ- အကပ်ခံခြင်း၌လည်း၊ ဧသေဝ နယော- တည်း၊ ဟိ- မှန်၊ ယေန ကေနစိ- သော၊ သရီရာဝယဝေန- ဖြင့်၊ ဂဟိတံ- ခံယူအပ်သော ခဲဖွယ်ဘောဇဉ်သည်၊ ကာယေန ဂဟိတမေဝ- ကာယေန ဂဟိတ မည်သည်သာလျှင်၊ ဟောတိ။ နတ္ထုကရဏိယံ- နှာနှပ်တံ၌၊ ဒီယမာနံ- ထည့်၍ပေးအပ်သော ခဲဖွယ်ဘောဇဉ်ကို၊ နာသာပုဋ္ဌေန- နှာခေါင်း ဘုဖြင့်သော်လည်းကောင်း၊ အကလ္လကော- မကျန်းမာသည်၊ ဟုတွာ၊ မုခေန ဝါ- ခံတွင်းဖြင့်သော်လည်းကောင်း၊ သစေပိ ပဋိဂ္ဂဏှာတိ- အကယ်၍မူလည်း ခံယူအံ့၊ (ဧဝံ သတိပိ- သော်လည်း၊ ကာယေန ဂဟိတမေဝ- မည်သည် သာလျှင်၊ ဟောတိ၊) ဟိ- မှန်၏၊ ဧတ္ထ- ဤအကပ်ခံရာ၌၊ အာဘောဂမတ္တမေဝ- အကပ်ခံမည်ဟု နှလုံးသွင်းခြင်းမျှသည်သာ၊ ပမာဏံ- လိုရင်းပမာဏတည်း။

၁၀၅။ ပန- ကား၊ ကဋ္ဌစ္ဆုအာဒီသု- ဇွန်းအစရှိသည်တို့တွင်၊ ယေန ကေနစိ- သော၊ ဥပကရဏေန- အသုံးအဆောင်ဖြင့်၊ ဒိန္နံ- ပေးအပ်သော ခဲဖွယ်ဘောဇဉ် သည်၊ ကာယပဋိဗဒ္ဓေန ဒိန္နံ နာမ- ကာယပဋိဗဒ္ဓေန ဒိန္နမည်သည်၊ ဟောတိ၊ ပဋိဂ္ဂဟဏေပိ၊ ဧသေဝ နယော။ ဟိ- မှန်၊ ယေန ကေနစိ- သော၊ သရီရသမ္ဗ- ဒ္ဓေန- ကိုယ်နှင့်စပ်သော၊ ပတ္တထာလကာဒိနာ- သပိတ် ခွက်အစရှိသည်ဖြင့်၊ ဂဟိတံ- ခံယူအပ်သော ခဲဖွယ်ဘောဇဉ်သည်၊ ကာယပဋိဗဒ္ဓေန ဂဟိတမေဝ၊ ဟောတိ။

ပန- ကား၊ ကာယတော စ- ကိုယ်မှလည်းကောင်း၊ ကာယပဋိဗဒ္ဓတော စ- ကိုယ်နှင့်စပ်သော ဝတ္ထုမှလည်းကောင်း၊ မောစေတွာ- လွတ်စေ၍၊ ဟတ္ထ- ပါသေ- နှစ်တောင့်တစ်ထွာဟတ္ထပါသ်၌၊ ဌိတဿ- တည်သောပုဂ္ဂိုလ်၏၊ ကာယေ ဝါ- ၌သော်လည်းကောင်း၊ ကာယပဋိဗဒ္ဓေ ဝါ- ၌သော်လည်းကောင်း၊ ပါတိယမာနမ္ပိ- ကျစေအပ်သော ခဲဖွယ် ဘောဇဉ်သည်လည်း၊ ဝါ- ကိုလည်း၊ နိဿဂ္ဂိယေန- ပစ်လွှင့်ခြင်းဟူသော၊ ပယောဂေန- ဖြင့်၊ ဒိန္နံ နာမ- ပေးအပ်သည် မည်သည်၊ ဟောတိ။ ဧကော- သည်၊ ဗဟူနိ- များစွာကုန်သော၊ ဘတ္တဗျဥ္ဇန- ဘာဇနာနိ- ထမင်းတောင်း ဟင်းအိုးတို့ကို၊ သီသေ- ဦးခေါင်း၌၊ ကတွာ- ထား၍၊ တစ်နည်း- သီသေကတွာ- ခေါင်းဖြင့်ရွက်၍၊ (ထမင်းတောင်းပေါ်၌ ဟင်းအိုးများကို ဆင့်ကာ ဆင့်ကာတင်လျက် ရွက်ထားသည်၊ ထို့ကြောင့်

http://www.dhammadownload.com

နောက်၌ "ဟေဋ္ဌိမဘာဇနံ"ဟု ဆိုလိမ့်မည်။) ဘိက္ခုသ- ရဟန်း၏၊ သန္တိကံ- အနီးသို့၊ အာဂန္တွာ- လာ၍၊ ဌိတကောဝ- ရပ်လျက်သာလျှင်၊ "ဂဏ္ဍထ-ယူပါကုန်၊" ဣတိ၊ ဝဒတိ- အံ့၊ အဘိဟာရော- ရှေးရှုဆောင်ခြင်းသည်၊ နတာဝ ပညာယတိ- မထင်ရှားသေး၊ တသ္မာ- ထို့ကြောင့်၊ နဂဟေတဗ္ဗံ- မခံယူထိုက်။ (ရဟန်းဘက်သို့ အနည်းငယ်မျှ မညွတ်ဘဲ မတ်မတ်ရပ်နေသောကြောင့် "နတာဝ။ပ။ ပညာယတိ"ဟု ဆိုသည်၊) ပန- အလျော်ကား၊ ဤသကမ္ပိ-စဉ်းငယ်လည်း၊ သစေ ဩနမတိ- အကယ်၍ အောက်သို့ ညွတ်လိုက်အံ့၊ ဧဝံ သတိ၊ ဘိက္ခုနာ- သည်၊ ဟတ္ထံ- ကို၊ ပသာရေတွာ- ဆန့်တန်း၍၊ ဟေဋ္ဌိမ ဘာဇနံ- အောက်ဆုံးအိုးကို၊ ဧကဒေသေနပိ- တစ်စိတ်တစ်ဒေသအားဖြင့်လည်း၊ (လက်ချောင်းဖျားနှင့် ထိရုံမျှဖြင့်လည်း၊) သမ္ပဋိစ္ဆိတဗ္ဗံ- လက်ခံနိုင်၏။ ဧတ္တာဝတာ- ဤမျှအတိုင်းအရှည်ရှိသော တစ်စိတ်တစ်ဒေသကို ထိတို့လက်ခံခြင်းဖြင့်၊ သဗ္ဗဘာဇနာနိ- အလုံစုံသော ခွက်တို့သည်၊ ဝါ- တို့ကို၊ ပဋိဂ္ဂဟိတာနိ- အကပ်ခံအပ်ပြီးကုန်သည်၊ ဟောန္တိ။ တတော- ထိုလက်ခံပြီးရာ အခါမှ၊ ပဋာယ- စ၍၊ ဩရောပေတွာ ဝါ- အောက်သို့ ချ၍သော်လည်းကောင်း၊ ဥဂ္ဃါဋေတွာ ဝါ- (အုပ်ဆောင်းစသည်တို့ကို) ဖွင့်၍သော်လည်းကောင်း၊ ယံ-အကြင်ခဲဖွယ်ဘောဇဉ်ကို၊ (ဘုဥ္ဇိတုံ- ငှာ၊) ဣစ္ဆတိ- အလိုရှိ၏၊ တံ- ထိုခဲဖွယ်ဘောဇဉ်ကို၊ ဂဟေတုံ၊ ဝဋ္ဋတိ။ ပန- ချီးမြှောက်ဖွယ်ရာ သမ္ဘာဝနာကား၊ ဘတ္တပစ္ဆိအာဒိမှိ- ထမင်းတောင်းအစရှိသော၊ ဧကဘာဇနေ- တစ်ခုတည်းသော အိုးခွက်၌၊ ဝတ္တဗ္ဗမေဝ- အကပ်မြောက်၏ဟု ဆိုဖွယ်သည်ပင်၊ နတ္ထိ- မရှိတော့။

ကာဇေန- ထမ်းပိုးဖြင့်၊ ဘတ္တံ- ထမင်းကို၊ ဟရန္တောပိ- ဆောင်ယူစဉ်လည်း၊ ကာဇံ- ထမ်းပိုးကို၊ ဩနာမေတွာ- အောက်သို့ညွတ်စေ၍၊ သစေ ဒေတိ၊ ဧဝံ သတိ၊ ဂဏ္ဍိတုံ၊ ဝဋ္ဋတိ။ ဝေဏု- ထမ်းပိုးဝါးသည်၊ တိံသဟတ္ထော- အတောင်သုံးဆယ်ရှိသည်၊ ဟောတိ၊ ဧကသ္မိံ- တစ်ဖက်သော၊ အန္တေ- အစွန်း၌၊ ဂုဋ္ဌကုမ္ဘော- ထန်းလျက်အိုးသည်၊ ဝါ- ကို၊ ဗဒ္ဓေါ- ဖွဲ့ချည်အပ်သည်၊ ဟောတိ၊ ဧကသ္မိံ အန္တေ၊ သပ္ပိကုမ္ဘော- ထောပတ်အိုးသည်၊ ဝါ- ကို၊ ဗဒ္ဓေါ ဟောတိ၊ တံ- ထိုဝါးထမ်းပိုးကို၊ စေ ပဋိဂ္ဂဏ္ဍာတိ- အကယ်၍ အကပ်ခံအံ့၊ ဧဝံ သတိ၊

တဉ္စေ ပဋိဂ္ဂဏ္ဍာတိ သဗ္ဗံ ပဋိဂ္ဂဟိတမေဝ။ ။ဝါး၏ အဖျားမှာ ဖွဲ့ချည်ထားသောကြောင့် ထန်းလျက်ထောပတ် အကုန်လုံး အကပ်ခံပြီး အကပ်မြောက်ပြီးပင်ဖြစ်ရသည်၊ မြေ၌တည်နေသော အိုးကိုပင် ပေးမည့်သူက (ကပ်မည့်သူက) ဟတ္ထပါသ်၌

http://www.dhammadownload.com

သဗ္ဗံ- အလုံးစုံသော ထန်းလျက်ထောပတ်သည်၊ ဝါ- ကို၊ ပဋိဂ္ဂဟိတမေဝ- အကပ်ခံအပ်ပြီးသည်သာလျှင်၊ ဟောတိ။ (အကပ်မြောက်တော့သည်။)

ဥစ္ဆုယန္တဒေါဏိတော- ကြံကြိတ်စက်ဝယ် ကြံရည်စကျင်းမှ၊ ပဂ္ဂရန္တမေဝ- ယိုကျစဉ်သာလျှင်၊ "ရသံ- အရည်ကို၊ ဂဏှထ- ခံယူပါကုန်၊" ဣတိ- သို့၊ ဝဒတိ- လျှောက်အံ့၊ အဘိဟာရော- ရှေ့ရှုဆောင်မှူသည်၊ န ပညာယတိ- မထင်ရှားသေး၊ ဣတိ- ကြောင့်၊ န ဂဟေတဗ္ဗော- မခံယူထိုက်။ ပန- ဆက်၊ ကသဋ္ဌံ- အဖတ်ကို၊ ဆဋ္ဌေတွာ- စွန့်ပစ်၍၊ ဟတ္ထေန- လက်ဖြင့်၊ ဥဿိဉ္စိတွာ- ခပ်ယူ၍၊ သစေ ဒေတိ- အံ့၊ ဧဝံ သတိ၊ ဂဏှိတုံ၊ ဝဋ္ဋတိ။

ဗဟူ- များစွာကုန်သော၊ ပတ္တာ- သပိတ်တို့သည်၊ ဝါ- ခွက်တို့သည်၊ မဇ္ဈေ ဝါ- ညောင်စောင်းပေါ်၌သော်လည်းကောင်း၊ ဝိဋ္ဌေ ဝါ- အင်းပျဉ်ပေါ်၌သော်လည်းကောင်း၊ ကဋ္ဌသာရေ ဝါ- သင်ဖြူးပေါ်၌သော်လည်းကောင်း၊ ဒေါဏိယံ ဝါ- စကျင်း၌သော်လည်းကောင်း၊ ဖလကေ ဝါ- ပျဉ်ချပ်ပေါ်၌သော်လည်းကောင်း၊ ဌပိတာ- ထားအပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ ယတ္ထ- အကြင် အရပ်၌၊ ဌိတဿ- တည်သော ရဟန်း၏၊ ဟတ္ထပါသေ- ၌၊ ဒါယကော- သည်၊ ဟောတိ၊ တတ္ထ- ထိုဟတ္ထပါသ်ဖြစ်လောက်သော အရပ်၌၊ ဌတွာ- တည်၍၊ ပဋိဂ္ဂဟဏသညာယ- ခံယူကြောင်းသညာဖြင့်၊ ဝါ- ခံယူမည်ဟူသော အမှတ်

တည်၍ အိုးကိုပေးမည် (ကပ်မည်) ဟု နှလုံးသွင်းလျက် ပေးလာ (ကပ်လာ) သော ဝါးထမ်းပိုး အဖျားကို ၊ကိုင်တွယ်ခံယူပါသော်လည်း ဝါးထမ်းပိုးအဖျားမှာ ဖွဲ့ချည်ထားသမျှ အကုန်လုံးသည် အကပ်ခံပြီး (အကပ်မြောက်ပြီး) ပင် ဖြစ်တော့သည်။

(သာရတ္ထ၊၃၊၇၀။)

အဘိဟာရော န ပညာယတိ။ ။ ရဟန်းအတွက် ညစ်တာမဟုတ်ဘဲ ညစ်ရိုးညစ်စဉ် ညစ်နေသော ကြံရည်ကို ခံယူဖို့ရန် လျှောက်ထားသောကြောင့် ရှေ့ရှုဆောင်မှူ မထင်ရှားဟု မိန့်ဆိုထားသည်။ ဟတ္ထပါသ်မှာ တည်ရှိနေသော ရဟန်းအတွက် ရည်မှန်းပြီး ညစ်ပေးသော ကြံမှ ယိုစီးထွက်ကျလာသော ကြံရည်ကိုမူ ကာယပဋိဗဒ္ဓဖြင့် ရှေ့ရှုဆောင်ခြင်း ထင်ရှားသောကြောင့် ခံယူကောင်းသည်၊ ကြံရည်စကျင်းမှ အလို အလျောက် ယိုစီးနေသော ကြံရည်ကို အလယ်မှ ဆီးတား၍ ဆီးတား၍ လွှတ်ပေးလျှင်လည်း ခံယူကောင်းသည်။ (သာရတ္ထ၊၃၊၇၀။)

ကသဋ္ဌံ ဆဋ္ဌေတွာ။ ။ ညနေဘက်သောက်ရန်ဖြစ်က အဖတ်ပါလျှင် ယာဝကာလိကဖြစ်၍ မအပ်၊ အဖတ်မပါမှ သတ္တာဟကာလိကဖြစ်၍ အပ်သည်၊ ထို့ကြောင့် အဖတ်မပါအောင် ခပ်ယူပေးမှ ခံယူကောင်းသည်၊ နံနက်ပိုင်းသောက်ရန်ဖြစ်လျှင် အဖတ်ပါသော်လည်း ခံယူကောင်းသည်ပင်။

http://www.dhammadownload.com

ဖြင့်၊ မဒ္ဓာဒီနိ- (မြောက်အပ်သော) ညောင်စောင်းအစရှိသည်တို့ကို၊ အဂ်ီလိယာ-ပိ- လက်ချောင်းဖြင့်လည်း၊ ဖုသိတွာ- ထိ၍၊ ဌိတေန ဝါ- ရပ်သော ရဟန်းသည်သော်လည်းကောင်း၊ နိသိန္နေန ဝါ- ထိုင်သော ရဟန်းသည်သော်လည်းကောင်း၊ နိပန္နေန ဝါ- လျောင်းသော ရဟန်းသည်သော်လည်းကောင်း၊ တေသု ပတ္တေသု- ထိုခွက် (သပိတ်) တို့၌၊ ယံ- အကြင်ခဲဖွယ် ဘောဇဉ်ကို၊ ဒီယတိ-ပေးအပ်၏၊ တံ သဗ္ဗံ- ထိုအလုံးစုံသော ခဲဖွယ်ဘောဇဉ်သည်၊ ပဋိဂ္ဂဟိတံ-အကပ်ခံအပ်ပြီးသည်၊ ဟောတိ- ဖြစ်၏။ "ပဋိဂ္ဂဟေဿာမိ- ခံယူအံ့၊" ဣတိ-ဤသို့ကြံ၍၊ မဒ္ဓာဒီနိ- ညောင်စောင်းအစရှိသည်တို့သို့၊ အဘိရုဟိတွာ- တက်၍၊ သစေပိ နိသီဒတိ- အကယ်၍မူလည်း ထိုင်အံ့၊ ဧဝံ သတိပိ- ဤသို့ထိုင်ပြန်ပါသော်လည်း၊ ဝဋ္ဋတိယေဝ- အပ်သည်သာ။ (ကာယပဋိဗဒ္ဓဖြစ်သော ညောင်စောင်းစသည်ဖြင့် ခံယူရာရောက်သောကြောင့် အကပ်မြောက်သည်။)

"ပန- ဆက်၊ (ဗဟူ- များစွာကုန်သော၊ ပတ္တာ- တို့သည်၊) ပထဝိယံ- မြေပေါ်၌၊ ကုစ္ဆိယာ- ဝမ်းဖြင့်၊ ကုစ္ဆိ- ဝမ်းကို၊ တစ်နည်း- ကုစ္ဆိယာ ကုစ္ဆိ- ဝမ်းချင်းချင်း၊ အာဟစ္စ- ထိ၍၊ ဌိတာ- တည်ကုန်သည်၊ သစေပိ ဟောန္တိ- အကယ်၍မူလည်းဖြစ်ကုန်အံ့၊ ဧဝံ သတိပိ- ဤသို့ဖြစ်ပါကုန်သော်လည်း၊ ယံ ယံ- အကြင်အကြင်သပိတ်ကို၊ အဂ်ီလိယာ ဝါ- လက်ချောင်းဖြင့်သော်လည်းကောင်း၊ သူစိယာ ဝါ- အပ်ဖြင့်သော်လည်းကောင်း၊ ဖုသိတွာ- ထိ၍၊ နိသိန္နော- ထိုင်နေသည်၊ ဟောတိ၊ တတ္ထ တတ္ထ- ထိုထိုသပိတ်၌၊ ဒီယမာနမေဝ- ပေးအပ်သော ခဲဖွယ်ဘောဇဉ်သည်သာ၊ ပဋိဂ္ဂဟိတံ- အကပ်ခံအပ်သည်၊ ဝါ- အကပ်မြောက်သည်၊ ဟောတိ၊ ယတ္ထ ကတ္ထစိ- အမှတ်မထား တစ်ပါးပါးကုန်သော၊ မဟာကဋ္ဌသာရ-ဟတ္ထတ္ထရဏာဒီသု- ကြီးစွာသော သင်ဖြူး,ဆင်ကျောက်ကုန်း၏ အခင်းကြီးအစရှိသော အရပ်တို့၌၊ ဌပိတပတ္တေ- ထားအပ်သော သပိတ်၌၊ ပဋိဂ္ဂဟဏံ-ခံယူခြင်းသည်၊ န ရုဟတိ- မတက်ရောက်၊ (မဖြစ်မြောက်၊)" ဣတိ- သို့၊ ယံ-အကြင်စကားကို၊ ဝုတ္တံ- ရှေးအဋ္ဌကထာတို့၌ ဆိုအပ်ပြီ၊ တံ- ထိုမြေကြီးပေါ်ရှိသပိတ်တို့တွင် လက်အပ်တို့ဖြင့် ထိထားသောသပိတ်၌ ထည့်ပေးမှသာ အကပ်မြောက်၏ဟူသောစကား, တစ်စုံတစ်ခုသော သင်ဖြူးဖျာကြီး ဆင်ကျောက်ကုန်း၏ အခင်းကြီးစသည်တို့၌ ထားအပ်သော သပိတ်၌ ခံယူခြင်းသည် အကပ်မမြောက်ဟူသောစကားကို၊ ဟတ္ထပါသာတိက္ကမံ- ဟတ္ထပါသ်ကိုလွန်သော သပိတ်ကို၊ သန္ဓာယ- ၍၊ ဝုတ္တံ- ပြီ၊ ဣတိ- သို့၊ ဝေဒိတဗ္ဗံ- သိထိုက်၏။ [ဤဝါကျရှိ ကတ္ထစိကို သာရတ္ထက "အဋ္ဌကထာသု"ဟု ဖွင့်၏။]

http://www.dhammadownload.com

ပန- ဆက်၊ ဟတ္ထပါသေ- သည်၊ သတိ- သော်၊ တတ္ထဇာတကာ- ထိုသစ်ပင်၌ ဖြစ်သော အရွက်ကို၊ အညတြ- ကြဉ်၍၊ ယတ္ထ ကတ္ထစိ- အမှတ်မထား တစ်ပါးပါးသော ခွက်အစရှိသည်၌၊ ဂဏှိတုံ၊ ဝဋ္ဋတိ၊ ပန- ထိုမှပြန်လှန် မသင့်ဟန်ကား၊ တတ္ထဇာတကေ- ထိုသစ်ပင်၌ဖြစ်သော၊ ပဒုမိနိပဏ္ဏေ ဝါ- ပဒုမ္မာကြာရွက်၌ သော်လည်းကောင်း၊ ကိ'သုကပဏ္ဏာဒိမှိ ဝါ- ပေါက်ရွက်အစရှိသည်၌သော်လည်းကောင်း၊ ဂဏှိတုံ၊ န ဝဋ္ဋတိ။ ဟိ- မှန်၊ တံ- ထိုတတ္ထဇာတက ပဒုမ္မာကြာရွက်စသော အရွက်သည်၊ ကာယပဋိဗဒ္ဓသင်္ခ်- ကာယပဋိဗဒ္ဓ၌ ရေတွက်အပ်သည်၏ အဖြစ်သို့၊ န ဂစ္ဆတိ- မရောက်၊ စ- ဆက်၊ တတ္ထဇာတကေ- ထို သစ်ပင်၌ ဖြစ်သော အရွက်စသည်၌၊ ပဋိဂ္ဂဟဏံ- အကပ်ခံခြင်းသည်၊ န ရုဟတိ ယထာ- မတက်ရောက်သကဲ့သို့၊ ဝါ- အကပ်မမြောက်သကဲ့သို့၊ ဧဝံ- တူ၊ ခါဏုကေ- သစ်ငုတ်၌၊ ဗန္ဓိတွာ- ဖွဲ့ချည်၍၊ ဌပိတမဋ္ဌာဒိမှိ- ထားအပ်သော ညောင်စောင်းအစရှိသော၊ အသံဟာရိမေ- (အားအစွမ်းအားဖြင့် အလယ် အလတ်၌ ဖြစ်သော ယောက်ျားက) ပြောင်းရွှေ့၍ မရကောင်းသော၊ ဖလကေ ဝါ- ပျဉ်ချပ်၌သော်လည်းကောင်း၊ ပါသာဏေ ဝါ- ကျောက်ဖျာ၌သော်လည်းကောင်း၊ (ပဋိဂ္ဂဟဏံ- သည်) န ရုဟတိယေဝ- မတက်ရောက်သည်သာ၊ (အကပ် မမြောက်သည်သာ၊) ဟိ- မှန်၊ တေပိ- ထိုပျဉ်ချပ် ကျောက်ဖျာတို့သည်လည်း၊ တတ္ထဇာတကသင်္ချံပဂါ- တတ္ထဇာတက၌ ရေတွက်အပ်သည်၏ အဖြစ်သို့ ရောက်ကုန်သည်၊ ဟောန္တိ။ ဘူမိယံ- မြေပေါ်၌၊ အတ္ထတေသု- ဖြန့်ခင်းအပ်ကုန်သော၊ သုခုမေသု- သိမ်မွေ့ကုန်သော၊ တိန္တိဏာဒိပဏ္ဏေသု- မန်ကျည်းရွက်အစရှိသော အရွက်တို့၌၊ ပဋိဂ္ဂဟဏံ၊ န ရုဟတိ။ (ကသ္မာ- နည်း၊) ဟိ ယသ္မာ- ကြောင့်၊ တာနိ- ထိုမန်ကျည်းရွက် အစရှိသော အရွက်တို့သည်၊ သန္ဓာရေတုံ- ကပ်အပ်သော ဝတ္ထုကို ဆောင်ထားခြင်းငှာ၊ န သမတ္ထာနိ- မစွမ်းနိုင်ကုန်၊ ဣတိ- ထို့ကြောင့်တည်း။

ပန- အလျော်ကား၊ မဟန္တေသု- ကြီးကုန်သော၊ ပဒုမိနိပဏ္ဏာဒီသု- ပဒုမ္မာကြာရွက်အစရှိသည်တို့၌၊ (တတ္ထဇာတက မဟုတ်၊ ကြာပင်မှ ဖြတ်ထားပြီးသော

တိန္တိဏာဒိပဏ္ဏေသု။ ။ မန်ကျည်းရွက်စသော သေးငယ်သော အရွက်တို့က ကပ်အပ်သော ဝတ္ထုကို ဆောင်မထားနိုင်သောကြောင့် ယင်းသေးငယ်သော အရွက်တို့၌ အကပ်ခံက အကပ်မမြောက်ဟု ဆိုထားသောကြောင့် ကြီးမားသော သစ်ရွက် သစ်ခက်တို့၌ အကပ်ခံက အကပ်မြောက်သည်ဟု မှတ်ပါ။ (သာရတ္ထ၊၃၊၇၀။)

http://www.dhammadownload.com

ပဒုမ္မာကြာရွက်အစရှိသည်တို့၌) ပဋိဂ္ဂဟဏ်- သည်၊ ရှုဟတိ။ ဟတ္ထပါသံ- ကို၊ အတိက္ကမ- ကျော်လွန်၍၊ ဌိတော- တည်သော လူသာမဏေသည်၊ ဒီယ- ဒဏ္ဍကေန- ရှည်သော အရိုးရှိသော၊ ဥဋ္ဌကေ်န- ယောက်ချိုဖြင့်၊ ဝါ- မူတ်ဖြင့်၊ သစေ ဒေတိ- အံ့၊ ဧဝံ သတိ- သော်၊ "အာဂန္တွာ- အနိုးသို့လာ၍၊ ဒေဟိ- ပေးလော၊" ဣတိ- သို့၊ ဝတ္ထုဗ္ဗော- ပြောဆိုထိုက်၏၊ ဝစနံ- စကားကို၊ အသုတ္တာ ဝါ- မကြားမူ၍သော်လည်းကောင်း၊ ဝါ- မကြားခြင်းကြောင့်သော်လည်းကောင်း၊ အနာဒိယိတ္တာ ဝါ- မနာယူမူ၍သော်လည်းကောင်း၊ ဝါ- မနာယူခြင်းကြောင့်သော်လည်းကောင်း၊ ပတ္တော- သပိတ်၌၊ အာကိရတိယေဝ- လောင်းထည့်သည်သာဖြစ်အံ့၊ ဧဝံ သတိ၊ ပုန၊ ပဋိဂ္ဂဟေတဗ္ဗံ- ၏၊ ဒုရေ- အဝေး၌၊ ဌတွာ- တည်၍၊ ဘတ္တပိဏ္ဍံ- ကို၊ ခိပန္တေပိ- ပစ်ပေးသော လူသာမဏေ၌လည်း၊ ဧသေဝ နယော။

၁၀၆။ ပတ္တထဝိကတော- သပိတ်အိတ်မှ၊ နီဟရိယမာနေ- ထုတ်ဆောင်အပ်ဆဲ ဖြစ်သော၊ ပတ္တေ- သပိတ်၌၊ ရဇနစုဏ္ဏာနိ- ဆိုးရည်မှုန့်တို့သည်၊ သစေ ဟောန္တိ- အကယ်၍ ဖြစ်ကုန်အံ့၊ ဧဝံ သတိ၊ ဥဒကေ- ရေသည်၊ သတိ- ရှိလသော်၊ ဓောဝိတဗ္ဗော- ဆေးထိုက်၏၊ ဥဒကေ- သည်၊ အသတိ- မရှိလသော်၊ ရဇနစုဏ္ဏံ- ကို၊ ပုဉ္ဆိတွာ ဝါ- သုတ်၍သော်လည်းကောင်း၊ ပဋိဂ္ဂဟေတွာ ဝါ- အကပ်ခံ၍သော်လည်းကောင်း၊ ပိဏ္ဍာယ- ငှာ၊ စရိတဗ္ဗံ- လှည့်လည်ရာ၏၊ ပိဏ္ဍာယ- ငှာ၊ စရန္တသ- လှည့်လည်စဉ်၊ ရဇံ- မြူမှုန်သည်၊ ပတ္တေ- ၌၊ သစေ ပတတိ- အကယ်၍ ကျအံ့၊ ဧဝံ သတိ၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ဘိက္ခာ-

---

သပိတ်အိတ်မှ ဆိုးရည်မှုန့်။ ။ ရှေးခေတ်သပိတ်အိတ်သည် ယခုကာလ လွယ်အိတ်ကြီးများကဲ့သို့ ဆိုးရည်ဖြင့် ဆိုးထားသော အဝတ်အိတ်သာဖြစ်သည်၊ သပိတ်များလည်း အဖုံးမရှိကြ၊ သို့ဖြစ်၍ သပိတ်ကို အိတ်ထဲ၌ ထည့်လိုက်သည့်အခါ အတွင်း၌ မြူပ်ဝင်သွား၍၊ ထုတ်ယူလိုက်သည့် အခါမှာ အဝတ်အိတ်မှ ဆိုးရည်မှုန့်များ ကျနိုင်သည်၊ ထိုဆိုးရည်မှုန့်သည် ယာဝဇီဝိက ဖြစ်နေသောကြောင့် ရေရှိလျှင် ပြောင်စင်အောင် ဆေးရမည်၊ ရေမရှိလျှင် ဆိုးရည်မှုန့် ပြောင်စင်အောင် သုတ်ပစ်ရမည်၊ သုတ်ပစ်စေကာမူ ဆိုးရေမှုန်များ ကျန်နေသေးသလားဟု ယုံမှားသံသယရှိနေလျှင် အကပ်ခံရမည်၊ ပြီးမှ ဆွမ်းခံရမည်။

ယင်းသပိတ်၌ကျသော ဆိုးရည်မှုန့်သည် အတွင်းအသုံးအဆောင်အလို့ငှာ (စားသောက်ရန် အလို့ငှာ) ဆောင်ယူအပ်သည် မဟုတ်သောကြောင့် အကပ်ခံ၍ ဘုဉ်းပေးသုံးဆောင်ခြင်းငှာ အပ်သည်။ (ဥဂ္ဂဟိတကမဖြစ်။) (သာရတ္ထ၊၃၊၇၁။)

http://www.dhammadownload.com

ဆွမ်းကို၊ ဂဏ္ဌိတဗွာ- ခံယူထိုက်၏။ အပဋိဂ္ဂဟေတွာ- အကပ်မခံဘဲ၊ ဂဏ္ဌတော- ခံယူသော ရဟန်း၏။ ဝိနယဒုက္ကဋ်- ဝိနယဒုက္ကဋ်သည်၊ ဟောတိ။ ပန- ထိုသို့ပင် အကပ်မခံဘဲ ခံယူသော ရဟန်းမှာ ဝိနယဒုက္ကဋ်ဖြစ်ပါသော်လည်း၊ တံ- ထိုဆွမ်းကို၊ ပုန- တစ်ဖန်၊ ပဋိဂ္ဂဟေတွာ- ၍၊ ဘုဥ္ဇတော- စားသော ရဟန်း၏၊ အနာပတ္တိ- အနာပတ်တည်း။ (ဒုရုပစိဏ္ဏ စသော အပြစ်မရှိ၊) ပန- ဆက်၊ "ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ (ပဋိဂ္ဂါဟေတွာ- အကပ်ခံစေပြီး၍၊ ကခ်ီ။) ဝါ- မှ၊ ဒေထ- ပေးပါကုန်၊ ဝါ- လောင်းပါကုန်၊" ဣတိ- သို့၊ ဝုတ္တေ- ဆွမ်းလောင်း သူတို့အား ပြောဆိုအပ်ပါလျက်၊ ဝစနံ- ကို၊ အသုတွာ ဝါ- လည်းကောင်း၊ အနာဒိယိတွာ ဝါ- လည်းကောင်း၊ ဘိက္ခံ- ကို၊ သစေ ဒေန္တိယေဝ- အကယ်၍ ပေးမြဲပေးနေကုန်အံ့၊ ဝါ- လောင်းမြဲလောင်းနေကုန်အံ့၊ ဧဝံ သတိ၊ ဝိနယဒုက္ကဋ်- သည်၊ နတ္ထိ။ ပုန၊ ပဋိဂ္ဂဟေတွာ- ၍၊ အညာ- အခြားသော၊ ဘိက္ခာ- ကို၊ ဂဟေတဗ္ဗာ- ခံယူထိုက်၏။

မဟာဝါတော- ကြီးစွာသော လေသည်၊ တတော တတော- ထိုထိုအရပ်မှ၊ ရဇံ- မြူမှုန်ကို၊ သစေ ပါတေတိ- အကယ်၍ ကျစေအံ့၊ (တေန- ထိုသို့ကျခြင်းကြောင့်၊) ဘိက္ခံ-ကို၊ ဂဟေတုံ- ၄၁၊ သက္ကာ- တတ်ကောင်းသည်၊ သစေ နဟောတိ- အကယ်၍ မဖြစ်အံ့၊ ဧဝံ သတိ၊ (မြူမှုန်မကျအောင် ဆွမ်းကိုခံယူ၍ မဖြစ်နိုင်လျှင်၊) "အနုပသမ္မန္နဿ- အား၊ ဒဿာမိ- ပေးအံ့၊" ဣတိ- ဤသို့ကြံ၍၊ သုဒ္ဓစိတ္တေန- စင်ကြယ်သော စိတ်ဖြင့်၊ (အမှန်ပေးမည်ဟူသော စိတ်ဖြင့်၊) အာဘောဂံ- နှလုံးသွင်းမှုကို၊ ကတွာ- ၍၊ ဂဏ္ဌိတုံ- ၄၁၊ ဝဋ္ဋတိ။ ဧဝံ- ဤသို့၊ ပဋ္ဌာယ- ၄၁၊ စရိတွာ- ပြီး၍၊ ဝိဟာရံ ဝါ- ကျောင်းသို့သော်လည်းကောင်း၊ အာသနသာလံ ဝါ- ရွာတွင်းဆွမ်းစားဇရပ်သို့သော်လည်းကောင်း၊ ဂန္တွာ- ၍၊ တံ- ထိုဆွမ်းကို၊ အနုပသမ္မန္နဿ- အား၊ ဒတွာ- ၍၊ ပုန- တစ်ဖန်၊ တေန- ထို

ဝိနယဒုက္ကဋ်။ ။ မည်သည့်ဒုက္ကဋ်အာပတ်ဟု သီးခြားအမည်မတပ်ဘဲ သာမည ဒုက္ကဋ်ဟူသမျှကို "ဝိနယဒုက္ကဋ်"ဟု ခေါ်သည်၊ (ဝိနယေ ပညတ္တံ ဒုက္ကဋံ- ဝိနယဒုက္ကဋံ- ဝိနည်း၌ ပညတ်အပ်သော ဒုက္ကဋ်။)

အနုပသမ္မန္နဿ ဒဿာမီ ။ ။ လူသာမဏေအား ပေးမည်ဟု နှလုံးသွင်းမှုကိုပြုလျက် ခံယူလျှင် ဝိယနဒုက္ကဋ်အာပတ်မှ လွတ်သည်၊ ထိုသို့ အာဘောဂမပြုဘဲ ခံယူခဲ့သော်လည်း အကပ်ခံ၍ စားသော ရဟန်းမှာ အာပတ်မသင့်သည်သာ။ (ဝိမတိ၊ ၂၃၆။)

အနုပသမ္မန္နဿ ဒတ္တွာ။ပ။ ဝဋ္ဋတိ။ ။ ရှေးနှလုံးသွင်းအားလျော်စွာ လူသာမဏေအား ပေး၍ ထိုလူသာမဏေက ပြန်ပေးသော ဆွမ်းကိုဖြစ်စေ ထိုလူသာမဏေနှင့်

http://www.dhammadownload.com

လူသာမဏေောသည်၊ ဒိန္နံ ဝါ- ပေးအပ်သော ဆွမ်းကိုသော်လည်းကောင်း၊ တဿ- ထိုလူသာမဏေ၏၊ ဝါ- နှင့်၊ ဝိဿာသေန- အကျွမ်းဝင်ခြင်းကြောင့်၊ ပဋိဂ္ဂဟေတွာ ဝါ- ခံယူ၍သော်လည်းကောင်း၊ ဘုဉ္ဇိတုံ၊ ဝဋ္ဋတိ။ (ဘိက္ခု- ရဟန်းတစ်ပါးသည်၊) ဘိက္ခာစာရေ- ဆွမ်းအလို့ငှာ လှည့်လည်ရာ ဆွမ်းခံရွာ၌၊ သရဇံ- မြူမှုန်နှင့် တကွသော၊ ပတ္တံ- သပိတ်ကို၊ ဘိက္ခုဿ- အခြားရဟန်းအား၊ သစေ ဒေတိ- အံ့၊ ဧဝံ သတိ၊ သော- ထိုပေးရာရဟန်းကို၊ (ဘိက္ခုနာ- ပေးသော ရဟန်းသည်၊) ဝတ္တဗ္ဗော- ပြောဆိုထိုက်၏၊ ကိံ။ "ဣမံ- ဤသပိတ်ကို၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ဘိက္ခံ- ဆွမ်းကို၊ ဂဏှာယျာသိ ဝါ- ခံယူမူလည်း ခံယူပါလော၊ ပရိဘုဉ္ဇေယျာသိ ဝါ- သုံးဆောင်မူလည်း သုံးဆောင်ပါလော၊" ဣတိ- သို့၊ ဝတ္တဗ္ဗော။ တေန- ထိုပေးရာ ရဟန်းသည်၊ တထာ- ထိုပြောသည့်အတိုင်း၊ ကာတဗ္ဗံ- ပြုရာ၏၊ ရဇံ- မြူမှုန်သည်၊ ဥပရိ- ဆွမ်း၏အပေါ်၌၊ သစေ ဥပ္ပိလဝတိ- အကယ်၍ ပေါလောပေါ်နေအံ့၊ ဧဝံ သတိ၊ ကဋ္ဌိကံ- ပအုန်းရည်ကို၊ ပဝါ- ဟေတွာ- မျှောပစ်၍၊ ဝါ- ငဲ့ပစ်၍၊ သေသံ- အကြွင်းကို၊ ဘုဉ္ဇိတဗ္ဗံ- စားရာ၏၊ (ဆွမ်းထဲ၌ ပအုန်းရည်ပါနေ၍ မြူမှုန်တွေ ပေါလောပေါ်နေလျှင်၊ ပအုန်းရည်ကို ဥပလက္ခဏာနည်းဖြင့် မှတ်ဆိုသည်၊ နို့ရည် ဟင်းရည်စသည်တို့ကိုပါ ယူရမည်။) ရဇံ- မြူမှုန်သည်၊ အန္တော- ဆွမ်း၏အတွင်း၌၊ ပဝိဋ္ဌံ- ဝင်ပြီးသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ပဋိဂ္ဂဟေတဗ္ဗံ- အကပ်ခံရာ၏၊ အနုပသမ္ပန္နေ- လူသာမဏေသည်၊ အသတိ- မရှိလသော်၊ ဟတ္ထတော- လက်မှ၊ အမောစေန္တေ- နေဝ- မလွှတ်ဘဲသာလျှင်၊ (လက်ကလွှတ်လိုက်ပြီးမှ သပိတ်ကို ပြန်ယူလျှင် ဥဂ္ဂဟိတက ဒုက္ကဋ်အာပတ်သင့်နိုင်သောကြောင့် "ဟတ္ထတော အမောစေန္တေ နေဝ"ဟု ဆိုသည်၊) ယတ္ထ- အကြင်အရပ်၌၊ အနုပသမ္ပန္နော- သည်၊ အတ္ထိ၊ တတ္ထ- ထိုလူသာမဏေရှိရာ အရပ်သို့၊ နေတွာ- သပိတ်ကို ဆောင်ယူ၍၊ ပဋိဂ္ဂဟေတဗ္ဗံ- အကပ်ခံရာ၏၊ သုက္ခဘတ္တေ- ခြောက်သော ထမင်း၌၊ (ဟင်းရည်စသည်ဖြင့် မလူးအပ်သော ထမင်းသန့်သန့်ကို "သုက္ခဘတ္တ"ဟု ဆိုသည်၊) ပတိတရဇံ- ကျသော မြူမှုန်ကို၊ အပနေတွာ- ဖယ်ရှား၍၊ ဘုဉ္ဇိတုံ၊ ဝဋ္ဋတိ၊ ရဇံ-

---

အကျွမ်းဝင်သောအားဖြင့် အကပ်ခံ၍ဖြစ်စေ စားလျှင် အပြစ်မရှိဟူသော စကားကို ဆိုရသည်၊ စင်စစ်မှာမူ- အခြားသူအားပေးမည်ဟု စိတ်ဖြစ်ရုံမျှဖြင့် ထိုဆွမ်းသည် သူများဥစ္စာ မဖြစ်နိုင်ပါ၊ ထို့ကြောင့် လူသာမဏေအား မပေးဘဲလည်း အကပ်ခံ၍ သုံးဆောင်ခြင်းငှာ အပ်သည်။ (သာရတ္ထ၊၃၊၇၁။)

http://www.dhammadownload.com

သည်၊ အတိသုခုမံ- အလွန် သိမ်မွေ့သည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ဥပရိ ဘတ္တောန- အပေါ်ယံ ထမင်းနှင့်၊ သဒ္ဓိံ- တကွ၊ အပနေတဗ္ဗံ- ဖယ်ရှားရာ၏၊ ပဋိဂ္ဂဟေတွာ ဝါ- အကပ်ခံ၍သော်လည်း၊ ဘုဉ္ဇိတဗ္ဗံ- စားရာ၏။

ယာဂုံ ဝါ- ယာဂုကိုသော်လည်းကောင်း၊ သူပံ ဝါ- ဟင်းရည်ကိုသော်လည်းကောင်း၊ ပုရတော- (သပိတ်ဖြင့် ဆွမ်းစားနေသော ရဟန်း၏) ရှေ့၌၊ ဌပေတွာ- ချထား၍၊ အာလုဠေန္တာနံ- မွှေနေသော လူသာမဏေတို့၏၊ ဘာဇနတော- အိုးခွက်မှ၊ ဖုသိတာနိ- ယာဂုပေါက် ဟင်းရည်ပေါက်တို့သည်၊ ဥဂ္ဂန္တွာ- အထက်သို့ တက်၍၊ ပတ္တေ- (ရဟန်း၏) သပိတ်၌၊ သစေ ပတန္တိ- အကယ်၍ ကျကုန်အံ့၊ ဧဝံ သတိ၊ ပတ္တော- ကို၊ ပဋိဂ္ဂဟေတဗ္ဗော- ထပ်၍ အကပ်ခံထိုက်၏၊ (ရဟန်း၏ အနီးသို့ ယူလာ၍ မြေပေါ်၌ ချထားသည့်အတွက် ထိုယာဂုပေါက် ဟင်းရည်ပေါက်ကို ရှေးရှုဆောင်ခြင်း မရှိသောကြောင့် ထပ်၍ အကပ်ခံရသည်။)

၁၀၇။ ဥဠုင်္ကေန- ယောက်ချိုဖြင့်၊ အာဟရိတွာ- ဆောင်ယူ၍၊ ဒေန္တာနံ- ပေးကုန်သော လူသာမဏေတို့၏၊ ပဌမတရံ- မထည့်မီရှေးဦးစွာ၊ ဥဠုင်္ကတော- ယောက်ချိုမှ၊ ဝါ- ဇွန်းကြီးမှ၊ ထေဝါ- ဟင်းရည်ပေါက်တို့သည်၊ ပတ္တေ- ၌၊ သစေ ပတန္တိ၊ ဧဝံ သတိ၊ သုပတိတာ- ကောင်းစွာကျကုန်သည်၊ ဟောန္တိ၊ အဘိဟဋ္ဌတ္တာ- ရှေးရှုဆောင်ယူအပ်သည်၏ အဖြစ်ကြောင့်၊ ဒေါသော- ဒန္တ ပေါဏသိက္ခာပုဒ်အရ အပြစ်သည်၊ နတ္ထိ။ စရုကေန- အိုးငယ် (ခွက်ငယ်) ဖြင့်၊ (စရုကေနာတိ ခုဒ္ဒကဘာဇနေန- ဋီကာ။) ဘတ္တေ- ထမင်းကို၊ အာကိရိယ မာနေ- လောင်းထည့်အပ်သော်၊ စရုကတော- မှ၊ မသိ ဝါ- မီးသွေးသည်သော်လည်းကောင်း၊ ဆာရိကာ ဝါ- ပြာသည်သော်လည်းကောင်း၊ သစေပိ ပတတိ၊ ဧဝံ သတိပိ၊ အဘိဟဋ္ဌတ္တာ- ကြောင့်၊ ဒေါသော- သည်၊ နေဝ အတ္ထိ- မရှိပင်

ပဋိဂ္ဂဟေတွာ ဝါ ဘုဉ္ဇိတဗ္ဗံ။ ။ ဆွမ်းစားနေစဉ် ဆွမ်းပွဲ၌ မြူမှုန်ကျခဲ့ပါလျှင် ဆွမ်းပွဲတစ်ခုလုံးကိုဖြစ်စေ, မြူမှုန်ကျကြောင်းထင်ရှားသော ဆွမ်းခွက်ဟင်းခွက်ကို ဖြစ်စေ ပြန်အကပ်ခံပြီးမှသာ ဆက်လက်စားသင့်သည်၊ အကပ်မခံဘဲစားပါက ယင်းကျရောက်သော မြူမှုန်အတွက် အဒိန္နာဒါနသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်နိုင်ပါသည်။

ဒေါသော နတ္ထိ။ ။ ရှေးရှုဆောင်ခြင်း အင်္ဂါနှင့်ပြည့်စုံသောကြောင့် ယောက်ချိုး (ဟင်းလိုက်ဇွန်းကြီး) မှ လောင်းထည့်မီ ယာဂုပေါက် ဟင်းရည်ပေါက် ကျသွားသော်လည်း ဒန္တပေါဏသိက္ခာပုဒ်အရ အပြစ်မရှိပါ။

http://www.dhammadownload.com

တည်း၊ အနန္တရဿ- အခြားမဲ့ဖြစ်သော၊ ဘိက္ခုနော- အား၊ ဒီယမာနံ- ပေးအပ်သော ခဲဖွယ်သည်၊ ပတ္တတော- သပိတ်မှ၊ ဥပ္ပတိတ္တာ- ခုန်တက်၍၊ ဣတရဿ- အခြားသော ရဟန်း၏၊ ပတ္တေ- ၌၊ သစေ ပတတိ၊ ဧဝံ သတိ၊ သုပတိတံ- ကောင်းစွာ ကျသည်၊ ဟောတိ၊ ဟိ- မှန်၊ တံ- ထိုခဲဖွယ်သည်၊ ပဋိဂ္ဂဟိတမေဝ- အကပ်ခံပြီးသည်သာ၊ ဟောတိ။ (သပိတ်ထဲကျတုန်းကပင် အကပ်ခံပြီးဖြစ်သည်။) ဇဏ္ဍရိသာခါဒီ- ဟင်းခါးပန်းတူခက်အစရှိသည်ကို၊ ဖာလေတွာ- ခွဲ၍၊ ဝါ- ခြမ်း၍၊ ဧကဿ- တစ်ပါးသော၊ ဘိက္ခုနော- အား၊ ဒေန္တာနံ- ပေးကုန်စဉ်၊ သာခတော- အခက်မှ၊ ဖုသိတာနိ- အပေါက်တို့သည်၊ (အမှုန်အဖတ်များ၊) အညဿ- အခြားရဟန်း၏၊ ပတ္တေ- ၌၊ သစေ ပတန္တိ၊ ဧဝံ သတိ၊ ပတ္တော- ကို၊ ပဋိဂ္ဂဟေတဗ္ဗော- အကပ်ခံထိုက်၏၊ ယဿ- အကြင် ရဟန်း၏၊ ပတ္တဿ- သပိတ်၏၊ ဥပရိ- အထက်၌၊ ဖာလေန္တိ- ခွဲစိပ်ကုန်အံ့၊ တဿ- ထိုရဟန်း၏၊ ပတ္တေ-၌၊ ဖုသိတေသု- (အမှုန်အဖတ်) အပေါက်တို့သည်၊ ပတိတေသု- ကျကုန်လသော်၊ ဒါတုကာမတာယ- ပေးလိုသည်၏ အဖြစ်ဖြင့်၊ အဘိဟဋ္ဌတ္တာ- ကြောင့်၊ ဒေါသော၊ နတ္ထိ၊ ပါယာသဿ- နို့ယနာဖြင့်၊ ပူရေတွာ- ပြည့်စေ၍၊ ပတ္တံ- ကို၊ သစေ ဒေန္တိ- ကုန်အံ့၊ ဥဏ္ဟတ္တာ- ပူသည်၏အဖြစ်ကြောင့်၊ ဟေဋ္ဌာ- အောက်၌၊ ဝါ- အောက်က၊ ဂဟေတုံ- ခံယူခြင်းငှာ၊ သစေ န သက္ကောတိ- အကယ်၍ မစွမ်းနိုင်အံ့၊ ဧဝံ သတိ၊ မုခဝဋ္ဋိယာပိ- သပိတ်နှုတ်ခမ်း၌လည်း၊

လောင်းထည့်ပြီးမှ ယောက်ချိုကို ပြန်ယူသောအခါ ယာဂုပေါက် ဟင်းရည်ပေါက်များ ကျသွားပါသော်လည်း အလားတူပင် ရှေးရှုဆောင်ယူအပ်သည်၏ အဖြစ်ကြောင့် အပြစ်မရှိသည်သာဟု ဆိုကြသည်။ (သာရတ္ထ၊၃၊၇၁။)

အဘိဟဋ္ဌတ္တာ-ဟူသောစကားကို ပေးဆဲခဏကို ရည်၍ဆိုသည်၊ ပေးပြီးသည့်နောက် ပြန်လည်ရုပ်သိမ်းရာ အခါ၌ကား ပြာဖြစ်စေ ယာဂုပေါက် ဟင်းရည်ပေါက်များဖြစ်စေ ကျလျှင် ရှေးရှုဆောင်ခြင်း ကင်းပြီးဖြစ်သောကြောင့် ပြန်အကပ်ခံရမည်ဟု ဆိုကြသည်။ (ဝိမတိ၊၂၃၆။)

ဤစကားသည် မကျအောင်ရုပ်သိမ်းမည်ဟု နှလုံးသွင်း၍ ရုပ်သိမ်းသည့် အခါမျိုးမှာ သင့်ပါသည်၊ ကျပစေဟူသော နဂိုရှိတိုင်း သညာဖြင့် ရုပ်သိမ်းခဲ့ပါမူ ရှေးရှုဆောင်ခြင်း မပြတ်ပါ၊ သို့ဖြစ်၍ ယင်းပြာနှင့် ယာဂုအစက်အပေါက် ဟင်းရည်အစက်အပေါက်များသည် အကပ်ခံပြီးပင် ဖြစ်တော့သည်။ (ဝိမတိ၊၂၃၆။)

အကပ်ခံမည့်ပဂ္ဂိုလ်ဆီသို့ ရှေးရှုဆောင်ယူမှုကိုသာ အဘိဟာရ-ခေါ်သည်၊ ကပ်သော ပုဂ္ဂိုလ် (ပေးသောပုဂ္ဂိုလ်) ဆီသို့ ပြန်ဆောင်ခြင်းကို "အဘိဟာရ"ခေါ်သည်မဟုတ်။

http://www.dhammadownload.com

ဂဟေတုံ့၊ ဝဋ္ဋတိ။ (ပူသော နို့ယနာဖြင့် ပြည့်နေသော သပိတ်ကို ကပ်သောအခါ သပိတ် အောက်ကမခံယူနိုင်လျှင် သပိတ်နှုတ်ခမ်းကို ကိုင်၍လည်း အကပ်ခံနိုင်သည်။) တထာပိ- ထိုအခြင်းအရာအားဖြင့်လည်း၊ (သပိတ်နှုတ်ခမ်းကို ကိုင်၍လည်း၊) ဂဟေတုံ့၊ သစေ န သက္ကောတိ၊ ဧဝံ သတိ၊ အာဓာရကေန- သပိတ်ခြေဖြင့်၊ ဂဟေတဗ္ဗော- ခံယူထိုက်၏၊ (သပိတ်ခြေက ကာယပဋိဗဒ္ဓ ဖြစ်သောကြောင့် ခံယူနိုင်သည်။)

အာသနသာလာယ- ရွာတွင်းဆွမ်းစားဇရပ်၌၊ ပတ္တံ- သပိတ်ကို၊ ဂဟေတွာ-၍၊ နိသိန္နော- ထိုင်နေသော၊ ဘိက္ခု- သည်၊ နိဒ္ဒံ- အိပ်ငိုက်ခြင်းသို့၊ ဩက္ကန္တော- သက်ရောက်သည်၊ ဟောတိ- ဖြစ်အံ့၊ အာဟရိယမာနံ- ဆောင်ယူအပ်သည်ကို၊ နေဝ ဇာနာတိ- မသိအံ့၊ ဒီယမာနံ- ပေးအပ်သည်ကို၊ န ဇာနာတိ- မသိအံ့၊ ဧဝံ သတိ- ဤသို့ မသိလသော်၊ အပ္ပဋိဂ္ဂဟိတံ- အကပ်မခံအပ်သည်၊ ဝါ-အကပ်မမြောက်သည်၊ ဟောတိ။ ပန- ဆက်၊ အာဘောဂံ- အကပ်ခံမည်ဟု နှလုံးသွင်းမှုကို၊ ကတ္တာ- ၍၊ နိသိန္နော- ထိုင်နေသည်၊ (မငိုက်ခင်က နှလုံးသွင်း၍ ထိုင်နေသည်၊) သစေ ဟောတိ၊ ဧဝံ သတိ၊ ဝဋ္ဋတိ- အပ်၏။ (အကပ်မြောက်သည်ဟု ဆိုလိုသည်။)

သော- ထိုငိုက်နေသော ရဟန်းသည်၊ ဟတ္ထေန- ဖြင့်၊ အာဓာရကံ- သပိတ်ခြေကို၊ မုဉ္စိတွာ- လွှတ်၍၊ ပါဒေန- ခြေဖြင့်၊ ပေလ္လေတွာ- နှိပ်ထား၍၊ သစေပိ နိဒ္ဒါယတိ- အကယ်၍မူလည်း ငိုက်နေစေဦးတော့၊ ဧဝံ သတိပိ- ဤသို့ ငိုက်နေပါသော်လည်း၊ ဝဋ္ဋတိယေဝ- အပ်သည်သာ။ (အကပ်မြောက်သည်သာ။) ပန-ထိုသို့ပင် အပ်ပါသော်လည်း၊ ပါဒေန- ဖြင့်၊ အာဓာရကံ- ကို၊ အက္ကမိတွာ-နင်း၍၊ ပဋိဂ္ဂဏှန္တဿ- ခံယူသော ရဟန်း၏၊ ဇာဂရန္တဿပိ- နိုးနေသော ရဟန်း၏သော်မှလည်း၊ အနာဒရပဋိဂ္ဂဟဏံ- မရိုမသေ ခံယူခြင်းသည်၊ ဟောတိ။ တသ္မာ- ထို့ကြောင့်၊ န ကတ္တဗ္ဗံ- မပြုထိုက်၊ ကေစိ- အချို့သော ဒဘယဂိရိဝါသီဆရာတို့သည်၊ "ဧဝံ- ဤသို့၊ အာဓာရကေန- ဖြင့်၊ ပဋိဂ္ဂဟဏံ- သည်၊ ကာယပဋိဗဒ္ဓပဋိဗဒ္ဓေန- ကိုယ်နှင့်စပ်သော ဝတ္ထုနှင့်စပ်သော ဝတ္ထုဖြင့်၊ ပဋိဂ္ဂဟဏံ နာမ- အကပ်ခံခြင်းမည်သည်၊ ဟောတိ။ တသ္မာ၊ န ဝဋ္ဋတိ- မအပ်၊"

ထို့ကြောင့် ဟင်းလိုက်ပြီး၍ ယောက်ချိုစသည်ကို ပြန်လည်ရုပ်သိမ်းသည့်အခါမှာ ပြာများ ယာဂုအစက်အပေါက် ဟင်းရည်အစက်အပေါက်များ စားနေသော ဟင်းခွက်များပေါ် သို့ ကျလျှင် ပြန်အကပ်ခံမှ အပ်သည်၊ ပြန်အကပ်မခံဘဲ မစားရ၊ ဆရာများက ဤသို့ မိန့်တော်မူကြသည်။

http://www.dhammadownload.com

ဣတိ၊ ဝဒန္တိ၊ (သပိတ်သည် ကာယပဋိဗဒ္ဓ၊ သပိတ်ခြေသည် ကာယပဋိဗဒ္ဓ ပဋိဗဒ္ဓဟူ၏) တံ- ထိုစကားသည်၊ တေသံ- ထိုကေစိဆရာတို့၏၊ ဝစနမတ္တ-မေဝ- စကားမျှသာတည်း၊ အတ္ထတော ပန- အနက်အဓိပ္ပါယ်အားဖြင့်ကား၊ ဧတံ သဗ္ဗမ်ိ- ဤအလုံးစုံသော သပိတ် သပိတ်ခြေသည်လည်း၊ ကာယပဋိဗဒ္ဓ-မေဝ- ကိုယ်နှင့် စပ်သော ဝတ္ထုသည်သာ၊ ဟောတိ။ (ပဋိဗဒ္ဓ ပဋိဗဒ္ဓဟူသော သဒ္ဒါမျှသာ ထူးသည်၊ အနက်သဘောအားဖြင့် ကာယပဋိဗဒ္ဓမျှသာဖြစ်သည်၊ ထို့ကြောင့် ထိုကေစိဆရာတို့၏ စကားမသင့်၊ ဝိမတိ၊၃၆။) စ- ဆက်၊ ကာယ-သံသဂ္ဂေပိ- ကာယသံသဂ္ဂသိက္ခာပုဒ်၌လည်း၊ ဧသ နယော- ဤနည်းကို၊ ဒဿိ-တော- ပြအပ်ပြီ။ (ကာယပဋိဗဒ္ဓဖြင့် တို့ရာ၌ ထုလ္လစ္စဉ်းအာပတ်သင့်သကဲ့သို့ ကာယပဋိဗဒ္ဓ ပဋိဗဒ္ဓဖြင့်တို့ရာ၌လည်း ထုလ္လစ္စဉ်းဟုပင် ဆိုခဲ့သည်။)

ယမ္ပိ- အကြင်ခဲဖွယ်ဘောဇဉ်သည်လည်း၊ ဘိက္ခုဿ- အား၊ ဒီယမာန်-ပေးအပ်စဉ်၊ ပတတိ- လျောကျသွား၏၊ (ဒါယကာလက်မှ လျောကျသွားသည်၊) တမ္ပိ- ထိုခဲဖွယ်ဘောဇဉ်သည်လည်း၊ ဝါ- ကိုလည်း၊ သာမံ- ရဟန်းကိုယ်တိုင်၊ ဂဟေတွာ- ကောက်ယူ၍၊ ပရိဘုဉ္ဇိတုံ- သုံးဆောင်ခြင်းငှာ၊ ဝဋ္ဋတိ။ တတြ-ထိုသို့ကောက်ယူသုံးဆောင်ကောင်းရာ၌၊ "အနုဇာနာမိ ဘိက္ခဝေ။ပ။ ဒါယကေ ဟီ"တိ- ဟိဟူ၍၊ ဝါ- ဟူသော၊ ဣဒံ သုတ္တံ- ဤပါဠိတော်သည်၊ ဟောတိ။

> "ဘိက္ခဝေ- ရဟန်းတို့၊ ယံ- အကြင်ခဲဖွယ်ဘောဇဉ်သည်၊ ဒီယမာန်-ပေးအပ်စဉ်၊ ပတတိ- လျောကျသွား၏၊ တံ- ထိုခဲဖွယ်ဘောဇဉ်ကို၊ သာမံ-ရဟန်းကိုယ်တိုင်၊ ဂဟေတွာ- ကောက်ယူ၍၊ ပရိဘုဉ္ဇိတုံ- ငှာ၊ အနု ဇာနာမိ။ ဘိက္ခဝေ- တို့ တံ- ထိုခဲဖွယ်ဘောဇဉ်ကို၊ ဒါယကေဟိ- ဒါယကာတို့သည်၊ ပရိစ္စတ္တံ- စွန့်လွှတ်အပ်ပြီ။"

စ ပန- ဆက်၍ အထူးပြဆိုဦးအံ့၊ ဣဒံ သုတ္တံ- ဤပါဠိတော်သည်၊ နေယျတ္ထံ-ပုဒ်တစ်ပါးကို ဆောင်၍သိအပ်သော အနက်ရှိသည်၊ ဝါ- အခြားစကားဖြင့် သိစေထိုက်သော အနက်ရှိသည်၊ ဟောတိ။

တသ္မာ- ကြောင့်၊ ဧဝံ- သို့၊ ဧတ္ထ- ဤပါဠိတော်၌၊ အဓိပ္ပါယော- ဘုရားရှင်၏ အလိုတော်ကို၊ ဝေဒိတဗ္ဗော- သိထိုက်၏။ ယံ- အကြင် ခဲဖွယ်ဘောဇဉ်သည်၊ ဒီယမာန်- ပေးအပ်စဉ်၊ ဒါယကဿ- ၏၊ ဟတ္ထတော- မှ၊ ပရိဂဋိတ္တာ- လျောကျ၍၊ သုဒ္ဓါယ- သန့်ရှင်းစင်ကြယ်သော၊ ဘူမိယာ ဝါ- မြေ၌သော်လည်းကောင်း၊ ပဒုမိနိပဏ္ဏေ ဝါ- ပဒုမ္မာကြာရွက်၌သော်လည်းကောင်း၊ ဝတ္ထကဋ္ဌသာရကာဒီသု ဝါ- အဝတ် သင်ဖြူးအစရှိသည်တို့၌သော်လည်းကောင်း၊ ပတတိ- လျောကျ၏၊

http://www.dhammadownload.com

တံ- ထိုခဲဖွယ်ဘောဇဉ်သည်၊ ဝါ- ကို၊ သာမံ၊ ဂဟေတွာ၊ ပရိဘုဉ်တုံ ဝဋ္ဋတိ။

ပန- ဆက်၊ ယံ- အကြောင်ခဲဖွယ် ဘောဇဉ်သည်၊ သရဇာယ- မြူမှုန်နှင့်တကွ ဖြစ်သော၊ ဘူမိယံ- မြေ၌၊ ပတတိ- ကျ၏၊ တံ- ထိုခဲဖွယ်ဘောဇဉ်ကို၊ ရဇံ- မြူမှုန်ကို၊ ဝါ- ဖုံကို၊ ပုဉ္ဆိတွာ ဝါ- သုတ်၍သော်လည်းကောင်း၊ ဓောဝိတွာ ဝါ- ဆေး၍သော်လည်းကောင်း၊ ပဋိဂ္ဂဟေတွာ ဝါ- အကပ်ခံ၍သော်လည်းကောင်း၊ ပရိဘုဉ်္ဇိတဗ္ဗံ- ထိုက်၏၊ ပဝဋ္ဋန်- လိမ့်လျက်၊ အညဿ- သော၊ ဘိက္ခုနော- ၏၊ သန္တိကံ- အနီးသို့၊ သစေ ဂစ္ဆတိ- အကယ်၍သွားအံ့၊ ဧဝံ သတိ၊ တေန- ထိုအခြား ရဟန်းသည်၊ ဝါ- ကို၊ အာဟရာပေတုမ္ပိ- မိမိအထံသို့ ဆောင်ယူစေခြင်းငှာလည်း၊ ဝဋ္ဋတိ- အပ်၏၊ (မူလပေးရာပုဂ္ဂိုလ်က လိမ့်သွားသော အရာဝတ္ထုကို ယူခဲ့စမ်းပါဟု အခြားရဟန်းကို စေခိုင်းခြင်းငှာ အပ်သည်) တံ ဘိက္ခု- ထိုရဟန်းကို၊ "တွံယေဝ- အရှင်ဘုရားသည်သာ၊ ခါဒ- ခဲစားပါတော့၊" ဣတိ- ဤသို့၊ သစေ ဝဒတိ- (မူလအကပ်ခံသော ရဟန်းက) အကယ်၍ ပြောအံ့၊ ဧဝံ သတိ၊ တဿပိ- ထိုရဟန်းအားလည်း၊ ခါဒိတုံ- ခဲခြင်းငှာ၊ ဝဋ္ဋတိ။ ပန- ဆက်၊ အနာဏတ္တေန- မူလရဟန်းက မစေခိုင်းအပ်ဘဲ၊ တေန- ထိုအခြား ရဟန်းသည်၊ န ဂဟေတဗ္ဗံ- မကောက်ယူထိုက်၊ "အနာဏတ္တေန- မစေခိုင်းအပ်သည်၊ သမာနေနပိ- ဖြစ်ပါသော်လည်း၊ ဣတရဿ- အခြားရဟန်းအား၊ (မူလအကပ်ခံသော ရဟန်းအား) ဒဿာမိ- ပေးအံ့၊" ဣတိ- ဤသို့ကြံ၍၊ ဂဟေတုံ၊ ဝဋ္ဋတိ။ ဣတိ **ကုရုန္ဒိယံ**၊ ဝုတ္တံ။

ပန- ဆက်၊ ကသ္မာ- ကြောင့်၊ ဧတံ- ဤခဲဖွယ်ဘောဇဉ်သည်၊ ဝါ- ကို၊ ဣတရဿ- မူလအကပ်ခံသော ရဟန်းမှ တစ်ပါးသော၊ ဘိက္ခုနော- အား၊ ဂဟေတုံ- ယူခြင်းငှာ၊ န ဝဋ္ဋတိ- မအပ်သနည်း၊ ဣတိ- ဤကား အမေးတည်း၊ ဘဂဝတာ- သည်၊ အနနုညာတတ္တာ- ခွင့်ပြုတော် မမူအပ်သည်၏ အဖြစ်ကြောင့်၊ ဣတရဿ၊ ဘိက္ခုနော၊ ဂဟေတုံ၊ န ဝဋ္ဋတိ၊ ဣတိ- ဤကား အဖြေတည်း၊ ဟိ- ချဲ့၊ "သာမံ ဂဟေတွာ ပရိဘုဉ်္ဇိတု"န္တိ- တုံဟူ၍၊ ဝဒန္တေန- (သာမံပုဒ်ကို ထည့်၍) မိန့်တော်မူသော၊ ဘဂဝတာ- သည်၊ ယဿ- အကြောင် ရဟန်းအား၊ တံ- ထိုခဲဖွယ်ဘောဇဉ်သည်၊ ဒီယမာနံ- ပေးအပ်စဉ်၊ ပတတိ- လျောကျ၏၊ တဿ ဧဝ- ထိုရဟန်းအားသာ၊ ဝါ- ၏သာ၊ အပ္ပဋိဂ္ဂဟိတံ- အကပ်မခံအပ်သည်၊ သမာနံပိ- သော်လည်း၊ တံ- ထိုခဲဖွယ် ဘောဇဉ်ကို၊ ဂဟေတွာ- ကိုယ်တိုင်ကောက်ယူ၍၊ ပရိဘောဂေါ- သုံးဆောင်ခြင်းကို၊ အနုညာတော- ခွင့်ပြုတော်မူအပ်ပြီ၊ ပန- ဆက်၊ ဧတ္ထ- ဤပါဠိတော်စကားရပ်တို့တွင်၊ "ပရိစ္စတ္တံ တံ

http://www.dhammadownload.com

ဘိက္ခဝေ ဒါယကေဟိ"တိ ဝစနေန- ဟိဟူသော စကားတော်ဖြင့်၊ ပရသန္တကဘာဝေါ- တစ်ပါးသော ရဟန်း၏ ဥစ္စာ၏ အဖြစ်ကို၊ (ပရသန္တကာဘာဝေါ- သူတစ်ပါးဥစ္စာ မဟုတ်သည်၏ အဖြစ်ကို၊ ဝိ၊ဌ၊ဥ၊၁၁၃။) ဒီပိတော- ပြတော်မူအပ်ပြီ၊ တသ္မာ- ကြောင့်၊ အညဿ- အခြားသော ရဟန်းအား၊ ဝါ- ၎င်း၊ သာမံ၊ ဂဟေတ္ဝာ၊ ပရိဘုဉ္ဇိတုံ၊ န ဝဋ္ဋတိ။ ပန- အနန္တယကား၊ တဿ- ထိုရဟန်း၏၊ အာဏတ္တိယာ- စေခိုင်းခြင်းကြောင့်၊ ဂဟေတ္ဝာ၊ ပရိဘုဉ္ဇိတုံ၊ ဝဋ္ဋတိ၊ (မူလအကပ်ခံသော ရဟန်းက ယူခဲ့စမ်းပါဟု စေခိုင်းလျှင်လည်း အပ်သည်၊ "အရှင်ဘုရားသာ စားပါတော့"ဟုပြောလျှင်လည်း ကောက်ယူစားခြင်းငှာ အပ်သည်ဟု ဆိုလိုသည်။) ဇ္ဈ်ဟိ အယံ- ဤဆိုအပ်ပြီးသည်ကား၊ ဧတ္ထ- ဤပါဠိတော်၌၊ အဓိပ္ပါယော- ဘုရားရှင်၏ အလိုတော်သည်၊ ဟောတိ ကိရ- ဖြစ်သတတ်။

စ- ဆက်၊ ယသ္မာ- ကြောင့်၊ ဧတံ- ဤခဲဖွယ်ဘောဇဉ်ကို၊ အပ္ပဋိဂ္ဂဟိတကတ္တာ- အကပ်မခံအပ်သေးသည်၏ အဖြစ်ကြောင့်၊ အနုညာတံ- တမင််လာခွင့်ပြုတော်မူအပ်ပြီ၊ တသ္မာ- ကြောင့်၊ ယထာဌိတံယေဝ- အကြင်အကြင်တည်မြဲတိုင်းသော ခဲဖွယ်ဘောဇဉ်ကိုပင်၊ အနာမသိတ္ဝာ- မသုံးသပ်မူ၍၊ (လက်စသည်ဖြင့် မထိမကိုင်မူ၍၊) ကေနစိ- တစ်စုံတစ်ခုဖြင့်၊ ပိဒဟိတ္ဝာ- ပိတ်ဖုံး၍၊ ဌပိတံ- ထားအပ်သည်၊ သမာနံ- သော်၊ ဒုတိယဒိဝသေပိ- ၌လည်း၊ ပရိဘုဉ္ဇိတုံ- ၎၊ ဝဋ္ဋတိ။ သန္နိဓိပစ္စယာ- သန္နိဓိဟူသော အကြောင်းကြောင့်၊ အနာပတ္တိသည်၊ ဟောတိ။ ပန- ထိုသို့ပင် ဒုတိယနေ့၌ သုံးဆောင်ကောင်းပါသော်လည်း၊ ပဋိဂ္ဂဟေတ္ဝာ- အကပ်ခံပြီး၍၊ ဝါ- မှ၊ ပရိဘုဉ္ဇိတဗ္ဗံ- သုံးဆောင်ထိုက်၏။ ဟိမှန်၊ တံ ဒိဝသံယေဝ- (အကပ်ခံစဉ် လျှောက္ခရာ) ထိုပထမနေ့၌သာ၊ တဿ- ထိုရဟန်းအား၊ သာမံ- ကိုယ်တိုင်၊ ဂဟေတ္ဝာ- ယူ၍၊ ပရိဘောဂေါ- သုံးဆောင်ခြင်းကို၊ အနုညာတောဟု- ခွင့်ပြုတော်မူအပ်ပြီ၊ တတော- ထိုအကပ်ခံရာ နေ့မှ၊

ယသ္မာ။မ။ ပရိဘုဉ္ဇိတဗ္ဗံ။ ။ မူလအကပ်ခံသော ပုဂ္ဂိုလ်အတွက် အကပ်မခံဘဲ ပင် သုံးဆောင်ရန် ခွင့်ပြုတော်မူသောကြောင့် အကပ်မခံရသေးဟူသော သဘော သက်ရောက်နေသည်၊ သို့ဖြစ်၍ ကျရာအရပ်၌ တည်မြဲတိုင်းသော ခဲဖွယ်ဘောဇဉ်ကို လက်ဖြင့် မကိုင်တွယ်ဘဲ တစ်စုံတစ်ခုဖြင့် ဖုံးအုပ်ထားလျှင် နောက်နေ့၌လည်းသုံးဆောင်ကောင်းသည်၊ ရှေ့နေ့က အကပ်မခံခဲ့သောကြောင့် သန္နိဓိပါစိတ်အာပတ်လည်း မသင့်၊ သို့သော် နောက်နေ့၌ကား ရှေ့နေ့ကကဲ့သို့ ကိုယ်တိုင်ကောက်ယူ၍ မစားကောင်း၊ အကပ်ခံ၍သာ စားရမည်၊ (လက်ဖြင့် ကိုင်တွယ်မိက နောက်တစ်နေ့၌ စားလျှင် ဥဂ္ဂဟိတကပစ္စည်းကို အကပ်ခံ၍ စားသည်နှင့် တူသောကြောင့်၊ အနာမသိတ္ဝာ- (လက်ဖြင့်မကိုင်တွယ်ဘဲ) ဟု ဆိုထားသည်။

http://www.dhammadownload.com

ပရံ- နောက်၌၊ ပရိဘောဂေါ- ကို၊ နှ အနုညာတော- ခွင့်ပြုတော်မမူအပ်၊ ဣတိ အယမ္မိ- ဤဆိုအပ်ပြီးသော အနက်သည်လည်း၊ အဓိပ္ပါယော- ဘုရားရှင်၏အလိုတော်သည်၊ ဟောတိ ကိရ- ဖြစ်သတတ်။

၁၀၈။ ဣဒါနိ- ယခုအခါ၌၊ အတ္ထောဟာရိကနယော- အတ္ထောဟာရိကနည်းကို၊ ဝုစ္စတိ- ဆိုအပ်၏။ ဟိ- ချဲ့၊ ဘဉ္ဇန္တာနံ- စားနေကုန်စဉ်၊ ဝါ- စားနေသော ရဟန်းတို့၏၊ ဒန္တာ- သွားတို့သည်၊ ခီယန္တိ- ကုန်ကုန်၏၊ နခါ- လက်သည်းတို့သည်၊ ခီယန္တိ၊ ပတ္တာသ- သပိတ်၏၊ ဝဏ္ဏော- အဆင်းသည်၊ ခီယတိ- ကုန်၏၊ သဗ္ဗံ- အလုံးစုံ ကုန်သွားသော ရုပ်ကလာပ်သည်၊ အတ္ထောဟာရိကံ- ကတည်း။ (ကုန်သွားသမျှ ရုပ်ကလာပ်များသည် အကပ်မခံရဘဲ ဝမ်းထဲသို့ ရောက်သွားပါသော်လည်း ဒန္တပေါဏာသိက္ခာပုဒ်အရ ပါစိတ်အာပတ်လည်း မသင့်၊ အကပ်ပြီယမံသအတွက် ထုလ္လစ္စဉ်းလည်း မသင့်ပါ။)

သတ္ထကေန- အကပ်ခံပြီးသော ဓားငယ်ဖြင့်၊ ဥစ္ဆုအာဒီသု- ကြံအစရှိသည်တို့ကို၊ ဖာလိတေသု- ခွဲအပ်ကုန်လသော်၊ ယံ မလံ- အကြင်အညစ်အကြေးသည်၊ ပညာယတိ- ထင်ရှား၏၊ ဧတံ- ဤအညစ်အကြေးသည်၊ နဝသမုဋ္ဌိတံ နာမ-နဝသမုဋ္ဌိတမည်၏၊ ဝါ- အသစ်ဖြစ်ပေါ်လာသော အညစ်အကြေးမည်၏၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ဝါ- မှ၊ ပရိဘုဉ္ဇိတဗ္ဗံ- သုံးဆောင်ရာ၏၊ သတ္ထကံ- ဓားငယ်ကို၊ ဓောဝိတွာ- စင်အောင်ဆေးပြီး၍၊ ဥစ္ဆုအာဒီသု- တို့ကို၊ ဖာလိတေသု- လသော်၊ မလံ- သည်၊ နှ ပညာယတိ- မထင်ရှား၊ လောဟဂန္ဓ-မတ္တံ- သံ၏ အနံ့မျှသည်၊ ဟောတိ- ဖြစ်၏၊ တံ- ထိုသံ၏ အနံ့မျှသည်၊ အတ္ထောဟာရိကံ- ကတည်း၊ ယမ္မိ သတ္ထကံ- အကြင်ဓားငယ်ကိုလည်း၊ ဂဟေတွာ-

---

နဝသမုဋ္ဌိတံ။ ။ မူလကမရှိဘဲ အသစ်ဖြစ်ပေါ်လာသော အညစ်အကြေးကို၊ "နဝသမုဋ္ဌိတ"ဟု ခေါ်သည်၊ (နဝံ သမုဋ္ဌိတံ မလံ- နဝသမုဋ္ဌိတံ- အသစ်ဖြစ်ပေါ်လာသော အညစ်အကြေး။)

ဓားကိုရော ကြံကိုပါ အကပ်ခံထားပါသော်လည်း ဓားဖြင့် ကြံကို ခွဲလိုက် (အခွံနွာလိုက်) သည့်အခါမှာ ကြံပေါ်၌ အညိုရောင်ကလေးများ ပေါ်လာတတ်သည်၊ ထိုအညိုရောင်သည် မူလက ကြံ၌လည်းမရှိ၊ ဓား၌လည်း မရှိပါ၊ ကြံနှင့်ဓားကို အကပ်ခံစဉ်ကလည်း ပါလာသည်မဟုတ်၊ ကြံနှင့်ဓား ပေါင်းဆုံမိမှ အသစ်ပေါ်လာသော အညိုရောင် (အညစ်အကြေး) မျှသာ ဖြစ်ပါသည်၊ ထိုအညိုရောင်သည် မျက်စိဖြင့် မြင်ရလောက်အောင် ထင်ရှားသောကြောင့် ကြံကို ပြန်အကပ်ခံပြီးမှ သုံးဆောင်ရမည်ဟု မိန့်ဆိုထားသည်၊ မျက်စိဖြင့် မြင်ရလောက်အောင် မထင်ရှားဘဲ သံအနံ့နံ့ရုံမျှသာ ဖြစ်ပါမူကား ပြန်အကပ်ခံနေစရာ မလိုပါ။

http://www.dhammadownload.com

(အကပ်မခံဘဲ) ယူ၍၊ ပရိဟရန္တိ- သွားလေရာရာ ဆောင်ယူကြကုန်၏၊ တေန- ထိုဓားငယ်ဖြင့်၊ ဖာလိတေပိ- ခွဲအပ် (နွာအပ်) သော ခဲဖွယ်၌လည်း၊ ဧသေဝ နယော- တည်း။ (အဗွောဟာရိကပင်။) ဟိ ယသ္မာ- ကြောင့်၊ တံ- ထိုဓားငယ်ကို၊ ပရိဘောဂတ္ထာယ- သုံးဆောင်စားသောက်ရခြင်း အကျိုးငှာ၊ နပရိဟရန္တိ- သွားလေရာရာ ဆောင်ယူကြသည် မဟုတ်၊ ဣတိ တသ္မာ- ကြောင့်၊ ဧသေဝ နယော- တည်း။

မူလဘေသဇ္ဇာဒီနိ- အမြစ်ဆေး အစရှိသည်တို့ကို၊ ပိသန္တာနံ ဝါ- ကြိတ်ကုန်စဉ်သော်လည်းကောင်း၊ ကောဋ္ဌေန္တာနံ ဝါ- ထောင်းကုန်စဉ်သော်လည်းကောင်း၊ နိသဒနိသဒပေါတကဥဒုက္ခလမုသလာဒီနိ- ကျောက်ပျဉ် ကျောက်တုံး ဆုံကျည်ပွေ့စသည်တို့သည်၊ ခီယန္တိ- ကုန်ကုန်၏၊ ပရိဟရဏကဝါသိံ- သွားလေရာရာ ဆောင်ယူအပ်သော ဓားကို၊ တာပေတွာ- ပူစေ၍၊ ဘေသဇ္ဇတ္ထာယ- ဆေးအကျိုးငှာ၊ တက္ကေ ဝါ- ရက်တက်ရည်၌သော်လည်းကောင်း၊ ခီရေ ဝါ-

---

သရက်သီးစသည်ကို ဓားဖြင့်လှီးသည့်အခါမှာလည်း အလားတူပင် နဝသမုဋ္ဌိတ အညစ်အကြေးများ ဖြစ်ပေါ်လာတတ်သည်၊ သို့ဖြစ်ပေါ်လာခဲ့ပါလျှင် ပြန်အကပ်ခံပြီးမှ ဘုဉ်းပေးသင့်သည်။

ဥဂ္ဂဟိတကနှင့် သန္ဒိဓိမှတ်ပွယ်။ ။ စားသုံးရန်ပစ္စည်းမျိုးမဟုတ်က ဥဂ္ဂဟိတလည်း မဖြစ် သန္ဒိဓိလည်း မဖြစ်နိုင်ပါ၊ စားသောက်ဖို့ မဟုတ်က (ပြင်ပအသုံးအဆောင် အတွက်ဖြစ်က) ကိုယ်တိုင်ကောက်ယူ၍လည်း သိမ်းထားနိုင်သည်၊ လူသာမဏေက ပေးသည်ကို ခံယူ၍ (အကပ်ခံ၍) လည်း သိမ်းထားနိုင်သည်၊ လူသာမဏေက ပေးသည်ကို ခံယူထားသော်လည်း စားသောက်ဖို့မဟုတ်က အကပ်မမြောက်ပါ။

သို့ဖြစ်၍- သပိတ်သုတ်ဖို့ အကပ်မခံဘဲ ကိုယ်တိုင်ကောက်ယူထားသောဆီ (လူသာမဏေကပေးသောဆီ) စသည်တို့ကို အကယ်၍ စားသောက်လိုပါလျှင် အကပ်ခံ၍ စားသောက်သော ရဟန်းမှာ အာပတ်မသင့်ပါ၊ စားသောက်ဖို့ ကိုယ်တိုင်ကောက်ယူထားသော ဝတ္ထုကိုအကပ်ခံ၍ စားသောက်သော ရဟန်းမှာမူ ဥဂ္ဂဟိတကကို အကပ်ခံရာရောက်သည်၊ ဒုက္ကဋ်အာပတ်သင့်သည်၊ အကပ်မခံဘဲစားသောက်သော ရဟန်းမှာကား (ဒန္တပေါဏသိက္ခာပုဒ်အရ) ပါစိတ်အာပတ်လည်း သင့်သည်၊ စားသောက်ဖို့ပင် အကပ်ခံထားသော ဝတ္ထုကို သိမ်းထားသော ရဟန်းမှာ (ဥပမာ- ဆွမ်းနှင့်ရောစားဖို့ ဆားကိုအကပ်ခံထားသော ရဟန်းမှာ) သန္ဒိဓိပါစိတ်အာပတ် သင့်နိုင်သည်။ (သာရတ္ထ၊ ၃၊၇၂။)

ဥဒုက္ခလမုသလာဒီနိ ခီယန္တိ။ ။ ဆုံနှင့်ကျည်ပွေ့ ကုန်သွားသည့်အတွက် ကြိတ်ပြီး ထောင်းပြီးသော ဆေးများ၌ အာဂန္တုကအဆင်း (မူလဆေး၏ အရောင်မှတစ်ပါး အခြားအရောင်တစ်မျိုး) ထင်ရှားဖြစ်ပေါ်လာလျှင် မအပ်ပါ။

http://www.dhammadownload.com

အတ္တနော ဝါ- (ရဟန်းဟူသော) မိမိ (တစ်ပါးတည်း) ၏သော်လည်းကောင်း၊ ဘိက္ခူနံ ဝါ- ရဟန်းအများတို့၏သော်လည်းကောင်း၊ ယာဂုပစနကဘာဇနေ- ယာဂုကျို့ကြောင်းအိုး၌၊ (ယာဂုကျို့နေကျအိုး၌) ကေသဉ္စိ- အချို့သော ရဟန်းသာမဏေတို့၏၊ အတ္ထာယ- အကျိုးငှာ၊ ဘတ္တံ- ကို၊ သစေ ပက္ခိပတိ- အကယ်၍ ထည့်အံ့၊ ဧဝံ သတိ၊ "သာမဏေရ- သာမဏေ၊ ဘာဇနဿ- အိုး၏၊ ဥပရိ- အထက်၌၊ ဟတ္ထံ- လက်ကို၊ ကရောဟိ- ထားလော၊" ဣတိ၊ ဝတ္တာ- ၍၊ တဿ- ထိုသာမဏေ၏၊ ဟတ္ထေ- လက်ပေါ်၌၊ ပက္ခိပိတဗ္ဗံ- ထည့်ရာ၏၊ ဟိ- အကျိုးကား၊ တဿ- ထိုသာမဏေ၏၊ ဟတ္ထတော- လက်မှ၊ ဘာဇနေ- အိုးထဲ၌၊ ပတိတံ- ကျသော ဆွမ်းသည်၊ ဒုတိယဒိဝသေ- ဒုတိယနေ့၌၊ ဘာဇနဿ- အိုး၏၊ အကပ္ပိယဘာဝံ- မအပ်သည်၏ အဖြစ်ကို၊ နာ ကရောတိ- မပြု၊ (ကသ္မာ- နည်း၊) ဘတ္တဿ- ၏၊ ဝါ- ကို၊ ပရိစ္စတ္တတ္တာ- စွန့်အပ်ပြီးသည်၏ အဖြစ်ကြောင့် တည်း။ ဧဝံ- ဤသို့၊ (သာမဏေ၏ လက်ကို အိုးပေါ်၌ ဖြန့်၍ ခံထားစေမှုကို၊) အကတ္တာ- မပြုမူ၍၊ သစေ ပက္ခိပတိ- အကယ်၍ ထည့်အံ့၊ ဧဝံ သတိ၊ ပတ္တမိဝ- သပိတ်ကိုကဲ့သို့၊ ဘာဇနံ- အိုးကို၊ နိရာမိသံ- အာမိသမရှိအောင်၊ ကတ္တာ၊ ပရိဘုဉ္ဇိတဗ္ဗံ- သုံးစွဲရာ၏။

မည်ရွေ့မည်မျှယူလော်ဟု ပိုင်းခြား၍ ပေးအပ်သော အာဟာရကို ယူသော သာမဏေမူကား ယူတုန်းကပင် ကိုယ့်ဥစ္စာဟု ဆုံးဖြတ်မှုကို ပြုသောကြောင့် သာမဏေ၏ လက်သို့ ရောက်လာသော အာဟာရသည် အကပ်ကို စွန့်တော့သည်။

(သာရတ္ထ၊၃၊၇၃။)

ယာဂုကျို့အိုးမှာ ဆွမ်းထည့်လိုလျှင်။ ။ မိမိအတွက်ဖြစ်စေ ရဟန်းများအတွက် ဖြစ်စေ နေ့စဉ်ယာဂုကျို့နေသော အိုးမှာ အချို့ပုဂ္ဂိုလ်များအတွက် အကပ်ခံပြီးဆွမ်းကို ထည့်လိုလျှင် သာမဏေ၏ လက်ကို အိုးပေါ်မှာ ဖြန့်ခိုင်းထားပြီး ယင်းသာမဏေ၏ လက်ပေါ်၌ ထည့်ရမည်။

ထိုသို့ ထည့်သည့်အခါ ရဟန်း၏လက်မှ သာမဏေ၏ လက်ပေါ်သို့ ရောက်သွားသောဆွမ်းသည် အကပ်ပျက်ပြီးဖြစ်၍ အိုးထဲသို့ ရောက်သွားသော်လည်း အိုးကို မအပ်သော အိုး (သန္ဓိဓိပစ္စည်း ကပ်ငြိနေသောအိုး) ဖြစ်အောင် မလုပ်နိုင်တော့ချေ။

သာမဏေ၏လက်ကို အိုးပေါ်၌ ဖြန့်ခံမထားစေဘဲ တိုက်ရိုက်လောင်းထည့်လိုက်ပါမူကား အိုးမှာအကပ်မပျက်သေးသော ဆွမ်းများ ကပ်ငြိသွားလိမ့်မည်၊ ယင်းသို့ ကပ်ငြိနေသည့်အတိုင်းထားလျှင် ယင်းဆွမ်းများသည် နောက်တစ်ရက်မှာ သန္ဓိဓိဖြစ်လာမည်၊ ထိုအိုးဖြင့် ယာဂုကျို့လျှင် ယင်းယာဂုသည် သန္ဓိဓိပစ္စည်းနှင့် ရောသွားပေလိမ့်မည်၊ သို့ဖြစ်၍ အကပ်ခံပြီးဆွမ်းထည့်စားသော သပိတ်ကို စင်ကြယ်စွာ ဆေးရသကဲ့သို့ ထိုအိုးကိုလည်း စင်ကြယ်စွာ ဆေးပြီးမှ ယာဂုကျို့စေရမည်။

http://www.dhammadownload.com

နို့ရည်၌သော်လည်းကောင်း၊ ပက္ခိပန္တိ- ထည့်ကြကုန်၏။ (ရက်တက်ရည် နို့ရည်တို့ ပူသွားအောင် ထည့်ကြသည်၊) တတ္ထ- ထိုရက်တက်ရည်နှင့် နို့ရည်၌၊ နီလိကာ- အညိုရောင်သည်၊ ပညာယတိ- ထင်ရှားအံ့၊ ဧဝံ သတိ၊ သတ္ထကေ-ဓားငယ်၌၊ ဝုတ္တသဒိသော၀- ဆိုအပ်ပြီးသော အဆုံးအဖြတ်နှင့် တူသည် သာလျှင်ဖြစ်သော၊ ဝိနိစ္ဆယော- သည်၊ ဟောတိ။ ပန- ဆက်၊ အာမကတက္ကာ-ဒိသု- အစိမ်းဖြစ်သော ရက်တက်ရည်အစရှိသည်တို့၌၊ သယံ- ရဟန်းကိုယ်တိုင်၊ န ပက္ခိပိတဗ္ဗာ- မထည့်ထိုက်၊ စေ ပက္ခိပတိ- အကယ်၍ ထည့်အံ့၊ ဧဝံ သတိ၊ သာမံပါကတော- သာမံပါကဒုက္ကဋ်အာပတ်မှ၊ န မုစ္စတိ- မလွတ်။

ဒေ၀ေ- မိုးသည်၊ ဝဿန္တေ- ရွာလသော်၊ ပိဏ္ဍာယ- ငှာ၊ စရန္တသ- လှည့်လည်သော ရဟန်း၏၊ သရီရတော ၀ါ- ကိုယ်မှသော်လည်းကောင်း၊ စီ၀ရတော ၀ါ- သင်္ကန်းမှသော်လည်းကောင်း၊ ကိလိဋ္ဌဥဒကံ- ညစ်နွမ်းသော ရေသည်၊ ပတ္တေ- သပိတ်၌၊ သစေ ပတတိ- အကယ်၍ ကျအံ့၊ ဧဝံ သတိ၊ တံ- ထိုသပိတ်ကို၊ ပဋိဂ္ဂဟေတဗ္ဗံ- အကပ်ခံရာ၏။ (ရှေးက သပိတ်ဖုံးမပါသည့်အတွက် ရေ၀င်နိုင်သည်၊) ရုက္ခမူလာဒိသု- သစ်ပင်၏ အနီးအောက်အစရှိသော အရပ်တို့၌၊ ဘုဥ္ဇန္တာသ- ဆွမ်းစားစဉ်၊ ပတိတေပိ- ရေပေါက်ကျရာ၌လည်း၊ ဧသေ၀ နယော-တည်း။ (ထပ်အကပ်ခံရမည်၊ သစ်ပင်အောက် ဆွမ်းစားစဉ် ကျသော မိုးရေသည် သစ်ရွက် သစ်ခက်များကို ထိခိုက်ပြီးမှ ကျလာသဖြင့် အမှုန်ပါသောကြောင့် ထပ်၍အကပ်ခံရသည်။) ပန- ဆက်၊ ဒေ၀ေ- သည်၊ သတ္တာဟံ-ခုနစ်ရက်ပတ်လုံး၊ ဝဿန္တေ- ရွာလသော်၊ သုဒ္ဓံ- သန့်ရှင်းစင်ကြယ်သော၊ ဥဒကံ-ရေသည်၊ သစေ ဟောတိ၊ ဧဝံ သတိ ၀ါ- ဤသို့ဖြစ်သော်လည်းကောင်း၊ အဗ္ဘောကာသတော- လွင်တီးခေါင်မှ၊ သစေ ပတတိ၊ ဧဝံ သတိ ၀ါ- ဤသို့ကျသော်လည်းကောင်း၊ ဝဋ္ဋတိ။ (သစ်ရွက် သစ်ခက်များ သန့်ရှင်းနေသဖြင့်ယင်း သစ်ရွက်သစ်ခက်တို့ကို ထိပြီးမှ ကျလာသော မိုးရေလည်း သန့်ရှင်းနေသောကြောင့် (အမှုန်မပါသောကြောင့်) ပြန်အကပ်မခံဘဲ ဆက်စားကောင်းသည်ဟု ဆိုလိုသည်။)

၁၀၉။ သာမဏေရဿ- အား၊ ဩဒနံ- ဆွမ်းကို၊ ဒေန္တေန- ပေးသော ရဟန်းသည်၊ တဿ- ထိုသာမဏေ၏၊ ပတ္တဂတံ- သပိတ်၌တည်သော ခဲဖွယ်ဘောဇဉ်

သာမဏေအား ဆွမ်းပေးလိုလျှင် ။ ။ သာမဏေအား ဆွမ်းပေးလိုလျှင် သာမဏေ၏ သပိတ်ထဲ ရှိနှင့်ပြီးဆွမ်းနှင့် ပေးပြီး ရောက်ပြီးဆွမ်းကို ပေးသော ရဟန်း၏ လက်ဖြင့် မထိစေဘဲ မြှောက်၍ပေးရမည်၊ သို့မဟုတ် သာမဏေ၏ သပိတ်ကို အကပ်ခံပြီးမှသော်လည်း ပေးရမည်။

http://www.dhammadownload.com

ကို၊ အစ္ဆပန္တေနေဝ- မတို့မထိဘဲသာလျှင်၊ ဒါတဗ္ဗော- ပေးထိုက်၏၊ အသေ-ထိုသာမဏေ၏၊ ပတ္တော ဝါ- သပိတ်ကိုသော်လည်း၊ ပဋိဂ္ဂဟေတဗ္ဗော- အကပ်ခံထိုက်၏။ အပဋိဂ္ဂဟိတေ- အကပ်မခံအပ်သော သပိတ်၌၊ (သပိတ်ထဲက၊) ဩဒနံ- ကို၊ ဆုပိတ္တာ- ထိမိပြီး၍၊ ဝါ- ပြီးမှ၊ ပုန- တစ်ဖန်၊ အတ္တနော- မိမိ၏၊ ပတ္တေ- သပိတ်၌၊ ဩဒနံ- ဆွမ်းကို၊ ဂဏှန္တသ- ယူသော ရဟန်း၏၊ ဥဂ္ဂဟိတ-ကော- ဥဂ္ဂဟိတကသည်၊ (အကပ်မခံဘဲ ကိုယ်တိုင်ကောက်ယူအပ်သော ဆွမ်းသည်၊) ဟောတိ။

ပန- ဆက်၊ ဒါတုကာမော- ပေးလိုသည်၊ ဟုတ္ဝာ- ၍၊ "သာမဏေရ- ဏေ၊ ပတ္တံ- ကို၊ အာဟရ- ဆောင်ယူခဲ့လော၊ ဩဒနံ- ကို၊ ဂဏှ- ယူလော၊" ဣတိ-သို့၊ သစေ ဝဒတိ- အကယ်၍ ပြောအံ့၊ ဣတရော- အခြားသော သာမဏေသည်၊ "မယှံ- တပည့်တော်အား၊ အလံ- တော်ပါပြီ၊" ဣတိ- ဤသို့ ပြောဆို၍၊ သစေ ပဋိက္ခိပတိ- အကယ်၍ ပယ်မြစ်အံ့၊ ပုန၊ ဧတံ- ဤခဲဖွယ်ဘောဇဉ်ကို၊ "တဝ- သင့်အား၊ မယာ- ငါသည်၊ ပရိစ္စတ္တံ- စွန့်လွှတ်အပ်ပြီ" ဣတိ စ-ဤသို့လည်း၊ ဝုတ္တေ- ပြောဆိုအပ်သော်၊ "မယှံ- တပည့်တော်အား၊ ဧတေန-ဤခဲဖွယ်ဘောဇဉ်ဖြင့်၊ န အတ္ထော- အလိုမရှိပါ၊"ဣတိ- ဤသို့၊ သစေ ဝဒေတိ-အကယ်၍ လျှောက်အံ့၊ ဧဝံ သတိ၊ သတက္ခတ္တုမ္ပိ- အကြိမ်တစ်ရာလည်း၊ ပရိစ္စဇတု- စွန့်ပစေ၊ ယာဝ- အကြင်မျှလောက်၊ အတ္တနော- မိမိ၏၊ ဟတ္ထဂတံ-လက်၌ တည်ရှိသေးသည်၊ ဟောတိ။ တာဝ- ထိုမိမိလက်၌ တည်ရှိနေသေးသမျှ၊ ပဋိဂ္ဂဟိတမေဝ- အကပ်ခံအပ်မြဲ ခံအပ်သည်သာ၊ ဟောတိ။ (နှုတ်ဖြင့်သာ ပေးရုံပေးနေလျှင် မိမိလက်က မလွှတ်သေးသမျှ သာမဏေကယူပါမည်ဟု ဆိုသော်မှ အကပ်မပျက်သေးပါ။)

သာမဏေ၏ သပိတ်ထဲသို့ ရောက်နေသော ဆွမ်းကို ထိ၍ပေးသော ရဟန်း၏ လက်မှာ ကပ်ပါလာသော အာမိသကြောင့် အပြစ်မရှိရအောင် (သာမဏေ၏) သပိတ်ကို အကပ်ခံရသောကြောင့် ယင်းအကပ်ခံခြင်းသည် အတွင်းအသုံးအဆောင် အလို့ငှာ (စားသောက်ရန်အလို့ငှာ) အကပ်ခံခြင်းမျိုးသာဖြစ်သည်။ ထို့ကြောင့် အကပ်မြောက်သည်။ (သာရတ္ထ၊၃၊၇၂-၇၃။)

လက်ကိုမြှောက်၍ မပေးဘဲ သာမဏေ၏ သပိတ်ထဲသို့ လက်ရောက်သွားအောင် ပေး၍ သမဏေ၏ဆွမ်းနှင့် ထိမိသော် ရဟန်းလက်၌ ကပ်ပါလာသော သာမဏေ သပိတ်မှ ဆွမ်းသည် ဥဂ္ဂဟိတကဖြစ်သည်၊ ယင်း ဥဂ္ဂဟိတက ဖြစ်ပြီးသော ဆွမ်းနှင့် မိမိသပိတ်ထဲကဆွမ်း ရောမိလျှင် မိမိသပိတ်ကဲက ဆွမ်းလည်း ဥဂ္ဂဟိတကဆွမ်းနှင့်

http://www.dhammadownload.com

ပန- ဆက်၊ အာဓာရကေ- သပိတ်ခြေ၌၊ ဌိတံ- တည်သော သပိတ်ကို၊ (လက်ဖြင့်မထိဘဲ သပိတ်ခြေပေါ်၌ တင်ထားသော သပိတ်ကို၊) နိရပေက္ခော- ငဲ့ကွက်ခြင်း မရှိသည်၊ ဟုတ္တာ၊ "ဂဏ္ဟာဟိ- ယူလော၊" ဣတိ- သို့၊ သစေ ဝဒတိ၊ ဧဝံ သတိ၊ ပုန- တစ်ဖန်၊ ပဋိဂ္ဂဟေတဗ္ဗံ- အကပ်ခံရာ၏။ (ငဲ့ကွက်မှု မရှိဘဲ ယူတော့ဟု ပြောလျှင် အကပ်ပျက်သွားပြီ ဖြစ်သောကြောင့် စားလိုလျှင် ထပ်အကပ်ခံပါဟု ဆိုလိုသည်၊ ယခုခေတ်၌ ဆွမ်းပွဲကြီးကို ယူတော့ဟု ပေးလိုက်တတ်၏၊ ထိုအခါ ဘုဉ်းပေးပါအုံးဘုရားဟု လျှောက်သောကြောင့် နောက်ထပ် စားလိုပြန်လျှင် ပြန်အကပ်ခံရမည်။) သာပေက္ခော- ငဲ့ကွက်ခြင်း ရှိသည်၊ ဟုတ္တာ၊ အာဓာရကေ- ၌၊ ပတ္တံ- ကို၊ ဒ္ဒပေတ္တာ- ထား၍၊ "ဧတ္တောဂဉ္ဆသပိတ်ထဲမှ၊ ပူဝံ- မုန့်ကို၊ ဂဏ္ဟာဟိ- ယူလော့၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ ဘတ္တံ- ကို၊ ဂဏ္ဟာဟိ- လော၊ ဣတိ ဝါ- သော်လည်းကောင်း၊ သာမဏေရံ- ကို၊ သစေ ဝဒတိ၊ ဧဝံ သတိ၊ သာမဏေရော- သည်၊ ဟတ္ထံ- လက်ကို၊ ဓောဝိတ္တာ- ဆေး၍၊ (မြူမှုန်စင်အောင် ဆေးရမည်၊) သတက္ခတ္တုံ- အကြိမ်တစ်ရာ၊ ဂဟေတ္တာ- ယူ၍၊ အတ္တနော- မိမိ၏၊ ပတ္တဂတံ- သပိတ်၌ တည်သော ခဲဖွယ်ဘောဇဉ်ကို၊ အဖုသန္တော၀- မတို့မထိဘဲသာလျှင်၊ အတ္တနော- ၏၊ ပတ္တေ- ၌၊ သစေပိ ပက္ခိပတိ- အကယ်၍မူလည်း ထည့်နေအုံ၊ ဧဝံ သတိပိ၊ ပုန- တစ်ဖန်၊ ပဋိဂ္ဂဟကိစ္စံ- အကပ်ခံဖွယ် ကိစ္စသည်၊ နတ္ထိ။ ပန- သို့မဟုတ်၊ အတ္တနော- ၏၊ ပတ္တဂတံ- ကို၊ ဖုသိတ္တာ- ထိပြီး၍၊ ဝါ- မှ၊ တတော- ထိုရဟန်း၏ သပိတ်မှ၊ ယဒိ ဂဏ္ဟာတိ- အကယ်၍ ယူအုံ၊ ဧဝံ သတိ၊ သာမဏေရသန္တကေန- သာမဏေ၏ ဥစ္စာနှင့်၊ သံသဋ္ဌံ- ရောအပ်သည်၊ ဟောတိ၊ ပုန၊ ပဋိဂ္ဂဟေတဗ္ဗံ- အကပ်ခံရာ၏။ ပန- ဝါဒန္တရကာ၊ ကေစိ- အချို့သော အဘယဂိရိဝါသီဆရာတို့သည်၊ "ဂယှမာနံ- ယူအပ်ဆဲဖြစ်သော မုန့်သည်၊ ဆိဇ္ဇိတ္တာ- ပြတ်၍၊ တတ္ထ-

---

သဘောတူပင် ဖြစ်ပြန်သည်၊ ယင်းသို့ မဖြစ်စေရန် သာမဏေ၏ သပိတ်ထဲကဆွမ်းကို မထိရအောင် လက်ကိုမြှောက်၍သော်လည်း ပေးပါ၊ သို့မဟုတ် သာမဏေ၏ သပိတ်ကို သော်လည်း အကပ်ခံပါဟု မိန့်ဆိုထားသည်။

ကျောင်းသား ကပ္ပိယစသူတို့၏ ဇလုံထဲ၌ ဆွမ်းကို ထည့်ပေးသည့်အခါမှာလည်း ဤအစီအစဉ်အတိုင်းပင် ကျင့်ရမည်။

သာမဏေကယူလျှင်။ ။ သာမဏေသည် "မုန့်"သို့မဟုတ် "ဆွမ်း"ကို ယူစဉ်က မြူမှုန်မပါအောင် လက်ကိုစင်ကြယ်စွာ ဆေးပြီးမှ ယူသောကြောင့် ရဟန်း၏ သပိတ်ထဲ၌ မြူမှုန်မကျနိုင်ပေ၊ ကိုယ့်သပိတ်ထဲကို ထည့်သည့်အခါမှာလည်း ကိုယ့်သပိတ်ထဲမှာ

http://www.dhammadownload.com

ထိုရဟန်း၏ သပိတ်၌၊ သစေပိ ပတတိ၊ ဧဝံ သတိပိ၊ ပုန၊ ပဋိဂ္ဂဟေတဗ္ဗံ" ဣတိ၊ ဝဒန္တိ။ တံ- ထိုစကားကို၊ "ဧကံ- သော၊ ဘတ္တပိဏ္ဍံ- ထမင်းခဲကို၊ ဂဏှ- ယူလော၊ ဧကံ- တစ်ခုသော၊ ပူဝံ- မုန့်ကို၊ ဂဏှ၊ ဣမသ္မ ဂုဠပိဏ္ဍသ- ဤတင်လဲခဲ၏၊ ဧတ္တကံ- ဤမျှအတိုင်းအရှည်ရှိသော၊ ပဒေသံ- အရပ်ကို၊ ဂဏှ" ဣတိ ဧဝံ- ဤသို့ ပရိစ္ဆိန္ဒိတွာ- ပိုင်းခြား၍၊ ဝုတ္တေ- ပြောဆိုအပ်ရာ၌၊ ဝေဒိတဗ္ဗံ- သိထိုက်၏၊ ဣဓ ပန- ဤ"ဧတ္တောပူဝံ ဝါ ဘတ္တံ ဝါ ဂဏှ"ဟူသော စကား၌၊ ပရိစ္ဆေဒေါ- ဤရွေ့ ဤမျှဟု အပိုင်းအခြားသည်၊ နတ္ထိ၊ တသ္မာ၊ ယံ- အကြင် ခဲဖွယ်ဘောဇဉ်သည်၊ သာမဏေရဿ- ၏၊ ပတ္တေ- ၌၊ ပတတိ- ၏၊ တဒေဝ- ထိုခဲဖွယ် ဘောဇဉ်သည်သာ၊ ပဋိဂ္ဂဟဏံ- အကပ်ခံခြင်းကို၊ ဝိဇဟတိ- စွန့်၏၊ ဟတ္ထဂတံ ပန- သာမဏေ၏ လက်၌တည်သော ခဲဖွယ်ဘောဇဉ်သည်ကား၊ ယာဝ- အကြင်မျှလောက်၊ သာမဏေရော ဝါ- သာမဏေသည်သော်လည်း၊ "အလ"န္တိ- တော်ပါပြီဟူ၍၊ န ဩရမတိ- မရှောင်ကြဉ်သေး၊ ဘိက္ခု ဝါ- ရဟန်းသည်သော်လည်း၊ န ဝါရေတိ- မတားမြစ်သေး၊ တာဝ- လောက်၊ ဘိက္ခုဿေဝ- ရဟန်း၏သာလျှင်၊ သန္တကံ- ဥစ္စာသည်၊ ဟောတိ၊ တသ္မာ- ကြောင့်၊ ပဋိဂ္ဂဟဏံ၊ န ဝိဇဟတိ။

ရှိနေသော ခဲဖွယ်ဘောဇဉ်ကို မိမိလက်နှင့် မထိမိအောင် လက်ကိုမြှောက်၍ ထည့်သည်၊ ထို့ကြောင့် အကပ်မပျက်၊ အကပ်မပျက်သည့်အတွက်ကြောင့်ပင် ပြန်အကပ် မခံဘဲ စားနိုင်သည်။

ယင်းသို့ မဟုတ်ဘဲ သာမဏေက ကိုယ့်သပိတ်ထဲကို ထည့်သည့်အခါမှာ ကိုယ့်သပိတ်ထဲမှာ ရှိနေသော ခဲဖွယ်ဘောဇဉ်ကို မိမိလက်နှင့် ထိပြီးမှ ရဟန်း၏ သပိတ်ထဲက မုန့် သို့မဟုတ် ဆွမ်းကို ယူပြန်လျှင် ရဟန်း၏ သပိတ်ထဲမှာ ကျန်နေသော ခဲဖွယ် ဘောဇဉ်တို့သည် သာမဏေ၏ လက်မှာ ကပ်ပါလာသော အာမိသနှင့် ရောစပ်သွားနိုင်သည်၊ ယင်းအာမိသသည် အကပ်မခံရသေးသောကြောင့် ပြန်အကပ်ခံပြီးမှ စားရမည်။

အပိုင်းအခြား ရှိ မရှိပေးမှု။ ။ ဒီသပိတ်ထဲကယူပါဟု ပိုင်းခြားကန့်သတ်မှု မပြုဘဲ ရဟန်းကပေးသော အာဟာရကို ထပ်ကာထပ်ကာ ယူနေသော သာမဏေက ကိုယ့်သပိတ်ထဲမှာ ထည့်ပြီးသည်ကိုသာ ကိုယ့်ဥစ္စာဟု ဆုံးဖြတ်မှုကို ပြုသောကြောင့် သပိတ်ထဲ၌ မထည့်ရသေးဘဲ လက်ထဲ၌ ရှိနေသော အာဟာရသည် အကပ်မစွန့်သေးပါ၊ သပိတ်ထဲကို ရောက်ပြီးသော အာဟာရသာ အကပ်စွန့်သည်။

http://www.dhammadownload.com

၁၁၀။ ဒါယကာ- အလှူရှင်တို့သည်၊ ယာဂုကုဋ္ဌ- ယာဂုအိုးကြီးကို၊ ဌပေတွာ- ထားခဲ့၍၊ ဂတာ- သွားကုန်ပြီ၊ တံ- ထိုယာဂုအိုးကို၊ ဒဟရသာမဏေရော- ကိုရင်ကလေးသည်၊ ပဋိဂ္ဂဏှာပေတုံ- ခံယူစေခြင်းငှာ၊ ဝါ- ကပ်ခြင်းငှာ၊ နသက္ကောတိ- မစွမ်းနိုင်အံ့၊ ဧဝံ သတိ- ဤသို့မစွမ်းနိုင်လသော်၊ (ထာမမဇ္ဈိမပုရိသ မ နိုင် ကြွ နိုင်သော်လည်း သာမဏေကငယ်နေ၍ မနိုင်သည့်အတွက် ယာဂုအိုးကြီးကို ကြွ၍ မ၍ မကပ်နိုင်လျှင်၊) ဘိက္ခု- သည်၊ ပတ္တံ- ကို၊ ဥပနာမေတိ- (အိုး၏) အနီးသို့ ညွတ်စေအံ့၊ သာမဏေရော- သည်၊ ကုဋ္ဌသ- အိုး၏၊ ဂီဝံ- လည်ပင်းကို၊ ပတ္တသ- သပိတ်၏၊ မုခဝဋ္ဋိယံ- နှုတ်ခမ်းရစ်ပေါ်၌၊ ဌပေတွာ- တင်ထား၍၊ အာဝဇ္ဇေတိ- စောင်းလိုက်အံ့၊ ပတ္တဂတာ- ရဟန်း၏ သပိတ်၌ ရောက်သော၊ ယာဂု- သည်၊ ပဋိဂ္ဂဟိတာဝ- အကပ်ခံပြီးသည်သာ၊ ဝါ- အကပ်မြောက်ပြီးသည်သာ၊ ဟောတိ။ (ယာဂုအိုး မြေမှ မမြောက်သော်လည်း အကပ်မြောက်သည်။) အထ ဝါ- ထို့ပြင် တစ်နည်းသော်ကား၊ ဘိက္ခု- သည်၊ ဘူမိယံ- မြေပေါ်၌၊ ဟတ္ထံ- လက်ကို၊ ဌပေတိ- ထားအံ့၊ သာမဏေရော- သည်၊ ပဝဋ္ဋေတွာ- လှိမ့်၍၊ ဟတ္ထံ- ရဟန်း၏ လက်ပေါ်သို့၊ (တတ္ထ- ထိုရဟန်း၏ လက်ပေါ်၌။ ဝိ၊ဌ၊၃၊၁၁၅။) အာရောပေတိ- တက်ရောက်စေအံ့၊ ဝါ- ယာဂုအိုးကို

စားခွက်သောက်ခွက် ။ ။ ဆွမ်းစားသပိတ်ကို စင်ကြယ်အောင်ဆေးကြောရခြင်းသည် သန့်ရှင်းမှုမျှသာမဟုတ်၊ သန္ဓိဓိအပြစ်မှ ကင်းလွတ်ခြင်းအကျိုးလည်း ရှိပါသည်၊ အလားတူပင် ရဟန်းတော်များ နေ့စဉ် ထည့်စားနေကြသော ဇလုံ ပန်းကန် (ခွက်) ဇွန်းစသည်တို့ကိုလည်း စင်ကြယ်အောင်ဆေးကြောမှ သန္ဓိဓိအပြစ်မှ ကင်းလွတ်နိုင်ပါမည်။

ထို့ကြောင့်ပင် ဆရာများက လဘက်ရည်အိုး ဇလုံ ပန်းကန် (ခွက်) ဇွန်းစသည်တို့ကို၊ နေ့စဉ်ဝတ်ထား၍ အချိန်သတ်မှတ်ပြီး ပွတ်တိုက်ဆေးကြောမှုကို ပြုစေတော်မူကြပါသည်၊ ထို့ပြင်- ပွတ်တိုက်သော်လည်း မစင်ကြယ်နိုင်လောက်အောင် အကွဲအအက်ပါသော ပန်းကန်များနှင့် နှုတ်သီးကောက်လဘက်ရည်အိုးများကိုကား ဒုဒ္ဓါတပတ္တ- (အဆေးအကြောခက်သော သပိတ်) နှင့် အလားတူနေသောကြောင့် ရဟန်းတော်များအတွက် အသုံးပြုရန် လုံးဝ ခွင့်ပြုတော်မမူကြပါ။

အာပတ်များ။ ။ သန္ဓိဓိဖြစ်နေသော အာမိသကပ်ငြိနေသည့် သပိတ်စသော စားခွက်သောက်ခွက်များကို နောက်တစ်နေ့မှာ အကပ်မခံဘဲ ကိုယ်တိုင်ယူမိလျှင် ဥဂ္ဂဟိတက ဒုက္ကဋ်သင့်သည်၊ အခြားအာမိသထည့်စားလျှင် ယနေ့အာမိသ (ယင်းထည့်စားမည့်အာမိသ) ကို အကပ်ခံသော်လည်း ရှေးနေ့က သန္ဓိဓိပစ္စည်းကိုအကပ်မခံဘဲ စားရာရောက်သောကြောင့် အဒိန္နပါစိတ်အာပတ်နှင့် သန္ဓိဓိပါစိတ်အာပတ်

http://www.dhammadownload.com

တင်လိုက်အံ့၊ ဝဋ္ဋတိ- အပ်၏၊ (အကပ်မြောက်သည်၊) ပူဝပစ္ဆိဘတ္တပစ္ဆိဥစ္ဆု-ဘာရာဒီသုပိ- မုန့်တောင်းကြီး ဆွမ်းတောင်းကြီး ကြဲစည်းဝန်အစရှိသည်တို့၌ လည်း၊ ဧသေဝ နယော- တည်း။

ပဋိဂ္ဂဟဟဏူပဂံ- အကပ်ခံခြင်းသို့ ကပ်ရောက်သော၊ ဝါ- ကပ်နိုင်လောက်သော၊ ဘာရံ- ထာမမဇ္ဈိမပုရိသ တစ်ယောက်နိုင်ဝန်ကို၊ ဒွေ တယော- နှစ်ပါး သုံးပါးကုန်သော၊ သာမဏေရာ- တို့သည်၊ သစေ ဒေန္တိ- အကယ်၍ ပေးကုန်အံ့၊ ဧဝံ သတိ ဝါ၊ ဧကေန- တစ်ပါးသော၊ ဗလဝတာ- အားရှိသော သာမဏေသည်၊ ဥက္ခိတ္တံ- မြှောက်၍ ကပ်အပ်သော ဝန်ကို၊ ဒွေ တယော- ကုန်သော၊ ဘိက္ခူ- တို့သည်၊ သစေ ဂဏှန္တိ- အကယ်၍ ခံယူကုန်အံ့၊ ဧဝံ သတိ ဝါ၊ ဝဋ္ဋတိ။ (အကပ်မြောက်သည်၊) မဠသ ဝါ- ၏သော်လည်းကောင်း၊ ပိဌသ ဝါ- ၏သော်လည်းကောင်း၊ ပါဒေ- ခြေ၌၊ တေလဃဋ္ဋံ ဝါ- ဆီအိုးကိုသော်လည်းကောင်း၊ ဖာဏိတဃဋ္ဋံ ဝါ- တင်လဲအိုးကိုသော်လည်းကောင်း၊ (နဝနီတဃဋ္ဋံ ဝါ၊ ဝိဘင်္ဂ၊၃၊၁၁၅။) လဂ္ဂေန္တိ- ချိတ်ထားကုန်အံ့၊ ဧဝံ သတိ၊ ဘိက္ခုသ- ရဟန်း၏၊ မဠေပိ- ၌လည်းကောင်း၊ ပိဌေပိ- ၌လည်းကောင်း၊ နိသီဒိတုံ- ထိုင်ခြင်းငှာ၊ ဝဋ္ဋတိ၊ ဥဂ္ဂဟိတကံ နာမ- ဥဂ္ဂဟိတကမည်သည်၊ န ဟောတိ။

သင့်သည်၊ ထို့ကြောင့် သန္နိဓိမဖြစ်အောင် သပိတ်စသော စားခွက်သောက်ခွက်များကို စင်ကြယ်အောင် ဂရုတစိုက် ပွတ်တိုက်ဆေးကြောသင့်ပေသည်။

ယင်းသို့ မဆေးကြောနိုင်ပါက မိမိ၏ စားခွက်သောက်ခွက်တို့ကို အာမိသအကြွင်းအကျန် ရှိရှိ မရှိရှိ လူသာမဏေတို့အား စွန့်လိုက်လျှင် သန္နိဓိအပြစ်မှ လွတ်နိုင်သည်။

နောက်တစ်နေ့၌ အကပ်ခံပြီးမှ ထည့်စားပါက ဥဂ္ဂဟိတကအပြစ်နှင့် သန္နိဓိအပြစ် တို့မှလည်း လွတ်နိုင်ပါသည်။

ပတ္တဂတော ယာဂု။ ။ သပိတ်နှုတ်ခမ်းရေးဖြင့် ထိပါသော်လည်း အိုးထဲက ယာဂုသည် အကပ်ခံပြီးလည်း မဖြစ်၊ ဥဂ္ဂဟိတကလည်း မဖြစ်ပါ။ ယင်းသို့ မဖြစ်ခြင်းမှာလည်း ရဟန်းက အလိုမရှိဘဲ ထိအပ်သည်၏ အဖြစ်ကြောင့်ပင် ဖြစ်ပေသည်။

(ဝိမတိ၊ ၂၊၃၇၇။)

နှစ်ပါးသုံးပါးအကပ်ခံလျှင်။ ။ ခွန်အားအလယ်အလတ်ရှိသူ ယောကျ်ား တစ်ယောက် မြှောက်နိုင်သော စားပွဲခုံစသည်ကို နှစ်ယောက်သုံးယောက် မ၍ ကပ်လျှင် အကပ်မြောက်သည်၊ သာမဏေတစ်ပါးတည်း မြှောက်၍ကပ်သော စားပွဲခုံကို ရဟန်း နှစ်ပါး သုံးပါး အကပ်ခံလျှင်လည်း အကပ်မြောက်သည်ပင်။

http://www.dhammadownload.com

နာဂဒန္တကေ ဝါ- ဆင်စွယ်ကောက်၌သော်လည်းကောင်း၊ အက္ခံသကေ ဝါ- ချွန်းချိတ်၌သော်လည်းကောင်း၊ ဒွေ- နှစ်လုံးကုန်သော၊ တေလဃဋ္ဌော- ဆီအိုးတို့သည်၊ ဝါ- တို့ကို၊ လဂ္ဂိတာ- ချိတ်ထားအပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ ဥပရိ- အထက်၌၊ လဂ္ဂိတော- ချိတ်ထားအပ်သော အိုးသည်၊ ပဋိဂ္ဂဟိတကော- အကပ်ခံအပ်ပြီးသည်၊ ဟောတိ- အံ့၊ ဟေဋ္ဌာ- အောက်၌၊ လဂ္ဂိတော- သည်၊ အပဋိဂ္ဂဟိတကော- အကပ်မခံအပ်သေးသည်၊ ဟောတိ အံ့၊ ဧဝံ သတိ၊ ဥပရိမံ- အထက်၌ ဖြစ်သော အိုးကို၊ ဂဟေတုံ- ယူခြင်းငှာ၊ ဝဋ္ဋတိ။ ဟေဋ္ဌာ- ၌၊ လဂ္ဂိတော- သည်၊ ပဋိဂ္ဂဟိတကော- အကပ်ခံအပ်ပြီးသည်၊ ဟောတိ- အံ့၊ ဥပရိ- ၌၊ လဂ္ဂိတော- သည်၊ အပဋိဂ္ဂဟိတကော- အကပ်မခံအပ်သေးသည်၊ ဟောတိ- အံ့၊ ဧဝံ သတိ၊ ဥပရိမံ- ကို၊ ဂဟေတွာ- ယူပြီး၍၊ ဝါ- မှ၊ ဣတရံ- အခြားသော အောက်အိုးကို၊ ဂဏှတော- ယူသော ရဟန်း၏၊ ဥပရိမော- အထက်၌ဖြစ်သော အိုးသည်၊ ဥဂ္ဂဟိတကော- ဥဂ္ဂဟိတကသည်၊ ဟောတိ။

ဟေဋ္ဌာမဋ္ဌေ- ညောင်စောင်းအောက်၌၊ အပဋိဂ္ဂဟိတကံ- အကပ်မခံအပ်သေးသော၊ တေလထာလကံ- ဆီခွက်သည်၊ ဟောတိ- ရှိအံ့၊ တံ- ထိုဆီခွက်ကို၊ (ဃဋ္ဋေတိ၌စပ်၊) သမ္မဇ္ဇန္တော- တံမြက်လှည်းသော ရဟန်းသည်၊ သမ္မဇ္ဇနိယာ- တံမြက်စည်းဖြင့်၊ စေ ဃဋ္ဋေတိ- အကယ်၍ ထိခိုက်မိအံ့၊ ဧဝံ သတိ၊ ဥဂ္ဂဟိတကံ- သည်၊ န ဟောတိ၊ (ကိုင်လိုသော စိတ်မရှိသောကြောင့် ဥဂ္ဂဟိတကမဖြစ်၊) "ပဋိဂ္ဂဟိတကံ- အကပ်ခံအပ်ပြီးသော ဝတ္ထုကို၊ ဂဏှိဿာမိ- ယူအံ့၊" ဣတိ- ဤသို့ကြံ၍၊ အပဋိဂ္ဂဟိတကံ- အကပ်မခံအပ်သေးသော ဝတ္ထုကို၊ ဂဟေတွာ- ယူပြီး၍၊ ဥတ္တာ- (အကပ်မခံအပ်သေးဟု) သိ၍၊ ပုန၊ ဌပေတိ- အံ့၊ ဥဂ္ဂဟိတကံ- သည်၊ န ဟောတိ။ ဗဟိ- ပြင်ဘက်သို့၊ နီဟရိတွာ- ထုတ်ဆောင်ပြီး၍၊ ဝါ- မှ၊ သဠာနာတိ- (အကပ်မခံအပ်သေးသော ဝတ္ထုဟု) သိအံ့၊ ဧဝံ သတိ၊ ဗဟိ- ပြင်ဘက်၌၊ အဌပေတွာ- မထားမူ၍၊ ဟရိတွာ- ပြန်ဆောင်၍၊ တတ္ထေဝ- ထိုမူလနေရာ၌သာ၊ ဌပေတဗ္ဗံ- ထားရာ၏၊ ဒေါသော- သည်၊ နတ္ထိ။ (သိပြီးနောက် ပြန်ယူသွားခြင်းကြောင့် ဥဂ္ဂဟိတက အပြစ်မရှိ။) ပန- ဆက်၊ ပုဗ္ဗေ- မယူမီ ရှေး၌၊ ဝိဝရိတွာ- ဖွင့်၍၊ ဌပိတံ- ထားအပ်သည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ န ပိဒဟိတဗ္ဗံ- မပိတ်ရာ။ (ပိတ်လျှင် ဒုရုပစိဏ္ဏ ဖြစ်လိမ့်မည်၊) ယထာ-

---

နှ ပိဒဟိတဗ္ဗံ။ ။ လွတ်မချဘဲသာ အခြားလက်တစ်ဖက်ဖြင့် ပိတ်သော ရဟန်းမှာ အပြစ်မရှိနိုင်ပါသော်လည်း မပိတ်သင့်ဟူသော အဋ္ဌကထာစကားကို ပမာဏပြု သဖြင့်သာ ယူသင့်သည်။ (သာရတ္ထ၊၃၊၇၃။)

http://www.dhammadownload.com

အကြောင်အခြင်းအရာအားဖြင့်၊ ပုဗ္ဗေ- မယူမီ ရှေးဦး၌၊ ဌိတံ- တည်ပြီ၊ တထေဝ- ထိုတည်မြဲတိုင်းသော အခြင်းအရာအားဖြင့်သာ၊ ဌပေတဗ္ဗံ- ထားရာ၏၊ ဗဟိ- ပြင်ဘက်၌၊ သစေ ဌပေတိ- အကယ်၍ ချထားမိအံ့၊ ဧဝံ သတိ၊ ပုန- တစ်ဖန်၊ န ဆုပိတဗ္ဗံ- မတို့ထိရာ။

၁၁၁။ ပဋိဂ္ဂဟိတကေ- အကပ်ခံအပ်ပြီးသော၊ တေလာဒိမှိ- ဆီအစရှိသော ဝတ္ထု၌၊ ကဏ္ဏိကာ- မှိုသည်၊ ဥဒ္ဒေတိ- တက်တတ်၏၊ သိဂ်ီဝေရာဒိမှိ- ချင်းအစရှိသော ဝတ္ထု၌၊ ဃနစုဏ္ဏံ- တစ်ခဲနက်သော အမှုန်သည်၊ ဥဒ္ဒေတိ- ဖြစ်ပေါ်လာတတ်၏၊ တံ- ထိုမှိုအမှုန်သည်၊ တံသမုဋ္ဌာနမေဝ- ထိုဆီ၊ချင်းအစရှိသော ဝတ္ထုကြောင့် ဖြစ်ပေါ်လာသည်သာမည်၏၊ (တသ္မာ- ထို့ကြောင့်၊) ပုန၊ ပဋိဂ္ဂဟဏကိစ္စံ- အကပ်ခံဖွယ်ကိစ္စသည်၊ နတ္ထိ။ (တတော သမုဋ္ဌိတံ- တံသမုဋ္ဌိတံ၊ ဤပါဠိဖြင့် နဝသမုဋ္ဌိတကို ကန့်သည်။)

တာလံ ဝါ- ထန်းပင်ကိုသော်လည်းကောင်း၊ နာဠိကေရံ ဝါ- အုန်းပင်ကိုသော်လည်းကောင်း၊ အာရုဠှော- တက်သော လူသာမဏေသည်၊ ယောတ္တေန- ကြိုးဖြင့်၊ ဖလပိဏ္ဍိံ- အသီးခိုင်ကို၊ ဩတာရေတွာ- ချ၍၊ ဥပရိ- သစ်ပင်၏ အထက်၌၊ ဌိတောဝ- တည်လျက်သာလျှင်၊ "ဂဏှထ- ခံယူပါကုန်၊" ဣတိ- သို့၊ ဝဒတိ- လျှောက်အံ့၊ ဧဝံ သတိ၊ န ဂဟေတဗ္ဗံ- မခံယူထိုက်။ (ပေးသူက ဟတ္ထပါသ်အတွင်းသို့ မရောက်သောကြောင့် မခံယူသင့်၊) အညော- အခြားသော၊ ဘူမိယံ- မြေပေါ်၌၊ ဌိတော- တည်သော လူသာမဏေသည်၊ ယောတ္တ- ပါသကေ- ကြိုးကွင်း၌၊ ဂဟေတွာ- ကိုင်၍၊ ဥက္ခိပိတွာ- မြှောက်၍၊ သစေ ဒေတိ၊ ဧဝံ သတိ၊ ဝဋ္ဋတိ။ (အကပ်မြောက်သည်၊) သဖလံ- အသီးနှင့် တကွဖြစ်သော၊ မဟာသာခံ- သစ်ခက်ကြီးကို၊ ကပ္ပိယံ- အပ်သည်ကို၊ ကာရာပေတွာ- ပြုစေ၍၊ (ကပ္ပိယံ ကရောဟိ၊ ကပ္ပိယံ ဘန္တေ ဟု ပြုစေပြီး၍၊) သစေ ပဋိဂ္ဂဏှာတိ- အကယ်၍ အကပ်ခံအံ့၊ ဧဝံ သတိ၊ ဖလာနိ- သစ်သီးတို့သည်၊ ဝါ- တို့ကို၊ ပဋိဂ္ဂဟိတာနေဝ- အကပ်ခံအပ်ပြီးကုန်သည်သာ၊ ဟောန္တိ။ ယထာသုခံ- ချမ်းသာသည့်အားလျော်စွာ၊ ပရိဘုဉ္ဇိတုံ၊ ဝဋ္ဋတိ။

လက်မှလွတ်ပြီးသော အိုးကို ရည်၍ မပိတ်သင့်ဟု ဆိုသည်။ လက်ထဲမှာ ရှိနေသော အိုးကိုကား အခြားလက်တစ်ဖက်ဖြင့် ပိတ်သော ရဟန်းနှင့် လက်မှလွတ်ချထားပြီးသော ဝတ္ထုကိုသော်မှ မထိစေပဲ အပေါ်မှ စလောင်းဖုံးကို ချသော ရဟန်းတို့မှာ အပြစ်မရှိပါ။ (ဝိမတိ၊ ၂၃၇။)

http://www.dhammadownload.com

အန္တောဝတိယံ- စည်းစောင်ရန်းအတွင်း၌၊ ၎တွာ- ရပ်၍၊ ဝတိံ- စည်းကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ ဝါ- ဖောက်၍၊ ဥစ္ဆုံ ဝါ- ကြံကိုသော်လည်းကောင်း၊ တိမွရူ-သကံ ဝါ- တည်သီးကိုသော်လည်းကောင်း၊ သစေ ဒေန္တိ၊ ဧဝံ သတိ၊ ဟတ္ထ-ပါသေ- သည်၊ သတိ- ရှိလသော်၊ ဝဋ္ဋတိ။ (အကပ်မြောက်သည်၊) ဒဏ္ဍကေသု-စည်းစောင်ရန်း၏ (တိုင်တန်းစသော) ရိုးတံတို့၌၊ (ဝတိဒဏ္ဍကေသု- ဝိ၊၄၊၃၊ ၁၁၅။) အပဟရိတွာ- မထိခိုက် မပုတ်ခတ်မူ၍၊ နိဂ္ဂတံ- ထွက်လာသော အသီး-ကို၊ ဂဏ္ဍန္တဿ- အား၊ ဝဋ္ဋတိ၊ ပဟရိတွာ- ထိခိုက်ပုတ်ခတ်၍၊ နိဂ္ဂတေ-ထွက်လာသော အသီး၌၊ အဌကထာသု- ရှေးအဌကထာတို့၌၊ ဒေါသော-ကို၊ နဒဿိတော- မပြအပ်၊ မယံ ပန- အဌကထာသစ်ဆရာ ငါတို့သည်ကား၊ "ယံ ဌာနံ- အကြင်အရပ်ကို၊ ပဟင္ဋံ- ထိခိုက်ပုတ်ခတ်အပ်ပြီ၊ တတော- ထိုအရပ်မှ၊ သယံပတိတမိဝ- အလိုလိုကျလာသကဲ့သို့၊ ဟောတိ၊" ဣတိ၊ တဣ-ယာမ- ကြံမိကုန်၏၊ (အလိုလိုကျလာသောကြောင့် ကပ်သူမရှိရကား အကပ်မခံ-ကောင်း။) တမ္ပိ- ထိုအကြံသည်လည်း၊ ၎တွာ- တန့်ရပ်၍၊ ဂစ္ဆန္တေ- လိမ့်သွား-သော အသီး၌၊ ယုဇ္ဇတိ- သင့်၏၊ (တသ္မိမ္ပိ- ထိုပုတ်ခတ်အပ်သော စည်းစောင်-ရန်း၏ ရိုးတံ၌လည်း၊ အဌတွာ- မတန့်ရပ်မူ၍၊ ဂစ္ဆန္တေ- သွားလသော်၊ ပဋိဂ္ဂဟေတုံ- ၎၊ ယုဇ္ဇတိ- သင့်၏၊ ဝိ၊၄၊၃။၁၁၆။) သုက်ဃာတတော-ကင်းခွန်ကောက်ရာအရပ်မှ၊ ပဝဋ္ဋေတွာ- လိမ့်၍၊ ဗဟိ- အပြင်ဘက်၌၊ ပတိတဘဏ္ဍံ ဝိယ- ကျသော ဘဏ္ဍာကဲ့သို့တည်း၊ ဝတိံ ဝါ- စည်းစောင်ရန်းကို-သော်လည်းကောင်း၊ ပါကာရံ ဝါ- တံတိုင်းကိုသော်လည်းကောင်း၊ လဃ်ာ-ပေတွာ- ကျော်စေ၍၊ ဒေန္တိ- ပေးကုန်အံ့၊ ပန- ဆက်၊ အပုထုလော- ပြန့်မကျယ်-သော၊ ပါကာရော- သည်၊ သစေ ဟောတိ၊ အန္တောပါကာရေ စ- တံတိုင်း-အတွင်း၌လည်းကောင်း၊ ဗဟိပါကာရေ စ- တံတိုင်းအပြင်ဘက်၌လည်း-ကောင်း၊ ဌိတဿ- တည်သူ၏၊ (ကပ်သူနှင့် အကပ်ခံသူ၏၊) ဟတ္ထပါသော-သည်၊ သစေ ပဟောတိ- အကယ်၍ လောက်အံ့၊ ဧဝံ သတိ၊ ဟတ္ထသတမ္ပိ-အတောင်တစ်ရာလည်း၊ ဥဒ္ဓံ- အထက်သို့၊ ဂန္တွာ- တက်သွား၍၊ သမ္ပတ္တံ- ရောက်-လာသော သစ်သီးကို၊ ဂဟေတုံ- ဖမ်းယူခြင်းငှာ၊ ဝဋ္ဋတိ။

သုက်ဃာတတော။ပ။ ဝိယ။ ။ ကင်းခွန်ကောက်ရာဌာန၏ အပြင်ဘက်သို့ ဘဏ္ဍာကို ပစ်၍ပို့ရာ၌ တစ်စုံတစ်ခုကို ထိခိုက်၍ အရှိန်သေပြီးမှ လိမ့်သွားလျှင် ပါရာဇိကမကျဘဲ ထိခိုက်သော်လည်း အရှိန်မသေဘဲ လိမ့်သွားလျှင် ပါရာဇိကကျသကဲ့သို့ ခြံစည်းရိုးဝယ် တစ်စုံတစ်ခုကို တိုက်မိ၍ မတန့်ရပ်ဘဲ အရှိန်ဖြင့်ထွက်လာလျှင်

http://www.dhammadownload.com

ဘိက္ခု- ရဟန်းတစ်ပါးသည်၊ ဂိလာနံ- မကျန်းမာသော၊ သာမဏေရံ- ကို၊ ခန္ဓေန- ပခုံးဖြင့်၊ ဝဟတိ- ထမ်းဆောင်သွား၏၊ သော- ထိုသာမဏေသည်၊ ဖလာဖလံ- သစ်သီးငယ် သစ်သီးကြီးကို၊ ဒိသွာ- မြင်၍၊ ဂဟေတွာ- ယူ၍၊ ခန္ဓေ- ရဟန်း၏ ပခုံးပေါ်၌၊ နိသိန္နော၀- နေလျက်ပင်၊ ဒေတိ- ပေးအံ့၊ ဝဋ္ဋတိ။ အပရော- အခြားသော သာမဏေသည်၊ ဘိက္ခုံ- မကျန်းမာသော ရဟန်းကို၊ ဝဟန္တော- ထမ်းဆောင်လျက်၊ ခန္ဓေ- ၌၊ နိသိန္နဿ- သော၊ ဘိက္ခုနော- အား၊ ဒေတိ- ပေးအံ့၊ ဝဋ္ဋတိယေ၀- အပ်သည်သာ၊ ဘိက္ခု- သည်၊ ဖလိနိံ- အသီးရှိသော၊ သာခံ- သစ်ခက်ကို၊ ဆာယတ္ထာယ- အရိပ်အကျိုးငှာ၊ ဂဟေတွာ- ယူ၍၊ ဂစ္ဆတိ- သွားအံ့၊ ဖလာနိ- အသီးတို့ကို၊ ခါဒိတုံ- စားခြင်းငှာ၊ စိတ္တေ- သည်၊ ဥပ္ပန္နေ- လသော်၊ ပဋိဂ္ဂဟာပေတွာ- ကပ်စေပြီး၍၊ ဝါ- ကပ်ဖို့ရန် စေခိုင်းပြီး၍၊ ခါဒိတုံ- စားခြင်းငှာ၊ ဝဋ္ဋတိ၊ မစ္ဆိကဝါရဏ္ဍတ္ထံ- ယင်ကို တားမြစ်ရခြင်းအကျိုးငှာ၊ (ယင်ခြောက်ခြင်းအကျိုးငှာ၊) ကပ္ပိယံ- အပ်သည်ကို၊ ကာရေတွာ- ပြုစေပြီး၍၊ (ကပ္ပိပြီး၍၊) ပဋိဂ္ဂဏှာတိ- အကပ်ခံအံ့၊ ခါဒိတုကာမော- စားခြင်းငှာ အလိုရှိသည်၊ စေ ဟောတိ၊ ဧ၀ံ သတိ၊ မူလပဋိဂ္ဂဟဏမေ၀- မူလအကပ်ခံခြင်းသည်ပင်၊ ဝဋ္ဋတိ၊ ခါဒန္တဿ- စားသော ရဟန်း၏၊ ဒေါသော၊ နတ္ထိ။

ဘိက္ခု- သည်၊ ပဋိဂ္ဂဟဏာရဟံ- အကပ်ခံခြင်းကို ထိုက်သော၊ ဘဏ္ဍံ- ကို၊ မနုဿာနံ- တို့၏၊ ယာနေ- ယာဉ်ပေါ်၌၊ ဌပေတွာ- ထား၍၊ မဂ္ဂံ- ခရီးကို၊ ဂစ္ဆတိ- သွား၏၊ ယာနံ- သည်၊ ကဒ္ဒမေ- ရွှံညွန်၌၊ လဂ္ဂတိ- ငြိနေအံ့၊ ဒဟရော- ရဟန်းငယ်သည်၊ စက္ကံ- လှည်းဘီးကို၊ ဂဟေတွာ- ကိုင်၍၊ ဥက္ခိပတိ- မြှောက်အံ့၊ ဝဋ္ဋတိ၊ ဥဂ္ဂဟိတကံ နာမ- ဥဂ္ဂဟိတကမည်သည်၊ န ဟောတိ- မဖြစ်။ (ဝဋ္ဋတိကို

ယင်းအသီးကို ခံယူက အကပ်မြောက်သည်။ တန့်ရပ်ပြီးမှ ထွက်လာလျှင် အရှိန်သေသွားသောကြောင့် ယင်းအသီးကို ခံယူသော်လည်း အကပ်မမြောက်တော့ပါ။

မစ္ဆိကဝါရဏ္ဍတ္ထံ။ ။ သစ်ကိုင်း၌ ကပ်ငြိနေသောမြူမှုန်, သပိတ်ထဲကို ကျသော်လည်း လွယ်ကူစွာ ဆွမ်းကို သုံးဆောင်နိုင်သည်ဟု နှလုံးပြု၍ သစ်ခက်ကို အကပ်ခံထားသောကြောင့် ဤယင်ခြောက်သစ်ကိုင်းကို အကပ်ခံခြင်းသည် အတွင်းအသုံးအဆောင်အလို့ငှာ (စားသောက်ရန် အလို့ငှာ) သာ ဖြစ်သည်၊ ထို့ကြောင့် မူလအကပ်ခံခြင်းသည်ပင် အပ်သည်ဟု ဆိုထားသည်။ အပရေဆရာတို့ကား ယင်ခြောက်ဖို့ဟူသော စကားမျှကိုသာယူ၍ ဗာဟိရပရိဘောဂတ္ထဟု ဆိုကြသည်။ (သာရတ္ထ၊၃၊၇၃။)

(အတွင်းအသုံးအဆောင်ဖြစ်မှ အကပ်မြောက်ကြောင်း, အပြင်အပအသုံးအဆောင်ဖြစ်က အကပ်မမြောက်ကြောင်းကို သတိပြုပါ။)

http://www.dhammadownload.com

ပင် ထပ်ဖွင့်သည်၊ လှည်းဘီးကိုသာ မြှောက်လိုစိတ်ရှိ၍ စားဖွယ်ကို မြှောက်လို စိတ် မရှိသောကြောင့် ဥဂ္ဂဟိတကမဖြစ်၊) နာဝါယ- လေ့ပေါ်၌၊ ဌပေတွာ- ထား၍၊ နာဝံ- ကို၊ အရိတ္တေန ဝါ- ထိုးဝါးဖြင့်သော်လည်း၊ ပါဇေတိ- သွားစေအံ့၊ ပဿေန ဝါ- လက်ဖြင့်သော်လည်း၊ ကဿတိ- ဆွဲငင်အံ့၊ ဝဋ္ဋတိ။ ဥဠုမ္ပေပိ- ဖောင်၌လည်း၊ ဧသေဝ နယော။ စာဋ္ဌိယံ ဝါ- အိုးစရည်းကြီး၌သော်လည်း ကောင်း၊ ကုဏ္ဍကေ ဝါ- ထမင်းအိုး၌သော်လည်းကောင်း၊ ဌပေတွာပိ- ထား၍ လည်း၊ တံ- ထိုအိုးကို၊ အနုပသမ္ပန္နေန- လူသာမဏေကို၊ ဂါဟာပေတွာ- ယူစေ ပြီး၍၊ အနုပသမ္ပန္နံ- လူသာမဏေကို၊ ဗာဟာယံ- လက်မောင်း၌၊ ဂဟေတွာ- ကိုင်၍၊ တရိတုံ- ကူးခြင်းငှာ၊ ဝဋ္ဋတိ။ တသ္မိမ္ပိ- ထိုအိုးစရည်း သို့မဟုတ် ထမင်း အိုးသည်လည်း၊ အသတိ- သော်၊ အနုပသမ္ပန္နံ- ကို၊ ဂါဟာပေတွာ- ယူစေပြီး၍၊ တံ- ထိုလူသာမဏေကို၊ ဗာဟာယံ- လက်မောင်း၌၊ ဂဟေတွာ၊ ဟရိတုံ၊ ဝဋ္ဋတိ။

ဥပါသကာ- တို့သည်၊ ဂမိကဘိက္ခူနံ- ခရီးသွားမည့် ရဟန်းတို့အား၊ ပါထေယျ တဏ္ဍုလာ- ရိက္ခာဆန်တို့ကို၊ ဒေန္တိ- လှူတတ်ကြကုန်၏၊ သာမဏေရာ- တို့သည်၊ ဘိက္ခူနံ- တို့၏၊ တဏ္ဍုလေ- ဆန်တို့ကို၊ ဂဟေတွာ- ယူရ၍၊ ဝါ- ကြောင့်၊ အတ္တနော- ၏၊ တဏ္ဍုလေ- တို့ကို၊ ဂဟေတုံ- ငှာ၊ န သက္ကောန္တိ- မစွမ်းနိုင်ကုန်အံ့၊ ဘိက္ခူ- တို့သည်၊ တေသံ- ထိုသာမဏေတို့၏၊ တဏ္ဍုလေ- တို့ကို၊ ဂဏှန္တိ- ယူကုန်အံ့၊ သာမဏေရာ- တို့သည်၊ အတ္တနာ- သည်၊ ဂဟိတ- တဏ္ဍုလေသု- ယူအပ်သောဆန်တို့သည်၊ ခီဏေသု- ကုန်ကုန်လသော်၊ ဣတရေဟိ- မိမိတို့ ယူအပ်သော ဆန်မှ တစ်ပါးကုန်သော၊ တဏ္ဍုလေဟိ- ရဟန်းတို့ ယူအပ်သော ဆန်တို့ဖြင့်၊ ယာဂုံ- ကို၊ ပစိတွာ- ကျို၍၊ သဇ္ဇေသံ- အလုံးစုံကုန်သော ရဟန်းတို့၏၊ ပတ္တာနိ- တို့ကို၊ ပဋိပါဋိယာ- အစဉ်အားဖြင့်၊ ဌပေတွာ- ၍၊ ယာဂုံ- ကို၊ အာကိရန္တိ- လောင်းထည့်ကုန်အံ့၊ ပဏ္ဍိတော- ဉာဏ်ရှိသော၊ သာမဏေရော- သည်၊ အတ္တနော- ၏၊ ပတ္တံ- ကို၊ ဂဟေတွာ- ၍၊ ထေရဿ- အား၊ ဒေတိ- အံ့၊ ထေရဿ- ၏၊ ပတ္တံ- ကို၊ ဂဟေတွာ- ၍၊ ဒုတိယထေရဿ- အား၊ ဒေတိ- အံ့၊ ဣတိ ဧဝံ- သို့၊ ဝါ- ဤနည်းအားဖြင့်၊ သဗ္ဗာနိပိ- အလုံးစုံသော သပိတ်တို့ကိုလည်း၊ ပရိဝတ္တေတိ- လဲလှယ်အံ့၊ သဇ္ဇေဟိ- အလုံးစုံသော ရဟန်းတို့သည်၊ သာမဏေရဿ- ၏၊ သန္တကံ- ဥစ္စာသည်၊ ဝါ- ကို၊ ဘုတ္တံ- စားသောက်အပ်သည်၊ ဟောတိ၊ တသ္မာ- ကြောင့်၊ ဝဋ္ဋတိ။

http://www.dhammadownload.com

သာမဏေရော- သာမဏေသည်၊ အပဏ္ဏိတော- ဉာဏ်မရှိသည်၊ သစေပိ ဟောတိ၊ အတ္တနော- ၏၊ ပတ္တေ- ၌၊ ယာဂုံ- ကို၊ သယမေဝ- မိမိချည်းသာ၊ ပါတုံ- ၌၊ သစေပိ အာရဘတိ- အကယ်၍မူလည်း အားထုတ်အံ့၊ (အပဏ္ဏိတောကိုပင် အတ္တနော-စသည်ဖြင့် ထပ်ဖွင့်သည်၊) ဧဝံ သတိပိ- ဤသို့ဖြစ်ပြန်သော်လည်း၊ "အာဝုသော- ငါ့ရှင်သာမဏေ၊ တုယ္ဟံ- သင်၏၊ ယာဂုံ- ကို၊ မယ္ဟံ- ငါ့အား၊ ဒေဟိ- ပေးပါလော၊" ဣတိ- သို့၊ ထေရေဟိ- တို့သည်၊ ပဋိပါဋိယာ- အားဖြင့်၊ ယာစိတ္ဝာပိ- တောင်း၍လည်း၊ ပိဝိတုံ၊ ဝဋ္ဋတိ၊ သဗ္ဗေဟိ- အလုံးစုံသော ရဟန်းတို့သည်၊ သာမဏေရဿ- ၏၊ သန္တကမေဝ- ဥစ္စာသည်သာ၊ ဝါ- ကိုသာ၊ ဘုတ္တံ- စားသောက်အပ်သည်၊ ဟောတိ၊ ဥဂ္ဂဟိတပစ္စယာ- ဥဂ္ဂဟိတဟူသော အကြောင်းကြောင့်၊ ဝဇ္ဇံ- အပြစ်သို့ နေဝ ဖုသန္တိ- မထိရောက်ကုန်၊ သန္နိဓိပစ္စယာ- သန္နိဓိဟူသော အကြောင်းကြောင့်၊ ဝဇ္ဇံ- သို့၊ န ဖုသန္တိ- မထိရောက်ကုန်။ (သာမဏေတို့၏ ဆန်ကို မိမိတို့က ယူခဲ့ရသော်လည်း ဥဂ္ဂဟိတကမဖြစ်၊ အကပ်ခံ၍ ရှေးရှေးနေ့များက ယူခဲ့စေကာမူ သန္နိဓိလည်းမဖြစ်၊) ပန- ဆက်၊ ဧတ္ထ- ဤသပိတ်လဲလှယ်ခြင်းကို ဆိုကြောင်းစကားရပ်၌၊ မာတာပိတူနံ- တို့ဖို့၊ တေလာဒီနိ- ဆီအစရှိသည်တို့ကိုလည်းကောင်း၊ ဆာယာဒီနံ- အရိပ်အစရှိသည်တို့၏၊ အတ္ထာယ- ၌၊ သာခါဒီနိ စ- သစ်ခက်အစရှိသည်တို့ကိုလည်းကောင်း၊ ဟရန္တာနံ- ဆောင်ယူသော ရဟန်းတို့၏လည်းကောင်း၊ ဣမေသဉ္စ- ဤရဟန်းတို့၏လည်းကောင်း၊ ဝိသေသော- အထူးကို၊ န ဒိဿတိ- မတွေ့မြင်အပ်၊ တသ္မာ- ကြောင့်၊ ကာရဏံ- အကြောင်းကို၊ ဥပပရိက္ခိတဗ္ဗံ- စူးစမ်းရှာဖွေထိုက်၏။

၁၁၂။ သာမဏေရော- သည်၊ ဘတ္တံ- ကို၊ ပစိတုကာမော- ချက်လိုသည်၊ ဟုတ္ဝာ၊ တဏ္ဍုလေ- ဆန်တို့ကို၊ ဓောဝိတ္ဝာ- ဆေးပြီး၍၊ နိစ္စာလေတုံ- အကြွင်းမရှိ လှုပ်စေခြင်းငှာ၊ န သက္ကောတိ- မစွမ်းနိုင်အံ့၊ (စာလေတွာ ပါသာဏသက္ခရာဒိအပနယံ ကာတုံ- ဆန်ဆေးသောအခါ လှုပ်၍ ကျောက်ခဲ ကျောက်

ကာရဏံ ဥပပရိက္ခိတဗ္ဗံ ။ ။ မိဘစသူတို့အတွက် ဆီစသည်ကို ဆောင်ယူသွားသောရဟန်း, နေပူကို ကာကွယ်ရန် အသီးရှိသော သစ်ခက်ကို ဆောင်ယူသွားသော ရဟန်းတို့သည် လမ်း၌ စားလိုလျှင် သာမဏေတို့နှင့် လဲလှယ်မှုကို မပြုဘဲ အကပ်ခံ၍ စားရုံမျှသာ၊ ထို့အတူ သာမဏေတို့၏ ဆန်ကို ဆောင်ယူသွားရာ၌ ယင်းဆန်ဖြင့် ကျို့သော ယာဂုကို သပိတ်လဲလှယ်မှု မပြုဘဲ ဘုဉ်ကြောင့် သုံးဆောင်ခွင့် မရပါသနည်းဟူသော အကြောင်းကို စုံစမ်းရှာဖွေထိုက်သည်။

http://www.dhammadownload.com

စရစ်ခဲကလေးများကို ရွေး၍ ဖယ်မပစ်နိုင်၊) ဘိက္ခုနော- သည်၊ တဏ္ဍုလေ စ- တို့ကိုလည်းကောင်း၊ ဘာဇနဋ္ဌ- အိုးကိုလည်းကောင်း၊ ပဋိဂ္ဂဟေတွာ- အဏပ်ခံပြီး၍၊ တဏ္ဍုလေ- ဆန်တို့ကို၊ ဓောဝိတွာ- ဆေးပြီး၍၊ နိစ္စာလေတွာ- အကြွင်းမရှိလှူပ်စေပြီး၍၊ ဘာဇနံ- အိုးကို၊ ဥဒ္ဓနံ- (မီးမရှိသေးသော) ဖိုခနောက်သို့၊ အာရောပေတပ္ပံ- တင်ပေးထိုက်၏၊ အဂ္ဂိ- မီးကို၊ န ကာတဗ္ဗော- မပြုထိုက်။ (ရဟန်းကိုယ်တိုင် မီးမွေးလိုက်က သာမံပါကဖြစ်သွားမည်၊) ပက္ကကာလေ- ကျက်ပြီးရာ အခါ၌၊ ဝိဝရိတွာ- ဖွင့်၍၊ ပက္ကဘာဝေါ- ကျက်သည့်၏ အဖြစ်ကို၊ ဇာနိတဗ္ဗော- သိထိုက်၏၊ (ဆန်တုန်းက အကပ်ခံထားသောကြောင့် ကိုယ်တိုင် ဖွင့်လျက် ကျက်မကျက် စုံစမ်းနိုင်သည်၊) ဒုပ္ပက္ကံ- မကောင်းသဖြင့် ကျက်သည်၊ ဝါ- မနူးမနပ်သည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ပါကတ္ထာယ- ကျက်ခြင်းအကျိုးငှာ၊ ပိဒဟိတုံ- ပြန်၍ပိတ်ခြင်းငှာ၊ န ဝဋ္ဋတိ၊ (ကျက်စေလို၍ ပိတ်လျှင်

သာမဏေတို့၏ ဆန်ကို ဆောင်ယူသွားရာ၌ သာမဏေတို့ ယူလာသော ဆန်များကုန်လျှင် ဧကန် သာမဏေတို့က ငါတို့အား ထောက်ပံ့မှုကို ပြုကြလိမ့်မည်ဟု စိတ်အကြံဖြစ်စရာရှိသည်။ ထို့ကြောင့် ရဟန်းများ ဆောင်ယူလာသော သာမဏေများ၏ ဆန်ဖြင့် ကျိုသော ယာဂုကို သပိတ်လဲလှယ်မှုကို ပြု၍သာ သုံးဆောင်ထိုက်သည်။ မိဘစသူတို့အတွက် ဆိစသည်ကို ယူလာရာ,အရိပ်အလို့ငှာ အသီးရှိသော သစ်ခက်ကို ယူလာရာတို့၌ကား စားလိုသောအာသာ မပါရှိခဲ့ပေ၊ ထို့ကြောင့် မိဘစသူတို့အတွက် ယူလာသော ဆီနှင့် အရိပ်အလို့ငှာ ဆောင်ယူလာသော သစ်ကိုင်းမှ အသီးတို့ကို သာမဏေတို့နှင့် လဲလှယ်မှုကို မပြုဘဲ အကပ်ခံစားကောင်းသည်။

သာမဏေတို့၏ ဆန်ကို ယူဆောင်သွားရာ၌ ဝိတက် (သာမဏေများက ငါတို့အားလည်း ပေးကြလိမ့်မည်ဟူသော စိတ်အကြံ) ကို သုတ်သင်ရန် မလွယ်လှပေ၊ မိဘစသူတို့အတွက် ဆောင်ယူသွားရာ၌ကား ဝိတက်ကို သုတ်သင်နိုင်သည်၊ ဝိတက်ကို သုတ်သင်နိုင်သော အရာ၌ ဥဂ္ဂဟိတကအပြစ် သန္ဓိဓိအပြစ် မရှိပါ၊ ထို့ကြောင့်ပင် "သစေ ပန သက္ကောတိ ဝိတက္ကံ သောဓေတုံ၊ တတော လဒ္ဓံ ဓါဒိတုမ္ပိ ဝဋ္ဋတိ"ဟု (၁၂၁-၌) ဆိုပါလိမ့်မည်။ (သာရတ္ထ၊၃၊၈၃။)

သာမဏေများက ငါတို့ယူလာသည့် ဆန်ထုပ်မှ ငါတို့ကိုလည်း ပေးကြလိမ့်မည်ဟူသော အကြံဖြစ်သကဲ့သို့ ထို့အတူ မိဘအတွက် ဆောင်ယူလာသော ဆီ, အရိပ်အတွက် ဆောင်းလာသော သစ်ခက်မှ အသီးစသည်၌ မဖြစ်နိုင်ပေ၊ ဤသို့ အကြောင်းကို ဆိုကြသည်။

အဆိုပါ ဝိတက်မျိုးမရှိသော ရဟန်းသည် မလဲလှယ်ဘဲပင် သုံးဆောင်ခြင်းငှာ အပ်သည်။ (ဝိမတိ၊၂၃၃။)

http://www.dhammadownload.com

သာမံပါက ဖြစ်နိုင်သည်) ရဇဿ ဝါ- မြို့မှုန်၏သော်လည်းကောင်း၊ ဆာရိကာယ ဝါ- ပြာ၏သော်လည်းကောင်း၊ အပတနတ္ထာယ- မကျခြင်းအကျိုးငှာ၊ ပိဒဟိတုံ၊ ဝဋ္ဋတိ၊ (ကျက်စေလိုသည့်အတွက် မဟုတ်ဘဲ မြို့မှုန် ပြာစသည် မကျအောင်ကား ပိတ်ကောင်းသည်) ပက္ကကာလေ- ကျက်ပြီးရာအခါ၌၊ ဩရောပိတုမ္မိ- အောက်သို့ချခြင်းငှာလည်းကောင်း၊ ဘုဉ်္ဇိတုမ္မိ- စားခြင်းငှာလည်းကောင်း၊ ဝဋ္ဋတိ။ ပုန၊ ပဋိဂ္ဂဟဏကိစ္စံ- အကပ်ခံဖွယ်ကိစ္စသည်၊ နတ္ထိ။ (ဆန်တုန်းကအကပ်ခံပြီးဖြစ်သောကြောင့် ထပ်အကပ်ခံစရာ မလိုတော့ပါ။)

သာမဏေရော- သည်၊ ပစိတုံ- ချက်ခြင်းငှာ၊ ပဋိဗလော- စွမ်းနိုင်သည်၊ ဟောတိ၊ ပန- ထိုသို့ပင် စွမ်းနိုင်ပါသော်လည်း၊ အဿ- ထိုသာမဏေ၏၊ ခဏော- အားလပ်ခွင့်သည်၊ နတ္ထိ- မရှိအံ့၊ ကတ္ထစိ- တစ်ခုခုသော အရပ်သို့၊ ဂန္တုကာမော- သွားလိုသည်၊ ဟောတိ- ဖြစ်အံ့၊ ဧဝံ သတိ၊ ဘိက္ခုနော- သည်၊ သတဏ္ဍုလောဒကံ- ဆန်ရေနှင့် တကွဖြစ်သော၊ ဘာဇနံ- အိုးကို၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ဥဒ္ဓနံ- (မီးမရှိသေးသော) ဖိုခနောက်သို့၊ အာရောပေတွာ- တင်ပြီး၍၊ "အဂ္ဂိ- မီးကို၊ ဇာလေတွာ- တောက်စေပြီး၍၊ ဝါ- မှ၊ ဂစ္ဆ- သွားပါလော၊" ဣတိ- ဤသို့၊ ဝတ္တဗ္ဗော- ပြောထိုက်၏၊ (အကပ်ခံပြီး ဆန်စသည်ကို ထည့်ထားသော ထမင်းအိုးကို ရဟန်းကိုယ်တိုင် တည်ထားပြီးသည့်နောက် မီးကို ရဟန်းကိုယ်တိုင် မမွှေးကောင်းသည့်အတွက် မီးမွှေးပြီးမှ သွားတာပေါ့ ကိုရင်ဟု ပြောရမည်၊) တတော- ထိုမီးတောက်စေပြီးရာအခါမှ၊ ပရံ- နောက်၌၊ ပုရိမနယေနေဝ- ဖြင့်သာလျှင်၊ (ပက္ကကာလေ ဝိဝရိတ္တာ ပက္ကဘာဝေါ ဇာနိတဗ္ဗော- မှစ၍ ပုန ပဋိဂ္ဂဟဏကိစ္စံ နတ္ထိ-တိုင်အောင် ညွှန်ပြသည်၊) သဒ္ဓိ- အလုံးစုံကို၊ ကာတုံ- ပြုခြင်းငှာ၊ ဝဋ္ဋတိ၊ ဘိက္ခု- သည်၊ ယာဂုအတ္ထာယ- ယာဂုအကျိုးငှာ၊ သုဒ္ဓဘာဇနံ- စင်ကြယ်သော အိုးကို၊ (အာမိသစသည်နှင့် မြို့မှုန်မပါအောင် စင်ကြယ်သော ရေဖြင့် ဆေးထားသော အိုးကို၊) အာရောပေတွာ- ဖိုခနောက်ပေါ်သို့တင်၍၊ ဥဒကံ- (ဆန်မရောဖက်)ရေသက်သက်ကို၊ တာပေတိ- ပူစေအံ့၊ ဝဋ္ဋတိ၊ တတ္ထေ- ပူသော၊ ဥဒကေ- ၌၊ သာမဏေရော- သည်၊ တဏ္ဍုလေ- တို့ကို၊ ပက္ခိပတိ- ထည့်အံ့၊ တတော- ထိုသို့ ထည့်ပြီးရာအခါမှ၊ ပဋ္ဌာယ- စ၍၊ ဘိက္ခုနော- သည်၊ အဂ္ဂိ- ကို၊ န ကာတဗ္ဗော- မပြုထိုက်၊ (ရဟန်းကိုယ်တိုင် မီးမွှေးလိုက်လျှင် သာမံပါကဖြစ်သွားမည်၊) ပက္ကယာဂုံ- ကျက်ပြီးသော ယာဂုကို၊ ပဋိဂ္ဂဟေတွာ- အကပ်ခံ၍၊ ပါတုံ- သောက်ခြင်းငှာ၊ ဝဋ္ဋတိ။

http://www.dhammadownload.com

သာမဏေရော- သည်၊ ယာဂုံ- ကို၊ ပစတိ- ကျိုနေ၏၊ ဟတ္ထကုက္ကုစ္စကော-လက်၏ ကုက္ကုစ္စကို ပြုတတ်သော၊ ဝါ- လက်ဆော့သော၊ ဘိက္ခု- သည်၊ ကီဠန္တော- ကစားလျက်၊ ဝါ- ကစားသောအားဖြင့်၊ ဘာဇနံ- အိုးကို၊ အာမသတိ- သုံးသပ်အံ့၊ ဝါ- ကိုင်အံ့၊ ပိဓာနံ- အဖုံးကို၊ အာမသတိ- အံ့၊ ဝါ- အံ့၊ ဥဂ္ဂတံ- တက်လာသော၊ ဖေဏံ- ယာဂုမြှုပ်ကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ (ယောက်မစသည်ဖြင့် ဖြတ်၍၊) ပဟရတိ- ပယ်ရှားအံ့၊ တဿေဝ- ထိုရဟန်းအား သာ၊ ပါတုံ၊ နံ ဝဋ္ဋတိ၊ ဒုရုပစိဏ္ဏံ နာမ- မကောင်းသဖြင့် ပြုကျင့်ခြင်းမည်သည်၊ ဟောတိ။ ပန- ဆက်၊ ဒဗ္ဗိံ ဝါ- ယောက်မကိုသော်လည်းကောင်း၊ ဥဋ္ဌုကံ် ဝါ- ယောက်ချိုကိုသော်လည်းကောင်း၊ ဝါ- ဟင်းလိုက်ဇွန်းကြီးကိုသော်လည်းကောင်း၊ ဂဟေတွာ- ကိုင်၍၊ အနုက္ခိပန္တော- မမြောက်ဘဲ၊ သစေ အာလောဠေတိ- အကယ်၍ မွှေအံ့၊ ဧဝံ သတိ၊ သဗ္ဗေသံ- အလုံးစုံသော ရဟန်းတို့အား၊ ပါတုံ- ငှာ၊ နံ ဝဋ္ဋတိ၊ သာမံပါကဥ္စေဝ- ကိုယ်တိုင်ချက်ခြင်းသည်လည်းကောင်း၊ ဒုရုပစိဏ္ဏဉ္စ- မကောင်းသဖြင့် ပြုကျင့်ခြင်းသည်လည်းကောင်း၊ ဟောတိ။ ဘာဇနံ- အိုးကို၊ သစေ ဥက္ခိပတိ- အကယ်၍ မြောက်အံ့၊ ဥဂ္ဂဟိတကမ္မိ- ဥဂ္ဂဟိတကသည်လည်း၊ (အကပ်မခံဘဲ ကိုယ်တိုင် မြောက်ယူအပ်သည်လည်း၊) ဟောတိ။

၁၁၃။ ဘိက္ခုနော- သည်၊ ပိဏ္ဍာယ- ငှာ၊ စရိတွာ- ၍၊ အာဓာရကေ- သပိတ်ခြေပေါ်၌၊ ပတ္တော- သည်၊ ဝါ- ကို၊ ဌပိတော- ထားအပ်သည်၊ ဟောတိ- အံ့၊ (အကပ်ပျက်ပြီး ပြန်အကပ်ခံရန် ချထားခဲ့သည်၊) တတြ- ထိုသို့ ချထားရာ၌၊ အညော- သပိတ်ရှင်မှ အခြားသော၊ လောလဘိက္ခု- လျှပ်ပေါ်လောလီသော ရဟန်းသည်၊ ကီဠန္တော- ကစားလျက်၊ (ကစားသောအားဖြင့်၊) ပတ္တံ- ကို၊ စေ အာမသတိ- အကယ်၍ သုံးသပ်အံ့၊ (ကိုင်အံ့၊) ပတ္တပိဓာနံ- သပိတ်ဖုံးကို၊ စေ ဒဓာမသတိ၊ ဧဝံ သတိ၊ တဿေဝ- ထို (သုံးသပ်ကိုင်တွယ်သော) ရဟန်းအား သာ၊ တတော- ထိုသပိတ်ထဲမှ၊ လဒ္ဓဘတ္တံ- ရအပ်သော ဆွမ်းသည်၊ နံ ဝဋ္ဋတိ။ ပန- ဆက်၊ (သစေ ပနဟု ပြင်ပါ။) ပတ္တံ- ကို၊ ဥက္ခိပိတွာ- မြောက်၍၊ သစေ ဌပေတိ- အကယ်၍ ထားအံ့၊ ဧဝံ သတိ၊ သဗ္ဗေသံ- အလုံးစုံသော ရဟန်းတို့အား၊ နံ ဝဋ္ဋတိ။ (မြောက်လိုက်သည့်အတွက် ဥဂ္ဂဟိတကဖြစ်သွားသောကြောင့် ရဟန်းအားလုံးပင် မစားကောင်းတော့ပါ။) တတ္ထဇာတကဖလာနိ- ထိုသစ်ပင်၌ ဖြစ်သော သစ်သီးတို့ကို၊ သာခါယ ဝါ- သစ်ခက်၌သော်လည်းကောင်း၊ ဝါ- ကိုသော်လည်းကောင်း၊ ဝလ္လိယာ ဝါ- နွယ်၌သော်လည်းကောင်း၊ ဝါ- ကိုသော်လည်းကောင်း၊ ဂဟေတွာ- ကိုင်၍၊ (သစေ) စာလေတိ- အကယ်၍

http://www.dhammadownload.com

လှုပ်အံ့၊ ဧဝံ သတိ- ဤသို့ လှုပ်လသော်၊ (တတ္ထဇာတကဖလိနိသာခါယကို တတ္ထဇာတကဖလာနိ သာခါယ-ဟု ပါစိတျာဒိကို ကြည့်၍ ပြင်ထားသည်၊) တသေဝ- ထိုရဟန်းအား သာ၊ တတော- ထိုသစ်ပင်မှ၊ လဒ္ဓဖလံ- ရအပ်သော အသီးသည်၊ န ဝဋ္ဋတိ။ ဒုရုပစိဏ္ဏဒုက္ကဋဋ္ဌ- ဒုရုပစိဏ္ဏဒုက္ကဋ်အာပတ်သို့လည်း၊ အာပဇ္ဇတိ- ရောက်၏၊ (မည်သည့်အကြောင်းကြောင့်မှ အသီးရှိသော နွယ်သစ်ခက်ကို မလှုပ်ကောင်း၊) ပန- ဆက်၊ "ဖလရုက္ခံ- အသီးရှိသော သစ်ပင်ကို၊ အပဿယိတုံ ဝါ- မှီခြင်းငှာသော်လည်းကောင်း၊ တာတ္ထ- ထိုသစ်ပင်၌၊ ကဏ္ဏက-ဆူးကို၊ ဗန္ဓိတုံ ဝါ- ဖွဲ့ခြင်းငှာလည်းကောင်း၊ ဝဋ္ဋတိ။ (ခိုးသူစသည်တို့ မတက်နိုင်အောင် ပင်စည်၌ ဆူးစသည်တို့ကို ဖွဲ့ချည်ထားခြင်းငှာ အပ်သည်။) ဒုရုပစိဏ္ဏံ- သည်၊ န ဟောတိ၊" ဣတိ၊ **မဟာပစ္စရိယံ**- ၌၊ ဝုတ္တံ။

ပန- ဆက်၊ အရညေ- တောင်၌၊ ပတိတံ- ကျနေသော၊ အမ္ဗဖလာဒိ- သရက်သီးစသည်ကို၊ ဒိသွာ- တွေ့ရ၍၊ "သာမဏေရဿ- အား၊ ဒဿာမိ- ပေးအံ့၊" ဣတိ- ဤသို့ကြံ၍၊ အာဟရိတွာ- ဆောင်ယူ၍၊ ဒါတုံ- ပေးခြင်းငှာ၊ ဝဋ္ဋတိ။ (မိမိအတွက်လည်းမဟုတ်) အခြား ရဟန်းများအတွက်လည်း မဟုတ်သောကြောင့် ကိုယ်တိုင်ကောက်ယူသည့်အတွက် ဥဂ္ဂဟိတကဒုက္ကဋ်အာပတ် မသင့်ဟု ဆိုလိုသည်။) သီဟဝိယာသာဒိ- ခြင်္သေ့စားကြွင်းအစရှိသော အသားကို၊ ဒိသွာပိ- တွေ့၍လည်း၊ "သာမဏေရဿ- အား၊ ဒဿာမိ- အံ့၊" ဣတိ- ဤသို့ကြံ၍၊ ပဋိဂ္ဂဟေတွာ ဝါ- အကပ်ခံ၍သော်လည်းကောင်း၊ အပဋိဂ္ဂဟေတွာ ဝါ- အကပ်မခံမူ၍သော်လည်းကောင်း၊ အာဟရိတွာ၊ ဒါတုံ၊ ဝဋ္ဋတိ။ ပန- ဆက်၊ ဝိတက္ကံ- စိတ်အကြံကို၊ သောဓေတုံ- သုဓ်သင်ခြင်းငှာ၊ သစေ သဏ္ဌာတိ-

---

သီဟဝိယာသာဒိ။ ။ အစိမ်းသူရဲဖမ်းစားသော ရောဂါရှိလျှင် မိမိအတွက် သားစိမ်းငါးစိမ်းခံယူခြင်းကို ခွင့်ပြုထားချက်ရှိသည်၊ သားစိမ်းငါးစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်ရသည်ဟုလည်း သာမညအားဖြင့် (ကိုယ့်အတွက်ရော သူများအတွက်ပါ) သားစိမ်းငါးစိမ်းခံယူမှုကို ပယ်မြစ်ထားသည်၊ သို့ဖြစ်စေကာမူ မိမိအတွက်လည်း မဟုတ် အခြားရဟန်းများအတွက်လည်း မဟုတ်သောကြောင့် သာမဏေအတွက် ခြင်္သေ့စားကြွင်းအသားစသည်ကို ဆောင်ယူပေးကောင်းသည်၊ (သာရတ္ထ၊၃၊၇၄။)

ဝိတက္ကံ သောဓေတုံ။ ။ သာမဏေဆီကို ရောက်သွားလျှင် သာမဏေက ငါ့ကိုလည်း ပေးလိမ့်မည်ဟူသော အကြံ (ရည်မှန်းချက်) ကို ဝိတက္က-ဟု ခေါ်သည်၊ ယင်းသို့ရည်မှန်းချက်မထားခြင်းကိုပင် "သောဓေတုံ"ဟု ခေါ်သည်။ ယင်းရည်မှန်းချက်မျိုးမထားခဲ့ပါလျှင် သာမဏေဆီကို ရောက်သွားပြီးသည့်နောက် သာမဏေက ပြန်ပေးသည်ကို စားကောင်းသည်။

http://www.dhammadownload.com

အကယ်၍ စွမ်းနိုင်အံ့၊ ဧဝံ သတိ၊ တတော- ထိုသာမဏေ၏ အထံမှ၊ လဒ္ဓ- ရအပ်သော ခြသေ့စားကြွင်း အသားစသည်ကို၊ ခါဒိတုမိ- စားခြင်းငှာလည်း၊ ဝဋ္ဋတိ။ အာမကမံသပဋိဂ္ဂဟဏပစ္စယာ- သားစိမ်းငါးစိမ်းကို ကောက်ယူခြင်းဟူသော အကြောင်းကြောင့်၊ ဝဇ္ဇံ- အပြစ်သို့၊ နေဝ ဖုသတိ- မရောက်၊ ဥဂ္ဂဟိတကပစ္စယာ- ကြောင့်၊ ဝဇ္ဇံ၊ န ဖုသတိ။ မာတာပိတူနံ- တို့၏၊ အတ္ထာယ- အကျိုးငှာ၊ တေလာဒီနိ- ဆီအစရှိသည်တို့ကို၊ ဂဟေတွာ- ယူ၍၊ ဂစ္ဆတော- သွားသော ရဟန်း၏၊ အန္တရာမဂ္ဂေ- လမ်းခရီးအကြား၌၊ ဗျာဓိ- အနာသည်၊ သစေ ဥပ္ပဇ္ဇတိ- အကယ်၍ ဖြစ်အံ့၊ ဧဝံ သတိ၊ တတော- ထိုဆီအစရှိသော ဝတ္ထုတို့မှ၊ ယံ- အကြင်ဝတ္ထုကို၊ ပရိဘုဉ္ဇိတုံ- သုံးဆောင်ခြင်းငှာ၊ ဣစ္ဆတိ- အလိုရှိ၏၊ တံ- ထိုဝတ္ထုကို၊ ပဋိဂ္ဂဟေတွာ၊ ပရိဘုဉ္ဇိတုံ၊ ဝဋ္ဋတိ။ ပန- ဆက်၊ မူလေပိ- အရင်း၌လည်း၊ (ဆောင်ယူခဲ့စဉ်ကလည်း၊) ပဋိဂ္ဂဟိတံ- အကပ်ခံအပ်ပြီးသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ပုန၊ ပဋိဂ္ဂဟဏကိစ္စံ၊ နတ္ထိ။ မာတာပိတူနံ- တို့၏၊ တဏ္ဍုလေ- ဆန်တို့ကို၊ အာဟရိတွာ- ၍၊ ဒေတိ- ပေးအံ့၊ တေ- ထိုမိဘတို့သည်၊ တတောယေဝ- ထိုဆန်တို့မှသာလျှင်၊ ယာဂုအာဒီနိ- ယာဂုအစရှိသည်တို့ကို၊ သမ္မာဒေတွာ- ပြီးစီးစေ၍၊ တဿ- ထိုရဟန်းအား၊ ဒေန္တိ- ကုန်အံ့၊ ဝဋ္ဋတိ။ သန္နိဓိပစ္စယာ ဝါ၊ ဥဂ္ဂဟိတကပစ္စယာ ဝါ၊ ဒေါသော၊ နတ္ထိ။ (သန္နိဓိပါစိတ် အာပတ် ဥဂ္ဂဟိတက ဒုက္ကဋ်အာပတ်မသင့်ပါဟု ဆိုလိုသည်။)

၁၁၄။ ဘိက္ခု- သည်၊ ပိဒဟိတွာ- ပိတ်၍၊ (ပြာမဝင်ရအောင်၊) ဥဒက်- (အမှုန်မပါရအောင် စစ်ပြီးသော) ရေကို၊ တာပေတိ- ပူစေအံ့၊ ယာဝ ပရိက္ခယာ- ကုန်သည့်တိုင်အောင်၊ ပရိဘုဉ္ဇိတုံ၊ ဝဋ္ဋတိ။ ပန- ဆက်၊ ဇတ္ထု- ဤရေနွေး၌၊ ဆာရိကာ- ပြာသည်၊ သစေ ပတတိ- အကယ်၍ ကျအံ့၊ ဧဝံ သတိ၊ ပဋိဂ္ဂဟေတဗ္ဗံ- အကပ်ခံရာ၏။ ဒီဃသက္ကာသေန- ရှည်သော သံညှပ်ဖြင့်၊ ထာလကံ- ခွက်ကို၊ ဂဟေတွာ- ကိုင်၍၊ တေလံ- ဆီကို၊ ပစန္တသ- ချက်စဉ်၊ ဆာရိကာ- ပြာသည်၊ သစေ ပတတိ- အံ့၊ ဧဝံ သတိ၊ ဟတ္ထေန- လက်ဖြင့်၊ ဝါ- လက်မှ၊ အမုဉ္စန္တေနေဝ- မလွှတ်ဘဲသာ၊ ပစိတွာ- ချက်မြဲ ချက်ပြီး၍၊ ဩတာရေတွာ- အောက်သို့ချ၍၊ ပဋိဂ္ဂဟေတဗ္ဗံ- အကပ်ခံရာ၏၊ အဂိ်ရာပိ- မီးကျီးတို့သည်လည်းကောင်း၊ ဝါ- တို့ကိုလည်းကောင်း၊ ဒါရူနိပိ- ထင်းတို့သည်လည်းကောင်း၊ ဝါ- တို့ကိုလည်းကောင်း၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ဌပိတာနိ- ထားအပ်ကုန်သည်၊ သစေ ဟောန္တိ၊ ဧဝံ သတိ၊ မူလပဋိဂ္ဂဟဏမေဝ- မူလအကပ်ခံခြင်းသည်ပင်၊ ဝဋ္ဋတိ။

http://www.dhammadownload.com

(ပြောကျသော်လည်း မီးကျီးထင်းတို့ကို အကပ်ခံပြီးဖြစ်၍ နောက်ထပ်အကပ်ခံဖွယ် မလို၊ ယင်းမီးကျီးထင်းတို့မှ ဖြစ်သော ပြာသည် တံသမုဒ္ဒါတ-သာ ဖြစ်သည်၊ နဝသမုဒ္ဒါတ မဟုတ်ပါ။)

ဘိက္ခု- သည်၊ ဥစ္ဆု- ကြဲကို၊ ခါဒတိ- ခဲစားနေ၏၊ သာမဏေရော- သည်၊ "မယှမ္ပိ- တပည့်တော်အားလည်း၊ ဒေထ- ပေးပါကုန်၊" ဣတိ- သို့၊ ဝဒတိ- လျှောက်အံ့၊ "ဣတော- ဤနေရာမှ၊ ဆိန္ဒိတွာ- ဖြတ်၍၊ ဂဏှ- ယူလော၊" ဣတိ- သို့၊ ဝုတ္တော- ပြောဆိုအပ်သော သာမဏေသည်၊ ဂဏှာတိ- ယူအံ့၊ အဝသေသေ- ကြွင်းသော ကြဲပိုင်း၌၊ ပုန၊ ပဋိဂ္ဂဟဏကိစ္စံ၊ နတ္ထိ။ ဂုဠပိဏ္ဍံ- ထန်းလျက်ခဲကို၊ ခါဒန္တသပိ- ခဲစားစဉ်လည်း၊ ဧသေဝ နယော။ ဟိ- မှန်၊ ဝုတ္တောကာသတော- ပြောဆိုအပ်သော အရပ်မှ၊ ဆိန္ဒိတွာ- ၍၊ ဂဟိတာဝသေသံ- ယူအပ်ပြီးမှ ကြွင်းသော ကြဲပိုင်းထန်းလျက်ခဲသည်၊ အဇ္ဈောဟရိတပဋိဂ္ဂဟဏမေဝ- မစွန့်အပ်သော အကပ်ခံခြင်းရှိသည်သာ၊ ဝါ- အကပ်ခံခြင်းကို မစွန့်သည်သာ၊ ဟောတိ။

ဘိက္ခု- သည်၊ ဂုဠံ- ထန်းလျက် (ကြဲသကာခဲ) ကို၊ ဘာဇေန္တော- ဝေဖန်လိုသည်၊ ဟုတွာ၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ကောဋ္ဌာသေ- အဖို့အစုတို့ကို၊ ကရောတိ- ပြု၏၊ ဘိက္ခူပိ- တို့သည်လည်းကောင်း၊ သာမဏေရောပိ- တို့သည်လည်းကောင်း၊ အာဂန္တွာ- လာ၍၊ ဧကဂ္ဃဏေနေဝ- တစ်ကြိမ်တည်း ကိုင်ယူခြင်းဖြင့်သာလျှင်၊ (ကောက်ယူပြီးကို ပြန်မချတော့ဘဲ ယူသွားခြင်းကို ဧကဂ္ဃဏဟု ဆိုသည်၊) ဧကမေကံ- တစ်ခုတစ်ခုသော၊ ကောဋ္ဌာသံ- အဖို့အစုကို၊ ဂဏှန္တိ- ယူကုန်အံ့၊ ဂဟိတာဝသေသံ- ယူအပ်ပြီးသည်မှကြွင်းသော ထန်းလျက်

ကောဋ္ဌာသေ ကရောတိ။ ။ ရဟန်းများနှင့် သာမဏေများက မိမိတို့သဘောကျရာအဖို့ကို ယူကြပါစေဟု အကုန်လုံးအတွက် ညီတူညီမျှ အဖို့အစုတို့ကို ပြုလုပ်ထားသည်။ (သာရတ္ထ၊၃၊၇၄။)

ဤဋီကာစကားကိုထောက်က အချို့သံယိကစားဖွယ်သောက်ဖွယ်ကို ဝေကြသည့်အခါ သာမဏေများလည်း ရဟန်းများနှင့် ညီတူညီမျှ ရနိုင်သည်ဟု မှတ်သင့်သည်။ သင်္ကန်းဝေရာဒ္ဓမူ သာမဏေတို့အား တစ်ဝက်ပေးရန် ခွင့်ပြုချက်ရှိသည်။
(ဝိ၊၃၊၃၉၈။)

ထို့ကြောင့် ကျေးဇူးအထူးမများလျှင် တစ်ဝက်သာ ပေးပါ၊ သာမဏေများက သံယိကအလုပ်ကို များစွာလုပ်ရလျှင် အညီအမျှပေးပါဟု မှတ်သင့်သည်။ (ပါ။ဘာဋီ၊၃၁၇။)

သာမဏေများက သေးငယ်နေလျှင် တစ်ဝက်မျှသာပေး၍ အရွယ်ရောက်ပြီးသူများဖြစ်လျှင် ညီတူညီမျှ ပေးရမည်ဟု ယူကလည်း သင့်မည် ထင်ပါသည်။

http://www.dhammadownload.com

(ကြံသကာ) သည်၊ ပဋိဂ္ဂဟိတမေဝ- အကပ်ခံအပ်မြဲ ခံအပ်သည်သာ၊ ဟောတိ။ လောလသာမဏေရော- လျှပ်ပေါ်လော်လီသော သာမဏေသည်၊ ဂဏ္ဌိတွာ ဂဏ္ဌိတွာ- ယူပြီး၍ ယူပြီး၍၊ ပုန- တစ်ဖန်၊ သစေ ဌပေတိ- အကယ်၍ ထားအံ့၊ ဧဝံ သတိ၊ တဿ- ထိုသာမဏေ၏။ ဝါ- သည်၊ ဂဟိတာဝသေသံ- ယူအပ်ပြီးမှ ကြွင်းသော ထန်းလျက်သည်၊ (ယူပြီး၍ ပြန်ချထားခဲ့သော ထန်းလျက်၊) အပဋိဂ္ဂဟိတကမေဝ- ပဋိဂ္ဂဟိတကမဟုတ်သည်သာ၊ ဝါ- အကပ်ဟျက်သည်သာ၊ ဟောတိ။

ဘိက္ခု- သည်၊ ဓူမဝဋ္ဋိ- အခိုးရှိသော အလိပ်ကို၊ ဝါ- ဆေးလိပ်ကို၊ ပဋိဂ္ဂဟေ-တွာ- အကပ်ခံပြီး၍၊ ဓူမံ- အခိုးကို၊ ပိဝတိ- သောက်အံ့၊ မုခဒ္ဓ- ခံတွင်းသည်လည်းကောင်း၊ ကဏ္ဌော စ- လည်ချောင်းသည်လည်းကောင်း၊ မနော-သိလာယ- ဆေးဒန်းမြင်းသီလာဖြင့်၊ လိတ္တော ဝိယ- သုတ်လိမ်းအပ်သကဲ့သို့၊ ဟောတိ၊ ဧဝံ သတိပိ- ဤသို့ဖြစ်ပါသော်လည်း၊ ယာဝကာလိကံ- ယာဝကာလိကခဲဖွယ်ဘောဇဉ်ကို၊ ဘုဥ္ဇိတုံ ဝဋ္ဋတိ။ ယာဝကာလိကေန- ယာဝကာလိကခဲဖွယ်ဘောဇဉ်နှင့်၊ ယာဝဇီဝိကသံသဂ္ဂေ- ဆေးညှိတို့ ရောနှောမိခြင်းကြောင့်၊ ဒေါသော- သည်၊ နတ္ထိ။

ဓူမဝဋ္ဋိ။ ။ ဆေးလိပ် ဆေးတန် တမာဂူစသော အခိုးသောက်စရာ ဝတ္ထုပစ္စည်းအကုန်လုံးကိုပင် "ဓူမဝဋ္ဋိ"အရ ယူသင့်သည်။ (ဓူမ- အခိုးရှိသော+ ဝဋ္ဋိ- အလုံး၊ အလိပ်၊) ယင်းဆေးလိပ်စသည်တို့ကို သောက်လိုက်သည့်အခါ ခံတွင်းနှင့် လည်ချောင်းမှာ ဆေးဒန်းမြင်းသီလာဖြင့် သုတ်လိမ်းထားသကဲ့သို့ ဆေးညှိကလေးတွေ ကပ်နေတတ်သည်။

ယင်းဆေးလိပ်စသည်တို့ကို ထိုနေ့နံနက် အရုဏ်တက်ပြီးမှ အကပ်ခံသောက်လျှင် ယာဝကာလိကခဲဖွယ်ဘောဇဉ်ကို စားပါသော်လည်း ယာဝကာလိက ခဲဖွယ်ဘောဇဉ်နှင့် ယာဝဇီဝိကဖြစ်သော ဆေးညှိများ ပါးစပ်အတွင်းမှာ ရောရှိ၍ ဝမ်းဘွင်းသို့ ဝင်သွားသည့်အတွက် အာပတ်မသင့်ပါ။

ထိုဆေးလိပ်စသည်တို့ကို ရှေ့နေ့ကအကပ်ခံထားခဲ့ပါလျှင် အာမိသရှိသော ပါးစပ်ဖြင့် ယင်းဆေးလိပ်စသည်တို့၏ အခိုးကို သောက်ခြင်းငှာ မအပ်တော့ပါ။ သောက်လျှင် သန္ဓိဓိပါစိတ်အာပတ်သင့်နိုင်ပါသည်။ (သာရတ္ထ၊၃၊၇၅။)

ဆေးလိပ်သောက်သင့်သလား။ ။ "ဓူမဝဋ္ဋိ ပဋိဂ္ဂဟေတွာ"ဟု အဋ္ဌကထာ၌ ဆိုထားသောကြောင့် ဆေးလိပ်စသည်ကို အကပ်ခံပြီးမှ သောက်ရမည်၊ အကပ်မခံဘဲ မသောက်ရ၊ အကပ်မခံဘဲ သောက်လျှင် ကိုင်ယူတုန်းကပင် ဥဂ္ဂဟိတကဒုက္ကဋ်အာပတ်သင့်သည်၊ သောက်သည့်အခါမှာ ဒန္ဓပေါဏသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်သည်၊

http://www.dhammadownload.com

ပတ္တံ- သပိတ်ကို၊ ပစန္တိသ ဝါ- ဖုတ်စဉ်သော်လည်းကောင်း၊ ရဇနံ- ဆိုးရည်ကို၊ ပစန္တိသ ဝါ- ကျိုစဉ်သော်လည်းကောင်း၊ ကဏ္ဏနာသဆိဒ္ဒေဟိ- နားပေါက်နှာခေါင်းပေါက်တို့မှ၊ ဓူမော- မီးအခိုးသည်၊ ပဝိသတိ- ဝင်အံ့၊ ဗျာဓိပစ္စယာ- အနာဟူသော အကြောင်းကြောင့်၊ ပုပ္ပံ ဝါ- ပန်းကိုသော်လည်းကောင်း၊ ဖလံ ဝါ- အသီးကိုသော်လည်းကောင်း၊ ဥပသိဃ်တိ- နမ်းရှူအံ့၊ ဧဝံ သတိ- ဤသို့ဖြစ်လသော်၊ အတ္ထောဟာရိကတ္တာ- အတ္ထောဟာရိက၏ အဖြစ်ကြောင့်၊ ဝဋ္ဋတိ။ ဘတ္တုဂ္ဂါရော- ကြို့ထိုးခြင်းစသည်ကြောင့် အန်ထွက်လာသော အစာသည်၊ တာလုံ- အာစောက်ကို၊ အာဟစ္စ- ထိခိုက်၍၊ အန္တောယေဝ- အတွင်းသို့သာ၊ ပဝိသတိ- ပြန်ဝင်အံ့၊ အဝိသယတ္တာ- စောင့်စည်းနိုင်သော အရာမဟုတ်သည်၏ အဖြစ်ကြောင့်၊ (ပြန်မကျအောင် မထိန်းသိမ်းနိုင်သောကြောင့်၊) ဝဋ္ဋတိ။ ပန- ထိုသို့ပင် အပ်ပါသော်လည်း၊ မုခံ- ခံတွင်းသို့၊ ပဝိဋ္ဌံ- ဝင်ပြီးသော ကြို့ထိုးဖတ်ကို၊ အဇ္ဈောဟရတော- ပြန်၍မျိုချသော ရဟန်း၏၊ ဝိကာလေ- ၌၊ အာပတ္တိ- သည်၊ ဟောတိ။

ဒန္တန္တရေ- သွား၏ အကြား၌၊ လဂ္ဂဿ- ငြိကပ်နေသော၊ အာမိသဿ- ၏၊ ရသော- အရည်သည်၊ ပဝိသတိ- ဝင်အံ့၊ အာပတ္တိယေဝ- အာပတ်သည်သာ၊

ရှေ့ရှေ့နေ့များက အကပ်ခံထားသည်ကို သောက်ပြန်လျှင် ထိုနေ့စားသောက်သော အာဟာရနှင့် ပါးစပ်ထဲမှာ ရောနှော၍ လည်မျိုတစ်ဖက်သို့ ဝင်သွားသောကြောင့် သန္ဓိပါစိတ်အာပတ် သင့်ပြန်သည်။

သို့ဖြစ်၍ နံနက်ဘက်၌ မုခသန္ဓိ-အပြစ်မဖြစ်အောင် ထို့နေ့အကပ်ခံထားသော ဆေးလိပ်ကိုသာ သောက်သင့်သည်၊ ရှေ့နေ့များက အကပ်ခံထားသော ဆေးလိပ်များကို မသောက်သင့်၊ ညနေဘက်၌ကား ယာဝဇီဝိက-ဖြစ်သော ဆေးလိပ်ကို သင့်လျော်သော ဂေလည (ဆေးလိပ်ကိုသောက်မှ သက်သာနိုင် ပျောက်ကင်းနိုင်သော အနာရောဂါ) ဟူသော အကြောင်းရှိမှသာ သောက်သင့်သည်၊ သင့်လျော်သော ဂေလည-ဟူသော အကြောင်းမရှိက မသောက်သင့်ပါ။

ကွမ်းစားမှုနှင့် ဆေးငုံဆေးဝါးမှုစသည်တို့လည်း ဤသဘောအတိုင်းပင် ဖြစ်ပေသည်။

ဝိကာလေ အာပတ္တိ။ ။ လည်ချောင်းထဲသို့ ရောက်ပြီးသော အာဟာရသည် ပြန်ထွက်လာသော်လည်း ပါးစပ် (ခံတွင်း) အပြင်သို့ မရောက်သေးက အကပ်မပျက်သေးပါ၊ သို့ဖြစ်၍ ပါးစပ်တွင်းသို့ ရောက်လာသော ကြို့ထိုးဖတ်ကို နံနက်ကာလ၌ ပြန်မျိုချသော ရဟန်းမှာ အာပတ်မသင့်ပါ၊ ဝိကာလ၌ ပြန်မျိုချသော ရဟန်းမှာ ဝိကာလဘောဇနပါစိတ်အာပတ် သင့်ပါသည်။

http://www.dhammadownload.com

ဟောတိ။ သုခုမံ- သိမ်မွေ့သော၊ အာမိသံ- သည်၊ သစေ ဟောတိ၊ ရသော-အရည်သည်၊ သစေ နော ပညာယတိ- အကယ်၍ မထင်ရှားအံ့၊ ဧဝံ သတိ-ဤသို့ဖြစ်သော်၊ အဇ္ဈောဟာရိကပက္ခံ- အဇ္ဈောဟာရိကပက္ခသို့ ဘဇတိ- ကပ်ဝင်တော့၏၊ ကာလေ- မွန်းတည့်ချိန်အခါသည်၊ ဥပကဋ္ဌေ- နီးကပ်သော်၊ နိရုဒ-ကဋ္ဌာနေ- ရေမရှိသော အရပ်၌၊ ဘတ္တံ- ကို၊ ဘုဥ္ဇိတွာ- ၍၊ ကက္ခာရေတွာ-ကက်ဟု အသံပြု၍၊ (ဟက်၍၊) ဒွေ တယော- နှစ်ခု သုံးခုကုန်သော၊ ခေဠ-ပိဏ္ဍေ- တံတွေးခဲတို့ကို၊ ပါတေတွာ- ကျစေပြီး၍၊ ဥဒကဋ္ဌာနံ- ရေ၏ တည်ရာအရပ်သို့၊ (ရေရှိရာသို့၊) ဂန္တွာ- ရောက်၍၊ ဝါ- ရောက်မှ၊ မုခံ- ပါးစပ်ကို၊ ဝိက္ခာ-လေတတ်ံ- ဆေးရာ၏။

ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ဌပိတသိဂီဝေရာဒီနံ- ထားအပ်သောချင်းအစရှိသည်တို့၏၊ အင်္ဂံရာ- အညွှန့်တို့သည်၊ နိက္ခမန္တိ- ထွက်ကုန်အံ့၊ ပုန၊ ပဋိဂ္ဂဟဏကိစ္စံ၊ နတ္ထိ။ (ယင်းအညွှန့်တို့သည် နဝသမုဋ္ဌိတမဟုတ်၊ တံသမုဋ္ဌိတမျှသာဖြစ်သည်၊ ထို့ကြောင့် ပြန်အကပ်ခံရန် မလိုပါ။) လောဏော- ဆားသည်၊ အသတိ- မရှိလသော်၊ သမုဒ္ဒေါဒကေန- သမုဒ္ဒရာရေဖြင့်၊ (အကပ်မခံရသေးသော သမုဒ္ဒရာရေဖြင့်၊ အကပ်ခံပြီးဖြစ်လျှင် မုခသန္ဓိဓိဖြစ်နိုင်သည်၊) လောဏကိစ္စံ-ဆားကိစ္စကို၊ ကာတုံ၊ ဝဋ္ဋတိ။ ပဋိဂ္ဂဟေတွာ- ၍၊ ဌပိတလောဏောဒကံ- ထားအပ်သော ဆားရေသည်၊ လောဏံ- ဆားသည်၊ ဟောတိ- ဖြစ်သွားအံ့၊ လောဏံ ဝါ- ဆားသည်သော်လည်း၊ ဥဒကံ- ရေသည်၊ ဟောတိ- ဖြစ်အံ့၊ ရသော ဝါ- ကြဲရည်သည်သော်လည်း၊ ဖာဏိတံ- တင်လဲသည်၊ ဟောတိ၊ ဖာဏိတံ ဝါ- တင်လဲသည်သော်လည်း၊ ရသော- အရည်သည်၊ ဟောတိ။ မူလပဋိဂ္ဂဟဏမေဝ- မူလအကပ်ခံခြင်းသည်ပင်၊ ဝဋ္ဋတိ။

ဟိမကရကာ- ဆီးနှင်း မိုးသီး မိုးပေါက်တို့သည်၊ ဥဒကဂတိကာ ဧဝ- ရေနှင့်အလားတူကုန်သည်သာတည်း၊ ပါရိဟာရိကေန- သွားလေရာရာ ဆောင်ယူ

မွန်းတည့်နိုးခါ ရေဝေးကွာသော်။ ။ သလိပ်ဟက်သံကိုပင် "ကက်"ဟူသော အသံဟု ဆိုထားသည်၊ သို့ဖြစ်၍ မွန်းတည့်ခါနီး ရေမရှိရာအရပ်မှာ ဆွမ်းစားရပါလျှင် ဆွမ်းစားပြီးနောက် သလိပ်ဟက်၍ သလိပ်ခဲ တံတွေးခဲများ နှစ်ခဲသုံးခဲ ကျသွားပါစေ။ ယင်းသို့ ကျသွားသဖြင့် ခံတွင်း၌ ဆွမ်းစသော အာမိသများလည်း ကျန်မနေဘဲ သန့်ရှင်းသွားလိမ့်မည်၊ ထို့နောက်မှ ရေရှိရာအရပ်သို့ သွား၍ ပါးစပ်ကို ဆေးကြောတိုက်ချွတ်ရမည်။

http://www.dhammadownload.com

အပ်သော၊ ကတကဋ္ဌနာ- ခပေါင်းရေကြည်စေ့ဖြင့်၊ ဥဒကံ- ရေကို၊ ပသာဒေန္တိ- ကြည်စေကုန်အံ့၊ တံ- ထိုခပေါင်းရေကြည်စေ့သည်၊ အဗ္ဘောဟာရိကံ- တည်း။ (ခပေါင်းရေကြည်စေ့သည် ရေကိုကြည်လင်စေပြီး သီးခြားတည်နေခြင်းကြောင့် အဗ္ဘောဟာရိက-ဟု ဆိုသည်။ သာရတ္ထ၊၃၊၇၅။)

အာမိသေန- နှင့်၊ သဒ္ဓိံ- တကွ၊ ပိဝိတုံ၊ ဝဋ္ဋတိ။ အာမိသဂတိကေဟိ- အာမိသ၏ ဖြစ်ခြင်းနှင့် တူသောဖြစ်ခြင်း ရှိကုန်သော၊ ဝါ- အာမိသနှင့် အလားတူကုန်သော၊ ကပိတ္ထဖလာဒီဟိ- သီးသီးအစရှိသည်တို့ဖြင့်၊ ပသာဒိတံ- ကြည်စေအပ်သော ရေသည်၊ ပုရေဘတ္တမေဝ- နံနက်အခါ၌သာ၊ ဝဋ္ဋတိ။ (ရေထဲ၌ သီးသီး၏ အရသာ ပါနေသောကြောင့် နံနက်အခါ၌သာ အပ်သည်။)

ပေါက္ခရဏီအာဒီသု- လေးထောင့်ကန်အစရှိသော အရပ်တို့၌၊ ဥဒကံ- ရေသည်၊ ဗဟလံ- ပျစ်သည်၊ ဟောတိ- ဖြစ်တတ်၏၊ ဝဋ္ဋတိ။ (ပျစ်သော်လည်း အကပ်မခံဘဲ သောက်ကောင်းသည်၊) ပန- ထိုမှပြန်လှန် မသင့်ဟန်ကား၊ မုခေ စ- ခံတွင်း၌လည်းကောင်း၊ ဟတ္ထေ စ- လက်၌လည်းကောင်း၊ သစေ လဂ္ဂတိ- အကယ်၍ ငြိကပ်အံ့၊ ဧဝံ သတိ၊ န ဝဋ္ဋတိ။ ပဋိဂ္ဂဟေတွာ- အကပ်ခံ၍၊ ပရိဘုဉ်- တဗ္ဗံ- သုံးဆောင်ရာ၏၊ (ရေခြောက်သွားသောအခါ ပါးစပ်နှင့်လက်တို့မှာ ဖြူသော အဆင်းထင်လျက် ငြိကပ်နေလျှင် အကပ်မခံဘဲ မသုံးဆောင်ကောင်း။) ခေတ္တေသု- လယ်တို့၌၊ ကသိတဋ္ဌာနေ- ထွန်အပ်ရာအရပ်၌၊ ဗဟလံ- ပျစ်သော၊ ဥဒကံ- သည်၊ ဟောတိ။ ပဋိဂ္ဂဟေတဗ္ဗံ။ (အမှုန်ပါနေသောကြောင့် အကပ်ခံရသည်၊) သန္ဒိတ္တာ- လယ်မှ စီးသွား၍၊ ကန္ဒရာဒီနံ- ချောက်အစရှိသည်တို့သို့၊ ပဝိသိတ္တာ- ဝင်၍၊ နဒီ- မြစ်ကို၊ သစေ ပူရေတိ- အကယ်၍ ပြည့်စေအံ့၊ ဧဝံ သတိ၊ ဝဋ္ဋတိ။ (မြစ်ထဲရောက်သွားလျှင် အပ်၏ဆိုစေကာမူ အမှုန်မပါဘဲ ကြည်လင်နေသော ရေသာ မစစ်ဘဲ သောက်ကောင်းသည်၊ ထင်ထင်ရှားရှား အမှုန်ပါနေလျှင်ကား၊ စစ်သောက်ရမည်။)

ကကုဓသောဇ္ဇာဒယော- ရေခဲတက်ပင်ရှိသော ထူးအိုင်အစရှိသည်တို့သည်၊ ရုက္ခတော- သစ်ပင်မှ၊ ပတိတေဟိ- ကျကုန်သော၊ ပုပ္ဖေဟိ- အပွင့်တို့ဖြင့်၊ သဉ္ဆန္နောဒကာ- ဖုံးလွှမ်းအပ်သော ရေရှိကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ ပုပ္ဖရသော- အပွင့်၏အရသာသည်၊ သစေ န ပညာယတိ- အကယ်၍ မထင်ရှားအံ့၊ ဧဝံ သတိ၊ ပဋိဂ္ဂဟကိစ္စံ- ရေကို အကပ်ခံဖွယ် ကိစ္စသည်၊ နတ္ထိ။ ပရိတ္တာနည်းသော၊ ဥဒကံ- သည်၊ ဟောတိ- အံ့၊ ရသော- အပွင့်၏ အရသာသည်၊

http://www.dhammadownload.com

ပညာယတိ- ထင်ရှားအံ့၊ ပဋိဂ္ဂဟေတဗ္ဗံ- အကပ်ခံရာ၏၊ ပတ္တတကန္ဒရာဒီသု- တောင်,ချောက်အစရှိသော အရပ်တို့၌၊ ကာဠဝဏ္ဏပဏ္ဏာစ္ဆန္နဥဒကေပိ- မည်းနက်သော အဆင်းရှိသော သစ်ရွက်တို့ဖြင့် ဖုံးလွှမ်းအပ်သော ရေ၌လည်း၊ ဧသေဝ နယော။

ပါနီယယဇ္ဇေ- သောက်ရေအိုး၌၊ သရေဏုကာနိ ဝါ- ဝတ်မှုန်ပါရှိသည်လည်း ဖြစ်ကုန်သော၊ သဝဏ္ဏဓာရာနိ ဝါ- ညှာတ်မှ ထွက်သော အစေးပါရှိသည်လည်း ဖြစ်ကုန်သော၊ ပုပ္ဖာနိ- ပန်းတို့သည်၊ ဝါ- တို့ကို၊ ပက္ခိတ္တာနိ- ထည့်အပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ ဥဒကံ- ကို၊ ပဋိဂ္ဂဟေတဗ္ဗံ- ရာ၏၊ ပုပ္ဖာနိ ဝါ- ပန်းတို့ကိုသော်လည်း၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ဝါ- မှ၊ ပက္ခိပိတဗ္ဗာနိ- ထည့်ထိုက်ကုန်၏။ ပါဠလိမလ္လိကာ- သခွတ်ပန်း ကြက်ရုန်း (ဇွန်) ပန်းတို့သည်၊ ဝါ- တို့ကို၊ ပက္ခိတ္တာ- ထည့်အပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ ဝါသမတ္ထံ- ထုံအပ်သော အနံ့မျှသည်၊ တိဋ္ဌတိ- တည်အံ့၊ တံ- ထိုအနံ့မျှသည်၊ အတ္ထော- ဟာရိကံ- တည်း။ ဒုတိယဒိဝသေပိ- နောက်နေ့၌လည်း၊ အာမိသေန- ဆွမ်းစသော အာမိသနှင့်၊ သဒ္ဒိ- တကွ၊ ပါတုံ၊ ဝဋ္ဋတိ။ ဘိက္ခုနာ- သည်၊ ဌပိတပုပ္ဖ-ဝါသိတကပါနီယတော- အကပ်ခံ၍ထားအပ်သော ပန်းဖြင့်ထုံအပ်သော သောက်ရေမှ၊ သာမဏေရော- သည်၊ ပါနီယံ- သောက်ရေကို၊ ဂဟေတွာ- ခပ်ယူ၍၊ ပိတာဝသေသကံ- သောက်အပ်ပြီးမှ အကြွင်းကို၊ တတ္ထေဝ-ထိုအိုး၌သာ၊ အာကိရတိ-လောင်းထည့်အံ့၊ ပဋိဂ္ဂဟေတဗ္ဗံ- ရာ၏၊ ပဒုမသရာ-ဒီသု- ပဒုမ္မာကြာအိုင်အစရှိသည်တို့၌၊ ဥဒကံ- ရေကို၊ သန္ဌရိတွာ- ဖြန့်ခင်း၍၊ ဌိတံ- တည်သော၊ ပုပ္ဖရေဏုံ- ပန်းဝတ်မှုန်ကို၊ ယဇ္ဇေန- အိုးဖြင့်၊ ဝိက္ခမ္ဘေတွာ- ခွာ၍ ဖယ်၍၊ ဥဒကံ- ရေကို၊ ဂဟေတုံ- ခပ်ယူခြင်းငှာ၊ ဝဋ္ဋတိ။ ကပ္ပိယံ-အပ်သည်ကို၊ ကာရာပေတွာ- ပြုစေပြီး၍၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ ဌပိတံ- ထားအပ်သော၊ ဒန္တကဋ္ဌံ- ဒန်ပူသည်၊ ဟောတိ- ရှိအံ့၊ တဿ- ထိုဒန်ပူ၏၊ ရသံ- အရည်ကို၊ ပိဝိတုကာမော- မျိုချလိုသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ မူလပဋိဂ္ဂဟမေဝ- မူလအကပ်ခံခြင်းသည်ပင်၊ ဝဋ္ဋတိ။

ပါနီယံ ဂဟေတွာ။ ။ သာမဏေက ခပ်ယူအပ်သော ရေသည် အကပ်ပျက်ပြီးဖြစ်တော့သည်၊ ယင်းအကပ်ပျက်ပြီးရေကို အိုးထဲမှာ ပြန်လောင်းထည့်သည့်အခါ အကပ်ပျက်ပြီးရေနှင့် ရောနှောသွားသည့်အတွက် အိုးထဲရှိရေအကုန်လုံးပင် အကပ်ပျက်ရတော့သည်၊ ထို့ကြောင့် ပြန်အကပ်ခံရမည်၊ သို့မဟုတ်ဘဲ ခပ်ယူစဉ်က ကျန်တာကို

http://www.dhammadownload.com

အပ္ပဋိဂ္ဂဟေတွာ- အကပ်မခံမူ၍၊ ဌပိတံ- ထားအပ်သော ဒန်ပူရည်ကို၊ ပိဝိတုကာမေန- မျိုချလိုသော ရဟန်းသည်၊ ပဋိဂ္ဂဟေတဗ္ဗံ- (ဒန်ပူကို) အကပ်ခံရာ၏၊ အဇာနန္တသ- မသိစဉ်၊ ရသေ- ဒန်ပူရည်သည်၊ ပဝိဋ္ဌေပိ- ဝင်သွားပါသော်လည်း၊ အာပတ္တိယေဝ- သည်သာ၊ ဟောတိ။ ကသ္မာ- အဘယ်ကြောင့်နည်း၊ ဟိ ယသ္မာ- ကြောင့်၊ ဣဒံ သိက္ခာပဒံ- ဤဒန္တပေါဏာသိက္ခာပုဒ်သည်၊ အစိတ္တက-လွန်ကျူးလိုစိတ်မရှိသော်လည်း သင့်ရောက်ခြင်းရှိသော သိက္ခာပုဒ်သည်၊ ဟောတိ၊ တသ္မာ- တည်း။

၁၁၅။ မဟာဘူတေသု- မဟာဘုတ်တို့တွင်၊ ကိံ- အဘယ်မဟာဘုတ်သည်၊ ဝဋ္ဋတိ- အပ်သနည်း၊ ကိံ- သည်၊ နု ဝဋ္ဋတိ- မအပ်သနည်း၊ ဣတိ- ဤကား အမေးတည်း။ တာဝ- အသူ စသည်တို့မှ ရှေးဦးစွာ၊ နိဒ္ဒိဋ္ဌ- သော၊ ခီရံ- နို့ရည်သည်၊ ဝဋ္ဋတိ။ ကပ္ပိယမံသခီရံ ဝါ- အပ်သော အသားရှိသော နွားအစရှိသည့် သတ္တဝါတို့၏ နို့ရည်သည်သော်လည်း၊ ဟောတု- ဖြစ်စေ၊ အကပ္ပိယမံသခီရံ ဝါ- မအပ်သော အသားရှိသော မြင်းအစရှိသည့်သတ္တဝါတို့၏ နို့ရည်သည်သော်လည်း၊ ဟောတု- စေ၊ ပိဝန္တသ- သောက်သော ရဟန်း၏၊ အနာပတ္တိ- တည်း။

အသူ- မျက်ရည်လည်းကောင်း၊ ခေဠော- တံတွေးလည်းကောင်း၊ သိင်္ဃာဏိကာ- နှပ်လည်းကောင်း၊ မုတ္တံ- ကျင်ငယ်လည်းကောင်း၊ (အာပေါဓာတ်လွန်ကဲသော မဟာဘုတ်များ။) ကရီသံ- ကျင်ကြီးလည်းကောင်း၊ သေမ္ဟံ- သလိပ်လည်းကောင်း၊ ဒန္တမလံ- သွားချေးလည်းကောင်း၊ အက္ခိဂူထကော- မျက်ချေး (မျက်ဝတ်) လည်းကောင်း၊ ကဏ္ဏဂူထကော- နားဖာချေးလည်းကောင်း၊ သရီရေ- ကိုယ်၌၊ ဥဋ္ဌိတလောဏေ- ပေါက်သော ဆားလည်းကောင်း၊ (ပထဝီဓာတ် လွန်ကဲသော မဟာဘုတ်များ။) ဣတိ ဣဒံ သဗ္ဗံ- ဤအလုံးစုံသည်၊ ဝဋ္ဋတိ။ ပန- ဆက်၊ ဧတ္ထ- ဤကိုယ်၌တည်သော မဟာဘုတ်တို့တွင်၊ ယံ- အကြင်မဟာဘုတ်သည်၊ ဌာနတော- တည်ရာမှ၊ စဝိတွာ- ရွေ့လျော့၍၊ ပတ္တေ ဝါ- သပိတ်၌သော်လည်းကောင်း၊ ဟတ္ထေ ဝါ- လက်၌သော်လည်းကောင်း၊ ပတတိ- ပြတ်ကျ၏၊ တံ- ထိုမဟာဘုတ်ကို၊ ပဋိဂ္ဂဟေတဗ္ဗံ- ရာ၏။ (လက်ထဲကို

အိုးထဲမှာပဲ ပြန်ထည့်မယ်ဟု နှလုံးသွင်းလျက် ခပ်ယူခဲ့ပါလျှင် ပြန်ထည့်သည့်အတွက် အကပ်မပျက်ပါ၊ ထို့ကြောင့် နောက်ထပ်အကပ်ခံစရာလည်း မလိုတော့ချေ။

(သာရတ္ထ၊၃၊၇၅။)

ပန်းတို့ဖြင့် မထုံသော ရေကြည်ရေသန့်၌ကား သာမဏေ၏ အကျန်ပင့်ဖြစ်သော်လည်း ပြန်အကပ်ခံစရာ မလိုပါ။

http://www.dhammadownload.com

ပြတ်ကျလာလျှင်သော အကပ်ခံရသည်၊ လက်ဖြင့် တမင်ယူက အကပ်ခံဖွယ် မလိုပါ။) အင်္ဂလက်- ကိုယ်၌ငြိကပ်သော မဟာဘုတ်သည်၊ ပဋိဂ္ဂဟိတကမေဝ-ပဋိဂ္ဂဟိတကမည်သည်သာ၊ ဝါ- အကပ်ခံပြီးဖြစ်သည်သာ၊ ဥဏ္ဏပါယာသံ-ပူသောနို့ယနာကို၊ ဘုဥ္ဇန္တသ- စားစဉ်၊ သေဒေါ- ချွေးသည်၊ အင်္ဂလိအနုသာရေန- လက်ချောင်းသို့ အစဉ်လိုက်သဖြင့်၊ ဧကာဗဒ္ဓေါ- နို့ယနာနှင့် တစ်စပ်တည်းသာလျှင်၊ ဟုတွာ၊ ပါယာသေ- နို့ယနာ၌၊ သန္တိဋ္ဌတိ- ကောင်းစွာတည်အံ့၊ (ပဋိဂ္ဂဟဏကိစ္စ နတ္ထိမှာ စပ်ပါ။) ဝါ- တစ်နည်း၊ ပိဏ္ဍာယ- ငှာ၊ စရန္တသ-သွားစဉ်၊ ဟတ္ထတော ဝါ- လက်မှသော်လည်းကောင်း၊ ပတ္တသ- ၏၊ မုခ-ဝဋ္ဋိတော ဝါ- နှုတ်ခမ်းရေးမှသော်လည်းကောင်း၊ ပတ္တတလံ- သပိတ်အပြင်သို့၊ သြရောဟတိ- သက်ဆင်းအံ့၊ ဧတ္ထ- ဤခွေးဌ်၊ ပဋိဂ္ဂဟဏကိစ္စ- သည်၊ နတ္ထိ။ (ကိုယ်အင်္ဂါမှ တစ်ဆက်တည်း ဆက်၍သွားသောကြောင့် နောက်ထပ် အကပ်ခံဖွယ် မလို။)

စျာမမဟာဘူတေသု- မီးလောင်အပ်သော မဟာဘုတ်တို့တွင်၊ ဣဒံ နာမ-ဤမည်သော မဟာဘုတ်သည်၊ နံ ဝဋ္ဋတိ- မအပ်၊ ဣတိ- ဤသို့ဆိုဖွယ်သည်၊ နတ္ထိ- မရှိ၊ ပန- ထိုသို့ ဆိုဖွယ်မရှိပါသော်လည်း၊ ဒုဇ္ဈာပိတံ- မကောင်းသဖြင့် မီးလောင်စေအပ်သော မဟာဘုတ်သည်၊ နံ ဝဋ္ဋတိ- မအပ်၊ သုဇ္ဈာပိတံ ပန-ကောင်းစွာ မီးလောင်စေအပ်သော မဟာဘုတ်သည်ကား၊ (ဝဋ္ဋတိ၌ စပ်ပါ) ဝါ- ကိုကား၊ (စုဏ္ဏံ ကတ္တာ၌ စပ်ပါ။) မနုဿဋ္ဌိမံ- လူရိုးကိုသော်မှလည်း၊ စုဏ္ဏံ-အမှုန့်ကို၊ ကတွာ- ၍၊ လေဟေ- လျက်ဖွယ်၌၊ (လျက်ဆားစသော လျက်ဖွယ်၌၊) ဥပနေတုံ- ကပ်ဆောင်ခြင်းငှာ၊ ဝဋ္ဋတိ။

စတ္တာရိ- လေးပါးကုန်သော၊ မဟာဝိကဋ္ဌာနိ- မဟာဝိကဋ္ဌဆေးတို့ကို၊ ကပ္ပိယကာရကေ- သည်၊ အသတိ- မရှိလသော်၊ သာမံ- ရဟန်းကိုယ်တိုင်၊ ဂဟေတ္ဝာ-၍၊ ပရိဘုဉ္ဇိတုံ- ငှာ၊ ဝဋ္ဋန္တိ။ စ- ဆက်၊ ဧတ္ထ- ၌"အသတိ ကပ္ပိယကာရကေ" ဟူသော ပါဌ်၌၊ ဒုဗ္ဘေပိ- အပြောအဆို ခက်သူမူလည်း ဖြစ်သော၊

စတ္တာရိ မဟာဝိကဋ္ဌာနိ။ ။ ၁။ ဂူထ- မစင်၊ ၂။ မုတ္တ- ကျင်ငယ်၊ ၃။ ဆာရိကာ-ပြာ၊ ၄။ မတ္တိကာ- မြေညက်။ ဤလေးမျိုးတို့သည် ရိုးရာဆေးမျိုး မဟုတ်သည့်အတွက် "ဝိကဋ္ဌ"မည်သည်၊ မြွေဆိပ်ကို ပယ်နိုင်သောကြောင့် အရာကျယ်သည့်အတွက် "မဟာ" မည်သည်၊ ယင်းသဘောတရားနှစ်ရပ်ကို ပေါင်းစပ်သောအားဖြင့် "မဟာဝိကဋ္ဌ" ဟူသော အမည်ကို ရကြသည်၊ မဟာဝိကဋ္ဌာနိ-အရာကျယ်သည့်အပြင် ထူးခြားသော သဘောရှိသည့် ဆေးများဟု ဆိုလိုသည်။

http://www.dhammadownload.com

အသမတ္ထောပိ- မစ္ဆမ်းနိုင်သူမူလည်း ဖြစ်သော၊ (အို နာ ငယ်သေးသည့်အတွက် မစ္ဆမ်းနိုင်သူ၊) ကပ္ပိယကာရကော- သည်၊ အသန္တပက္ခေယေဝ- မရှိသူ၏ အဖို့၌သာ၊ တိဋ္ဌတိ- တည်၏။ ဆာရိကာယ- သစ်စိမ်းပြာသည်၊ အသတိ- မရှိလသော်၊ သုက္ခဒါရုံ- ခြောက်သော သစ်သားကို၊ စျာပေတွာ- မီးရှို့၍၊ ဆာရိကာကို၊ ဂဟေတဗ္ဗာ- ထိုက်၏၊ သုက္ခဒါရုမှိ- ခြောက်သော သစ်သားသည်၊ အသတိသော်၊ အလ္လဒါရုံ- စိုသော သစ်သားကို၊ ရုက္ခတော- သစ်ပင်မှ၊ ဆိန္နိတ္ထာပိ- ရဟန်းကိုယ်တိုင် ဖြတ်၍လည်း၊ ကာတုံ- ငှာ၊ ဝဋ္ဋတိ။ (မြေညက်အလို့ငှာ မြေကို ရဟန်းကိုယ်တိုင်လည်း တူးကောင်းသည်၊ သာရတ္ထ။) ပန- ဆက်၊ စတုဋ္ဌမွိ- လေးပါးအပြားရှိသည်လည်း ဖြစ်သော၊ ဣမံ မဟာဝိကဋ္ဌံ- ဤမဟာဝိကဋ္ဌဆေးသည်၊ ကာလောဒိဿံ နာမ- ကာလောဒိဿမည်၏၊ ဝါ- မြွေကိုက်ရာကာလကို ရည်ရွယ်၍ ခွင့်ပြုအပ်သော ဆေးမည်၏၊ သပ္ပဒဋ္ဌက္ခဏေယေဝ- မြွေကိုက်ရာ ခဏ၌သာ၊ ဝဋ္ဋတိ။ (ကပ္ပိယကာရက မရှိလျှင် ကိုယ်တိုင်ယူ၍ သုံးဆောင်ကောင်းသည်၊ မြွေကိုက်ရာအခါမှ အခြားသော အခါ၌မူ အကပ်ခံပြီးမှ သုံးဆောင်ရမည်။ သာရတ္ထ။)

ဣတိ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ- ၌၊ ပဋိဂ္ဂဟဏဝိနိစ္ဆယကထာ- အကပ်ခံခြင်းနှင့်စပ် အဆုံးအဖြတ် စကားရပ်သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

http://www.dhammadownload.com

၂၁။ ပဝါရဏာဝိနိစ္ဆယကထာ

၁၁၆။ **ပဋိက္ခေပပဝါရဏာ**တိ- ဏာဟူသည်ကား၊ ပဉ္စန္နံ- ငါးပါးကုန်သော၊ ဘောဇနာနံ- ဘောဇဉ်တို့တွင်၊ အညတရံ- တစ်ပါးပါးသော ဘောဇဉ်ကို၊ ဘုဉ္ဇမာနေန- စားဆဲရဟန်းသည်၊ (ပဋိက္ခေပသခီါတာဝယ် ပဋိက္ခေပ-၌ စပ်၊) ယဿ ကဿစိ- အမှတ်မပြု တစ်စုံတစ်ခုသော၊ အဘိဟဋ္ဌဘောဇနဿ- ရှေးရှု ဆောင်အပ်သော ဘောဇဉ်ကို၊ ပဋိက္ခေပသခီါတာ- ပယ်ခြင်းဟုဆိုအပ်သော၊ ပဝါရဏာ- ပဝါရဏာတည်း။ (တားမြစ်ခြင်းတည်း။) စ- ဆက်၊ သာ- ထိုပဝါရဏာသည်၊ ကေဝလံ- အကြောင်းအင်္ဂါမဖက် သက်သက်၊ ပဋိက္ခေပမတ္တေန- ပယ်မြစ်ရုံမျှဖြင့်၊ နှ ဟောတိ- ဖြစ်သည် မဟုတ်သေး၊ အထ ခေါ- အဟုတ်သော်ကား၊ ပဉ္စင်္ဂဝသေန- အင်္ဂါငါးပါးတို့၏ အစွမ်းဖြင့်၊ ဟောတိ- ဖြစ်၏။

တတြ- ထိုပဉ္စင်္ဂဝသေန-ဟူသော ပါဠိ၌၊ အသနံ- စားဆဲလည်းကောင်း၊ ဘောဇနံ- ပဝါရဏာလောက်သော ဘောဇဉ်လည်းကောင်း၊ ဒါယကဿ- ပေးသော ပုဂ္ဂိုလ်၏၊ ဟတ္ထပါသေ- ၌၊ ဌာနံ- တည်နေခြင်းလည်းကောင်း၊ အဘိဟာရော- ကိုယ်ဖြင့် ရှေ့ရှုဆောင်ခြင်းလည်းကောင်း၊ အဘိဟဋ္ဌဿ- (ကိုယ်ဖြင့်) ရှေ့ရှုဆောင်အပ်သော ဘောဇဉ်ကို၊ ပဋိက္ခေပေါ- (ကိုယ်နှုတ်ဖြင့်) ပယ်ခြင်းလည်းကောင်း၊ ဣတိ- သို့၊ ဣမာနိ ပဉ္စ- ဤငါးပါးတို့သည်၊ အင်္ဂါနိ- အင်္ဂါတို့တည်း။ (**ဆောင်**- စားဆဲဘောဟတ်၊ ဆောင်မြစ်လတ်၊ သင့်မှတ် ပဝါရိတ်။)

တတ္ထ- ထိုငါးပါးသော အင်္ဂါတို့တွင်၊ **အသနန္တိ**- ကား၊ ဝိပ္ပကတဘောဇနံ- အပြားအားဖြင့် မပြုအပ်သေးသော ဘောဇဉ်တည်း၊ ဝါ- စားအပ်ဆဲ ဘောဇဉ်တည်း၊ ဧသော ပုဂ္ဂလော- သည်၊ ဘုဉ္ဇမာနော- စားဆဲသည်၊ ဧ ဟောတိ- အံ့၊ ဣဒံ အင်္ဂံ- အနက်။ **ဘောဇနန္တိ**- ဟူသည်ကား၊ ပဝါရဏာပဟောနကံ- ပဝါရိတ်လောက်သော၊ ဘောဇနံ- ဘောဇဉ်တည်း၊ သြဒနာဒီနံ- သြဒန-စသည်တို့တွင်၊ အညတရံ- တစ်မျိုးမျိုးသော၊ ပဋိက္ခိပိတဗ္ဗံ- ပယ်မြစ်ထိုက်သော၊ ဘောဇနံ စ- ဘောဇဉ်သည်လည်း၊ ဟောတိ- အံ့၊ ဣဒံ အင်္ဂံ။ **ဒါယကဿ ဟတ္ထပါသေ ဌာနန္တိ**- ကား၊ ပဝါရဏာပဟောနကံ- သော၊ ဘောဇနံ- ကို၊ ဂဏှိတွာ- ယူ၍၊ ဒါယကဿ- ပေးမည့်သူ၏၊ အနုတေယျဟတ္ထပမာဏေ- အခွဲအားဖြင့် သုံးတောင်ပမာဏရှိသော၊ ဝါ- နှစ်ထောင့်တစ်ထွာပမာဏရှိသော၊ သြကာသေ- အရပ်၌၊ အဝဋ္ဌာနံ- သက်ဝင်တည်နေခြင်းတည်း။ **အာဘိဟာရော**--

http://www.dhammadownload.com

တိ- ကား၊ ဟတ္ထပါသေ- ၌၊ ဌိတဿ- တည်နေသော၊ ဒါယကဿ- ၏၊ ကာယေန- ကိုယ်ဖြင့်၊ အဘိဟာရော- ရှေးရှုဆောင်ခြင်းတည်း။ (ပေးသူက ရှေးရှုဆောင်ရာ၌ ကိုယ်, ကိုယ်၏အစိတ်အပိုင်းဖြစ်သော လက်စသည်ဖြင့် ဆောင်လာသည်ကို ပယ်မှ ပဝါရိတ်သင့်သည်၊ ဆွမ်းအလိုရှိပါသလားစသည် ဖြင့် နှုတ်ဖြင့်ဆောင်သည်ကို ပယ်မြစ်သော်လည်း ပဝါရိတ်မသင့်ပါ။) **အဘိဟဋ္ဌဿ ပဋိက္ခေပေါ**တိ- ကား၊ ဧဝံ- ဤသို့၊ အဘိဟဋ္ဌဿ- ရှေးရှုဆောင် အပ်သော ဘောဇဉ်ကို၊ ကာယေန ဝါ- ကိုယ်ဖြင့်သော်လည်းကောင်း၊ ဝါစာယ ဝါ- နှုတ်ဖြင့်သော်လည်းကောင်း၊ ပဋိက္ခေပေါ- ပယ်မြစ်ခြင်းတည်း။ (ပယ်မြစ်ရာ ၌မူ ကိုယ်ဖြင့် ပယ်မြစ်လျှင်လည်း ပဝါရိတ်သင့်သည်၊ နှုတ်ဖြင့် ပယ်မြစ်လျှင် လည်း ပဝါရိတ်သင့်သည်။) ဣတိ- ဤသို့လျှင်၊ ပဥ္စန္နံ- ကုန်သော၊ ဣမေသံ အင်္ဂါနံ- တို့၏၊ ဝသေန- ဖြင့်၊ ပဝါရဏာ- သည်၊ ဟောတိ။

စ- သာဓကကား၊ ပဥ္စဟိ ဥပါလိ။ပ။ ပညာယတီတိ- တိဟူသော၊ ဧတံပိ သုတ္တံ- ဤပါဋိတော်ကိုလည်း၊ ဘဂဝတာ- သည်၊ ဝုတ္တံ- ဟောတော်မူအပ်ပြီ။

"ဥပါလိ- ဥပါလိ၊ ပဥ္စဟိ- ကုန်သော၊ အာကာရေဟိ- အကြောင်းတို့ ကြောင့်၊ ပဝါရဏာ- ပယ်မြစ်ခြင်းသည်၊ ပညာယတိ- ထင်ရှား၏၊ (ကတမေဟိ- အဘယ်မည်ကုန်သော၊ ပဥ္စဟိ- ကုန်သော၊ အာကာရေ- ဟိ- တို့ကြောင့်၊ ပဝါရဏာ- သည်၊ ပညာယတိ- ထင်ရှားသနည်း၊) အသနံ- စားခြင်းကြိယာသည်၊ ပညာယတိ- ၏၊ ဘောဇနံ- ဘောဇဉ်ငါးပါး တွင် တစ်ပါးပါးသည်၊ ပညာယတိ- ၏၊ ဟတ္ထပါသေ- ဟတ္ထပါသ်၌၊ ဌိတော- တည်သည်၊ ဟောတိ၊ အဘိဟရတိ- ရှေးရှုဆောင်၏၊ ပဋိက္ခေ- ပေါ- ပယ်မြစ်ခြင်းသည်၊ ပညာယတိ- ၏၊ ဣတိ- ဤငါးပါးသော အကြောင်းတို့ကြောင့်၊ ပဝါရဏာ- သည်၊ ပညာယတိ- ထင်ရှား၏။"

ပရိဝါပါဋိတော် (၃၂၆။) ၌ "ကတမေဟိ ပဥ္စဟိ"ဟု ရှိသည့်အတိုင်း အနက် ပေးထားသည်။

၁၁၇။ တတြ- ထို "အသနံ ပညာယတိ"အစရှိသော စကားရပ်၌၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဝိနိစ္ဆယော- တည်း၊ "အသန"နှိ့အာဒီသု- အသနံ-အစရှိ သည်တို့၌၊ တာဝ- ဝိနိစ္ဆယမှ ရှေးဦးစွာ၊ (ဝေဒိတဗ္ဗံ-၌ စပ်ပါ။) ယံ- အကြင် ဘောဇဉ်ကိုလည်း၊ အသ္နာတိ- စား၏၊ ဝါ- စားဆဲ၊ (အသဓာတ် ကိယာဒိ နာ ပစ္စည်း) ယဥ္စ ဘောဇနံ- အကြင်ဘောဇဉ်ကိုလည်း၊ ဟတ္ထပါသေ- ၌၊ ဌိတေန-

http://www.dhammadownload.com

တည်သူသည်၊ အဘိဟဋ္ဌံ- ရှေးရှုဆောင်အပ်သည်ကို၊ ပဋိပက္ခိပတိ- ပယ်မြစ်၏၊ တံ- ထိုဘောဇဉ်ကို၊ သြဒနော- ထမင်းလည်းကောင်း၊ ကုမ္မာသော- ဆန်လုံးမပျက် ကျိုချက်အပ်သော မုယောမုန့်လည်းကောင်း၊ သတ္တု- မဖွဲ့မဆုပ် စပါးမျိုးခုနစ်ပါးကို ကျက်အောင်လှော်၍ လုပ်အပ်သော ဆန်ကျိုးဆန်မှုန့်လည်းကောင်း၊ မစ္ဆော- ငါးလည်းကောင်း၊ မံသံ- အသားလည်းကောင်း၊ ဣတိ- ဤသို့၊ ဣမေသံ- ဤငါးပါးသော ဘောဇဉ်တို့တွင်၊ အညတရမေဝ- တစ်မျိုးမျိုးဟူ၍သာ၊ ဝေဒိတဗ္ဗံ- သိထိုက်၏။

(**ဆောင်**- ထမင်းဆန်မှုန့်၊ မုယောမုန့်ငါး၊ အသားများ၊ ငါးပါးဘောဇဉ်မှတ်။)

ကတ္ထ- ထိုဘောဇဉ်ငါးပါးတို့တွင်၊ သာလိ- သလေးလည်းကောင်း၊ ဝီဟိ- သလေးမှတစ်ပါး ကောက်စပါးလည်းကောင်း၊ ယဝေါ- မုယော (ဘာလီ) လည်းကောင်း၊ ဂေါဓုမော- နှတ်ကောက် (ဂျုံ) လည်းကောင်း၊ ကင်္ဂု- ဆပ်လည်းကောင်း၊ ဝရကော- ပြောင်းလည်းကောင်း၊ ကုဒြူသကော- လူးလည်းကောင်း၊ ဣတိ- ဤသို့၊ သတ္တန္နံ- ခုနစ်မျိုးကုန်သော၊ ဓညာနံ- စပါးတို့၏၊ တဏ္ဍုလေဟိ- ဆန်တို့မှ၊ နိဗ္ဗတ္တော- ဖြစ်သော ထမင်းသည်၊ **သြဒနော** နာမ- နမည်၏။ တက္ကြ- ထိုစပါးမျိုး ခုနစ်ပါးတို့တွင်၊ အန္တမသော- အောက်ထစ်ဆုံးအားဖြင့်၊ နီဝါရ- ကျိတ်စပါးကို၊ ဥပါဒါယ- အစပြု၍၊ သဗ္ဗာပိ- အလုံးစုံလည်း ဖြစ်သော၊ သာလိ- ဇာတိ- သလေးစပါးမျိုးသည်၊ **သာလိ**တိ- လိမည်၏။ သဗ္ဗာပိ- အလုံးစုံလည်းဖြစ်သော၊ ဝီဟိဇာတိ- ကောက်စပါးမျိုးသည်၊ **ဝီဟိ**တိ- ဟိမည်၏။ **ယဝ**-

---

သာလိ ။ ။ သလေးဟူသည် အဆင့်မြင့်စပါးမျိုးဖြစ်သည်၊ ဆန်လုံးသေးသွယ်၍ အနံ့မွှေးသည်၊ (နာ) ရေနက်စိုက် ခွန်နီစပါးမျိုးဖြစ်သည်၊ ကောက်ကြီးမျိုး၌ ပါဝင်သည်၊ မိုးတွင်း၌စိုက်၍ ဟိန္နူတို့၏ ကိုးလမြောက်လမှာ (နှတ်တော်နှင့် ပြာသိုလမှာ) ရိတ်သိမ်းရသော စပါးမျိုးဖြစ်သည်။ (သူ) သလေးဟူသည် နမသလေး၏ အတိုကောက်ဖြစ်သည် ၎ု ဂျပ်ဆင်အဘိဓာန်၌ ဆိုသော်လည်း မြန်မာအဘိဓာန်၌ကား နမသလေးကို ကောက်လတ်တစ်မျိုးဟု ဆိုထားသည်။

ဝီဟိ ။ ။ သလေးမှတစ်ပါး ကောက်စပါးဟူသည် ကောက်လျှင်ကောက်လတ်တို့ပင် ဖြစ်သည်။ ထောမနိဓနှင့် အမရကောသတို့၌ ကောက်လျှင်စပါးမျိုးကို သာလိထဲ၌ သွင်းပြထားသော်လည်း အခြားသတ္ထုဟိန္ဒိအဘိဓာန်များ၌ကား ဝီဟိထဲမှာသာ သွင်းပြထားသည်၊ မိုးများသောရာသီမှာ ရိတ်သိမ်းရသောစပါး၊ ဟိန္နူတို့၏ ငါးခုမြောက်လမှာ ဝါခေါင်နှင့် တော်သလင်းလမှာ ရိတ်သိမ်းရသောစပါးဟု ဖွင့်ပြကြသည်။

ယဝ ။ ။ မုယောဟူသည် ဂျုံထက် အသီးလုံးငယ်သော ကုန်းကြည်းစိုက်ကောက်စပါးတစ်မျိုး ဖြစ်သည်။ ဟိန္ဒီလို ဂျောက်ဟုလည်းကောင်း, အင်္ဂလိပ်လို ဘာလီ (Barley) ဟုလည်းကောင်း ဖွင့်ပြကြသည်။

http://www.dhammadownload.com

ဂေါဓုမေသု- မုယော နတ်ကောက်တို့၌၊ ဝါ- ဘာလီနှင့် ဂျုံတို့၌၊ ဘေဒါ- အထူးအပြားသည်၊ နတ္ထိ။ (ထို့ကြောင့် သဗ္ဗာပိ ယဝဇာတိ ဂေါဓုမဇာတိ-ဟု ဆိုဖွယ်မလို၊) သေတရတ္တကာဠဘေဒါ- ဖြူသောအဆင်း နီသောအဆင်း မည်းနက်သောအဆင်းအပြားရှိကုန်သော၊ သဗ္ဗာပိ- လည်းဖြစ်သော၊ ကဂ်ု- ဇာတိ- ဆပ်မျိုးသည်၊ **ကင်္ဂုတိ**- မည်၏။ အန္တမသော- ဖြင့်၊ ဝရကစောရက်- ပြောင်းဖူးကို၊ ဥပါဒါယ၊ သဗ္ဗာပိ၊ သေတဝဏ္ဏာ- ဖြူသော အဆင်းရှိသော၊ ဝရကဇာတိ- ပြောင်းမျိုးသည်၊ **ဝရကောဇာတိ**- မည်၏၊ ကာဠကုဒြူသကော စေဝ- မည်းနက်သော လူးသည်လည်းကောင်း၊ သာမာကာဒိဘေဒါ- လမန်းဆန် (မြက်သီးဆန်) စသည် အပြားရှိသော၊ သဗ္ဗာပိ- သော၊ တိဏာဓညဇာတိ စ- မြက်စပါးမျိုးသည်လည်းကောင်း၊ **ကုဒြူသကော**- မည်၏။

(**ဆောင်**- သလေးဝီဟီ၊ ဘာလီဂျုံဆပ်၊ ပြောင်းလူးသတ်၊ မှတ်လေစပါးမျိုး။)

စ- ဆက်၊ **ဇတ္ထ**- ဤစပါးမျိုးတို့တွင်၊ နီဝါရဝရကစောရကာ- ကျိတ်စပါးနှင့် ပြောင်းဖူးတို့သည်၊ ဓညာနုလောမာ- စပါးအားလျော်ကုန်၏၊ ဣတိ၊ ဝဒန္တိ၊ ဓညာနိ ဝါ- စပါးတို့သည်မူလည်း၊ ဟောန္တု- ဖြစ်စေကုန်၊ ဓညာနုလောမာနိ

ဂေါဓုမ။ ။ ဆရာများက နတ်ကောက်ဟု အနက်မြန်မာ ပြန်ဆိုကြသည်၊ ယင်း နတ်ကောက်ဟူသည် အလေ့ကျ (အလိုအလျောက်) ပေါက်သော ကောက်စပါးအရိုင်း တစ်မျိုး ဖြစ်သည်။ သရောခိုင်းသည့်အခါ (အငတ်ဘေး ဆိုက်ရောက်သည့်အခါ) မျိုးမှာ ဗမာလူမျိုးများက လယ်ယာထွက်ဆန်အစား စားသုံးကြသည်။ ဟိန္ဒီလို ဂေဟွန်း အင်္ဂလိပ်ကို (Wheat) ဂျုံဟု ဖွင့်ပြကြသည်။

ကင်္ဂု။ ။ ဆပ်ဟူသည်မှာ မိုးပါးဒေသတို့တွင် စိုက်ပျိုးသော အလုံးအစေ့သေးငယ်သည့် ကောက်စပါးတစ်မျိုး ဖြစ်သည်။ အများအားဖြင့် နွမ်းပါးသူများအတွက် စားသုံးသီးနှံအနေဖြင့် စိုက်ပျိုးလုပ်ကိုင်ကြသည်။

ကုဒြူသက။ ။ လူးဟူသည် မိုးနည်းသော အရပ်တွင် စိုက်ပျိုးလေ့ရှိသော အနှံအစေ့ကို ထောင်းဖွတ်ချက်ပြုတ်၍ စားသုံးလေ့ရှိသော ကောက်ပင်တစ်မျိုး ဖြစ်သည်။ အိန္ဒိယနိုင်ငံအတွင်း ဆင်းရဲသူများစားသော အစာကြမ်းတစ်မျိုး ဖြစ်သည်။ (နာ)

နီဝါရ။ ။ ကျိတ်စပါး၊ ရေအနီးမှာ အလေ့ကျပေါက်တတ်သော စပါးရိုင်းတစ်မျိုး၊ ရသေ့များ စားသောက်သော ကောက်ပဲသီးနှံအထူး။ (နာ)

သာမာက။ ။ လမန်းဆန်၊ မြက်သီးဆန်၊ ဆန်နှင့်အလားတူသည့် သေးငယ်သော အစေ့အဆန်၊ (သူ)။ လူး, ဆပ်, နှံစားပြောင်းမျိုးအဝင် တန်ဖိုးနည်း အစာတစ်မျိုး။ (နာ)

http://www.dhammadownload.com

ဝါ- အနုလောမစပါးတို့သည်မူလည်း၊ ဟောန္တ။ ဝုတ္တပ္ပဘေဒါနံ- ဆိုအပ်ပြီးသော အပြားရှိကုန်သော၊ သတ္တန္နံ- ကုန်သော၊ ဧတေသံ ဧညာနံ- တို့၏၊ တဏ္ဍုလေ- ဆန်တို့ကို၊ ဂဟေတွာ- ယူ၍၊ "ဘတ္တံ- ထမင်းကို၊ ပစိဿာမ- ချက်ကုန်အံ့၊" ဣတိ ဝါ- ဤသို့ကြံ၍သော်လည်းကောင်း၊ "ယာဂုံ- ယာဂုကို၊ ပစိဿာမ- ကျိုကုန်အံ့၊" ဣတိ ဝါ- သော်လည်းကောင်း၊ "အမ္ဗိလပါယာသာဒိသု- ချဉ်သော ယာဂုပျစ်စသည်တို့တွင်၊ အညတရံ- တစ်မျိုးမျိုးကို၊ ပစိဿာမ- ချက်ကုန်အံ့၊" ဣတိ ဝါ- သော်လည်းကောင်း၊ ယံ ကိဉ္စိ- အမှတ်မပြု တစ်စုံတစ်ခုကို၊ သန္ဓာယ- ရည်ရွယ်၍၊ ပစန္တူ- ချက်ပစေကုန်၊ ဝါ- ကျိုပစေကုန်၊ ဥဏ္ဍံ ဝါ- အပူကိုသော်လည်းကောင်း၊ သီတလံ ဝါ- အအေးကိုသော်လည်းကောင်း၊ ဘုဉ္ဇန္တာနံ- စားသူတို့၏။ ဘောဇနကာလေ- စားရာအခါ၌၊ ဂဟိတဂဟိတဋ္ဌာနေ- ယူအပ် ယူအပ်ရာ အရပ်၌၊ သြဓိ- အရေးအသား အပိုင်းအခြားသည်၊ သစေ ပညာယတိ- အကယ်၍ ထင်ရှားအံ့၊ ဧဝံ သတိ၊ သြဒနသင်္ဃာမေဝ- သြဒန၌ သွင်းယူအပ်သည်၏ အဖြစ်သို့သာ၊ ဂစ္ဆတိ- ၏၊ ပဝါရဏံ- ပဝါရိတ်ကို၊ ဇနေတိ- ဖြစ်စေ၏၊ သြဓိ- သည်၊ သစေ န ပညာယတိ- အကယ်၍ မထင်ရှားအံ့၊ ဧဝံ သတိ၊ ယာဂုသင်္ဃံ- ယာဂု၌ သွင်းယူအပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ၊ ပဝါရဏံ- ကို၊ န ဇနေတိ- မဖြစ်စေနိုင်။

ပါယာသ။ ။ နို့ထဲမှာဆန်ထည့်၍ ပြုစီမံထားသော စားဖွယ်၊ နို့ သို့မဟုတ် ရေဖြင့် ပြုစီမံထားသော စားဖွယ်၊ သကြားနှင့် နွားနို့ သို့မဟုတ် နို့ထဲမှာဆန်ထည့်၍ ကျိုချက်ထားသော စားဖွယ်ဟု ပါယာသ၏ အနက်ကို သင်္ကဋ္ဌအဘိဓာန် ဟိန္ဒီအဘိဓာန်များမှာ ပြဆိုထားပါသည်။ သင်္ကဋ္ဌ-အင်္ဂလိပ်÷ မရာဋီ+ ဂုဇ္ဇရာတီ အဘိဓာန်၌ကား နက်သုဒ္ဓါ၊ အာဟာရဓာတ်ပြည့်ဝသော အဖျော်ယမကား၊ အမြီတဟုလည်း ပြဆိုထားသေးသည်။

သို့ဖြစ်၍ ပါယာသ-အရ ဆန်ပြုတ်, နွားနို့ဆန်ပြုတ်, နို့ယနှာစသည်တို့ကို ယူသင့်ပါသည်။

အမ္ဗိလပါယာသ။ ။ ရက်တက်ရည် (ထောပတ်စိမ်း ထုတ်ယူပြီးသော နို့ရည်ကြည်) စသော ချဉ်ရည်နှင့် ရောစပ်ထားသော ယာဂုပျစ်ကို "အမ္ဗိလပါယာသ"ဟု ဆိုထားသည်။ အာဒိသဒ္ဒါဖြင့် နွားနို့ဆန်ပြုတ် နို့ယနှာ (ခီရပါယာသ) ကို ယူရမည်။ (သာရတ္ထ၊၃၊၆၀။)

သြဓိ ပညာယတိ။ ။ လက်ရာ ဇွန်းရာကို သြဓိ (အရေးအသား အပိုင်းအခြား)ဟု ခေါ်သည်၊ ဇွန်းဖြင့် ခပ်ယူလိုက်၍ အရေးအကြောင်းမထင်လျှင် ယာဂုထဲမှာ ပါဝင်သည်၊ ပဝါရိတ်ကို မဖြစ်စေ၊ ဇွန်း (လက်) ဖြင့် ခပ်ယူလိုက်သည့်အခါ အရေးအကြောင်းထင်လျှင် သြဒန၊ ထမင်းထဲမှာ ပါဝင်သည်၊ ပဝါရိတ်ကို ဖြစ်စေသည်။

http://www.dhammadownload.com

ယောပိ ပါယာသော ဝါ- အကြင် နွားနို့ဆန်ပြုတ်သည်သော်လည်းကောင်း၊ ပဏ္ဏဖလကဋ္ဌီရမိဿကာ- အရွက်ဖြင့်ရောအပ် အသီးဖြင့်ရောအပ် အညှောက်ဖြင့်ရောအပ်သော၊ ယာ အမွိလယာဂု ဝါ- အကြင်ချဉ်သော ယာဂုသည်သော်လည်းကောင်း၊ ဝါ- အကြင်ဖြုန်းစပ် ယာဂုသည်သော်လည်းကောင်း၊ ဥဒ္ဓန-တော- ဖိုခနောက်မှ၊ ဩတာရိတမတ္တာ- ချအပ်ကာမျှသည်၊ ဟုတ္ဂာ၊ အဗ္ဘုဏ္ဍာ-လောလောပူသည်၊ ဝါ- အလွန်ပူသည်၊ ဟောတိ- အံ့၊ အာဝိဉ္ဆိတ္တာ- စောင်းငဲ့၍၊ (အာဝဇ္ဇိတ္တာ- ရှိလျှင် ဆင်ခြင်သတိထား၍ဟုပေး။) ပိဝိတုံ- သောက်ခြင်းငှာ၊ သက္ကာ- တတ်ကောင်းသည်၊ ဟောတိ။ ဟတ္ထေန- ဖြင့်၊ ဂဟိတော-ကာသေပိ- ယူအပ်ရာအရပ်၌လည်း၊ ဩဓိံ- ကို၊ နဒဿေတိ- မပြ၊ (သော ပါယာသော- ထိုဆန်ပြုတ်သည်၊) ပဝါရဏံ- ကို၊ နဇနေတိ- မဖြစ်စေနိုင်။ ပန- ဆက်၊ ဥသုမာယ- အငွေ့သည်၊ ဝိဂတာယ- ကင်းလသော်၊ သီတလ-ဘူတာ- အေးသည်ဖြစ်၍ဖြစ်သည်၊ ဟုတ္တာ၊ ဃနဘာဝံ- တစ်ခဲနက် ပျစ်သည်၏ အဖြစ်သို့၊ သစေ ဂစ္ဆတိ- အံ့၊ ဩဓိံ- အရေးကို၊ သစေ ဒဿေတိ- အံ့၊ ဧဝံ သတိ၊ ပုန၊ ပဝါရဏံ- ကို၊ ဇနေတိ- ဖြစ်စေပြန်၏၊ ပုဗ္ဗေ- ရှေး၌၊ (ခွင်မှ ချကာစ ပူနေတုန်းက) တနုဘာဝေါ- ကျဲသည်၏အဖြစ်သည်၊ နရက္ခတိ- ပဝါရိတ်မသင့်အောင် မစောင့်ရှောက်နိုင်။

ဒဓိတက္ကာဒီနိ- နို့ဓမ်း ရက်တက်ရည်အစရှိသော သောက်ဖွယ်တို့ကို၊ အာ-ရောပေတ္တာ- မီးဖိုပေါ်သို့ တင်၍၊ ဗဟူ- များကုန်သော၊ ပဏ္ဏဖလကဋ္ဌီရေ-အရွက် အသီး အညှောက်တို့ကို၊ ပက္ခိပိတ္တာ- ထည့်၍၊ မုဋ္ဌိမတ္တာပိ- လက်တစ်ဆုပ်မျှလည်း ဖြစ်ကုန်သော၊ တဏ္ဍုလာ- ဆန်တို့သည်၊ ဝါ- ဆန်တို့ကို၊ ပက္ခိတ္တာ- ထည့်အပ်ကုန်သည်၊ သစေပိ ဟောန္တိ- အကယ်၍မူလည်း ဖြစ်စေကုန်ဦးတော့၊ ဧဝံ သတိပိ၊ ဘောဇနကာလေ- စားရာအခါ၌၊ ဩဓိ- သည်၊ စေ ပညာယတိ- အံ့၊ ဧဝံ သတိ၊ ပဝါရဏံ- ကို၊ ဇနေတိ- ဖြစ်စေနိုင်၏။

အယာဂုကေ- ယာဂု မရှိသော၊ (နဂိုစီရင်တုန်းက ယာဂုမပါသော၊) နိမန္တနေ-နိမန္တနဘတ်၌၊ "ယာဂုံ- ယာဂုကိုလည်း၊ ဒဿာမ- လျှုကုန်အံ့၊" ဣတိ- ဤသို့

အမွိလယာဂု။ ။ ချဉ်ဖြုံ့ဖြုံ့အရသာရှိအောင် ရက်တက်ရည် ပအုံးရည်စသည် တို့ထဲမှာ ဆန်နှင့် ဟင်းသီးဟင်းရွက် အဖူးအညှောက် (အဥစသည်) တို့ကို ရောစပ်ထည့်သွင်းကျိုချက်ထားသော စားသောက်ဖွယ်တစ်မျိုးကို "အမွိလယာဂု"ဟု ခေါ်သည်။ ယင်းကိုပင် ဖြုန်းစပ်ယာဂုခေါ်သည်။ (ကနစိုးသီး၊ မင်းကွတ်သီး ဖြုန်းဖြုန်းချဉ်သည်။ ဂျပ်ဆင်။)

http://www.dhammadownload.com

ကြဲ၍၊ ဘတ္တော- ထမင်း၌၊ ဥဒကကဋ္ဌကခီရာဒီနိ- ရေ, ပအုန်းရည်, နို့ရည်အစရှိသည်တို့ကို၊ အာကိရိတ္တာ- လောင်းထည့်၍၊ "ယာဂုံ- ယာဂုကို၊ ဂဏှထ- ခံယူပါကုန်၊" ဣတိ- ဤသို့လျှောက်၍၊ ဒေန္တိ- လှူတတ်ကုန်၏၊ တနုကော- ကျဲသည်၊ ကိဉ္စာပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဦးတော့၊ ဧဝံ သတိပိ၊ (သာ- ထို ယာဂုသည်၊ ပဝါရဏာ- ကို၊ ဇနေတိယေဝ- ဖြစ်စေသည်သာ၊ ပန- ဆက်၊ ပက္ကုထိတေသု- ပွက်ပွက်ဆူကုန်သော၊ ဥဒကာဒီသု- ရေအစရှိသည်တို့၌၊ (အာဒိဖြင့် ကဋ္ဌိကခီရ-စသည်တို့ကို ယူပါ၊) ပက္ခိပိတ္တာ- ထမင်းကိုထည့်၍၊ ပစိတ္တာ- ကျို၍ချက်၍၊ သစေ ဒေန္တိ- ကုန်အံ့၊ ဧဝံ သတိ၊ ယာဂုသင်္ဃမေဝ- ယာဂု၌ သွင်းယူအပ်သည်၏ အဖြစ်သို့သာ၊ ဂစ္ဆတိ- ၏၊ ယာဂုသင်္ဃံ- သို့၊ ဂတေပိ- ရောက်ပြီးပါသော်လည်း၊ တသ္မိံ ဝါ- ထိုအရည်၌သော်လည်းကောင်း၊ အညသ္မိံ ဝါ- ယာဂုမှတစ်ပါးသော ဟင်းသီးဟင်းရွက်ရည်၌သော်လည်းကောင်း၊ ယတ္ထ- အကြင်အရည်၌၊ မစ္ဆမံသံ- ငါးအသားကို၊ ပက္ခိပန္တိ- ထည့်ကုန်အံ့၊ သာသပမတ္တာမွိ- မုန်ညင်းစေ့မျှ ပမာဏရှိသည်လည်းဖြစ်သော၊ မစ္ဆမံသခဏ္ဍံ ဝါ- ငါးပိုင်း အသားပိုင်းသည်သော်လည်းကောင်း၊ နှာရု ဝါ- အကြောသည်သော်လည်းကောင်း၊ သစေ ပညာယတိ- အံ့၊ ဧဝံ သတိ- (သားငါးဆန်ပြုတ် ဖြစ်သွားလျှင်) သော- ထိုအရည်သည်၊ ပဝါရဏာ- ကို၊ ဇနေတိ- ဖြစ်စေ၏။

ပန- ဆက်၊ သုဒ္ဓရသကော- ငါးဖတ် အသားဖတ်စသည်မဖက် သက်သက်သော အသားရည်သည်သော်လည်းကောင်း၊ ရသကယာဂု ဝါ- အသားရည်ရှိသော ယာဂုသည်သော်လည်းကောင်း၊ ပဝါရဏာ- ကို၊ န ဇနေတိ- မဖြစ်စေနိုင်၊ ဝုတ္တဥတ္ထုလေ- ဆိုအပ်ပြီးသော စပါးတို့၏ ဆန်တို့ကို၊ ဌပေတွာ- ထား၍၊ အညေဟိ- အခြားကုန်သော၊ ဝေဏုတဏ္ဍုလာဒီဟိ ဝါ- ဝါးသီးဆန်အစရှိသည်တို့ဖြင့်သော်လည်းကောင်း၊ ကဏ္ဍာမူလဖလေဟိ ဝါ- သစ်ဥ, သစ်မြစ်, သစ်သီးတို့ဖြင့်သော်လည်းကောင်း၊ ယေဟိ ကေဟိစိ- အမှတ်မပြု တစ်စုံတစ်ခုသော ဝတ္ထုတို့ဖြင့်၊ ကတံ- ပြုအပ်သော၊ ဘတ္တမွိ၊ ပဝါရဏာ၊ န ဇနေတိ။ (ဆန်နှင့် သားငါး မပါသောကြောင့်ပင်တည်း။) ဃနယာဂု- တစ်ခဲနက်ပျစ်သော ယာဂု

ကိဉ္စာပိ တနုကော ။ ။ ထမင်းထဲ၌ ရေ, ပအုန်းရည်, နို့ရည်စသည်တို့ကို လောင်းထည့်လိုက်ရုံမျှဖြင့် ယာဂုဖြစ်မသွားနိုင်ပါ၊ မည်မျှပင် ကျဲနေစေကာမူ ဩဒနဖြစ်မြဲပင် ဖြစ်နေသည်။ ထို့ကြောင့် ပဝါရိတ်ကို ဖြစ်စေသည်။ ဆူပွက်နေသော ရေစသည်တို့အထဲမှာ ထမင်းကို ထည့်ကျို၍ပါမူကား ယာဂုဖြစ်သွားသည်။ ထို့ကြောင့် ပဝါရိတ်ကို မဖြစ်စေနိုင်တော့ပါ။

http://www.dhammadownload.com

သည်၊ (ဝေဏုတဏ္ဍုလ-စသည်တို့ဖြင့် ပြုအပ်သော ယာဂုသည်၊) ပဝါရဏာ-ကို၊ ပဂေဝ ဇနေတိ- အဘယ်မှာ ဖြစ်စေနိုင်ပါအံ့နည်း။ ပန- ဆက်၊ ဧတ္ထ- ဤ ဝေဏုတဏ္ဍုလ-စသည်တို့ဖြင့် ပြုအပ်သော ထမင်း၌၊ မစ္ဆမံသ- ကို၊ သစေ ပက္ခိပန္တိ- ကုန်အံ့၊ ဧဝံ သတိ၊ ပဝါရဏာ၊ ဇနေတိ။

မဟာပစ္စရိယံ- ၌၊ "ပုပ္ဖိအတ္ထာယ- မရွေးပေါက်ပေါက်အကျိုးငှာ၊ ကတံ- ပြုအပ်သော၊ ဘတ္တာမိ- သည်လည်း၊ ပဝါရဏာ၊ ဇနေတိ၊" ဣတိ၊ ဝုတ္တံ။ ပုပ္ဖိခဇ္ဇ-ကတ္ထာယ- မရွေးပေါက်ပေါက်ဟူသော ခဲဖွယ်အကျိုးငှာ၊ ကုထိတုဒကေ- ပွက်ပွက်ဆူသော ရေ၌၊ ပက္ခိပိတ္တာ- ထည့်၍၊ သေဒိတတဏ္ဍုလာ- ပြုတ်အပ်သော ဆန်တို့ကို၊ ပုပ္ဖိအတ္ထာယ ဘတ္တံ နာမ- ပုပ္ဖိအတ္ထာယ ဘတ္တာမည်၏ဟူ၍၊ ဝုစ္စန္တိ။ ပန- ဆက်၊ တေ တဏ္ဍုလေ- ထို (မရွေးပေါက်ပေါက် လုပ်ဖို့ရန် ပြုတ်အပ်သော) ဆန်တို့ကို၊ သုက္ခာပေတွာ- ခြောက်စေ၍၊ ဝါ- နေလှမ်း၍၊ သစေ ခါဒန္တိ- ကုန်အံ့၊ ဝဋ္ဋတိ၊ သတ္တုသခ္မိ- သတ္တု ဟု ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ နေဝ ဂစ္ဆန္တိ၊ ဘတ္တာသခ္မိ- ဘတ္တ-ဟု ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ န ဂစ္ဆန္တိ။ ပုန-တစ်ဖန်၊ တေဟိ- ထိုပြုတ်ပြီး၍ အခြောက်လှမ်းထားသော ဆန်တို့ဖြင့်၊ ကတ-ဘတ္တံ- ပြုအပ်သော ထမင်းသည်၊ ပဝါရေတိယေဝ- ပဝါရိတ်ကို ဖြစ်စေသည်သာ၊ တေ တဏ္ဍုလေ- တို့ကို၊ သပ္ပိတေလာဒီသု ဝါ- ထောပတ် ဆီအစရှိသည်တို့၌သော်လည်း၊ ပစန္တိ- ထည့်၍ ချက်ကုန်အံ့၊ ပူဝံ ဝါ- မုန့်ကိုသော်လည်း၊ ကရောန္တိ- ပြုလုပ်ကုန်အံ့၊ န ပဝါရေန္တိ- ပဝါရိတ်ကို မဖြစ်စေနိုင်ကုန်၊ ပုထုကာ ဝါ- မုန့်ဆန်းသည်သော်လည်းကောင်း၊ တာဟိ- ထိုမုန့်ဆန်းတို့ဖြင့်၊ ကတသတ္တု-ဘတ္တာဒီနိ ဝါ- ပြုအပ်သော မုန့်မှုန့်ထမင်းအစရှိသည်တို့သည်သော်လည်းကောင်း၊ န ပဝါရေန္တိ။

ယဝေဟိ- မုယော (ဘာလဒိ) ဆန်တို့ဖြင့်၊ ကတကုမ္မာသော- ပြုအပ်သော ဆန်လုံးမပျက်တပျက် ကျိုချက်ထားသော စားဖွယ်သည်၊ **ကုမ္မာသော** နာမ-သမည်၏၊ ပန- ဆက်၊ အညေဟိ- မုယောမှအခြားကုန်သော၊ မုဂ္ဂါဒီဟိ- ပဲ

ကုမ္မာသော။ ။ ကုလော မာသော အသ္မိံတိ- ကုလ္မာသော။ ပေါင်းစပ်ပါဝင်သော မတ်ပဲ (ပဲမျိုး) ရှိသည့် အစားအစာ။ (ထောမ+ ကောတ္ထာဘ။) ကုလတိ ပတ္ထရတီတိ-ကုမ္မာသော၊ မုယောမုန့်။ (ဓာတ္ဝတ္ထ၊)

အဒ္ဓခိန္နာ စ ဂေါဓုမ္မာ၊ အညေ စ စဏကာဒယော၊
ကုမ္မာသ ဣတိ ကထျန္တေ။

http://www.dhammadownload.com

နောက်အစရှိသည်တို့ဖြင့်၊ ကတကုမ္မာသော- ပြုအပ်သော အလုံးမပျက်တပျက် ကျိုချက်ထားသော စားဖွယ်သည်၊ ပဝါရဏံ၊ နဇနေတိ။

သာလိဝီဟိယဝေဟိ- သလေးစပါး, ကောက်စပါး, မုယောစပါးတို့ဖြင့်၊ ကတသတ္တု- ပြုအပ်သော မုန့်မှုန့်သည်၊ **သတ္တု** နာမ- တ္တုမည်၏၊ ကဂ်ုဝရက-ကုဒ္ဒူသကသီသာနိပိ- ဆပ်, စပါး, ပြောင်း, လူးတို့၏ အနှံတို့ကိုလည်း၊ ဘဇ္ဇိတွာ-လှော်၍၊ ဤသကံ- စဉ်းငယ်၊ ကောဋ္ဌေတွာ- ထောင်း၍၊ ထုသေ- ဖွဲတို့ကို၊

အဒ္ဓခိန္ဒဂေါဓုမ- တစ်ဝက်ကျက်ရုံ ပြုတ်အပ်သော ဂျုံကုလားပဲစသည်ကို ကုမ္မာသ-ဟု ထောမနိဓိ၌ ဆိုသည်ဟု ဆရာတို့ မိန့်ဆိုကြသည်။

သို့သော် သန္တပ္ပဥဒါသဒုကို့ပီဋိတဟု (ကောတ္ထုဘ၌) ပြဆိုထားသော ခိန္ဒသဒ္ဒါ၏ အနက်တို့တွင် သန္တပ္ပ၏အနက်ကို အရည်ကျိုထားသောဟုလည်း၊ (Mo နှင့် ဘာရတိယ တို့၌၊) ပြဆိုထားသေးသည်။ ထို့ကြောင့် ဆန်လုံးမပျက်တပျက် ကျိုချက်ထားသော ဂျုံနှင့် အခြားကုလားပဲစသည်တို့ကို "ကုမ္မာသ"ခေါ်သည်ဟုသာ ယူသင့်မည် ထင်ပါသည်၊ ဆန်လုံးမပျက်တပျက် အရည်အနည်းငယ်ချန်၍ (ဆုပ်၍ဖြစ်ရုံ) ပြုတ်ထားသော ကြောင့်ပင် တစ်ညဉ့်လွန်ရုံဖြင့် ပုပ်ရသည်။ ရဌပါလသုတ် အဌကထာမှာ ဆိုထား သည့်အတိုင်း ခွေးအန်ဖတ်နှင့် တူရပါတော့သည်။

အကုန်လုံးကိုခြုံ၍ ဆိုရပါမူ- မုယောဆန်ကိုဖြစ်စေ ပဲမျိုးဝင်သီးနှံကိုဖြစ်စေ နှစ်မျိုးစုံကို ရော၍ဖြစ်စေ သကြားညိုရော၍လည်းကောင်း မရောဘဲလည်းကောင်း ဆန်လုံး တစ်ဝက်ကြေသွားအောင်ဆုပ်၍ လုံး၍ရရုံ ကျိုချက်ထားသော စားဖွယ်တစ်မျိုးကို ကုမ္မာသ-ဟု ခေါ်သည်။ ဆန်တစ်ဆ ပဲနှစ်ဆရော၍ လုပ်ရကြောင်းကို နာလန္ဒ၌ဆိုသေးသည်။

ထို့ကြောင့်ပင် ဘလ္လာတိယပျို့ (၁၅၅) ၌လည်း "မြိန်ရှက်ဖွယ်ရုပ် ကောင်းစွာ လုပ်သား သုံးဆုပ်ဖြုန့်ဖြုန့် မုယောမုန့်ကို"ဟု ဆိုထားသည်။ ဖြုန့်ဖြုန့်- အစေ့အဆန် အဖုအလုံး မပျောက်မကြေသော။ (မြန်-ဘိ။)

ဤ၌ကား ယဝေဟိ ကတကုမ္မာသော-ဟု ဆိုထားသောကြောင့် မုယောဆန်ကို ဆန်လုံးမပျက်တပျက် ကျိုထားသော ကုမ္မာသ-ကိုသာ ယူသင့်ပါသည်။

အခြားကုမ္မာသ-သဒ္ဒါ၏ အနက်တို့ကို ဤအရာနှင့် မဆိုင်သောကြောင့် ထုတ်မပြတော့ပါ။

သတ္တု ။ ။ စပါးမျိုးဝင် သီးနှံတို့ကို ကြွပ်အောင်လှော်လျက် အခွံချွတ် ထောင်းထားသော အမှုန့်ကိုပင် "သတ္တု"ဟုခေါ်သည်။ "သာလိဝီဟိယဝေဟိ ကတသတ္တု"ဟူသော စကားသည် ယေဘုယျနည်းဖြင့် ဆိုထားသော စကားမျှသာဖြစ်သည်။ "ကဂ်ုဝရက ကုဒ္ဒူသကသီသာနိပိ"စသော နောက်စကားကို ထောက်ပါ။ (သာရတ္ထ၊၃၊၆၀။)

http://www.dhammadownload.com

ပလာပေတွာ- လွင့်စေ၍၊ ပုန၊ ဒင်္ဇံ- ပြင်းစွာ၊ ကောင္ဇေတွာ- ထောင်း၍၊ စုဏ္ဏံ- အမှုန့်ကို၊ ကရောန္တိ- ပြုကုန်အံ့၊ တံ- ထိုအမှုန့်သည်၊ အလ္လတ္တာ- စိုသည်၏ အဖြစ်ကြောင့်၊ ဧကာဗဒ္ဓံ- တစ်စပ်တည်း ဖွဲ့စပ်သည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဦးတော့၊ ဧဝံ သတိပိ၊ သတ္တုသင်္ဂဟမေဝ- သတ္တု၌ သွင်းယူအပ်သည်၏ အဖြစ်သို့သာ၊ ဂစ္ဆတိ- ရောက်၏၊ ခရပါကဘဇ္ဇိတာနံ- ကြမ်းကြမ်းကျက်အောင် လှော်အပ်ကုန်သော၊ ဝါ- ကောင်းကောင်းကျက်အောင် လှော်အပ်ကုန်သော၊ ဝီဟီနံ- ကောက်စပါးတို့၏၊ တဏ္ဍုလေ- တို့ကို၊ ကောင္ဇေတွာ- ထောင်း၍၊ ဒေန္တိ- ပေးလှူကုန်အံ့၊ တမ္ပိ စုဏ္ဏံ- ထိုအမှုန့်သည်လည်း၊ သတ္တုသင်္ဂဟမေဝ၊ ဂစ္ဆတိ။ ပန- ထိုမှပြန်လှန် မသင့်ဟန်ကား၊ သမပါက- ဘဇ္ဇိတာနံ- သင့်ရုံကျက်အောင် လှော်အပ်ကုန်သော၊ ဝီဟီနံ- ကောက်စပါးတို့၏သော်လည်းကောင်း၊ ဝီဟိပလာသာနံ ဝါ- ကောက်အဖျင်းတို့၏သော်လည်းကောင်း၊ တဏ္ဍုလာ- ဆန်တို့သည်လည်းကောင်း၊ ဘဇ္ဇိတတဏ္ဍုလာ ဧဝ ဝါ- လှော်အပ်သော ဆန်တို့သည်သာလျှင်လည်းကောင်း၊ န ပဝါရေန္တိ- ကုန်။ (ဘောဇဉ်ငါးပါးတွင် မပါဝင်သောကြောင့် ပဝါရိတ်ကို မဖြစ်စေ။) ပန- ဆက်၊ တေသံ တဏ္ဍုလာနံ- ထိုဆန်တို့၏၊ စုဏ္ဏံ- သည်၊ ပဝါရေတိ။ (သတ္တု ဖြစ်သောကြောင့် ပဝါရိတ်ကို ဖြစ်စေနိုင်သည်။) ခရပါကဘဇ္ဇိတာနံ- ကုန်သော၊ ဝီဟီနံ- တို့၏၊ ကုဏ္ဍကမ္ပိ- ဆန်ကျိုးဆန်ကွဲသည်လည်း၊ ပဝါရေတိ။

ပန- ဆက်၊ သမပါကဘဇ္ဇိတာနံ- သင့်ရုံကျက်အောင် လှော်အပ်ကုန်သော၊ (စပါးတို့၏လည်းကောင်း၊) အာတပသုက္ခာနံ ဝါ- နေကြောင့်ခြောက်ကုန်သော (စပါးတို့၏လည်းကောင်း၊) ကုဏ္ဍကံ- ဆန်ကွဲဆန်ကျိုးသည်၊ န ပဝါရေတိ။ လာဇာ ဝါ- ပေါက်ပေါက်တို့သည်လည်းကောင်း၊ တေဟိ- ထိုပေါက်ပေါက်တို့

အထူး။ ။ အနုလောမနှင့်တကွ စပါးမျိုးခုနစ်ပါး၏ ဆန်ကိုချက်ထားသော ထမင်းကို (ထမင်းဖြစ်အောင် ချက်ထားသော အစာကို) "သြဒန"ဟု ခေါ်သည်၊ မုယော (ဘာလီ) ဆန်ကို ဆန်လုံးမပျောက်တပျောက် ကျိုချက်ထားသည့် (ထမင်းလည်းမမည် ယာဂုလည်းမဟုတ်သော) စားဖွယ်ကို "ကုမ္ပာသ"ဟု ခေါ်သည်၊ မချက်မပြုတ်ဘဲ စပါးမျိုး ခုနစ်ပါးကို ကြွပ်အောင်လှော်ပြီးလျှင် အခွံချွတ်ကာ ထောင်းထား ကြိတ်ထားသော အမှုန့်စားဖွယ်ကို "သတ္တု"ဟု ခေါ်သည်၊ ဤသို့ခွဲခြား မှတ်သားသင့်သည်။

ယခုကာလ၌ ကြော်ထား ဖုတ်ထား ကင်ထား ပြုတ်ထား ပေါင်းထား ကျိုချက်ထားသော မုန့်မျိုးစုံတို့ကား ဘောဇဉ်ထဲ၌ မပါဝင်တော့ပါ၊ ခါဒနီယ (ခဲဖွယ်) များသာ ဖြစ်ကြပါတော့သည်။

http://www.dhammadownload.com

ဖြင့်၊ ကတဘတ္တသတ္တုအာဒိနိ ဝါ- ပြုအပ်သော ထမင်းမုန့်မှုန့်အစရှိသည်တို့ သည်လည်းကောင်း၊ န ပဝါရေန္တိ- ကုန်၊ ဘဇိတပိဋ္ဌ ဝါ- လှော်အပ်သော မုန့်မှုန့် သည်လည်းကောင်း၊ ယံ ကိဉ္စိ- အမှတ်မပြု တစ်စုံတစ်ခုသော၊ သုဒ္ဓခဇ္ဇကံ ဝါ- သက်သက်ဖြစ်သော ခဲဖွယ်သည်လည်းကောင်း၊ န ပဝါရေတိ။ ပန- ဆက်၊ မစ္ဆမံသပူရိတခဇ္ဇကံ- ငါးအသားတို့ဖြင့် ပြည့်နေသော ခဲဖွယ်သည်လည်း ကောင်း၊ သတ္တုမောဒကော ဝါ- မုန့်မှုန့်တို့ကို စုပေါင်းထုပ်ထားသော ကတွတ် မုန့် (လျှူးမုန့်) သည်လည်းကောင်း၊ ပဝါရေတိ။ **မဒ္ဒော စ**- ငါးသည်လည်း ကောင်း၊ **မံသဉ္စ**- အသားသည်လည်းကောင်း၊ ပါကဋမေဝ- ထင်ရှားသည်သာ။

ပန- အထူးတစ်ချက် လိုရင်းနက်ကို ဆက်၍ဆိုအံ့၊ အယံ- ဤဆိုအပ်လတ္တံ့ ကား၊ ဝိသေသော- တည်း၊ ယာဝံ- ကို၊ ပိဝန္တသ- သောက်နေသော ရဟန်း အား၊ ယာဝုသိတ္ထမတ္တာနေဝ- ယာဝုလုံးမျှ ပမာဏရှိသည်သာလျှင် ဖြစ်ကုန် သော၊ ဒွေ- နှစ်ခုကုန်သော၊ မစ္ဆခဇ္ဇာနိ ဝါ- ငါးအပိုင်းတို့ကိုသော်လည်းကောင်း၊ မံသခဇ္ဇာနိ ဝါ- အသားပိုင်းတို့ကိုသော်လည်းကောင်း၊ ဧကဘာဇနေ ဝါ- တစ်ခွက်တည်း၌သော်လည်းကောင်း၊ နာနာဘာဇနေ ဝါ- အမျိုးမျိုးသော ခွက် ၌သော်လည်းကောင်း၊ သစေ ဒေန္တိ- ကုန်အံ့၊ ဧဝံ သတိ၊ တာနိ- ထိုငါးပိုင်း အသားပိုင်းတို့ကို၊ အခါဒေန္တော- မခဲစားသေးဘဲ၊ အညံ- ငါးအပိုင်း အသား အပိုင်းမှ အခြားသော၊ ယံ ကိဉ္စိ- သော၊ ပဝါရဏပပဟောနကံ- ပဝါရိတ်လောက် သော ဘောဇဉ်ကို၊ စေ ပဋိက္ခိပတိ- အံ့၊ ဧဝံ သတိ၊ န ပဝါရေတိ- ပဝါရိတ် မ သင့်။ (သောက်နေသော ယာဂုကလည်း ဘောဇဉ်မဟုတ်၊ မစ္ဆမံသခဇ္ဇာကိုလည်း စားဆဲမဟုတ်သောကြောင့် ပဝါရိတ်မသင့်။) တတော- ထိုနှစ်ခုစီသော ငါးအ ပိုင်း အမဲသားအပိုင်းမှ၊ ဧကံ- တစ်ခုကို၊ ခါဒိတံ- စားအပ်ပြီ၊ ဧကံ- တစ်ခုသည်၊ ဟတ္ထေ ဝါ- လက်၌သော်လည်းကောင်း၊ ပတ္တေ ဝါ- သပိတ်၌သော်လည်း ကောင်း၊ ဟောတိ- ရှိနေအံ့၊ သော- ထိုရဟန်းသည်၊ အညံ- အခြားသော

သတ္တုမောဒကော။ ။ မုန့်မှုန့်တို့ကို စုပေါင်းပြုလုပ်ထားသည့် မကြော်ရသေး သော မုန့်မှုန့်လုံးကို "သတ္တုမောဒက"ဟု ခေါ်သည်။ (သာရတ္ထ၊၃၊၆၀။)

မအပ်သည်ကို ပယ်လျှင်။ ။ မိမိသို့ မရောက်သော သံယိကလာဘ် (ဘောဇဉ်) ကို သိ၍ဖြစ်စေ မသိဘဲနှင့်ဖြစ်စေ ပယ်သော ရဟန်း, အလဇ္ဇီ၏ဥစ္စာ (ဘောဇဉ်) ကို ပယ်သောရဟန်းတို့သည် ပယ်သင့်သည်ကိုသာ ပယ်သောကြောင့် ပဝါရိတ်မသင့်။ ဤသဘောကို "အကပ္ပိယမံသံ ပဋိက္ခိပတိ နံ ပဝါရေတိ"ဟူသော စကားရပ်ဖြင့်ပင် ပြသည်။ (သာရတ္ထ၊၃၊၆၀။)

http://www.dhammadownload.com

ဘောဇဉ်ကို၊ ဧစေ ပဋိက္ခိပတိ- အံ့၊ ဧဝံ သတိ၊ ပဝါရေတိ- ပဝါရိတ်သင့်၏။ (ငါးပိုင်း သားပိုင်းက စားဆဲဘောဇဉ်ဖြစ်နေသောကြောင့် ပဝါရိတ်သင့်သည်။)

ဒွေပိ- နှစ်ခုလုံးတို့သည်လည်း၊ ဝါ- တို့ကိုလည်း၊ ခါဒိတာနိ- စားအပ်ပြီးကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ မုခေ- ခံတွင်း၌၊ သာသပမတ္တမ္မိ- မုန်ညင်းစေ့မျှ ပမာဏရှိသည်လည်းဖြစ်သော၊ အဝသိဋ္ဌံ- ကြွင်းကျန်သော ငါးအသားသည်၊ နတ္ထိ- မရှိတော့အံ့၊ ဧဝံ သတိ၊ အညံ- အခြားသော ဘောဇဉ်ကို၊ သစေပိ ပဋိက္ခိပတိ- အကယ်၍မူလည်း ပယ်မြစ်စေဦးတော့၊ ဧဝံ သတိပိ၊ နံ ပဝါရေတိ- ပဝါရိတ်မသင့်။ (သားပိုင်းငါးပိုင်းကို စားပြီးဖြစ်၍ စားဆဲဘောဇဉ် မဟုတ်သောကြောင့် ပဝါရိတ်မသင့်။)

ကပ္ပိယမံသံ- အပ်သော အသားကို၊ ခါဒန္တော- စားစဉ်၊ ကပ္ပိယမံသံ- ကို၊ ပဋိက္ခိပတိ- ပယ်မြစ်အံ့၊ ပဝါရေတိ။ ကပ္ပိယမံသံ- ကို၊ ခါဒန္တော- စဉ်၊ အကပ္ပိယမံသံ- မအပ်သောအသားကို၊ ပဋိက္ခိပတိ- အံ့၊ နံ ပဝါရေတိ။ ကသ္မာ၊ အဝတ္ထုတာယ- ပဝါရိတ်၏ တည်ရာဝတ္ထု မဟုတ်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ- ခဲ့၊ (ဟိ ယသ္မာ- ကြောင့်၊) ယံ- အကြင်ကပ္ပိယမံသကို၊ ဘိက္ခုနော- အား၊ ခါဒိတုံ- ငှာ၊ ဝဋ္ဋတိ- အပ်၏။ တံယေဝ- ထိုကပ္ပိယမံသကိုသာ၊ ပဋိက္ခိပတော- ပယ်မြစ်သော ရဟန်း၏၊ ပဝါရဏာ- ပယ်မြစ်ခြင်းသည်၊ ဟောတိ။ ဣဒံ ပန- ဤအကပ္ပိယမံသကိုကား၊ ဇာနန္တော- အကပ္ပိယမံသ-ဟု သိသည်၊ ဟုတ္တာ၊ အကပ္ပိယတ္တာ- မအပ်သည်၏ အဖြစ်ကြောင့်၊ ပဋိက္ခိပတိ- ၏၊ အဇာနန္တောပိ- အကပ္ပိယမံသဟု မသိပါသော်လည်း၊ ဝါ- အကပ္ပိယမံသ-ဟု မသိစေကာမူ၊ ပဋိက္ခိပိတဗ္ဗဘာနေ- ပယ်မြစ်ထိုက်သော အရာ၌၊ ဌိတမေဝ- တည်သော အကပ္ပိယမံသကိုသာ၊ ပဋိက္ခိပတိ နာမ- ပယ်မြစ်သည်မည်၏၊ တသ္မာ- ကြောင့်၊ နံ ပဝါရေတိ။

ပန- ဆက်၊ အကပ္ပိယမံသံ- ကို၊ ခါဒန္တော- စဉ်၊ ကပ္ပိယမံသံ၊ သစေ ပဋိက္ခိပတိ၊ ဧဝံ သတိ၊ ပဝါရေတိ။ ကသ္မာ- နည်း၊ ဝတ္ထုတာယ- ပဝါရိတ်၏ တည်ရာဝတ္ထု၏ အဖြစ်ကြောင့်တည်း။ ဟိ- ခဲ့၊ (ဟိ ယသ္မာ၊) ယံ- အကြင်ကပ္ပိယမံသကို၊ တေန- ထိုရဟန်းသည်၊ ပဋိက္ခိတ္တံ- ပယ်အပ်ပြီ၊ တံ- ထိုကပ္ပိယမံသသည်၊ ပဝါရဏာယ-

---

အဝတ္ထုတာယ။ ။ ပယ်သင့်သော ဝတ္ထုကို ပယ်ခြင်းသည် (အနတိရိတ္တ) အာပတ်၏ အကြောင်းအင်္ဂါ မဖြစ်။ ထို့ကြောင့် ယင်းပယ်သင့်သောအရာကို ပယ်ခြင်းကိုပင် ပဝါရိတ်၏ တည်ရာမဟုတ်ဟု ဆိုရပေသည်။ (သာရတ္ထ၊၃၊၆၀။)

http://www.dhammadownload.com

ပယ်မြစ်ခြင်း၏၊ ဝတ္ထု- တည်ရာတည်း။ ယံ- အကြောင် အကပ်ပိယမံသကို၊ ခါဒတိ- စားနေ၏၊ တံ ပန- ထိုအကပ်ပိယမံသသည်ကား၊ ပဋိက္ခိပိတဗ္ဗဌာနေ- ပယ်မြစ်ထိုက်သော အရာ၌၊ ကိဏာပိ ဌိတံ- အကယ်၍ကား တည်ပါပေ၏၊ ပန- ထိုသို့ပင် တည်ပါသော်လည်း၊ ခါဒိယမာနံ- စားအပ်သော်၊ မံသဘာဝံ- အသား၏ အဖြစ်ကို၊ န ဇဟတိ- မစွန့်၊ တသ္မာ၊ ပဝါရေတိ။ အကပ်ပိယမံသံ ဝါ၊ ခါဒန္တော၊ အကပ်ပိယမံသံ၊ ပဋိက္ခိပတိ၊ ပုရိမနယေနေဝ- ရှေးနည်းဖြင့်သာလျှင်၊ န ပဝါရေတိ။ ကပ်ပိယမံသံ ဝါ- ကိုသော်လည်းကောင်း၊ အကပ်ပိယမံသ ဝါ- ကိုသော်လည်းကောင်း၊ ခါဒန္တော- စား၊ ပဉ္စန္နံ- ငါးပါးကုန်သော၊ ဘောဇနာနံ- တို့တွင်၊ ယံ ကိဉ္စိ- သော၊ ကပ်ပိယဘောဇနံ- ကို၊ ပဋိက္ခိပတိ- ပယ်အံ့၊ ပဝါရေတိ- ပဝါရိတ်သင့်၏။

ကုလဒူသကဝေဇ္ဇကမ္မဥတ္တရိမနုဿဓမ္မာရောစနသာဒိတရူပိယာဒီဟိ- ကုလဒူသကအမှု, ဆေးဆရာ၏အမှု, ဥတ္တရိမနုဿဓမ္မကို ပြောဆိုခြင်း, သာယာအပ်သော ရွှေငွေစသည်တို့ကြောင့်၊ နိဿဋ္ဌော- ဖြစ်သော၊ ဗုဒ္ဓပဋိကုဋ္ဌ- မြတ်စွာဘုရားသည် စက်ဆုပ်တော်မူအပ်သော၊ အနေသနာယ- မအပ်သော ရှာမှီးခြင်းဖြင့်၊ ဥပ္ပန္နံ- ဖြစ်သော၊ အကပ်ပိယဘောဇနံ- ကို၊ ပဋိက္ခိပတိ- အံ့၊ န ပဝါရေတိ- ပဝါရိတ်မသင့်။ (ပယ်သင့်သည်ကိုသာ ပယ်သောကြောင့် ပဝါရိတ်မသင့်။) ကပ်ပိယဘောဇနံ ဝါ၊ အကပ်ပိယဘောဇနံ ဝါ၊ ဘုဉ္ဇန္တော- စားစဉ်လည်း၊ ကပ်ပိယဘောဇနံ ပဋိက္ခိပတိ- အံ့၊ ပဝါရေတိ။ အကပ်ပိယဘောဇနံ၊ ပဋိက္ခိပတိ၊ န ပဝါရေတိ။ ဣတိ- ဤသို့အစရှိသော၊ သဗ္ဗတ္ထ- အလုံးစုံသော စားခြင်း ပယ်ခြင်းတို့၌၊ ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ ကာရဏ်- အကြောင်းကို၊ ဝေဒိတဗ္ဗံ။

၁၁၈။ ဧဝံ- ဤသို့လျှင်၊ "အသန"န္တိအာဒီသု- အသန်-အစရှိသော ပါဠိရပ်တို့၌၊ ယဿ- အကြောင်ဘောဇဉ်ကိုလည်း၊ အသ္နာတိ- စား၏၊ ဝါ- စားဆဲ၊ ယဿ ဘောဇနံ- ကိုလည်း၊ ဟတ္ထပါသေ- ဟတ္ထပါသ်၌၊ ဌိတေန- တည်သော ပုဂ္ဂိုလ်သည်၊ အဘိဟဋ္ဌုံ- ရှေးရှုဆောင်အပ်သည်ကို၊ ပဋိက္ခိပန္တော- ပယ်မြစ်သော ရဟန်းသည်၊ ပဝါရဏံ- ပယ်မြစ်ခြင်းသို့၊ အာပဇ္ဇတိ- ရောက်၏၊ တံ- ထိုအလုံးစုံကို၊ (စားဆဲ ဘောဟတ်၊ ဆောင်မြစ်လတ်ဟူသော ထိုအလုံးစုံကို၊) ဥတ္တာသိပြီး၍၊ ဣဒါနိ- ၌၊ ယထာ- အကြောင်အကြောင်းကြောင့်၊ ပဝါရဏံ- သို့၊ အာပဇ္ဇတိ- ရောက်၏။ တဿ- ထိုအကြောင်းကို၊ ဇာနနတ္ထံ- ငှာ၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဝိနိစ္ဆယော- တည်း။

http://www.dhammadownload.com

တာဝ- "ဟတ္ထပါသေ ဌိတော"မှ ရှေးဦးစွာ၊ နိဒ္ဒိဋ္ဌေ- သော၊ **အသနံ ဘောဇနဿ** ဧတ္ထ- ဟူသော ဤပါဠိ၌၊ (ဝိနိစ္ဆယော၊ ဧဝံ၊ ဝေဒိတဗ္ဗော။) ယေန- အကြောင်းရဟန်းသည်၊ ဧကသိတ္ထမွိ- ဆွမ်းတစ်လုံးသည်လည်း၊ ဝါ- ကိုလည်း၊ အဇ္ဈောဟဋ္ဌံ- ခံတွင်းသို့ ရှေးရှုဆောင်အပ်ပြီးသည်၊ ဝါ- မျိုအပ်ပြီးသည်၊ ဟောတိ။ သော- ထိုရဟန်းသည်၊ ပတ္တမုခဟတ္ထာနံ- သပိတ် ခံတွင်း လက်တို့တွင်၊ ယတ္ထ ကတ္ထစိ- အမှတ်မပြု တစ်စုံတစ်ခုခု၌၊ ပဋ္ဌသု- ကုန်သော၊ ဘောဇနေသု- တို့တွင်၊ ဧကသ္မိမွိ- တစ်ခုသော ဘောဇဉ်သည်လည်း၊ သတိ- ရှိလသော်၊ အညံ- သော၊ ပဋ္ဌသု- ကုန်သော၊ ဘောဇနေသု- တို့တွင်၊ ဧကမွိ- တစ်ပါးသော ဘောဇဉ်ကိုလည်း၊ သစေ ပဋိက္ခိပတိ- အံ့၊ ဧဝံ သတိ၊ ပဝါရေတိ။ ကတ္ထစိ- (ပတ္တမုခဟတ္ထတို့တွင်) တစ်စုံတစ်ခုခု၌၊ ဘောဇနံ- သည်၊ နတ္ထိ- မရှိတော့အံ့၊ အာမိသဂန္ဓမတ္တံ- အာမိသ၏ အနံ့မျှသည်၊ ပညာယတိ- ထင်ရှားတော့အံ့၊ ဧဝံ သတိ၊ န ပဝါရေတိ။ (စားဆဲဘောဇဉ် မဟုတ်သောကြောင့်တည်း။)

မုခေ စ- ခံတွင်း၌လည်းကောင်း၊ ဟတ္ထေ စ- လက်၌လည်းကောင်း၊ ဘောဇနံ- သည်၊ နတ္ထိ- မရှိတော့၊ ပတ္တေ- ၌၊ အတ္ထိ- ရှိသေး၏၊ ပန- ထိုသို့ပင် သပိတ်၌ ရှိသေးပါသော်လည်း၊ တသ္မိံ အာသနေ- ထိုနေရာ၌၊ အဘုဉ္ဇိတုကာမော- မစားလိုသည်၊ ဟောတိ- အံ့၊ ဝိဟာရံ ဝါ- ကျောင်းသို့မူလည်း၊ ပဝိသိတွာ- ဝင်၍၊ ဘုဉ္ဇိတုကာမော- စားလိုသည်၊ ဟောတိ- အံ့၊ အညဿ ဝါ- အခြားသူအားမူလည်း၊ ဒါတုကာမော- ပေးလိုသည်၊ ဟောတိ- အံ့၊ တသ္မိံ အန္တရေ- ထိုအတွင်း၌၊ ဘောဇနံ- ကို၊ သစေ ပဋိက္ခိပတိ- အံ့၊ ဧဝံ သတိ၊ န ပဝါရေတိ။ ကသ္မာ- နည်း၊ ဝိပက္ကတဘောဇနဘာဝဿ- စား၍မပြီးသေးသော ဘောဇဉ်ရှိသူ၏ အဖြစ်၏၊ ဥပစ္ဆိန္နတ္တာ- ပြတ်ပြီးသည်၏ အဖြစ်ကြောင့်တည်း။ (တစ်နေရာ၌ စားခြင်းကိစ္စ ပြတ်ပြီးသောကြောင့်တည်း။)

"ယောပိ- အကြောင်းရဟန်းသည်လည်း၊ အညတြ- အခြားအရပ်သို့၊ ဂန္တွာ- ၍၊ ဘုဉ္ဇိတုကာမော- သည်၊ ဟုတ္တွာ၊ မုခေ- ခံတွင်း၌၊ ဘတ္တံ- ထမင်းကို၊ ဂိလိတ္တွာ- မျိုပြီး၍၊ သေသံ- အကြွင်းကို၊ အာဒါယ- ယူ၍၊ ဂစ္ဆန္တော- သွားစဉ်၊ အန္တရာမဂ္ဂေ- လမ်းခရီးအကြား၌၊ အညံ- သော၊ ဘောဇနံ- ကို၊ ပဋိက္ခိပတိ- ၏၊ တဿပိ- ထိုရဟန်း၏လည်း၊ ပဝါရဏာ- ပယ်မြစ်ခြင်းသည်၊ န ဟောတိ၊" ဣတိ၊ **မဟာပစ္စရိယံ**၊ ဝုတ္တံ။

http://www.dhammadownload.com

စ- ဆက်၊ ပတ္တေ- ၌၊ ဝိဇ္ဇမာနဘောဇနံ- ထင်ရှားရှိသော ဘောဇဉ်ကို၊ အနဇ္ဈောဟရိတုကာမော- မျိုခြင်းငှာ အလိုမရှိသည်၊ ဟောတိ ယထာ- ဖြစ်သကဲ့သို့၊ ဧဝံ- တူ၊ ဟတ္ထေပိ- လက်၌လည်း၊ ဝိဇ္ဇမာနဘောဇနံ အနဇ္ဈော-ဟရိတုကာမော၊ ဟောတိ၊ ဝါ- သို့မဟုတ်၊ မုခေပိ- ခံတွင်း၌လည်း၊ ဝိဇ္ဇမာန ဘောဇနံ၊ အနဇ္ဈောဟရိတုကာမော၊ သစေ ဟောတိ- အံ့၊ တသ္မိံ စ ခဏေ-၌လည်း၊ အညံ- အခြားသော ဘောဇဉ်ကို၊ ပဋိက္ခိပတိ- ပယ်အံ့၊ ဧဝံ သတိ၊ န ပဝါရေတိ။ ဟိ- မှန်၊ ဧကသ္မိံ- တစ်ခုသော၊ ပဒေ- ပတ္တေဟူသော ပုဒ်၌၊ ဝုတ္တံ-ဆိုအပ်ပြီးသော၊ လက္ခဏံ- လက္ခဏာသည်၊ သဗ္ဗတ္ထ- အလုံးစုံသော ဟတ္ထ မုခေဟူသော ပုဒ်တို့၌၊ ဝေဒိတဗ္ဗံ- သိထိုက်သည်၊ ဟောတိ။ အပိစ- စင်စစ်ကား၊ **ကုရုန္ဒိယံ**- ၌၊ ဧသ နယော- ကို၊ ဒဿိတောယေဝ- တိုက်ရိုက်ပြအပ်သည်သာ၊ ဟိ- မှန်၊ တတ္ထ- ထိုကုရုန္ဒီအဋ္ဌကထာ၌၊ "မုခေ- ခံတွင်း၌၊ ဘတ္တံ- ကို၊ ဂိလိတံ-မျိုအပ်ပြီ၊ ဟတ္ထေ- လက်၌၊ ဘတ္တံ- ကို၊ ဝိယာသာဒဿ- စားကြွင်းစားအား၊ ဒါတုကာမော- ပေးလိုသည်၊ ဟောတိ၊ ပတ္တေ- ၌၊ ဘတ္တံ- ကို၊ ဘိက္ခုဿ-အခြားရဟန်းအား၊ ဒါတုကာမော၊ ဟောတိ၊ တသ္မိံ ခဏေ- ၌၊ သစေ ပဋိ-က္ခိပတိ- အံ့၊ န ပဝါရေတိ၊" ဣတိ၊ ဝုတ္တံ။

ပန- ကား၊ **ဟတ္ထပါသေ ဋ္ဌိတောတိ** ဧတ္ထ- ၌၊ ဝိနိစ္ဆယော၊ ဧဝံ၊ ဝေဒိတဗ္ဗော။ ဘိက္ခု- သည်၊ နိသိန္နော- ထိုင်နေသည်၊ သစေ ဟောတိ- အံ့၊ ဧဝံ သတိ၊ အာသနဿ- နေရာ၏၊ ပစ္ဆိမန္တတော- နောက်အစွန်းမှ၊ ပဌာယ- စ၍လည်း ကောင်း၊ ဋ္ဌိတော- ရပ်နေသည်၊ သစေ ဟောတိ- အံ့၊ ဧဝံ သတိ၊ ပဏ္ဍိအန္တ-တော- ဖနောင့်အစွန်းမှ၊ ပဌာယ- လည်းကောင်း၊ နိပန္နော- လျောင်းနေသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ယေန ပဿေန- အကြင်နံပါးဖြင့်၊ နိပန္နော- လျောင်း နေသည်၊ ဟောတိ- ၏၊ တဿ- ထိုနံပါး၏၊ ပါရိမန္တတော- ထိုဘက်အစွန်းမှ၊ ပဌာယ- လည်းကောင်း၊ (ကပ်မည့်သူက ရှေ့ဘက်မှ လာမည်ဖြစ်၍ နောက် အစွန်းများကိုချည်း ပြထားသည်၊) ဒါယကဿ- ဒါယကာ၏၊ နိသိန္နဿ ဝါ-ထိုင်နေသော ဒါယကာ၏သော်လည်းကောင်း။ ဋ္ဌိတဿ ဝါ- ရပ်နေသော ဒါယကာ၏သော်လည်းကောင်း၊ နိပန္နဿ ဝါ- လျောင်းနေသော ဒါယကာ၏ သော်လည်းကောင်း၊ ပသာရိတဟတ္ထံ- ဆန့်တန်းအပ်သော လက်ကို၊ ဌပေတွာ-ထား၍၊ ယံ အင်္ဂံ- အကြင်အင်္ဂါသည်၊ အာသန္နတရံ- သာ၍နီး၏၊ ဝါ- အနီးဆုံး တည်း၊ တဿ- ထိုအနီးဆုံးအင်္ဂါ၏၊ ဩရိမန္တေန- ဤဘက်အစွန်းဖြင့်၊ ပရိစ္ဆိန္ဒိ

http://www.dhammadownload.com

တွာ- ပိုင်းခြား၍၊ အမုတေယျဟတ္ထာ- အခွဲအားဖြင့် သုံးတောင်ကို၊ ဝါ- နှစ်တောင့်တစ်ထွာကို၊ "ဟတ္ထပါသော"တိ- ဟတ္ထပါသ်ဟူ၍၊ ဝေဒိတဗ္ဗော။ တသ္မိ- ထိုဟတ္ထပါသ်၌၊ ဌတွာ- ၍၊ အဘိဟဋ္ဌံ- ရှေးရှုဆောင်အပ်သော ဘောဇဉ်ကို၊ ပဋိဂ္ဂါပန္တသေဝ- ပယ်မြစ်သော ရဟန်း၏သာ၊ ပဝါရဏာ၊ ဟောတိ။ တတော- ထိုဟတ္ထပါသ်မှ၊ ပရံ- နောက်၌၊ ဝါ- ပြင်ဘက်က၊ အဘိဟဋ္ဌုံ၊ ပဋိဂ္ဂါပန္တသ၊ ပဝါရဏာ- သည်၊ န ဟောတိ။ (ဟတ္ထပါသ်တိုင်းနည်းများကို ပဋိဂ္ဂဟဏဝိနိစ္ဆယကထာ၌ ဆိုထားခဲ့ပါပြီ။)

အဘိဟရတိတိ- ကား၊ ဟတ္ထပါသဗ္ဘန္တရေ- ဟတ္ထပါသ်အတွင်း၌၊ ဌိတော- တည်သူသည်၊ ဂဟဏတ္ထံ- ခံယူခြင်းအကျိုးငှာ၊ (ဂါဟဏတ္ထံ- ခံယူစေခြင်းအကျိုးငှာ၊) ဥပနာမေတိ- အနီးသို့ ညွှတ်စေအံ့၊ ဝါ- ကပ်အံ့။ (အကပ်ခံသူကို ယူစေရမည်ဖြစ်သောကြောင့် ဂါဟဏတ္ထံ-ဟု ဆရာများပြင်ထားသော ပါဠိကသာ သင့်မည်ထင်သည်။) ပန- ဆက်၊ အနန္တရနိသိန္နောပိ- အခြားမဲ့၌ ထိုင်နေသည်လည်းဖြစ်သော၊ ဝါ- ဘေးချင်းယှဉ်ကာ ထိုင်နေသည်လည်းဖြစ်သော၊ ဘိက္ခု- သည်၊ ဟတ္ထေ ဝါ- လက်၌သော်လည်းကောင်း၊ ဥရူသု ဝါ- ပေါင်တို့၌သော်လည်းကောင်း၊ အာဓရကေ ဝါ- သပိတ်ခြေ၌သော်လည်းကောင်း၊ ဌိတံ ပတ္တံ- တည်သော သပိတ်ကို၊ အနဘိဟရိတွာဝ- ရှေးရှုမဆောင်မူ၍သာလျှင်၊ "ဘတ္တံ- ထမင်းကို၊ ဂဏှ- ယူပါလော့၊" ဣတိ၊ သစေ ဝဒတိ- အကယ်၍ (နှုတ်သက်သက်ဖြင့်သာ) ပြောအံ့၊ ဧဝံ သတိ၊ တံ- ထိုထမင်းကို၊ ပဋိဂ္ဂါပတော- ပယ်မြစ်သော ရဟန်း၏၊ ပဝါရဏာ- သည်၊ နတ္ထိ- (ရှေးရှုမဆောင်သောကြောင့် အာဘိဟာရအင်္ဂါမမြောက်။)

အနန္တရနိသိန္နောပိ။ ။ တစ်ပါးနှင့်တစ်ပါး ကပ်နေစေကာမူ ဘောဇဉ်ကို လက်ဖြင့် ရှေးရှုမဆောင်ဘဲ ဆွမ်းယူပါဦးဟု နှုတ်သက်သက်ဖြင့် ပြောဆိုသည်ကို ပယ်မြစ်သော ရဟန်းမှာ ပဝါရိတ်မသင့်ပါ။ ထို့ကြောင့် တစ်ဝိုင်းတည်း ဆွမ်းအတူ ထိုင်စားကြရာ၌ ဆွမ်းဇလုံစသည်ကို လက်ဖြင့် မ၍ ဆွမ်းယူဦးမလားစသည်ဖြင့် မမေးကြရန်, လက်ဖြင့်မကြွေ့ မမဘဲ နှုတ်သက်သက်ဖြင့်သာ မေးကြရန် ဆရာများက အမြဲညွှန်ကြားလေ့ရှိပါသည်။

တမန်ဖြင့် ဆွမ်းပေးရာဝယ်။ ။ တမန်ဖြင့် ဆွမ်းပေးမှုကို ပြဆိုသော စကားရပ်၌ မထေရ်ကြီး၏ ရှေးရှုဆောင်မှု, ဟတ္ထပါသ်အတွင်း၌ တည်နေမှု နှစ်ခုလုံးပင် မဖြစ်နိုင်၊ သပိတ်ကို ယူထားသော တမန်ရဟန်းကလည်း ဟတ္ထပါသ်ကို ရောက်နေစေကာမူ သပိတ်ကို ပွေ့ပိုက်လျက် ငြိမ်သက်စွာရပ်နေသည့်အတွက် သပိတ်ခြေအရာမှာ

http://www.dhammadownload.com

ဘတ္တာပစ္စိ- ထမင်းတောင်းကို၊ အာနေတွာ- ဆောင်ယူ၍၊ ပုရတော- ရဟန်း၏ရှေ့၌၊ ဘူမိယံ- မြေ (တည်ရာကြွမ်းပြင်စသည်) ၌၊ ဌပေတွာ- ထားပြီး၍၊ ဝါ- ထားပြီးမှ၊ "ဂဏှာဟိ- ယူပါလော့၊" ဣတိ- သို့၊ ဝုတ္တေပိ- လျှောက်အပ်ရာ၌လည်း၊ ဧသေဝ နယော။ ပန- ဆက်၊ ဤသကံ- စဉ်းငယ် (နည်းနည်း) ဥဒ္ဓရိတွာ ဝါ- မြှောက်၍သော်လည်းကောင်း၊ အပနာမေတွာ ဝါ- စောင်း၍သော်လည်းကောင်း၊ "ဂဏှထ- ခံယူပါကုန်၊" ဣတိ၊ ဝုတ္တေ- လျှောက်အပ်သော်၊ ပဋိဂ္ဂဟိတော- ပယ်မြစ်သော ရဟန်း၏၊ ပဝါရဏာ၊ ဟောတိ။ ထေရာသနေ- ထေရ်ကြီး၏ နေရာ၌၊ နိသိန္နော- သော၊ ထေရော- သည်၊ ဒုရေ- နှစ်ထောင့်ထွာထက် ဝေးသော အရပ်၌၊ နိသိန္နဿ- ထိုင်နေသော၊ ဒဟရဘိက္ခုဿ- ရဟန်းငယ်၏ အထံသို့၊ ပတ္တံ- ကို၊ ပသေတွာ- စေလွှတ်၍၊ "ဣတော- ဤသပိတ်ထဲမှ၊ ဩဒနံ- ထမင်းကို၊ ဂဏှာဟိ- ယူလိုက်လော၊" ဣတိ၊ ဝဒတိ- ဆို၊ ပန- ထိုသို့ ပြောပါသော်လည်း၊ ဂဏှိတွာ- သပိတ်ယူ၍၊ ဂတော- သွားသော တမန်သည်၊ တုဏှီ- ဆိတ်ဆိတ်၊ တိဋ္ဌတိ- ရပ်နေအံ့၊ ဒဟရော- ရဟန်းငယ်သည်၊ "မယှံ- တပည့်တော်အား၊ အလံ- တော်ပါပြီ၊" ဣတိ- ဤသို့ပြော၍၊ ပဋိဂ္ဂဟိတော- ပယ်အံ့၊ န ပဝါရေတိ။ ကသ္မာ၊ ထေရဿ- ၏၊ ဒုရဘာဝတော- ဝေးသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒုတဿ- တမန်၏၊ အနဘိဟရဏတော စ- ရှေးရှုမဆောင်ခြင်းကြောင့်လည်းကောင်းတည်း။ ပန- ဆက်၊ ဂဟေတွာ- ၍၊ အာဂတော- သော၊ ဘိက္ခု- (တမန်) ရဟန်းသည်၊ "ဣမံ ဘတ္တံ- ကို၊ ဂဏှာ- ယူပါလော၊" ဣတိ၊ ဝဒတိ- (အနည်းငယ် ညွတ်ကာ) ပြောဆိုပါအံ့။ တံ- ထိုဆွမ်းကို၊ ပဋိဂ္ဂဟိတော၊ ပဝါရဏာ၊ ဟောတိ။

ပရိဝေသနာယ- ဆွမ်းလုပ်ကျွေးရာအရပ်၌၊ ဧကော- တစ်ယောက်သော ဒါယကာသည်၊ ဧကေန ဟတ္ထေန- တစ်ဖက်သော လက်ဖြင့်၊ ဩဒနပစ္စိ-

---

တည်နေသည်။ ရှေးရှုဆောင်မှု မရှိ၊ ထို့ကြောင့် ယင်းဆွမ်းကို ပယ်မြစ်သော ရဟန်းငယ်မှာ ပဝါရိတ် မဖြစ်ပါ။ ယင်းသို့မဟုတ်မူ၍ တမန်ရဟန်းက သပိတ်ကို အနည်းငယ် ညွတ်လျက် (ဆွမ်းယူတော်မူပါဦးဟု) ပေးသည်ကို ပယ်လျှင်ကား ပဝါရိတ်ဖြစ်တော့သည်သာ၊ (သပိတ်ကို ညွတ်စေမှုမရှိလျှင် ဝါစာဘိဟာရမျှသာဖြစ်သောကြောင့် ပဝါရိတ်မဖြစ်။)

ပရိဝေသနာယ။ ။ ဆွမ်းလုပ်ကျွေးရာဟူသည် ရဟန်းများတို့ ဆွမ်းကို ခံယူနေရာပင် ဖြစ်သည်။ ထိုသို့ရဟန်းများ ဆွမ်းကိုခံယူနေကြရာဝယ် ကူညီသူက လက်ဖြင့် ထိထားရုံမျှသာ ထိထား၍ ဆွမ်းလိုက်သူကသာ ဆွမ်းတောင်းကို ဆောင်ယူလာရာ၌

http://www.dhammadownload.com

ဆွမ်းတောင်းကိုလည်းကောင်း၊ ဧကေန- တစ်ဖက်သော လက်ဖြင့်၊ ကဋ္ဌစ္ဆိ- ဇွန်းကိုလည်းကောင်း၊ ဂဟေတွာ- ကိုင်၍၊ ဘိက္ခု- ကို၊ ပရိဝိသတိ- ဆွမ်းလုပ်ကျွေးအံ့၊ တတြ- ထိုသို့ ဆွမ်းလုပ်ကျွေးရာ၌၊ အညော- အခြားသော ဒါယကာသည်၊ အာဂန္တွာ- ၍၊ "အဟံ- သည်၊ ပစ္ဆိ- တောင်းကို၊ ဓာရေဿာမိ- ဆောင်ထားအံ့၊ တုံ- သင်သည်၊ ဝါ- က၊ ဩဒနံ- ထမင်းကို၊ ဒေဟိ- ပေးလှူပါလော၊" ဣတိ၊ ဝတွာ- ပြော၍၊ ဂဟိတမတ္တမေဝ- ကိုင်အပ်ကာမျှကိုသာ၊ စေ ကရောတိ- အံ့၊ (ကိုင်ရုံသာကိုင်၍ တောင်းကို ကြွမ မထားလျှင်၊) ပန- စင်စစ်ကား၊ ပရိဝေသကောဝ- ဆွမ်းလုပ်ကျွေးသူသည်သာ၊ ဝါ- ဆွမ်းလိုက် သူကသာ၊ တံ- ထိုတောင်းကို၊ ဓာရေတိ- ဆောင်နေရ၏။ တသ္မာ- ကြောင့်၊ သာ- ထိုဆွမ်းတောင်းသည်၊ ဝါ- ကို၊ (ပရိဝိသကေန- သည်၊) အဘိဟဋ္ဌာဝ- ရှေးရှုဆောင်အပ်သည်သာလျှင်၊ ဟောတိ၊ တတော- ထိုဆွမ်းတောင်းမှ၊ ဒါတုကာမတာယ- ပေးလိုသည်၏ အဖြစ်ကြောင့်၊ ဂဏှန္တို- ခပ်ယူဆဲကို၊ ပဋိက္ခိပန္တဿ- ပယ်မြစ်သော ရဟန်း၏၊ ပဝါရဏာ၊ ဟောတိ။ (ခပ်ယူစဉ် ရှေးရှုဆောင်မှု မရှိသော်လည်း ဆွမ်းတောင်းက ရှေးရှုဆောင်ဆဲဖြစ်နေသောကြောင့် ပဝါရိတ်သင့်ရသည်။)

ပန- ဆက်၊ ပရိဝေသကေန- ဆွမ်းလုပ်ကျွေး (ဆွမ်းလိုက်) သော ဒါယကာသည်၊ ဖုဋ္ဌမတ္တာဝ- ထိအပ်ကာမျှသည်သာ၊ သစေ ဟောတိ- အံ့၊ ဣတရော- အခြား (ဘေးက ဆောင်ယူပေး) သူသည်သာ၊ နံ- ထိုဆွမ်းတောင်းကို၊ သစေ ဓာရေတိ- အကယ်၍ ဆောင်ထားအံ့၊ ဧဝံ သတိ၊ တတော- ထိုဆွမ်းတောင်းမှ၊ ဒါတုကာမတာယ- ကြောင့်၊ ဂဏှန္တို- ခပ်ယူနေဆဲကို၊ ပဋိက္ခိပန္တဿ၊ ပဝါရဏာ၊ န ဟောတိ။ ကဋ္ဌစ္ဆုနှာ- ဇွန်းဖြင့်၊ ဥဒ္ဓတဘာတ္တေ ပန- ထုတ်ဆောင်အပ် ပြီးသော ဘတ်၌ကား၊ ပဝါရဏာ၊ ဟောတိ။ ဟိ- မှန်၊ ကဋ္ဌစ္ဆုနှာ- ဖြင့်၊ အဘိဟာရော

ပေးလိုသူ၏ ရှေးရှုဆောင်မှု ရှိနေသောကြောင့် ခပ်ယူဆဲကိုပယ်သော ရဟန်းမှာလည်း ပဝါရိတ်သင့်သည်။ ခပ်ယူဆဲမဟုတ်သည်ကို ပယ်သော ရဟန်းမှာလည်း ပဝါရိတ်သင့်သည်။

ဆွမ်းလိုက်သူ (ပေးမည့်သူ) က ဆွမ်းတောင်းကို လက်ဖြင့်ထိရုံမျှသာထိ၍၊ ကူညီသူကသာ ဆောင်ယူလာရာ၌ကား ပေးလိုသူ၏ ရှေးရှုဆောင်မှုမရှိပေ၊ သို့ဖြစ်ရကား ဇွန်းဖြင့် မခပ်ခင်မှာဖြစ်စေ, ခပ်ယူဆဲမှာဖြစ်စေ ပယ်လျှင် ပဝါရိတ်မသင့်။ ခပ်ယူပြီးသည်ကို ပယ်လျှင်ကား ပေးလိုသူ၏ ရှေးရှုဆောင်မှု ရှိသောကြောင့် ပဝါရိတ်သင့်သည်။ (သာရတ္ထ၊၃၊၆၁။)

http://www.dhammadownload.com

ယေဝ- ရှေးရှုဆောင်ခြင်းသည်ပင်လျှင်၊ တဿ- ထိုထမင်းကို၊ အဘိဟာရော- ရှေးရှုဆောင်ယူခြင်းသည်၊ ဟောတိ၊ "ဒွိန္နံ- (ဆွမ်းလိုက်သူနှင့် ကူညီသူ) နှစ်ယောက်သော လူတို့၏၊ သမဘာရေပိ- အညီအမျှ ဆောင်ယူအပ်သော ဝန်၌လည်း၊ ပဋိက္ခိပန္တော- ပယ်မြစ်သော ရဟန်းသည်၊ ပဝါရေတိယေဝ- သည်သာ၊" ဣတိ၊ **မဟာပစ္စရိယံ**၊ ဝုတ္တံ။

အနန္တရဿ- အခြားမဲ့ဖြစ်သော၊ ဘိက္ခုနော- အား၊ ဘတ္တေ- ကို၊ ဒီယမာနေ- ပေးလှူအပ်စဉ်၊ ဣတရော- အခြားရဟန်းသည်၊ ပတ္တံ- သပိတ်ကို၊ ဟတ္ထေန- လက်ဖြင့်၊ ပိဒဟတိ- ပိတ်ထားအံ့၊ ပဝါရဏာ၊ နတ္ထိ။ ကသ္မာ၊ အညဿ- အခြားရဟန်းဖို့၊ အဘိဟဋ္ဌေ- ရှေးရှုဆောင်ယူအပ်သော ထမင်း၌၊ ပဋိက္ခိတ္တတ္တာ- ပယ်မြစ်အပ်သည်၏ အဖြစ်ကြောင့်တည်း။ (မိမိအားပေးသည်ကို ပယ်ခြင်းမဟုတ်၊ အခြားရဟန်းအား ပေးသည်ကို မိမိသပိတ်ထဲ၌ မကျအောင် ပိတ်ထားခြင်းဖြစ်သောကြောင့် ပဝါရိတ်မသင့်။)

ပဋိက္ခေပေါ ပညာယတီတိ ဧတ္ထ- ၌၊ (ဝိနိစ္ဆယော၊ ဧ၀ံ၊ ဝေဒိတဗ္ဗော။) ဝါစာယ- နှုတ်ဖြင့်၊ အဘိဟဋ္ဌုံ- ရှေးရှုဆောင်အပ်သော ဘောဇဉ်ကို၊ ပဋိက္ခိပတော- ၏၊ ပဝါရဏာ၊ နတ္ထိ။ ပန- အလျော်ကား၊ ကာယေန- ဖြင့်၊ အဘိဟဋ္ဌုံ- ကို၊ ယေန ကေနစိ- သော၊ အာကာရေန- ဖြင့်၊ ကာယေန ဝါ-ကိုယ်ဖြင့်သော်လည်းကောင်း၊ ဝါစာယ ဝါ- နှုတ်ဖြင့်သော်လည်းကောင်း၊ ပဋိက္ခိပန္တဿ၊ ပဝါရဏာ၊ ဟောတိ။ ဣတိ၊ ဝေဒိတဗ္ဗော။ တတြ- ထိုကာယေန ဝါ ဝါစာယ ဝါ ပဋိက္ခိပန္တဿဟူသောပါဠိ၌၊ အင်္ဂုလိံ ဝါ- လက်ချောင်းကိုသော်လည်းကောင်း၊ ဟတ္ထံ ဝါ- လက်ကို သော်လည်းကောင်း၊ မက္ခိကာဒီဇနိံ ဝါ- ယင်နှင်ယပ်ကိုသော်လည်းကောင်း၊ စီဝရကဏ္ဏံ ဝါ- သင်္ကန်းအနားကိုသော်လည်းကောင်း၊ (ယံ) စာလေတိ- အကြင် လှုပ်စေ၏၊ (တံ စာလနံ ဝါ- ထိုလှုပ်စေခြင်းသည်လည်းကောင်း၊) ဘမုကာယ- မျက်ခုံးဖြင့်၊ အာကာရံ- ပယ်မြစ်ပုံအခြင်းအရာကို၊ ယံ ကရောတိ- အကြင်ပြု၏၊ တံ ကရဏံ ဝါ- ထိုပြုခြင်းသည်လည်းကောင်း၊ ကုဒ္ဓေါ- စိတ်ဆိုးသည်၊ ဟုတ္ဝာ၊ ယံ ဩလောကေတိ- အကြင်ကြည့်၏၊ တံ ဩလောကနံ ဝါ- ထိုကြည့်ခြင်းသည်လည်းကောင်း၊ ကာယေန- ဖြင့်၊ ပဋိက္ခေပေါ နာမ- ပယ်ခြင်းမည်၏။

"အလံ- တော်ပြီ၊" ဣတိ- သို့၊ ယံ ဝဒတိ- အကြင်ပြော၏၊ သော ဝါဒေါ ဝါ- ထိုပြောခြင်းသည်လည်းကောင်း၊ "န ဂဏှာမိ- မယူ၊" ဣတိ၊ ယံ ဝဒတိ၊ သော ဝါဒေါ ဝါ၊ "မာ အာကိရ- မလောင်းထည့်နှင့်၊" ဣတိ၊ ယံ ဝဒတိ၊ ဧသော

http://www.dhammadownload.com

ဝါဒေါ ဝါ။ "အပဂစ္ဆ- ဖဲလော၊" ဣတိ၊ ယံ ဝဒတိ၊ သော ဝါဒေါ ဝါ- သည်လည်း ကောင်း၊ ဝါစာယ- နှုတ်ဖြင့်၊ ပဋိက္ခေပေါ နာမ- ပယ်ခြင်းမည်၏၊ ဧဝံ- လျှင်၊ ယေန ကေနစိ- သော၊ အာကာရေန- အခြင်းအရာဖြင့်၊ ကာယေန ဝါ- ဖြင့်သော်လည်းကောင်း၊ ဝါစာယ ဝါ- ဖြင့်သော်လည်းကောင်း၊ ပဋိက္ခိတ္တော- ပယ်မြစ်အပ်သော်၊ ပဝါရဏာ၊ ဟောတိ။

၁၁၉။ ဧကော- တစ်ပါးသော ရဟန်းသည်၊ ဘတ္တော- ဆွမ်းကို၊ အဘိဟဋ္ဌေ- (သပိတ်၌လောင်းထည့်ရန်) ရှေးရှုဆောင်ယူအပ်သော်၊ ပဝါရဏာယ- ပဝါရိတ် သင့်ခြင်းမှ၊ ဘီတော- ကြောက်သည်၊ ဟုတ္ဝာ၊ ဟတ္ထေ- တို့ကို၊ အပနေတွာ- သပိတ်မှဖယ်၍၊ ပုနပ္ပုနံ- ထပ်ခါထပ်ခါ၊ ပတ္တေ- ၌၊ သြဒနံ- ကို၊ အာကိရန္တံ- လောင်းထည့်နေသော ဒါယကာကို၊ "အာကိရ အာကိရ- လောင်းထည့်လော့ လောင်းထည့်လော့၊ ကောဋ္ဌေတွာ ကောဋ္ဌေတွာ- ဖိသိပ်၍ ဖိသိပ်၍၊ ပူရေဟိ- ပြည့်စေလော၊" ဣတိ၊ ဝဒတိ- ပြောအံ့၊ ဧတ္ထ- ဤသို့ပြောရာ၌၊ ကထံ- အဘယ်သို့ဖြစ်သနည်း၊ (ပဝါရိတ်သင့်သလား မသင့်ဘူးလားဟု ဆိုလိုသည်၊) ဣတိ- ဤကားအမေးတည်း။ တာဝ၊ မဟာသုမတ္ထေရော- သည်၊ "အနာဂိရဏတ္ထာယ- မလောင်းထည့်ခြင်းအကျိုးငှာ၊ ဝုတ္တတ္တာ- ပြောဆိုအပ်သည်၏ အဖြစ်ကြောင့်၊ ပဝါရဏာ၊ ဟောတိ၊" ဣတိ၊ အာဟ- မိန့်ဆိုပြီ။ ပန- ဝါဒန္တရကား၊ မဟာပဒုမတ္ထေရော- သည်၊ "အာကိရ- လောင်းလော၊ ပူရေဟိ- ပြည့်စေလော၊ ဣတိ- ဤသို့၊ ဝဒန္တသ- ပြောဆိုသော၊ ကဿစိ- တစ်စုံတစ်ယောက်၏၊ ပဝါရဏာ- သည်၊ အတ္ထိ နာမ- ရှိရသေးသည်တဲ့လော၊" ဣတိ၊ ဝတွာ- ပြောဆိုပြီး၍၊ "န ပဝါရေတိ- ပယ်မြစ်သည်မမည်၊ ဝါ- ပဝါရိတ်မသင့်၊" ဣတိ၊ အာဟ- ပြီ။

အပရော- အခြားသော ရဟန်းသည်၊ ဘတ္တံ- ကို၊ အဘိဟရန္တေ- ရှေးရှုဆောင်လာသော၊ ဘိက္ခုံ- ကို၊ သလ္လက္ခေတွာ- မှတ်သား၍၊ (မိမိသပိတ်၌ ထည့်ဖို့ရန် ဆောင်ယူလာသူဟု မှတ်သား၍၊) "အာဝုသော- ငါ့ရှင်၊ ကိံ- အသို့နည်း၊ ဣတောပိ- ဤသပိတ်ထဲမှလည်း၊ ကိဉ္စိ- တစ်စုံတစ်ခုကို၊ ဂဏှိဿတိ- ယူဦးလတ္တံ့လော၊ တေ- သင့်အား၊ ကိဉ္စိ- ကို၊ ဒမ္မိ- ပေးလိုသေး၏၊" (သင်ကပေးဖို့ မဆိုထားဘိ ဒီကတောင် ပေးချင်သေးတယ်ဟု ဆိုလိုသည်၊) ဣတိ၊ အာဟ။ တတြာပိ- ထိုသို့ ပြောရာ၌လည်း၊ "ဧဝံ- ဤသို့ ပြောဆိုလသော်၊ နာဂမိဿတိ- ရှေ့သို့တိုး၍ မလာလတ္တံ့၊ ဣတိ- ဤသို့ကြံ၍၊ ဝုတ္တတ္တာ- ပြောဆိုအပ်သည်၏ အဖြစ်ကြောင့်၊ ပဝါရဏာ၊ ဟောတိ၊" ဣတိ၊ မဟာသုမတ္ထေရော၊ အာဟ။ ပန-

http://www.dhammadownload.com

ဝါဒန္တရကား၊ မဟာပဒုမတ္ထေရော- သည်၊ "ဂဏ္ဌိဿသိ- ယူဦးလတ္တံ့လော၊ ဣတိ- သို့၊ ဝဒန္တဿ- သော၊ ကဿစိ- ၏၊ ပဝါရဏာ- သည်၊ အတ္ထိ နာမ-ရှိရသေးသည်တဲ့လော၊ "ဣတိ ဝတွာ၊ နံ ပဝါရေတိ။ ဣတိ၊ အာဟ- ပြီ။

ဧကော- တစ်ယောက်သော ဒါယကာသည်၊ သမံသကံ- အသားဖတ်နှင့်တကွ ဖြစ်သော၊ ရသံ- အရည်ကို၊ အဘိဟရိတွာ- ၍၊ "ရသံ- အရည်ကို၊ ဂဏှထ- ခံယူပါကုန်၊" ဣတိ၊ ဝဒတိ- လျှောက်၏။ တံ- ထိုစကားကို၊ သုတွာ-၍၊ ပဋိက္ခိပတော၊ ပဝါရဏာ၊ နတ္ထိ။ (အသားရည်က ဘောဇဉ်ငါးပါးတွင် မပါဝင်သောကြောင့် ပယ်သော်လည်း ပဝါရိတ်မသင့်ဟု ဆိုလိုသည်။) "မစ္ဆရသံ-ငါးရည်ကို၊ ဂဏှထ၊ မံသရသံ- အသားအရည်ကို၊ ဂဏှထ၊" (ဤအဋ္ဌကထာ၌ မစ္ဆမံသရသန္တိဟု ရှိနေသည်။) ဣတိ၊ ဝုတ္တေ- သော်၊ ပဋိက္ခိပတော၊ ပဝါရဏာ၊ ဟောတိ။ "ဣဒံ- ဤဟာကို၊ ဂဏှထ၊" ဣတိ- သို့၊ ဝုတ္တေပိ- အမည်မတပ်ဘဲ လျှောက်အပ်ရာ၌လည်း၊ ပဝါရဏာ၊ ဟောတိယေဝ။ မံသံ- အသားကို၊ ဝိသုံ-အရည်မှ သီးခြား၊ ကတွာ-၍၊ "မံသရသံ- အသားရည်ကို၊ ဂဏှထ၊" ဣတိ၊ ဝဒတိ- ဒုံ၊ တတ္ထ- ထိုသို့လျှောက်ရာ၌၊ တစ်နည်း- "တတ္ထ- ထိုအသားရည်၌၊ သာသပမတ္တမ္ပိ- မုန်ညင်းစေ့မျှ အတိုင်းအရှည်ရှိသည်လည်းဖြစ်သော၊ မံသ-ခဏ္ဍံ- အသားတုံးသည်၊ စေ အတ္ထိ- အကယ်၍ ရှိသေးဒုံ၊ ဧဝံ သတိ၊ တံ- ထို အသားရည်ကို၊ ပဋိက္ခိပတော၊ ပဝါရဏာ- ဟောတိ။ ပန- ဆက်၊ ပရိဿာဝိ-တော- စုစ်အပ်ပြီးသည်၊ သစေ ဟောတိ၊ ဧဝံ သတိ ဝဋ္ဋတိ၊" ဣတိ၊ အာဘယ-တ္ထေရော- သည်၊ အာဟ- ပြီ။

မစ္ဆရသံ မံသရသံ။ ။ မစ္ဆဿ ရသော- မစ္ဆရသော- ငါး၏အရည်၊ ဤသို့နောက်ပုဒ်ပြဌာန်းသော တပ္ပုရိသ်သမာသ်မျှသာဖြစ်လျှင် အရည်မျှသာ ရသောကြောင့် ပဝါရိတ်သင့်နိုင်စရာ မရှိပါ။ သို့သော် မစ္ဆော စ မစ္ဆရသော စ- မစ္ဆရသော- ငါးနှင့် ငါး၏အရည်၊ ဤသို့ဧကသေသ်လည်း ဖြစ်နိုင်ပါသေးသည်။ ယင်းသို့ ဧကသေသ် ပြုလိုက်သည့်အခါ မစ္ဆရသ-ပုဒ်က ငါးကိုရော ငါးအရည်ကိုရော နှစ်မျိုးလုံးကိုပင် ဟောနိုင်သောကြောင့်လည်းကောင်း၊ (ဝတ္ထုကလည်း အသားအဖတ်ပါနေသောကြောင့်လည်းကောင်း) ပဝါရိတ်သင့်ရသည်။ မံသရသလည်း နည်းတူ၊ နောက် မစ္ဆသူပဲလည်း ဤနည်းအတိုင်းပင်။ (သာရတ္ထ၊၃၊၆၁။)

ဣဒံ ဂဏှထာတိ ဝုတ္တေဗီ ။ ။ ဤသို့ မဆိုစေကာမူ၊ (မည်သည့်စကားကိုမျှ မလျှောက်ထားစေကာမူ၊) ပဝါရိတ်ဖြစ်စေနိုင်သည့် ဘောဇဉ်တစ်ခုခုကို ပေးလှူရန် ဆောင်ယူလာသည်ကို ပယ်မြစ်သော ရဟန်းမှာလည်း ပဝါရိတ်ဖြစ်သည်သာ။

(သာရတ္ထ၊၃၊၆၂။)

http://www.dhammadownload.com

မံသရသေန- အသားရည်ဖြင့်၊ အာပုစ္ဆန္တံ- ပန်ပြောသူကို၊ မဟာထေရော-သည်၊ "မုဟုတ္တံ- တစ်မုဟုတ်မျှ၊ အာဂမေဟိ- ဆိုင်းငံ့ဦးလော၊" ဣတိ- သို့၊ ဝတ္တာ- ပြောဆိုပြီး၍၊ "အာဝုသော- ငါ့ရှင်၊ ထာလကံ- ခွက်ကို၊ အာဟရ-ဆောင်ယူခဲ့လော၊" ဣတိ၊ အာဟ- ပြီ။ ဧတ္ထ- ဤသို့ပြောဆိုရာ၌၊ ကထံ- အ ဘယ်သို့ ဖြစ်သနည်း၊ (ပဝါရိတ်သင့်သလား၊ မသင့်ဘူးလားဟု ဆိုလိုသည်။) တာဝ၊ မဟာသုမတ္ထေရော- သည်၊ "အဘိဟာရကဿ- ရွှေးရွှဆောင်ယူ လာသူ၏၊ ဂမနံ- သွားခြင်းကို၊ ဥပစ္ဆိန္နံ- ဖြတ်အပ်ပြီ၊ (ခဏလေးဆိုင်းပါအုံးဟု ပြောဆိုဖြတ်တောက်လိုက်သည်။) တသ္မာ- ကြောင့်၊ ပဝါရေတိ၊" ဣတိ၊ အာဟ- ပြီ။ ပန- ဝါဒန္တရကား၊ မဟာပဒုမတ္ထေရော- သည်၊ "အယံ- ဤဒါယကာသည်၊ ကုဟိံ- အဘယ်သို့၊ ဂစ္ဆတိ- သွားသေးသနည်း၊ ဧတဿ- ဤဒါယကာ၏၊ ကိဓိသံ- အဘယ်သို့ ရှုအပ်သော၊ ဂမနံ- သွားခြင်းသည်၊ ဟောတိ- ဖြစ်သနည်း၊ ဂဏ္ဌန္တသာပိ- (ယူလာသော ခွက်ဖြင့်) ခံယူသူ၏လည်း၊ ပဝါရဏာ- ပယ်မြစ်ခြင်းသည်၊ အတ္ထိ နာမ- ရှိရသေးသလော၊" ဣတိ ဝတ္တာ- ပြောဆိုပြီး၍၊ နံ ပဝါရေတိ- ပဝါရိတ်မသင့်၊ ဣတိ၊ အာဟ- ပြီ။

ကဋ္ဌရပနသာဒီဟိ- အညောက် ပိန္ဓသီးအစရှိသည်တို့ဖြင့်၊ မိဿေတွာ- ရောနှော၍၊ မံသံ- အသားကို၊ ပစန္တိ- ချက်ကြကုန်၏၊ တံ- ထိုဟင်းကို၊ ဂဟေတွာ- ယူ၍၊ "ကဋ္ဌရသူပံ- အညောက်ဟင်းချို့ကို၊ ဂဏှထ၊ ပနသဗျဉ္ဇနံ- ပိန္ဓသီးဟင်းကို၊ ဂဏှထ၊" ဣတိ၊ ဝဒန္တိ- လျှောက်ကုန်အံ့။ ဧဝမ္ပိ- ဤသို့လျှောက်ပါသော်လည်း၊ နံ ပဝါရေတိ- (ပယ်မြစ်သော ရဟန်းမှာ) ပဝါရိတ်မသင့်။ ကသ္မာ- နည်း၊ အပဝါ-ရဏာရဟဿ- ပဝါရိတ် မထိုက်သော ဟင်းချို့ဟင်း၏၊ နာမေန- ကဋ္ဌရသူပ-ပနသဗျဉ္ဇနဟူသော နာမည်ဖြင့်၊ ဝုတ္တတ္တာ- လျှောက်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ပန- ဆက်၊ "မစ္ဆသူပံ- ငါးဟင်းချို့ကို၊ ဂဏှထ၊" ဣတိ ဝါ-ဤသို့သော်လည်းကောင်း၊ "မံသသူပံ- အသားဟင်းချို့ကို၊ ဂဏှထ- ခံယူပါကုန်၊" ဣတိ ဝါ- လည်းကောင်း၊ "ဣဒံ- ဤဟာကို၊ ဂဏှထ၊" ဣတိ ဝါ-ဤသို့သော်လည်းကောင်း၊ ဝဒန္တိ- လျှောက်ကုန်အံ့၊ ပဝါရေတိ။

မံသကရမ္ဘကော နာမ- အသားဖြင့်ရောပြွမ်းသော အစာမည်သည်၊ ဟောတိ- ရှိ၏၊ တံ- ထိုမံသကရမ္ဘကကို၊ ဒါတုကာမော- ပေးလှူလိုသည်၊ သမာနောပိ-

---

ကရမ္ဘကော ။ ။ ကရမ္ဘသဒ္ဒါသည် ရောနှောခြင်း အနက်ကို ဟောသည်။ သို့ဖြစ်ရကား အချင်းချင်း ရောနှောစုပေါင်း ပြုလုပ်ထားသော အရာကို "ကရမ္ဘ"ဟု ခေါ်သည်။

http://www.dhammadownload.com

ဖြစ်ပါသော်လည်း၊ "ကရမ္ဘက် ဂဏ္ဌထာ"တိ- ထဟူ၍၊ ဝါ- ဟင်းပေါင်းကို ခံယူပါကုန်ဟူ၍၊ ဝဒတိ- လျှောက်အံ့၊ ဝဋ္ဋတိ၊ နု ပဝါရေတိ- ပဝါရိတ်မသင့်။ (ဝဋ္ဋတိကိုပင် နု ပဝါရေတိဟု ထပ်ဖွင့်သည်။) ပန- ဆက်၊ "မံသကရမ္ဘက"န္တိ ဝါ- ကဟူ၍သော်လည်းကောင်း၊ ဣဒန္တိ ဝါ- ဤဟာဟူ၍သော်လည်းကောင်း၊ ဝုတ္တေ- လျှောက်အပ်သော်၊ ပဝါရေတိ၊ သဗ္ဗေသု- ကုန်သော၊ မစ္ဆမံသမိဿကေသု- ငါးဖြင့်ရောအပ် အသားဖြင့်ရောအပ်သော အစာတို့၌၊ ဧသနယော။

၁၂၀။ "ပန- ဆက်၊ ယော- အကြင်ရဟန်းသည်၊ နိမန္တနေ- ပင့်ဖိတ်ရာ အရပ်၌၊ ဘုဥ္ဇမာနော- ဆွမ်းစားစဉ်၊ အဘိဟဋ္ဌုံ- ရှေးရှုဆောင်ယူအပ်သော၊ မံသ- အသားကို၊ 'ဥဒ္ဒိဿကတ'န္တိ- ဥဒ္ဒိဿကတအသားဟူ၍၊ (ရဟန်းကို ရည်စူး၍ ပြုအပ် သတ်အပ်သော အသားဟူ၍၊) မညမာနော- မှတ်ထင်သည်၊ ဟုတ္ဝာ၊ ပဋိက္ခိပတိ- ပယ်၏။ သော- ထိုရဟန်းသည်၊ ပဝါရိတော၀- သည်သာ၊ ဟောတိ၊" ဣတိ **မဟာပစ္စရိယံ**၊ ဝုတ္တံ။ (မအပ်သော အစာမဟုတ်သောကြောင့် ပဝါရိတ်သင့်သည်။)

ပန- ဆက်၊ မိဿကကထာ- မိဿကနှင့်စပ်သော စကားကို၊ **ကုရုန္ဒိယံ**- ၌၊ သုဋ္ဌု- ကောင်းစွာ၊ ဝါ- ကျယ်ဝန်းစွာ၊ ဝုတ္တာ-ပြီ၊ ဟိ- ချဲ့၊ တတ္ထ- ထိုကုရုန္ဒီအဋ္ဌကထာ၌၊ ဝုတ္တံ- ပြီ။ ကိံ၊ ပိဏ္ဍပါတစာရိကော- ဆွမ်းခံလှည့်လည်သော၊ ဘိက္ခု- သည်၊ ဘတ္တမိဿကံ- ထမင်းဖြင့် ရောပွမ်းသော၊ ယာဂုံ- ကို၊ အာဟရိတ္ဝာ- ၍၊ "ယာဂုံ- ကို၊ ဂဏ္ဌထ- ကုန်၊" ဣတိ၊ ဝဒတိ၊ နု ပဝါရေတိ။ "ဘတ္တံ၊ ဂဏ္ဌထ၊" ဣတိ၊ ဝုတ္တေ- သော်၊ ပဝါရေတိ။ ကသ္မာ- နည်း၊ ယေန- အကြောင်းထမင်းဖြင့်၊ အာပုဇ္ဇတော- ပန်ပြောအပ်ပြီ၊ တဿ- ထိုထမင်း၏၊ အတ္ထိတာယ- ရှိသည်၏

ယင်းကရမ္ဘကို အသားရောကာ ပြုလုပ်ထားသည်သာ ဖြစ်ပါသော်လည်း ကရမ္ဘက (ဟင်းပေါင်း) ကို ခံယူပါကုန်ဟု ပဝါရိတ်ကို မဖြစ်စေတတ်သော အမည်ဖြင့် လျှောက်ထားသည့်အတွက် ပယ်မြစ်သော ရဟန်းမှာ ပဝါရိတ်မဖြစ်။ မံသကရမ္ဘက (သားပွမ်းဟင်း) ကို ခံယူပါဟု လျှောက်ထားလျှင်ကား အသား, အသားနှင့်ရောနှောသည်ကို ခံယူပါဟု ဆိုရာရောက်သောကြောင့် ပဝါရိတ်ဖြစ်သည်သာ။ (သာရတ္ထ၊၃၊၆၂။)

ဥဒ္ဒိဿကတန္တိ မညမာနော။ ။ ဆောင်ယူလာသည့်အသားက အပ်နေသည့်အတွက်ကြောင့်လည်းကောင်း၊ မအပ်ဟူသော အမှတ်သညာဖြင့် ပယ်ပါသော်လည်း ဤသိက္ခာပုဒ်က အစိတ္တကဖြစ်နေသောကြောင့်လည်းကောင်း ပဝါရိတ်သင့်ရသည်။ (သာရတ္ထ၊၃၊၆၂။) (ဝိမတိ၊၂၊၃၀။)

http://www.dhammadownload.com

အဖြစ်ကြောင့်တည်း။ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဧတ္ထ- ယေနာပုစ္ဆိတောအစရှိသော စကားရပ်၌၊ အဓိပ္ပါယော- ကုရုန္ဒီဆရာ၏ အလိုတည်း။ "ယာဂုမိဿကံ- ယာဂုဖြင့် ရောပြွမ်းသော အစာကို၊ ဂဏှထ- ပါကုန်၊" ဣတိ၊ ဝဒတိ-အံ့၊ တတြ- ထိုသို့ လျှောက်ရာ၌၊ ယာဂု- သည်၊ ဗဟုတရာ ဝါ- သာ၍များသည်သော်လည်းကောင်း၊ သမသမာ ဝါ- အညီအမျှသည်သော်လည်းကောင်း၊ စေ ဟောတိ၊ ဧဝံ သတိ၊ န ပဝါရေတိ။ ယာဂု- သည်၊ မန္ဒာ- နုည်းသည်၊ ဘတ္တံ- သည်၊ ဗဟုတရံ- သာ၍များသည်၊ စေ ဟောတိ၊ ဧဝံ သတိ၊ ပဝါရေတိ။ ဣဒဉ္စ- ဤစကားကိုလည်း၊ သတ္ထုအဒ္ဓကထာသု- တို့၌၊ ဝုတ္တတ္တာ- ကြောင့်၊ ပဋိက္ခိပိတုံ- ပယ်ခြင်းငှာ၊ န သက္ကာ- မတတ်ကောင်း။ ပန- ထိုသို့ပင်ပယ်ခြင်းငှာ မတတ်ကောင်းပါသော်လည်း၊ ဧတ္ထ- ဤယာဂုမိဿကံ ဂဏှထ-အစရှိသော စကား၌၊ ကာရဏံ- အကြောင်းကို၊ ဒုဒ္ဒသံ- ခဲယဉ်းသဖြင့် သိမြင်အပ်၏၊ ဝါ- သိမြင်နိုင်ခဲ၏။

"ဘတ္တမိဿကံ- ထမင်းဖြင့် ရောပြွမ်းသော အစာကို၊ ဂဏှထ၊" ဣတိ၊ ဝဒတိ-အံ့။ တတြ- ထိုသို့လျှောက်ရာ၌၊ ဘတ္တံ- သည်၊ ဗဟုတရံ ဝါ- များသည်သော်လည်းကောင်း၊ သမံ ဝါ- အညီအမျှသည်သော်လည်းကောင်း၊ အပ္ပတရံ ဝါ- နုည်းသည်သော်လည်းကောင်း၊ ဟောတိ- အံ့၊ ပဝါရေတိယေဝ။ ဘတ္တံ ဝါ- ဘတ္တဟူသော နာမည်ကိုသော်လည်းကောင်း၊ ယာဂုံ ဝါ- ယာဂုဟူသော နာမည်ကိုသော်လည်းကောင်း၊ အနာမသိတ္တာ- မသုံးသပ်မူ၍၊ "မိဿကံ- ကို၊ ဂဏှထ၊" ဣတိ၊ ဝဒတိ၊ တတြ- ထိုသို့လျှောက်ရာ၌၊ ဘတ္တံ- သည်၊ ဗဟုတရံ ဝါ- များသည်သော်လည်းကောင်း၊ သမကံ ဝါ- အညီအမျှသည်သော်လည်းကောင်း၊ စေ ဟောတိ၊ ဧဝံ သတိ၊ ပဝါရေတိ၊ ဘတ္တံ- သည်၊ အပ္ပတရံ- နုည်းသည်၊ စေ ဟောတိ၊ ဧဝံ သတိ၊ န ပဝါရေတိ၊ ဣဒဉ္စ- ဤစကားကိုလည်း၊

ကာရဏံ ပနေတ္ထ ဒုဒ္ဒသံ။ ။ ယာဂုမိဿကဟူသည် ယာဂုနှင့်ရောနှောနေသော ဘတ္တပင်ဖြစ်သည်။ ကရမ္ဘကကဲ့သို့ အမျိုးမျိုး ရောနှောနေသည် မဟုတ်၊ ဘတ္တပါနေလျှင် ယာဂုအနည်းအများ ခွဲခြားနေဖွယ်ပင် မလိုပါ။ သို့ပါလျက် ယာဂုကများနေလျှင်လည်း ပဝါရိတ်မသင့်၊ ညီတူညီမျှ ဖြစ်နေလျှင်လည်း ပဝါရိတ်မသင့်၊ ယာဂုကနည်း၍ ဘတ္တကများမှ ပဝါရိတ်သင့်သည်ဟု ခွဲခြားပြဆိုထားပြန်သည်၊ ယင်းသို့ ခွဲခြားပြဆိုရာ၌ အကြောင်းရှာမရပါ၊ အဋ္ဌကထာအကုန်လုံးမှာ ပြဆိုထားသော အဆုံးအဖြတ် ဖြစ်သောကြောင့် ပယ်လည်းမပယ်နိုင်ပါ။ ဤနေရာမှာ အကြောင်းရှာမရသကဲ့သို့ နောက်မိဿကံ ဂဏှထ-၌လည်း အကြောင်းရှာမရ၊ ဒုဒ္ဒသပင်ဖြစ်သည်။

http://www.dhammadownload.com

ကရမ္ဘကေန- နှင့်၊ န သမာနေတဗ္ဗံ- အတူမပြုထိုက်၊ ဟိ- မှန်၊ တနည်း- ဟိ ယသ္မာ- ကြောင့်၊ ကရမ္ဘကော- သည်၊ မံသမိဿကောပိ- အသားဖြင့် ရောပြွမ်းအပ်သော ကရမ္ဘကသည်လည်း၊ ဟောတိ- ရှိ၏၊ အမံသမိဿကောပိ- မံသမိဿက မဟုတ်သော ကရမ္ဘကသည်လည်း၊ ဟောတိ- ရှိ၏၊ တသ္မာ၊ ကရမ္ဘကန္တိ- ဟူ၍၊ ဝုတ္တေ- ဆိုအပ်သော်၊ ပဝါရဏာ- နတ္ထိ၊ ဣဒံ ပန- ဤမိဿကသည်ကား၊ ဘတ္တမိဿကမေဝ- ထမင်းဖြင့် ရောပြွမ်းအပ်သော အစာသာတည်း။ ဧတ္ထ- ဤဘတ္တမိဿကဒ္ဒ်၊ ဝုတ္တနယေနေဝ ပဝါရဏာ၊ ဟောတိ။ ဗဟုရသေ- မျှားသော အရည်ရှိသော၊ ဘတ္တေ- ဒ္ဒ်၊ ရသံ- ကို၊ ဂဏှထ၊ ဣတိ စ- ဤသို့လည်းကောင်း၊ ဗဟုခီရေ- မျှားသော နို့ရည်ရှိသော၊ ဘတ္တေ၊ ခီရံ- ကို၊ ဂဏှထ- ဣတိ စ- လည်းကောင်း၊ ဗဟုသပ္ပိမှိ- မျှားသော ထောပတ်ရှိသော၊ ပါယာသေ- ယနာထမင်းဒ္ဒ်၊ သပ္ပိံ- ကို၊ ဂဏှထ၊ ဣတိ စ- လည်းကောင်း၊ ဝိသုံ- သီးခြား၊ ကတွာ- ၍၊ (တစ်နည်း- ဝိသုံကတွာ- နှုတ်ဖြင့်သီးခြား ကွဲပြားအောင်ပြု၍၊) ဒေတိ- ပေးအံ့၊ တံ- ထိုရသစသည်ကို၊ ပဋိဂ္ဂဟေတာ- ၏၊ ပဝါရဏာ- သည်၊ နတ္ထိ၊ (ဣတိ- သို့၊ တတ္ထ- ထိုကုရုန္ဒီအဋ္ဌကထာဒ္ဒ်၊ ဝုတ္တံ- ပြန်လှည့်သတ်ပါ။)

ပန- ဆက်၊ ယော- အကြင်ရဟန်းသည်၊ ဂစ္ဆန္တော- သွားနေစဉ်၊ ပဝါရေတိ- ပဝါရိတ်သင့်၏၊ သော- ထိုရဟန်းသည်၊ ဂစ္ဆန္တောဝ- သွားရင်းပင်၊ ဘုဉ္ဇိတုံ- စားခြင်းငှာ၊ ဝါ- စားခွင့်ကို၊ လဘတိ- ရ၏၊ (သွားခြင်းဣရိယာပုထ်ကို မဖျက် မချင်း ဆက်စားကောင်းသည်၊) ကဒ္ဒမံ ဝါ- ရွံ့ညွန်သို့သော်လည်းကောင်း၊ ဥဒကံ ဝါ- ရေသို့သော်လည်းကောင်း၊ ပတွာ- ရောက်၍၊ ဌိတေန- ရပ်သော ရဟန်းသည်၊ အတိရိတ္တံ- အတိရိတ်ဝိနည်းကံကို၊ ကာရေတဗ္ဗံ- ပြုစေထိုက်၏၊ (ပဝါရိတ်သင့်စဉ်က သွားနေသော ဣရိယာပုထ် ပျက်သွားသောကြောင့် နောက်ထပ်စားလိုလျှင် အတိရိတ်ဝိနည်းကံပြုပြီးမှစားပါ။) အန္တရာ- (လိုရာ

ဝိသုံ ကတွာ ဒေတိ ။ ။ ဆွမ်းနှင့်ရောနေသော ယာဂုကို ယူလာ၍ ယာဂုကို ခံယူပါဟု ဆိုရာစသည်တို့ဒ္ဒ်ကဲ့သို့ ပဝါရဏာမထိုက်သော (အရည်, နို့ရည်, ထောပတ် ဟူသော) ဝတ္ထုတို့၏ နာမည်ဖြင့် ပြောဆိုသောကြောင့် ထမင်းနှင့် အရည်, ထမင်းနှင့် နို့ရည်, ဃနာထမင်းနှင့် ထောပတ်တို့ကို ကာယပယောဂဖြင့် တသီးတခြား ခွဲမထားပါသော်လည်း ပယ်မြစ်သော ရဟန်းမှာ ပဝါရိတ်သင့်စရာ မရှိပါ၊ သို့ဖြစ်ရကား (အရည်ကို နို့ရည်ကို ထောပတ်ကိုဟု) စကားဖြင့် သီးခြားပြု၍ ခွဲခြားပြောဆိုရုံမျှကိုသာ "ဝိသုံ ကတွာ ဒေတိ"အရ ယူသင့်သည်။ ကိုယ် (ကာယပယောဂ) ဖြင့် သီးခြားပြုထားမှုကို မယူသင့်။ (ဝိမတိ၊ ၂၃၀။)

http://www.dhammadownload.com

အရပ်သို့ မရောက်မီ) ခရီးအကြား၌၊ နဒီ- မြစ်သည်၊ ပူရာ- ပြည့်နေသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ နဒီတီရေ- မြစ်ကမ်း၌၊ ဂုမ္ဗံ- ခြုံတစ်ခြုံကို၊ အနုပရိယာယန္တေန- အစဉ်လှည့်လည်လျက်၊ ဘုဥ္ဇိတဗ္ဗံ- စားရာ၏။ (နဂို ဣရိယာပုထ် မပျက်အောင် ခြုံကိုလှည့်ပတ်သွားရင်း စားပါ။) အထ- သို့မဟုတ်၊ နာဝါ ဝါ- လှေသည်သော်လည်းကောင်း၊ သေတု ဝါ- တံတားသည်သော်လည်းကောင်း၊ အတ္ထိ- ရှိအံ့၊ တံ- ထိုလှေ တံတားကို၊ အဘိရုဟိတွာပိ- တက်၍လည်း၊ စင်္ကမန္တေနေဝ- ခေါက်တုံ့ခေါက်ပြန် စင်္ကြံသွားလျက်သာ၊ ဘုဥ္ဇိတဗ္ဗံ- စားရာ၏၊ ဂမနံ- သွားခြင်း ဣရိယာပုထ်ကို၊ န ဥပစ္ဆိန္ဒိတဗ္ဗံ- မဖြတ်ရာ။

ယာနေ ဝါ- ယာဉ်၌သော်လည်းကောင်း၊ ဟတ္ထိအာဿပိဋ္ဌေ ဝါ- ဆင်ကျောက်ကုန်း မြင်းကျောက်ကုန်း၌သော်လည်းကောင်း၊ စန္ဒမဏ္ဍလေ ဝါ- လဝန်းဗိမာန်ပေါ်၌သော်လည်းကောင်း၊ သူရိယမဏ္ဍလေ ဝါ- နေဝန်းဗိမာန်၌သော်လည်းကောင်း၊ နိသီဒိတွာ- ထိုင်၍၊ ပဝါရိတေန- ပဝါရိတ်သင့်သော ရဟန်းသည်၊ ယာဝ- အကြင်မျှလောက်၊ မဏ္ဍနှိုက်- မွန်းတည့်ချိန်သည်၊ အတ္ထိ- ရှိ၏၊ တာဝ- ထိုမွန်းတည့်ချိန်တိုင်အောင်၊ ဂစ္ဆန္တေသုပိ- သွားနေသည်လည်း ဖြစ်ကုန်သော၊ တေသု- ထိုယာဉ်အစရှိသည်တို့၌၊ နိသိန္နေနေဝ- ထိုင်လျက်သာ၊ ပရိဘုဥ္ဇိတဗ္ဗံ- စားရာ၏၊ ယော- အကြင်ရဟန်းသည်၊ ဌိတော- ရပ်လျက်၊ ပဝါရေတိ- ပဝါရိတ်သင့်၏၊ တေန- ထိုရဟန်းသည်၊ ဌိတေနေဝ- ရပ်လျက်သာ၊ ပရိဘုဥ္ဇိတဗ္ဗံ- စားရာ၏။ ယော- အကြင်ရဟန်းသည်၊ နိသိန္နော- ထိုင်လျက်၊ ပဝါရေတိ၊ တေန- သည်၊ နိသိန္နေနေဝ- ထိုင်လျက်သာ၊ ပရိဘုဥ္ဇိတဗ္ဗံ- ၏၊ တံ တံ ဣရိယာပထံ- ထိုထိုဣရိယာပုထ်ကို၊ ဝိကောပေန္တေန- ဖျက်သော ရဟန်းသည်၊ အတိရိတ္တံ- အတိရိတ်ဝိနည်းကံကို၊ ကာရေတဗ္ဗံ- ပြုစေထိုက်၏၊ (စားလိုလျှင် အတိရိတ်ဝိနည်းကံ ပြုပြီးမှစား ပါ။) ယော- အကြင်ရဟန်းသည်၊ ဥက္ကုဋ္ဌိကော- ဆောင့်ကြောင့်သည်၊ ဟုတ္တာ၊ နိသီဒိတွာ- ထိုင်၍၊ ပဝါရေတိ၊ တေန- ထိုရဟန်းသည်၊ ဥက္ကုဋ္ဌိကေနေဝ- ဆောင့်ကြောင့်ထိုင်လျက်သာ၊ ဘုဥ္ဇိတဗ္ဗံ- စားရာ၏၊ ပန- ဆက်၊ တဿ- ထိုရဟန်းအား၊ ဝါ- ၏၊ ဟေဋ္ဌာ- အောက်၌၊ ပလာလပီဌံ ဝါ- ကောက်ရိုးထိုင်ခုံကိုသော်လည်းကောင်း၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ နိသီဒနကံ ဝါ- ထိုင်ခုံငယ်ကိုသော်လည်းကောင်း၊ ဒါတဗ္ဗံ- ပေးရာ၏၊ (ညောင်းမည်စိုးလျှင်

နိသီဒနကံ ဒါတဗ္ဗံ ။ ။ ဆောင့်ကြောင့်ထိုင်လျက် ခြေတို့ကိုမြေမှ မလွတ်စေဘဲ သော်မှလည်း မြေ၌ဖင်ချထိုင်ပါလျှင် ဣရိယာပုထ်ကို ဖျက်ဆီးသည် မည်တော့သည်။

http://www.dhammadownload.com

ဖင်အောက်က ထိုင်ခုံငယ်ကလေးကို သွင်းပေးနိုင်သည်။) ပီဌကေ- လှည့်၍ ရသော ထိုင်ခုံငယ်၌၊ နိသီဒိတွာ- ၍၊ ပဝါရိတေန- ပဝါရိတ်သင့်သော ရဟန်း သည်၊ အာသနံ- ထိုင်နေခြင်းကို၊ အစာလေတွာဝ- မလှုပ်စေမူ၍သာ၊ (တင်ပါး ကိုမရွှေ့ဘဲသာ၊) စတသော- ကုန်သော၊ ဒိသာ- အရပ်တို့ကို၊ ပရိဝတ္တန္တေန- လှည့်လျက်၊ ဘုဥ္ဇိတုံ၊ လဗ္ဘတိ၊ (ထိုင်ခုံကလေးက လှည့်၍ရသောကြောင့် စတသော ဒိသာပရိဝတ္တန္တေနဟု ဆိုသည်။ တစ်နည်း၊ ထိုင်ခုံမလှည့်ဘဲ မျက်နှာ ချည်းလေးဘက်လှည့်၍လည်း စားနိုင်သည်။) မဥ္စေ၊ နိသီဒိတွာ၊ ပဝါရိတေန- သည်၊ ဣတော ဝါ- ဤဘက်သို့သော်လည်းကောင်း၊ ဧတ္တော ဝါ- ထိုဘက်သို့ သော်လည်းကောင်း၊ သဥ္စရိတုံ- ရွှေ့ခြင်းငှာ၊ ဝါ- ရွှေ့ခွင့်ကို၊ န လဗ္ဘတိ- မရအပ်၊ ပန- ဆက်၊ နံ- ထိုရဟန်းကို၊ မဥ္စေန- နှင့်၊ သဟ- တကွ၊ ဥက္ခိပိတွာ- မြှောက်၍၊ အညတြ- အခြားအရပ်သို့၊ သစေ နေန္တိ- အကယ်၍ ဆောင်ကုန်အံ့၊ ဧဝံ သတိ၊ ဝဋ္ဌတိ၊ နိပဇ္ဇိတွာ- လျောင်း၍၊ ပဝါရိတေန- သည်၊ နိပန္နေနေဝ- လျောင်း လျက်သာ၊ ပရိဘုဥ္ဇိတဗ္ဗံ၊ ပရိဝတ္တန္တေန- ပြောင်းပြန် ပြန်လသော်၊ (ဟိုဘက် နံပါးနှင့် ဒီဘက်နံပါးပြောင်းရွှေ့လျှင်၊) ယေန ပဿေန- အကြင်နံပါးဖြင့်၊ နိပန္နော- လျောင်းနေ၏၊ တဿ- ထိုနံပါး၏၊ ဌာနံ- တည်ရာကို၊ နာတိက္ကမေ- တဗ္ဗံ- မလွန်စေထိုက်၊ (ယာဘက်ဖြင့် လျောင်းနေတုန်း ပဝါရိတ်သင့်လျှင် ဝဲဘက်ဖြင့် လျောင်းလျက် စားနိုင်သေး၏၊ သို့သော် လျောင်းနေရာ အရပ်ကို ကား နှမ်းတလုံးမျှ မလွန်စေထိုက်။)

၁၂၁။ ပန- ဆက်၊ ပဝါရိတေန- ပဝါရိတ်သင့်ပြီးသော ရဟန်းသည်၊ ကိံ- ဘာကို၊ ကာတဗ္ဗံ- ပြုထိုက် (သင့်) သနည်း၊ ဣတိ- ဤကားအမေးတည်း၊ ယေန ဣရိယာပထေန- အကြင်ဣရိယာပုထ်ဖြင့်၊ ပဝါရိတော- ပဝါရိတ်သင့်ပြီးသည်၊

ထို့ကြောင့် ဆောင့်ကြောင့်ထိုင်ခြင်း ဣရိယာပုထ်ကို မဖျက်ဘဲ သက်သောင့်သက်သာ ထိုင်ရအောင် ထိုရဟန်း၏ ဖင်အောက်က ကောက်ရိုးထိုင်ခုံကိုဖြစ်စေ, ထိုင်ခုံငယ်ကို ဖြစ်စေ ထားပေးရမည်။ (သာရတ္ထ၊၃၊၆၃။)

အာသနံ အစာလေတွာ။ ။ လှည့်၍ရသော ထိုင်ခုံငယ်၌ ထိရာအရပ်မှ တင်ပါး သားကို မလွတ်စေဘဲ (မထမကြွဘဲ) ဟု ဆိုလိုသည်။ အဒိန္နာဒါနပါရာဇိက၌ကား တည်ရာမှ ဘေးသို့ဖြစ်စေ, အထက်အောက်ဖြစ်စေ ရွှေ့ခြင်းကို ဌာနာစာဝန-ဟု ခေါ်သည်။ ဤ၌ကား အင်းပျဉ်ပေါ်၌ တင်ပါးမခွာဘဲ ဟိုရွှေ့ဒီရွှေ့ ရွှေ့ရုံဖြင့် ဌာနာ စာဝနမဖြစ်၊ တင်ပါးကို တည်ရာမှ လွတ်စေမှသာ ဌာနာစာဝန-ဟု ယူရမည်။

(သာရတ္ထ၊၃၊၆၃။)

http://www.dhammadownload.com

ဟောတိ- အံ့၊ တံ- ထိုကျရိယာပုထ်ကို၊ ဝိကောပေတွာ- ဖျက်၍၊ အညေန- အခြားသော၊ ကျရိယာပထေန- ဖြင့်၊ စေ ဘုဥ္ဇတိ- အကယ်၍ စားလိုအံ့၊ ဧဝံ သတိ၊ အတိရိတ္တံ- အတိရိတ်ဝိနည်းကံကို၊ ကာရာပေတွာ- ပြုစေ၍၊ ဘုဥ္ဇိတဗ္ဗံ- စားရမည်၊ ကျတိ- ဤကားအဖြေတည်း။ ပန- ဆက်၊ အနတိရိတ္တံ- အတိရိတ်ဝိနည်းကံ မပြုအပ်သော၊ ယံ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ယာဝကာလိကသင်္ဂဟိ- တံ- ယာဝကာလိကဌ် ပေါင်းယူရေတွက်အပ်သော၊ ခါဒနီယံ ဝါ- ခဲဖွယ်ကို သော်လည်းကောင်း၊ ဘောဇနီယံ ဝါ- ဘောဇဉ်ကို သော်လည်းကောင်း၊ ခါဒတိ ဝါ- ခဲမူလည်းခဲငြားအံ့၊ ဘုဥ္ဇတိ ဝါ- စားမူလည်းစားငြားအံ့၊ (ဧဝံ သတိ၊) အဿောဟာရေ အဿောဟာရေ- မျိုတိုင်း မျိုတိုင်း၌၊ ပါစိတ္တိယံ၊ ဟောတိ။

တတ္ထ- ထိုအတိရိတ္တံ ကာရာပေတွာ ဘုဥ္ဇိတဗ္ဗံ-အစရှိသော စကားရပ်၌၊ **အနတိရိတ္တံ** နာမ- အနတိရိတ္တမည်သည်၊ န အတိရိတ္တံ- အပိုအလျှံမဟုတ်သော ခဲဖွယ်ဘောဇဉ်တည်း၊ န အဓိကံ- အပိုအလျှံ မဟုတ်သော ခဲဖွယ်ဘောဇဉ်၊ ကျတိ အတ္ထော- နက်၊ ပန- ဆက်၊ တံ- ထိုအနတိရိတ္တခဲဖွယ်ဘောဇဉ်သည်၊ ယသ္မာ- ကြောင့်၊ ကပ္ပိယကတာဒီဟိ- ကပ္ပိယကတ-အစရှိကုန်သော၊ သတ္တဟိ- ကုန်သော၊ ဝိနယကမ္မာကာရေဟိ- ဝိနည်းကံပြုပုံ အခြင်းအရာတို့ဖြင့်၊ အကတံ ဝါ- မပြုအပ်သည်သော်လည်း၊ ဟောတိ၊ ဂိလာနဿ- ၏၊ အနဓိကံ ဝါ- အပိုအလျှံမဟုတ်သည်သော်လည်း၊ ဟောတိ၊ တသ္မာ- ကြောင့်၊ ပဒဘာဇနေ- ၌၊ အနတိရိတ္တံ နာမ။ပ။ အနတိရိတ္တံ နာမာတိ- ဟူ၍၊ ဘဂဝတာ၊ ဝုတ္တံ၊ (တံ- ကို တသ္မာ၏ အတွင်းဖြစ်သော ဟောတိ၌သာ စပ်သင့်သောကြောင့် "ယသ္မာ ပန တံ"ဟုသာ ရှိသင့်သည်။)

"အနတိရိတ္တံ နာမ- မည်သည်၊ အကပ္ပိယကတံ- မကပ္ပိအပ် မအပ်သော ဘောဇဉ်ကို ပြုအပ်(သော အတိရိတ္တ)သည်၊ဟောတိ၊ အပ္ပဋိဂ္ဂဟိတကတံ- အကပ်မခံဘဲပြုအပ်သည်၊ ဟောတိ၊ အနုစ္စာရိတကတံ- မမြောက်အပ် မည္ဆတ်စေအပ်ဘဲ ပြုအပ်သည်၊ ဟောတိ၊ အဟတ္ထပါသေ- ဟတ္ထပါသ်

အကပ္ပိယကတံ။ ။ အတိရိတ်ဝိနည်းကံပြုမည့် သပိတ် (ခွက်) ၌ ထည့်ယူလာသော ခဲဖွယ်ဘောဇဉ်တို့တွင် ကပ္ပိရမည့် အသီး, အဥ, အမြစ်စသည်တို့ ပါလာလျှင် ကပ္ပိရမည်။ မကပ္ပိဘဲပြုလျှင် အကပ္ပိယကတဖြစ်သည်၊ အသားကြီးဆယ်ပါးနှင့် ကုလဒူသနစသည်ကြောင့်ဖြစ်သော မအပ်သော ဘောဇဉ်တို့ ပါလာလျှင်လည်း ယင်းအသားကြီးစသည်တို့ကို ဖယ်ပြီးမှ ပြုရမည်။ မဖယ်ဘဲပြုလျှင် အကပ္ပိယကတပင်ဖြစ်သည်၊

http://www.dhammadownload.com

မဟုတ်သော ပြင်ဘက်၌၊ (ဌိတေန- တည်သော ဝိနည်းခိုရ်သည်) ကတံ- ပြုအပ်သည်၊ ဟောတိ၊ အဘုတ္တာဝိနာ- ပဝါရိတ်လောက်သော ဘောဇဉ်ကို စားပြီးမဟုတ်သော ဝိနည်းခိုရ်သည်၊ ကတံ- သည်၊ ဟောတိ၊ ဘုတ္တာဝိနာ- အချို့တဝက် စားပြီးသည်၊ ဟုတ္ဝာ စ- ဖြစ်၍လည်း၊ ပဝါရိတေန- ပဝါရိတ်သင့်သော ရဟန်းသည်၊ အာသနာ- နေရာမှ၊ ဝုဋ္ဌိတေန- ထပြီးသည်၊ ဟုတ္ဝာ၊ ကတံ- သည်၊ ဟောတိ၊ 'အလမေတံ သတ္ထ'န္တိ- သတ္ထဲဟူ၍၊ အဝုတ္တံ- မဆိုအပ်သည်၊ ဟောတိ၊ ဂိလာနာတိရိတ္တံ- ဂိလာန၏ အပို အလျှံသည်၊ န ဟောတိ- မဖြစ်၊ ဧတံ- ဤအကုန်လုံးသည်၊ အနတိရိတ္တံ နာမ- တ္တာမည်၏။"

တတ္ထ- ထိုပဒဘာဇနီ၌၊ **အကပ္ပိယကတန္တိ**- ဟူသည်ကား၊ တတ္ထ- ထိုသပိတ်၌၊ ဝါ- ထိုခွက်၌၊ (အတိရိတ်ဝိနည်းကံပြုရန် ထည့်ခဲ့ရာ သပိတ်သို့မဟုတ် ခွက်၌) ယံ ဖလံ ဝါ- အကြင်အသီးကိုသော်လည်းကောင်း၊ ယံ ကန္ဒမူလာဒိ ဝါ- အကြင် သစ်ဥ သစ်မြစ်အစရှိသည်ကိုသော်လည်းကောင်း၊ ပဋ္ဌဟိ- ကုန်သော၊ သမဏာကပ္ပေဟိ- ရဟန်းတို့၏ ကပ္ပိခြင်းတို့ဖြင့်၊ ကပ္ပိယံ- အပ်သည်ကို၊ အကတံ- မပြုအပ်၊ ယဉ္စ- အကြင်ဘောဇဉ်သည်လည်း၊ အကပ္ပိယမံသံ ဝါ- မအပ်သော အသားကြီးသည်သော်လည်းကောင်း၊ (အသားကြီး ဆယ်ပါးကို ဆိုလိုသည်၊) အကပ္ပိယဘောဇနံ ဝါ- မအပ်သော ဘောဇဉ်သည်သော်လည်းကောင်း၊ (ကုလဒူသနစသည်ကြောင့်ဖြစ်သော ဘောဇဉ်၊) ဟောတိ၊ ဧတံ- ဤ (မကပ္ပိအပ်သော အသီး, အဥ, အမြစ် မအပ်သော အသားကြီး မအပ်သော) ခဲဖွယ်ဘောဇဉ်သည်၊ အကပ္ပိယံ နာမ- ယမည်၏၊ အကပ္ပိယံ- မအပ်သော၊ တံ- ထိုခဲဖွယ်ဘောဇဉ်ကို၊ "အလမေတံ သတ္ထ"န္တိ- ဟူ၍၊ ဧဝံ- သို့၊ အတိရိတ္တံ- အတိရိတ်ဝိနည်းကံကို၊ ကတံ- သည်၊ သမာနပ္ပိ- သော်လည်း၊ "အကပ္ပိယကတ"န္တိ- ဟူ၍၊ ဝါ- မအပ်သော ခဲဖွယ်ဘောဇဉ်ကို ပြုအပ်သော အတိရိတ္တဟူ၍၊ ဝေဒိတဗ္ဗံ- ၏။

ဝိနည်းကံမမြောက်၊ သို့သော်- ယင်းဝိနည်းကံပြုမည့်သပိတ် (ခွက်) ၌ ပါလာသော အခြားခဲဖွယ်ဘောဇဉ်များကား ဝိနည်းကံမြောက်သည်သာ၊ မကပ္ပိသေးသော အသီး စသည်နှင့် မအပ်သောအသား မအပ်သော ခဲဖွယ်ဘောဇဉ်များကို ဖယ်ထား၍ အကြွင်းကို စားသင့်သည်။ (သာရတ္ထ၊၃၊၆၄။) (ဝိမတိ၊၂၊၃၁။)

http://www.dhammadownload.com

အပ္ပဋိဂ္ဂဟိတကတန္တိ- ကား၊ ဘိက္ခုနာ- သည်၊ အပဋိဂ္ဂဟိတံယေဝ- အကပ်မခံအပ်သော ခဲဖွယ်ဘောဇဉ်သည်ပင်၊ ဝါ- ကိုပင်၊ ပုရိမနယေန- အလမေတံ သဗ္ဗံ-ဟူသော ရှေးနည်းဖြင့်၊ အတိရိတ္တံ- ကို၊ ကတံ- ပြုအပ်သည်၊ ဟောတိ။ **အနုဒ္ဓာရိတကတန္တိ**- ကား၊ ကပ္ပိယံ- အပ်သည်ကို၊ ဝါ- အပ်အောင်၊ ကာရေတုံ- ပြုစေခြင်းငှာ၊ အာဂတေန- လာသော၊ ဘိက္ခုနာ- သည်၊ ဤသကမ္မိ- စဉ်းငယ်လည်း၊ ဝါ- အနည်းငယ်လည်း၊ အနုက္ခိတ္တံ ဝါ- မမြောက်အပ်သည်ကို လည်းကောင်း၊ အနပနာမိတံ ဝါ- ဝိနည်းခိုရ်ဘက်သို့ မညွတ်စေအပ်သည်ကို လည်းကောင်း၊ ကတံ၊ ဟောတိ။ **အဟတ္ထပါသေ ကတန္တိ**- ကား၊ ကပ္ပိယံ- အပ်သည်ကို၊ ကာရေတုံ- ငှာ၊ အာဂတဿ- လာသော ရဟန်း၏၊ ဟတ္ထပါသတော- မှ၊ ဗဟိ- ပြင်ဘက်၌၊ ဌိတေန- တည်သော ဝိနည်းခိုရ်သည်၊ ကတံ၊ ဟောတိ၊ **အဘုတ္တာဝိနာ ကတန္တိ**- ကား၊ ယော- အကြင်ဝိနည်းခိုရ်သည်၊ "အလမေတံ သဗ္ဗ"န္တိ- ဟူ၍၊ အတိရိတ္တံ- အတိရိတ်ဝိနည်းကံကို၊ ကရောတိ- ၏၊ တေန- ထိုဝိနည်းခိုရ်သည်၊ ပဝါရဏာပဟောနကဘောဇနံ- ပဝါရိတ်လောက်သော ဘောဇဉ်ကို၊ အဘုတ္တေန- စားပြီး မဟုတ်သည်၊ ဟုတ္တာ၊ ကတံ၊ ဟောတိ၊ **ဘုတ္တာဝိနာ ပဝါရိတေန အာသနာ ဝုဋ္ဌိတေန ကတန္တိ** ဣဒံ- ဟူသော ဤအင်္ဂါသည်၊ ဥတ္တာနမေဝ- ပေါ်လွင်ထင်ရှားသည်သာ၊ **"အလမေတံ သဗ္ဗန္တိ အဝုတ္တ"**န္တိ- ကား၊ ဝစီဘေဒံ- နှုတ်မြွက်မှုကို၊ ကတ္တာ- ၍၊ ဧဝံ- ဤသို့ အလမေတံ သဗ္ဗံ-ဟူ၍၊ အဝုတ္တံ- မဆိုအပ်သည်၊ ဟောတိ။ ဣတိ- ဤသို့လျှင်၊ သတ္ထဟိ-ကုန်သော၊ ဣမေဟိ ဝိနယကမ္မာကာရေဟိ- ဤဝိနည်းကံပြုပုံ အခြင်းအရာတို့ဖြင့်၊ ယံ- အကြင်ခဲဖွယ် ဘောဇဉ်ကို၊ အတိရိတ္တံ- အပိုအလျှံဖြစ်အောင်၊ ကပ္ပိယံ- အပ်အောင်၊ (ပဝါရိတ်သင့်ပြီးသူ စားကောင်းအောင်၊) အကတံ- မပြုအပ်၊ ယဉ္စ- အကြင်ခဲဖွယ် ဘောဇဉ်သည်လည်း၊ ဂိလာနာတိရိတ္တံ- ဂိလာန၏ အပိုအလျှံ အကြွင်းအကျန်သည်၊ န ဟောတိ၊ တဒုဘယမ္ပိ- (ဝိနည်းကံဖြင့် အတိရိတ္တကပ္ပိယဖြစ်အောင်လည်း မပြုအပ် ဂိလာန၏ အကြွင်းအကျန်လည်း မဟုတ်သော) ထိုနှစ်ပါးစုံသော ခဲဖွယ်ဘောဇဉ်ကိုလည်း၊ "အနတိရိတ္တ"န္တိ- ဟူ၍၊ ဝေဒိတဗ္ဗံ- ထိုက်၏။

၁၂၂။ ပန- ဆက်၊ အတိရိတ္တံ- အပိုအလျှံဖြစ်သော ခဲဖွယ်ဘောဇဉ်ကို၊ တဿေဝ- ထိုအနတိရိတ္တ ခဲဖွယ်ဘောဇဉ်၏ပင်၊ ပဋိပက္ခနယေန- ဆန့်ကျင်ဘက်နည်းဖြင့်၊ ဝေဒိတဗ္ဗံ- ၏၊ တေနေဝ- ထို့ကြောင့်ပင်လျှင်၊ ပဒဘာဇနေ- ၌၊

http://www.dhammadownload.com

"အတိရိတ္တံ နာမ။ပ။ ဧတံ အတိရိတ္တံ နာမာ"တိ- မ-ဟူ၍၊ ဘဂဝတာ- သည်၊ ဝုတ္တံ- ဟောတော်မူအပ်ပြီ။

"အတိရိတ္တံနာမ- မည်သည်၊ ကပ္ပိယကတံ- ကပ္ပိုပြီးဘောဇဉ် အပ်သော ဘောဇဉ်ကို ပြုအပ်သည်၊ ဟောတိ၊ ပဋိဂ္ဂဟိတကတံ- အကပ်ခံပြီးသည်ကို ပြုအပ်သည်၊ ဟောတိ၊ ဥစ္စာရိတကတံ- မြှောက်၍ ညွတ်စေ၍ပြုအပ်သည်၊ ဟောတိ၊ ဟတ္ထပါသေ- ဟတ္ထပါသ်အတွင်း၌၊ (ဌိတေန- သည်၊) ကတံ- သည်၊ ဟောတိ၊ ဘုတ္တာဝိနာ- ပဝါရိတ်လောက်သော ဘောဇဉ်ကို စားပြီးသော ဝိနည်းမိုရ်သည်၊ ကတံ၊ ဟောတိ၊ ဘုတ္တာဝိနာ- တချို့တဝက် စားပြီးသည်၊ ဟုတ္မာ၊ ပဝါရိတေန- ပဝါရိတ်သင့်သော ရဟန်းသည်၊ အာသနာ- မှ၊ အဝုဋ္ဌတေန- မထသေးသည်၊ ဟုတ္မာ၊ ကတံ၊ ဟောတိ၊ အလမေတံ သတ္ထုန္တိ- ဟု၊ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ၊ ဂိလာနာတိရိတ္တံ- ဂိလာန၏ အပိုအလျှံသည်၊ ဟောတိ၊ ဧတံ- ဤသည်ပင်၊ အတိရိတ္တံ နာမ- ၏။"

အပိ စ- စိုးစဉ်းအနည်းငယ် ဆိုဖွယ်အထူးကား၊ ဇတ္ထ- ဤအတိရိတ်ဖြစ်အောင် ပြုရာ၌၊ တနည်း- ဇတ္ထ- ဤပဋိပက္ခအဂ်ိါတို့တွင်၊ **ဘုတ္တာဝိနာ ကတံ ဟောတီတိ**- ကား၊ အနန္တရနိသိန္နဿ- အခြားမဲ့နေရာ၌ ထိုင်နေသော၊ သဘာဂဿ- သဘောတူသော၊ ဘိက္ခုနော- ၏၊ (သဘာဂဿ ဘိက္ခုနော- ဖြင့် အလဇ္ဇီ-စသည်ဖြစ်နေသောကြောင့် သဘောမတူသော ရဟန်းကို ကန့်သည်။) ပတ္တတော- မှ၊ (နီဟရိတ္တာ- ထုတ်ဆောင်၍၊) ဧကမွိ- တစ်ခုလည်းဖြစ်သော၊ သိတ္ထံ ဝါ- ထမင်းလုံးကိုသော်လည်းကောင်း၊ မံသဟီရံ ဝါ- အသားမျှင်ကိုသော်လည်းကောင်း၊ ခါဒိတ္မာ- စားပြီး၍၊ ကတမွိ- ပြုအပ်သော အတိရိတ္တကိုလည်း၊ "ဘုတ္တာဝိနာဝ- စားပြီးသူသည်သာ၊ ကတံ- ပြုအပ်သည်၊ ဝါ- ပြုအပ်ရာရောက်သည်၊ ဟောတိ၊" ဣတိ၊ ဝေဒိတဗ္ဗံ။ (စားပြီးသော ဝိနည်းမိုရ်ဟူရာ၌ အဝစားပြီးသူကိုသာ ဘုတ္တာဝီဟု ဆိုလိုသည်မဟုတ်၊ ဆွမ်းတစ်လုံး သို့မဟုတ် အသားမျှင်တစ်မျှင်ကို စားပြီးဖြစ်လျှင်လည်းကောင်း ဝအောင်စားပြီးဖြစ်လျှင်လည်းကောင်း ဘုတ္တာဝီမည်တော့သည်သာ။)

ပန- ကား၊ **အာသနာ အဝုဋ္ဌတေနာတိ** ဇတ္ထ- နဟူသော ဤပါဋ်၌၊ အသမ္မောဟတ္ထံ- မတွေဝေခြင်း အကျိုးငှာ၊ အယံ- ဤဆိုအပ်လတ္တံ့ကား၊ ဝိနိစ္ဆယော- တည်း။ ဒွေ- နှစ်ပါးကုန်သော၊ ဘိက္ခူ- တို့သည်၊ ပါတော၀- စောစော၌ပင်၊

http://www.dhammadownload.com

ဘုဥ္ဇမာနာ- စားကုန်စဉ်၊ ပဝါရိတာ- ပဝါရိတ်သင့်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ ဧကေန- တစ်ပါးသော ရဟန်းသည်၊ တတ္ထေဝ- ထိုပဝါရိတ်သင့်ရာ အရပ်၌ပင်၊ နိသီဒိတဗ္ဗံ- ထိုင်နေရာ၏၊ ဣတရေန- (ထိုင်နေသော ရဟန်းမှတစ်ပါး) အခြားသော ရဟန်းသည်၊ နိစ္စဘတ္တံ ဝါ- နိစ္စဘတ်ကိုသော်လည်းကောင်း၊ သလာကဘတ္တံ ဝါ- ကိုသော်လည်းကောင်း၊ အာနေတွာ- ဆောင်ယူ၍၊ ဥပမုံ- တစ်ဝက်ကို၊ တဿ ဘိက္ခုနော- ထိုထိုင်နေသော ရဟန်း၏၊ ပတ္တေ- ၌၊ အာကိရိတွာ- လောင်းထည့်၍၊ ဟတ္ထံ- လက်ကို၊ ဓောဝိတွာ- ဆေးပြီး၍၊ သေသံ- အကြွင်းကို၊ တေန ဘိက္ခုနာ- ထိုရဟန်းကို၊ ကပ္ပိယံ- အပ်သည်ကို၊ ကာရာပေတွာ- ပြုစေပြီး၍၊ (အတိရိတ်ဝိနည်းကံ ပြုစေပြီး၍၊) ဘုဥ္ဇိတဗ္ဗံ- စားရာ၏၊ ကသ္မာ- ကြောင့်၊ (ဟတ္ထံ၊ ဓောဝိတွာ၊ သေသံ၊ တေန ဘိက္ခုနာ၊ ကပ္ပိယံ ကာရာပေတွာ၊ ဘုဥ္ဇိတဗ္ဗံ- စားရာသနည်း။) ဟိ ယသ္မာ- အကြင်ကြောင့်၊ တဿ- (ဘတ်ကို ဆောင်ယူလာသော) ထိုရဟန်း၏၊ ဟတ္ထေ- လက်၌၊ လဂ္ဂံ- ကပ်နေသော၊ (ထိုင်နေသော ရဟန်းအား မိမိသပိတ်မှ ယူ၍ပေးတုန်းက လက်၌ကပ်နေသော၊) ယံ- အကြင်ခဲဖွယ်ဘောဇဉ်သည်၊ အတ္ထိ၊ တံ- ထိုခဲဖွယ်ဘောဇဉ်သည်၊ အကပ္ပိယံ- မအပ်သည်၊ ဟောတိ။ (အတိရိတ်ဝိနည်းကံ ပြုရာ၌ မပါသောကြောင့် အကပ္ပိယဖြစ်သည်၊) တသ္မာ- ကြောင့်၊ ဟတ္ထံ။ပ။ ဘုဥ္ဇိတဗ္ဗံ- စားရာ၏။

ပန- ဆက်၊ ပဌမံ- စွာ၊ နိသိန္နော- သော၊ ဘိက္ခု- သည်၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ တဿ- ထိုရဟန်း၏၊ ပတ္တတော- မှ၊ ဟတ္ထေန- ဖြင့်၊ သစေ ဂဏှာတိ- အံ့၊ ဧဝံ သတိ၊ ဟတ္ထဓောဝနကိစ္စံ- လက်ဆေးဖွယ်ကိစ္စသည်၊ နတ္ထိ။ ပန- ဆက်၊ ဧဝံ- သို့၊ ကပ္ပိယံ- ကို၊ ကာရာပေတွာ- ၍၊ ဘုဥ္ဇန္တသ- စားနေစဉ်၊ ပုန- တစ်ဖန်၊ ကိဉ္စိ- သော၊ ဗျဉ္ဇနံ ဝါ- ဟင်းလျာကိုသော်လည်းကောင်း၊ ခါဒနီယံ ဝါ- ကိုသော်လည်းကောင်း၊ ပတ္တေ- ၌၊ သစေ အာကိရန္တိ- အကယ်၍ လောင်းထည့်ကုန်အံ့၊ ဧဝံ သတိ၊ ယေန- အကြင် ဝိနည်းဓိုရ်သည်၊ ပဌမံ- စွာ၊ ကပ္ပိယံ- အပ်သည်ကို၊ ကတံ- ပြုအပ်ပြီးသည်၊ ဟောတိ၊ သော- ထိုဝိနည်းဓိုရ်သည်၊ ပုန- တစ်ဖန်၊ ကပ္ပိယံ- ကို၊ ကာတုံ- ပြုခြင်းငှာ၊ ဝါ- ပြုခွင့်ကို၊ န လဘတိ။

သော ပုန ကာတုံ န လဘတိ။ ။ အတိရိတ်ဝိနည်းကံ ပြုပြီးသော ခဲဖွယ်ဘောဇဉ်ကို ပဌမပြုသော ရဟန်းမှတစ်ပါး အခြားရဟန်းကသာ ထပ်ပြုကောင်းသည်။ ပဌမပြုသော ရဟန်းက ထပ်မပြုရ။

http://www.dhammadownload.com

ယေန- အကြောင်းရဟန်းသည်၊ ပဌမံ၊ ကပ္ပိယံ၊ အကတံ- မပြုအပ်သေး၊ တေန- ထိုရဟန်းသည်၊ ကာတဗ္ဗံ- ပြုထိုက်၏။ ယဉ္စ- အကြောင် ခဲဖွယ်ဘောဇဉ်ကိုလည်း၊ ကပ္ပိယံ- ကို၊ အကတံ- သေး၊ တံ- ထိုခဲဖွယ်ဘောဇဉ်ကို၊ ကပ္ပိယံ- အပ်သည်ကို၊ ကာတဗ္ဗံ- ပြုထိုက်၏၊ **ယေန အကတန္တိ**- ကား၊ အညေန- သော၊ ယေန ဘိက္ခုနာ- သည်၊ ပဌမံ- စွာ၊ နံ ကတံ- မပြုအပ်သေး၊ တေန- ထိုရဟန်းသည်၊ ကာတဗ္ဗံ- ၏၊ **ယဉ္စ အကတန္တိ**- ကား၊ ယေန- အကြောင်ရဟန်းသည်၊ ပဌမံ၊ ကပ္ပိယံ- ကို၊ ကတံ၊ တေနပိ- ထိုရဟန်းသည်လည်း၊ ယံ- အကြောင် ခဲဖွယ်ဘောဇဉ်ကို၊ ကပ္ပိယံ၊ အကတံ- သေး၊ တံ- ထိုခဲဖွယ်ဘောဇဉ်ကို၊ ကာတဗ္ဗံ- ပြုနိုင်၏၊ ပန- ထိုသို့ပင် ပြုနိုင်ပါသော်လည်း၊ ပဌမဘာဇနေ- ပဌမခွက်၌၊ ကာတုံ- ငှာ၊ ဝါ- ပြုခွင့်ကို၊ နံ လဘတိ- မရ။ ဟိ- မှန်၊ တစ်နည်း။ ဟိ ယသ္မာ- ကြောင့်၊ တတ္ထ- ထိုပဌမခွက်၌၊ ကရီယမာနံ- နောက်ထပ် ပြုအပ်သော၊ ပဌမံ- စွာ၊ ကတေန- ပြုအပ်ပြီးသော ခဲဖွယ်ဘောဇဉ်နှင့်၊ သဒ္ဓိံ- တကွ၊ ဝါ- ရောရော၍၊ ကတံ- ပြုအပ်သည်မည်သည်၊ ဟောတိ။ တသ္မာ- ကြောင့်၊ အညသ္မိံ- အခြားသော၊ ဘာဇနေ- ၌၊ ကာတုံ၊ ဝဋ္ဋတိ။ ဣတိ- ဤဆိုအပ်ပြီးသည်ကား၊ အဓိပ္ပာယော- အဋ္ဌကထာဆရာ၏ အလိုတည်း၊ (ပဌမခွက်ကို စင်ကြယ်အောင်ဆေး၍ ပြုလျှင်လည်း အပြစ်မရှိပါ။) ပန- ဆက်၊ ဧဝံ- သို့၊ ကတံ- ပြုအပ်သော ခဲဖွယ် ဘောဇဉ်ကို၊ တေန ဘိက္ခုနာ- သည်၊ ပဌမံ- စွာ၊ ကတေန- ပြုအပ်သော ခဲဖွယ်ဘောဇဉ်နှင့်၊ သဒ္ဓိံ- တကွ၊ ဝါ- ရောရော၍၊ ဘုဉ္ဇိတုံ၊ ဝဋ္ဋတိ။

စ- ဆက်၊ ကပ္ပိယံ- အပ်သည်ကို၊ (အတိရိတ်ဝိနည်းကံကို၊) ကရောန္တေန- ပြုသော ရဟန်းသည်၊ ကေဝလံ- ထမင်းအိုးစသည်မဖက် သက်သက်၊ ပတ္တေ- ယေဝ- သပိတ်၌သာ၊ ကာတဗ္ဗံ- ပြုရာသည်ကား၊ နံ- မဟုတ်သေး၊ ကုဏ္ဍောပိ- ထမင်းအိုး၌လည်းကောင်း၊ ပစ္ဆိယမ္မိ- တောင်း၌လည်းကောင်း၊ ယတ္ထ ကတ္ထစိ- အမှတ်မထား တစ်ပါးပါးသော၊ ပုရတော- ရှေ့၌၊ ဌပေတွာ- ၍၊ သြနာမိတ ဘာဇနေ- ညွတ်စေအပ်သောခွက်၌၊ ကာတဗ္ဗံ- ပြုရာ၏၊ (ရှေးရှုဆောင်ရာ ရောက်အောင် သြနာမိတ-ဟု ဆိုသည်၊) တံ- ထိုဘောဇဉ်ကို၊ (ဘုဉ္ဇိတုံ ဝဋ္ဋတိ ၌ စပ်ပါ။) ဘိက္ခုသတံ- ရဟန်းပေါင်း တစ်ရာသည်၊ ပဝါရိတံ- ပဝါရိတ်သင့်ပြီးသည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဦးတော့၊ ဧဝံ သတိပိ၊

အတိရိတ်ဝိနည်းကံ မပြုရသေးသော ဘောဇဉ်ကိုမူ ပဌမရဟန်းလည်း ပြုနိုင်သည်၊ အခြားရဟန်းလည်း ပြုနိုင်သည်။ (တေနပိ၌ ပိသဒ္ဒါက အညေန-ကို ဆည်းသည်။)

http://www.dhammadownload.com

သဗ္ဗေသံ- အလုံးစုံသော ရဟန်းတို့အား၊ ဘုဥ္ဇိတုံ၊ ဝဋ္ဋတိ၊ အပဝါရိတာနမ္ပိ- ပဝါရိတ်မသင့်သော ရဟန်းတို့အားလည်း၊ ဘုဥ္ဇိတုံ၊ ဝဋ္ဋတိ။ ပန- ဆက်၊ ယေန- အကြင်ဝိနည်းခိုရ် ရဟန်းသည်၊ ကပ္ပိယံ- အပ်သည်ကို၊ ကတံ၊ တဿ- ထိုဝိနည်းခိုရ် ရဟန်းအား၊ ဘုဥ္ဇိတုံ၊ န ဝဋ္ဋတိ။ (အလမေတံ သဗ္ဗံ= ဤအားလုံးကို ငါတော်ပြီဟု ဆိုထားသောကြောင့် ထိုဝိနည်းခိုရ်မှာ မအပ်တော့။)

ပဝါရေတွာ- ပဝါရိတ်သင့်ပြီး၍၊ ပိဏ္ဍာယ- ငှာ၊ ပဝိဋ္ဌံ- ရွာသို့ ဝင်လာသော၊ ဘိက္ခုံ- ကို၊ ပတ္တံ- ကို၊ ဂဟေတွာ- ၍၊ အဝဿံ- မချွတ်ဧကန်၊ ဘုဥ္ဇနကေ- စားအပ်ရာဖြစ်သော၊ မင်္ဂလနိမန္တနေ- မင်္ဂလာအလို့ငှာ ပင့်ဖိတ်ရာအရပ်၌၊ သစေ ပိ နိသီဒါပေန္တိ- အကယ်၍မူလည်း ထိုင်စေကုန်အံ့၊ ဧဝံ သတိပိ၊ အတိရိတ္တံ- အတိရိတ်ကို၊ (အပိုအလျှံကို၊) ကာရာပေတွာဝ- ပြုစေပြီး၍သာ၊ ဘုဥ္ဇိတဗ္ဗံ- စားရာ၏၊ (မင်္ဂလာဆွမ်းဖြစ်၍ မစားလျှင် မင်္ဂလာမရှိဟု လူတို့အယူရှိသောကြောင့် စားမှသင့်လျော်သည်ကို အဝဿံ ဘုဥ္ဇနကေ-ဟု ဆိုသည်။) တတ္ထ- ထိုပင့်ဖိတ်ရာ အရပ်၌၊ အညော- အခြားသော၊ ဘိက္ခု- (ဝိနည်းခိုရ်လုပ်မည့်) ရဟန်းသည်၊ သစေ နတ္ထိ၊ ဧဝံ သတိ၊ အာသနသာလံ ဝါ- ရွာတွင်းဆွမ်းစားဇရပ်သို့သော်လည်းကောင်း၊ ဝိဟာရံ ဝါ- ကျောင်းသို့သော်လည်းကောင်း၊ ပတ္တံ- ကို၊ ပေသေတွာ- စေလွှတ်၍၊ ကာရေတဗ္ဗံ- အတိရိတ်ဝိနည်းကံကို ပြုစေရာ၏၊ (လူ သာမဏေ၏ လက်၌ သပိတ်ကိုပေး၍ စေလွှတ်ရာ၏၊) ပန- ထိုသို့ပင် စေလွှတ်၍ ပြုနိုင်ပါသော်လည်း၊ ကပ္ပိယံ- အပ်သည်ကို၊ ကရောန္တေန- ပြုသော ဝိနည်းခိုရ်သည်၊ အနုပသမ္ပန္နဿ- လူသာမဏေ၏၊ ဟတ္ထေ- ၌၊ ဌိတံ- တည်သော ခဲဖွယ်ဘောဇဉ်ကို၊ န ကာတဗ္ဗံ- မပြုရာ၊ အာသနသာလံ- ဆွမ်းစားဇရပ်၌၊ အဗျတ္တော- ဝိနည်းသိက္ခာပုဒ်၌ မကျွမ်းကျင်သော၊ (အတိရိတ် ဝိနည်းကံ မပြုတတ်သော၊) ဘိက္ခု- သည်၊ သစေ ဟောတိ- အကယ်၍ ရှိအံ့၊ ဧဝံ သတိ၊ သယံ- ကိုယ်တိုင်၊ ဂန္တွာ- ၍၊ ကပ္ပိယံ- အပ်သည်ကို၊ ကာရာပေတွာ- ပြုစေ၍၊ အာနေတွာ- (မင်္ဂလနိမန္တန-အရပ်သို့) ဆောင်ယူလာ၍၊ ဘုဥ္ဇိတဗ္ဗံ- စားရာ၏။

ဂိလာနာတိရိတ္တန္တိ ဧတ္ထ- ၌၊ ကေဝလံ- ဆောင်ယူပို့ထားသည်နှင့် မရောမယှက်သက်သက်၊ ယံ- အကြင်ခဲဖွယ်ဘောဇဉ်သည်၊ ဂိလာနဿ- မကျန်းမာသူ၏၊ ဘုတ္တာဝသေသံ- စားအပ်ပြီးသည်မှ အကြွင်းအကျန်သည်၊ ဟောတိ၊ တံ- ထိုအကြွင်းအကျန်ဖြစ်သော ခဲဖွယ်ဘောဇဉ်သည်သာ၊ ဂိလာနာတိရိတ္တံ- တ္တမည်သည်၊ န- မဟုတ်သေး၊ အထ ခေါ- အဟုတ်ကား၊ ယံ ကိဉ္စိ- အမှတ်မထားတစ်ပါးပါးသော ခဲဖွယ်ဘောဇဉ်ကို၊ (အာဟဋ္ဌံ-၌ စပ်ပါ၊) ဂိလာနံ- ကို၊ ဥဒ္ဒိဿ-

http://www.dhammadownload.com

ရည်စူး၍၊ "အဇ္ဇ ဝါ- ယနေ့၌သော်လည်းကောင်း၊ သွေ ဝါ- နက်ဖြန်ခါ၌သော်လည်းကောင်း၊ [အဋ္ဌကထာကြီး၌ သွေ ဝါ-ပါသည်၊] ယဒါ- အကြင်အခါ၌၊ (ခါဒိတုံ- ခဲခြင်းငှာ၊) ဣစ္ဆတိ- အလိုရှိ၏၊ တဒါ ဝါ- ထိုအခါ၌သော်လည်းကောင်း၊ ခါဒိဿတိ- စားလတ္တံ့၊" ဣတိ- ဤသို့ ကြံ၍၊ အာဟဋ္ဌ- ဆောင်ယူအပ်ပြီ၊ တံ သဗ္ဗံ- ထိုအလုံးစုံသော ခဲဖွယ်ဘောဇဉ်ကို၊ ဂိလာနာတိရိတ္တန္တိ- တ္တာဟူ၍၊ ဝေဒိတဗ္ဗံ- သိထိုက်၏။

ပန- ဆက်၊ ယာမကာလိကံ- ယာမကာလိကကိုသော်လည်းကောင်း၊ သတ္တာဟကာလိကံ- ကိုသော်လည်းကောင်း၊ ယာဝဇီဝိကံ ဝါ- ကိုသော်လည်းကောင်း၊ ယံ ကိဉ္စိ- တစ်စုံတစ်ခုကို၊ အနတိရိတ္တံ- အတိရိတ်ဝိနည်းကံ မပြုဘဲ၊ အာဟာရတ္ထာယ- အာဟာရအလို့ငှာ၊ ပရိဘုဉ္ဇန္တဿ- သုံးဆောင်စားသောက်သော ရဟန်း၏၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ- မျိုတိုင်း မျိုတိုင်း၌၊ ဒုက္ကဋ်- သည်၊ ဟောတိ။ ပန- ဆက်၊ ယာမကာလိကာဒီနိ- ယာမကာလိကအစရှိသည်တို့သည်၊ အာမိသသံသဋ္ဌာနိ- အာမိသနှင့် ရောနှောကုန်သည်၊ သစေ ဟောန္တိ၊ ဧဝံ သတိ၊ အာဟာရတ္ထာယပိ- အာဟာရအကျိုးငှာသော်လည်းကောင်း၊ အနာဟာရတ္ထာယပိ- အာဟာရအကျိုးငှာ မဟုတ်သော်လည်းကောင်း၊ ပဋိဂ္ဂဟေတွာ- အကပ်ခံပြီး၍၊ အဇ္ဈောဟရန္တဿ- စားမျိုသော ရဟန်း၏၊ ပါစိတ္တိယမေဝ- သည်သာ၊ ဟောတိ။ (ဆီစသည်ကို ခြေနယ်ဆီစသည် လုပ်၍ အပြင်ဘက်၌ သုံးစွဲရန်အကျိုးကိုပင် "အနာဟာရတ္ထ"ဟု ဆိုသည်။) ပန- ဆက်၊ အသံသဋ္ဌာနိ-

---

သစေ ပန။ပ။ အာမိသသံသဋ္ဌာနိ။ ။ ပါးစပ်ထဲမှာ ရှိနေသည့် အတိရိတ်ဝိနည်းကံ မပြုရသေးသော အာမိသနှင့် ရောနှောလျှင်လည်း ပါစိတ်အာပတ်ပင်၊ ထို့ကြောင့် အတိရိတ်ဝိနည်းကံပြုသော ရဟန်းသည် ပါးစပ်နှင့် လက်တို့၌ ကပ်ငြိနေသော စားသောက်ဖွယ်နှင့် မရောနှောရအောင် ပါးစပ်နှင့်လက်တို့ကို စင်ကြယ်အောင် ဆေးကြောပြီးမှ စားသင့်သည်။

နံနက်အချိန်၌ ယာမကာလိက-စသည်တို့ကို အာဟာရအလို့ငှာ စားသောက်စေကာမူ ပဝါရိတ်မသင့်သော ရဟန်းမှာ အာပတ်မသင့်ပါသော်လည်း ပဝါရိတ်သင့်ပြီးသော ရဟန်းမှာမူ ပယ်မြစ်ခြင်းကို အကြောင်းပြု၍ ဒုက္ကဋ်အာပတ်သင့်သည်။

ထို့ကြောင့် ပါဠိတော်၌ "ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ၊ အာပတ္တိ ဒုက္ကဋဿ၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိ ဒုက္ကဋဿ"ဟု မိန့်ဆိုထားသည်။ (သာရတ္ထ၊၃၊၆၄။)

http://www.dhammadownload.com

အာမိသနှင့် မရောနှောသော ယာမကာလိကစသည်တို့ကို၊ ပစ္စယေ- ပိပါသ ဂေလည-ဟူသော အကြောင်းသည်၊ သတိ- ရှိသော်၊ ဘုဥ္ဇန္တသ- သုံးဆောင်စားသောက်သော ရဟန်း၏၊ အနာပတ္တိ- သည်၊ ဟောတိ။

ဣတိ ပါဠိမုတ္တကဝိနယဝိနိစ္ဆယသင်္ဂဟေ- ၌၊ ပဝါရဏာဝိနိစ္ဆယကထာ- ပဝါရိတ်နှင့်စပ် အဆုံးအဖြတ် စကားရပ်သည်၊ သမတ္တာ- ပြီးပြည့်စုံပြီ။

သတိ ပစ္စယေ။ ။ ယာမကာလိကဖော်ရည်စသည်တို့အတွက် ပိပါသ (ရေဆာသကဲ့သို့ ဆာလောင်မွတ်သိပ်ခြင်း) သည် ပစ္စယတည်း။ ထိုသို့ ဆာခြင်းဟူသော အကြောင်းရှိမှ အဆာပြေသောက်ကောင်းသည်၊ မဆာဘဲ သက်သက် အရသာခံလို၍ ဘိလပ်ရည်စသည်ကို မသောက်ကောင်း။ သတ္တာဟကာလိက- သကြား, ထန်းလျက်, ကြံသကာ, စတုမဓု စသည်တို့ကိုမူ လေနာခြင်း အားနည်းခြင်းစသော ရောဂါရှိမှ ထိုရောဂါပျောက်အောင် သုံးစားကောင်းသည်။ သက်သက်စားလို၍ သို့မဟုတ် ဆာရုံမျှဖြင့် မစားကောင်း။ ယာဝဇီဝိက- လျက်ဆားစသည်တို့ကိုလည်း ရောဂါရှိမှ သုံးစွဲကောင်းသည်။ ဇီးဖြူ ဖန်ခါးစသော အသီး၊ ဆေးရွက် ကွမ်းရွက်စသော အရွက်၊ ဂျင်းနှမ်း ကြက်သွန်စသော အတက်အဥမျှားလည်း ယာဝဇီဝိကမျှားပင်၊ ထိုအသီးစသည်တို့ကိုလည်း ရောဂါပျောက်ကင်းအောင်သာ သုံးစွဲကောင်းသည်။ အကြောင်း မရှိဘဲ နေလွဲအခါ သုံးစွဲလျှင် အကပ်ခံရုံဖြင့် ဒုက္ကဋ်၊ စားတိုင်း သောက်တိုင်းလည်း ဒုက္ကဋ် သင့်သည်။

http://www.dhammadownload.com

၂၂။ ပဗ္ဗဇ္ဇာဝိနိစ္ဆယကထာ

၁၂၃။ ပန- အဖို့တပါးကား၊ **ပဗ္ဗဇ္ဇာတိ** ဧတ္ထ- ပဗ္ဗဇ္ဇာ-ဟူသော ဤမာတိကာပုဒ်၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) ပဗ္ဗဇ္ဇာပေက္ခဲ့- ရှင့်အဖြစ်ကို ရှုငဲ့သော၊ ဝါ- ရှင်လောင်းဖြစ်သော၊ ကုလပုတ္တံ- အမျိုးသားကို၊ ပဗ္ဗာဇေန္တေန- ရှင်ဖြစ်စေသော ဥပဇ္ဈာယ်ဆရာသည်၊ ဝါ- ရှင်ပြုပေးသော ဥပဇ္ဈာယ်ဆရာသည်၊ (ပဗ္ဗာဇေတဗ္ဗော-၌ စပ်ပါ၊) ပါဠိယံ- ပါဠိတော်၌၊ "နာ ဘိက္ခဝေ ပဉ္စဟိ အာဇာဓေဟိ ဖုဋ္ဌော ပဗ္ဗာဇေတဗ္ဗော"တိအာဒိနာ- တဗ္ဗော ဤသို့အစရှိသည်ဖြင့်၊ ပဋိက္ခိတ္တာပယ်မြစ်အပ်ကုန်သော၊ ယေ ပုဂ္ဂလာ- အကြင်ပုဂ္ဂိုလ်တို့သည်၊ (သန္တိ- ရှိကုန်၏၊) တေ- ထိုပုဂ္ဂိုလ်တို့ကို၊ ဝဇ္ဇေတွာ- ကြဉ်ဖယ်၍၊ ပဗ္ဗဇ္ဇာဒေါသဝိရဟိတော- ရှင့်အဖြစ်၏ အပြစ်တို့မှ ကင်းသော၊ ပုဂ္ဂလော- ကို၊ ပဗ္ဗာဇေတဗ္ဗော- ရှင်ဖြစ်စေထိုက်၏၊ ဝါ- ရှင်ပြုပေးထိုက်၏။

တတြ- ထို "နာ ဘိက္ခဝေ"အစရှိသော ပါဠိတော်၌၊ အယံ ဝိနိစ္ဆယော- ဤအဆုံးအဖြတ်ကို၊ (ဝေဒိတဗ္ဗော- သိထိုက်၏။) ကုဋ္ဌံ- နူနီ နူနက် သမင်ရက်နှင့် အကွက်ကြီးစွာ ပွေး ဝဲစသော နူနာမျိုးလည်းကောင်း၊ ဂဏ္ဍော- လည်ပင်းကြီးနာ ထွတ်အိုင်းနာနှင့် ယဉ်းနာဝက်သက် ကျောက်မျိုးဖက်လျက် ကြွက်နို့ကြာဆူးအထူးထူးသော အဖုအလုံး အနာမျိုးလည်းကောင်း၊ ကိလာသော- တင်းတိပ်, ပွေး, ညှင်း, ခရုသင်းစသော အရေပြားရောဂါမျိုးလည်းကောင်း၊ သောသော- သွေးသားလျော့ပါး ပိန်ခြောက်သွားအောင် ဆိုးဝါးလွန်းမိုး ချောင်းဆိုးသွေးပါအဆုတ်နာ ပန်းနာမျိုးလည်းကောင်း၊ အပမာရော- တက်တတ်ဝက်ရူး သည်း

ကုဋ္ဌ ။ ။ Leprosy= ကုဋ္ဌရောဂါ, နူနာ, အနာကြီး။

ဂဏ္ဍ။ ။ Goitre= လည်ပင်းကြီးနာ၊ Abscess= အိုင်းနာ၊ Boil= အနာစိမ်းသွေးစုနာ၊ Tumour= အကျိတ်၊ အကျိတ်အခဲ၊ Pimple= ဝက်ခြံ၊ Pustule= ပြည်ဖုံ၊ Tumour= ရောင်သည့်အနာ၊ ရောင်နာ၊ (သက္ကဋ္ဌဟိန္ဒီ-အဘိဓာန်များ)

ကိလာသ။ ။ Leprosy of skin= အရေပြားရောဂါ၊ ကုဋ္ဌရောဂါ၊ Cutaneous= အရေနှင့်ဆိုင်သော၊ Complaint=ရောဂါ (အပြစ်ဒေါသ)၊ Dry leprosy, perhaps leprosy (ဂင်း)

သောသ။ ။ Consumption= တဖြည်းဖြည်းပိန်ခြောက်စေသော အနာမျိုး၊ ချောင်းခြောက်နာ၊ ချောင်းဆိုးသွေးပါ အဆုတ်နာ၊ Pulmonary- အဆုတ်နှင့် ဆိုင်သော၊ Consumption= (ဂင်း)

အပမာရ။ ။ Epilepsy= တက်တတ်သော ရောဂါ၊ ဝက်ရူးနာ၊ (ဂင်း)

http://www.dhammadownload.com

ခြေရူးနှင့် ဘီလူးဖမ်းစားစသောအားဖြင့် စိတ်ထားဖောက်လာ ရူးနှမ်းပေါသွပ်သော အနာမျိုးလည်းကောင်း၊ ဣတိ- ဤသို့၊ ပဥ္စဟိ- ငါးမျိုးကုန်သော၊ ဣမေဟိ အာဗာဓေဟိ- ဤလွန်စွာနှိပ်စက်တတ်သော ရောဂါတို့သည်၊ ဖုဋ္ဌော- တွေ့ထိအပ်သူကို၊ နပဗွာဇေတဗွော- ရှင့်အဖြစ်သို့ မရောက်စေထိုက်၊ ဝါ- ရှင်ပြုမပေးထိုက်။

ပဗွာဇေနွော ပန- ရှင်ပြုပေးသော ဥပဇ္ဈာယ်ဆရာသည်ကား၊ "ယော ပဗွာဇေယျ အာပတ္တိ ဒုက္ကဋသာ"တိ- သ-ဟူ၍၊ ဝုတ္တတ္တာ- ဟောတော်မူအပ်၏ အဖြစ်ကြောင့်၊ ဒုက္ကဋံ- ဒုက္ကဋ်အာပတ်သို့၊ အာပဇ္ဇတိ- ရောက်၏။

တတ္ထ- ထိုကုဋ္ဌဂဏ္ဍ ကိလာသနှင့် သောသအပမာ ငါးမျိုးသော ရောဂါတို့တွင်၊ **ကုဋ္ဌနွိ**- ကား၊ ရတ္တကုဋ္ဌံ ဝါ- နီသော အဆင်းရှိသော နူနာသည်မူလည်း၊ ဟောတု- ဖြစ်စေ၊ ကာဋ္ဌကုဋ္ဌံ ဝါ- မည်းနက်သော အဆင်းရှိသော နူနာသည်မူလည်း၊ ဟောတု- စေ၊ ယံ ကိဥ္စိ- အမှတ်မပြု တစ်စုံတစ်ခုသော၊ ကိဋိဘဒဒ္ဒု- ကစ္ဆုအာဒိပ္ပဘေဒမ္ပိ · သမင်ရက်နာ, ပွေးနာ, ယားနာ, နှင်းခူနာစသော အပြားရှိသည်လည်းဖြစ်သော၊ သဗ္ဗံ- အလုံးစုံသော အနာသည်၊ ကုဋ္ဌမေဝ- ကုဋ္ဌပင်တည်း၊ ဣတိ- သို့၊ ဝုတ္တံ- ရှေးအဋ္ဌကထာတို့၌ ဆိုအပ်ပြီ။

တံ- ထိုအနာသည်၊ နခပိဋ္ဌိပ္ပမာဏံ- လက်သန်းလက်သည်းခွံမျှ ပမာဏရှိသည်၊ သမာနမ္ပိ- ဖြစ်ပါသော်လည်း၊ ဝဃုနကပက္ခေ- တိုးပွားမည့် အဖို့၌၊ ဌိတံ- တည်သည်၊ စေ ဟောတိ- အံ့၊ ဧဝံ သတိ၊ နပဗွာဇေတဗွော- ရှင်ပြုမပေးထိုက်၊ ပန- ဆက်၊ နိဝါသနပါဝုရဏေဟိ- သင်းပိုင်ကိုယ်ရုံတို့ဖြင့်၊ ပကတိပဋိစ္ဆန္နဋ္ဌာနေ-

---

ကိဋိဘ။ ။ ဆင်လည်နူနာ၊ ဆင်လည်ပင်း၌ ညှင်းကဲ့သို့ ပိုးအိမ်နှင့်တူသော သမင်ရက်နာ (စလင်းဂဏ္ဌိ)။ ကုဋ္ဌဘေဒ- A kind of Leprosy. (သူ) A kind of exanthema= မိတ်, ဝက်သက်, ကျောက်စသည် ပေါက်ခြင်းအမျိုးအစား (Mo)

ဒဒ္ဒု။ ။ Ring worm- ပွေးနာ၊ cutaneous eruption= အရေပြားတွင် ပေါ်ထွက်သော အနာ။ (သူ+မီ+ Mo+ Ma)

ကစ္ဆု။ ။ ခါဂျ်, ခုဂျလီ= Itch = ယားနာ ဝဲစို ဝဲခြောက်နာ၊ ဝဲအိုင်းကျနာ၊ Eczema= နှင်းခူနာ၊ Itchy sensation, scabies (သက္ကဋ္ဌဟိန္ဒီအဘိဓာန်များ။)

တဥ္စေ။ပ။ နဝဋ္ဌတီဃေဝ ။ ။ သင်းပိုင်ဧကသီတို့ဖြင့် ဖုံးထားဝတ်ရုံရိုးဖြစ်သော လူမြင်ကွင်းမဟုတ်သည့် အဝတ်တွင်း ကိုယ်ခန္ဓာမှာ နူနာမျိုးအဝင် အနာတစ်မျိုးမျိုးသည် လက်သန်းလက်သည်းခွံမျှသာရှိ၍ တိုးပွားမည့်အခြေအနေမျိုးမရှိလျှင် ရှင်ပြုပေးသင့်သည်၊ တိုးပွားလာမည့်အခြေအနေရှိလျှင် လက်သည်းခွံထက်ပင် ငယ်သော်

http://www.dhammadownload.com

ပင်ကိုယ်ဖုံးလွှမ်းအပ်သော နေရာ၌၊ နခပိဋ္ဌိပ္ပမာဏံ- လက်သန်းလက်သည်းခွံမျှ ပမာဏရှိသည်၊ ဟုတွာ- ဖြစ်၍၊ အဝမုနကပက္ခေ- တိုးပွားမည် မဟုတ်သော အဖို့၌၊ ဌိတံ၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ပဗ္ဗာဇေတုံ- ရှင်ပြုပေးခြင်းငှာ၊ ဝဋ္ဋတိ၊ "ပန- ထိုမှပြန်လှန် မသင့်ဟန်ကား၊ မုခေ- မျက်နှာ၌လည်းကောင်း၊ ဟတ္ထပါဒ- ပိဋ္ဌီသု ဝါ- လက်ဖမိုး ခြေဖမိုးတို့၌သော်လည်းကောင်း၊ ဌိတံ- တည်သည်၊ သမာနံ- ဖြစ်လသော်၊ နခပိဋ္ဌိတော စ- လက်သန်းလက်သည်းခွံပမာဏအောက် လည်း၊ ခုဒ္ဒကတရမ္ပိ- သာ၍သေးငယ်သည်မူလည်း၊ သစေပိ ဟောတိ- အ ကယ်၍ပင် ဖြစ်စေဦးတော့၊ (ဧဝံ သတိပိ၊ ပဗ္ဗာဇေတုံ) နဝဋ္ဋတိယေဝ- မအပ် သည်သာ၊" ဣတိ- သို့၊ **ကုရုန္ဒိယံ**- ကုရုန္ဒီအဋ္ဌကထာ၌၊ ဝုတ္တံ- မိန့်ဆိုအပ်ပြီ။

တိကိစ္ဆာပေတွာ- ဆေးကုစေပြီး၍၊ ပဗ္ဗာဇေန္တေနပိ- ရှင်ပြုပေးသော ဆရာ သည်လည်း၊ ပကတိဝဏ္ဏေ- ပကတိအဆင်းသည်၊ ဇာတေယေဝ- ဖြစ်သော် သာ၊ ဝါ- ဖြစ်မှသာ၊ ပဗ္ဗာဇေတဗ္ဗော- ရှင်ပြုပေးထိုက်၏၊ ဂေါဓာပိဋ္ဌိသဒိသစုဏ္ဏ- ဩကိရဏသရီရမ္ပိ- ဖွတ်၏ကျောက်ကုန်းနှင့် တူသော အမှုန်တို့ဖြင့် ရောပြွမ်း သော ကိုယ်ရှိသူကိုလည်း၊ ပဗ္ဗာဇေတုံ- ရှင်ပြုပေးခြင်းငှာ၊ နဝဋ္ဋတိ- မအပ်။

ဂဏ္ဍောတိ- ကား၊ မေဒဂဏ္ဍော ဝါ- အဆီရှိသော ထွတ်မြင်းနာသည်မူ လည်း၊ ဟောတု- ဖြစ်စေ၊ အညော ဝါ- အခြားသော ထွတ်မြင်းနာ (လည်ပင်း ကြီးနာ) သည်မူလည်း၊ ဟောတု၊ ယော ကောစိ- အမှတ်မပြု တစ်စုံတစ်ခုသော၊ ကောလဋ္ဌိမတ္တကော- ဇီးစေ့မျှပမာဏရှိသည်၊ သမာနောပိ- သော်လည်း၊ ဝမုန- ကပက္ခေ- တိုးပွားမည့်အဖို့၌၊ ဌိတော- တည်သော၊ ဂဏ္ဍော- ထွတ်မြင်းနာ သည်၊ စေ ဟောတိ- အကယ်၍ ရှိအံ့၊ ဧဝံ သတိ- သော်၊ နပဗ္ဗာဇေတဗ္ဗော- ရှင်ပြု မပေးထိုက်။

ပန- ဆက်၊ ပဋ္ဌိစ္ဆန္နဋ္ဌာနေ- သင်းပိုင် ဧကသီဖြင့် ဖုံးလွှမ်းအပ်သော အရပ်၌၊ ကောလဋ္ဌိမတ္တေ- ဇီးစေ့မျှပမာဏရှိသည်၊ အဝမုနကပက္ခေ- မတိုးပွားမည့်အဖို့၌၊

လည်း ရှင်ပြုမပေးသင့်၊ လက်သည်းခွံထက် ကြီးနေလျှင်ကား တိုးပွားလာမည့် အခြေ အနေမျိုး မရှိပါသော်လည်း ရှင်ပြုမပေးသင့်သည်သာ။

နပဗ္ဗာဇေတဗ္ဗော။ ။ ဥပဇ္ဈာယ်ဆရာ သရဏဂုံဆရာလုပ်၍ ရှင်မပြုပေးသင့် ဆိုသဖြင့် ရဟန်းပြု မပေးသင့်ကြောင်းကိုလည်း ပယ်မြစ်ပြီးပင် ဖြစ်တော့သည်၊ ထို့ကြောင့် နပဗ္ဗာဇေတဗ္ဗော-ဟု လာရာ၌ ရှင်အဖြစ် ရဟန်းအဖြစ် နှစ်မျိုးလုံးကိုပင် ပယ်သည်ဟု မှတ်ပါ။

http://www.dhammadownload.com

ဌိတေ- တည်သည်၊ (သတိ- ဖြစ်လသော်၊ ပဗ္ဘာဇေတုံ- ငှာ၊) ဝဋ္ဋတိ။ မုခါဒိကေ-မျက်နှာအစရှိသော၊ အပ္ပဋိစ္ဆန္နဌာနေ- သင်းပိုင်ဧကသီတို့ဖြင့် မဖုံးလွှမ်းအပ်သော အရပ်၌၊ အဝမုနကပက္ခေ- ၌၊ ဌိတေပိ- တည်ပါသော်လည်း၊ (ပဗ္ဘာဇေတုံ၊) န ဝဋ္ဋတိ။ တိကိစ္ဆာပေတွာ- ဆေးကုစေ၍၊ ပဗ္ဘာဇေန္တေနပိ- ရှင်ပြုပေးသော ဆရာသည်လည်း၊ သရီရံ- ကိုယ်ကို၊ သစ္ဆဝိ- ထင်ရှားသော အရေရှိသည်ကို၊ ကာရာပေတွာ- ပြုစေပြီး၍၊ ပဗ္ဘာဇေတဗ္ဗော- ရှင်ပြုပေးထိုက်၏။

ဥဏ္ဏိဂဏ္ဍာ နာမ- အသားပိုတို့မည်သည်၊ ဟောန္တိ- ရှိတတ်ကုန်၏၊ ဂေါဏကာ ဝိယ- နွားမ၏ နို့တံကဲ့သို့လည်းကောင်း၊ အဂ်ုလိကာ ဝိယ စ- လက်ချောင်းကလေးတို့ကဲ့သို့လည်းကောင်း၊ တတ္ထ တတ္ထ- ထိုထိုနေရာ၌၊ လမ္ဗန္တိ- တွဲလျားကျကုန်၏။ ဧတေပိ- ဤအသားပိုတို့သည်လည်း၊ ဂဏ္ဍာယေဝ- ဂဏ္ဍာတို့သာလျှင်၊ ဟောန္တိ၊ တေသု- ထိုအသားပိုတို့သည်၊ သတိ- ရှိကုန်လသော်၊ ပဗ္ဘာဇေတုံ၊ န ဝဋ္ဋတိ။

ထို့ကြောင့် အဋ္ဌကထာဆရာကိုယ်တိုင် နောက် (၁၄၅) ၌ "ယေသဉ္စ ပဗ္ဗဇ္ဇာ ပဋိက္ခိတ္တာ၊ ဥပသမ္ပဒါပိ တေသံ ပဋိက္ခိတ္တာဝ"ဟု မိန့်ဆိုထားပေသည်။

သစ္ဆဝိ။ ။ အနာစသည်တို့ပျောက်သွားသော်လည်း အနာရာက ပင်ကိုယ်အသားအရေနှင့် အရောင်အဆင်း ကွဲပြားနေတတ်သည်၊ ထိုသို့ အရောင်အဆင်း ကွဲပြားနေမှုသည် အပ်၏၊ (သာရတ္ထ၊၃၊၂၄၂။) ၌ လက်သန်း လက်သည်းခွံထက်ငယ်လျှင် တိုးပွားလာမည့် အခြေအနေမျိုး ရှိနေစေကာမူ ရှင်ပြုပေးသင့်သည်ဟု ဆိုထားသေးသည်။ (စိစစ်ဆင်ခြင်သင့်မည် ထင်ပါသည်။)

အဝတ်တွင်းမဟုတ်သော လူမြင်ကွင်းဖြစ်သည့် မျက်နှာ လက်ခြေစသော ကိုယ်အင်္ဂါမှာ နူနာမျိုး အဝင်အပါ အနာတစ်မျိုးမျိုးရှိနေလျှင်ကား ရှင်ပြုမပေးသင့်သည်သာ၊ ဤ၌ကား အနာ၏ ကြီးမှု, ငယ်မှု, တိုးပွားမှု, မတိုးပွားမှုမှာ လိုရင်းမဟုတ်တော့ပါ၊ ကြီးကြီးငယ်ငယ် တိုးပွားမှုရှိရှိ မရှိရှိ အနာရှိက ရှင်ပြုမပေးသင့်ဟု ဆိုလိုပါသည်။

ဥဏ္ဏိဂဏ္ဍာ။ ။ ဥဏ္ဏို- အပေါ်သို့ ပေါ်တက်နေသော+ဂဏ္ဍ- အဖု၊ ဥဏ္ဏိဂဏ္ဍာ- အပေါ်သို့ ပေါ်တက်နေသော အသားပို၊ "ဂေါဏကာ ဝိယ။ပ။ လမ္ဗန္တိ"ဟူသော နောက်စကားရပ်ကို ထောက်ပါက ကြွက်နို့ဟုတ်မည်မထင်ပါ။

http://www.dhammadownload.com

ဒဟရကာလေ- ငယ်ရွယ်သူ၏အခါ၌၊ ခီရပိဋ္ဌကာ- နို့ပွေးစသည်တို့သည်၊ ဟောန္တိ- ရှိတတ်ကုန်၏။ ယောဗ္ဗန္နကာလေ စ- အရွယ်ရောက်လာသူ၏ အခါ၌လည်း၊ မုခေ- မျက်နှာ၌၊ ခရပိဋ္ဌကာ နာမ- ဝက်ခြံတို့မည်သည်၊ ဟောန္တိ၊ မဟလ္လကကာလေ- ကြီးရင့်သူ၏ အခါ၌၊ နဿန္တိ- ပျောက်ကုန်၏။ တာ- ထို နို့ပွေး ဝက်ခြံတို့သည်၊ ဂဏ္ဌာသဒ္ဒံ- ဂဏ္ဌာဟူသော အရေအတွက်သို့၊ နာ ဂစ္ဆန္တိ- မရောက်ကုန်၊ တာသု- ထိုနို့ပွေးဝက်ခြံတို့သည်၊ သတိ- ရှိကုန်လသော်၊ ပဗ္ဗာ- ဇေတုံ၊ ဝဋ္ဋတိ။

ပန- ကား၊ အညာ- တစ်ပါးကုန်သော၊ သရီရေ- ကိုယ်၌၊ ခရပိဋ္ဌကာ နာမ- သွေးစုနာအနာစိမ်းစသည် မည်ကုန်သော ပြည်တည်နာတို့သည်လည်းကောင်း၊ အပရာ- တစ်ပါးကုန်သော၊ ပဒုမကဏ္ဏိကာ နာမ- ကြာဆူးမည်သော အဖုငယ်တို့သည်လည်းကောင်း၊ ဟောန္တိ၊ အညာ- ဆိုအပ်ပြီးသော အဖုတို့မှ တစ်ပါးကုန်

ခီရပိဋ္ဌကာ ။ ။ ခီရ- မိခင်နို့မသန့်မှုကြောင့်ဖြစ်သော+ ပိဋ္ဌကာ- ပြည်တည်နာကလေးများ (SMallboil=M0)နို့ပွေး (နို့စို့ကလေးတို့တွင် နို့ကြောင့်ဖြစ်သော ပွေးရောဂါ တစ်မျိုး) စသော ပြည်တည်အနာကလေးများ။

ခရပိဋ္ဌကာ ။ ။ ခရ- ထက်သော ချွန်သော (sharp)+ ပိဋ္ဌကာ- မျက်နှာပေါ်မှာပေါက်သော ဝက်ခြံ (pimple- သူ)- ခရပိဋ္ဌကာ- အဖျားချွန်သော မျက်နှာပေါ်မှာပေါက်သည့် ဝက်ခြံ။

ခရပိဋ္ဌကာ ။ ။ ခရ- သည်းမခံနိုင်သော၊ (hard to bear) ပိဋ္ဌကာ- သွေးစုနာအနာစိမ်း ပြည်တည်နာ (BoiL- သူ)- ခရပိဋ္ဌက- အလွန်နာသော အခံရခက်သော သွေးစုနာ အနာစိမ်းစသော ပြည်တည်နာများ။

ပဒုမကဏ္ဏိကာ။ ။ ပဒုမကဏ္ဏိကာကြာစေ့အိမ် ကြာခွက် (The pericarpof a Lotus= Mo) ကိုသာ ဟောသော်လည်း (ပဒုမကဏ္ဏိကာ ဝိယ- ပဒုမကဏ္ဏိကာ) ဟု ဥပမာတဒ္ဓိတ်ကြ၍ ကြာဆူးကို ယူရသည်။ ယင်းကြာဆူးဟူသည်မှာလည်း အသားအရေပေါ်တွင် ပဒုမ္မာကြာဆူးသဏ္ဌာန် ပျဉ်၍ထွက်တတ်သော အဖုငယ်များပင် ဖြစ်သည်။

ပဒုမ ။ ။ ကိုယ်ပေါ်ရှိအမှတ်၊ မဲ့၊ မျက်နှာယင်ကြီးဥ၊ အစက်အပြောက်၊ (Mark or Mole on the human body= Mo) ကိုယ်မှာရှိသော ခွေး၊ မဲ့၊ ငယ်မှတ်စာစသည်၊ (နာ) ကိုယ်ပေါ်တွင်ဖြူသော အကွက်။ (A white spot on the body. နာ_Bn) ကာမစပ်ယှက်ပုံအမျိုးအစား၊ (A kind of coitus= Mo) ကာမစပ်ယှက်ရာဝယ် ကိုယ်ဟန်အနေအထား ၁၆- မျိုးအနက် တစ်မျိုး။ (ကောဇ္ဇာဘ၊)

http://www.dhammadownload.com

သော၊ သာသပဇီဇကာ နာမ- ဝက်သက် အဖုအပိမ့်တို့မည်သည်၊ သာသပ-မတ္တာ ဧဝ- မုံညင်းစေ့အတိုင်းအရှည်ရှိကုန်သည်သာလျှင်၊ (ဟုတ္တာ) သကလ-သရီရံ- တစ်ကိုယ်လုံးကို၊ ဖရန္တိ- ပြန့်ကုန်၏။ သတ္တာ- အလုံးစုံသော အဖုတို့သည်၊ ကုဋ္ဌဇာတိကာဝ- နူနာသဘောရှိကုန်သည်သာ၊ တာသု- ထိုအဖုတို့သည်၊ သတိ- သော်၊ နု ပတ္တာဇေတတ္တော။

ကိလာသောတိ- ကား၊ နု ဘိဇ္ဇနကံ- ပေါက်ကွဲတတ်သည်လည်း မဟုတ်သော၊ နု ပဂ္ဃရဏကံ- အရည်ယိုချတတ်သည်လည်းမဟုတ်သော၊ (ကုဋ္ဌဂဏ္ဍာတို့ကဲ့သို့ ပေါက်ကွဲတတ်သည်လည်းမဟုတ် အရိအရွဲလည်း မယိုသော၊) ပဒုမ-ပုဏ္ဏရိကပတ္တာဝဏ္ဏံ- ပဒုမ္မာကြာရွက် ပုဏ္ဏရိတ်ကြာရွက်အဆင်းရှိသော၊ ကုဋ္ဌ-နူနာတစ်မျိုးတည်း၊ ယေန- ယင်းနူနာကြောင့်၊ ဂုန္နံ- နွားတို့၏၊ သရီရံ- ကိုယ်သည်၊ သဗလံ- အပြောက်အကွက်ရှိသည်၊ ဟောတိ ဝိယ- ဖြစ်သကဲ့သို့၊ ဧဝံ-တူ၊ သရီရံ- ကိုယ်သည်၊ သဗလံ၊ ဟောတိ၊ တသ္မိံ- ထိုအရေပြားရောဂါ၌၊ ကုဋ္ဌေ- နူနာ၌၊ ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာ၊ ဝိနိစ္ဆယော-အဆုံးအဖြတ်ကို၊ ဝေဒိတတ္တော။

သောသောတိ- ကား၊ သောသဗျာဓိ- သွေးသားလျော့ပါး ပိန်ခြောက်သွားအောင် ဆိုးဝါးလွန်းမိုး ခြောင်းဆိုးသွေးပါ အဆုပ်နာ ပန်းနာမျိုးတည်း၊ တသ္မိံ-ထိုအနာမျိုးသည်၊ သတိ- ရှိလသော်၊ နု ပတ္တာဇေတတ္တော။ **အပမာရော**တိ-ကား၊ ပိတ္တုမ္မာဒေါ ဝါ- သည်းခြေပျက်ခြင်းကြောင့် ရူးသွပ်သူလည်းကောင်း၊ ယက္ခုမ္မာဒေါ ဝါ- ဘီလူးဖမ်းစားခြင်းကြောင့် ရူးသွပ်သူလည်းကောင်းတည်း၊ တတ္ထ- ထိုအရူးတို့တွင်၊ ပုဗ္ဗဝေရိကေန- ရှေးဦးရန်သူဖြစ်ခဲ့ဖူးသော၊ အမနုဿေန-ဘီလူးသဘက်သည်၊ ဂဟိတော- ဖမ်းစားအပ်သူသည်၊ ဒုတ္တိကိစ္ဆော- ခဲယဉ်းသဖြင့် ဆေးကုအပ်သည်၊ ဝါ- ဆေးကုမရကောင်းသည်၊ ဟောတိ။ ပန- ဆက်၊

ကဏ္ဍိကာ။ ။ ပြည့်တန်ဆာမ၊ ပြည့်တန်ဆာ လက်ခံမွေးမြူထားသော အိမ်ရှင်မ၊ (ကုဋိနီ= Bawdi ထော၊ သူ၊ De) ကယောနိရောဂ၊ (နာ) အဖုအကြိတ်။ (ဘာ)

ဤအဖွင့်မျှားအားလျော်စွာ ပဒုမကဏ္ဍိကာအရ ကာလသားရောဂါစသည်ကိုလည်း ယူသင့်မည် ထင်ပါသည်။

သာသပဇီဇကာ။ ။ ဝက်သက်ဟု ဆရာအများယူဆကြသော်လည်း သာသပကို (Eruption of the body= Mo) ဟု ဖွင့်ဆိုထားသောကြောင့် အသားအရေပေါ်တွင် အဖုအပိမ့်ထွက်ခြင်း အပူထွက်ခြင်းတို့ကိုပါ ယူသင့်မည် ထင်ပါသည်။

http://www.dhammadownload.com

အပွမတ္တကေပိ- အနည်းငယ်အတိုင်းအရှည်ရှိသည်လည်းဖြစ်သော၊ အပမာ-
ရေ- အရှေးရောဂါသည်၊ သတိ- သော်၊ နံ ပဗ္ဗာဇေတဗ္ဗော။ (ပရိသတ်ထဲဝယ်
ရုပ်ပျက်ဆင်းပျက်ဖြစ်နေသူ, တရားအားမထုတ်နိုင်လောက်အောင် စိတ်ဓာတ်
ချို့ယွင်းနေသူ, ရောဂါဝေဒနာစွဲကပ်နေသူများကို ရှင်ပြုမပေးသင့်။)

၁၂၄။ "ဘိက္ခဝေ- တို့၊ ရာဇဘဋ္ဌော- မင်းခစားယောကျ်ားကို၊ နံ ပဗ္ဗာဇေ-
တဗ္ဗော- ရှင်ပြုမပေးထိုက်၊ ယော- အကြင်ရဟန်းသည်၊ ပဗ္ဗာဇေယျ- ရှင်ပြုပေး
အံ့၊ အဿ- ထိုရဟန်း၏၊ ဒုက္ကဋာ- ဒုက္ကဋ်မည်သော၊ အာပတ္တိ- အာပတ်သည်၊
ဟောတိ၊" ဣတိ- ဤသို့၊ ဝစနတော- မိန့်တော်မူခြင်းကြောင့်၊ ရာဇဘဋ္ဌောပိ-
မင်းခစားယောကျ်ားကိုလည်း၊ နံ ပဗ္ဗာဇေတဗ္ဗော။ စ- ဆက်၊ ဇတ္ထ- ဤ "နံ
ဘိက္ခဝေ ရာဇဘဋ္ဌော ပဗ္ဗာဇေတဗ္ဗော"ဟူသော ပါဠိ၌၊ အမစ္စော ဝါ- သာမန်
အမတ်သည်မူလည်း၊ ဟောတု- ဖြစ်စေ၊ မဟာမတ္တော ဝါ- အမတ်ကြီးသည်မူ
လည်း၊ ဟောတု၊ သေဝကော ဝါ- မင်းမှူထမ်းသည်မူလည်း၊ ဟောတု၊ ကိဉ္စိ-
တစ်စုံတစ်ခုသော၊ ဌာနန္တရံ- ရာထူးသို့၊ ပတ္တော ဝါ- ရောက်သူသည်မူလည်း၊
ဟောတု၊ အပွတ္တော ဝါ- မရောက်သူသည်မူလည်း၊ ဟောတု၊ ယော ကောစိ-
အမှတ်မရှိ တစ်စုံတစ်ယောက်သော၊ ရညော- မင်း၏၊ ဘတ္တဝေတနဘဋ္ဌော-
ထမင်းရိက္ခာဖြင့် ခစားတတ်သော၊ သဇ္ဇော- အလုံးစုံသောသူသည်၊ ရာဇဘဋ္ဌော
တိ- ရာဇဘဋ္ဌဟူ၍၊ သခ်္ခံ- ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ- ရောက်၏၊
သော- ထိုမင်းခစားယောကျ်ားကို၊ နံ ပဗ္ဗာဇေတဗ္ဗော။

ပန- ဆက်၊ တဿ- ထိုမင်းခစားယောကျ်ား၏၊ ပုတ္တနတ္တဘာတုကာ-
သားမြေး ညီအစ်ကိုဖြစ်ကုန်သော၊ ယေ- အကြင်သူတို့သည်၊ ရာဇတော- မင်း
ထံမှ၊ ဘတ္တဝေတနံ- ထမင်းရိက္ခာကို၊ နံ ဂဏှန္တိ- မယူကုန်၊ တေ- ထိုသူတို့ကို၊
ပဗ္ဗာဇေတုံ၊ ဝဋ္ဋတိ။ ပန- ဆက်၊ ယော- အကြင်သူသည်၊ ရာဇတော- မင်း၏
အထံမှ၊ လဒ္ဓံ- ရအပ်သော၊ နိဗဒ္ဓဘောဂံ ဝါ- အမြဲဆက်စပ်နေသော အသုံး
အဆောင်ကိုသော်လည်းကောင်း၊ မာသသံဝစ္ဆရပရိဗ္ဗယံ ဝါ- လစာရိက္ခာ နှစ်စာ
ရိက္ခာကိုသော်လည်းကောင်း၊ ရညောယေဝ- မင်းအားသာ၊ နိယျာဒေတိ-
အပ်နှင်း၏၊ ပုတ္တဘာတုကေ ဝါ- သားသမီး ညီအစ်ကိုတို့ကိုမူလည်း၊ တံ ဌာနံ-
ထိုအရာကို၊ သမွဋ္ဌိစ္ဆာပေတွာ- လက်ခံစေ၍၊ (လွှဲအပ်၍၊) ရာဇာနံ- မင်းကို၊
"ဒါနိ- ယဒုအခါ၌၊ အဟံ- ကျွန်တော်မျိုးသည်၊ ဒေဝဿ- အရှင်မင်းမြတ်၏၊
နံ ဘဋ္ဌော- အခစား မဟုတ်တော့ပါ။" ဣတိ- ဤသို့၊ အာပုစ္ဆတိ- ခွင့်ပန်၏၊

http://www.dhammadownload.com

ယေန ဝါ- အကြောင်သူသည်မူလည်း၊ ယံ ကာရဏာ- အကြောင်အလုပ်ဟူသော အကြောင်းကြောင့်၊ ဝေတနံ- ရိက္ခာကို၊ ဂဟိတံ- ယူအပ်ပြီ၊ တံ ကမ္မံ- ထိုအလုပ်သည်၊ ဝါ- ကို၊ ကတံ- ပြုအပ်ပြီးသည်၊ ဟောတိ- ဖြစ်၏၊ ယော ဝါ- အကြောင်သူသည်မူလည်း၊ ဝါ- ကိုမူလည်း၊ "(တွံ- မောင်မင်းသည်၊) ပဗ္ဗဇဿု- ရှင်ရဟန်းပြုလိုပြုတော့၊" ဣတိ- ဤသို့၊ ရညာ- မင်းသည်၊ အနုညာတော- ခွင့်ပြုအပ်သည်၊ ဟောတိ၊ တမ္မိ- ထိုသူကိုလည်း၊ ပဗ္ဗာဇေတုံ၊ ဝဋ္ဋတိ။

၁၂၅။ "ဘိက္ခဝေ- တို့၊ ဓဇဗန္ဓော- အလံကို ဖွဲ့ချည်ခြင်းရှိသူနှင့် တူသော၊ (အလံစိုက်ထားသကဲ့သို့ ထင်ရှားသော၊) စောရော- တောပုန်းဓားပြကို၊ နပဗ္ဗာဇေတဗ္ဗော၊ ယော၊ ပဗ္ဗာဇေယျ၊ တဿ- ထိုရဟန်း၏၊ ဒုက္ကဋဿ- ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိ- ရောက်ခြင်းသည်၊ ဟောတိ- ဖြစ်၏၊" ဣတိ- သို့၊ ဝုတ္တတ္တာ- မိန့်တော်မူအပ်သည်၏ အဖြစ်ကြောင့်၊ ဓဇဗန္ဓော- အလံကို ဖွဲ့ချည်ခြင်းရှိသူနှင့် တူသော၊ (အလံစိုက်ထားသကဲ့သို့ ထင်ရှားသော၊) စောရောပိ- တောပုန်းဓားပြကိုလည်း၊ နပဗ္ဗာဇေတဗ္ဗော- ရှင်ပြု မပေးထိုက်။

တတ္ထ- ထို နဘိက္ခဝေ-အစရှိသော စကားရပ်၌၊ (ယော- အကြောင်တောပုန်းဓားပြသည်၊) ဓဇံ- အလံတံခွန်ကို၊ ဗန္ဓိတွာ ဝိယ- ဖွဲ့ချည်သကဲ့သို့၊ ဝိစရတိ- အထင်အရှားလှည့်လည်၏၊ ဣတိ- ထို့ကြောင့်၊ (သော- ထိုတောပုန်းဓားပြသည်၊) **ဓဇဗန္ဓော**- ဓဇဗန္ဓမည်၏။

မူလဒေဝါဒယော ဝိယ- မူလဒေဝ အစရှိသော သူပုန်တို့ကဲ့သို့၊ လောကေ-လောက၌၊ ပါကဋော- ထင်ရှားသော သူပုန်တည်း၊ ဣတိ- ဤသို့ ဝုတ္တံ- ဆိုအပ်သည်၊ ဟောတိ၊ တသ္မာ- ထို့ကြောင့်၊ ယော- အကြောင်တောပုန်းဓားပြသည်၊ ဂါမဃာတံ ဝါ- ရွာကို ဖျက်ဆီးခြင်းကိုသော်လည်းကောင်း၊ ပန္ထဒူဟနံ ဝါ- လမ်းကို ဖျက်ဆီးခြင်းကိုသော်လည်းကောင်း၊ နဂရေ- မြို့၌၊ သန္ဓိစ္ဆေဒါဒိကမ္မံ ဝါ- အိမ်အစပ်ကို ဖောက်ခြင်းအစရှိသော အမှုကိုသော်လည်းကောင်း၊ (အိမ်ကို ဖောက်ထွင်းဝင်ရောက်ခိုးယူခြင်းစသော အမှုကိုသော်လည်းကောင်း၊) ကရော-န္တော- ပြုလျက်၊ ဝိစရတိ- လှည့်လည်၏၊ "အသုကော နာမ- ထိုမည်သော တောပုန်းဓားပြသည်၊ ဣဒံ ဣဒံ- ဤအမှု ဤအမှုကို၊ ကရောတိ- ပြု၏၊"

ဓဇဗန္ဓော။ ။ ဗန္ဓနံ ဗန္ဓော၊ ဓဇဿ ဗန္ဓော ယဿာတိ- ဓဇဗန္ဓော၊ ဓဇဗန္ဓော ဝိယာတိ- ဓဇဗန္ဓော၊ အလံကိုဖွဲ့ချည်ခြင်းရှိသူနှင့် တူသော သူပုန်၊ အလံစိုက်ထားသကဲ့သို့ ထင်ရှားသော သူပုန်။

http://www.dhammadownload.com

ဣတိ စ- ဤသို့လည်း၊ ပညာယတိ- ထင်ရှား၏။ သော- ထိုတောပုန်းဓားပြကို၊ န ပဗ္ဗာဇေတဗ္ဗော၊ ပန- ဆက်၊ ယော- အကြင်သူသည်၊ ရာဇပုတ္တော- မင်းသား သည်၊ ဟုတ္ဝာ- ဖြစ်၍၊ ရဇ္ဇေ- မင်းအဖြစ်ကို၊ ပတ္ထေန္တော- တောင့်တလျက်၊ ဂါမ-ဃာတာဒီနိ- ရွာကိုဖျက်ဆီးခြင်းအစရှိသည်တို့ကို၊ ကရောတိ- ပြု၏၊ သော- ထိုသူပုန် မင်းသားကို၊ ပဗ္ဗာဇေတဗ္ဗော- ရှင်ပြုပေးထိုက်၏၊ (ကသ္မာ- အဘယ်ကြောင့်နည်း၊) ဟိ ယသ္မာ- အကြင်ကြောင့်၊ ရာဇာနော- မင်းတို့သည်၊ တသ္မိံ- ထိုသူပုန် မင်းသားသည်၊ ပဗ္ဗဇိတေ- ရှင်ရဟန်းပြုလသော်၊ တုဿန္တိ- နှစ်သက်ကုန်၏၊ (တသ္မာ- ထို့ကြောင့်၊ သော- ထိုသူပုန်မင်းသားကို၊ ပဗ္ဗာဇေတဗ္ဗော၊ ပန- ထိုမှန်ပြန်လှန် မသင့်ဟန်ကား၊ (ရာဇာနော- မင်းတို့သည်၊ တသ္မိံ- ထိုသူပုန် မင်းသားသည်၊ ပဗ္ဗဇိတေ- ရှင်ရဟန်း ပြုလသော်၊) သစေ နံ တုဿန္တိ- အကယ်၍ မနှစ်သက်ကုန်အံ့၊ ဧဝံ သတိ၊ န ပဗ္ဗာဇေတဗ္ဗော။

ပုဗ္ဗေ- ရှေး၌၊ မဟာဇနေ- များသော လူအပေါင်း၌၊ ပါကဋော- ထင်ရှားသော၊ စောရော- တောပုန်းဓားပြသည်၊ ပစ္စာ- နောက်၌၊ စောရကမ္မံ-တောပုန်းဓားပြ၏ အမှုကို၊ ပဟာယ- ပယ်စွန့်၍၊ ပဉ္စသီလာနိ- ငါးပါးသီလတို့ကို၊ သမာဒိယတိ- ဆောက်တည်၏၊ တံ- ထိုတောပုန်းဓားပြကို၊ မနုဿာ- လူတို့သည်၊ ဧဝံ- ဤသို့ (ငါးပါးသီလ ဆောက်တည်နေပြီဟူ၍၊) စေ ဇာနန္တိ- အကယ်၍ သိကုန်အံ့၊ ဧဝံ သတိ၊ ပဗ္ဗာဇေတဗ္ဗော။ ပန- ဆက်၊ ယေ အမ္ဗလဋ္ဌဒိစောရကာ- အကြင် သရက်သီး တောင်ပိန္နဲသီးစသည်ကို ခိုးတတ်သော သူခိုးကလေးတို့သည်၊ (ဟောန္တိ- ရှိတတ်ကုန်၏၊) သန္ဓိစ္ဆေဒါဒိစောရာ ဧဝ- အိမ်အစပ်ကို ဖောက်ဖြတ်တတ်သူအစရှိသော ခိုးသူတို့သည်ပင်၊ ဟုတ္ဝာ ဝါ- ဖြစ်၍လည်း၊ အဒိဿမာနာ- မထင်ရှားကုန်သည်၊ ဟုတ္ဝာ၊ ထေယျံ- ခိုးသူ၏ အမှုကို၊ ကရောန္တိ- ပြုကုန်၏၊ ပစ္ဆာပိ- နောက်၌လည်း၊ "ဣမိနာ- ဤသူသည်၊ ဣဒံ နာမ- ဤမည်သော အမှုကို၊ ကတံ- ပြုအပ်ပြီ၊" ဣတိ- ဤသို့၊ နံ ပညာယန္တိ- မထင်ရှားကုန်၊ တေပိ- ထိုသူတို့ကိုလည်း၊ ပဗ္ဗာဇေတုံ၊ ဝဋ္ဋတိ။

၁၂၆။ ပန- ကား၊ "ဘိက္ခဝေ- တို့၊ ကာရဘေဒကော- နှောင်အိမ်ကို ဖောက်ဖျက်တတ်သော၊ စောရော- ခိုးသူကို၊ နံ ပဗ္ဗာဇေတဗ္ဗော၊ ယော၊ ပဗ္ဗာဇေယျ၊ အဿ၊ ဒုက္ကဋံ၊ အာပတ္တိ၊ ဟောတိ၊" ဣတိ- သို့၊ ဝုတ္တတ္တာ- ကြောင့်၊ ကာရဘေဒကော- နှောင်အိမ်ကို ဖောက်ဖျက်တတ်သော၊ စောရော- ခိုးသူကို၊ နံ ပဗ္ဗာဇေတဗ္ဗော။ တတ္ထ- ထို နံ ဘိက္ခဝေ ကာရဘေဒကော စောရော ပဗ္ဗာဇေ-

http://www.dhammadownload.com

ဗွော-ဟူသော ပါဠိ၌၊ ဗန္ဓနာဂါရံ- နှောင်အိမ် (အကျဉ်းထောင် အချုပ်ထောင်) ကို၊ ကာရော- ကာရဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။ ပန- ဆက်၊ ဣဓ- ဤသိက္ခာပုဒ်၌၊ အန္ဓဗန္ဓနံ ဝါ- လက်ထိတ် ထိတ်တုံး အနှောင်အဖွဲ့သည်မူလည်း၊ ဟောတု- ဖြစ်စေ၊ သဒ္ဒလိကဗန္ဓနံ ဝါ- သံခြေချင်း သံကွင်း အနှောင်အဖွဲ့သည်မူလည်း၊ ဟောတု၊ ရဇ္ဇုဗန္ဓနံ ဝါ- ကြိုးအနှောင်အဖွဲ့သည်မူလည်း၊ ဟောတု၊ ဂါမဗန္ဓနံ ဝါ- ရွာအနှောင်အဖွဲ့သည်မူလည်း၊ ဟောတု၊ (ထိုရွာမှ တခြားတပါးကို မသွားရ အောင် အကျယ်ချုပ်ထားခြင်း၊) နိဂမဗန္ဓနံ ဝါ- နိဂုံးအနှောင်အဖွဲ့သည်မူလည်း၊ ဟောတု၊ နဂရဗန္ဓနံ ဝါ- မြို့အနှောင်အဖွဲ့သည်မူလည်း၊ ဟောတု၊ ပုရိသဂုတ္တိ ဝါ- ယောကျ်ားတို့၏ စောင့်ရှောက်ခြင်းသည်မူလည်း၊ ဟောတု၊ ဇနပဒဗန္ဓနံ ဝါ- ဇနပုဒ်အနှောင်အဖွဲ့သည်မူလည်း၊ ဟောတု၊ ဒီပဗန္ဓနံ ဝါ- ကျွန်းအနှောင် အဖွဲ့သည်မူလည်း၊ ဟောတု၊ ယော- အကြင်သူသည်၊ ဧတေသု- ဤအနှောင် အဖွဲ့တို့တွင်၊ ယံ ကိဉ္စိ- အမှတ်မပြု တစ်စုံတစ်ခုသော၊ ဗန္ဓနံ- အနှောင်အဖွဲ့ကို၊ ဘိန္ဒိတွာ ဝါ- ဖောက်ဖျက်၍သော်လည်းကောင်း၊ ဆိန္ဒိတွာ ဝါ- ဖြတ်၍သော်လည်းကောင်း၊ မုဉ္စိတွာ ဝါ- ဖြေ၍သော်လည်းကောင်း၊ ဝိဝရိတွာ ဝါ- ဖွင့်၍သော်လည်းကောင်း၊ အပဿမာနာနံ ဝါ- (စောင့်ရှောက်သူတို့) မမြင်ကုန်စဉ်သော်လည်းကောင်း၊ ပလာယတိ- ထွက်ပြေး၏၊ သော- ထိုထွက်ပြေးသူသည်၊ **ကာရဘောဒေကောတိ**- ဟူ၍၊ သခ်္ခံ- ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ- ရောက်၏၊ တသ္မာ- ထို့ကြောင့်၊ ဤဒိသော- ဤသို့ရှုအပ်သော၊ ကာရဘေဒကော- အချုပ်အနှောင်ကို ဖောက်ဖျက်တတ်သော၊ စောရော- ခိုးသူကို၊ ဒီပဗန္ဓနံ- ကျွန်းအနှောင်အဖွဲ့ကို၊ ဘိန္ဒိတွာ- ဖောက်ဖျက်၍၊ ဒီပန္တရံ- တစ်ပါးသော ကျွန်းသို့၊ ဂတော- ရောက်သည်၊ သမာနောပိ- ဖြစ်ပါသော်လည်း၊ န ပဗ္ဗာဇေတဗ္ဗော။

ပန- ဆက်၊ ယော- အကြင်သူသည်၊ စောရော- ခိုးသူသည်၊ န ဟောတိ- မဟုတ်၊ ကေဝလံ- ခိုးခြင်းမဖက် သက်သက်၊ ဟတ္ထကမ္မံ- လက်ဖြင့်ပြုအပ်သော အမှုကို၊ အကရောန္တော- မပြုသည်၊ ဟုတွာ- ဖြစ်၍၊ "ဧဝံ- ဤသို့ ချုပ်နှောင်ထားလသော်၊ နော- ငါတို့၏ (အလုပ်ကို၊) အပလာယန္တော- မပြေးဘဲ၊ ကရိဿတိ- ပြုလုပ်လတ္တံ့၊" ဣတိ- ဤသို့ကြံ၍၊ ရာဇယုတ္တာဒီဟိ- မင်း၏ အလုပ်၌ အားထုတ်သူ (မင်းမှုထမ်း) အစရှိသူတို့သည်၊ ဗဒ္ဓါ- နှောင်ဖွဲ့အပ်ပြီ၊ သော- ထိုသူကို၊ ကာရံ- နှောင်အိမ်ကို၊ ဘိန္ဒိတွာ- ဖောက်ဖျက်၍၊ ပလာတော- ပြေးသည်၊ သမာနောပိ- ဖြစ်ပါသော်လည်း၊ ပဗ္ဗာဇေတဗ္ဗော။

http://www.dhammadownload.com

ပန- ထိုမှပြန်လှန် မသင့်ဟန်ကား၊ ယော- အကြင်သူသည်၊ ဂါမနိဂမ-ပဋ္ဋနာဒီနိ- ရွာဆိပ်ကမ်း နိဂုံးဆိပ်ကမ်းအစရှိသည်တို့ကို၊ ကေဏိယာ- ဝယ်ယူကြောင်းဖြစ်သော အခွန် အတုတ်ဖြင့်၊ ဝါ- အခွန်ဆောင်ခြင်းဖြင့်၊ ဂဟေတွာ-ယူပြီး၍၊ တံ- ထိုအခွန်ကို၊ အသမွာဒေန္တော- မပြီးစေ (ကျေအောင်မပေး) နိုင်သည်၊ ဟုတွာ၊ ဗန္ဓနာဂါရံ- နှောင်အိမ်သို့၊ ပဝေသိတော- သွင်းထားအပ်သည်၊ ဟောတိ၊ သော- ထိုသူ့ကို၊ ပလာယိတွာ- ပြေး၍၊ အာဂတော- လာသည်၊ သမာနောပိ- ဖြစ်ပါသော်လည်း၊ န ပဗ္ဗာဇေတဗ္ဗော၊ (အစိုးရဘဏ္ဍာကို ကျေအောင် မပေးနိုင်သော ကြောင့်ပေတည်း။)၊ ယောပိ- အကြင်သူသည်လည်း၊ ကသိကမ္မာဒီဟိ- လယ်ထွန်မှုအစရှိသည်တို့ဖြင့်၊ ဓနံ- ဥစ္စာကို၊ သမွာဒေတွာ- ပြီးစေ၍၊ ဇီဝန္တော- အသက်မွေးပါလျက်၊ "ဣမိနာ- ဤသူသည်၊ နိဓေနံ- ရွှေအိုးကို၊ (မြေပ်ထားသော ဥစ္စာကို- နိဓါတဓန၊ သူ၊) လဒ္ဓံ- ရအပ်ပြီ၊" ဣတိ- သို့၊ ပေသုညံ- ချောပစ်ကုန်းတိုက်ခြင်းကို၊ ဥပသံဟရိတွာ- (ဘုရင့်ထံသို့) ဆောင်၍၊ (ရညာ- ရှင်ဘုရင်သည်၊) ကေနစိ- တစ်စုံတစ်ယောက်ကို၊ (သော-ထိုသူကို) ဗန္ဓာပိတော- နှောင်ဖွဲ့စေအပ်သည်၊ ဟောတိ၊ တံ- ထိုသူ့ကို၊ တတ္ထေဝ- ထိုနှောင်ဖွဲ့အပ်ရာ အရပ်၌သာ၊ ပဗ္ဗာဇေတုံ၊ န ဝဋ္ဋတိ၊ ပလာယိတွာ-ပြေး၍၊ ဂတံ ပန- သွားသူကိုကား၊ ဂတဋ္ဌာနေ- ရောက်သွားရာ အရပ်၌၊ ပဗ္ဗာဇေတုံ၊ ဝဋ္ဋတိ။

၁၂၇။ ပန- ကား၊ "ဘိက္ခဝေ- တို့၊ လိခိတကော- ရေးသားအပ် (စာရင်းတင်ထားအပ်) သော၊ စောရော- ခိုးသူကို၊ န ပဗ္ဗာဇေတဗ္ဗော၊ ယော- အကြင်ရဟန်းသည်၊ ပဗ္ဗာဇေယျ၊ တဿ- ထိုရဟန်း၏၊ ဒုက္ကဋံ၊ အာပတ္တိ၊ အဿ၊ ဣတိ- ဤသို့၊ ဝစနတော- မိန့်တော်မူခြင်းကြောင့်၊ လိခိတကော- ရေးသားအပ်သော၊ စောရော- ခိုးသူကို၊ န ပဗ္ဗာဇေတဗ္ဗော။

တတ္ထ- ထို "န ဘိက္ခဝေ လိခိတကော စောရော ပဗ္ဗာဇေတဗ္ဗော"ဟူသော ပါဠိ၌၊ **လိခိတကော** နာမ- လိခိတကမည်သည်ကို၊ (ဧဝံ- ဤသို့၊ ဝေဒိတဗ္ဗော-သိထိုက်၏။) ယော ကောစိ- တစ်စုံတစ်ယောက်သည်၊ စောရိကံ ဝါ- ခိုးသူ၏ အမှုကိုသော်လည်းကောင်း၊ အညံ- ခိုးမှုမှတစ်ပါးသော၊ ဂရုံ- ကြီးလေးသော၊ ရာဇပရာဓံ ဝါ- မင်း၏ အပြစ်ကိုသော်လည်းကောင်း၊ ကတွာ- ပြုပြီး၍၊ ပလာတော- ထွက်ပြေးပြီ၊ ရာဇာ စ- မင်းသည်လည်း၊ နံ- ထိုသူ့ကို၊ ပဏ္ဏေ ဝါ- (ကြော်ငြာ) စာရွက်၌သော်လည်းကောင်း၊ ပေါတ္ထကေ ဝါ- (လူဆိုးစာရင်း) စာအုပ်၌သော်လည်းကောင်း၊ "ဣတ္ထန္နာမော- ဤအမည်ရှိသူကို၊ ယတ္ထ-

http://www.dhammadownload.com

အကြောင်အရပ်၌၊ ဒိဿတိ- တွေ့မြင်အပ်၏၊ တတ္ထ- ထိုတွေ့ရာအရပ်၌၊ ဂဟေတွာ- ဖမ်းယူ၍၊ မာရေတဗ္ဗော- သတ်ထိုက်၏။" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ (ယတ္ထ ဒိဿတိ၊ တတ္ထ ဂဟေတွာ၊) အဿ- ထိုသူ၏၊ "ဟတ္ထပါဒါဒီနိ- လက်ခြေအစရှိသည်တို့ကို၊ ဆိန္ဒိတဗ္ဗာနိ- ဖြတ်ထိုက်ကုန်၏။" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ (သော- ထိုသူ့ကို၊) "ဧတ္တက် နာမ- ဤမျှအတိုင်းအရှည် ရှိသည်မည်သော၊ ဒဏ္ဍ- ဒဏ်ကို၊ အာဟရာပေတဗ္ဗော- ဆောင်စေထိုက်၏။" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ လိခါပေတိ- ရေးထားစေ၏၊ အယံ- ဤသူသည်၊ လိခိတကော နာမ- လိခိတကမည်၏၊ သော- ထိုသူ့ကို၊ နံ ပဗ္ဗာ- ဇေတဗ္ဗော။

၁၂၈။ "ဘိက္ခဝေ- တို့၊ ကသာဟတော- ကြိမ်တို့ဖြင့် နှိပ်စက်အပ်သော၊ ကတဒဏ္ဍကမ္မော- ပြုအပ်ပြီးသော ဒဏ်အမှုရှိသူကို၊ နံ ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အဿ- ထိုရဟန်း၏၊ ဒုက္ကဋဿ- သို့၊ အာပတ္တိ- ရောက်ခြင်းသည်၊ ဟောတိ၊" ဣတိ- သို့၊ ဝစနတော- မိန့်တော်မူခြင်းကြောင့်၊ ကသာဟတော- ကြိမ်တို့ဖြင့် နှိပ်စက်အပ်သော၊ ကတဒဏ္ဍကမ္မောပိ- ပြုအပ်ပြီးသော ဒဏ်အမှုရှိသူကိုလည်း၊ နံ ပဗ္ဗာဇေတဗ္ဗော။

ပန- ဆက်၊ ဧတ္ထ- ဤ "ကသာဟတော ကတဒဏ္ဍကမ္မော"အစရှိသော ပါဠိ၌၊ ယော- အကြင်သူ့ကို၊ ဝစနပေသနာဒီဟိ- ပြောစကား စေခိုင်းမှုအစရှိသည်တို့ကို၊ အကရောန္တော- မလိုက်နာ မပြုလုပ်သည်၊ (ဟုတွာ- ဖြစ်၍၊ ဝါ- ဖြစ်ခြင်းကြောင့်၊) ဟညတိ- နှိပ်စက်အပ်၏၊ သော- ထို (ပြောစကားကို မလိုက်နာခြင်း စေခိုင်းသည်ကို မပြုလုပ်ခြင်းကြောင့် နှိပ်စက်အပ်) သူသည်၊ ကတဒဏ္ဍ- ကမ္မော- ကတဒဏ္ဍကမ္မမည်သည်၊ နံ ဟောတိ- မဟုတ်၊ ပန- အဟုတ်ကား၊ ကေဏိယာ ဝါ- ဝယ်ယူကြောင်းဖြစ်သော အခွန်အတုတ်ဖြင့်သော်လည်းကောင်း၊ အညထာ ဝါ- အခွန်အတုတ်မှတစ်ပါး (ချေးငှားခြင်းစ) သော အခြင်းအရာဖြင့်သော်လည်းကောင်း၊ ကိဉ္စိ- တစ်စုံတစ်ခုကို၊ ဂဟေတွာ- ယူပြီး၍၊

ကေဏိယာ ဂဟေတွာ။ ။ ယခုခေတ်ဝယ် ကျသင့်သောငွေကို အရစ်ကျ ပေးသွင်းသောအားဖြင့် ဆိပ်ကမ်း အင်းအိုင်စသည်တို့ကို လေလံဆွဲယူခြင်းမျိုး ဖြစ်သည်။ ကိယတေ ဧတာယာတိ- ကေဏိ- ဆိပ်ကမ်း အင်းအိုင်စသည်တို့ကို ဝယ်ယူကြောင်း ဖြစ်သော အခွန်အတုတ်၊ သက္ကဋ ကြိဓာတ်မှလာသောကြောင့် နငယ်ကို ဏကြိုး ပြန်ရသည်။

http://www.dhammadownload.com

ပုန ဒါတုံ- ပြန်ပေးခြင်း (ပြန်ဆပ်ခြင်း) ဌာ၊ အသက္ကောန္တော- မစွမ်းနိုင်သော၊ ယော- အကြင်သူ့ကို၊ "အယမေဝ- ဤကြိမ်ဒဏ်ခတ်ခြင်းသည်ပင်၊ တေ- သင့်အပေါ်၌၊ ဒဏ္ဍော- ဒဏ်သည်၊ ဟောတု- ဖြစ်စေ၊" ဣတိ- ဤသို့ပြော၍၊ ကသာဟိ- ကြိမ်တို့ဖြင့်၊ ဟညတိ- နှိပ်စက်အပ် (ညှဉ်းဆဲအပ်) ၏၊ အယမေဝ- ဤသူသည်သာ၊ **ကသာဟတော**- ကြိမ်တို့ဖြင့် နှိပ်စက်အပ်သော၊ **ကတဒဏ္ဍကမ္မော**- ပြုအပ်ပြီးသော ဒဏ်အမှုရှိသူတည်း။

သော စ- ထိုသူသည်လည်း၊ ဝါ- ကိုလည်း၊ ကသာဟိ ဝါ- ကြိမ်တို့ဖြင့်မူလည်း၊ ဟတော- နှိပ်စက်အပ်သည်၊ ဟောတု- ဖြစ်စေ၊ အနုဒဏ္ဍကာဒီနံ- (လေးတောင်ထက်ဝက်) နှစ်တောင်ရှိသော ဒုတ်အစရှိသည်တို့တွင်၊ အညတရေန ဝါ- တစ်မျိုးမျိုးသော ဒုတ်ဖြင့်မူလည်း၊ ဟတော ဟောတု၊ ယာဝ- အကြင်မျှလောက်၊ အလ္လဝဏ္ဏော- စိုသော အနာရှိသည်၊ ဟောတိ၊ တာဝ- ထိုသို့စိုသော အနာရှိနေသမျှ၊ န ပဗ္ဘာဇေတဗ္ဗော၊ ပန- အလျော်ကို ဆိုဦးအံ့၊ ဝဏ္ဏော- အနာတို့ကို၊ ပါကတိကေ- ပင်ကိုယ်သဘော ရှိသည်တို့ကို၊ ကတွာ- ပြုပြီး၍၊ (အနာပျောက်အောင် လုပ်ပြီးမှ၊) ပဗ္ဘာဇေတဗ္ဗော၊ ပန- ဆက်၊ ဇာဏုဟိ ဝါ- ဒူးတို့ဖြင့် သော်လည်းကောင်း၊ ကပ္ပရေဟိ ဝါ- တံတောင်တို့ဖြင့်သော်လည်းကောင်း၊ နာဠိကေရပါသာဏာဒီဟိ ဝါ- အုန်းသီး,ကျောက်အစရှိသည်တို့ဖြင့်သော်လည်းကောင်း၊ ယာတေတွာ- ညှဉ်းဆဲနှိပ်စက်၍၊ မုတ္တော- လွတ်အပ်သည်၊ သစေ ဟောတိ- အံ့၊ အဿ- ထိုသူ၏၊ သရီရေ စ- ကိုယ်၌လည်း၊ ဂဏ္ဌိယော- အဖုတို့သည်၊ သစေ ပညာယန္တိ- အကယ်၍ ထင်ရှားကုန်အံ့၊ ဧဝံ သတိ- သော်၊ န ပဗ္ဘာဇေတဗ္ဗော၊ ဖာသုကံ- ချမ်းသာသည်ကို၊ ကတွာ ဧဝ- ပြုပြီး၍ သာလျှင်၊ ဂဏ္ဌိသု- အဖုတို့သည်၊ သန္နိသိန္နာသု- ငြိမ်သက်စွာ တည်နေကုန်လသော်၊ (ဖူးရောင်နေသော အဖုများ ပျောက်မှ) ပဗ္ဘာဇေတဗ္ဗော။

၁၂၉။ ပန- ကား၊ "ဘိက္ခဝေ- တို့၊ လက္ခဏာဟတော- အမှတ်အသား ခတ်နှိပ်အပ်သော၊ ကတဒဏ္ဍကမ္မော- ပြုအပ်ပြီးသော ဒဏ်အမှုရှိသူကို၊ န ပဗ္ဘာဇေတဗ္ဗော၊ ယော ပဗ္ဘာဇေယျ၊ အာပတ္တိ၊ ဒုက္ကဋဿ၊" ဣတိ- ဤသို့၊ ဝစနတော၊ လက္ခဏာဟတော- အမှတ်အသား ခတ်နှိပ်အပ်သော၊ ကတဒဏ္ဍ-ကမ္မော- ပြုအပ်ပြီးသော ဒဏ်အမှုရှိသူကို၊ န ပဗ္ဘာဇေတဗ္ဗော။

ဧတ္ထပိ- ဤ "လက္ခဏာဟတော ကတဒဏ္ဍကမ္မော"ဟူသော ပါဠိ၌လည်း၊ ကတဒဏ္ဍကမ္မဘာဝေါ- ကတဒဏ္ဍကမ္မ၏ အဖြစ်ကို၊ ပုရိမနယေနေဝ- ရှေး

http://www.dhammadownload.com

နည်းဖြင့်သာ၊ ဝေဒိတဗ္ဗော- သိထိုက်၏၊ ပန- ကား၊ ယဿ- အကြင်သူ၏၊ နလာဋေ့ ဝါ- နဖူး၌သော်လည်းကောင်း၊ ဉီရုအာဒီသု ဝါ- ပေါင်အစရှိသော အရပ်တို့၌သော်လည်းကောင်း၊ တတ္ထေန- ပူသော၊ လောဟေန- သံဖြင့်၊ လက္ခဏံ- အမှတ်အသားသည်၊ ဝါ- ကို၊ အာဟတံ- ခတ်နှိပ်အပ်သည်၊ ဟောတိ၊ သော- ထိုခတ်နှိပ်အပ်သူသည်၊ ဘုဇိဿော- လွတ်မြောက်လာသူသည်၊ သစေ ဟောတိ- အံ့၊ ဧဝံ သတိ၊ ယာဝ- အကြင်မျှလောက်၊ အလ္လဝဏ္ဏော- စိုသော အနာရှိသည်၊ ဟောတိ၊ တာဝ- ထိုသို့ အနာစိုနေသေးသမျှ၊ န ပဗ္ဗာဇေတဗ္ဗော။

အဿ- ထိုသူ၏၊ ဝဏ္ဏော- အနာတို့သည်၊ ရုဇ္ဇော- အသားနုတက်ကုန်သည်၊ သစေပိ ဟောန္တိ- အကယ်၍မူလည်း ဖြစ်စေကုန်ဦးတော့၊ ဆဝိယာ- အရေနှင့်၊ သမပရိစ္ဆေဒါ- ညီမျှသော အပိုင်းအခြားရှိကုန်သည်၊ သစေပိ ဟောန္တိ- အကယ်၍မူလည်း ဖြစ်စေကုန်ဦးတော့၊ ပန- ထိုသို့ပင်ဖြစ်ပါကုန်သော်လည်း၊ (အဋ္ဌကထာ၌ "န"မျှသာ ရှိနေသည်၊ "ပ"ကျနေဟန်တူသည်၊) လက္ခဏံ- အမှတ်အသားသည်၊ ပညာယတိ- ထင်ရှားသေးအံ့၊ တိမက္ခဏေ- အဝန်းသုံးပါးညီညွတ်စွာ၊ နိဝတ္တဿ- (သင်းပိုင်ကို) ဝတ်သော ပုဂ္ဂိုလ်၏၊ ဥတ္တရာသင်္ဃ- အပေါ်ရုံကို၊ ကတေ- ပြုအပ်သော်၊ (လက္ခဏံ- အမှတ်အသားသည်၊) ပဋိစ္ဆန္နောကာသေ- ဖုံးလွှမ်းအပ်သော အရပ်၌၊ စေ ဟောတိ၊ ဧဝံ သတိ၊ ပဗ္ဗာဇေတုံ၊ ဝဋ္ဋတိ၊ လက္ခဏံ- အမှတ်အသားသည်၊ အပဂ္ဃဋိတ္ထန္နောကာသေ- မဖုံးလွှမ်းအပ်သော အရပ်၌၊ စေ ဟောတိ၊ ဧဝံ သတိ၊ ပဗ္ဗာဇေတုံ န ဝဋ္ဋတိ။

၁၃၀။ "ဘိက္ခဝေ- တို့၊ ဣဏာယိကော- ပေးဆပ်ရန် ကြွေးမြီရှိသူကို၊ န ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ၊" ဣတိ- ဤသို့၊ ဝစနတော- မိန့်တော်မူခြင်းကြောင့်၊ ဣဏာယိကောပိ- ကြွေးမြီရှိနေသူကိုလည်း၊ န ပဗ္ဗာဇေတဗ္ဗော။

တတ္ထ- ထို "န ဘိက္ခဝေ ဣဏာယိကော"အစရှိသော ပါဠိ၌၊ **ဣဏာယိကော** နာမ- ဣဏာယိကမည်သည်ကို၊ ဧဝံ ဝေဒိတဗ္ဗော၊ ယဿ- အကြင်သူ၏၊ ပိတိပိတာမဟေဟိ- အဘ အဘိုးတို့သည်၊ ဣဏံ- ကြွေးမြီသည်၊ ဝါ- ကို၊ ဂဟိတံ- ယူအပ်ပြီးသည်၊ ဟောတိ၊ သော ဝါ- ထိုအမိ အဘ အဘိုးတို့ ယူအပ်သော ကြွေးမြီရှိသူသည်လည်းကောင်း၊ ယေန- အကြင်သူသည်၊ သယံ- ကိုယ်တိုင်၊ ဣဏံ- ကြွေးမြီသည်၊ ဝါ- ကို၊ ဂဟိတံ ဟောတိ၊ သော ဝါ- ထိုကိုယ်တိုင် ကြွေးမြီယူထားသူသည်လည်းကောင်း၊ ယံ- အကြင်သူ့ကို၊ အာဒ္ဓပေတွာ- (ခိုင်း

http://www.dhammadownload.com

စေဖို့ရန်) အပ်နှံထား၍၊ မာတာပိတူဟိ- အမိအဖတို့သည်၊ ကိဉ္စိ- တစ်စုံတစ်ခု သော ဥစ္စာသည်၊ ဝါ- ကို၊ ဂဟိတံ၊ ဟောတိ၊ သော ဝါ- ထိုအပ်နှံခံရသူသည် လည်းကောင်း၊ တံ ဂ္ဂဏှံ- ထိုကြွေးမြီကို၊ ပရေသံ- သူတစ်ပါးတို့အား၊ ဓာရေတိ- ဆောင်နှင်း (ဆပ်ပေး) ရ၏၊ ဂ္ဂဟိ- ထို့ကြောင့်၊ ဂ္ဂဏှာယိကော- ဂ္ဂဏှာယိက မည်၏။

ပန- ဆက်၊ ယံ- အကြင်သူ့ကို၊ အညေ- မိဘတို့မှ အခြားကုန်သော၊ ဉာတကာ- ဆွေမျိုးတို့သည်၊ အာဒ္ဓပေတွာ- အပ်နှံထား၍၊ ကိဉ္စိ- တစ်စုံတစ်ခု သော ဥစ္စာကို၊ ဂဏှန္တိ- ယူကြကုန်၏၊ သော- ထိုဆွေမျိုးတို့၏ အပ်နှံမှုကိုခံရသူ သည်၊ ဂ္ဂဏှာယိကော- ဂ္ဂဏှာယိကသည်၊ န ဟောတိ- မဟုတ်၊ ဟိ- မှန်၏၊ တေ- ထိုဆွေမျိုးတို့သည်၊ တံ- ထိုသူ့ကို၊ အာဒ္ဓပေတုံ- အပ်နှံထားခြင်းငှာ၊ န ဂ္ဂဿရာ- မစိုးပိုင်ကုန်၊ တသ္မာ- ထို့ကြောင့်၊ တံ- ထိုသူ့ကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ၊ ဂ္ဂတရံ- ဆွေမျိုးတို့အပ်နှံထားအပ်သောသူမှ တစ်ပါးသော မိဘတို့အပ်နှံထား အပ်သူကို၊ ပဗ္ဗာဇေတုံ န ဝဋ္ဋတိ။

ပန- ဆက်၊ အဿ- ထိုသူ၏၊ ဉာတိသာလောဟိတာ- ဆွေမျိုးသားချင်းတို့ သည်၊ "မယံ- တပည့်တော်တို့က၊ ဒဿာမ- ပေးလိုက်ပါကုန်အံ့၊ နံ- ထိုသူ့ကို၊ ပဗ္ဗာဇေထ- ရှင်ပြုပေးကြပါကုန်၊" ဂ္ဂတိ- ဤသို့လျှောက်ထား၍၊ ဂ္ဂဏှံ- ကြွေးကို၊ အတ္တနော- မိမိ၏၊ ဘာရံ- တာဝန်ကို၊ သစေ ကရောန္တိ- အကယ်၍ ပြုကုန်အံ့၊ ဧဝံ သတိ ဝါ- ဤသို့ဆွေမျိုးသားချင်းတို့က တာဝန်ယူမှုကိုပြုကုန် သော်လည်းကောင်း၊ အညော- ဉာတိသာလောဟိတမှ တခြားသော၊ ကောစိ- တစ်စုံတစ်ယောက်သော သူသည်၊ တဿ- ထိုသူ၏၊ အာစာရသမ္ပတ္တိ- အကျင့်၏ ပြည့်စုံခြင်းကို၊ ဒိသွာ- မြင်၍၊ "နံ- ထိုသူ့ကို၊ ပဗ္ဗာဇေထ၊ အဟံ- တပည့်တော် သည်၊ ဂ္ဂဏှံ- ကြွေးမြီကို၊ ဒဿာမိ- ပေး (ဆပ်) လိုက်ပါအံ့၊" ဂ္ဂတိ- ဤသို့၊ သစေ ဝဒတိ- အကယ်၍ လျှောက်အံ့၊ ဧဝံ သတိ ဝါ- ဤသို့လျှောက်သော်လည်းကောင်း၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။

တေသု- ထို (ဉာတိသာလောဟိတနှင့် တခြား) သူတို့သည်၊ အသတိ- မရှိကုန်လသော်၊ ဘိက္ခုနော- ရှင်ပြုပေးမည့် ရဟန်းသည်၊ တထာရူပဿ- ထိုသို့ (သဒ္ဓါတရားလည်းရှိ ကြွေးဆပ်နိုင်လောက်အောင် ပစ္စည်းဥစ္စာလည်းရှိသည့်) သဘောရှိသော၊ ဥပဇ္ဈာကဿပိ- အလုပ်အကျွေး ဒါယကာအားသော်လည်း၊ "သဟေတုကော- မဂ်ဖိုလ်ရရန်အကြောင်းနှင့် တကွဖြစ်သော၊ သဂ္ဂော-

http://www.dhammadownload.com

သတ္တဝါသည်၊ ကြာဇာပလိဗောဓေန- ကြွေးမြီ၏ နှောင့်ယှက်ခြင်းကြောင့်၊ နပဗ္ဗဇတိ- ရှင်ရဟန်း မပြုနိုင်ပေ၊" ကွာတိ- ဤသို့၊ အာရောစေတဗ္ဗံ- ပြောပြရာ၏၊ သော- ထိုအလုပ်အကျွေးဒါယကာသည်၊ စေ ပဋိပဇ္ဇတိ- အကယ်၍ လိုက်နာပြုကျင့်အံ့၊ (ကြွေးဆပ်ရန် တာဝန်ယူအံ့။) ဧဝံ သတိ ပဗ္ဗာဇေတဗ္ဗော။

အတ္တနော- မိမိ၏၊ (ဝါ- ရှင်ပြုပေးလိုသော ဆရာရဟန်းမှာ၊) ကပ်ဝိယဘဏ္ဍံ- ကပ်ဝိယဘဏ္ဍာသည်၊ သစေပိ အတ္ထိ- အကယ်၍မူလည်းရှိအံ့၊ "ဧတံ- ဤကပ်ဝိယဘဏ္ဍာကို၊ ဒဿာမိ- ကြွေးရှင်တို့အား ပေးဆပ်အံ့၊" ကွာတိ- ဤသို့နှလုံးသွင်း၍၊ ပဗ္ဗာဇေတဗ္ဗော၊ ပန- သို့မဟုတ်၊ ဉာတကာဒယော- ဆွေမျိုး သာလောဟိတာ ဥပဋ္ဌာကတို့သည်၊ သစေ နေဝ ပဋိပဇ္ဇန္တိ- အကယ်၍ မလိုက်နာ မပြုကျင့်ကုန်အံ့၊ အတ္တနော- မိမိမှာ၊ ဓနံ- အပ်စပ်သော ဥစ္စာသည်၊ သစေ နတ္ထိ- အကယ်၍ မရှိအံ့၊ ဧဝံ သတိ၊ "ပဗ္ဗာဇေတွာ- ရှင်ပြုပေးပြီး၍၊ ဘိက္ခာယ- ဆွမ်းအလို့ငှာ၊ စရိတွာ- လှည့်လည်၍၊ မောစေဿာမိ- လွတ်စေအံ့၊" ကွာတိ- ဤသို့နှလုံးသွင်း၍၊ ပဗ္ဗာဇေတုံ န ဝဋ္ဋတိ၊ သစေ ပဗ္ဗာဇေတိ- အကယ်၍ ရှင်ပြုပေးအံ့၊ ဧဝံ သတိ၊ ဒုက္ကဋံ- ဒုက္ကဋ်သည်၊ ဟောတိ၊ ပလာတောပိ- (ရှင်ပြုပေးပြီးသည့်နောက်) ထွက်ပြေးသော သာမဏေကိုလည်း၊ အာနေတွာ- ခေါ်ဆောင်၍၊ ဒါတဗ္ဗော- ပေးထိုက်၏၊ အာနေတွာ- ခေါ်ဆောင်၍၊ နော စေ ဒေတိ- အကယ်၍ မပေးအံ့၊ ဧဝံ သတိ၊ သဗ္ဗံ- အလုံးစုံသော ကြွေးမြီသည်၊ ဂီဝါ- အစားပေးထိုက်သည်၊ ဟောတိ။

အဇာနိတွာ- (ကြွေးမြီရှိကြောင်းကို) မသိ၍၊ ပဗ္ဗာဇယတော- ရှင်ပြုပေးသော ရဟန်း၏၊ အနာပတ္တိ- အာပတ်မသင့်သည်၊ ဟောတိ၊ ပန- ထိုသို့ပင် အာပတ်မသင့်ပါသော်လည်း၊ ပဿန္တေန- (ရှင်ပြုပြီးနောက် ထွက်ပြေးနေသူကို) တွေ့မြင်

အတ္တနော။ပ။ ပဗ္ဗာဇေတဗ္ဗော။ ။ ရှင်လောင်းတစ်ဦးသည် ကြွေးမြီရှိနေစေကာမူ သာသနာတော်အတွက် အကျိုးများမည့်သူ အရည်အချင်း ပြည့်ဝသူ ဖြစ်နေပါလျှင် ဆရာက မိမိမှာ ရှိနေသော သပိတ်သင်္ကန်းစသည်တို့ဖြင့် ဖြစ်စေ, နဝကမ္မအတွက် ကပ်ဝိယထဲမှာ အပ်နှံထားသော ကြေးငွေများဖြင့်ဖြစ်စေ ရှင်လောင်း၏ကြွေးမြီကို ပေးဆပ်၍ ရှင်ပြုပေးနိုင်သည်။

ဂီဝါ ဟောတိ။ ။ ကြွေးမြီရှိကြောင်းကို သိလျက် မလေးမစား ကြွေးမြီလွတ်ကင်းသည့် ရဟန်းဘောင်သို့ သွတ်သွင်းပေးသောကြောင့် အစားပေးထိုက်သည်။

(ဝိမတိ၊ ၂၊၁၁၀။)

http://www.dhammadownload.com

သော ဆရာသည်၊ အာနေတွာ- ခေါ်ဆောင်၍၊ ကုဏ္ဍသာမိကာနံ- ကြွေးမြီရှင်တို့အား၊ ဒသေတဗ္ဗော- ပြထိုက်၏၊ အပဿန္တသ- မတွေ့မြင်သော ဆရာ၏၊ ဂီဝါ- အစားပေးထိုက်သည်၊ န ဟောတိ- (အစကကြွေးရှိကြောင်း မသိဘဲ ရှင်ပြုပေးခဲ့သောကြောင့်၊ ဘဏ္ဍာစား မပေးထိုက်။)

ကုဏ္ဍာယိကော- ကြွေးမြီရှိနေသူသည်၊ အည်- တစ်ပါးသော၊ ဒေသံ- အရပ်သို့၊ ဂန္တွာ- သွား၍၊ ပုစ္ဆိယမာနောပိ- (ကြွေးမြီရှိသလားဟု) မေးအပ်ပါသော်လည်း၊ "အဟံ- တပည့်တော်သည်၊ ကဿစိ- တစ်စုံတစ်ယောက်အား၊ ကိဉ္စိ- တစ်စုံတစ်ခုသော ဥစ္စာကို၊ န ဓာရေမိ- ဆပ်စရာ မရှိပါ၊" ကုတိ- ဤသို့၊ ဝတ္တာ- လျှောက်ထား၍၊ စေ ပဗ္ဗဇတိ- အကယ်၍ ရှင်ပြုပေးအံ့၊ ကုဏ္ဍသာမိကော စ- ကြွေးမြီရှင်သည်လည်း၊ တံ- ထိုကြွေးမြီယူထားသူကို၊ ပရိယေသန္တော- ရှာဖွေစဉ်၊ တတ္ထ- ထိုကြွေးမြီယူထားသူ၏ ရှင်ပြုရာအရပ်သို့၊ သစေ ဂစ္ဆတိ- အကယ်၍ ရောက်သွားအံ့၊ ဒဟရော- ရှင်ငယ်သည်၊ တံ- ထိုကြွေးမြီရှင်ကို၊ ဒိသွာ- တွေ့၍၊ သစေ ပလာယတိ- အကယ်၍ ထွက်ပြေးအံ့၊ သော- ထိုကြွေးမြီရှင်သည်၊ ထေရံ- ဥပဇ္ဈာယ်ထေရ်ကို၊ ဥပသင်္ကမိတွာ- ချဉ်းကပ်၍၊ "ဘန္တေ- အရှင်ဘုရား၊ ကေန- အဘယ်ရဟန်းသည်၊ အယံ- ဤသူ့ကို၊ ပဗ္ဗာဇိတော- ရှင်ပြုပေးအပ်ပါသနည်း၊ မမ- တပည့်တော်၏၊ ဧတ္တက် နာမ- ဤမျှလောက် အတိုင်းအရှည်ရှိသည်မည်သော၊ ဓနံ- ဥစ္စာကို၊ ဂဟေတွာ- ယူ၍၊ ပလာတော- ထွက်ပြေးသူပါတည်း၊" ကုတိ- ဤသို့၊ သစေ ဝဒတိ- အကယ်၍ လျှောက်ထားအံ့၊ ဧဝံ သတိ၊ ထေရေန- ဥပဇ္ဈာယ်ထေရ်သည်၊ "ဥပါသက- ဥပါသကာ၊ မယာ- ငါသည်၊ 'အဟံ- တပည့်တော်သည်၊ အဏဏော- ကြွေးမြီမရှိသူပါတည်း၊' ကုတိ- ဤသို့၊ ဝဒန္တော- လျှောက်ထားသည်၊ ဟုတွာ၊ ပဗ္ဗာဇိတော- ရှင်ပြုပေးအပ်ပြီ၊ ဒါနိ- ယခုအခါ၌၊ ကိံ ကရောမိ- ဘာတတ်နိုင်တော့မည်နည်း၊ မေ- ငါ၏၊ ပတ္တစီဝရံ- သပိတ် သင်္ကန်းကို၊ ပဿ- ကြည့်ပါတော့၊" ကုတိ- ဤသို့၊ ဝတ္တွဗ္ဗံ- ပြောထိုက်၏၊ အယံ- ဤသို့ပြောဆိုခြင်းသည်၊ တတ္ထ- ထိုကြွေးရှိသူကို ရှင်ပြုပေးမိရာ၌၊ သာမိစိ- လောကုတ္တရာ တရားအားလျော်သော ကျင့်ဝတ်တည်း၊ ပန- ဆက်၊ (ဒဟရေ- ရှင်ငယ်သည်၊) ပလာတေ- ထွက်ပြေးလသော်၊ ဂီဝါ န ဟောတိ။

ပန- ဆက်၊ နံ- ထိုကြွေးမြီယူထားသူကို၊ ထေရဿ- ဥပဇ္ဈာယ်ထေရ်၏၊ သမ္မုခါဝ- မျက်မှောက်၌ပင်၊ ဒိသွာ- (ကြွေးရှင်က) တွေ့မြင်၍၊ "အယံ- ဤ

http://www.dhammadownload.com

သာမဏေသည်၊ မမ- တပည့်တော်၏၊ ကျဏာယိကော- ကြွေးမြီရှိသူပါတည်း၊" ကျတိ- ဤသို့၊ သစေ ဝဒတိ- အကယ်၍ လျှောက်ထားအံ့၊ ဧဝံ သတိ၊ "တဝ- သင်၏၊ ကျဏာယိကံ- ကြွေးမြီရှိသူကို၊ တွမေဝ- သင်ကိုယ်တိုင်သာ၊ ဇာနာဟိ- သိလော၊" ကျတိ- ဤသို့၊ ဝတ္တဗ္ဗော- ပြောထိုက်၏၊ ဧဝမ်ပိ- ဤသို့ပြောဆိုပါသော်လည်း၊ ဂီဝါ န ဟောတိ။ သော- ထိုကြွေးမြီရှင်သည်၊ "အယံ- ဤသူသည်၊ ပဗ္ဗဇိတော- ရှင်ပြုနေပါပြီ၊ ဒါနိ- ယခုအခါ၌၊ ကုဟိံ- အဘယ်အရပ်သို့၊ ဂမိဿတိ- သွားနိုင်ပါတော့မည်နည်း၊" ကျတိ- ဤသို့၊ သစေပိ ဝဒတိ- အကယ်၍မူလည်း လျှောက်ထားအံ့၊ ဧဝံ သတိ၊ ထေရေန- ဥပဇ္ဈာယ်မထေရ်သည်၊ "တံ့ ယေဝ- သင်ကိုယ်တိုင်သာ၊ ဇာနာဟိ- သိလော၊" ကျတိ ဝတ္တဗ္ဗော။ ဧဝမ်ပိ- ဤသို့ ပြောဆိုပြန်ပါသော်လည်း၊ အဿ- ထိုဥပဇ္ဈာယ်ထေရ်၏၊ (ဒဟရေ- ရှင်ငယ်သည်၊) ပလာတေ- ထွက်ပြေးလသော်၊ ဂီဝါ န ဟောတိ။

ပန- ဆက်၊ ထေရော- ဥပဇ္ဈာယ်ထေရ်သည်၊ "ဒါနိ- ယခုအခါ၌၊ အယံ- ဤသာမဏေသည်၊ ကုဟိံ- အဘယ်အရပ်သို့၊ ဂမိဿတိ- သွားလတံ့နည်း၊ ကုဓေဝ- ဤအရပ်၌သာ၊ အစ္ဆတု- နေပါစေတော့၊" ကျတိ- ဤသို့၊ သစေ ဝဒတိ- အကယ်၍ ပြောအံ့၊ သော- ထိုသာမဏေသည်၊ စေ ပလာယတိ- အကယ်၍ ထွက်ပြေးအံ့၊ ဧဝံ သတိ ဂီဝါ ဟောတိ၊ သော- ထိုသာမဏေသည်၊ သဟေတုကော- (မင်္ဂဖိုလ်ရရန်) အကြောင်းနှင့် တကွ ဖြစ်သော၊ သတ္တော- သတ္တဝါသည်၊ (သဟေတုကော သတ္တော- ကျွတ်ထိုက်သော ပုဂ္ဂိုလ်သည်၊) ဝတ္တသမ္မန္နော- ဝတ်အကျင့်နှင့် ပြည့်စုံသူသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ထေရေန- ဥပဇ္ဈာယ်ထေရ်သည်၊ "အယံ- ဤသာမဏေသည်၊ ဤဒိသော- ဤသို့ရှုအပ် (သော သဘောရှိ) သူတည်း၊" ကျတိ ဝတ္တဗ္ဗံ၊ ကျဏာသာမိကော- ကြွေးမြီရှင်သည်၊ "သာခူ"တိ- ကောင်းပါပြီဟူ၍၊ စေ ဝိဿဇ္ဇေတိ- (ကြွေးမြီကို မတောင်းတော့ဘဲ) အကယ်၍ စွန့်လွှတ်အံ့၊ ကျစ္စေတံ- ဤသို့စွန့်လွှတ်ခြင်းသည်၊ ကုသလံ- ကောင်း၏၊ "ဥပမုပမံ- အနည်းငယ် အနည်းငယ်၊ ဝါ- နည်း နည်းချင်း၊ ဒေထ- ပေးပါကုန်၊" ကျတိ- ဤသို့၊ ဝဒတိ- လျှောက်ထားအံ့၊ ဒါတဗ္ဗံ- (လျှောက်ထားသည့်အတိုင်း) ပေးရမည်။ (ဥပမုပမန္တိ- ထောက် ထောက်။ ဋီကာမျှား။)

အပရေန- တစ်ပါးသော၊ သမယေန- အခါ၌၊ (အပရေန သမယေန- ကြွေးရှင်က နည်းနည်းချင်းပေးပါဟု လျှောက်ထားပြီးရာနောက်အခါ၌၊)

http://www.dhammadownload.com

အတိအာရာဓကော- လွန်စွာ နှစ်သက်ကျေနပ်စေတတ်သူသည်၊ ဟောတိ- ဖြစ်အံ့၊ "သဗ္ဗံ- အလုံးစုံကို၊ ဒေထ- ပေးပါကုန်၊" ဣတိ- ဤသို့၊ ဝုတ္တေပိ- လျှောက်အပ်ပါသော်လည်း၊ ဒါတဗ္ဗမေဝ- ပေးထိုက်သည်သာ၊ ပန- ဆက်၊ ဥဒ္ဒေသပရိပုစ္ဆာဒီသု- ပါဠိကို ရွတ်ပြခြင်း အနက်ကို အဖန်ဖန်မေးခြင်းအစရှိသည်တို့၌၊ ကုသလော- ကျွမ်းကျင်သည်၊ ဘိက္ခူနံ- ရဟန်းတို့အား၊ ဗဟူပကာရော- များသော ကျေးဇူးရှိသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ (ဘိက္ခူနံ- ရဟန်းအားလုံးတို့၏၊) ဘိက္ခာစာရဝတ္တေန- ဆွမ်းခံလှည့်လည်ခြင်းဟူသော ကျင့်ဝတ်ဖြင့်၊ ပရိယေသိတွာပိ- ရှာဖွေ၍လည်း၊ ဣဏံ- ကြွေးမြီကို၊ ဒါတဗ္ဗမေဝ- ပေးသင့်သည်သာ။

၁၃၁။ "ဘိက္ခဝေ- ရဟန်းတို့၊ ဒါသော- ကျွန်ကို၊ နံ ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ၊" ဣတိ- ဤသို့၊ ဝစနတော- မိန့်တော်မူခြင်းကြောင့်၊ ဒါသောပိ- ကျွန်ကိုလည်း၊ နံ ပဗ္ဗာဇေတဗ္ဗော။ တတ္ထ- ထို "နံ ဘိက္ခဝေ ဒါသော"အစရှိသော ပါဠိ၌၊ (လဒ္ဓမာနာ- ရထိုက်ကုန်သော၊) **ဒါသာ**- ကျွန်တို့သည်၊ အန္တောဇာတော- အန္တောဇာတကျွန်လည်းကောင်း၊ ဓနက္ကီတော- ဓနက္ကီတကျွန်လည်းကောင်း၊ ကရမရာနီတော- ကရမရာနီတကျွန်လည်းကောင်း၊ သာမံ- ကိုယ်တိုင်၊ ဒါသဗျံ- ကျွန်အဖြစ်သို့၊ ဥပဂတော- ကပ်ရောက်သော ကျွန်လည်းကောင်း၊ ဣတိ- ဤသို့၊ စတ္တာရော- လေးယောက်တို့တည်း၊ တတ္ထ- ထိုလေးယောက်သော ကျွန်တို့တွင်၊ **အန္တောဇာတော** နာမ- အန္တောဇာတကျွန်မည်သည်၊ ဇာတိယာ- မွေးဖွားခြင်းအားဖြင့်၊ ဒါသော- ကျွန်ဖြစ်သော၊ ယရဒါသိယာ- အိမ်ကျွန်မ၏၊ ပုတ္တော- သားတည်း၊ **ဓနက္ကီတော** နာမ- ဓနက္ကီတကျွန်

ဒါတဗ္ဗမေဝ။ ။ ဥပဇ္ဈာယ်က မပေးတော့ဘူးဟု စိတ်ပိုင်းဖြတ်လိုက်လျှင် ရှင်သာမဏေမှာ ပေးဆပ်ရန်ရှိသော ကြွေးမြီတန်ဖိုးအားလျော်စွာ ဆုံးဖြတ်ရမည် ဖြစ်သောကြောင့် ကြွေးမြီရှင်က ဥစ္စာကို လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ (ကြွေးမြီရှိနေသော သာမဏေမှာ ပေးဆပ်ရန်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ဋီ။) ဥပဇ္ဈာယ်ဆရာက ပြန်ပေးရန်သာ အားထုတ်နေရမည်၊ အခြားရဟန်းများကလည်း "မပေးတော့ဘူးဟု စိတ်ပိုင်းဖြတ်မှုကိုတော့ မပြုပါနဲ့ဘုရား" ဟု ပြောဆို၍ အားပေးကူညီရမည်၊ ဧဝ သဒ္ဒါဖြင့် ဤအဓိပ္ပါယ်ကို ပြသည်။ (ဝိမတိ၊ ၂၁၁၀။)

ဒါတဗ္ဗမေဝ။ ။ သာမဏေက စာတော်လှန်၍ သံယာအားကျေးဇူးများလျှင် ရဟန်းအားလုံးကပင် ဝိနည်းတော်အတိုင်း ရှာ၍ ကြွေးဆပ်ရမည်။

http://www.dhammadownload.com

မည်သည်၊ မာတာပိတူနံ- မိဘတို့၏၊ သန္တိကာ- အထံမှ၊ ပုတ္တော ဝါ- သားကို သော်လည်းကောင်း၊ သာမိကာနံ- ကျွန်ပိုင်ရှင်တို့၏၊ သန္တိကာ- အထံမှ၊ ဒါသော ဝါ- ကျွန်ကိုသော်လည်းကောင်း၊ ဓနံ- ဥစ္စာကို၊ ဒတ္တာ- ပေး၍၊ ဒါသစာရိတ္တံ- ကျွန်၏ထုံးစံသို့၊ အာရောပေတ္တာ- တင်၍၊ ကီတော- ဝယ်အပ်သူတည်း၊ ဒွေပိ- နှစ်ယောက်လည်းဖြစ်ကုန်သော၊ ဧတေ- ဤအန္တောဇာတဓနက္ကီတကျွန်တို့ကို၊ န ပဗ္ဗာဇေတဗ္ဗာ- ရှင်ပြုမပေးထိုက်ကုန်၊ ပဗ္ဗာဇေန္တေန- ရှင်ပြုပေးသော ဆရာသည်၊ တတ္ထ တတ္ထ- ထိုထိုဇနပုဒ်၌၊ စာရိတ္တဝသေန- ထုံးတမ်းစဉ်လာ၏ အစွမ်းဖြင့်၊ အဒါသေ- ကျွန်မဟုတ်သည်တို့ကို၊ ကတ္တာ- ပြု၍၊ ပဗ္ဗာဇေတဗ္ဗာ။

ကရမရာနီတော နာမ- ကရမရာနီတကျွန်မည်သည်ကို၊ (ဧဝံ ဝေဒီတဗ္ဗော၊) တိရောရဋ္ဌံ- တိုင်းတစ်ပါးကို၊ ဝိလောပံ- လုယက်ဖျက်ဆီးမှုကို၊ ကတ္တာ ဝါ- ပြု၍ သော်လည်းကောင်း၊ ဥပလာပေတ္တာ ဝါ- ဖျားယောင်း၍သော်လည်းကောင်း၊ တိရောရဋ္ဌတော- တိုင်းတစ်ပါးမှ၊ ဘုဇိဿမာနုသကာနိ- လွတ်လပ်သော လူတို့ကို၊ (ကိုယ့်အလုပ်ကို ကိုယ်လုပ်နေသူတို့ကို) အာဟရန္တိ- ဆောင်ယူတတ်ကြကုန်၏၊ ဝါ- သို့မဟုတ်ခဲ့ပါလျှင်၊ အန္တောရဋ္ဌေယေဝ- မိမိတိုင်းနိုင်ငံအတွင်း၌ပင်၊ ကတာပရာဓံ- ပြုအပ်ပြီးသော မင်းပြစ်ရှိသော၊ ကိဉ္စိ- တစ်စုံတစ်ခုသော၊ ဂါမံ- ရွာကို၊ ရာဇာ- မင်းသည်၊ "ဝိလုမ္ပထ- လုယက်ဖျက်ဆီးကြကုန်၊" ဣတိ စ- ဤသို့လည်း၊ အာဏာပေတိ- စေခိုင်း၏၊ တတော- ထိုတစ်စုံတစ်ခုသော ရွာမှ၊ မာနုသကာနိပိ- လူတို့ကိုလည်း၊ အာဟရန္တိ- ဆောင်ယူတတ်ကြကုန်၏၊ တတ္ထ- ထိုလူတို့တွင်၊ သတ္တေ- အလုံးစုံကုန်သော၊ ပုရိသာ- ယောကျ်ားတို့သည်၊ ဒါသာ- ကျွန်ယောကျ်ားတို့တည်း၊ သတ္တာ- အလုံးစုံကုန်သော၊ ဣတ္ထိယော- မိန်းမတို့သည်၊ ဒါသိယော- ကျွန်မိန်းမတို့တည်း။

ဧဝရူပေါ- ဤသို့သဘောရှိသော၊ ကရမရာနီတော- ကရမရာနီတဖြစ်သော၊ ဒါသော- ကျွန်ကို၊ ယေဟိ- အကြင်သူတို့သည်၊ အာနီတော- ဆောင်ယူအပ်ခဲ့ပြီ၊

ဒါသဘာရိတ္တံ့ အာရောပေတ္တာ။ ။ ဤပါဠိဖြင့် ကျွန်အဖြစ်မှလွတ်အောင် ပိုင်ရှင်တို့ထံမှ ဥစ္စာပေး၍ ဝယ်ယူအပ်သောသူမျိုးသည် ကျွန်မဟုတ်တော့သည့်အတွက် ထိုသူမျိုးကို ရှင်ပြုပေးကောင်းသည်ဟူသော သဘောကိုလည်း ပြပါသည်။ (ဝိမတိ၊ ၂၊၁၁၀။)

တတ္ထ တတ္ထ စာရိတ္တဝသေန။ ။ ထိုထိုရပ်ရွာဒေသမှာ ကျွန်စာရင်းကို မီးရှို့မှုစသော ကျွန်မဟုတ်အောင်ပြုလုပ်ကြောင်း ထုံးတမ်းစဉ်လာဖြင့် ကျွန်အဖြစ်က ကင်းလွတ်အောင် လုပ်ပြီးမှ ရှင်ပြုပေးရမည်။ (ဝိမတိ၊ ၂၊၁၁၀။)

http://www.dhammadownload.com

တေသံ- ထိုဆောင်ယူခဲ့သူ (ကျွန်ပိုင်ရှင်) တို့၏၊ သန္တိကေ- အထံ၌၊ ဝသန္တော ဝါ- နေဆဲကျွန်ကိုသော်လည်းကောင်း၊ ဗန္ဓနာဂါရေ- အချုပ်ထောင်၌၊ ဗဒ္ဓေါ ဝါ- ချုပ်နှောင်အပ်သော ကျွန်ကိုသော်လည်းကောင်း၊ ပုရိသေဟိ- အစောင့်အရှောက်ယောကျ်ားတို့သည်၊ ရက္ခိယမာနော ဝါ- စောင့်ရှောက်အပ်ဆဲ ကျွန်ကိုသော်လည်းကောင်း၊ န ပဗ္ဗာဇေတဗ္ဗော။ ပန- အလျော်ကား၊ ပလာယိတ္တာ- ထွက်ပြေး၍၊ ဂတော- သွားသောကျွန်ကို၊ ဂတဋ္ဌာနေ- ရောက်အပ်သော အရပ်၌၊ ပဗ္ဗာဇေတဗ္ဗော။ ရာဇာ- မင်းသည်၊ ဘုဉ္ဇေန- နှစ်သက်သည်၊ ဟုတ္ဝာ- ဖြစ်၍၊ "ကရမရာနီတကေ- ကရမရာနီတကျွန်တို့ကို၊ မုဉ္စထ- လွှတ်ကြကုန်၊" ဣတိ- ဤသို့၊ ဝတ္ဝာ ဝါ- ပြော၍သော်လည်းကောင်း၊ သပ္ပသာဓာရဏေန- အလုံးစုံတို့နှင့် ဆက်ဆံသော၊ နယေန ဝါ- နည်းဖြင့်သော်လည်းကောင်း၊ ဗန္ဓနမောက္ခေ- အနှောင်အဖွဲ့မှ လွတ်ခြင်းကို၊ ကတေ- ပြုအပ်ပြီးလသော်၊ ပဗ္ဗာဇေတဗ္ဗော ဝ- မုချ ရှင်ပြုပေးထိုက်သည်သာ။

သာမံ- ကိုယ်တိုင်၊ **ဒါသမ္ပဲ**- ကျွန်၏အဖြစ်သို့၊ **ဥပဂတော** နာမ- ကပ်ရောက်သောသူမည်သည်၊ ဇီဝိတဟေတု ဝါ- အသက်မွေးဝမ်းကြောင်းဟူသော အကြောင်းကြောင့်သော်လည်းကောင်း၊ အာရက္ခဟေတု ဝါ- အစောင့်အရှောက်ဟူသော အကြောင်းကြောင့်သော်လည်းကောင်း၊ "အဟံ- အကျွန်ုပ်သည်၊ တေ- အရှင်၏၊ ဒါသော- ကျွန်ပါတည်း၊" ဣတိ- ဤသို့ပြော၍၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ ဒါသဘာဝံ- ကျွန်၏အဖြစ်သို့၊ ဥပဂတော- ကပ်ရောက်သူတည်း၊ (ကေ ဝိယ- အဘယ်သူတို့ကဲ့သို့နည်းဟူမူကား၊) ရာဇူနံ- မင်းတို့၏၊ ဟတ္ထိအဿဂေါမဟိံသဂေါပကာဒယော ဝိယ- ဆင်ထိန်း၊ မြင်းထိန်း၊ နွားထိန်း၊ ကျွဲထိန်းအစရှိသူတို့ကဲ့သို့တည်း၊ တာဒိသော- ထိုသို့ ရှုအပ်သော၊ ဒါသော- ကျွန်ကို၊ န ပဗ္ဗာဇေတဗ္ဗော။

ရညော- မင်း၏၊ ဝဏ္ဏဒါသိနံ- အဆင်းလှသော ကျွန်မတို့၏၊ ပုတ္တာ- သားတို့သည်၊ ဟောန္တိ- ရှိတတ်ကုန်၏၊ အမစ္စပုတ္တာသဒိသာ- အမတ်တို့၏

သပ္ပသာဓာရဏေနာပေန ဝါ နယေန။ ။ ရှေးမင်းတို့ အဘိသိက်ခံရာအခါ၊ ယခုခေတ်ဝယ် လွတ်လပ်ရေးရသောအခါစသည်တို့၌ အချုပ်အနှောင်ခံရသူ အကုန်လုံးကို၊ကိုလည်း လွှတ်ပေးတတ်ကြသည်၊ ထောင်တို့ကိုလည်း ဖွင့်လွှတ်ပေးတတ်ကြသည်၊ ဤသည်ကိုပင် ကျွန်ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ အားလုံးနှင့်ဆက်ဆံသော သပ္ပသာဓာရဏနည်းဟု ဆိုရသည်။ (ဋီကာများ။)

http://www.dhammadownload.com

သားတို့နှင့်တူကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ တေပိ- ထိုသားတို့ကိုလည်း၊ နပဗ္ဗာဇေတဗ္ဗာ၊ အသညတာ- မစောင့်စည်းကုန်သော၊ ဘုဇိဿိတ္တိယော- လွတ်လပ်သော မိန်းမတို့သည်၊ ဝဏ္ဏဒါသီဟိ- အဆင်းလှသော ကျွန်မတို့နှင့်၊ သဒ္ဓိ- အတူ၊ ဝိစရန္တိ- လှည့်လည်နေကြကုန်၏၊ တာသံ- ထိုမိန်းမတို့၏၊ ပုတ္တေ- သားတို့ကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ တာ- ထိုမိန်းမတို့သည်၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ ပဏ္ဏေ- ကျွန်စာရင်းစာရွက်သို့၊ သစေ အာရောပေန္တိ- အကယ်၍ တင်စေကုန်အံ့၊ တာသံ- ထိုကျွန်စာရင်းဝင် မိန်းမတို့၏၊ ပုတ္တေ- သားတို့ကို၊ ပဗ္ဗာဇေတုံ နဝဋ္ဋတိ။

ဘဋိပုတ္တဂဏာဒီနံ- ကုမာရနတ်ကို ဆည်းကပ်သော အဖွဲ့အစရှိသူတို့၏၊ ဒါသာပိ- (တစ်ဖွဲ့လုံးနှင့် ဆိုင်သော) ကျွန်တို့ကိုလည်း၊ တေဟိ- ထိုအဖွဲ့ဝင်ပုဂ္ဂိုလ် (အကုန်လုံး) တို့သည်၊ အဒိန္နာ- ကျေကျေနပ်နပ် မပေးအပ်ကုန်သည်၊ သမာနာ- ဖြစ်ကုန်လသော်၊ နပဗ္ဗာဇေတဗ္ဗာ။ ဝိဟာရေသု- ကျောင်းတိုက်တို့၌၊ ရာဇူဟိ- မင်းတို့သည်၊ အာရာမိကဒါသာ နာမ- အာရာမ်စောင့်ကျွန်မည်သည်တို့သည်၊ ဝါ- တို့ကို၊ ဒိန္နာ- ပေးလှူအပ်ကုန်သည်၊ ဟောန္တိ၊ တေပိ- ထိုအာရာမိက ကျွန်တို့ကိုလည်း၊ ပဗ္ဗာဇေတုံ နဝဋ္ဋတိ။ ပန- အလျော်ကား၊ ဘုဇိသော- ကျွန်မဟုတ်သူတို့ကို၊ ကတ္တာ- ပြုပြီးမှ၊ ပဗ္ဗာဇေတုံ၊ ဝဋ္ဋတိ။ **မဟာပစ္စရိယံ**- မဟာပစ္စရီအဋ္ဌကထာ၌၊ "အန္တောဇာတဓနက္ကီတော- အန္တောဇာတကျွန်ဓနက္ကီတကျွန်တို့ကို၊ အာနေတွာ- ဆောင်ယူလာ၍၊ ဘိက္ခသံယာသ- ရဟန်းသံဃာအား၊ "အာရာမိကေ- အာရာမ်စောင့်တို့ကို၊ ဒေမ- လှူပါကုန်၏။" ဣတိ- ဤသို့ လျှောက်၍၊ ဒေန္တိ- လှူတတ်ကြကုန်၏၊ တက္ကံ- ရက်တက်ရည်ကို၊

သယမေဝ။ပ။ နဝဋ္ဋတိ။ ။ လွတ်လပ်သော အမျိုးသမီးတို့က ကျမတို့လည်း အလှကျွန်မများဖြစ်ပါရစေဟု မိမိကို စောင့်ရှောက်ရန် မင်းတို့၏ ကျွန်မစာရင်း၌ မိမိ၏ အမည်ကို အရေးခိုင်းတတ်ကြသည်။ ထိုအမျိုးသမီးတို့မှ မွေးဖွားလာသော သားများလည်း မင်း၏ ကျွန်များသာ ဖြစ်ကြရတော့သည်၊ ထို့ကြောင့် သူတို့ကို ရှင်ပြုမပေးသင့်။ (ဝိမတိ၊ ၂၊၁၁၁။)

ဘုဇိဿေ။ပ။ ဝဋ္ဋတိ။ ။ အာရာမ်စောင့်ကျွန်ကို အလှူခံထားသော ကျောင်းတိုက်ရှိ သံဃာကို အသိပေး၍ အာရာမ်စောင့်ကျွန်၏ မူလတန်ဖိုးထက် ပိုအောင် (သို့မဟုတ် တန်းတူညီမျှအောင်) ဥစ္စာများကိုပေး၍ ကျွန်မဟုတ်အောင် လုပ်ပြီးမှ ရှင်ပြုပေးကောင်းသည်။ (ဝိမတိ၊ ၂၊၁၁၁။)

တက္ကံ။ပ။ ဝဋ္ဋတိ။ ။ အချို့သိဟိုဠ်စသော အရပ်ဒေသတို့၌ ကျွန်အဖြစ်မှ ကင်းလွတ်အောင်လုပ်လိုလျှင် ရက်တက်ရည်ကို ခေါင်းပေါ်၌ သွန်းလောင်းရသည်၊ ရက်

http://www.dhammadownload.com

သီသေ- ဦးခေါင်း၌၊ အာသိတ္တကသဒိသာဝ- သွန်းလောင်းအပ်သည်နှင့် တူကုန်သည်သာ၊ ဟောန္တိ- ဖြစ်ကုန်၏၊ တေ- ထိုအာရာမ်စောင့်ဖြစ်သော ကျွန်တို့ကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ၊" ဣတိ- ဤသို့၊ ဝုတ္တံ။ **ကုရုန္ဒိယံ** ပန- ကုရုန္ဒီအဋ္ဌကထာ၌ကား၊ "အာရာမိကံ ဒေမ၊ ဣတိ- ဤသို့၊ ကပ္ပိယဝေါဟာရေန- အပ်သော အသုံးအနှုန်းဖြင့်၊ ဒေန္တိ- လှူကုန်အံ့၊ ယေန ကေနစိ- အမှတ်မထား တပါးပါးသော၊ ဝေါဟာရေန- အသုံးအနှုန်းဖြင့်၊ ဒိန္နော- လှူအပ်သည်၊ ဟောတု- ဖြစ်စေ၊ နေဝ ပဗ္ဗာဇေတဗ္ဗော၊" ဣတိ- ဤသို့၊ ဝုတ္တံ- မိန့်အပ်ပြီ။

ဒုဂ္ဂတမနုဿာ- ဆင်းရဲနွမ်းပါးသော လူတို့သည်၊ "သံဃံ- သံဃာကို၊ နိဿာယ- မှီ၍၊ ဇီဝိဿာမ- အသက်မွေးကုန်အံ့၊" ဣတိ- ဤသို့ကြံ၍၊ ဝိဟာရေ- ကျောင်းတိုက်၌၊ ကပ္ပိယကာရကာ- အပ်စပ်အောင် ပြုတတ်သူတို့သည်၊ ဟောန္တိ- ဖြစ်တတ်ကုန်၏၊ ဧတေ- ဤကပ္ပိယကာရကတို့ကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ ယဿ- အကြင်သူ၏၊ မာတာပိတရော- မိဘတို့သည်၊ ဒါသာ- ကျွန်တို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏၊ ဝါ- သို့မဟုတ်၊ မာတာ ဧဝ- အမိသည်သာ၊ ဒါသီ- ကျွန်မတည်း၊ ပိတာ- အဘသည်၊ အဒါသော- ကျွန်မဟုတ်၊ တံ- ထိုသူ့ကို၊ ပဗ္ဗာဇေတုံ နဝဋ္ဋတိ။ ပန - အလျော်ကား၊ ယဿ- အကြင်သူ၏၊ မာတာ- အမိသည်၊ အဒါသီ- ကျွန်မ, မဟုတ်၊ ပိတာ- အဘသည်၊ ဒါသော- ကျွန်တည်း၊ တံ- ထိုသူ့ကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ (ဤသို့ခွဲဆိုထားသဖြင့် မိဘနှစ်ပါးတို့တွင် အမိကသာ ပဓာန ဖြစ်ကြောင်း သိသာသည်။)

ဘိက္ခုဿ- ရဟန်း၏၊ ဉာတကာ ဝါ- ဆွေမျိုးတို့သည်သော်လည်းကောင်း၊ ဥပဋ္ဌာကာ ဝါ- အလုပ်အကျွေးတို့သည်သော်လည်းကောင်း၊ "ဣမံ- ဤသူကို၊ ပဗ္ဗာဇေထ- ရှင်ပြုပေးကြပါကုန်၊ တုမှာကံ- အရှင်ဘုရားတို့၏၊ ဝေယျာဝစ္စံ-

---

တက်ရည်ဖြင့် ခေါင်းဆေးရသည်၊ ထိုသို့ပြုလုပ်လိုက်သဖြင့် သူတို့သည် ကျွန်အဖြစ်မှ ကင်းလွတ်ခွင့် ရသူများဖြစ်လာကြရသည်ဟု ပြောခြိုးဆိုစဉ် စကားရှိသည်၊ အန္တောဇာတ ကျွန် ဓနက္ကိတကျွန်တို့ကို အာရာမ်စောင့်အဖြစ်ဖြင့် လှူခြင်းသည် ယင်းသို့ကျွန်အဖြစ်မှ ကင်းလွတ်အောင်လုပ်သည်နှင့် တူသည်၊ ထို့ကြောင့် ရှင်ပြုပေးနိုင်သည်၊ ဤသည်မှာ မဟာပစ္စရီအဋ္ဌကထာ၏ အလိုဖြစ်သည်။

နေဝ ပဗ္ဗာဇေတဗ္ဗော ။ ။ အာရာမ်စောင့်ဟူသော အပ်သောစကား အသုံးအနှုန်းဖြင့် လျှောက်ထားလှူဒါန်းပါသော်လည်း အာရာမိကကျွန်ဖြစ်နေသည်သာ၊ ထို့ကြောင့် ရှင်ပြုမပေးသင့်၊ မအပ်သော စကားအသုံးအနှုန်းဖြင့် လှူဒါန်းပါမူ ပြောဖွယ်ပင် မရှိပါ၊ ဤသည်မှာ ကုရုန္ဒီအဋ္ဌကထာအလို ဖြစ်ပေသည်။

http://www.dhammadownload.com

ဝေယျာဝစ္စကို၊ ကရိဿတိ- ပြုပါလတ္တဲ့၊" ဣတိ- ဤသို့လျှောက်ထား၍၊ ဒါသံ- ကျွန်ကို၊ ဒေန္တိ- လှူတတ်ကြကုန်၏၊ ဝါ- သို့မဟုတ်၊ အဿ- ထိုရဟန်းမှာ၊ အတ္တနော- မိမိ၏၊ ဒါသော- ကျွန်သည်၊ အတ္ထိ- ရှိနေအံ့၊ ဘုဇိဿော ကတော ဝ- ကျွန်မဟုတ်အောင် လုပ်ပြီးသူကိုသာ၊ ပဗ္ဗာဇေတဗ္ဗော။ သာမိကာ- ကျွန်ပိုင်ရှင်တို့သည်၊ "ဣမံ- ဤသူ့ကို၊ ပဗ္ဗာဇေထ၊ သစေ အဘိရမိဿတိ- အကယ်၍မွေ့လျော်လိမ့်အံ့၊ ဧဝံ သတိ၊ အဒါသော- ကျွန်မဟုတ်တော့ပါ၊ စေ ဝိဿမိဿတိ- အကယ်၍ လူထွက်လိမ့်အံ့၊ ဧဝံ သတိ၊ အမှာကံ- တပည့်တော်တို့၏၊ ဒါသော ဝ- ကျွန်ဖြစ်မြဲတိုင်းသာ၊ ဘဝိဿတိ- ဖြစ်ပါလိမ့်မည်၊" ဣတိ- ဤသို့ လျှောက်ထား၍၊ ဒါသံ- ကျွန်ကို၊ ဒေန္တိ၊ အယံ- ဤသူသည်၊ တာဝကာလိကော နာမ- အခိုက်အတန့်မျှ လွတ်လပ်သူမည်၏၊ တံ- ထိုသူ့ကို၊ ပဗ္ဗာဇေတုံ နဝဋ္ဋတိ၊ ဣတိ **ကုရုန္ဒိယံ** ဝုတ္တံ၊ နိဿာမိကဒါသော- ပိုင်ရှင်မရှိသော ကျွန်သည်၊ ဟောတိ- ရှိတတ်၏၊ သောပိ- ထိုကျွန်ကိုလည်း၊ ဘုဇိဿော- ကျွန်မဟုတ်သည်ကို၊ ကတောဝ- ပြုအပ်ပြီးသူကိုသာ၊ ပဗ္ဗာဇေတဗ္ဗော၊ အဇာနန္တော- ကျွန်ဖြစ်နေကြောင်းကို မသိသည်၊ ဟုတ္တာ၊ ပဗ္ဗာဇေတ္တာ ဝါ- ရှင်ပြုပေးပြီး၍သော်လည်း ကောင်း၊ ဥပသမ္ပာဒေတ္တာ ဝါ- ရဟန်းခံပေးပြီး၍သော်လည်းကောင်း၊ ပစ္စာနောက်မှ၊ ဇာနန္တိ- သိကုန်အံ့၊ (ဧဝံ သတိ၊) ဘုဇိဿံ- ကျွန်မဟုတ်အောင်၊ ကာတုမေဝ- ပြုခြင်းငှာသာ၊ ဝဋ္ဋတိ- သင့်၏။

စ- ဆက်၊ ဣမဿ အတ္ထဿ- ဤအနက်အဓိပ္ပာယ်ကို၊ ပကာသနတ္ထံ- ထင်ရှားပြခြင်း အကျိုးငှာ၊ ဣဒံ ဝတ္ထု- ဤဝတ္ထုကို၊ ဝဒန္တိ- ပြောကြကုန်၏၊ ကိရ- ခဲ့ဦးအံ့၊ ဧကော- တစ်ယောက်သော၊ ကုလဒါသီ- အမျိုးကျွန်မသည်၊ ဧကေန- ယောကျ်ားတစ်ယောက်နှင့်၊ သဒ္ဓိံ- တကွ၊ အနုရာဓပုရာ- အနုရာဓမြို့မှ၊ ပလာယိတွာ- လိုက်ပြေး၍၊ ရောဟဏေ- ရောဟဏဇနပုဒ်၌၊ ဝသမာနာ- နေစဉ်၊ ပုတ္တံ- သားကို၊ ပဋိလဘိ- ရပြီ၊ သော- ထိုသားသည်၊ ပဗ္ဗဇိတွာ- ရှင်ပြုပြီး၍၊ ဥပသမ္ပန္နကာလေ- ရဟန်းဖြစ်ရာအခါ၌၊ လဇ္ဇီ- မကောင်းမှုမှ ရှက်ခြင်းရှိသည်၊ ကုက္ကုစ္စကော- ဝိနယကုက္ကုစ္စရှိသည်၊ အဟောသိ- ဖြစ်ပြီ၊ အထ- ထိုမှနောက်၌၊ ဧကဒိဝသံ- တစ်နေ့သ၌၊ မာတရံ- မယ်တော်ကို၊ ပုစ္ဆိ- မေးပြီ၊ "ကိံ- အဘယ်သို့ မေးသနည်း၊ ဥပါသိကေ- ဒကာမကြီး၊ ကိံ- အသို့နည်း၊ တုမှာကံ- မယ်တော်တို့မှာ၊ ဘာတာ ဝါ- မောင်သည်လည်းကောင်း၊ ဘဂိနီ ဝါ- အစ်မ ညီမသည်လည်းကောင်း၊ နတ္ထိ- မရှိပါသလော?၊ ကိဉ္စိ- တစ်စုံ တစ်ယောက်သော၊ ဉာတကံ- ဆွေမျိုးကို၊ နပဿာမိ- မမြင်ပါတကား၊" ဣတိ- ဤသို့၊

http://www.dhammadownload.com

ပုစ္ဆိ- မေးပြီ၊ တာတ-သားတော်၊ အဟံ- မယ်တော်သည်၊ အနုရာဓပုရေ- ၌၊ ကုလဒါသိ- အမျိုးကျွန်မတည်း၊ တဝ- သားတော်၏၊ ပိတရာ- ခမည်းတော်နှင့်၊ သဒ္ဓိ- တကွ၊ ပလာယိတွာ- လိုက်ပြေးလာခဲ့၍၊ ဣဓ- ဤရောဟဏဇနပုဒ်၌၊ ဝသာမိ- နေပါ၏၊ ဣတိ- ဤသို့ လျှောက်ထားပြီ။

သီလဝါ- သီလရှိသော၊ ဘိက္ခူ- ရဟန်းသည်၊ "မေ- ငါ၏၊ ပဗ္ဗဇ္ဇာ- ရှင်ရဟန်းအဖြစ်သည်၊ အသုဒ္ဓါ ကိရ- မစင်ကြယ်သတတ်၊" ဣတိ- ဤသို့၊ သံဝေဂံ- ထိတ်လန့်ကြောင်း သဟောတ္တပ္ပဉာဏ်ကို၊ လဘိတွာ- ရ၍၊ မာတရံ- မယ်တော်ကို၊ တဿ ကုလဿ- ထိုကျွန်ပိုင်ရှင် အမျိုး၏၊ နာမဂေါတ္တံ- အမည်အနွယ်ကို၊ ပုစ္ဆိတွာ- မေး၍၊ အနုရာဓပုရံ- အနုရာဓမြို့သို့၊ အာဂမ္မ- လာ၍၊ တဿ ကုလဿ- ထိုကျွန်ပိုင်ရှင်အမျိုး၏၊ ဃရဒ္ဒါရေ- အိမ်ပေါက်၌၊ အဋ္ဌာသိ- ရပ်ပြီ၊ "ဘန္တေ- အရှင်ဘုရား၊ အတိစ္ဆထ- ဤအိမ်ကိုကျော်လွန်၍ တခြားအိမ်၌ အလိုရှိပါကုန်၊ (တစ်နည်း- အတိစ္ဆထ ဘန္တေ- ကန်တော့ဆွမ်းပါဘုရား၊)" ဣတိ- ဤသို့၊ ဝုတ္တေပိ- လျှောက်အပ်ပါသော်လည်း၊ နာတိက္ကမိ- အိမ်ကိုလွန်၍မသွား၊ တေ- ထိုအိမ်ရှင်တို့သည်၊ အာဂန္တွာ- လာ၍၊ "ဘန္တေ- အရှင်ဘုရား၊ ကိံ- အသို့ ပါနည်း၊" ဣတိ- ဤသို့၊ ပုစ္ဆိံသု- မေးလျှောက်ကြကုန်ပြီ၊ "တုမှာကံ- သင်ဒကာတို့၏၊ ဣတ္ထန္နာမာ- ဤအမည်ရှိသော၊ ပလာတာ- ထွက်ပြေးသော၊ ဒါသီ- ကျွန်မသည်၊ အတ္ထိ- ရှိဖူးသလော၊" ဣတိ၊ "ဘန္တေ- အရှင်ဘုရား၊ အတ္ထိ- ရှိပါ၏၊" "အဟံ- ငါသည်၊ တဿာ- ထိုကျွန်မ၏၊ ပုတ္တော- သားတည်း၊ မံ- ငါ့ကို၊ တုမှေ- သင်တို့သည်၊ သစေ အနုဇာနာထ- အကယ်၍ ခွင့်လွှတ်ကုန်အံ့၊ ဧဝံ သတိ၊ ပဗ္ဗဇ္ဇံ- ရှင်ရဟန်းအဖြစ်ကို၊ လဘာမိ- ရနိုင်စရာ ရှိပါ၏၊ တုမှေ- သင်တို့သည်၊ မယ္ဟံ- ငါ၏၊ သာမိကာ- အရှင်တို့ပါတည်း၊" ဣတိ- ဤသို့ ပြောပြီ။

တေ- ထိုကျွန်ပိုင်ရှင်တို့သည်၊ ဟဋ္ဌတုဋ္ဌာ- ရွှင်လန်းနှစ်သက်ကုန်သည်၊ ဟုတွာ- ဖြစ်၍၊ "ဘန္တေ- အရှင်ဘုရား၊ တုမှာကံ- အရှင်ဘုရားတို့၏၊ ပဗ္ဗဇ္ဇာ- ရှင်ရဟန်းအဖြစ်သည်၊ သုဒ္ဓါ- စင်ကြယ်ပါ၏၊" ဣတိ- ဤသို့လျှောက်၍၊ တံ- ထိုရဟန်းကို၊ ဘုဇိဿံ- ကျွန်အဖြစ်မှ လွတ်သူကို၊ ကတွာ- ပြု၍၊ စတူဟိ- လေးပါးကုန်သော၊ ပစ္စယေဟိ- ပစ္စည်းတို့ဖြင့်၊ ပဋိဇဂ္ဂန္တွာ- ပြုစုလုပ်ကျွေးကုန်လျက်၊ မဟာဝိဟာရေ- မဟာဝိဟာရကျောင်းတိုက်၌၊ ဝသာပေသုံ- နေစေကြကုန်ပြီ၊ ထေရော- ထေရ်သည်၊ တံ ကုလံ- ထိုအမျိုးကို၊ နိဿာယ- မှီ၍၊ ဝသမာနောယေဝ- နေစဉ်ပင်၊ အရဟတ္တံ- အရဟတ္တဖိုလ်သို့၊ ပါပုဏိ- ရောက်ပြီ၊ ဣတိ ဣဒံ ဝတ္ထုံ- ဤဝတ္ထုကို၊ ဝဒန္တိ- ပြောကြကုန်၏။

http://www.dhammadownload.com

၁၃၂။ ပန- ကား၊ "ဘိက္ခဝေ- ရဟန်းတို့၊ ဟတ္ထစ္ဆိန္နော- လက်ပြတ်နေသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော- ရှင်ပြုမပေးထိုက်၊ ပါဒစ္ဆိန္နော- ခြေပြတ်နေသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ ဟတ္ထပါဒစ္ဆိန္နော- လက်ခြေပြတ်နေသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ ကဏ္ဏနာသစ္ဆိန္နော- နားပြတ်နေသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ နာသစ္ဆိန္နော- နှာခေါင်းပြတ်နေသူကို၊ (ပါဠိတော်) ကဏ္ဏနာသစ္ဆိန္နော- နား နှာခေါင်းပြတ်နေသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော။ အင်္ဂုလိစ္ဆိန္နော- လက်ချောင်း ခြေချောင်း ပြတ်နေသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ အင်္ဂုစ္ဆိန္နော- လက်မ ခြေမ ပြတ်နေသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ ကဏ္ဍရစ္ဆိန္နော- အကြောကြီးပြတ်နေသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ ဖဏဟတ္ထကော- မြွေပါးပျဉ်းကဲ့သို့ တွဲစပ်နေသော လက်ချောင်း ခြေချောင်းရှိသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ ခုဇ္ဇော- ကျောကုန်းသူ ခါးကုန်းသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ ဝါမနော- ပုကွသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ ဂလဂဏ္ဍီ- လည်ပင်း၌ မြင်းဖုရှိသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ လက္ခဏာဟတော- အမှတ်အသားခတ်နှိပ်အပ်ပြီးသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ ကသာဟတော- ကြိမ်တို့ဖြင့် နှိပ်စက်အပ်ပြီးသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ လိခိတကော- စာရင်းတင်ထား ရေးသားအပ်ပြီးသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ သီပဒီ- ဆင်ခြေထောက်ရောဂါရှိသူကို၊ နှ ပဗ္ဗာဇေတဗ္ဗော၊ ပါပရောဂီ- ရှေးရောခုပါ

ကဏ္ဍရစ္ဆိန္နော။ ။ ကဏ္ဍရာ+ဆိန္နော၊ ကဏ္ဍရာ- အကြောမကြီး၊ ကြွက်သားနှင့် ကိုယ်အင်္ဂါ အစိတ်အပိုင်းရှိ အရိုးဆက်သည့် အကြောမျှင် (Tendons-သူ၊) ဆိန္နော- ပြတ်နေသူ။

ဖဏဟတ္ထက။ ။ မြွေပါးပျဉ်းကဲ့သို့ လက်ချောင်းများ တွဲစပ်ပူးကပ်နေသူ၊ (With hands like a snake. Apostrophe shood. Da)

ခုဇ္ဇ။ ။ ကျော- ခါးကုန်းသူ၊ ခါးကုန်း၊ ကျောမှာ အဖုကြီးရှိသူ၊ (Crooked and hump backed, သူ, a hunch.- back, Bha)

ဝါမနော။ ။ လူပုလူကွ၊ (Dwarf, သူ)

သီပဒီ။ ။ သီပဒီ- ဆင်ခြေထောက်ရောဂါရှိသူ၊ ဝမ်းတွင်းပါခြေတိုသူ၊ (Having Swelled leg, suffering from elephantiasis, a clubfooted man; = Mo)

ပါပရောဂီ။ ။ ပါပရောဂ- တစ်စုံတစ်ရာ ထူးခြားဆိုးဝါးသော ကံကြမ္မာ၏ အကျိုးအနေဖြင့် ဖြစ်ပွားလာသော ရောဂါဆိုးများ။ (နာ)

a disease as penalty of sin; သူ, any bad disease (Considered as the penalty of sin in a former life), Mo; The disease which is considered to be iflicted upon a person owing to sins committed in a previous birth; Bh;

http://www.dhammadownload.com

ပြုလုပ်လာသည့် ကံကြမ္မာကျိုးရောဂါဆိုးရှိနေသူကို၊ နပဗ္ဗာဇေတဗ္ဗော၊ ပရိသ-ဒူသကော- ပရိသတ်လယ် မတင့်တယ်သည့် မဖွယ်မရာ ကိုယ်အင်္ဂါရှိနေသူကို၊ နပဗ္ဗာဇေတဗ္ဗော၊ ကာဏော- ကန်းသူကို၊ နပဗ္ဗာဇေတဗ္ဗော၊ ကုဏီ- လက်ကောက်နေသူကို၊ နပဗ္ဗာဇေတဗ္ဗော၊ ခဥ္ဇော- ခြေခွင်သောသူကို၊ နပဗ္ဗာဇေ-တဗ္ဗော၊ ပက္ခဟတော- ကိုယ်အင်္ဂါ တစ်ဖို့တစ်ပိုင်း ပျက်နေသူကို၊ နပဗ္ဗာဇေ-တဗ္ဗော၊ ဆိန္နိရိယာပထော- ပြတ်သော ဣရိယာပုထ်ရှိသူ (ဆွံ့သူ) ကို၊ နပဗ္ဗာဇေ တဗ္ဗော၊ ဇရာဒုဗ္ဗလော- အိုသည်၏ အဖြစ်ကြောင့် အားမရှိသူကို၊ နပဗ္ဗာဇေ-တဗ္ဗော၊ အန္ဓော- ပဋိသန္ဓေအားဖြင့် ကန်းသူကို၊ နပဗ္ဗာဇေတဗ္ဗော၊ မူဂေါ-အ,သောသူ စကားမပြောတတ်သူကို၊ နပဗ္ဗာဇေတဗ္ဗော၊ ဗဓိရော- (လုံးဝ မကြားအောင်) နားထိုင်းသူကို၊ နပဗ္ဗာဇေတဗ္ဗော၊ အန္ဓမူဂေါ- ကန်းလည်းကန်း အလည်းအသူကို၊ နပဗ္ဗာဇေတဗ္ဗော၊ အန္ဓဗဓိရော- ကန်းလည်းကန်း နားလည်း ထိုင်းသူကို၊ နပဗ္ဗာဇေတဗ္ဗော၊ မူဂဗဓိရော- အလည်းအ နားလည်းထိုင်းသူကို၊ နပဗ္ဗာဇေတဗ္ဗော၊ အန္ဓမူဂဗဓိရော- ကန်းလည်းကန်း, အလည်းအ,နားလည်း ထိုင်းသူကို၊ နပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋ္ဌသ၊" ဣတိ-ဤသို့၊ ဝစနတော- မိန့်တော်မူခြင်းကြောင့်၊ ဟတ္ထစ္ဆိန္နာဒယောပိ- လက်ပြတ်နေသူအစရှိသော ပုဂ္ဂိုလ်တို့ကိုလည်း၊ နပဗ္ဗာဇေတဗ္ဗာ- ရှင်ပြုမပေးသင့်ကုန်။

တတ္ထ- ထိုဟတ္ထစ္ဆိန္န-အစရှိသော ပုဂ္ဂိုလ်တို့တွင်၊ ယဿ- အကြင်ပုဂ္ဂိုလ်၏၊ ဟတ္ထတလေ ဝါ- လက်ဖဝါးအပြင်၌သော်လည်းကောင်း၊ မဏိဗန္ဓေ ဝါ- လက်ကောက်ဝတ်၌သော်လည်းကောင်း၊ ကပ္ပရေ ဝါ- တံတောင်၌သော်လည်း

ကုဋ္ဌနာ (Leprosy), ချောင်းဆိုးသွေးပါ အဆုတ်နာ, (The tuberculosis. T.B.) ကျောက်ကြီးရောဂါ (Small pox), မြင်းသရိုက်နာ (Hemorrhoids), ခွေးရူးနာ (Rabidity), စိတ္တဇရောဂါ (Maniac) အမျိုးမျိုးစသော အကုခက်သည့် အနာမျိုး ကူးစက်တတ်သည့် အနာမျိုးရှိနေသူသည် ပါပရောဂီ မည်သည်။

ကုဏီ ။ ။ လက်ကောက်သူ၊ လက်သိမ်နေသူ၊ လက်ချောင်းမပါသော လက်ရှိသူ (having a bend or withered arm or hand without fingers: သူ)

ခဥ္ဇ ။ ။ လိမ်ဖယ်ကောက်ကွေးသော ခြေထောက်ရှိသူ၊ (နာ) (walk lame. Mo: lame. crippled, သူ)

ပက္ခဟတ ။ ။ သွက္ချာပါဒ လေငန်းရောဂါကြောင့် ကိုယ်တစ်ခြမ်းသေနေသူ၊ (ကောတ္ထု) (paralysed on one side. Mo:)

မူဂ ။ ။ စကားမပြောနိုင်သော နှုတ်အသော (သူ) (dumb. speechless. mute. silent. Mo+သူ)

http://www.dhammadownload.com

ကောင်း၊ ယတ္ထ ကတ္ထစိ- အမှတ်မထား တစ်ပါးပါးသော အရပ်၌၊ ဧကော ဝါ- တစ်ဖက်သော်လည်းဖြစ်သော၊ ဒွေ ဝါ- နှစ်ဖက်သော်လည်းဖြစ်ကုန်သော၊ ဟတ္ထာ- လက်တို့သည်၊ ဆိန္နာ- ပြတ်ကုန်သည်၊ ဟောန္တိ၊ သော- ထိုပုဂ္ဂိုလ်သည်၊ **ဟတ္ထစ္ဆိန္နော**တိ- ဟတ္ထစ္ဆိန္နမည်၏၊ ယဿ- အကြင်ပုဂ္ဂိုလ်၏၊ အဂ္ဂပါဒေ ဝါ- ခြေဖျားဒ်သော်လည်းကောင်း၊ ဂေါပ္ပကေသု ဝါ- ဖမျက်တို့၌သော်လည်းကောင်း၊ ဇယ်ာယ ဝါ- ခြေသလုံးဒ်သော်လည်းကောင်း၊ ယတ္ထ ကတ္ထစိ- အမှတ်မထား တစ်ပါးပါးသော အရပ်၌၊ ဧကော ဝါ- တစ်ဖက်သော်လည်း ဖြစ်သော၊ ဒွေ ဝါ- နှစ်ဖက်သော်လည်းဖြစ်ကုန်သော၊ ပါဒါ- ခြေတို့သည်၊ ဆိန္နာ ဟောန္တိ၊ သော- ထိုပုဂ္ဂိုလ်သည်၊ **ပါဒစ္ဆိန္နော**တိ- ပါဒစ္ဆိန္နမည်၏၊ ယဿ- ၏၊ ဝုတ္တပ္ပကာရေနေဝ- ဆိုအပ်ပြီးသော (ဟတ္ထတလေ ဝါ-စသော) အပြားအားဖြင့်သာ၊ စတူသု- လေးဖက်ကုန်သော၊ ဟတ္ထပါဒေသု- လက်ခြေတို့၌၊ ဒွေ ဝါ- နှစ်ဖက်သော်လည်း ဖြစ်ကုန်သော၊ တယော ဝါ- သုံးဖက်သော်လည်းဖြစ်ကုန်သော၊ သတ္ထေ ဝါ- အလုံးစုံ (လေးဖက်) သော်လည်း ဖြစ်ကုန်သော၊ ဟတ္ထပါဒါ- လက်ခြေတို့သည်၊ ဆိန္နာ- ပြတ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ သော- ထိုပုဂ္ဂိုလ်သည်၊ **ဟတ္ထပါဒစ္ဆိန္နော**တိ- ဟတ္ထပါဒစ္ဆိန္နမည်၏။

ယဿ- အကြင်ပုဂ္ဂိုလ်၏၊ ကဏ္ဏမူလေ ဝါ- နားရင်းဒ်သော်လည်းကောင်း၊ ကဏ္ဏသက္ခလိကာယ ဝါ- နားရွက်ဒ်သော်လည်းကောင်း၊ ဧကော ဝါ- တစ်ဖက်သော်လည်းဖြစ်သော၊ ဒွေ ဝါ- နှစ်ဖက်သော်လည်းဖြစ်ကုန်သော၊ ကဏ္ဏာ- နားတို့သည်၊ ဆိန္နာ ဟောန္တိ၊ သော- ထိုပုဂ္ဂိုလ်သည်၊ **ကဏ္ဏစ္ဆိန္နော**တိ- ကဏ္ဏစ္ဆိန္နမည်၏၊ ပန- ဆက်၊ ယဿ- ၏၊ ကဏ္ဏာ- နားတို့သည်၊ ကဏ္ဏာဝဋ္ဋေ- (နားကပ် ဝတ်ရန် ဖောက်ထားသော) နားပေါက်၌၊ ဆိဇ္ဈန္တိ- ပြတ်နေကုန်၏၊ သယ်ာဋ္ဌေတံ- ဆက်စပ်ခြင်းငှာ၊ သက္ကာ စ- တတ်ကောင်းသည်လည်း၊ ဟောတိ၊ သော- ထိုသူ့ကို၊ ကဏ္ဏံ- ပြတ်နေသော နားကို၊ သယ်ာဋ္ဌေတွာ- ဆက်စပ်၍၊ ပဗ္ဗာဇေတဗ္ဗော။

ယဿ- ၏၊ အဇပဒကေ ဝါ- ဆိတ်ခွာသဏ္ဌာန်ရှိသော နှာခေါင်းရိုး၏၊ အစွန်းဒ်သော်လည်းကောင်း၊ အဂ္ဂေ ဝါ- အဖျားဒ်သော်လည်းကောင်း၊ ဧကပုဋ္ဌေ ဝါ-

---

ကဏ္ဏာဝဋ္ဋေ။ပ။ တဗ္ဗော။ ။ ကဏ္ဏာဝဋ္ဋဟူသည် နားကပ်စသည် ဝတ်ဆင်ရန် ဖောက်ထားသော နားပေါက်ဖြစ်သည်၊ ယင်းအပေါက်ဘေးက စုတ်ပြတ်သွားလျှင် ပြန်ဆက်၍ ရနိုင်သည်၊ ဆက်စပ်ပြီးမှ ရှင်ပြုပေးရမည်။

အဇပဒကေ။ ။ အဇပဒက-ဟူသည် အထက်ပိုင်းမှာ ပြတ်စရာမရှိတော့သည့် အတွက် ဆိတ်ခွာသဏ္ဌာန်ရှိသော နှာခေါင်းရိုး၏ အစုံစွန်း (ယာနပသာဒ၏ တည်ရာ အတွင်းအကျဆုံးအရပ်) ပင်ဖြစ်သည်။ (ဝိမတိ၂၊၁၁၂၇။)

http://www.dhammadownload.com

တစ်ဖက်သော ဘုဉ်သော်လည်းကောင်း၊ ယတ္ထ ကတ္ထစိ- အမှတ်မထား တစ်ပါး ပါးသော အရုပ်၌၊ နာသာ- နှာခေါင်းသည်၊ ဆိန္နာ ဟောတိ၊ သော- သည်၊ **နာသစ္ဆိန္နော**တိ- နာသစ္ဆိန္နမည်၏၊ ပန- ဆက်၊ ယဿ- ၏၊ နာသိကာ- နှာခေါင်းသည်၊ သန္ဓေတုံ- ဆက်စပ်ခြင်းငှာ၊ သက္ကာ ဟောတိ၊ သော- ထိုပုဂ္ဂိုလ်ကို၊ တံ- ထိုပြတ်သော နှာခေါင်းကို၊ ဖာသုကံ- ချမ်းသာသည်ကို၊ ကတ္တာ- ပြု၍၊ (**ဖာသုကံ ကတ္တာ**- နဂိုအတိုင်း ဖြစ်အောင် ဆက်၍၊) ပဗ္ဗာဇေတုပ္ပော- ရှင်ပြုပေးသင့်၏၊ **ကဏ္ဏနာသစ္ဆိန္နော**- ပြတ်သော နား,နှာခေါင်းရှိသူကို၊ ဥဘယ-ဝသေန- နှစ်ပါးစုံတို့၏ အစွမ်းဖြင့်၊ ဝေဒိတုပ္ပော- သိထိုက်၏။

ယဿ- ၏၊ နခသေသံ- လက်သည်း ခြေသည်း အကြွင်းအကျန်ကို၊ အဒဿေတွာ- မပြမူ၍၊ (**နခသေသံ အဒဿေတွာ**- လက်သည်း ခြေသည်း လုံးဝ မကျန်အောင်၊) ဧကာ ဝါ- တစ်ချောင်းသော်လည်းဖြစ်သော၊ ဗဟူ ဝါ- များစွာသော်လည်း ဖြစ်ကုန်သော၊ အဂုံလိယော- လက်ချောင်း ခြေချောင်းတို့သည်၊ ဆိန္နာ ဟောန္တိ၊ သော- သည်၊ **အင်္ဂုလိစ္ဆိန္နော**တိ- အင်္ဂုလိစ္ဆိန္နမည်၏၊ ပန- ဆက်၊ ယဿ- ၏၊ သုတ္တတန္တမတ္တမ္ပိ- ချည်မျှင်မျှလောက်လည်းဖြစ်သော၊ နခသေသံ- လက်သည်း ခြေသည်း အကြွင်းအကျန်သည်၊ ပညာယတိ- ထင်ရှား၏၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ ယဿ- ၏၊ စတူသု- လေးချောင်းကုန်သော၊ အင်္ဂုဋ္ဌကေသု- လက်မ ခြေမတို့တွင်၊ အင်္ဂုလိယံ- လက်ချောင်း ခြေချောင်း၌၊ ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာ၊ ဧကော ဝါ- တစ်ချောင်းသော်လည်းဖြစ်သော၊ ဗဟူ ဝါ- အများသော်လည်းဖြစ်ကုန်သော၊ အင်္ဂုဋ္ဌကာ- လက်မ ခြေမတို့သည်၊ ဆိန္နာ ဟောန္တိ၊ သော- ထိုဂ္ဂိုလ်သည်၊ **အင်္ဂုဋ္ဌစ္ဆိန္နော**တိ- အင်္ဂုဋ္ဌစ္ဆိန္နမည်၏။

ယဿ- ၏၊ ကဏ္ဏရနာမကာ- ကဏ္ဏရ-အမည်ရှိကုန်သော၊ မဟာနှာရု-အကြောကြီးတို့သည်၊ ပုရတော ဝါ- ရှေ့ကသော်လည်းကောင်း၊ ပစ္ဆတော ဝါ- နောက်ကသော်လည်းကောင်း၊ ဆိန္နာ ဟောန္တိ၊ သော- သည်၊ **ကဏ္ဏရဒ္ဓိန္နော**တိ- ကဏ္ဏရဒ္ဓိန္နမည်၏၊ ယေသု- ယင်းအကြောကြီးတို့တွင်၊ ဧကဿပိ-တစ်ခုသော အကြောကြီး၏လည်း၊ ဆိန္နတ္တာ- ပြတ်သည်၏ အဖြစ်ကြောင့်၊

ဖာသုကံ ကတ္တာ။ ။ နဂိုအတိုင်း ပြန်ဖြစ်အောင် ဆက်စပ်၍ ရမှသာ ရှင်ပြုပေးကောင်းသည်၊ ဆက်စပ်၍ပင် ရသော်လည်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေက ပရိသဒ္ဒူသက ဖြစ်သည်၊ ရှင်ပြု မပေးကောင်း။

http://www.dhammadownload.com

အဂ္ဂပါဒေန ဝါ- ခြေဖျားဖြင့်သော်လည်း၊ စက်မတိ- သွားရ၏၊ မူလေန ဝါ- အရင်း (ခြေဖနောင့်) ဖြင့်သော်လည်း၊ စက်မတိ၊ ပါဒံ ဝါ- ခြေကိုမူလည်း၊ ပတိဋ္ဌာပေတုံ- တည်တံ့စေခြင်းငှာ၊ နှ သင်္ကောတိ- မစွမ်းနိုင်။

ယဿ- ၏၊ ဝဂ္ဂုလိပက္ခကာ ဝိယ- လင်းနို့၏ အတောင်ကလေးကဲ့သို့၊ အဂ်ုလိယော- လက်ချောင်းတို့သည်၊ သမ္ဗဒ္ဓါ- ဆက်စပ်နေကုန်သည်၊ ဟောန္တိ၊ သော- သည်၊ **ပဏှဟတ္ထကောတိ**- ကမည်၏၊ ဧတံ- ဤတွဲစပ်နေသော လက်ချောင်း ခြေချောင်းရှိသူကို၊ ပဗ္ဗာဇေတုကာမေန- ရှင်ပြုပေးလိုသော ရဟန်းသည်၊ အဂ်ုလန္တရိကာယော- လက်ချောင်း ခြေချောင်းတို့၏ အကြားတို့ကို၊ ဖာလေတွာ- ခွဲ၍၊ သတ္ထံ- အလုံးစုံသော၊ အန္တရစမ္မံ- လက်ချောင်း ခြေချောင်း အကြားဥဖြစ်သော အရေကို၊ အပနေတွာ- ဖယ်ရှား၍၊ ဖာသုကံ ကတွာ- အနာပျောက်အောင်လုပ်၍၊ ပဗ္ဗာဇေတဗ္ဗော။ ယဿပိ- အကြင်ပုဂ္ဂိုလ်၏လည်း၊ ဆ- ခြောက်ချောင်းကုန်သော၊ အဂ်ုလိယော- လက်ချောင်း ခြေချောင်းတို့သည်၊ ဟောန္တိ- ရှိကုန်အံ့၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ပဗ္ဗာဇေတုကာမေန- သည်၊ အဓိကံ- ပို နေသော၊ အဂ်ုလိံ- လက်ချောင်း ခြေချောင်းကို၊ ဆိန္ဒိတွာ- ဖြတ်၍၊ ဖာသုကံ ကတွာ ပဗ္ဗာဇေတဗ္ဗော။

ယော- အကြင်ပုဂ္ဂိုလ်သည်၊ ဥရဿ ဝါ- ရင်ဘတ်၏သော်လည်းကောင်း၊ ပိဋ္ဌိယာ ဝါ- ကျောက်ကုန်း၏သော်လည်းကောင်း၊ ပဿသေ ဝါ- နံဘေး၏ သော်လည်းကောင်း၊ နိက္ခန္တတ္တာ- ထွက်နေသည်၏ အဖြစ်ကြောင့်၊ ခုဇ္ဇသရီရော- ကောက်သော ကိုယ်ရှိသည်၊ ဟောတိ၊ သော- ထိုပုဂ္ဂိုလ်သည်၊ **ခုဇ္ဇော**တိ- ခုဇ္ဇမည်၏။ ပန- အလျော်ကား၊ ယဿ- ၏၊ ကိဉ္စိ ကိဉ္စိ- တစ်စုံတစ်ခု တစ်စုံတစ်ခုသော၊ အင်္ဂပစ္စင်္ဂံ- အင်္ဂါကြီးငယ်သည်၊ ဥသကံ- စဉ်းငယ်၊ ဝင်္ကံ- ကောက်သည်၊ ဟောတိ၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ ဟိ- မှန်၏၊ မဟာပုရိသော ဧဝ- ဘုရားလောင်း ယောကျ်ားမြတ်သည်သာ၊ ပြဟ္မုဇုဂတ္တော- ပြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိသည်၊ ဟောတိ- ဖြစ်နိုင်၏၊ အဝသေသော- ကြွင်းသော၊ အခုဇ္ဇော- မကောက်သော၊ သတ္တော နာမသတ္တော မည်သည်၊ နတ္ထိ- မရှိ။

ဇယ်ဝါမနော ဝါ- ခြေသလုံးအားဖြင့် ပုကွသူသည်သော်လည်းကောင်း၊ ကဋိ-ဝါမနော ဝါ- ခါးအားဖြင့် ပုကွသူသည်သော်လည်းကောင်း၊ ဥဘယဝါမနော ဝါ- နှစ်ပါးစုံအားဖြင့် ပုကွသူသည်သော်လည်းကောင်း၊ **ဝါမနော**တိ- ဝါမန

http://www.dhammadownload.com

မည်၏၊ ဇယ်ဝါမနဿ- ခြေသလုံးအားဖြင့် ပုကွနေသူ၏၊ ကဋ္ဌိတော- ခါးမှ၊ ပဋ္ဌာယ- စ၍၊ ဟေဋ္ဌိမကာယော- အောက်ပိုင်းကိုယ်သည်၊ ရဿော- ပုတိုသည်၊ ဟောတိ၊ ဥပရိမကာယော- အထက်ပိုင်းကိုယ်သည်၊ ပရိပုဏ္ဏော- ပြည့်စုံသည်၊ ဟောတိ၊ ကဋ္ဌိဝါမနဿ- ခါးအားဖြင့် ပုကွနေသူ၏၊ ကဋ္ဌိတော- ခါးမှ၊ ပဋ္ဌာယ- စ၍၊ ဥပရိမကာယော ရဿော ဟောတိ၊ ဟေဋ္ဌိမကာယော ပရိပုဏ္ဏော ဟောတိ၊ ဥဘယဝါမနဿ- နှစ်ပါးစုံအားဖြင့် ပုကွနေသူ၏၊ ဥဘောပိ- နှစ်ပိုင်းလည်း ဖြစ်ကုန်သော၊ ကာယာ- ကိုယ်တို့သည်၊ ရဿာ- ပုတိုကုန်သည်၊ ဟောန္တိ၊ ယေသံ- ယင်းနှစ်ပိုင်းသော ကိုယ်တို့၏၊ ရဿတ္တာ- ပုတိုကုန်သည်၏ အဖြစ်ကြောင့်၊ ဘူတာနံ ဝိယ- တစ္ဆေမြေဘုတ်တို့၏ကဲ့သို့၊ ပရိဝဋ္ဋမော- ထက်ဝန်းကျင်လုံးဝိုင်းသော၊ မဟာကုစ္ဆိယဋ္ဌသဒိသော- ဝိုက်ကြီးသော ရေအိုးနှင့် တူသော၊ အတ္တဘာဝေါ- အတ္တဘောသည်၊ ဟောတိ၊ တိဝိဓမ္မိ- သုံးပါးအပြား ရှိသည်လည်း ဖြစ်သော၊ တံ- ထိုပုကွသူကို၊ ပဗ္ဗာဇေတုံ နဝဋ္ဋတိ။

ယဿ- ၏၊ ကုမ္ဘက္ခဏ္ဍဝိယ- ကျောက်ဖရုံသီးကဲ့သို့၊ ဂလေ- လည်ပင်း၌၊ ဂဏ္ဍော- မြင်းဖုသည်၊ ဟောတိ၊ သော- သည်၊ **ဂလဂဏ္ဍီတိ**- မည်၏၊ စ-ဆက်၊ ဧတံ- ဤဂလဂဏ္ဍီဟူသော အမည်သည်၊ ဒေသနာမတ္တမေဝ- ဒေသနာမျှ (ဥပလက္ခဏနည်းမျှ) သာတည်း၊ ပန- စင်စစ်ကား၊ ယသ္မိ ကိသ္မိဉ္စိ- အမှတ်မထား တစ်ပါးပါးသော၊ ပဒေသေ- အရပ်၌၊ ဂဏ္ဍော- မြင်းဖုသည်၊ သတိ-ရှိလသော်၊ န ပဗ္ဗာဇေတဗ္ဗော။ တတ္ထ- ထိုမြင်းဖု၌၊ ဝိနိစ္ဆယော- အဆုံးအဖြတ်ကို၊ "န ဘိက္ခဝေ ပဉ္စဟိ အာဗာဓေဟိ ဖုဋ္ဌော ပဗ္ဗာဇေတဗ္ဗော" တိ ဧတ္ထ- ဟူသော သိက္ခာပုဒ်၌၊ ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသောနည်းဖြင့်သာ၊ ဝေဒိတဗ္ဗော- သိထိုက်၏။

လက္ခဏာဟာရကသာဟာရလိခိတကေသု- အမှတ်အသား ခတ်နှိပ် အပ်ပြီးသူ, ကြိမ်ဒဏ်ခတ်အပ်ပြီးသူ, စာရင်းတင်ထား ရေးသားအပ်ပြီးသူတို့၌၊ ယံ-အကြောင်းအဆုံးအဖြတ်စကားရပ်ကို၊ ဝတ္တဗ္ဗံ- ဆိုထိုက်၏၊ တံ- ထိုအဆုံး အဖြတ်စကားရပ်ကို၊ ဟေဋ္ဌာ- အောက်ဖြစ်သော၊ (န ဘိက္ခဝေ လက္ခဏာဟာတော-အစရှိသော) သိက္ခာပုဒ်၌၊ ဝုတ္တမေဝ- ဆိုအပ်ပြီးသည်သာ။

ဘာရပါဒေါ- ဝန်လေးသော ခြေရှိသူ (ခြေဒရွတ်ဆွဲသူ) ကို၊ သီပဒီတိ- ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ ယဿ- ၏၊ ပါဒေါ- ခြေသည်၊ ထူလော- ထူနေသည်၊

သီပဒီ။ ။ သီပဒ- ဆင်ခြေထောက်နာ, ဆင်ဖိနပ်နာ, ခြေကြီးနာ (elephantiasis- သူ) (၅၈၂ ၌လည်း ပါပြီး။)

http://www.dhammadownload.com

သဠာတပီဠကော- လွန်စွာဖြစ်သော အဖုရှိသည်၊ ခရော- ကြမ်းတမ်းသည်၊ ဟောတိ၊ သော- ထိုပုဂ္ဂိုလ်ကို၊ နံ ပဗ္ဗာဇေတဗ္ဗော၊ ပန- အလျော်ကား၊ ယဿ- ၏၊ တာဝ- ထိုမျှလောက်၊ (သွား၍ မဖြစ်နိုင်လောက်အောင်၊) ခရဘာဝံ- ကြမ်းတမ်းသည်၏ အဖြစ်ကို၊ နံ ဂဏှာတိ- မယူ၊ ဥပနာဟံ- တင်းကြပ်စွာ ဖွဲ့အပ်သော အဖွဲ့အစည်းကို၊ ဗန္ဓိတွာ- ဖွဲ့စည်းပြီး၍၊ ဥဒကအာဝါဠေ- ရေရှိသော တွင်းငယ်၌၊ ပဝေသေတွာ- သွင်း၍၊ ဥဒကဝါလိကာယ- ရေစိုသော သဲဖြင့်၊ ပူရေတွာ- ပြည့်စေ၍၊ ယထာ- အကြောင်းအခြင်းအရာဖြင့် ညှိုးနွမ်းစေလသော်၊ သိရာ- အကြောတို့သည်၊ ပညာယန္တိ- ထင်ရှားလာကုန်၏၊ ဇယ်ာ စ- သလုံးမြင်းခေါင်းသည်လည်း၊ တေလနာဠိကာ ဝိယ- ဆီကျည်တောက်ကဲ့သို့၊ ဟောတိ- ဖြစ်လာ၏၊ ဧဝံ- ဤသို့ဖြစ်နိုင်လောက်အောင်သော အခြင်းအရာအားဖြင့်၊ မိလာပေတုံ- ညှိုးနွမ်းစေခြင်းငှာ၊ သက္ကာ- တတ်ကောင်းသည်၊ ဟောတိ၊ တဿ- ၏၊ ပါဒံ- ဖောရောင်နေသော ခြေကို၊ ဤဒိသံ- ဤသို့ရှုအပ်သည်ကို၊ ကတွာ- ပြု၍၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ ပုန- တစ်ဖန်၊ သစေ ဝမုတိ- အကယ်၍ တိုးလာပြန်အံ့၊ ဧဝံ သတိ၊ ဥပသမ္မာဒေန္တေနပိ- မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်စေသော ဆရာသည်လည်း၊ တထာ- ထိုဆိုအပ်ပြီးသော အခြင်းအရာအားဖြင့်၊ ကတ္တာဝ- အဖောအရောင် ပျောက်အောင် ပြု၍သာ၊ ဥပသမ္မာဒေတဗ္ဗော- မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်စေထိုက်၏။ (ရဟန်းခံပေးထိုက်၏။)

အရိသဘဂန္ဒရပိတ္တသေမ္ဟကာသသောသာဒီသု- လိပ်ခေါင်းရောဂါ သွေးတဂူနာ, ဂရင်ဂျိနာ, သည်းခြေနာ, သလိပ်နာ, ချောင်းဆိုးရောဂါ, ချောင်းဆိုး သွေးပါ, အဆုတ်နာအစရှိသည်တို့တွင်၊ ယေန ကေနစိ- အမှတ်မထား တစ်ပါးပါးသော၊ ရောဂေန- ရောဂါဖြင့်၊ နိစ္စာတုရော- အမြဲနာကျင်သော၊ အတေကိစ္ဆရောဂေါ- ဆေးကုု၍ မရလောက်အောင် ရောဂါရှိသော၊ ဇေဂုစ္ဆော- စက်ဆုပ်ဖွယ် ကောင်းသော၊ အမနာပေါ- နှစ်သက်ဖွယ် မကောင်းသူသည်၊ **ပါပရောဂီတိ**- မည်၏၊ အယံ- ဤပုဂ္ဂိုလ်မျိုးကို၊ နံ ပဗ္ဗာဇေတဗ္ဗော။

အရိသ။ ။ လိပ်ခေါင်းရောဂါ သွေးတဂူနာ= (piles, သူ။)

ဘဂန္ဒရ။ ။ ဂရင်ဂျိနာ= (fistula in anus, သူ။)

(lacerating the vulva, a fistula in the pudendum muliebre or in the anus, Mo)

ကာသ။ ။ ကုတ်ဟီးနာ၊ ခရရုတ်နာ, ချောင်းဆိုးနာ, (cough, သူ။)

http://www.dhammadownload.com

၁၃၃။ ယော- အကြင်ပုဂ္ဂိုလ်သည်၊ အတ္တနော- မိမိ၏၊ ဝိရူပတာယ- ဖောက်ပြန်သော အဆင်းရှိသည်၏ အဖြစ်ကြောင့်၊ ပရိသံ- ပရိသတ်ကို၊ ဒူသေတိ- ဖျက်ဆီးတတ်၏၊ သော- ထိုပုဂ္ဂိုလ်သည်၊ **ပရိသဒူသကောတိ**- မည်၏၊ (ပရိသဒူသကဖြစ်ပုံ အကျယ်ကို ပြလို၍ အတိဒီယော ဝါ-စသော ပါဠိကို မိန့်ဆိုရသည်၊) အညေသံ- အခြားသူတို့၏၊ သီသပ္ပမာဏာနာဘိပ္ပဒေသော- ဦးခေါင်းပမာဏနှင့် ညီမျှသော ချက်အရပ်ရှိသည်၊ ဟုတ္တာ- ဖြစ်၍၊ အတိဒီယော ဝါ- အလွန်ရှည်သည်သော်လည်း၊ ဟောတိ- ဖြစ်အံ့၊ ဥဘယဝါမနဘူတရူပံ ဝိယ- အထက် အောက် နှစ်ပိုင်းစုံ ပုကွသည်ဖြစ်၍ တစ္ဆေမြေဘုတ်၏ ရုပ်ကဲ့သို့၊ အတိရဿော ဝါ- အလွန်တိုသည် (ပုသည်) သော်လည်း၊ ဟောတိ၊ စျာပိတက္ခေတ္တေ- မီးရှို့အပ်ပြီးသော လယ်၌၊ ခါဏုကော ဝိယ- သစ်ငုတ်ကဲ့သို့၊ အတိကာဠော ဝါ- အလွန်နက်သည်သော်လည်း၊ ဟောတိ၊ ဒမိတက္ကာဒီဟိ- နို့ဓမ်း ရက်တက်ရည်အစရှိသည်တို့ဖြင့်၊ ပမဇ္ဇိတတ်မွှေလာဟဝဏ္ဏော- ပွတ်တိုက်အပ်သော ကြေးနီ အဆင်းရှိသည်၊ ဟုတ္တာ၊ အစ္ဆောဒါတော ဝါ- အလွန်ဖြူသည်သော်လည်း၊ ဟောတိ။

မန္ဒမံသလောဟိတော- နည်းသော အသား အသွေးရှိသည်၊ ဟုတ္တာ၊ အဋ္ဌိသိရာစမ္မသရီရော ဝိယ- အရိုး အကြော အရေမျှသာရှိသော ကိုယ်ရှိသူကဲ့သို့၊ အတိကိသော ဝါ- အလွန် ပိန်သည်သော်လည်း၊ ဟောတိ၊ ဘာရိယမံသော- ဝန်လေးသော အသားရှိသည်၊ ဟုတ္တာ၊ အတိထူလော ဝါ- အလွန်ဝသည်သော်လည်း၊ ဟောတိ၊ မဟာဘူတသဒိသော- တစ္ဆေ မြေဘုတ်ကြီးနှင့် တူသည်၊ ဟုတ္တာ၊ မဟောဒရော ဝါ- ကြီးသော ဝမ်းဗိုက်ရှိသူသည်သော်လည်း၊ ဟောတိ။

ပစ္ဆိ- တောင်းကို၊ သီသေ- ဦးခေါင်း၌၊ ကတ္တာ- ထား၍၊ ဋ္ဌိတော ဝိယ- တည်နေသူကဲ့သို့၊ အတိမဟန္တသီသော ဝါ- အလွန်ကြီးသော ဦးခေါင်းရှိသူသည်သော်လည်း၊ ဟောတိ၊ သရီရဿ- ကိုပ်အား၊ အနနုရူပေန- မလျော်ပတ်သော၊ အတိခုဒ္ဒကေန- အလွန်သေးငယ်သော၊ သီသေန- ဦးခေါင်းနှင့်၊ သမန္နာဂတော- ပြည့်စုံသည်၊ ဟုတ္တာ၊ အတိခုဒ္ဒကသီသော ဝါ- အလွန်သေးငယ်သော ဦးခေါင်းရှိသူသည်သော်လည်း၊ ဟောတိ၊ တာလဖလပိဏ္ဍိသဒိသေန- (အသီးထွက်စ) ထန်းသီးခိုင်နှင့် တူသော၊ သီသေန သမန္နာဂတော ဟုတ္တာ၊ ကူဋကူဋသီသော ဝါ- အထွတ်အထွတ်ရှိသော ဦးခေါင်းရှိသူသည်သော်လည်း၊ (အဖုအဖုထသော ဦးခေါင်းရှိသူသည်သော်လည်း၊) ဟောတိ၊ ဥဇ္ဇံ- အထက်၌၊ အနုပုဗ္ဗ-

http://www.dhammadownload.com

တနုကေန- အစဉ်အတိုင်းသေးသော၊ သီသေန- ဦးခေါင်းနှင့်၊ သမန္နာဂတော ဟုတ္တာ၊ သိခရသီသော ဝါ- တောင်ထွဋ်နှင့် တူသော ဦးခေါင်းရှိသူသည်သော် လည်း၊ ဟောတိ၊ မဟာဝေဏုပဗ္ဗသဒိသေန- ကြီးသောဝါးဆစ်နှင့် တူသော၊ သီသေန သမန္နာဂတော ဟုတ္တာ၊ နာဠိသီသော ဝါ- ကျည်တောက်နှင့် တူသော ဦးခေါင်းရှိသူသည်သော်လည်း၊ ဟောတိ။

စတူသု- လေးဘက်ကုန်သော၊ ပဿေသု- ဘေးတို့တွင်၊ ယေန ကေနစိ- အမှတ်မထား တစ်ပါးပါးသော၊ ပဿေန- ဘေးအားဖြင့်၊ သြနတေန- ညွတ်ကိုင်းသော၊ သီသေန သမန္နာဂတော ဟုတ္တာ၊ ကပ္ပသီသော ဝါ- နှစ်ခွဖြစ်သော ဦးခေါင်းရှိသူသည်သော်လည်းကောင်း၊ ပဗ္ဘာရသီသော ဝါ- ကိုင်းသော ဦးခေါင်း ရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ ဝဏသီသော ဝါ- အနာရှိသော (ဒက် အကြီးစားတွေများသော) ဦးခေါင်းရှိသူသည်သော်လည်း ကောင်း၊ ပူတိသီသော ဝါ- ပုပ်သော ဦးခေါင်းရှိသူ (အနာတွေများ၍ ခေါင်းပုပ်နေသူ) သည်သော် လည်းကောင်း၊ ပါဏကေဟိ- ပိုးကောင်ငယ်တို့သည်၊ ခါယိတကေဒါရေ- ခဲစား အပ်သော လယ်၌၊ သဿသဒိသေဟိ- ကောက်ပင်တို့နှင့် တူကုန်သော၊ တဟိံ တဟိံ- ထိုထို (ဦးခေါင်း) အရပ်၌၊ ဥဋ္ဌိတေဟိ- ပေါက်ကုန် သော၊ ကေသေဟိ- ဆံတို့နှင့်၊ သမန္နာဂတော ဟုတ္တာ၊ ကဏ္ဏိကကေသော ဝါ- ကြာချက်နှင့် တူသော ဆံရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ နိလ္လောမသီသော ဝါ- ဆံပင်မွေး မရှိသော ဦးခေါင်းရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ တာလဟီရ- သဒိသေဟိ- ထန်းမျှင်နှင့် တူကုန်သော၊ ကေသေဟိ သမန္နာဂတော၊ ဟုတ္တာ၊ ထူလထဒ္ဓကေသော ဝါ- တုတ်သော ကြမ်းသော ဆံပင်ရှိသူသည်သော်လည်း ကောင်း၊ ဟောတိ။ ဇာတိပလိတေဟိ- မွေးသည်က စ၍ ဖြူသော ဆံပင်တို့ဖြင့်၊ ပဏ္ဍရကေသော ဝါ- ဖြူသော ဆံပင်ရှိသော ဦးခေါင်းရှိသူသည်သော်လည်း ကောင်း၊ အာဒိတ္တေဟိ ဝိယ- မီးလောင်သကဲ့သို့ဖြစ်ကုန်သော၊ ကေသေဟိ- ဆံတို့နှင့်၊ သမန္နာဂတော ဟုတ္တာ၊ ပကတိတမွကေသော ဝါ- ပင်ကိုယ်အားဖြင့် နီသော ဆံပင်ရှိသူသည်သော် လည်းကောင်း၊ ဟောတိ။ ဂုန်- နွားတို့၏၊ သရီရေ- ကိုယ်၌၊ အာဝဋ္ဋသဒိသေဟိ- ဗွေနှင့်တူကုန်သော၊ ဥဒ္ဓဂ္ဂေဟိ- အထက်၌ အဖျားရှိကုန်သော၊ ကေသာဝဋ္ဋေဟိ- ဆံဗွေတို့နှင့်၊ သမန္နာဂတော ဟုတ္တာ၊ အာဝဋ္ဋသီသော ဝါ- ဗွေများ သော ဦးခေါင်းရှိသူသည်သော်လည်း၊ ဟောတိ၊

ကပ္ပသီသောတိ ။ ။ ဒွိဓာ ဘူတသီသော။ (သာရတ္ထ၊၃၊၂၆၄။)

http://www.dhammadownload.com

ဇာလာဗဒ္ဓေန ဝိယ- ဇာဖြင့် ဖွဲ့အပ်သကဲ့သို့ဖြစ်သော၊ နလာဋ္ဌေန- နဖူးနှင့်၊ သမန္နာဂတော ဟုတ္တာ၊ သီသလောမေဟိ- ဦးခေါင်းမွေးတို့နှင့်၊ သဒ္ဒိ- တကွ၊ ဧကာဗဒ္ဓဘမုကလောမော ဝါ- တစ်ဆက်တည်းစပ်နေသော မျက်ခုံးမွေးရှိသူသည်သော်လည်းကောင်း၊ ဟောတိ။

သမ္ဗဒ္ဓဘမုကော ဝါ- ဆက်စပ်သော မျက်ခုံးမွေးရှိသူသည်သော်လည်းကောင်း၊ နိလ္လောမဘမုကော ဝါ- အမွေးမရှိသော မျက်ခုံးရှိသူသည်သော်လည်းကောင်း၊ မက္ကဋဘမုကော ဝါ- မျောက်မျက်ခုံးနှင့် တူသော မျက်ခုံးရှိသူသည်သော်လည်းကောင်း၊ ဟောတိ။ အတိမဟန္တက္ခီ ဝါ- အလွန်ကြီးသော မျက်လုံးရှိသူသည်သော်လည်းကောင်း၊ မဟိသစမ္မေ- ကျွဲရေ၌၊ ဝါသိကောဏေန- ပဲကွပ် (ရဲတင်း) ဒေါင့်ဖြင့်၊ ပဟရိတ္တာ- ပေါက်၍၊ ကတဆိဒ္ဒသဒိသေဟိ- ပြုအပ်သော အပေါက်နှင့် တူကုန်သော၊ အက္ခီဟိ- မျက်လုံးတို့နှင့်၊ သမန္နာဂတော၊ ဟုတ္တာ၊ အတိခုဒ္ဒကက္ခီ ဝါ- အလွန်သေးငယ်သော မျက်လုံးရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ ဧကေန- တစ်လုံးသော၊ မဟန္တေန- ကြီးသော၊ အက္ခိနာ- မျက်လုံးနှင့် လည်းကောင်း၊ ဧကေန- တစ်လုံးသော၊ ခုဒ္ဒကေန- သေးငယ်သော အက္ခိနာ- မျက်လုံးနှင့်လည်းကောင်း၊ သမန္နာဂတော ဟုတ္တာ၊ ဝိသမက္ခီ ဝါ- မညီမညွတ်သော မျက်လုံးရှိသူသည်သော်လည်းကောင်း၊ ဟောတိ။

ဥဒ္ဓံ- အထက်၌၊ ဧကေန- တစ်လုံးလည်းကောင်း၊ အဓော- အောက်၌၊ ဧကေန- တစ်လုံးလည်းကောင်း၊ ကွတိ ဧဝံ- ဤသို့၊ ဝိသမဇာတေဟိ- မညီမညွတ်ဖြစ်ကုန်သော၊ အက္ခိစက္ကလေဟိ- မျက်နက်ဝန်းတို့နှင့်၊ သမန္နာဂတော ဟုတ္တာ၊ ဝိသမစက္ကလော ဝါ- မညီညွတ်သော မျက်နက်ဝန်းရှိသူသည်သော်လည်းကောင်း၊ ဟောတိ။ ကေကရော ဝါ- မျက်စိစွေသူသည်သော်လည်းကောင်း၊ ဂမ္ဘီရက္ခီ ဝါ- နက်ရှိုင်းဒသာ မျက်လုံးရှိသူသည်သော်လည်းကောင်း၊ ဟောတိ။ ယဿ- ယင်းနက်ရှိုင်းသော မျက်လုံးရှိသူ၏၊ ဂမ္ဘီရေ- နက်ရှိုင်းသော၊ ဥဒပါနေ-

---

မက္ကဋဘမုကောတိ ။ ။ နလာဋ္ဌလောမေဟိ အဝိဘတ္တလောမဘမုကော၊ (ဝိမတိ၊ ၂၊၁ ၂၇။)

အက္ခီစက္ကလေဟီတိ ။ ။ ကဏ္ဏမဏ္ဍလေဟိ (ဝိမတိ၊ ၂၊၁ ၂၇။)

ကေကရောတိ ။ ။ တိရိယံ ပဿနကော၊ (ဝိမတိ၊ ၂၊၁ ၂၇။)

ကေကရ။ ။ မျက်စိစွေသော၊ မျက်စိစောင်းသော၊ (squint, eyed, သူ။)

http://www.dhammadownload.com

ရေတွင်း၌၊ ဥဒကတာရကာ ဝိယ- ရေဖြည်ထင်သော အရိပ်တို့ကဲ့သို့၊ ဝါ- ရေပွက်ကလေးတို့ကဲ့သို့၊ အက္ခိတာရကာ- မျက်ဆံ (မျက်နှာ) တို့သည်၊ ပညာယန္တိ- ထင်ရှားကုန်၏၊ နိက္ခန္တက္ခိ ဝါ- ပြူးထွက်သော မျက်လုံးရှိသူသည်သော်လည်း၊ ဟောတိ၊ ယဿ- ယင်းပြူးထွက်သော မျက်လုံးရှိသူ၏၊ ကက္ကဋ္ဌဿ- ပုဇွန်၏၊ အက္ခိတာရကာ ဣဝ- မျက်ဆံတို့ကဲ့သို့၊ နိက္ခန္တာ- ထွက်နေကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ (ပုစွန်မျက်စိလို မျက်လုံးပြူးထွက်နေသည်။)

မဟန္တာဟိ- ကြီးကုန်သော၊ ကဏ္ဏသက္ခလိဟိ- နားရွက်တို့နှင့်၊ သမန္နာဂတော ဟုတ္တာ၊ ဟတ္ထိကဏ္ဏော ဝါ- ဆင့်နားရွက်နှင့်တူသော နားရွက်ရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ ခုဒ္ဒကေဟိ- သေးငယ်ကုန်သော၊ ကဏ္ဏသက္ခလိဟိ- နားရွက်တို့နှင့်၊ သမန္နာဂတော ဟုတ္တာ၊ မူသိကကဏ္ဏော ဝါ- ကြွက်နားရွက်နှင့်တူသော နားရွက်ရှိသူသည်သော်လည်းကောင်း၊ ဇတုကကဏ္ဏော ဝါ- လင်းနို့နားရွက်နှင့် တူသော နားရွက်ရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ ဆိဒ္ဒ- မတ္တကဏ္ဏော ဝါ- နားရွက်မပါ အပေါက်မျှသာရှိသော နားရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ ယဿ- ယင်းနားရွက်မပါ အပေါက်မျှသာရှိသော နားရှိသူ၏၊ ကဏ္ဏသက္ခလိဟိ- နားရွက်တို့နှင့်၊ ဝိနာ- ကင်း၍၊ ကဏ္ဏဆိဒ္ဒမတ္တ- မေဝ- နားပေါက်မျှသည်သာ၊ ဟောတိ။

အဝိဒ္ဓကဏ္ဏော ဝါ- မဖောက်အပ်သော နားရှိသူသည်သော်လည်း၊ ဟောတိ။ ပန- ဆက်၊ ယောနကဇာတိကော- ယောနကအမျိုးဇာတ်ရှိသူသည်၊ ပရိသ- ဒူသကော- နားမဖောက်သော်လည်း ပရိသတ်ကို ဖျက်ဆီးသူသည်၊ န ဟောတိ- မဖြစ်၊ ဟိ- မှန်၏၊ တဿ- ထိုယောနကအမျိုးသား၏၊ သော- ထိုနားမဖောက်ခြင်းသည်၊ သဘာဝေါယေဝ- ပင်ကိုယ်သဘော (လူမျိုး၏ ဓလေ့ထုံးစံ) ပင်တည်း၊ နိစ္စပူတိနာ- အမြဲပုပ်သော၊ ကဏ္ဏေန- နားနှင့်၊ သမန္နာဂတော ဟုတ္တာ၊ ကဏ္ဏဘဂန္ဒရိကော ဝါ- နားပြည်ယိုနာရှိသူသည်သော်လည်းကောင်း၊ သဒါ- အခါခပ်သိမ်း၊ ပဂ္ဃရိတပုဗ္ဗေန- ယိုစီးသော ပြည်ရှိသော၊ ကဏ္ဏေန- နားနှင့်၊ သမန္နာဂတော ဟုတ္တာ၊ ဂဏ္ဍကဏ္ဏော ဝါ- နားအိုင်းနာရှိသူသည်သော်လည်း

ဥဒကတာရကာတိ။ ။ သြလောကေန္တာနံ ဥဒကေ ပဋိဗိမ္ဗိကစ္ဆာယာ၊ ဥဒကပုဗ္ဗုဋ္ဌိ ကေစိ၊ (ဝိမတိ၊ ၂။၁၂၇။)

အက္ခိတာရကာတိ။ ။ အဘိမုခေ ဌိတာနံ ဆာယာ၊ အက္ခိဂဏ္ဍကာတိပိ ဝဒန္တိ၊ (ဌင်း) မျက်ဆံ မျက်နှာ၊ မျက်စေ့သူငယ်အိမ် (the pupil of the eye= Mo,)

http://www.dhammadownload.com

ကောင်း၊ ဟောတိ၊ ဂေါဘက္ကနာဠိကာယ- နွားစာအရည်ကို ပါးစပ်သို့ထည့်သွင်းစရာ ကျည်တောက်၏၊ အဂ္ဂသဒိသေဟိ- အဖျားနှင့် တူကုန်သော၊ ကဏ္ဏေဟိ- နားတို့နှင့်၊ သမန္နာဂတော ဟုတ္တာ၊ ဋ္ဌကိတကဏ္ဏော ဝါ- ချုပ်စပ်အပ်သော နားရှိသူသည်သော်လည်း၊ ဟောတိ၊ (ရှေးနိဿဋ္ဌ ဋ္ဌကိတကဏ္ဏော ဝါ- ရှုသော၊ ဝါ- ချွန်သော နားရှိသည်လည်းဟု ပေးသေးသည်ဟူ၏။)

အတိပိဂ်လကို ဝါ- အလွန်ကြောင်သော မျက်လုံးရှိသူသည်သော်လည်း၊ ဟောတိ၊ ပန- ဆက်၊ မဓုပိဂ်လံ- ပျားကဲ့သို့ ကြောင်သော မျက်လုံးရှိသူကို၊ ပတ္ထဇေတုံ ဝဋ္ဋတိ။ နိပ္ပခုမကို ဝါ- မျက်တောင်မွေး မပါသော မျက်လုံးရှိသူသည်သော်လည်းကောင်း၊ အဿုပဋ္ဌရဏကို ဝါ- မျက်ရည်ယိုနေသော မျက်လုံးရှိသူသည်သော်လည်းကောင်း၊ ပုပ္ဖိတကို ဝါ- ပွင့်သောမျက်လုံးရှိသူ (မျက်ခွံလန်နေသူ) သည်သော်လည်းကောင်း၊ အက္ခိပါကေန- မျက်ခမ်းစပ်ခြင်း (မျက်စိရောင်ခြင်း) နှင့်၊ သမန္နာဂတကို ဝါ- ပြည့်စုံသော မျက်လုံးရှိသူသည်သော်လည်းကောင်း၊ ဟောတိ။

အတိမဟန္တနာသိကော ဝါ- အလွန်ကြီးသော နှာခေါင်းရှိသူသည်သော်လည်းကောင်း၊ အတိခုဒ္ဒကနာသိကော ဝါ- အလွန်သေးငယ်သော နှာခေါင်းရှိသူသည်သော်လည်းကောင်း၊ စိပိဋ္ဌနာသိကော ဝါ- ပိညှပ်သော နှာခေါင်းရှိသူသည်သော်လည်းကောင်း၊ မဇ္ဈေ- အလယ်၌၊ အပ္ပတိဋ္ဌဟိတ္တာ- မတည်မူ၍၊ ဧကပဿေ- တစ်ခုသော ဘေး၌၊ ဋ္ဌိတဝင်္ကနာသိကော ဝါ- ကောက်သော နှာခေါင်းရှိသူသည်သော်လည်းကောင်း၊ ဇိဂှါယ- လျှာဖြင့်၊ လေဟိတုံ- လျက်ခြင်း

ဋ္ဌကိတ။ ။ ဋ္ဌကိဓာတ်နှင့် ဋ္ဌက်ဓာတ်တို့သည် ဖောက်ခွဲခြင်း ဖွဲ့ခြင်း၌ ဖြစ်သည်၊ ထို့ပြင် ဋ္ဌကိတကို ချုပ်စပ်အပ်သော (stitched, sewn, Bh.) ဟု ဖွင့်ဆိုထားသည်၊ ဝါး ကျည်တောက်ကို တစ်ဖက်ချွန် ခုတ်ထစ်ပြီး အရည်စီးဆင်းလွယ်အောင် အဖျားနား အောက်ဖက်မှာ ခပ်စွေစွေပြန်၍ ခုတ်ထစ်လိုက်ပါက အဖျားနှစ်ခွ ဖြစ်လာပါသည်။ ယင်းကျည်တောက်မျိုးဖြင့် ဆင်တုံးမနွယ်စသော ဆေးရည်များကို နွား၏ပါးစပ်သို့ သွင်းကြသည်၊ ယင်းကျည်တောက်ဖျားကဲ့သို့ နှားနှစ်ခွရှိနေသူကိုပင် "ဋ္ဌကိကဏ္ဏ" ချုပ်စပ်အပ်သော နားရှိသူဟု မိန့်ဆိုထားပါသည်။ ယင်းနှစ်ခွဖြစ်နေသောနားကို ပြေပြစ်အောင်ချုပ်စပ်ပြုပြင်၍ရက ရှင်ပြုပေးကောင်းသည်။

အက္ခိပါဓကေန ။ ။ မျက်ခွံအဆုံးတို့၌ ဆွေးရိစေတတ်သော မျက်ခမ်းစပ်ရောဂါ၊ (အက္ခိပါကေနာတိ- အက္ခိဒလပရိယန္တေသု ပူတိဘာဝါပဇ္ဇနရောဂေန၊ ဝိမတိ၊ ၂၁၂၇။)

မျက်စိရောင်ခြင်း၊ (inflammation of the eyes, Mo,)

http://www.dhammadownload.com

ငှာ၊ သက္ကုဏေယျာယ- တတ်ကောင်းသော၊ သုကတုဏ္ဍသဒိသာယ- ကျေး၏ နှုတ်သီးနှင့်တူသော၊ နာသိကာယ- နှာခေါင်းနှင့်၊ သမန္နာဂတော ဟုတွာ၊ ဒီဃနာသိကော ဝါ- ရှည်လွန်းသော နှာခေါင်းရှိသူသည်သော်လည်းကောင်း၊ ဟောတိ။

နိစ္စံ- အမြဲ၊ ပဂ္ဃရိတသိဃ်ာဏိကနာသော ဝါ- နှာရည်ယိုနေသော နှာခေါင်းရှိသူသည်သော်လည်း၊ ဟောတိ၊ မဟာမုခေါ ဝါ- ကြီးသော မုခနိမိတ်ရှိသူသည်လည်း၊ ဟောတိ၊ ယဿ- ယင်းကြီးသော မုခနိမိတ်ရှိသူ၏၊ ပဋ္ဌင်္ဂမဏ္ဍူကဿ- ပဋ္ဌင်္ဂမည်သော ဖား၏၊ (နှံကောင် ကျိုင်းကောင်း၏ ပါးစပ်နှင့် တူသော ပါးစပ်ရှိသော ဖား၏၊) မုခနိမိတ္တံ ဣဝ- ပါးစပ်၏ အမှတ်အသားကဲ့သို့၊ မုခ-နိမိတ္တံယေဝ- ပါးစပ်၏အမှတ်အသားသည်သာ၊ မဟန္တံ- ကြီးသည်၊ ဟောတိ၊ မုခံ ပန- ပါးစပ်ပေါက်သည်ကား၊ လာဗုသဒိသံ- ဗူးပေါက်နှင့် တူသည်၊ (ဗူးသီး အပေါက်နှင့် တူသည်၊) ဟုတွာ- ဖြစ်၍၊ အတိခုဒ္ဒကံ- အလွန်သေးငယ်သည်၊ ဟောတိ။

ဘိန္နမုခေါ ဝါ- ကွဲသော (မစေ့သော) ပါးစပ်ပေါက်ရှိသူ (ခံတွင်းပွင့်သော သူ) သည်သော်လည်းကောင်း၊ ဝင်္ကမုခေါ ဝါ- ကောက်သော ပါးစပ်ရှိသူသည်သော်လည်းကောင်း၊ ဥက္ခလိမုခဝဋ္ဌိသဒိသေဟိ- ထမင်းအိုး၏ မျက်နှာရစ်နှင့် တူကုန်သော၊ ဩဋ္ဌေဟိ- နှုတ်ခမ်းတို့နှင့်၊ သမန္နာဂတော ဟုတွာ၊ မဟာဩဋ္ဌော ဝါ- ကြီးသော နှုတ်ခမ်းရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ ဘေရိစမ္မ-သဒိသေဟိ- စည်ကြက်သော သားရေနှင့် တူကုန်သော၊ ဒန္တေ- သွားတို့ကို၊ ပိဒဟိတုံ- ပိတ် (ဖုံး) ခြင်းငှာ၊ အသမတ္ထေဟိ- မစွမ်းနိုင်ကုန်သော၊ ဩဋ္ဌေဟိ- နှုတ်ခမ်းတို့နှင့်၊ သမန္နာဂတော ဟုတွာ၊ တနုကဩဋ္ဌော ဝါ- သေးငယ်ပါးလွှာသော နှုတ်ခမ်းရှိသူသည်သော်လည်းကောင်း၊ ဟောတိ။

မဟာဓရောဋ္ဌော- ကြီးသောအောက်နှုတ်ခမ်းရှိသည်၊ ဟုတွာ၊ တနုကဥတ္တ-ရောဋ္ဌော ဝါ- သေးငယ်ပါးလှပ်သော အထက်နှုတ်ခမ်းရှိသူသည်သော်လည်းကောင်း၊ တနုကအဓရောဋ္ဌော- သေးငယ်ပါးလှပ်သော အောက်နှုတ်ခမ်းရှိသည်၊ ဟုတွာ၊ မဟာဥတ္တရောဋ္ဌော ဝါ- ကြီးသောအထက်နှုတ်ခမ်း ရှိသူသည်

ပဋ္ဌင်္ဂ ။ ။ နှံကောင် ကျိုင်းကောင် ဓားခုတ်ကောင် နှံမ- (cricket, Locust, သူ, a grasshopper, Mo,)

ယင်းနှံကောင် ကျိုင်းကောင်တို့၏ ပါးစပ်ကဲ့သို့ ပါးစပ်ပုံပန်းသဏ္ဍာန်ကသာကြီး၍ ပါးစပ်ပေါက် သေးငယ်သည်ဟု ဆိုလိုသည်။

http://www.dhammadownload.com

သော်လည်းကောင်း၊ (ဝါသဒ္ဒါ နှစ်လုံးအပိုပါနေသည်ကို သတိပြုပါ။) သြဋ္ဌဆိန္နကော ဝါ- နှုတ်ခမ်းပြတ်နေသူ (နှုတ်ခမ်းပဲ့နေသူ) သည်သော်လည်းကောင်း၊ ဧဋ္ဌမုခေါ ဝါ- အမြီသွားရည်ယိုနေသူသည်သော်လည်းကောင်း၊ ဥပက္ကမုခေါ ဝါ- အလွန်ကျက်သော (ဆွေးမြေ့သော) နှုတ်ခမ်းရှိသူသည်သော်လည်းကောင်း၊ ဗဟိ- အပြင်၌၊ သေတေဟိ- ဖြူကုန်သော၊ အန္တော- အတွင်း၌၊ အတိရတ္တေဟိ- အလွန်နီကုန်သော၊ သြဋ္ဌေဟိ- နှုတ်ခမ်းတို့နှင့်၊ သမန္နာဂတော ဟုတ္တာ၊ သခ်- တုဏ္ဏကော ဝါ- ခရုသင်းစွဲသောနှုတ်ခမ်းရှိသူသည်သော်လည်းကောင်း၊ ဒုဂ္ဂန္ဓ- ကုဏပမုခေါ ဝါ- မကောင်းသော အနံ့ရှိသော ပုပ်သော ခံတွင်းရှိသူသည်သော်လည်းကောင်း၊ ဟောတိ။

အဋ္ဌကဒန္တသဒိသေဟိ- ရှစ်ချောင်းတပ်ထွန်၏ အသွားနှင့်တူကုန်သော၊ ဒန္တေဟိ- သွားတို့နှင့်၊ သမန္နာဂတော ဟုတ္တာ၊ မဟာဒန္တော ဝါ- ကြီးသော သွားရှိသူသည်သော်လည်း၊ ဟောတိ၊ ဟေဌာ ဝါ- အောက်၌သော်လည်းကောင်း၊ ဥပရိ ဝါ- အထက်၌သော်လည်းကောင်း၊ ဗဟိ- အပြင်ဘက်သို့၊ နိက္ခန္တ- ဒန္တော- ထွက်သော သွားရှိသည်၊ ဟုတ္တာ၊ အသုရဒန္တော ဝါ- စက်ဆုပ်ဖွယ်ရာ သွားရှိသူ (သွားခေါသူ) သည်သော်လည်း၊ ဟောတိ၊ ပန- ဆက်၊ ယဿ- အကြင်ပုဂ္ဂိုလ်၏၊ သြဋ္ဌေဟိ- နှုတ်ခမ်းတို့ဖြင့်၊ ဒန္တေ- သွားတို့ကို၊ ပိဒဟိတုံ- ပိတ်ဖုံးခြင်းငှာ၊ သက္ကာ- တတ်ကောင်းသည်၊ ဟောတိ၊ ကထေန္တသ္သေဝ- စကား ပြောမှသာ၊ ပညာယတိ- ထင်ရှား၏၊ အကထေန္တသ- စကားမပြောလသော်၊

သြဋ္ဌဆိန္နကော။ ။ မွေးရာပါနှုတ်ခမ်းပဲ့သူ နောက်ပိုင်းမှာ တစ်စုံတစ်ခုသော ဒဏ်ရာဒဏ်ချက်ကြောင့် နှုတ်ခမ်းပဲ့သူ နှစ်မျိုးလုံးပင် သြဋ္ဌဆိန္နကမည်သည်။ [သြဋ္ဌဆိန္နကောတိ- ဥဘောသု သြဋ္ဌေသု ယတ္ထ ကတ္ထစိ ဇာတိယာ ဝါ ပစ္ဆာ ဝါ သတ္ထာဒိနာ အပနီတမံသေန သြဋ္ဌေန သမန္နာဂတောတိ။ (ဝိမတိ၊ ၂၊၁၂၈။)]

ဧဋ္ဌမုခေါ။ ။ အမြီတံတွေးယိုသော ပါးစပ်ရှိသူ။ (ဧဋ္ဌမုခေါတိ နိစ္စပဂ္ဃရဏက လာလမုခေါ။ သာရတ္ထ၊၃၊၂၆၄။)

ဥပက္ကမုခေါ။ ။ ဥ- အလွန်+ ပက္က- ကျက်သော ဆွေးမြေ့သော- မုခ- ပါးစပ် နှုတ်ခမ်း၊ ဥပက္ကမုခ- ကျက်သော ဆွေးမြေ့နေ ရိုနေသော နှုတ်ခမ်းရှိသူ။ (ပက္ကေနာတိ- အဋ္ဌိဂတကုဋ္ဌရောဂတာယ ဥပက္ကေန ကုထိတေန။ ထေရဂ္ဂ။ ၂၊၄၅၁။)

အသုရဒန္တော။ ။ အသုရ- စက်ဆုပ်ဖွယ်ကောင်းသော+ ဒန္တ- သွား၊ အသုရဒန္တ- စက်ဆုပ်ဖွယ်ရာ သွားရှိသူ၊ သွားခေါသူ။ (အသုရောတိ- အသုရသဒိသော ဗီဘစ္ဆော၊ အံ၊၆၊၃၊၃၂၂။)

http://www.dhammadownload.com

နော ပညာယတိ- မထင်ရှား၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ၊ ပူတိဒန္တော ဝါ- ပုပ်ဆွေးသော သွားရှိသူသည်သော်လည်းကောင်း၊ နိဒ္ဒန္တော ဝါ- သွားမရှိသူသည်သော်လည်းကောင်း၊ အတိခုဒ္ဒကဒန္တော ဝါ- အလွန်သေးငယ်သော သွားရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ ပန- ဆက်၊ ယဿ- ၏၊ ဒန္တန္တရေ- သွားတို့၏အကြား၌၊ ကလန္ဒကဒန္တော ဝိယ- ရှဉ့်၏ သွားကဲ့သို့၊ သုခုမဒန္တော- သေးငယ်သော သွားသည်၊ ဟောတိ- ရှိတတ်၏၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။

ဂေါဟနုသဒိသေန- နွားဏ်၏ မေးနှင့် တူသော၊ ဟနုနာ- မေးနှင့်၊ သမန္နာဂတော ဟုတ္တာ၊ မဟာဟနုကော ဝါ- ကြီးသော မေးရှိသူသည်လည်း၊ ဟောတိ၊ ဒီဃ-ဟနုကော ဝါ- ရှည်သော မေးရှိသော သူသည်သော်လည်းကောင်း၊ အန္တော-အတွင်း၌၊ ပဝိဋ္ဌေန ဝိယ- ဝင်နေသကဲ့သို့ ဖြစ်သော၊ အတိရဿေန- အလွန်တိုသော၊ ဟနုကေန- မေးနှင့်၊ သမန္နာဂတော ဟုတ္တာ၊ စိပိဋ္ဌဟနုကော ဝါ- ပိညှပ်သောမေးရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ ဘိန္နဟနုကော ဝါ- ကွဲသော (ခွသော) မေးရှိသူသည်သော်လည်းကောင်း၊ ဝင်္ကဟနုကော ဝါ- ကောက်သော မေးရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ ဘိက္ခုနီသဒိသမုခေါ- ဘိက္ခုနီ၏ မျက်နှာနှင့်တူသောမျက်နှာရှိသော၊ နိမ္မဿုဒါဠိကော ဝါ- မုတ်ဆိတ်ကျင်စွယ် မရှိသူသည်သော်လည်းကောင်း၊ ဗကဂလသဒိသေန- ဗျိုင်း၏ လည်ပင်းနှင့် တူသော၊ ဂလေန- လည်ပင်းနှင့်၊ သမန္နာဂတော ဟုတ္တာ၊ ဒီဃဂလော ဝါ- ရှည်သော လည်ပင်းရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ အန္တော-အတွင်း ၌၊ ပဝိဋ္ဌေန ဝိယ- ဝင်နေသကဲ့သို့ဖြစ်သော၊ ဂလေန- နှင့်၊ သမန္နာဂတော ဟုတ္တာ၊ ရဿဂလော ဝါ- တိုသော လည်ပင်းရှိသူသည် သော်လည်းကောင်း၊ ဟောတိ၊ ဘိန္နဂလော ဝါ- ကွေးညွတ်သော လည်တံရှိသူ (အောက်သို့ ညွတ်သော လည်ပင်းရှိသူ) သည်သော်လည်းကောင်း၊ ဘဋ္ဌအံသုကူဋော ဝါ- လျှောကျသော ပခုံးစွန်းရှိသူသည်သော်လည်းကောင်း၊ အဟတ္ထော ဝါ- လက်မရှိသူသည်သော်လည်းကောင်း၊ ဧကဟတ္ထော ဝါ- လက်တစ်ဖက်သာ ရှိသူသည်သော်လည်းကောင်း၊ အတိရဿဟတ္ထော ဝါ- အလွန်တိုသော လက်ရှိသူသည်

ဘိန္နဂလော။ ။ အောက်သို့ညွတ်သော လည်ပင်းရှိသူ၊ ယင်းသို့ ညွတ်နေသည့် အတွက်ပင် အလယ်ညွတ်နေရာမှ နှစ်ခွလို ဖြစ်နေသည်။ (ဘိန္နဂလောတိ- အဝနတဂလော။ ဝိမတိ၊ ၂၊၁၂၈။)

http://www.dhammadownload.com

သော်လည်းကောင်း၊ အတိဒီဃဟတ္ထော ဝါ- အလွန်ရှည်သော လက်ရှိသူသည် သော်လည်းကောင်း၊ ဘိန္နဥရော ဝါ- ခွသော ရင်ရှိနေသူသည်သော်လည်း ကောင်း၊ ဘိန္နပိဋ္ဌိ ဝါ- ခွသော ကျောက်ကုန်းရှိသူသည်သော်လည်းကောင်း၊ ကစ္ဆဂတ္တော ဝါ- ကိုယ်၌ဝဲရှိသူသည် သော်လည်းကောင်း၊ ကဏ္ဏဂတ္တော ဝါ- ကိုယ်၌ယားနာ ရှိသူသည်သော်လည်းကောင်း၊ ဒဒ္ဒုဂတ္တော ဝါ- ကိုယ်၌ပွေးနာ ရှိသူသည်သော်လည်းကောင်း၊ ဂေါဓဂတ္တော ဝါ- ဖွတ်၏ကိုယ်နှင့် တူသော ကိုယ်ရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ ယဿ- ယင်းဖွတ်၏ ကိုယ်နှင့် တူသော ကိုယ်ရှိသူ၏၊ ဂေါဓယ ဝိယ- ဖွတ်၏ကဲ့သို့၊ ဂတ္တတော- ကိုယ်မှ၊ စုဏ္ဏာနိ- အမှုန့်တို့သည်၊ ပတန္တိ- ကျကုန်၏၊ စ- ဆက်၊ သဒ္ဒံ- အလုံးစုံသော၊ ဧတံ- ဤကစ္ဆဂတ္တော-စသော စကားကို၊ ဝိရူပကရဏံ- အဆင်းဖောက်ပြန် အောင် ပြုတတ်သော ရောဂါကို၊ သန္ဓာယ- ရည်ရွယ်၍၊ ဝိတ္ထာရိတဝသေန- အကျယ်ခဲ့အပ်သည်၏ အစွမ်းအားဖြင့်၊ ဝုတ္တံ- မိန့်ဆိုအပ်ပြီ။ ပန- ဆက်၊ ဧတ္ထ- ဤကစ္ဆဂတ္တ-အစရှိသည်၌၊ ဝိနိစ္ဆယော- ကို၊ ပဘာဘဓေသု- အနားကြီး ငါးမျိုးတို့၌၊ ဝုတ္တနယေနေဝ- ဆိုအပ်ပြီးသော နည်းဖြင့်သာ၊ ဝေဒိတတ္ထော- သိထိုက်၏။

ဘဌကဋ္ဌိကော ဝါ- လျှောကျသော တင်ပါးရှိသူသည်သော်လည်းကောင်း၊ ဥဒ္ဓနကူဋသဒိသေဟိ- ဖိုခနောက်ဖျားနှင့် တူကုန်သော၊ အစ္ဆဂ္ဂတေဟိ- မြင့်မောက်စူတက်ကုန်သော၊ အာနိသဒမံသေဟိ- တင်ပါးတို့နှင့်၊ သမန္နာဂတော ဟုတ္တာ၊ မဟာအာနိသဒေါ ဝါ- ကြီးသော တင်ပါးရှိသူသည်သော်လည်း ကောင်း၊ ဟောတိ၊ မဟာဥရုကော ဝါ- တုတ်သောပေါင် ရှိသူသည်သော်လည်း ကောင်း၊ ဝါတဏ္ဍိကော ဝါ- မုတ်ကြီးသူသည်သော်လည်းကောင်း၊ မဟာဇာဏုကော ဝါ- ဒူးပုဆစ်ကြီးသူသည်သော်လည်းကောင်း၊ သံဃင်္ဂနဇာဏုကော ဝါ- အချင်းချင်း ထိခိုက်မိသော ဒူးပုဆစ်ရှိသူသည်သော်လည်းကောင်း၊ ယဋ္ဌိသဒိသ

ဘိန္နဥရော။ ။ ရင်ဘတ်၏ အလယ်၌ အတိုင်းထက်အလွန် ချိုင့်ဝင်နေသော ကြောင့် ရင်နှစ်ခွလို ဖြစ်နေသူ၊ ဘိန္နပိဋ္ဌိပုဂ္ဂိုလ်ကိုလည်း အလားတူပင် မှတ်သင့်သည်။ (ဘိန္နဥရောတိ- အတိနိန္နဥရမဿော၊ ဧဝံ ဘိန္နပိဋ္ဌိပိ။) (ဝိမတိ၊ ၂၁၂၈။)

ဝါတဏ္ဍိကော။ ။ ဝါတ- ပွထလာသော (blown.)+ အဏ္ဍ- ကပွယ်အိတ် (atesticle the scroeum.) ဝါတဏ္ဍ- မုတ္တနာ ကပွယ်အိတ်ရောင်သော အနာ- (swlling of the testicles. Mo:) ဝါတဏ္ဍိက- ဖောင်းပွသော ကပွယ်အိတ်ရှိသူ၊ မုတ္တနာ လိင်ဥရောင်သော အနာရှိသူ၊ ခါးဝတ်မောက်ကြွလာသည်အထိ ကြီးနေသူမျိုး ကိုသာ ရှင်ပြုမပေးကောင်း၊ သာမန်ကြီးနေသူမျိုးကိုကား ရှင်ပြုပေးကောင်းသည်၊

http://www.dhammadownload.com

ဇယ်ော- ဝါးတောင်ဝှေးနှင့် တူသော ခြေသလုံးရှိသည်၊ ဟုတွာ၊ ဒီဃဇယ်ော ဝါ- ရှည်သော ခြေသလုံးရှိသူသည်သော်လည်းကောင်း၊ ဟောတိ။

ဝိကဋော ဝါ- ဖီလာသွားသော ခြေရှိသောသူသည်သော်လည်းကောင်း၊ သံဃဋ္ဌော ဝါ- (နောက်လှည့်ခြေဖျား ဒူများတွင်းဝင် သွားလျှင်မယွင်း) အချင်းချင်း ထိခိုက်သော ခြေရှိသူသည်သော်လည်းကောင်း၊ ဥဗ္ဗဒ္ဓပိဏ္ဍိကော ဝါ- ကဲ့ရဲ့ဖွယ်ရာ လွန်စွာကြီးသော ခြေသလုံးကြွက်သားရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ သော- ထိုလွန်စွာကြီးသော ခြေသလုံးကြွက်သားရှိသော ပုဂ္ဂိုလ်သည်၊ ဟေဌာ- အောက်သို့၊ သြရုဋ္ဌာဟိ ဝါ- ဆင်းသည်မူလည်းဖြစ်ကုန်သော၊ ဥပရိ- အထက်သို့၊ အာရုဋ္ဌာဟိ ဝါ- တတ်သည်မူလည်း ဖြစ်ကုန်သော၊ မဟတီဟိ- ကြီးကုန်သော၊ ဇယ်ပိဏ္ဍိကာဟိ- ခြေသလုံးကြွက်သားတို့နှင့်၊ သမန္နာဂတော ဟုတွာ၊ ဒုဝိဓော- နှစ်ပါးအပြားရှိ၏။

မဟာဇယ်ော ဝါ- ကြီးသော ခြေသလုံးရှိသူသည်သော်လည်းကောင်း၊ ထူလ-ဇယ်ပိဏ္ဍိကော ဝါ- ဝဖြိုးကြီးမား ခြေသလုံးသားရှိသူသည်သော်လည်းကောင်း၊

(ဝါတဏ္ဍိကောတိ- အဏ္ဍဝါတရောဂေန ဥဒ္ဓုတဗီဇကောသေန သမန္နာဂတော- ယဿ နိဝါသနေန ပဋိစ္ဆန္ဒမ္ပိ ဥန္ဒတံ ပကာသေတိ၊ သောဝ နပဗ္ဗာဇေတဗ္ဗော။)

(ဝိမတိ၊ ၂။၁၂၈။)

ဝိကဋော။ ။ (ဝိကဋောတိ- တိရိယံ ဂမနပါဒေါ၊ ယဿ စက်မတော ဇာဏုကာ ဗဟိ နိဂစ္ဆန္တိ။ ဝိမတိ၊ ၂။၁၂၈။) ပုံပန်းမကျသော ခြေတံလက်တံရှိသူ (having misshaped imbs; deformed. Mo)

သံဃဋ္ဌော။ ။ အချင်းချင်းထိခိုက်သော ခြေရှိသူ- (သယ်ဋ္ဌောတိ- ဂစ္ဆတော ပရိဝတ္တနပါဒေဟိ သမန္နာဂတော၊ ယဿ စက်မတော ဇာဏုကာ အန္တော ပဝိသန္တိ၊ ဋ္ဌိ။) (ပဏ္ဍော- ရှိသည်ကား မကောင်း။)

ဥဗ္ဗဒ္ဓပိဏ္ဍိကော။ ။ ဥဗ္ဗဒ္ဓ- ကဲ့ရဲ့စက်ဆုပ်အပ်သော- (ဥ+ ဗဓ+ တ= ဗဓော ဘူ နိန္ဒေ၊ ဓာတွတ္ထ၊) + ပိဏ္ဍိတ- ခြေသလုံးကြွက်သားရှိသူ= ဥဗ္ဗဒ္ဓပိဏ္ဍိက- ကဲ့ရဲ့စက်ဆုပ်ဖွယ်ရာ ခြေသလုံးကြွက်သားကြီးသူ။

ဥဗ္ဗဒ္ဓ- ဖွဲ့ထားသော ပို၍မြင့်သော များသော၊ တွဲလျားကျသော ဝန်လေးသော၊ အတားအဆီးဖြစ်သော- (Tied up or upwards, hung, hung up checked, Mo;)+ ပိဏ္ဍ- ခြေသလုံး ကြွက်သား- (The chlf of the leg, Mo,) ဥဗ္ဗဒ္ဓပိဏ္ဍိက- များသော ဝန်လေးသော ခြေသလုံးကြွက်သားရှိသူ၊ ကိုယ်ကာယ ကြံ့ခိုင်တောင့်တင်းသူ- (With his Lump of flesh (on shulers, arms,and Legs) tied up or wellset သူ,)

http://www.dhammadownload.com

မဟာပါဒေါ ဝါ- ကြီးသော ခြေဖဝါးရှိသူသည်သော်လည်းကောင်း၊ မဟာပဏ္ဍိ ဝါ- ကြီးသော ဖနောင့်ရှိသူသည်သော်လည်းကောင်း၊ ပါဒဝေမဇ္ဈတော- ခြေဖမိုး၏ အလယ်မှ၊ ဥဋ္ဌိတဇယော- ပေါ်ထွက်သော ခြေသလုံးရှိသည်၊ ဟုတ္တာ၊ ပိဋ္ဌိကပါဒေါ ဝါ- ဖနောင့်ခြေဖျား နှစ်ပါးတူနှိုး ခြေဖမိုးအလယ်မှ ပေါ်ထွက်သော ခြေရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ ဝင်္ကပါဒေါ ဝါ- ကောက်သောခြေရှိသူသည်လည်းကောင်း၊ ဟောတိ၊ သော- ထိုဝင်္ကပါဒပုဂ္ဂိုလ်သည်၊ အန္တော ဝါ- အတွင်း၌သော်လည်းကောင်း၊ ဗဟိ ဝါ- ပြင်ဘက်၌သော်လည်းကောင်း၊ ပရိဝတ္တပါဒေါ- လည်သောခြေရှိသည်၊ ဟုတ္တာ၊ ဒုဝိဓော- နှစ်ပါးအပြားရှိ၏၊ သိင်ဂီဝေရဖဏသဒိသာဟိ- ဂျင်းတက်၏ ပါးပျဉ်းနှင့် တူကုန်သော၊ အဂုံလီဟိ- လက်ချောင်း ခြေချောင်းတို့နှင့်၊ သမန္နာဂတော ဟုတ္တာ၊ ဂဏ္ဌိကဂုံလိ ဝါ- ဂျင်းတက်အလား များသော အဖုရှိသော လက်ချောင်းခြေချောင်း ရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ ကာဠဝဏ္ဏောဟိ- မည်းနက်သော အဆင်းရှိကုန်သော၊ ပူတိနခေဟိ- ပုပ်သော လက်သည်း ခြေသည်းတို့နှင့်၊ သမန္နာဂတော ဟုတ္တာ၊ အန္ဓနခေါ ဝါ- ညိုမည်းသော လက်သည်းခြေသည်းရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ သဗ္ဗောပိ- အလုံးစုံလည်းဖြစ်သော၊ ဧသော- ဤပုဂ္ဂိုလ်သည်၊ ပရိသဒူသကော- ပရိသတ်ကို ဖျက်ဆီးတတ်သူတည်း၊ ဧဝရူပေါ- ဤသို့သဘောရှိသော၊ ပရိသဒူသကော- ပရိသတ်ကို ဖျက်ဆီးတတ်သူကို၊ န ပဗ္ဗာဇေတဗ္ဗော။

၁၃၄။ **ကာဏော**တိ- ကား၊ ပသန္နန္တော ဝါ- စက္ခုအကြည်ကန်းသူသည်သော်လည်း၊ ဟောတု- ဖြစ်စေ၊ ပဗ္ဗာဒီဟိ- တိမ်အစရှိသည်တို့သည်၊ ဥပဟတပသာ-

---

မဟာပါဒေါ။ ။ ကြီးသော ခြေဖဝါးရှိသူ- (မဟန္တေန ပါဒတလေန ယုတ္တော၊ ဝိမတိ၊ ၂၊၁၂၈။)

ပိဋ္ဌိကပါဒေါ။ ။ ခြေသလုံးက ခြေဖမိုးအလယ်မှ ပေါက်သည့်အတွက် ဖြစ်ရိုး ဖြစ်စဉ်အတိုင်း ဖနောင့်ဘက်မှ တိုမနေဘဲ ဖနောင့်ဘက် ခြေဖျားဘက် နှစ်ပါးစုံ ညီတူညီမျှ ဖြစ်နေသည်။

အန္ဓနခေါ။ ။ အန္ဓ- ညိုမည်းသော- blind, dark, deep, muddy (water)

ပရိသဒူသကော။ ။ ပရိသဒူသကပုဂ္ဂိုလ်တစ်ဦးဦး ပါဝင်နေသော ပရိသတ်သည် ငါးခုံးမတစ်ကောင်ကြောင့် တစ်လေ့လုံး ပုပ်ရသကဲ့သို့ ကြည့်၍မကောင်း အသရေပျက်ရ၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်မျိုးကို ရှင်ရဟန်းပြု မပေးရဟု မိန့်တော်မူသည်။

ပဗ္ဗာဒီဟိ။ ။ ပုပ္ပကို ပါဠိအဘိဓာန်များ၌ ပန်း, ဓမ္မတာသွေးဟု နှစ်နက်မျှသာ ဖွင့်ပြထားသည်၊ သက္ကဋဟိန္ဒီဘိအဓာန်များ၌ကား မျက်စိရောဂါ- (နေတ္တရောဂ

http://www.dhammadownload.com

ဒေါ ဝါ- ဖျက်ဆီးအပ်သော စက္ခုအကြည်ရှိသူသည်သော်လည်း၊ ဟောတု-ဖြစ်စေ၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ ဒ္ဒီဟိ- နှစ်လုံးကုန်သော၊ အက္ခီဟိ ဝါ- မျက်စိတို့ဖြင့်သော်လည်းကောင်း၊ ဧကေန- တစ်လုံးသော၊ အက္ခိနာ ဝါ- မျက်စိဖြင့်သော်လည်းကောင်း၊ နု ပဿတိ- မမြင်ရ၊ သော- ထိုပုဂ္ဂိုလ်ကို၊ နု ပဿာဇေ-တဗ္ဗော။ ပန- ဝါဒအထူး ပြဆိုဦးအံ့၊ **မဟာပဒ္ဓရိယံ**- ၌၊ ဧကက္ခိကာဏော-တစ်လုံးသော မျက်စိဖြင့် ကန်းသူကို၊ "ကာဏော"တိ- ကာဏဟူ၍၊ ဝုတ္တော-မိန့်ဆိုအပ်ပြီ၊ ဒ္ဝိအက္ခိကာဏော- နှစ်လုံးသော မျက်စိတို့ဖြင့်ကန်းသူကို၊ အန္ဓေန-အန္ဓသဒ္ဒါဖြင့်၊ သင်္ဂဟိတော- သိမ်းယူအပ်ပြီ၊ **မဟာအဋ္ဌကထာယံ**- ၌၊ ဇစ္စန္ဓော-ပဋိသန္ဓေအားဖြင့်ကန်းသူကို၊ "အန္ဓော"တိ- အန္ဓဟူ၍၊ ဝုတ္တော- မိန့်ဆိုအပ်ပြီ၊ တသ္မာ- ထို့ကြောင့်၊ ဥဘယမ္မိ- နှစ်ပါးစုံသော စကားသည်လည်း၊ ပရိယာယေန-ပရိယာယ်အားဖြင့်၊ ယုဇ္ဇတိ- သင့်၏။

ဟတ္ထကုဏီ ဝါ- လက်ကောက်သူသည်သော်လည်းကောင်း၊ ပါဒကုဏီ ဝါ-ခြေ (အား)ဖြင့်) ကောက်သူသည်သော်လည်းကောင်း၊ အင်္ဂုလိကုဏီ ဝါ- လက်ချောင်းခြေချောင်း ကောက်သူသည်သော်လည်းကောင်း၊ **ကုဏီ**တိ- ကုဏီမည်၏၊ ယဿ- အကြင်ပုဂ္ဂိုလ်၏၊ ဧတေသု ဟတ္ထာဒီသု- ဤလက်အစရှိသည်တို့တွင်၊ ယံ ကိဉ္စိ- အမှတ်မထား တစ်ပါးပါးသော အင်္ဂါသည်၊ ဝင်္ကံ- ကောက်သည်၊ ဟုတ္ဝာ- ဖြစ်၍၊ ပညာယတိ- ထင်ရှား၏၊ (သော- ထိုပုဂ္ဂိုလ်သည်၊ ကုဏီနာမ- ကုဏီမည်၏၊) **ခဇ္ဇော**တိ- ကား၊ နတဇာဏုကော ဝါ- ကိုင်းညွတ်သော ဒူးရှိသူသည်သော်လည်းကောင်း၊ ဘိန္နဇယော ဝါ- (တစ်ဆစ်ချိုး) ကွေးကောက်သော ဒူးရှိသူသည်သော်လည်းကောင်း၊ မဇ္ဈေ- အလယ်၌၊ သံကုဋိ-တပါဒတ္တာ- တွန့်လိမ်ခွေလိပ်သော ခြေရှိသည်၏ အဖြစ်ကြောင့်၊ ပိဋ္ဌပါဒ-မဇ္ဈေန- ခြေဖမိုး၏ အလယ်ဖြင့်၊ စင်္ကမန္တော- လမ်းသွားရသည်၊ ဟုတ္ဝာ၊ ကုဏ္ဍ-ပါဒကော ဝါ- မစွမ်းမသန်သော ခြေရှိသူသည်သော်လည်းကောင်း၊ ဟောတိ၊ အဂ္ဂေ- အဖျားဌ၌၊ သံကုဋိတပါဒတ္တာ- ကြောင့်၊ ပိဋ္ဌပါဒဂ္ဂေန- ခြေဖမိုး၏ အဖျား

ဘေဒေ၊ ထော။ နေတ္တရောဂဝိသေသ၊ ကောတ္တ။ (atdisease of the eye, Mo+Bh.) စသည်ဖြင့် ပြထားသည်၊ နာဌ်ကား တိမ်ဖုံးသော မျက်စိရောဂါဟု အတိအကျဖွင့်ပြထားပါသည်၊ ထို့ကြောင့် "ပုဗ္ဗာဒီဟိ"ဟု ရှိသည်ကား သင့်မည်မထင်။

ကုဏ္ဍပါဒကော။ ။ ဤ၌ကုဏ္ဍသဒ္ဒါသည် ချို့ငဲ့သော မစွမ်းမသန်သောစသော အနက်များကိုလည်း ဟောပါသေးသည်။ (dull, stupid,disabled.သူ)

http://www.dhammadownload.com

ဖြင့်၊ စက်မန္တော- လမ်းသွားရသည်၊ ဟုတွာ၊ ကုဏ္ဍပါဒကော ဝါ- မစွမ်းမသန်သော (တုံးသော) ခြေရှိသူသည်လည်း၊ ဟောတိ၊ အဂ္ဂပါဒေနေဝ- ခြေဖျားဖြင့်ပင်၊ စက်မနခဥ္ဇော ဝါ- လမ်းသွားခြင်းဖြင့် ခွင်သူသည်သော်လည်း၊ ဟောတိ၊ ပဏ္ဍိကာယ- ခြေဖနောင့်ဖြင့်၊ စက်မနခဥ္ဇော ဝါ ဟောတိ၊ ပါဒဿ- ခြေ၏၊ ဗာဟိရန္တေန- အပြင်ဘက်အစွန်းဖြင့်၊ စက်မနခဥ္ဇော ဝါ ဟောတိ၊ ပါဒဿ- ခြေ၏၊ အဗ္ဘန္တရေန- အတွင်းအစွန်းဖြင့်၊ စက်မနခဥ္ဇော ဝါ ဟောတိ၊ ဂေါပ္ဖကာနံ- ခြေဖမျက်တို့၏၊ ဥပရိ- အထက်၌၊ ဘဂ္ဂတ္တာ- ကျိုးပျက်နေသည်၏ အဖြစ်ကြောင့်၊ သကလေန- အလုံးစုံသော၊ ပိဋ္ဌိပါဒေန- ခြေဖမိုးဖြင့်၊ စက်မနခဥ္ဇော ဝါ ဟောတိ၊ သဗ္ဗောပိ- အားလုံးလည်းဖြစ်သော၊ ဧသ- ဤပုဂ္ဂိုလ်သည်၊ ခဥ္ဇော- ယေဝ- ခဥ္ဇချည်းသာတည်း၊ သော- ထိုခြေခွင်သော ပုဂ္ဂိုလ်ကို၊ နပဗ္ဗာဇေတဗ္ဗော။

ယဿ- အကြင်ပုဂ္ဂိုလ်၏၊ ဧကော- တစ်ဖက်သော၊ ဟတ္ထော ဝါ- လက်သည်သော်လည်းကောင်း၊ ပါဒေါ ဝါ- ခြေသည်သော်လည်းကောင်း၊ အမှသရီရံ ဝါ- ထက်ဝက်သော ကိုယ်သည်သော်လည်းကောင်း၊ သုခံ- လွယ်ကူစွာ၊ နဝဟတိ- မရွက်ဆောင်နိုင်၊ သော- ထိုပုဂ္ဂိုလ်သည်၊ **ပက္ခဟတော**တိ- မည်၏၊ ပီဌသပ္ပီ- ဘီးတပ်ကုလားထိုင်ဖြင့် ရွှေ့ရှားသွားလာရသူကို၊ **ဆိန္နိရိယာပထော**တိ- ပြတ်သော ဣရိယာပုထ်ရှိသူဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ **ဇရာဒုဗ္ဗလော**တိ- ကား၊ ဇိဏ္ဏဘာဝေန- အိုသည်၏ အဖြစ်ကြောင့်၊ ဒုဗ္ဗလော- အားမရှိသည်၊ ဟုတွာ- ဖြစ်၍၊ အတ္တနော- မိမိ၏၊ စီဝရရဇနာဒိကမ္မံ- သင်္ကန်းဆိုးခြင်းအစရှိသော အမှုကို၊ ကာတုမ္ပိ- ပြုခြင်းငှာလည်း၊ အသမတ္ထော- မစွမ်းနိုင်သူတည်း၊ ပန- ဆက်၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ မဟလ္လကော- ကြီးသည်၊ သမာနောပိ- ဖြစ်ပါသော်လည်း၊ ဗလဝါ- အားရှိသည်၊ ဟောတိ၊ အတ္တာနံ- မိမိကို၊ ဇဂ္ဂိတုံ- သုတ်သင်ခြင်းငှာ၊ သက္ကောတိ- စွမ်းနိုင်သေး၏၊ သော- ထိုပုဂ္ဂိုလ်ကို၊ ပဗ္ဗာဇေတဗ္ဗော။

ဇစ္စန္ဓော- ပဋိသန္ဓေအားဖြင့် ကန်းသူကို၊ **အန္ဓော**တိ- ဟူ၍၊ ဝုစ္စတိ၊ ယဿ- အကြင်ပုဂ္ဂိုလ်၏၊ ဝစီဘေဒေါ- နှုတ်မြွက်ပြောဆိုခြင်းသည်၊ နပဝတ္တတိ- မဖြစ်၊ သော- ထိုပုဂ္ဂိုလ်သည်၊ **မူဂေါ**တိ- မူဂမည်၏၊ ဝါ- စကားမပြောနိုင်သူ နှုတ်အ,သူမည်၏၊ ယဿာပိ- အကြင်ပုဂ္ဂိုလ်၏လည်း၊ ဝစီဘေဒေါ- နှုတ်မြွက်ပြောဆိုခြင်းသည်၊ ပဝတ္တတိ- ဖြစ်၏၊ ပန- ထိုသို့ပင် နှုတ်မြွက်ပြောဆိုနိုင်ပါသော်လည်း၊ သရဏဂမနံ- သရဏဂုံကို၊ ပရိပုဏ္ဏံ- ပြည့်စုံအောင်၊ ဘာသိတုံ- ရွတ်ဆိုခြင်းငှာ၊

ပီဋ္ဌသပ္ပီ။ ။ (Moving on a wheel.chair.cripple. သူ)

http://www.dhammadownload.com

န သက္ကောတိ- မစွမ်းနိုင်၊ တာဒိသံ- ထိုသို့ရှုအပ်သော၊ မမ္မနမ္ပိ- ထစ်အ,သူကိုလည်း၊ ပဗ္ဗာဇေတုံ န ဝဋ္ဋတိ။ ပန- အလျော်ကား၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ သရဏဂမနမတ္တံ- သရဏဂုံမျှကို၊ ပရိပုဏ္ဏံ- ပြည့်စုံစွာ၊ ဘာသိတုံ သက္ကောတိ၊ တံ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။

ယော- အကြင်ပုဂ္ဂိုလ်သည်၊ သဗ္ဗေန- အလုံးစုံသော အခြင်းအရာအားဖြင့်၊ သဗ္ဗံ- အလုံးစုံအကုန်အစင်၊ တစ်နည်း= သဗ္ဗေန သဗ္ဗံ- အချင်းခပ်သိမ်း၊ န သုဏာတိ- မကြားရ၊ သော- ထိုအချင်းခပ်သိမ်း မကြားရသော ပုဂ္ဂိုလ်သည်၊ **ဗဓိရော**တိ- နားထိုင်းသူမည်၏၊ ပန- အလျော်ကား၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ မဟာသဒ္ဒံ- ကျယ်သော အသံကို၊ သုဏာတိ- ကြားရသေး၏၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ၊ **အန္ဓမူဂါ**ဒယော- အန္ဓမူဂ-အစရှိသော ပုဂ္ဂိုလ်တို့ကို၊ ဥဘယဒေါသဝသေန- ကန်းခြင်း အ,ခြင်းဟူသော နှစ်ပါးစုံသော အပြစ်၏ အစွမ်းဖြင့်၊ ဝုတ္တာ- မိန့်တော်မူအပ်ကုန်ပြီ၊ စ- ဆက်၊ ယေသံ- အကြင်ပုဂ္ဂိုလ်တို့၏၊ ပဗ္ဗဇ္ဇာ- ရှင့်အဖြစ်ကို၊ ပဋိက္ခိတ္တာ- ပယ်မြစ်တော်မူအပ်ပြီ။ တေသံ- ထိုပုဂ္ဂိုလ်တို့၏၊ ဥပသမ္ပဒါပိ- ရဟန်းအဖြစ်ကိုလည်း၊ ပဋိက္ခိတ္တာဝ- ပယ်မြစ်အပ်ပြီးသည်သာ။ ပန- ဆက်၊ နေ- ထိုပယ်အပ်ပြီးသော ပုဂ္ဂိုလ်တို့ကို၊ သံဃော- သံဃာသည်၊ သစေ ဥပသမ္ပာဒေတိ- အကယ်၍ ရဟန်းခံပေးအံ့၊ ဧဝံ သတိ၊ သဗ္ဗေပိ- (ဟတ္ထစ္ဆိန္န-စသော) အလုံးစုံသော ပုဂ္ဂိုလ်တို့သည်လည်း၊ သူပသမ္ပန္နာ- ကောင်းစွာ ရဟန်းအဖြစ်သို့ ရောက်ကုန်၏၊ ပန- ထိုသို့ပင် ရဟန်းဖြစ်ပါသော်လည်း၊ ကာရကသံဃော- ဥပသမ္ပဒကံကိုပြု (ရာ၌ ပါဝင်) သော သံဃာသည်လည်းကောင်း၊ အာစရိယုပဇ္ဈာယာ စ- ကမ္မဝါစာဆရာနှင့် ဥပဇ္ဈာယ်တို့သည်လည်းကောင်း၊ အာပတ္တိတော- ဒုက္ကဋ္ဌအာပတ်မှ၊ န မုစ္စန္တိ-မလွတ်ကြကုန်။

မမ္မနံ။ ။ စိုးစဉ်းအနည်းငယ်မျှ ပီသစွာ ပြောဆိုနိုင်ခြင်း (any articulation, Mo) မမ္မန-ဟူသည် ဌာန်ကရိုဏ်း စင်ကြယ်မှု မရှိခြင်းကြောင့် မသင့်မမှန်သော စကားလုံး ရှိသူပင်တည်း။ စကားတစ်လုံးကို ထပ်ကာထပ်ကာ ပြောဆိုခြင်းကြောင့်ပင် မမ္မန- စကားထစ်အ,သူဟု ဆိုရသည်၊ ဌာန် ကရိုဏ်းပင် ပြည့်စုံစေကာမူ အိမ်းအင်းများလျက် ရပ်တံ့ဆိုင်းငံ့ပြောဆိုနေရသူမျိုးကိုလည်း မမ္မန-ဟုပင် ဆိုရတော့သည်။

(ဝိမတိ၊ ၂၁၂၈။)

အာပတ္တိတော န မုစ္စတိ။ ။ သိလျက် ရှင်ပြုပေးသော ရဟန်းသာ အာပတ်သင့်သည်၊ (မသိသည့်အတွက် ရှင်ပြုပေးသောရဟန်း) အသက်အန္တရာယ်စသော ဘေးရန်တို့ကြောင့် သဘောမတူ မနှစ်သက်ဘဲ ပါဝင်ရသော ရဟန်းတို့ကား အာပတ်မသင့်။

(ဝိမတိ၊ ၂၁၂၈။)

http://www.dhammadownload.com

၁၃၅။ ပဏ္ဍကော- ပဏ္ဍုက်လည်းကောင်း၊ ဥဘတောဗျဥ္ဇနကော- ဥဘတောဗျည်းလည်းကောင်း၊ ထေယျသံဝါသကော- ထေယျသံဝါသကလည်းကောင်း၊ တိတ္ထိယပက္ကန္တကော- တိတ္ထိယပက္ကန္တကလည်းကောင်း၊ တိရစ္ဆာနဂတော- တိရစ္ဆာန်ဖြစ်သူလည်းကောင်း၊ မာတုဃာတကော- အမိကိုသတ်သူလည်းကောင်း၊ ပိတုဃာတကော- အဖကိုသတ်သူလည်းကောင်း၊ အရဟန္တဃာတကော- ရဟန္တာကို သတ်သူလည်းကောင်း၊ လောဟိတုပ္ပါဒကော- (သက်တော်ထင်ရှား မြတ်ဘုရား၏ ကိုယ်၌) သွေးကို ဖြစ်စေတတ်သူလည်းကောင်း၊ သံဃဘေဒကော- သံဃာကိုသင်းခွဲသော ရဟန်းလည်းကောင်း၊ ဘိက္ခုနီဒူသကော- ဘိက္ခုနီကို ဖျက်ဆီးသူလည်းကောင်း၊ ဣတိ- ဤသို့၊ ဧကာဒသ- တစ်ဆယ့်တစ်ယောက်ကုန်သော၊ ဣမေ ပုဂ္ဂလာ ပန- ဤပုဂ္ဂိုလ်တို့သည်ကား၊ "ပဏ္ဍကော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော"တိ အာဒိဝစနတော- ဤသို့အစရှိသော စကားကို မိန့်တော်မူခြင်းကြောင့်၊ အဘဗ္ဗာ- (ရှင်ရဟန်းမဖြစ်ထိုက်သော) အဘဗ္ဗပုဂ္ဂိုလ်တို့တည်း။

တေသံ- ထိုအဘဗ္ဗပုဂ္ဂိုလ် (တစ်ဆယ့်တစ်ယောက်) တို့၏၊ ပဗ္ဗဇ္ဇာ- ရှင့်အဖြစ်သည်၊ နေဝ ရုဟတိ- အထမမြောက်၊ ဥပသမ္ပဒါ စ- ရဟန်းအဖြစ်သည်လည်း၊ န ရုဟတိ- အထမမြောက်၊ တသ္မာ- ထို့ကြောင့်၊ (တေ ထိုအဘဗ္ဗပုဂ္ဂိုလ်တို့ကို၊) န ပဗ္ဗာဇေတဗ္ဗာ- ရှင်ပြုမပေးထိုက်ကုန်၊ န ဥပသမ္ပာဒေတဗ္ဗာ- ရဟန်းခံမပေးထိုက်ကုန်၊ ဇာနိတွာ- (အဘဗ္ဗပုဂ္ဂိုလ်ဖြစ်ကြောင်းကို) သိ၍၊ ပဗ္ဗာဇေန္တော- ရှင်ပြုပေးသော သရဏဂုံဆရာသည်လည်းကောင်း၊ ဥပသမ္ပာဒေန္တော စ- ရဟန်းခံပေးသော ဥပဇ္ဈာယ်ဆရာသည်လည်းကောင်း၊ ဒုက္ကဋ္ဌံ- ဒုက္ကဋ္ဌ်အာပတ်သို့၊ အာပဇ္ဇတိ- ရောက်၏၊ အဇာနိတွာပိ- (အဘဗ္ဗပုဂ္ဂိုလ်ဖြစ်ကြောင်းကို) မသိမူ၍လည်း၊ ပဗ္ဗဇိတာ စ- ရှင်ပြုပေးထားသော သူတို့ကိုလည်းကောင်း၊ ဥပသမ္ပာဒိတာ စ- ရဟန်းခံပေးထားသော သူတို့ကိုလည်းကောင်း၊ ဇာနိတွာ- (အဘဗ္ဗပုဂ္ဂိုလ် ဖြစ်ကြောင်း) သိလသော်၊ လိင်္ဂနာသနာယ- အသွင်ကို ဖျက်ဆီးခြင်းဖြင့်၊ နာသေတဗ္ဗာ- ဖျက်ဆီးထိုက်ကုန်၏။

ပဏ္ဍကော။ ။ လိင်ချို့ယွင်းဖောက်ပြန်သူ မိန်းမလျာ မိန်းမစိုး၊ (a eunuch serving in the harem , Bh) ပန်းစုပ်စသည်။

ဥဘတောဗျဥ္ဇနက။ ။ လိင်နှစ်မျိုးပါရှိသူ (having the marks of both sexes, a hermaphrodite, Mo)

http://www.dhammadownload.com

တတ္ထ- ထိုပဏ္ဍကော-အစရှိသောပါဠိ၌၊ **ပဏ္ဍကောတိ**- ကား၊ အာသိတ္တ-ပဏ္ဍကော- အာသိတ္တပဏ္ဍုက်လည်းကောင်း၊ ဥသူယပဏ္ဍကော- လည်းကောင်း၊ ဩပက္ကမိကပဏ္ဍကော- လည်းကောင်း၊ ပက္ခပဏ္ဍကော- လည်းကောင်း၊ နပုံသကပဏ္ဍကော- နပုံသကပဏ္ဍုက်လည်းကောင်း၊ ဣတိ- ဤသို့၊ ပဒ- ငါးယောက်ကုန်သော၊ ပဏ္ဍကာ- ပဏ္ဍုက်တို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ တေသု- ထိုငါးယောက်သော ပဏ္ဍုက်တို့တွင်၊ ယဿ- အကြင်သူ၏၊ (ပရိဠာဟော-၌ စပ်ပါ။) ပရေသံ- သူတစ်ပါးတို့၏၊ အင်္ဂဇာတံ- အင်္ဂါဇာတ်ကို၊ မုခေန-ပါးစပ်ဖြင့်၊ ဂဟေတွာ- ယူ၍၊ (စုပ်၍၊) အသုစိနာ- သုက်ဖြင့်၊ အာသိတ္တသု-သွန်းလောင်းအပ်သည်၊ (သမာနသု- ဖြစ်လသော်၊) ပရိဠာဟော- ကိလေသာပူလောင်ခြင်းသည်၊ ဝူပသမ္မတိ- ငြိမ်း၏၊ အယံ- ဤသူသည်၊ **အာသိတ္တပဏ္ဍ-ကော**- ကမည်၏၊ ဝါ- ပန်းစုပ်မည်၏။ ယဿ- အကြင်သူ၏၊ ပရေသံ- သူတစ်ပါးတို့၏၊ အဗ္ဘန္တရံ- မေထုန်ပြုကျင့်မှုကို၊ ပဿတော- တွေ့မြင်ရသော်၊ (ချောင်းမြောင်းကြည့်ရှုလျက်၊) ဥသူယာယ- ငြူစူခြင်းသည်၊ ဥပ္ပန္နာယ- ဖြစ်လသော်၊ ပရိဠာဟော ဝူပသမ္မတိ၊ အယံ- ဤသူသည်၊ **ဥသူယပဏ္ဍကော**- ကမည်၏၊ ဝါ- ငြူစူစောင်းမြောင်း ချောင်းကြည့်တတ်သော ပဏ္ဍုက်မည်၏။

ယဿ- အကြင်သူ၏၊ ဗီဇာနိ- ဝှေးစေ့တို့ကို၊ ဥပက္ကမေန- လုံ့လဖြင့်၊ အပနီတာနိ- ပယ်ထုတ်အပ်ကုန်ပြီ၊ အယံ- ဤသူသည်၊ **ဩပက္ကမိကပဏ္ဍ-ကော**- ကမည်၏၊ ဝါ- သင်းကွပ်ထားရိုး မိန်းမစိုးပဏ္ဍုက်မည်၏၊ ပန- ကား၊ ဧကစ္စော- အချို့သော ပုဂ္ဂိုလ်သည်၊ အကုသလဝိပါကာနုဘာဝေန- အကုသလဝိပါက်၏ အာနုဘော်ကြောင့်၊ ကာဠပက္ခေ- လဆုတ်ပက္ခ၌၊ ပဏ္ဍကော-ပဏ္ဍုက်သည်၊ ဟောတိ- ဖြစ်၏၊ ဇုဏှပက္ခေ ပန- လဆန်းပက္ခ၌ကား၊ အသု-ထိုပုဂ္ဂိုလ်၏၊ ပရိဠာဟော- ကိလေသာပူလောင်ခြင်းသည်၊ ဝူပသမ္မတိ- ငြိမ်း၏။ အယံ-ဤပုဂ္ဂိုလ်သည်၊ **ပက္ခပဏ္ဍကော**- ကမည်၏၊ ဝါ- လဆုတ်ပက္ခတိုင်းမှာ ဖြစ်လာရသော ပဏ္ဍုက်မည်၏၊ ပန- ကား၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ ပဋိသန္ဓိယံယေဝ- ပဋိသန္ဓေအခါကပင်၊ အဘာဝကော- ဘာဝရုပ် မရှိသည်၊

မိန်းမစိုး။ ။ ရှေးခေတ်က မူဆလမန် (အာရပ်စော်ဘွား) တို့၏ မောင်းမများကို အဆောင်ကြီးတစ်ဆောင်တွင် ထားလေ့ရှိသည်၊ ယင်းမောင်းမတို့ကို စောင့်ရှောက်ရန် သင်းကွပ်ထားသော ယောကျ်ားများကို ထားကြသည်။ သူတို့ကိုပင် မိန်းမစိုးဟု ခေါ်သည်။ (နာ။ a eunuch,သူ။)

http://www.dhammadownload.com

ဟုတွာ- ဖြစ်၍၊ ဥပ္ပန္နော- ဖြစ်ခဲ့ပြီ၊ အယံ- ဤပုဂ္ဂိုလ်သည်၊ **နပုံသကပဏ္ဍကော**- ကမည်၏။ ဝါ- ဖို,မ,မဟုတ် ဘာဝရုပ်မရှိသော ပဏ္ဍက်မည်၏။

တေသု- ထိုငါးယောက်သောပဏ္ဍက်တို့တွင်၊ အာသိတ္တပဏ္ဍကဿ စ- ဏ္ဍက်၏လည်းကောင်း၊ ဥသူယပဏ္ဍကဿ စ- ဏ္ဍက်၏လည်းကောင်း၊ ပဗ္ဗဇ္ဇာ-ရှင့်အဖြစ်ကို၊ န ဝါရိတာ- မတားမြစ်အပ်၊ ဣတရေသံ- အာသိတ္တပဏ္ဍက် ဥသူယပဏ္ဍက်မှ တစ်ပါးကုန်သော၊ တိဏ္ဏံ- သုံးယောက်သော (ဩပက် ပက္ခ နပုံသက) ပဏ္ဍက်တို့၏၊ ပဗ္ဗဇ္ဇာ- ရှင့်အဖြစ်ကို၊ ဝါရိတာ- တားမြစ်အပ်ပြီ၊ "တေသုပိ- ထိုဩပက် ပက္ခနပုံသကပဏ္ဍက်တို့တွင်လည်း၊ ပက္ခပဏ္ဍကဿ-ဏ္ဍက်၏၊ ယသ္မိံ ပက္ခေ- အကြင်ပက္ခ၌၊ ပဏ္ဍကော- ပဏ္ဍက်သည်၊ ဟောတိ၊ တသ္မိံယေဝ ပက္ခေ- ထိုပက္ခ၌သာ၊ (အဿ- ထိုပက္ခပဏ္ဍက်၏၊ပို၊) ပဗ္ဗဇ္ဇာ ဝါရိတာ၊" ဣတိ- ဤသို့။ **ကုရုန္ဒိယံ**- ကုရုန္ဒီအဋ္ဌကထာ၌၊ ဝုတ္တံ- မိန့်ဆိုအပ်ပြီ။

၁၃၆။ **ဉာဏောဘျဥ္ဇနကောတိ**- ကား၊ အဿ- ထိုပုဂ္ဂိုလ်၏၊ ဣတ္ထိနိမိတ္တာပ္ပါ-ဒနကမ္မတော စ- မိန်းမနိမိတ်ကိုဖြစ်စေတတ်သော ကံလည်းဖြစ်သော၊ ပုရိသ နိမိတ္တာပ္ပါဒနကမ္မတော စ- ယောကျ်ားနိမိတ် (အင်္ဂါဇာတ်) ကို ဖြစ်စေတတ်သော ကံလည်းဖြစ်သော၊ ဉာဏတော- နှစ်ပါးစုံသော ကံကြောင့်၊ ဗျဥ္ဇနံ- ဗျည်းသည်၊ ဝါ- နိမိတ်သည်၊ အတ္ထိ- ရှိ၏၊ ဣတိ- ထို့ကြောင့်၊ သော- ထိုပုဂ္ဂိုလ်သည်၊ ဉာဏတောဗျဥ္ဇနကော- ဉာဏတောဗျည်းမည်၏၊ သော- ထိုဉာဏတောဗျည်းသည်၊ ဣတ္ထိဉာဏတောဗျဥ္ဇနကော- မိန်းမဉာဏတောဗျည်းလည်းကောင်း၊ ပုရိသ-ဉာဏတောဗျဥ္ဇနကော- ယောကျ်ားဉာဏတောဗျည်းလည်းကောင်း၊ ဣတိ- ဤသို့၊ ဒုဝိဓော- နှစ်ပါးအပြားရှိသည်၊ ဟောတိ။

တတ္ထ- ထိုနှစ်ပါးတို့တွင်၊ ဣတ္ထိဉာဏတောဗျဥ္ဇနကဿ- မိန်းမဉာဏတော ဗျည်း၏၊ ဣတ္ထိနိမိတ္တံ- မိန်းမနိမိတ်သည်၊ ပါကဋံ- ထင်ရှားသည်၊ ဟောတိ၊ ပုရိသနိမိတ္တံ- ယောကျ်ားနိမိတ်သည်၊ ပဋိစ္ဆန္နံ- ဖုံးကွယ်နေသည်၊ ဟောတိ၊ ပုရိသဉာဏတောဗျဥ္ဇနကဿ- ယောကျ်ားဉာဏတောဗျည်း၏၊ ပုရိသနိမိတ္တံ- ယောကျ်ား နိမိတ်သည်၊ ပါကဋံ- ထင်ရှားသည်၊ ဟောတိ၊ ဣတ္ထိနိမိတ္တံ- မိန်းမ

နပုံသက ။ ။ မိန်းမလည်းမဟုတ် ယောကျ်ားလည်းမဟုတ်သူ- (neither male nor female, Mo) ဖို့မ မဟုတ်သော ယောကျ်ားမပီသသောသူ- (neuter. unmanly. pr) မိန်းမကို မှီဝဲပေါင်းသင်းရန် အစွမ်းသတ္တိ မရှိသူ, သို့မဟုတ် အလွန်အားနည်းသူ, မိန်းမလျာ, မိန်းမစိုး- ပြမာ။

http://www.dhammadownload.com

နိမိတ်သည်၊ ပဋိစ္ဆန္နံ- ဖုံးကွယ်နေသည်၊ ဟောတိ။ ဣတ္ထိဥဘတောဗျဥ္ဇနကဿ- ၏၊ ဣတ္ထီသု- မိန်းမတို့၌၊ ပုရိသတ္တံ- ယောက်ျား၏အဖြစ် (ယောက်ျား၏ကိစ္စ) ကို၊ ကရောန္တဿ- ပြုလသော်၊ ဣတ္ထိနိမိတ္တံ- သည်၊ ပဋိစ္ဆန္နံ- ဖုံးကွယ်နေသည်၊ ဟောတိ၊ ပုရိသနိမိတ္တံ- သည်၊ ပါကဋံ- ထင်ရှားလာသည်၊ ဟောတိ၊ ပုရိသ-ဥဘတောဗျဥ္ဇနကဿ- ၏၊ ပုရိသာနံ- ယောက်ျားတို့၏၊ ဣတ္ထိဘာဝံ- မိန်းမ၏အဖြစ် (မိန်းမကိစ္စ) သို့၊ ဥပဂစ္ဆန္တဿ- ကပ်ရောက်လသော်၊ ပုရိသနိမိတ္တံ- သည်၊ ပဋိစ္ဆန္နံ- သည်၊ ဟောတိ၊ ဣတ္ထိနိမိတ္တံ ပါကဋံ ဟောတိ။

ဣတ္ထိဥဘတောဗျဥ္ဇနကော- သည်၊ သယဉ္စ- ကိုယ်တိုင်လည်း၊ ဂဗ္ဘံ- ကိုယ်ဝန်ကို၊ ဂဏ္ဟာတိ- ယူနိုင်၏၊ ပရဉ္စ- သူတစ်ပါးကိုလည်း၊ ဂဗ္ဘံ- ကိုယ်ဝန်ကို၊ ဂဏ္ဟာပေ-တိ- ယူစေနိုင်၏၊ ပန- ကား၊ ပုရိသဥဘတောဗျဥ္ဇနကော- သည်၊ သယံ- ကိုယ်တိုင်၊ ဂဗ္ဘံ- ကို၊ န ဂဏ္ဟာတိ- မယူနိုင်၊ ပရံ ပန- သူတစ်ပါးကိုကား၊ (ဂဗ္ဘံ- ကို၊) ဂဏ္ဟာပေတိ- ယူစေနိုင်၏၊ ဣတိ ဣဒံ- ဤသည်ကား၊ ဧတေသံ- ဤဥဘတောဗျည်းတို့၏၊ နာနာကရဏံ- အသီးအခြားပြုကြောင်း အထူးတည်း။ ပန- ဆက်၊ ဒုဝိဓဿပိ- နှစ်ပါးအပြားရှိသည်လည်းဖြစ်သော၊ ဣမဿ ဥဘတောဗျဥ္ဇန-ကဿ- ဤဥဘတောဗျည်း၏၊ ပဗ္ဗဇ္ဇာ- ရှင့်အဖြစ်သည်၊ နေဝ အတ္ထိ- မရှိ၊ ဥပသမ္ပဒါ- ရဟန်းအဖြစ်သည်၊ န အတ္ထိ- မရှိ။

၁၃၇။ **ထေယျသံဝါသကောတိ** ဧတ္ထ- ထေယျသံဝါသကော-ဟူသော ဤပါဠ်၌၊ ထေယျသံဝါသကာ- ထေယျသံဝါသကတို့သည်၊ လိင်္ဂတ္ထေနကော- ကလည်းကောင်း၊ သံဝါသတ္ထေနကော- ကလည်းကောင်း၊ ဥဘယတ္ထေနကော- ကလည်းကောင်း၊ ဣတိ- ဤသို့၊ တယော- သုံးယောက်တို့တည်း။ တတ္ထ- ထိုသုံးယောက်တို့တွင်၊ ယော- အကြင်သူသည်၊ သယံ- ကိုယ်တိုင်၊ ပဗ္ဗဇိတွာ- ရှင်ပြုလာ၍၊ ဝိဟာရံ- ကျောင်းသို့၊ ဂန္တွာ- သွား၍၊ ဘိက္ခုဝဿာနိ- ရဟန်းဝါတို့ကို၊ န ဂဏေတိ- မရေတွက်၊ ယထာဝုဇ္ဇံ- ကြီးစဉ်ငယ်လိုက်၊ ဝန္ဒနံ- ရှိခိုးခြင်းကို၊ န သာဒိယတိ- မသာယာ၊ အာသနေန- နေရာဖြင့်၊ န ပဋိဗာဟတိ- (သီတင်းငယ်

ထေယျသံဝါသကာ။ ။ ခိုးခြင်းဖြင့်ပေါင်းသင်းခြင်းရှိသူ- (ထေယျာယ သံဝါ-သော ယဿာတိ- ထေယျသံဝါသကော၊) ဤသို့လျှင် ထေယျသံဝါသက-အရ သံဝါသ-တ္ထေနကတစ်မျိုးတည်းကိုသာ ရပါသော်လည်း လိင်္ဂတ္ထေနက ဥဘယတ္ထေနကတို့ကိုပါ ဥပလက္ခဏနည်းအားဖြင့် ယူရသည်ဟု သိစေလိုသောကြောင့် "တယော ထေယျ-သံဝါသကာ"စသော ပါဠ်ကို မိန့်တော်မူသည်။

http://www.dhammadownload.com

တို့ကို) မတားမြစ်၊ ဥပေါသထပဝါရဏာဒီသု- ဥပုသ်ပဝါရဏာအစရှိသော ကံတို့၌၊ နှ သန္နိဿတိ- မတွေ့မြင်အပ်၊ ဝါ- မပါဝင်၊ အယံ- ဤသူသည်၊ လိင်္ဂ မတ္တသေဝ- ရှင်ရဟန်းအသွင်မျှကိုသာ၊ ထေနိတတ္တာ- ခိုးအပ်သည်၏ အဖြစ်ကြောင့်၊ **လိင်္ဂတ္ထေနကော** နာမ- ကမည်၏။

ပန- ကား၊ ယော- အကြင်သူသည်၊ ဘိက္ခုဟိ- ရဟန်းတို့သည်၊ ပဗ္ဘာဇိတော- ရှင်ပြုပေးအပ်သော၊ သာမဏေရော- သာမဏေသည်၊ သမာနော- ဖြစ်ပါလျက်၊ ဝိဒေသံ- အရပ်တစ်ပါးသို့၊ ဂန္တွာ- သွား၍၊ "အဟံ- တပည့်တော်သည်၊ ဒသ-ဝဿော- ဆယ်ဝါရပြီ၊ ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ ဒီသတိဝဿော-ဝါနှစ်ဆယ်ရပြီ၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ မုသာ- မုသားကို၊ ဝတ္တာ-ပြော၍၊ ဘိက္ခုဝဿာနိ- ရဟန်းဝါတို့ကို၊ ဂဏှတိ- ရေတွက်၏၊ ယထာဝုတ္တ-ကြီးစဉ်ငယ်လိုက်၊ ဝန္ဒနံ- ရှိခိုးခြင်းကို၊ သာဒိယတိ- သာယာ၏၊ အာသနေန-နေရာဖြင့်၊ ပဋိဗာဟတိ- တားမြစ်၏၊ ဥပေါသထပဝါရဏာဒီသု- ဥပုသ်ပဝါရဏာအစရှိသော ကံတို့၌၊ သန္နိဿတိ- တွေ့မြင်အပ်၏၊ ဝါ- ပါဝင်၏၊ အယံ- ဤသူသည်၊ သံဝါသမတ္တသေဝ- ပေါင်းသင်းခြင်းမျှကိုသာ၊ ထေနိတတ္တာ- ခိုးအပ်သည်၏ အဖြစ်ကြောင့်၊ **သံဝါသတ္ထေနကော** နာမ- ကမည်၏။ ဟိ- မှန်၏၊ ဘိက္ခုဝဿဂဏနာဒီကော- ရဟန်းဝါကို ရေတွက်ခြင်းအစရှိသော၊ သဗ္ဗောပိ-အလုံးစုံလည်းဖြစ်သော၊ ကိရိယဘေဒေါ- အပြုအမူ အထူးကို၊ ဣမသ္မိံ အတ္ထေ-ဤထေယျသံဝါသကောဟူသော ပါဠိ၏ အနက်၌၊ "သံဝါသော"တိ- သံဝါသဟူ၍၊ ဝေဒိတဗ္ဗော- သိထိုက်၏။ သိက္ခံ- သိက္ခာကို၊ ပစ္စက္ခာယ- ပယ်စွန့်၍၊ "မံ-ငါ့ကို၊ ကောစိ- တစ်စုံတစ်ယောက်သော သူသည်၊ နှ ဇာနာတိ- မသိသေး၊" ဣတိ- ဤသို့ကြံ၍၊ ပုန- တစ်ဖန်၊ ဧဝံ- ဤသို့ရဟန်းဝါကို ရေတွက်ခြင်းစသည်ကို၊ ပဋိပဇ္ဇန္တော- ကျင့်သူ၌လည်း၊ ဧသေဝ နယော- တည်း။

ပန- ကား၊ ယော- အကြင်သူသည်၊ သယံ ပဗ္ဘဇိတ္တာ ဝိဟာရံ ဂန္တွာ ဘိက္ခု ဝဿာနိ ဂဏေတိ ယထာဝုတ္တံ ဝန္ဒနံ သာဒိယတိ၊ အာသနေန ပဋိဗာဟတိ ဥပေါသထပဝါရဏာဒီသု သန္နိဿတိ၊ အယံ- ဤသူသည်၊ လိင်္ဂသ ဧဝ-ရှင်ရဟန်း၏ အသွင်ကိုလည်းကောင်း၊ သံဝါသဿ စ- ပေါင်းသင်းဆက်ဆံခြင်း

သံဝါသော။ ။ တခြားနေရာများမှာ ဧကကမ္မ ကေဒ္ဒေသ သမသိက္ခတာ သုံးခုမျှကိုသာ သံဝါသအရယူရသည်၊ ဤထေယျသံဝါသကအရာ၌ကား ယင်းသုံးမျိုးမျှသာမဟုတ်၊ ရဟန်းဝါကိုရေတွက်ခြင်း, ရှိခိုးဝတ်ချဲခြင်း, နေရာဖြင့်တားမြစ်ခြင်းစသည်တို့ကိုလည်း သံဝါသ-အရ ယူသည်။

http://www.dhammadownload.com

ကိုလည်းကောင်း၊ ထေနိတတ္တာ- ခိုးအပ်သည်၏ အဖြစ်ကြောင့်၊ **ဥဘယတ္ထေန–ကော** နာမ- ကမည်၏၊ တိဝိဓောပိ- သုံးပါးအပြားရှိသည်လည်းဖြစ်သော၊ အယံ ထေယ္ယသံဝါသကော- ဤထေယျသံဝါသကကို၊ အနုပသမ္မန္နော- ရဟန်းမဖြစ်နိုင်သည်၊ ဟုတ္တာ- ဖြစ်၍၊ န ဥပသမ္မာဒေတဗ္ဗော- ရဟန်းခံ မပေးထိုက်၊ ဥပသမ္မန္နော- ရဟန်းခံပေးပြီးသူကို၊ နာသေတဗ္ဗော- အသွင်ကိုဖျက် လူထွက်စေထိုက်၏၊ ပုန- တစ်ဖန်၊ ပဗ္ဗဇ္ဇံ- ရှင့်အဖြစ်ကို၊ ယာစန္တောပိ- တောင်းပါသော်လည်း၊ န ပဗ္ဗာဇေတဗ္ဗော- ရှင်ပြုမပေးထိုက်။

၁၃၈။ စ- ဆက်၊ ဧတ္ထ- ဤထေယျသံဝါသကအရာ၌၊ အသမ္မောဟတ္ထံ- မတွေဝေခြင်းအကျိုးငှာ၊ ဝါ- ပြတ်သားရှင်းလင်း နားလည်ရခြင်း အကျိုးငှာ၊ ဣဒံ ပကိဏ္ဏကံ- ဤရောပြွမ်းသော စကားကို၊ ဝေဒိတဗ္ဗံ- သိထိုက်၏၊ (ကိ- အဘယ်သို့ သိထိုက်သနည်း။)

> "ရာဇဗ္ဘိက္ခကန္တာရရောဂဝေရိဘယေန ဝါ- မင်းဘေး, ငတ်မွတ်ခေါင်းပါးခြင်းဘေး, ခရီးဘေး, ရောဂါဘေး, ရန်သူဘေးကြောင့်သော်လည်းကောင်း၊ စီဝရဟရဏတ္ထံ ဝါ- သင်္ကန်းကိုဆောင်ယူခြင်း အကျိုးငှာသော်လည်းကောင်း၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ ဣဓ- ဤသာသနာတော်၌၊ လိင်္ဂ- ရှင်ရဟန်းအသွင်ကို၊ အာဒိယတိ- ယူ၏၊ ယာဝ- အကြင်မျှလောက်၊ သော- ထိုပုဂ္ဂိုလ်သည်၊ သုဒ္ဓမာနသော- စင်ကြယ်သော စိတ်ရှိသည်၊ ဟုတ္တာ- ဖြစ်၍၊ သံဝါသံ- (ရဟန်းဝါရေတွက်ခြင်းစသော) သံဝါသကို၊ နာဓိဝါသေတိ- လက်မခံ၊ ဝါ- မသာယာ၊ တာဝ- ထိုမျှလောက်၊ ဧသ- ဤပုဂ္ဂိုလ်ကို၊ ထေယျသံဝါသကော နာမ- က-မည်၏ဟူ၍၊ နံ ဝုစ္စတိ- မဆိုအပ်၊" ဣတိ- ဤသို့၊ ဝေဒိတဗ္ဗံ- သိထိုက်၏။

တတြ- ထိုစကားရပ်၌၊ အယံ- ဤသည်ကား၊ ဝိတ္ထာရနယော- အကျယ်နည်းတည်း၊ ဣဓ- ဤသာသနာတော်၌၊ ဧကစ္စဿ- အချို့သော ပုဂ္ဂိုလ်အား၊ ရာဇာ- မင်းသည်၊ ကုဒ္ဓေါ- စိတ်ဆိုးသည်၊ ဟောတိ၊ သော- ထိုပုဂ္ဂိုလ်သည်၊ "ဧဝံ- ဤသို့ ရှင်ရဟန်းအသွင်ကို ယူရသော်၊ မေ- ငါ၏၊ သောတ္ထိ- မင်းဘေး လွတ်ကင်းချမ်းသာခြင်းသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊" ဣတိ- ဤသို့ကြံ၍၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ လိင်္ဂ - ရှင်ရဟန်းအသွင်ကို၊ ဂဟေတ္တာ- ယူ၍၊ ပလာယတိ- ထွက်ပြေး၏၊ တံ- ထိုပုဂ္ဂိုလ်ကို၊ ဒိသ္ဝာ- တွေ့ရ၍၊ ရညော- မင်းအား၊ အာရောစေန္တိ- သံတော်ဦးတင်ကြကုန်၏၊ ရာဇာ- မင်းက၊ "ပဗ္ဗဇိတော- ရှင်ရဟန်းပြုသည်၊

http://www.dhammadownload.com

သစေ ဟောတိ- အကယ်၍ဖြစ်အံ့၊ ဧဝံ သတိ- သော်၊ တံ- ထိုသူ့ကို၊ ကိဉ္စိ-ဘာကိုမျှ၊ ကာတုံ- ပြုခြင်းငှာ၊ န လဘ္ဘာ- မရထိုက်၊" ဣတိ- ဤသို့ပြော၍၊ တသ္မိံ- ထိုသူ၌၊ ကောဓံ- ဒေါသကို၊ ပဋိဝိနေတိ- ပယ်ဖျောက်၏၊ သော- ထိုပုဂ္ဂိုလ်ကို၊ (ပဗ္ဗာဇေတဗ္ဗော၌ စပ်ပါ) "မေ- ငါ၏၊ ရာဇာယံ- မင်းဘေးသည်၊ ဝူပသန္တံ- ငြိမ်းအေးပြီ၊" ဣတိ- ဤသို့ကြံ၍၊ သံယမဏ္ဍံ- သံယာ့အလယ်သို့၊ အနောသရိတ္ဝာဝ- မသက်ရောက်မူ၍သာ၊ ဂိဟိလိင်္ဂံ- လူအသွင်ကို၊ ဂဟေတ္ဝာ-ယူ၍၊ အာဂတော- ရှင်ရဟန်းပြုရန် ရောက်လာသည်၊ (သမာနော- ဖြစ်လသော်၊) ပဗ္ဗာဇေတဗ္ဗော- ထိုက်၏။

"သာသနံ- သာသနာတော်ကို၊ နိဿာယ- မှီ၍၊ မယာ- ငါသည်၊ ဇီဝိတံ-အသက်ကို၊ လဒ္ဓံ- ရအပ်ပြီ၊ ဟန္ဒ- တကယ်ပင်၊ (ဟန္ဒသည် ရဟန်းပြုရန် ဆုံးဖြတ်ချက်ချသော နိပါတ်ပုဒ်ဖြစ်သည်၊) ဒါနိ- ဘေးရန်လွတ်ရာ ယခုအခါ၌၊ အဟံ- ငါသည်၊ ပဗ္ဗဇာမိ- ရှင်ပြုရတော့အံ့၊" ဣတိ- ဤသို့ကြံ၍၊ ဥပ္ပန္နသံဝေ-ဂေါ- ဖြစ်သော သံဝေဂရှိသည်၊ ဟုတ္ဝာ၊ တေနေဝ လိင်္ဂေန- ထိုရှင်ရဟန်းအသွင်ဖြင့်ပင်၊ အာဂန္တွာ- လာ၍၊ အာဂန္တုကဝတ္တံ- အာဂန္တုကဝတ်ကို၊ အထာပိ န သာဒိယတိ- အကယ်၍မူလည်း မသာယာအံ့၊ ဘိက္ခူဟိ- ရဟန်းတို့သည်၊ ပုဋ္ဌော- မေးအပ်သည်၊ ဟုတ္ဝာ ဝါ- ဖြစ်၍သော်လည်းကောင်း၊ အပုဋ္ဌော-မမေးအပ်သည်၊ ဟုတ္ဝာ ဝါ- ဖြစ်၍သော်လည်းကောင်း၊ ယထာဘူတံ- ဟုတ်မှန်စွာ၊ အတ္တာနံ- မိမိကို၊ အာဝိကတ္ဝာ- ထင်စွာပြု၍၊ ပဗ္ဗဇ္ဇံ- ရှင်အဖြစ်ကို၊ အထာပိ ယာစတိ- အကယ်၍မူလည်း တောင်းအံ့၊ ဧဝံ သတိ၊ သော- ထိုသူ့ကို၊ လိင်္ဂံ- အသွင်ကို၊ အပနေတ္ဝာ- ဖယ်ရှား၍၊ (သူကိုယ်တိုင်ဝတ်လာသော သင်္ကန်းကို အချွတ်ခိုင်း၍၊) ပဗ္ဗာဇေတဗ္ဗော။

ပန- ဆက်၊ သော- ထိုပုဂ္ဂိုလ်သည်၊ ဝတ္တံ- ဝတ်ကြီးဝတ်ငယ်ကို၊ သစေ သာဒိယတိ- အကယ်၍ သာယာအံ့၊ ပဗ္ဗဇိတာလယံ- ရဟန်းတို့၏ အမူအရာကို၊ သစေ ဒဿေတိ- အကယ်၍ ပြအံ့၊ သဇ္ဇံ- အလုံးစုံသော၊ ပုဗ္ဗေ- ရှေး၌၊ ဝုတ္တံ- ဆိုအပ်ပြီးသော၊ ဝဿဂဏနာဒိဘေဒံ- ဝါကိုရေတွက်ခြင်းစသော အပြားရှိသော၊ ဝိဓိံ- အစီအရင်ကို၊ သစေ ပဋိပဇ္ဇတိ- အကယ်၍ ကျင့်အံ့၊ ဧဝံ သတိ၊ အယံ- ဤသူ့ကို၊ န ပဗ္ဗာဇေတဗ္ဗော- (သံဝါသကို ခိုးရာရောက်သောကြောင့်) ရှင်ပြု မပေးထိုက်။

http://www.dhammadownload.com

ပန- ကား၊ ဣမ- ဤလောက၌၊ ဧကစ္စော- အချို့သော သူသည်၊ ဒုဗ္ဘိက္ခေ-ငတ်မွတ်ခေါင်းပါး အစာရှားရာအခါ၌၊ ဇီဝိတုံ- အသက်မွေးခြင်းငှာ၊ အ-သက္ကောန္တော- မစွမ်းနိုင်သည်၊ ဟုတွာ၊ သယမေဝ- ကိုယ်တိုင်သာ၊ လိင်္ဂံ - ရှင်ရဟန်းအသွင်ကို၊ ဂဟေတွာ- ယူ၍၊ သဗ္ဗပါသဏ္ဍိယဘတ္တာနိ- အလုံးစုံသော အယူရှိသူတို့နှင့် ဆက်ဆံသော ဘတ်တို့ကို၊ ဘုဥ္ဇန္တော- စားလျက်၊ ဒုဗ္ဘိက္ခေ-ငတ်မွတ်ခေါင်းပါး အစာရှားရာအခါသည်၊ ဝီတိဝတ္တေ- ကျော်လွန်လသော်၊ သံဃမဇ္ဈံ- သံဃာ့အလယ်သို့၊ အနောသရိတွာဝ- မသက်ရောက်မူ၍သာ၊ ဂိဟိ-လိင်္ဂံ - လူ့အသွင်ကို၊ ဂဟေတွာ- ယူ၍၊ အာဂတော- လာသည်၊ သမာနော-ဖြစ်လသော်၊ ပဗ္ဗာဇေတဗ္ဗော- ရှင်ပြုပေးထိုက်၏၊ ဣတိ- ဤသို့အစရှိသော၊ သဗ္ဗံ- အလုံးစုံသော အစီအရင်သည်၊ ပုရိမသဒိသမေဝ- ရှေးရာဇဘယ၌ ဆိုအပ်သော အစီအရင်နှင့် တူသည်သာ။

အပရော- အခြားပုဂ္ဂိုလ်သည်၊ မဟာကန္တာရံ- ကြီးစွာသော ခရီးခဲကို၊ နိတ္ထရိတုကာမော- လွန်မြောက်လိုသည်၊ ဟောတိ၊ သတ္ထဝါဟော စ- ကုန်သည် အပေါင်း၏ ခေါင်းဆောင်ပုဂ္ဂိုလ်သည်လည်း၊ ပဗ္ဗဇိတေ- ရှင်ရဟန်းတို့ကို၊ ဂဟေတွာ- ပင့်ခေါ်၍၊ ဂစ္ဆတိ- သွားတတ်၏၊ သော- ထိုပုဂ္ဂိုလ်သည်၊ "ဧဝံ-ဤသို့ ရှင်ရဟန်းအသွင်ကိုယူလသော်၊ မံ- ငါ့ကို၊ သတ္ထဝါဟော- ကုန်သည် အပေါင်း၏ ခေါင်းဆောင်သည်၊ ဂဟေတွာ- ခေါ်၍၊ ဂမိဿတိ- သွားလတ္တံ့၊" ဣတိ- ဤသို့ကြံ၍၊ သယမေဝ လိင်္ဂံ ဂဟေတွာ သတ္ထဝါဟေန- ကုန်သည်

သဗ္ဗပါသဏ္ဍိယဘတ္တာနိ။ ။ အယူမျိုးစုံရှိနေသူတို့အတွက် ဝတ်တည်ထား အပ်သော ဘတ်ကို "ပါသဏ္ဍိယဘတ်"ဟု ခေါ်သည်၊ ရဟန်းတို့အတွက်သာ သီးသန့်ဝတ်တည်ထားသော ဆွမ်းကို ခံယူပါလျှင် သံဝါသဖြစ်စရာရှိသောကြောင့် အကုန်လုံးတို့နှင့် ဆက်ဆံသော ပါသဏ္ဍိယဘတ်ကို အဌကထာဆရာ မိန့်ဆိုထားပါသည်၊ ထို့ပြင် သံဝါသကို မသာယာဘဲ ရဟန်းမရှိသော ကျောင်းလွတ်စသည်တို့မှာ ဝိဟာရဘတ်စသည်တို့ကို သုံးဆောင်သူလည်း ထေယျသံဝါသက မဖြစ်သည်သာ။ (ဝိမတိ၊ ၂၊၁၂၁။)

ပါသဏ္ဍ- မိစ္ဆာအယူဝါဒနှင့် ဆိုင်သော၊ (hereticol,) သူတော်ယောင် (hypocrile,) ဘာသာတရားမယုံကြည်သူ (unbeliever,သူ) ပါသဏ္ဍိက- ဝေဒနှင့် ဆန့်ကျင်သော အကျင့်ကို ပြုကျင့်သူ (ဝေဒဝိရုဒ္ဓအာစာရဏသ ကာရကော၊ ကောတ္ထု။)

အယူဝါဒတစ်ခုခုကို လိုက်နာကျင့်သုံးနေသူတို့သည် ကိုယ့်အယူကိုသာ အမှန်ထင်၍ အခြားအယူကို အမှားထင်တတ်ကြသည်၊ ထို့ကြောင့်ပင် သဗ္ဗပါသဏ္ဍိယဘတ္တ-အရ အယူမျိုးစုံရှိနေသူတို့အတွက် ဝတ်တည်ထားအပ်သော ဘတ်ဟုဆိုရသည်။

http://www.dhammadownload.com

အပေါင်း၏ ခေါင်းဆောင်ပုဂ္ဂိုလ်နှင့်၊ သဒ္ဓီ- တကွ၊ ကန္တာရံ- ခရီးခဲကို၊ နိတ္ထရိတွာ- လွန်မြောက်၍၊ ခေမန္တံ- ဘေးမရှိရာအရပ်သို့၊ ပတွာ- ရောက်၍၊ သံဃမဇ္ဈံ အနောသရိတွာဝ ဂိဟိလိင်္ဂ ဂဟေတွာ၊ အာဂတော- လာသော၊ သော- ထိုသူ့ကို၊ ပဗ္ဗာဇေတဗ္ဗော၊ ဣတိ သဗ္ဗံ ပုရိမသဒိသမေဝ။

အပရော- သည်၊ ရောဂဘယေ- ရောဂါဘေးသည်၊ ဥပ္ပန္နေ- ဖြစ်လသော်၊ ဇီဝိတုံ- အသက်မွေးခြင်းငှာ၊ အသက္ကောန္တော သယမေဝ လိင်္ဂ ဂဟေတွာ သဗ္ဗပါသဏ္ဍိယဘတ္တာနိ ဘုဥ္ဇန္တော- စားလျက်၊ ရောဂဘယေ- ရောဂါဘေးသည်၊ ဝူပသန္တေ- ငြိမ်းအေးလသော်၊ သံဃမဇ္ဈံ အနောသရိတွာဝ ဂိဟိလိင်္ဂ ဂဟေတွာ အာဂတောတိ သဗ္ဗံ ပုရိမသဒိသမေဝ။

အပရဿ- အခြားပုဂ္ဂိုလ်အပေါ်၌၊ ဧကော- တစ်ယောက်သော၊ ဝေရိကော- ရန်သူသည်၊ ကုဒ္ဓေါ- စိတ်ဆိုးသည်၊ ဟောတိ၊ နံ- ထိုပုဂ္ဂိုလ်ကို၊ ဃာတေတု- ကာမော- သတ်ခြင်းငှာအလိုရှိသည်၊ (ဟုတွာ) ဝိစရတိ- လှည့်လည်နေ၏၊ သော- ထိုပုဂ္ဂိုလ်သည်၊ "ဧဝံ- ဤသို့ ရှင်ရဟန်းအသွင်ကို ယူလသော်၊ မေ- ငါ၏၊ သောတ္ထိ- ဘေးပျောက်ရန်ကင်း ချမ်းသာခြင်းသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊" ဣတိ- ဤသို့ကြံ၍၊ သယမေဝ လိင်္ဂ ဂဟေတွာ ပလာယတိ- ထွက်ပြေး၏၊ ဝေရိကော- ရန်သူသည်၊ "သော- ထိုပုဂ္ဂိုလ်သည်၊ ကုဟိံ- အဘယ်မှာရှိသနည်း၊" ဣတိ- ဤသို့၊ ပရိယေသန္တော- ရှာဖွေလသော်၊ "ပဗ္ဗဇိတွာ- ရှင်ပြု၍၊ ပလာ- တော- ပြေးပြီ၊" ဣတိ- ဤသို့၊ သုတွာ- ကြားရ၍၊ "ပဗ္ဗဇိတော- ရှင်ရဟန်း ပြုသည်၊ သစေ ဟောတိ- အကယ်၍ဖြစ်အံ့၊ ဧဝံ သတိ၊ တံ- ထိုသူ့ကို၊ ကိဉ္စိ- ဘာကိုမျှ၊ ကာတုံ- ပြုခြင်းငှာ၊ န လဗ္ဘာ- မရထိုက်၊" ဣတိ- ဤသို့ပြောဆို၍၊ တသ္မိံ- ထိုပုဂ္ဂိုလ်၌၊ ကောဓံ- ဒေါသကို၊ ပဋိဝိနေတိ- ပယ်ဖျောက်၏၊ သော- ထိုသူသည်၊ "မေ- ငါ၏၊ ဝေရိဘယံ- ရန်သူဘေးသည်၊ ဝူပသန္တံ- ငြိမ်းအေးပြီ၊" ဣတိ- ဤသို့ကြံ၍၊ သံဃမဇ္ဈံ အနောသရိတွာဝ ဂိဟိလိင်္ဂ ဂဟေတွာ အာဂ- တောတိ သဗ္ဗံ ပုရိမသဒိသမေဝ။

အပရော- အခြားပုဂ္ဂိုလ်သည်၊ ဉာတိကုလံ- ဆွေမျိုးအိမ်သို့၊ ဂန္တွာ- သွား၍၊ သိက္ခံ- သိက္ခာကို၊ ပစ္စက္ခာယ- ပယ်စွန့်၍၊ ဂိဟီ- လူသည်၊ ဟုတွာ- ဖြစ်၍၊ "ဣမာနိ စီဝရာနိ- ဤသင်္ကန်းတို့သည်၊ ဣဓ- ဤအိမ်၌၊ နဿိဿန္တိ- ပျက်စီး ကုန်လတ္တံ့၊ ဣမာနိ- ဤသင်္ကန်းတို့ကို၊ ဂဟေတွာ- ယူ၍၊ ဝိဟာရံ- ကျောင်းသို့၊ သစေပိ ဂမိဿာမိ- အကယ်၍မူလည်း သွားလိမ့်အံ့၊ ဧဝံ သတိ၊ အန္တရာမဂ္ဂေ-

http://www.dhammadownload.com

ခရီးအကြား၌၊ မံ- ငါ့ကို၊ 'စောရော'တိ- ခိုးသူဟူ၍၊ ဂဟေဿန္တိ- ဖမ်းယူကုန်လတ္တံ့၊ အဟံ- ငါသည်၊ ကာယပရိဟာရိယာနိ- ကိုယ်ဖြင့်ဆောင်ယူအပ်သည်တို့ကို၊ ကတွာ- ပြု၍၊ ယန္ဒူန ဂစ္ဆေယျံ- သွားရမူကောင်းလေစွ၊" ဣတိ- ဤသို့ကြံ၍၊ စီဝရာဟရဏတ္ထံ- သင်္ကန်းကို ဆောင်ယူခြင်းအကျိုးငှာ၊ နိဝါသေတွာ စ- သင်းပိုင်ကို ဝတ်၍လည်းကောင်း၊ ပါရုပိတွာ စ- ဧကသီကို ရုံ၍လည်းကောင်း၊ ဝိဟာရံ- ကျောင်းသို့၊ ဂစ္ဆတိ- သွားအံ့၊ တံ- ထိုသူ့ကို၊ ဒူရတောဝ- အဝေးကပင်၊ အာဂစ္ဆန္တံ- လာနေသည်ကို၊ ဒိသွာ- တွေ့ရ၍၊ သာမဏေရာ စ- သာမဏေတို့သည်လည်းကောင်း၊ ဒဟရာ စ- ရဟန်းငယ်တို့သည်လည်းကောင်း၊ အဗ္ဘုဂ္ဂစ္ဆန္တိ- ခရီးဦးကြိုဆိုကြကုန်အံ့၊ ဝတ္တံ- ဝတ်ကို၊ ဒဿေန္တိ- ပြကြကုန်အံ့၊ သော- ထိုသူသည်၊ နသာဒိယတိ- မသာယာ၊ ယထာဘူတံ- ဟုတ်မှန်စွာ၊ အတ္တာနံ- မိမိကို၊ အာဝိကရောတိ- ထင်စွာပြု၏၊ ဘိက္ခူ- ရဟန်းတို့သည်၊ "ဒါနိ- ယခုအခါ၌၊ မယံ- ငါတို့သည်၊ တံ- သင့်ကို၊ နမုဥ္စိဿာမ- မလွှတ်ကုန်တော့အံ့၊" ဣတိ- ဤသို့ပြော၍၊ ဗလက္ကာရေန- အားကိုပြုခြင်းဖြင့်၊ (နိုင့်ထက်စီးနင်း အတင်းအကြပ်၊) ပဗ္ဗာဇေတုကာမာ- ရှင်ပြုပေးခြင်းငှာ အလိုရှိကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ ဧဝံ သတိ၊ ကာသာယာနိ- သင်္ကန်းတို့ကို၊ အပနေတွာ- ဖယ်ရှား၍၊ ပုန- တစ်ဖန်၊ ပဗ္ဗာဇေတဗ္ဗော- ရှင်ပြုပေးထိုက်၏။ ပန- သို့မဟုတ်၊ "ဣမေ- ဤရဟန်းသာမဏေတို့သည်၊ မံ- ငါ့ကို၊ ဟီနာယ- ယုတ်ညံ့သော လူ့အဖြစ် အကျိုးငှာ၊ အာဝတ္တဘာဝံ- လည်ပြီးသူ၏ အဖြစ်ကို၊ (ဟီနာယ အာဝတ္တဘာဝံ- လူဝတ်လဲပြီးကြောင်းကို၊) နဇာနန္တိ- မသိကြကုန်၊" ဣတိ- ဤသို့ကြံ၍၊ တံယေဝ ဘိက္ခုဘာဝံ- ထိုရှေးရဟန်းအဖြစ်ကိုပင်၊ ပဋိ- ဇာနိတွာ- ဝန်ခံ၍၊ သဗ္ဗံ- အလုံစုံသော၊ ပုဗ္ဗေ- ရှေး (သံဝါသတ္ထေနက အရာ) ၌၊ ဝုတ္တံ- ဆိုအပ်သော၊ ဝဿဂဏနာဒိဘေဒံ- ဝါကို ရေတွက်မှုစသော အပြားရှိသော၊ ဝိဓိံ- အစီအရင် ကို၊ သစေ ပဋိပဇ္ဇတိ- အကယ်၍ ပြုကျင့်အံ့၊ ဧဝံ သတိ၊ အယံ- ဤသူ့ကို၊ နပဗ္ဗာဇေတဗ္ဗော။

အပရော- သည်၊ မဟာသာမဏေရော- သာမဏေကြီးသည်၊ ဟုတွာ ဉာတိကုလံ- ဆွေမျိုးအိမ်သို့၊ ဂန္တွာ- သွား၍၊ ဥပ္ပဗ္ဗဇိတွာ- လူထွက်ပြီး၍၊ ကမ္မန္တာနုဋ္ဌာ- နေန- လုပ်ငန်းကိစ္စ၌ ထကြွမှုကင်း ပျင်းရိခြင်းသည်၊ ဥဗ္ဗာဋ္ဌော- နှိပ်စက်အပ်သည်၊ ဟုတွာ- ဖြစ်၍၊ ပုန- တစ်ဖန်၊ "ဒါနိ- ယခု၊ အဟံ- ငါသည်၊ သာမဏေရော- သာမဏေသည်၊ ဘဝိဿာမိ- ဖြစ်ရတော့အံ့၊ ထေရောပိ- ဥပဇ္ဈာယ်

http://www.dhammadownload.com

ထေရ်သည်လည်း၊ မေ- ငါ၏၊ ဥပ္ပဗ္ဗဇိတဘာဝံ- လူထွက်ပြီးသူ၏ အဖြစ်ကို၊ နာဇာနာတိ- မသိသေး၊" ဣတိ- ဤသို့ကြံ၍၊ တဒေဝ ပတ္တစီဝရံ- ထိုသပိတ်သင်္ကန်းကိုပင်၊ အာဒါယ- ဝတ်ရုံရွေးတူ ကိုယ်ဖြင့်ယူ၍၊ ဝိဟာရံ- ကျောင်းသို့၊ ဂစ္ဆတိ- သွားအံ့၊ တမတ္ထံ- ထိုအကြောင်းကို၊ ဘိက္ခူနံ- ရဟန်းတို့အား၊ နာ အာရောစေတိ- မလျှောက်အံ့၊ သာမဏေရဘာဝံ- သာမဏေ၏ အဖြစ်ကို၊ ပဋိဇာနာတိ- ဝန်ခံအံ့၊ အယံ- ဤသူသည်၊ ထေယျသံဝါသကောယေဝ- ထေယျသံဝါသကဖြစ်သည်သာ၊ ပဗ္ဗဇ္ဇံ- ရှင်အဖြစ်ကို၊ နာ လဘတိ- မရတော့ပေ။

အဿ- ထိုရှင်လူထွက်၏၊ လိင်္ဂဟဏကာလေ- အသွင်ကိုယူရာအခါ၌၊ "အဟံ- ငါသည်၊ ကဿစိ- တစ်စုံတစ်ယောက်အား၊ နာ အာရောစေဿာမိ- မပြောအံ့၊" ဣတိ ဧဝံ- ဤအကြံသည်၊ သစေပိ ဟောတိ- အကယ်၍ပင် ဖြစ်စေဦးတော့၊ ဝိဟာရံ- ကျောင်းသို့၊ ဂတော- ရောက်သည်၊ သမာနော စ- ဖြစ်ပြန်သော်လည်း၊ သစေပိ အာရောစေတိ- အကယ်၍ပင် လျှောက်စေဦးတော့၊ ဂဟဏေနေဝ- အသွင်ကိုယူခြင်းဖြင့်ပင်၊ ထေယျသံဝါသကော ဟောတိ။

အဿ- ထိုရှင်လူထွက်၏၊ ဂဟဏကာလေ- အသွင်ကိုယူရာအခါ၌၊ "အာစိက္ခိဿာမိ- ပြောအံ့၊" ဣတိ- ဤသို့၊ စိတ္တံ- စိတ်သည်၊ ဥပ္ပန္နံ- ဖြစ်သည်၊ အထာပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဦးတော့၊ ဝိဟာရံ- ကျောင်းသို့၊ ဂန္တွာ စ- ရောက်၍ကား၊ "အာဝုသော- ငါ့ရှင်၊ တွံ- သင်သည်၊ ကုဟိံ- အဘယ်သို့၊ ဂတော- သွားလေသနည်း၊" ဣတိ- ဤသို့၊ ဝုတ္တော- မေးအပ်သည်၊ သမာနော- ဖြစ်လသော်၊ "ဒါနိ- ယခုအခါ၌၊ မံ- ငါ့ကို၊ ဣမေ- ဤရဟန်း သာမဏေတို့သည်၊ နာ ဇာနန္တိ- မသိကြကုန်၊" ဣတိ- ဤသို့ကြံ၍၊ ဝဉ္စေတွာ- လှည့်ပတ်၍၊ နာ အာစိက္ခတိ- မှန်သည့်အတိုင်း မပြော၊ "နာ အာစိက္ခိဿာမိ- မပြောတော့အံ့၊" ဣတိ- ဤသို့၊ ဓုရနိက္ခေပေန- ဝန်ချခြင်းနှင့်၊ သဟ- တစ်ပြိုင်နက်၊ အယံပိ- ဤရှင်လူထွက်သည်လည်း၊ ထေယျသံဝါသကောဝ- ကသည်သာ၊ ဟောတိ၊ ပန- ဆက်၊ အဿ- ထိုရှင်လူထွက်၏၊ ဂဟဏကာလေပိ- အသွင်ကိုယူရာအခါ၌လည်း၊ "အာစိက္ခိဿာမိ- မှန်သည့်အတိုင်းပြောအံ့၊" ဣတိ- ဤသို့စိတ်အကြံသည်၊ သစေ ဟောတိ- အကယ်၍ဖြစ်အံ့၊ ဝိဟာရံ- ကျောင်းသို့၊ ဂန္တွာပိ- ရောက်၍လည်း၊ သစေ အာစိက္ခတိ- ရည်ရွယ်ထားသည့်အတိုင်း အကယ်၍ မှန်သည့်အတိုင်း ပြောဆိုအံ့၊ ဧဝံ သတိ၊ အယံ- ဤရှင်လူထွက်သည်၊ ပုနတစ်ဖန်၊ ပဗ္ဗဇ္ဇံ- ရှင်အဖြစ်ကို၊ လဘတိ- ရ၏။ (ထေယျသံဝါသကမဖြစ်။)

http://www.dhammadownload.com

ပန- ဆက်၊ အပရော- သည်၊ ဒဟရသာမဏေရော- သာမဏေငယ်သည်၊ ဟောတိ။ မဟန္တော- ကြီးသည်၊ သမာနော ဝါ- ဖြစ်ပြန်သော်လည်း၊ အတ္ထတ္တော- ဝိနည်းအရာ မလိမ်မာမကျွမ်းကျင်သည်၊ ဟောတိ၊ သော- ထိုသာမဏေသည်၊ ပုရိမနယေနေဝ- ရှေးနည်းဖြင့်ပင်၊ ဥပ္ပဇ္ဇဇိတ္တာ- လူထွက်၍၊ ယရေ- အိမ်၌၊ ဝစ္ဆကဂေါရက္ခဏာဒီနိ- နွားငယ်ကို ထိန်းကျောင်းရခြင်းအစရှိကုန်သော၊ ကမ္မာနိ- အလုပ်တို့ကို၊ ကာတုံ- လုပ်ခြင်းငှာ၊ နု ဣစ္ဆတိ- အလိုမရှိ၊ တံ ဧနံ- ထိုရှင်လူထွက်ကို၊ ဉာတကာ- ဆွေမျိုးတို့သည်၊ တာနိယေဝ ကာသာယာနိ- ထိုသင်္ကန်းတို့ကိုပင်၊ အစ္ဆာဒေတွာ- ဖုံးလွှမ်း၍၊ ထာလကံ ဝါ- ခွက်ကိုသော်လည်းကောင်း၊ ပတ္တံ ဝါ- သပိတ်ကိုသော်လည်းကောင်း၊ ဟတ္ထေ- လက်၌၊ ဒတ္တွာ- ပေးလိုက်၍၊ "ဂစ္ဆ- သွားတော့၊ သမဏောဝ- ရဟန်းသည်သာ၊ ဟောဟိ- ဖြစ်လေတော့၊" ဣတိ- ဤသို့ပြော၍၊ ယရာ- အိမ်မှ၊ နီဟရန္တိ- နှင်ထုတ်ကုန်အံ့၊ သော- ထိုရှင် လူထွက်သည်၊ ဝိဟာရံ- ကျောင်းသို့၊ ဂစ္ဆတိ- သွားအံ့၊ နံ- ထိုရှင်လူထွက်ကို၊ ဘိက္ခူ- ရဟန်းတို့သည်၊ နေဝ ဇာနန္တိ- မသိကုန်၊ (ကိံ) "အယံ- ဤသူသည်၊ ဥပ္ပဇ္ဇဇိတ္တာ- လူထွက်၍၊ ပုန- တစ်ဖန်၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ ပဗ္ဗဇိတော- ရှင်ပြုလာသူတည်း၊" ဣတိ- ဤသို့၊ နေဝ ဇာနန္တိ၊ သယံပိ- သင်္ကန်းဝတ် လာသူကိုယ်တိုင်လည်း၊ "ယော- အကြင်သူသည်၊ ဧဝံ- ဤသို့၊ (ရဟန်းမပါ လူမျှားကသာ၊) ပဗ္ဗဇတိ- ရှင်ပြုပေး၏၊ သော- ထိုသူသည်၊ ထေယျသံဝါသကော နာမ- ကမည်သည်၊ ဟောတိ၊" ဣတိ- ဤသို့၊ နဇာနာတိ- မသိ၊ ပန- ဆက်၊ တံ- ထိုသူ့ကို၊ ပရိပုဏ္ဏဝဿံ- ပြည့်သော အသက်နှစ်ဆယ်ရှိသူကို၊ သစေ ဥပသမ္ပာဒေန္တိ- အကယ်၍ ရဟန်းခံပေးကုန်အံ့၊ ဧဝံ သတိ၊ သူပသမ္ပန္နော- ကောင်းစွာ ရဟန်းဖြစ်သည်၊ ဟောတိ။

ပန- သို့မဟုတ်၊ အနုပသမ္ပန္နကာလေယေဝ- လူသာမဏေဖြစ်စဉ်ကပင်၊ ဝိနယဝိနိစ္ဆယေ- ဝိနည်းအဆုံးအဖြတ်သည်၊ ဝတ္တမာနေ- ဖြစ်လသော်၊ "ယော- အကြင်ပုဂ္ဂိုလ်သည်၊ ဧဝံ- ဤသို့၊ ပဗ္ဗဇတိ- (လူထွက်ပြီးမှ ကိုယ်ကလွယ်ကူ) ရှင်အဖြစ်ကို ရယူ၏၊ သော- ထိုပုဂ္ဂိုလ်သည်၊ ထေယျသံဝါသကော နာမ- ကမည်သည်၊ ဟောတိ၊" ဣတိ- ဤသို့၊ သစေ သုဏာတိ- အကယ်၍ ကြားအံ့၊ ဧဝံ သတိ၊ တေန- ထိုပုဂ္ဂိုလ်သည်၊ "မယာ- တပည့်တော်သည်၊ ဧဝံ- ဤသို့၊ ကတံ- ပြုအပ်ပါပြီ၊" ဣတိ- ဤသို့၊ ဘိက္ခူနံ- ရဟန်းတို့အား၊ အာစိက္ခိတဗ္ဗံ- ပြောပြထိုက်၏၊ ဧဝံ- ဤသို့ပြောပြလသော်၊ ပုန- တစ်ဖန်၊ ပဗ္ဗဇ္ဇံ- ရှင်အဖြစ်ကို၊

http://www.dhammadownload.com

လဘတိ- ရ၏၊ ပန- သို့မဟုတ်၊ "ဒါနိ- ယခုအခါ၌၊ မံ- ငါ့ကို၊ ကောစိ- တစ်စုံတစ်ယောက်သော သူသည်၊ န ဇာနာတိ- မသိ၊" ဣတိ- ဤသို့ကြံ၍၊ သစေ နအာရောစေတိ- အကယ်၍ မပြောအံ့၊ ဧဝံ သတိ၊ ဓုရံ- ဝန်ကို၊ နိက္ခိတ္တမတ္တေ-ယေဝ- ချအပ်ကာမျှ ဖြစ်သော်သာ၊ ထေယျသံဝါသကော ဟောတိ။

ဘိက္ခု- ရဟန်းသည်၊ သိက္ခံ- သိက္ခာကို၊ ပစ္စက္ခာယ- ပယ်စွန့်၍၊ (သိက္ခံ ပစ္စက္ခာယ- သိက္ခာချ၍) လိင်္ဂ - ရဟန်းအသွင်ကို၊ အနပနေတွာ- မပယ်ရှားမူ၍၊ ဒုဿီလကမ္မံ- (မေထုန်မှီဝဲမှု ခိုးမှုစသော) ဒုဿီလအလုပ်ကို၊ ကတွာ ဝါ-ပြု၍သော်လည်းကောင်း၊ အကတွာ ဝါ- မပြုဘဲသော်လည်းကောင်း၊ ပုန-တစ်ဖန်၊ သဇ္ဇံ- အလုံးစုံသော၊ ပုဗ္ဗေ- ရှေး၌၊ ဝုတ္တံ- ဆိုအပ်ပြီးသော၊ ဝဿဂဏနာဒိဘေဒံ- ဝါကို ရေတွက်ခြင်းစသည်အပြားရှိသော၊ ဝိဓိံ- အစီအရင်ကို၊ ပဋိပဇ္ဇတိ- ပြုကျင့်အံ့၊ ထေယျသံဝါသကော- ကသည်၊ ဟောတိ၊ သိက္ခံ-သိက္ခာကို၊ အပ္ပစ္စက္ခာယ- မပယ်စွန့်မူ၍၊ (သိက္ခံအပ္ပစ္စက္ခာယ- သိက္ခာမချဘဲ၊) သလိင်္ဂေ- မိမိ၏ ရဟန်းအသွင်၌၊ ဌိတော- တည်လျက်၊ မေထုနံ- မေထုန်ကို၊ ပဋိသေဝိတ္တာ- မှီဝဲပြီး၍၊ ဝဿဂဏနာဒိဘေဒံ- သော၊ ဝိဓိံ- သို့၊ အာပဇ္ဇန္တော-ရောက်လသော်၊ ထေယျသံဝါသကော- ကသည်၊ န ဟောတိ- မဖြစ်၊ ပဗ္ဗဇ္ဇာမတ္တံ- ရှင့်အဖြစ်မျှကို၊ လဘတိ- ရနိုင်၏။ ပန- ဝါဒန္တရကား၊ **အန္ဓကဋ္ဌ-ကထာယံ**- ၌၊ "ဧသော- ဤ (သိက္ခာမချဘဲ မေထုန်မှီဝဲ) သူသည်၊ ထေယျ-သံဝါသကော- ကသည်၊ (ဟောတိ၊)" ဣတိ- ဤသို့၊ ဝုတ္တံ- ဆိုအပ်ပြီ၊ တံ-ထိုစကားကို၊ န ဂဟေတဗ္ဗံ- မယူ (မမှတ်) ထိုက်။

ဧကော- တစ်ပါးသော၊ ဘိက္ခု- ရဟန်းသည်၊ ကာသာယေ- သင်္ကန်း၌၊ သဉ္ဇာဟော၀- (ပြန်ဝတ်ဦးမည်ဟု) အားထုတ်ခြင်းရှိသည်သာ၊ ဟုတွာ-ဖြစ်၍၊ ဩဒါတံ- အဝတ်ဖြူကို၊ နိဝါသေတွာ- ဝတ်၍၊ မေထုနံ- ကို၊ ပဋိ-သေဝိတ္တာ- မှီဝဲပြီး၍၊ ပုန- တစ်ဖန်၊ ကာသာယာနိ- တို့ကို၊ နိဝါသေတွာ- ၍၊ ဝဿဂဏနာဒိဘေဒံ- သော၊ ဝိဓိံ- ကို၊ အာပဇ္ဇတိ- ပြုကျင့်၏၊ အယမ္ပိ- ဤရဟန်းသည်လည်း၊ ထေယျသံဝါသကော- ကသည်၊ န ဟောတိ၊ ပဗ္ဗဇ္ဇာမတ္တံ-ရှင့်အဖြစ်မျှကို၊ လဘတိ- ရနိုင်၏၊ ပန- သို့မဟုတ်၊ ကာသာယေ- ၌၊ ဓုရံ- ကို၊ နိက္ခိပိတ္တာ- ချ၍၊ ဩဒါတံ- အဝတ်ဖြူကို၊ နိဝါသေတွာ- မေထုန် ပဋိသေဝိတ္တာ ပုန ကာသာယာနိ နိဝါသေတွာ ဝဿဂဏနာဒိဘေဒံ ဝိဓိံ သစေ အာပဇ္ဇတိ ဧဝံ သတိ ထေယျသံဝါသကော ဟောတိ။

http://www.dhammadownload.com

သာမဏေရော- သာမဏေသည်၊ သလိင်္ဂ်- မိမိ၏ သာမဏေအသွင်၌၊ ဌိတော- တည်လျက်၊ မေထုနာဒိအဿမဏကရဏမဓွံ- မေထုန်အစရှိသော ရဟန်းမဟုတ်သူ၏ အဖြစ်ကို ပြုတတ်သော အကျင့်ကို၊ အာပဇ္ဇိတွာပိ- ပြုကျင့်ပြီး၍လည်း၊ ထေယျသံဝါသကော နာ ဟောတိ၊ ကာသာယေ- ၌၊ သဉ္ဇသာ-ဟောဝ- သည်သာ၊ ဟုတွာ ကာသာယာနိ အပနေတွာ မေထုနံ ပဋိသေဝိတွာ ပုန ကာသာယာနိ သစေပိ နိဝါသေတိ၊ ဧဝံ သတိ ထေယျသံဝါသကော နေဝ ဟောတိ၊ ပန- ဆက်၊ ကာသာယေ- ၌၊ ဓုရံ- ကို၊ နိက္ခိပိတွာ- ၍၊ နဂ္ဂါ-အဝတ်မပါ ဗလာကိုယ်ထီး အချည်းနှီးသည်၊ ဟုတွာ ဝါ- ဖြစ်၍သော်လည်း ကောင်း၊ ဩဒါတဝတ္ထာ- အဝတ်ဖြူကို ဝတ်သည်၊ ဟုတွာ ဝါ- ဖြစ်၍သော်လည်းကောင်း၊ မေထုနသေဝနာဒီဟိ- မေထုန်မှီဝဲခြင်းအစရှိသည်တို့ကြောင့်၊ အဿမဏော- ရဟန်း (ရှင်သာမဏေ) မဟုတ်သည်၊ ဟုတွာ- ဖြစ်ပြီး၍၊ ကာသာယံ- သင်္ကန်းကို၊ နိဝါသေတိ- ဝတ်အံ့၊ ထေယျသံဝါသကော- ကသည်၊ ဟောတိ။ (သင်္ကန်း၌ ဓုရနိက္ခေပ ပြုခဲ့သောကြောင့်တည်း။)

ဂိဟိဘာဝံ- လူ့အဖြစ်ကို၊ ပတ္ထယမာနော- တောင့်တလျက်၊ ကာသာယံ-သင်္ကန်းကို၊ ဩဝဋ္ဋိကံ- ခါးတောင်းကျိုက်ခြင်းကို၊ ကတွာ ဝါ- ပြု၍သော်လည်းကောင်း၊ အညေန- အခြားသော၊ အာကာရေန ဝါ- အခြင်းအရာဖြင့်သော်လည်းကောင်း၊ ဂိဟိနိဝါသနေန- လူတို့၏ ဝတ်နည်းဖြင့်၊ "မေ- ငါ၏၊ ဂိဟိလိင်္ဂ်-လူ့အသွင်သည်၊ သောဘတိ နု ခေါ- တင့်တယ်လေသလော၊ နု သောဘတိ နု ခေါ- မတင့်တယ်လေသလော၊" ဣတိ- ဤသို့၊ ဝီမံသနတ္ထံ- စုံစမ်းခြင်းအကျိုးငှာ၊ သစေ နိဝါသေတိ- ဝတ်အံ့၊ တာဝ ရက္ခတိ- စောင့်ရှောက်သေး၏၊ "သောဘတိ- တင့်တယ်၏၊" ဣတိ- ဤသို့၊ သမ္ပဇ္ဇိစ္ဆတွာ ပန- လက်ခံပြီး၍ကား၊ ပုန- တစ်ဖန်၊ လိင်္ဂ်- သာမဏေအသွင်ကို၊ သာဒိယန္တော- သာယာလသော်၊ ထေယျသံဝါသကော- သည်၊ ဟောတိ။ ဩဒါတံ- အဝတ်ဖြူကို၊ နိဝါ-သေတွာ- ဝတ်၍၊ ဝီမံသနသမ္ပဇ္ဇိစ္ဆနေသုပိ- စုံစမ်းခြင်း လက်ခံခြင်းတို့၌လည်း၊ ဧသေဝ နယော။ ပန- ဆက်၊ နိဝတ္ထကာသာဝဿ- ဝတ်အပ်သော သင်္ကန်း၏၊ ဥပရိ- အပေါ်၌၊ ဩဒါတံ- အဝတ်ဖြူကို၊ နိဝါသေတွာ- ထပ်ဝတ်၍၊ သစေ ဝီမံသတိ ဝါ- အကယ်၍မူလည်း စုံစမ်းအံ့၊ သစေ သမ္ပဇ္ဇိစ္ဆတိ ဝါ- အကယ်၍မူလည်း လက်ခံအံ့၊ ရက္ခတိယေဝ- စောင့်ရှောက်သေးသည်ပင်။

ဘိက္ခုနိယာပိ- ရဟန်းမ၌လည်း၊ ဧသေဝ နယော။ ဟိ- မှန်၊ သာပိ- ထိုဘိက္ခုနီသည်လည်း၊ ဂိဟိဘာဝံ- ကို၊ ပတ္ထယမာနာ- တောင့်တသည်၊ ဟုတွာ၊ ကာသာ

http://www.dhammadownload.com

ယံ- ကို၊ ဂိဟိနိဝါသနံ- လူတို့၏ ဝတ်ခြင်းကို၊ "မေ ဂိဟိလိင်ံ သောဘတိ နု ခေါ နု သောဘတိ နု ခေါ။" ဣတိ- ဤသို့၊ ဝီမံသနတ္ထံ- စုံစမ်းခြင်း အကျိုးငှာ၊ သစေ နိဝါသေတိ- အကယ်၍ ဝတ်အံ့၊ ဧဝံ သတိ၊ ရက္ခတိယေဝ- (ဘိက္ခုနီအဖြစ်ကို) စောင့်ရှောက်သေးသည်ပင်၊ "သောဘတိ- တင့်တယ်၏။" ဣတိ- ဤသို့၊ သစေ သမ္ပဋိစ္ဆတိ- အကယ်၍ လက်ခံအံ့၊ နု ရက္ခတိ- (ဘိက္ခုနီအဖြစ်ကို) မစောင့်ရှောက်တော့ပေ၊ ဩဒါတံ- ကို၊ နိဝါသေတွာ- ဝတ်၍၊ ဝီမံသနသမ္ပဋိစ္ဆ-နေသုပိ- စုံစမ်းခြင်း လက်ခံခြင်းတို့၌လည်း၊ ဧသေဝ နယော။ ပန- ဆက်၊ နိဝတ္ထကာသာယဿ- ဝတ်အပ်သော သင်္ကန်း၏၊ ဥပရိ- ၌၊ ဩဒါတံ နိဝါသေ-တွာ၊ ဝီမံသတု ဝါ- စုံစမ်းမူလည်း စုံစမ်းပစေ၊ သမ္ပဋိစ္ဆတု ဝါ- လက်ခံမူလည်း လက်ခံပစေ၊ ရက္ခတိယေဝ- စောင့်ရှောက်သေးသည်ပင်။

ကောစိ- တစ်စုံတစ်ယောက်သော၊ ဝုဒုပဗ္ဗဇိတော- ကြီးမှရှင်ဖြစ်လာသူသည်၊ ဝဿာနိ- ဝါတို့ကို၊ အဂဏေတွာ- မရေတွက်မူ၍၊ ပါဋိယမ္ပိ- သံဃာအစဉ်အတန်း၌လည်း၊ အဌတွာ- မတည်မူ၍၊ ဧကပဿေန- ဘေးတစ်ဖက်ဖြင့်၊ ဂန္တာ-လိုက်လာ၍၊ မဟာပေဋာဒီသု- တောင်းကြီးအစရှိသည်တို့၌၊ ကဋ္ဌ စ္ဆုနာ- ဇွန်း (ယောက်ချို) ဖြင့်၊ ဘတ္တပိဏ္ဍေ- ထမင်းခဲကို၊ ဥက္ခိတ္တေ- မြှောက်ချီအပ်သော်၊ ပတ္တံ- သပိတ်ကို၊ ဥပနာမေတွာ- အနားသို့ ညွှတ်စေ၍၊ သေနော- သိန်းသည်၊ မံသပေသိံ- အသားတုံးကို၊ ဂဟေတွာ- သုတ်ယူ၍၊ ဂစ္ဆတိ ဝိယ- သွားသကဲ့သို့၊ တထာ- ထို့အတူ၊ ဂဟေတွာ- ခံယူ၍၊ ဂစ္ဆတိ- သွားအံ့၊ ထေယျသံဝါသကော နု ဟောတိ၊ ပန- အလျော်ကား၊ ဘိက္ခုဝဿာနိ- ရဟန်းဝါတို့ကို၊ ဂဏေတွာ-ရေတွက်၍၊ ဂဏ္ဌန္တော- ယူလသော်၊ ထေယျသံဝါသကော ဟောတိ။ သယံ-ကိုယ်တိုင်၊ သာမဏေရော- သာမဏေသည်၊ သမာနောဝ- ဖြစ်လျက်ပင်၊ သာမဏေရပဋိပါဋိယာ- သာမဏေတို့၏ အစဉ်အားဖြင့်၊ ကူဋ္ဌဝဿာနိ- (ကြီး

ဝုဒုပဗ္ဗဇိတော။ ။ သာမဏေရံ သန္ဓာယ ဝုတ္တံ။ (ဝိမတိ၊၂၁၂၂။)

မဟာပေဋာဒီသု ။ ။ပေဋာ= ပေဋာ- အိတ်၊ တောင်း တင်း ပလုံး၊ သေတ္တာ- (bag.basket.box. သူ)

သာမဏေ ဝါဆိုသင့်သလား။ ။ သာမဏေများနှင့် စပ်လျဉ်း၍ သာမဏေအစဉ်ဖြင့် စဉ်းလဲဖောက်ပြန် မမှန်ကန်သောဝါကို ရေတွက်၍ ခံယူကြောင်းကို ပြဆိုထားသဖြင့် သာမဏေများလည်း ဝါဆိုရကြောင်း၊ ဝါဆိုပြီးနောက် ဝါမပျက်အောင် စောင့်ရှောက်ရကြောင်း ဝါစဉ်အတိုင်း သံဃာ့လာဘ်ကို ခံယူရကြောင်း သိသာထင်ရှားပါသည်၊ သို့ဖြစ်၍ သာမဏေများလည်း ဝါဆိုရမည်သာ မှတ်ယူသင့်ပါသည်။

http://www.dhammadownload.com

ဟန်ဆောင်ကာ) ကောက်ကျစ်စဉ်းလဲသော ဝါတို့ကို၊ ဂဏှတွာ- ရေတွက်၍၊ ဂဏှန္တော- ယူလသော်၊ ထေယျသံဝါသကော- ကသည်၊ နံ ဟောတိ၊ ဘိက္ခု-ရဟန်းကို၊ ဝါ- သည်၊ ဘိက္ခုပဋိပါဋိယာ- ရဟန်းတို့၏ အစဉ်အားဖြင့်၊ ကူဋ္ဌ-ဝဿာနိ- (ကြီးဟန်ဆောင်ကာ) ကောက်ကျစ်စဉ်းလဲသော ဝါတို့ကို၊ ဂဏှတွာ-ရေတွက်၍၊ ဂဏှန္တော- ခံယူလသော်၊ ဘဏ္ဍဂ္ဂေန- ဘဏ္ဍာဂ၏ တန်ဖိုးဖြင့်၊ ကာရေတဗ္ဗော- ပြုစေထိုက် (ဆုံးဖြတ်ထိုက်) ၏။

၁၃၉။ **တိတ္ထိယပက္ကန္တကော**တိ ဧတ္ထ- ကဟူသော ဤပါဠိ၌၊ (အတ္ထော- ကို၊ ဧဝံ ဝေဒိတဗ္ဗော၊) တိတ္ထိယေသု- တိတ္ထိတို့၌၊ ပက္ကန္တော- (သာသနာတော်မှ) ဖဲခွာထွက်သွားပြီးသူတည်း၊ ပဝိဋ္ဌော- ဝင်သွားပြီးသူတည်း၊ ဣတိ- ထို့ကြောင့်၊ တိတ္ထိယပက္ကန္တကော- ကမည်၏၊ သောပိ- ထိုတိတ္ထိယပက္ကန္တကကိုလည်း၊ နံ ပဗ္ဗာဇေတဗ္ဗော- ရှင်ပြုမပေးထိုက်၊ တတြ- ထိုစကားရပ်၌၊ အယံ- ဤသည်ကား၊ ဝိနိစ္ဆယော- တည်း၊ ဥပသမ္ပန္နော- အထက်တန်း ရဟန်းအဖြစ်သို့ ရောက်ပြီးသော၊ ဘိက္ခု- ရဟန်းသည်၊ (အဟံ- ငါသည်) "တိတ္ထိယော- သည်၊ ဘဝိဿာမိ-ဖြစ်ရတော့အံ့၊" ဣတိ- ဤသို့ကြံ၍၊ သလိင်္ဂေနေဝ- မိမိ၏ ရဟန်းအသွင်ဖြင့်ပင်၊ တေသံ- ထိုတိတ္ထိတို့၏၊ ဥပဿယံ- မှီတင်းနေထိုင်ရာ ကျောင်းသို့၊ ဂစ္ဆတိ-သွားအံ့၊ ပဒဝါရေ ပဒဝါရေ- ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌၊ ဒုက္ကဋံ- သည်၊ ဟောတိ၊ တေသံ- ထိုတိတ္ထိတို့၏၊ လိင်္ဂေ- အသွင်ကို၊ အာဒိန္နမတ္တေ- ယူအပ်ပြီးကာမျှ ဖြစ်လသော်၊ တိတ္ထိယပက္ကန္တကော- ကသည်၊ ဟောတိ။

ယော- အကြင်ပုဂ္ဂိုလ်သည်၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ "(အဟံ) တိတ္ထိယော ဘဝိဿံ၊" ဣတိ- ဤသို့ကြံ၍၊ ကုသစီရာဒီနိ- သမန်းမြက်အဝတ်အစရှိသည်တို့ကို၊ နိဝါသေတိ- ဝတ်အံ့၊ သောပိ- ထိုပုဂ္ဂိုလ်သည်လည်း၊ တိတ္ထိယပက္ကန္တကော- သည်၊ ဟောတိယေဝ- ဖြစ်သည်သာ၊ ပန- ဆက်၊ ယော- အကြင်ရဟန်းသည်၊ နဂ္ဂေါ- အဝတ်မပါ ဗလာကိုယ်ထီး အချည်းနှီးသည်၊ ဟုတွာ- ဖြစ်၍၊ နဟာယန္တော- ရေချိုးစဉ်၊ အတ္တာနံ- မိမိကို၊ ဩလောကေတွာ-ငုံ့ကြည့်၍၊ "မေ- ငါ၏၊ အာဇီဝကဘာဝေါ- အာဇီဝက၏ အဖြစ်သည်၊ သောဘာတိ- တင့်တယ်၏၊ အာဇီဝကော- အာဇီဝကသည်၊ ဘဝိဿံ- ဖြစ်ရတော့အံ့၊"

တိတ္ထိယပက္ကန္တကဘာတု။ ။ တိတ္ထိတို့ကျောင်းသခိမ်းသို့ ဖဲခွာထွက်သွားမှု မရှိသေးသော်လည်း သမန်းမြက်အဝတ်စသည်ကို ဝတ်လျှင် တိတ္ထိယပက္ကန္တကနှင့် သဘောတူသောကြောင့် တိတ္ထိယပက္ကန္တက-ဟုပင် ခေါ်ရတော့သည်။

http://www.dhammadownload.com

ကွတိ- ဤသို့ကြဲ၍၊ ကာသာယာနိ- သင်္ကန်းတို့ကို၊ အနာဒါယ- မယူမူ၍၊ နဂ္ဂေါ- သည်၊ (သမာနော- ဖြစ်လျက်၊) အာဇီဝကာနံ- အာဇီဝကတို့၏။ ဥပဿယံ- မှီတင်းနေထိုင်ရာ ကျောင်းသို့၊ ဂစ္ဆတိ- သွား၏၊ (တဿ- ထိုပုဂ္ဂိုလ်၏၊) ပဒဝါရေ ပဒဝါရေ- ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌၊ ဒုက္ကဋံ- သည်၊ ဟောတိ။ ပန- ဆက်၊ အဿ- ထိုပုဂ္ဂိုလ်၏၊ အန္တရာမဂ္ဂေ- လမ်းခရီးအကြား၌၊ ဟိရောတ္တပ္ပံ- အရှက်အကြောက်သည်၊ သစေ ဥပ္ပဇ္ဇတိ- အကယ်၍ဖြစ်အံ့၊ ဒုက္ကဋာနိ- တို့ကို၊ ဒေသေတွာ- ဒေသနာပြော၍၊ မုစ္စတိ- တိတ္ထိယပက္ကန္တကအဖြစ်မှ လွတ်၏၊ တေသံ- ထိုအာဇီဝကတို့၏၊ ဥပဿယံ- သို့၊ ဂန္ത്വာပိ- ရောက်၍လည်း၊ တေဟိ- ထိုအာဇီဝကတို့သည်၊ ဩဝဒိတော- ဆုံးမအပ်သည်၊ ဟုတ္ဝာ ဝါ- ဖြစ်၍သော်လည်းကောင်း၊ အတ္တနာ- ကိုယ်တိုင်၊ ဒိသွာ ဝါ- မြင်၍သော်လည်းကောင်း၊ "ကွမေသံ- ဤအာဇီဝကတို့၏၊ ပဗ္ဗဇ္ဇာ- ရှင်အဖြစ်သည်၊ အတိဒုက္ခာ- အလွန်ခက်ခဲ ဆင်းရဲလှပေ၏။" ကွတိ- ဤသို့ကြံ၍၊ နိဝတ္တန္တောပိ- ပြန်နစ်သော ရဟန်းသည်လည်း၊ မုစ္စတိယေဝ- တိတ္ထိယပက္ကန္တကအဖြစ်မှ လွတ်သည်သာ။

ပန- ဆက်၊ "တုမှာကံ- သင်တို့၏၊ ပဗ္ဗဇ္ဇာယ- ရှင်ရဟန်းအဖြစ်၌၊ ဥက္ကဋ္ဌ- အမြတ်ဆုံးသည်၊ ကိ- အဘယ်နည်း၊" ကွတိ- ဤသို့၊ ပုစ္ဆိတွာ- မေး၍၊ "ကေသမဿုလုဉ္စနာဒီနိ- ဆံပင်မုတ်ဆိတ်တို့ကို (မရိတ်ဘဲ) နုတ်ခြင်းအစရှိသည်တို့သည်၊ ဥက္ကဋ္ဌ- အမြတ်ဆုံးတည်း၊" ကွတိ- ဤသို့၊ ဝုတ္တော- ပြောအပ်သည်၊ ဟုတ္ဝာ၊ ဧကကေသမ္ပိ- ဆံပင်တစ်ပင်ကိုလည်း၊ သစေ လုဉ္စာပေတိ- အကယ်၍ နုတ်စေအံ့၊ ဥက္ကုဋ္ဌိကပ္ပဓာနာဒီနိ- ဆောင့်ကြောင့်ထိုင်၍ တရားအားထုတ်ခြင်းအစရှိကုန်သော၊ ဝတ္တာနိ ဝါ- ကျင့်ဝတ်တို့ကိုမူလည်း၊ သစေ အာဒိယတိ- အကယ်၍ ယူအံ့၊ မောရပိဉ္ဆာဒီနိ ဝါ- ဥဒေါင်းမြီးစည်းအစရှိသည်တို့ကိုမူလည်း၊ သစေ နိဝါသေတိ- အကယ်၍ ဝတ်အံ့၊ တေသံ- ထိုအာဇီဝကတို့၏၊ လိင်္ဂ- အသွင်ကို၊ သစေ ဂဏှာတိ- အကယ်၍ယူအံ့၊ "အယံ ပဗ္ဗဇ္ဇာ- ဤအာဇီဝကတို့၏ ရှင်ရဟန်းအဖြစ်သည်၊ သေဋ္ဌာ- မြတ်၏၊" ကွတိ- ဤသို့ကြံ၍၊ သေဋ္ဌဘာဝံ ဝါ- မြတ်သည်၏ အဖြစ်သို့မူလည်း၊ သစေ ဥပဂစ္ဆတိ- အကယ်၍ ကပ်ရောက်အံ့၊ ဧဝံ သတိ၊ န မုစ္စတိ- တိတ္ထိယပက္ကန္တကအဖြစ်မှ မလွတ်၊ တိတ္ထိယပက္ကန္တကော- ကသည်၊ ဟောတိ- ဖြစ်၏။

ပန- ဆက်၊ "မေ- ငါ၏၊ တိတ္ထိယပဗ္ဗဇ္ဇာ- တိတ္ထိယရဟန်းအဖြစ်သည်၊ သောဘတိ နု ခေါ- တင့်တယ်သလော၊ န သောဘတိ နု ခေါ- မတင့်တယ်သ

http://www.dhammadownload.com

လော၊" ဣတိ- ဤသို့၊ ဝိမံသနတ္ထံ- စုံစမ်းခြင်းငှာ၊ ကုသစီရာဒီနိ ဝါ- သမန်းမြက်သင်္ကန်းအစရှိသည်တို့ကိုမူလည်း၊ သစေ နိဝါသေတိ- အကယ်၍ဝတ်အုံ့၊ ဇဋံ ဝါ- ဆံကျစ်ကိုမူလည်း၊ ဗန္ဓတိ- ထုံးဖွဲ့အုံ့၊ ခါရိကာဇံ ဝါ- ပရိက္ခရာတို့ကို ထမ်းကြောင်းဖြစ်သော ထမ်းပိုးကိုမူလည်း၊ အာဒိယတိ- ယူအုံ့၊ ယာဝ- အကြင်မျှလောက်၊ လဒ္ဓိ- အယူကို၊ နှ သမ္ပဇ္ဇိစ္ဆတိ- လက်မခံသေး၊ တာဝ- ထိုသို့ လက်မခံသေးသမျှ၊ (နံ- ထိုစုံစမ်းသော ရဟန်းကို၊ လဒ္ဓိ- အယူသည်၊) ရက္ခတိ- (ရဟန်းအဖြစ်မှ) စောင့်ရှောက်သေး၏၊ သမ္ပဇ္ဇိစ္ဆိတမတ္တော- လက်ခံအပ်ပြီးကာမျှ ဖြစ်လသော်၊ တိတ္ထိယပက္ကန္တကော- ကသည်၊ ဟောတိ၊ ပန- ဆက်၊ အစ္ဆိန္နစီဝရော- လုယက် အပ်သော သင်္ကန်းရှိသည်၊ ဟုတ္တာ- ဖြစ်၍၊ ကုသစီရာဒီနိ- သမန်းမြက်သင်္ကန်း အစရှိသည်တို့ကို၊ နိဝါသေန္တော ဝါ- ဝတ်သော ရဟန်းသည်လည်းကောင်း၊ ရာဇဘယာဒီဟိ- မင်းဘေးအစရှိသည်တို့ကြောင့်၊ တိတ္ထိယလိင်္ဂံ- ကို၊ ဂဏှန္တော ဝါ- ယူသော ရဟန်းသည်လည်းကောင်း၊ လဒ္ဓိယာ- အယူ၏၊ အဘာဝေန- မရှိခြင်းကြောင့်၊ တိတ္ထိယပက္ကန္တကော- ကသည်၊ နေဝ ဟောတိ- မဖြစ်သည်သာ။ (ရာဇဘယာဒီနိဝယ် အာဒိသဒ္ဒါဖြင့် ဒုဇ္ဇိက္ခဘယ ကန္တာရဘယ- စသည်ကိုယူ။)

စ- ဆက်၊ "အယံ တိတ္ထိယပက္ကန္တကော နာမ- ဤတိတ္ထိယပက္ကန္တကမည်သည်ကို၊ ဥပသမ္မန္နဘိက္ခုနာ- အထက်တန်း ရဟန်းအဖြစ်သို့ ရောက်ပြီးသော ရဟန်းဖြင့်၊ ကထိတော- မိန့်တော်မူအပ်ပြီ၊ တသ္မာ- ထို့ကြောင့်၊ သာမဏေရော- သည်၊ သလိင်္ဂေန- မိမိ၏ သာမဏေအသွင်ဖြင့်၊ တိတ္ထိယာယတနံ- တိတ္ထိတို့၏ တည်ရာကျောင်းသို့၊ ဂတော- သွားသည်၊ သမာနောပိ- ဖြစ်သော်လည်း၊ ပုန- တစ်ဖန်၊ ပဗ္ဗဇ္ဇာ- ရှင်အဖြစ်ကိုလည်းကောင်း၊ ဥပသမ္ပဒဉ္စ- ရဟန်းအဖြစ်ကိုလည်းကောင်း၊ လဘတိ- ရ၏၊" ဣတိ- ဤသို့၊ **ကုရုန္ဒိယံ**- ၌၊ ဝုတ္တံ။ ပန- ဆက်၊ ပုရိမော- ရှေး၌ဖြစ်သော၊ ထေယျသံဝါသကော- ကို၊ အနုပသမ္မန္နေန- လူသာမဏေဖြင့်၊ ကထိတော- မိန့်ဆိုအပ်ပြီ၊ တသ္မာ- ထို့ကြောင့်၊ ဥပသမ္မန္နော- ရဟန်းသည်၊ ကူဋဝဿံ- (ကြီးဟန်ဆောင်ကာ) ကောက်ကျစ်သော ဝါကို၊ ဂဏှန္တောပိ- ရေတွက်ပါသော်လည်း၊ အဿမဏေါ- သမဏာမဟုတ်သည်၊ နှ ဟောတိ- မဖြစ်၊ လိင်္ဂေ- မိမိအသွင်၌၊ သဉ္ဇာဟော- အားထုတ်ခြင်းရှိသည်၊ ဟုတ္တာ၊ ပါရာဇိကံ- ပါရာဇိကသို့၊ အာပဇ္ဇိတ္တာ- ရောက်ပြီး၍၊ ဘိက္ခု- ဝဿာဒီနိ- ရဟန်းဝါအစရှိသည်တို့၊ ဂဏှန္တောပိ- ရေတွက်ပါသော်လည်း၊ ထေယျသံဝါသကော- ကသည်၊ နှ ဟောတိ။

http://www.dhammadownload.com

၁၄၀။ **တိရစ္ဆာနဂတော**တိ- ကား၊ နာဂေါ ဝါ- နဂါးသည်မူလည်း၊ ဟောတု- ဖြစ်စေ၊ သုပဏ္ဏမာဏဝကာဒီနံ- ဂဠုန်လုလင်အစရှိသည်တို့တွင်၊ အညတရော ဝါ- တစ်ဦးတစ်ယောက်သည်မူလည်း။ ဟောတု- ဖြစ်စေ၊ အန္တမသော- အလွန်ဆုံး အပိုင်းအခြားဖြင့်၊ (ကုန်ကုန်ပြောရလျှင်) သက္ကံ ဒေဝရာဇာနံ- သိကြားနတ်မင်းကို၊ ဥပါဒါယ- အစပြု၍၊ ယော ကောစိ- အမှတ်မရှိ တစ်စုံ တစ်ယောက်သော၊ အမနုဿဇာတိယော- လူဇာတ် မရှိသူသည်၊ ဟောတု- ဖြစ်စေ၊ သဗ္ဗောဝ- အလုံးစုံသော လူဇာတ်မရှိသူကိုသာ၊ ဣမသ္မိံ အတ္ထေ- ဤတိရစ္ဆာနဂတော ဟူသော ပုဒ်၏အနက်၌၊ "တိရစ္ဆာနဂတော"တိ- တိရစ္ဆာန်ဟူ၍၊ ဝေဒိတဗ္ဗော- သိထိုက်၏၊ စ- ဆက်၊ သော- ထိုတိရစ္ဆာန်ဖြစ်သူကို၊ နေဝ ဥပသမ္မာဒေတဗ္ဗော- ရဟန်းလည်းခံမပေးထိုက်၊ န ပဗ္ဗာဇေတဗ္ဗော- ရှင်လည်းပြုမပေးထိုက်၊ ဥပသမ္မန္နောပိ- ရဟန်းအဖြစ်သို့ ရောက်ပြီးသူကိုလည်း၊ နာသေတဗ္ဗော- အသွင်ကိုဖျက် လူထွက်စေထိုက်၏။

၁၄၁။ ပန- ကား၊ **မာတုဃာတကာဒီသု**- မာတုဃာတက-အစရှိသော သူတို့၌၊ (အတ္ထဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ယေန- အကြောင်းပုဂ္ဂိုလ်သည်၊ မနုဿိတ္ထိဘူတာ- လူမိန်းမဖြစ်၍ဖြစ်သော၊ ဇနိကာ- မိမိကိုဖြစ်စေတတ် (မွေးဖွားပေးတတ်) သော၊ မာတာ- အမိ (ရင်း) ကို၊ သယမ္ပိ- ကိုယ်တိုင်လည်း၊ မနုဿဇာတိကေန ဧဝ- လူဇာတ်ရှိသူသည်သာလျှင်၊ သတာ- ဖြစ်လျက်၊ သဉ္စိစ္စ- လူဟုသိသော သညာနှင့်တကွ သတ်လိုသော စေတနာဖြင့် စေ့ဆော်၍၊

တိရစ္ဆာနဂတ။ ။ တစ်ပါးသော နေရာဌာနများမှာ တိရစ္ဆာနဂတ-အရ ဒုဂ္ဂတိဘုံသား အဟိတ်တိရစ္ဆာန်များကိုသာ ယူရပါသော်လည်း ဤနေရာ၌ကား လူဇာတ်ရှိသူမှ တစ်ပါး ကြွင်းကျန်သမျှ ဒုဂ္ဂတိဘုံသားသတ္တဝါ သုဂတိဘုံသားသတ္တဝါ အကုန်လုံးကိုပင် ယူရသည်၊ ထို့ကြောင့် လူဇာတ်ရှိသူများသာ ရှင်ပြုခွင့် ရဟန်းပြုခွင့် ရကြသည်၊ အခြားပုဂ္ဂိုလ်များ မရနိုင်ကြပေ။

မနုဿိတ္ထိဘူတာ ဇနိကာ။ ။ တိရစ္ဆာန်စသော အမနုဿဇာတ်ထက် လူဇာတ်ရှိသူတို့မှာသာ သားသမီးတို့အပေါ်၌ မေတ္တာစသော တရားများ ထက်သန် သန့်ရှင်းကြသည်၊ ထို့ကြောင့် လူဇာတ်ရှိသူအမိရင်းကို သတ်မှသာ အာနန္တရိယကံထိုက်သည်။ (ဝိမတိ၊ ၂၊၁၂၃။)

သယမ္ပိ မနုဿဇာတိကေနေဝ။ ။ လူဇာတ်ရှိသူတို့မှာသာ ကုသိုလ်ဖြစ်မှု ထက်မြက်သန့်ရှင်းသကဲ့သို့ အကုသိုလ်ဖြစ်မှုလည်း ထက်မြက်သန့်ရှင်းသည်၊ ထို့ကြောင့် သတ်သူကိုယ်တိုင်ကလည်း လူဖြစ်မှသာ အာနန္တရိယကံထိုက်သည်။ (ဝိမတိ၊ ၂၊၁၂၃။)

http://www.dhammadownload.com

ဇီဝိတာ- ဇီဝိတိန္ဒြေမှ၊ ဝေါရောပိတာ- ခွင်းအပ်ပြီ၊ အယံ- ဤပုဂ္ဂိုလ်သည်၊ အာနန္တရိယေန- စုတိ၏အခြားမဲ့အကျိုးဌ် ယှဉ်သော၊ မာတုယာတကကမ္မေန- မာတုယာတကကံ အားဖြင့်၊ **မာတုယာတကော**- အမိကို သတ်သူမည်၏၊ ဇတဿ- ဤအမိကို သတ်သူ၏၊ ပဗ္ဗဇ္ဇာ စ- ရှင်အဖြစ်ကိုလည်းကောင်း၊ ဥပသမ္ပဒါ စ- ရဟန်းအဖြစ် ကိုလည်းကောင်း၊ ပဋိက္ခိတ္တာ- ပယ်မြစ်တော်မူအပ်ပြီ။

ပန- ဆက်၊ ယေန- အကြောင်ပုဂ္ဂိုလ်သည်၊ မနုဿိတ္ထိဘူတာ- လူမိန်းမဖြစ်၍ ဖြစ်သည်၊ သမာနာပိ- ဖြစ်ပါသော်လည်း၊ အဇနိကာ- မိမိကို ဖြစ်စေတတ်သူ (မွေးဖွားပေးသူ) မဟုတ်သော၊ ပေါသာဝနိကာ- မွေးမြူစေအပ်သော၊ (မွေးစားသော၊) မာတာ ဝါ- အမိကိုသော်လည်းကောင်း၊ (မဟာမာတာ ဝါ- မိကြီးကိုသော်လည်းကောင်း၊ ဝိ၊၌၊၃၊၃၀၅။) စူဠမာတာ ဝါ- မိလေးကိုသော်လည်းကောင်း၊ ဇနိကာ- မိမိကိုဖြစ်စေတတ်သည်၊ သမာနာပိ- ဖြစ်ပြန်ပါသော်လည်း၊ န မနုဿိတ္ထိဘူတာ- လူမိန်းမ မဟုတ်သည်ဖြစ်၍ဖြစ်သော၊ မာတာ ဝါ- အမိကိုသော်လည်းကောင်း၊ ယာတိတာ- သတ်အပ်ပြီ၊ တဿ- ထိုပုဂ္ဂိုလ်၏၊ ပဗ္ဗဇ္ဇာ- ရှင်ရဟန်းအဖြစ်ကို၊ န ဝါရိတာ- တားမြစ်တော် မမူအပ်၊ အာနန္တရိကော စ- စုတိ၏အခြားမဲ့ အကျိုးဌ် ယှဉ်သူသည်လည်း၊ ဝါ- အာနန္တရိယကံ ထိုက်သူသည်လည်း၊ န ဟောတိ။ ယေန- အကြောင်ပုဂ္ဂိုလ်သည်၊ သယံ- ကိုယ်တိုင်၊ တိရစ္ဆာန-ဘူတေန- တိရစ္ဆာန်ဖြစ်၍ဖြစ်သည်၊ ဟုတ္ဝာ၊ မနုဿိတ္ထိဘူတာ- လူမိန်းမဖြစ်သော၊ မာတာ- အမိကို၊ ယာတိတာ- သတ်အပ်ပြီ၊ သောပိ- ထိုပုဂ္ဂိုလ်သည်လည်း၊ အာနန္တရိကော- သည်၊ န ဟောတိ၊ ပန- ထိုသို့ပင် အာနန္တရိယကံ မထိုက်ပါသော်လည်း၊ အဿ- ထိုပုဂ္ဂိုလ်၏၊ တိရစ္ဆာနဂတတ္တာ- တိရစ္ဆာန်၏ အဖြစ်ကြောင့်၊ ပဗ္ဗဇ္ဇာ- ရှင်ရဟန်း အဖြစ်ကို၊ ပဋိက္ခိတ္တာ- ပယ်မြစ်အပ်ပြီ။

ပိတုဃာတကေပိ- ပိတုဃာတကပုဂ္ဂိုလ်ဌ်လည်း၊ **ဧသေဝ နယော**- တည်း။ ဟိ- ချဲ့၊ ဝေသိယာ- ပြည့်တန်ဆာမ၏၊ ပုတ္တော- သားသည်၊ သစေပိ ဟောတိ-

---

အာနန္တရိယေန ။ ။ စုတိ၏ အခြားမဲ့ကာလဌ် ငရဲပဋိသန္ဓေ အကျိုးသည် (ဌာန ပစာရအားဖြင့်) အနန္တရမည်သည်၊ (အနန္တရေ နိယုတ္တံ- အာနန္တရိယံ၊) စုတိ၏ အခြားမဲ့ကာလဌ် အကျိုး (ပေးခြင်း) ဌ် ယှဉ်သောကံ, စုတိ၏ အခြားမဲ့မှာ အကျိုးပေးသောကံသည် "အာနန္တရိယ"မည်သည်။ (ဝိမတိ၊၂၊၁၂၃၊)

ဝေသိယာ ပုတ္တော။ ။ ပြည့်တန်ဆာမ၏ သားဟူသည်မှာ မှတ်သားကြောင်းမျှသာ ဖြစ်သည်၊ လင်ရှိ လင်မဲ့ ဖောက်ပြန်ပျက်စီးနေသော အမျိုးသမီးတို့၏ လင်ကောင်

http://www.dhammadownload.com

အကယ်၍မူလည်း ဖြစ်စေဦးတော့၊ "အယံ- ဤသူသည်၊ မေ- ငါ၏၊ ပိတာ- အဖတည်း၊" ဣတိ- ဤသို့၊ သစေပိ နံ ဇာနာတိ- အကယ်၍မူလည်း မသိစေဦးတော့၊ ဧဝံ သတိပိ- ဤသို့ပင်ဖြစ်ပါသော်လည်း၊ ယဿ- အကြင်သူ၏၊ သမ္ဘဝေန- သုက်ကြောင့်၊ နိဗ္ဗတ္တော- ဖြစ်ပြီ၊ သော- ထိုသူ့ကို၊ အနေန- ဤပုဂ္ဂိုလ်သည်၊ ယာတိတော- သတ်အပ်ပြီးသည်၊ စေ ဟောတိ- အံ့၊ ဧဝံ သတိ၊ ဧသော- ဤပုဂ္ဂိုလ်သည်၊ ပိတုဃာတကောတွေဝ- ပိကုဃာတကဟူ၍သာ၊ သခ်္ခံ- ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ- ရောက်၏၊ အာနန္တရိယဉ္စ- အာနန္တရိယကံသို့လည်း၊ ဖုသတိ- ရောက်၏။

အရဟန္တဃာတကောပိ- ရဟန္တာသတ်သူကိုလည်း၊ မနုဿအရဟန္တဝေနေဝ- လူရဟန္တာ၏ အစွမ်းဖြင့်သာ၊ ဝေဒိတဗ္ဗော- သိထိုက်၏။ ဟိ- မှန်၏၊ မနုဿဇာတိကံ- လူဇာတ်ရှိသော၊ အန္တမသော- အောက်ထစ်ဆုံးအားဖြင့်၊ အပဗ္ဗဇိတမွိ- ရဟန်းမဟုတ်သူလည်းဖြစ်သော၊ ခီဏာသဝံ- ကုန်ပြီးသော အာသဝေါရှိသော၊ ဒါရကံ ဝါ- ကလေးကိုသော်လည်းကောင်း၊ ဒါရိကံ ဝါ- ကလေးမကို သော်လည်းကောင်း၊ သဉ္စိစ္စ- ၍၊ ဇီဝိတာ- မှ၊ ဝေါရောပေန္တော- ခွင်းလသော်၊ အရဟန္တဃာတကောဝ- ကသည်သာ၊ ဟောတိ၊ အာနန္တရိယဉ္စ- အာနန္တရိယကံသို့လည်း၊ ဖုသတိ- ရောက်၏၊ အဿ- ထိုပုဂ္ဂိုလ်၏၊ ပဗ္ဗဇ္ဇာ စ- ရှင်ရဟန်းအဖြစ် ကိုလည်း၊ ဝါရိတာ- တားမြစ်အပ်ပြီ။ ပန- ဆက်၊ အမနုဿဇာတိကံ- လူနှင့် တူသော ဇာတ်ရှိသော၊ အရဟန္တံ ဝါ- ရဟန္တာကိုသော်လည်းကောင်း၊ မနုဿဇာတိကံ- လူဇာတ်ရှိသော၊ အဝသေသံ- ရဟန္တာပုဂ္ဂိုလ်မှကြွင်းသော၊ အရိယပုဂ္ဂလံ ဝါ- အရိယာပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ ယာတေတွာ၊ အာနန္တရိကော- သည်၊ နံ ဟောတိ။ အဿ- ထိုပုဂ္ဂိုလ်၏၊ ပဗ္ဗဇ္ဇာပိ- ကိုလည်း၊ နံ ဝါရိတာ- မတားမြစ်အပ်၊ ပန- ထိုသို့ပင် မတားမြစ်အပ်ပါသော်လည်း၊ ကမ္မံ- ကံသည်၊ ဗလဝံ- အားရှိသည်၊ ဟောတိ- ဖြစ်၏၊ တိရစ္ဆာနော- သည်၊ ဟုတွာ၊ မနုဿအရဟန္တမွိ- လူရဟန္တာကိုလည်း၊ ယာတေတွာ- ကြောင့်၊ အာနန္တရိကော နံ ဟောတိ၊ ပန- ထိုသို့ပင် အာနန္တရိယကံ မထိုက်ပါသော်လည်း၊ ကမ္မံ- ကံသည်၊ ဘာရိယံ- ဝန်လေး၏၊ ဣတိ အယံ- ဤသည်ကား၊ ဧတ္ထ- ဤမာတုဃာတကော ဘိက္ခဝေ-အစရှိသော စကားရပ်၌၊ ဝိနိစ္ဆယော- တည်း။

မပေါ်ဘဲ ရသော သားသည်လည်း မိမိ၏အဖကို မသိဘဲ သတ်မိလျှင် ပိတုဃာတကကံ ထိုက်သည်သာ။ (ဝိမတိ၊ ၂။၁၂၃။)

http://www.dhammadownload.com

ယော- အကြင်ပုဂ္ဂိုလ်သည်၊ ဒေဝဒတ္တော ဝိယ- ဒေဝဒတ်ကဲ့သို့၊ ဒုဋ္ဌစိတ္တေန- ဒေါသသည် ဖျက်ဆီးအပ်သော စိတ်ဖြင့်၊ ဝဓကစိတ္တေန- သတ်သူ၏ စိတ်ဖြင့်၊ တထာဂတဿ- ဘုရားရှင်၏၊ ဇီဝမာနကသရီရေ- အသက်ရှင်ဆဲဖြစ်သော ကိုယ်တော်၌၊ ခုဒ္ဒကမက္ခိကာယ- ယင်ငယ်သည်၊ ပိဝနမတ္တမ္ပိ- သောက်လောက်ရုံမျှလည်းဖြစ်သော၊ လောဟိတံ- သွေးကို၊ ဥပ္ပါဒေတိ- ဖြစ်စေ၏၊ အယံ- ဤပုဂ္ဂိုလ်သည်၊ **လောဟိတုပ္ပါဒကော** နာမ- ကမည်၏၊ ဧတဿ- ဤပုဂ္ဂိုလ်၏၊ ပဗ္ဗဇ္ဇာ စ- ရှင်အဖြစ်ကိုလည်းကောင်း၊ ဥပသမ္ပဒါ စ- ရဟန်းအဖြစ်ကိုလည်းကောင်း၊ ဝါရိတာ- တားမြစ်အပ်ပြီ။ ပန- ဆက်၊ ယော- အကြင်ပုဂ္ဂိုလ်သည်၊ ရောဂပူ၊သမတ္ထံ- ရောဂါ၏ ငြိမ်းပျောက်ခြင်းအကျိုးငှာ၊ ဇီဝကော ဝိယ- ဇီဝကကဲ့သို့၊ သတ္ထေန- ဓါးဖြင့်၊ ဖာလေတွာ- ခွဲ၍၊ ပူတိမံသလောဟိတံ- ပုပ်သောအသားအသွေးကိုလည်းကောင်း၊ ဟရိတွာ- ထုတ်၍၊ ဖာသုကံ- ချမ်းသာအောင်၊ ကရောတိ- ပြု၏၊ သော- ထိုပုဂ္ဂိုလ်သည်၊ ဗဟုံ- များစွာ၊ ပုညံ- ကောင်းမှုကို၊ ပသဝတိ- ပွားစေ၏၊ ဣတိ- အပြီးတည်း။

ယော- အကြင်ရဟန်းသည်၊ ဒေဝဒတ္တော ဝိယ- ဒေဝဒတ်ကဲ့သို့၊ သာသနံ- သာသနာကို၊ ဥဒ္ဓမံ- သုတ်,အဘိဓမ္မာပျက်စီးသွားအောင်၊ ဥဗ္ဗိနယံ- ဝိနည်းတရား ပျက်စီးသွားအောင်၊ ကတွာ- ပြု၍၊ စတုန္နံ- လေးပါးကုန်သော၊ ကမ္မာနံ- ကံတို့တွင်၊ အညတရဝသေန- တစ်ပါးပါးသော ကံ၏ အစွမ်းဖြင့်၊ သံဃံ- သံဃာကို၊ ဘိန္ဒတိ- ခွဲ၏၊ အယံ- ဤရဟန်းသည်၊ **သံဃဘေဒကော** နာမ- ကမည်၏၊ ဝါ- သံဃာကို သင်းခွဲသော ရဟန်းမည်၏၊ ဧတဿ- ထိုသံဃာကို သင်းခွဲသော ရဟန်း၏၊ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ ဝါရိတာ။

ပန- ကား၊ ယော- အကြင်သူသည်၊ ပကတတ္တံ- ပင်ကိုယ်သီလဟူသော သဘောရှိသော၊ (သီလမပျက်စီးသေးသော၊) ဘိက္ခုနိံ- ရဟန်းမကို၊ တိဏ္ဏံ- သုံးပါးကုန်သော၊ မဂ္ဂါနံ- မဂ်တို့တွင်၊ အညတရသ္မိံ- တစ်ပါးပါးသော မဂ်၌၊ ဒူသေတိ- ဖျက်ဆီး၏၊ အယံ- ဤသူသည်၊ **ဘိက္ခုနိဒူသကော** နာမ- ကမည်၏၊ ဝါ- ဘိက္ခုနီကို ဖျက်ဆီးတတ်သူမည်၏၊ ဧတဿ- ဤသူ၏၊ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ ဝါရိတာ။ ပန- ဆက်၊ ယော- အကြင်သူသည်၊ ကာယသံသဂ္ဂေန- ကိုယ်လက်နှိုးနှောခြင်းဖြင့်၊ သီလဝိနာသံ- သီလပျက်စီးခြင်းသို့၊ ပါပေတိ- ရောက်စေ၏၊ တဿ- ထိုသူ၏၊ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ န ဝါရိတာ။ ဗလက္ကာရေန- အနိုင်အထက်နှိပ်စက်ခြင်းဖြင့်၊ ဩဒါတဝတ္ထဝသနံ- အဝတ်ဖြူဝတ်ခြင်းရှိသူကို၊

http://www.dhammadownload.com

ကတွာ- ပြု၍၊ (အတင်းအဝတ်ဖြူအလဲခိုင်း၍) အနိစ္ဆမာနံယေဝ- (အဝတ်ဖြူဝတ်ခြင်းကို) အလိုမရှိသော ဘိက္ခုနီကိုပင်၊ ဒူသေန္တောပိ- ဖျက်ဆီးသော ယောကျ်ားသည်လည်း၊ ဘိက္ခုနီဒူသကောယေဝ- ကသည်သာ၊ ဟောတိ၊ ပန-ဆက်၊ ဗလက္ကာရေန- ဩဒါတဝတ္ထဝသနံ ကတွာ- (အတင်းအဝတ်ဖြူ အလဲခိုင်း၍၊) ဂ္ဂဆမာနံ- အဝတ်ဖြူလဲခြင်းကို အလိုရှိသော ဘိက္ခုနီကို၊ ဒူသေန္တော- ဖျက်ဆီးသော ယောကျ်ားသည်၊ ဘိက္ခုနီဒူသကော နဟောတိ၊ ကသွာ- အဘယ်ကြောင့်နည်း၊ ယသွာ- အကြင့်ကြောင့်၊ ဂိဟိဘာဝေ- လူ့အဖြစ်ကို၊ သမ္ပဒ္ဒိစ္ဆိတမတ္တေယေဝ- လက်ခံအပ်ကာမျှဖြစ်သော်သာလျှင်၊ သာ- ထိုဘိက္ခုနီသည်၊ အဘိက္ခုနီ- ဘိက္ခုနီမဟုတ်တော့သည်၊ ဟောတိ- ဖြစ်၏၊ တသွာ- ထို့ကြောင့်တည်း။ သကိ- တစ်ကြိမ်၊ သီလဝိပန္နံ- သီလပျက်ပြီးသော ဘိက္ခုနီကို၊ ပစ္ဆာ- နောက်မှ၊ ဒူသေန္တော- ဖျက်ဆီးသော ယောကျ်ားသည်လည်းကောင်း၊ သိက္ခမာနသာမဏေရီသု- သိက္ခမာန် သာမဏေမတို့၌၊ ဝိပ္ပဋိပဇ္ဇန္တော စ- ဖောက်ဖောက်ပြန်ပြန်ကျင့်သော ယောကျ်ားသည်လည်းကောင်း၊ ဘိက္ခုနီဒူသကော-နေဝ ဟောတိ၊ ပဗ္ဗဇ္ဇမို့ ဥပသမ္ပဒမို့ လဘတိ။ ဣတိ- ဤသို့၊ ဧကာဒသ-တစ်ဆယ့် တစ်ယောက်ကုန်သော၊ ဣမေ- ဤသူတို့ကို၊ အဘာဗပုဂ္ဂလာ-အဘာဗပုဂ္ဂိုလ်တို့ဟူ၍၊ ဝေဒိတဗ္ဗာ- သိထိုက်ကုန်၏။

ဆောင်-- ပဏ္ဍုက် ဥဘ, ထေယျ, ပက္ကန်, တိရစ္ဆာန်နှင့်, အာနန်ပဉ္စာ,
ဒူသကာဟု, ဧကာဒသ, အဘာဗ, မရ ရှင့်အဖြစ်။

၁၄၂။ ပန- ကား၊ **ဥိနဝိသတိဝဿသေ**- ယုတ်လျော့သော နှစ်ပေါင်း ၂၀-ရှိသူ၏၊ (အသက်နှစ်ဆယ် မပြည့်သေးသူ၏) ဥပသမ္ပဒါယေဝ- မြင့်မြတ်သော ရဟန်းအဖြစ်ကိုသာ၊ ပဋိက္ခိတ္တာ- ပယ်မြစ်အပ်ပြီ၊ ပဗ္ဗဇ္ဇာ- ရှင့်အဖြစ်ကို၊ နပဋိက္ခိတ္တာ- မပယ်မြစ်အပ်၊ တသွာ- ထို့ကြောင့်၊ ပဋိသန္ဓိဂ္ဂဟဏတော- ပဋိသန္ဓေယူရာအခါ (ပဋိသန္ဓေတည်နေရာအခါ) မှ၊ ပဋ္ဌာယ- စ၍၊ ပရိပုဏ္ဏဝီသတိ-ဝဿော- ပြည့်သော အသက်နှစ်ဆယ်ရှိသူကို၊ ဥပသမ္ပာဒေတဗ္ဗော- ရဟန်းခံပေးထိုက်၏၊ ဟိ- မှန်၏၊ ဂဗ္ဘဝိသောပိ- အမိဝမ်းဝယ် တည်နေရာကာလနှင့်တကွ အသက်နှစ်ဆယ်ရှိသော ပုဂ္ဂိုလ်သည်လည်း၊ ပရိပုဏ္ဏဝီသတိဝဿော တွေဝ- အသက်နှစ်ဆယ်ပြည့်သူဟူ၍သာ၊ သခ်္ခေ- ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ- ရောက်၏၊ ယထာဟ- အဘယ်စကားကို အဘယ်ပုဂ္ဂိုလ်ဆိုသနည်း၊ "ယံ ဘိက္ခဝေ။ပ။ ဥပသမ္ပာဒေတု"န္တိ- ဥပသမ္ပာဒေတုံ-ဟူသော စကားကို၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ အာဟ- မိန့်တော်မူပြီ။

http://www.dhammadownload.com

"ဘိက္ခဝေ- တို့၊ မာတုကုစ္ဆိသို့- အမိဝမ်းဌ်၊ ပဌမံ- ရှေးဦးစွာသော၊ ယံ စိတ္တံ- အကြင်စိတ်သည်၊ ဥပ္ပန္နံ- ဖြစ်ပြီ၊ ပဌမံ၊ ယံ ဝိညာဏံ- အကြင်ဝိညာဏ်သည်၊ ပါတုဘူတံ- ထင်ရှားဖြစ်ပြီ၊ တံ- ထိုစိတ်ဝိညာဏ်ကို၊ ဥပါဒါယ- အစပြု၍၊ အဿ- ထိုသူငယ်၏၊ သာဝ ဇာတိ- ထိုဖြစ်ခြင်းသည်ပင်၊ (ဂဗ္ဘော နာမ- ဂဗ္ဘမည်သည်၊ ဟောတိ။) ဘိက္ခဝေ- တို့၊ ဂဗ္ဘဝိသံ- အမိဝမ်းဝယ် တည်နေရာကာလနှင့်တကွ အသက်နှစ်ဆယ်ရှိသော ပုဂ္ဂိုလ်ကို၊ ဥပသမ္မာဒေတုံ- ရဟန်းခံပေးခြင်းငှာ၊ အနုဇာနာမိ- ခွင့်ပြုတော်မူ၏။" (ပါဠိတော်အနက်။)

တတ္ထ- ထိုပါဠိရပ်၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ယော- အကြင်သူငယ်သည်၊ ဒွါဒသမာသေ- ၁၂ လတို့ပတ်လုံး၊ မာတုကုစ္ဆိသို့- အမိဝမ်း၌၊ ဝသိတွာ- နေပြီး၍၊ မဟာပဝါရဏာယ- သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌၊ ဇာတော- မွေးဖွားပြီ၊ သော- ထိုသူငယ်သည်၊ တတော- ထိုမွေးဖွားရာနေ့မှ၊ ပဌာယ- စ၍၊ ယာဝ- အကြင်မျှလောက်၊ ဧကူနဝီသတိမေ- ဆယ့်ကိုးနှစ်မြောက်သော၊ ဝဿေ- နှစ်၌၊ မဟာပဝါရဏာ- နေ့သည်၊ အတ္ထိ- ရှိ၏၊ တံ- ထိုမဟာပဝါရဏာနေ့ကို၊ အတိက္ကမိတွာ- ကျော်လွန်၍၊ ပါဋိပဒေ- အထွက်တစ်ရက်နေ့၌၊ ဥပသမ္မာဒေတဗ္ဗော- ရဟန်းခံပေးထိုက်၏၊ ဧတေန ဥပါယေန- ဤနည်းဖြင့်၊ ဟာယနဝမုနံ- ယုတ်လျော့ခြင်း တိုးခြင်းကို၊ ဝေဒိတဗ္ဗံ။

ပန- ဝါဒန္တရကား၊ ပေါရာဏကတ္ထေရာ- ရှေး၌ဖြစ်သော မထေရ်တို့သည်၊ ဧကူနဝီသတိဝဿံ- ၁၉ နှစ်ရှိသော၊ သာမဏေရံ- သာမဏေကို၊ နိက္ခမနီယပုဏ္ဏမာသိံ- ဝါခေါင်လပြည့်နေ့ကို၊ အတိက္ကမ္မ- လွန်၍၊ ပါဋိပဒဒိဝသေ- အထွက်တစ်ရက်နေ့၌၊ ဥပသမ္မာဒေန္တိ- ရဟန်းခံပေးကြကုန်၏၊ ကသ္မာ- အဘယ်ကြောင့်၊ (နိက္ခမနီယပုဏ္ဏမာသိံ အတိက္ကမ္မ ပါဋိပဒေ) ဥပသမ္မာဒေန္တိ- ရဟန်းခံပေးကြရ

ဒွါဒသမာသေ။ပေ။ ဥပသမ္မာဒေတဗ္ဗော။ ။ အမိဝမ်း၌တစ်နှစ်, မွေးဖွားပြီးနောက် ၁၉ နှစ်အားဖြင့် အသက် ၂၀ ပြည့်သောကြောင့် ရဟန်းခံပေးနိုင်သည်။

ဟာယနဝမုနံ။ ။ ပဋိသန္ဓေနေခဲ့သောလများလျှင် မွေးဖွားပြီးလကို လျော့ရမည်၊ ပဋိသန္ဓေလနည်းလျှင် မွေးဖွားပြီးလကို တိုးယူရမည်၊ (သာရတ္ထ၊၃၊၈၅။)

ပေါရာဏာတ္ထေရဝါဒ ။ ။ သီတင်းကျွတ်လပြည့်နေ့ ပဋိသန္ဓေတည်နေခဲ့၍ ဝါခေါင်လပြည့်နေ့မှာ မွေးဖွားလာသူသည် နောက်ဆယ့်ကိုးခုမြောက် ဝါခေါင်လပြည့်နေ့မှာ ၁၉ နှစ် ပြည့်လာသည်၊ ပဋိသန္ဓေနေခဲ့သော ၁၀ လကို ပေါင်းထည့်စေကာမူ ၁၉ နှစ်နှင့် ၁၀ လသာရှိသေးသည်၊ အသက် ၂၀ ပြည့်ရန် ၂ လ လိုနေပါသေးသည်။

http://www.dhammadownload.com

ကုန်သနည်း၊ ဧကသ္မိံ ဝဿေ- တစ်နှစ်၌၊ ဆ- ခြောက်ပါးကုန်သော၊ စာတုဒ္ဒသိ-ကဥပေါသထာ- စာတုဒ္ဒသီနေ့ ဥပုသ်နေ့တို့သည်၊ ဟောန္တိ၊ ဣတိ- ဤနည်းအား ဖြင့်၊ ဝိသတိယာ- နှစ်ဆယ်သော၊ ဝဿေသု- နှစ်တို့၌၊ စတ္တာရော မာသာ-လေးလတို့သည်၊ ပရိဟာယန္တိ- ယုတ်လျော့ကုန်၏၊ ရာဇာနော- မင်းတို့သည်၊ တတိယေ တတိယေ ဝဿေ- သုံးနှစ်မြောက် သုံးနှစ်မြောက်၌၊ ဝဿံ- ဝါကို၊ ဥက္ကမုန္တိ- အထက်သို့ ငင်ကုန်၏၊ ဣတိ- ဤနည်းအားဖြင့်၊ အဌာရသဝဿေ-သု- တစ်ဆယ့်ရှစ်နှစ်တို့၌၊ ဆ မာသာ- ခြောက်လတို့သည်၊ ဝမုန္တိ- တိုးကုန်၏၊ တတော- ထိုခြောက်လမှ၊ ဥပေါသထဝသေန- စာတုဒ္ဒသီဥပုသ်နေ့၏ အစွမ်းဖြင့်၊ ပရိဟီနေ- လျော့ကုန်သော၊ စတ္တာရော မာသေ- လေးလတို့ကို၊ အပနေတွာ-ပယ်ရှားလိုက်သည်ရှိသော်၊ ဒွေ မာသာ- နှစ်လတို့သည်၊ အဝသေသာ- ကြွင်းကျန်ကုန်သည်၊ ဟောန္တိ၊ တေ ဒွေ မာသေ- ထိုနှစ်လတို့ကို၊ ဂဟေတွာ- ပေါင်းယူ၍၊ ဝိသတိဝဿာနိ- အနှစ်နှစ်ဆယ်တို့သည်၊ ပရိပုဏ္ဏာနိ- ပြည့်ကုန်သည်၊ ဟောန္တိ၊ ဣတိ- ထို့ကြောင့်၊ နိဂ္ဂဒ်၏- ယုံမှားမရှိကုန်သည်၊ ဟုတွာ- ဖြစ်ကုန်၍၊ နိက္ခမနီယပုဏ္ဏမာသိံ- ဝါခေါင်လပြည့်နေ့ကို၊ အတိက္ကမ္မ- လွန်၍၊ ပါဋိပဒေ-အထွက် တစ်ရက်နေ့၌၊ ဥပသမ္မာဒေန္တိ- ရဟန်းခံပေးကြကုန်၏၊ ပန- မှန်၏၊ ဧတ္ထ- ဤ "ဧကူနဝီသတိဝဿံ သာမဏေရံ"အစရှိသော စကားရပ်၌၊ ယော-အကြင်သာမဏေသည်၊ ပဝါရေတွာ- ပဝါရဏာပြုပြီး၍၊ ဝါ- မှ၊ ဝိသတိဝဿော- အသက်နှစ်ဆယ်ရှိသူသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့၊ တံ- ထိုသာမဏေကို၊ သန္ဓာယ- ရည်ရွယ်၍၊ ဧကူနဝီသတိဝဿန္တိ- ဝဿံဟူ၍၊ ဝုတ္တံ- မိန့်တော်မူအပ်ပြီ။

(ယသ္မာ- အကြင်ကြောင့်၊ ဂဗ္ဘမာသာပိ- အမိဝမ်းဝယ်တည်နေခဲ့ရာလတို့သည်လည်း၊ ဂဏနူပဂါ- ရေတွက်ခြင်းသို့ ရောက်ကုန်သည်၊ ဟောန္တိ- ဖြစ်

သို့ဖြစ်စေကာမူ ရက် ၃၀ တစ်လ၊ ၁၂ လ တစ်နှစ်ဟု ဘုရားဟော စကားတော် ရှိနေသောကြောင့် ယခုလက်ခံသုံးစွဲနေကြသော တစ်နှစ်တစ်နှစ်မှာ ရက်စုံ ၆ လ ရက်မစုံ ၆ လ ပါဝင်နေသဖြင့် ၆ ရက် လျော့နေသည်၊ သို့ဖြင့်နှစ်ပေါင်း ၂၀ မှာ ၄ လ လျော့လာရပါတော့သည်။

ထို့ပြင် ၃ နှစ် တစ်ကြိမ် ဝါထပ်သောကြောင့် ၁၈ နှစ်မှာ ၆ လ ပိုထွက်လာပြန်သည်၊ ယင်းပိုနေသော ၆ လမှ ယုတ်လျော့နေသော ၄ လကို ပယ်နုတ်လိုက်က ၂ လကျန်နေသေးသည်၊ ယခင် ပဋိသန္ဓေနှင့် တကွ ၁၉ နှစ်နှင့် ၁၀ လမှာ ယင်းကျန်နေသော ၂ လကို ပေါင်းထည့်လိုက်ပါက အသက် ၂၀ ပြည့်လာရပါတော့သည်၊ ထို့ကြောင့် ၁၉ နှစ်ရှိသော သာမဏေကို ယုံမှားခြင်းကင်း ရဲတင်းစွာ ရဟန်းခံပေးကြသည်။

http://www.dhammadownload.com

ကုန်၏၊ ဝိမတိ။) တသ္မာ- ထို့ကြောင့်၊ ယော- အကြင်သာမဏေသည်၊ မာတု-ကုစ္ဆိသ္မိံ- အမိဝမ်း၌၊ ဒ္ဝါဒသ မာသေ- ဆယ့်နှစ်လတို့ပတ်လုံး၊ ဝသိ- နေခဲ့ပြီ၊ သော- ထိုသာမဏေသည်၊ ဧကဝီသတိဝဿော- နှစ်ဆယ့်တစ်နှစ်ရှိသည်၊ ဟောတိ၊ ယော- အကြင်သာမဏေသည်၊ သတ္တ မာသေ- ခုနစ်လတို့ပတ်လုံး၊ (မာတုကုစ္ဆိသ္မိံ- ၌) ဝသိ- နေခဲ့ပြီ၊ သော- ထိုသာမဏေသည်၊ သတ္တမာသာဓိက-ဝီသတိဝဿော- ခုနစ်လအလွန်ရှိသော အနှစ်နှစ်ဆယ်ရှိသည်၊ ဟောတိ၊ ပန-ဆက်၊ ဆမာသဇာတော- အဓိဝမ်း၌ ခြောက်လနေပြီးမှ မွေးဖွားလာသော သူသည်၊ န ဇီဝတိ- အသက်မရှည်။

ပန- ဆက်၊ ဥနဝီသတိဝဿံ- ယုတ်လျော့သော အသက်နှစ်ဆယ်ရှိသူကို၊ "ပရိပုဏ္ဏဝီသတိဝဿော"တိ သညာယ- ပြည့်သော အသက်နှစ်ဆယ်ရှိသူဟူသော အမှတ်ဖြင့်၊ ဥပသမ္ပာဒေန္တသ- ရဟန်းခံပေးသော ဥပဇ္ဈာယ်ရဟန်း၏၊ အနာပတ္တိ- အာပတ်မသင့်သည်၊ ဟောတိ- အကယ်၍ကား ဖြစ်ပါပေ၏၊ ပန-ထိုသို့ပင် အာပတ်မသင့်ပါသော်လည်း၊ ပုဂ္ဂလော- ရဟန်းခံပေးအပ်သော ပုဂ္ဂိုလ်သည်၊ ဝါ- အသက်နှစ်ဆယ်မပြည့်သော ပုဂ္ဂိုလ်သည်၊ အနုပသမ္ပန္နော၀- ရဟန်းမဖြစ်သည်သာ၊ ဟောတိ၊ ပန- ဆက်၊ သော- ထိုရဟန်း မဖြစ်သူသည်၊ ဒသ

လူပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေတည်နေပြီးသည့်နောက် ၁၀ လဖြင့်မွေးသူ၊ ၉ လဖြင့်မွေးသူ၊ ၈ လဖြင့်မွေးသူ၊ ၇ လဖြင့် မွေးသူဟု ယေဘုယျအားဖြင့် လေးမျိုးရှိနိုင်ပါသည်၊ "ဆမာသဇာတော ပန နဇီဝတိ"ဟု မိန့်ဆိုထားသောကြောင့် ၆ လဖြင့်မွေးသူအတွက် စဉ်းစားဖွယ်ရာ မရှိပါ။

သို့ဖြစ်၍ ၁၀ လဖွားဖြစ်က ၁၉ နှစ်မှာ ရဟန်းခံပေးနိုင်သည်၊ ၉ လဖွားဖြစ်က ၁၉ နှစ်နှင့် တစ်လမှာ ရဟန်းခံပေးနိုင်သည်၊ ၈ လဖွားဖြစ်က ၁၉ နှစ်နှင့် နှစ်လမှာ ရဟန်းခံပေးနိုင်သည်၊ ၇ လဖွားဖြစ်က ၁၉ နှစ်နှင့် သုံးလမှာ ရဟန်းခံပေးနိုင်သည်၊ ဤသို့ ပေါရာဏကတ္ထေရဝါဒအားလျော်စွာ မှတ်ယူသင့်ပါသည်။

ဧကဝီသတိဝဿော။ ။ မွေးဖွားခဲ့ရာနေ့မှစ၍ အသက်နှစ်ဆယ်ရှိနေပါလျှင် အဓိဝမ်းဝယ်ကိန်းနေခဲ့သော ၁၂ လကို ပေါင်းထည့်က ၂၁ နှစ်ရှိသူ ဖြစ်လာရတော့သည်။ (သာရတ္ထ၊၃၊၈၅။)

ဤသို့အစရှိသော စကားဖြင့်ပင် "ဧကူနဝီသတိဝဿံ သာမဏေရံ"၌လည်း အဓိဝမ်း၌ ကိန်းခဲ့သောလမျှား မပါကြောင်း သိသာထင်ရှားသည်။

သဧ ပန။ပ။ သုပသမ္ပန္နော။ ။ မိမိကိုယ်တိုင် ရဟန်းမဖြစ်ပါသော်လည်း ရဟန်းလောင်း တစ်ဦးကို ကမ္မဝါစာဆရာလုပ်၍ ရဟန်းခံပေးလျှင် သို့မဟုတ် ဆယ်ဝါရသည့်အခါ ဥပဇ္ဈာယ်ဆရာလုပ်၍ ရဟန်းခံပေးလျှင် ကမ္မဝါဖတ်သော သို့မဟုတ်

http://www.dhammadownload.com

ဝဿစ္ဆယေန- ဆယ်ဝါလွန်ရာအခါ၌၊ အည်- အခြားသော ရဟန်းလောင်းကို၊ သစေ ဥပသမ္ပာဒေတိ- အကယ်၍ ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးအံ့၊ တံ- ထို ဥပဇ္ဈာယ်ကို၊ မုဉ္စိတ္တာ- (အရေအတွက်မှ) လွတ်၍၊ ဂဏှာ- ဂိုဏ်းသည်၊ သစေ ပူရတိ- အကယ်၍ပြည့်အံ့၊ ဧဝံ သတိ- ဤသို့ပြည့်လသော်၊ သူပသမ္ပန္နော- ကောင်းစွာ ရဟန်းအဖြစ်သို့ ရောက်သည်၊ ဟောတိ။

ပန- ဆက်၊ သောပိ- ထိုရဟန်းစင်စစ် မဖြစ်သူသည်လည်း၊ ယာဝ- အကြင်မျှလောက်၊ န ဇာနာတိ- ရဟန်းမဖြစ်ကြောင်းကို မသိသေး၊ တာဝ- ထိုမသိသေးသမျှ၊ အဿ- ထိုရဟန်းစင်စစ်မဖြစ်သူ၏၊ သဂ္ဃန္တရာယော- နတ်ပြည်၏ အန္တရာယ်သည်၊ နေဝ ဟောတိ- မဖြစ်။ မောက္ခန္တရာယော- နိဗ္ဗာန်၏ အန္တရာယ်သည်၊ န ဟောတိ- မဖြစ်၊ ပန- ထိုသို့ပင် သဂ္ဂန္တရာယ် မောက္ခန္တရာယ် မဖြစ်ပါသော်လည်း၊ ဥတ္တာ- ရဟန်းမဖြစ်မှန်းကို သိလသော်၊ ပုန- တစ်ဖန်၊ ဝါ- ထပ်၍၊ ဥပသမ္ပဒ္ဓိတဗ္ဗံ- ရဟန်းခံထိုက်၏။ (ရဟန်းမဖြစ်မှန်းသိလျှင် ထပ်၍ ရဟန်းခံရမည်။)

၁၄၃။ ကတိ- ဤသို့လျှင်၊ ကမေဟိ ပဗ္ဗဇ္ဇာဒေါသေဟိ- ဤရှုင့်အဖြစ်၏ အပြစ်တို့မှ၊ ဝိရဟိတော- ကင်းသူသည်၊ သမာနောပိ- ဖြစ်ပါသော်လည်း၊ "ဘိက္ခဝေ- ရဟန်းတို့၊ မာတာပိတူဟိ- အမိအဖတို့သည်၊ အနနုညာတော- ခွင့်မပြုအပ်သော၊ ပုတ္တော- သားကို၊ န ပဗ္ဗာဇေတဗ္ဗော- ရှင်ပြုမပေးထိုက်၊"

ဥပဇ္ဈာယ်လုပ်သော ရဟန်းမဖြစ်သူကို ချန်လှပ်၍ ရဟန်းအစစ်အမှန်ဖြစ်သူ မဇ္ဈိမဒေသ၌ ၁၀ ပါး၊ ပစ္စန္တရာဇ်၌ ၅ ပါး ပြည့်ပါက ထိုရဟန်းလောင်း ကောင်းစွာ ရဟန်း ဖြစ်သည်သာ။ မှန်၏- ကမ္မဝါဖတ်ရာ၌ ရဟန်း မဟုတ်စေကာမူ ရဟန်းဟု အမှတ်ရှိလျက် ဌာနကရိဏ်းပီသအောင် ရွက်နိုင်လျှင် ထိုကမ္မဝါစာလည်း အောင်မြင်နိုင်သည်၊ ထို့ပြင် ဥပဇ္ဈာယ်ဆရာ လုံးလုံးမရှိစေကာမူ ကမ္မဝါစာ၌ ရဟန်းတစ်ပါးပါး၏ အမည်ကို ထည့်သွင်း ရွတ်ဖတ်လျှင်ပင် ပုဂ္ဂိုလ်ကို သုံးသပ်ရာ ရောက်သည်၊ ကမ္မဝါစာလည်း အောင်မြင်နိုင်သည်၊ ထို့ကြောင့် ထိုရဟန်းလောင်း ကောန် ရဟန်းဖြစ်နိုင်သည်။ မဟာဝါ အနုပဇ္ဈာယကဝတ္ထု အဋ္ဌကထာ ဋီကာကိုလည်း ရှုပါ။

န ပဗ္ဗာဇေတဗ္ဗော။ ။ ရှင်ပြုပေးလိုသော်မှ မိဘတို့ထံမှာ ခွင့်တောင်းရသေးသည်၊ ရဟန်းပြုပေးလိုလျှင် ဆိုဖွယ်ပင်မရှိတော့ချေ၊ သို့သော် ရှင်မဖြစ်သေးသူကို ရဟန်းပြုပေးလိုမှ မိဘတို့ထံမှာ ခွင့်တောင်းရသည်၊ ရှင်ဖြစ်ပြီးသူကို ရဟန်းခံပေးလိုလျှင်ကား မိဘတို့ထံမှာ ခွင့်တောင်းဖွယ်ပင် မလိုတော့ပါ၊ ရှင်သာမဏေလည်း သီတင်းသုံးဖော်ငါးဦးတို့တွင် တစ်ဦးအပါအဝင်ဖြစ်နေသည်၊ မိဘတို့နှင့် မဆိုင်တော့ပါ၊ သို့ဖြစ်၍ မိဘတို့က သဘောမတူသော်လည်း ရဟန်းခံပေးကောင်းသည်သာ။

http://www.dhammadownload.com

ဣတိ- ဤသို့၊ ဝစနတော- မိန့်တော်မူသောကြောင့်၊ မာတာပိတူဟိ- အမိအဖတို့သည်၊ အနနုညာတော- ခွင့်မပြုအပ်သူကို၊ နှ ပဗ္ဗာဇေတဗ္ဗော- ရှင်ပြု မပေးထိုက်။

တတ္ထ- ထို နှ ဘိက္ခဝေ အနနုညာတော-အစရှိသော စကားရပ်၌၊ **မာတာပိ–ဇူမိတိ**- မာတာပိတူဟိ-ဟူသော စကားကို၊ ဇနကေ- ဖြစ်တတ်သော အမိရင်းအဖရင်းတို့ကို၊ သန္ဓာယ- ရည်ရွယ်၍၊ ဝုတ္တံ- မိန့်တော်မူအပ်ပြီ။ ဒွေပိ- နှစ်ယောက်သော မိဘတို့သည်လည်း၊ သစေ အတ္ထိ- အကယ်၍ ရှိကုန်အံ့၊ ဧဝံ သတိ၊ ဒွေပိ- နှစ်ယောက်သော မိဘတို့ကိုလည်း၊ အာပုစ္ဆိတဗ္ဗာ- ပန်ပြောထိုက်ကုန်၏၊ ပိတာ- အဖသည်၊ မတော- သေပြီးသည်၊ သစေ ဟောတိ- အံ့၊ မာတာ ဝါ- အမိသည်လည်း၊ မတာ- သေပြီးသည်၊ သစေ ဟောတိ- အံ့၊ ဧဝံ သတိ၊ ယော- အကြင်သူသည်၊ ဇိဝတိ- အသက်ရှင်၏၊ သော- ထိုသူ့ကို၊ အာပုစ္ဆိတဗ္ဗော- ပန်ပြောထိုက်၏၊ ပဗ္ဗဇိတာပိ- ရဟန်းပြုပြီးသော မိဘတို့ကိုသော်မှလည်း၊ အာပုစ္ဆိတဗ္ဗာဝ- ပန်ပြောထိုက်ကုန်သည်သာ။

အာပုစ္ဆန္တေန- ပန်ပြောသော ဥပဇ္ဈာယ်သည်၊ သယံ ဝါ- ကိုယ်တိုင်သော်လည်း၊ ဂန္တွာ- သွား၍၊ အာပုစ္ဆိတဗ္ဗံ- ပန်ပြောထိုက်၏၊ အညော ဝါ- အခြားသူကို သော်လည်း၊ ပေသေတဗ္ဗော- စေလွှတ်ထိုက်၏၊ ဝါ- သို့မဟုတ်၊ သော ဧဝ- ထိုရှင်လောင်းကိုပင်၊ "ဂစ္ဆ- သွားစမ်း၊ မာတာပိတရော- မိဘတို့ကို၊ အာပုစ္ဆိတွာ- ပန်ပြော၍၊ အာဂစ္ဆ- လာခဲ့လော၊" ဣတိ- ဤသို့မှာ၍၊ ပေသေတဗ္ဗော- စေလွှတ်ထိုက်၏၊ "အနုညာတော- ခွင့်ပြုအပ်ပြီးသည်၊ အမှိ-ဖြစ်ပါ၏၊" ဣတိ- ဤသို့ သစေ ဝဒတိ- အကယ်၍ ရှင်လောင်းက လျှောက်အံ့၊ ဧဝံ သတိ၊ သဒ္ဒဟန္တေန- သူ၏စကားကို ယုံကြည်သောဥပဇ္ဈာယ်သည်၊ ပဗ္ဗာဇေတဗ္ဗော- ရှင်ပြု ပေးထိုက်၏။

ပိတာ- အဖသည်၊ သယံ- ကိုယ်တိုင်၊ ပဗ္ဗဇိတော- ရှင်ရဟန်းပြုပြီးသည်၊ ဟုတ္ဝာ၊ ပုတ္တမ္မိ- သားကိုလည်း၊ ပဗ္ဗာဇေတုကာမော- ရှင်ပြုပေးလိုသည်၊ ဟောတိ- ဖြစ်အံ့၊ ဧဝံ သတိ၊ မာတရံ- အမိကို၊ အာပုစ္ဆိတွာ- ပန်ပြော၍၊ ပဗ္ဗာဇေတု- ရှင်ပြုပေးပါလော၊ မာတာ ဝါ- အမိသည်သော်လည်း၊ ဓီတရံ- သမီးကို၊ ပဗ္ဗာဇေတုကာမာ ဟောတိ ဧဝံ သတိ၊ ပိတရံ- အဖကို၊ အာပုစ္ဆိတွာ ပဗ္ဗာဇေတု- ပါလော။

http://www.dhammadownload.com

ပိတာ- အဖသည်၊ ပုတ္တဒါရေန- သားမယားဖြင့်၊ အနတ္ထိကော- အလိုမရှိသည်၊ ဟုတ္ဝာ၊ ပလာယိ- ထွက်ပြေးသွားခဲ့အံ့၊ မာတာ- အမိသည်၊ "ကွမံ- ဤကလေးကို၊ ပဗ္ဗာဇေထ- ရှင်ပြုပေးပါကုန်၊" ကွတိ- ဤသို့ လျှောက်ထား၍၊ ပုတ္တံ- သားကို၊ ဘိက္ခူနံ- ရဟန်းတို့အား၊ ဒေတိ- ပေးလှူအံ့၊ "အဿ- ထိုကလေး၏၊ ပိတာ- အဖသည်၊ ကုဟိံ- အဘယ်မှာနည်း၊" ကွတိ- ဤသို့၊ ဝုတ္တေ- ရဟန်းတို့က မေးအပ်သော်၊ "စိတ္တကေဋိ- စိတ်ကြိုက်ပျော်ပါးခြင်းကို၊ ကီဠိတုံ- ပျော်ပါးခြင်းငှာ၊ ပလာတော- ထွက်ပြေးပါပြီ၊" ကွတိ- ဤသို့၊ ဝဒတိ- လျှောက်အံ့၊ ဧဝံ သတိ၊ တံ- ထိုကလေးကို၊ ပဗ္ဗာဇေတုံ- ရှင်ပြုပေးခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏။ (ထွက်ပြေးသောအဖကို လိုက်၍ ခွင့်ပန်စရာ မလို။)

မာတာ- အမိသည်၊ ကေနစိ- တစ်စုံတစ်ယောက်သော၊ ပုရိသေန- ယောကျ်ားနှင့်၊ သဒ္ဓိံ- တကွ၊ ပလာတာ- လိုက်ပြေးသည်၊ ဟောတိ- ဖြစ်အံ့၊ ပိတာ ပန- အဖသည်ကား၊ "ပဗ္ဗာဇေထ- ရှင်ပြုပေးကြပါကုန်၊" ကွတိ- ဤသို့၊ ဝဒတိ- လျှောက်အံ့၊ ဧတ္ထာပိ- ဤသို့လျှောက်ရာ၌လည်း၊ ဧသေဝ နယော- ဤနည်းပင်တည်း၊ ပိတာ- အဖသည်၊ ဝိပ္ပဝုတ္ထော- အရပ်တပါး၌ နေသည်၊ ဟောတိ- ဖြစ်အံ့၊ မာတာ- အမိသည်၊ ပုတ္တံ- သားကို၊ "ပဗ္ဗာဇေထ- ကုန်၊" ကွတိ- ဤသို့၊ အနုဇာနာတိ- ခွင့်ပြုအံ့၊ "အဿ- ထိုကလေး၏၊ ပိတာ- အဖသည်၊ ကုဟိံ- အဘယ်မှာနည်း၊" ကွတိ- ဤသို့၊ ဝုတ္တေ- ရဟန်းတို့က မေးအပ်သော်၊ "တုမှာကံ- အရှင်ဘုရားတို့အား၊ ပိတရာ- သူ့အဖဖြင့်၊ ကိံ- အဘယ်အကျိုးရှိအံ့နည်း၊ အဟံ- တပည့်တော်သည်၊ ဇာနိဿာမိ- သိပါအံ့၊" ကွတိ- ဤသို့၊ ဝဒတိ- လျှောက်အံ့၊ ဧဝံ သတိ၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ၊ ကွတိ- ဤသို့၊ **ကုရုန္ဒိယံ**- ၌၊ ဝုတ္တံ။

မာတာပိတရော- အမိအဖတို့သည်၊ မတာ- သေပြီးကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်အံ့၊ ဒါရကော- ကလေးသည်၊ စူဠမာတာဒီနံ- အဒေါ်လေးအစရှိသူတို့၏၊ သန္တိကေ- အထံ၌၊ သံဝဒ္ဓေါ- ကြီးပွားရသည်၊ ဟောတိ- ဖြစ်အံ့၊ တသ္မိံ- ထိုကလေးကို၊ ပဗ္ဗာဇိယမာနေ- ရှင်ပြုပေးအပ်သော်၊ ဉာတကာ- ဆွေမျိုးတို့သည်၊ ကလဟံ- ငြင်းခုံခြင်းကို၊ ကရောန္တိ ဝါ- ပြုသော်လည်းပြုတတ်ကုန်၏၊ ခီယျန္တိ ဝါ- ရှုတ်ချသော်လည်း ရှုတ်ချတတ်ကုန်၏၊ တသ္မာ- ထို့ကြောင့်၊ ဝိဝါဒုပစ္ဆေဒနတ္ထံ- ငြင်းခုံခြင်းကို ဖြတ်တောက်ခြင်း အကျိုးငှာ၊ အာပုစ္ဆိတ္ဝာ- ပန်ပြော၍၊ ပဗ္ဗာဇေတဗ္ဗော- ရှင်ပြုပေးထိုက်၏၊ ပန- ထိုသို့ပင် ပန်ပြော၍

http://www.dhammadownload.com

ရှင်ပြုပေးထိုက်ပါသော်လည်း၊ အနာပုစ္ဆိတွာ- မပန်ပြောဘဲ၊ ပဗ္ဗာဇေန္တသ-ရှင်ပြုပေးသော ဥပဇ္ဈာယ်၏၊ အာပတ္တိ- အာပတ်သည်၊ နတ္ထိ- မရှိ။

ဒဟရကာလေ- ငယ်ရွယ်သူ၏ အခါ၌၊ ဂဟေတွာ- ယူ၍၊ ပေါသကာ-မွေးစားတတ်ကုန်သော၊ မာတာပိတရော နာမ- မိဘတို့မည်သည်၊ ဟောန္တိ-ရှိတတ်ကုန်၏၊ တေသုပိ- ထိုမွေးစားသော မိဘတို့၌လည်း၊ ဧသေဝ နယော-တည်း။ ပုတ္တော- သားသည်၊ အတ္တာနံ- မိမိကို၊ နိဿာယ- မှီ၍၊ ဇီဝတိ-အသက်မွေးအံ့၊ မာတာပိတရော- အမိအဖတို့ကို၊ နိဿာယ- မှီ၍၊ န ဇီဝတိ-အသက်မမွေးအံ့၊ ရာဇာ- မင်းသည်၊ သစေပိ ဟောတိ- အကယ်၍မူလည်းဖြစ်စေဦးတော့၊ ဧဝံ သတိပိ၊ အာပုစ္ဆိတွာဝ- ပန်ပြော၍သာ၊ ပဗ္ဗာဇေတဗ္ဗော။ မာတာပိတူဟိ- အမိအဖတို့သည်၊ အနုညာတော- ခွင့်ပြုအပ်သော သားသည်၊ ပဗ္ဗဇိတွာ- ရှင်ရဟန်းပြုပြီး၍၊ ပုန- တစ်ဖန်၊ ဝိဇ္ဇမတိ- လူထွက်အံ့၊ သတက္ခတ္တုံ-အကြိမ်တရာ၊ ပဗ္ဗဇိတွာ- ၍၊ သစေပိ ဝိဇ္ဇမတိ- အကယ်၍မူလည်း လူထွက်စေဦးတော့၊ ဧဝံ သတိပိ၊ အာဂတာဂတကာလေ- ပြန်လာရာ ပြန်လာရာအခါ၌၊ ပုနပ္ပုနံ- ထပ်ကာထပ်ကာ၊ အာပုစ္ဆိတွာဝ- ပန်ပြော၍သာ၊ ပဗ္ဗာဇေတဗ္ဗော။ "အယံ- ဤကလေးသည်၊ ဝိဇ္ဇမိတွာ- လူထွက်၍၊ ဂေဟံ- အိမ်သို့၊ အာဂတော-ပြန်လာပါပြီ၊ အမှာကံ- တပည့်တော်တို့၏၊ ကမ္မံ- အလုပ်ကို၊ န ကရောတိ-မလုပ်ပါ၊ ပဗ္ဗဇိတွာ- ရှင်ပြု၍၊ တုမှာကံ- အရှင်ဘုရားတို့၏၊ ဝတ္တံ- ကျင့်ဝတ်ကို၊ န ပူရေတိ- မဖြည့်ကျင့်ပါ၊ (တသ္မာ- ကြောင့်၊) ဣမဿ- ဤကလေးအတွက်၊ အာပုစ္ဆနကိစ္စံ- ပန်ပြောဖွယ်ကိစ္စသည်၊ နတ္ထိ- မရှိပါ၊ အာဂတာဂတံ- ပြန်လာတိုင်း ပြန်လာတိုင်းသော၊ နံ- ထိုကလေးကို၊ ပဗ္ဗာဇေယျာထ- ရှင်ပြုပေးကြပါကုန်၊" ဣတိ ဧဝံ- ဤသို့၊ သစေ ဝဒန္တိ- အကယ်၍ လျှောက်ထားကုန်အံ့၊ ဧဝံ- ဤသို့၊ နိဿဋ္ဌံ- စွန့်လွှတ်အပ်ပြီးသော ကလေးကို၊ ပုန- တစ်ဖန်၊ အနာပုစ္ဆိတွာပိ- မပန်ပြောဘဲလည်း၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။

ယောပိ- အကြင်ကလေးကိုလည်း၊ ဒဟရကာလေယေဝ- ငယ်ရွယ်သူ၏ အခါ၌ပင်၊ (ငယ်ရွယ်စဉ်ကပင်၊) "အယံ- ဤကလေးကို၊ တုမှာကံ- အရှင်ဘုရားတို့အား၊ ဒိန္နော- ပေးလှူအပ်ပါပြီ၊ ယဒါ- အကြင်အခါ၌၊ ပဗ္ဗာဇေတုံ- ရှင်ပြုပေးခြင်းငှာ၊ ဣစ္ဆထ- အလိုရှိပါကုန်၏၊ တဒါ- ထိုအခါ၌၊ ပဗ္ဗာဇေယျာထ- ရှင်ပြုပေးကြပါကုန်၊" ဣတိ ဧဝံ- ဤသို့လျှောက်၍၊ ဒိန္နော- ပေးလှူအပ်ပြီးသည်၊ ဟောတိ-ဖြစ်အံ့၊ အာဂတာဂတော- ပြန်လာတိုင်း ပြန်လာတိုင်းသော၊ သောပိ- ထိုကလေး

http://www.dhammadownload.com

ကိုလည်း၊ ပုန- တစ်ဖန်၊ အနာပုစ္ဆိတ္ဝာဝ- မပန်ပြောဘဲသာ၊ ပဗ္ဗာဇေတဗ္ဗော၊ ပန- ဆက်၊ ယံ- အကြောင်းကလေးကို၊ ဒဟရကာလေယေဝ- ငယ်ရွယ်စဉ်ကပင်၊ "ဘန္တေ- အရှင်ဘုရားတို့၊ ဣမံ- ဤကလေးကို၊ ပဗ္ဗာဇေထျာဃ- ရှင်ပြုပေးပါကုန်၊" ဣတိ- ဤသို့၊ အနုဇာနိတ္ဝာ- ကျေကျေနပ်နပ် ခွင့်လွှတ်ပြီး၍၊ ပစ္ဆာ- နောက်၌၊ ဝုစိုပဗ္ဘကာလေ- ကြီးရင့်ခြင်းသို့ ရောက်ရာအခါ၌၊ နာနုဇာနန္တိ- ခွင့်မပြုကုန်၊ အယံ-ဤကလေးကို၊ အနာပုစ္ဆာ- မပန်ပြောဘဲ၊ န ပဗ္ဗာဇေတဗ္ဗော- ရှင်ပြုမပေးထိုက်။

ဧကော- တစ်ဦးသော ကလေးသည်၊ မာတာပိတူဟိ- အမိအဖတို့နှင့်၊ သဒ္ဓိ- တကွ၊ ဘဏ္ဍိတ္ဝာ- ငြင်းခုန်ပြီး၍၊ "မံ- တပည့်တော်ကို၊ ပဗ္ဗာဇေထ- ရှင်ပြုပေးပါကုန်၊" ဣတိ- ဤသို့၊ အာဂစ္ဆတိ- လာရောက် (လျှောက်ထား) ဒဲ့၊ "အာပုစ္ဆိတ္ဝာ- ပန်ပြော၍၊ ဧဟိ- လာခဲ့လော့၊" ဣတိ စ- ဤသို့လည်း၊ ဝုတ္တော- ပြောအပ်သည်၊ သမာနော- ဖြစ်လသော်၊ "အဟံ- တပည့်တော်သည်၊ န ဂစ္ဆာမိ- မသွားလိုပါ၊ မံ- တပည့်တော်ကို၊ သစေ န ပဗ္ဗာဇေထ- အကယ်၍ ရှင်ပြုမပေးကုန်အံ့၊ ဧဝံ သတိ၊ ဝိဟာရံ- ကျောင်းကို၊ စျာပေမိ- မီးရှို့အံ့၊ ဣတိ ဝါ- ဤသို့သော်လည်း ကောင်း၊ သတ္ထေန- လက်နက်ဖြင့်၊ တုမ္ဟေ- အရှင်ဘုရားတို့ကို၊ ပဟာရာမိ- ထိုး ခုတ်ရိုက်နှက်အံ့၊ ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ တုမှာကံ- အရှင်ဘုရား တို့၏၊ ဉာတကာနံ- ဆွေမျိုးတို့၏၊ အာရာမစ္ဆေဒနာဒီဟိ- ဥယျာဉ်ခြံကို ခုတ်ဖြတ် ခြင်းအစရှိသည်တို့ဖြင့်၊ အနတ္ထံ- အကျိုးမဲ့ကို၊ ဥပ္ပါဒေမိ- ဖြစ်စေအံ့၊ ဣတိ ဝါ- သော်လည်းကောင်း၊ တုမှာကံ- အရှင်ဘုရားတို့၏၊ ဥပဋ္ဌာကာနံ- အလုပ် အကျွေးတို့၏၊ အာရာမစ္ဆေဒနာဒီဟိ- တို့ဖြင့်၊ အနတ္ထံ- အကျိုးမဲ့ကို၊ ဥပ္ပါဒေမိ- ဖြစ်စေအံ့၊ ဣတိ ဝါ- သော်လည်းကောင်း၊ ရုက္ခာ- သစ်ပင်ပေါ်မှ၊ ပတိတ္ဝာ- ခုန်ချ၍၊ မရာမိ- သေအံ့၊ ဣတိ ဝါ- သော်လည်းကောင်း၊ စောရမဇ္ဈံ- ခိုးသူတို့၏ အလယ်သို့၊ ပဝိသာမိ- ဝင်သွားအံ့၊ ဣတိ ဝါ- သော်လည်းကောင်း၊ ဒေသန္တရံ- အရပ်တစ်ပါးသို့၊ ဂစ္ဆာမိ- သွားအံ့၊" ဣတိ ဝါ- ဤသို့သော်လည်းကောင်း၊ ဝဒတိ- ပြောနေအံ့၊ တံ- ထိုကလေးကို၊ တဿေဝ- ထိုကလေးကိုပင်၊ ရက္ခဏ- ဏ္ဍာယ- စောင့်ရှောက်ခြင်းအကျိုးငှာ၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ၊ (ဇီဝဿေဝ- အသက်ကိုပင်၊ ဝိ၊၄၊၃။)

ပန- ဆက်၊ အဿ- ထိုကလေး၏၊ မာတာပိတရော- မိဘတို့သည်၊ အာဂန္တွာ- လာ၍၊ "ကဿ- အဘယ့်ကြောင့်၊ အမှာကံ- တပည့်တော်တို့၏၊

http://www.dhammadownload.com

ပုတ္တံ- သားကို၊ ပဗ္ဗာဇယိတ္ထ- ရှင်ပြုပေးပါကုန်သနည်း၊" ဣတိ- ဤသို့၊ သစေ ဝဒန္တိ- အကယ်၍ပြောဆိုကုန်အံ့၊ ဧဝံ သတိ၊ တေသံ- ထိုမိဘတို့အား၊ တမတ္ထံ- ထိုအကြောင်းကို၊ အာရောစေတွာ- ပြောပြ၍၊ "ရက္ခဏာတ္ထာယ- စောင့်ရှောက်ခြင်း အကျိုးငှာ၊ နံ- ထိုသင်တို့၏ သားကို၊ ပဗ္ဗာဇယိမ္ဟ- ရှင်ပြုပေးကုန်ပြီ၊ တုမ္ဟေ- သင်တို့သည်၊ ပုတ္တေန- သားဖြင့်၊ ပညာယထ- ထင်ရှားကုန်လတ္တံ့၊" ဣတိ- ဤသို့၊ ဝတ္တာဗ္ဗာ- ပြောဆိုထိုက်ကုန်၏၊ ပန- ဆက်၊ "ရုက္ခာ- သစ်ပင်ပေါ်မှ၊ ပတိဿာမိ- ခုန်ချအံ့၊" ဣတိ- ဤသို့ပြော၍၊ အဘိရုဟိတွာ- တက်ပြီး၍၊ ဟတ္ထပါဒေ- လက်ခြေတို့ကို၊ မုဉ္စန္တံ- လွှတ်ချမည့် ဆဲဆဲဖြစ်သူကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိယေဝ။

ဧကော‌ပိ- တစ်ယောက်သော သူသည်လည်း၊ ဝိဒေသံ- အရပ်တပါးသို့၊ ဂန္တွာ- သွား၍၊ ပဗ္ဗဇ်- ရှင်အဖြစ်ကို၊ ယာစတိ- တောင်းအံ့၊ အာပုစ္ဆိတွာ- ပန်ပြော၍၊ ဂတော- သွားသူသည်၊ စေ ဟောတိ- အံ့၊ ဧဝံ သတိ၊ ပဗ္ဗာဇေတဗ္ဗော။ အာပုစ္ဆိတွာ- ပန်ပြော၍၊ ဂတော- သွားသူသည်၊ နော စေ ဟောတိ- အကယ်၍ မဖြစ်အံ့၊ ဧဝံ သတိ၊ ဒဟရဘိက္ခု- ရဟန်းငယ်ကို၊ ပေသေတွာ- စေလွှတ်၍၊ အာပုစ္ဆာပေတွာ- ပန်ပြောစေ၍၊ ပဗ္ဗာဇေတဗ္ဗော။ အတိဒူရံ- အလွန် ဝေးသည်၊ စေ ဟောတိ၊ ဧဝံ သတိ၊ ပဗ္ဗာဇေတွာပိ- ရှင်ပြုပေးပြီး၍လည်း၊ ဘိက္ခူဟိ- ရဟန်းတို့နှင့်၊ သဒ္ဓိံ- တကွ၊ ပေသေတွာ- စေလွှတ်၍၊ ဒဿေတုံ- မိဘတို့အား ပြခြင်းငှာ၊ ဝဋ္ဋတိ။ ပန- ဝါဒန္တရကား၊ "ဒူရံ- ဝေးသည်၊ သစေ ဟောတိ၊ မဂ္ဂေါ စ- လမ်းသည်လည်း၊ မဟာကန္တာရော- ကြီးစွာသော ခရီးခဲသည်၊ သစေ ဟောတိ၊ ဧဝံ သတိ၊ ဂန္တွာ- သွား၍၊ အာပုစ္ဆိဿာမိ- ပန်ပြောရလိမ့်အံ့၊" ဣတိ- ဤသို့ နှလုံးသွင်း၍၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ ဣတိ- ဤသို့၊ **ကုရုန္ဒိယံ**- ၌၊ ဝုတ္တံ- မိန့်အပ်ပြီ။

ပန- ဆက်၊ မာတာပိတူနံ- မိဘတို့၏၊ ဗဟူ- များကုန်သော၊ ပုတ္တာ- သားတို့သည်၊ သစေ ဟောန္တိ- အကယ်၍ ရှိကုန်အံ့၊ "ဘန္တေ- အရှင်ဘုရားတို့၊ ဧတေသံ ဒါရကာနံ- ဤကလေးတို့တွင်၊ ယံ- အကြင်ကလေးကို၊ ပဗ္ဗာဇေတုံ- ငှာ၊ ဣစ္ဆထ- အလိုရှိကြပါအံ့၊ တံ- ထိုကလေးကို၊ ပဗ္ဗာဇေယျာထ- ရှင်ပြုပေးကြပါ၊" ဣတိ- ဤသို့၊ ဧဝံ စ- လည်း၊ သစေ ဝဒန္တိ- အကယ်၍ လျှောက်ထားကုန်အံ့၊ ဧဝံ သတိ၊ ဒါရကေ- ကလေးတို့ကို၊ ဝိမံသိတွာ- စူးစမ်း၍၊ ယံ-အကြင်ကလေးကို၊ ပဗ္ဗာဇေတုံ- ငှာ၊ ဣစ္ဆတိ- အလိုရှိ၏၊ သော- ထိုကလေးကို၊ ပဗ္ဗာဇေတဗ္ဗော၊

http://www.dhammadownload.com

သကလေန- အလုံးစုံသော၊ ကုလေန ဝါ- အမျိုးသည်သော်လည်းကောင်း၊ ဂါမေန ဝါ- ရွာသည်သော်လည်းကောင်း၊ "ဘန္တေ- အရှင်ဘုရားတို့၊ ဣမသ္မိံ ကုလေ ဝါ- ဤအမျိုးဌ်သော်လည်းကောင်း၊ ဣမသ္မိံ ဂါမေ ဝါ- ဤရွာဌ်သော်လည်းကောင်း၊ ယံ- အကြင်ကလေးကို၊ ပဗ္ဗာဇေတုံ၊ ဣစ္ဆထ၊ တံ- ထိုကလေးကို၊ ပဗ္ဗာဇေထ၊" ဣတိ- ဤသို့ အနုညာတော- ခွင့်ပြုအပ်ပြီးသည်၊ သစေပိ ဟောတိ၊ ဧဝံ သတိ၊ ယံ- အကြင်ကလေးကို၊ ပဗ္ဗာဇေတုံ- ဌာ၊ ဣစ္ဆတိ- အလိုရှိ၏၊ သော- ထိုကလေးကို၊ ပဗ္ဗာဇေတဗ္ဗော၊ ဣတိ- အပြီးတည်း။

၁၄၄။ စ- သည်သာမကသေး၊ ဧဝံ- ဤသို့၊ ပဗ္ဗဇာဒေါသဝိရဟိတံ- ရှင်အဖြစ်၏ အပြစ်တို့မှ ကင်းသော၊ မာတာပိတူဟိ- အမိအဖတို့သည်၊ အနုညာတံ- ခွင့်ပြုအပ်ပြီးသော (ရှင်လောင်းကို၊ ပဗ္ဗာဇေန္တေနပိ- ရှင်ပြုပေးသော ရဟန်းသည်လည်း၊ အာပုစ္ဆိတဗ္ဗံ၌ စပ်ပါ) အစ္ဆိန္နကေသော- မဖြတ်အပ်သေးသော ဆံရှိသည်၊ သစေ ဟောတိ- အံ့၊ ဧကသီမာယဉ္စ- တစ်သိမ်တည်း၌လည်း၊ အညေပိ- မိမိမှအခြားလည်းဖြစ်ကုန်သော၊ ဘိက္ခူ- ရဟန်းတို့သည်၊ သစေ အတ္ထိ- အကယ်၍ ရှိကုန်အံ့၊ ဧဝံ သတိ- ဤသို့ဖြစ်ကုန်လသော်၊ ကေသဆ္ဆေဒနတ္ထာယ- ဆံချခြင်းအကျိုးငှာ၊ ဘဏ္ဍုကမ္မံ- ခေါင်းတုံးမှုကို၊ အာပုစ္ဆိတဗ္ဗံ- ပန်ပြောရာ၏၊ တတြ- ထိုဘဏ္ဍုကမ္မံ အာပုစ္ဆိတဗ္ဗံ-ဟူသောပါဋ်၌၊ အယံ- ဤဆိုအပ်လတ္တံ့. ကား၊ အာပုစ္ဆနဝိဓိ- ပန်ပြောပုံ အစီအရင်တည်း၊ သီမာပရိယာပန္နေ- ဥပစာရသိမ်၌ အကျုံးဝင်ကုန်သော၊ ဘိက္ခူ- ရဟန်းတို့ကို၊ သန္နိပါတေတွာ- စုဝေးစေပြီး၍၊ ပဗ္ဗဇ္ဇာပေက္ခံ- ရှင်လောင်းကို၊ တတ္ထ- ထိုသံဃာ့အစည်းအဝေးသို့၊ နေတွာ- ဆောင်၍၊ "ဘန္တေ- အရှင်ဘုရားတို့၊ သံဃံ- သံဃာကို၊ ဣမဿ ဒါရကဿ- ဤသူငယ်၏၊ ဘဏ္ဍုကမ္မံ- ဦးပြည်းခေါင်းတုံးမှုကို၊ အာပုစ္ဆာမိ- ပန်ပြောပါ၏၊" (တစ်နည်း၊) သံဃံ ဘန္တေ ဣမဿ ဒါရကဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမီတိ- အရှင်ဘုရားတို့ ဤကလေး၏ ခေါင်းရိတ်ဆံချမှုကို သံဃာတော်အား ပန်ပြောပါသည်ဟူ၍၊ တိက္ခတ္တုံ ဝါ- သုံးကြိမ်သော်လည်းကောင်း၊ ဒွိက္ခတ္တုံ ဝါ- နှစ်ကြိမ်သော်လည်းကောင်း၊ သကိံ ဝါ- တစ်ကြိမ်သော်လည်းကောင်း၊ ဝတ္တဗ္ဗံ- ပြောဆိုလျှောက်ထားရမည်၊ စ- ဆက်၊ ဧတ္ထ- ဤဘဏ္ဍုကမ္မအာပုစ္ဆနအရာ၌၊ "ဣမဿ ဒါရကဿ ဘဏ္ဍုကမ္မံ အာပုစ္ဆာမီ"တိပိ- ဤသူငယ်၏ ဆံရိတ်ခြင်းကို ခွင့်ပန်ပါ၏ဟူ၍လည်းကောင်း၊ "ဣမဿ သမဏကရဏံ အာပုစ္ဆာမီ"တိပိ- ဤသူငယ်၏ ရဟန်းပြုမှုကို ခွင့်ပန်ပါ၏ဟူ၍လည်းကောင်း၊ (ဣမဿ ပဗ္ဗဇိန်

http://www.dhammadownload.com

အာပုစ္ဆာမိတိပိ- ဤသူငယ်အား ရှင်ပြုခြင်းကို ပန်ပြောပါ၏ဟူ၍လည်းကောင်း၊ ဝိ၊၅၊၃၊၂၈၄။) "အယံ သမဏော ဟောတုကာမော"တိပိ- ဤသူငယ် ရဟန်းပြုလိုပါ၏ဟူ၍သော်လည်းကောင်း၊ "အယံ ပဗ္ဗဇိတုကာမော" တိပိ- ဤသူငယ် ရှင်ပြုလို၏ဟူ၍သော်လည်းကောင်း၊ ဝတ္တုံ- လျှောက်ထား ပန်ပြောခြင်းငှာ၊ ဝဋ္ဋတိယေဝ- အပ်သည်သာ။

သဘာဂဋ္ဌာနံ- လိုက်လျောကြည်ဖြူ သဘောတူသူတို့၏ နေရာဌာနသည်၊ သစေ ဟောတိ- အံ့၊ ဒသ- တစ်ဆယ်ကုန်သော၊ ဘိက္ခူ ဝါ- ရဟန်းတို့သည် သော်လည်းကောင်း၊ ဝီသတိ- နှစ်ဆယ်သော၊ ဘိက္ခူ ဝါ- သော်လည်းကောင်း၊ တိံသ- သုံးဆယ်သော၊ ဘိက္ခူ ဝါ- သော်လည်းကောင်း၊ ဝသန္တိ- နေကြကုန်၏၊ ဣတိ- ဤသို့၊ ပရိစ္ဆေဒေါ- အပိုင်းအခြားသည်၊ သစေ ပညာယတိ- အကယ်၍ ထင်ရှားအံ့၊ ဧဝံ သတိ၊ တေသံ- ထိုရဟန်းတို့၏၊ ဌိတောကာသံ ဝါ- တည်ရာအရပ်သို့သော်လည်းကောင်း၊ နိသိန္နောကာသံ ဝါ- ထိုင်ရာအရပ်သို့သော်လည်းကောင်း၊ ဂန္တွာပိ- သွား၍လည်း၊ ပုရိမနယေနေဝ- ရှေးနည်းဖြင့်ပင်၊ အာပုစ္ဆိတဗ္ဗံ- ပန်ပြောရာ၏၊ ပဗ္ဗဇ္ဇာပေက္ခံ- ရှင်လောင်းကို၊ ဝိနာဝ- ကြဉ်၍သာ၊ ဒဟရဘိက္ခူ ဝါ- ရဟန်းငယ်တို့ကိုသော်လည်းကောင်း၊ သာမဏေရေ ဝါ- သာမဏေတို့ကိုသော်လည်းကောင်း၊ ပေသေတွာပိ- စေလွှတ်၍လည်း၊ "ဧကော ဘိက္ခု ပဗ္ဗဇ္ဇာပေက္ခော အတ္ထိ၊ တဿ ဘဏ္ဍုကမဉ္စံ အာပုစ္ဆာမ" ဣတိ အာဒိနာ- အရှင်ဘုရားတို့ ရှင်လောင်းတစ်ဦးရှိနေပါတယ် ထိုရှင်လောင်း၏ ဆံရိတ်ခြင်းကို ခွင့်ပန်ပါတယ် ဤသို့အစရှိသော၊ နယေန- နည်းဖြင့်၊ အာပုစ္ဆာပေတုံ- ပန်ပြောစေခြင်းငှာ၊ ဝဋ္ဋတိ။

အကျဉ်းမှတ်မှယ်။ ။ ကျောင်းတိုက်တစ်ခုလုံးကိုပင် ဥပစာရသိမ်ဟု ခေါ်ရကား ကျောင်းတိုက်အတွင်းမှာ ရှိသမျှ ရဟန်းအကုန်လုံးကိုပင် ပန်ပြောရမည်၊ သို့ဖြစ်၍ ကျောင်းတိုက်အတွင်းမှာ ရှိနေသမျှရဟန်းတို့ကို တစ်နေရာမှာ စည်းဝေးစေ၍ ပန်ပြောပြီး ခေါင်းရိတ်နိုင်သည်၊ ရဟန်းနည်းသည့်အပြင် သဘာဂ ရဟန်းချည်း ဖြစ်နေပါက သူတို့နေရာကို သွားရောက်ပန်ပြော၍လည်း ခေါင်းရိတ်နိုင်သည်၊ ရဟန်းများလွန်း၍ ခေါင်းသို့ပန်ပြောရန် ခဲယဉ်းနေပါက ဗဒ္ဓသိမ်ထဲသွား၍ ဗဒ္ဓသိမ်ထဲမှာ ရှိသောရဟန်းမျှကို ပန်ပြော၍ ခေါင်းရိတ်နိုင်သည်၊ ဆံချနိုင်သည်၊ အခြားရဟန်းမရှိက ပန်ပြောဖွယ်မလိုပါ။ သို့ဖြစ်၍ စာသင်တိုက်များမှာ ရှင်ပြုရှိသည့်အခါ ဆရာများက ဗဒ္ဓသိမ်အတွင်းသို့သွား၍ ဆံချရန်ခိုင်းစေလေ့ရှိပါသည်။

ပန်ပြောသည့်အခါမှာလည်း ပါဠိလိုဖြစ်စေ မြန်မာလိုဖြစ်စေ ပန်ပြောနိုင်ပါသည်။

http://www.dhammadownload.com

ကေစိ- အချို့ကုန်သော၊ ဘိက္ခူ- တို့သည်၊ သေနာသနံ ဝါ- ကျောင်းသို့သော်လည်းကောင်း၊ ဂုမ္ဗာဒီနိ ဝါ- ချုံအစရှိသော အရပ်တို့သို့သော်လည်းကောင်း၊ ပဝိသိတ္ဝာ- ဝင်၍၊ သစေ နိဒ္ဒါယန္တိ ဝါ- အကယ်၍မူလည်း အိပ်ပျော်နေကုန်အံ့၊ သမဏဓမ္မံ- ရဟန်းတရားကို၊ သစေ ကရောန္တိ ဝါ- အကယ်၍မူလည်း ပြုနေကုန်အံ့၊ အာပုစ္ဆကာ စ- ပန်ပြောသော ပုဂ္ဂိုလ်တို့သည်လည်း၊ ပရိယေသန္တာပိ- ရှာဖွေကြပါသော်လည်း၊ အဒိဿွာ- မတွေ့မမြင်ခြင်းကြောင့်၊ "အမှေဟိ- ငါတို့သည်၊ သတ္ထေ- အလုံးစုံသော ရဟန်းတို့ကို၊ အာပုစ္ဆိတာ- ပန်ပြောအပ်ကုန်ပြီ၊" ဣတိ သညိနော- ဤသို့ မှတ်ထင်ကုန်သည်၊ သစေ ဟောန္တိ- အကယ်၍ဖြစ်ကုန်အံ့၊ ဧဝံ သတိ၊ ပဗ္ဗဇ္ဇာ နာမ- ရှင်အဖြစ်မည်သည်၊ လဟုကမဉ္စ- ပေါ့သော ကံတည်း၊ တသ္မာ- ထို့ကြောင့်၊ ပဗ္ဗဇိတော- ရှင်ပြုသူသည်၊ သုပဗ္ဗဇိတော- ကောင်းစွာ ရှင်ဖြစ်သည်၊ ဟောတိ- ဖြစ်၏၊ ပဗ္ဗာဇေန္တသ္မိပိ- ရှင်ပြုပေးသော ဆရာ၏လည်း၊ အနာပတ္တိ- အာပတ်မသင့်သည်၊ ဟောတိ။

ပန- ဆက်၊ အနေကဘိက္ခုသဟဿာဝါသော- ထောင်ပေါင်းများစွာသော ရဟန်းတို့၏၊ နေရာဖြစ်သော၊ မဟာဝိဟာရော- ကျောင်းတိုက်ကြီးသည်၊ သစေ ဟောတိ၊ သတ္ထေ- အလုံးစုံကုန်သော၊ ဘိက္ခူ- တို့ကို၊ သန္နိပါတာပေတုမ္ပိ- စည်းဝေးစေခြင်းငှာသော်မှလည်း၊ ဒုက္ကရံ- ခဲယဉ်းသဖြင့် ပြုအပ်သေး၏၊ ပဋိပါဋိယာ- အစဉ်ဖြင့်၊ (တစ်ပါးပြီးတစ်ပါး၊) အာပုစ္ဆိတုံ- ပန်ပြောခြင်းငှာ၊ ပဂေဝ- အဘယ်မှာလျှင် ဆိုဖွယ်ရာရှိပါတော့မည်နည်း၊ ဧဝံ သတိ၊ ခဏ္ဍသီမာယ- ခဏ္ဍသိမ်၌၊ ဌတ္ဝာ ဝါ- တည်၍သော်လည်းကောင်း၊ နဒီသမုဒ္ဒါဒီနိ- မြစ်သမုဒ္ဒရာအစရှိသောအရပ်တို့သို့၊ ဂန္ဟာ ဝါ- သွား၍သော်လည်းကောင်း၊ ပဗ္ဗာဇေတဗ္ဗော။

ပန- ဆက်၊ ယော- အကြင်ရှင်လောင်းသည်၊ နဝမုဏ္ဏော- ခေါင်းတုံးပြီးကာစသည်၊ ဟုတ္ဝာ ဝါ- ဖြစ်၍သော်လည်းကောင်း၊ ဝိဇ္ဇန္တကော- လူထွက်ပြီးကာစသည်၊ ဟုတ္ဝာ ဝါ၊ နိဂဏ္ဌာဒီသု- နိဂဏ္ဌ အစရှိသော သူတို့တွင်၊ အညတရော- တစ်ယောက်ယောက်သည်၊ ဟုတ္ဝာ ဝါ- သော်လည်းကောင်း၊ ဒွဂုံလကေသော

ပဗ္ဗာဇေန္တသ္မိ အနာပတ္တိ။ ။ ရဟန်းတို့ ရှင်လောင်းကို ဆံရိတ်ရန် သံယာအား ပန်ပြောမှုကို ခွင့်ပြုသည်၊ ဘုရားရှင်က ဤမျှသာ မိန့်တော်မူထားသည်၊ မပန်ပြောသော ရဟန်းအား အာပတ်သင့်စေဟု မိန့်တော်မမူခဲ့ပါ၊ သို့ဖြစ်စေကာမူ အကုန်လုံးကို ပန်ပြောခဲ့ပြီ အထင်ဖြင့် ရှင်ပြုပေးသော ရဟန်းအား အာပတ်မသင့်ဟု အဋ္ဌကထာဆရာ မိန့်ဆိုထားသောကြောင့် မပန်ပြောဘဲ ဆံချပေးလျှင် ဒုက္ကဋ်အာပတ်သင့်သည်ဟု မှတ်သင့်သည်။ (ဝိမတိ၊ ၂၊၁၁၂။)

http://www.dhammadownload.com

ဝါ- လက်နှစ်သစ်ရှည်သော ဆံရှိသူသည်သော်လည်းကောင်း၊ ဥိနဒ္ဒဂုံလကေ-သော ဝါ- လက်နှစ်သစ်အောက် ယုတ်လျော့သော ဆံရှိသူသည်သော်လည်း ကောင်း၊ ဟောတိ- ဖြစ်အံ့၊ တဿ- ထိုရှင်လောင်း၏၊ ကေသစ္ဆေဒနကိစ္စ-ဆံချဖွယ်ကိစ္စသည်၊ နတ္ထိ- မရှိ၊ တဿာ- ထို့ကြောင့်၊ ဘဏ္ဍုကမ္မံ- ကို၊ အနာ-ပုစ္ဆိတွာပိ- မပန်ပြောဘဲလည်း၊ တာဒိသံ- ထိုသို့ ရှုအပ်သော ရှင်လောင်းကို၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ ပန- ဆက်၊ ယော- အကြင်ရှင်လောင်းသည်၊ ဒွဂုံလာတိရိတ္တ-ကေသော- လက်နှစ်သစ်ထက် ပိုလွန်သော ဆံရှိသည်၊ အန္တမသော- အောက်ထစ်ဆုံးအားဖြင့်၊ ဧကသိခါမတ္တာဓရောပိ- ဦးစွန်းတစ်ခုမျှကိုသာ ဆောင်သူသည်မူလည်း၊ ဟောတိ- အံ့၊ သော- ထိုရှင်လောင်းကို၊ ဘဏ္ဍုကမ္မံ- ကို၊ အာပုစ္ဆိ-တွာဝ- ပန်ပြော၍သာ၊ ပဗ္ဗာဇေတဗ္ဗော။

၁၄၅။ စ- ဆက်၊ ဧဝံ- ဤသို့၊ အာပုစ္ဆိတွာ- ပန်ပြော၍၊ ပဗ္ဗာဇေန္တေန- ရှင်ပြုပေးသော ဆရာသည်၊ ပရိပုဏ္ဏပတ္တစီဝရော၀- ပြည့်စုံသော သပိတ် သင်္ကန်းရှိသူကိုသာ၊ 'ပဗ္ဗာဇေတဗ္ဗော။ တဿ- ထိုရှင်လောင်း၏၊ (ပတ္တစီဝရံ- သပိတ်သင်္ကန်းသည်) သဒ္ဓိ နတ္ထိ- အကယ်၍ မရှိအံ့၊ ဧဝံ သတိ၊ ယာစိတကေနပိ-ဌားအပ်သည်လည်းဖြစ်သော၊ ပတ္တစီဝရေန- သပိတ်သင်္ကန်းဖြင့်၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။ သဘာဂဋ္ဌာနေ- သဘောတူသော ပုဂ္ဂိုလ်တို့အထဲ၌၊ ဝိဿာသေန-အကျွမ်းဝင်သဖြင့်၊ ဂဟေတွာပိ- ယူ၍လည်း၊ ပဗ္ဗာဇေတုံ ဝဋ္ဋတိ။

ပန- ဆက်၊ (ပဗ္ဗာဇိပလာသော- ရှင်လောင်းသည်၊) အပက္ကံ- မကျက်သေးသော၊ ပတ္တံ စ- သပိတ်ကိုလည်းကောင်း၊ စီဝရူပဂါနိ- သင်္ကန်းချုပ်လောက်ကုန်သော၊ ဝတ္ထာနိ စ- အဝတ်တို့ကိုလည်းကောင်း၊ ဂဟေတွာ- ယူ၍၊ အာဂတော-လာသည်၊ သစေ ဟောတိ- အံ့၊ ဧဝံ သတိ၊ ယာဝ- အကြင်မျှလောက်၊ ပတ္တော-သပိတ်ကို၊ ပစ္စတိ- ကျက်အောင် ဖုတ်အပ်၏၊ စီဝရာနိ စ- သင်္ကန်းတို့ကိုလည်း၊ ကရိယန္တိ- ပြုအပ်ကုန်၏၊ တာဝ- ထိုမျှလောက် (ကာလပတ်လုံး၊) ဝိဟာရေ-

---

ယာစိတကေနပိ။ ။ နဘိက္ခဝေ ယာစိတကေန ပတ္တစီဝရေန ဥပသမ္ပာဒေ-တဗ္ဗော- ရဟန်းတို့ အဌားသပိတ်သင်္ကန်းဖြင့် ရဟန်းခံမပေးရဟု ရဟန်းလောင်း အတွက်သာ တားမြစ်ချက်ရှိသည်၊ ရှင်လောင်းအတွက် တားမြစ်ချက်မရှိ၊ ထို့ကြောင့် ရှင်လောင်းကို ကိုယ်ပိုင် သပိတ်သင်္ကန်း မရှိပါသော်လည်း အဌားသပိတ် အဌား သင်္ကန်းတို့ဖြင့် ရှင်ပြုပေးကောင်းသည်။

http://www.dhammadownload.com

ကျောင်း၌၊ ဝသန္တသ- နေသော ရှင်လောင်းအား၊ အနာမဋ္ဌပိဏ္ဍပါတံ- မသုံးဆောင်အပ်သေးသော ဆွမ်းဦးဆွမ်းဖျားကို၊ ဒါတုံ- ပေးခြင်းငှာ၊ ဝဋ္ဋတိ- အပ်၏၊ ထာလကေသု- ခွက်တို့၌၊ ဘုဉ္ဇိတုံ- စားခြင်းငှာ၊ ဝဋ္ဋတိ။ (သပိတ်၌ကား မစားကောင်း) ပုရေဘတ္တံ- နံနက်အခါ၌၊ သာမဏေရဘာဂသမကော- သာမဏေတို့၏ အဖို့နှင့် ညီမျှသော၊ အာမိသဘာဂေါ- အာမိသအဖို့ကို၊ ဒါတုံ- ပေးခြင်းငှာ၊ ဝဋ္ဋတိ။

ပန- ဆက်၊ သေနာသနဂ္ဂါဟော- ကျောင်းကိုခံယူခြင်းသည်လည်းကောင်း၊ (ဝါတွင်း၌ နေဖို့ရန်မိမိနေရာကို မှတ်ယူခြင်း) သလာကဘတ္တဥဒ္ဒေသဘတ္တ- နိမန္တနာဒီနိ စ- သလာကဘတ် ဥဒ္ဒေသဘတ် နိမန္တနာဘတ်အစရှိသည်တို့သည်လည်းကောင်း၊ န ဝဋ္ဋန္တိ- မအပ်ကုန်။ (အလှူရှင်တို့ သဒ္ဓါတရားပျက်ဖွယ်ရာရှိသောကြောင့်တည်း၊) ပစ္ဆာဘတ္တမ္ပိ- ညနေပိုင်းအခါ၌လည်း၊ သာမဏေရဘာဂသမော- သာမဏေတို့၏ အဖို့နှင့် ညီမျှသော၊ တေလတဏ္ဍုလမဓုဖာဏိတာဒိဘေသဇ္ဇဘာဂေါ- ဆီ, ဆန်, ပျားရည်, တင်လဲအစရှိသော ဆေးအဖို့သည်၊ ဝဋ္ဋတိ၊ ဂိလာနော- မကျန်းမမာသည်၊ သစေ ဟောတိ- အံ့၊ ဧဝံ သတိ၊ ဘေသဇ္ဇေ- ဆေးကို၊ အဿ- ထိုရှင်လောင်းအတွက်၊ ကာတုံ၊ ဝဋ္ဋတိ၊ သာမဏေရဿ ဝိယ- သာမဏေ၏ အပေါ်၌ကဲ့သို့၊ သဗ္ဗံ- အလုံးစုံသော၊ ပဋိဂ္ဂဟကမ္မံ- စောင့်ရှောက်သုတ်သင်မှုကို၊ ကာတုံ ဝဋ္ဋတိ။

အနာမဋ္ဌပိဏ္ဍပါတံ။ ။ ရဟန်းကိုယ်တိုင် မယူရသေး မသုံးဆောင် မစားသောက်ရသေးသော ဆွမ်းကို "အနာမဋ္ဌပိဏ္ဍပါတ"ခေါ်သည်၊ ဒကာဒကာမတို့ ပေးလှူသော ပစ္စည်းကို မိမိကိုယ်တိုင် အနည်းငယ်မျှ သုံးစွဲမှုကို မပြုသေးဘဲ လူမျှားအား မပေးကောင်း၊ ပေးလျှင် သဒ္ဓါဒေယျဝိနိပါတ ဒုက္ကဋ်အာပတ်သင့်သည်၊ သို့သော် ရှင်လောင်းအတွက် ခြွင်းချက်သဘောဖြင့် "အနာမဋ္ဌပိဏ္ဍံ ဒါတုံ ဝဋ္ဋတိ"ဟု မိန့်ဆိုထားသည်။

သာမဏေရဘာဂသမော။ ။ ဆွမ်းစသည်တို့ကို ဝေဖန်သည့်အခါ သာမဏေများအတွက်လည်း ရဟန်းများနှင့် ညီတူညီမျှပင် ပေးသင့်သည်၊ သာမဏေအဖို့ဟူ၍ သီးခြားတစ်မျိုး မရှိသင့်၊ သို့ဖြစ်စေကာမူ ရံဖန်နောက်ပိုင်းကို ရောက်လာသည့်အခါ ဆွမ်းနည်းလာတတ်သည်၊ ထို့ကြောင့် ရှင်လောင်းများအား အလျင်မပေးဘဲ သာမဏေများအား ပေးပြီးမှ ပေးရမည်။ (သာရတ္ထ၊၃၊၂၆၄။)

http://www.dhammadownload.com

ပန- ကား၊ ဥပသမ္ပဒါပေက္ခ- ရဟန်းလောင်းကို၊ ယာစိတကေန- ငှားရမ်းအပ်သော၊ ပတ္တစီဝရေန- သပိတ်သင်္ကန်းဖြင့်၊ ဥပသမ္ပာဒေတုံ- ရဟန်းခံပေးခြင်းငှာ၊ နု ဝဋ္ဋတိ- မအပ်။

"ဘိက္ခဝေ- ရဟန်းတို့၊ ယာစိတကေန- ငှားရမ်းအပ်သော၊ ပတ္တစီဝရေန- သပိတ်သင်္ကန်းဖြင့်၊ နု ဥပသမ္ပာဒေတဗ္ဗော- ရဟန်းခံမပေးထိုက်၊ ယော- အကြင်ရဟန်းသည်၊ ဥပသမ္ပာဒေယျ- ရဟန်းခံပေးအံ့၊ အဿ- ထိုရဟန်း၏၊ ဒုက္ကဋာ- ဒုက္ကဋ်မည်သော၊ အာပတ္တိ- အာပတ်သည်၊ (ဟောတိ၊)"

ကွဟိ- ဤသို့၊ ဝုတ္တံ- မိန့်တော်မူအပ်ပြီ။ တသ္မာ- ထို့ကြောင့်၊ ပရိပုဏ္ဏပတ္တ- စီဝရောယေဝ- ပြည့်စုံသော သပိတ်သင်္ကန်းရှိသည်သာ ဖြစ်သော၊ သော- ထိုရဟန်းလောင်းကို၊ ဥပသမ္ပာဒေတဗ္ဗော- ရဟန်းခံပေးထိုက်၏။

တဿ- ထိုရဟန်းလောင်း၏၊ (ပတ္တစီဝရံ- သပိတ်သင်္ကန်းသည်) သစေ နတ္ထိ- အကယ်၍ မရှိအံ့၊ အာစရိယုပဇ္ဈာယာ စ- ကမ္မဝါစာဆရာ ဥပဇ္ဈာယ်ဆရာတို့သည်လည်း၊ အဿ- ထိုရဟန်းလောင်းအား၊ ဒါတုကာမာ- ပေးလိုကုန်သည်၊ သစေ ဟောန္တိ- အကယ်၍ ဖြစ်ကုန်အံ့၊ အညေ- တစ်ပါးကုန်သော၊ ဘိက္ခူ ဝါ- ရဟန်းတို့သည်မူလည်း၊ ဒါတုကာမာ သစေ ဟောန္တိ၊ ဧဝံ သတိ၊ နိရပေက္ခေဟိ- သပိတ်သင်္ကန်းအပေါ်၌ ငဲ့ကွက်ခြင်း မရှိကြကုန်သည်၊ ဟုတ္ဝာ၊ နိဿဇ္ဇိတ္ဝာ- အာလယပြတ် စွန့်၍၊ အဓိဋ္ဌာနုပဂံ- အဓိဋ္ဌာန်လောက်သော၊ ပတ္တစီဝရံ- သပိတ် သင်္ကန်းကို၊ ဒါတဗ္ဗံ- အပိုင်ပေးရာ၏။ ပန- ဆက်၊ ယာစိတကေန- ငှားရမ်းအပ်သော၊ ပတ္တေန ဝါ- သပိတ်ဖြင့်သော်လည်းကောင်း၊ စီဝရေန ဝါ- သင်္ကန်းဖြင့်သော်လည်းကောင်း၊ ဥပသမ္ပာဒေန္တသ္သေဝ- ရဟန်းခံပေးဂသာ ဆရာ၏သာ၊ အာပတ္တိ ဟောတိ၊ ပန- ထိုသို့ပင် ဆရာမှာ အာပတ်သင့်ပါသော်လည်း၊ ကမ္မံ- ဥပသမ္ပဒကံသည်၊ နု ကုပ္ပတိ- မပျက်။ (ရဟန်းလောင်း ရဟန်းဖြစ်သည်။)

ယာစိတကေန ။ ။ ဥပသမ္ပဒါကံဆောင်ပြီးရုံ ငှားရမ်းတော်မူကြပါ၊ (ပြီးကပြန်ပေးပါ့မယ်)စသည်ဖြင့် ပြောဆို၍ အခိုက်အတန့် ငှားရမ်းအသုံးပြုအပ်သော သပိတ်သင်္ကန်းမျိုးကိုပင် "အငှားသပိတ် အငှားသင်္ကန်း"ဟု ခေါ်သည်။ (ဝိ၊ဋ္ဌ၊၃၊၃၀၇။)

ပရိပုဏ္ဏပတ္တစီဝရံ။ပ။ သုကတံ ။ ။ ခေါင်းရိတ်မှု သင်္ကန်းဝတ်ပေးမှု သရဏဂုံပေးမှု ပြုသူကိုပင် ရှင်ပြုပေးသူဟု ဆိုရသည်၊ သို့သော်- ခေါင်းရိတ်မှုကို လူဖြစ်စေ ရဟန်းဖြစ်စေ မည်သူမဆို ပြုလုပ်နိုင်သည်၊ သင်္ကန်းပေးမှုကိုမူ ရဟန်းလည်း ပြုလုပ်

http://www.dhammadownload.com

၁၄၆။ ပရိပုဏ္ဏပတ္တစီဝရံ- ပြည့်စုံသော သပိတ်သင်္ကန်းရှိသော ရှင်လောင်းကို၊ ပတ္တာဇေန္တေနပိ- ရှင်ပြုပေးသော ဥပဇ္ဈာယ်ဆရာသည်လည်း၊ (သယံ- ကိုယ်တိုင်၊ ပတ္တာဇေတုံ- ရှင်ပြုပေးခြင်းငှာ) သြကာသော- အခွင့်သည်၊ စေ ဟောတိ- အကယ်၍ ရှိအံ့၊ ဧဝံ သတိ- ဤသို့ရှိလသော်၊ သယံ- ဥပဇ္ဈာယ်ဆရာကိုယ်တိုင်၊ ပတ္တာဇေတဗ္ဗော- ရှင်ပြုပေးထိုက်၏၊ ဥဒ္ဒေသပရိပုစ္ဆာဒီဟိ- ပါဠိကိုပို့ချရခြင်း အဋ္ဌကထာကိုပို့ချရခြင်းအစရှိသည်တို့ဖြင့်၊ ဗျာဝဋော- ကြောင့်ကြစိုက်နေသည်၊ စေ ဟောတိ- အံ့၊ သြကာသံ- အခွင့်ကို၊ သစေ နော လဘတိ- အကယ်၍ မရအံ့၊ ဧဝံ သတိ- ဤသို့ဖြစ်လသော်၊ ဧကော- တစ်ပါးသော၊ ဒဟရဘိက္ခု- ရဟန်းငယ်ကို၊ "ဧတံ- ဤရှင်လောင်းကို၊ ပတ္တာဇေဟိ- ရှင်ပြုပေးလိုက်လော၊" ဣတိ- ဤသို့၊ ဝတ္တဗ္ဗော- ပြောဆိုထိုက်၏၊ ဒဟရဘိက္ခု- ရဟန်းငယ်သည်၊ အဝုတ္ထော- ဥပဇ္ဈာယ်ဆရာက ပြောဆိုမခိုင်းအပ်သည်၊ သမာနောပိ- ဖြစ်ပါသော်လည်း၊ ဥပဇ္ဈာယံ- ဥပဇ္ဈာယ်ကို၊ ဥဒ္ဒိဿ- ရည်စူး၍၊ စေ ပတ္တာဇေတိ- အကယ်၍ ရှင်ပြုပေးအံ့၊ ဧဝံ သတိ၊ ဝဋ္ဋတိ- အပ်၏။ ဒဟရဘိက္ခု- သည်၊ သစေ နတ္ထိ- အံ့၊ ဧဝံ သတိ၊ သာမဏေရောပိ- ဏေရကိုလည်း၊ "ဧတံ- ဤရှင်လောင်းကို၊ ဥဏ္ဏာသိမံ- ဥဏ္ဏာသိမ်သို့၊ နေတွာ- ခေါ်ဆောင်သွား၍၊ ပတ္တာဇေတွာ-

---

နိုင်သည်၊ ဆရာခိုင်းက သာမဏေလည်း ပြုလုပ်နိုင်သည်၊ သရဏဂုံပေးမှုကိုကား ရဟန်းကသာ ပြုလုပ်နိုင်သည်။

သို့ဖြစ်၍ ဆရာကခိုင်းစေလိုက်သော ရဟန်းငယ်သည် ဗျတ္တပဋိဗလပုဂ္ဂိုလ်ဖြစ်က သုံးပါးလုံးကိုပင် ပြုနိုင်သည်၊ ဗျတ္တပဋိဗလမဟုတ်သော ပုဂ္ဂိုလ်နှင့် သာမဏေတို့မူကား ဆံချမှုနှင့် သင်္ကန်းပေးမှု နှစ်ခုကိုသာ ပြုသင့်သည်။ (သာရတ္ထ၊ဥ၊၂၀၁။ ဝိမတိ၊၂၉၄၊ တို့ကိုရှု။)

ဆံချရန်ပန်ပြောရမှုကို ရှောင်လွှဲရန် "ဥဏ္ဏာသိမံ နေတွာ"ဟူသော စကားကို ဆိုထားသည်၊ ယင်းစကားဖြင့်ပင် ရဟန်းရှိသော ကျောင်းတိုက်မှာ ဤရှင်လောင်းကို ဆံချလော့ဟု တစ်ပါးသော သူတို့ကို ပြောဆိုစေခိုင်းခြင်းငှာ မအပ်ကြောင်းကိုလည်း ပြပြီး ဖြစ်တော့သည်။

"ပတ္တာဇေတွာ"ဟူသော ပုဒ်၏ အဓိပ္ပာယ်ကိုပြဆိုရန် "ကာသာယာနိ အစ္ဆာဒေတွာ ဟိ"ဟူသော စကားကို မိန့်ဆိုထားသည်၊ သို့ဖြစ်၍- ဆံချခြင်း စသည်တို့ကို မပြုလုပ်ဘဲ ဥပဇ္ဈာယ်ဆရာက သရဏဂုံပေးလျှင် ရှင်မဖြစ်ချေ၊ ကမ္မဝါစာကိုဖတ်၍ ရဟန်းခံပေးလျှင်ကား သပိတ်သင်္ကန်း မရှိသူကိုပင် ရဟန်းခံပေးလျှင် ရဟန်းဖြစ်နိုင်သော ကြောင့်လည်းကောင်း၊ ကံပျက်ဖွယ်ရာ မရှိသောကြောင့်လည်းကောင်း၊ ရဟန်းဖြစ်နိုင်ပေသည်၊ ဤသို့ ဝဇိရဗုဒ္ဓိဋီကာ (၄၁၁) ၌ ဧကေဝါဒကို ပြဆိုထားပါသေးသည်။

http://www.dhammadownload.com

ရှင်ပြု၍၊ ကာသာယာနိ- သင်္ကန်းတို့ကို၊ အစ္ဆာဒေတွာ- ဖုံးလွှမ်း၍၊ ဧဟိ- လာခဲ့လော၊" ဣတိ- ဤသို့၊ ဝတ္တဗ္ဗော၊ သရဏာနိ ပန- သရဏဂုံတို့ကိုကား၊ သယံ- ကိုယ်တိုင်၊ ဒါတဗ္ဗာနိ- ပေးထိုက်ကုန်၏၊ ဧဝံ- ဤသို့ (ဥပဇ္ဈာယ်ကိုယ်တိုင် သရဏဂုံ ပေးလသော်၊) ဘိက္ခုနာဝ- ရဟန်းသည်သာ၊ ပဗ္ဗာဇိတော- ရှင်ပြုပေး အပ်သည်၊ ဟောတိ- ဖြစ်၏။ (သာမဏေ ရှင်ပြုပေးသည် မမည်။)

ဟိ- မှန်၊ ပုရိသံ- ယောက်ျားကို၊ ဘိက္ခုတော- ရဟန်းမှ၊ အညော- အခြားသူသည်၊ ပဗ္ဗာဇေတုံ- ရှင်ပြုပေးခြင်းငှာ၊ န လဘတိ- မရ၊ မာတုဂါမံ- မာတုဂါမကို၊ ဘိက္ခုနိတော- မှ၊ အညော- သည်၊ ပဗ္ဗာဇေတုံ န လဘတိ၊ ပန- ဆက်၊ သာမဏေရော ဝါ- သာမဏေသည်လည်းကောင်း၊ သာမဏေရီ ဝါ- သာမ-ဏေမသည်လည်းကောင်း၊ အာဏတ္တိယာ- ဥပဇ္ဈာယ်ဆရာ၏ စေခိုင်းခြင်း အားဖြင့်၊ ကာသာယာနိ- သင်္ကန်းတို့ကို၊ ဒါတုံ- ပေးခြင်းငှာ၊ လဘန္တိ- ရကုန်၏၊ ကေသောရောပနံ- ဆံချခြင်းကို၊ ယေန ကေနစိ- အမှတ်မရှိ တစ်စုံတစ် ယောက်သည်၊ ကတံ- ပြုအပ်သည်၊ သမာနံ- ဖြစ်လသော်၊ သုကတံ- ကောင်း စွာ ပြုအပ်သည်၊ ဟောတိ။

ပန- ဆက်၊ (ပဗ္ဗဇ္ဇာပေက္ခော- ရှင်လောင်းသည်၊) ဘဗ္ဗရူပေါ- ကျွတ်ထိုက်သော သဘောရှိသော၊ သဟေတုကော- မဂ်ဖိုလ်ကိုရဖို့ရန် အကြောင်းနှင့် တကွ ဖြစ်သော၊ ဉာတော- ထင်ရှားသော၊ ယသဿီ- များသော အခြွေအရံရှိသော၊ ကုလပုတ္တော- အမျိုးကောင်းသားသည်၊ သစေ ဟောတိ- အံ့၊ ဧဝံ သတိ၊ ဩကာသံ- အားလပ်ခွင့်ကို၊ ကတွာပိ- ပြု၍သော်လည်း၊ သယမေဝ- ဥပဇ္ဈာယ်ဆရာကိုယ်တိုင်သာလျှင်၊ ပဗ္ဗာဇေတဗ္ဗော- ရှင်ပြုပေးထိုက်၏၊ ပန- မပြုသင့်သည်ကား၊ "မတ္တိကာမုဋ္ဌိံ- မြေညက်ဆုပ်ကို၊ (ယခုခေတ်၌ ဆပ်ပြာခဲကို၊) ဝဟေတွာ- ယူ၍၊ နဟာယိတွာ- ရေချိုး၍၊ (ကေသေ- ဆံတို့ကို၊ တေမေ-တွာ- ရေဆွတ်၍၊ ဝိ၊၄၊၃၊၂၄၉။) အာဂစ္ဆာဟိ- လာခဲ့လော့၊" ဣတိ စ- ဤသို့ကား၊ န ဝိဿဇ္ဇေတဗ္ဗော- မလွှတ်ထိုက်၊ (အမျိုးကောင်းသားကလေးကို မျက်နှာလွဲ ခဲပစ်သဘောမျိုးဖြင့် မလွှတ်သင့်ပါ။)

ဟိ ယသ္မာ- အကြင့်ကြောင့်၊ ပဗ္ဗဇိတုကာမာနံ- ရှင်ပြုလိုသူတို့၏၊ ပဌမံ- ရှေးဦးစွာ၊ ဗလဝဥဿာဟော- အားကြီးသော အားထုတ်ခြင်းသည်၊ ဟောတိ- ၏၊ ပစ္ဆာ ပန- နောက်၌ကား၊ ကာသာယာနိ စ- သင်္ကန်းတို့ကိုလည်းကောင်း၊ ကေသဟရဏသတ္ထကဥ္စ- ဆံကိုပယ်ရှားကြောင်း ဓားငယ်ကိုလည်းကောင်း၊

http://www.dhammadownload.com

(ခေါင်းရိတ်ဓားကိုလည်းကောင်း၊) ဒိသွာ- မြင်ရ၍၊ ဥတြသန္တိ- ထိတ်လန့်ကြကုန်၏၊ ဧတ္တောယေဝ- ဤသက်နှင့် ခေါင်းရိတ်ဓားတို့ကို မြင်ရာအရပ်မှပင်၊ ပလာယန္တိ- ပြန်ပြေးတတ်ကြကုန်၏၊ တသွာ- ထို့ကြောင့်၊ သယမေဝ- ဥပဇ္ဈာယ်ဆရာ ကိုယ်တိုင်သာလျှင်၊ နဟာနတိတ္ထံ- ရေချိုးဆိပ်သို့ နေတွာ- ခေါ်ဆောင်၍၊ နာတိဒဟရော- မငယ်လွန်းသည်၊ သစေ ဟောတိ- အံ့၊ ဧဝံ သတိ၊ "နဟာဟိ-ရေချိုးလော၊" ဣတိ ဝတ္တဗ္ဗော၊ ပန- ဆက်၊ အဿ- ထိုရှင်လောင်း၏၊ ကေသာ-ဆံတို့ကို၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ မတ္တိကံ- မြေညက် (ဆပ်ပြာ) ကို၊ ဂဟေတွာ- ယူ၍၊ ဓောဝိတဗ္ဗာ- ဆေးထိုက်ကုန်၏။

ဒဟရကုမာရော ပန- ငယ်ရွယ်သော ကလေးကိုကား၊ သယံ- ဥပဇ္ဈာယ်ဆရာကိုယ်တိုင်၊ ဥဒကံ- ရေထဲသို့၊ ဩတရိတွာ- ဆင်း၍၊ ဂေါမယမတ္တိကာဟိ- နွားချေးမြေညက်တို့ဖြင့်၊ ဃံသိတွာ- ပွတ်တိုက်၍၊ နဟာပေတဗ္ဗော- ရေချိုးပေးထိုက်၏၊ အဿ- ထိုရှင်လောင်း၏၊ ကစ္စ ဝါ- ယားနာသည်သော်လည်းကောင်း၊ ပိဋကာ ဝါ- ပြည်တည်နာတို့သည်သော်လည်းကောင်း၊ သစေ ဟောန္တိ- အကယ်၍မူလည်း ရှိစေကုန်ဦးတော့၊ ဧဝံ သတိပိ- သော်လည်း၊ မာတာ-အမိသည်၊ ပုတ္တံ- သားကို၊ နံ ဇိဂုစ္ဆတိ ယထာ- မစက်ဆုပ် မရွံရှာသကဲ့သို့၊ ဧဝမေဝံ- ဤအတူသာလျှင်၊ အဇိဂုစ္ဆန္တေန- မရွံရှာ မစက်ဆုပ်ဘဲ၊ သာဓုကံ- ကောင်းစွာ၊ ဟတ္ထပါဒတော စ- လက်ခြေမှလည်းကောင်း၊ သီသတော စ- ဦးခေါင်းမှလည်းကောင်း၊ ပဋ္ဌာယ- စ၍၊ ဃံသိတွာ ဃံသိတွာ- ပွတ်တိုက်၍ ပွတ်တိုက်၍၊ နဟာပေတဗ္ဗော- ရေချိုးပေးထိုက်၏၊ ကသ္မာ- အဘယ့်ကြောင့်နည်း၊ ဟိ ယသ္မာ- အကြင့်ကြောင့်၊ ဧတ္တကေန- ဤမျှအတိုင်းအရှည်ရှိသော၊ ဥပကာရေန-လျော်စွာပြုအပ်သော ကျေးဇူးဖြင့်၊ ကုလပုတ္တာ- အမျိုးကောင်းသားတို့သည်၊ အာစရိယုပဇ္ဈာယေသု- ဆရာဥပဇ္ဈာယ်တို့၌လည်းကောင်း၊ သာသနေ စ-သာသနာတော်၌လည်းကောင်း၊ ဗလဝသိနေဟာ- အားကြီးသော ချစ်ခြင်းရှိကုန်သည်၊ တိဗ္ဗဂါရဝါ- ထက်သန်သော ရိုသေလေးစားခြင်းရှိကုန်သည်၊ အနိဝတ္တိဓမ္မာ- မဆုတ်နစ်ခြင်း သဘောရှိကုန်သည်၊ ဟောန္တိ- ဖြစ်တတ်ကုန်၏၊ ဥပ္ပန္နံ- ဖြစ်ပေါ်လာသော၊ အနဘိရတိ- မမွေ့လျော်ခြင်းကို၊ ဝိနောဒေတွာ- ပယ်ဖျောက်၍၊ ထေရဘာဝံ- ထေရ်အဖြစ်သို့၊ (ဆရာတော်အဖြစ်သို့၊) ပါပုဏန္တိ-ရောက်ကြကုန်၏၊ ကတညူ- ဥပဇ္ဈာယ်တို့ပြုအပ်သော ကျေးဇူးကို သိတတ်ကုန်သည်၊ ကတဝေဒိနော- ဥပဇ္ဈာယ်တို့ ပြုအပ်သော ကျေးဇူးကို ထင်စွာပြုလေ့ရှိကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ (တသွာ- ထို့ကြောင့်တည်း။)

http://www.dhammadownload.com

ပန- ဆက်၊ ဧဝံ- ဤသို့၊ နဟာပနကာလေ- ရေချိုးပေးရာ အခါ၌လည်းကောင်း၊ ကေသမသုံ- ဆံမုတ်ဆိတ်ကို၊ ဩရောပနကာလေ ဝါ- ချရာအခါ၌လည်းကောင်း၊ "တွံ- သင်သည်၊ ဉာတော- ထင်ရှားသူတည်း၊ ယသဿီ- များသော အခြွေအရံရှိသူတည်း၊ ဣဒါနိ- ယခုအခါ၌၊ မယံ- ငါတို့သည်၊ တံ- သင့်ကို၊ နိဿာယ- မှီ၍၊ ပစ္စယေဟိ- ပစ္စည်းတို့ဖြင့်၊ နကိလမိဿာမ- မပင်ပန်းကုန်တော့အံ့၊" ဣတိ- ဤသို့၊ နဝတ္တဗ္ဗော- မပြောဆိုထိုက်၊ အညာပိ- အခြားလည်းဖြစ်သော၊ အနိယျာနိကကထာ- ဝဋ်ဆင်းရဲမှ မထွက်မြောက်စေနိုင်သော စကားကို၊ နဝတ္တဗ္ဗာ- မပြောဆိုထိုက်၊ အထ ခေါ- စင်စစ်ကား၊ အဿ- ထိုရှင်လောင်းအား၊ "အာဝုသော- ငါ့ရှင်၊ သုဋ္ဌု- ကောင်းစွာ၊ ဥပဓာရေဟိ- စဉ်းစားဆင်ခြင်လော့၊ သတိံ- သတိကို၊ ဥပဋ္ဌာပေဟိ- ကပ်၍တည်စေလော့၊ (ဖြစ်စေလော့၊)" ဣတိ- ဤသို့၊ ဝတွာ-ပြော၍၊ တစပဋ္စကကမ္မဋ္ဌာနံ- တစပဋ္စကကမ္မဋ္ဌာန်းကို၊ အာစိက္ခိတဗ္ဗံ- ပြောပြရာ၏။

စ- ဆက်၊ (တစပဋ္စကကမ္မဋ္ဌာနံ-ကို၊) အာစိက္ခန္တေန- ပြောပြသော ဆရာသည်၊ ဝဏ္ဏသဏ္ဌာနဂန္ဓာသယောကာသဝသေန- အဆင်း, ပုံသဏ္ဌာန်, အနံ့ဖြစ်ရာ တည်ရာတို့၏ အစွမ်းအားဖြင့်၊ အသုစိဇေဂုစ္ဆပဋိက္ကူလဘာဝံ- မစင်ကြယ်သည်၏အဖြစ်, စက်ဆုပ်ဖွယ်၏အဖြစ်, ရွံရှာဖွယ်၏အဖြစ်ကိုလည်းကောင်း၊ နိဇ္ဇီဝနိဿတ္တဘာဝံ ဝါ- အသက်ကောင်မဟုတ်သည်၏အဖြစ်, သတ္တဝါမဟုတ်သည်၏အဖြစ်ကိုလည်းကောင်း၊ ပါကဋံ- ထင်ရှားအောင်၊ ကရောန္တေန- ပြုလျက်၊ အာစိက္ခိတဗ္ဗံ- ပြောပြသင့်၏။ (ဝိ၊၄၊၂၊၂။ ဝိသုဒ္ဓိ၊၄၊၁၊၂၄၁၊တို့ကိုရှုပါ။)

ဟိ- အကျိုးကား၊ သော- ထိုရှင်လောင်းသည်၊ ပုဗ္ဗေ- ရှေး၌၊ မဒ္ဒိတသခ်ါရော- နှိပ်နယ်အပ်ပြီးသော သခ်ါရရှိသည်၊ ဘာဝိတဘာဝနော- ပွားစေအပ်ပြီးသော ဘာဝနာရှိသည်၊ ကဏ္ဍကဝေဓာပေက္ခော- ဆူးဖြင့်ဖောက်ခြင်းကို ရှုင့်သော၊

မဒ္ဒိတသခ်ါရော ။ ။ ရှေးဘုရားရှင်တို့၏ သာသနာတော်ဝယ် ဤကား ရုပ်ဤကား နာမ်ဟု ပိုင်းခြားသိမြင်တတ်သော နာမရူပပရိစ္ဆေဒဉာဏ် (နာမရူပဝဝတ္ထာနဉာဏ် သခ်ါရပရိစ္ဆေဒဉာဏ်) နှင့် ရုပ်နာမ်တို့၏ အကြောင်းကို သိနားလည်သော ပစ္စယပရိဂ္ဂဟဉာဏ် (ဓမ္မဋ္ဌိတိဉာဏ် ယထာဘူတဉာဏ် သမ္မာဒဿန) ကလာပသမ္မသနဝိပဿနာဉာဏ်တို့ကို ပိုင်ပိုင်နိုင်နိုင် ရရှိအောင် ကြိုးစားအားထုတ်လာသူ (သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကခ်ါဝိတရဏဝိသုဒ္ဓိ အဆင့်ရောက်အောင် ကြိုးစားအားထုတ်လာသူ) မျိုးကိုပင် နှိပ်နယ်အပ်ပြီးသော သခ်ါရရှိသူ ပွားစေအပ်ပြီးသော ဘာဝနာရှိသူဟု ဆိုရသည်၊ (သာရတ္ထ၊၃၊၂၁၂။)

http://www.dhammadownload.com

ပရိပက္ကဂဏ္ဌော ဝိယ- မှည့်ရင့်နေသော အနာကဲ့သို့လည်းကောင်း၊ သူရိယုဂ္ဂ-မနာပေက္ခ- နေထွက်ခြင်းကို ရှုငဲ့သော၊ ပရိဏာတပဒုမံ ဝိယ စ- ရင့်နေသော ပဒုမာ ကြာပန်းကဲ့သို့လည်းကောင်း၊ သစေ ဟောတိ၊ အထ- ထိုသို့ဖြစ်လသော်၊ အသ- ထိုရှင်လောင်း၏၊ ကမ္မဋ္ဌာန- ကမ္မဋ္ဌာန်းကို၊ မနသိကာရေ- နှလုံးသွင်းမှုကို၊ အာရဒ္ဓမတ္တော- အားထုတ်အပ်ကာမျှဖြစ်လသော်၊ ဣန္ဒသာနိ- သိကြားလက်နက် မိုးကြိုး စက်သည်၊ ပဇ္ဇတေ- တောင်တို့ကို၊ (စုဏ္ဏေတိ ဝိယ- မှုန့်မှုန့်.ညက်ညက် ချေဖျက်သကဲ့သို့၊ ဧဝံ- ဤအတူ၊) ကိလေသပဇ္ဇတေ- ကိလေသာတောင်တို့ကို၊ စုဏ္ဏမာနံယေဝ- မှုန့်မှုန့်ညက်ညက် ချေဖျက်လျက်သာ၊ ဉာဏံ-ဉာဏ်သည်၊ ပဝတ္တတိ- ဖြစ်တတ်၏၊ ခုရဂ္ဂေယေဝ- သင်းတုန်းကိစ္စ၏ အဆုံး၌ပင်လျှင်၊ (ဆံချပြီး သည်နှင့် တစ်ပြိုင်နက်ပင်၊) အရဟတ္တံ- အရဟတ္တဖိုလ်သို့၊ ပါပုဏာတိ- ဆိုက်ရောက်ရ၏။

ဟိ ယသ္မာ- အကြင့်ကြောင့်၊ ကေစိ- အချို့ကုန်သော၊ ယေ- အကြင်ပုဂ္ဂိုလ်တို့သည်၊ ခုရဂ္ဂေ- ဆံချမှု၏ အဆုံး၌ပင်၊ အရဟတ္တံ- အရဟတ္တဖိုလ်သို့၊ ပတ္တာ-ရောက်ကုန်ပြီ၊ သဗ္ဗေ- အလုံးစုံကုန်သော၊ တေ- ထိုပုဂ္ဂိုလ်တို့သည်၊ ဧဝရူပံ-ဤသို့သဘောရှိသော၊ သဝနံ- ကမ္မဋ္ဌာန်းတရား ကြားနာခြင်းကို၊ လဘိတ္ဝာ-ရ၍၊ ကလျာဏမိတ္တေန- ကောင်းသော မိတ်ဆွေဖြစ်သော၊ အာစရိယေန-ဆရာသည်၊ ဒိန္နနယံ- ပေးအပ်သော နည်းကို၊ နိဿာယ- မှီ၍၊ အရဟတ္တံ-အရဟတ္တဖိုလ်သို့၊ ပတ္တာ-ရောက်ကုန်ပြီ၊ အနိဿာယ- မမှီမူ၍၊ အရဟတ္တံ-အရဟတ္တဖိုလ်သို့၊ နော ပတ္တာ- ရောက်ကြသည်မဟုတ်၊ တသ္မာ- ထို့ကြောင့်၊ အသ- ထိုရှင်လောင်းအား၊ အာဒိတော၀- အစ၌ပင်၊ ဧဝရူပီ- ဤသို့သဘောရှိသော၊ ကထာ- တစပဉ္စက-စသော ကမ္မဋ္ဌာန်းတရားစကားကို၊ ကထေတဗ္ဗာ-ပြောပြထိုက်၏၊ ဣတိ- ဤသို့မှတ်အပ်၏။

ပန- ဆက်၊ ကေသေသု- ဆံတို့ကို၊ ဩရောပိတေသု- ချအပ်ကုန်ပြီးလသော်၊ ဟလိဒ္ဒိစုဏ္ဏေန ဝါ- နန္ဒင်းမှုန့်ဖြင့်သော်လည်းကောင်း၊ ဂန္ဓစုဏ္ဏေန ဝါ- နံ့သာမှုန့်

ဤအဆင့်ကိုရောက်က သောတာပန်အဝစ် မဖြစ်သေးစေကာမူ စူဠသောတာပန်ဖြစ်နေပါပြီ၊ ဒုတိယဘဝမှာ အပါယ်ဘုံသို့ မရောက်နိုင်တော့ပါ။ သုဂတိဘုံသို့သာ လားရောက်ရပါလိမ့်မည်၊ ထို့ကြောင့် အရိမေတ္တေယျဘုရားရှင်၏ သာသနာတော်ဝယ် ဆံချပြီးသည်၏ အဆုံးမှာ ကျွတ်တမ်းဝင်လိုသော ပုဂ္ဂိုလ်များသည် ယခုအချိန်မှစ၍ စူဠသောတာပန်လောက်ဖြစ်အောင် ကြိုးစားအားထုတ်ထားသင့်ပါသည်။

http://www.dhammadownload.com

ဖြင့်သော်လည်းကောင်း၊ သီသဗ္ဗ- ဦးခေါင်းကိုလည်းကောင်း၊ သရီရဗ္ဗ- ကိုယ်ကို လည်းကောင်း၊ ဥဗ္ဗဋ္ဌေတွာ- ပွတ်တိုက်၍၊ ဂိဟိဂန္ဓံ- လူတို့၏ အနံ့ကို၊ အပနေတွာ- ပယ်ရှား၍၊ ကာသာယာနိ- သင်္ကန်းတို့ကို၊ တိက္ခတ္တုံ ဝါ- သုံးကြိမ်သော်လည်းကောင်း၊ ဒွိက္ခတ္တုံ ဝါ- နှစ်ကြိမ်သော်လည်းကောင်း၊ သကိံ ဝါ- တစ်ကြိမ်သော်လည်းကောင်း၊ ပဋိဂ္ဂါဟာပေတဗ္ဗော- ခံယူစေထိုက်၏၊ အဿ- ထိုရှင်လောင်း၏၊ ဟတ္ထေ- လက်၌၊ အဒတ္တွာ- မပေးမူ၍၊ အာစရိယော ဝါ- သရဏဂုံဆရာသည်သော်လည်းကောင်း၊ ဥပဇ္ဈာယော ဝါ- ဥပဇ္ဈာယ်သည်သော်လည်းကောင်း၊ သယမေဝ- ကိုယ်တိုင်သာလျှင်၊ အထာပိ အစ္ဆာဒေတိ- အကယ်၍မူလည်း ဖုံးလွှမ်း (ဝတ်ရုံ) ပေးအံ့၊ ဧဝံ သတိပိ- ဤသို့ ဖုံးလွှမ်းဝတ်ရုံပေးသော်လည်း၊ ဝဋ္ဋတိ- အပ်၏၊ အညံ- ဆရာဥပဇ္ဈာယ်မှအခြားသော၊ ဒဟရံ ဝါ- ရဟန်းငယ်ကိုသော်လည်းကောင်း၊ သာမဏေရံဝါ- သာမဏေကိုသော်လည်းကောင်း၊ ဥပါသကံ ဝါ- ဥပါသကာကိုသော်လည်းကောင်း၊ "အာဝုသော- ငါ့ရှင်၊ ဧတာနိ ကာသာယာနိ- ဤသင်္ကန်းတို့ကို၊ ဂဟေတွာ- ယူ၍၊ ဧတံ- ဤရှင်လောင်းကို၊ အစ္ဆာဒေဟိ- ဖုံးလွှမ်းဝတ်ရုံပေးလိုက်လော့၊" ဣတိ- ဤသို့၊ သစေ အာဏာပေတိ- အကယ်၍စေခိုင်းအံ့၊ ဧဝံ သတိ ဝါ- ဤသို့စေခိုင်းသော်လည်းကောင်း၊ တညေဝ- ထိုရှင်လောင်းကိုပင်၊ "ဧတာနိ- ဤသင်္ကန်းတို့ကို၊ ဂဟေတွာ- ယူ၍၊ အစ္ဆာဒေဟိ- ဖုံးလွှမ်းလော့၊" ဣတိ- ဤသို့၊ သစေ အာဏာပေတိ- အကယ်၍စေခိုင်းအံ့၊ ဧဝံ သတိ ဝါ- ဤသို့စေခိုင်းသော်လည်းကောင်း၊ သဗ္ဗံ- အလုံးစုံသော၊ တံ- ထိုစေခိုင်း၍ ဝတ်ပေးခြင်းသည်၊ ဝဋ္ဋတိ- အပ်၏။ သဗ္ဗံ- အလုံးစုံသော သင်္ကန်းသည်၊ ဝါ- ကို၊ တေန ဘိက္ခုနာဝ- ထိုဆရာ ဥပဇ္ဈာယ်ရဟန်းသည်သာ၊ ဒိန္နံ-ပေးအပ်သည်၊ ဟောတိ- ဖြစ်၏။

ပန- ဆက်၊ ယံ နိဝါသနံ ဝါ- အကြင်သင်းပိုင်ကိုသော်လည်းကောင်း၊ ယံ ပါရုပနံ ဝါ- အကြင် ဧကသီကိုသော်လည်းကောင်း၊ အနာဏတ္တိယာ- ဆရာက

သင်္ကန်းဝတ်သည့်အခါမှတ်ပွယ်။ ။ သင်္ကန်းကို ဆရာမပေးဘဲ ရှင်လောင်းကိုယ်တိုင် ယူဝတ်က လိင်္ဂဆေနကဖြစ်နိုင်သည်၊ ထို့ကြောင့် ဆရာက သင်္ကန်းပေးရသည်၊ သို့သော်- ရှင်လောင်းလက်ထဲကို မပေးဘဲ သရဏဂုံဆရာကဖြစ်စေ ဥပဇ္ဈာယ်ဆရာကဖြစ်စေ ဝတ်ပေးကောင်းသည်၊ ဆရာဥပဇ္ဈာယ်တို့၏ စေခိုင်းချက်ဖြင့် ရဟန်းသာမဏေ လူဥပါသကာတစ်ဦးဦးကလည်း ဝတ်ပေးကောင်းသည်၊ ဆရာဥပဇ္ဈာယ်တို့၏ ခွင့်ပြုချက်ဖြင့် ရှင်လောင်းကိုယ်တိုင်လည်း ကောက်ယူဝတ်ကောင်းသည်၊ ဆရာလည်း မပေး ခွင့်ပြုချက်လည်း မရဘဲ ရှင်လောင်းကိုယ်တိုင် ကောက်ယူ၍ကား မဝတ်ကောင်းသည်သာ။

http://www.dhammadownload.com

မစေခိုင်းဘဲ၊ နိဝါသေတိ ဝါ- ဝတ်မူလည်းဝတ်အံ့၊ ပါရုပတိ ဝါ- ရမ်းမူလည်း ရမ်းအံ့၊ တံ- ထိုသင်းပိုင် ဧကသီကို၊ အပနေတွာ- ဖယ်၍၊ ပုန- တစ်ဖန်၊ ဒါတဗ္ဗံ- ဆရာက ပေးထိုက်၏။ ဟိ- မှန်၊ ဘိက္ခုနာ- ရဟန်းသည်၊ သဟတ္ထေန ဝါ- မိမိလက်ဖြင့် သော်လည်းကောင်း၊ အာဏတ္တိယာ ဝါ- စေခိုင်းခြင်းဖြင့်သော် လည်းကောင်း၊ ဒိန္နမေဝ- ပေးအပ်သည်သာလျှင်ဖြစ်သော၊ ကာသာယံ- သင်္ကန်းသည်၊ ဝဋ္ဋတိ- အပ်၏။ အဒိန်နံ- မပေးအပ်သော၊ ကာသာယံ- သည်၊ န ဝဋ္ဋတိ။ တသ္မေဝ- ထိုရှင်လောင်း၏ပင်၊ သန္တကံ- ဥစ္စာသည်၊ သစေပိ ဟောတိ- အကယ်၍မူလည်း ဖြစ်စေဦးတော့၊ ဧဝံ သတိပိ၊ အဒိန်နံ- မပေးအပ်သော၊ ကာသာယံ- သည်၊ န ဝဋ္ဋတိ။ ဥပဇ္ဈာယမူလကေ- ဥပဇ္ဈာယ်ဟူသော အကြောင်းရင်းရှိသော သင်္ကန်း၌၊ (ရှင်လောင်းကိုယ်ပိုင် မဟုတ်ဘဲ ဥဇ္ဈာယ်ပိုင်ဖြစ်သော သင်္ကန်း၌၊) ဝါဒေါ- (ဆရာကမပေးဘဲ ရှင်လောင်းကိုယ်တိုင်ယူ၍ ဝတ်ရာ၌ မအပ်ဟု၊) ပြောဆိုဖွယ်သည်၊ ကော ပန အတ္ထိ- အဘယ်မှာ ရှိပါတော့အံ့နည်း။

၁၄၇။ ပန- ဆက်၊ ဧဝံ- ဤသို့ ဒိန္နာနိ- ပေးအပ်ကုန်ပြီးသော၊ ကာသာယာနိ- တို့ကို၊ အစ္ဆာဒါပေတွာ- ဖုံးလွှမ်းစေပြီး၍၊ ဧကံသံ- လက်ဝဲတစ်ဖက် ပခုံးထက်၌၊ ဥတ္တရာသင်္ဂံ- ကိုယ်ဝတ်ဧကသီကို၊ ကာရာပေတွာ- ပြုထားစေပြီး၍၊ (ဧကံသံ ဥတ္တရာသင်္ဂံ ကာရာပေတွာ- လက်ကန်တော့ တင်စေပြီး၍၊) တတ္ထ- ထိုရှင်ပြုပေးရာ အရပ်၌၊ သန္နိပတိတာ- စည်းဝေးကုန်သော၊ ယေ ဘိက္ခူ- အကြင်ရဟန်းတို့သည်၊ သန္တိ- ရှိကုန်၏၊ တေသံ- ထိုရဟန်းတို့၏၊ ပါဒေ- ခြေတို့ကို၊ ဝန္ဒာပေတွာ- ရှိခိုးဝပ်ချစေပြီး၍၊ အထ- ထိုမှနောက်၌၊ သရဏဂဟဏတ္ထံ- သရဏဂုံယူရခြင်းအကျိုးငှာ၊ ဥက္ကုဋိကံ- ဆောင့်ကြောင့်၊ နိသီဒါပေတွာ- ထိုင်စေပြီး၍၊ အဉ္ဇလိံ- လက်အုပ်ကို၊ ပဂ္ဂဏှာပေတွာ- မြှောက်ချီစေပြီး၍၊ "ဧဝံ ဝဒေဟီ"တိ- ဤသို့ဆိုလေဟူ၍၊ ဝတ္တဗ္ဗော- ပြောဆိုထိုက်၏၊ "ယမဟံ ဝဒါမိ၊ တံ ဝဒေဟီ"တိ (ဝါ)- ငါဆိုတာကို လိုက်ဆိုဟူ၍သော်လည်း၊ ဝတ္တဗ္ဗော- ပြောထိုက်၏။

ပါဒေ ဝန္ဒာပေတွာ။ ။ ခြေဖမိုးပေါ်မှာ နဖူးထိအောင် ရှိခိုးဝပ်ချမှသာ မဟုတ်၊ အဝေးမှနေ၍ ရှိခိုးဝပ်ချသည်ကိုလည်း ခြေတို့ကို ရှိခိုးဝပ်ချသည်ဟုပင် ဆိုသင့်သောကြောင့် ရဟန်းတို့၏ခြေသို့ ရှေ့ရှည်တစ်စေ၍ ရှိခိုးဝပ်ချခိုင်းသည်ကိုပင် ရဟန်းတို့၏ ခြေတို့ကို ရှိခိုးဝပ်ချစေသည်ဟု ဆိုရသည်။ (ဝိမတိ၊ ၂၉၅။)

http://www.dhammadownload.com

အထ- ထိုမှနောက်၌၊ အသ- ထိုရှင်လောင်းအား၊ (ဒါတဗွာနိ-၌ စပ်ပါ၊) ဥပဇ္ဈာယေန ဝါ- သည်သော်လည်းကောင်း၊ အာစရိယေန ဝါ- သရဏဂုံဆရာသည် သော်လည်းကောင်း၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"တိအာဒိနာ- မိ ဤသို့အစရှိသော၊ နယေန-နည်းဖြင့်၊ သရဏာနိ- သရဏဂုံတို့ကို၊ ယထာဝုတ္တပဋိပါဋိယာဝ-အကြင် အကြင်ပါဠိတော်၌ ဟောတော်မူအပ်ပြီးသော အစဉ်အားဖြင့်သာ၊ ဒါတဗွာနိ- ပေးထိုက်ကုန်၏၊ ဥပဓိပါဋိယာ- အစဉ်ချွတ်လွဲသောအားဖြင့်၊ နဒါတဗွာနိ- မပေးထိုက်ကုန်၊ ဟိ- မှန်၊ ဧကပဒမ္ပိ- တစ်ပုဒ်မျှကိုသော်လည်းကောင်း၊ ဧကက္ခရမ္ပိ - အက္ခရာတစ်လုံးမျှကိုသော်လည်းကောင်း၊ ဥပဓိပါဋိယာ-အစဉ်ချွတ်လွဲသဖြင့်၊ သစေ ဒေတိ- အကယ်၍ပေးအံ့၊ ဧဝံ သတိ ဝါ- သော်လည်းကောင်း၊ ဗုဒ္ဓံ သရဏံယေဝ- ဗုဒ္ဓံ သရဏံကိုသာ၊ တိက္ခတ္တုံ- သုံးကြိမ်၊ ဒတွာ- ပေးပြီး၍၊ ပုန- တစ်ဖန်၊ ဣတရေသု- ဗုဒ္ဓံ သရဏံမှ အခြားကုန်သော ဓမ္မံ သရဏံ, သံဃံ သရဏံ နှစ်ပုဒ်တို့တွင်၊ ဧကေကံ- တစ်ပုဒ်တစ်ပုဒ်ကို၊ တိက္ခတ္တုံ- သုံးကြိမ်၊ သစေ ဒေတိ- အကယ်၍ ပေးအံ့၊ ဧဝံ သတိ ဝါ- သော်လည်းကောင်း၊ သရဏာနိ- သရဏဂုံတို့သည်၊ ဝါ- တို့ကို၊ အဒိန္နာနိ- မပေးအပ်ကုန်သည်၊ ဟောန္တိ။

စ ပန- ထပ်၍တစ်ဖန် ဆက်ပြုပြန်အံ့၊ ဣမံ သရဏဂမနုပသမ္ပဒံ- ဤသရဏဂမနုပသမ္ပဒါကို၊ ပဋိက္ခိပိတွာ- ပယ်မြစ်တော်မူ၍၊ အနုညာတဥပသမ္ပဒါ-

---

ဥပဇ္ဈာယေန ဝါ အာစရိယေန ဝါ။ ။ ရှင်သာမဏေကက ဥပဇ္ဈာယ်ယူရာဖြစ်သော ရဟန်းသည် "ဥပဇ္ဈာယ်"မည်သည်၊ အာဘိသမာစာရိကဝတ်အကျင့်တို့၌ဆရာအနေဖြင့် ဆုံးမရန် ဥပဇ္ဈာယ်၏ လွှဲအပ်ထားမှုကို ခံရသော ရဟန်းသည် "ဆရာ"မည်သည်။ (ဝိမတိ၊ ၂၉၅၊)

ဆရာတို့ကား သရဏဂုံပေးသောပုဂ္ဂိုလ်သည်လည်း ဆရာမည်သည်ဟု ယူကြသည်။

ယထာဝုတ္တပဋိပါဋိယာဝ။ ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-စသည်၌ "သရဏံ"ဟု ရှိနေသည်ကို "ရသဏံ"စသည်ဖြင့် အက္ခရာစဉ်ချွတ်လွဲ၍ဖြစ်စေ၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"-ရှိနေသည်ကို "ဂစ္ဆာမိ ဗုဒ္ဓံ သရဏံ"စသည်ဖြင့် ပုဒ်စဉ်ချွတ်လွဲ၍ဖြစ်စေ၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဓမ္မံ သရဏံ ဂစ္ဆာမိ"စသည်ဖြင့် ရှိသည်နေသည်ကို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကိုချည်း ပဌမသုံးခေါက် ဓမ္မံ သရဏံ ဂစ္ဆာမိကိုချည်း ဒုတိယ သုံးခေါက်၊ သံဃံ သရဏံ ဂစ္ဆာမိကိုချည်း တတိယသုံးခေါက်အားဖြင့် ဝါကျစဉ်ချွတ်လွဲ၍ဖြစ်စေ ပေးခဲ့ပါလျှင် ပါဠိတော်မှာလာသည့် အစဉ်အားဖြင့် ပေးရာ မရောက်တော့ပါ၊ အစဉ်ချွတ်လွဲနေပါတော့သည်၊ ထို့ကြောင့် သရဏဂုံပေးခြင်းလည်း အထမမြောက်တော့ပါ။

http://www.dhammadownload.com

ခွင့်ပြုအပ်သော ဥပသမ္ပဒါသည်၊ ဧကတော- တစ်ဖက်သော ဆရာ၏၊ သုဒ္ဓိ-ယာ- စင်ကြယ်ရုံမျှဖြင့်၊ ဝဋ္ဋတိ၊ အပ်၏၊ သာမဏေရပဗ္ဗဇ္ဇာ ပန- သာမဏေ၏ ရှင့်အဖြစ်သည်ကား၊ ဥဘတော- နှစ်ဖက်သော ဆရာတပည့်တို့၏၊ သုဒ္ဓိယာဝ-စင်ကြယ်ခြင်းဖြင့်သာ၊ ဝဋ္ဋတိ- အပ်၏၊ ဧကတော- တစ်ဖက်၏၊ သုဒ္ဓိယာ-စင်ကြယ်ရုံမျှဖြင့်၊ နော ဝဋ္ဋတိ- မအပ်၊ တသ္မာ- ထို့ကြောင့်၊ ဥပသမ္ပဒါယ- ရဟန်း အဖြစ်၌၊ အာစရိယော- ကမ္မဝါစာဆရာသည်၊ ဥတ္တိဒေါသဉ္စ- ဥတ်၏အပြစ်ကို လည်းကောင်း၊ ကမ္မဝါစာဒေါသဉ္စ- ကမ္မဝါစာ၏ အပြစ်ကိုလည်းကောင်း၊ ဝဇ္ဇေ-တွာ- ရှောင်ကြဉ်၍၊ ကမ္မံ- ကံကို၊ သစေ ကရောတိ- အကယ်၍ ပြုနိုင်အံ့၊ ဧဝံ သတိ၊ သုကတံ- ကောင်းစွာပြုအပ်သည်၊ ဟောတိ၊ ပဗ္ဗဇ္ဇာယ ပန-ရှင့်အဖြစ်၌ ကား၊ တီဏိ- သုံးပါးကုန်သော၊ ဣမာနိ သရဏာနိ- ဤသရဏဂုံတို့ကို၊ ဗုဒ္ဓာရ-ဓကာရာဒီနံ- ဗုအက္ခရာ ဓအက္ခရာအစရှိကုန်သော၊ ဗျဉ္ဇနာနံ- သဒ္ဒါတို့၏၊ ဌာနကရဏသမ္ပဒံ- ဌာန်ကရိုဏ်း (ပယတ်) ၏ ပြည့်စုံခြင်းကို၊ အဟာပေန္တေန-မယုတ်စေဘဲ၊ အာစရိယေနပိ- သရဏဂုံဆရာသည်လည်းကောင်း၊ အန္တေဝါ-သိကေနပိ- (ရှင်လောင်းနှင့် လိင်ကျနေသော သာမဏေဟု ဆိုအပ်သော) အနီးနေ တပည့်သည်လည်းကောင်း၊ ဝတ္တဗ္ဗာနိ- ရွတ်ဆိုထိုက်ကုန်၏။

သုဒ္ဓိယာ။ ။ ဤ၌ ဌာန်ကရိုဏ်း ပိသစ္စာရွတ်ဆိုနိုင်ခြင်းကို သုဒ္ဓိ (စင်ကြယ်မှု) ဟု ဆိုရသည်၊ ရဟန်းခံရာ၌ ကမ္မဝါစာဆရာ၏ ဌာန်ကရိုဏ်း ပိသစ္စာရွတ်ဆိုနိုင်မှု ဟု ဆိုအပ်သော တစ်ဖက်စင်ကြယ်ရုံမျှဖြင့်ပင် ရဟန်းအဖြစ် အောင်မြင်ထမြောက်သည်၊ ရှင်ပြုရာ၌ကား ဆရာရောတပည့်ပါ ဌာန်ကရိုဏ်းပိသစ္စာ ရွတ်ဆိုနိုင်မှုဟု ဆိုအပ်သော နှစ်ဖက်စင်ကြယ်မှုရှိမှသာ ရှင်ဖြစ်နိုင်ပေသည်။ တစ်ဖက်ဖက်မှ စင်ကြယ်မှု မရှိက ရှင်မဖြစ်နိုင်ခေ့။

သို့ဖြစ်၍ ရဟန်းခံရှင်ပြုကိစ္စ၌ ဌာန်ကရိုဏ်းကျနအောင် ရွတ်ဆိုနိုင်မှုသည် အလွန်ပင် အရေးကြီးလှပေသည်။

နိဂ္ဂဟီတန္တ+မကာရန္တ။ ။ ရွတ်ဆိုသည့်အခါ နှာခေါင်းမှ လေထွက်အောင် ရွတ်ဆိုရသောကြောင့် နိဂ္ဂဟိတ်ကိုပင် "အနုနာသိက"ဟု ဆိုထားသည်၊ နိဂ္ဂဟိတ်အဆုံးရှိ အောင်ပေးရသော သရဏဂုံကို "အနုနာသိကန္တ (နိဂ္ဂဟိတန္တ)"ဟု ခေါ်သည်၊ (နာသိက် အနုဂတံ- အနုနာသိကံ၊ အနုနာသိကံ အန္တံ ယေသန္တိ အနုနာသိကန္တာနိ။) တစ်ပေါင်း တည်းဆက်စပ်သည်ကို "ဧကသမ္မန္ဓ"ဟု ခေါ်သည်၊ (ဧကတော သမ္မန္ဓာနိ- ဧကသမ္မန္ဓာနိ၊) နိဂ္ဂဟိတ်အဆုံးရှိအောင် သရဏဂုံပေးသည့်အခါ ဓ,သံနှင့် နိဂ္ဂဟိတ်သံကို တစ်စပ်တည်း ဆက်စပ်အောင် ပေးရမည်၊ အကြားမှာ အသံပြတ်မသွားစေရဟု ဆိုလိုသည်။

http://www.dhammadownload.com

အာစရိယော- သရဏဂုံဆရာသည်၊ ဝတ္တုံ- ပီသအောင်ရွတ်ဆိုခြင်းငှာ၊ သက္ကောတိ- စွမ်းနိုင်၏၊ အန္တေဝါသိကော- အနီးနေတပည့်သည်၊ ဝတ္တုံ- ငှာ၊ သစေ နသက္ကောတိ- အကယ်၍ မစွမ်းနိုင်အံ့၊ ဧဝံ သတိ ဝါ- သော်လည်းကောင်း၊ အန္တေဝါသိကော- သည်၊ ဝတ္တုံ သက္ကောတိ၊ အာစရိယော- သည်၊ ဝတ္တုံ- ငှာ၊ သစေ နသက္ကောတိ- အံ့၊ ဧဝံ သတိ ဝါ- သော်လည်းကောင်း၊ ဥဘောပိ- ဆရာတပည့်နှစ်ဦးတို့သည်လည်း၊ ဝတ္တုံ- ငှာ၊ သစေ နသက္ကောန္တိ- အံ့၊ ဧဝံ သတိ ဝါ- သော်လည်းကောင်း၊ နဝဋ္ဌတိ- မအပ်၊ ပန- အလျော်အသင့်ကား၊ ဥဘောပိ- ဆရာတပည့် နှစ်ဦးတို့သည်လည်း၊ ဝတ္တုံ- ငှာ၊ သစေ သက္ကောန္တိ- ကုန်အံ့၊ ဧဝံ သတိ- သော်၊ ဝဋ္ဌတိ၊ အပ်၏။

စ ပန- ထပ်၍ဆက်ကာ ပြဆိုပါအံ့၊ ဣမာနိ- ဤသရဏဂုံတို့ကို၊ ဒဒမာနေန- ပေးသော သရဏဂုံဆရာသည်၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမီ"တိ- မိ-ဟူ၍၊ ဧဝံ- ဤသို့၊ ဧကသမ္ဗန္ဓာနိ- တစ်စပ်တည်း ဆက်စပ်သည်တို့ကို၊ အနုနာသိကန္တာနိ- နိဂ္ဂဟိတ် အဆုံးရှိသည်တို့ကို၊ ကတွာ ဝါ- ပြု၍သော်လည်း၊ ဒါတဗ္ဗာနိ- ပေးထိုက်ကုန်၏၊ "ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမီ"တိ- မိ-ဟူ၍၊ ဧဝံ- ဤသို့၊ ဝိစ္ဆိန္ဒိတွာ- ဖြတ်၍၊ မကာရန္တာနိ- မအက္ခရာအဆုံးရှိသည်တို့ကို၊ ကတွာ ဝါ- ပြု၍သော်လည်း၊ ဒါတဗ္ဗာနိ- ပေးထိုက်ကုန်၏။

ဤအရာဝယ် ဗုဒ္ဓံ၌ ဓံကိုပင် စိစစ်ကြည့်ကြပါစို့၊ ဓံ၌ နိဂ္ဂဟိတ်သည် ရှေ့သရကို မှီသော ပုဗ္ဗာသယဗျည်းဖြစ်၍ မ-၏မှီရာ အသရကိုပင် မှီရသည်၊ အသရတစ်လုံးတည်းကို ဓ-ကရှေ့မှမှီ၍ နိဂ္ဂဟိတ်က နောက်မှ မှီသည်၊ ဓ-ဗျည်းနှင့် နိဂ္ဂဟိတ်တို့မှီရာ သရချင်း တူနေသည်၊ သရဟူသည်မှာလည်း အသံပင်ဖြစ်သည်၊ ဓနှင့် နိဂ္ဂဟိတ်တို့ တစ်သံတည်း ဖြစ်နေသည်၊ ထို့ကြောင့် ဒနှင့်နိဂ္ဂဟိတ်ကို ခွဲရွတ်လို့မရ၊ တစ်စပ်တည်းသာ ရွတ်ရမည်၊ သရဏံ ဓမ္မံ-စသည်တို့ကိုလည်း စိစစ်ကြည့်ပါ။

အနုနာသိကန္တဖြစ်အောင် သရဏဂုံပေးလျှင် ဗုဒ္ဓံ၌ ဓံကိုရွတ်သည့်အခါ ဓ-သံနှင့် နိဂ္ဂဟိတ်သံ၏ အကြားမှာ အသံပြတ်မသွားစေဘဲ ပေးရမည်ဟူသော သဘောကို ဧကသမ္ဗန္ဓာနိဟူသော ပါဠ်ဖြင့်ပြသည်။ (သာရတ္ထ၊၃၊၂၀၃။)

ဗုဒ္ဓမ်အစရှိသည်ဖြင့် 'မ်' အက္ခရာ အဆုံးရှိနေသည်ကိုပင် မကာရန္တ-ဟု ဆိုရသည်၊ ဤမကာရန္တ၌ ဓမ်ဝယ် 'ဓ' ၏မှီရာ အသရကို 'မ်' က မမှီတော့ပေ၊ 'မ်' မှာ မှီရာသရ ကင်းမဲ့နေသည်၊ 'ဓ' က တစ်သံ 'မ်' က တစ်သံ ဖြစ်နေသည်၊ သို့ဖြစ်၍ 'ဓ' နှင့် 'မ်' ကို တစ်ဆက်တည်း ရွတ်၍ မဖြစ်တော့ပါ၊ 'ဓ' သံနှင့် 'မ်' သံကြားမှာ အနည်းငယ် (မသိမသာ) ဖြတ်၍ ရွတ်ရသည်။

http://www.dhammadownload.com

အန္ဓကဋ္ဌကထာယဲ- အန္ဓကအဋ္ဌကထာ၌၊ "နာမ်- (ရှင်လောင်း၏) အမည်ကို၊ သာဝေတွာ- ကြားစေ၍၊ အဟံ ဘန္တေ ဗုဒ္ဓရက္ခိတော ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"တိ- မိ-ဟူ၍၊ (ယံ- အကြင်စကားကို၊) ဝုတ္တံ- ဆိုအပ်ပြီ၊ တံ- ထိုစကား သည်၊ ဧကဋ္ဌကထာယမ္ပိ- တစ်ခုသော အဋ္ဌကထာ၌လည်း၊ နတ္ထိ- မရှိ၊ ပါဠိယမ္ပိ- ပါဠိတော်၌လည်း၊ န ဝုတ္တံ- ဟောတော်မမူအပ်၊ တေသံ- ထိုအဋ္ဌကထာဆရာတို့၏၊ ရုစိမတ္တမေဝ- အလိုရှိအပ်သော စကားမျှသာတည်း၊ တသ္မာ- ထို့ကြောင့်၊ (တံ- ထိုစကားကို၊) န ဂဟေတဗ္ဗံ- မယူထိုက်၊ (ကသ္မာ- အဘယ်ကြောင့်၊ န ဂဟေတဗ္ဗံ- မယူထိုက်သနည်း၊) ဟိ ယသ္မာ- အကြင့်ကြောင့်၊ တထာ- ထို (ရှင်လောင်းအမည်ကို ကြားစေခြင်းဟူသော) အခြင်းအရာအားဖြင့်၊ အဝဒန္တသ- မရွတ်ဆိုသော ပုဂ္ဂိုလ်၏၊ သရဏံ- သရဏဂုံသည်၊ န ကုပ္ပတိ- မပျက်၊ တသ္မာ- ထို့ကြောင့်၊ န ဂဟေတဗ္ဗံ- မယူထိုက်။

"ဘန္တေ- အရှင်ဘုရား၊ အဟံ ဗုဒ္ဓရက္ခိတော- တပည့်တော် ဗုဒ္ဓရက္ခိတသည်၊ ယာဝဇီဝံ- အသက်ထက်ဆုံး၊ ဗုဒ္ဓံ- မြတ်စွာဘုရားကို၊ သရဏံ- ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏။"

စ- ဆက်၊ ဧတ္တာဝတာ- ဤမျှအတိုင်းအရှည်ရှိသော ဆံချခြင်း, သင်္ကန်းဝတ်ခြင်း, သရဏဂုံပေးခြင်းဖြင့်၊ သာမဏေရဘူမိယံ- သာမဏေဘုံ (သာမဏေတို့၏ ဖြစ်ရာ အခိုက်အတန့်) ၌၊ ပတိဋ္ဌိဟော- တည်ပြီးသည်၊ ဟောတိ- ဖြစ်၏။

၁၄၈။ ပန- ဆက်၊ ဧသ ဧသော- ဤသာမဏေသည်၊ ဂတိမာ- သိတတ်သောပညာရှိသူ (ဉာဏ်ထက်သူ) သည်၊ ပဏ္ဍိတဇာတိကော- ပညာရှိသူ၏ အဖြစ်ဟူသော သဘောရှိသူသည်၊ သစေ ဟောတိ- အံ့၊ အထ- ထိုသို့ဖြစ်လသော်၊ အဿ- ထိုသာမဏေအား၊ တသ္မိံယေဝ ဌာနေ- ထိုရှင်ပြုပေးရာ အရပ်၌ပင်၊ သိက္ခာပဒါနိ- သိက္ခာပုဒ်တို့ကို၊ ဥဒ္ဒိသိတဗ္ဗာနိ- ရွတ်ပြထိုက်ကုန်၏။ ကထံ- အဘယ်သို့၊ ဥဒ္ဒိသိတဗ္ဗာနိ- ရွတ်ပြထိုက်ကုန်သနည်း၊ ယထာ- အကြင်အခြင်းအရာအားဖြင့်၊ ဘဂဝတာ- ရှင်တော်မြတ်ဘုရားသည်၊ ဥဒ္ဒိဋ္ဌာနိ- ဟောပြတော်မူအပ်ကုန်ပြီ၊ တထာ- ထိုဟောပြတော်မူတိုင်းသော အခြင်းအရာအားဖြင့်၊ ဥဒ္ဒိသိတဗ္ဗာနိ- ရွတ်ပြထိုက်ကုန်၏။ ဟိ- သာဓကကား၊ အနုဇာနာမိ ဘိက္ခဝေ။ပ။ ဝေရမဏီတိ- ဏီဟူ၍၊ ဧတံ (သုတ္တံ)- ဤပါဠိတော်ကို၊ ဘဂဝတာ- မြတ်စွာဘုရားသည်၊ ဝုတ္တံ- ဟောတော်မူအပ်ပြီ။

http://www.dhammadownload.com

